http://www.dhammadownload.com

ဓမ္မစေတီတော်

# ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးဓာအေး-ဒေါ်ဝန်းဝန်းလှိုင် - နှင့်

ကွယ်လွန်သူ ညီအကိုဖြစ်သူ
မောင်မင်းချမ်းမြေ့ အေး-အောင်ရည်မှူး၏

သားကြီး-ကိုဝင်းထွန်းလင်း+
ဇနီးအေးမြသီတာ (ခေတ္တ-ဂျပန်)

သားငယ် ကိုအောင်ပြည့်စုံအေး (ခေတ္တ-စင်ကာပူ)
မိသားစု၊ လှူဒါန်းမှု
၁၃၇၂-ခုနှစ်

ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင်

အဘိဓမ္မာပိဋက

# ဓမ္မသင်္ဂဏီပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ၁၉၉၄

http://www.dhammadownload.com

http://www.dhammadownload.com

# ကျမ်းဦး အမှာ

ဓမ္မသင်္ဂဏီကျမ်း၏ ကျမ်းဦးမှတ်ဖွယ်ကို အဓိကရည်ရွယ်ချက်သုံးခုဖြင့် အောက်ပါအစီအစဉ်အတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

ရည်ရွယ်ချက်များမှာ—

(၁) ဓမ္မသင်္ဂဏီကျမ်း၏ ဆိုလိုရင်း အချက်များကို ဖတ်ရှုသူတို့အား ရှေးဦးစွာ သိစေလိုခြင်း။

(၂) အဘိဓမ္မာဒေသနာနှင့် စပ်လျဉ်း၍ သိအပ်သော ဗဟုသုတ အကြောင်းအရာတို့ကို သိစေလိုခြင်း။

(၃) အဘိဓမ္မာဒေသနာသမိုင်းနှင့် မြန်မာပြည်၌ ဆရာအစဉ်အဆက် ရေးသားပြုစုခဲ့သည့် အဘိဓမ္မာသမိုင်းတို့ကို သိစေလိုခြင်းတို့ပင် ဖြစ်သည်။

စင်စစ်အားဖြင့် ကျမ်းဦးမှတ်ဖွယ်တို့၏ သဘောမှာ စာဖတ်သူနှင့် ကျမ်းစာအုပ်ကို မိတ်ဆက်ပေးခြင်းပင် ဖြစ်သည်၊ ထိုသို့ မိတ်ဆက်ပေးရာ၌ ကျမ်းစာအုပ်၌ ရေးသားထားသည့် အစီအစဉ် အကြောင်းအရာ ကျမ်းစာအုပ်၏ အဓိကရည်ရွယ်ချက် အကျိုးသက်ရောက်ခြင်း မဏ္ဍိုင်အချက်ကြီးများ ထက်ဝန်းကျင် အချက်အလက်များ ဝေါဟာရစကား အသုံးအနှုန်း ဟောကြားရေးသားဟန် စသည်တို့ကို တိုတိုရှင်းရှင်းနှင့် လိုရင်းကို ဖော်ပြရမည် ဖြစ်သည်၊ ကျမ်းဦးမှတ်ဖွယ်သည် စာဖတ်သူတို့အတွက် အလွယ်တကူ စားယူ သုံးဆောင်နိုင်ရန် ကျမ်းစာအုပ်၏ အရသာကို ဖော်ထုတ်ပေးခြင်းပင် ဖြစ်သည်၊ ဓမ္မသင်္ဂဏီအဘိဓမ္မာကျမ်း၏ ကျမ်းဦးမှတ်ဖွယ်ဖြစ်သဖြင့် ဓမ္မသင်္ဂဏီကျမ်း၏ အကြောင်းအချက်များကို ဦးစားပေးပြီးလျှင် စာဖတ်သူနှင့် ရှေးဦးစွာ တိုက်ရိုက် မိတ်ဆက်ပေးခြင်း ဖြစ်ပါသည်၊ အဘိဓမ္မာကျမ်းကို လေ့လာသည်ဖြစ်၍ အဘိဓမ္မာနှင့် စပ်လျဉ်းသည့် သိအပ် သိထိုက်သော ဗဟုသုတများကိုလည်း ရေးသားဖော်ပြလိုက်ပါသည်၊ ထို့ပြင် အရေးကြီးသောအချက်မှာ ဗုဒ္ဓဘာသာတိုင်းပြည်များနှင့် ဗုဒ္ဓတရားတော်များကို လေ့လာကြသည့် တိုင်းပြည်များ တကမ္ဘာလုံးတွင် အနှံ့အပြားပင် ဖြစ်သော်လည်း အဘိဓမ္မာပိဋကတော်ကို လေ့လာရာ၌ မြန်မာပြည်သည် သူမတူအောင် မော်ကွန်းဝင် တိုင်းပြည်ဖြစ်သည်၊ အဘိဓမ္မာလေ့လာကျမ်းကျင်မှု၌ အခြားတိုင်းပြည်များသည် မြန်မာပြည်နှင့် ရင်ဘောင်တန်းနိုင်ရန်ကိုပင် မဆိုထားဘိ အဘိဓမ္မာဒေသနာ၏ အစဉ်အလာ သင်ရိုးမျှကိုပင် တည်တံ့အောင် ထိန်းသိမ်းနိုင်ရန် ခဲယဉ်းရှာကြသည်၊ သို့ဖြစ်၍ မြန်မာပြည်၏ အဘိဓမ္မာသမိုင်းကို အမြွက်မျှ ရေးသားဖော်ပြလိုက်ပေသည်၊ စင်စစ်မှာ မြန်မာပြည် အဘိဓမ္မာသမိုင်းသည်ပင် ခန့်ညားသော ကျမ်းတစောင်တဖွဲ့ဖြစ်ထိုက်ပေသည်။

ဓမ္မသင်္ဂဏီကျမ်း၏ ကျမ်းဦးမှတ်ဖွယ်၏ အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဓမ္မသင်္ဂဏီကျမ်းဟု ခေါ်တွင်ပုံနှင့် 'ဓမ္မသင်္ဂဏီ' ပုဒ်၏ အနက်အဓိပ္ပါယ်။

၂။ ဓမ္မသင်္ဂဏီကျမ်း၌ ဟောကြားပုံ အစီအစဉ်များနှင့် ပါဝင်သော အကြောင်းအရာ အချက်အလက်များ၊

http://www.dhammadownload.com



၃။ ဓမ္မသင်္ဂဏီကျမ်း၏ မှတ်သားဖွယ်ရာ အနှစ်သာရ။

၄။ အဘိဓမ္မာပိဋကအကြောင်း။

၅။ အဘိဓမ္မာ၏ ထူးခြားချက်များ။

၆။ အဘိဓမ္မာ၏ နိဒါန်းများ။

၇။ အဘိဓမ္မာပိဋကသည် ဘုရားဟောဒေသနာ အစစ်ဖြစ်ကြောင်း။

၈။ အဘိဓမ္မာ ၇-ကျမ်း အကျဉ်းချုပ်။

၉။ အဘိဓမ္မာ၏ နက်နဲပုံများ။

၁၀။ အဘိဓမ္မာကို အသျှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးမှ တဆင့် သာသနာအစဉ် ပြန့်ပွါးလာပုံ။

၁၁။ အဘိဓမ္မာပိဋကသမိုင်း။

၁၂။ မြန်မာပြည် အဘိဓမ္မာသမိုင်းနှင့် အဘိဓမ္မာအရကောက်ကျမ်းများ၏ ကျေးဇူး။

၁၃။ အဘိဓမ္မတ္ထသင်္ဂဟ(သင်္ဂြိုဟ်)ကျမ်းနှင့် မြန်မာပြည်ဖြစ် အဘိဓမ္မာကျမ်းများ။

http://www.dhammadownload.com

## ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

### ဓမ္မသင်္ဂဏီကျမ်း ခေါ်တွင်ခြင်း

လောကသုံးရပ် ဘုံသုံးထပ်အတွင်း၌ ရှိကြကုန်သော လူ နတ် ဗြဟ္မာသတ္တဝါတို့အား ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်၍ နိဗ္ဗာန်ဟူသော ဝိမုတ္တိသုခကို ရရှိခံစားနိုင်ကြရန် ရည်သန်တော်မူလျက် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သော တရားဒေသနာတော် အစဉ်သည် ပိဋကအားဖြင့် ဝိနည်း, သုတ္တန်, အဘိဓမ္မာဟူ၍ သုံးမျိုးသုံးစားသုံးပါးရှိသည်၊ ထိုသုံးပါးတို့တွင် ဓမ္မသင်္ဂဏီပါဠိတော်သည် တတိယမြောက်ဖြစ်သည့် အဘိဓမ္မာပိဋက၏ ပထမဦးဆုံးကျမ်းဖြစ်သည်။

အဘိဓမ္မာဟုဆိုရုံမျှဖြင့်ပင် သုတ္တန်ဒေသနာတော်များထက် ထူးခြားသာလွန်သည့် တရားတော်ဖြစ်ကြောင်း အများအားဖြင့် နားလည်ကြပြီးဖြစ်သည်၊ သို့ဖြစ်သည့်အတိုင်း ထိုအဘိဓမ္မာပိဋကဝင်ကျမ်း ခုနစ်ဆူတို့အနက် လက်ဦးဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်းသည်လည်း အဘိဓမ္မာဒေသနာ၌ ပင်ရင်း အကျဆုံး အရေးအကြီးဆုံး ကျမ်းကြီးဖြစ်သည်ဟူသော အချက်မှာ ထင်ရှားပေါ်လွင်လျက်နေပေသည်၊ သို့ဖြစ်ရကား ထိုအချက်ကိုပင် ပို၍ထင်ရှားစေရန် "ဓမ္မသင်္ဂဏီ"[၁] ဟူသော ဝေါဟာရစကားလုံး၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို တိတိကျကျ ကြံဆရှာဖွေ၍ ပြပါအံ့။

"ဓမ္မသင်္ဂဏီ" ဟူသောစကားလုံး၌ 'ဓမ္မ'နှင့်'သင်္ဂဏီ' ဟူသောပုဒ်နှစ်ခုကို သမာသ်တွဲစပ်ထားခြင်းဖြစ်၏၊ အလွယ်ဆုံးအားဖြင့် ဖွင့်ဆိုရှင်းလင်းပြရပါမူ—

ဓမ္မ = သဘာဝတရားများ

သင်္ဂဏီ = သိမ်းကျုံးစုပေါင်း၍ယူခြင်း (ပြခြင်း)။

= ကောင်းစွာ (ပြည့်စုံစွာ) ရေတွက်ခြင်း ဟူ၍ အဓိပ္ပါယ်ရလေသည်၊

ထို့ကြောင့် ဓမ္မသင်္ဂဏီကျမ်းသည်—

(၁) သဘာဝတရား (ပရမတ္ထတရား) အားလုံးကို သိမ်းကျုံးစုပေါင်း၍ပြသောကျမ်း[၂]။

(၂) ကောင်းမွန်ပြည့်စုံစွာ သဘာဝတရား (ပရမတ္ထတရား) တို့ကို ရေတွက်၍ ပြသောကျမ်း ဟု ဆိုလိုသည်[၃]။

---

၁။ သင်္ဂဏီ=သံ+ဂဟ+န+ ီ= သင်္ဂဟနီ= သင်္ဂဏီ၊

=သံ+ဂဏ+ ီ= သင်္ဂဏီ။

၂။ ကုသလာဒယော ဓမ္မာ သင်္ဂယှန္တိ ဧတ္ထာတိ ဓမ္မသင်္ဂဏီ (အဋ္ဌသာလိနီယောဇနာ၊ နှာ ၂၄၄)

၃။ တေယေဝ ဝါ ဓမ္မာ သမ္မဒေဝ ဂဏီယန္တိ ဧတ္ထ ဧတာယာတိ ဝါ ဓမ္မသင်္ဂဏီ။ (မဏိသာရမဉ္ဇူသာဋီကာ၊ နှာ ၇၂)

http://www.dhammadownload.com



ဓမ္မသင်္ဂဏီ ဟူသော အမည်သည်ပင် စင်စစ်အားဖြင့် ဤကျမ်း၏ အနက်သဘောကို ပေါ်လွင်စွာ ဖော်ပြလျက်ရှိသည်၊ တနည်းအားဖြင့်ဆိုလျှင် ထိုစကားလုံး၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်ပါက ဤကျမ်း၌ (၁) မည်သည့်အကြောင်းအရာများကို (၂) မည်သို့သော အစီအစဉ်ဖြင့် ဟောကြားထားကြောင်းကို သဘောပေါက်ရန် ခက်ခဲမည် မဟုတ်ပေ၊ ထို့ကြောင့် ဓမ္မသင်္ဂဏီကျမ်းအမည်နှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော အချက်များကို ဆက်လက် ဖော်ပြပါအံ့။

## ဓမ္မသဒ္ဒါ၏ အနက်များ

ပါဠိစာပေ၌ ဓမ္မသဒ္ဒါ၏ အဓိပ္ပါယ်များမှာ ကျယ်ဝန်းများပြားလှသည်။ ထိုထိုသုတ္တန်ဒေသနာတို့၌ ဓမ္မသဒ္ဒါကို —

(၁) သင်ယူပို့ချအပ်သောတရားစကား အစဉ် (ပရိယတ္တိ)
(၂) ဖြစ်ရိုးဖြစ်စဉ်သဘော၊ အစဉ်အလာ (ပကတိ)
(၃) အကြောင်းတရား (ဟေတု)
(၄) အမှန်တရား (သစ္စာ)
(၅) ဂုဏ်ကျေးဇူး (ဂုဏ)
(၆) ဉာဏ်ဖြင့်သိမြင်ကောင်းသည့်တရား အားလုံး (ဉေယျ)
(၇) အမှန်အားဖြင့် ထင်ရှားရှိသောတရား (သဘာဝ) စသော အနက် အဓိပ္ပါယ်အမျိုးမျိုး တို့ဖြင့် ဟောကြားထားသည်ကို တွေ့ရ၏၊ ထိုအနက်တို့တွင် ဤ "ဓမ္မသင်္ဂဏီ"၌ ပါဝင်သော "ဓမ္မ" ကား အစစ်အမှန်အားဖြင့် ထင်ရှားရှိသော သဘာဝတရား (ပရမတ္ထတရား) များကို ဆိုလိုပေသည်။

## သဘာဝတရား

လောက၌ နေ့စဉ် တွေ့မြင် ကြားသိနေရသော သက်ရှိသက်မဲ့ အရာဝတ္ထုတိုင်းသည် အမှန်တကယ် ထင်ရှားရှိသော သဘာဝတရားများ မဟုတ်ချေ။

အပေါ်ယံဒြပ်အားဖြင့် မှတ်သားခေါ်ဝေါ်၍ လွယ်ကူစေရန် အသိအမှတ်ပြုထားသည့် သမ္မုတိသစ္စာများသာ ဖြစ်ပေသည်၊ ဥပမာအားဖြင့် "လူ" ဟူသော ဝေါဟာရ၌ လူသည် တကယ် ထင်ရှားရှိသော သဘာဝတရားတခု မဟုတ်ချေ၊ ရုပ်ဓာတ် နာမ်ဓာတ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသည်ကို "လူ" ဟူ၍ ခေါ်ဝေါ်သမုတ်နေကြခြင်းသာ ဖြစ်၏၊ ထို့ကြောင့် ထို "လူ" ဟူသောပညတ် အတွင်း၌ အမှန်တကယ် ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ်တို့သည်သာလျှင် သဘာဝတရားများ ဖြစ်၏၊ ၎င်းတို့ကိုသာလျှင် ဓမ္မဟု ခေါ်၏၊ လူကောင်ဒြပ်ကြီးကို ဓမ္မဟု မခေါ်ချေ။

## သက်မဲ့လောကမှ သဘာဝတရားများ

ထို့အတူပင် သစ်ပင် တော တောင် အစရှိသော သက်မဲ့လောကတရပ်လုံးသည်လည်း "အရင်းစစ် အမြစ်မြေက" ဟူသကဲ့သို့ အရင်းခံအားဖြင့် ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးတို့၏ အစု

၁။ ကင္ခါသာလိနီ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ-၉၊ မူလပဏ္ဏာသ အဋ္ဌကထာ-ပ-၁၇။

http://www.dhammadownload.com



အဝေးမျှသာ ဖြစ်ချေသည်၊ ထို့ကြောင့် အဆိုပါ သစ်ပင် တော တောင် စသည်တို့သည် သဘာဝ တရားများ မဟုတ်ကြချေ၊ ၎င်းတို့အတွင်း၌ အမှန်တကယ် ထင်ရှားရှိသော ရုပ်ဓာတ်တို့သည် သာလျှင် သဘာဝတရားများ ဖြစ်၏၊ ၎င်းရုပ်ဓာတ်တို့ကိုသာလျှင် ဓမ္မဟု ခေါ်၏။

## ဓမ္မသည် အတ္တ,ဇီဝ မဟုတ်

ဤသို့ ရုပ်ဓာတ် နာမ်ဓာတ်အားဖြင့် နှစ်ပါးသော သဘာဝတရားတို့သည်ကား တွေ့ထိခြင်း (ဖုဿ), ခံစားခြင်း (ဝေဒနာ) အစရှိသော ကိုယ်ပိုင် လက္ခဏာများကို ဆောင်ကုန်၏ [၁]၊ ထိုအသီး အသီးသော ကိုယ်ပိုင် လက္ခဏာများဖြင့်လည်း ပညာရှိတို့ မှတ်သားအပ်ကုန်၏ [၂]၊ အကြောင်းမဲ့ အလိုအလျောက် ဖြစ်ပေါ်လာကြသည် မဟုတ်ဘဲ ဆိုင်ရာ အကြောင်းတရားတို့၏ ဆောင်ထားမှု ထောက်ပံ့မှုတို့ကြောင့်သာ ဖြစ်ပေါ်လာကုန်၏ [၃]၊ ထို သဘာဝတရားတို့သည်ကား စင်စစ် သတ္တဝါအကောင်အထည် မဟုတ်၊ ဝိညာဉ်, လိပ်ပြာစသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ် ယူဆ အပ်သည့် အတ္တ ဇီဝလည်း မဟုတ်ပေ၊ နိဿတ္တ နိဇ္ဇီဝတို့ပေတည်း၊ ထို သဘာဝတရားတို့အတွင်း၌ လည်း အတ္တ ဇီဝဟူသည် မရှိ(သုညတ)၊ ဤသို့ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မဟုတ်သော သဘာဝ တရားများကို "ဓမ္မသင်္ဂဏီ" ပုဒ်၌ ပါဝင်သည့် ဓမ္မသဒ္ဒါက ဖော်ပြလေသည်။

## အရိုးကို အရွက်ဖုံး

သက်ရှိ သက်မဲ့ လောကအတွင်း၌ အမှန်တကယ်ထင်ရှားရှိသော ထိုရုပ်နာမ်သဘာဝ(ပရမတ္ထ) တို့ကို ပုထုဇဉ်သတ္တဝါတို့သည် အများအားဖြင့် မမြင်ကြချေ၊ "အရိုးကို အရွက်ဖုံး"ဟူသကဲ့သို့ အပေါ်ယံပညတ်တို့၏ ဖုံးအုပ်ခြင်းကို ခံနေကြရကုန်၏၊ ဤသို့ သိမြင်ရန် မလွယ်ကူသောကြောင့် လည်း ဗုဒ္ဓရှင်တော်မြတ်သည် သုတ္တန်ဒေသနာတို့၌ သဘာဝတရားသက်သက်ကို ဟောတော်မမူဘဲ အများ သိမြင်နားလည်လွယ်သည့် ဝေါဟာရပညတ်များနှင့် ယှဉ်တွဲ၍သာ ဟောတော်မူခဲ့ပေသည်။

အဘိဓမ္မာပိဋကကား အပေါ်ယံ ပညတ်ကို မူတည်ဟောကြားသည့် ဝေါဟာရဒေသနာ မဟုတ်ချေ၊ တကယ် အစစ်အမှန်အားဖြင့် ထင်ရှားရှိသော သဘာဝတရားများကို ဖော်ထုတ် ဟောကြားသည့် "ပရမတ္ထ ဒေသနာ"ဖြစ်ပေသည်၊ ပုဂ္ဂိုလ် သတ္တဝါတို့၏ အလိုစရိုက်ကို မငဲ့ညှာဘဲ တရားသဘောရှိသလောက် ပြည့်စုံကုန်စင်အောင် ဟောကြားသည့် "ယထာဓမ္မဒေသနာ" လည်း ဖြစ်၏၊ ထို့ကြောင့် ရှိရှိသမျှ သဘာဝတရား (ဓမ္မ) အားလုံးကို ရနိုင်သမျှသော နည်းအမျိုးမျိုးဖြင့် သိမ်းကျုံးစုပေါင်း၍ ပြခြင်းငှါ ဤဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ ဟောတော်မူရပေသည်။

အနည်းငယ်ချဲ့ဦးအံ့—ဤဓမ္မသင်္ဂဏီကျမ်း၌ မြတ်စွာဘုရားသည်—

(၁) အပြစ်ကင်း၍ ကောင်းကျိုးကိုပေးတတ်သော "ကုသိုလ်"တရား။

(၂) အပြစ်ရှိ၍ မကောင်းကျိုးကိုပေးတတ်သော "အကုသိုလ်"တရား။

(၃) ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်းမဟုတ်သော "အဗျာကတ"တရား။

---

၁။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

၂။ ဓာရိယန္တိ ဝါ ယထာ သဘာဝတောတိ ဓမ္မာ။

၃။ ဓာရိယန္တိ ပစ္စယေဟီတိ ဓမ္မာ။ (အဋ္ဌသာလိနီ ၈၁)

http://www.dhammadownload.com



စသောနည်းဖြင့် သုံးပါးစုပြုကာ သဘာဝတရားအားလုံးကို သိမ်းကျုံးစုပေါင်း၍ ဟောကြားတော်မူ၏။

ထို့အတူ—

(၁) အကြောင်းရင်း'ဟိတ်'ဖြစ်သောတရား၊

(၂) အကြောင်းရင်း'ဟိတ်'မဟုတ်သောတရား၊

စသောအားဖြင့် နှစ်ပါးစုပြု၍လည်း ဟောကြားတော်မူ၏။

ဤသို့ သုံးပါးစုနည်း, နှစ်ပါးစုနည်းအားဖြင့် သဘာဝတရားအားလုံးကို သိမ်းကျုံးစုပေါင်း၍ ဟောကြားရာဖြစ်ခြင်းကြောင့် ဤကျမ်းကို ဓမ္မသင်္ဂဏီ ဟု အမည်ပေးခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် ဤဓမ္မသင်္ဂဏီပါဠိတော်၌ အထက်ပါနည်းများအတိုင်း ကုသိုလ်, အကုသိုလ်စသောအားဖြင့် အစုပြု၍ ဟောကြားအပ်သော တရားတို့၏ သရုပ်တရားကိုယ်များကို အသေးစိတ် ကောက်ယူရေတွက်၍လည်း ပြထားပေသည်၊ ဥပမာအားဖြင့် ကုသိုလ်တရားများ (ကုသလာ ဓမ္မာ) ကို အကျယ်ပြရာ၌—

(၁) ကာမာဝစရကုသိုလ်စိတ်, ရူပါဝစရကုသိုလ်စိတ် စသည့် ဘူမိဘေဒကုသိုလ် လေးမျိုးကိုရင်း၊

(၂) ထိုလေးမျိုးတို့၌ အသီးအသီးကွဲပြားသည့် ရှစ်ပါး, ငါးပါးစသော စိတ်သရုပ်ကိုရင်း၊

(၃) ထို စိတ်အသီးအသီးတို့နှင့်ယှဉ်၍ ဖြစ်ပေါ်သည့် ဖဿ, ဝေဒနာစသော စေတသိက်တို့၏ သရုပ်သဘောကိုရင်း၊

အသေးစိတ် ဟောကြားဖော်ပြထားပေသည်။

ထို့အတူ ရူပကဏ္ဍ၌လည်း တပါးစုနည်း 'ဧကက', နှစ်ပါးစုနည်း 'ဒုက'စသည်တို့ဖြင့် ရုပ်တရားတို့၏ သရုပ်များကို ရေတွက်၍ ပြထားပေသည်။

ဤသို့လျှင် ကုသိုလ်, အကုသိုလ်အစရှိသော သဘာဝတရားတို့၏ သရုပ်တရားကိုယ်များကို ကောင်းမွန်ပြည့်စုံစွာ ရေတွက် ကောက်ပြသောကျမ်း ဖြစ်ခြင်းကြောင့်လည်း ဤကျမ်းကို "ဓမ္မသင်္ဂဏီ" ဟု အမည်တပ်ခဲ့ခြင်းဖြစ်ပေသည်။

http://www.dhammadownload.com

# ဓမ္မသင်္ဂဏီကျမ်း၌ ဟောကြားပုံ အစီအစဉ်

## မာတိကာ အစီအစဉ်

ဓမ္မသင်္ဂဏီကျမ်း၌ ခေါင်းစဉ် 'မာတိကာ' ကို ရှေးဦးစွာ ဟောတော်မူသည်။

ယင်းခေါင်းစဉ် 'မာတိကာ'ကို (၁) ပရမတ္ထတရားတို့ကို သုံးစုပြု၍ ဟောတော်မူသော ခေါင်းစဉ် 'တိက မာတိကာ'၊ (၂) ပရမတ္ထတရားတို့ကို နှစ်စုပြု၍ ဟောတော်မူသော ခေါင်းစဉ် 'ဒုက မာတိကာ'ဟူ၍ နှစ်မျိုးခွဲ၍ ဟောတော်မူသည်။

ယင်း ၂-မျိုးအနက် ဒုက မာတိကာကိုလည်း (၁) အဘိဓမ္မာနည်း ဒုက မာတိကာ၊ (၂) သုတ္တန်နည်း ဒုကမာတိကာဟူ၍ နှစ်မျိုးခွဲ၍ ဟောတော်မူသည်။

**တိကမာတိကာ။** ။ယင်းမာတိကာ သုံးမျိုးတို့တွင် 'တိကမာတိကာ'ကို ကုသလတိက် စသောအားဖြင့် ၂၂-တိက်ခွဲ၍ ဟောတော်မူသည်။

**ဒုကမာတိကာ။** ။အဘိဓမ္မာနည်း ဒုကမာတိကာကို ဟေတုဒုက် စသောအားဖြင့် ဒုက်ပေါင်း ၁၀၀-ခွဲ၍ ဟောတော်မူသည်။

**သုတ္တန္တိက ဒုကမာတိကာ။** ။သုတ္တန်နည်း ဒုကမာတိကာကို ဝိဇ္ဇာဘာဂီဒုက် စသောအားဖြင့် ဒုက်ပေါင်း ၄၂-ဒုက် ခွဲ၍ ဟောတော်မူသည်။

## ကဏ္ဍ အစီအစဉ်

ယင်း မာတိကာ, တိက်, ဒုက်တို့ကို မူထား၍ ဓမ္မသင်္ဂဏီကျမ်းကို—

(၁) စိတ္တုပ္ပါဒကဏ္ဍ

(၂) ရူပကဏ္ဍ

(၃) နိက္ခေပကဏ္ဍ

(၄) အဋ္ဌကထာကဏ္ဍဟူ၍ အပိုင်းကြီး လေးပိုင်းတို့ဖြင့် တန်းဆာဆင်၍ ဟောတော်မူသည်။

ယင်းအပိုင်းကြီးလေးပိုင်းတို့တွင် စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍကို ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ ဟူသော ကုသလတိက်မာတိကာအရ အကျယ်ဝေဖန်၍ ဟောတော်မူသည်။

၁။ **စိတ္တုပ္ပါဒကဏ္ဍ** ဟူသည် စိတ်, စေတသိက်တို့ကို ပြဆိုသောအပိုင်းဖြစ်သည်။

၂။ **ရူပကဏ္ဍ**ဟူသည် ရုပ်တို့ကို ပြဆိုသောအပိုင်း ဖြစ်သည်။

ယခုစာအုပ်မူတို၌ တွေ့ရှိနေရသော စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍတို့သည် ကုသလတိက် တခုမျှကိုသာ ဝေဖန်၍ဟောတော်မူသော အပိုင်းများ ဖြစ်ကြသည်၊ အမှန်အားဖြင့် ဤကုသလတိက်ကို နည်းယူ၍ ကြွင်းသော တိက်, ဒုက်တို့ကိုလည်း ဤကဲ့သို့ ဝေဖန်ရမည်ပင် ဖြစ်သည်။

http://www.dhammadownload.com



၃။ နိက္ခေပကဏ္ဍသည် တိက်, ဒုက်အားလုံးတို့ကို သိမ်းကျုံး၍ မကျဉ်းမကျယ် ပြဆိုထားသည့် အပိုင်းဖြစ်သည်၊ စင်စစ်အားဖြင့် "နိက္ခေပကဏ္ဍ"ဟူသောစကား၌ "နိက္ခေပ"၏ အဓိပ္ပါယ်မှာ ပယ်စွန့်ခြင်းဟူ၍ ဖြစ်သည်၊ "ကဏ္ဍ"ဟူသည် အပိုင်းကို ဆိုလိုသည်၊ စကားနှစ်ရပ် ပေါင်းလိုက်သော် "နိက္ခေပကဏ္ဍ"ဟူသည် 'ပယ်စွန့်ထားသောအပိုင်း'ဟု အဓိပ္ပါယ်ရသည်၊ ပယ်စွန့်ထားပုံကို ရှင်းလင်းဖော်ပြပါအံ့၊ မြတ်စွာဘုရားသခင်သည် ကုသလတိက်၌ စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍတို့ကို အကျယ်ဆုံးနည်းဖြင့် ဝေဖန်ဟောကြားတော်မူခဲ့သည်၊ ဤနည်းအတိုင်း အခြား ကြွင်းကျန်သော တိက်, ဒုက်များကို ဝေဖန်ဟောကြားတော်မူပါက ဓမ္မသင်္ဂဏီကျမ်းကြီးမှာ ဆုံးနိုင်တော့မည် မဟုတ်ချေ၊ သို့ဖြစ်သောကြောင့် နိက္ခေပကဏ္ဍကို ဟောတော်မူသောအခါ စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍတို့၌ ဟောတော်မူသည့် အကျယ်ဝေဖန်သည့်နည်းကို ပယ်စွန့်ပြီးလျှင် မကျဉ်းမကျယ်သောနည်းဖြင့်သာ ဟောတော်မူခြင်းဖြစ်သည်။

ဤသို့ အကျယ်ဆုံးနည်းကို ပယ်စွန့်၍ မကျဉ်းမကျယ်နည်းကို ပြဆိုသော အပိုင်းဖြစ်သောကြောင့် 'နိက္ခေပကဏ္ဍ'ဟု ခေါ်ပေသည်။

**၄။ အဋ္ဌကထာကဏ္ဍ**၌ "အဋ္ဌ"နှင့်"အတ္ထ" အတူတူပင်ဖြစ်သည်၊ "အတ္ထ"ဟူသည် ဤနေရာ၌ တရားကိုယ်သဘာဝကို ဆိုလိုသည်၊ "ကထာ"ဟူသည် ဤနေရာ၌ ဟောကြားခြင်းကိုဆိုသည်၊ "ကဏ္ဍ"ဟူသည် အပိုင်းကို ဆိုသည်၊ စကားသုံးလုံး ပေါင်းလိုက်သော် 'သဘာဝတရားကိုယ်များကို ဟောကြားပြဆိုရာ အပိုင်း'ဟု ဆိုလိုသည်၊ ဤအဋ္ဌကထာကဏ္ဍသည် သုတ္တန္တိကဒုက်တို့မှ တပါး ကြွင်းသော တိက်,ဒုက် အားလုံးတို့၏ အရကောက်ကို ပြဆိုသောအပိုင်း ဖြစ်သည်။

# ၁-စိတ္တုပ္ပါဒ ကဏ္ဍ

ယင်းအပိုင်းကြီး လေးပိုင်းတို့တွင် စိတ်, စေတသိက်တို့ကို ပြဆိုသော စိတ္တုပ္ပါဒကဏ္ဍကို ကုသလတိက်၏ ခေါင်းစဉ်မာတိကာနှင့်အညီ—

(က) ကုသိုလ်စိတ်, စေတသိက် (ကုသလာ ဓမ္မာ)

(ခ) အကုသိုလ်စိတ်, စေတသိက် (အကုသလာ ဓမ္မာ)

(ဂ) အဗျာကတစိတ်, စေတသိက် (အဗျာကတာ ဓမ္မာ)ဟူ၍ သုံးမျိုးခွဲ၍ ဟောတော်မူသည်။

ယင်းသုံးမျိုးတို့တွင် ကုသိုလ်စိတ်, စေတသိက်တို့ကို ဘူမိဘေဒနည်းအားဖြင့်—

(က) ကာမဘုံသို့ ရောက်စေတတ်သော ကုသိုလ်

(ခ) ရူပဘုံသို့ ရောက်စေတတ်သော ကုသိုလ်

(ဂ) အရူပဘုံသို့ ရောက်စေတတ်သော ကုသိုလ်

(ဃ) ဘုံသုံးပါး၌ ဖြစ်စေတတ်သော ကုသိုလ်

(င) ဘုံသုံးပါးမှ ထွက်မြောက်စေတတ်သော ကုသိုလ် ဟူ၍ ငါးပိုင်းခွဲ၍ ဟောတော်မူသည်။

http://www.dhammadownload.com



## ကာမာဝစရကုသိုလ်

ယင်းငါးပိုင်းတို့တွင်—ကာမဘုံသို့ ရောက်စေတတ်သော ကုသိုလ်ကို ပဌမစိတ် ဒုတိယစိတ် ။ပ။ အဋ္ဌမစိတ်ဟူ၍ ရှစ်ပါးခွဲ၍ ဟောတော်မူ၏။

ယင်းရှစ်ပါးတို့ကိုလည်း အောက်ပါအစီအစဉ်အတိုင်း ၃-ပိုင်းအားဖြင့် ဟောတော်မူသည်။

(က) ပဌမ ကာမာဝစရ မဟာကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်တို့ကို ပိုင်းခြား၍ ပြသော 'ဓမ္မ ဝဝတ္ထာန ဝါရ' (ဓမ္မ-တရား။ ဝဝတ္ထာန-ခွဲခြားခြင်း။ ဝါရ-အလှည့်)

(ခ) ယင်းဝါရ၌ ဟောကြားခဲ့သောစိတ် စေတသိက်ကို စုပေါင်း၍ တဖန် ခန္ဓာအားဖြင့် မည်မျှ အာယတနအားဖြင့် မည်မျှ စသောအားဖြင့် ၂၃-ပါးသော အစုတို့ဖြင့် ရေတွက်၍ ပြသော 'ကောဋ္ဌာသ ဝါရ'(ကောဋ္ဌာသ-စုပေါင်းခြင်း။ ဝါရ-အလှည့်)။

(ဂ) ယင်းဓမ္မဝဝတ္ထာနဝါရ၌ ဟောကြားခဲ့သော ပဌမမဟာကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်တရားတို့သည် အကြောင်းအကျိုး တိုက်ဆိုင်၍ ဖြစ်ပေါ်လာသော သဘောတရားသက်သက်မျှသာ ဖြစ်ကုန်၏၊ ဤတရားတို့၌ 'အတ္တ'ဟု စွဲယူစရာ အနှစ်သာရ ဘာမျှမရှိကုန်၊ ဖြစ်ပြီးလျှင် ပျက်မြဲသဘောသာ ရှိကုန်၏ဟု 'အတ္တ'မှ ဆိတ်သုဉ်းသည့်အဖြစ်ကို သိစေရန် ကောဋ္ဌာသဝါရ၌ ဟောကြားခဲ့သော ၂၃-ပါး သော အစုတို့တွင်'ဓမ္မ'အစုတခုတိုး၍ ၂၄-ပါးသော အစုတို့ဖြင့် တဖန် ပြဆိုသော 'သုညတဝါရ' (သုညတ-အတ္တမှ ဆိတ်သုဉ်းခြင်း။ ဝါရ-အလှည့်) အားဖြင့် အပိုင်း သုံးပိုင်းခွဲ၍ ဟောတော်မူသည်။

ယင်း ဓမ္မဝဝတ္ထာနဝါရကိုလည်း—

(က) အကျဉ်းအားဖြင့် ပြဆိုသော **ဥဒ္ဒေသဝါရ**

(ခ) အကျယ်အားဖြင့် ပြဆိုသော **နိဒ္ဒေသဝါရ**ဟူ၍ (၂)ပိုင်းခွဲ၍ ဟောတော်မူသည်။

ယင်းဥဒ္ဒေသဝါရကိုလည်း 'ဖဿပဉ္စမကဘေဒ'စသောအားဖြင့် ၁၇-ပိုင်းခွဲခြား၍ ဟောတော်မူသည်၊ ထို ၁၇-ပိုင်းတို့တွင်—

(က) **ဖဿပဉ္စမက**။ ။အကျိုး ဖြစ်သော စိတ်တခု ဖြစ်ပေါ်လာရန် အဘိဓမ္မာနည်း အရ အကြောင်းအမျိုးမျိုး ရှိ၏၊ ယင်းအကြောင်းအမျိုးမျိုးတို့တွင် ဖဿ စသော ငါးပါးသောတရားတို့သည် အနီးကပ်ဆုံး အကြောင်း ဖြစ်၏၊ ဝါ- အဦးအစ ပဌမ အကြောင်း ဖြစ်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ ပဌမ မဟာကုသိုလ်စိတ်ဖြစ်လိုသော် အာရုံတခုခုနှင့် တိုက်ဆိုင်တွေ့ထိမှု ဖဿ စသော တရားတို့ ရှေးဦးစွာဖြစ်ပေါ်ရသည်၊ တိုက်ဆိုင်တွေ့ထိမှု ဖဿ စသည် မရှိပါက မည်သည့်တရားမှ မဖြစ်ပေါ်နိုင်ပါ)၊ ထို့ကြောင့် ပဌမ မဟာကုသိုလ်စိတ်နှင့် ယှဉ်နိုင်သော စေတသိက်တို့ကိုပြဆိုရာ၌ 'ဖဿပဉ္စမကဘေဒ' နည်းကို ရှေးဦးစွာဟောတော်မူသည်။

(ခ) **ဈာနင်တရား ၅-ပါး**။ ။ယင်း 'ဖဿပဉ္စမက' တရားတို့ ဖြစ်ပေါ်လာရန် အကြောင်း အမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံးသော အကြောင်းကိုရှာသော် ဝိတက်စသော ဈာနင်တရား ငါးပါးသည် အနီးကပ်ဆုံး အကြောင်း ဖြစ်၏၊ (ဆိုလိုရင်း အဓိပ္ပါယ်

http://www.dhammadownload.com



မှာ ဝိတက်က ကောင်းသောအာရုံသို့တင်ပေးမှသာ ပဌမ မဟာကုသိုလ်စိတ်သည် ဖဿ စသော စေတသိက်ငါးပါးနှင့်တကွ ဘွားကနဲပေါ်လာရသည်)၊ ထို့ကြောင့် 'ဖဿပဉ္စမက'ကို ဟောကြားပြီးနောက် ဝိတက်စသော'ဈာနဘေဒ'နည်းကို ဟောကြားတော်မူသည်။

(ဂ) ဣန္ဒြေ ဂ-ပါး။ ။ယင်း ကောင်းသောအာရုံကို ကြံစည် သုံးသပ်မှုစသော 'ဈာနဘေဒ' တရားတို့ ဖြစ်ပေါ်ရန် အကြောင်း အမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် သဒ္ဓါစသော ဣန္ဒြေ ရှစ်ပါးသည် အနီးကပ်ဆုံး အကြောင်းဖြစ်၏၊ (ဆိုလိုရင်း အဓိပ္ပါယ်မှာ ကောင်းသောအာရုံကို ကြံစည်သုံးသပ်လျှင် ကုသိုလ်ဖြစ်သည်၊ မကောင်းသောအာရုံကို ကြံစည် သုံးသပ်လျှင် အကုသိုလ်ဖြစ်သည်ဟု ရှေးဦးစွာ အစိုးတရ ယုံကြည်မှု သဒ္ဓါစသော တရားတို့ရှိမှသာလျှင် ကောင်းသောအာရုံကို ကြံစည်မှု ဝိတက်စသော တရားတို့ ဖြစ်ပေါ်နိုင်သည်)၊ ထို့ကြောင့် 'ဈာနဘေဒ'နည်းကို ဟောကြားပြီးနောက် 'ဣန္ဒြိယဘေဒ'နည်းကို ဟောကြားတော်မူသည်။

(ဃ) မဂ္ဂင် ၅-ပါးအစု။ ။ကောင်းသောအာရုံကို ကြံစည်လျှင် ကုသိုလ်ဖြစ်သည်ဟု အစိုးတရ ယုံကြည်မှု သဒ္ဓါ စသော တရားတို့ ဖြစ်ပေါ်လာရန် အကြောင်း အမျိုးမျိုးကိုရှာသော် ဟုတ်တိုင်းမှန်စွာ သိမှု 'သမ္မာဒိဋ္ဌိ'စသော 'မဂ္ဂဘေဒ တရားတို့သည် အနီးကပ်ဆုံး အကြောင်း ဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ အစိုးတရယုံကြည်မှု သဒ္ဓါတရားဟူသည် ဤလမ်းသည် ကေန်မုချ ကောင်းကျိုး ပေးမည့် လမ်းဟု အမြင်မှန်-အသိမှန် 'သမ္မာဒိဋ္ဌိ'ရှိသော သူတို့၌သာ ဖြစ်နိုင်သည်၊ အမြင်မှန် အသိမှန်'သမ္မာဒိဋ္ဌိ'မရှိပါက ယုံကြည်မှု 'သဒ္ဓါ' မဖြစ်နိုင်ပါ၊) ထို့ကြောင့် ဣန္ဒြိယဘေဒနည်းကို ဟောကြားပြီးနောက် သမ္မာဒိဋ္ဌိ စသော 'မဂ္ဂဘေဒ' နည်းကို ဟောကြားတော်မူသည်။

(င) ဗိုလ်ငါးပါးအစု။ ။အမြင်မှန် အသိမှန် 'သမ္မာဒိဋ္ဌိ'စသော 'မဂ္ဂဘေဒ တရားတို့ ဖြစ်ပေါ်ရန် အကြောင်း အမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် မတုန်မလှုပ် ခိုင်မြဲစွာ ယုံကြည်မှု'သဒ္ဓါ'စသော 'ဗလဘေဒ'တရားတို့သည် အနီးကပ်ဆုံး အကြောင်းဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ အသိမှန် အမြင်မှန် 'သမ္မာဒိဋ္ဌိ'စသော တရားတို့သည် သဒ္ဓါတရား သေးသိမ်သော လူသာမညတို့၌ ဖြစ်ပေါ်နိုင်သည်မဟုတ်၊ သဒ္ဓါတရား/ အားကောင်းသောသူတို့၌သာ ဖြစ်ပေါ်နိုင်သည်)၊ ထို့ကြောင့် သဒ္ဓါအားစသော 'ဗလဘေဒ' နည်းကို 'မဂ္ဂဘေဒ'နည်း၏ အခြားမဲ့၌ ဟောကြားတော်မူသည်၊ (ဤနေရာ၌ ဣန္ဒြေနှင့် ဗိုလ်အထူးကို စဉ်းစားသင့်၏၊ အစိုးရမှုတရားတို့သည် အမြင်မှန်ရပြီးမှ ဖြစ်ကုန်၏၊ ဗိုလ်တရားတို့သည် အမြင်မှန်ရမှု၏ အထောက်အပံ့ အကြောင်းတရားတို့ ဖြစ်ကုန်၏)။

(စ) မူလ ၃-ပါး။ ။သဒ္ဓါစသောအား ငါးပါး ဖြစ်ပေါ်ရန် အကြောင်းအမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် မတွယ်တာမှု 'အလောဘ'နှင့် အဒေါသ, အမောဟတည်းဟူသော အမြစ်သုံးခု 'မူလ' တရားတို့သည် အနီးကပ်ဆုံး အကြောင်း ဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ သဒ္ဓါတရား အားကောင်းမှု 'သဒ္ဓါဗိုလ်' စသောတရားတို့သည် ကုသိုလ်အမြစ်၊ ဝါ- ကုသိုလ်မျိုးစေ့ ပါလာသောသူတို့၌သာ ဖြစ်ပေါ်နိုင်သည်၊ အကုသိုလ်အမြစ် အကုသိုလ်မျိုးစေ့ ပါလာသောသူတို့၌ မဖြစ်နိုင်ချေ)၊ ထို့ကြောင့် 'ဗလဘေဒ' နည်း၏ အခြားမဲ့၌ မျိုးစေ့အမြစ် 'မူလဘေဒ'နည်းကို ဟောကြားတော်မူရသည်။

http://www.dhammadownload.com



(ဆ) ကမ္မပထတရား ၃-ပါး။ ။ကုသိုလ်အမြစ် ကုသိုလ်မျိုးစေ့တရားတို့ဖြစ်ပေါ်ရန်အကြောင်း အမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကို ရှာသော် မမက်မောမှု 'အနဘိဇ္ဈာ' စသောတရားတို့သည် အနီးကပ်ဆုံး အကြောင်းတို့ဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ ကုသိုလ်အမြစ် ကုသိုလ်မျိုးစေ့တရားတို့သည် မမက်မောမှု 'အနဘိဇ္ဈာ' စသောတရားတို့ဖြင့် ဒါန, သီလ, ဘာဝနာကံကို ပြုခဲ့သောသူတို့၌သာ ဖြစ်နိုင်သည်၊ ဒါန, သီလ, ဘာဝနာ မပြုသောသူတို့၌ မျိုးစေ့မတည်နိုင်ချေ)၊ ထို့ကြောင့် မျိုးစေ့ 'မူလဘေဒ'နည်း၏ အခြားမဲ့၌ ကုသိုလ်ကံကို ပြုသော 'ကမ္မပထဘေဒ' နည်းကို ဟောကြားတော်မူရသည်။

(ဇ) လောကပါလတရား ၂-ပါး။ ။ဒါန, သီလစသော ကုသိုလ်ကံတရားတို့ပြုလုပ်ရန်အကြောင်း အမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် ရှက်ကြောက်မှု 'ဟိရီ, ဩတ္တပ္ပ'တည်းဟူသော 'လောကပါလ'တရား ၂-ပါးတို့သည် အနီးကပ်ဆုံး အကြောင်းဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ အရှက်အကြောက်ရှိသောသူတို့၌သာ ဒါန, သီလ စသော တရားတို့ဖြစ်နိုင်ကုန်၏၊ အရှက်အကြောက်မရှိသောသူတို့သည် အဘယ်မှာလျှင် ကုသိုလ် ပြုကြမည်နည်း၊ အကုသိုလ်ကို ပြုကြမည်သာဖြစ်၏)၊ ထို့ကြောင့် ကုသိုလ်ကံကိုပြုသော 'ကမ္မပထဘေဒ'နည်း၏အခြားမဲ့၌ ရှက်ကြောက်မှု 'လောကပါလဘေဒ'နည်းကို ဟောကြားတော်မူရသည်။

(ဈ) ကိုယ်စိတ်ငြိမ်းချမ်းမှုတရား ၆-စုံ။ ။လောက၌ အရှက်အကြောက်တရားတို့ ဖြစ်ပေါ်ရန် အကြောင်းအမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'စသောတရားတို့သည် အနီးကပ်ဆုံး အကြောင်းတို့ဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ ကိုယ်စိတ်နှစ်ပါး ပူလောင်၍နေသောသူတို့၌ ရှက်ကြောက်မှု 'ဟိရီ, ဩတ္တပ္ပ'တရားတို့ မတည်နိုင်ချေ၊ ငြိမ်းချမ်းမှုရှိသောသူတို့၌သာ ဖြစ်ပေါ်လာနိုင်သည်၊ ထို့ကြောင့် 'လောကပါလဘေဒ' နည်း၏ အခြားမဲ့၌ 'ပဿဒ္ဓိ ယုဂဠ'စသောအစုံ (၆) စုံ (ည-ဋ-ဌ-ဍ-ဎ) ကို ဟောကြားတော်မူရသည်။

[ည-လဟုတာ၊ ဋ-မုဒုတာ၊ ဌ-ကမ္မညတာ၊ ဍ-ပါဂုညတာ၊ ဎ-ဥဇုကတာ]

(ဏ) သတိ, သမ္ပဇညတရား ၂-ပါး။ ။ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' စသော တရားတို့ ဖြစ်ပေါ်ရန် အကြောင်းအမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် သတိ, သမ္ပဇဉ်တရားတို့သည် အနီးကပ်ဆုံး အကြောင်းဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းမှုတရားတို့သည် စိတ်ဆင်းရဲမှုတရားများ မဝင်ရအောင် သတိတရား ရှေ့ထား၍ ပညာဖြင့် ဖယ်ရှားနေသော သူတို့၌သာ ဖြစ်နိုင်သည်၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ နေသောသူတို့သည် အဘယ်အခါမျှ စိတ်ချမ်းသာမှုကို မရနိုင်)၊ ထို့ကြောင့် 'ပဿဒ္ဓိယုဂဠ ၆-ခု'တို့၏ အခြားမဲ့၌ 'သတိ, သမ္ပဇည' အစုံကို ဟောကြားတော်မူရသည်။

(တ) သမထ, ဝိပဿနာ။ ။စိတ်ဆင်းရဲမှုတရားများကို ဖယ်ရှားနိုင်သော သတိ, ပညာ တရားတို့ဖြစ်ပေါ်ရန် အကြောင်းအမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် သမထ, ဝိပဿနာတရားတို့သည် အနီးကပ်ဆုံး အကြောင်းဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ စိတ်ဆင်းရဲမှုတရားများကို ဖယ်ရှားနိုင်သော သတိ, ပညာတရားမျိုး ဖြစ်ပေါ်ရန်မှာ သာမည ဒါန, သီလစသော လုပ်ငန်းမျိုးပြုလုပ်ရုံမျှဖြင့် ဖြစ်နိုင်သည်မဟုတ်၊ သမထ

http://www.dhammadownload.com



လုပ်ငန်း ဝိပဿနာလုပ်ငန်း ပြုလုပ်မှသာ ဖြစ်ပေါ်နိုင်သည်)၊ ထို့ကြောင့် 'သတိ,သမ္ပဇည'အစုံ၏ အခြားမဲ့၌ 'သမထ ဝိပဿနာ'အစုံကို ဟောကြားတော်မူရသည်။

(ထ) ဝီရိယ,သမာဓိ။ ။ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းမှုစသော အကျိုးတရားများကို ဒိဋ္ဌဓမ္မ ပေးစွမ်းနိုင်သော သမထ ဝိပဿနာ လုပ်ငန်းဖြစ်မြောက်ရန် အကြောင်းအမျိုးမျိုးရှိရာတွင် အနီးကပ်ဆုံး အကြောင်းကိုရှာသော် ကြိုးစားမှု'ပဂ္ဂါဟ', မပျံ့လွင့်မှု 'အဝိက္ခေပ'တို့သည် အနီးကပ်ဆုံး အကြောင်းဖြစ်ကုန်၏၊ (ဆိုလိုရင်းအဓိပ္ပါယ်မှာ သမထ,ဝိပဿနာ လုပ်ငန်းဟူသည် ကြိုးစားမှု'ဝီရိယ'လွန်က ဥဒ္ဓစ္စဖြစ်နေတတ်သည်၊ တည်ကြည်မှု 'သမာဓိ'လွန်က ထိနမိဒ္ဓဖြစ်နေတတ်သည်၊ ဝီရိယတည်းဟူသော ပဂ္ဂါဟ,သမာဓိတည်းဟူသော အဝိက္ခေပနှစ်ပါးကို ညီမျှစွာထားနိုင်မှသာ သမထ,ဝိပဿနာလမ်း အမှန်သို့ ရောက်နိုင်သည်၊ တခုခုလွန်နေက လမ်းမှားသို့ ရောက်သွားနိုင်သည်)၊ ထို့ကြောင့် 'သမထ,ဝိပဿနာ'အစုံ၏ အခြားမဲ့၌ 'ပဂ္ဂါဟ,အဝိက္ခေပ' အစုံကို ဟောကြားတော်မူရသည်။

စင်စစ်အားဖြင့် ဆိုခဲ့ပြီးသော ဖဿဘေဒစသော ၅၆-ပါးသောတရားတို့သည် ပဌမ မဟာကုသိုလ်စိတ်နှင့် တပြိုင်နက်ပင် ဖြစ်ကြသည်၊ ထိုသို့ခွဲခြားခြင်းငှါ နက်နဲလှသော အဘိဓမ္မာဒေသနာတော်မြတ်ကို ဤသို့ အကြောင်းအကျိုး ဆက်သွယ်၍ ပြနေရခြင်းဖြစ်သည်၊ ထိုပြင် အဋ္ဌကထာဆရာ၏ဉာဏ်ကို နည်းမှီး၍ အဘိဓမ္မာဉာဏ် ချင့်သန်ကြီးထွားရန် စူးစမ်းရှာဖွေ လေ့လာနည်းကို ပြခြင်းမျှသာ ဖြစ်ပါသည်။

(ဒ) ဤသို့အားဖြင့် မြတ်စွာဘုရားသည် မဟာကုသိုလ်ပဌမစိတ်၌ နည်းအားဖြင့် ၁၇-နည်း၊ အပြားအားဖြင့် ၅၆-ပါးသော တရားတို့ကို ဝေဖန်၍ပြတော်မူသည်၊ ယင်းသို့ ပြဆိုထားသော်လည်း ဤမဟာကုသိုလ် ပဌမစိတ်၌ ယှဉ်နိုင်သော ကြွင်းကျန်သောတရားများလည်း ရှိကြသေးသည်၊ ယင်းကြွင်းကျန်သောတရားများကိုလည်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ယှဉ်ကြပါဟု 'ယေဝါပန' သဒ္ဒါဖြင့် မိန့်မှာတော်မူသည်၊ 'ယေဝါပန' သဒ္ဒါကား အမှာစကားရပ် အကျဉ်းချုပ်ဖြစ်သည်၊ 'ယေဝါပန' သဒ္ဒါဖြင့် မှာထားသော စေတသိက်များကို အဋ္ဌကထာဆရာကြီးတို့က 'ယေဝါပနကစေတသိက်များ'ဟု ခေါ်ကြသည်။

ဤမဟာကုသိုလ် ပဌမစိတ်၌ အကျုံးဝင်သည့် ယေဝါပနက စေတသိက်များကား—

၁။ ဆန္ဒ
၂။ အဓိမောက္ခ
၃။ မနသိကာရ
၄။ တတြမဇ္ဈတ္တတာ
၅။ ကရုဏာ
၆။ မုဒိတာ
၇။ သမ္မာဝါစာ
၈။ သမ္မာကမ္မန္တ
၉။ သမ္မာအာဇီဝ-ပေါင်း ၉-ပါးဖြစ်သည်။

http://www.dhammadownload.com



ယင်း ယေဝါပနက စေတသိက် ၉-ပါးတို့တွင် ဝိရတီစေတသိက်သုံးပါးနှင့် အပ္ပမညာစေတသိက် နှစ်ပါးတို့သည် အမြဲမယှဉ်သော 'အနိယတ' စေတသိက်များ ဖြစ်ကြသည်၊ ယင်းစေတသိက် တို့ကို ယေဝါပနက စေတသိက်တို့၌ ထည့်သွင်းခြင်းမှာ ဉာဏ်ပညာနုသူတို့ပင် သိသာနိုင်ပေသည်။

ဆန္ဒစသော ကြွင်းသော စေတသိက်လေးပါးတို့သည် အမြဲယှဉ်သော 'နိယတ' စေတသိက်များ ဖြစ်ကြသည်၊ သို့ပါလျက် ယေဝါပနက စေတသိက်၌ ယင်းတို့ကို ထည့်သွင်းထားခြင်းအကြောင်း တို့ကို ပြည့်စုံစွာ လေ့လာသင့်လှသည်။

ယင်းစေတသိက်လေးပါးတို့တွင် ဆန္ဒစေတသိက်ကို ပို၍ပင် စဉ်းစားသင့်ပေသည်၊ အဘယ် ကြောင့်ဆိုသော် ထိုထိုပါဠိတော်တို့၌ အကုသိုလ်ဆန္ဒကို 'ကာမစ္ဆန္ဒ-ဆန္ဒရာဂ' စသောအားဖြင့်၎င်း ကုသိုလ်ဆန္ဒကို ဆန္ဒာဓိပတိ,ဆန္ဒိဒ္ဓိပါဒ်စသောအားဖြင့်၎င်း နေရာများစွာတို့၌ ဟောကြားတော် မူသည်၊ အထူးအားဖြင့် တေဘူမကကုသိုလ်ပြရာအပိုင်း ကာမာဝစရကုသိုလ်အခန်း, လောကုတ္တရာကုသိုလ်အခန်းတို့၌ပင် 'ဆန္ဒာဓိပတေယျ'ဟု အမည်အားဖြင့် ထင်ရှားစွာ ဖော်ပြထားသည်ကို သတိပြုအပ်လှသည်၊ ယင်းတို့ကို သေချာစွာ စိစစ်ပြနေပါက အဘိဓမ္မာကျမ်းကြီး ကကျမ်းမျှ ကျယ်ဝန်းသွားပေမည်၊ ဤနိဒါန်း၌ကား ဓမ္မသင်္ဂဏီကျမ်းကို လေးလေးနက်နက် လေ့လာသင် ကြားလိုသူတို့အတွက် လေ့လာပုံ လေ့လာနည်း အရိပ်အမြွက်မျှကိုသာ ဖော်ထုတ်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## မဟာကုသိုလ်စိတ်တခု ဖြစ်ပေါ်ရန် ခဲယဉ်းလှပုံ

ဤနေရာ၌ မဟာကုသိုလ်စိတ်တခု ဖြစ်ပေါ်လာခြင်း၏ အတိဒုလ္လဘ ခဲယဉ်းလှပုံကို ဥပမာ ဥပမေယျတို့ဖြင့် တန်းဆာဆင်၍ တင်ပြပါအံ့၊ ဤသို့ တင်ပြခြင်းအားဖြင့် ဤဓမ္မသင်္ဂဏီနိဒါန်းသည် အဘိဓမ္မာသုတေသီပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို ထက်မြက်ကြည်လင်စေမည့်အပြင် မြတ်ဗုဒ္ဓရှင်တော် ဘုရား၏ အနန္တဉာဏ်တော်ကို လှိုက်လှိုက်လှဲလှဲ ကြည်ညိုစေနိုင်မည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓဘုရားသည် မဟာကုသိုလ်စိတ်တခု ဖြစ်ပေါ်ရန် တပ်ပေါင်း ၁၇-တပ်တို့ဖြင့် ခြံရံ၍ ပြထားတော်မူသည်၊ အကုသိုလ်တပ်မတော်ကြီးကို တော်လှန်ဆင်နွှဲသောအခါ ဤတပ်မကြီး ၁၇-တပ်တို့ဖြင့် ချီတက်တိုက်ခိုက်ရပုံကို သတ္တဝါအများအား သိစေချင်သည်၊ အကုသိုလ်သူပုန် ကို တော်လှန်ရေးဆင်နွှဲရန် ခက်ခဲပုံကိုလည်း သိစေချင်သည်၊ အကုသိုလ်တပ်သားတို့သည် အုပ်ချုပ်ရေး၌ အလွန်လိမ္မာပါးနပ်လှသည်၊ နည်းပရိယာယ် ကြွယ်ဝလှသည်။ နည်းပရိယာယ် ကြွယ်ဝပုံကား—

(က) လောကီကာမဂုဏ်လိုက်စားသော ကမ္ဘာသူ ကမ္ဘာသားတို့သည် အကုသိုလ် လောဘတပ်သားများ၏ နည်းပရိယာယ်အတွင်း၌ သက်ဆင်းကြရသည်၊ အကုသိုလ် သူပုန်တို့သည် လောဘပြည်ထောင်စုကြီး အတွင်းမှာပင် ဒိဋ္ဌိပြည်နယ် မာနပြည်နယ်ဟု သီးခြားပြည်နယ်များ ဖန်တီးပြန်သည်၊ (လောဘမူစိတ်၌ ဒိဋ္ဌိနှင့် မာန အတူတကွ မယှဉ်သည်ကို သတိပြုပါ)။

(ခ) "လောဘသူပုန်တပ်သားတို့သည် အာဏာမက်သည်၊ ပစ္စည်းဥစ္စာမက်သည်၊ သစ္စာဖောက်သူများ ဖြစ်ကြသည်၊ သံသရာနယ်ချဲ့သမားတို့၏ အလိုတော်ရိများ ဖြစ်ကြ သည်" စသော ကြွေးကြော်သံအမျိုးမျိုးတို့ဖြင့် လောဘတပ်ကို တော်လှန်ကြသော

http://www.dhammadownload.com



ကမ္ဘာသူ ကမ္ဘာသားတို့အား အကုသိုလ်သူပုန်တို့သည် ဒေါသပြည်နယ်တခု တည်ထောင်၍ ဒေါသတပ်ဖြင့် တိုက်ခိုက်စေသည်၊ ဒေါသပြည်နယ် အတွင်းတွင်လည်း တကိုယ်ကောင်း ကိုယ်ကျိုးရှာသမား ဝန်တိုသူ မစ္ဆရိယတိုင်းသူပြည်သားနှင့် သူတပါး၏ စည်းစိမ်ဥစ္စာ အကျိုးဟူသမျှကို ဖျက်လိုဖျက်ဆီး မရှုစိမ့် မနာလိုသူ ဣဿာတိုင်းသူပြည်သားတို့အား သွေးခွဲစိမ်နစ်ဖြင့် အချင်းချင်း တိုက်ခိုက်စေ၍ ထက်ခြမ်းကွဲအောင် ဖန်တီးပေးထားသည်၊ (ဒေါသမူစိတ်၌ ဣဿာနှင့် မစ္ဆရိယ အတူတကွ မယှဉ်သည်ကို သတိပြုပါ)။

(ဂ) လောဘသူပုန်တပ်ကြီး, ဒေါသသူပုန်တပ်ကြီးတို့ဖြင့် စည်းရုံး၍ မရသည့်ပြင် မည်သည့် အယူဝါဒ မည်သည့်စံနစ်မျိုးကိုမှ ကောင်းသည် မကောင်းသည်ဟု မခွဲခြားနိုင်သော ကမ္ဘာသူ ကမ္ဘာသားတို့အားလည်း ဝိစိကိစ္ဆာပြည်နယ်တခု ဖန်တီးပေးထားလေသည်၊ (ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာစိတ်တခု၌သာ ယှဉ်သည်ကို သတိပြုပါ)။ အကျဉ်းချုပ်မှာ—

(၁) အကုသိုလ်အစိုးရသည် လောဘပြည်ထောင်စုနှင့် ဒေါသပြည်ထောင်စု နှစ်ခု ခွဲကာ အချင်းချင်း တိုက်ခိုက်စေသည်။

(၂) လောဘပြည်ထောင်စုအတွင်း၌လည်း ဒိဋ္ဌိအုပ်စု မာနအုပ်စု ခွဲကာ အချင်းချင်း တိုက်ခိုက်စေသည်။

(၃) ဒေါသပြည်ထောင်စု အတွင်း၌လည်း ဣဿာအုပ်စု မစ္ဆရိယအုပ်စု ခွဲကာ အချင်းချင်း တိုက်ခိုက်စေသည်။

(ဃ) မောဟသည် အကုသိုလ်အားလုံးနှင့် ဆက်ဆံရောနှောသည်ဟု ဆိုရသော်လည်း မောဟ၏အသင်းဝင်ဖြစ်သော ဝိစိကိစ္ဆာက မည်သည့် အကုသိုလ်အုပ်စုနှင့်မှ မဆက်ဆံပဲ တဦးတည်း ခွဲထွက်ကာ တိုက်ခိုက်နေသည်၊ ကမ္ဘာသူ ကမ္ဘာသားတို့သည် ဤမျှ နည်းပရိယာယ်များလှသော အကုသိုလ်သူပုန်၏ လက်အောက်မှ လုံးဝလွတ်မြောက်ရန် ခဲယဉ်းလေစွတကား၊ မြတ်စွာဘုရားမှတပါး အကုသိုလ်အစိုးရကို တော်လှန်ရေး ဆင်နွှဲခဲ့ကြကုန်သော ခေတ်အမျိုးမျိုးတို့၌ ကျော်ကြားခဲ့ကြကုန်သော တော်လှန်ရေး ခေါင်းဆောင်ကြီးတို့သည် အကုသိုလ်သူပုန်၏ နည်းပရိယာယ်အတွင်း၌ တနည်းမဟုတ် တနည်းဖြင့် မရှုမလှ ကျဆုံးခဲ့ကြရရှာသည်။

(င) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကား အကုသိုလ် သူပုန်ကို တော်လှန်ရန် အကုသိုလ်သူပုန်၏ သွေးခွဲစံနစ်ဖြင့် အုပ်စုဖွဲ့ကာ အချင်းချင်း တိုက်ခိုက်စေသော စစ်ဆင်ရေးနည်း ပရိယာယ်များကို ပြည့်စုံစွာသိအောင် လေ့လာတော်မူသည်၊ အကုသိုလ်သူပုန်၏ သူလျှိုများကို အကြွင်းအကျန်မရှိ သိအောင် လေ့လာတော်မူသည်၊ အကုသိုလ်သူပုန်အုပ်စိုးထားသော တိုင်းပြည်များကို တိတိကျကျ သိရှိရန် နယ်ပယ်နှင့်တကွ အသေးစိတ် လေ့လာတော်မူသည်၊ ထိုသို့ သိရှိပြီးသောအခါမှ တော်လှန်ရေး အောင်ပွဲကို ရရန် ကိုယ်တော်တိုင် ဆင်နွှဲတော်မူသည်၊ ကိုယ်တော်တိုင် ဆင်နွှဲခဲ့သော တော်လှန်ရေးလမ်းစဉ် အဆင့်ဆင့်ကို ဤမဟာသက်ဓာကျမ်း၌ ချပြတော်မူခဲ့သည်။

http://www.dhammadownload.com



တော်လှန်ရေးလမ်းစဉ် တိုက်ပွဲအဆင့်ဆင့်များကား—

(၁) ကာမာဝစရ တိုက်ပွဲ

(၂) ရူပါဝစရ တိုက်ပွဲ

(၃) အရူပါဝစရ တိုက်ပွဲ

(၄) လောကုတ္တရာ တိုက်ပွဲများ ဖြစ်ကြသည်။

(၁) **ကာမာဝစရတိုက်ပွဲစစ်ဆင်ရေးကို** သိလိုပါက ဤကာမာဝစရကုသိုလ် ပဋ္ဌမစိတ်နှင့် စေတသိက်တို့ဖြစ်ပေါ်လာပုံကို ပြဆိုသောအခန်းကို လေးလေးနက်နက် လေ့လာရပေမည်။

ဤအခန်းကို လေ့လာသောအခါ ရှေးဦးစွာ 'ဖဿပဉ္စမက' တပ်မ နှင့် 'ဈာန' တပ်မနှစ်ခုကို တွေ့နိုင်သည်၊ ဤတပ်မနှစ်ခု၌ ပါဝင်သောတပ်သားတို့ကို လေ့လာစိစစ်လျှင် ယင်းတို့သည် အကုသိုလ် သူပုန်လက်အောက်၌လည်း ပါဝင်အမှုထမ်းခဲ့သော တပ်သားတို့ဖြစ်ကြသည်ကို သင်္ဂြိုဟ် လေ့လာဘူးသူတိုင်း သိရှိနိုင်သည်၊ ယင်းတို့ကို အဘိဓမ္မာဆရာတို့က နှစ်ဘက်ရ စေတသိက် "အညသမာန"ဟု အမည်ပေးကြသည်။

ဤတပ်မ နှစ်ခုကို တွေ့ရသဖြင့် စစ်ဆင်ရေး နည်းပရိယာယ်၌ အတုမရှိ ထူးခြားတော်မူသော မြတ်စွာဘုရား၏ ဉာဏ်စွမ်းကို ကြည်ညိုလာမည်၊ အကုသိုလ်သောင်းကျန်းသူတို့ကား ရက်စက် ကြမ်းကြုတ်လှသည်၊ ပရိယာယ်မာယာ များလှသည်၊ သူလျှိုတွေကလည်း နေရာတကာမှာ ရှိနေသည်၊ ကင်းတွေကိုလည်း နေရာမလပ် အထပ်ထပ်ချထားသည်၊ ဤမျှ ခက်ခဲလှသော အကုသိုလ်တပ်မကို ထွင်းဖောက်ရန် အကုသိုလ်တပ်သားတို့နှင့် ခွဲခြားမရသော 'ဖဿပဉ္စမက' တပ်မနှင့် 'ဈာန' တပ်မကို သူလျှိုနည်းဖြင့် ချီတက်တိုက်ခိုက်စေသည်။

(က) 'ဖဿပဉ္စမက' တပ်သားတို့က ကုသိုလ်တပ်သားတို့ ဝင်လာနိုင်အောင် လိုက်လျောသည့် အခြေအနေကို ဖန်တီးပေးကြသည်။

(ခ) 'ဈာန' တပ်သားတို့က အကုသိုလ်နယ်ပယ်၌ နေရာရအောင် စူးစူးစိုက်စိုက် ရှာဖွေ ကြိုးစားကြသည်၊ အကုသိုလ်အဆောက်အဦးတို့ကို ရှို့မြှိုက်မီးတိုက်ဖျက်ဆီးကြသည်။

(ဂ) ထိုသို့ အကုသိုလ်တပ်သားတို့ကို ရှင်းလင်းပြီးသောအခါ အုပ်ချုပ်ရေးဆိုင်ရာ 'ဣန္ဒြိယ' တပ်သားတို့က ချီတက်၍ရရှိထားသော နယ်ပယ်များကို အစိုးတရ ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ် လေသည်။

(ဃ) ထိုသို့ အစိုးတရအုပ်ချုပ်ပြီးသောအခါ နည်းလမ်းပြ 'မဂ္ဂ'တပ်သားတို့က အုပ်ချုပ်ပုံ အကြံဉာဏ် နည်းမှန်လမ်းမှန်များကို ညွှန်ပြကာ စီမံခန့်ခွဲကြသည်။

(င) ထိုသို့ စီမံခန့်ခွဲပြီးသောအခါ 'ဗလ' တပ်သားတို့က ရောက်ရှိနေသောတပ်တို့ စိတ်ဓာတ် မကျဆင်းစေရန် အင်အား ဖြည့်တင်းပေးလေသည်။

(စ) ထိုသို့ အင်အားဖြည့်တင်းပြီးသောအခါ 'မူလ' (ဟိတ်တရား) တပ်သားတို့က အကုသိုလ် သူပုန်တို့ပြုခဲ့သော အကုသိုလ်အခြေခံ (အကုသလဟိတ်) များကို ဖျက်သိမ်း၍ ကုသိုလ်တော်လှန်ရေး၏ မူဝါဒအခြေခံများကို ထုတ်ပြန်ကြေငြာကြသည်။

(ဆ) ကုသိုလ်တော်လှန်ရေးအစိုးရ၏ အခြေခံများကို အကောင်အထည်ဖော်ရန် 'ကမ္မပထ' တပ်သားတို့က ဒါန,သီလ စသောလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးစားကြသည်။

http://www.dhammadownload.com



(င) ဒါန, သီလ လုပ်ငန်းများမှ ပေါက်ပွါးလာသည့် အကျိုးတရားတို့ကို မက်မောရှုံ၀င်လာမည့် အကုသိုလ်တရားတို့ကို လက်မခံနိုင်ရန် 'လောကပါလ' တပ်သားဟိရိနှင့် ဩတ္တပ္ပတို့က စောင့်ရှောက်ကြသည်။

(စ-ဆ) တပ်စွဲ၍နေကုန်သော ကုသိုလ်တော်လှန်ရေးတပ်သားတို့ စိတ်ဓာတ်မကျစေရန် 'ပဿဒ္ဓိ' စသောတပ်သားတို့က ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းရေး ဆေးဝါးကုသကြသည်။

(ဇ) တော်လှန်ရေးတပ်သားတို့ကျန်းမာရွှင်လန်း၍ ပျော်ပျော်ရွှင်ရွှင်ဘေးကင်းစွာ နေနိုင်အောင် အကုသိုလ်သူလျှိုတွေဝင်လာနိုင်သော တံခါးပေါက်တို့၌ 'သတိ,သမ္ပဇဉ' တပ်သားတို့က အစဉ်အမြဲ မမေ့မလျော့ပဲ စောင့်နေကြသည်။

(ဈ) အကုသိုလ်သူပုန်ကိုတိုက်သော တော်လှန်ရေးစစ်ပွဲသည် ဒါန, သီလစသော လက်နက်အသေးစားများရှိရုံဖြင့် စိတ်မချရ၊ အကုသိုလ် တပ်သားများကို သမထ,ဝိပဿနာ တပ်သားများက အမြစ်ပါမကျန် ချေမှုန်းနိုင်သောအနုမြူလက်နက်များဖြင့် ကြံစည်ကြိုးစားဖို့ခွင်းကြသည်။

(ည) ထိုအနုမြူလက်နက်များကို ပဂ္ဂဟ,အဝိက္ခေပ တပ်သားများက ရန်သူအကုသိုလ်စစ်စခန်းများသို့ တည့်တည့်မတ်မတ် ပစ်လွှတ်နိုင်အောင် ကြံစည်ကြိုးစားကြသည်။

ဤသို့သောနည်းအားဖြင့် ပဌမဆင့်တော်လှန်ရေး ကာမာဝစရတိုက်ပွဲ စစ်ဆင်ရေးကို လေ့လာပါက ဤဓမ္မသင်္ဂဏီကျမ်းတွင် ပဌမ မဟာကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ ဖြစ်ပေါ်လာပုံကို ပြသောအခန်းသည် အလွန်စိတ်ဝင်စားဖွယ်ရာဖြစ်လာသည်၊ ကုသိုလ်စိတ်တခု တည်မြဲအောင် အုပ်ချုပ်ထားရသော အလုပ်ကား သီလ, သမာဓိ, ပညာတို့ဖြင့် အထပ်ထပ် ခြံရံကာ စောင့်ရှောက် ထားရပါတကားဟု လေးလေးနက်နက် စဉ်းစားမိလာမည်၊ ကုသိုလ်စိတ်ကလေးတခု မိမိသန္တာန်၌ ဖြစ်ပေါ်နေရန်မှာ 'ဒုလ္လဘတရားတပါး ပါတကား'ဟု သိလာမည်၊ အဘိဓမ္မာသည် မြတ်စွာဘုရားတို့၏ အရာသာဖြစ်သည်ဟု ပြောဆိုကြသော စကား အဓိပ္ပါယ်သည် နက်နဲသည်ထက် နက်နဲ၍လာမည်။

ဤကား မြတ်စွာဘုရားတို့၏ အရာသာဖြစ်သော အဘိဓမ္မာသဘာဝများကို ပေါ်လွင်စေရန် စစ်ဆင်ရေးဥပမာတို့ဖြင့် တန်းဆာဆင်ပြီးလျှင် ကာမာဝစရ ပဌမဆင့်လှေခါးမှ ကြည်ညိုလှသော စိတ်ဖြင့် မှန်းဆ၍ ပူဇော်ရမည်သာဖြစ်ပါသတည်း။

## ၂-ရူပါဝစရကုသိုလ်

မြတ်စွာဘုရားသည် ကာမာဝစရကုသိုလ်စိတ်ကို ခွဲခြမ်းစိတ်ဖြာ၍ ပြတော်မူပြီးသည့် နောက်၌ ရူပါဝစရကုသိုလ်စိတ်ကို ပြတော်မူ၏၊ ထိုရူပါဝစရကုသိုလ်စိတ်ကိုလည်း—

၁။ ကသိုဏ်းဝန်းတို့ကို အာရုံပြု၍ ရသော (ကသိဏချာန်)

၂။ ကသိုဏ်းဝန်းအကျဉ်း, အကျယ်ကို လွှမ်းမိုး၍ ရသော (အဘိဘာယတနချာန်)

၃။ ရန်သူကိလေသာတို့မှ ကောင်းစွာ ကျွတ်လွတ်၍ ကသိုဏ်းဝန်းအာရုံ၌ ကောင်းစွာ မွေ့လျော်သော (ဝိမောက္ခချာန်)

၄။ ဗြဟ္မဝိဟာရလေးပါးကို ပွါးများ၍ ရသော (ဗြဟ္မဝိဟာရချာန်)

၅။ အသုဘဆယ်ပါးကို အာရုံပြု၍ ရသော(အသုဘချာန်)ဟူ၍ ငါးမျိုးခွဲ၍ ပြတော်မူ၏။

http://www.dhammadownload.com



(၁) ထိုငါးမျိုးတို့တွင် ကသိဏစျာန်ကိုလည်း—

(က) ပထဝီကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(ပထဝီ ကသိဏ)စျာန်

(ခ) အာပေါကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(အာပေါ ကသိဏ)စျာန်

(ဂ) တေဇောကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(တေဇော ကသိဏ)စျာန်

(ဃ) ဝါယောကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(ဝါယော ကသိဏ)စျာန်

(င) နီလကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(နီလ ကသိဏ)စျာန်

(စ) ပီတကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(ပီတ ကသိဏ)စျာန်

(ဆ) လောဟိတကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(လောဟိတ ကသိဏ)စျာန်

(ဇ) ဩဒါတကသိုဏ်းဝန်းကို အာရုံပြု၍ ရသော(ဩဒါတ ကသိဏ)စျာန်အားဖြင့် ရှစ်မျိုး ခွဲ၍ ပြတော်မူ၏၊

(အထူးမှတ်ရန်မှာ မဟာသကုလုဒါယီသုတ်၌ **ဝိညာဏကသိုဏ်း, အာကာသကသိုဏ်း**နှစ်ပါးကို ထည့်၍ ဆယ်ပါးပြတော်မူ၏၊ ဝိညာဏကသိုဏ်းသည် အရူပစျာန်၌ ပါဝင်နေ၍ ဤနေရာ၌ ပြတော်မမူ၊ **အာကာသ**ကသိုဏ်းကား ရူပစျာန်, အရူပစျာန် နှစ်မျိုးရောနေသဖြင့် ဤနေရာ၌ ပြတော်မမူ၊ အာလောကကသိုဏ်းမှာမူ ဩဒါတကသိုဏ်း၌ ပါဝင်ပြီးဖြစ်၍ သီးခြားပြတော် မမူချေ။)

ထိုရှစ်ပါးတို့တွင် ပထဝီကသိဏစျာန်ကိုလည်း—ဝိတက်, ဝိစာရစျာန်အင်္ဂါနှစ်ပါးကို တပြိုင်နက် လွန်သော(စတုက္ကနည်း)စျာန်လေးမျိုး၊ စျာန်အင်္ဂါငါးပါးတွင် တပါးစီလွန်သော(ပဉ္စကနည်း) စျာန်ငါးမျိုးဟူ၍ ၉-မျိုးခွဲ၍ ပြတော်မူ၏။

## ပဋိပဒါလေးပါးဖြင့် ဝေဖန်ဟောကြားပုံ

ထို ၉-မျိုးတို့တွင် တမျိုးတမျိုးကိုလည်း—ပဋိပဒါလေးပါးဖြင့် အောက်ပါအတိုင်း ဝေဖန် ဟောကြားတော်မူသည်။

(က) ဆင်းရဲစွာ ကျင့်ရပြီးလျှင် နှံ့နှေးသော ဘာဝနာဉာဏ်ရှိသော 'ဒုက္ခပဋိပဒါဒန္ဓာဘိညစျာန်'။

(ခ) ဆင်းရဲစွာကျင့်ရသော်လည်း လျှင်မြန်သော ဘာဝနာဉာဏ်ရှိသော 'ဒုက္ခပဋိပဒါခိပ္ပါဘိညစျာန်'။

(ဂ) ချမ်းသာစွာ ကျင့်ရသော်လည်း နှံ့နှေးသော ဘာဝနာဉာဏ်ရှိသော 'သုခပဋိပဒါဒန္ဓာဘိညစျာန်'။

(ဃ) ချမ်းသာစွာ ကျင့်ရပြီးလျှင် လျှင်မြန်သော ဘာဝနာဉာဏ်ရှိသော 'သုခပဋိပဒါခိပ္ပါဘိညစျာန်'ဟူ၍ အကျင့်(ပဋိပဒါ)သက်သက်အားဖြင့် လေးမျိုးခွဲ၍ ပြတော်မူပြန်သည်။

http://www.dhammadownload.com



### အာရုံလေးပါးတို့ဖြင့် ဝေဖန်ဟောကြားပုံ

တဖန် အာရုံလေးပါးတို့ဖြင့် အောက်ပါအတိုင်း ဟောတော်မူသည်။

(က) လေ့လာမှုအားနည်း၍ ကျဉ်းသောကသိုဏ်းဝန်းအာရုံရှိသော 'ပရိတ္တ ပရိတ္တာရမ္မဏ ဈာန်'။

(ခ) လေ့လာမှုအားနည်း၍ ကျယ်သောကသိုဏ်းဝန်းအာရုံရှိသော ' ပရိတ္တ အပ္ပမာဏာ-ရမ္မဏဈာန်'။

(ဂ) လေ့လာမှုအားကြီး၍ ကျဉ်းသောကသိုဏ်းဝန်းအာရုံရှိသော 'အပ္ပမာဏ ပရိတ္တာ-ရမ္မဏဈာန်'။

(ဃ) လေ့လာမှုအားကြီး၍ ကျယ်သောကသိုဏ်းဝန်းအာရုံရှိသော 'အပ္ပမာဏ အပ္ပမာဏာ ရမ္မဏဈာန်'ဟူ၍ အာရုံသက်သက်အားဖြင့် လေးမျိုးခွဲ၍ ပြတော်မူပြန်သည်။

### ပဋိပဒါလေးပါးနှင့် အာရုံလေးပါးတို့ကို ရောနှော၍ ၁၆-ပါးနည်းဖြင့် ဟောကြားသည့် သောဠသက္ခတ္တုကနည်း

တဖန်—

အကျင့်(ပဋိပဒါ)လေးပါးတို့တွင် တပါးတပါး၌ အာရုံလေးပါးစီ ထည့်၍ ၁၆-မျိုး 'သောဠ-သက္ခတ္တုကနည်း'ခွဲ၍ ဟောတော်မူပြန်သည်။

လုပ်ငန်းစဉ်အားဖြင့် ဈာန်ကိုရအောင် ကြိုးစားကြသော ယောဂီပုဂ္ဂိုလ်တို့သည် အကျင့် သက်သက်ဖြင့်လည်း ကြိုးစား၍ မရပါ၊ အာရုံသက်သက်ဖြင့်လည်း ကြိုးစား၍ မရပါ၊ အာရုံပဋိ ပဒါနှစ်မျိုးစုံဖြင့် ကြိုးစားမှ ရနိုင်သည်ဟု သိစေတော်မူလို၍ ဤသောဠသက္ခတ္တုကနည်းကို ဟောတော်မူခြင်းဖြစ်သည်။

### ၂-အဘိဘာယတနဈာန် ဂ-မျိုး

အဘိဘာယတနဈာန်ကိုလည်း—

(က) ကျဉ်းသောကသိုဏ်းဝန်းအာရုံကို လွှမ်းမိုး၍ရသောဈာန်(ပရိတ္တာရူပ)။

(ခ) ကျဉ်းသော ကောင်းသော ကသိုဏ်းဝန်းအဆင်းအာရုံ့ မကောင်းသောကသိုဏ်းဝန်း အဆင်းအာရုံတို့ကို လွှမ်းမိုး၍ ရသောဈာန်(ပရိတ္တာသုဝဏ္ဏဒုဗ္ဗဏ္ဏရူပ)။

(ဂ) ကျယ်သောကသိုဏ်းဝန်းအာရုံကို လွှမ်းမိုး၍ ရသောဈာန်(အပ္ပမာဏရူပ)။

(ဃ) ကျယ်သော ကောင်းသော ကသိုဏ်းဝန်းအဆင်းအာရုံ့ မကောင်းသောကသိုဏ်းဝန်း အဆင်းအာရုံတို့ကို လွှမ်းမိုး၍ ရသောဈာန်(အပ္ပမာဏသုဝဏ္ဏဒုဗ္ဗဏ္ဏရူပ)။

(င) နီလ၊(စ)ပီတ၊ (ဆ) လောဟိတ၊ (ဇ) ဩဒါတ ကသိုဏ်းလေးပါးတို့ကို လွှမ်းမိုး၍ ရသော ဈာန်အားဖြင့် ရှစ်မျိုးခွဲခြား၍ ပြတော်မူပြန်သည်။

http://www.dhammadownload.com



ထိုရှစ်ပါးတို့တွင် တမျိုး တမျိုး၌ ပဌမဈာန် စသော ဈာန်လေးပါး (စတုက္ကနည်း)၊ ဈာန် ငါးပါး(ပဉ္စကနည်း)အားဖြင့် ၉-မျိုးခွဲခြား၍ ဟောတော်မူပြန်သည်။

ထို ၉-မျိုးတို့တွင် တမျိုးတမျိုးကိုလည်း ပဌမ အဘိဘာယတနဈာန်မှ စတုတ္ထအဘိဘာယ-တနဈာန်အထိ လေးပါးတို့၌ အကျင့်ပဋိပဒါ်သက်သက် လေးပါးနည်း၊ အာရုံသက်သက် နှစ်ပါး နည်း၊ အကျင့်,အာရုံရောသော ရှစ်ပါးနည်း 'အဋ္ဌကမ္မတ္တိက' အားဖြင့် ခွဲခြား၍ ဟောတော်မူပြန် သည်၊ (အမှန်အားဖြင့် ဤအဘိဘာယတန လေးပါး ပြဆိုသော အခန်းကို လေ့လာစိစစ်လျှင် ပဋိပဒါလေးပါးနှင့် အာရုံလေးပါးစုံသည်ကို တွေ့ရမည် ဖြစ်သည်၊ သို့သော် အာရုံ လေးပါးကို နှစ်ပါးစီခွဲ၍ ရှစ်ပါးနည်း'အဋ္ဌကမ္မတ္တိက'ဒေသနာကို ဟောတော်မူသည်)။

ကြွင်းသော နီလ ပီတစသော အဘိဘာယတနလေးပါးတို့၌ကား ကသိဏဈာန်နှင့်နည်းတူ 'သောဠသကမ္မတ္တိက'ဒေသနာကိုပင် ဟောတော်မူသည်။

ဤအဘိဘာယတနဈာန်ကား ဟောနည်းရှုပ်ထွေးရုံမက အဓိပ္ပါယ်လည်း အသိခက်လှသည်၊ အဘိဘာယတနဈာန်ကို 'အာရုံကို လွှမ်းမိုး၍ရသောဈာန်'ဟု သဒ္ဒါနည်းအားဖြင့် အနက် ပြန်ဆို ကြသည်၊ လွှမ်းမိုးပုံကိုလည်း အစာကြေလွယ်သောသူသည် အနည်းငယ်မျှသောထမင်းကို ရသော် တလုတ်တည်းဖြင့် ကုန်အောင်စားဘိသကဲ့သို့ ကသိုဏ်းဝန်းအာရုံကျဉ်းသော် ထိုအာရုံကို လွှမ်းမိုး၍ ဈာန်ဝင်စားနိုင်၏ဟူ၍၎င်း၊ အစားကြူးသောသူသည် ထမင်းတပန်းကန်ကို ရသော်လည်း များ သည်မထင်၊ နောက်တပန်းကန်ပေးသော်လည်း ကုန်အောင်စားနိုင်ဘိသကဲ့သို့ ကသိုဏ်းဝန်းအာရုံ ကျယ်သော် ထိုအာရုံကိုလည်း လွှမ်းမိုး၍ ဈာန်ဝင်စားနိုင်၏ဟူ၍၎င်း ဥပမာတို့ဖြင့် ဖွင့်ဆိုကြ ပေသည်။

အချုပ်အားဖြင့် အဘိဘာယတနဈာန်ဟူသည် ဉာဏ်အလွန်ထက်မြက်သော ပုဂ္ဂိုလ်တို့အား ကသိုဏ်းနိမိတ်ထင်သည်နှင့် တပြိုင်နက် တမုဟုတ်ချင်းရသော ဈာန်မျိုးပင်ဖြစ်ပါသည်။

## ၁-ဝိမောက္ခဈာန်

ကိလေသာရန်သူတို့မှ ကောင်းစွာကျွတ်လွတ်၍ ကသိုဏ်းဝန်းအာရုံ၌ ကောင်းစွာ မွေ့လျော် သော ဝိမောက္ခဈာန်ကိုလည်း—

(က) ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနလုံး၌ရှိသော ကသိုဏ်းဝန်းတို့ကို အာရုံပြု၍ရသောဈာန် (ရူပီ ရူပါနိ ပဿတိ)။

(ခ) ကိုယ်ပ၌ရှိသောကသိုဏ်းဝန်းတို့ကိုသာ အာရုံပြု၍ရသောဈာန်(ဗဟိဒ္ဓါ ရူပါနိ ပဿတိ)။

(ဂ) အလွန်စင်ကြယ်တောက်ပသော ဝဏ္ဏကသိုဏ်းတို့ကို အာရုံပြု၍ရသောဈာန်ဟူ၍ သုံး မျိုးခွဲခြား၍ ပြတော်မူသည် (သုဘ) ။

ဤဝိမောက္ခဈာန်သုံးမျိုး၌လည်း ဆိုခဲ့ပြီးသော ကသိဏဈာန်၌ကဲ့သို့ အာရုံနှင့် ပဋိပဒါနှစ်မျိုး ရောနှောမြောက်ပွါးသော ၁၆-ပါးနည်း 'သောဠသကမ္မတ္တိက' ဒေသနာပင်ဖြစ်ပါသည်။

ဤ ဝိမောက္ခဈာန်၌ ဝိမောက္ခသဒ္ဒါကို "ရန်သူ ကိလေသာတို့မှ ကောင်းစွာ ကျွတ်လွတ်၍ ကသိုဏ်းဝန်းအာရုံတို့၌ ကောင်းစွာ ပျော်မွေ့သောဈာန်"ဟု အနက်ပြန်ဆိုကြသည်၊ ဤသို့ ပြန်ဆို သော် အခြားသောဈာန်တို့သည်လည်း ကိလေသာတို့မှ ကျွတ်လွတ်သောဈာန်တို့ပင် ဖြစ်သည်ကို

http://www.dhammadownload.com



စဉ်းစားမိလာမည်၊ ထိုမှတဆင့်တက်၍ အခြားသော ဈာန်တို့သည်လည်း အာရုံကို လွှမ်းမိုး၍ ရသောဈာန်တို့ပင်ဖြစ်သည်ဟု 'အဘိဘာယတန' ဈာန်ကိုပါ စဉ်းစားမိလာမည်။

အမှန်စင်စစ်အားဖြင့် ကသိဏဈာန်ဟူသော အမည်၊ အဘိဘာယတနဈာန်ဟူသော အမည်၊ ဝိမောက္ခဈာန်ဟူသော အမည်တို့သည် ရူပါဝစရဈာန်တခုတည်း၏အမည်တို့သာ ဖြစ်ကြပါသည်၊ ဤသို့ အမည်ကွဲပြားရခြင်းမှာ ဖြစ်ပေါ်ပုံ အခြင်းအရာ, အာရုံ, သတ္တိတို့ကို စွဲ၍ ကွဲပြားရခြင်း ဖြစ်သည်။ အကြွင်းမဲ့ အလုံးစုံ ပျံ့နှံ့ ပြည့်ဝသော အဝန်းအဝိုင်း ကသိုဏ်းအာရုံတို့ကိုစွဲ၍ ဖြစ်သည့် အနက်သဘောအားဖြင့် 'ကသိဏဈာန်'၊ လွှမ်းမိုးနိုင်သော၊ ဝါ-တမုဟုတ်ချင်း ဈာန်ရနိုင်သော ဘာဝနာအထူးကိုစွဲ၍ လွှမ်းမိုးသော အနက်အားဖြင့် 'အဘိဘာယတနဈာန်'၊ ကိလေသာတို့မှ ကျွတ်လွတ်ပုံမှာ အခြားဈာန်တို့ထက် ထူးကဲသည်ကိုစွဲ၍ ကျွတ်လွတ်သောအနက်သဘောအားဖြင့် 'ဝိမောက္ခဈာန်'ဟု ခွဲခြား၍ ဟောတော်မူရပါသည်။

ဤအဘိဘာယတနဈာန်နှင့် ဝိမောက္ခဈာန်တို့၏ အဓိပ္ပါယ်အပြည့်အစုံကိုကား—

၁။ ဒီဃနိကာယ် သုတ်ပါထေယျပါဠိစာမျက်နှာ .... ၂၁၅
၂။ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိ .... ၂၀၅
၃။ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်ပါဠိ .... ၂၁၅၊ ၎င်းနိကာယ်သုံးရပ် အပြင် အခြားသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့်တကွ ကျယ်ဝန်းစွာတင်ပြပါမှ ပြည့်စုံပေလိမ့်မည်၊ ဤနေရာ၌ကား အဘိဓမ္မာရတနာသိုက်ကြီးကို တူးဖော်ရန် နိဒါန်းပျိုးခြင်းမျှသာဖြစ်ပါသတည်း။

## ဗြဟ္မဝိဟာရဈာန် ၄-ပါး

၄ ဗြဟ္မဝိဟာရဈာန်၊ ၅-အသုဘဈာန်တို့၌လည်း ၁၆-ပါးနည်း(သောဠသက္ခတ္တုက)ဒေသနာပင် ဖြစ်ပါသည်။

## ရူပါဝစရကုသိုလ်စိတ်ကို 'ဈာန်'ဟု ခေါ်ရပုံ

ရူပါဝစရကုသိုလ် ပဌမဈာန်စိတ် ဖြစ်ပေါ်လာပုံအခန်းကို လေ့လာစိစစ်လျှင် ပဌမ မဟာကုသိုလ်စိတ်၌ ဟောတော်မူခဲ့သော ဖဿပဉ္စမကစသောနည်း ၁၇-နည်း၊ အမြဲယှဉ်သော စေတသိက် ၅၆-ပါးသော တရားတို့ကိုပင် တွေ့ရမည်ဖြစ်သည်၊ သို့သော် အာရုံ ကွဲပြားသည်၊ ပဌမ မဟာကုသိုလ်စိတ်၌ အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ဖြစ်ပေါ်ပုံကို ပြခဲ့သည်၊ ဤရူပါဝစရကုသိုလ် ပဌမဈာန်စိတ်၌ကား ပထဝီကသိုဏ်းဝန်းစသောပညတ်တရားတို့ကိုသာ အာရုံပြု၍ ဖြစ်ပေါ်လာပုံကို ပြထားသည်။

ထို့ပြင် ဤရူပါဝစရကုသိုလ်ပဌမဈာန်စိတ်၌ ဖဿဘေဒစသော ၅၆-ပါးသော တရားအားလုံးတို့ အမြဲယှဉ်ကြပါလျက် 'ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ'တို့နှင့် ယှဉ်သည်ကိုသာ ဦးစားပေး၍ ပြထားသည်ကို အံ့ဩစွာတွေ့မြင်ကြရသည်၊ ဤသို့တွေ့မြင်ရသဖြင့် ပဌမဈာန်ရရေး၌ ဣန္ဒြေ,မဂ္ဂင်,ဗိုလ်စသောတရားတို့ထက် ဤတရားငါးပါးတို့က ခေါင်းဆောင်အဖြစ်ဖြင့် ပါဝင်ရပုံကို သတိပြုမိလာသည်။ ဈာန်လုပ်ငန်းကို လေ့လာကြည့်လျှင် ဤတရားငါးပါးတို့ ခေါင်းဆောင်ဖြစ်ရပုံမှာလည်း ပေါ်လွင်လာပေမည်။

http://www.dhammadownload.com



(က) ဈာန်လုပ်ငန်းဟူသည် ပထဝီကသိုဏ်းဝန်းစသောအာရုံတခုခု၌ စူးစိုက်ကြည့်ရှုလေ့လာပွါးများနေသောလုပ်ငန်းပင်ဖြစ်သည်၊ ယင်းသို့ ကသိုဏ်းဝန်းကို ကြည့်ရှုလေ့လာရာ၌ ပြေးသွားနေသော စိတ်ကို ကသိုဏ်းဝန်းအာရုံပေါ် သို့ မရောက် ရောက်အောင် တင်ပေးရမည့်ကိစ္စသည် ပဌမအရေးအကြီးဆုံးကိစ္စဖြစ်သည်၊ ယင်းကိစ္စကို ဆောင်ရွက်နိုင်သောတရားကား 'ဝိတက်' ဖြစ်သည်၊ ထို့ကြောင့် 'ဝိတက်' ကို ဈာန်လုပ်ငန်း၌ ခေါင်းဆောင်တရားတပါးအဖြစ်ဖြင့် ဟောတော်မူသည်။

(ခ) ကသိုဏ်းဝန်းသို့ရောက်နေသောစိတ်ကို အခြားအာရုံသို့ ပြေးမသွားစေပဲ အာရုံကို ထပ်တလဲလဲ သုံးသပ်နေမှုကိစ္စသည် ဒုတိယအရေးအကြီးဆုံးကိစ္စဖြစ်သည်၊ ယင်းကိစ္စကို ဆောင်ရွက်နိုင်သော တရားကား 'ဝိစာရ' ဖြစ်သည်၊ ထို့ကြောင့် ဝိတက်၏အခြားမဲ့၌ 'ဝိစာရ' ကို ဟောတော်မူသည်။

(ဂ) ကသိုဏ်းဝန်းသို့ရောက်နေသောစိတ်သည် ယင်းအာရုံ၌ စိတ်ပျက်ငြီးငွေ့မှုမရှိပဲ နှစ်သိမ့်နေမှသာလျှင် 'ဝိစာရ' က ကြာရှည်စွာ သုံးသပ်နေနိုင်မည်၊ နှစ်သိမ့်မှုမရှိက ထိုအာရုံမှ ပြောင်းရွှေ့သွားမည်၊ ယင်းကိစ္စကို 'ပီတိ' က ဆောင်ရွက်နိုင်သည်၊ ထို့ကြောင့် 'ဝိစာရ'၏ အခြားမဲ့၌ 'ပီတိ' ကို ဟောတော်မူသည်။

(ဃ) ယင်းသို့ ကြည့်ရှုပွါးများနေသော ကသိုဏ်းဝန်းအာရုံကို နှစ်သိမ့်နေမှသာလျှင် ဤသို့နေရခြင်းသည် ချမ်းသာစွတကားဟု ချမ်းသာမှုဖြစ်လာမည်၊ ယင်းကိစ္စကို 'သုခ' က ဆောင်ရွက်နိုင်သည်၊ ထို့ကြောင့် 'ပီတိ'၏ အခြားမဲ့၌ 'သုခ' ကို ဟောတော်မူရသည်။

(င) ယင်းသို့ ကသိုဏ်းဝန်းအာရုံ၌ ချမ်းသာတွေ့နေမှသာလျှင် စိတ်သည် အခြားအာရုံသို့ မပြေးသွားတော့ပဲ တည်ငြိမ်မှုဖြစ်လာမည်၊ ယင်းကိစ္စကို 'သမာဓိ' က ဆောင်ရွက်နိုင်သည်၊ ထို့ကြောင့် 'သုခ'၏ အခြားမဲ့၌ 'ဧကဂ္ဂတာ' ကို ဟောတော်မူရသည်၊ ဤသို့ဈာန်လုပ်ငန်း၏ အာရုံသို့ ကပ်၍ရှုတတ်သော သဘောတရားများကို လေ့လာကြည့်သော် ၅၆-ပါးသော တရားတို့တွင် ဤတရားငါးပါးကိုသာ ဈာန်ဟုခေါ် ရပုံမှာ ပေါ် လွင်လာသည်။

ဤသို့ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးတို့သည် အာရုံကို စူးစူးစိုက်စိုက်ရှုခြင်းဟူသော ဥပနိဇ္ဈာနကိစ္စကို ဆောင်ရွက်ကြသည်၊ ဘာဝနာ၏အာရုံ၌ စိတ်ကို နှစ်နှစ်ခြိုက်ခြိုက် အမြစ်စိုက်၍ နေအောင် ဆောင်ရွက်စီမံကြသော တရားစုဖြစ်ကြသည်၊ ထို့ကြောင့်ပင် ဤငါးပါးသော တရားတို့ကို ဈာန်ဟုခေါ် ရလေသည်။

ထို့ပြင် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတို့သည် ဈာန်ကုသိုလ်တရားတို့၏ ဆန့်ကျင်ဘက်ရန်သူဖြစ်သော နီဝရဏတို့ကို လောင်ကျွမ်းရှို့မြှိုက်ပယ်ရှားသည့် ဈာပနကိစ္စကိုလည်း ဆောင်ရွက်ကြပြန်သည်။ ဤသို့ ဆန့်ကျင်ဘက်ရန်သူတို့၏ အနှောင့်အရှက်တို့ကို သုတ်သင်ပယ်ခွင်းနိုင်မှသာလျှင် ဘာဝနာ၏အာရုံ၌ စိတ်ကိုငြိမ်သက်စွာ ထားနိုင်ပေမည်။ ဝိတက်စသည့် ဈာန်အင်္ဂါငါးပါးတို့သည် ဆန့်ကျင်ဘက်ရန်သူ နီဝရဏတို့ကို အောက်ပါအတိုင်း ရှို့မြှိုက်ပယ်ရှားကြသည်။

ဝိတက်သည် ထိန မိဒ္ဓ နီဝရဏကို လောင်ကျွမ်းပယ်ရှားသည်၊ ဝိတက်၏ ဆန့်ကျင်ဘက်ရန်သူသည် ထိန မိဒ္ဓ နီဝရဏပင်ဖြစ်သည်၊ ထိနမိဒ္ဓသည် ထိုင်းမှိုင်းလေးလံ ငိုက်မျဉ်းဆုတ်နစ်သော သဘောတရားဖြစ်သည်။ အကြံအစည်ကင်းမဲ့သူ လူပျင်းလူထိုင်းများနှင့် တူ၏၊ ဝိတက်ကား သမ္ပယုတ်တရားတို့ကို အာရုံတခုခုသို့ ရောက်၍နေအောင် မနားမနေ တင်ပေးတတ်သော သဘော

http://www.dhammadownload.com



တရားဖြစ်သည်၊ အကြံအစည် အလေ့အကျင့်များသူနှင့် တူ၏၊ ထို့ကြောင့် ထိနမိဒ္ဓနှင့်ဝိတက်သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သဖြင့် ဝိတက်စျာနင်္ဂက ထိနမိဒ္ဓ နီဝရဏကို စိတ်ဝီထိအစဉ်သို့ မဝင်လာနိုင်အောင် ရှီမြှိုက်ပယ်ရှားလေသည်၊ ဘာဝနာ၏အာရုံသို့ စိတ်ကို အတွင်မောင်းနှင်ရိုက်စိုင်းပေးနေသော ဝိတက်သည် ပျင်းရိလိမ်လစ် ဆုတ်နစ်ထိုင်းမှိုင်းစေတတ်သော ထိန မိဒ္ဓကို အတင်းသတ်ဖြတ် ရှီမြှိုက်လေသည်။

ဝိစာရသည် ဝိစိကိစ္ဆာနီဝရဏကို လောင်ကျွမ်းပယ်ရှားသည်၊ ဝိစာရ၏ဆန့်ကျင်ဘက်ရန်သူသည် ဝိစိကိစ္ဆာနီဝရဏပင်ဖြစ်သည်၊ ဝိစိကိစ္ဆာသည် အာရုံတခု၌ ကောင်းစွာမတည်နိုင် မဆုံးဖြတ်နိုင်ပဲ ယုံမှားသံသယ စိတ်နှစ်ခွဖြစ်စေသော သဘောတည်း၊ ထို့ကြောင့် ဝိတက်၏တင်ပေးမှုကြောင့် အာရုံပေါ် သို့ တက်ရောက်နေသောစိတ်ကို ဝိစိကိစ္ဆာနှောင့်ယှက်သဖြင့် ထိုအာရုံမှဆုတ်နစ်ရပေမည်၊ ဝိစာရမှာမူကား သမ္ပယုတ်တရားတို့ကို ရောက်ပြီးရာအာရုံမှ မခွါထွက်နိုင်အောင် ထိုအာရုံကို ထပ်တလဲလဲ စုံမြဲစွာ သုံးသပ်ခြင်းပေတည်း၊ ထို့ကြောင့် ဝိစိကိစ္ဆာနှင့်ဝိစာရတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သဖြင့် ဝိစာရစျာနင်္ဂက ဝိစိကိစ္ဆာနီဝရဏကို စိတ်ဝီထိအစဉ်သို့ မဝင်လာနိုင်အောင် ရှီမြှိုက်ပယ်ခွါရလေသည်၊ အဖန်ဖန်သုံးသပ်ခြင်းကိစ္စကို ပြုခြင်းဖြင့် ဘာဝနာမှု၌ အဆင့်ဆင့်ကြည်လင်အောင် ဆောင်ရွက်သော ဝိစာရသည် စိတ်ကိုနှစ်ခွပြု၍ နောက်ကျုမှေးမှိန်စေတတ်သော ဝိစိကိစ္ဆာကို အတင်းသတ်ဖြတ် ရှီမြှိုက်လေသည်။

ပီတိသည် ဗျာပါဒနီဝရဏကို လောင်ကျွမ်းပယ်ရှားသည်၊ ပီတိ၏ဆန့်ကျင်ဘက် ရန်သူသည် ဗျာပါဒနီဝရဏပင်ဖြစ်သည်၊ ဗျာပါဒသည် တရားကိုယ်အားဖြင့် ဒေါသပင်ဖြစ်သဖြင့် ခက်ထန်ကြမ်းတမ်း၍ အာရုံကို မနှစ်သက်နိုင်သော သဘောတည်း၊ ထို့ကြောင့် ဝိစာရက အထပ်ထပ်သုံးသပ်နေသော်လည်း ဗျာပါဒနှောင့်ယှက်၍ အာရုံကိုမနှစ်သက်လျှင် ကြာရှည်စွာသုံးသပ်ချင်မည်မဟုတ်ချေ၊ ပီတိကား အာရုံကို နှစ်နှစ်ခြိုက်ခြိုက် နှစ်သက်တတ်သော သဘောတည်း၊ ထို့ကြောင့် ဗျာပါဒနှင့်ပီတိသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သဖြင့် ပီတိစျာနင်္ဂက ဗျာပါဒနီဝရဏကို စိတ်ဝီထိအစဉ်သို့ မဝင်လာနိုင်အောင် ရှီမြှိုက်ပယ်ရှားရလေသည်၊ စိတ်ကိုရွှမ်းစိုရှင်လန်းအောင် ဖျော်ဖြေနိုင်သော ပီတိသည် စိတ်ကိုငြိုးငွေ့ခြောက်သွေ့အောင် ပြုတတ်သော ဗျာပါဒကို အတင်းသတ်ဖြတ် ရှီမြှိုက်လေသည်။

သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကို လောင်ကျွမ်းပယ်ရှားသည်၊ သုခ၏ဆန့်ကျင်ဘက်ရန်သူသည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏပင်ဖြစ်သည်၊ ဥဒ္ဓစ္စသည် မငြိမ်မသက် တုန်လှုပ်လွင့်ပါးခြင်းသဘောဖြစ်၍ ကုက္ကုစ္စမှာ နောင်တတတဖန် ပူပန်ခြင်းသဘောတည်း၊ ထို့ကြောင့် ဘာဝနာ၏အာရုံ၌ စိတ်အစဉ်က နှစ်သက်အားရ ပီတိကျနေသော်လည်း သာယာဖွယ်အရသာမပေါ် လျှင် ငြိမ်သက်အေးချမ်းစွာ တည်နေနိုင်မည်မဟုတ်ချေ၊ ဥဒ္ဓစ္စကုက္ကုစ္စနှောင့်ယှက်မှုကြောင့် မငြိမ်မသက်ပူပန်၍ အမြန်ပင်အာရုံမှ ခွါထွက်ခဲ့ရပေမည်၊ သုခမှာမူကား အာရုံ၏အရသာကို ခံစားလျက် ငြိမ်သက်မြေခြင်းသဘောပေတည်း၊ ထို့ကြောင့် ဥဒ္ဓစ္စကုက္ကုစ္စနှင့် သုခတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သဖြင့် သုခစျာနင်္ဂက ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ရှီမြှိုက်ပယ်ရှားလေသည်၊ ငြိမ်းချမ်းသာယာခြင်းကို ပြုတတ်သောသုခသည် မငြိမ်မသက် မအေးမချမ်း ပူပန်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို အတင်းသတ်ဖြတ် ရှီမြှိုက်လေသည်။

http://www.dhammadownload.com



သမာဓိသည် ကာမစ္ဆန္ဒနီဝရဏကို လောင်ကျွမ်းပယ်ရှားသည်၊ သမာဓိ၏ဆန့်ကျင်ဘက်ရန်သူသည် ကာမစ္ဆန္ဒနီဝရဏပင်ဖြစ်သည်၊ ကာမစ္ဆန္ဒသည် ကာမဂုဏ်ကို နှစ်သက်တတ်သော လောဘတဏှာပင်ဖြစ်သည်၊ နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်နောက်သို့ လိုက်စား၍ စိတ်ဓာတ်ကို ထကြွလှုပ်ရှားစေသော သဘောတည်း၊ ကာမစ္ဆန္ဒနီဝရဏက နှောင့်ယှက်လျှင် စိတ်ဓာတ်ချောက်ချားတုန်လှုပ်သဖြင့် ကသိုဏ်းအာရုံမှ စိတ်အစဉ်ခွါထွက်ခဲ့ရပေမည်၊ သမာဓိဟုခေါ်သော ဧကဂ္ဂတာ မှုကား အာရုံ၌ မြဲမြံစွာတည်သော သဘောပေတည်း၊ ကာမစ္ဆန္ဒနီဝရဏနှင့် ဧကဂ္ဂတာသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သဖြင့် ဧကဂ္ဂတာစျာနင်က ကာမစ္ဆန္ဒနီဝရဏကို စိတ်ဝီထိအစဉ်မှာ မပါဝင်နိုင်အောင် ရှို့မြှိုက်ပယ်ရှားလေသည်၊ စိတ်ကို အာရုံ၌ အတင်းမြဲမြံစွာ စိုက်ထားသော ဧကဂ္ဂတာသည် ထကြွလှုပ်ရှား ချောက်ချားတတ်သော ကာမစ္ဆန္ဒကို အတင်းသတ်ဖြတ် ရှို့မြှိုက်လေသည်။

### ပဥ္စကနည်း

### စိတ်ယှဉ် စေတသိက်ယှဉ်

(က) ပဌမစျာန်၌ မဟာကုသိုလ် ပဌမစိတ်၌ကဲ့သို့ ဖဿစသော ၃၆-ပါးသော တရားအားလုံးပင် ယှဉ်ကြသည်ကို တွေ့ရသည်။

(ခ) ဒုတိယစျာန်၌ ပဌမစျာန်၌ ခေါင်းဆောင်ဖြစ်ခဲ့သော ဝိတက် မယှဉ်သည်ကို တွေ့ရမည်၊ ပဌမစျာန်မရမီက ကသိုဏ်းအာရုံသို့ စိတ်ကို မရောက် ရောက်အောင် တင်ပေးမှု ဝိတက် ၏ တာဝန်သည် အရေးကြီးသည်ကား မှန်ပေသည်၊ ပဌမစျာန်ရပြီး၍ ဒုတိယစျာန်ရရန် ကြိုးစားသောအခါ အလေ့အကျင့်များပြီးဖြစ်၍ စိတ်ကို အာရုံသို့ တင်ပေးမှု ဝိတက် ကိစ္စသည် မလိုသကဲ့သို့ ဖြစ်လာသည်၊ ဒုတိယစျာန်ရသောအခါ တကယ်အားဖြင့်လည်း မလိုတော့ပါ၊ ထို့ကြောင့် ဒုတိယစျာန်၌ ဝိတက်မယှဉ်ဟု ဟောတော်မူသည်။

(ဂ) တတိယစျာန်၌ ဝိတက် ဝိစာရ နှစ်ပါးစုံ မယှဉ်သည်ကို တွေ့ရမည်၊ တတိယစျာန်ရရန်ကြိုးစားသောအခါ ဝိတက်မရှိသော်လည်း ဝိစာရ က အာရုံကို ထပ်တလဲလဲ သုံးသပ်ဖန်များသော် စိတ်သည် တည်ငြိမ်၍လာသည်၊ တခုတည်းသော အာရုံ၌ စိတ်တည်ငြိမ်လာသောအခါ ယင်းအာရုံကို ထပ်တလဲလဲ သုံးသပ်ရေး ဝိစာရကိစ္စသည်လည်း မလိုသကဲ့သို့ ဖြစ်လာပြန်သည်၊ တတိယစျာန်ရသောအခါ တကယ်အားဖြင့်လည်း မလိုတော့ပါ၊ ထို့ကြောင့် တတိယစျာန်၌ ဝိတက် ဝိစာရ မယှဉ်ဟု ဟောတော်မူရသည်။

(ဃ) စတုတ္ထစျာန်၌ ပီတိ လည်း မယှဉ်သည်ကို တွေ့ရမည်၊ ဝိတက် ဝိစာရ မျှပင် မရှိသော စိတ်သည် အလွန်တည်ငြိမ်၍ နေသည်၊တည်ငြိမ်သည် ဆိုသော်လည်း အာရုံကို မလွတ်ချင်လောက်အောင် နှစ်သိမ့်မှု ပီတိ ရှိနေသဖြင့် အစွမ်းကုန် မတည်ငြိမ်ပဲ ဖြစ်နေသည်၊ စိတ်အစွမ်းကုန်တည်ငြိမ်လာရန် နှစ်သိမ့်မှု ပီတိ ကိုလည်း ပယ်စွန့်ရလေသည်၊ ပီတိ မရှိသော ချမ်းသာသည် လောကီချမ်းသာတကာတို့တွင် အမွန်မြတ်ဆုံး ချမ်းသာ, အတုမဲ့ချမ်းသာ ဖြစ်လာလေသည်၊ ထို့ကြောင့် စတုတ္ထစျာန်၌ ပီတိ လည်း မယှဉ်ဟု ဟောတော်မူသည်။

(င)ပဥ္စမစျာန်၌ သုခ လည်း မယှဉ်သည်ကို တွေ့ရမည်၊ အမှန်စင်စစ်အားဖြင့် စျာန်လုပ်ငန်းဟူသည် စိတ်ကို အစွမ်းကုန် တည်ငြိမ်အောင် လုပ်သော လုပ်ငန်းဖြစ်သည်၊ အမွန်မြတ်ဆုံး အချမ်း

http://www.dhammadownload.com



သာဆုံးဖြစ်သော စတုတ္ထစျာန်ချမ်းသာ၌ တွယ်တာနေပါက အစွမ်းကုန် တည်ငြိမ်မှု မဖြစ်သေးပါ၊ စိတ်တည်ငြိမ်မှု အထွတ်အထိပ်သို့ ရောက်ရန် ယင်းချမ်းသာမှု သုခကိုလည်း ပယ်စွန့်ရလေသည်၊ ချမ်းသာမှု သုခမျှပင် မရှိသောစိတ်သည် အစွမ်းကုန် တည်ငြိမ်လေတော့သည်၊ အပြစ်အမျိုးမျိုးမှ ကင်းစင်သော လမင်းကဲ့သို့ အစွမ်းကုန် သန့်ရှင်းကြည်လင်လေတော့သည်၊ ပြိုးပြိုးပြက်ပြက်သော အရောင်များ ထွက်လေတော့သည်၊ ထို့ကြောင့် ပဉ္စမစျာန်၌ သုခ လည်း မယှဉ်သည်ကို ဟောတော်မူရသည်၊ ဤကား စိတ်ယှဉ် စေတသိက်များကို မူတည်၍ သဘာဝဆိုက်အောင် လေ့လာ၍ရသော နည်းမျှသာ ဖြစ်ပါသည်။

ကာမာဝစရ ကုသိုလ်ပဌမစိတ်ကို စစ်ဆင်ရေး ဥပမာတို့ဖြင့် တန်းဆာဆင်၍ တင်ပြသကဲ့သို့ ဤရူပါဝစရ ကုသိုလ်စိတ်၌လည်း တင်ပြရမည့်တာဝန်ကား သိမ်မွေ့လှပေသည်၊ သို့သော် ဤရူပါဝစရ ဒုတိယဆင့် တော်လှန်ရေး စစ်ဆင်ပုံကို ကြည့်လျှင် ပဌမတော်လှန်ရေး၌ ပါဝင်ဆင်နွှဲခဲ့ကြသော တပ်မကြီး ၁၇-တပ်တို့ပင် ဖြစ်နေသည်ကို တွေ့မြင်နိုင်သည်၊ တပ်မတော်သား အားလုံးလည်း အစုံအလင်ပါဝင်လာကြသည်ကို တွေ့မြင်ကြရမည်၊ ရင့်ကျက်လာသည်ကား ဤဒုတိယဆင့် တော်လှန်ရေး၌ တပ်မတော်သားတိုင်း မိုးပျံမြေလျှိုး၍ တိုက်ပွဲဝင်နိုင်သော ကမ္ဘာကျော် အာဇာနည်တပ်သားကောင်းကြီးများဖြစ်လာသည်ကို အံ့သြစွာ တွေ့မြင်ကြရသည်။

ဤဒုတိယဆင့်တော်လှန်ရေးတိုက်ပွဲ၌ သမထ ဝိပဿနာ အနုမြူတပ်ကြီးများပါဝင်သော်လည်း အကုသိုလ်သူပုန်ကို အမြစ်ပါမကျန် ပြုတ်ပြုတ်ပြွန်းအောင် ချေမှုန်းနိုင်သော ဝိပဿနာ အနုမြူဗုံးကြီးများကို မသုံးစွဲသေးပဲ အကုသိုလ်တပ်သားတို့ ကျူးကျော်စော်ကားမှု မပြုဝံ့အောင် မှတ်သားလောက်ရုံ နယ်ကန့်သတ်၍ သမထ အနုမြူဗုံး အသေးစားများကိုသာ သုံးစွဲထားသည်ကို တွေ့မြင်နိုင်သည်၊ ဤသို့တွေ့ရှိရသဖြင့် သမထလမ်း ဝိပဿနာလမ်းနှစ်သွယ် ထူးခြားပုံကိုလည်း ရိပ်မိလာမည်၊ မိုးပျံမြေလျှိုးနိုင်သော်လည်း အကုသိုလ် သူပုန်၏ လက်အောက်မှ လုံးဝလွတ်လပ်ရေး မရသေးသည်ကို စဉ်းစားမိလာမည်။

ဤကား ကျယ်ဝန်းလှစွာသော ဒုတိယဆင့် တော်လှန်ရေးစစ်ပွဲကြီးမှ ကောက်နုတ်ချက်မျှသာ ဖြစ်ပါသတည်း။

## ၃-အရူပါဝစရကုသိုလ်

ရူပါဝစရကုသိုလ်စိတ်ကို ဟောတော်မူပြီးနောက် ဆက်လက်၍ အရူပါဝစရ ကုသိုလ်စိတ်ကို ဟောတော်မူသည်၊ ထိုအရူပါဝစရ ကုသိုလ်စိတ်ကိုလည်း—

(၁) အဆုံးမရှိသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသာနဉ္စာယတနစျာန်

(၂) အဆုံးမရှိသော ပဌမ အရူပဝိညာဏ်လျှင် အာရုံရှိသော ဝိညာဏဉ္စာယတနစျာန်

(၃) ထိုပဌမ အရူပဝိညာဏ်၏ မရှိခြင်း 'နတ္ထိဘော' ပညတ်လျှင် အာရုံရှိသော အာကိဉ္စညာယတနစျာန်

(၄) တတိယအရူပဝိညာဏ်လျှင် အာရုံရှိ၍ ကြမ်းတမ်းသော သညာကား မရှိ, သိမ်မွေ့သော သညာသာ ရှိသော နေဝသညာနာသညာယတနစျာန်ဟူ၍ လေးမျိုးခွဲ၍ပြတော်မူ၏။

(က) အမှန်အားဖြင့် ဤအရူပါဝစရ ကုသိုလ်စျာန်ဟူသည် စတုက္ကနည်းအားဖြင့် ရူပါဝစရ စတုတ္ထစျာန်၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဉ္စမစျာန်ပင် ဖြစ်လေသည်၊ သို့သော် ရူပါဝစရ

http://www.dhammadownload.com



ပဌမစျာန်နှင့် စျာန်အင်္ဂါတူ၍သာ ပဌမစျာန်ဟု ခေါ်ရသည်၊ သဘောအားဖြင့် ဤ အရူပါဝစရစျာန်သည် ရူပါဝစရစျာန်အာရုံပြုနေသော ကသိုဏ်းဝန်းအာရုံ (ရူပသညာ) တို့ကို စွန့်လွှတ်ရလေသည်၊ ထိုသို့ စွန့်လွှတ်လိုက်သော် ကသိုဏ်းဝန်းအာရုံတို့ မရှိခြင်းတည်းဟူသော ကောင်းကင်ပညတ် ထင်လာလေသည်၊ ယင်းကောင်းကင်ပညတ်ကို အဆုံးမရှိလေစွတကားဟု ဝင်စားနေသော စျာန်ကို အာကာသာနဉ္စာယတနစျာန်ဟု ခေါ်ရသည်၊ ရူပါဝစရစျာန်၏အာရုံ 'ရူပသညာ'တို့ကို ကျော်လွန် စွန့်လွှတ်၍ရသောကြောင့် အရူပါဝစရစျာန်ဟု ခေါ်သည်။

(ခ) ထို့ထက် တဆင့်တက်၍ စျာန်ဝင်စားလိုသော် ထိုအဆုံးမရှိသော ကောင်းကင်ပညတ်ကိုလည်း စွန့်လွှတ်ရလေသည်၊ ထိုအခါ ကောင်းကင်ပညတ်ကို စွန့်လွှတ်၍ ပဌမ အရူပဝိညာဏ်ကို အာရုံပြုလေသည်၊ ထိုပဌမဝိညာဏ်သည် အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုခဲ့သဖြင့် အဆုံးမရှိသော ဝိညာဏ်ဖြစ်ရလေသည်၊ ယင်းအဆုံးမရှိသော ဝိညာဏ်စိတ်ကို အာရုံပြုသော ဒုတိယအရူပဝိညာဏ်စိတ်ကို ဝိညာဏဉ္စာယတနစျာန် ဟု ခေါ်သည်။

(ဂ) ထို့ထက် တဆင့်တက်၍ စျာန်ဝင်စားလိုသော် ထိုပဌမ အရူပဝိညာဏ် အာရုံကိုလည်း စွန့်လွှတ်ရလေသည်၊ ထိုအခါ ယင်းပဌမအရူပဝိညာဏ်သည်ပင် မရှိတော့၍ ဘာမျှမရှိခြင်း 'နတ္ထိဘာဝပညတ်' ထင်လာလေသည်၊ ဘာမျှမရှိခြင်း ယင်းနတ္ထိဘာဝပညတ်ကို အာရုံပြုသောစျာန်ကို အာကိဉ္စညာယတနစျာန်ဟုခေါ်သည်။

(ဃ) ထို့ထက် တဆင့်တက်၍ စျာန်ဝင်စားလိုသော် ထိုဘာမျှမရှိခြင်း 'နတ္ထိဘာဝပညတ်' ကိုလည်း စွန့်လွှတ်ရလေသည်၊ ထိုအခါ အခြားအာရုံပြုစရာ မရှိတော့၍ တတိယအရူပဝိညာဏ်ကိုပင် အာရုံပြုရလေသည်၊ ယင်းသို့ တတိယအရူပဝိညာဏ်စိတ်ကို အာရုံပြုနေသောစျာန်သည် သညာရှိမှ ရှိပါသေး၏လော၊ ဝါ၊ နာမ်တရား ရှိမှ ရှိပါသေး၏လောဟု သံသယဖြစ်ဖွယ် သိမ်မွေ့နေလေတော့သည်၊ ယင်းသို့ သညာ ရှိမှ ရှိပါသေး၏လောဟု သံသယဖြစ်ဖွယ် သိမ်မွေ့နေသော စျာန်ကို နေဝသညာနာသညာယတနစျာန်ဟု ခေါ်လေသည်။

(ဤနေဝသညာ နာသညာယတနစျာန်မှ တဆင့်တက်၍ စျာန်ဝင်စားသော် စိတ် စေတသိက် စိတ္တဇရုပ်အားလုံး ချုပ်ခြင်းသို့ ရောက်လေသည်၊ "ယင်းကို သညာ ဝေဒယိတ နိရောဓသမာပတ်" ဟု ခေါ်လေသည်။)

ဤကား အရူပါဝစရကုသိုလ်စိတ်လေးပါး ဖြစ်ပေါ်ပုံ အကျဉ်းချုပ်မျှသာ ဖြစ်ပါသတည်း။

## ၄-တေဘူမကကုသိုလ်

မြတ်စွာဘုရားသခင်သည် ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်စိတ်တို့ကို အသီးအသီး ခွဲခြားပြပြီးသည်နောက် ယင်းကုသိုလ်သုံးမျိုးစုံကို ဘုံသုံးပါး၌ ဖြစ်စေတတ်သောကြောင့် 'တေဘူမကကုသိုလ်' ဟူသော အမည်ဖြင့် တဖန်ထပ်ဆင့်၍ ပြတော်မူပြန်သည်၊ ယင်းတေဘူမကကုသိုလ်ကိုလည်း—

(၁) အညံ့စား 'ဟီန' ကုသိုလ်။

(၂) အလတ်စား 'မဇ္ဈိမ' ကုသိုလ်။

(၃) အမြတ်စား 'ပဏီတ' ကုသိုလ်ဟူ၍ သုံးမျိုးခွဲခြား၍ ပြတော်မူသည်၊ ထို့နောက်

http://www.dhammadownload.com



(၁) ဆန္ဒကို အကြီးအမှူးပြုသော (ဆန္ဒာဓိပတေယျ) ကုသိုလ်။

(၂) ဝီရိယကို အကြီးအမှူးပြုသော (ဝီရိယာဓိပတေယျ) ကုသိုလ်။

(၃) စိတ်ကို အကြီးအမှူးပြုသော (စိတ္တာဓိပတေယျ) ကုသိုလ်။

(၄) ပညာကို အကြီးအမှူးပြုသော (ဝီမံသာဓိပတေယျ) ကုသိုလ်ဟူ၍ လေးမျိုးခွဲခြား၍ ပြတော်မူပြန်သည်၊ ထိုနောက်—

အဓိပတိလေးပါးတို့တွင် တပါးတပါး၌ ဟီန, မဇ္ဈိမ, ပဏီတ သုံးပါးစီ ထည့်၍ ၁၂-ပါးစီ ခွဲခြား၍ ပြတော်မူပြန်သည်။

ဤတေဘူမက ကုသိုလ်အခန်း၌ ပြထားပုံ အချက်အလက်တို့ကို ထောက်သော် ကာမာဝစရ ကုသိုလ်ဖြစ်စေ ရူပါဝစရကုသိုလ်ဖြစ်စေ အရူပါဝစရကုသိုလ်ဖြစ်စေ ကုသိုလ်ပြုလုပ်စဉ်အခါက ဆန္ဒ, ဝီရိယ, စိတ်, ပညာ အညံ့စားဖြစ်ခဲ့သော် ဟီန ကုသိုလ်ဖြစ်သည်၊ အလတ်စားဖြစ်ခဲ့သော် မဇ္ဈိမ ကုသိုလ်ဖြစ်သည်၊ အမြတ်စား ဖြစ်ခဲ့သော် ပဏီတကုသိုလ် ဖြစ်သည်ဟု ကုသိုလ်ချင်း တူငြား သော်လည်း ကုသိုလ်အမျိုးအစား ကွဲပြားပုံကို ထပ်မံ၍ ခွဲပြတော်မူသည်ဟု ယုံကြည်ချက် ဝင်လာ နိုင်သည်၊ ထိုသို့ ယုံကြည်သဖြင့်—

(က) လူ့ဘုံ၌ လူဖြစ်ရခြင်း တူညီကြသော်လည်း ဤအကြောင်းကြောင့် လူအတန်းအစား ကွဲပြားကြရပါတကား။

(ခ) နတ်ဘုံ၌ နတ်ဖြစ်ရခြင်း တူညီကြသော်လည်း ဤအကြောင်းကြောင့် နတ်အတန်း အစား ကွဲပြားကြရပါတကား။

(ဂ) ဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်ရခြင်း တူညီကြသော်လည်း ဤအကြောင်းကြောင့် ဗြဟ္မာ အတန်းအစား ကွဲပြားကြရပါတကားဟု ယထာဘူတ သဘာဝကျကျ မှန်ကန်သော အကြောင်း တရားများကို တွေးခေါ် လာနိုင်မည်၊ ဤကား ဟီနတိက်နှင့် အဓိပတိ ရော၍ ဟောခြင်း၏ ရည်ရွယ် ချက်ကို ပေါ်လွင်ထင်ရှားစေပါသည်။

### ၅-လောကုတ္တရာကုသိုလ်

မြတ်စွာဘုရားသခင်သည် ဘုံသုံးပါး၌ဖြစ်စေတတ်သော 'တေဘူမက' ကုသိုလ်တို့ကို ပြပြီးသည် နောက်၌ ဘုံသုံးပါးမှ လွတ်မြောက်စေတတ်သော 'လောကုတ္တရာ' ကုသိုလ်ကို ဟောတော်မူပြန် သည်၊ ထိုလောကုတ္တရာကုသိုလ်ကိုလည်း—

(၁) ပဌမဘုံ (သောတာပတ္တိမဂ်)

(၂) ဒုတိယဘုံ (သကဒါဂါမိမဂ်)

(၃) တတိယဘုံ (အနာဂါမိမဂ်)

(၄) စတုတ္ထဘုံ (အရဟတ္တမဂ်) ဟူ၍ လေးဆင့်ခွဲ၍ ဟောတော်မူသည်။

http://www.dhammadownload.com



ထိုဘုံလေးဆင့်တို့တွင် တဆင့်တဆင့်၌—

| | | | |
|---|---|---|---|
| (က) | စျာန | (ဋ) | ဓမ္မ |
| (ခ) | မဂ္ဂ | (ဌ) | ခန္ဓ |
| (ဂ) | သတိပဋ္ဌာန | (ဍ) | အာယတန |
| (ဃ) | သမ္မပ္ပဓာန | (ဎ) | ဓာတု |
| (င) | ဣဒ္ဓိပါဒ | (ဏ) | အာဟာရ |
| (စ) | ဣန္ဒြိယ | (တ) | ဖဿ |
| (ဆ) | ဗလ | (ထ) | ဝေဒနာ |
| (ဇ) | ဗောဇ္ဈင် | (ဒ) | သညာ |
| (ဈ) | သစ္စ | (ဓ) | စေတနာ |
| (ည) | သမထ | (န) | စိတ္တ |

ဟူ၍ နည်းပေါင်း (၂၀) စီ ဟောကြားတော်မူပြန်သည်၊ ထို (၂၀)တို့တွင် တပါးတပါး၌—

စတုက္ကနည်းအားဖြင့် စျာန်လေးပါး

ပဉ္စကနည်းအားဖြင့် စျာန်ငါးပါးဟူ၍ (၉)ပါးစီ ခွဲခြား၍ ဟောတော်မူပြန်သည်။

ထိုစျာန် (၉) မျိုးတို့တွင် တပါးတပါးစီ၌—

(၁) ပဋိပဒါလေးပါးသက်သက် ၄-ပါး
(၂) သုညတသက်သက် ၁-ပါး
(၃) သုညတနှင့် ပဋိပဒါရော၍ ၄-ပါး
(၄) အပ္ပဏိဟိတသက်သက် ၁-ပါး
(၅) အပ္ပဏိဟိတနှင့် ပဋိပဒါရော၍ ၄-ပါး
(၆) အဓိပတိနှင့် ပဋိပဒါရော၍ ၁၆-ပါးအားဖြင့် နည်းပေါင်း ၃၀-စီ ဟောတော်မူ ပြန်သည်။

### အနိမိတ္တမဂ်ကို မဟောခြင်းအကြောင်း

[အနိစ္စာနုပဿနာသည် သင်္ခါရတရားတို့ကို မြဲ၏ဟူ၍ ယူသော 'နိစ္စနိမိတ်'ကို ပယ်ဖျောက် သောကြောင့် 'အနိမိတ္တဝိပဿနာ' မည်သည်ကား မှန်ပေသည်၊ သို့သော် ယင်းအနိမိတ္တဝိပဿနာ ကိုယ်တိုင်မှာမူကား သင်္ခါရနယ်မှ မလွတ်သေး၍'သနိမိတ္တ'ပင်ဖြစ်၍နေသည်၊ ယင်းသို့ဖြစ်သော ကြောင့် 'အနိမိတ္တဝိပဿနာ'ဖြင့် ရသောမဂ်ကို 'အနိမိတ္တမဂ်'ဟု မချအားဖြင့် မခေါ်နိုင်ပေ၊ ယင်းသို့မခေါ်နိုင်သောကြောင့် ဤအဘိဓမ္မာဒေသနာတော်၌ "အနိမိတ္တမဂ်"ကို ဟောတော်မမူ။

မဂ်သည် ဝိပဿနာပွါးမှသာလျှင် ရနိုင်သည်၊ ဝိပဿနာပွါးလျှင်လည်း နိမိတ်အာရုံရှိရမည်သာ ဖြစ်သည်၊ နိမိတ်အာရုံမရှိလျှင် ဝိပဿနာမပွါးနိုင်ချေ၊ ဝိပဿနာမပွါးလျှင်လည်း မဂ်မရနိုင်။

စင်စစ်အားဖြင့် 'အနိမိတ္တဝိပဿနာ'ဟု ခေါ်တွင်ရခြင်းမှာ နိမိတ်အာရုံ၌ မြဲသည်ဟူသော အမှတ်သညာ 'နိစ္စသညာ'ကို ပယ်ဖျောက်သည့် လုပ်ငန်းစဉ် ဖြစ်သောကြောင့်သာ ဖြစ်သည်၊ 'အနိမိတ္တမဂ်'မှာ နောက်ဆုံးရောက်ရှိသည့် အကျိုးကို ဝိပဿနာပွါးနည်းအကျင့်ဖြင့် တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သည်၊ ထို့ကြောင့် တင်စား၍ ခေါ်ဝေါ်သောအားဖြင့် 'အနိမိတ္တဝိပဿနာ

http://www.dhammadownload.com



ကြောင့် ရရှိသောမဂ်ကို 'အနိမိတ္တမဂ်'ဟု ခေါ်နိုင်ငြားသော်လည်း မုချအားဖြင့် 'အနိမိတ္တမဂ်'ဟု မခေါ်နိုင်ပေ၊ ထိုကြောင့် မုချဒေသနာဖြစ်သော အဘိဓမ္မာ၌ "အနိမိတ္တမဂ်"ဟု ဟောတော်မမူ။

သုတ္တန္တိကပရိယာယ်အားဖြင့်ကား 'အနတ္တာနုပဿနာ'ဖြင့် ရသောမဂ်ကို 'သုညတမဂ်'၊ 'ဒုက္ခာနုပဿနာ'ဖြင့် ရသောမဂ်ကို 'အပ္ပဏိဟိတ'မဂ်၊ 'အနိစ္စာနုပဿနာ'ဖြင့် ရသောမဂ်ကို 'အနိမိတ္တမဂ်'ဟူ၍ ဟောကြားတော်မူခဲ့သည်။]

ပြဆိုခဲ့သော ဟောကြားပုံ အစီအစဉ်များသည် ပါဠိတော်မူအရသာဖြစ်ပါသည်။

## အဋ္ဌကထာအရနည်း-၄၀၀၀

အဋ္ဌကထာ၌ကား ဈာန်နှင့်မရောမူ၍ လောကုတ္တရာစိတ်၌ နည်းလေးထောင်ကို ရေတွက်မှု၍ ပြတော်မူသည်။

နည်းလေးထောင် ရေတွက်ပုံကား....

သုညတသက်သက် .... .... .... .... .... ၁

\+

အပ္ပဏိဟိတသက်သက်.... .... .... .... .... ၁

ပေါင်း = ၂

×

ပဋိပဒါလေးပါးနှင့်မြှောက် .... .... .... .... ၄

ပေါင်း = ၈

နှစ်ခုပေါင်း .... .... .... .... .... .... ၂

\+

၈

၁၀

×

ဈာန်စသောနည်း (၂၀) နှင့်မြှောက် = ၂၀

၂၀၀

×

၄

၎င်းကို အဓိပတိလေးပါးနှင့်မြှောက် = ၈၀၀

နှစ်ခုပေါင်း .... .... .... .... .... ၂၀၀

\+

၈၀၀

၁၀၀၀

×

မဂ်လေးပါးနှင့်မြှောက် .... .... .... .... ၄

၄၀၀၀

http://www.dhammadownload.com



ဤသို့ လောကုတ္တရာစိတ်၌ ဈာန်နှင့်မရောမှု၍ နည်းလေးထောင်ဖြစ်ပုံကို အဋ္ဌကထာဆရာ ပြတော်မူသည်၊ အဘိဓမ္မာသင်္ချာဝါရသဘောကား ကျယ်ဝန်းလှပေသည်၊ ဉာဏ်ကျယ်သော် ကျယ်သည်နှင့်အမျှ သင်္ချာဝါရများ တိုးပွါးလာမည်သာဖြစ်ပါသည်။

## လောကုတ္တရာစိတ်၌ ဟောကြားပုံ ထူးခြားချက်များ

**ပညိန္ဒြေ။** ။လောကုတ္တရာ ပဌမဘုံအဆင့်၌၊ ဝါ—သောတာပတ္တိမဂ်စိတ်၌ယှဉ်သော စေတသိက်တို့ကို လေ့လာကြည့်လျှင် ပဌမကာမာဝစရစိတ်၌ ဟောတော်မူခဲ့သော ဖဿပဉ္စမက စသော နည်းပေါင်း ၁၇-ခုပင် ဖြစ်သည်ကို တွေ့ရသည်၊ သို့သော် အပြားအားဖြင့် ဟောတော်မူသော ၅၆-ပါးသော တရားတို့တွင် ဣန္ဒြိယဘေဒ နည်း၌ အနညာတညဿာမီတိန္ဒြေ တခု တိုးလာသည်ကိုတွေ့ရမည်၊ ဤသို့တွေ့ရသဖြင့် ဤအဆင့်၌ သံသရာဘဝ အဆက်ဆက်က တရံတခါမျှ မသိခဲ့ဘူးသေးသောတရားထူးကို သိရမည့် အဆင့်ပါတကားဟု ကြည်ညိုစိတ်တွေ ယိုဖိတ်၍ ကျလာမည်။

**မဂ္ဂိမပဋိပဒါ။** ။ထို့ပြင် မဂ္ဂဘေဒ နည်း၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်များ လည်းပါဝင်၍ မဂ္ဂင်ရှစ်ပါးစုံလာသည်ကို တွေ့ရသည်၊ ဤသို့ တွေ့ရသဖြင့် လောကမှ ထွက်မြောက်ရေးလမ်းသည် လျော့လွန်းသော လမ်းလည်းမဟုတ်၊ တင်းလွန်းသော လမ်းလည်းမဟုတ်၊ ဤလမ်းနှစ်သွယ်မှ လွတ်အောင်သွားရမည့် အလွန်သိမ်မွေ့သော 'မဇ္ဈိမပဋိပဒါ' လမ်းပါတကားဟု သိရှိလာသည်။

**အရေးအကြီးဆုံးပယ်အပ်သောတရား။** ။ထို့ပြင် ဤလောကုတ္တရာပဌမဘုံအဆင့်၌ သောတာပတ္တိမဂ်စိတ်၌ ဖယ်ရှားရန် အခြားလောဘ, ဒေါသ, မာန စသော အကုသိုလ်တရား များစွာရှိပါလျက် 'ဒိဋ္ဌိဂတာနံ ပဟာနာယ=ဒိဋ္ဌိတရားတို့ကို ပယ်ရှားရန်' ဟု ဒိဋ္ဌိစေတသိက်တခုတည်းကိုသာ ရွေတန်းတင်ပြထားသည်ကို တွေ့ရသည်၊ ဤသို့ တွေ့ရသဖြင့် လောကမှထွက်မြောက်ရေး လုပ်ငန်းတကာတို့တွင် 'ဒိဋ္ဌိဖြုတ်ရေး' လုပ်ငန်းသည် အရေးအကြီးဆုံး လုပ်ငန်းဖြစ်သည်ကို သတိပြုလာမိသည်။

ဒိဋ္ဌိဖြုတ်ရေး၌ ၆၂-ပါးသောဒိဋ္ဌိတို့တွင် အဘယ်ဒိဋ္ဌိကို ဖြုတ်ရမည်ဟု မဆိုသော်လည်း—

(က) ကာမာဝစရသမ္မာဒိဋ္ဌိ

(ခ) ရူပါဝစရသမ္မာဒိဋ္ဌိ

(ဂ) အရူပါဝစရသမ္မာဒိဋ္ဌိ သုံးပါးတို့ကို အဆင့်ဆင့် ပြဆိုပြီးခဲ့သဖြင့် သက္ကာယဒိဋ္ဌိကို ဖြုတ်ရမည်ဟု သိရမည်သာဖြစ်သည်၊ သက္ကာယဒိဋ္ဌိဟူသည် အကျဉ်းချုပ်အားဖြင့် ခန္ဓာကိုယ်၌ အတ္တရှိ၏ဟု စွဲယူထားသောအယူပင်ဖြစ်သည်၊ ခန္ဓာကိုယ်၌ အတ္တရှိ၏ဟု စွဲယူထားသဖြင့် ခန္ဓာကိုယ်ပျက်စီးသွားသော် သေသွားသော် 'အတ္တ-မြဲ-မမြဲ'ဟူသော သဿတ, ဥစ္ဆေဒအယူဝါဒများ ပေါက်ဖွားရပေသည်၊ သဿတ,ဥစ္ဆေဒ အယူဝါဒများ ဖြစ်ပွါးလာသော် ၆၂-ပါးသော ဒိဋ္ဌိတို့ လည်း ပေါက်ပွါးလာမည်သာ ဖြစ်သည်။

ဓမ္မသင်္ဂဏီကျမ်း၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဖတ်ရှုမိသောအခါဝယ် 'ငါဘဝအဆက်ဆက်၌ ကောင်းစားရေး ငါဘဝအဆက်ဆက်၌ ချမ်းသာရေး ငါမြေလျှိုးမိုးပျံနိုင်ရေး'စသော စွဲလမ်းမှု

http://www.dhammadownload.com



များဖြင့် လျှုဒါန်းသည့် ဒါန, ကျင့်သုံးသော သီလ, ပွားများသော သမထတို့ဖြင့် သက္ကာယဒိဋ္ဌိကို ဖြုတ်နိုင်ရန်မှာ ဝေးသည်ထက် ဝေးနေသည်ကို သတိသံဝေဂပွါးလာမည်ဖြစ်သည်။

(က) **သမ္မာသင်္ကပ္ပ။** ။ဤသို့ သတိသံဝေဂ ရလာသော် သက္ကာယဒိဋ္ဌိဖြုတ်ရေးသည် တိမ် သလိုလိုနှင့်နက်, လွယ်မလိုလိုနှင့်ခက်နေသည်၊ ဤသက္ကာယဒိဋ္ဌိ ဖြုတ်ရေး၌ ခက်နေသော် အတ္တကိလမထတို့ ဝင်လာမည်၊ လွယ်သည်ထင်နေလျှင် ကာမသုခလ္လိကာ-နုယောဂတို့ ဝင်လာမည်၊ ဤမျှ သိမ်မွေ့လှသောလမ်း၌ 'အကြံကောင်းတော့တချက် ဉာဏ်ကောင်းတော့တသက်'ဆိုသကဲ့သို့ အကြံကောင်းရန် အရေးကြီးလှသည့် အတိုင်း 'သမ္မာသင်္ကပ္ပ'က ကောင်းစွာကြံစည်လေတော့သည်။

(ခ) **သမ္မာဒိဋ္ဌိ။** ။'ငါကောင်းစားရေး- ငါချမ်းသာရေး'၌ ငါဆိုသည်ကား တင်စားရှိခေါ် ဝေါ်အပ်သည့် ဤခန္ဓာကိုယ်ပင်ဖြစ်သည်၊ ယင်းခန္ဓာကိုယ်ကို ချမ်းသာစေရန် ကြိုးစား၍ ရနိုင်,မရနိုင် စဉ်းစားရန် လိုလာပေသည်၊ ခန္ဓာကိုယ်၏သဘောကို သူ့သဘာဝ အတိုင်းမြင်အောင် ဉာဏ်ဖြင့် စစ်ဆေးရန် လိုလာသည့်အတိုင်း သမ္မာဒိဋ္ဌိက ကောင်းစွာစိစစ်လေ တော့သည်။

(ဂ) **သမ္မာဝါယာမ။** ။ယင်းသို့ စစ်ဆေးသောအခါ ခန္ဓာကိုယ်၏ ပင်ကိုယ်ပကတိသဘောကို တရံတခါမျှ မစစ်ဆေးခဲ့ဘူး၍ ပညတ်မဘက် ပရမတ္ထခန္ဓာသက်သက် ပေါ်သို့ ဉာဏ်သက်ရောက်ရန် မှန်ကန်သောကြိုးစားမှုလည်း လိုလာပေသည်၊ ဤကိစ္စမှာ သမ္မာ ဝါယာမ၏ အရာသာဖြစ်လေသည်။

(ဃ) **သမ္မာသတိ။** ။ပညတ်မဘက် ပရမတ္ထခန္ဓာသက်သက်ပေါ်သို့ ဉာဏ်သက်ရောက်အောင် ကြိုးစားသောအခါ နက်နဲခက်ခဲနေသဖြင့် ကြိုးစားမှုလွန်နေသော် တင်းလွန်းသောလမ်း', ကြိုးစားမှုလျော့နေသော် 'လျော့လွန်းသောလမ်း'တခုခုသို့ ဝိပဿနာ ဉာဏ်ရောက်နေတတ်သည်၊ ယင်းလမ်းနှစ်သွယ်မှ လွတ် မလွတ်စောင့်ကြည့်ရန် သတိရှိရန်လည်း အရေးကြီးလာသည်၊ ဤသို့မမေ့လျော့စေရန် သမ္မာသတိက ဆောင်ရွက်လေတော့သည်။

(င) **သမ္မာသမာဓိ။** ။ပညတ်မဖက် ပရမတ္ထခန္ဓာသက်သက်ပေါ်သို့ ဉာဏ်ရောက်မရောက် သတိထားနေသောအခါ ဝိပဿနာဉာဏ်သည် မရင့်ကျက်သေးမီ ထွက် လိုက်ဝင်လိုက် ပြေးသွားနေသည်၊ ဆင်ခြင်ဖန်များသော် တည်ငြိမ်၍လာမည်ဖြစ်သည်၊ ဤကိစ္စ မှာမူ သမ္မာသမာဓိ၏ ဆောင်ရွက်ချက်ဖြစ်သည်။

## မဂ်ဉာဏ် ပေါ်ပေါက်လာပုံ

ဤသို့တည်ငြိမ်စွာရှုနိုင်သောဉာဏ်ဖြင့် ရှုဆင်ခြင်သောအခါ 'ခန္ဓာကိုယ်၏ သဘာဝကား ငါ, သူတပါး, ယောကျာ်း, မိန်းမစသော သမ္မုတိပညတ်တွေမရှိ၊ ဖြစ်ပြီး၍ ပျက်နေသော ရုပ်နာမ် နှစ်ခုသာ ရှိပါတကား'ဟု တွေ့မြင်လာမည်၊ ယင်းရုပ်နာမ်နှစ်ခုကို ဝိပဿနာဉာဏ်ဖြင့် စိုက်၍ကြည့် နေသော် ခဏလေးမျှရပ်တည်၍မနေ၊ တခုပြီးတခုဖြစ်ပျက်နေသည်ကိုသာ တွေ့ရမည်၊ ဤသို့တွေ့ မြင်လာသော် ဤခန္ဓာကိုယ်၌ တွယ်တာစရာ ခင်မင်စရာ အနှစ်သာရတခုမျှ မရှိလေစွတကားဟု 'သုည'အားဖြင့် ထင်လာမည်၊ 'အနတ္တ'ထင်လာမည်။

http://www.dhammadownload.com



ဤသို့ ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ရှုဆင်ခြင်ဖန်များလတ်သော် 'ဤခန္ဓာကိုယ်ကို ချမ်းသာစေရန် မည်သို့သော တန်းခိုးရှင်မှ မစွမ်းနိုင်လေစွတကား၊ ခန္ဓာကိုယ်၏ ပင်ကိုယ်သဘောကား ဆင်းရဲတုံး သက်သက်သာ ဖြစ်ချေ၏တကား၊ ခန္ဓာကိုယ်ကောင်းစားရေး ခန္ဓာကိုယ်ချမ်းသာရေး အတွက် ကြိုးစားမှုတို့သည် မှားလေစွတကား၊ မိုက်လေစွတကား'ဟု တဝင်းဝင်း တလက်လက် လျှပ်စီး လက်သကဲ့သို့ သမ္မာဒိဋ္ဌိမဂ်ဉာဏ်ပေါ်လာမည်၊ ထိုအခါ ခန္ဓာကိုယ်၌ တွယ်တာမှု ပဌမအကြိမ် ပြုတ်သွားလေသည်။

ဤသို့ ခန္ဓာကိုယ်၌ တွယ်တာမှုပဌမအကြိမ် ပြုတ်သွားသည်ကိုပင် သက္ကာယဒိဋ္ဌိ ပြုတ်သည်ဟု ခေါ်ရလေသည်၊ အမှန်အားဖြင့် ဒိဋ္ဌိစေတသိက်တခုသာ ပြုတ်သည်မဟုတ်ပါ၊ အပါယ်သို့ ကျစေနိုင်သော အကုသိုလ်တရားအားလုံးပင် ပြုတ်သွားကြပါသည်။

ဤကား 'ဒိဋ္ဌိဂတာနံ ပဟာနာယ=ဒိဋ္ဌိတရားတို့ကို ဖယ်ရှားရန်'ဟု ရှေ့တန်းတင်ပြထားသော ဓမ္မသင်္ဂဏီပါဠိတော်ကို နိဒါန်းပျိုးခြင်းမျှသာ ဖြစ်ပါသည်၊ အမှန်အားဖြင့် ဒိဋ္ဌိပြုတ်ရေးတရားတော်ကား နိကာယ်ငါးသွယ် သုတ်ငယ်များစွာတို့ဖြင့် ဖွင့်ပြရမည့် တရားတော် ဖြစ်ပါသတည်း။

ဒုတိယဘုံအဆင့်၌၊ ဝါ—သကဒါဂါမိမဂ်၌ 'ကာမရာဂဗျာပါဒါနံ တနုဘာဝါယ=ကာမရာဂနှင့် ဒေါသခေါင်းပါးရန်'ဟု ရှေ့တန်းတင်ထားပေသည်၊ အမှန်အားဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်၍ ဒုတိယအကြိမ် မဂ်ဉာဏ်ပေါ်လာသောအခါ ကြွင်းကျန်သော ကိလေသာအားလုံးပင် ခေါင်းပါးသွားလေသည်၊ ထကြွမှု နည်းသွားလေသည်။

တတိယဘုံအဆင့်၌လည်း၊ ဝါ— အနာဂါမိမဂ်၌လည်း 'ကာမရာဂဗျာပါဒါနံ အနဝသေသပဟာနာယ=ကာမရာဂနှင့် ဒေါသတို့ကို အကြွင်းမဲ့ ဖယ်ရှားရန်'ဟု ရှေ့တန်းတင်ထားပြန်သည်၊ အမှန်အားဖြင့် ဝိပဿနာဉာဏ်ဖြင့်ရှုဆင်ခြင်၍ တတိယအကြိမ် မဂ်ဉာဏ်ဖြစ်ပေါ် လာသောအခါကာမဘုံ၌ ဖြစ်စေတတ်သော လောဘ မာနစသော ကိလေသာအားလုံးပင် အကြွင်းမဲ့ ပြုတ်သွားကြသည်။

စတုတ္ထဘုံအဆင့်၌ကား၊ ဝါ—အရဟတ္တမဂ်၌ကား မဂ်ဉာဏ် သုံးကြိမ် တန်းခိုးဖြင့် မသေသေးပဲ ကြွင်းကျန်နေသော ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတည်းဟူသော ကိလေသာအားလုံးပင် အကြွင်းမဲ့ ပြုတ်ကြလေသည်။

ခန္ဓာကိုယ်၌ တွယ်တာမှု ကိလေသာအမြစ် ပြတ်သော် ဤခန္ဓာသည်လည်း လောင်စာမရှိသော ဆီမီးကဲ့သို့ နောင်တဖန် ဖြစ်ပေါ်မှု မရှိ၊ ငြိမ်းလေတော့သည်။

(က) ခန္ဓာကိုယ်သည် ဒုက္ခသစ္စာ၊

(ခ) တွယ်တာမှု (အမြစ်)သည် သမုဒယသစ္စာ၊

(ဂ) ခန္ဓာကိုယ်၌ တွယ်တာမှုကို ကင်းစေတတ်သော မဂ်ဉာဏ်လေးပါးသည် မဂ္ဂသစ္စာ၊

(ဃ) ခန္ဓာချုပ်ငြိမ်းမှုသည် နိရောဓသစ္စာ၊ ဤသို့ မဂ်ဉာဏ်လေးကြိမ်၌ သစ္စာလေးပါး လေးကြိမ်ဖြစ်လေသည်။

ကာမာဝစရစိတ်, ရူပါဝစရစိတ်တို့၌ စစ်ဆင်ရေးဥပမာတို့ဖြင့် တန်းဆာဆင်၍ ပြသကဲ့သို့ ဤနေရာ၌လည်း စစ်ဆင်ရေးဥပမာတို့ဖြင့် တန်းဆာဆင်၍ ပြနေပြန်သော် ကာမာဝစရစိတ်ကို ပြသကဲ့သို့ အဘိဓမ္မာသုတေသီပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်တော့မည် မဟုတ်ပါ။

http://www.dhammadownload.com



လောကမှ ထွက်မြောက်ရေး လောကုတ္တရာစိတ်ကို ပြနေသောအခါ၌ အဘိဓမ္မာသုတေသီပုဂ္ဂိုလ်တို့၏ စိတ်နှလုံးသည် အလွန်ရင့်ကျက်ခြင်းသို့ ရောက်နေပြီးဖြစ်၍ ငြီးငွေ့ဖွယ်ရာသာ ဖြစ်နေပေလိမ့်မည်။

ဤမျှဖြင့် ဓမ္မသင်္ဂဏီပါဠိတော် အဘိဓမ္မာဒေသနာ၏ စိတ္တုပ္ပါဒကဏ္ဍ ကုသလတိက် 'ကုသလာ ဓမ္မာ' ပုဒ်၌ ဟောကြားတော်မူပုံ အစီအစဉ်နှင့်တကွ ဟောကြားပုံ အချက်အလက်တို့ကို ပြဆိုသော အခန်းသည် ပြီးပါပြီ။

ဤ 'ကုသလာ ဓမ္မာ' ပုဒ်၌ ပြဆိုခဲ့ပြီးသောနည်းကို မှီး၍ ကြွင်းကျန်သော 'အကုသလာ ဓမ္မာ' 'အဗျာကတာ ဓမ္မာ' ပုဒ်တို့ကိုလည်း လေ့လာနိုင်ပေသည်။

# ၂—ရူပကဏ္ဍ

ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ ဟူသော ခေါင်းစဉ်(မာတိကာ)အရ ကုသိုလ်စိတ်, စေတသိက်တရား၊ အကုသိုလ်စိတ်, စေတသိက်တရား၊ အဗျာကတစိတ်, စေတသိက်တရားတို့ကို စိတ္တုပ္ပါဒကဏ္ဍဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ပြတော်မူ၏။

ယင်းသို့ ပြဆိုရာ၌ အဗျာကတာ ဓမ္မာ-ဟူသော ပုဒ်အရ ဝိပါက်, ကြိယာ, ရုပ်, နိဗ္ဗာန် အဗျာကတတရားလေးပါးတို့တွင် ဝိပါက်, ကြိယာ, အဗျာကတတရားတို့ကိုသာ စိတ္တုပ္ပါဒကဏ္ဍဖြင့် ပြဆိုရသေးသည်၊ ရုပ်, နိဗ္ဗာန် အဗျာကတတရားတို့ကို မပြဆိုရသေးပေ၊ ယင်းသို့ မပြဆိုရသေးသော ရုပ် နိဗ္ဗာန်တို့တွင်လည်း ခွဲခြမ်းစိတ်ဖြာ၍ပြရန် အမျိုး အကွဲအပြားမရှိသော နိဗ္ဗာန်တရားကို ချန်ထားကာ ခွဲခြမ်းစိတ်ဖြာ၍ပြရန် အမျိုး အကွဲအပြားရှိသော ရုပ်တရားတို့ကို ပြတော်မူလိုသဖြင့် မြတ်စွာဘုရားသည် ရူပကဏ္ဍကို ဆက်လက်၍ ဟောတော်မူသည်။

ယင်းရူပကဏ္ဍ၌ ရုပ်တို့ကို—

(က) တမျိုးတည်းသာ ပြသော(ဧကက)နည်း
(ခ) နှစ်မျိုးခွဲပြသော(ဒုက)နည်း
(ဂ) သုံးမျိုးခွဲပြသော(တိက)နည်း
(ဃ) လေးမျိုးခွဲပြသော(စတုက္က)နည်း
(င) ငါးမျိုးခွဲပြသော(ပဉ္စက)နည်း
(စ) ခြောက်မျိုးခွဲပြသော(ဆက္က)နည်း
(ဆ) ခုနစ်မျိုးခွဲပြသော(သတ္တက)နည်း
(ဇ) ရှစ်မျိုးခွဲပြသော(အဋ္ဌက)နည်း
(ဈ) ကိုးမျိုးခွဲပြသော(နဝက)နည်း
(ည) ဆယ်မျိုးခွဲပြသော(ဒသက)နည်း
(ဋ) တဆယ့်တစ်မျိုး ခွဲပြသော( ဧကာဒသက )နည်းအားဖြင့် ၁၁-နည်း ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။

http://www.dhammadownload.com



**ကေကနည်း။** ။ယင်း(၁၁)နည်းတို့တွင် တမျိုးတည်းသာ ပြသော(ကေက)နည်း၌ ရုပ်အားလုံးသည် ဟိတ်မမည်(သဗ္ဗံ ရူပံ န ဟေတု)စသောအားဖြင့် ရုပ်(ရူပ)၏ အဓိပ္ပါယ်ကို လေးဆယ့်သုံးပါးသော အမည် ပရိယာယ် စကားလှယ်တို့ဖြင့် တန်းဆာဆင်၍ ဟောကြားတော်မူသည်။

ယင်းအမည် ပရိယာယ်တို့ကို တခုစီ လေ့လာစိစစ်ကြည့်လျှင် ရုပ်တရားတို့၏ သဘာဝအခြေအနေ စွမ်းဆောင်မှုသတ္တိ စသည်တို့နှင့် ပတ်သက်၍ မရှင်းမလင်းဖြစ်နေသော လေးဆယ့်သုံးပါးသော ပြဿနာတို့ကို ဖြေရှင်းထားပါတကားဟု သဗ္ဗညုတဉာဏ်စွမ်းကို မြော်မှန်း၍ သိရှိနိုင်ပေသည်။

ယင်းလေးဆယ့်သုံးပါးသော ပြဿနာတို့တွင် ထင်ရှားသော ပြဿနာအချို့ကို ပြပါအံ့။

(က) ရုပ်တရားသည် ကောင်းမှု မကောင်းမှုတရားတို့၏ အခြေခံအကြောင်းရင်း(ဟိတ်) တရား မည်သင့် မမည်သင့်ဟူသော ပြဿနာရှိနေသည်၊ ယင်းပြဿနာကို မြတ်စွာဘုရားက ရုပ်အားလုံးသည် ဟိတ်မမည်သင့်(သဗ္ဗံ ရူပံ န ဟေတု)ဟု ပြတ်သားစွာ ဖြေပြတော်မူသည်။

(ခ) ရုပ်တရားသည် ကောင်းမှု မကောင်းမှုတရားတို့၏ အခြေခံအကြောင်းရင်း(ဟိတ်) မမည်နိုင်သော်လည်း အကြောင်းတရားတို့နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် အခြေခံအကြောင်းရင်း(ဟိတ်)ရှိသော တရားဖြစ်သင့်ပေသည်ဟူသော ပြဿနာရှိလာပြန်သည်၊ ယင်းပြဿနာကို မြတ်စွာဘုရားက ရုပ်အားလုံးသည် အခြေခံအကြောင်းရင်း( ဟိတ် )လည်း မရှိ( သဗ္ဗံ ရူပံ အဟေတုကံ)ဟု ပြတ်သားစွာပင် ဖြေပြတော်မူသည်။

(ဂ) ရုပ်တရားသည်(ဟိတ်)လည်း မမည်၊ (ဟိတ်)လည်း မရှိခဲ့သော် အကြောင်းနှင့်ကင်း၍ ဖြစ်သောတရား ဖြစ်လေသလောဟု ပြဿနာရှိလာပြန်သည်၊ ယင်းပြဿနာကို မြတ်စွာဘုရားက ရုပ်အားလုံးသည် အကြောင်းတရားတို့ကြောင့်ပင် ဖြစ်၏(သဗ္ဗံ ရူပံ သပစ္စယံ)ဟု ပြတ်သားစွာပင် ဖြေပြတော်မူသည်။

ဤနေရာ၌(ဟေတု)အကြောင်းနှင့်(ပစ္စယ)အကြောင်းကို ခွဲခြားသင့်ပေသည်၊ (ဟေတု) အကြောင်းကား လောဘ, ဒေါသ စသော ဟိတ်(၆)ပါးဖြစ်သည်၊ (ပစ္စယ)အကြောင်းကား ကံ, စိတ်, ဥတု, အာဟာရဖြစ်သည်၊ ရုပ်တရားသည် လောဘ, ဒေါသ စသော(ဟေတု)အကြောင်းကြောင့် မဖြစ်သော်လည်း ကံ, စိတ်, ဥတု, အာဟာရ ဟူသော(ပစ္စယ)အကြောင်းကြောင့်ကား ဖြစ်ပေသည်ဟု ယူဆရမည်။

(ဃ) ထို့ပြင် ရုပ်တရားသည် ပရမတ္ထတရားပင်ဖြစ်သောကြောင့် သဘာဝသက်သက်မျှသာ ဖြစ်သည်၊ ရုပ်တရားသည် သဘာဝတရားသက်သက်ဖြစ်ခဲ့သော် မြင်နိုင် တွေ့ထိနိုင်သော တရားမျိုးမဟုတ်မူ၍ နာမ်တရားကဲ့သို့ မနောဝိညာဏ်ဖြင့်သာ သိကောင်းသောတရားဖြစ်လေသလောဟု ပြဿနာ ရှိနေပြန်သည်၊ ယင်းပြဿနာကို မြတ်စွာဘုရားက, ရုပ်တရားသည် မနောဝိညာဏ်ဖြင့်သာ သိကောင်းသော တရားမဟုတ်၊ မြင်နိုင် ကြားနိုင် နံနိုင် တွေ့ထိနိုင်သောတရားဖြစ်၏ (ဆဟိ ဝိညာဏေဟိ ဝိညေယျံ)ဟု ဖြေပြတော်မူသည်။

**ဒုကနည်း။** ။နှစ်မျိုးခွဲပြသော(ဒုက)နည်း၌လည်း—

(၁) မှီ၍သာဖြစ်သော(ဥပါဒါရုပ်)

(၂) မမှီမူ၍ဖြစ်သော(နောဥပါဒါရုပ်)စသောအားဖြင့်—

http://www.dhammadownload.com



(က) ပကိဏ္ဏကဒုက် ၁၄-ပါး
(ခ) ဝတ္ထုဒုက် ၂၅-ပါး
(ဂ) အာရမ္မဏဒုက် ၂၅-ပါး
(ဃ) အာယတနဒုက် ၁၀-ပါး
(င) ဓာတုဒုက် ၁၀-ပါး
(စ) ဣန္ဒြိယဒုက် ၈-ပါး
(ဆ) သုခုမရူပဒုက် ၁၂-ပါး

ပေါင်း ၁၀၄ ပါးသော ဒုက်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။

**တိကနည်း။** ။သုံးမျိုးခွဲပြသော(တိက)နည်း၌လည်း—

(၁) ကိုယ်တွင်းသန္တာန်၌လည်းဖြစ် မှီ၍လည်းဖြစ်သော(အဇ္ဈတ္တိကဥပါဒါရုပ်)

(၂) ကိုယ်ပသန္တာန်၌လည်းဖြစ်၊ မှီ၍လည်းဖြစ်သော(ဗာဟိရ ဥပါဒါရုပ်)

(၃) ကိုယ်ပသန္တာန်၌သာဖြစ်၍ မှီ၍ကား မဖြစ်သော (ဗာဟိရ နော ဥပါဒါရုပ်) စသော အားဖြင့်—

(က) ပကိဏ္ဏကဒုက် ၁၃-ပါး
(ခ) ဝတ္ထုဒုက် ၂၅-ပါး
(ဂ) အာရမ္မဏဒုက် ၂၅-ပါး
(ဃ) အာယတနဒုက် ၁၀-ပါး
(င) ဓာတုဒုက် ၁၀-ပါး
(စ) ဣန္ဒြိယဒုက် ၈-ပါး
(ဆ) သုခုမရူပဒုက် ၁၂-ပါး

ပေါင်း ၁၀၃-ပါးသော ဒုက်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။

**စတုက္ကနည်း။** ။လေးမျိုးခွဲပြသော(စတုက္က)နည်း၌လည်း—

(၁) ကံကြောင့်လည်းဖြစ် မှီ၍လည်းဖြစ်သော(ဥပါဒိန္န ဥပါဒါရုပ်)

(၂) ကံကြောင့်ကား မဖြစ် မှီ၍သာဖြစ်သော(အနုပါဒိန္န ဥပါဒါရုပ်)

(၃) ကံကြောင့်သာဖြစ်၍ မှီ၍ကားမဖြစ်သော(ဥပါဒိန္န နော ဥပါဒါရုပ်)

(၄) ကံကြောင့်လည်း မဖြစ် မှီ၍လည်း မဖြစ်သော(အနုပါဒိန္န နော ဥပါဒါရုပ်)

စသောအားဖြင့် ၂၂-ပါးသော (စတုက္က)တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။

**ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက, ဒသက, ဧကာဒသကနည်းတို့၌ကား အပြားမရှိ၊ တမျိုးစီသာ ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။**

http://www.dhammadownload.com



ဤသို့ ကေကနည်း, ဒုကနည်းစသည်တို့ဖြင့် ရူပကဏ္ဍ၌ ဟောတော်မူသော များပြားလှစွာသော ရုပ်တို့ကို သဘောတူရာပေါင်း၍ ရေတွက်သော် ၂၇-ပါးမျှသာ ရှိပေသည်၊ ဓမ္မသင်္ဂဏီကျမ်း၌ ဟဒယဝတ္ထုရုပ်မပါခြင်း အကြောင်းကို သိလိုပါက မူလဋီကာ စာမျက်နှာ ၁၅၉, အနုဋီကာ စာမျက်နှာ ၁၄၇-နှင့် ၁၇၂-တို့၌ လေ့လာသင့်ပေသည်၊ ယင်းမူလဋီကာ အနုဋီကာကျမ်းများကို အဖန်ဖန် အထပ်ထပ် လေ့လာပါက ဟဒယဝတ္ထုရုပ် ၏ သဘောကိုလည်း သိရှိလာမည်၊ ဓမ္မသင်္ဂဏီကျမ်း၌ တိုက်ရိုက် မပါရှိခြင်းအကြောင်းကိုလည်း သဘောပေါက်လာမည်ဖြစ်ပါသတည်း။

# ၃-နိက္ခေပကဏ္ဍ

ဓမ္မသင်္ဂဏီကျမ်း၏ခေါင်းစဉ် (မာတိကာ)ကား တိက် ၂၂-တိက်နှင့် ဒုက် ၁၄၂-ဒုက်ဖြစ်သည်၊ ယင်းတိက်, ဒုက်တို့တွင် မြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် ကုသလတိက် တတိက်ကိုသာ အကျယ်အားဖြင့် ပြတော်မူရသေးသည်၊ ကြွင်းသောတိက်, ဒုက်တို့ကို ပြတော်မမူရသေးချေ၊ ယင်းသို့ပင် ပြတော်မမူရသေးသော်လည်း အကျယ်အားဖြင့် ပြလိုသော် ကုသလတိက်ကဲ့သို့ စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် ပြရမည်ပင်ဖြစ်သည်၊ ယင်းသို့ အကျယ်အားဖြင့် ပြရမည့် (ဝိတ္ထာရဒေသနာ)နည်းကို ပယ်စွန့်၍ မကျဉ်းမကျယ်နည်းအားဖြင့် တိက်, ဒုက်တို့ကို ဖွင့်ပြတော်မူလိုသောကြောင့် မြတ်စွာဘုရားသည် နိက္ခေပကဏ္ဍကို ဆက်လက်၍ ဟောတော်မူသည်။

နိက္ခေပကဏ္ဍဟူသည် စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍတို့ကဲ့သို့ ကုသလတိက် တတိက်ကိုသာ ဟောတော်မူသော ကဏ္ဍမဟုတ်၊ ကုသလတိက်နှင့်တကွ တိက် ဒုက်အားလုံးကို ပြည့်ပြည့်စုံစုံ ဖွင့်ပြသော ကဏ္ဍဖြစ်သည်၊ ယင်းသို့ တိက်, ဒုက် အလုံးစုံကို ဖွင့်ပြသောကဏ္ဍ၌ ဟောကြားပုံ ဟောကြားနည်း အချက်အလက်များသည် တိက်အမျိုးမျိုးသို့ လိုက်၍ရင်း ဒုက်အမျိုးမျိုးသို့ လိုက်၍ရင်း ကွာခြားချက်ရှိသည်ကား မှန်ပေသည်၊ သို့သော် ယေဘုယျနည်းအားဖြင့် နိက္ခေပကဏ္ဍဟူသည် တိက်, ဒုက် အလုံးစုံကို—

(က) အရင်းအမြစ် (မူလ) အားဖြင့်ရင်း
(ခ) အစုအပေါင်း (ခန္ဓာ) အားဖြင့်ရင်း
(ဂ) ထွက်ဝင်ရာတံခါး (ဒွါရ) အားဖြင့်ရင်း
(ဃ) ဖြစ်ပေါ်ရာဌာန (ဘုံ) အားဖြင့်ရင်း
(င) အနက်သဘော (အတ္ထ) အားဖြင့်ရင်း
(စ) တရားကိုယ် (ဓမ္မ) အားဖြင့်ရင်း
(ဆ) အမည် (နာမ) အားဖြင့်ရင်း

(ဇ) အနက်ကို ဖော်ပြတတ်သော (လိင်)အားဖြင့်ရင်း အကျဉ်းချုံး၍ ပြသောကဏ္ဍဟု ဆိုနိုင်ပေသည်၊ ယင်းရှစ်ချက်တို့တွင် မူလ, ခန္ဓ, ဒွါရ, ဘူမိဟူသော အချက်အလက်တို့သည် တိက်, ဒုက်အားလုံးတို့နှင့် မသက်ဆိုင်သော်လည်း အတ္ထ, ဓမ္မ, နာမ, လိင်ဟူသော အချက်အလက်တို့သည်ကား တိက်, ဒုက် အားလုံးတို့နှင့် သက်ဆိုင်သည်။

မူလ, ခန္ဓ, ဒွါရ, ဘူမိဟူသော အချက်အလက်တို့ကိုလည်း ကုသလတိက်နှင့် ဝေဒနာတိက်ကို လေ့လာရုံမျှနှင့်ပင် တွေ့နိုင်ပေသည်။

http://www.dhammadownload.com



## နိက္ခေပကဏ္ဍ ကုသလတိက်

### မူလအားဖြင့် အကျဉ်းချုံး၍ ပြတော်မူပုံ

(က) မြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍဖြင့် ကုသလတိက်(ကုသလာ ဓမ္မာ) အရကို အလွန်ကျယ်ဝန်းစွာ ဟောတော်မူခဲ့သော်လည်း နိက္ခေပကဏ္ဍ၌ ကုသလာ ဓမ္မာ အရ ကုသိုလ်တရားဟူသည် အလောဘ, အဒေါသ, အမောဟ ဖြစ်ပေသတည်းဟု အရင်းအမြစ် (မူလ) အားဖြင့် အကျဉ်းချုံး၍ ပြတော်မူသည်။

ဤပဌမနည်းကို လေ့လာကြည့်သော် စိတ္တုပ္ပါဒကဏ္ဍနည်းအရ ပြဆိုခဲ့သော ကုသိုလ်တရားအားလုံးသည် ဤရေသောက်မြစ် (မူလ)တရားသုံးပါးမှ ပေါက်ဖွားရပါတကားဟု သဘောပေါက်လာသည်၊ ထို့ပြင် ကုသိုလ်တရားဟူသည် စိတ္တုပ္ပါဒကဏ္ဍနည်းအရ မည်မျှအမျိုးအစားကွဲ၍ မည်မျှများပြားစေကာမူ လောဘကိုသတ် ဒေါသကိုသတ် မောဟကိုသတ်သော တရားပါတကားဟု လုပ်ငန်းစဉ်ကိုလည်း မြင်လာနိုင်သည်၊ ထို့ပြင် ကုသိုလ်တရားဟူသည် အကျယ်ချဲ့လိုက်သော် စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော နည်းမျှကျယ်ဝန်းသော်လည်း အကျဉ်းချုံးလိုက်သော် ဤမူလတရားသုံးပါးသာ ရှိပါတကားဟု အကျယ်ချဲ့နည်း အကျယ်ချုံးနည်းတို့ကိုလည်း သိနိုင်ပေသည်။

### ခန္ဓာအားဖြင့် အကျဉ်းချုံး၍ ပြတော်မူပုံ

(ခ) မြတ်စွာဘုရားသည် ထိုမှတဆင့်တက်၍ ကုသလာ ဓမ္မာ အရ ကုသိုလ်တရားဟူသည် ထိုမူလတရားသုံးပါးနှင့် အတူတကွဖြစ်ပေါ်ရသော "ခံစားမှုအစု, မှတ်သားမှုအစု, စီမံပြုပြင်မှုအစု, သိမှုအစုဟူ၍" နာမ်ခန္ဓာလေးပါးဖြစ်သည်ဟု သတ္တဝါတို့ကိုယ်တိုင် သိမြင်နိုင်သော ပရမတ္ထအဖွဲ့အစည်း (ခန္ဓာ) သဘောအားဖြင့် တဖန်ပြတော်မူသည်။

ဤဒုတိယနည်းကို လေ့လာကြည့်ရှုလျှင် စိတ္တုပ္ပါဒကဏ္ဍ၌ ဟောတော်မူခဲ့သော ကုသလာ ဓမ္မာ အရ ကုသိုလ်စိတ် ၂၁-ခု၊ စေတသိက် ၃၈-ခုတို့ အားလုံးပါဝင်နေသည်ကို တွေ့မြင်နိုင်သည်။

(က) သိမှုကုသိုလ်စိတ် ၂၁-ခုသည် (ဝိညာဏက္ခန္ဓာ)
(ခ) ခံစားမှု (ဝေဒနာ) စေတသိက်သည် (ဝေဒနာက္ခန္ဓာ)
(ဂ) မှတ်သားမှု (သညာ) စေတသိက်သည် (သညာက္ခန္ဓာ)
(ဃ) ကြွင်းသော စီမံပြုပြင်မှု စေတသိက် ၃၆-ပါးသည် (သင်္ခါရက္ခန္ဓာ)

ဤသို့ တွေ့မြင်ရသဖြင့် ဤဒုတိယအကျဉ်းချုံးနည်းသည် ပဌမနည်းကဲ့သို့ အမြစ်ကိုသာ ကိုင်ပြသောနည်းမျိုးမဟုတ်၊ အမြစ်နှင့်တကွ သစ်ပင်တပင်လုံးကို ကိုင်ပြသောနည်းပါတကားဟု ဒေသနာဉာဏ်တော်၏ ဆန်းကြယ်ပုံကိုလည်း မှန်းဆ၍ ကြည်ညိုနိုင်သည်။

### ဒွါရအားဖြင့် အကျဉ်းချုံး၍ ပြတော်မူပုံ

(ဂ) မြတ်စွာဘုရားသည် ထိုမှတဆင့်တက်၍ ကုသလာ ဓမ္မာ အရ ကုသိုလ်တရားဟူသည် ထိုမူလသုံးပါးကြောင့် ဖြစ်ပေါ်ရသော "ကိုယ်ဖြင့်ပြုလုပ်မှု နှုတ်ဖြင့်ပြောဆိုမှု စိတ်ဖြင့်ကြံစည်မှု" ကံသုံးပါးဖြစ်ကြောင်းကို ကုသိုလ်၏ထွက်ဝင်ရာ တံခါး ဒွါရ (ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ) အားဖြင့် အကျဉ်းချုံး၍ ပြတော်မူပြန်သည်။

http://www.dhammadownload.com



ဤတတိယနည်းကို လေ့လာကြည့်ရှုလျှင် ကုသလာ ဓမ္မာ အရ ကုသိုလ်တရားဟူသည် "ကိုယ်ဖြင့် ကောင်းစွာပြုလုပ်မှု နှုတ်ဖြင့် ကောင်းစွာပြောဆိုမှု စိတ်ဖြင့် ကောင်းစွာကြံစည်မှု" ပင် ဖြစ်သည်ကို တွေ့မြင်နိုင်သည်၊ ဤသို့တွေ့မြင်ရသဖြင့် အဘိဓမ္မာဟူသည် ငါတို့ကိုယ်တိုင် သိမြင်နိုင်သောတရားပါတကား၊ ငါတို့ နေ့စဉ်ပြုလုပ်ပြောဆိုကြံစည်နိုင်သော တရားပါတကားဟု ကွက်ကွက်ကွင်းကွင်း သဘောပေါက်လာမည်၊ ကုသလာ ဓမ္မာ အရ ကုသိုလ်တရားဟူသည် ပိဋကတ်သုံးပုံ စာအုပ်ကြီးတွေ၌ မှတ်တမ်းတင်ရုံမျှသာ ဖြစ်ပါတကား၊ ငါတို့ကိုယ်နှုတ်စိတ်တို့၌သာ ရှိနေပါတကား၊ ဖြစ်ပေါ်နိုင်ပါတကားဟု တိတိကျကျ သိလာမည်ဖြစ်သည်။

ဤသို့ သိလာသည့်အခါ၌ နိက္ခေပကဏ္ဍသည် စိတ္တုပ္ပါဒကဏ္ဍနှင့် နှိုင်းယှဉ်သော် အုံ့သြ၍မဆုံးနိုင်အောင် ဏျဉ်း၍နေသော်လည်း အလွန်ဉာဏ်နုသော အဘိဓမ္မာသုတေသီ ပုဂ္ဂိုလ်တို့အတွက် အားကိုးရာအစစ် မှီခိုရာအစစ်ဖြစ်ပါပေတကားဟု နိက္ခေပကဏ္ဍ၏ အတိမ် အနက်ကို မှန်းဆနိုင်လာမည်။

ဤသို့ မြတ်စွာဘုရားသည် သစ်ပင်တပင်ကို ပြရာ၌ အမြစ်ကိုရင်း ပင်စည်ကိုရင်း အသီးအပွင့်တို့ကိုရင်း ကိုင်၍ပြသကဲ့သို့ ကုသလာ ဓမ္မာ ပုဒ်အရ ကုသိုလ်တရားတို့ကို ပြရာ၌ အရင်းအမြစ် (မူလ) တရားအားဖြင့် ကိုင်၍ ပြတော်မူသည်၊ ပင်စည် (ခန္ဓာ) အားဖြင့် ကိုင်၍ပြတော်မူသည်၊ အသီးအပွင့်(ကံ)အားဖြင့် ကိုင်၍ ပြတော်မူသည်၊ထို့ အတူ အကုသလာ ဓမ္မာ ပုဒ်အရ အကုသိုလ်တရားတို့ကို ပြရာ၌လည်း အရင်းအမြစ် (မူလ) တရားအားဖြင့် ကိုင်၍ ပြတော်မူသည်၊ ပင်စည် (ခန္ဓာ)အားဖြင့် ကိုင်၍ပြတော်မူသည်၊ အသီးအပွင့်(ကံ)အားဖြင့် ကိုင်၍ပြတော်မူသည်။

အဗျာကတာ ဓမ္မာ ပုဒ်၌ ဝိပါက် ကြိယာတရားတို့ကို ဘုံအားဖြင့်ရင်း ခန္ဓာအားဖြင့်ရင်း စုပေါင်း၍ အကျဉ်းချုပ်ပြတော်မူသည်၊ ရုပ်နှင့် နိဗ္ဗာန်ကိုကား သာမညအားဖြင့် ပြတော်မူသည်။

## နိက္ခေပကဏ္ဍ ဝေဒနာတိက်

ဓမ္မသင်္ဂဏီကျမ်း၌ ကုသလတိက်ကို စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် အကျယ်အားဖြင့်လည်း ပြတော်မူသည်၊ နိက္ခေပကဏ္ဍဖြင့် အကျဉ်းအားဖြင့်လည်း ပြတော်မူသည်။

ဝေဒနာတိက်စသော တိက်,ဒုက်တို့ကိုမူကား စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် အကျယ်အားဖြင့် ပြတော်မမူ၊ နိက္ခေပကဏ္ဍဖြင့်သာ အကျဉ်းအားဖြင့် ပြတော်မူသည်၊ ယင်းသို့ အကျယ်အားဖြင့် မပြမူ၍ အကျဉ်းအားဖြင့်သာ ပြတော်မူရခြင်း၏ အဓိပ္ပါယ်အပြည့်အစုံကို နိက္ခေပကဏ္ဍဝေဒနာတိက်စသည်တို့၌ပါသော သဘောတရားတို့ကို လေ့လာကြည့်လျှင် သိနိုင်ပေသည်။

မြတ်စွာဘုရားသည် နိက္ခေပကဏ္ဍဖြင့် ဝေဒနာတိက်ကို ဖွင့်ပြရာ၌—

(က) သုခဘုံ

(ခ) ဒုက္ခဘုံ

(ဂ) အဒုက္ခမသုခဘုံဟူ၍ စိတ် စေတသိက်တရားတို့သည် ခံစားမှု (ဝေဒနာ)၏ ဖြစ်ပေါ်ရာဌာနဖြစ်သောကြောင့် ယင်း စိတ် စေတသိက်တရားတို့ကို (ဘုံ) ဟူသော ဝေါဟာရဖြင့် ရှေးဦးစွာ အကျဉ်းချုံး၍ ပြတော်မူသည်။

(က) သုခဘုံကိုလည်း ကာမသုခဘုံ, ရူပသုခဘုံ, လောကုတ္တရသုခဘုံဟူ၍ တဆင့်တက်၍ သုံးမျိုးခွဲပြတော်မူသည်။

http://www.dhammadownload.com



ကာမသုခဘုံဟူသည် စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော ကာမသောမနဿသဟဂုတ် စိတ် စေတသိက်တို့ပင် ဖြစ်သည်။

ရူပသုခဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော ရူပါဝစရသောမနဿသဟဂုတ် စိတ် စေတသိက်တို့ပင် ဖြစ်သည်။

လောကုတ္တရသုခဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော လောကုတ္တရသောမနဿသဟဂုတ်စိတ်, စေတသိက်တို့ပင် ဖြစ်သည်။

ယင်း စိတ် စေတသိက်များကို အကျယ်ပြလိုသော် စိတ္တုပ္ပါဒကဏ္ဍ၌ကဲ့သို့ နည်းအမျိုးမျိုးဖြင့် ခွဲခြား၍ပြရမည်ပင် ဖြစ်သည်၊ သို့သော် မြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍကို လေ့လာပြီးပါက သိစွမ်းနိုင်ကြလိမ့်မည်ဟု သဘောထားတော်မူ၍ ယင်းစိတ် စေတသိက်တရားများကို ဤနိက္ခေပကဏ္ဍ၌ ခန္ဓာလေးပါးဖြင့် အကျဉ်းချုံး၍ ပြတော်မူသည်။

(ခ) ဒုက္ခဘုံကိုကား ကာမဒုက္ခဘုံဟု တခုသာ ပြတော်မူသည်၊ ကာမဒုက္ခဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော ဒုက္ခသဟဂုတ်စိတ် စေတသိက်တို့ပင် ဖြစ်သည်။

(ဂ) အဒုက္ခမသုခဘုံကိုကား ကာမဥပေက္ခာဘုံ ရူပဥပေက္ခာဘုံ အရူပဥပေက္ခာဘုံ လောကုတ္တရဥပေက္ခာဘုံဟူ၍ အစဉ်တက်၍ လေးမျိုးပြတော်မူသည်။

ကာမဥပေက္ခာဘုံဟူသည် စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော ကာမဥပေက္ခာသဟဂုတ် စိတ်, စေတသိက်တို့ပင် ဖြစ်သည်။

ရူပဥပေက္ခာဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ပြဆိုခဲ့သော ရူပါဝစရပဉ္စမဈာန် စိတ်, စေတသိက်တို့ပင် ဖြစ်သည်။

အရူပဥပေက္ခာဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော အရူပါဝစရ ပဉ္စမဈာန် စိတ်,စေတသိက်ပင် ဖြစ်သည်။

လောကုတ္တရဥပေက္ခာဘုံဟူသည်မှာလည်း စိတ္တုပ္ပါဒကဏ္ဍ၌ ပြဆိုခဲ့သော လောကုတ္တရပဉ္စမဈာန် စိတ်,စေတသိက်တို့ပင် ဖြစ်သည်။

ယင်းစိတ်စေတသိက်တရားများကိုလည်း အကျယ်ပြလိုသော် စိတ္တုပ္ပါဒကဏ္ဍ၌ကဲ့သို့ နည်းအမျိုးမျိုးဖြင့် ခွဲခြား၍ပြရမည်ပင် ဖြစ်သည်၊ သို့သော် မြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍကို လေ့လာပြီးပါက သိစွမ်းနိုင်ကြလိမ့်မည်ဟု သဘောထားတော်မူ၍ ယင်းစိတ်, စေတသိက်တရားတို့ကို ဤနိက္ခေပကဏ္ဍ၌ ခန္ဓာလေးပါးဖြင့် အကျဉ်းချုံး၍ ပြတော်မူသည်။

ဤသို့ ဝေဒနာတိက်၌ အကျဉ်းချုံး၍ ဟောတော်မူပုံကို လေ့လာကြည့်ရှုလျှင် နိက္ခေပကဏ္ဍဖြင့် အကျဉ်းချုံး၍ ပြထားသောနည်းသည် စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် တွဲဖက်၍ လေ့လာမှသာလျှင် စိတ် စေတသိက် ရုပ်တို့၏ အဓိပ္ပါယ်ကိုပြည့်စုံအောင် သိနိုင်မည်။

မြတ်စွာဘုရားသည် ဝေဒနာတိက်စသော တိက်,ဒုက်တို့ကို စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍတို့ဖြင့် အကျယ်ဟောတော် မမူခြင်း၏ အဓိပ္ပါယ်ကိုလည်း သိလာမည်၊ နိက္ခေပကဏ္ဍ၏အရကောက် စိတ်, စေတသိက်, ရုပ်တို့၏ အဓိပ္ပါယ်အပြည့်အစုံကို အဋ္ဌကထာ ဋီကာတို့၌ ရှာဖွေသော်လည်း တွေ့နိုင်

http://www.dhammadownload.com



မည်မဟုတ်၊ စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့၌သာ ရှာဖွေ၍ ယူရမည်ကိုလည်း သဘောပေါက်လာမည်၊ ဤဓမ္မသင်္ဂဏီကျမ်းသည် ဓမ္မသဘာဝအားဖြင့်သာ နက်နဲသည်မဟုတ်၊ ဟောကြားပုံ အစီအစဉ်အားဖြင့်လည်း နက်နဲနေပုံကို လက်တွေ့မြင်လာမည်။

ဤကား နိက္ခေပကဏ္ဍ ဝေဒနာတိက်အဖွင့်ကို လေ့လာစူးစမ်းချက်မျှသာ ဖြစ်ပါသတည်း။

# ၄-အဋ္ဌကထာ ကဏ္ဍ

ဓမ္မသင်္ဂဏီကျမ်း၏ခေါင်းစဉ်(မာတိကာ)ကား တိက် ၂၂-တိက်၊ ဒုက် ၁၄၂-ဒုက်ဖြစ်သည်။ ယင်းတိက်, ဒုက်တို့တွင် ကုသလတိက်ကို စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့ဖြင့် အကျယ်အားဖြင့် ပြတော်မူသည်၊ ကုသလတိက်နှင့်တကွ ကြွင်းသောတိက်, ဒုက်အားလုံးကို နိက္ခေပကဏ္ဍဖြင့် မကျဉ်းမကျယ် ပြတော်မူသည်၊ ယင်းကဏ္ဍသုံးပါးတို့ဖြင့်ပင် ဓမ္မသင်္ဂဏီကျမ်း၏ခေါင်းစဉ် (မာတိကာ)အရ ဖွင့်ဆိုရမည့်တာဝန်သည် ပြီးဆုံးခြင်းသို့ ရောက်လေပြီ။

ယင်းသို့ပြီးဆုံးငြားသော်လည်း အဘိဓမ္မာစာသင်သားအချို့သည် နိက္ခေပကဏ္ဍမျှဖြင့် တိက်, ဒုက်တို့၏ အရကောက်တို့ကို သရုပ်အရေအတွက်နှင့်တကွ ကောက်ယူရာ၌ တွေဝေ၍ နေကြကုန်သည်၊ သရုပ်အရေအတွက် စိတ်, စေတသိက်, ရုပ်တို့သည် စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့၌ ပါရှိငြားသော်လည်း နေရာအနှံ့ အပြား ပြန့်ကြဲဖြစ်၍နေသည်၊ ယင်းသို့ ပြန့်ကြဲဖြစ်၍နေသော စိတ်, စေတသိက်, ရုပ်တို့ကို တိက်, ဒုက်တို့နှင့် လျော်ညီစွာ သရုပ်အရေအတွက်နှင့်တကွ တိတိကျကျ ဖွင့်ပြတော်မူလိုသောကြောင့်မြတ်စွာဘုရားသည် အဋ္ဌကထာကဏ္ဍကိုဆက်လက်၍ဟောတော်မူရသည်။

“နိက္ခေပကဏ္ဍသည် တိက်, ဒုက်တို့၏ သရုပ်အဓိပ္ပါယ်ကို မကျဉ်းမကျယ်အားဖြင့် ပြတော်မူသည်၊ အဋ္ဌကထာကဏ္ဍသည် တိက်, ဒုက်တို့၏ သရုပ်အဓိပ္ပါယ်ကို **အကျဉ်းအားဖြင့်** ပြတော်မူသည်”ဟု အဋ္ဌကထာဆရာမြတ်တို့ ဖွင့်ဆိုကြသည်၊ ယင်းသို့ဖွင့်ဆိုကြသော စကားသည် တိက်, ဒုက်အားလုံးတို့၏ အဖွင့်ပါဠိတော် စာမျက်နှာအနည်းအများကို ထောက်ထားသော် မှန်ပေသည်၊ သုတ္တန္တိက မာတိကာကို အဋ္ဌကထာကဏ္ဍ၌ ဟောတော်မမူသည်ကို ထောက်ထားသော် မှန်ပေသည်၊ အချို့ အချို့သော တိက်, ဒုက်တို့၌ သုတ္တန္တဘာဇနီယနည်းအားဖြင့် အကျယ်ဝေဖန်ထားသည်ကို ထောက်ထားသော် မှန်ပေသည်၊ သို့သော် အဘိဓမ္မာနည်းစစ်စစ် စိတ် စေတသိက်တို့၏ သရုပ်သဘောကို ဖော်ပြရာ၌ကား အဋ္ဌကထာကဏ္ဍသည် နိက္ခေပကဏ္ဍထက် များစွာကျယ်ဝန်း၍နေသည်ကို တွေ့မြင်နိုင်လေသည်။

သာဓကအားဖြင့် တင်ပြရသော် ဝေဒနာတိက်ကို နိက္ခေပကဏ္ဍနည်းဖြင့် ဖွင့်ပြရာ၌ ရသင့်ရထိုက်သော စိတ်စေတသိက်တို့ကို ဘုံအားဖြင့်၎င်း ခန္ဓာအားဖြင့်၎င်း စုပေါင်း၍ သာမညအားဖြင့် ပြတော်မူသည်။

အဋ္ဌကထာကဏ္ဍ၌ကား သုခသဟဂုတ် စိတ်စေတသိက်၊ ဒုက္ခသဟဂုတ် စိတ်စေတသိက်၊ ဥပေက္ခာသဟဂုတ် စိတ်, စေတသိက်ဘို့ကို သရုပ်အရေအတွက်နှင့်တကွ အကျယ်အားဖြင့် ပြတော်မူသည်။

ထို့ပြင် ဝိတက်တိက်ကို နိက္ခေပကဏ္ဍနည်းဖြင့် ဖွင့်ပြရာ၌ ရသင့်ရထိုက်သော စိတ်စေတသိက်တို့ကို ဘုံအားဖြင့်၎င်း ခန္ဓာအားဖြင့်၎င်း စုပေါင်း၍ သာမညအားဖြင့် ပြတော်မူသည်။

အဋ္ဌကထာကဏ္ဍ၌ကား သဝိတက္ကသဝိစာရစိတ် စေတသိက်, အဝိတက္ကဝိစာရမတ္တစိတ် စေတသိက်, အဝိတက္ကအဝိစာရဧိတ် စေတသိက်တို့ကို သရုပ်အရေအတွက်နှင့်တကွ အကျယ်အားဖြင့် ပြတော်မူသည်။

ထို့အတူ ပီတိတိက်စသည်တို့၌လည်း အဋ္ဌကထာကဏ္ဍသည် နိက္ခေပကဏ္ဍထက် ကျယ်ဝန်းနေသည်ကို တွေ့မြင်နိုင်သည်၊

အာသဝ, နီဝရဏ, သညောဇနစသော တရားတို့ကို နိက္ခေပကဏ္ဍနည်းဖြင့် ဖွင့်ပြသော အချို့နေရာတို့၌ကား နိက္ခေပကဏ္ဍသည် အဋ္ဌကထာကဏ္ဍထက် အနည်းငယ် ကျယ်ဝန်းနေသည်ကို တွေ့ရမည်၊ ယင်းသို့ပင် ကျယ်ဝန်းသော်လည်း—

(က) ကာမာသဝသည် မည်သည့် စိတ်, စေတသိက်တို့နှင့် ယှဉ်သည်၊

(ခ) ဘဝါသဝသည် မည်သည့် စိတ်, စေတသိက်တို့နှင့် ယှဉ်သည်၊

(ဂ) ဒိဋ္ဌာသဝသည် မည်သည့် စိတ်, စေတသိက်တို့နှင့် ယှဉ်သည်၊

(ဃ) အဝိဇ္ဇာသဝသည် မည်သည့် စိတ်, စေတသိက်တို့နှင့် ယှဉ်သည်

စသောအားဖြင့် အဋ္ဌကထာကဏ္ဍ၌ကဲ့သို့ စိတ်, စေတသိက်အမည်များကို သရုပ်အားဖြင့် ဖော်ပြ၍ ဟောတော်မမူချေ၊ သုတ္တန္တဘာဇနီယနည်းအားဖြင့်သာ အကျယ်ချဲ့၍ ဟောတော်မူသည်၊ ယင်းသို့ ကျယ်သည်ဟု ဆိုနိုင်သောနေရာတို့၌ပင် စိတ္တုပ္ပါဒကဏ္ဍ၌လာသော စိတ် စေတသိက် ရုပ်များကို တိတိကျကျ ဖော်ပြမထားသည်ကို တွေ့မြင်နိုင်သည်၊ ထို့ထက် ထူးခြားသော နေရာတို့ကား—

(က) ကာမကို အာရုံပြုသောတရား

(ခ) မဟဂ္ဂုတ်ကို အာရုံပြုသောတရား

(ဂ) နိဗ္ဗာန်ကို အာရုံပြုသောတရားများ(ပရိတ္တာရမ္မဏတိက်)

(က) အတိတ်ကို အာရုံပြုသောတရား

(ခ) အနာဂတ်ကို အာရုံပြုသောတရား

(ဂ) ပစ္စုပ္ပန်ကို အာရုံပြုသောတရားများ (အတီတာရမ္မဏတိက်)

(က) အဇ္ဈတ္တကို အာရုံပြုသောတရား

(ခ) ဗဟိဒ္ဓကို အာရုံပြုသောတရား

(ဂ) အဇ္ဈတ္တ ဗဟိဒ္ဓကို အာရုံပြုသောတရား(အဇ္ဈတ္တာရမ္မဏတိက်)စသော အာရမ္မဏတိက်တို့ကို နိက္ခေပကဏ္ဍနည်းဖြင့် ဝေဖန်ရာ၌ မည်သည့်စိတ် စေတသိက်များ ဖြစ်သည်ဟု သရုပ်အားဖြင့် တိတိကျကျဖွင့်ပြတော်မမူချေ၊ အကျဉ်းဆုံးနည်းအားဖြင့်သာ ပြတော်မူသည်။

အဋ္ဌကထာ၌ကား—

(က) ကာမကို ကေန် အာရုံပြုသောတရား၊ အနေကန် အာရုံပြုသောတရား။

(ခ) မဟဂ္ဂုတ်ကို ကေန် အာရုံပြုသောတရား၊ အနေကန် အာရုံပြုသောတရား။

http://www.dhammadownload.com



(ဂ) နိဗ္ဗာန်ကို ကြေန် အာရုံပြုသောတရား အနေကန် အာရုံပြုသောတရား စသည်ဖြင့် သရုပ်အရေအတွက်နှင့်တကွ အကျယ်ဆုံး နည်းအားဖြင့် ပြတော်မူသည်။

ဤနက်နဲလှသော အာရမ္မဏတိက်တို့၏ အဋ္ဌကထာကဏ္ဍကို လေ့လာကြည့်လျှင် နိက္ခေပကဏ္ဍထက် များစွာ ကျယ်ဝန်းနေသည်ကို တွေ့မြင်ရသည်၊ အဋ္ဌကထာကဏ္ဍကို ဆက်လက်၍ မဟောကြားခဲ့သော် အဘိဓမ္မာစာသင်သားတို့သည် တိက်, ဒုက်တို့ကို စိတ် စေတသိက်တို့ဖြင့် ဝေဖန်ရာ၌ ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာအပြင်ကို လက်ပစ်ကူးရသည်ထက် ခဲယဉ်းမည့်အရေးကို တွေးမိလာမည်၊ နိက္ခေပကဏ္ဍဖြင့် တိက်, ဒုက်အားလုံးတို့၏ အရကောက်ကို ဟောကြားတော်မူပြီးပါလျက် အဋ္ဌကထာကဏ္ဍဖြင့် တိက်, ဒုက်တို့၏ အရကောက်ကိုပင် တဖန်ဆက်လက်၍ ဟောကြားတော်မူရပုံကိုလည်း စဉ်းစားမိလာမည်၊ **နိက္ခေပကဏ္ဍ၌ သုတ္တန္တိကမာတိကာကို ဟောတော်မူသကဲ့သို့ အဋ္ဌကထာကဏ္ဍ၌ ဟောတော်မမူခြင်း၏ အဓိပ္ပါယ်ကိုလည်း သဘောပေါက်လာမည်။** အဋ္ဌကထာကဏ္ဍ၌ အဘိဓမ္မာနည်း သက်သက်ကိုသာ ဟောတော်မူသောကြောင့်တည်း။

## အဘိဓမ္မာ ၇-ကျမ်း၏ အသည်းနှလုံး

ဤသို့ သဘောပေါက်လာသော် ပိဋကတ်သုံးပုံ၌ လာရှိသော အဘိဓမ္မာအဆီအနှစ်အားလုံးသည် ဤအဋ္ဌကထာကဏ္ဍ၌ စုပုံနေပါတကားဟု အဋ္ဌကထာကဏ္ဍ၏ နက်နဲပုံကိုလည်း သိလာသည်၊ ဤအဋ္ဌကထာကဏ္ဍသည် အဘိဓမ္မာ ၇-ကျမ်း၏ အသည်းနှလုံးဖြစ်ပါပေတကားဟု အဘိဓမ္မာ၏ အခြေအမြစ် လမ်းစကိုလည်း တွေ့မြင်လာသည်၊ ဤအဋ္ဌကထာကဏ္ဍသည် အဘိဓမ္မာကျမ်းပြု အကျော်အမော် အဋ္ဌကထာဆရာတော်များ၏ မှီငြမ်းတခု မျက်ရှုကြေးမုံဖြစ်ပါတကားဟု အဘိဓမ္မာအဋ္ဌကထာဆရာကြီးတို့၏ ကိုးကွယ်ရာဖြစ်သည်ကိုလည်း သတိပြုမိလာမည်၊ ဤသို့ အနုလုံ ပဋိလုံ အဖန်ဖန် အထပ်ထပ် သတိပြုမိလာမှသာလျှင် အဋ္ဌကထာကဏ္ဍကို ပိဋကတ်သုံးပုံနှင့် တန်းတူ အလေးပေး၍ ချီးကျူးရေးသားထားသော အဋ္ဌကထာဆရာကြီး၏ ဉာဏ်စွမ်းကို မြှော်မှန်း၍ ရှိခိုးကော်ရော် ပူဇော်နိုင်ကြလိမ့်မည်တကား။

ဤကား အဋ္ဌကထာကဏ္ဍ၏ အဆီအနှစ်များကို နိက္ခေပကဏ္ဍနှင့် နှိုင်းယှဉ်၍ လေ့လာဖော်ပြချက်ပင် ဖြစ်ပါသည်။

## ဓမ္မသင်္ဂဏီ၏ မှတ်သားဖွယ်ရာ အနှစ်သာရ

ဓမ္မသင်္ဂဏီအဘိဓမ္မာကျမ်းသည် တရားတော်၏ အဆီအနှစ်အရသာအတိ ပြည့်ဝလှသည်၊ ထိုတရားအရသာတို့ကို တင်းပြည့် ကျပ်ပြည့် သုံးဆောင်ခံစားခွင့်မရကြသေးသည့် သုတေသီ ပညာရှင်တို့အဘို့ နမူနာအမြီးသဘောဖြင့် အနည်းငယ်ထုတ်နုတ်၍ ဖော်ပြပါအံ့၊ သမုဒ္ဒရာ ရေတစက်၏ ငန်သောအရသာကို သိရှိမှုနှင့် ကြွင်းကျန်သော ရေပြင်ရေထုကြီးသည်လည်း ငန်သော အရသာရှိကြောင်း သိရသကဲ့သို့ ဓမ္မသင်္ဂဏီကျမ်းမှ အနည်းငယ်မျှသော ကောက်နုတ်ချက်နှင့်ပင် တရားအဆီအနှစ်တခုလုံးကို မြှော်မှန်းနိုင်မည် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် ကျမ်းဂန်များ၌ မြတ်စွာဘုရားနှင့်တကွ တရားတော် သံဃာတော်များအား ကိုးကွယ်သူများကို 'သမ္မာဒိဋ္ဌိက အယူရှိကြသူ'ဟူ၍ သုံးနှုန်းခေါ်တွင်ကြောင်း ထင်ရှားသည်။ သို့ရာတွင် မြန်မာပြည်ကို တိုင်းတပါးသား အင်္ဂလိပ်လူမျိုး

http://www.dhammadownload.com



များ ဝင်ရောက်လာသောအခါကျမှသာ ဗုဒ္ဓအယူကို 'ဗုဒ္ဓဘာသာ'ဟု ခေါ်ဝေါ် သုံးနှုန်းကြောင်း လူကြီးသူမ ပညာရှိများ၏ အစဉ်အဆက်စကားရှိလေသည်။

"**ဓမ္မပဒအဋ္ဌကထာ၊ပကိဏ္ဏကဝဂ်၊ဒါရုသာကဋိကပုတ္တဝတ္ထု**" ၂၈၄-၌မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ——

ရာဇဂဟသ္မိံ ဟိ သမ္မာဒိဋ္ဌိကပုတ္တော မိစ္ဆာဒိဋ္ဌိကပုတ္တောတိ ဒွေ ဒါရကာ အဘိက္ခဏံ ဂုဠကီဠံ ကီဠန္တိ၊ တေသု သမ္မာဒိဋ္ဌိကပုတ္တော ဂုဠံ ခိပမာနော ဗုဒ္ဓါနုဿတိံ အာဝဇ္ဇေတွာ "နမော ဗုဒ္ဓဿာ"တိ ဝတွာ ဂုဠံ ခိပတိ။ ။ဟု ပြတော်မူသည်။

အနက်ကား။ ။ရာဇဂြိုဟ်ပြည်၌ **သမ္မာဒိဋ္ဌိကအမျိုးသားသူငယ်** **မိစ္ဆာဒိဋ္ဌိကအမျိုးသား** သူငယ်နှစ်ဦးတို့သည် အစဉ်မပြတ် ဂုံညင်းပစ်၍ ကစားကြကုန်၏၊ ထိုအမျိုးသားသူငယ်နှစ်ဦးတို့ တွင် **သမ္မာဒိဋ္ဌိကအမျိုးသားသူငယ်သည်** ဂုံညင်းပစ်သည့်ရှိသော် 'ဗုဒ္ဓါနုဿတိ' မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင်လျက် "နမော ဗုဒ္ဓဿ"(မြတ်စွာဘုရားအား ရှိခိုးပါ၏)ဟု ဆို၍ ဂုံညင်းပစ်ကစားသည့်အခါ ဂုံညင်းနိုင်ပေသည်။

ထို့ပြင် ၎င်း "**ဓမ္မပဒအဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဂရဟဒိန္နဝတ္ထု**" ၂၇၉-၌လည်း——

မဟာဇနော သန္နိပတိ၊ **မိစ္ဆာဒိဋ္ဌိကာပိ** သမဏဿ ဂေါတမဿ ဝိပ္ပကာရံ ပဿိဿာမာတိ သန္နိပတန္တိ။ **သမ္မာဒိဋ္ဌိကာပိ** အဇ္ဇ သတ္ထာ မဟာဓမ္မဒေသနံ ဒေသေဿတိ၊ ဗုဒ္ဓဝိသယံ ဗုဒ္ဓလီလံ ဥပဓာရေဿာမာတိ သန္နိပတန္တိ။ ။ဟု ပြတော်မူခဲ့သည်။

အဓိပ္ပါယ်ကား။ ။"များစွာသော လူပရိသတ်အပေါင်းသည် စည်းဝေးကြလေ၏၊**မိစ္ဆာဒိဋ္ဌိက** အမျိုးသား အမျိုးသမီးတို့သည်လည်း ရဟန်းဂေါတမ၏ ဖောက်ပြန်ခြင်းကို ကြည့်ရှုကြကုန်အံ့ဟု စည်းဝေးကြကုန်၏၊ **သမ္မာဒိဋ္ဌိကအမျိုးသား** အမျိုးသမီးတို့သည်လည်း ဤယနေ့ ငါတို့ဆရာ မြတ်စွာဘုရားသည် ကြီးကျယ်များမြတ်လှစွာသော တရားဒေသနာတော်ကို ဟောတော်မူလိမ့်အံ့၊ မြတ်စွာဘုရား၏ အရာဌာနသာဖြစ်သော မြတ်စွာဘုရား၏ တင့်တယ်တော်မူခြင်းကို စူးစမ်း ဖူးမြင်ကြကုန်အံ့"ဟု စည်းဝေးကြလေကုန်၏။

ဤကား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအား ကိုးကွယ်ကြသူ လူ နတ် ဗြဟ္မာအပေါင်းတို့ကို "**သမ္မာဒိဋ္ဌိက အယူရှိကြသူ**"ဟူ၍ သာသနာဝင်ကျမ်းဂန်များ၌ သုံးနှုန်းရေးသားခေါ်ဝေါ်ခဲ့ ကြောင်း သာဓကတင်ပြချက် ဖြစ်ပေသည်။

**ထို့ကြောင့်**

**သမ္မာဒိဋ္ဌိက(ဗုဒ္ဓဘာသာ) အမျိုးကောင်းသား အမျိုးကောင်းသမီး စင်စစ် ဖြစ်လိုကြပါလျှင်——**

အဘယ်ကဲ့သို့သော အခြေခံအယူဝါဒ (အယူအဆ) ရှိရပါလိမ့်မည်နည်းဟု သိရှိနားလည်ရန် "ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဘာသာပြန်" ဥယျာဉ်တော်ကြီးအတွင်းမှာ ရှာဖွေကြရပေလိမ့်မည်၊ စေ့စေ့စပ်စပ် သတိပြု၍ ကြည့်ရှုရှာဖွေလိုက်သည့်အခါ "**ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဘာသာပြန်ပဒ အမှတ် (၁၃၇၁)**"၌ ကောင်းစွာ တွေ့မြင်သိရှိကြရပေမည်။

http://www.dhammadownload.com



## သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံမှုသည် အဘယ်နည်း

(၁) ပေးလှူရခြင်း၏အကျိုး (ကျေးဇူး)သည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ ဒိန္နံ)။

(၂) ယင်ကြီး (အလှူကြီး) ပူဇော်ရခြင်း၏ အကျိုး(ကျေးဇူး)သည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ ယိဋ္ဌံ)။

(၃) ယင်ငယ် (အလှူငယ်) ပူဇော်ရခြင်း၏အကျိုး(ကျေးဇူး)သည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ ဟုတံ)။

(၄) ကောင်းစွာပြုအပ် (မကောင်းသဖြင့် ပြုအပ်)သော (ကောင်းမှု၊မကောင်းမှု) ကံတို့၏ အကျိုးဖျား (အကျိုးဆက်) ဖလ၊ အကျိုးရင်း 'ဝိပါက်'သည် အဟုတ်ရှိ၏၊ အမှန်ရှိ၏၊ (အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော)။

(၅) ဤလောကသည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ အယံ လောကော)။

(၆) တမလွန်လောကသည် အဟုတ်ရှိ၏၊ အမှန်ရှိ၏၊ (အတ္ထိ ပရော လောကော)။

(၇) အမိ၌ကောင်းစွာပြုခြင်း မကောင်းသဖြင့်ပြုခြင်း၏ အကျိုးကျေးဇူးသည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ မာတာ)။

(၈) အဖ၌ကောင်းစွာပြုခြင်း မကောင်းသဖြင့်ပြုခြင်း၏ အကျိုးကျေးဇူးသည် အဟုတ်ရှိ၏၊ အမှန်ရှိ၏ (အတ္ထိ ပိတာ)။

(၉) သေ၍ဘဝန်ဖြစ်ပြန်သောသတ္တဝါတို့သည် အဟုတ်ရှိကုန်၏၊ အမှန်ရှိကုန်၏ (အတ္ထိ သတ္တာ ဩပပါတိကာ)။

(၁၀) ဤလောကကိုရင်း တမလွန်လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ညီညွတ်ကုန်သော၊ ကောင်းသောအကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် လောက၌ အဟုတ်ရှိကုန်၏၊ အမှန်ရှိကုန်၏။ (အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ)။

ဟူ၍ ဤဆယ်ချက်သော "ဒသ ဝတ္ထုက-သမ္မာဒိဋ္ဌိ"နှင့် ပြည့်စုံမှသာလျှင် သမ္မာဒိဋ္ဌိက-အမျိုးကောင်းသား အမျိုးကောင်းသမီး စင်စစ် ဖြစ်နိုင်ကြပေလိမ့်မည်။

## ရှင်းလင်းချက်

(၁) အတ္ထိ ဒိန္နံ-အရ "စွန့်ကြဲပေးကမ်းလှူဒါန်းမှုဒါန စေတနာဓမ္မဓာတ်၏ အကျိုးရင်းနှင့် ကောင်းကျိုးအဆင့်ဆင့် ကောင်းကျိုးအဆက်ဆက်သည်ကား မုချ ကေန်အမှန်ရှိပါတကား"ဟူ၍ အယူမှန်ခြင်း အပြောမှန်ခြင်း ယုံကြည်ခြင်းတည်း၊ စွန့်ကြဲပေးကမ်းလှူဒါန်း၍ အကြောင်းမထူးပါဘူးဟု ဆိုသော အဟေတုကဝါဒ၊ စွန့်ကြဲပေးကမ်းလှူဒါန်း၍ အကျိုးမရှိပါဘူးဟု ဆိုသော နတ္ထိကဝါဒ၊ ဤအပြုအမူမျိုးတွေ ပြုနေစရာမလိုပါဘူးဟု ဆိုသော အကိရိယဝါဒ ကြီးများဖြင့် အယူဝါဒ မမှားပါစေလင့်ဟူ၍ ဆိုလိုသည်။ (ကံ-၁၂၂၁-ဒိဋ္ဌုပါဒါန-မှာ ကြည့်ရန်)။

ဤကား သမ္မာဒိဋ္ဌိအယူဝါဒအမှတ်(၁) ဖြစ်ပေသည်။

http://www.dhammadownload.com



(၂) အတ္ထိ ယိဋ္ဌံ (ယဇ်ကြီးအလှူကြီး ပူဇော်ရခြင်း) အရ ရတနာသုံးဖြာ ဆရာ မိဘ၊ ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိ သီလသမာဓိပညာရှိသူတော်ကောင်းတို့ကို အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် (ဝါ) တစုံတခုဝတ္ထုဖြင့် ပူဇော်မှု၊ အရိုအသေပြု၍ ပူဇော်မှုတည်းဟူသော ယဉ်ကျေးမှုတို့ဖြင့် ပူဇော်ကြရပေသည်၊ သို့သော် ထိုပူဇော်မှုမျိုးကို ပြုလိုမှ ပြုနိုင်မှု၊ အကြောင်းညီညွတ်မှ ပြုရမည်ဖြစ်သည်၊ထိုသို့ကာယကံမြောက် မပြုနိုင်ငြားသော်လည်း ပူဇာစ စေတနာ ဓမ္မဓာတ်ကြီး၏ အကျိုးရင်းနှင့်တကွ ကောင်းကျိုးအဆင့်ဆင့် ကောင်းကျိုး အဆက်ဆက်တို့သည် မုချကေန် အမှန်ရှိပါတကား ဟူ၍ အယူမှန်ခြင်း အပြောမှန်ခြင်း ယုံကြည်ခြင်းတို့တည်း၊အရိုအသေပြုနေ၍ ပူဇော်နေ၍ အကြောင်းမထူးပါဘူး ဟူသော 'အဟေတုကဝါဒ'၊ အကျိုးမရှိပါဘူး ဟူသော 'နတ္ထိကဝါဒ'၊ ဤအပြုအမူမျိုးတွေ ပြုနေစရာ မလိုပါဘူးဟု ဆိုသော'အကိရိယဝါဒ'ကြီးများဖြင့် အယူဝါဒ မမှားပါစေလင့်ဟူ၍ ဆိုလိုသည်။

ဤကား သမ္မာဒိဋ္ဌိအယူဝါဒအမှတ် (၂) ဖြစ်ပေသည်။

(၃) အတ္ထိ ဟုတံ (ယဇ်ငယ် အလှူငယ် ပူဇော်ရခြင်း) အရ လက်ဆောင်ပေးခြင်း ဧည့်သည် အာဂန္တုလာ၍ ထိုဧည့်သည် အာဂန္တုတို့ကို ဧည့်ဝတ်စောင်ဝတ်ပြုခြင်း လောကမင်္ဂလာ အမျိုးမျိုးတို့အတွက် မင်္ဂလာယဉ်ကျေးမှု အမျိုးမျိုးတို့ကို ပြုလုပ်လျက်ရှိကြပေသည်၊ သို့သော် ထိုမင်္ဂလာယဉ်ကျေးမှုတို့ကို ပြုလိုမှ ပြုနိုင်မှ အကြောင်းညီညွတ်မှ ပြုရမည် ဖြစ်သည်၊ ထိုသို့ကာယကံမြောက် ဝစီကံမြောက် မပြုနိုင်ငြားသော်လည်း စေတနာ ပြဋ္ဌာန်းသော ကုသိုလ်မနောဝိညာဏဓာတ်ကြီး၏ အကျိုးရင်းနှင့်တကွ ကောင်းကျိုး အဆင့်ဆင့် ကောင်းကျိုးအဆက်ဆက်တို့သည် မုချ ကေန် အမှန်ရှိပါတကားဟူ၍ အယူမှန်ခြင်း အပြောမှန်ခြင်း ယုံကြည်ခြင်းတို့တည်း၊လောကီ မင်္ဂလာ ကုသိုလ်မျိုးပြုနေ၍ အကြောင်းမထူးပါဘူးဟု ဆိုသော 'အဟေတုကဝါဒ'၊ အကျိုးမရှိပါဘူးဟု ဆိုသော 'နတ္ထိက' အယူဝါဒ၊ဤအပြုအမူမျိုးတွေပြုနေစရာမလိုပါဘူး ဟု ဆိုသော 'အကိရိယဝါဒ' ကြီးများဖြင့် အယူဝါဒမမှားပါစေလင့်-ဟူ၍ ဆိုလိုသည်။

ဤကား သမ္မာဒိဋ္ဌိအယူဝါဒအမှတ် (၃)ဖြစ်ပေသည်။

(၄) အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော-အရ ဒါန သီလ ဘာဝနာ သုစရိုက်ဆယ်ပါးအစရှိသော ကောင်းစွာပြုအပ်သော ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်၊ ဒုစရိုက်ဆယ်ပါးအစရှိသော မကောင်းသဖြင့် ပြုအပ်သော ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်တို့၏ ကောင်းသောအကျိုးရင်း၊မကောင်းသော အကျိုးရင်းနှင့်တကွ ကောင်းကျိုး မကောင်းကျိုး၊ အကျိုးအဆင့်ဆင့် အကျိုးအဆက်ဆက်တို့သည် မုချကေန် အမှန်ရှိကုန်ပါတကားဟူ၍ အယူမှန်ခြင်း အပြောမှန်ခြင်း ယုံကြည်ခြင်းတို့တည်း၊ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြောင်းမထူးပါဘူး၊ အကျိုးမရှိပါဘူး၊ ပြုနေစရာမလိုပါဘူး ဟု ဆိုသော အယူဝါဒကြီးများဖြင့် မမှားပါစေလင့်ဟူ၍ ဆိုလိုသည်။

ဤကား သမ္မာဒိဋ္ဌိအယူဝါဒအမှတ် (၄) ဖြစ်ပေသည်။

http://www.dhammadownload.com



(၅) အတ္ထိ အယံ လောကော၊ (၆) အတ္ထိ ပရော လောကော- အရ ရှေးရှေး အတိတ်က နေ့ရက်တွေအဆက်ဆက်ရှိခဲ့သည်၊ ယခုပစ္စုပ္ပန်နေ့ရက်တွေ ရှိဆဲဖြစ်သည်၊ လာလတ္တံ့သော နေ့ရက်တွေလည်း အဆက်ဆက်ရှိမည်၊ ရှေးရှေးအတိတ်က လတွေ အဆက်ဆက်ရှိခဲ့သည်၊ ယခု ပစ္စုပ္ပန်လတွေ ရှိဆဲဖြစ်သည်၊ လာလတ္တံ့သော လတွေလည်း အဆက်ဆက်ရှိမည်၊ ရှေးရှေးအတိတ်က နှစ်တွေလည်း အဆက်ဆက်ရှိခဲ့သည်၊ယခုပစ္စုပ္ပန်နှစ်လည်း ရှိဆဲဖြစ်သည်၊ လာလတ္တံ့သောနှစ်တွေလည်း အဆက်ဆက်ရှိလိမ့်မည်၊ ထိုနည်းအတိုင်း သတ္တဝါတိုင်းပင် ရှေးရှေးအတိတ်က မိမိတို့ ပြုလုပ်ခဲ့သောအလုပ်အား လျော်စွာ ဖြစ်ခဲ့ကြရသော ဘဝပေါင်းကား များခဲ့လှပြီ၊ ယခုပစ္စုပ္ပန်ဘဝသည်လည်း ဖြစ်ဆဲဖြစ်သည်၊ (နိဗ္ဗာန်ခေတ်ကြီးကို မရမီအတွင်း၌) မိမိ မိမိတို့၏ ကိုယ်အလုပ်, နှုတ်အလုပ်, စိတ်အလုပ်အားလျော်စွာ ဘဝပေါင်းအဆင့်ဆင့် အဆက်ဆက်ရှိရလိမ့်ဦးမည်၊ ဖြစ်ရလိမ့်ဦးမည်၊ (အယံ လောကော, ပရော လောကော) ရှိကြရလိမ့်ဦးမည်ဟု အယူမှန်ခြင်း, အပြောမှန်ခြင်း, ယုံကြည်ခြင်းတို့တည်း။

ဤကား သမ္မာဒိဋ္ဌိအယူဝါဒ အမှတ် (၅) နှင့် သမ္မာဒိဋ္ဌိအယူဝါဒ အမှတ် (၆) တို့ ဖြစ်ပေသည်။

(၇) အတ္ထိ မာတာ၊ (၈) အတ္ထိ ပိတာ-အရ မြင်းမိုရ်တောင်ဦး မကကျူးသော ကျေးဇူးအရှင် မွေးမိခင်နှင့်ဖခင်နှစ်ပါးတို့၌ ကောင်းစွာ စောင့်ရှောက် ပြုစုခဲ့သည်ရှိသော်ငင်၊ မကောင်းသဖြင့် ပြစ်မှားရိုင်းစိုင်းသော အမှုပြုခဲ့သော်ငင်၊ ယခုပစ္စုပ္ပန်မျက်မှောက်ဘဝ နောက်နောင်သော ဘဝတို့၌ ကောင်းသော အကျိုး၊ မကောင်းသော အကျိုးတို့ကို ပေးခြင်းငှါ စွမ်းနိုင်သော "ကံ" မည်သည် အဟုတ်ရှိ၏, အမှန်ရှိ၏ ဟူသော အယူမှန်ခြင်း, အပြောမှန်ခြင်း, ထို "ကံ" ရှိကြောင်းကို ယုံကြည်ခြင်းတို့တည်း၊ အကြောင်းမညီညွတ်သေး၍ မလုပ်ကျွေး မပြုစုနိုင်လျှင် ရှိပါစေ၊အကြောင်း ညီညွတ်သည့်အခါ ပြုစုနိုင်သမျှ ပြုစုရန် ဖြစ်ပေသည်။ ဤမဟာသက္ကဏီပါဠိတော် (ပဒ အမှတ် ၁၂၂၁)၌ ပါရှိသည့်အတိုင်း "နတ္ထိ မာတာ၊ နတ္ထိ ပိတာ" "အမိအဖများကိုထောက်ပံ့မှု ကျေးဇူးပြုနေလို့ အကြောင်း မထူးပါဘူး"ဟု ယူဆသော အဟေတုကဒိဋ္ဌိ၊ အမိ အဖများကို ကျေးဇူးပြု ထောက်ပံ့နေခြင်းကြောင့် အကျိုးမရှိပါဘူးဟု ယူဆသော နတ္ထိကဒိဋ္ဌိ၊ ကျေးဇူးတုံ့ပြန်၍ ပြုစုနေစရာမလိုပါဘူးဟု ယူဆသော အကိရိယဒိဋ္ဌိ အယူဝါဒကြီးများဖြင့် အယူမမှားပါစေလင့်၊ အပြောမမှားပါစေလင့်ဟု ဆိုလိုသည်။

အမိအဖတို့ကို လုပ်ကျွေးပါ၊ စောင့်ရှောက်ပါ၊ ပူဇော်ပါ၊ ရှိခိုးပါ၊ အမျှဝေပါ။

အင်္ဂုတ္တရစတုက္ကနိပါတ် ဗြဟ္မသုတ်ပါဠိတော် ဘာသာပြန်စာမျက်နှာ ၃၉၆ - ပဒအမှတ် ၆၃-၌ လည်း အမိအဖတို့၏ဂုဏ်ကျေးဇူးကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

ရဟန်းတို့ – မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် ဗြဟ္မာရှိသည်မည်ကုန်၏၊ ရဟန်းတို့ – မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် လက်ဦးဆရာရှိသည် မည်ကုန်၏၊ ရဟန်းတို့ – မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အိမ်ဦးနတ်ရှိသည် မည်ကုန်၏၊ရဟန်းတို့ – မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အဝေးမှဆောင်ယူအပ်သော အလှူကို ခံယူထိုက်

http://www.dhammadownload.com



သော အလှူခံပုဂ္ဂိုလ်ရှိသည် မည်ကုန်၏။ ရဟန်းတို့ – “ဗြဟ္မာ” ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ – လက်ဦးဆရာဟူသော ဤအမည်သည် အမိအဖတို့၏အမည်တည်း၊ ရဟန်းတို့ – အိမ်ဦးနတ်ဟူသော ဤအမည်သည် အမိအဖတို့၏အမည်တည်း၊ ရဟန်းတို့ – အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူခံဟူသောအမည်သည် အမိအဖတို့၏အမည်တည်း၊ ထိုသို့ အမည်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ ရဟန်းတို့ – အမိအဖတို့သည် သားသမီးတို့အား များစွာ ကျေးဇူးရှိကုန်၏၊ အသက်ကို စောင့်ရှောက်တတ်ကုန်၏၊ ကျွေးမွေးတတ်ကုန်၏၊ ဤလောကကို ညွှန်ပြတတ်ကုန်၏။ အမိအဖတို့ကို သားသမီးတို့၏ ဗြဟ္မာဟူ၍ရှင်း လက်ဦးဆရာဟူ၍ရှင်း ဆိုထိုက်ကုန်၏၊ အဝေးမှဆောင်ယူ၍ လှူအပ်သော အလှူခံပုဂ္ဂိုလ်တို့ဟု ဆိုထိုက်ကုန်၏၊ (အမိအဖတို့သည်) သားသမီးတို့အား အစဉ်သနားတတ်ကုန်၏၊ ထို့ကြောင့်သာလျှင် ပညာရှိသော သားသမီးတို့သည် ထိုအမိအဖတို့ကို ရှိခိုးလည်း ရှိခိုးရာ၏၊ ထမင်းဟင်းဖြင့်ရှင်း အဖျော်ယမကာဖြင့်ရှင်း အဝတ်အရုံဖြင့်ရှင်း အိပ်ယာနေရာဖြင့်ရှင်း အမွှေးနံ့သာလိမ်းကျံပေးခြင်းဖြင့်ရှင်း ရေချိုးပေးခြင်းဖြင့်ရှင်း ခြေဆေးပေးခြင်းဖြင့်ရှင်း အရိုအသေပြုလျက် ပူဇော်ရာ၏၊ အမိအဖတို့၌ ထိုသို့ လုပ်ကျွေးမွေးမှုခြင်းကြောင့် ထိုသားသမီးကို ယခုဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကြကုန်၏၊ ထို သားသမီးသည် တမလွန်ဘဝ၌လည်း နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

## မယ်တော်၏ကျေးဇူး

လောကသုံးပါး၌ အတုမရှိ မြင့်မြတ်တော်မူသော ဘုရားမြတ်စွာသည်ပင်လျှင် ခုနစ်ဝါမြောက်၌ တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူ၍ အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူခြင်းသည် မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို (ဝါ) အမိမယ်တော်၏ကျေးဇူးကို ဓမ္မာနုဂ္ဂဟဖြင့် ကျေးဇူးဆပ်တော်မူခြင်းပင် ဖြစ်ပေသည်။

“အတ္ထိ မာတာ၊ အတ္ထိ ပိတာ”၏ အရကို စံပြအဖြစ်ဖြင့် ကိုယ်တော်တိုင်ကျေးဇူးဆပ်နည်းကို ပြတော်မူခြင်းပင်ဖြစ်ပေသည်၊ ထို့ကြောင့် မဟာတ်ပါလော၊ အဋ္ဌသာလိနီခေါ် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌—

“မာတရံ ပမုခံ ကတွာ၊တဿာ ပညာယ တေဇသာ၊ အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ” စသည်ဖြင့် သာသနာဝင်၌ စာတင်တော်မူခဲ့ကြပေသတည်း။

ဤကား (၇) အတ္ထိ မာတာ (၈) အတ္ထိ ပိတာတို့အရ သမ္မာဒိဋ္ဌိအယူဝါဒ အမှတ် (၇) သမ္မာဒိဋ္ဌိအယူဝါဒအမှတ် (၈) တို့ကို အကျဉ်းသဒ်ေပ အနည်းငယ်မျှ ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။

အမိအဖကျေးဇူးရှင်တို့၌ ကောင်းစွာပြုမှုအတွက် ပစ္စုပ္ပန် သံသရာကောင်းကျိုးပြဝတ္ထု ဇာတ်နိပါတ်တော်များ၊ အမိအဖကျေးဇူးရှင်တို့၌ မကောင်းသဖြင့် ပြုခြင်းကြောင့် ပစ္စုပ္ပန်သံသရာ နစ်မွန်းပျက်စီးသွားရပုံ ဝတ္ထု ဇာတ် နိပါတ်တော်များ ထုတ်ပြစရာ များစွာပင်ရှိပေသည်၊ ဤကား စကားအလျဉ်းသင့်၍ ရေးသားလိုက်ခြင်းဖြစ်ပေသည်၊ ဤကား သမ္မာဒိဋ္ဌိက အယူအမှတ် (၇) နှင့် အမှတ် (၈) ဖြစ်ပေသည်။

(၉) အတ္ထိ သတ္တာ ဩပပါတိကာ အရ လူတို့၏(မံသစက္ခု) အသားစိုင်မျက်စိတို့ဖြင့် မမြင်နိုင် မမြင်ကောင်း၊ ဒိဗ္ဗစက္ခု အဘိညာဏ် ဉာဏ်မျက်စိတို့ဖြင့်သာ မြင်နိုင်သော ဥပပါတ် သတ္တဝါတို့သည် လောက၌ အဟုတ်ရှိ၏ အမှန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း၊ ဥပပါက်

http://www.dhammadownload.com



(ဩပပါတိက) သတ္တဝါမျိုးဆိုသည်ကား အမိဝမ်း၌ ပဋိသန္ဓေယူရသော (ဂဗ္ဘသေယျက) သတ္တဝါမျိုးမဟုတ်ကုန်၊ ရှေးရှေးဘဝဘဝတို့က ပြုခဲ့ကြသော "ကံ"၏အစွမ်းအားဖြင့် မျက်စိ၊ နား၊ နှာ၊ အင်္ဂါ ခြေလက်စသည် အပြီး အစီး တခါတည်း (ဘွားတနဲ) ဖြစ်ပေါ်ကြကုန်သော သတ္တဝါတို့တည်း။ ဥပမာအားဖြင့် ယခုခေတ် ယခုလောက၌ ပကတိမျက်စိဖြင့် မမြင်ကောင်း မမြင်နိုင်သော အလွန်တရာ သေးငယ်လှစွာသော ရောဂါပိုး အချို့တို့ကို အားကောင်းလှစွာသော "မှန်ဘီလူး" တို့ဖြင့် ကြည့်ရှုမှသာ မြင်နိုင်ဘိသကဲ့သို့တည်း၊ ဤကား ဥပမာအဖြစ်ဖြင့် မှန်းဆနှိုင်းချိန်နိုင်ရုံမျှ ဖော်ပြရခြင်းဖြစ်ပေသည်၊ ထိုဥပပါတ် (ဩပပါတိက) သတ္တဝါတို့ကို မြင်လိုလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရအောင်အားထုတ်၍ အားထုတ်သည့်အတိုင်း ဒိဗ္ဗစက္ခုအဘိညာဉ် ရရှိပေါက်ရောက်လျှင် ထိုအဘိညာဉ်ပိုင်ရှင်ပုဂ္ဂိုလ်တို့သည် မြင်လိုက မြင်နိုင်ကြပေသည်၊ ကြည့်လိုက ကြည့်နိုင်ကြပေသည်။ (ဆင့်မှု ပါရာဇိကဏ်ပါဠိတော် စာမျက်နှာ ၁၄၄၊ ပဒအမှတ် ၂၀၀။)

ဤကား သမ္မာဒိဋ္ဌိ အယူအမှတ် (၉) ဖြစ်သည်။

(၁၀) အတ္ထိ လောကေ သမဏဗြာဟ္မဏာ။ပ။ ပဝေဒေန္တိ-အရ သူ့ခေတ်နှင့်သူ အံ့ဩဖွယ်ရာ ပေါ်ပေါက်လာကြကုန်သော "အဘိညာ"ခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏၊ သဗ္ဗညုတဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏၊ ဤလူ့ပြည်၌ ပါရမီအလုပ် သမထဘာဝနာအလုပ် ဝိပဿနာဘာဝနာအလုပ်တို့ကို လွန်စွာအားထုတ်ကြိုးစားနိုင်ကြကုန်သော ရသေ့သူတော်ကောင်း ရဟန်းသူတော်ကောင်းတို့သည် ထိုဉာဏ်ပညာကြီးမျိုးကို ရနိုင်ကြကုန်၏၊ ထိုဉာဏ်ပညာကြီးမျိုးတို့ကို ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်ကြကုန်သောသူတို့သည် ဤလောက၌ ရံဖန်ရံခါ အံ့ဩစရာ ပေါ်ပေါက်ကြကုန်၏၊ ထို ၂-မျိုးတို့တွင် အချို့သော သူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီးတမျိုးကိုသာ ပေါက်ရောက်နိုင်ကြကုန်၏၊ ထိုသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံနှင့်တကွ နတ်ပြည်ခြောက်ထပ်တို့ကိုငှင်း အချို့အချို့သော ဗြဟ္မာပြည်တို့ကိုငှင်း (ပကတိမျက်စိဖြင့် မြင်ကြကုန်သကဲ့သို့) ဉာဏ်ပညာမျက်စိဖြင့် သိမြင်ကြကုန်၏၊ အချို့အချို့သောသူတို့သည် အဘိညာခေါ် ဉာဏ်ပညာမျိုးကြီးနှင့်တကွ သဗ္ဗညုတဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးတိုင်အောင် ပေါက်ရောက်နိုင်ကြကုန်၏၊ ထိုသူတို့သည် အလုံးစုံသော သတ္တဝါအနန္တ ကမ္ဘာအနန္တ စကြာဝဠာအနန္တ လောကဓာတ်အနန္တတို့ကို အကုန်အစင် သိမြင်နိုင်ကြကုန်၏၊ ဤသို့ အကုန်အစင် သိမြင်သောသူတို့ကိုသာလျှင် ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိက အယူရှိသူတို့က သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟူ၍ ခေါ်ကြ၏။ ထိုပုဂ္ဂိုလ် ၂-မျိုးတို့သည် လူလောက၌ ရံဖန်ရံခါ ဖြစ်ပေါ်ကြကုန်၏၊ မိမိတို့ သိမြင်ကြကုန်သည့်အတိုင်း သတ္တဝါအပေါင်းတို့အား ဤလောကကိုလည်း ထုတ်ဖော်ပြောဟောကုန်၏၊ အပါယ် ၄-ဘုံ နတ်ပြည် ၆-ထပ် နတ်ဘုံ ဗြဟ္မာ့ဘုံဟု ဆိုအပ်သော ပရလောကကိုလည်း ထုတ်ဖော်ပြောဟောကြကုန်၏၊ သဗ္ဗညုဘုရားတို့သည်မူကား အနမတဂ္ဂသံသရာရှိကြောင်း ကမ္ဘာအနန္တရှိကြောင်း စကြာဝဠာအနန္တရှိကြောင်းကို ထုတ်ဖော်ပြောဟောကြကုန်၏။

(က) ဤကဲ့သို့ အဘိညာပုဂ္ဂိုလ် သဗ္ဗညုပုဂ္ဂိုလ်တို့သည် သူ့ခေတ်၌သူ လူ့ပြည်၌ ရံဖန်ရံခါ ဖြစ်ပေါ်ကြကုန်၏ဟု သိမြင်ယုံကြည်ခြင်း။

(ခ) ထိုပုဂ္ဂိုလ်တို့ကို သိမြင်ယုံကြည်ကြသဖြင့် ထိုပုဂ္ဂိုလ်တို့က ထုတ်ဖော်ဟောပြောသော တရားစကားကို သိမြင်ယုံကြည်ခြင်း။

http://www.dhammadownload.com



(၈) ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို ယုံကြည်သဖြင့် ပြဆိုခဲ့ပြီးသော ပရလောကဟူသမျှတို့ကို သိမြင်ယုံကြည်ခြင်း။

ဤယုံကြည်ခြင်းသုံးပါးသည် သမ္မာဒိဋ္ဌိကြီးတပါးဖြစ်၏၊ ဤကား သမ္မာဒိဋ္ဌိအယူအမှတ်(၁၀) ဖြစ်၏၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆယ်မျိုးခေါ်သည်။

ဉာဏ်ပညာ၏ သက်ဝင်ရာဝတ္ထုအပြား(၁၀)ပါးရှိသော သမ္မာဒိဋ္ဌိ၊ ဤဆယ်ချက်သော ဒသဝတ္ထုက သမ္မာဒိဋ္ဌိနှင့်ပြည့်စုံမှသာလျှင် သမ္မာဒိဋ္ဌိက အယူရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးစင်စစ် ဖြစ်နိုင်ကြပေလိမ့်မည်၊ ယခုဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်၏ အကျဉ်းချုပ်ကို ဓမ္မသင်္ဂဏီပါဠိတော် ပဒအမှတ် ၁၃၇၁-၌ ဟောတော်မူပေသည်။

အထူးအားဖြင့် "နတ္ထိ မာတာ၊ နတ္ထိ ပိတာ" ဒိဋ္ဌိပါဒါန်အတွက် ပဉ္စာနန္တရိယ မကောင်းမှုကံကြီးငါးပါးအတွင်းသို့ ကျရောက်၍ သေသည်၏အခြားမဲ့၌ မချွတ်မလွဲ ငရဲဘုံ၌ ကေန် ကေ ဖြစ်ရကြောင်းကို(ဏီ ပဒ ၁၂၉၇-နှင့် ၁၆၁၀-၌) ဟောပြတော်မူခဲ့သည်။

ဤမျှနှင့်ပင် ဓမ္မသင်္ဂဏီကျမ်း၌ ဟောကြားတော်မူသည့် ဒေသနာအဆီအနှစ် ဝိမုတ္တိအရသာကို မြှော်မှန်း၍ ကြည်ညိုနိုင်ပေပြီ။

http://www.dhammadownload.com

# အဘိဓမ္မပိဋကအကြောင်း

## အဘိဓမ္မ-မည်ပုံများ

သုံးလောကသနင်း တရားမင်းသခင် ဘုရားရှင်၏ လေးဆယ့်ငါးနှစ်အတွင်း ဟောကြားတော်မူချက်များ (=စကားစဉ်များ)ကို ပိဋကအားဖြင့်—

၁-သုတ္တန္တ ပိဋက

၂-ဝိနယ ပိဋက

၃-အဘိဓမ္မ ပိဋက

ဟူ၍ သံဂါယနာတင်ဆရာတို့က သုံးမျိုးခွဲဝေတော်မူခဲ့ကြပေသည်။

ယင်းသုံးမျိုးအနက် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်း ဟူသော ခုနစ်ကျမ်းတို့ကို "အဘိဓမ္မပိဋက"ဟု ခေါ်လေသည်။

ဤ၌ အဘယ့်ကြောင့် "အဘိဓမ္မ"မည်သနည်း ဟူသော အချက်ကို ဦးစွာရှင်းလင်းဖော်ပြလိုပေသည်။

"အဘိဓမ္မ" ဟူရာဝယ် "အဘိ"တပုဒ် 'ဓမ္မ' တပုဒ်ဖြစ်လေသည်၊ "အဘိ" ဟူသော ဥပသာရပုဒ်သည် (၁) ရှေးရှုသည့်အဖြစ်၊ (၂) ထူးကဲခြင်း၊ (၃) အထက်၌ပြုခြင်း၊ (၄) လျောက်ပတ်ခြင်း၊ (၅) ပွါးခြင်း၊ (၆) ပူဇော်ခြင်း၊ (၇) လွန်ကဲခြင်း၊ (၈) အမျိုးကောင်း၊ (၉) လက္ခဏာစသောများစွာသောအနက်တို့၌ ဖြစ်လေရာ ဤနေရာ၌ကား လွန်ကဲခြင်း=သာလွန်ခြင်း(=အတိရေက) အနက်, ထူးခြားခြင်း (=ဝိသေသ) အနက်တို့၌ဖြစ်သည်။

လောက၌ ထီးပေါင်းများစွာ တံခွန်ပေါင်းများစွာတို့ ယှဉ်ပြိုင်၍ ထောင်ထားရာတွင် အခြားသီး အခြားတံခွန်တို့ထက် ကြီးမားသည့်ပြင် အခြားထီး အခြားတံခွန်တို့ထက် ထူးခြားသည့် အဆင်းသဏ္ဌာန်ရှိသော ထီးမျိုး တံခွန်မျိုးကို ထီးထူး=ထီးလွန် (=အတိဆတ္တ)၊ တံခွန်ထူး= တံခွန်လွန် (=အတိဓဇ) ဟူ၍ ခေါ်ဝေါ်ကြသကဲ့သို့ရင်း။

ချစ်ကြည်ရေးအတွက် (ရာဇကုမာရ) မင်းသားပေါင်း အများအပြား စုဝေးဆုံစည်းမိသည့်နေရာဝယ် အမျိုးဇာတ် စည်းစိမ် အခြေအရံ အစိုးရမှုမှစ၍ အခြားမင်းသားတို့ထက် သာလွန်ထူးခြားမှုရှိသော မင်းသားများကို မင်းသားထူး=မင်းသားလွန်(=အတိရာဇကုမာရ)ဟု ခေါ်ဝေါ်ကြသကဲ့သို့ရင်း။

နတ်ပြည်ခြောက်ထပ်ရှိ နတ်အပေါင်းတို့တွင် အခြားအခြားသော နတ်တို့ထက် အသက် အဆင်း အစိုးရမှု အခြံအရံ အကျော်အစော စသည်တို့ သာလွန်ထူးခြားမှုရှိသော နတ်များကို နတ်ထူး=နတ်လွန် (=အတိဒေဝ)ဟု ခေါ် ဆိုကြသကဲ့သို့ရင်း။

ထို့အတူ အခြား ဗြဟ္မာတို့ထက် သာလွန်ထူးခြားမှုရှိသော ဗြဟ္မာများကို ဗြဟ္မာထူး=ဗြဟ္မာလွန် (=အတိဗြဟ္မာ) ဟု ခေါ် ဆိုကြသကဲ့သို့ရင်း။

http://www.dhammadownload.com



ဤ"ဓမ္မ"ကိုလည်း "သုတ္တန္တဓမ္မ"ထက် သာလွန်ထူးခြားသည့် ဓမ္မဖြစ်သောကြောင့်"အဘိဓမ္မ" (ဓမ္မထူး ဓမ္မလွန်)ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်၊ (အဘိ=လွန်သော ထူးသော+ဓမ္မ=ပါဠိ၊ ဟောတော်မူသော စကားအစဉ်)။

"ဓမ္မ"သဒ္ဒါသည် (၁) သဘော (၂) ပရိယတ္တိ ပါဠိ၊ (၃) ပညာ၊ (၄) အသင့်ယုတ္တိ၊ (၅) သစ္စာ၊ (၆) ပကတိ၊ (၇) ကောင်းမှု၊ (၈) ဉေယျဓမ်တရား၊ (၉) ကျေးဇူး၊ (၁၀) အကျင့်၊ (၁၁) သမာဓိစသောအနက်တို့၌ ဖြစ်လေရာ ဤ၌ ပရိယတ္တိပါဠိဟူသော အနက်၌ဖြစ်လေသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်များသည် (၁) ဓမ္မ (၂) ဝိနယအားဖြင့် နှစ်မျိုးရှိလေသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တော်တိုင် "ဓမ္မကိုရင်း ဝိနယကိုရင်း ဟောခဲ့ပြီ၊ ပညတ်ခဲ့ပြီ၊ ထိုဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံခဲ့လျှင် သင်တို့ဆရာ ဘုရား ဖြစ်သည်" [၁]ဟု မိန့်မှာတော်မူခဲ့လေသည်။

ထို"ဓမ္မ"သည်လည်း နှစ်မျိုးရှိသည့်အနက် (ဝါ၊ ဓမ္မချင်းတူသော်လည်း) သုတ္တန္တဓမ္မထက် သာလွန်ထူးခြားသည့် ဓမ္မဖြစ်သောကြောင့် **အဘိဓမ္မ** (ဓမ္မထူး ဓမ္မလွန်) ဟု ခေါ်ဝေါ်ခြင်းဖြစ်လေသည်။

ဝိနယ (ဝိနည်း) ထက်ကား ထူးခြား သာလွန်မှု မရှိပေ၊ ဥပမာအားဖြင့် ရတနာ ခုနစ်ပါး စီခြယ်ထားသည့် အလျား အနံတူမျှသော လှေကြီးနှစ်စင်းတို့ကို ကမ်း၌ ဆိုက်ကပ်ထားလျှင် အဘယ်လှေက အဘယ်လှေထက် သာလွန်ထူးခြားသည်ဆိုကာ အဖိုးဖြတ်မှု မပြုနိုင်သကဲ့သို့ ဝိနည်းနှင့် အဘိဓမ္မာပိဋကတို့သည်လည်း တခုထက်တခု ထူးခြားသာလွန်မှုမရှိဘဲ တူမျှကြသည်သာ ဖြစ်လေသည်။

> သခေ်ပဝဏ္ဏနာခေါ် အရှင်သဒ္ဓမ္မဇောတိပါလ ဆပဋ္ဌ(ဆပဒ)ဆရာတော်၏ ဋီကာ၌ကား "သုတ္တန္တ ဝိနယာဓိကာ ပါဠိတိ အတ္ထော" (သုတ္တန်ဝိနည်းထက် သာလွန်သောပါဠိ)ဟူသော အနက်ကို ဖွင့်မိတော်မူလေသည်၊ စင်စစ်ကား ဝိနည်းထက် သာလွန်ထူးခြားမှု ရှိသည်ဟု ဆိုဖွယ်အကြောင်းမရှိချေ။
>
> ထို့ကြောင့် သခေ်ပဝဏ္ဏနာဆရာ အဘိဓမ္မာ တတ်သည်ကို သခေ်ပဝဏ္ဏနာဋီကာကို ကြည့်၍သိရသည်၊ သခေ်ပဝဏ္ဏနာဆရာ အဘိဓမ္မာမတတ်သည်ကို "သုတ္တန္တ ဝိနယာဓိကာ ပါဠိတိ အတ္ထော"ဟူသော အဖွင့် (ပစ္စည်းပိုင်းတွင်) "သောကောတိ ဒေါသော"ဟူသော အဖွင့်များကိုကြည့်၍ သိရသည်ဟု ဆိုစမှတ်ပြုကြလေသည်။

ပြဆိုခဲ့သည့်အတိုင်း သုတ္တန္တဓမ္မ (သုတ္တန်ပါဠိ) ထက် သာလွန်သော ပါဠိ၊ ထူးခြားသော ပါဠိ ဖြစ်သောကြောင့် အဘိဓမ္မ(သာလွန်သောပါဠိ ထူးခြားသောပါဠိ)ဟု ခေါ်ဆိုခဲ့ပါလျှင် အဘယ်သို့ သာလွန်ပါသနည်း၊ အဘယ်သို့ ထူးခြားပါသနည်းဟု မေးမြန်းစိစစ်ဖွယ် ရှိလာပြန်ပေ၏။

### အဘိဓမ္မာ၏ သာလွန်ထူးခြားပုံ

သာလွန်ထူးခြားပုံမှာ—သုတ္တန္တဓမ္မ၌ "ဓမ္မ"(ပါဠိ)များကို ဟောကြားတော်မူရာဝယ် တစိတ်တဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူလေ့ရှိပေ၏၊ အဘိဓမ္မမှာကဲ့သို့ အကြွင်း အကျန် မရှိအောင် ဝေဖန်ဟောကြားတော်မမူပေ၊ အဘိဓမ္မ၌ကား—

---

၁။ ယော ခေါ အာနန္ဒ မယာ ဓမ္မော စ, ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

http://www.dhammadownload.com



(၁) သုတ္တန္တဘာဇနီယနယ=သုတ္တန္တဘာဇနီနည်း
(၂) အဘိဓမ္မဘာဇနီယနယ=အဘိဓမ္မဘာဇနီနည်း
(၃) ပဉှာပုစ္ဆကနယ=အမေး အဖြေနည်း

ဟူသော နည်းသုံးမျိုးတို့ဖြင့် အကြွင်းအကျန်မရှိ ဝေဖန်ဟောကြားတော်မူလေသည်၊ ဥပမာမူကား— သုတ္တန္တဓမ္မ၌ ခန္ဓာငါးပါးကို ဟောရာတို့တွင် အကြွင်းအကျန်မရှိ ဟောတော်မူနည်းမျိုးဖြင့် ဟောတော်မူသည်ကို တွေ့ရမည်မဟုတ်ပေ၊ ထိုထိုသုတ္တန္တဓမ္မများ၌ ဤနည်းနှင်နှင် တစိတ်တဒေသကိုသာ ဟောတော်မူလေ့ရှိပေရာ (သံဂါယနာတင် ဆရာတို့က အထူးစုပေါင်းဖော်ပြခဲ့ကြသည့်) "ခန္ဓဝဂ္ဂ"သံယုတ်ပါဠိတော်၌ပင်လျှင် ခန္ဓာငါးပါးနှင့် စပ်လျဉ်း၍ နည်းမျိုးစုံတို့ဖြင့် အကြွင်းအကျန်မရှိ တန်းဆာဆင်ကာ ဟောကြားပုံမျိုးကို မတွေ့ရပေ။

## ဓမ္မစကြာ တရားသည် အဘိဓမ္မာနည်းအရ အကြွင်းမရှိပုံကို ဝေဖန်ပြခြင်း

ဓမ္မစက္ကပဝတ္တနသုတ်တော်၌ ဟောတော်မူအပ်ကုန်သော ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာတို့၌ အလုံးစုံသော အဘိဓမ္မာ၏ပုဒ်အနက်တို့သည် ပေါင်းရုံးသောအားဖြင့် အကျုံးဝင်လေတော့သည်။ ပရမတ္ထအစစ် အဘိဓမ္မာဖြစ်ကုန်သော သမ္မာဒိဋ္ဌိ အစရှိသည့် တရားတို့ကို ထိုဓမ္မစကြာသုတ်၌ ဟောတော်မူသောကြောင့်"ဓမ္မစက္ကပဝတ္တန(ဓမ္မစကြာ)သုတ်ကို အဘိဓမ္မာ၏ဒေသနာနိဒါန်းဟူ၍ ဆိုအပ်၏"ဟူသော ဆရာရှင်ကာစကားအရ ဓမ္မစကြာသုတ်၌ ဟောတော်မူအပ်သော (မဇ္ဈိမ ပဋိပဒါ) မဂ္ဂင်ရှစ်ပါး၏ "သဘော-တရားကိုယ်"အရ ကောက်ယူလိုက်လျှင်—

| | | |
|---|---|---|
| (၁) | သမ္မာဒိဋ္ဌိ | (ပညာ အမောဟ စေတသိက်) |
| (၂) | သမ္မာသင်္ကပ္ပ | (ဝိတက် စေတသိက်) |
| (၃) | သမ္မာဝါစာ | (သမ္မာဝါစာ စေတသိက်) |
| (၄) | သမ္မာကမ္မန္တ | (သမ္မာကမ္မန္တ စေတသိက်) |
| (၅) | သမ္မာအာဇီဝ | (သမ္မာအာဇီဝ စေတသိက်) |
| (၆) | သမ္မာဝါယာမ | (ဝီရိယ စေတသိက်) |
| (၇) | သမ္မာသတိ | (သတိ စေတသိက်) |
| (၈) | သမ္မာသမာဓိ | (ဧကဂ္ဂတာ စေတသိက်) တို့ပင် ဖြစ်သည်။ |

ထိုမဂ္ဂင်ရှစ်ပါးတို့အနက် (၁) သမ္မာဒိဋ္ဌိ၏ မြန်မာပြန်မှာ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော ဉာဏ်မျက်စိအမြင်ပင်ဖြစ်သည်၊ ထို (၁) သမ္မာဒိဋ္ဌိ၏ သဘောအရကောက်တရားကိုယ်မှာ ပညာ (အမောဟ) စေတသိက် ပရမတ္ထဖြစ်ကြောင်းကို ဓမ္မသင်္ဂဏီပါဠိတော် ပုဒ်ရေ ပဒအမှတ် (၂၀) ၌ "ကတမာ တသ္မိံ သမယေ သမ္မာဒိဋ္ဌိ ဟောတိ၊ ယာ တသ္မိံ သမယေ ပညာ ပဇာနနာ ဝိစယော ပဝိစယော၊ (လ) သမ္မာဒိဋ္ဌိ၊ အယံ တသ္မိံ သမယေ သမ္မာဒိဋ္ဌိ ဟောတိ"ဟူ၍ ဟောတော်မူချက်အရ သိရသည်။ (သမ္မာဒိဋ္ဌိ၏ ပရိယာယ်ပုဒ်ပေါင်း ဤ၌ ၃၀-ဖြစ်သည်)။ (အထူးမှာထားချက်မှာမူ မည်သည့် သုတ္တန်ဒေသနာတော်၌ဖြစ်စေ၊ မည်သည့် ဝိနည်းဒေသနာတော်၌ဖြစ်စေ ဟော

http://www.dhammadownload.com



တော်မူအပ်သောတရားကို သဘောတရားကိုယ် အရကောက်၍ ယူလိုက်လျှင် အဘိဓမ္မာ (ပရမတ္ထ) သဘောတရားတို့သာ ဖြစ်၍လာရသည်ကို မှတ်သားထားအပ်ပေသည်)။

"ယတ္ထ ခန္ဓာဒယော နိပ္ပဒေသေန ဝိဘတ္တာ၊သော အဘိဓမ္မော နာမ"ဟု မူလဋီကာ(စာမျက်နှာ ၂၄)၌ ရှင်းလင်းဖော်ပြထားသည်။ အဓိပ္ပါယ်ကား "အကြင်တရားသဘာဝ၌ ခန္ဓာ, အာယတန, ဓာတု,သစ္စာစသည်တို့ကို အကြွင်းအကျန်မရှိသောအားဖြင့် ဟောတော်မူ၏၊ထိုတရားသဘာဝသည် အဘိဓမ္မာမည်၏"။

သမ္မာဒိဋ္ဌိကို အဘိဓမ္မာအားဖြင့် အကြွင်းမဲ့ ဟောတော်မူပုံကို ရှင်းလင်းပြပါအံ့—

ဤအသိအလိမ္မာ ဉာဏ်ပညာ အမောဟဟူသော သမ္မာဒိဋ္ဌိသည် ခန္ဓာငါးပါးတို့တွင် သင်္ခါရ-က္ခန္ဓာ မည်၏ (ဏီ ပဒ-၆၂)။

သမ္မာဒိဋ္ဌိသည် ဓမ္မာယတန, ဓမ္မဓာတ် စင်စစ် ဖြစ်၏၊(ငါ,သူတပါး၊ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ် သတ္တဝါ မဟုတ်) ( သွာယမိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝတ္တတိ ) (ဇှင်းအဋ္ဌကထာ-၈၁) (ဏီ ပဒ-၆၆၊ ၆၉)

သမ္မာဒိဋ္ဌိသည် ပညိန္ဒြေမည်၏(ဆိုင်ရာဌာန အုပ်ချုပ်နိုင်မှု အစွမ်းသတ္တိရှိ၏)။

သမ္မာဒိဋ္ဌိသည် ပဥ္စင်္ဂိကမဂ်, အဋ္ဌင်္ဂိကမဂ်၌ ပါဝင်၏၊ (ဏီ ပဒ-၇၉)။

သမ္မာဒိဋ္ဌိသည် ပဥ္စင်္ဂိကမဂ်, အဋ္ဌင်္ဂိကမဂ်၌ ပါဝင်၏။ (ဏီ ပဒ-၉၀)။

သမ္မာဒိဋ္ဌိသည် အားအင်ပြည့်ဝသော ဗလငါးပါး(ဗိုလ်ငါးပါး)တို့တွင် ပညာဗလ ပညာဗိုလ် ဖြစ်၏။ (ဏီ ပဒ-၁၀၀)

သမ္မာဒိဋ္ဌိသည် သစ်ပင်၏ ရေသောက်မြစ်ကြီးသဖွယ် စည်ပင်တိုးပွါးအောင် ကျေးဇူးပြုမှု အခြေအမြစ် အကြောင်းရင်း ဟေတုတို့တွင် အမောဟဟိတ် ရေသောက်မြစ်ကြီးသဖွယ် ဖြစ်၏၊ (ဏီ ပဒ-၁၀၆)။

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ ပါဝင်သော သမ္မာဒိဋ္ဌိသည် ရံခါ အဆင်း 'ရူပါရုံ'ကို အာရုံပြု၏၊ ရံခါ အသံ'သဒ္ဒါရုံ'ကို အာရုံပြု၏၊ ရံခါ အနံ့'ဂန္ဓာရုံ'ကို အာရုံပြု၏၊ ရံခါ အရသာ 'ရသာရုံ'ကို အာရုံပြု၏၊ရံခါ အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'ကို အာရုံပြု၏၊ ရံခါ(ဓမ္မသဘာဝ)ဓမ္မာရုံ(အသင်္ခတဓာတ်၊ မြတ်သောနိဗ္ဗာန်)ကို အာရုံပြု၏(အာရုံပြုနိုင်၏)(ဏီ ပဒ အမှတ်-၁)။

ဤ(ကုသလ)သမ္မာဒိဋ္ဌိသည် ရံခါ ရွှင်လန်းဝမ်းမြောက်မှု သောမနဿဝေဒနာနှင့် ယှဉ်တွဲ၏၊ ရံခါ လျစ်လျူရှုမှု ဥပေက္ခာဝေဒနာနှင့် ယှဉ်တွဲ၏။

သမ္မာဒိဋ္ဌိသည် ရံခါ ဝီမံသာဓိပတိအလုပ်ကိစ္စကို လုပ်၏(ပညာဝတော ဘိက္ခုဝေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ=အသိအလိမ္မာ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသူသည် အဘယ်မည်သော အမှုကိစ္စ မပြည့်စုံဘဲ ရှိရအံ့နည်း၊ စင်စစ်ကေန် အမှန်ပြည့်စုံရမည်သာတည်း၊ ဤသို့ ကြုံးဝါးစေတတ်၏)၊ သို့သော် ရံခါ အကောင်းဆုံး၊ ရံခါ အလယ်အလတ်၊ ရံခါ အညံ့စားလည်း ဖြစ်တတ်သေးသည်။

သမ္မာဒိဋ္ဌိသည် ဖြစ်တူ ပျက်တူ၊ အာရုံတူ၊ မှီရာတူ အပေါင်းအသင်း( သဟဇာတ )၄၇-တို့နှင့် အတူတကွဖြစ်လေ့ရှိ၏၊ (ဏီ ပဒ-၂၆၉)။

ဤကား သမ္မာဒိဋ္ဌိကို ဓမ္မသင်္ဂဏီပါဠိတော်ဖြင့် ဝေဖန်ခြင်း ဖြစ်၏။

http://www.dhammadownload.com



## တ္တရာပေါင်း၍ ဓမ္မသင်္ဂဏီ ဝိဘင်းပါဠိတော်တို့ဖြင့် ဝေဖန်ချက်

သမ္မာဒိဋ္ဌိသည် ရံခါ ကုသိုလ်နှင့် ယှဉ်တွဲ၏၊ ရံခါ ဝိပါက်, ကြိယာ, အဗျာကတနှင့် ယှဉ်တွဲ၏။

သမ္မာဒိဋ္ဌိသည် ရံခါ သုခဝေဒနာ, ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်တွဲ၏၊ (ဒုက္ခဝေဒနာနှင့် မယှဉ် မတွဲ)။

သမ္မာဒိဋ္ဌိသည် အကျိုးဝိပါက်၌ ပါဝင်၏၊ အကြောင်းကုသိုလ်၌လည်း ပါဝင်၏၊ ကြိယာ,အဗျာကတ၌လည်း ပါဝင်၏၊ (အကုသိုလ်မကောင်းစိတ်၌ အဘယ်အခါမှ မပါဝင်)။

သမ္မာဒိဋ္ဌိသည် လောကီစိတ်နှင့် ယှဉ်တွဲနေလျှင် ဥပါဒါန်၏ အာရုံပြုမှုကို ခံရ၏၊ လောကုတ္တရာ သမ္မာဒိဋ္ဌိဖြစ်လျှင် ဥပါဒါန်တို့သည် အာရုံ မပြုနိုင်တော့ချေ။

လောကီသမ္မာဒိဋ္ဌိဖြစ်လျှင် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာဓမ္မတို့၏ အာရုံပြုမှုကို ခံရ၏၊ လောကုတ္တရာသမ္မာဒိဋ္ဌိဖြစ်လျှင် ကိလေသာဓမ္မတို့၏ အာရုံပြုမှုကို မခံရတော့ချေ။

သမ္မာဒိဋ္ဌိသည် သမ္မာဒိဋ္ဌိဓာတ်သဘောကို ဖြစ်စေတတ်သော အကြောင်း ပြည့်စုံ ညီညွတ်မှ ဖြစ်ပေါ်သည်(သပ္ပစ္စယ)။

သမ္မာဒိဋ္ဌိသည် ဆိုင်ရာအကြောင်းတရားတို့က အညီအညွတ် ပြုပြင်ပေးနေရ၏၊ ပြုပြင်ပေးမှ ဖြစ်ပေါ် တည်တံ့နိုင်၏(သင်္ခတ)။

သမ္မာဒိဋ္ဌိကို ပကတိမံသစက္ခုဖြင့် မမြင်ရ မမြင်နိုင် (အနိဒဿန)။

သမ္မာဒိဋ္ဌိကို ကိုင်တွယ် စမ်းသပ် ထိပါး၍ မရ (အပ္ပဋိဃ)။

သမ္မာဒိဋ္ဌိသည် စိတ်၌ မှီသော စေတသိက်နာမ်တရားသက်သက် ဖြစ်၏။

သမ္မာဒိဋ္ဌိသည် လောကီလည်း ရှိ၏၊ လောကုတ္တရာလည်း ရှိ၏။

သမ္မာဒိဋ္ဌိကို အချို့သော ဉာဏသမ္ပယုတ် မနောဝိညာဏဓာတ်ဖြင့်သာ သိနိုင်၏၊ အချို့ဖြင့် မသိနိုင်။ (ကေနစိ ဝိညေယျ၊ န ကေနစိ ဝိညေယျ)။

လောကီသမ္မာဒိဋ္ဌိကို အာသဝ, သံယောဇန, ဂန္ထ, ဩဃ, ယောဂ, နီဝရဏ, ပရာမာသတို့က အာရုံ ပြုနိုင်၏၊ လောကုတ္တရာသမ္မာဒိဋ္ဌိကို ၎င်းတို့က အာရုံမပြုနိုင်၊

သမ္မာဒိဋ္ဌိသည် မိမိ(သမ္မာဒိဋ္ဌိ)ကလည်း အခြားအာရုံများကို အာရုံပြုနိုင်၏၊ မိမိ (သမ္မာဒိဋ္ဌိ) ကိုလည်း အခြား စိတ်, စေတသိက်တို့၏ အာရုံပြုမှုကို ခံယူနိုင်၏။

သမ္မာဒိဋ္ဌိသည် စေတသိက် ပရမတ္ထဖြစ်၏၊ ယှဉ်သင့်သောစိတ်နှင့် ယှဉ်၏။

အခြား စိတ် စေတသိက်တို့ကလည်း မိမိ(သမ္မာဒိဋ္ဌိ)ကို အာရုံပြုနိုင်၏။

နှီးနှောသင့်သော စိတ်နှင့် နှီးနှော၏၊ အပဖြစ်သင့်သောစိတ်နှင့် အတူတကွ ဖြစ်၏၊ အစဉ် လိုက်သင့်သောစိတ်သို့ အစဉ် လိုက်၏။

သမ္မာဒိဋ္ဌိသည် အတွင်း(အဇ္ဈတ္တ)သန္တာန်၌ ဖြစ်၏။

သမ္မာဒိဋ္ဌိသည် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာလည်း မဟုတ်၊ ကိလေသာနှင့် လည်း မယှဉ်။

http://www.dhammadownload.com



သမ္မာဒိဋ္ဌိသည် ပယ်စွန့်အပ်သောတရား မဟုတ်၊ သမ္မာဒိဋ္ဌိသည် ကာမာဝစရသမ္မာဒိဋ္ဌိလည်း ရှိ၏၊ ရူပါဝစရသမ္မာဒိဋ္ဌိလည်း ရှိ၏၊ အရူပါဝစရသမ္မာဒိဋ္ဌိလည်း ရှိ၏၊ လောကုတ္တရာသမ္မာဒိဋ္ဌိလည်း ရှိ၏။

သမ္မာဒိဋ္ဌိသည် လောကီ၌လည်း အကျုံးဝင်၏၊ လောကုတ္တရာ၌လည်း အကျုံးဝင်၏။

သမ္မာဒိဋ္ဌိသည် နိယျာနိကလည်း ရှိ၏၊ အနိယျာနိကလည်း ရှိ၏။

သမ္မာဒိဋ္ဌိသည် နိယတလည်းရှိ၏၊ အနိယတလည်း ရှိ၏။

သမ္မာဒိဋ္ဌိသည် ငိုကြွေး မြည်တမ်းကြောင်းမဟုတ်သော အရဏတရားဖြစ်၏ (ဝိဘင်းပါဠိတော် ပဒ အမှတ် ၁၅၂။ တိက၊ ဒုက)။

ဤသို့ အကြွင်း မကျန်မရှိ ဝေဖန်မှုကို အဘိဓမ္မာဟု ဆိုသည်။ ထိုကြောင့် "ယတ္ထ ခန္ဓာဒယော နိပ္ပဒေသေန ဝိဘတ္တာ၊ သော အဘိဓမ္မော နာမ" ဟု ဆိုခဲ့ပြီ။

ဤမျှသာ မကသေး၊ အာယတနဝိဘင်းတို့ဖြင့်လည်း ၎င်းနည်းအတိုင်း ဝေဖန်လျှင် လွန်စွာကျယ်ဝန်းသွားမည်ဖြစ်၍ ချန်လှပ်လိုက်ရပေသည်။

ဓမ္မစက္ကပ္ပဝတ္တန-(ဓမ္မစကြာ)သုတ်သည် သစ္စာလေးပါးကို ဟောတော်မူသောသုတ်ဖြစ်၍ သစ္စဝိဘင်းဖြင့် ဝေဖန်၍ ပြရာ၏။ (ဝိဘင်း ပဒ-၁၈၉)။

(၁) ဒုက္ခ အရိယသစ္စာ (၂) ဒုက္ခသမုဒယ အရိယသစ္စာ (၃) ဒုက္ခနိရောဓ အရိယသစ္စာ (၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ၊ ဤအရိယသစ္စာလေးမျိုးတို့အနက် သမ္မာဒိဋ္ဌိသည် ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ တရားကိုယ် ရှစ်ပါးတို့၌ အကျုံးဝင်၍ ထိပ်ဆုံးက နေသော အရိယသစ္စာပင် ဖြစ်၏။

ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အမှန်တရားကြီးတခု ဖြစ်၏။ (ဝိဘင်း ပဒ ၂၀၅)။

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမှုသည်လည်း ဤသမ္မာဒိဋ္ဌိဉာဏ် (၂) သမုဒယသစ္စာကို ပယ်ဘို့ရန် သိမှုမှာလည်း ဤသမ္မာဒိဋ္ဌိဉာဏ် (၃) နိရောဓသစ္စာကို မျက်မှောက်ပြု သိမြင်မှုသည်လည်း ဤသမ္မာဒိဋ္ဌိဉာဏ်ပင် ဖြစ်ပေသည်၊ (၄) မဂ္ဂသစ္စာကို ထပ်ပြန်တလဲလဲ ပွါးများမှုသည်လည်း ဤသမ္မာဒိဋ္ဌိဉာဏ်ပင် ဖြစ်ပေသည်၊ ဓမ္မစကြာ သုတ္တန်ပါဠိတော်၌ "စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ" ဟူ၍ ဟောတော်မူသည်။

ဤမျှနှင့်ပင် အဘိဓမ္မာဒေသနာသည် အကြွင်းအကျန်မရှိ ဟောတော်မူသည့် ပိဋကတော် ဖြစ်ကြောင်း သိနိုင်ပေပြီ၊ အဘိဓမ္မာ၌ ဟောတော်မူသမျှကို ထုတ်ဖော်ပြရပါမူ ကျမ်းတဆူပင် ဖြစ်နိုင်ပေသည်။

## အဘိဓမ္မာဟု ခေါ်ရပုံ အခြား အကြောင်းများ

"အဘိဓမ္မ" ပုဒ်အတွက် မှတ်ယူရန် ပြဆိုခဲ့သည့် နည်းမှတပါး အခြားနည်းများလည်း ရှိပေသေး၏။

http://www.dhammadownload.com



"အဘိဓမ္မ"ဟူသော ပုဒ်၌ပါသော "အဘိ"သဒ္ဒါသည် ပွါးခြင်း (=ဝုဍ္ဎိ)ဟူသော အနက်၌လည်း ဖြစ်သေး၏၊ ထို့ကြောင့် "ဝုဍ္ဎိမန္တာ ဓမ္မာ ဝုတ္တာ ဣတောတိ အဘိဓမ္မော" ဟု ဝိဂ္ဂဟ်ပြုရာ၏။ ဧတ္ထ၊ ဤအဘိဓမ္မာပိဋကဥ္။ ဝုဍ္ဎိမန္တာ၊ ပွါးခြင်းရှိကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မ မည်၏။ ဥပမာဆိုသော်—ဓမ္မသင်္ဂဏီပါဠိတော်၌"ရူပဘုံ၌ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏။(ရူပဘုံသို့ရောက်ကြောင်းဖြစ်သောဈာန်ကို ပွါး၏)[၁]" စသည်ဖြင့် ဟောတော်မူခြင်းသည်၎င်း၊ ဝိဘင်းပါဠိတော်၌"ချစ်ခင်မှု (မေတ္တာ)နှင့် တကွဖြစ်သော (မေတ္တာနှင့်ပြည့်စုံသော) စိတ်ဖြင့် တခုသောအရပ်ကို (ပြန့်အောင်) ဖြန့်၍နေ၏"[၂] စသည်ဖြင့် ဟောတော်မူခြင်းသည်၎င်း ပွါးခြင်းဆိုင်ရာ တရားဓမ္မများကို ဟောတော်မူခြင်းဖြစ်ပေ၏၊ ဤတွင် ပဌမအချက်ဖြင့် အာရမ္မဏိကဖြစ်သော "ဈာန်စိတ်"[၃] ၏ ပွါးများရေးကို ဟောတော်မူခြင်းဖြစ်၏၊ ဒုတိယအချက်ဖြင့် မေတ္တာစိတ်၏ "အာရုံ"[၄] ကို ပွါးများရေးအတွက် ဟောတော်မူခြင်းဖြစ်၏၊ ထိုဈာန်စိတ်သည်၎င်း ထိုအာရုံသည၎င်း "ဓမ္မ"များ ဖြစ်ကုန်၏၊ (အဘိ=ပွါးခြင်းရှိကုန်သော။ ပွါးခြင်းနှင့် ပြည့်စုံကုန်သော + ဓမ္မ=သဘောတရား)။

ထို့ပြင် "အဘိ"သဒ္ဒါသည် ဤနေရာ၌ မှတ်ခြင်း(=လက္ခဏ)ဟူသောအနက်၌လည်း ဖြစ်သေး၏။ ထို့ကြောင့် "အဘိလက္ခိတာ ဓမ္မာ ဝုတ္တာ ဣတောတိ အဘိဓမ္မော" ဟု ဝိဂ္ဂဟ်ပြုရာ၏။ ဧတ္ထ၊ ဤအဘိဓမ္မာခုနစ်ကျမ်း၌။ အဘိလက္ခိတာ၊ မှတ်အပ်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏။ (သလက္ခဏာ ဓမ္မာ ဝုတ္တာ ဣတောတိ အဘိဓမ္မော-ဟုလည်း ဝိဂ္ဂဟ်ပြုကြ၏)။ ဓမ္မသင်္ဂဏီပါဠိတော်၌ "ရူပါရုံကို၎င်း သဒ္ဒါရုံကို၎င်း (တနည်း ရူပါရုံလျှင် အာရုံရှိသည်လည်းဖြစ်သော, သဒ္ဒါရုံလျှင် အာရုံရှိသည်လည်း ဖြစ်သော)"[၅] စသည်ဖြင့် ဟောတော်မူခြင်းသည် အာရုံဖြင့် မှတ်အပ်သော (မှတ်ကြောင်းနှင့် တကွဖြစ်သော) တရားဓမ္မများကို ဟောတော်မူခြင်းဖြစ်၏၊ ဤမှတပါး သမ္ပယုတ်အားဖြင့်၎င်း ကမ္မဒွါရအားဖြင့်၎င်း ပဋိပဒါအားဖြင့်၎င်း မှတ်အပ်သော(မှတ်ကြောင်းနှင့်တကွဖြစ်သော)တရားဓမ္မများကိုလည်း ဤပိဋကဥ္ ဟောတော်မူလေသည်။

ဤမှတပါး"အဘိ"သဒ္ဒါသည် ဤနေရာ၌ ပူဇော်ထိုက်ခြင်း(=ပူဇိတ)အနက်၌လည်း ဖြစ်သေး၏။ ထို့ကြောင့် "ပူဇိတာ ဓမ္မာ ဝုတ္တာ ဣတောတိ အဘိဓမ္မော" ဟု ဝိဂ္ဂဟ်ပြုရာ၏။ ဧတ္ထ၊ ဤအဘိဓမ္မာပိဋကဥ္။ ပူဇိတာ၊ ပူဇော်အပ်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏။ ဓမ္မသင်္ဂဏီပါဠိတော်၌ "သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သောတရားများ, အသေက္ခ (ရဟန္တာ)ပုဂ္ဂိုလ်၏ဥစ္စာဖြစ်သောတရားများ[၆], လောကမှ လွန်မြောက်သော တရားများ[၇]"စသည်ဖြင့် ဟောတော်မူခြင်းသည် ပူဇော်ထိုက်သောတရားများကို ဟောတော်မူခြင်း ဖြစ်ပေ၏။

---

၁။ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ (ဓမ္မသင်္ဂဏီပါဠိတော် ၄၄-စသည်)

၂။ "မေတ္တာသဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ" (ဝိဘင်းပါဠိတော် ၂၈၄)

၃။ "ဘာဝေတိ"တိ စိတ္တဿ ဝဍ္ဎနံ ဝုတ္တံ၊ (သာရတ္ထ၊ပ၊ ၇၃)

၄။ "ဖရိတွာ"တိ အာရမ္မဏဿ ဝဍ္ဎနံ ဝုတ္တံ။ (သာရတ္ထ၊ပ၊ ၇၃)

၅။ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ (ဓမ္မသင်္ဂဏီပါဠိတော် ၁၇)

၆။ သေက္ခာ ဓမ္မာ အသေက္ခာ ဓမ္မာ (ဓမ္မသင်္ဂဏီပါဠိတော် ၂)

၇။ လောကုတ္တရာ ဓမ္မာ (ဓမ္မသင်္ဂဏီပါဠိတော် ၅)

http://www.dhammadownload.com



ဤမှတပါး "အဘိ"သဒ္ဒါသည် ဤနေရာ၌ ပိုင်းခြားခြင်း (=ပရိစ္ဆိန္န)အနက်၌လည်း ဖြစ်သေး၏။ ထို့ကြောင့် "ပရိစ္ဆိန္နာ ဓမ္မာ ဝုတ္တာ တွေ့ာတိ အဘိဓမ္မော" ဟု ဝိဂြိုဟ်ပြုရာ၏။ တွေ့၊ ဤအဘိဓမ္မာပိဋကဘ်၌။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏။ မေ့သင်္ဂဏိပါဠိတော်၌ "တွေ့ထိမှု (ဖဿ)သည် ဖြစ်၏၊ ခံစားမှု (ဝေဒနာ)သည် ဖြစ်၏[၁]"စသည်ဖြင့် ဟောတော်မူခြင်းသည် ဆိုင်ရာဆိုင်ရာ တွေ့ထိခြင်း(ဖုသန),ခံစားခြင်း(ဝေဒိယန)ဟူသော ပိုင်းခြားချက် အသီးသီးဖြင့် ပိုင်းခြားအပ်သော ဓမ္မတို့ကို ဟောတော်မူခြင်း ဖြစ်ပေ၏။

"ပဋိဗလော ဝိနေတုံ အဘိဓမ္မေ အဘိဝိနယေ"(=အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ငှင်း၊ အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ငှင်း ဆုံးမရန် စွမ်းနိုင်၏)စသည်ဖြင့် ဟောကြားတော်မူရာမျိုး၌လည်း"အဘိ"သဒ္ဒါသည် "ပိုင်းခြားခြင်း" အနက်၌ပင် ဖြစ်၏၊ ထို့ကြောင့်"အချင်းချင်း ရောထွေးယှက်တင်ခြင်းမှ ကင်းသော ဓမ္မ၌ငှင်း, ဝိနယ၌ငှင်း ဆုံးမရန် စွမ်းနိုင်၏"ဟု ဆိုလိုကြောင်းကို အဋ္ဌကထာဆရာ ဖွင့်ပြတော်မူလေသည်။

"ဖဿ"သည် "ဝေဒနာ"မဟုတ်၊ (ဝေဒနာနှင့် မရောယှက်)၊ ဝေဒနာသည် သညာမဟုတ်၊ (သညာနှင့် မရောယှက်)၊ ဤသို့ ဓမ္မအချင်းချင်း မရောမယှက် ပိုင်းခြားခြင်းကိုပင် "အဘိဓမ္မ" ဆိုသည်။

"ပါဏာတိပါတော အကုသလံ"ဟူသော စကား၌ "ပါဏ"(=အသက်)ဟူသည် ဇီဝိတိန္ဒြေပေတည်း၊ "ပါဏာတိပါတ"(=အသက်ကို သတ်ခြင်း)ဟူသည် ဇီဝိတိန္ဒြေ၏ပြတ်ခြင်း ဘင်္ဂက္ခဏပေတည်း၊ "အကုသလံ"(=အကုသိုလ်)ဟူသည် ဇီဝိတိန္ဒြေပြတ်ခြင်းကို ဖြစ်စေသည့်(ကာယပယောဂ, ဝစီပယောဂဟူသော ဝိညတ်ကို ဖြစ်စေသည့်) အကုသိုလ်စေတနာပေတည်း၊ ဤသို့ ပရမတ္ထအားဖြင့် တပါးနှင့်တပါး မရောယှက်ဟူလို။

ဝိနည်းအရာတွင် (၁) တမတ်, တမတ်ထက်ပိုသော ပိုင်ရှင်မပေးသည့် သူတပါးဥစ္စာကိုဖြစ်စေ၊ တမတ်, တမတ်ထက်ပို၍ ထိုက်သော သူတပါးပစ္စည်းကိုဖြစ်စေ ခိုးလိုစိတ်ဖြင့် ယူမိလျှင် ပါရာဇိကပေတည်း၊ (၂) တမတ်ထက် နည်းသောဥစ္စာကို ခိုးလိုစိတ်ဖြင့် ယူမိလျှင် ထုလ္လစ္စည်းပေတည်း၊ (၃) ပံသုကူဖြစ်သော ပုဆိုးစသည်ကို ယူမိသော်ကား အာပတ်မသင့်(အနာပတ္တိ)၊ (၄) ရွှေငွေစသည်ကို ဘဏ္ဍာစိုးအဖြစ် သိမ်းထားမည်ဟူသော သဘောဖြင့် ယူမိသော် ပါစိတ်အာပတ်၊ (၅) ရွှေငွေစသည်တို့ကို မိမိအဖို့ခံမိမူ နိဿဂ္ဂိယပါစိတ်၊ (၆) လက်ဆောင်ပေးသဖြင့် ကိုင်မိသော် ဒုက္ကဋ်၊ (၇) ရုပိယဆဋ္ဋကဟူ၍ သမုတ်သော ရဟန်းက စွန့်ပစ်မည်ဟူ၍ ယူသော်ကား အာပတ်မသင့်(အနာပတ္တိ)၊ ဤသို့ တခုနှင့်တခု မရောမယှက် ဆုံးဖြတ်နိုင်စွမ်းရှိသည်ကိုပင် "ပိုင်းခြားခြင်း"ဟု ဆိုလေသည်။

တနည်း-ဝိနည်းအရာဝယ် အိပ်မက်ဖြင့် သုက်လွှတ်လျှင် အာပတ်မသင့်သော်လည်း ပရမတ္ထအရာဝယ် အကုသိုလ်စေတနာကို ကောက်ယူရသည် စသည်ဖြင့် ဝိနည်းနှင့် ဓမ္မ မရောမယှက်သည်ကိုလည်း ပိုင်းခြားခြင်းဟု ဖွင့်ပြတော်မူကြသေး၏။

---

၁။ ဖဿော ဟောတိ ဝေဒနာ ဟောတိ (မေ့သင်္ဂဏိ-၁၇)

http://www.dhammadownload.com



ထို့ပြင် "အဘိ"သဒ္ဒါသည် ဤနေရာ၌ သာလွန်ခြင်း(=အဓိက)အနက်၌လည်း ဖြစ်သေး၏၊ ထို့ကြောင့် "အဓိကာ ဓမ္မာ ဝုတ္တာ တေ့ာတိ အဘိဓမ္မော"ဟု ဝိဂ္ဂြိုဟ်ပြုရာ၏။ တေ့၊ ဤအဘိဓမ္မာပိဋကၡ္၌။ အဓိကာ၊ သာလွန်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏။ ဓမ္မသင်္ဂဏီပါဠိတော်၌ "ကြီးကျယ်မြင့်မြတ်သည့် အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'တရားများ, နှိုင်းယှဉ်မှုကိုပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက် 'အပ္ပမာဏ'တရားများ[၁], မိမိထက် သာလွန်မြင့်မြတ်သည့်တရားမရှိသော 'လောကုတ္တရ'တရားများ[၂]"စသည်ဖြင့် ဟောတော်မူခြင်းသည် သာလွန်သည့် ဓမ္မများကို ဟောတော်မူခြင်းဖြစ်ပေ၏။ (ဤ၌ ကာမာဝစရထက် မဟဂ္ဂတဓမ္မ(=မဟဂ္ဂုတ်တရား)က သာလွန်ကြောင်း၊ မဟဂ္ဂုတ်တရားထက် လောကုတ္တရာတရား(=လောကုတ္တရဓမ္မ)က သာလွန်ကြောင်းကို သိလေ)။

တနည်းအားဖြင့် ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်များကို (၁) ဓမ္မ (၂) အဘိဓမ္မ (၃) ဝိနယ (၄) အဘိဝိနယ[၃]ဟူ၍ လေးမျိုးခွဲဝေအပ်၏။

ထိုလေးမျိုးအနက် (၁) သုတ္တန်ပိဋကသည် "ဓမ္မ"မည်၏၊ (၂) ဓမ္မသင်္ဂဏီစသော ခုနစ်ကျမ်းသည် (ဆိုခဲ့သည့်အတိုင်း) သုတ္တန္တဓမ္မထက် သာလွန်ထူးခြားသည့် ပရိယတ္တိဓမ္မဖြစ်သောကြောင့် "အဘိဓမ္မ" (ထူးသော ဓမ္မ,လွန်သော ဓမ္မ)မည်၏၊ (၃) ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်းဟူသော ဝိဘင်းအစုံသည် ကိုယ်နှုတ်တို့ကို ဆုံးမရာ ဆုံးမကြောင်းဖြစ်သောကြောင့် ဝိနယ (ဝိနည်း) မည်၏၊ (၄) ခန္ဓက ပရိဝါရတို့ကား အာဘိသမာစာရိကဓမ္မ (အထူးတလည် မြတ်လှစွာသော အကျင့်ရှိသော ဓမ္မ)ကို ပြောကြားရာ ဖြစ်သောကြောင့် "အဘိဝိနယ" (ဝိနည်းထူး, ဝိနည်းလွန်) မည်ပေ၏[၄]။

တနည်း (၁) သုတ္တန်ပိဋကသည်ရင်း အဘိဓမ္မာပိဋကသည်ရင်း "ဓမ္မ"မည်ပေ၏၊ (၂) မဂ်ဖိုလ်တို့သည်ကား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော အကြောင်းကြောင့် "အဘိဓမ္မ" (ဓမ္မထူး ဓမ္မလွန်)မည်ပေ၏၊ (၃) ဝိနယပိဋကတခုလုံးသည် ဝိနယမည်၏၊ (၄) ကိလေသာမီး ပျက်စီးချုပ်ငြိမ်းမှုကို ပြုတတ်သည့် သိက္ခာ ၃-ပါးတို့သည်ရင်း, အကျဉ်းအားဖြင့် ဝဋ်မှထွက်မြောက်ရေး ဖြစ်သော သမထ,ဝိပဿနာတို့သည်ရင်း "အဘိဝိနယ" (ဝိနည်းထူး,ဝိနည်းလွန်) မည်ပေ၏[၅]။

(ရဟန်းတော်များအဖို့) မှီခိုရာ (အားကိုးရာ)ကို ပြုတတ်သော တရားဆယ်မျိုးတို့တွင် "တရားတော်ကို လိုလားခြင်း,ချစ်ဖွယ်ပြောဆိုတတ်ခြင်း, (ဆိုခဲ့သည့်) ဓမ္မ,အဘိဓမ္မ, ဝိနယ,အဘိဝိနယလေးမျိုးတို့၌ များစွာ မြတ်နိုးမှုရှိခြင်းဟူသော အချက်သည်လည်း မှီခိုရာ (အားကိုးရာ)ကို ပြုတတ်သည့် တရားတပါးအဖြစ် ပါဝင်လေသည်။

---

၁။ မဟဂ္ဂတာ ဓမ္မာ အပ္ပမာဏာ ဓမ္မာ(ဓမ္မသင်္ဂဏီပါဠိတော်-၂)

၂။ အနုတ္တရာ ဓမ္မာ(ဓမ္မသင်္ဂဏီပါဠိတော်-၁၃)

၃။ အဘိဓမ္မေ အဘိဝိနယေတိ ဧတ္ထ (၁) ဓမ္မော (၂) အဘိဓမ္မော (၃) ဝိနယော(၄) အဘိဝိနယောတိ စတုက္ကံ ဝေဒိတဗ္ဗံ။ (အင်္ဂုတ္တရ၊ဋ္ဌ၊တ၊ ၂၉၁)

၄။ ရှင်း ၂၉၁။

၅။ ရှင်း ၂၉၁။

http://www.dhammadownload.com

# အဘိဓမ္မာ၏ နိဒါန်း

**နိဒါန်း။** ။ဒေသ,ကာလ,ဋ္ဌာနစသည့်တို့၏အစွမ်းဖြင့် မထင်ရှားသည့် ဒေသနာ၊ တော်ကို ထင်ရှားအောင် ပြ၍ ပြတတ်သောကြောင့် နိဒါန်းဟု ခေါ်ခြင်းဖြစ်သည်။

ပိဋကသုံးပုံတို့တွင် ဝိနည်းပိဋကအရာဝယ် သိက္ခာပုဒ် အသီးသီးအတွက် ဆိုင်ရာ ဆိုင်ရာဝတ္ထု, နိဒါန်း, ပုဂ္ဂိုလ်, ပဌမပညတ်,အနုပညတ်, အာပတ္တိ, အနာပတ္တိဟူ၍ ပဌမသံဂါယနာတင်စဉ်ကပင် အပြည့်အစုံ မှတ်တမ်းတင်တော်မူခဲ့ကြသဖြင့် ထင်ရှားရှိနေသည်။

သုတ္တန်ပိဋကအရာ၌လည်း သုတ်တော်အသီးသီးအတွက် ဆိုင်ရာဆိုင်ရာ နိဒါန်း,ပုဂ္ဂိုလ်,ဝတ္ထုများဟူ၍ ပဌမသံဂါယနာတင်စဉ်ကပင် မှတ်တမ်းတင်တော်မူခဲ့ကြသဖြင့် ထင်ရှားရှိနေသည်။

ဝိနည်းပိဋက,သုတ္တန်ပိဋကများနည်းတူ အဘိဓမ္မာပိဋကအတွက် အဘယ်အရပ်၌ ဟောသည်, အဘယ်ပုဂ္ဂိုလ်တို့အား ဟောသည်စသော အချက်အလက်တို့ ခိုင်ခိုင်လုံလုံ မရှိဟု ထင်မှတ်ကာ ဘုရားဟော မဟုတ်ဟု ယူဆသူများ ရှေးကပင် ရှိခဲ့ကြဘူးလေသည်[၁]။

သို့သော် နိဒါန်းမရှိပါက ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူချက် မဟုတ်နိုင်ဟူ၍ ယူဆစတမ်းဆိုပါက ဇာတက,သုတ္တနိပါတ,ဓမ္မပဒတို့၌ နိဒါန်းမရှိကြပေ၊ ထို့ကြောင့် ၎င်းတို့ကိုလည်း ဘုရားဟော မဟုတ်ဟူ၍ ယူရတော့မည်လော။ ဤသို့ကား မဟုတ်ချေ။

စင်စစ်ကား အခြားသုတ်တော်အသီးသီးတို့၌ ဒေသနာနိဒါန်း တမျိုးစီသာ ရှိကြလေသည်။ အဘိဓမ္မာ၌ကား နိဒါန်းတမျိုးသာမက နှစ်မျိုး,သုံးမျိုးပင် ရှိသည်ကို တွေ့ရလေသည်။

နိဒါန်းနှစ်မျိုးကား (၁) အဓိဂမနိဒါန်းနှင့် (၂) ဒေသနာနိဒါန်းတို့ပေတည်း။

(၁) **အဓိဂမနိဒါန်း။** ။ထိုနှစ်မျိုးတို့အနက် ဒီပင်္ကရာ ထွတ်ချာမှန်ကင်း တရားမင်း၏ ခြေရင်းတော်တွင် ဗျာဒိတ်ခံယူသည့် အချိန်မှစ၍ မဟာဗောဓိပလ္လင်တော်အထိကို အဓိဂမနိဒါန်း (=**အသိရကြောင်းနိဒါန်း**) ဟူ၍ မှတ်ယူရမည်။

(၂) **ဒေသနာ နိဒါန်း။** ။သဗ္ဗညုတဉာဏ်ရသည်မှ တဖန် ဓမ္မစကြာတရား ဟောကြားတော်မူသည်အထိကို ဒေသနာနိဒါန်း (=ဟောကြားကြောင်းနိဒါန်း)ဟူ၍ မှတ်ယူရမည်။ (အဋ္ဌသာလိနီ၊ ၄၊၇၂)

တနည်း (၁) အဘိဓမ္မာဒေသနာကို သိရခြင်းအကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် အဓိဂမနိဒါန်းမည်၏။

(၂) ဒေသ, ကာလ စသည်တို့သည် ဒေသနာနိဒါန်းမည်၏၊ (ဓမ္မသင်္ဂဏီ၊ အနုဋီကာ၊၂၅)။

ဤဆိုခဲ့သည့် နိဒါန်းနှစ်မျိုးရှိသော အဘိဓမ္မာ၏ နိဒါန်းအရာကို လွန်စွာသဘောပေါက်နိုင်စေရန် အမေး, အဖြေပြုလုပ်၍ ပြပါဦးအံ့။

---

၁။ အဋ္ဌသာလိနီ၊ ၂၉။၃၀။၃၁-စသည်တို့၌ ဖြေရှင်းချက်များနှင့်တကွ ကာကျယ်၍။

http://www.dhammadownload.com



(မေး) အဘိဓမ္မာဟူသည်ကို အဘယ်တရားက စတင်ဖြစ်ပေါ်စေခဲ့ပါသနည်း။

(ဖြေ) သဗ္ဗညုတဉာဏ်ဖြင့်သာ (သဗ္ဗညုတဉာဏ်ကို ရမှသာ) အဘိဓမ္မာကို ဟောကြားနိုင်ပါသည်၊ ထို့ကြောင့် ထိုဉာဏ်ရဘို့အရေးဆီသို့ မိမိ၏ စိတ်ကို ဆောင်ကြောင်း (ဆုတောင်းကြောင်း) ဖြစ်သော သဒ္ဓါတရားသည် အဘိဓမ္မာတရားတော်၏ လက်ဦးအစ နိဒါန်ဖြစ်သည်ဟု ဆိုရပါမည်။

(မေး) သဗ္ဗညုတဉာဏ်တော်ကို အဘယ်မှာ ရင့်ကျက်စေခဲ့ပါသနည်း။

(ဖြေ) အခွဲနှင့်တကွခြောက်ရာ (ငါးရာ့ငါးဆယ်)သော အဖြစ်တော်တို့၌ ရင့်ကျက်စေတော်မူခဲ့ပါသည်၊ (ငါးရာ့ငါးဆယ်ဟု ဆိုခြင်းမှာလည်း ထုတ်ဖော်ဟောကြားသမျှ ဇာတ်တော်တို့ကိုသာ ဆိုခြင်းဖြစ်သည်၊ စင်စစ်ကား ဤကာလအတွင်း အဖြစ်တော်ပေါင်း ငါးရာ့ငါးဆယ်မျှ မကပါ[၁]။)

(မေး) အဘယ်အရပ်၌ ရတော်မူ (သိတော်မူ) ပါသနည်း။

(ဖြေ) မဟာဗောဓိညောင်ပင်ရင်း၌ ရတော်မူ (သိတော်မူ) ပါသည်။

(မေး) အဘယ်အခါကာလ၌ ရပါသနည်း။

(ဖြေ) ဘိုးတော်အဥ္စနမင်း ဖြို့ကြွင်းသက္ကရာဇ် တရာ့သုံးခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ရတော်မူပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်သည် ရတော်မူ (သိတော်မူ) ပါသနည်း။

(ဖြေ) သဗ္ဗညုမြတ်စွာဘုရား ရတော်မူ (သိတော်မူ)ပါသည်။

(မေး) ထိုရတော်မူ သိတော်မူသည့် တရားတော်ကို အဘယ်အရပ်၌ စိစစ် (ဆင်ခြင်)တော်မူပါသနည်း။

(ဖြေ) ဗောဓိမဏ္ဍိုင်၌ စိစစ် ဆင်ခြင်တော်မူပါသည်။

(မေး) အဘယ်အခါကာလ၌ စိစစ် ဆင်ခြင်တော်မူပါသနည်း။

(ဖြေ) မဟာဗောဓိပင်နှင့် ရွှေပလ္လင်၏ အနောက်မြောက် ရတနာဃရစေတီ သတ္တာဟ၌ သီတင်းသုံးတော်မူစဉ် စိစစ်ဆင်ခြင်တော်မူပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်သည် စိစစ် ဆင်ခြင်တော်မူပါသနည်း။

(ဖြေ) သဗ္ဗညုရှင်တော်ဘုရားသည်ပင် စိစစ် ဆင်ခြင်တော်မူပါသည်။

(မေး) အဘိဓမ္မာကို အဘယ်အရပ်၌ ဟောတော်မူပါသနည်း။

(ဖြေ) တာဝတိံသာမည် နတ်ပြည်၌ ဟောတော်မူပါသည်။

(မေး) ဘယ်သူ့အကျိုးငှါ ဟောတော်မူပါသနည်း။

(ဖြေ) နတ်ဗြဟ္မာတို့အကျိုးငှါ ဟောတော်မူပါသည်။

---

၁။ န ဟိ ဧတ္တကာသုယေဝ ဇာတီသု ပုညာဒိသမ္ဘာရသမ္ဘရဏံ၊ ကိံပန ကာရဏံ ဧတ္တကာယေဝ ဇာတိယော ဒေသိတာ တိ၊ တဒညေသံ အဋ္ဌုပ္ပတ္တိယာ အဘာဝတော။ ။အနုဋီကာ။ ၂၅။

http://www.dhammadownload.com



(မေး) ဘယ်အကျိုးအတွက် ဟောတော်မူပါသနည်း။

(ဖြေ) သြဃလေးဖြာ သံသရာဝဲဂယက်ထဲမှ အမြဲလွတ်အောင် ထုတ်ဆောင်ကယ်တင်ရန် အတွက် ဟောကြားတော်မူပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်များသည် ဤအဘိဓမ္မာတရားတော်ကို နာယူခဲ့ကြရပါသနည်း။

(ဖြေ) မယ်တော်ဖြစ်ခဲ့ဘူးသည့်သန္တုသိတနတ်သား အမှူးရှိသော နတ်ဗြဟ္မာ အပေါင်းတို့ နာယူခဲ့ကြပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်များ သင်ယူကြဆဲ ကျင့်ကြံဆဲ ဖြစ်ကြပါသနည်း။

(ဖြေ) သောတာပန်, သကဒါဂါမ်, အနာဂါမ်, သေက္ခပုဂ္ဂိုလ်များနှင့်၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များသည် သင်ယူကြဆဲ ကျင့်ကြံကြဆဲ ပုဂ္ဂိုလ်များဖြစ်ပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်များသည် သင်ပြီး-ကျင့်ဆောင်ပြီး ပုဂ္ဂိုလ်များ ဖြစ်ကြပါသနည်း။

(ဖြေ) အာသဝေါကုန်ခန်းတော်မူပြီးကြသည့် ရဟန္တာအရှင်မြတ်တို့သည် သင်ပြီး ကျင့်ပြီး ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်တို့သည် သင်အံ လေ့ကျက် မှတ်သား ဆောင်ရွက်ကြပါကုန်သနည်း။

(ဖြေ) ဤအဘိဓမ္မာတရားတော်များကို နှလုံးသားအတွင်း ဆောင်သွင်းထားသူတို့သည် ဆောင်ရွက်သော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

(မေး) အဘိဓမ္မာတရားတော်သည် အဘယ်ပုဂ္ဂိုလ်၏စကား ဖြစ်ပါသနည်း။

(ဖြေ) ဘုန်းတော်ခြောက်ပါးသခင် ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ စကားတော်အစစ် အမှန်ဖြစ်ပါသည်။

(မေး) အဘယ်ပုဂ္ဂိုလ်များသည် အဆက်ဆက် ဆောင်ယူခဲ့ကြပါသနည်း။

(ဖြေ) အဘိဓမ္မာဆောင် ဆရာအဆက်ဆက်တို့ သင်ကြား ပို့ချ ကျင့်ဆောင်ခြင်း အားဖြင့် ဆောင်ယူခဲ့ကြပါသည်။

**နိဒါန်းသုံးမျိုး။** ။ဤမှတပါး အဘိဓမ္မာ၌ (ပြဆိုခဲ့သည့် နိဒါန်း ၂-မျိုးအပြင်)—

(၁) ဒူရေနိဒါန်း၊

(၂) အဝိဒူရေနိဒါန်း၊

(၃) သန္တိကေနိဒါန်းဟူ၍လည်း နိဒါန်းသုံးမျိုးရှိသည်။

(၁) **ဒူရေနိဒါန်း။** ။ဒီပင်္ကရာမြတ်စွာသနင်း ခြေတော်ရင်း၌ ဖြန့်ခင်းတံတား မိန့်ကြားနိယတ ဗျာဒိတ်ရသည့်ကာလမှ တုသိတာနတ်ပြည်အထိသည် အဘိဓမ္မာဒေသနာ တော်၏ ဒူရေနိဒါန်း (အဝေးနိဒါန်း) ဖြစ်သည်။

http://www.dhammadownload.com



(၂) အဝိဒူရေနိဒါန်း॥ ॥တုသိတာနတ်ပြည်မှ ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ငါးအင်မာရ်မျိုး ပယ်ချိုးသတ်ဖြတ် ဘုရားမြတ်အဖြစ်သို့ ဆိုက်ရောက်သော ကာလ အထိသည် အဘိဓမ္မာဒေသနာတော်၏ အဝိဒူရေနိဒါန်း (မနီးလွန်း မဝေးလွန်းသော နိဒါန်း) ဖြစ်သည်။

(၃) သန္တိကေနိဒါန်း॥ ॥"အခါတပါး ဗုဒ္ဓရှင်တော်ဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သိတင်းသုံးတော်မူ၏၊ ထိုအခါ တာဝတိံသာနတ် ပြဟ္မာ အပေါင်းတို့အား ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာစသော အဘိဓမ္မာတရားတော်ကို ဟောတော်မူလေပြီ" ဟူသော စကားသည်ကား အဘိဓမ္မာဒေသနာတော်၏ သန္တိကေနိဒါန်း (အနီး နိဒါန်း) ဖြစ်သည်။

## အဘိဓမ္မာ၏ ထင်ရှားသော နိဒါန်းများ

တနည်းအားဖြင့် အဘိဓမ္မာဟူသည် သဗ္ဗညုဗုဒ္ဓဘုရားရှင်တို့၏ အရာသာလျှင် ဖြစ်ပေ၏၊ အခြားသူတို့၏ အရာမဟုတ်ချေ၊ သဗ္ဗညုဗုဒ္ဓတို့၏—

၁။ မယ်တော်ဝမ်းတိုက်သို့ သက်တော်မူခြင်း။

၂။ ဖွားတော်မူခြင်း။

၃။ သစ္စာလေးပါးကို ကိုယ်တော်တိုင် ဦးစွာ သိတော်မူခြင်း။

၄။ ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း။

၅။ ယမိုက်ပြာဋိဟာ ပြတော်မူခြင်း။

၆။ တာဝတိံသာသို့ ကြွတော်မူခြင်း။

၇။ နတ်ပြည်၌ အဘိဓမ္မာကို ဟောတော်မူခြင်း။

၈။ တာဝတိံသာမှ လူ့ပြည် (သင်္ကာသနဂိုရ်) သို့ ဆင်းသက်တော်မူခြင်းများသည် အလွန်ထင်ရှားသော အရာဖြစ်ပေ၏[၁]၊ အဘိဓမ္မာအတွက်လည်း နိဒါန်း သီးခြားထုတ်၍ ပြရန် မလိုလောက်အောင်ပင် ထင်ရှားသော အချက်များ ဖြစ်ပေ၏။

ဤအချက်နှင့် စပ်လျဉ်း၍"အဘိဓမ္မာသည် ဘုရားဟော အစစ်ဖြစ်ကြောင်း"ဟူသော စာတမ်း၌ (အဂ္ဂမဟာပဏ္ဍိတ) ဆရာကြီးဦးလင်းက အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

> အဘိဓမ္မာကို သံဂါယနာတင်သောအခါမှာကား ဝိနည်းနှင့် သုတ္တန်မှာကဲ့သို့ မတင်မိဦးစွာ အဘိဓမ္မာကို (၁) အဘယ်အရပ်ဒေသမှာ ဟောတော်မူပါသနည်း၊ (၂) အဘယ်ပုဂ္ဂိုလ်ကိုစွဲ၍ ဟောတော်မူသနည်း၊ (၃) အဘယ်အကြောင်းကြောင့် ဟောတော်မူသနည်း စသည်ဖြင့် အရှင်မဟာကဿပက မေး၍ အရှင်အာနန္ဒာက ဖြေဆိုနေဖွယ် အလျင်းမရှိတော့ပြီ၊ မေးဖြေခြင်း ပြုနေပါက ရယ်ဖွယ်ရာအစစ်သာ ဖြစ်နေပေလိမ့်မည်၊ အကြောင်းကိုဆိုသော် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ရှိသည့်အနက် ထက်ဝက်ဖြစ်သော ဓမ္မက္ခန္ဓာလေးသောင်းနှစ်ထောင်ပါဝင်သော အဘိဓမ္မာဒေသနာတော်ကြီးမှာ အလွန်တရာပင်

---

[၁]။ အဋ္ဌသာလိနီ၊ ၌၊ ၃၀ ၌ အကျယ်ရှု။

http://www.dhammadownload.com



ကျယ်ဝန်းများပြားလှသော်လည်း မြတ်စွာဘုရားသည် တဓနေရာတည်း တထိုင်တည်း ပရိသတ်တခုတည်းမှာသာ တဆက်တည်း ဟောတော်မူသော ဒေသနာဖြစ်၍ ဟောတော်မူရာ အရပ်ဒေသနှင့် စပ်၍ မှတ်သားဖွယ် ရှုပ်ထွေးဝန်လေး ခဲယဥ်းနေရန် အလျှင်းမရှိ။

သာဝတ္ထိပြည်၏ တောင်မျက်နှာ သရက်ဖြူပင်ရင်းတွင် ရေ့မီးအစုံအစုံ တန်းခိုးပြခဲ့ရှိဟာကို ပြတော်မူပြီး၍ ဝါဆိုလပြည့်နေ့တွင် တာဝတိံသာသို့ တက်ကြွကာ အဘိဓမ္မာဒေသနာကို ဟောပြီးလျှင် ဟောပြီးခြင်း သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကာသနဂိုရ်သို့ ကြွဆင်းတော်မူကြောင်းတွေကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အထင်အရှားအားလုံး သိမြင်နေကြသောအရာဖြစ်၍ ဤအရာကို အမေးအဖြေပြုလုပ်နေပါက ရယ်ဖွယ်ရာမဖြစ်ဘဲ အဘယ်မှာ ရှိနိုင်တော့မည်နည်း။

ဤမှတပါး အဘိဓမ္မာကို ဟောကြားတော်မူရာ နိဒါန်းရှိမှု မရှိမှုနှင့် စပ်လျဥ်း၍ ရှေးအခါကပင် အဖြေအမျိုးမျိုး ပေးခဲ့ကြဘူးလေသည်။

စတုတ္ထသံဂါယနာတင်သောခေတ်အထိ အဘိဓမ္မာသည် နိဒါန်းမရှိသဖြင့် ဘုရားဟောမဟုတ်ဟူသော ငြင်းဆိုမှု မပေါ်ပေါက်သေးပေ၊ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မတိုင်မီ အနှစ်တရာလောက်တွင်မှ ငြင်းဆိုသူများ ပေါ်လာသောကြောင့် မဏ္ဍလာရာမဝါသီ တိဿဘူမိထေရ် စသည်တို့က နိဒါန်းရှိကြောင်းကို ဖြေရှင်းတော်မူခဲ့ကြရလေသည် [၁]။

မဏ္ဍလာရာမဝါသီ တိဿဘူတိထေရ်က ( သံယုတ္တနိကာယ ၃-၁၁ ) ပဒေသသုတ္တန်ကို ကိုးကားတော်မူကာ ( ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်, ဈာန်, နာမ်, ဓမ္မဟု ဆိုအပ်သော ) ပဒေသဆယ်ပါးတို့ကို အကြွင်းမရှိ ထိုးထွင်း၍ သိရာ မဟာဗောဓိပင်သည်ပင် အဘိဓမ္မာ၏ နိဒါန်းဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြတော်မူခဲ့လေသည် [၂]။

ဂါမဝါသီ သုမနဒေဝမထေရ်ကလည်း အဘိဓမ္မာ၌ နိဒါန်းမရှိဟု ယူဆကြသော ပရဝါဒီတို့အား "အခါတပါး ဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ တာဝတိံသာနတ်အပေါင်းတို့အား ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာစသည်ဖြင့် အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူ၏" ဟူသော နိဒါန်းကို မိန့်ဆိုတော်မူလေသည်ဟု မိန့်တော်မူခဲ့သည် [၃]။

## အဘိဓမ္မာပိဋကဘုရားဟော ဟုတ်, မဟုတ်

ထို့ပြင် ရှေးဆရာတော်ကြီးများသည် အဘိဓမ္မာ ဘုရားဟောဖြစ်ကြောင်းကို ပါဠိတော်တိုက်ရိုက် အကိုးအကားအနေဖြင့် အောက်ပါ ပါဠိတော်ကို ထုတ်ဆောင် ကိုးကားလေ့ ရှိတော်မူကြကုန်၏။

> တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
> ပါရိစ္ဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။

---

၁။ အဘိဓမ္မာနေ့အရေးတော်ပုံ၊ စာမျက်နှာ-၉၀(ယမိုက်ဆရာတော်၏ ရေးသားချက်)၌ ရှုပါ။
၂။ အဋ္ဌသာလိနီ၊ ၄။ ၃၁-၌ အကျယ်ရှု။
၃။ အဋ္ဌသာလိနီ၊ ၄။ ၃၁-၌ အကျယ်ရှု။

http://www.dhammadownload.com



ဒသသု လောကဓာတူသု၊ သန္နိပတိတွာန ဒေဝတာ။
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။
(ပေတဝတ္ထုပါဠိတော်၊ အင်္ကုရပေတဝတ္ထု-၁၆၀)

**အနက်အဓိပ္ပါယ်ကား—**

၁၇၇။ ။ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အကြင်အခါ တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလအမည်ရှိသော ကျောက်ဖျာ၌ သီတင်းသုံးတော်မူနေလေပြီ။

၁၇၈။ ။တသောင်းသော လောကဓာတ်တို့၌ (နေကုန်သော) နတ် ဗြဟ္မာတို့သည် စည်းဝေးကုန်၍ မြင်းမိုရ်တောင်ထိပ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။

အဘိဓမ္မာ ပါဠိသည် ဘုရားဟော မဟုတ် ဟု အယူရှိသော ဓမ္မကထိကတပါးကို ရဟန်းတော် တပါးက ဝိနည်းပိဋကကို ကောင်းစွာ မသင်ကြားခဲ့ဘူး၍သာ 'အဘိဓမ္မာသည် ဘုရားဟောမဟုတ်' ဟု ယူဆဟန်တူကြောင်း စသည်တို့ကို မိန့်ဆိုတော်မူကာ (အောက်ပါ) ဝိနည်း ပါဠိတော်လာ စကားရပ်များအရ ဘုရားဟောဖြစ်ကြောင်းကို ရှင်းလင်းမြွက်ကြားတော်မူခဲ့ဘူးလေသည်[၁]။

အကြင်ရဟန်းသည် ကဲ့ရဲ့လို၍မဟုတ်ဘဲ "ငါ့ရှင် တိုက်တွန်းပါ၏၊ သင်သည် သုတ္တန်ကိုင်း ဂါထာ တို့ကိုင်း အဘိဓမ္မာကိုင်း (ဝိနည်းမှ ရှေးဦးစွာ) သင်ယူပါလော့၊ နောက်၌လည်း ဝိနည်းကို သင်ရပေလတ္တံ့" ဟု ဆိုပါက ထိုရဟန်းအား အာပတ်မသင့်။ (ပါစိတ်ပါဠိတော်၊ ၁၇၉)

အကြင်ရဟန်းမိန်းမသည် သုတ္တန်၌ အခွင့်ကိုပြုစေပြီးလျှင်(သုတ္တန်ကို မေးမြန်းရန် အခွင့်တောင်း ပြီးလျှင်) ဝိနည်းကိုဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ မေး၏၊ ထိုဘိက္ခုနီမအား ပါစိတ်အာပတ်သင့်၏၊ ဝိနည်း၌ အခွင့်ကိုပြုစေပြီးလျှင်(ဝိနည်းကို မေးမြန်းရန် အခွင့်တောင်းပြီးလျှင်) သုတ္တန်ကိုဖြစ်စေ အဘိဓမ္မာကိုဖြစ်စေ မေး၏၊ ပါစိတ်အာပတ်သင့်၏။ (ပါစိတ်ပါဠိတော်၊ ၄၆၀)

**မဟာဂေါသိင်္ဂသုတ်။** ။မဟာဂေါသိင်္ဂသုတ်သည် အဘိဓမ္မာဘုရားဟောဖြစ်ကြောင်း ကိုးကား ရာတွင် အဆိုပါ ဝိနည်းတော်လာ စကားထက်ပင် ခိုင်မာသေးကြောင်းကို အဋ္ဌကထာဆရာကြီး အသျှင်မဟာဗုဒ္ဓဃောသက မှာထားပေးပြတော်မူခဲ့ပြန်လေသည်[၂]။

အဂ္ဂသာဝကကြီးနှစ်ပါးနှင့်တကွ တပည့်သာဝကကြီး ၄-ပါးတို့သည် ဂေါသိင်္ဂသာလဝန (အင်ကြင်းတော) အတွင်း တပေါင်းလပြည့်နေ့ ညဦးအခါ၌ အမေးအဖြေပြုတော်မူကြပြီးနောက် အသျှင်သာရိပုတ္တရာသည် ထိုမေး-ဖြေချက်များကို ဗုဒ္ဓရှင်တော်ဘုရားထံ သွား၍ လျှောက်ထားလေ သည်၊ ထိုလျှောက်ထားချက်တွင် ပါဝင်သည့် အမေးအဖြေတို့ကား—

(အသျှင်သာရိပုတ္တရာ) ငါ့ရှင်မောဂ္ဂလာန်၊ အဘယ်သို့သော ရဟန်းသည် ငါတို့နေရာ အင်ကြင်း တော (ဝါ-သာသနာ)ကို တင့်တယ်စေပါသနည်း-ဟု မေး၏။

---

၁။ အဋ္ဌသာလိနီ၊ ဋ္ဌ။ ၂၉ ၌ အကျယ်ရှု။
၂။ အဋ္ဌသာလိနီ၊ ဋ္ဌ။ ၂၉ ၌ အကျယ်ရှု။

http://www.dhammadownload.com



(အသျှင်မောဂ္ဂလာန်) "ဤသာသနာတော်၌ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာတရားကို ပြောကြားကြ၍ အချင်းချင်း ပြဿနာကို မေးမြန်းဖြေဆိုကြကာ တွန့်တိုဆုတ်နစ်ခြင်း မရှိကြလျှင် ထိုရဟန်းနှစ်ပါးတို့၏ စကားဖြစ်ခြင်းသည် တရားနှင့်လျော်သည်ပင်ဖြစ်သည်၊ ငါ့ရှင်သာရိပုတ္တရာ ဤသို့သော ရဟန်းမျိုးသည် လပြည့်ဝန်း၏အရောင်ဖြင့် ထွန်းပသော အင်ကြင်းတောကို တင့်တယ်စေပါသည် ဟု ဖြေဆိုလေသည်"။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားက 'ချစ်သားသာရိပုတ္တရာ၊ ကောင်းပေစွ၊ ကောင်းပေစွ၊ မောဂ္ဂလာန်သည် အမေးပုစ္ဆာကို ကောင်းစွာ ဖြေဆိုအပ်ပေ၏ (=သုကထိတံ မောဂ္ဂလာနေန)' ဟု မိန့်တော်မူ၏၊ ထို့ပြင် ရှင်တော်ဘုရားက 'ချစ်သားသာရိပုတ္တရာ မောဂ္ဂလာန်သည် အစစ်ဖြစ်သော ဓမ္မကထိက ပုဂ္ဂိုလ်မည်၏၊ အဘိဓမ္မာတတ်မြောက် နားလည်သော ရဟန်းတို့သည်သာလျှင် ဓမ္မကထိကမည်ကုန်၏ (=အာဘိဓမ္မိကာဘိက္ခူယေဝ ကိရ ဓမ္မကထိကာ နာမ)၊ အဘိဓမ္မာမတတ်သော ရဟန်းတို့သည် တရားဟောကုန်ငြားသော်လည်း ဓမ္မကထိကတရားဟော ပုဂ္ဂိုလ်အစစ် မမည်ကုန်" ဟု မိန့်တော်မူသည်။ (မဟာဂေါသိင်္ဂသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-ဂ၁)

ပဉ္စမသံဂါယနာတင်ရာတွင် နက်နဲသိမ်မွေ့သည့် ဉာဏ်ကျက်စားရာ ဓမ္မသင်္ဂဏီစသော ခုနစ်ကျမ်းတို့ကို "ဤကား အဘိဓမ္မာပိဋက မည်ပေသည်" ဟု မိန့်တော်မူကြပြီးလျှင် ရဟန္တာအရှင်မြတ်ကြီးငါးရာတို့ တပြိုင်နက် ရွတ်ဆိုကာ အတည်ပြုတော်မူခဲ့ကြလေသည်၊ အပြီးတွင် မဟာပထဝီမြေကြီး တုန်လှုပ်လေ၏။

အထက်ပါ အထောက်အထားကျမ်းကိုး သာဓကများသည် အဘိဓမ္မာကို မြတ်စွာဘုရား ဟောကြားကြောင်း ပေါ်လွင် ထင်ရှားစေပါသည်။

## အဘိဓမ္မာဆောင် အစဉ်အဆက်

ဤအဘိဓမ္မာ ၇-ကျမ်းတို့ကို ပဉ္စမသံဂါယနာတင်တော်မူချိန်မှ တတိယသံဂါယနာတင်တော်မူချိန်အထိ—

| | |
|---|---|
| ၁။ အသျှင်သာရိပုတ္တရာ | ၈။ အသျှင်သိဂ္ဂဝ |
| ၂။ အသျှင်ဘဒ္ဒဇိ | ၉။ အသျှင်သန္ဒေဟ |
| ၃။ အသျှင်ဆောဘိတ | ၁၀။ အသျှင်မောဂ္ဂလိပုတ္တတိဿ (တတိယသံဂါယနာ) |
| ၄။ အသျှင်ပိယဇာလိ | ၁၁။ အသျှင်သုဒတ္တ |
| ၅။ အသျှင်ပိယပါလ | ၁၂။ အသျှင်ဓမ္မိယ |
| ၆။ အသျှင်ပိယဒဿီ | ၁၃။ အသျှင်ဒါသက |
| ၇။ အသျှင်ကောသိယပုတ္တ | ၁၄။ အသျှင်သောဏက |
| | ၁၅။ အသျှင်ရေဝတ |

စသော အရှင်မြတ်တို့သည် အစဉ်အဆက် မပြတ်ဆောင်ယူတော်မူခဲ့ကြလေသည်။

http://www.dhammadownload.com



(စင်စစ်အားဖြင့် ပဋ္ဌမသံဂါယနာတင်ချိန်တွင် အသျှင်သာရိပုတ္တာရှာ မရှိတော့ချေ၊ပဋ္ဌမသံဂါယနာ တင်အပြီးတွင် ၎င်း၏တပည့်စဉ်ဆက်တို့က တာဝန်ယူကာ ပို့ချသင်ကြားတော်မူခဲ့ကြလေသည်ဟု မှတ်ယူသင့်၏)။

ထိုအရှင်မြတ်တို့၏ တပည့်သားအစဉ်အဆက်တို့သည်လည်း အစဉ်အဆက်မပြတ် ဆောင်ယူ တော်မူခဲ့ကြသောကြောင့် ဇမ္ဗူဒိပ(ဣန္ဒိယ)တခွင်၌ အဘိဓမ္မာဆရာစဉ်ဆက် မပြတ် ထွန်းကား ပေါ်ထွက်ခဲ့လေသည်။

ဇမ္ဗူဒိပ ဣန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်းသို့—

၁။ အသျှင်မဟိန္ဒ
၂။ အသျှင်ဣဋ္ဋိယ
၃။ အသျှင်ဥတ္တိယ
၄။ အသျှင်သမ္ဗလ
၅။ အသျှင်ပဏ္ဍိတ
၆။ အသျှင်ဘဒ္ဒနာမ[၁]

ဟူသော အရှင့်မြတ်ခြောက်ပါးတို့သည် အဘိဓမ္မာသာသနာတော်ကြီးကို ဆောင်ယူတော်မူခဲ့ ကြကြောင်း အဋ္ဌကထာများ၌ ပြဆိုတော်မူကြသည်။ ထိုအသျှင်မဟာမဟိန္ဒထံမှ အရိဋ္ဌစသော အရှင်မြတ်တို့က တဖန်သင်ယူကြပြန်ကာ သီဟိုဠ်ကျွန်း၌ ဆရာစဉ်ဆက် မပြတ် ဆောင်ယူခဲ့ကြ ပြန်သည်။

ဤသို့ အဋ္ဌကထာများတွင် ဇမ္ဗူဒိပ်(ဣန္ဒိယ)နိုင်ငံ တခွင်၌ရင်း, သီဟိုဠ်ကျွန်း၌ရင်း အဘိဓမ္မာ ဒေသနာတော်နှင့်တကွ နိကာယ်ငါးရပ် ပိဋကတ် ၃-ပုံဟူသော ပရိယတ္တိသာသနာတော် စဉ်ဆက် မပြတ် ပြန့်ပွါးပုံကိုသာ အထူးတလည် ဖွင့်ပြတော်ခဲ့မူကြသော်လည်း ထိုအခါက သာသနာပြု စေလွှတ်ရာ ပါဝင်သည့် ကသ္မီရ, ဂန္ဓာရ, မဟိံသက, မဏ္ဍလ, ဝနဝါသိ, အပရန္တက, မဟာရဋ္ဌ, ယောနကလောက, သုဝဏ္ဏဘူမိ, ဟိမဝန္တဒေသဟူသော အခြားဌာနများ၌လည်း အဘိဓမ္မာ ဒေသနာတော်နှင့်တကွ နိကာယ်ငါးရပ် ပိဋကတ်တော်များ ပြန့်ပွါးခဲ့ကြောင်း သတိပြုသင့်လှသည်၊ (အကြောင်းကြောင်းတို့ကြောင့် တိုးချေ ဆုတ်ချေ ကွယ်ချေ ပချေ ရှိကြမည်မှာကား ဓမ္မတာ ပေတည်း)။

မြန်မာနိုင်ငံ၌လည်း ဆိုခဲ့သော ဌာနအဖြာဖြာ ဆရာအဆက်ဆက် မပျက်မပြတ် အကြောင်းရပ် အားလျော်စွာ အဘိဓမ္မာပိဋကတ်တော်နှင့်တကွ နိကာယ်ငါး၀ ပိဋကသုံးပုံ အလုံးစုံတို့ကို ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ အင်း၀ ရွှေဘို ရန်ကုန်မြို့အမရ မန္တလေမှ ကာလထွန်းသစ် ယခုခေတ်အထိ အဆက်မပြတ် ဆောင်ယူတော်မူခဲ့ကြပေသည်။

---

၁။ ဘဒ္ဒသာလ ဟုလည်း ရှိကြ၏။ ပါရာဇိကကဏ်၊ ၄၃။ ၄၇ စသည်။

http://www.dhammadownload.com



**အဘိဓမ္မာ ၇-ကျမ်း**

အဘိဓမ္မာဒေသနာတော်ကို ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် ဝင်စံကြွမြန်းတော်မူပြီးနောက် ပဌမသံဂါယနာတင်တော်မူကြသည့် အရှင်မြတ်တို့က ပိဋကအားဖြင့် အဘိဓမ္မာပိဋကဖြစ်ကြောင်းကိုရင်း၊ နိကာယ်အားဖြင့် ခုဒ္ဒကနိကာယ်အဝင် ဖြစ်ကြောင်းကိုရင်း၊ အင်္ဂါအားဖြင့် ဝေယျာကရဏ ဖြစ်ကြောင်းကိုရင်း၊ ဓမ္မက္ခန္ဓာအားဖြင့် လေးသောင်းနှစ်ထောင် ရှိကြောင်းကိုရင် သတ်မှတ်ပိုင်းခြားထားတော်မူခဲ့ကြသည်။

ထိုအဘိဓမ္မာဒေသနာတော်သည် ကျမ်းအားဖြင့်—

၁။ ဓမ္မသင်္ဂဏီ

၂။ ဝိဘင်္ဂ(=ဝိဘင်း)

၃။ ဓာတုကထာ

၄။ ပုဂ္ဂလပညတ္တိ(=ပုဂ္ဂလပညတ်)

၅။ ကထာဝတ္ထု

၆။ ယမက(=ယမိုက်)

၇။ ပဋ္ဌာန(=ပဋ္ဌာန်း)

ဟူ၍ ၇ ကျမ်းရှိသည်။

၁။ **ဓမ္မသင်္ဂဏီ။** ။ထို ၇-ကျမ်းအနက်"ဓမ္မသင်္ဂဏီ"ကျမ်းမှာမူကား ကုသလဓမ္မ, အကုသလဓမ္မအစရှိကုန်သောဓမ္မတို့ကို အကျဉ်းချုပ်အားဖြင့် ဟောတော်မူသောကျမ်းဟု ဆိုလိုသည်၊(ဓမ္မ=ကုသလဓမ္မစသည်၊ သင်=သံ=အကျဉ်း၊ ဂဟ=ပေါင်းယူခြင်း)။

စင်စစ်ကား ဓမ္မသင်္ဂဏီကျမ်း၌ ဖဿစသော တရားများ ပထဝီစသော တရားများ၏ အနက်အဓိပ္ပါယ်တို့ကို အမျိုးမျိုးသော စကားပရိယာယ်တို့ဖြင့် ထပ်ဆင့်၍ ဆန်းကြယ်စွာ ဝေဖန် ဖွင့်ပြတော်မူသည်(အနုပဒဝိဘာဂ)။ ဤကျမ်း၌ ပရမတ္ထတရားတို့ကို အကျဉ်းပေါင်းရုံး၍ ပြသည်ဟု ဆိုငြားသော်လည်း အစဉ်အလာ သမားရိုးကျ သာမည အကျဉ်းပေါင်းရုံး ရုံမျှသာ မဟုတ်ပေ၊ အကျဉ်းပေါင်းရုံးသည်ဟု ဆိုရာ၌လည်း တိက်,ဒုက် တို့၏အစွမ်းဖြင့် အကျဉ်းရုံးမှုကို ရည်ရွယ်၍သာ "ဓမ္မသင်္ဂဟ"ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

တနည်း ကုသလဓမ္မ, အကုသလဓမ္မစသော တရားတို့ကို ကောင်းစွာ ဟောဆိုရာ ဟောဆိုကြောင်းဖြစ်သော ကျမ်းဟု ဆိုလိုသည်၊ (ဓမ္မ=ကုသလဓမ္မစသည်၊ သင်=သံ=ကောင်းစွာ၊ ဂဟ=ယူငင်ဟောကြားခြင်း)။

၂။ ဝိဘင်္ဂ(ဝိဘင်း)ကျမ်းကား ခန္ဓာစသော ဓမ္မတို့ကို(တနည်း ကုသလဓမ္မ, အကုသလဓမ္မစသော ဓမ္မတို့ကို)သုတ္တန်နည်း အဘိဓမ္မာနည်း အမေးအဖြေ 'ပဉှာပုစ္ဆက' နည်းတို့ဖြင့် အကျယ်တဝင့် ဝေဖန်ဟောကြားတော်မူရာဖြစ်သော ကျမ်းဟု ဆိုလိုသည်။

http://www.dhammadownload.com



ဤစကားအတိုင်းဆိုပါက ဓမ္မသင်္ဂဏီကျမ်းကိုလည်း ဝိဘင်္ဂ(ဝိဘင်း)ကျမ်းဟူ၍ ခေါ်နိုင်စရာ မရှိပါလားဟု မေးဖွယ် ရှိလာပြန်သည်၊အဘယ့်ကြောင့်ဆိုသော် ဓမ္မသင်္ဂဏီကျမ်း၌လည်း "ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏" (တသ္မိံ ခေါ ပန သမယေ စတ္တာရော ခန္ဓာ ဟောန္တိ)စသည်ဖြင့် ခန္ဓာစသည်တို့ကို ဝေဖန်ဟောကြားတော်မူပါသည်ဟု အကြောင်းပြစရာ ရှိနေသောကြောင့်တည်း၊ ဓမ္မသင်္ဂဏီ၌ ထိုသို့ ဟောကြားချက်များ ပါရှိနေသော်လည်း ဝိဘင်းပါဠိတော်မှာကဲ့သို့ အကျယ်တဝင့် နည်းမျိုးစုံဖြင့် ဝေဖန်ဟောကြားတော်မူချက်များ မဟုတ်သောကြောင့် ဓမ္မသင်္ဂဏီကျမ်းသည် ဝိဘင်္ဂ မမည်ထိုက်ပါဟု ဖြေရာ၏၊ (ဝိဘင်းကျမ်းကား အလွန်အကဲနှင့်တကွ ပြရာဖြစ်သည့် 'သာတိသယ'နည်းအားဖြင့် ဟောခြင်းဖြစ်သည်။)

ထိုဝိဘင်းပါဠိတော်၌ (၁) ခန္ဓ ဝိဘင်း (၂) အာယတန ဝိဘင်း (၃) ဓာတု ဝိဘင်း (၄) သစ္စ ဝိဘင်း (၅) ဣန္ဒြိယ ဝိဘင်း (၆) ပစ္စယာကာရ=ပဋိစ္စသမုပ္ပါဒ ဝိဘင်း (၇) သတိပဋ္ဌာန ဝိဘင်း (၈) သမ္မပ္ပဓာန ဝိဘင်း (၉) ဣဒ္ဓိပါဒ ဝိဘင်း (၁၀) ဗောဇ္ဈင်္ဂ ဝိဘင်း (၁၁) မဂ္ဂင် ဝိဘင်း (၁၂) ဈာန ဝိဘင်း (၁၃) အပ္ပမညာ ဝိဘင်း (၁၄) သိက္ခာပဒ ဝိဘင်း (၁၅) ပဋိသမ္ဘိဒါ ဝိဘင်း (၁၆) ဉာဏ ဝိဘင်း (၁၇) ခုဒ္ဒကဝတ္ထု ဝိဘင်း (၁၈) ဓမ္မဟဒယ-ဝိဘင်းဟူ၍ ၁၈-ပိုင်းခွဲကာ ဝေဖန်ဟောကြားတော်မူလေသည်။

၃။ **ဓာတုကထာ**။ ။ကက္ခဠ, ဖုသနစသော မိမိသဘောကို မိမိဆောင်တတ်သောကြောင့် ဓာတု(ဓာတ်)မည်ကုန်၏။

ခန္ဓာအစ အရဏ အဆုံးရှိသော ဓာတ်တရားတို့ကိုပိုင်းခြား၍ ဟောရာ ဟောကြောင်းဖြစ်သော ကျမ်းသည် ဓာတုကထာ မည်၏၊(ဓာတု=ဓာတ်၊ ကထာ=ဟောခြင်း, ဟောအပ်သောစကား။)

ဤစကားအရ ခန္ဓာအစ အရဏ အဆုံးရှိသော တရားတို့ကို ဟောရာ ဟောကြောင်းဖြစ်သောကြောင့် ဓာတုကထာ မည်စတမ်းဟု ဆိုခဲ့လျှင် ဓမ္မသင်္ဂဏီစသော ကျမ်းများကိုလည်း ဓာတုကထာဟုပင် ခေါ်ရတော့မည်လောဟု မေးဖွယ်ရှိလာသည်။

ဤကျမ်းတွင် ၁၄-နယရှိသည့်အနက် နယတခုတခု၌ပင် ခန္ဓာအစ အရဏ အဆုံးရှိသော အလုံးစုံသောတရားတို့ကို ဟောထားပါသဖြင့် (သာတိသယနည်းအားဖြင့်) ဤကျမ်းသည်သာလျှင် ဓာတုကထာမည်ထိုက်ပါသည်၊ တပါးကျမ်းများသည် ဓာတုကထာ မမည်ထိုက်ပါဟု ဖြေရပေမည်[၁]။

**တနည်း**—ဓာတ် ၁၈-ပါးတို့ဖြင့် ဟောရာ ဟောကြောင်းဖြစ်သော ကျမ်းသည် ဓာတုကထာ မည်၏။

ဤစကားအရ ဤကျမ်း၌ ခန္ဓာ,အာယတနတို့ဖြင့် ဟောအပ်သော ကဏ္ဍတို့သည် ဓာတုကထာ မမည်တော့ပြီလောဟု မေးဖွယ် ရှိလာပြန်သည်။

စင်စစ်အားဖြင့် ဤကျမ်း၌ ခန္ဓာ, အာယတန, ဓာတ်ဟူသော ၃-မျိုးတို့ဖြင့် ဟောငြားသော်လည်း ဓာတ်သည် များသော အပြားရှိသောကြောင့် အရာကျယ်လေရကား ဤကျမ်းကို

၁။ ဧတ္ထ ပန တေသံ သဗ္ဗေသံ သင်္ဂဟာသင်္ဂဟာဒီသု စုဒ္ဒသသု နယေသု ကေကသ္မိံ ကထိတတ္တာ သာတိ-သယံ ကထနန္တိ ဒ္ဒဋ္ဌဗ္ဗံ ဧဝ နာမကံ။ ။ဓာတုကထာ-မူလဋီကာ၊

http://www.dhammadownload.com



ဓာတ်ဖြင့်သာ မှတ်သားပိုင်းခြား၍ တကျမ်းလုံးကိုပင် ဓာတုကထာ ဟု ပေါင်းရုံးကာ ခေါ်ခြင်း ဖြစ်သည်ဟု ဖြေရပေမည်။

**တနည်း**—ဓာတ်သဘောအားဖြင့် ဟောရာ ဟောကြောင်းဖြစ်သော ကျမ်းသည် ဓာတုကထာ မည်၏။

ဤစကားအတိုင်း ဆိုပါက အဘိဓမ္မာ ၇-ကျမ်းစလုံးပင် ဓာတုကထာ ဟူသော အမည်ဖြင့် ခေါ်ရတော့မည် မဟုတ်လော ဟု မေးဖွယ်ရှိ၍ လာပြန်သည်။

ဤကျမ်း၌ ၁၄-နယစလုံးမှာပင် ဓာတ်သဘောတို့ကို **လွန်စွာ ဟောတော်မူအပ်သောကြောင့် (သာတိသယနည်းအားဖြင့်)** ဤကျမ်းသည်သာလျှင် ဓာတုကထာ မည်ပါသည် ဟု ဖြေရပေမည်။

**တနည်း**—ဤတရားသဘောများ၌ အဘိဓမ္မာဒေသနာတော် တည်ရာဖြစ်သောကြောင့် ဓာတု (ဓာတ်) မည်၏-ဟု ပဋ္ဌာနသာရဒီပနီကျမ်း၌ ပြဆိုလေသည်။ (ဌာတုမှ ဓာတု ဟု ဖြစ်လာသည်-ဟု ဆိုလိုသည်)။

ထိုဓာတုကထာ ပါဠိတော်၌ (၁) သင်္ဂဟော အသင်္ဂဟော (၂) သင်္ဂဟိတေန အသင်္ဂဟိတံ (၃) အသင်္ဂဟိတေန သင်္ဂဟိတံ (၄) သင်္ဂဟိတေန သင်္ဂဟိတံ (၅) အသင်္ဂဟိတေန အသင်္ဂဟိတံ (၆) သမ္ပယောဂေါ ဝိပ္ပယောဂေါ (၇) သမ္ပယုတ္တေန ဝိပ္ပယုတ္တံ (၈) ဝိပ္ပယုတ္တေန သမ္ပယုတ္တံ (၉) သမ္ပယုတ္တေန သမ္ပယုတ္တံ (၁၀) ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ (၁၁) သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ (၁၂) သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ (၁၃) အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ (၁၄) ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ ဟူသော ၁၄-နယတို့ဖြင့် ဝေဖန် ဟောကြားထားတော်မူလေသည်။

၄။ **ပုဂ္ဂလပညတ္တိ**။ ။ပုဂ္ဂလပညတ် ဟူရာဝယ် မိန်းမ (ဣတ္ထိ)၊ ယောကျ်ား (ပုရိသ)၊ နတ် (ဒေဝ)၊ လူ (မနုဿ) စသည်တို့ကို ပုဂ္ဂလ (ပုဂ္ဂိုလ်) ဟု ခေါ်ခြင်းဖြစ်သည်၊ ပညတ် (ပညတ္တိ) ဟူသည် အမည်နာမပညတ် (နာမပညတ္တိ) ကို ဆိုလိုသည်၊ အမည်ပညတ် (နာမပညတ်) ဟူသည် အများသိရှိနားလည်စေရန် ပညတ်သင့် ပညတ်ထိုက်သည့် သဘာဝဓမ္မများကို ဖော်ပြခြင်းဖြစ်သည် (ဒဿန)၊ ထို့ပြင် မိမိတို့၏ သန္တာန်၌ ရှိနေသော ခန္ဓာ, အာယတန စသည့်အနက် သဘောတရားတို့ကို ဝေနေယျသတ္တဝါတို့ သိရှိနားလည်စေရန် ပညတ်မူထားခြင်းပင် ဖြစ်သည် (ဌပန)။

**ပညတ် ၆-မျိုး**။ ။ဤကျမ်း၌ (၁) ခန္ဓပညတ် (၂) အာယတနပညတ် (၃) ဓာတုပညတ် (၄) သစ္စပညတ် (၅) ဣန္ဒြိယပညတ် ဟူသော သဘာဝပညတ် ငါးမျိုးတို့ကိုငှင်း (၆) ပုဂ္ဂလပညတ် ဟူသော အသဘာဝပညတ်ကိုငှင်း ဝေဖန်ဟောကြားတော်မူသည်။

ဓမ္မသင်္ဂဏီ စသည်တို့၌ ခန္ဓာစသည်တို့ကို ဟောကြားတော်မူခဲ့ပြီးဖြစ်သော်လည်း ပုဂ္ဂလ (ပုဂ္ဂိုလ်) အကြောင်းကိုမူ ဤကျမ်းမှာကဲ့သို့ အကျယ်ဝေဖန် ဟောကြားမှု မပြုခဲ့သေးချေ၊ ဤကျမ်း၌သာ အကျယ်ဝေဖန် ဟောကြားတော်မူလေသည်၊ ထို့ကြောင့် ပုဂ္ဂလပညတ် ဟု ခေါ်တွင်ရခြင်းဖြစ်သည်။

ပုဂ္ဂလပညတ် ပါဠိတော်၌ ဟောမပြခဲ့သော်လည်း (၁) ဝိဇ္ဇမာနပညတ် (=ပရမတ္ထအားဖြင့် ထင်ရှားရှိသော အတ္ထပညတ်၊ ဝါ=ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ကို အပြားအားဖြင့်

http://www.dhammadownload.com



သိစေကြောင်းဖြစ်သော နာမပညတ်)၊ (၂) အဝိဇ္ဇမာနပညတ် (=ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အတ္တပညတ်၊ ဝါ-ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ကို အပြားအားဖြင့် သိစေကြောင်း နာမပညတ်)၊ (၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (=ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို အပြားအားဖြင့် သိစေကြောင်းဖြစ်သော နာမပညတ်)၊ (၄) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ (၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ (၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟူ၍ အဋ္ဌကထာဟောင်း၌ ပညတ်ခြောက်မျိုးလာသည်ကို အဋ္ဌကထာသစ်ဆရာ အသျှင်မဟာဗုဒ္ဓဃောသက တဆင့်ယူ၍ ပြတော်မူခဲ့သည်။

ဤခြောက်မျိုးတို့တွင် ဤကျမ်း၌ ပဌမပညတ်သုံးမျိုးနှင့် ဆိုင်သည့်အချက်များကိုသာ တွေ့ရသည်၊ အသေအချာစိစစ် ခွဲဝေပြရသော် ဤကျမ်းလာ (၁) ခန္ဓပညတ် (၂) အာယတနပညတ် (၃) ဓာတုပညတ် (၄) သစ္စပညတ် (၅) ဣန္ဒြိယပညတ်တို့သည် **ဝိဇ္ဇမာနပညတ်**မျိုးဖြစ်သည်၊ (၆) ပုဂ္ဂလပညတ်ကား **အဝိဇ္ဇမာနပညတ်**မျိုးပေတည်း၊ ဤကျမ်းပါ တေဝိဇ္ဇ (=ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်), ဆဠဘိည (=အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်) စသည်တို့ကား ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မျိုးဖြစ်သည်၊ ဤ၌ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတို့၏ ထင်ရှား ရှိပုံကိုင်း၊ ၎င်းတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်(သတ္တဝါ)ဟူ၍ ထင်ရှား မရှိပုံကိုင်း သိသာနိုင်လေသည်၊ (အဋ္ဌကထာ၌ မလာသော်လည်း အာစရိယနယအားဖြင့်လာသည့် ဥပါဒါပညတ်စသော ခြောက်ပါးတို့ကိုလည်း ပုဂ္ဂလပညတ် အဋ္ဌကထာ၌ ရှုတော်မူကြပါကုန်)။

သိသင့် သိထိုက်သောတရား "အဘိဓမ္မာမာတိကာ"တို့ကို ဟောကြားတော်မူရာဝယ် ဒေသနာအရာ၌ ကျမ်းကျင်လိမ္မာတော်မူလှသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် တိက်,ဒုက်တို့၏အစွမ်းအားဖြင့် ထိုအဘိဓမ္မာမာတိကာတို့ကို အကျဉ်းပေါင်းရုံး၍ပြသည့် ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ ဟောတော်မူသည်၊ သို့ဖြစ်ရကား အဦးဆုံး ဟောတော်မူထိုက်၍သာ ဟောတော်မူခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ထို့နောက် အဆိုပါ ဓမ္မသင်္ဂဏီ၌ ပါဝင်ပြီးဖြစ်သော တရားတို့ကို ခန္ဓာစသည်တို့၏ အစွမ်းဖြင့် အကျယ်ဝေဖန်ကာ ဝိဘင်းကျမ်းကို ဟောတော်မူခြင်းသည် ဆီလျော်လှပေသည်၊ ဓမ္မသင်္ဂဏီကျမ်းကို ကြားနာရုံမျှဖြင့် ခန္ဓာစသည်တို့၏သဘောကို ဝိဘင်းကျမ်းမှာကဲ့သို့ ကျယ်ဝန်းစွာ မသိနိုင်ချေ၊ ထို့ကြောင့် ဓမ္မသင်္ဂဏီအပြီး၌ ဝိဘင်းကျမ်းကို ဟောတော်မူခြင်းဖြစ်သည်။

ဓမ္မသင်္ဂဏီကျမ်း ဝိဘင်းကျမ်းတို့ကို ဟောတော်မူပြီးနောက် ထိုကျမ်းတို့၌ ပေါင်းရုံးဝေဖန်၍ ဟောတော်မူခဲ့သော တရားသဘောတို့ကို သင်္ဂဟ အသင်္ဂဟစသော နည်းများဖြင့် ဝေဖန်၍ ဓာတုကထာကျမ်းကို ဟောတော်မူပြန်လေသည်၊ ခန္ဓာစသောတရား ကုသိုလ်စသောတရားများနှင့် ကင်း၍ သင်္ဂဟ အသင်္ဂဟစသော နည်းမျိုးကို ဝေဖန်ဟောကြားရန် မဖြစ်နိုင်ချေ၊ ထို့ကြောင့် ဓမ္မသင်္ဂဏီ, ဝိဘင်းတို့ကို ဟောတော်မူပြီးနောက် ဓာတုကထာကျမ်းကို ဟောတော်မူခြင်းသည်လည်း ဆီလျော်လှသည်။

ဤသို့လျှင် ဓမ္မသင်္ဂဏီဟူသော အကျဉ်းရုံးမှု (သင်္ဂဟ) အားဖြင့်၎င်း, ဝိဘင်းကျမ်းဟူသော ဝေဖန်မှု (ဝိဘာဂ) အားဖြင့်၎င်း, ဓာတုကထာကျမ်းဟူ၍ ... ဓာတ်စသည်တို့ကို အထူးထူးအပြားပြား (ပဘေဒ)အားဖြင့်၎င်း,ပရမတ္ထသဘာဝဓမ္မတို့ကို ဟောတော်မူခဲ့သည်၊ ဤသို့ဟောရာ၌ လောက ဝေါဟာရ အသုံးအနှုန်းအားဖြင့် ပညတ်နှင့် မကင်းနိုင်ချေ၊ ထို့ပြင် လောကီဘုံအတွင်း၌

http://www.dhammadownload.com



ဟောကြားတော်မူသဖြင့်လည်း ပုဂ္ဂိုလ်,သတ္တဝါတို့နှင့် မကင်းစကောင်းပေ၊ သတ္တဝါဟု ပညတ်အပ်သော ပုဂ္ဂိုလ်တို့သည်လည်း စင်စစ်အားဖြင့် ပရမတ္ထဓမ္မတည်းဟူသော ရုပ်နာမ်တို့နှင့် မကင်းနိုင်ချေ၊ သို့ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်တို့၏ အမျိုးအစား, အဆင့်အတန်း, အခြေအနေ စသည်တို့ကို ဝေဖန်ရန် လိုနေသေးသည်။

ထို့ကြောင့် ထိုအချက်အားလုံးကို ထင်ရှားစေရန် ထိုဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာကျမ်းများ ဟောကြားပြီးနောက် ပုဂ္ဂလပညတ်ကျမ်းကို ဖော်ဟာတော်မူသည်။

(ဤပုဂ္ဂလပညတ်ကျမ်း၌ ဟောကြားတော်မူသည့် ပုဂ္ဂိုလ်အပြားများကိုလည်း ပုခန်းကြီးမြို့ အသျှင်ကုမာရကဿပ စပ်ဆိုတော်မူသည့် ဓမ္မရာသီပျို့ "နို့ဘိုးပုံထပ်၊ ကျေးဇူးဆပ်သား၊ လူ့ရုပ်နတ်ပြည့်၊ ဝန်းလည်ချီးမွမ်း၊ ခုနစ်ကျမ်းတွင်၊ အဝှမ်းလယ်မ၊ ပုဂ္ဂလပညတ်၊ ခြားမှတ်ခြောက်ပါး၊ ထိုအပြားတွင်၊ အဖျားပေါ်ထွန်း၊ ပုဂ္ဂိုလ်ခန်း၌"စသည်ဖြင့် အစချီ စပ်ဆိုသော အပိုဒ် ၃၀-ကစ၍ အကျယ်ရှုမှတ်နိုင်ကြကြောင်း ညွှန်ပြလိုက်ရပေသည်)။

၅။ **ကထာဝတ္ထု**။ ။အယူဝါဒနှင့်ဆိုင်သော စကားသည် ကထာမည်၏၊ ဖြစ်ရာ တည်ရာ သို့မဟုတ် အမှန်ထင်ရှားရှိသော အရာ(အနှစ်သာရ)သည် ဝတ္ထုမည်၏၊ ပုဂ္ဂိုလ်နှင့်စပ်သောစကား ပုဂ္ဂလကထာ, ဗြဟ္မစရိယကထာစသည့် ကထာတို့၏ တည်ရာဖြစ်သော ကျမ်းဟု ဆိုလိုရင်း ဖြစ်သည်။

အသောကမင်းတရားကြီးလက်ထက်၌ ဗုဒ္ဓဘုရား၏ အလိုတော်နှင့်အညီ အယူဝါဒရှိတော်မူကြသည့် သကဝါဒီသက်သက် ရဟန်းတော်ပေါင်း ခြောက်သန်းမျှပါဝင်သော ဥပုသ်ပြုပွဲကြီး၌ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿသည် ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်နှင့်အညီ အမှန်ကိုသာ ယူဆပြောဆိုလေ့ရှိသူ (သကဝါဒီ)တို့၏ အယူကို ဖော်ပြသည့် သုတ်ပေါင်းငါးရာ၊ ဗုဒ္ဓဘုရား၏ အလိုတော်နှင့် မညီဘဲ ဗုဒ္ဓသာသနာ၏ ပြင်ပဖြစ်သည့် အယူမျိုးကို ယူဆပြောဆိုလေ့ရှိသူ (=ပရဝါဒီ)တို့၏ အယူကို ဖော်ပြသည့် သုတ်ပေါင်းငါးရာ (နှစ်ရပ်ပေါင်း တထောင်)တို့ကို ဟောကြားတော်မူသည်။

ထိုယူဆပြောဆိုချက်များကိုပင် တတိယသံဂါယနာတင်သောအခါ ပဥ္စမမြောက် အဘိဓမ္မာကျမ်းကြီးတကျမ်း အဖြစ်ဖြင့် ထည့်သွင်း၍ သံဂါယနာတင်တော်မူကြပြီးလျှင် အတည်ပြု ပြဋ္ဌာန်းတော်မူကြသည်။

တတိယသံဂါယနာတင်စဉ်အခါက အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ ဟောတော်မူသည့် ကထာဝတ္ထု၏ အရွယ်ပမာဏမှာ ယခုလက်ရှိစာအုပ်မျှထက် ကျယ်ဝန်းသည်၊ ထိုစဉ်အခါက ကထာဝတ္ထုမှာ 'သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ'ဟူသော ဒီဃနိကာယ်သုံးကျမ်းမျှ ပမာဏ ရှိသောဟူ၏။

ကထာဝတ္ထုကို ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် နှစ်ပေါင်း နှစ်ရာတဆယ့်ရှစ်နှစ်ရောက်သောအခါမှ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ဟောတော်မူခြင်း ဖြစ်သောကြောင့် ဗုဒ္ဓဘာသိတ အဘိဓမ္မာကျမ်းအဖြစ် မထည့်သွင်းသင့်ဟူ၍ ရှေးဝိတဏ္ဍဝါဒီတို့က ယူဆပြောဆိုခဲ့ကြဘူးလေသည်၊ငင်းတို့က **မဟာအဋ္ဌကထာလာ မဟာဓမ္မဟဒယကျမ်း**ကိုငင်း သို့မဟုတ် **မဟာဓာတုကထာ**မည်သော ကျမ်းကိုငင်း ထည့်သွင်း၍ အဘိဓမ္မာခုနစ်ကျမ်းဖြစ်ကြောင်း ပြောဆိုကြသည်။

http://www.dhammadownload.com



သို့ရာတွင် မဟာဓမ္မဟဒယကျမ်း မဟာဓာတုကထာကျမ်းတို့သည် အဘိဓမ္မာခြောက်ကျမ်းတွင် ပါဝင်သည့် ဆိုင်ရာဆိုင်ရာ အချက်တို့နှင့် ပြောပလောက်အောင် မထူးခြားကြလေသောကြောင့် အသျှင်မဟာဗုဒ္ဓဃောသစသော ပုဂ္ဂိုလ်တို့က သီးခြားကျမ်း တဆူအဖြစ်ဖြင့် လက်မခံခဲ့ကြပေကုန်။ ကထာဝတ္ထုကျမ်းနှင့်တကွသာလျှင် အဘိဓမ္မာ ၇-ကျမ်းအဖြစ် ယူတော်မူခဲ့ကြလေသည်။

ထိုသို့ ယူရခြင်းမှာလည်း ကထာဝတ္ထုကျမ်းသည် ဗုဒ္ဓရှင်တော်ဘုရား ထားတော်မူခဲ့သည့် မာတိကာအတိုင်း ဟောကြားထားသော ကျမ်းဖြစ်သောကြောင့်၎င်း, ဗုဒ္ဓရှင်တော်ဘုရားကိုယ်တော်တိုင်ကလည်း "ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် နှစ်ပေါင်း နှစ်ရာ့တဆယ့်ရှစ်နှစ်ရောက်သောအခါ မောဂ္ဂလိပုတ္တတိဿမည်သော ရဟန်းသည် ရဟန်းတော် ခြောက်သန်းတို့၏ အလယ်၌ သကဝါဒ၌ သုတ်ပေါင်း ငါးရာ့ ပရဝါဒ၌ သုတ်ပေါင်း ငါးရာ (နှစ်ရပ်ပေါင်း တထောင်) တို့ကို ပေါင်းရုံးကာ ဒီဃနိကာယ်ပမာဏရှိသော ကထာဝတ္ထုကျမ်းကို ဟောလိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သောကြောင့်၎င်း ဖြစ်သည်ဟု အကြောင်းပြ၍ ထားလေသည်။

၆။ **ယမိုက်ကျမ်း။** ။ယမိုက်ဟူသောစကားသည် "ယမက" ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်၊ "ယမက" သဒ္ဒါသည် "အစုံ"ဟူသော အနက်ကို ဟောသည်။

မည်သို့ အစုံဟူသောအနက်ကို ဟော၍ မည်သို့ ယမိုက်ကျမ်းဟု ခေါ်သနည်းဆိုသော်—

(က) အနုလောမ, ပဋိလောမ-တစုံ

(ခ) ပုစ္ဆာ, ဝိသဇ္ဇနာ-တစုံ

(ဂ) သန္နိဋ္ဌာန်, သံသယ-တစုံ

ဤသို့ အစုံ အစု ‹ ...တော်မူသောကျမ်းကို "ယမက"ယမိုက်ကျမ်းဟု ခေါ်သည်။

ဥပမာအားဖြင့် မူလယမိုက်၌ ကုသိုလ်စိတ် ၂၁-နှင့်ယှဉ်ဘက် စေတသိက် ၃၈ ခုတို့တွင် အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်မူလတရားသုံးပါး ပါသည်၊ ယင်းကုသိုလ်မူလတရားသုံးပါးသည် ကုသိုလ်လည်းမည်၏၊ ကုသိုလ်မူလလည်း မည်၏၊ ယင်းတရားသုံးပါးမှ ကြွင်းသော ကုသိုလ်စိတ် ၂၁-ပါးနှင့် စေတသိက် ၃၅-ပါးသည် ကုသိုလ်သာ မည်၍ ကုသိုလ်မူလ မမည်ချေ၊ ယင်းသရုပ်ခွဲနည်းမျိုးကို အစုံ အစုံ (ယမိုက်) နည်းအားဖြင့် သိစေပေသော်မူသဖြင့် မြတ်စွာဘုရားသည်—

(က) ကုသိုလ် မည်သော တရားအားလုံးသည် ကုသိုလ်မူလမည်သလောဟု အနုလောမအားဖြင့် မေးတော်မူ၍ အမေးအားလျော်စွာ ဖြေတော်မူသည်၊ ထိုနောက် အပြန်အားဖြင့်

(ခ) ကုသိုလ်မူလမည်သော...များတို့သည် ကုသိုလ်မည်နိုင်ကုန်သလောဟု ပဋိလောမ အားဖြင့် မေးတော်မူ၍ အမေးအားလျော်စွာ ဖြေတော်မူသည်။

ဤသို့ အမေးအဖြေပြုလုပ်ရာ၌ အနုလုံ ပဋိလုံ နှစ်ခုကို အနုလောမ-ပဋိလောမ တစုံဟု ခေါ်သည်၊ **အမေးအဖြေနှစ်ခုကိုကား** ပုစ္ဆာ, ဝိသဇ္ဇနာတစုံဟု ခေါ်သည်၊ ဤသို့ "အစုံ အစုံ" ဟောတော်မူ**သော ကျမ်းကို**ယမိုက် (ယမက) ကျမ်းဟု ခေါ်သည်။

http://www.dhammadownload.com



သန္နိဋ္ဌာန် သံသယ ဟူသည်ကား အနုလောမအမေး၌လည်း တစုံပါသည်၊ ပဋိလောမအမေး၌လည်း တစုံပါသည်၊ အနုလောမ အမေး၌ဖြစ်စေ ပဋိလောမ အမေး၌ဖြစ်စေ ရှေ့ပုဒ်သည် ယုံမှားဖွယ်မရှိသောကြောင့် သန္နိဋ္ဌာန်မည်၏၊ နောက်ပုဒ်သည် ယုံမှားဖွယ် ရှိနေသောကြောင့် သံသယ မည်၏။

ဥပမာအားဖြင့်-ကုသိုလ်သည် မူလမည်သလော ဟူသော အနုလောမအမေး၌ 'ကုသိုလ်သည်'ဟူသောရှေ့ပုဒ်၌ ယုံမှားဖွယ် မရှိချေ၊ 'မူလမည် မမည်'ဟူသော နောက်ပုဒ်၌သာ ယုံမှားဖွယ်ရှိသည်။

မူလသည် ကုသိုလ်မည်သလောဟူသော ပဋိလောမအမေး၌ကား'မူလ'ဟူသော ရှေ့ပုဒ်၌ ယုံမှားဖွယ် မရှိချေ၊ 'ကုသိုလ်မည် မမည်'ဟူသော နောက်ပုဒ်၌သာ ယုံမှားဖွယ်ရှိသည်၊ အနုလောမ၌ သန္နိဋ္ဌာန်-သံသယတစုံ ပဋိလောမ၌ သန္နိဋ္ဌာန်-သံသယ တစုံ ဤသို့ အစုံအားဖြင့် ဟောတော်မူသောကြောင့်လည်း ယမိုက်(ယမက)ကျမ်းဟု ခေါ်သည်။

ယင်း ယမိုက် (ယမက)ကျမ်း၌—

| | |
|---|---|
| ၁။ မူလ ယမိုက် | ၆။ သင်္ခါရ ယမိုက် |
| ၂။ ခန္ဓ ယမိုက် | ၇။ အနုသယ ယမိုက် |
| ၃။ အာယတန ယမိုက် | ၈။ စိတ္တ ယမိုက် |
| ၄။ ဓာတု ယမိုက် | ၉။ ဓမ္မ ယမိုက် |
| ၅။ သစ္စ ယမိုက် | ၁၀။ ဣန္ဒြိယ ယမိုက် |

ဟူ၍ ဆယ်ပါးသော ယမိုက် (ယမက)တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။

၇။ ပဋ္ဌာန်းကျမ်း။ ။ပဋ္ဌာန်း-ဟူသောစကားသည် "ပဋ္ဌာန" ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်၊ "ပဋ္ဌာန" သဒ္ဒါသည် အကြောင်းအမျိုးမျိုး ဟူသော အနက်ကိုဟောသည်၊ နှစ်ဆယ့်လေး ပစ္စည်းတို့တွင် တခုတခုသောပစ္စည်း၌ပင် အကြောင်းအမျိုးမျိုးကို ဟောတော်မူသည်၊ ထို့ကြောင့် ဟေတုပစ္စည်းစသော တခုတခုသော ပစ္စည်းသည်ပင် "ပဋ္ဌာန်း"မည်၏။

တနည်း ပဋ္ဌာနသဒ္ဒါသည် ဝေဖန်ခြင်း အနက်ကို ဟောသည်၊ နှစ်ဆယ့်လေးပစ္စည်းတို့တွင် တခုတခုသောပစ္စည်း၌ပင် ကုသိုလ်စသော တရားတို့ကို ဝေဖန်၍ ဟောတော်မူသည်၊ ထို့ကြောင့် ဟေတုပစ္စည်းစသော တခုတခုသော ပစ္စည်းသည်ပင် "ပဋ္ဌာန်း"မည်၏။

တနည်း—"ပဋ္ဌာန"သဒ္ဒါသည် သွားခြင်းအနက်ကို ဟောသည်၊ ဟောပုံကား မကျဉ်း မကျယ် ဟောတော်မူသော ဓမ္မသင်္ဂဏီစသော ကျမ်းတို့၌ သဗ္ဗညုတဉာဏ်သည် ကျက်ကျက်လွတ်လွတ် မသွားနိုင်၊ ဝါ- မကျက်စားနိုင်၊ အကျယ်အားဖြင့် ဟောတော်မူသော ပဋ္ဌာန်းကျမ်း၌ကား ကျွတ်ကျွတ် လွတ်လွတ် သွားနိုင်၏၊ ဝါ- ကျက်စားနိုင်၏၊ ပဋ္ဌာန်းကျမ်းအားလုံးကို မဆိုထားနှင့် တခု တခုသော ပစ္စည်း၌ပင် သဗ္ဗညုတဉာဏ်တော်သည် ကွန့်မြူး သွား လာ ကျက်စား နိုင်၏၊ ထို့ကြောင့် တခုတခုသော ပစ္စည်းသည်ပင် "ပဋ္ဌာန်း" မည်၏။

တခုတခုသော ပစ္စည်း၏ "ပဋ္ဌာန်း" ဟူသော အမည်ကို နှစ်ဆဲ့လေးပစ္စည်းလုံးကို ပြဆိုသော ကျမ်း၌ တင်စား၍ အစိတ်၏အမည်ကို အပေါင်း၌ တင်စားသော နည်းအရ "ပဋ္ဌာန်း" ကျမ်းဟု ခေါ်သည်။

http://www.dhammadownload.com



ယင်းပဋ္ဌာန်းကျမ်းကို (က) ဓမ္မာနုလုံ၌—

၁။ တိက ပဋ္ဌာန်း

၂။ ဒုက ပဋ္ဌာန်း

၃။ ဒုကတိက ပဋ္ဌာန်း

၄။ တိကဒုက ပဋ္ဌာန်း

၅။ တိကတိက ပဋ္ဌာန်း

၆။ ဒုကဒုက ပဋ္ဌာန်းအားဖြင့် (၆) ကျမ်း။

ထိုအတူ (ခ) ဓမ္မပစ္စနိက်၌ (၆) ကျမ်း။

(ဂ) ဓမ္မာနုလောမပစ္စနိက်၌ (၆) ကျမ်း။

(ဃ) ဓမ္မပစ္စနီယာနုလောမ၌ (၆) ကျမ်း။

ဟူ၍ (၂၄) ပါးသော ကျမ်းတို့ဖြင့် တန်းဆာဆင်၍ ဟောကြားတော်မူသည်၊ ထို့ကြောင့်ပင် ဤကျမ်းကို အဋ္ဌကထာဆရာကြီးတို့က သမန္တပဋ္ဌာန်းကျမ်းဟု 'သမန္တ' သဒ္ဒါတခု ထပ်ဆင့်၍ ခေါ်ခဲ့ကြသည်။

သမန္တသဒ္ဒါသည် "ထက်ဝန်းကျင်", "အလုံးစုံ" ဟူသော အနက်တို့ကို ဟောသည်၊ ပဋ္ဌာန်းကျမ်းသည်—

(၁) ဓမ္မာနုလုံ

(၂) ဓမ္မပစ္စနိက်

(၃) ဓမ္မာနုလောမပစ္စနိက်

(၄) ဓမ္မပစ္စနီယာနုလောမ ဟူသော နည်းကြီး လေးမျိုးဖြင့် ထက်ဝန်းကျင်၌ (၆) ကျမ်းစီ အလုံးစုံပြည့်စုံပေသည်၊ ထို့ကြောင့် ပဋ္ဌာန်းကျမ်းကို "သမန္တ" သဒ္ဒါတခု ထပ်ဆင့်၍ ထက်ဝန်းကျင် ပြည့်စုံသော "သမန္တပဋ္ဌာန်း" ကျမ်းဟု ခေါ်တွင်ခဲ့ကြသည်။

ယင်း "သမန္တပဋ္ဌာန်း" ကိုပင် ဋီကာဆရာကြီးတို့က—

(၁) ဓမ္မာနုလုံ စသောနည်း

(၂) တိကပဋ္ဌာန်း စသောနည်း

(၃) ပဋိစ္စဝါရ စသောနည်း

(၄) ပစ္စည်းအနုလုံ စသောနည်း

(၅) ဟေတုမူလ အာရမ္မဏမူလီ စသောနည်းတို့သည် အဆုံး အပိုင်း အခြားမရှိ ကမ်းမမြင်၊ လမ်းမမြင် သမုဒ္ဒရာပြင်ထက်ပင် ကျယ်ဝန်း၍ နေသောကြောင့် အဆုံးမရှိသော နည်းတို့ဖြင့် တန်းဆာဆင်အပ်သော "အနန္တနယပဋ္ဌာန်း" ကျမ်းဟု ခေါ်ခဲ့ကြပြန်သည်။

ယင်းသို့ အဋ္ဌကထာဆရာ, ဋီကာဆရာကြီးတို့ ခေါ်ဆိုခဲ့ကြသော အမည်နှစ်ခုကို ရောစပ်၍ ယခုခေတ် ပညာရှင်တို့က "အနန္တနယ သမန္တပဋ္ဌာန်း" ကျမ်းဟု ခေါ်ကြပြန်သည်။

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် အဘိဓမ္မာခုနစ်ကျမ်းဟူသော ရတနာတို့ကို စတုတ္ထသတ္တာဟ ရတနာဃရ ( ရတနာအိမ် )၌ သုံးသပ်ဆင်ခြင်တော်မူလေသည်။

ထိုသို့ သုံးသပ်ဆင်ခြင်တော်မူသောအခါ ဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်းအထိ ခြောက်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူသော်လည်း ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူး ထွက်ပေါ်တော်မမူကြသေးပေ၊ ဤအနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါ ကျမှ သာလျှင် ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူး၍လာကြလေတော့သည်။

ဤသို့ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးခြင်းသည် အဓိဋ္ဌာန်ချက်ကြောင့် ဖြစ်သော တန်းခိုး (အဓိဋ္ဌာနိဒ္ဓိ) လည်း မဟုတ်ချေ၊ ဘာဝနာဖြင့် ပြီးသော တန်းခိုး (ဘာဝနာမယိဒ္ဓိ) လည်း မဟုတ်ချေ၊ စင်စစ်ကား နူးညံ့သိမ်မွေ့လှသည့် ပဋ္ဌာန်းကျမ်းကြီး၌ ပါဝင်သော တရားသဘောတို့ကို သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ နှလုံးသွေးသည် အလွန်ပင် ကြည်လင်တော်မူလာသည်၊ အဆင့်ဆင့်အားဖြင့် အရေအဆင်းတော်သည် အလွန်ကြည်လင်တော်မူလာသည်၊ စိတ်အကြောင်းရင်းခံသည့် ဥတုကြောင့်ဖြစ်သော အတောင်ရှစ်ဆယ်ရှိ ရောင်ခြည်တော်အဆင်း (အသီတိနိစ္စလဋ္ဌိတိ) သည် ထွက်ပေါ်ကွန့်မြူးကာ အရပ်ထက်ဝန်းကျင်၌ မတုန်မလှုပ် တည်နေလေသည်။

## အဘိဓမ္မာ၏ ပမာဏ

ဤဆိုခဲ့သော အဘိဓမ္မာခုနစ်ကျမ်းတို့သည် ယခုအခါ ဆဋ္ဌသံဂါယနာတင်မူ စာအုပ်ရေအားဖြင့် ၁၂-အုပ်၊ စာမျက်နှာအားဖြင့် ၅၀၀၀-ခန့်သာ ရှိသည်ကို တွေ့ရလေသည်။

စင်စစ်ကား—ဗုဒ္ဓရှင်တော်ဘုရား ခုနစ်နေ့ ခုနစ်ညမျှ သုံးသပ်ဆင်ခြင်တော်မူသော အဘိဓမ္မာတရားတော်သည် အနန္တ အပရိမာဏသာ ဖြစ်လေတော့၏၊ ဤသို့ စိက်တော်ဖြင့် ၇-ရက်မျှ သုံးသပ်ဆင်ခြင်တော်မူသော အဘိဓမ္မာတရားတော်ကို တဖန် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့သည့် သန္တုသိတနတ်သားကို အမှူးထား၍ ဝါတွင်းသုံးလ(ရက်ပေါင်းကိုးဆယ်)မျှ နှုတ်တော်ဖြင့် ဟောကြားတော်မူလေသည်၊ ထိုဟောကြားတော်မူသော ဒေသနာတော်သည်လည်း **အနန္တ အပရိမာဏသာ**လျှင် ဖြစ်လေသည်။

ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် အဘိဓမ္မာပိဋကတ(အဘိဓမ္မာခုနစ်ကျမ်း)သည် ယခုအခါ( ဆဋ္ဌသံဂါယနာမူ )စာအုပ်အရေအတွက်အားဖြင့် ၁၂-အုပ်၊ စာမျက်နှာ ၅၀၀၀-ခန့်သာ ရှိနေခြင်းသည် အကျဉ်းအကျယ်အားဖြင့် အလွန်ပင် ကွာလှမ်းလှသည်ဟု ဗောဒကတက်စရာ ရှိလာသည်။

ထို့ပြင် ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်သည် အလွန်ပင် လျင်မြန်လှကြောင်းကို ကျမ်းဂန်များ၌ ပြဆိုကြသည်၊ ပကတိလူတို့ တခွန်းလျှင် အသျှင်အာနန္ဒာက ရှစ်ခွန်းမိန့်နိုင်ကြောင်း၊ အသျှင်အာနန္ဒာတခွန်းလျှင် ဗုဒ္ဓရှင်တော်ဘုရားက ၁၆-ခွန်း မိန့်တော်မူနိုင်ကြောင်း၊ ပကတိလူတို့ တခွန်းလျှင် ဗုဒ္ဓရှင်တော်ဘုရားက ၁၂၈-ခွန်း မိန့်တော်မူနိုင်ကြောင်းကို ကျမ်းဂန်တို့၌ ပြဆိုတော်မူကြလေသည်။

ဤသို့ လျင်မြန်တော်မူခြင်းမှာလည်း ဘဝင်၏ လျင်မြန်တော်မူခြင်း နှုတ်ခမ်းတော်တခုနှင့်တခု ကောင်းမွန်စွာထိခြင်း, နှုတ်ခမ်းတော်ယှက်မှု ပြေပြစ်ခြင်း, လျှာတော်နူးညံ့သိမ်မွေ့ခြင်း,

http://www.dhammadownload.com



အသံတော်ချိုသာခြင်း, စကားတော်၏ လျင်မြန်သော အပြန်ရှိခြင်းတို့ကြောင့် လျင်မြန်တော်မူသည်ဟု ဖွင့်ပြတော်မူကြသည်။

ထို့ကြောင့် ဆွမ်းအနုမောဒနာပြုတော်မူသော အချိန်အတွင်းမှာပင် ဟောတော်မူသော တရားဒေသနာသည် ဒီဃနိကာယ် မဇ္ဈိမနိကာယ် ကျမ်းကြီးများလောက် ရှိပေသည်၊ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ရောက်လာသည့် ပရိသတ်တို့အား ဟောတော်မူသော တရားဒေသနာတော်သည်လည်း သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်ကြီးများလောက် ပမာဏရှိသည် ဟူ၏။

မတ်တတ်ရပ်ရင်းနှင့်ပင် ဂါထာပေါင်း တသောင်းငါးထောင် ပုဒ်ပေါင်း ခြောက်သောင်းတို့ကို နွယ်ပန်းများကို ဆွဲကိုင်လှုပ်ရှားလိုက်သကဲ့သို့ သင်နိုင် ပို့ချနိုင် ဟောကြားနိုင်သော အသျှင်အာနန္ဒာသည်ပင် ဗုဒ္ဓရှင်တော်ဘုရား ဝါကွင်းသုံးလပတ်လုံး ဟောကြားတော်မူသည့် အဘိဓမ္မာဒေသနာတော်ကို နှစ်ပေါင်း အရာ အထောင် သင်ကြားသော်လည်း ပြီးဆုံးနိုင်မည် မဟုတ်ဟု အဋ္ဌကထာ၌ ပြဆိုတော်မူသည်။

ထိုဆိုခဲ့သည့် အကြောင်းများကို ထောက်၍ ယခုလက်ရှိ အဘိဓမ္မာပိဋကဥ္ စပေယျာလများကို ထုတ်ဖော်စေကာမူလည်း အတိုင်းအရှည်ပမာဏအားဖြင့် ဗုဒ္ဓရှင်တော်ဘုရား ရတနာဃရသတ္တာဟ၌ သုံးသပ်ဆင်ခြင်တော်မူသည့်အတိုင်း မရှိနိုင်ကြောင်း၊ တာဝတိံသာ၌ ဟောကြားတော်မူသော အတိုင်းလည်း မရှိနိုင်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် အကျဉ်းချုံးထားသည့်'မူ'သာ ဖြစ်ကြောင်း သိသာအပ်ပေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် တာဝတိံသာ၌ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူနေစဉ် အခါက ဆွမ်းခံချိန်ရောက်တိုင်း နိမ္မိတရုပ်ပွါး 'ဘုရားရှင်တပါး ဖန်ဆင်းတော်မူကာ ဟောကြားတော်မူစေ၍ ရှေးဦးစွာ အနောတတ်အိုင်သို့ကြွကာ ရေသပ္ပါယ်တော်မူခြင်း၊ ဥတ္တရကုရု(မြောက်ကျွန်း)သို့ ဆွမ်းခံကြွတော်မူခြင်း၊ အနောတတ်အိုင်ကမ်းပါး၌ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် နေ့သန့်ရန် စန္ဒကူးတောသို့ ကြွတော်မူခြင်း၊ ထိုအခါ အသျှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး လာရောက်ကာ ဝတ်ကြီး ဝတ်ငယ်ပြုခြင်း၊ မြတ်စွာဘုရားကလည်း "ယနေ့ ငါ ဤမျှဟောခဲ့သည်" စသည်ဖြင့် မိန့်ကြားကာ နည်းပေးတော်မူခြင်း၊ အသျှင်သာရိပုတ္တရာ ရဟန္တာမြတ်ကြီးကလည်း နည်းအရာ အထောင် အသိန်း ချွဲထွင် သိမြင်ခြင်း၊ အသျှင်သာရိပုတ္တရာကလည်း တပည့်ရင်းငါးရာတို့ကို တဖန်ပြန်၍ ဟောကြားတော်မူခြင်းတို့ကို အဋ္ဌကထာ၌ ပြတော်မူသည်။

http://www.dhammadownload.com



## အဘိဓမ္မာ၏ ထူးခြားပုံ

ဘုရားဟော ဒေသနာတော်ကို သုတ္တန် ဝိနည်း အဘိဓမ္မာဟူ၍ ပိဋကတ်အားဖြင့် သုံးပုံ သုံးကဏ္ဍ ပိုင်းခြားထားသည်၊ ထိုပိဋကတ်သုံးပုံ ၏သီး အသီးတို့မှာ သက်ဆိုင်ရာ ထူးခြားသည့် ဂုဏ်အင်္ဂါများ ရှိကြသည်၊ ဤသို့ ဂုဏ်အင်္ဂါများ ရှိကြရာတွင် အဘိဓမ္မာပိဋကတ်၏ ထူးခြား နက်နဲ သိမ်မွေ့သည့် ဂုဏ်အင်္ဂါတို့ကို ပေါ်လွင်စေရန်—

(၁) ဒေသနာသုံးမျိုး

(၂) သာသနာသုံးမျိုး

(၃) ကထာသုံးမျိုးတို့ဖြင့် နှိုင်းယှဉ်ကာ ဖော်ပြပါအံ့။

### ၁-ဒေသနာသုံးမျိုး

ပိဋကတ်သုံးပုံကို ဒေသနာအပြားအားဖြင့် ဝေဖန်သော်—

(၁) ဝိနယပိဋကကို အာဏာဒေသနာ ဟူ၍ရင်း

(၂) သုတ္တန္တပိဋကကို ဝေါဟာရဒေသနာ ဟူ၍ရင်း

(၃) အဘိဓမ္မာပိဋကကို ပရမတ္ထဒေသနာ ဟူ၍ရင်း ခေါ်ဆိုလေသည်။

### ၂-သာသနာသုံးမျိုး

သာသနာအပြားအားဖြင့် ဝေဖန်သော်—

(၁) ဝိနယပိဋကကို ယထာပရာဓသာသနာ ဟူ၍ရင်း

(၂) သုတ္တန္တပိဋကကို ယထာနုလောမသာသနာ ဟူ၍ရင်း

(၃) အဘိဓမ္မာပိဋကကို ယထာဓမ္မသာသနာ ဟူ၍ရင်း ခေါ်ဆိုလေသည်။

### ၃-ကထာသုံးမျိုး

ကထာအပြားအားဖြင့် ဝေဖန်သော်—

(၁) ဝိနယပိဋကကို သံဝရာသံဝရကထာ ဟူ၍ရင်း

(၂) သုတ္တန္တပိဋကကို ဒိဋ္ဌိဝိနိဝေဌနကထာ ဟူ၍ရင်း

(၃) အဘိဓမ္မာပိဋကကို နာမရူပပရိစ္ဆေဒကထာ ဟူ၍ရင်း ခေါ်ဆိုလေသည်။

### ဒေသနာသုံးမျိုး

**အာဏာဒေသနာ။** ။တပည့် သာဝကတို့အား "မည်သည့်အမှုကို ပြုလျှင် မည်သည့် အပြစ် အာပတ်သင့်စေ၊ မည်သည့် အပြစ်ကို ကျူးလွန်မိလျှင် မည်သို့ ကုစားစေ"ဟူ၍ အမိန့်အာဏာ ပေးခြင်းမည်သည် ဗုဒ္ဓရှင်တော်မြတ်နှင့်သာ ထိုက်တန်သော အခွင့်အရေးဖြစ်သည်၊ ပစ္စေကဗုဒ္ဓ နှင့် သာဝကကြီးများကား ထိုကဲ့သို့သော အမိန့်အာဏာပေးနိုင်သည့် ပုဂ္ဂိုလ်များ မဟုတ်ကြ ချေ၊ ဤသို့ အာဏာပိုင် စင်စစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝိနည်းပိဋက၌ ရဟန်းတို့

http://www.dhammadownload.com



အား ရှောင်ကြဉ်ဖွယ် အပြစ်များနှင့် လိုက်နာဖွယ် ကျင့်ဝတ်တို့ကို အာဏာစကဲဖြင့် တိကျစွာ သတ်မှတ်ဟောကြားတော်မူခဲ့သည်၊ ထို့ကြောင့် ဝိနယပိဋကကို အာဏာဒေသနာဟု ခေါ်ပေသည်။

**ဝေါဟာရဒေသနာ။** ။အမျိုးမျိုးသော သတ္တဝါဝေနေယျတို့အား သစ္စာလေးပါး အမှန်တရားကို နားလည်အောင် ဟောကြားရသောအလုပ်သည် မလွယ်ကူချေ၊ ၎င်းတို့၏ ဉာဏ်မျက်စိအတွင်း၌ ရုတ်တရက် ချက်ခြင်း ကွင်းကွင်းကွက်ကွက် ထင်မြင် နားလည်စေနိုင်မည့် ဝေါဟာရ ပရိယာယ် စကားလုံး ဝေဝုစ် ပုဒ် ဗျည်း ဝါကျတို့ကို တတ်ကျွမ်းနိုင်နင်းသည့် ပုဂ္ဂိုလ်တို့သည်သာလျှင် သတ္တဝါအမျိုးမျိုးတို့အား နားလည်အောင် ဟောကြားနိုင်ပေသည်၊ ဝေါဟာရအရာ၌ အတုမရှိ နိုင်နင်း ကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် သုတ္တန်ပိဋက၌ ထိုထို ဝေနေယျသတ္တဝါတို့၏ အသိဉာဏ်နှင့် တိုက်ဆိုင်ညီညွတ်သည့် ဝေါဟာရ စကားအသုံးအနှုန်း အမျိုးမျိုးကို အများဆုံး ဟောကြားတော်မူခဲ့သည်၊ ထို့ကြောင့် သုတ္တန္တပိဋကကို ဝေါဟာရဒေသနာ ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

**ပရမတ္ထဒေသနာ။** ။ဗုဒ္ဓ ရှင်တော်မြတ်သည် စစ်မှန် တိကျသော ပရမတ္ထ သဘောတို့ကို အကြွင်းမဲ့ သိမြင်သည့် သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသည်၊ ယင်းသို့ ကိုယ်တော်တိုင် သိမြင်အပ်သော ပရမတ္ထတရားတို့ကို အဘိဓမ္မာပိဋက၌ ကျယ်ဝန်းပြည့်စုံစွာ ဖော်ထုတ် ဟောကြားတော်မူခဲ့သည်၊ ထို့ကြောင့် အဘိဓမ္မာပိဋကသည် ပရမတ္ထဒေသနာ ဟူသော အမည်ဖြင့် ခေါ်တွင်ပေသည်။

## သာသနာသုံးပါး

**ယထာပရာဓသာသနာ။** ။ထိုမှတပါး သာသနာအပြားအားဖြင့် ဝေဖန်သော် မြတ်စွာဘုရားသည် ဝိနည်းပိဋက၌ ထိုထို ဝိနည်းစည်းကမ်းတို့ကို ကျူးလွန်ဖောက်ဖျက်သော ရဟန်းတို့အား အမှုနှင့်လျော်စွာ ထိုက်တန်သော အပြစ်ကို ပြ၍ ဆုံးမတော်မူသည်၊ ထို့ကြောင့် ဝိနယပိဋကကို ယထာပရာဓသာသနာ ဟု ခေါ်သည်။ (ယထာ=လျော်စွာ၊ ပရာဓ=အပြစ်၊ သာသနာ=အဆုံးအမ)။

**ယထာနုလောမသာသနာ။** ။သုတ္တန်ပိဋကတွင်မူ အမျိုးမျိုးသော ဝါသနာစရိုက်ရှိသူ သတ္တဝါတို့အား ၎င်းတို့၏ အတွင်းစာတ်ခံနှင့် ကိုက်ညီအောင် ရွှေဉာဏ်တော်ဖြင့် နှိုင်းချိန်၍ ဆုံးမလမ်းညွှန် သွန်သင်မူပေးတော်မူသည်၊ ထို့ကြောင့် သုတ္တန္တပိဋကကို **ယထာနုလောမသာသနာ** ဟု ခေါ်လေသည်။ (ယထာ=လျော်စွာ၊ အနုလောမ=လျော်သော မဆန့်ကျင်သော၊ သာသနာ=အဆုံးအမ)။

**ယထာဓမ္မသာသနာ။** ။လောက၌ အစစ်အမှန်အားဖြင့် ထင်ရှားရှိသော တရားကား ရုပ်နာမ် ၂-ပါးသာဖြစ်၏၊ ၎င်းတို့မှတပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်တို့ကား တကယ်ရှိသော အရာများမဟုတ်၊ ရုပ်နာမ်တရားတို့၏ အစုအပုံကိုပင် ပုဂ္ဂိုလ် သတ္တဝါစသည်ဖြင့် စွဲလမ်းမှတ်ထင် နေကြခြင်းသာ ဖြစ်သည်၊ ယင်းသို့ စွဲလမ်း မှတ်ထင်နေကြသော သတ္တဝါတို့ကို ရုပ်ဓမ္မ နာမ်ဓမ္မ ဟူသော သဘာဝအတိုင်း သိမြင်စေရန် ဆုံးမဟောပြတော်မူခဲ့သည်၊ ထို့ကြောင့် အဘိဓမ္မာပိဋကကို **ယထာဓမ္မသာသနာ** ဟူသောအမည်ဖြင့် ခေါ်ဆိုပေသည်။ (ယထာဓမ္မ=တရားသဘော အစစ်အမှန်ရှိသည့်အတိုင်း)။

http://www.dhammadownload.com



## ကထာ ၃-ပါး

**သံဝရာသံဝရကထာ။** ။ထိုနောက် တဖန် ကထာအပြားအားဖြင့် ဝေဖန်သော် ဝိနည်း ပိဋကဥ္စ ဝိနည်း စည်းကမ်းတို့ကို ကျူးကျော်ဖောက်ဖျက်မှု မပြုမိစေရန် ကိုယ်နှုတ်တို့ကို မည်သို့မည်ပုံ ထိန်းချုပ်စောင့်စည်းရမည်ဟု စောင့်စည်းနည်း အမျိုးမျိုးကို ရှင်းလင်း ဖော်ပြထားသည်၊ ကြီးကျယ်သောပြစ်မှုများကို မကျူးလွန်မိအောင် စောင့်ထိန်းနည်းများနှင့် သေးငယ်သော ပြစ်မှုများကို မကျူးလွန်မိအောင် စောင့်ထိန်းနည်းများကို သတ်မှတ်ပညတ်ထားပေသည်၊ ထို့ကြောင့် ဝိနယပိဋကကို သံဝရာသံဝရကထာ ဟု ခေါ်သည်။ (သံဝရ=အပြစ်ငယ်များကို စောင့်ထိန်းခြင်း၊ အသံဝရ=ကြီးသောအပြစ်များကို စောင့်ထိန်းခြင်း၊ ကထာ=ဆုံးမစကား)။

**ဒိဋ္ဌိဝိနိဝေဌနကထာ။** ။သုတ္တန်ပိဋကဥ္စမှုကား အယူဝါဒအမျိုးမျိုးကို လက်ခံယုံကြည်ထားကြသည့် သမဏ ဗြာဟ္မဏတို့၏ အတွင်းသန္တာန်၌ ရစ်ပတ်ထုံးဖွဲ့နေသော အယူမှား အမြင်မှား ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ဖြေရှင်းပယ်နုတ်ရန် နည်းတို့ကို အများဆုံး ဟောပြထားသည်၊ ထို့ကြောင့် သုတ္တန္တပိဋကကို ဒိဋ္ဌိဝိနိဝေဌနကထာ ဟု ခေါ်သည်။ (ဒိဋ္ဌိ=မှားသောအယူ၊ ဝိနိ=ဖြေခြင်း၊ ဝေဌန=ရစ်ပတ်ခြင်း၊ ကထာ=စကား)။

**နာမရူပပရိစ္ဆေဒကထာ။** ။အဘိဓမ္မာပိဋကသည် တပ်မက်မှု 'ရာဂ' စသည်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်၊ အဘိဓမ္မာပိဋကဥ္စ ပုဂ္ဂိုလ် သတ္တဝါ စသော အပေါ်ယံပညတ်ကို ဖောက်ထွင်း၍ အတွင်း ဓာတ်ဖြစ်သော နာမ်နှင့်ရုပ်ကို ခွဲခြား သိမြင်ရန် နည်းလမ်းအမျိုးမျိုးကို ဟောပြထားသည်၊ ထို့ကြောင့် အဘိဓမ္မာပိဋကသည် နာမရူပပရိစ္ဆေဒကထာ ဟူသော ဝိသေသဂုဏ်ပုဒ်ကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။ (နာမရူပ=နာမ်ရုပ်၊ ပရိစ္ဆေဒ=ပိုင်းခြားခြင်း၊ ကထာ=စကား)။

ဤသို့လျှင် ဒေသနာ သာသနာ ကထာအပြားတို့ဖြင့် ပိဋကတ်သုံးပုံကို ဝေဖန်နှိုင်းယှဉ်၍ စိစစ်သော် အဘိဓမ္မာ၏ ဝိသေသဂုဏ်အင်္ဂါတို့သည် ထင်ရှားပေါ်လွင် ညွှန်း၍ ထင်လာပေသည်။

## သိက္ခာ ၃-ပါးနှင့် ပဟာန် ၃-ပါး

ထိုမှတပါး ဗုဒ္ဓရှင်တော်မြတ်သည် ပိဋကတ်သုံးပုံကို ဟောကြားတော်မူရာ၌ (၁) သိက္ခာ (ကျင့်စဉ်) သုံးပါးနှင့် (၂) ပဟာန် (ကိလေသာပယ်သတ်နည်း) သုံးမျိုးတို့ဖြင့် အသီးသီး အထူး ပြုလုပ် ဟောတော်မူခဲ့သည်၊ ထိုအချက်များသည်လည်း အဘိဓမ္မာ၏ ထူးခြားသော ဂုဏ်တို့ကို ပိုမိုထင်ရှားစေပေသည်။

ပိဋကတ်သုံးပုံတို့တွင် ကျင့်စဉ်သိက္ခာအားဖြင့်—

(၁) ဝိနယပိဋကဥ္စ အဓိသီလသိက္ခာကိုရင်း

(၂) သုတ္တန္တပိဋကဥ္စ အဓိစိတ္တသိက္ခာကိုရင်း

(၃) အဘိဓမ္မာပိဋကဥ္စ အဓိပညာသိက္ခာကိုရင်း အထူးပြု၍ ဟောကြားတော်မူသည်။

ထို့ပြင် ကိလေသာကို ပယ်သတ်နည်း "ပဟာန်" အားဖြင့်—

(၁) ဝိနယပိဋကဥ္စ ဝီတိက္ကမပဟာန်ကိုရင်း

(၂) သုတ္တန္တပိဋကဥ္စ ပရိယုဋ္ဌာနပဟာန်ကိုရင်း

(၃) အဘိဓမ္မာပိဋကဥ္စ အနုသယပဟာန်ကိုရင်း အထူးပြု၍ ဟောတော်မူသည်။

http://www.dhammadownload.com



## သိက္ခာ ၃-ပါးဖြင့် အထူးပြုပုံ

ပိဋကတ်သုံးပုံကို အကျဉ်းချုပ်၍ အနှစ်သာရကို ထုတ်ယူလျှင် သီလ, သမာဓိ, ပညာဟူ၍ ကျင့်စဉ် 'သိက္ခာ' သုံးရပ်ပင် ဖြစ်သည်၊ ထိုသိက္ခာသုံးရပ်သည် သာသနာပ၌ရှိသော သီလ, သမာဓိ, ပညာတို့နှင့် နှိုင်းယှဉ်၍ မရအောင် အဆင့်အတန်း မြင့်လှသည်၊ ထို့ကြောင့် အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ ဟူ၍ အသီးအသီး 'အဓိ'သဒ္ဒါဖြင့် အထူးပြု၍ ခေါ်ဆိုထားခြင်း ဖြစ်သည်။

**ဝိနည်းနှင့်အဓိသီလသိက္ခာ။** ။ပိဋကတ်သုံးပုံတို့တွင် ဝိနည်းပိဋကတ်၌ မပြုလုပ်သင့်သော အမှုတို့မှ ရှောင်ကြဉ်ခြင်းဟူသော ဝါရိတ္တသီလနှင့် ဖြည့်ကျင့်ပြုလုပ်ဆောင်ရွက်သင့်သော အမှုတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းဟူသော စာရိတ္တသီလနှစ်ပါးသည် အများဆုံး ပါဝင်နေသည်ကို တွေ့ရပေသည်၊ ထို့ကြောင့် ဝိနယပိဋကတ်၌ သိက္ခာသုံးပါးတို့တွင် အဓိသီလသိက္ခာကို အထူးပြု၍ ဟောထားကြောင်း ထင်ရှားလှပေသည်၊ အကျင့်ကို ဦးစားပေး၍ ဟောကြားတော်မူသည့် တရားဖြစ်သောကြောင့် အဓိသီလသိက္ခာဟု ခေါ်ခြင်းဖြစ်သည်။

**သုတ္တန်နှင့်အဓိစိတ္တသိက္ခာ။** ။လောက၌ အများစုဖြစ်သော သတ္တဝါတို့သည် အမျိုးမျိုးသော လောကီအာရုံ အဖုံဖုံသော စွဲလမ်းမှုများ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါနေကြရကား စိတ်ဓာတ်တည်ငြိမ် အေးချမ်းမှုကို မရနိုင်ဘဲ ရှိနေကြသည်၊ 'စိတ်တည်ကြည်သော သူသည်သာလျှင် အမှန်တရားကို သိမြင်၏'ဟူသော ဒေသနာရှိသည့်အတိုင်း စိတ်လွင့်ပါးနေသည့် ပုဂ္ဂိုလ်တို့အား 'သစ္စာလေးပါး အမှန်တရားကို ချက်ခြင်းနားလည်အောင် ဟောကြားရန် မလွယ်ချေ၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါတို့အား သုတ္တန်ဒေသနာများကို ဟောကြားရာ၌ စိတ်တည်ငြိမ်မှု သမာဓိရရှိစေရန် အဓိစိတ္တသိက္ခာခေါ် သမထကျင့်စဉ်များကို အသေးစိတ်ညွှန်ပြတော်မူသည်၊ ထို့နောက်မှသာ အဓိပညာစခန်းဖြစ်သော ဝိပဿနာအဆင့်သို့ ရောက်အောင် ဆက်လက်ဟောကြားတော်မူသည်၊ ထို့ကြောင့် သုတ္တန္တပိဋကတ်၌ အဓိစိတ္တသိက္ခာကို အထူးပြု၍ ဟောတော်မူသည်၊ စိတ်ဟည်ငြိမ်မှု ရရှိစေသည့်အကျင့်ကို ဦးစားပေး၍ ဟောကြားတော်မူသောတရားဖြစ်၍ အဓိစိတ္တသိက္ခာဟု ခေါ်ခြင်းဖြစ်သည်။

**အဘိဓမ္မာနှင့်အဓိပညာသိက္ခာ။** ။အဘိဓမ္မာသည် ရုပ်နာမ်ဓမ္မတို့၏ သဘာဝအမှန်ကို နည်းအမျိုးမျိုးတို့ဖြင့် ဝေဖန်ပိုင်းခြား၍ ဟောပြတော်မူသော ဒေသနာဖြစ်သည်၊ ထို့ကြောင့်ပင် အဘိဓမ္မာကို အဓိပညာသိက္ခာဟု မှတ်သား ခေါ်တွင်စေလေသည်၊ ထိုသဘာဝအမှန်ကို သိမြင်သော ပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒဉာဏ်ကို အခြေခံလျက် ပညာစခန်း၏ အမြင့်ဆုံး အဆင့်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ဆိုက်ရောက်ရန် မခက်ခဲတော့ချေ၊ ထို့ကြောင့် အဘိဓမ္မာပိဋကတ်၌ အဓိပညာသိက္ခာကို အထူးပြု၍ ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

## ပဟာန် ၃-ပါး

ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါတို့အား မိမိတို့သန္တာန်၌ ဖြစ်ပေါ်ကိန်းအောင်းလျက်ရှိသော အကုသိုလ်ကိလေသာတို့ကို ပယ်ရှားနိုင်ကြစေရန် ရည်သန်တော်မူလျက် ပိဋကတ်သုံးပုံကို ဟောကြားခဲ့ခြင်းဖြစ်သည်၊ ထိုအကုသိုလ် ကိလေသာတို့ကို ပယ်သတ်ပုံ ပယ်ဂါတနည်းသည်—

http://www.dhammadownload.com



(၁) ဝီတိက္ကမပဟာန်=ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို ပယ်နည်း၊ ဝါ-ဝီတိက္ကမကိလေသာကို ပယ်နည်း။

(၂) ပရိယုဋ္ဌာနပဟာန်=အဇ္ဈတ္တသန္တာန်၌ ကိလေသာတို့၏ ထကြွသောင်းကျန်းမှုကို ပယ်နည်း၊ ဝါ-ပရိယုဋ္ဌာနကိလေသာကို ပယ်နည်း။

(၃) အနုသယပဟာန်=စိတ်အစဉ်၌ အမြကိန်းဝပ် စွဲမှီနေမှု အနုသယကိလေသာကို ပယ်နည်း ဟူ၍ သုံးမျိုးရှိသည်။

**ဝိနည်းနှင့် ဝီတိက္ကမပဟာန်။** ထိုပဟာန်သုံးမျိုးတို့တွင် ဝိနည်းပိဋကတ်၌ ကိုယ်ထိလက်ရောက် ကျူးလွန်မှုဖြစ်သော ကာယကံ ဝစီကံမှုများကို ပယ်နည်း ဝီတိက္ကမပဟာန်ကို ပဓာနထား၍ ဟောကြားတော်မူသည်၊ ထိုစကားမှန်၏မြတ်စွာဘုရားသည် ကုဋေ တိုးထောင်ကျော်မျှရှိသော ဝိနည်းဥပဒေတော်များဖြင့် ရဟန်းတို့၏ ကာယကံ ဝစီကံမှုတို့ကိုသာ လျှင် ထိန်းချုပ်တော်မူသည်၊ စိတ်ဖြင့် ကျူးလွန်မှု မနောကံကိုကား တစုံတခုသော အပြစ် အာပတ်သတ်မှတ်၍ တားဆီးချုပ်ချယ်ရန် မဖြစ်နိုင်သဖြင့် ဝိနည်းစည်းကမ်း ဥပဒေများကို ပညတ် တော်မမူခဲ့ပေ။

**သုတ္တန်နှင့် ပရိယုဋ္ဌာနပဟာန်။** သုတ္တန်ဒေသနာ၌ စိတ်တည်ငြိမ် အေးချမ်းမှုကို ရရှိကြောင်းဖြစ်သော သမာဓိလမ်းစဉ်များကို အသေးစိတ်ဟောကြားကာ[illegible]ပြခဲ့ပြီး ဖြစ်သည်၊ တည်ကြည်ငြိမ်သက် ချမ်းသည့် သမာဓိရနေသော ပုဂ္ဂိုလ်၏ စိတ်အစဉ်သို့ ကိလေသာတို့သည် ဝင်ရောက်၍ ထကြွ သောင်းကျန်းခြင်း[illegible] မစွမ်းနိုင်ချေ၊ ထို့ကြောင့် သုတ္တန်ဒေသနာ၌ ကိလေသာတို့ အဇ္ဈတ္တသန္တာန်၌ ထကြွသောင်းကျန်းမှုဖြစ်သော မနောကံမှုများကို ပယ်နည်း 'ပရိယုဋ္ဌာနပဟာန်'ကို အထူးပြု၍ ဟောထားကြောင်း ထင်ရှား ပေသည်။

**အဘိဓမ္မာနှင့် အနုသယပဟာန်။** ကိလေသာတို့ကို ပယ်သတ်ရာ၌ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းနှင့် မနောကံဖြင့် ကျူးလွန်ခြင်းတို့ကို ပယ်နိုင်ရုံမျှဖြင့် ကိလေသာတို့သည် အကြွင်း မဲ့ ပျောက်ကွယ်ချုပ်ငြိမ်းသွားသည် မဟုတ်ချေ၊ ၎င်းတို့သည် အနုသယ သဘောအားဖြင့် သတ္တဝါတို့၏ စိတ်အစဉ်၌ ကိန်းဝပ်စွဲမှီလျက် ကျန်ရှိနေသေးရကား အခါအခွင့် ရလျှင် တဖန်ပြန်၍ ဖြစ်ပေါ်လာနိုင်သည်၊ ထိုအနုသယကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် အောင် ပယ်ရှားနိုင်သည့်နည်းကား နာမရူပပရိစ္ဆေဒဉာဏ် အခြေခံသော ဝိပဿနာဘာဝနာကို ပွါးများခြင်းပင် ဖြစ်သည်၊ သီလ သမာဓိတို့ကို ပွါးရုံမျှဖြင့် အနုသယကိလေသာကို အမြစ်ပြတ် အောင် မပယ်နိုင်ချေ၊ ထို့ကြောင့် နာမရူပပရိစ္ဆေဒဉာဏ်အစရှိသော ပညာဘာဝနာကို ပဓာန ထား၍ ဟောကြားရာ အဘိဓမ္မာဒေသနာ၌ အနုသယပဟာန်ခေါ် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နည်းသည် ထူးကဲပြည့်စုံစွာ ပါဝင်နေပေသည်။

**တနည်းအားဖြင့် ပိဋကတ်သုံးပုံတွင်—**

(၁) ဝိနယပိဋကတ်၌ ကာမာဝစရကုသိုလ်တို့ဖြင့် ကိလေသာတို့ကို အခိုက်အတန့် အားဖြင့်သာ ပယ်နည်း 'တဒင်္ဂပဟာန်'ကိုရင်း၊

http://www.dhammadownload.com



(၂) သုတ္တန္တပိဋကဌ် မဟဂ္ဂုတ်ကုသိုလ်တို့ဖြင့် နေ့ရက် လ နှစ်စသော အချိန်ပိုင်း အတွင်းဝယ် စိတ်အစဉ်သို့ ကိလေသာအာရုံများ မဝင်လာနိုင်အောင် ခွါချ ထားသောအားဖြင့် ပယ်နည်း 'ဝိက္ခမ္ဘနပဟာန်'ကိုရင်း၊

(၃) အဘိဓမ္မာပိဋကဌ် လောကုတ္တရာ ကုသိုလ် မဂ်စိတ်တို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ်အောင် ပယ်နည်း 'သမုစ္ဆေဒပဟာန်'ကိုရင်း အသီးအသီး ထူးခြား ပြည့်စုံစွာ ဟောတော်မူသည်။

တနည်းလည်း—

(၁) ဝိနယပိဋကဌ် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို ပယ်သတ်နည်းကိုရင်း

(၂) သုတ္တန္တပိဋကဌ် တဏှာပယ်သတ်နည်းကိုရင်း

(၃) အဘိဓမ္မာပိဋကဌ် ဒိဋ္ဌိပယ်သတ်နည်းကိုရင်း

အသီးအသီး ထူးခြား ပြည့်စုံစွာ ဟောကြားတော်မူသည်။

ဤသို့လျှင် ပိဋကတ်သုံးပုံဌ် သိက္ခာသုံးပါး ပဟာန်သုံးပါးတို့ဖြင့် အသီးအသီး ဝိသေသပြု၍ ဟောကြားထားပုံကို လေ့လာသုံးသပ်ပါက အဘိဓမ္မာ၏ ထူးခြားသော အခြင်းအရာတို့သည် ထင်ရှားပေါ်လွင်၍ လာပေသည်။

## အဘိဓမ္မာ၏နက်နဲခြင်း ၄-မျိုး

ထိုမှတပါး အဘိဓမ္မာ ပိဋကသည်—

(၁) ပါဠိဝေါဟာရ စကားလုံး အသုံးအနှုန်း၏ နက်နဲခြင်း=ဓမ္မဂမ္ဘီရ

(၂) အနက်သဘော၏ နက်နဲခြင်း=အတ္ထဂမ္ဘီရ

(၃) ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း=ဒေသနာဂမ္ဘီရ

(၄) ပါဠိအနက်တို့ကို ထိုးထွင်း၍ သိနိုင်သောဉာဏ်၏ နက်နဲခြင်း=ပဋိဝေဓဂမ္ဘီရ

ဟူသော နက်နဲခြင်းလေးမျိုးနှင့် ပြည့်စုံပေသည်၊ သို့ဖြစ်ရကား ယူဇနာပေါင်း ရှစ်သောင်းလေး ထောင် သီခေါင်နက်ကျယ် သမုဒ္ဒြာပင်လယ်ကြီးအတွင်း၌ ယုန်သတ္တဝါကလေးများသည် ထောက်ရာ တည်ရာ မရနိုင်ဘိသကဲ့သို့ ဉာဏ်ပညာနုသော ပုဂ္ဂိုလ်တို့သည်လည်း ဤအဘိဓမ္မာဒေသနာသို့ သက်ဝင် ကျက်စားရန် လွန်စွာ ခက်ခဲလှချေသည်။

## ပင်လယ် ၄-မျိုး

ဤသို့ အဘိဓမ္မာပိဋက၏ နက်နဲကျယ်ဝန်းပုံမှာ ပယ်လယ်(သာဂရ) လေးမျိုး ဥပမာဖြင့် ထင် ရှားလှပေသည်။ ပင်လယ်လေးမျိုးကား—

http://www.dhammadownload.com



(၁) သံသာရသာဂရ=သံသရာပင်လယ်
(၂) ဇလသာဂရ=ရေပြင်ပင်လယ်
(၃) နယသာဂရ=နည်းပင်လယ်
(၄) ဉာဏသာဂရ=ဉာဏ်ပင်လယ်တို့ပေတည်း။

**သံသရာပင်လယ်။** ။ခန္ဓာ, အာယတန, ဓာတ်တို့၏ အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်ပျက်နေမှုကို သံသရာ ဟုခေါ်သည်၊ထိုသံသရာသည် အစလည်း မထင် အဆုံးလည်း မမြင်နိုင်အောင် လွန်စွာရှည်လျားလှသည်၊သတ္တဝါတို့သည် မည်သည့်အချိန်က စတင်၍ ဖြစ်ပေါ်ခဲ့ကြောင်းကို မဟာကပ်ပေါင်း သိန်းသောင်းကုဋေတိုင်အောင် ပြန်ပြောင်း၍ ကြည့်ရှုသော်လည်း မတွေ့မမြင်နိုင်သည်သာ ဖြစ်၏၊ ယင်းသို့ အစမထင်သော ကာလမှစ၍ ဖြစ်ပေါ်ခဲ့သော သတ္တဝါတို့သည် ကိလေသာအာသဝ မကုန်ခန်းသေးပါက အဆုံးအပိုင်းအခြား မရှိသော ကာလတိုင်အောင် သံသရာ၌ ကျင်လည် နေရဦးမည်သာ ဖြစ်ပေသည်၊ ထို့ကြောင့် သံသရာကို ကမ်းမမြင် လမ်းမမြင်နိုင်သည့် ပင်လယ်ပြင်ကြီး တမျိုးဟု ခေါ်ဆိုအပ်ပေသည်။

**ရေပင်လယ်။** ။အကျယ်အဝန်းအားဖြင့်၎င်း အနက်အစောက်အားဖြင့်၎င်း ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ရှိသော မဟာသမုဒ္ဒရာကို ရေပြင်ပင်လယ် (ဇလသာဂရ) ဟုဆိုအပ်၏၊ ထိုရေပြင်ပင်လယ်ကြီးအတွင်း၌ ကူးသန်းသွားလာသူတို့သည် မဟာသမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို၎င်း ထိုမှာဘက်ကမ်းကို၎င်း မမြင်နိုင်ကြပေ၊ ထိုသမုဒ္ဒရာအတွင်းရှိ ရေအထုကိုလည်း တစုံတယောက်သောသူမျှ ခြင်တွယ်ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ စင်စစ်အားဖြင့် မဟာသမုဒ္ဒရာဟူသည် အဆုံးအဆမရှိသော ရေအထုကြီးသာ ဖြစ်ပေသည်။

**နည်းပင်လယ်။** ။မြတ်စွာဘုရား၏ စကားတော်များဖြစ်သော ပိဋကတ်သုံးပုံကို (နယသာဂရ) နည်း ပင်လယ်ဟု ခေါ်ဆိုသည်၊ ထိုစကား မှန်၏၊ ပိဋကတ်သုံးပုံသည် အမျိုးမျိုးသောနည်းတို့ဖြင့် တန်းဆာဆင်၍ ဟောကြားထားသည် ဖြစ်ရကား လွန်စွာပင် နက်နဲကျယ်ဝန်းလှ၏၊ ပိဋကတ်သုံးပုံတွင်လည်း ဝိနည်းနှင့် အဘိဓမ္မာတို့၏ နက်နဲကျယ်ဝန်းပုံမှာ ပို၍ထင်ရှားပေသည်။

ဝိနည်း ပိဋကကို လေ့လာသုံးသပ်ကြည့်လျှင် ရဟန်းတို့၏ ကျူးလွန်မှုအကြီး အငယ်ကို လိုက်၍ ထိုက်တန်သော အပြစ်အာပတ်အမျိုးမျိုးကို တိကျစွာ ခွဲခြားသတ်မှတ်လျက် ပညတ်ထားတော်မူသည်ကို တွေ့ရ၏၊ ထိုသို့ပညတ်ရာတွင်လည်း ယုတ်မာဆိုးသွမ်းလိုသော ရဟန်းတို့ အခွင့်အလမ်းမရနိုင်စေရန် ကြွင်းကျန်လစ်လပ်ချက် မရှိစေဘဲ ပညတ်ထိုက်သည့် အချက်မှန်သမျှကို ပြည့်စုံကုန်စင်အောင် ဟောကြားပညတ်တော်မူခဲ့သည်၊ ထိုအချက်များကို တွေ့မြင်သိရှိရသောအခါ ဝိနည်းဒေသနာ၏ ကျယ်ဝန်းနက်နဲပုံကို ကောင်းစွာသဘောပေါက်လျက် "ကျူးလွန်မှုအားလျော်စွာ သိက္ခာပုဒ်ကို ပညတ်ခြင်းဟူသည် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်မှတပါး အခြားပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပါတကား" ဟု ဆင်ခြင်စဉ်းစားကာ ပီတိသောမနဿ ပွါးများဖွယ်ဖြစ်ပေသည်။

အဘိဓမ္မာ ဒေသနာကို လေ့လာသုံးသပ်သောအခါ၌လည်း ရုပ်တရား, နာမ်တရား, ခန္ဓာ, အာယတန, ဓာတ်အစရှိသောတရားတို့၏ အသီးအသီးသော သဘောလက္ခဏာများကို အချင်းချင်း မရော မယှက်စေဘဲ ထင်ရှား ပြတ်သားစွာ ခွဲခြားဝေဖန်၍ ဟောကြားထားသည်ကို တွေ့ရ၏။

http://www.dhammadownload.com



ထိုအချက်နှင့်တကွ ပိဋကတ်သုံးပုံ၌ အကျယ်ဝန်းဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်မိပါက အမျိုးကောင်းသားတို့အား အတိုင်းမသိ ပီတိသောမနဿတိုးပွါးဖွယ် ဖြစ်ပေသည်။

သီဟိုဠ်ကျွန်း၌ အသျှင်တိဿဒတ္တအမည်ရှိသော မထေရ်မြတ်သည် မဟာဗောဓိပင်ကို ဖူးမြော်ပူဇော်ရန် ပင်လယ်ပြင်ကို ဖြတ်၍ ဇမ္ဗူဒီပ (အိန္ဒိယနိုင်ငံ)သို့ သင်္ဘောဖြင့် ကြွတော်မူသောအခါ လမ်းခရီးဝယ် ကျယ်ဝန်း နက်ရှိုင်းလှစွာသော ပင်လယ်ရေပြင်ကြီးကို မြင်၍ မဟာသမုဒ္ဒရာနှင့် ပဋ္ဌာန်းကျမ်းကြီးတို့၏ ကျယ်ဝန်းနက်ရှိုင်းပုံကို နှိုင်းယှဉ်ဆင်ခြင်တော်မူမိလေသည်၊ ထိုအခါ "ဤ ပင်လယ်ရေပြင်ကြီးကား ကျယ်ဝန်းနက်ရှိုင်းသည် ဆိုသော်လည်း အောက်ဖက်၌ မြေကြီး၊ အထက်ဖက်၌ ကောင်းကင်၊ တဖက်၌ စကြဝဠာဟူသော အပိုင်းအခြားများ ရှိနေပေသေးသည်၊ အနန္တနယဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၏ အပိုင်းအခြားကိုကား မထင်မမြင်နိုင်ပါတကား" ဟု ဆင်ခြင်စဉ်းစားလျက် လွန်ကဲသော နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပေါ်လာလေသည်၊ ၎င်းနောက် ထိုနှစ်သက်ဝမ်းမြောက်မှုကိုပင် အခြေပြု၍ ဝိပဿနာပွါးများလေရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဤသို့လျှင် နယသာဂရဖြစ်သော ပိဋကတ်သုံးပုံတွင် ဝိနည်းနှင့် အဘိဓမ္မာတို့၏ နက်နဲကျယ်ဝန်းပုံမှာ ပို၍ ထင်ရှားပေသည်။

**ဉာဏ်ပင်လယ်။** ။ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်ကို ဉာဏ်ပင်လယ် (ဉာဏသာဂရ) ဟုဆိုသည်၊ ထင်ရှားစေဦးအံ့— မြတ်စွာဘုရားသည် နယသာဂရဖြစ်သော ပိဋကတ်သုံးပုံကို သဗ္ဗညုတဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား၍ ဟောတော်မူခြင်းဖြစ်၏၊ သံသရာပင်လယ်ကြီး၏ အလွန်တရာ ကျယ်ဝန်းလှပုံကိုလည်း သဗ္ဗညုတဉာဏ်တော်ဖြင့် ကောင်းစွာသိမြင်တော်မူ၏၊ မဟာသမုဒ္ဒရာတည်းဟူသော ရေပြင်ပင်လယ်ကြီးနှင့်တကွ စကြဝဠာ ကမ္ဘာလောက အနန္တကိုပင် သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းမဲ့ သိမြင်တော်မူ၏၊ ထို့ကြောင့် ယင်းသဗ္ဗညုတဉာဏ်တော်ကို သာဂရလေးသွယ်တို့တွင် အကျယ်ဆုံးဖြစ်သော ဉာဏသာဂရဟု ဆိုထိုက်ပေသည်။

ဤသို့လျှင် ဆိုခဲ့သော သာဂရလေးရပ်တို့တွင် တပါးအပါအဝင်ဖြစ်သော အဘိဓမ္မာဒေသနာတော်ကို သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်တို့သာလျှင် ဟောတော်မူနိုင်စွမ်း ရှိကြောင်းကို ဓမ္မသင်္ဂဏီကျမ်းကို လေ့လာရုံမျှဖြင့် မှန်းဆနိုင်ဖွယ်ရှိပေသည်။

## အဘိဓမ္မာဒေသနာနှင့် ကျွတ်တမ်းဝင်ပုဂ္ဂိုလ်များ

ဗုဒ္ဓရှင်တော်ဘုရားသည် သက်တော်-၇၀ ဝါတော် ၃၅-ဝါ အတွင်းတွင် နေ့တိုင်းပင် တရားဟောပွဲဓမ္မသဘင် ဆင်ယင်ကျင်းပတော်မူခဲ့သည်၊ ထိုသို့ဓမ္မသဘင် ကျင်းပတော်မူရာ၌ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူအပ်သော အမြိုက်တရားတော်ကို ကြားနာကြရသည့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့တွင် တဦးချင်းဖြစ်စေ အစုလိုက်ဖြစ်စေ ကျွတ်တမ်းဝင်ကြသည့် သတ္တဝါတို့သည် အတိုင်းမသိ လွန်စွာပင် များပြားလှသည်။

သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိမြင်၍ ကျွတ်တမ်းဝင်သူ ပုဂ္ဂိုလ်အရေအတွက် အလွန်များပြားသော ဓမ္မသဘင် တရားပွဲတော်ကြီးများကို မဟာဘိသမယ ဓမ္မသဘင်ကြီးများဟု ခေါ်သည်။ (မဟာ=ကြီးကျယ်သော၊ အဘိသမယ=သစ္စာလေးပါးကို ထိုးထွင်း သိမြင်ခြင်း၊ ဓမ္မသဘင်=တရားပွဲ) ထိုမဟာဘိသမယတို့ကို အမြွက်မျှ ဖော်ပြပါအံ့။

http://www.dhammadownload.com



၁။ ဓမ္မစကြာတရားပွဲတော် မဟာဘိသမယ
၂။ မင်္ဂလသုတ်တရားပွဲတော် မဟာဘိသမယ
၃။ ရတနသုတ်          ။
၄။ တိရောကုဋ္ဋသုတ်          ။
၅။ စူဠ ရာဟုလောဝါဒသုတ်          ။
၆။ သာမစိတ္တသုတ်          ။
၇။ ပရာဘဝသုတ်          ။
၈။ မဟာသမယ ၆-သုတ်          ။
၉။ အဘိဓမ္မာဒေသနာတော်          ။

**ဓမ္မစကြာ** ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီဟု ခေါ်တွင်သည့် လူပုဂ္ဂိုလ် ၅-ဦးနှင့် စကြာဝဠာ တသောင်းမှ လာရောက်ကြသည့် နတ်ဗြဟ္မာတို့သည်သာ တရားနာပရိသတ်ဖြစ်ကြသည်၊ ဤတရားပွဲတွင် ဗြဟ္မာပေါင်း ၁၈-ကုဋေမျှ ကျွတ်တမ်းဝင်ကြသည်၊ ကျွတ်တမ်းဝင်သည့် နတ်အပေါင်းမှာကား မရေမတွက်နိုင်အောင်ပင် များပြားလေသည်။

မင်္ဂလသုတ် တရားပွဲတော်၌လည်း စကြာဝဠာတသောင်းမှ လာရောက်ကြသည့် နတ်ဗြဟ္မာတို့ပင် တရားနာပရိသတ် ဖြစ်ကြသည်၊ ဤဓမ္မသဘင်၌မူ ရဟန္တာဖြစ်သော နတ်ဗြဟ္မာတို့ကား ကုဋေတသိန်းဖြစ်သည်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့မှာ မရေမတွက်နိုင်အောင်ပင် များပြားလှလေသည်။

ရတနသုတ်ကို ၇-ရက်တိုင်တိုင် ဟောကြားတော်မူသည်၊ တနေ့တနေ့အတွင်း ကျွတ်တမ်းဝင်သူပေါင်း ရှစ်သောင်းလေးထောင်စီ ရှိပေသည်။

တိရောကုဋ္ဋသုတ်ကိုလည်း ၇-ရက်တိုင်တိုင်ပင် ဟောကြားတော်မူသည်၊ ဤဓမ္မသဘင်၌လည်း တနေ့လျှင် ကျွတ်တမ်းဝင်သည့် ပုဂ္ဂိုလ်ပေါင်း ရှစ်သောင်းလေးထောင်ပင် ဖြစ်လေသည်။

စူဠရာဟုလောဝါဒသုတ် ဓမ္မသဘင်, သာမစိတ္တသုတ် ဓမ္မသဘင်, ပရာဘဝသုတ် ဓမ္မသဘင်တို့၌လည်း နတ်ဗြဟ္မာအပေါင်း မရေမတွက်နိုင်အောင်ပင် ကျွတ်တမ်းဝင်ကြသည်။

မဟာသမယသုတ်တော်ကြီးကို ဟောတော်မူရာ၌လည်း စကြာဝဠာ ၁၀-ခုမှ လာရောက်တရားနာကြသည့် နတ်ဗြဟ္မာတို့သည် မရေမတွက်နိုင်အောင်ပင် များပြားလှသည်၊ ထိုမဟာသမယသုတ်တော်ကြီး၌ ပါဝင်သည့် သမ္မာပရိဗ္ဗာဇနီယသုတ်, ပုရာဘေဒသုတ်, စူဠဗျူဟသုတ်, မဟာဗျူဟသုတ်, တုဝဋ္ဋကသုတ်တို့ကို ဟောကြားတော်မူရာ၌ တသုတ် တသုတ် အပြီးတွင် နတ်ဗြဟ္မာပေါင်း ကုဋေတသိန်းစီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြသည်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်အဖြစ်သို့ ဆိုက်ရောက်သည့် နတ်ဗြဟ္မာတို့ကား မရေမတွက်နိုင်အောင်ပင် ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် အဘိဓမ္မာဒေသနာတော်ကို မယ်တော်ဖြစ်ခဲ့ဘူးသည့် နတ်သားကို အမှူးထား၍ တာဝတိံသာ၌ ဟောကြားတော်မူသည်၊ စကြာဝဠာတသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်၍ တရားနာကြသည်၊ အဘိဓမ္မာတရားတော်ကို ကြားနာရသဖြင့် အထွတ်အထိပ်ရောက် ကျွတ်တမ်းဝင်ကြသည့် နတ်ဗြဟ္မာတို့ အရေအတွက်မှာ ကုဋေရှစ်သောင်းမျှ ဖြစ်လေသည်၊ မယ်တော်ဖြစ်သော နတ်သားမှာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

http://www.dhammadownload.com



စင်စစ်မှာ နတ်ပြဟ္မာ ကုဋေရှစ်သောင်း ကျွတ်တမ်းဝင်သည်ဆိုရာ၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည့် အရေအတွက်ကိုသာ ဖော်ပြခြင်းဖြစ်သည်၊ မင်္ဂလာတရားတော်, မဟာသမယသုတ်တော်များကို ဟောတော်မူရာ၌ တရားနာပရိသတ်သည် စကြာဝဠာတသောင်းမှ လာရောက်ကြားနာကြသည့် နတ်ပြဟ္မာပရိသတ်ပင် ဖြစ်သည်၊ အဘိဓမ္မာတရားသဘင်၌ တရားနာပရိသတ်မှာလည်း စကြာဝဠာတသောင်းမှ လာရောက်ကြသည့် နတ်ပြဟ္မာတို့ပင် ဖြစ်သည်၊ ထိုမျှကြီးကျယ်သော ဓမ္မသဘင်တို့၌ ကျွတ်တမ်းဝင်သူတို့မှာ မရေမတွက်နိုင်အောင် များပြားမြဲဓမ္မတာပင် ဖြစ်ချေသည်၊ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည့် အဘိဓမ္မာဒေသနာတော်ဓမ္မသဘင်၌ အတိုင်းမသိ မရေမတွက်နိုင်အောင် [၁] များပြားလှသည့် နတ်ပြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်မှာ ယုံမှားဖွယ်ရာ မရှိပေ၊ ကျွတ်တမ်းဝင်ကြသည့် နတ်ပြဟ္မာတို့ကား အတိုင်းမသိ မရေမတွက်နိုင်အောင်ပင် များပြားလေသည် [၁]။

ဤသို့ မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြဖွယ် ရှိသော်လည်း အဘိဓမ္မာတရားတော်သည် အလွန်နက်နဲ သိမ်မွေ့သည်ဖြစ်၍ ဤ တရားဖြင့် လက္ခဏာရေးသုံးပါးကို ဆောင်သည့် နာမ်ရုပ်နှစ်ပါး ခွဲခြားပြသော တရားတော်မြတ်ကို ထိုးထွင်း သိမြင်နိုင်စွမ်း မရှိကြသော နတ်များလည်း ရှိနေကြသေးသည်၊ ထို နတ်တို့အား သံဝေဂ ဖြစ်ပွါးစေရန်အလို့ငှါ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာတွင် အကြား အကြား၌ ဘဒ္ဒေကရတ္တသုတ် အကျဉ်းကိုရင်း, အကျယ်ဝေဖန်ချက်ကိုရင်း ဟောကြားတော်မူရပေသေးသည်။ (မဇ္ဈိမပဏ္ဏာသ၊ ဋ္ဌ၊ လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်အဖွင့်-၁၇၄)

---

၁။ တာဝတိံသ ဘဝနံ ဂန္တွာ တတ္ထ ဝဿံဝုတ္ထော နိရန္တရံ တေမာသံ အဘိဓမ္မံ ဒေသေန္တော မာတုပ္ပမုခါနံ အနေကဒေဝတာနံ သောတာပတ္တိမဂ္ဂါဓိဂမနံ ကတွာ ဝုဋ္ဌဝဿော ဒေဝေါရောဟနံ။ပ။ အဟောသိ။ (အပဒါန် ဋ္ဌ၊၁၊ မျက်နှာ ၁၃၂)

http://www.dhammadownload.com

# အဘိဓမ္မာ ပိဋကသမိုင်း

အဘိဓမ္မာပိဋကသည် ဘုရားဟော စင်စစ်ဖြစ်ကြောင်းနှင့် အဘိဓမ္မာခုနစ်ကျမ်းတို့၏ အကျဉ်းချုပ် အကြောင်းအရာများကို ပြဆိုခဲ့ပေပြီ၊ ယခုအခါ မြတ်စွာဘုရားလက်ထက်တော်မှစ၍ မျက်မှောက်ခေတ်အထိ အဘိဓမ္မာစာပေပြန့်နှံ့ တိုးတက်လာပုံ သမိုင်းစဉ်ကို သိရှိလေ့လာသင့်ပေသည်။

### ဘုရားလက်ထက်တော်၌ အဘိဓမ္မာ လေ့လာပုံ

အဘိဓမ္မာကို လက်ဦးဆုံး လေ့လာသင်ယူခွင့်ရသည့် ပုဂ္ဂိုလ်များကား အသျှင်သာရိပုတ္တရာ၏ တပည့် ရဟန်းငါးရာတို့ပင် ဖြစ်ပေသည်၊ သို့သော် အသျှင်သာရိပုတ္တရာက တဆင့်ဟောကြားပို့ချသဖြင့် ဗုဒ္ဓ လက်ထက်တော်တွင် အခြားအခြားသော ရဟန်းရှင်လူများလည်း အဘိဓမ္မာကို အနည်းနှင့်အများ သင်ကြားလေ့လာခဲ့ကြမည်မှာ ယုံမှားဖွယ်မရှိပေ၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါမှစ၍ ဝိနည်းပိဋက, သုတ္တန်ပိဋကများကဲ့သို့ အဘိဓမ္မာကိုလည်း တသီးတခြား သင်ကြား လေ့လာကြသည့် အစဉ်အလာရှိခဲ့ကြောင်း အထောက်အထားများကို ပါဠိပိဋကတ်တော်များတွင် တွေ့ရှိရသည်၊ မဇ္ဈိမနိကာယ် မဟာဂေါသိင်္ဂသုတ်တွင်လည်း အသျှင်သာရိပုတ္တရာ အသျှင်မဟာမောဂ္ဂလ္လာန် စသည့် သာဝကကြီးများ,ပင်လျှင် အဘိဓမ္မာဆိုင်ရာ ပြဿနာများကို အချင်းချင်း မေးမြန်း ဆွေးနွေးလေ့ရှိကြောင်း ထင်ရှားစွာ ပါရှိပေသည်၊ ထို့ပြင် အဘိဓမ္မာကို စတင်ဟောကြားသည့်အချိန်မှာ ဘုရားဖြစ်ပြီးနောက် ခုနစ်ဝါမြောက်ကာလ ဖြစ်ပေရာ ထိုအချိန်မှစ၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ၃၈-နှစ်အတွင်း၌ပင် အဘိဓမ္မာသင်ကြားပို့ချမှုသည် များစွာထင်ရှား ကျယ်ပြန့်ခဲ့လိမ့်မည်ဟူသော အချက်ကို သိရှိနိုင်ပေသည်။

### အဘိဓမ္မာနှင့် သံဂါယနာသုံးတန်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလနှင့်လေးရက်မြောက်တွင် အဇာတသတ်မင်းကိုအမှီပြု၍ ရာဇဂြိုဟ်ပြည်၌ ရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀-တို့သည် ဗုဒ္ဓဝစနခေါ် မြတ်စွာဘုရား၏ တရားစကားတော်များကို သံဂါယနာတင်ခဲ့ကြသည်၊ ယင်းသို့ သံဂါယနာတင်ရာတွင် ဝိနည်းပိဋက, သုတ္တန်ပိဋကတို့နှင့်အတူ အဘိဓမ္မာပိဋကလည်း ပါဝင်ခဲ့ကြောင်း အဋ္ဌကထာနှင့် သာသနာဝင်ကျမ်းများ၌ ပြဆိုထားပေသည်၊ထိုပြဆိုချက်များအရ ပဌမသံဂါယနာ၌ ပိဋကတ်တော်များကို သံဂါယနာတင်ပုံ အစီအစဉ်ကား အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | ပဌမ | .... | ဝိနည်း ၅-ကျမ်း |
| ၂။ | ဒုတိယ | .... | ဒီဃနိကာယ် ၃-ကျမ်း |
| ၃။ | တတိယ | .... | မဇ္ဈိမနိကာယ် ၃-ကျမ်း |
| ၄။ | စတုတ္ထ | .... | သံယုတ္တနိကာယ် ၅-ကျမ်း |
| ၅။ | ပဉ္စမ | .... | အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း |
| ၆။ | ဆဋ္ဌ | .... | အဘိဓမ္မာ ၇-ကျမ်း |
| ၇။ | သတ္တမ | .... | ဇာတကမှစ၍ ခုဒ္ဒက ၁၃-ကျမ်း |

မှတ်ချက်။ ။အဘိဓမ္မာပိဋကဖြစ်သော ကထာဝတ္ထုမှာ မာတိကာမျှလောက်သာ ပဌမသံဂါယနာ၌ ပါဝင်သေးသည်၊ တတိယသံဂါယနာတွင်မှ ယခုရှိသည့်အတိုင်း ပြည့်စုံစွာ ဖြစ်ပေါ်လာပေသည်။

http://www.dhammadownload.com



## ဒုတိယသံဂါယနာ

သာသနာတော်နှစ် ၁၀၀- သို့ ရောက်သောအခါ ဝေသာလီပြည်၌ ဝဇ္ဇီတိုင်း ကာလာသောက မင်းကို အမှီပြု၍ အသျှင်မဟာယသအမှူးရှိသော ရဟန္တာ ၇၀၀-တို့က ထပ်မံ၍ ဒုတိယသံဂါယနာ ပွဲကို ကျင်းပခဲ့သည်၊ ထိုသံဂါယနာမှာ ဝိနည်းဥပဒေတော်များနှင့် ပတ်သက်သည့် အချက်ဆယ် ချက်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်၊ထို့ကြောင့် အဘိဓမ္မာပိဋကနှင့် ပတ်သက်၍ ထူးခြားချက် မရှိခဲ့ချေ၊ ပဌမအကြိမ် သံဂါယနာတင်ပြီးသော မူများအတိုင်းပင် ထပ်မံ၍ လက်ခံ အတည်ပြုခဲ့ကြလေသည်။

## တတိယသံဂါယနာ

သာသနာနှစ် ၂၃၅-ခုတွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်း၌ သီရိဓမ္မာသောက မင်းကို အမှီပြု၍ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသော ရဟန္တာ ၁၀၀၀-တို့သည် တတိယသံဂါယနာသဘင်ကို ဆင်ယင်ကျင်းပခဲ့သည်၊ ထိုသံဂါယနာပွဲ၌ အကြီးအကဲဖြစ်တော်မူ သော ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် ဟောခဲ့သော မာတိကာ ခေါင်းစဉ်ကို အကျယ်ဖွင့်ပြလျက် ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၊ ထိုအချိန် မှစ၍ အဘိဓမ္မာခုနစ်ကျမ်း အပြည့်အစုံဖြစ်လာပေသည်။

## ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုလွှတ်ပုံ

တတိယသံဂါယနာအပြီးတွင် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းမြတ်တို့ ညှိနှိုင်း တိုင်ပင်လျက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များကို စေလွှတ်ခဲ့သည်၊ ထိုသာသနာပြု ရဟန်းတော်များနှင့်အတူ မြတ်စွာဘုရား၏ တရားတော်များဖြစ်သည့် ပိဋကသုံးပုံသည်လည်း ထိုထိုဒေသများသို့ ရောက်ရှိခဲ့မည်မှာ မလွဲပေ၊ သို့ဖြစ်ရကား ထိုအချိန်မှစ၍ အဘိဓမ္မာပိဋကသည် လည်း မဇ္ဈိမဒေသ၏ ပြင်ဘက်ဖြစ်သော ထိုထိုတိုင်းနိုင်ငံများသို့ ပေါက်ရောက် ပြန့်နှံ့ခဲ့သည်ဟု ယူဆရပေသည်၊ သို့ရာတွင် သီဟိုဠ်ကျွန်းမှတပါး အခြားဒေသတို့၌ မည်သို့မည်ပုံ ပြန့်နှံ့၍ မည်မျှ ကြာအောင် တည်တံ့ခဲ့ကြောင်း မှတ်တမ်းများ အခိုင်အမာ မရှိချေ၊ ထို့ကြောင့် မှတ်တမ်း အခိုင်အမာရှိ၍ မြန်မာနိုင်ငံ သာသနာ့ သမိုင်းနှင့်လည်း တိုက်ရိုက်ကွင်းဆက်ဖြစ်သည့် သီဟိုဠ် ကျွန်း၌ အဘိဓမ္မာပိဋကပြန့်ပွါးခဲ့ပုံကိုသာ ဖော်ပြရပေတော့မည်။

## သီဟိုဠ်ကျွန်းသို့ အဘိဓမ္မာရောက်ပုံ

တတိယသံဂါယနာတင်ပြီးနောက် သာသနာနှစ် ၂၃၆ (ဘီစီ-၃၂၆) သို့ ရောက်သောအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်မှ ရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ ကြွ၍ သာသနာပြုစုတော်မူသည်၊ ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ သာသနာတော်ပြန့်ပွါးစည်ကားလျက် သီဟိုဠ်ကျွန်းသား ရဟန်း များစွာတို့သည်လည်း အဘိဓမ္မာနှင့်တကွ ပိဋကသုံးပုံကို သင်ကြား အားထုတ်ကြလေသည်၊ ဤသို့အားဖြင့် အဘိဓမ္မာပိဋကသည် သီဟိုဠ်ကျွန်း၌ ပြန့်ပွါးထွန်းကားလာခဲ့ပေသည်၊ သို့သော် လည်း ထိုအချိန်အထိ အဘိဓမ္မာနှင့်တကွ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်၍သာ သင် ကြားပို့ချခဲ့ရလေသည်။

http://www.dhammadownload.com



## စတုတ္ထသံဂါယနာ

သာသနာနှစ် ၄၅၀- သို့ ရောက်သောအခါ မဟာဓမ္မရက္ခိတအမှူးရှိသော မထေရ်မြတ်တို့သည် သာသနာတော် အရှည်တည်တံ့ရေးကို မြော်တွေးကြလျက် ဝဋ္ဋဂါမဏိအဘယမင်း၏ လက်ထက်တွင် သီဟိုဠ်ကျွန်း မာတုလဇနပုဒ် အာလောကလိုဏ်ဂူ၌ ပိဋကကျမ်းစာများကို ပေထက်အက္ခရာ တင်ခဲ့ကြလေသည်၊ ယင်းသို့ နူတ်ငုံဆောင်ကျမ်းများကို ပေထက်အက္ခရာတင်ရာ၌ အသျှင်မဟာဓမ္မ ရက္ခိတကြီးမှူးသည့် ရဟန္တာမထေရ်မြတ်ငါးရာတို့သည် အညီအညွတ် တိုင်ပင်ဆွေးနွေးလျက် လိုအပ် သော တည်းဖြတ်သုတ်သင် စီစဉ်ညှိနှိုင်းမှုများကို ပြုလုပ်တော်မူခဲ့ကြသည်၊ ထို့ကြောင့် ယင်းသို့ ပေထက်အက္ခရာတင်ခြင်းကိုပင် စတုတ္ထသံဂါယနာဟူ၍ သာသနာဝင်ကျမ်းတို့၌ မှတ်တမ်းတင်ခဲ့ကြ ပေသည်၊ ထိုစတုတ္ထသံဂါယနာမှစ၍ အဘိဓမ္မာခုနစ်ကျမ်းသည် ပေထက်အက္ခရာတင် စာအုပ် အဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

## အဘိဓမ္မာလေ့လာမှု တိုးတက်လာပုံ

သီဟိုဠ်ကျွန်းသို့ သာသနာတော်ရောက်စ အချိန်တွင် "ဝိနည်းသည် သာသနာတော်၏အသက် ဖြစ်၏၊ ဝိနည်းတည်မှသာ သာသနာတည်မည်"ဟူသော ခံယူချက်ဖြင့် သီဟိုဠ်ကျွန်းသား ရဟန်း တို့သည် ဝိနည်းကို ဦးစားပေး၍ သင်ကြားပို့ချခဲ့ကြသည်၊ ခိုင်မြဲစွာ သာသနာအခြေစိုက်မိပြီဖြစ်၍ သာသနာတည်တံ့ရေးအတွက် စိတ်အေးရသောအခါတွင်မူ နက်နဲသိမ်မွေ့သော အဘိဓမ္မာတရား ဘက်သို့ ဦးလှည့်လာကြပြန်သည်၊ သို့အားဖြင့် သာသနာနှစ် ၅၀၀ - ကျော်လောက်မှစ၍ သီဟိုဠ် ကျွန်း၌ အဘိဓမ္မာလေ့လာလိုက်စားမှု တိုးတက်ခေတ်စားလာပြီးလျှင် အဘိဓမ္မာကျမ်းပြုပုဂ္ဂိုလ် ကျော်များ တပါးပြီးတပါး ပေါ်ထွက်လာသည်ကို တွေ့ရပေသည်။

## အရှင်မဟာဗုဒ္ဓဃောသ

သီဟိုဠ်ကျွန်း၌ ပဌမဦးဆုံး အဘိဓမ္မာကျမ်းများကို ပြုစုခဲ့သည့်ပုဂ္ဂိုလ်ကား သာသနာနှစ် ၉၃၀-ခန့်တွင် ထွန်းပေါ်ခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသပင်ဖြစ်သည်၊ ထိုအရှင်သည် "ဗုဒ္ဓမတညု" အဋ္ဌကထာကျမ်းပြု ပုဂ္ဂိုလ်တဦးအဖြစ်ဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာသမိုင်းတွင် နေ့လအသွင် ထင်ရှားခဲ့ပေသည်၊ အရှင်မဟာဗုဒ္ဓဃောသ ရေးသားစီရင်ခဲ့သည့် အဘိဓမ္မာကျမ်းတို့ကား—

(၁) အဋ္ဌသာလိနီ အဋ္ဌကထာ(ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်)

(၂) သမ္မောဟဝိနောဒနီ အဋ္ဌကထာ(ဝိဘင်းပါဠိတော်၏အဖွင့်)

(၃) ပဉ္စပကရဏ အဋ္ဌကထာ (ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ပါဠိတော်များ၏အဖွင့်)

ဟူ၍ အဘိဓမ္မာပါဠိတော်ခုနစ်ကျမ်းတို့၏အဖွင့် အဋ္ဌကထာကြီး သုံးစောင်တို့ဖြစ်ပေသည်၊ ထို့ပြင် ရှင်မဟာဗုဒ္ဓဃောသပင် စီရင်သည့် ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်း နက်နဲခက်ခဲသည့် အဘိဓမ္မာသဘော တရားဆိုင်ရာ အချက်အလက်များကို အတော်ပင် ပြည့်ဝစုံလင်စွာ ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသည်၊ ဤသို့ ရှင်ဗုဒ္ဓဃောသ၏ အဘိဓမ္မာကျမ်းများကို ရေးသားပြုစုနိုင်ခြင်းသည်လည်း စင်စစ်အားဖြင့် ထိုခေတ်မတိုင်မီကပင် အဘိဓမ္မာကို သင်ကြားပို့ချခဲ့ကြသည့် ဆရာစဉ်ဆက်တို့ထံမှ နည်းနိဿယ, ဝိနိစ္ဆယအမျိုးမျိုးကို ဆက်ခံရရှိခြင်းကြောင့်သာ ဖြစ်သည်၊ အဋ္ဌသာလိနီအဋ္ဌကထာကို

http://www.dhammadownload.com



လေ့လာဖတ်ရှုကြည့်ပါက ရှင်ဗုဒ္ဓဃောသတို့ခေတ် မတိုင်မီကပင် အဘိဓမ္မာအရာတွင် ထူးချွန်စွာ ကျမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်ကြီးများ အမြောက်အမြား ထွန်းကားပေါ်ထွက်ခဲ့ကြောင်း တွေ့ရှိရပေလိမ့်မည်၊ ရှင်ဗုဒ္ဓဃောသကိုယ်တိုင်ပင်—

(၁) တိပိဋကစူဠနာဂ မထေရ်

(၂) မောရဝါပီဝါသီ မဟာဒတ္တ မထေရ်

(၃) တိပိဋက မဟာဓမ္မရက္ခိတ မထေရ်

(၄) တိပိဋက စူဠာဘယ မထေရ်

စသော ထိုထို အဘိဓမ္မာဆောင် မထေရ်မြတ်တို့၏ အဆိုအမိန့် အယူအဆများကို မကြာမကြာ ကိုးကားညွှန်းနိုင်း၍ ပြဆိုထားပေသည်။

## အရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာကျမ်းများ

ရှင်မဟာဗုဒ္ဓဃောသနှင့် တခေတ်တည်းမှာပင် ပေါ်ပေါက်ခဲ့သည့် အခြားအဘိဓမ္မာကျမ်းပြု ပုဂ္ဂိုလ်တဦးကား ရှင်ဗုဒ္ဓဒတ္တဖြစ်သည်၊ ထိုအရှင်သည် နက်နဲကျယ်ဝန်းသော အဘိဓမ္မာပိဋကဉ် စာသင်သားများ အလွယ်တကူ သက်ဝင်ကျက်စားနိုင်စေရန် ရည်သန်လျက် '**အဘိဓမ္မာဝတာရ**' ခေါ် အဘိဓမ္မာ အခြေပြုကျမ်းတစောင်ကို ပြုစုခဲ့သည်၊ ထို့ပြင် အဘိဓမ္မာနည်း၏ အခြေခံဖြစ်သော ပရမတ္ထတရားတို့ကို ရုပ်တရား နာမ်တရားဟူ၍နှစ်ပိုင်းခွဲခြားကာ အကျဉ်းချုပ်ဖော်ပြသည့် "ရူပါရူပဝိဘာဂ" ခေါ် ကျမ်းငယ်တစောင်ကိုလည်း ရှင်ဗုဒ္ဓဒတ္တပင် ပြုစုခဲ့သည်၊ အဆိုပါ အဘိဓမ္မာဝတာရနှင့် ရူပါရူပဝိဘာဂကျမ်းတို့ကို ရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာကြီးများလောက် မကျယ်ဝန်းသော ကြောင့် လက်သန်းအဋ္ဌကထာများဟု ခေါ်တွင်ခဲ့ကြသည်။

ထိုကျမ်းများကို မှီငြမ်းပြုကာ အသျှင်အနုရုဒ္ဓါစသည့် နောက်ခေတ် ပုဂ္ဂိုလ်များကလည်း **အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်)** စသော လက်သန်းအဋ္ဌကထာတို့ကို ရေးသားခဲ့ကြသည်၊ ထို့ကြောင့် **အဘိဓမ္မာအခြေပြု** ကျမ်းများကို လက်ဦးဆုံး တီထွင် ပြုစုပေးခဲ့သည့် ပုဂ္ဂိုလ်တဦးအဖြစ်ဖြင့် **ရှင်ဗုဒ္ဓဒတ္တကို** အထူးမှတ်တမ်း တင်ထိုက်ပေသည်။

## ရှင်အာနန္ဒာ၏ အဘိဓမ္မာမူလဋီကာများ

သာသနာတော်နှစ် ၁၂-ရာစုလောက်မှစ၍ သီဟိုဠ်၌ အဘိဓမ္မာဋီကာများ စတင်ပေါ်ထွန်း လာသည်ကို တွေ့ရသည်၊ ထိုခေတ်၌ ရှင်အာနန္ဒာမထေရ်မြတ်သည် အဘိဓမ္မာအဋ္ဌကထာကြီး သုံးကျမ်းတို့၏ **အဖွင့်ဋီကာ** အသီးသီးတို့ကို ရေးသားစီရင်တော်မူသည်၊ ထိုဋီကာများကို ပါဠိ ဋီကာကျမ်းအားလုံးတို့အနက် ရှေးအကျဆုံးဖြစ်သောကြောင့် မူလဋီကာဟု ခေါ်တွင်ခဲ့ကြသည်၊ မူလဋီကာဆရာ ရှင်အာနန္ဒာကား အရေးအသား ကျစ်လစ် သိပ်သည်းလှသည့်ပြင် အဘိဓမ္မာ သဘောတရားရေးရာများနှင့် ပတ်သက်၍လည်း လွန်စွာပြတ်သားတိကျသော အယူအဆရှိသည့် ပုဂ္ဂိုလ်တဦးဖြစ်သည်၊ မူလဋီကာ၌ အချို့သော အဘိဓမ္မာပြဿနာများတွင် အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဃောသ၏ အယူအဆများကိုပင် ရဲဝံ့စွာ ဝေဖန်စိစစ်ထားသည်ကို တွေ့ရသည်၊ ဤသို့ ပြောင်မြောက်ပြတ်သားသော အယူအဆနှင့် ပိုင်နိုင်ကျစ်လစ်သော အရေးအသားတို့ကြောင့်

http://www.dhammadownload.com



ပင်လျှင် မူလဋီကာသည် အဘိဓမ္မာပညာရှင်တို့အများဆုံး လေးစားခြင်းခံရသည့် ဋီကာကျမ်းတဆူ အဖြစ်ဖြင့် ယနေ့အထိ ထင်ရှားလျက် ရှိပေသည်။

## အနုဋီကာဆရာ ရှင်ဓမ္မပါလ

ရှင်အာနန္ဒာနောက် ဆက်၍ပေါ် ပေါက်လာသည့် ဋီကာဆရာတဦးကား ရှင်ဓမ္မပါလဖြစ်သည်၊ ၎င်းရှင်ဓမ္မပါလသည် အဘိဓမ္မာမူလဋီကာတို့ကို ထပ်ဆင့်ဖွင့်ပြသည့် အနုဋီကာကျမ်းများကို ပြုစုစီရင်ခဲ့သည်၊ အနုဋီကာသည်လည်း မူလဋီကာကဲ့သို့ပင် အရေးအသားစေ့စပ်၍ အနက်သဘော နက်ရှိုင်းသိမ်မွေ့သည်သာ ဖြစ်၏၊ အဋ္ဌကထာဆရာနှင့် မူလဋီကာဆရာတို့ အယူအဆဝါဒ ကွဲပြားသည့် အချက်များတွင်ကား ရှင်ဓမ္မပါလက အဋ္ဌကထာဘက်မှ လိုက်၍ ဖြေရှင်းချက်များ ပေးခဲ့လေသည်၊ ထိုအရှင်ပင် ရေးသားသည့် 'ဝိသုဒ္ဓိမဂ်မဟာဋီကာ' တွင်လည်း အဘိဓမ္မာသဘော နှင့်ဆိုင်သည့် ဖွင့်ဆိုရှင်းလင်းချက် များစွာပါဝင်လေသည်၊ သစ္စသံခိပ်ခေါ် အဘိဓမ္မာလက်သန်း အဋ္ဌကထာတစောင်ကိုလည်း အသျှင်ဓမ္မပါလပင် ပြုစုခဲ့သည်ဟု ယူဆကြသည်

## အသျှင်အနုရုဒ္ဓါ၏ အဘိဓမ္မာ လက်သန်းအဋ္ဌကထာများ

သာသနာတော်နှစ် ၁၅-ရာစုလောက်တွင် သီဟိုဠ်ကျွန်း၌ ရှင်အနုရုဒ္ဓမည်သော ပုဂ္ဂိုလ်တပါး ထွန်းပေါ် ခဲ့သည်၊ ထိုပုဂ္ဂိုလ်သည်—

၁။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ

၂။ ပရမတ္ထဝိနိစ္ဆယပါဠိ

၃။ နာမရူပပရိစ္ဆေဒပါဠိ

ဟူ၍ အဘိဓမ္မာလက်သန်း အဋ္ဌကထာသုံးစောင်ကို ပြုစုတော်မူခဲ့သည်။

ယင်းသုံးစောင်တို့တွင် သင်္ဂြိုဟ် ခေါ် အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းသည် ခေတ် အဆက်ဆက်မှစ၍ အဘိဓမ္မာစာသင်သားတိုင်း မလွတ်တမ်း လက်ကိုင်ထားရသည့် ကျမ်းငယ်တဆူအဖြစ် ထင်ရှားခဲ့ သည်၊ ဤသို့ သင်္ဂြိုဟ်ကျမ်း ခေတ်စားတွင်ကျယ်ခဲ့ခြင်းမှာလည်း စာသားတိုတို ကျဉ်းကျဉ်းနှင့် အဘိဓမ္မာပိဋကတ် တခုလုံး၏ အနက်သဘောကို ခြုံမိ ငုံမိအောင် အစီအစဉ်တကျ ရှင်းလင်းတိကျ စွာ ရေးသားနိုင်သော ရှင်အနုရုဒ္ဓါ၏ ဉာဏ်စွမ်းကြောင့်ပင် ဖြစ်ပေသည်၊ ပရမတ္ထဝိနိစ္ဆယကျမ်း သည်လည်း ဝိနိစ္ဆယ အဆုံးအဖြတ်များ စုံလင်သဖြင့် အဘိဓမ္မာစာပေလောက၌ ထင်ရှားသော ကျမ်းတစောင် ဖြစ်ပေသည်။

## အဘိဓမ္မာ လက်သန်းဋီကာများ

ရှင်အနုရုဒ္ဓါ၏ သင်္ဂြိုဟ်ကျမ်း ထွက်ပေါ် လာပြီးနောက် ထိုသင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သည့် လက် သန်းဋီကာများ ပေါ် လာကြပြန်သည်၊ ၎င်းတို့အနက်—

(၁) ရှင်(နဝ) ဝိမလ၏ အဘိဓမ္မတ္ထသင်္ဂဟ ဋီကာဟောင်းနှင့်

(၂) ရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်ခေါ် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာတို့သည် အထင်ရှားဆုံး ဖြစ်ပေသည်။

http://www.dhammadownload.com



အဆိုပါ ရှင်သုမင်္ဂလသာမိသည်ပင် **အဘိဓမ္မတ္ထဝိဘာဝနီ** ခေါ် အဘိဓမ္မာဝတာရဋီကာသစ်နှင့် **သစ္စသံခိပ်ဋီကာသစ်** တို့ကိုလည်း ပြုစုခဲ့ကြောင်း သိရှိရပေသည်၊ ရှင်သုမင်္ဂလသာမိသည် ဋီကာကျော်ကို ရေးသားပြုစုရာ၌ မိမိဆရာ ရှင်သာရိပုတ္တရာရေးသားခဲ့သည် သီဟိုဠ်ဘာသာ သင်္ဂြိုဟ်နိသျ (ဗျာချာန်) ကို များစွာမှီငြမ်းပြုထားသည်ကို တွေ့ရကြောင်း အဆိုရှိလေသည်၊ သို့ဖြစ်ရကား အထက်၌ ဖော်ပြခဲ့ပြီးသော ပါဠိဘာသာရေး အဘိဓမ္မာကျမ်းများအပြင် သီဟိုဠ်ဘာသာဖြင့် ရေးသည့်နိသျ အဖွင့်ဂဏ္ဌိကျမ်းများလည်း အများအပြား ရှိခဲ့မည်မှာ မလွဲပေ၊ ထို့ပြင်လည်း သာသနာတော်နှစ် ၁၈-ရာစု အချိန်အထိ သီဟိုဠ်ကျွန်းမှ ထွက်ပေါ်ခဲ့သည့် အခြားအဘိဓမ္မာကျမ်းများ ရှိပေသေးသည်၊ ပိဋကသမိုင်း စာတမ်းတွင် ဖော်ပြထားသည့် ၎င်းကျမ်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ခေမာပကရဏပါဠ် (ရှင်ခေမာ)
၂။ မောဟဝိစ္ဆေဒနီပါဠ် (ရှင်ကဿပ)
၃။ ပရမတ္ထဝိနိစ္ဆယဋီကာဟောင်းပါဠ် (ရှင်မဟာဗောဓိ)
၄။ ပရမတ္ထဝိနိစ္ဆယဋီကာသစ်ပါဠ် (အမည်မသိ)
၅။ နာမရူပပရိစ္ဆေဒဋီကာဟောင်းပါဠ် (ရှင်ဝါစိဿရ)
၆။ နာမရူပပရိစ္ဆေဒဋီကာသစ်ပါဠ် (အမည်မသိ)
၇။ အဘိဓမ္မာဝတာရဋီကာဟောင်းပါဠ် (ရှင်ဝါစိဿရ)
၈။ ရူပါရူပဝိဘာဂဋီကာပါဠ် (အမည်မသိ)
၉။ ခေမာဋီကာပါဠ် (ရှင်မဟာဗောဓိ)
၁၀။ မောဟဝိစ္ဆေဒနီဋီကာပါဠ် (ရှင်ကဿပ)
၁၁။ သစ္စသံခိပ်ဋီကာဟောင်းပါဠ် (ရှင်ဝါစိဿရ)

## မြန်မာနိုင်ငံသို့ အဘိဓမ္မာ ရောက်ရှိလာပုံ

အဘိဓမ္မာပိဋကသည် မြန်မာနိုင်ငံသို့ မည်သည့်အချိန်က စတင်ရောက်ရှိခဲ့ကြောင်းကို ခုနှစ်သက္ကရာဇ် အတိအကျ မပြောနိုင်ချေ၊ သို့သော်လည်း သထုံပြည် မနူဟာမင်း (အေဒီ ၁၁-ရာစု) လက်ထက်၌ ပိဋကသုံးပုံနှင့် ပိဋကတတ်ကျမ်းသော ရဟန်းတော်များ ရှိနေပြီဖြစ်ကြောင်းမှာ မှုရာဇဝင်အဆိုအားဖြင့် ထင်ရှားပေသည်၊ ထို့ကြောင့် ထိုခေတ် သထုံပြည်သားတို့သည်လည်း အဘိဓမ္မာကို အနည်းနှင့်အများ လိုက်စားလေ့လာခဲ့ကြမည်မှာ ယုံမှားဖွယ်မရှိပေ။

ထို့ပြင် တတိယ သံဂါယနာ အပြီးတွင် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်မှ ရှင်သောဏနှင့် ရှင်ဥတ္တရတို့သည် သုဝဏ္ဏဘူမိသို့ သာသနာပြုကြွတော်မူခဲ့ကြသည်၊ သုဝဏ္ဏဘူမိဟူသည် သထုံနယ်ပင်ဖြစ်ကြောင်း ပညာရှင်အများ ယုံကြည်ယူဆကြသည်၊ သို့ဖြစ်ရကား ထိုအချိန်ကလည်း သထုံပြည်သားတို့သည် အဘိဓမ္မာတရားကို နာကြားခွင့် ရရှိခဲ့လိမ့်မည်ဟု ထင်မြင်ယူဆရပေသည်၊ သို့ပင်ဖြစ်စေကာမူ ရှင်သောဏနှင့် ရှင်ဥတ္တရတို့၏ သာသနာဆက်သည် သုဝဏ္ဏဘူမိ၌ မည်မျှကြာအောင် တည်တံ့ခဲ့ကြောင်း မှတ်တမ်းအခိုင်အမာ မရှိချေ၊ ပိဋကတော်များသည်လည်း ထိုခေတ်က ပေထက်အက္ခရာတင် စာအုပ်များအဖြစ်သို့ မရောက်ရှိသေးခဲ့၊ ထို့ကြောင့် နောက်ပိုင်းခေတ်

http://www.dhammadownload.com



တွင်မှ အဋ္ဌကထာနှင့်တကွ အဘိဓမ္မာပိဋကတ်တော်များသည် သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံ သထုံပြည်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

## အဘိဓမ္မာပိဋက ပုဂံသို့ ရောက်ရှိခြင်း

ပုဂံပြည်ရှင် ဘုရင်အနော်ရထာသည် မြန်မာသကရာဇ် ၄၁၉၊ သာသနာတော်နှစ် ၁၆၀၁-တွင် သထုံပြည်မှ ပိဋကတ်တော်များကို ပင့်ဆောင်စေခဲ့သည်၊ ထိုအချိန်မှစ၍ ပုဂံပြည်၌ ထေရဝါဒ သာသနာတော် စည်ကားပြန့်ပွါးလျက် ရဟန်း ရှင်လူ အများတို့သည်လည်း ပိဋကစာပေကို လေ့လာသင်ကြားခဲ့ကြသည်။

သကရာဇ် ၅၃၅-ခု နရပတိစည်သူမင်းလက်ထက် သီဟိုဠ်မှ စာပေသင်ယူ၍ ပြန်ကြွလာသော ရှင်ဆပဒကို အကြောင်းပြု၍ သီဟိုဠ်သာသနာ၏ အရှိန်အဝါသည်လည်း ပုဂံသို့ တိုက်ရိုက်ဝင်ရောက်လာခဲ့လေသည်၊ ထို့ကြောင့် သီဟိုဠ်ကျွန်းဖြစ် အဘိဓမ္မာကျမ်းများသည်လည်း ထိုအချိန်မှ အစပြု၍ ပုဂံသို့ ရောက်ခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ယူဆရပေသည်၊ ထိုအရှင်ဆပဒ ကိုယ်တိုင်ပင် (၁) **သင်္ခေပဝဏ္ဏနာ** ခေါ် သင်္ဂြိုဟ်ဋီကာကျမ်းနှင့် (၂) **နာမစာရဒီပက** ခေါ် အဘိဓမ္မာ လက်သန်းကျမ်းများကို ပြုစုခဲ့ကြောင်း ပိဋကတ်သမိုင်းတွင် ဖော်ပြထား၏၊ သို့သော်လည်း သင်္ခေပဝဏ္ဏနာဋီကာနိဂုံး၌ သာသနာနှစ် ၁၉၉၀-တွင် ချင်ဆပဒ သီဟိုဠ်သို့ ကြွကြောင်း ဖော်ပြပါရှိသည်၊ ထို့ကြောင့် ၎င်းကျမ်းနှစ်စောင်ကို ပြုစုသည့်ပုဂ္ဂိုလ်မှာ ပဥ္စမဆပဒမဟုတ်ဘဲ အင်းဝဘုရင် ထူပါရုံဒါယကာ နရပတိကြီးလက်ထက်တွင် ပေါ်ပေါက်သည့် ဆပဒ အဆက်အနွယ်ဝင်တပါးသာ ဖြစ်လိမ့်မည်ဟု ယူဆဖွယ် ရှိပေသည်။

**နာမစာရဒီပက** မှာ ကျယ်ဝန်းနက်နဲသော ပဋ္ဌာန်းနည်း၌ စာသင်သားများ အလွယ်တကူ သက်ဝင်ကျက်စား စေနိုင်ရန် ရည်သန်လျက် စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ္ထတရား သုံးပါးနှင့် ပဋ္ဌာန်း ၂၄-ပစ္စည်းတို့၏သဘောသရုပ်ကို အကျဉ်းချုပ် ဖော်ပြထားသော ကျမ်းဖြစ်သည်။

## ကျစွာမင်း၏ ပရမတ္ထဗိန္ဒုကျမ်း

အထက်ပါ သင်္ခေပဝဏ္ဏနာဋီကာနှင့် နာမစာရဒီပက တို့မှ တပါး ပုဂံခေတ်တွင် ပြုစုသည့် အဘိဓမ္မာကျမ်းဟူ၍ သကရာဇ် ၅၉၆-ခုနှစ် နန်းတက်သော ကျစွာမင်း၏ ပရမတ္ထဗိန္ဒုကျမ်း တစောင်သာ တွေ့ရသည်၊ စင်စစ်အားဖြင့် ပရမတ္ထဗိန္ဒုမှာ ကျမ်းတစောင်ဟု ဆိုရသော်လည်း နန်းတွင်းသူ နန်းတွင်းသားများ သင်္ဂြိုဟ်ကိုလေ့လာရာတွင် အထောက်အကူ ရစေရန် စီကုံးရေးသားပေးသည့် ဘုံပုဂ္ဂိုလ်စိတ်ရ အကျဉ်းချုပ် ဆောင်ပုဒ်ဂါထာကလေးများသာ ဖြစ်ပေသည်၊ သို့ဖြစ်သော်လည်း ထိုကျမ်းငယ်ကလေးကပင်လျှင် ပုဂံခေတ်၌ သင်္ဂြိုဟ်ကျမ်းကို အခြေခံထားလျက် အဘိဓမ္မာကို ကျကျနန လေ့လာနေပြီဖြစ်ကြောင်း ထင်ရှားစွာဖော်ပြပေသည်၊ မည်သို့ပင်ဖြစ်စေ ပုဂံခေတ်တွင် ထေရဝါဒသာသနာ တိုးတက် စည်ကားခဲ့သလောက် နက်နဲသော အဘိဓမ္မာကျမ်းများစွာ ထွက်ပေါ်ခဲ့ခြင်း မရှိသည်ကိုမူ ဝန်ခံရပေမည်၊ ထိုသို့ဖြစ်ခြင်း၏ အကြောင်းကို ရှာသော် ထိုခေတ်တွင် ပါဠိပိဋကစာပေများ ရောက်စဖြစ်၍ ထိုစာပေ၏ အခြေခံဖြစ်သော သဒ္ဒါကျမ်းများကို အထူးအားစိုက်ကာ ပြုစုပျိုးထောင်နေရသောကြောင့် ဖြစ်ဟန်တူပေသည်၊ သဒ္ဒနီတိ စသည့် ထင်ရှားကျော်ကြားသော ပုဂံခေတ်ပေါ် သဒ္ဒါကျမ်းအမြောက်အမြားကို တွေ့ရှိရခြင်းသည်ကား ထိုအချက်ကို သက်သေခံလျက်ရှိပေသည်။

http://www.dhammadownload.com



ဤသို့ ပုဂံခေတ်ကပုဂ္ဂိုလ်များသည် အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်တို့ကို များစွာရေးသားပြုစုခဲ့ခြင်းမရှိသော်လည်း အဘိဓမ္မာစာပေကိုမူ ထက်သန်တက်ကြွသော လုံ့လဝီရိယဖြင့် သင်ကြားအားထုတ်ခဲ့ကြကြောင်း သိရှိရသည်၊ အချို့သော သာသနာဝင်မှတ်တမ်းများအရ ထိုခေတ်ကသားသည် မိခင်များပင်လျှင် ပဋ္ဌာန်းကုသလတိက်ပါဠိကို နှုတ်တက်အာဂုံ ပြန်ဆိုနိုင်ကြောင်း အဆိုရှိ၏၊ ပုဂံကျောက်စာတခုတွင် အမတ်ကြီးတယောက်၏အရည်အချင်းကို "ပိဋကတ်သုံးပုံလည်း တတ်စွာထသော"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏၊ ထိုအချက်ကိုထောက်လျှင် ထိုခေတ်က ရဟန်းတော်များသာမက လူသုခမိန်များလည်း အဘိဓမ္မာကို တတ်ကျွမ်းခဲ့ကြောင်း ထင်ရှားပေသည်၊ ထို့ပြင် အခြားကျောက်စာတခု၌ အချို့ဒါယကာများသည် ဗုဒ္ဓဝါဒ၏ အဆီအနှစ်ဖြစ်သည်ဟု ယူဆကာ. အဘိဓမ္မာပေစာအုပ်များကို အမွှန်အမြတ် ပူဇော် လှူဒါန်းလေ့ရှိကြောင်း ပါရှိသည်၊ ဤအချက်သည် ဗုဒ္ဓဘာသာ၌ အဘိဓမ္မာပိဋကာ၏ အရေးကြီးပုံကို ထိုခေတ်ကပုဂ္ဂိုလ်များ ကောင်းစွာ နားလည်သဘောပေါက်ကြောင်း ထင်ရှားစွာဖော်ပြလေသည်။

## ပင်းယခေတ် အဘိဓမ္မာကျမ်းများ

ပုဂံခေတ်လွန်ပြီးနောက် ပင်းယခေတ်တွင် ထင်ရှားသော အဘိဓမ္မာကျမ်းနှစ်စောင် ပေါ်ထွက်လာသည်ကို တွေ့ရ၏၊ ၎င်းတို့ကား သကရာဇ် (၇၁၂-၇၂၁) တွင် ပင်းယမြို့၌ နန်းစံသော ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သော မြစ်ငယ်တောင်ဘက် ပလိပ်ရွာအရှေ့ မြို့သစ်မြို့နေ ရှင်ဉာဏကိတ္တိမထေရ်စီရင်သည့်—

### အဋ္ဌသာလိနီယောဇနာပါဠိနှင့်

### သမ္မောဟဝိနောဒနီယောဇနာပါဠိ

တို့ဖြစ်ပေသည်၊ အဆိုပါ ရှင်ဉာဏကိတ္တိကား အဘိဓာန်ဋီကာ, လောကနီတိ စသော ကျမ်းများကို ရေးသားသဖြင့် သာသနာ့သမိုင်းတွင် ထင်ရှားသော စတုရင်္ဂဗလအမတ်ကြီးနှင့် ခေတ်ပြိုင်ဖြစ်သည်၊ ၎င်းအမတ်ကြီး စီကုံးရေးသား၍ ဆူးထွင်းပစ်ဆရာတော်၊ ဝါ-ပုဂံဆရာတော်ထံ တင်သွင်းသည့် အမေးပုစ္ဆာရတုတွင်—

> "မရဏာသန်၊ ဇောငါးတန်လျှင်၊ လွန်၍ခုနစ်၊ အဖြစ်သဘော၊ မဇောလေကောင်း၊ ဇောလေကောင်းတည့်"

ဟူ၍ မရဏာသန္နဇောသည် ငါးကြိမ်ထက်လွန်၍ ခုနစ်ကြိမ်စောကောင်း, မစောကောင်းကိုင်း၊

> "ဘုရားမြတ်မွန်၊ နိဗ္ဗာန်ယူနီး၊ မြေကြီးမိုးပြင်၊ ကောင်းကင်နှံ့သိ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်၌၊ ဘယ်လျှင်အာရုံ၊ ပြုတုံသနည်း"

ဟူ၍ မြတ်စွာဘုရား၏ စုတိစိတ်တော်သည် မည်သည့်အာရုံကို အာရုံပြုကြောင်းကိုင်း မေးမြန်းထားလေသည်၊ ဤရတုပါ ပြဿနာများကို ထောက်ချင့်ခြင်းအားဖြင့် ပင်းယခေတ်ပုဂ္ဂိုလ်တို့၏ အဘိဓမ္မာဉာဏ် အဆင့်အတန်းကို ခန့်မှန်းနိုင်မည် ဖြစ်ပေသတည်း။

## အင်းဝခေတ် အဘိဓမ္မာကျမ်းများ

ပုဂံပြည် အနော်ရထာမင်းလက်ထက်မှစ၍ မြန်မာနိုင်ငံ၌ ဗိဇပျိုးခဲ့သော အဘိဓမ္မာစာပေသည် အင်းဝခေတ်သို့ ရောက်သောအခါလည်း အရှိန်မပျက် ဆက်လက်၍ ရှင်သန်တိုးတက်ခဲ့

http://www.dhammadownload.com



လေသည်၊ သာသနာနှစ် ၁၉၈၆-ခု(=ကောဇာ ၈၀၄)၌ ရေးထိုးခဲ့သော ကျောက်စာတခု၌ ထိုခေတ်က သင်ရိုးပြုသည့် အဘိဓမ္မာကျမ်းများစာရင်းကို တွေ့ရှိရ၏။ ထိုစာရင်း၌—

၁။ အဘိဓမ္မာပါဠိတော် ၇-ကျမ်း
၂။ အဘိဓမ္မာအဋ္ဌကထာကြီး ၃-ကျမ်း
၃။ ။ မူလဋီကာ
၄။ ။ အနုဋီကာ
၅။ အဘိဓမ္မတ္ထသင်္ဂဟပါဌ်(သင်္ဂြိုဟ်)
၆။ သင်္ဂြိုဟ်ဋီကာဟောင်းပါဌ်
၇။ သင်္ဂြိုဟ်ဋီကာသစ်ပါဌ်
၈။ နာမရူပပရိစ္ဆေဒဋီကာသစ်ပါဌ်
၉။ ပရမတ္ထဝိနိစ္ဆယဋီကာသစ်ပါဌ်
၁၀။ မောဟဝိစ္ဆေဒနီပါဌ်

စသော အဘိဓမ္မာကျမ်းအမည်များ ပါရှိလေသည်၊ ဤစာရင်းကို ကြည့်ခြင်းအားဖြင့် ထိုခေတ် အဘိဓမ္မာသင်ရိုးကျမ်းတို့မှာ ယခုခေတ်လောက်နီးပါး ပြည့်စုံလျက် ရှိပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

**မြန်မာပြန်နိဿယများ။** ။၎င်းပြင် ကထာဝတ္ထုနိဿယ, အဋ္ဌသာလိနီနိဿယတို့ကိုလည်း ထိုစာရင်း၌ တွေ့ရှိရသဖြင့် ခက်ခဲသော အဘိဓမ္မာကျမ်းအချို့၏ မြန်မာပြန်နိဿယများပင် ထိုခေတ်တွင် ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရှိရပြန်သည်။

ဤသို့ဖြင့် အင်းဝခေတ်ဦး၌ အဘိဓမ္မာကို အရှိန်မပျက် လေ့လာအားထုတ်ခဲ့ကြရာ သက္ကရာဇ် ၁၀၀-ကျော်လောက်တွင် ကိုယ်တိုင် အဘိဓမ္မာကျမ်းပြုနိုင်သည့်ပုဂ္ဂိုလ်များ အင်းဝမှ ထွက်ပေါ် လာလေသည်၊ ထိုပုဂ္ဂိုလ်တို့တွင် ထူပါရုံဒါယကာ နရပတိကြီး(၈၀၄-၈၃၀)လက်ထက် ကျမ်းတတ် ပုဂ္ဂိုလ်ကျော်တပါးအဖြစ် ထင်ရှားသော ရှင်အရိယဝံသသည်—

(၁) **အဋ္ဌသာလိနီအဋ္ဌကထာ၏ အဖွင့် မဏိဒီပဋီကာပါဌ်နှင့်**
(၂) ဋီကာကျော်၏အဖွင့် **မဏိသာရမဉ္ဇူသာဋီကာပါဌ်**တို့ကို ပြုစုရေးသားခဲ့သည်။

ထိုအရှင်သည်—

(၃) **အနုဋီကာနိဿယကိုလည်း** ပြုစုခဲ့ကြောင်းဖြင့် ပိဋကတ်သမိုင်းတွင် ပြဆိုထားသည်။

ထို့နောက် သက္ကရာဇ် ၉၁၂-၉၄၄-ခု အတွင်း နန်းစံသော ဟံသာဝတီဆင်ဖြူရှင်မင်းလက်ထက် မွန်တို့ဒေသဖြစ်သော ဟံသာဝတီပြည်မှလည်း အဘိဓမ္မာဋီကာသုံးစောင် ထွက်ပေါ်လာသည်ကို တွေ့ရ၏။ ၎င်းတို့ကား—

http://www.dhammadownload.com



၁။ မဓုဋီကာခေါ် မဓုသာရတ္ထဒီပနီ (မူလဋီကာ၏ အဖွင့်) ရှင်အာနန္ဒ။

၂။ ပဋ္ဌာနသာရဒီပနီဋီကာ၊ ရှင်သဒ္ဓမ္မာလင်္ကာရ။

၃။ အဖေဂ္ဂုသာရဒီပနီဋီကာ (ဋီကာကျော်၏ အဖွင့်) ရှင်မဟာသုဝဏ္ဏဒီပ

တို့ဖြစ်သည်။

ထိုဆင်ဖြူရှင်မင်းတရားလက်ထက်တွင် ဟံသာဝတီမှ အမည်မသိ ပုဂ္ဂိုလ်တပါးက သင်္ဂြိုဟ်နိသျ တစောင်ကိုလည်း ပြုစုခဲ့ကြောင်း ပိဋကတ်သမိုင်းတွင် ပြဆိုထားသည်။

တဖန် အနောက်ဖက်လွန် မင်းတရားကြီး (၉၆၇ - ၉၉၀) လက်ထက်တွင် အင်းဝမြို့တော်မှ ရှင်တိလောကဂုရု အမည်ရှိသော ပုဂ္ဂိုလ်သည်—

၁။ ဓာတုကထာဋီကာဝဏ္ဏနာပါဌ်

၂။ ယမကဝဏ္ဏနာဋီကာပါဌ်

၃။ ပဋ္ဌာနဝဏ္ဏနာဋီကာပါဌ်

ဟူ၍ အဘိဓမ္မာဋီကာသုံးစောင်ကို ပြုစုခဲ့ပြန်လေသည်။

**"ကျော်"လေးပါးဝင် တောင်ဘီလာဆရာတော်၏ အဘိဓမ္မာ အရကောက်ကျမ်းများ**

မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ ဆရာစဉ်ဆက် ပြောဆိုမှတ်သားခဲ့သော ကျမ်းတတ် ပုဂ္ဂိုလ် ကျော် လေးပါးရှိ၏၊ ၎င်းတို့ကား—

၁။ သဒ္ဒနီတိဆရာတော် ရှင်အဂ္ဂဝံသ (ပုဂံ)

၂။ မဏိမဥ္ဇူဆရာတော် ရှင်အရိယဝံသ (စစ်ကိုင်း)

၃။ ဆရာတော် ဝရာဘိသံဃနာထ (အင်းဝ)

၄။ တောင်ဘီလာဆရာတော် ရှင်မုနိန္ဒဃောသ (အင်းဝ)

တို့ ဖြစ်ကြသည်၊ ဤကျော်လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော တောင်ဘီလာ ဆရာတော် ရှင်မုနိန္ဒဃောသကား သာလွန်မင်းတရားကြီး (၉၉၁-၁၀၁၀) လက်ထက်တွင် ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။ ထိုဆရာတော်သည်—

၁။ မာတိကာ **အရကောက်ကျမ်း**

၂။ ဓာတုကထာ **အရကောက်ကျမ်း**

၃။ ယမိုက် အရကောက်ကျမ်း

၄။ ပဋ္ဌာန်း အရကောက်ကျမ်း

ဟူ၍ အဘိဓမ္မာ အရကောက်ကျမ်း လေးစောင်ကို ရေးသားပြုစုခဲ့သည်။

**အရကောက်ဟူသည်** အဘိဓမ္မာပါဠိတော်များ၏ သဘော, သရုပ်, အဓိပ္ပါယ်တို့ကို လက်ဖြင့် ကောက်ယူ၍ ပြဘိသကဲ့သို့ မိမိရရ ကွက်ကွက် ကွင်းကွင်း ရှင်းလင်းပြတ်သားစွာ သဘောပေါက် နားလည်စေရန် မြန်မာဘာသာဖြင့် စီစဉ်ရေးသားသော ကျမ်းဖြစ်၏၊ ထိုကျမ်းများကို မှီငြမ်းပြု၍

http://www.dhammadownload.com



အဘိဓမ္မာအရကောက်နည်းများကို ဆရာနှင့်တပည့် နှစ်ဦးလုံး စာအုပ်မကိုင်ဘဲ ညအချိန်၌ သဘောပေါက်အောင် ဆွေးနွေး ပြောပြခြင်းဖြင့် သင်ကြား ပို့ချခဲ့ကြသည်၊ ယင်းသို့ သင်ကြားပို့ချခြင်းကိုလည်း "ညဝါ"ဟု ခေါ်တွင်ခဲ့ကြသည်၊ ထိုနည်းသည် စာသင်သားတို့အား အဘိဓမ္မာဉာဏ် ရင့်သန်ခိုင်မာစေလျက် ဗုဒ္ဓတရားတော်၏ အနက် အဓိပ္ပါယ်ကို တိကျ နက်နဲစွာ သိမြင် နားလည်ရန် အထောက်အကူ ပြုခဲ့လေသည်၊ ထို့ကြောင့် အခြားသော ထေရဝါဒနိုင်ငံများ၌ မရှိသော ဤအဘိဓမ္မာ အရကောက်နည်းများကို အစဆုံး တီထွင်ပြုစုခဲ့သည့် တောင်ဘီလာ ဆရာတော်ကို အဘိဓမ္မာစာပေ၏ ရှေ့ဆောင် ပုဂ္ဂိုလ်ကြီးတပါးအဖြစ်ဖြင့် အထူး မှတ်တမ်းတင်ထိုက်ပေသည်။

ထိုဆရာတော်သည် (၁) အင်္ဂုတ္တိုလ်နီပဏာမဂါထာများ၏အဖွင့်ဖြစ်သော ဝိသတိဝဏ္ဏနာပါဠ်နှင့် (၂) သင်္ဂြိုဟ်နိဿျတစောင်ကိုလည်း ရေးသားခဲ့ကြောင်း သိရှိရသည်။

အင်းဝခေတ်နောက်ပိုင်းတွင် တောင်ဘီလာဆရာတော်မှတပါး အခြားသော အဘိဓမ္မာကျမ်းပြု ပုဂ္ဂိုလ်ကြီးများလည်း ထွက်ပေါ်ခဲ့ကြသည်၊ ထိုပုဂ္ဂိုလ်များနှင့် ၎င်းတို့ ပြုစုခဲ့သည့် ကျမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရှင်အဂ္ဂဓမ္မာလင်္ကာရ (နန်းကျောင်းဆရာတော်)
- (၁) မူလဋီကာနိဿျ
- (၂) အဘိဓမ္မာအရကောက်များ

၂။ ရှင်အနန္တဓဇ (တောင်ဘီလူးဆရာတော်)
- (၁) သင်္ဂြိုဟ်နိဿျ
- (၂) အဘိဓမ္မာအရကောက်များ

၃။ ရှင်အရိယာလင်္ကာရ (နေရင်းဆရာတော်)
- (၁) အင်္ဂုတ္တိုလ်နိဿျ (ဟောင်း)
- (၂) သမ္မောဟဝိနောဒနီနိဿျ
- (၃) သခေပဝဏ္ဏနာဋီကာနိဿျ
- (၄) သင်္ဂြိုဟ်ကျမ်းရှိုးကြီး
- (၅) ဋီကာကျော်နိဿျ

၄။ ရှင်ဉာဏဝရ (၁၀၆၇-၁၁၁၅) ပဍမကျော်အောင်စံထားဆရာတော်
- (၁) အင်္ဂုတ္တိုလ်ဂဏ္ဌိ (ဟောင်း)
- (၂) သင်္ဂြိုဟ်ဂဏ္ဌိ

၅။ ရှင်သာရဒဿီ-ပုဗ္ဗာရုံဆရာတော်
- (၁) ဓာတုကထာယောဇနာပါဠ်

၆။ ရှင်အရိယာလင်္ကာရ-ဒက္ခိဏာဝန်ဆရာတော်
- (၁) သင်္ဂြိုဟ်နိဿျ

http://www.dhammadownload.com



## အဘိဓမ္မာဝတာရဋ္ဌကထာ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသ၏ မိန့်ဆိုတော်မူချက်

အရကောက်ကျမ်းများ၏ အကျိုးကျေးဇူးကို အဘိဓမ္မာဝတာရဋ္ဌကထာ မစိုးရိမ်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မိန့်ဆိုတော်မူသည်။

"ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ အရကောက်ကျမ်းများ ထင်ထင်ရှားရှား ရှိနေသောကြောင့်သာလျှင် အဘိဓမ္မာ သာသနာတော်ကြီးမှာ မတိမ်မမြုပ် မကွယ်မပျောက်ဘဲ ယနေ့တိုင် အောင်ပင် တိုးပွါးတည်တံ့၍နေလေပြီ၊ မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းများ မရှိကြသော အခြားထေရဝါဒ သီဟိုဠ်၊ ယိုးဒယား (ထိုင်း)နိုင်ငံများ၌ အဘိဓမ္မာ သာသနာတော်ကြီးသည် တည်တံ့သင့်သလောက် မတည်တံ့နိုင် ထွန်းတောက်သင့်သလောက် မထွန်းတောက်နိုင် ရှိနေကြရသည်၊ ဤအချက်မှာ စင်စစ်အားဖြင့် အဘိဓမ္မာ သာသနာတော်ကြီးအတွက် ဝမ်းနည်းစရာအချက်ပင် ဖြစ်သည်၊ အထူးအားဖြင့် အဘိဓမ္မာကို ကြိုးစား၍ သင်ယူပို့ချကြရန် တိုက်တွန်းသည်၊ ပရိယတ္တိ သာသနာကွယ်ပျောက်ရာ၌ ရှေးဦးစွာ အဘိဓမ္မာသာသနာကွယ်ပျောက်မည်ဖြစ်သည်၊ ထို့ကြောင့် အဘိဓမ္မာကို လေ့လာကြသည့် ကလျာဏပုထုဇဉ် သူတော်ကောင်းတို့သည်လည်း မိမိတို့ဉာဏ်အား ရှိသမျှ ကြိုးစားကြပြီးလျှင် အများသူငါ နားလည်နိုင်လောက်သည့် အဘိဓမ္မာအရကောက်ကျမ်း များကို ရေးသားဖြန့်ဖြူးကြပါက အဘိဓမ္မာသာသနာတော်ကြီးသည် ကြာရှည်စွာ တည်တံ့နိုင်ပေမည်၊ အဘိဓမ္မာသာသနာ တည်တံ့ပါလျှင်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာ တည်တံ့သည်ပင် ဖြစ်တော့သည်"ဟု ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက မကြာခဏ တပည့်များအား မိန့်ကြားသတိပေး နိုးဆော်ပါသည်။

စင်စစ်အားဖြင့် အရကောက်ကျမ်းများကို ရေးသားပြုစုတော်မူခဲ့ကြသည့် ဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မသင်္ဂဏီပါဠိတော်ကြီး၏ အဋ္ဌကထာကဏ္ဍကို နည်းယူကာ ရေးသားပြုစုခဲ့ကြခြင်း ဖြစ်သည်၊ ဓမ္မသင်္ဂဏီပါဠိတော်ကြီး၏ အဋ္ဌကထာကဏ္ဍသည် မှီငြမ်းပြုဖွယ်ရာ အရကောက်ကျမ်းတဆူပင် ဖြစ်ပါသည်။

### ကုန်းဘောင်ခေတ် အဘိဓမ္မာ

အင်းဝခေတ် ဒုတိယပိုင်းလောက်မှစ၍ မြန်မာနိုင်ငံ၌ ခိုင်မြဲစွာ အမြစ်တွယ်ခဲ့သော အဘိဓမ္မာ စာပေသည် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ အရှိန်ပြင်းစွာဖြင့် ရှင်သန်တိုးတက်ခဲ့လေ သည်၊ အသီးအပွင့်မျိုးစုံကို ဆောင်သော ပဒေသာပင်ကြီးသည် ဆွတ်ချူစားသုံးသူအပေါင်း၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်မြို့စေသကဲ့သို့ ထိုခေတ်က ရဟန်းရှင်လူ အပေါင်းတို့သည်လည်း ထက်သန် တက်ကြွ ရွှင်ပျသောစိတ်ဖြင့် အဘိဓမ္မာဒေသနာ၏ အနှစ်သာရများကို ဆွတ်ယူစားသုံးခြင်း ပြုခဲ့ကြလေသည်၊ တောင်ဘီလာပုဂ္ဂိုလ်ကျော် ရှင်မုနိန္ဒဃောသစသည့် ရှေးဆရာတော်ကြီးများ တီထွင်ခဲ့သော အရကောက်နည်းကို မှီငြမ်းပြု၍ အဘိဓမ္မာညဝါ သင်ကြားပို့ချမှုသည် ကုန်းဘောင် ခေတ်တွင် ထင်ရှားသိသာစွာ တွင်ကျယ်ခေတ်စားခဲ့လေသည်၊ထန်းတပင်ဆရာတော် ရှင်နန္ဒမေဓာ၊ ပဌမဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒစသည့် ထိုခေတ်ပညာရှင်တို့ကလည်း ရှေးကထက်ပို၍ ကောင်းမွန်ပြည့်စုံအောင် မွမ်းမံသုတ်သင်လျက် အရကောက်ကျမ်းသစ်များကို စီရင်ရေးသားကြ

http://www.dhammadownload.com



ပြန်သည်၊ ပါဠိတော်ခုနစ်ကျမ်းနှင့်တကွ အဘိဓမ္မာအဋ္ဌကထာဋီကာတို့၏ မြန်မာပြန်နိဿယတို့သည် ကုန်းဘောင်ခေတ်၌ အများဆုံး ထွက်ပေါ်ခဲ့ပေသည်၊ ပိဋကတ်သမိုင်းစာတမ်းအရ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်နိဿယတမျိုးတည်းပင် ၂၂-မူရှိကြောင်း သိရှိရသည်၊ ထို့ပြင် ထိုစာတမ်းတွင် မပါဝင်သည့် နိဿယများလည်း ရှိပြန်ရာ အားလုံးပေါင်းသော် သင်္ဂြိုဟ်နိဿယမှာ မူ ၃၀-ကျော်မျှ ရှိပေသည်၊ အလားတူပင် အဋ္ဌသာလိနီ, မူလဋီကာ, ဋီကာကျော်စသည်တို့၏ နိဿယများသည်လည်း အနည်းဆုံး ၃-၄-စောင်စီ ရှိကြသည်ချည်းသာ ဖြစ်ပေသည်။

နိဿယမှတပါး ဂဏ္ဌိ, ဝိနိစ္ဆယစသော အဘိဓမ္မာဆိုင်ရာ အထွေထွေကျမ်းဂန်တို့ကိုလည်း ကုန်းဘောင်ခေတ်ပညာရှင်တို့သည် အမြောက်အမြား ရေးသားပြုစုခဲ့ကြသည်၊ အထူးအားဖြင့် အခက်ခဲ အနက်နဲဆုံးဖြစ်သော ပဋ္ဌာန်းနည်းနှင့် ရုပ်ဝီထိ, နာမ်ဝီထိတို့၏ သဘောအဓိပ္ပါယ်ကို နောက်ခေတ်စာသင်သားတို့ အလွယ်တကူ သိမြင်နားလည်နိုင်ကြခြင်းမှာ ကုန်းဘောင်ခေတ် ကျမ်းဂန်များ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။

## ပဌမသံဂါယနာနှင့် ပဋ္ဌမပြန်စာမေးပွဲများ

အဘိဓမ္မာစာပေ တိုးတက်မှုနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်၌ အထူးတလည် မှတ်တမ်းတင်ထိုက်သည့် အချက်နှစ်ရပ်ရှိခဲ့သည်။ ၎င်းတို့ကား—

(၁) ပဉ္စမသံဂါယနာတင်ခြင်းနှင့်

(၂) ပဋ္ဌမပြန်စာမေးပွဲများကို အထူးအားပေးလာခြင်းတို့ပင် ဖြစ်ပေသည်။

သကရာဇ် ၁၂၃၃-ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် အဘိဓမ္မာအပါအဝင် ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာတို့ကို ကျမ်းတတ်ဆရာတော်ကြီးများအား သုတ်သင်တည်းဖြတ်စေလျက် ကျောက်ပြားပေါ်တွင် ရေးသားထွင်းထုစေပြီးလျှင် ပဉ္စမသံဂါယနာသဘင်ကို ဆင်ယင်ကျင်းပခဲ့လေသည်၊ ဤသို့ ပဉ္စမသံဂါယနာတင်ခြင်းအားဖြင့် နှစ်ပေါင်း နှစ်ထောင်ကျော်မျှ အသက်ရှည်ခဲ့ပြီဖြစ်သော အဘိဓမ္မာစာပေသည် အဆင့်ဆင့် ကူးယူမှတ်သားခဲ့ရခြင်းကြောင့် ဖြစ်ပေါ်သည့် ပုဒ်ပါဌ်အမှားအယွင်းများမှ ကင်းလျက် သန့်ရှင်းစင်ကြယ်မှုကို ရရှိခဲ့ပေသည်၊ ထိုသန့်ရှင်းစင်ကြယ်မှုသည်လည်း အစွန့်ရှည်စွာ တည်တံ့ရေးနှင့် တိုးတက်ပြန့်ပွါးရေးတို့အတွက် ကြီးမားသော အထောက်အပံ့တခုပင် ဖြစ်ပေသည်။

ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီး ( ၉၉၁-၁၀၁၀ ) လက်ထက်တွင် သေချာစွာ စံနစ်တကျ စတင် ကျင်းပခဲ့၍ တနင်္ဂနွေမင်းတရားကြီး (၁၀၇၆-၁၀၉၅)၏ လက်ထက်သို့ ရောက်သောအခါမှ ပိုမိုထင်ရှားခဲ့သော ပဋ္ဌမပြန်စာမေးပွဲများကို ကုန်းဘောင်ခေတ်၌ အထူးတလည် အားပေးခဲ့ပေရာ ထိုစာမေးပွဲများ၏ သင်ရိုးညွှန်းတမ်း၌ အဘိဓမ္မာသည် အရေးကြီးသော ဘာသာရပ်တခုအနေဖြင့် ပါဝင်ခဲ့ပေသည်၊ သို့ဖြစ်ရကား အဘိဓမ္မာကို အားတက်သရော သင်ကြားအားထုတ်သည့် ပုဂ္ဂိုလ်များလည်း ရှေးကထက် များပြားစွာ ထွက်ပေါ်ခဲ့ပေသည်။

## ပိဋကတ်တော် သင်ရိုးညွှန်းတမ်း

ဤနေရာတွင် မြန်မာနိုင်ငံ သာသနာနယ်ပယ်အတွင်း၌ ရှေးရိုးအစဉ်အလာအားဖြင့် ပိဋကတ်တော်သင်ရိုး ပြဋ္ဌာန်းထားပုံကို သိသင့်ပေသည်၊ သာသနာတော်တွင်းသို့ ဝင်၍ ရဟန်းသာမဏေ

http://www.dhammadownload.com



ပြုလိုသည့် ပုဂ္ဂိုလ်များအတွက် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် တာဝန်နှစ်ရပ် ပေးအပ်တော်မူခဲ့သည်။ ၎င်းတို့ကား—

(၁) ဂန္ထဓုရ=စာပေကျမ်းဂန် သင်ယူပို့ချခြင်းတာဝန်၊

(၂) ဝိပဿနာဓုရ=ဝိပဿနာအားထုတ်ခြင်းတာဝန်တို့ ဖြစ်သည်။

ယင်းတာဝန်နှစ်ရပ်တို့တွင် ငယ်ရွယ်နုပျိုစဉ်အချိန်၌ သာသနာ့ဘောင်သို့ ဝင်သည့် ပုဂ္ဂိုလ်တို့သည် အများအားဖြင့် ဂန္ထဓုရတာဝန်ကို ရှေးဦးစွာ ယူလေ့ရှိကြ၏။

ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ခြင်းကား ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်များ အဓွန့်ရှည်စွာ တည်တံ့စေရန်နှင့် တိုးတက်ပြန့်ပွါးစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်၏၊ သာသနာသုံးရပ်တို့တွင် ပရိယတ္တိသာသနာကို ထမ်းဆောင်ခြင်းပင် ဖြစ်၏၊ ပရိယတ္တိသာသနာတည်မှသာလျှင် ပဋိပတ္တိ, ပဋိဝေဓ သာသနာများ တည်နိုင်မည် ဖြစ်သောကြောင့် ပရိယတ္တိသည် သာသနာ၏ ရေသောက်မြစ်ကြီးဖြစ်၏၊ ပရိယတ္တိကို ကျမ်းကျင်စွာ တတ်မြောက်သော ပုဂ္ဂိုလ်သည် ပဋိပတ္တိအဆင့်သို့ လွယ်ကူစွာ တက်လှမ်းနိုင်မည်ဖြစ်ပေသည်၊ သို့ရာတွင် ဗုဒ္ဓ၏ တရားတော်များကား ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် စာအုပ်ရေအားဖြင့် ၄၀-မျှ ရှိပေရာ ဤမျှများပြားကျယ်ဝန်းသော ပိဋကတ်တော်များကို အချိန်တိုတိုနှင့် ထိထိရောက်ရောက် တတ်မြောက်နားလည်ရန် မလွယ်ကူလှချေ၊ မှန်ကန်ကောင်းမွန်သော သင်ရိုးသင်နည်းတခုကို အခြေပြု၍ ထားမှသာလျှင် ဖြစ်မြောက်နိုင်မည့် ကိစ္စဖြစ်၏၊ သို့ဖြစ်သည့်အားလျော်စွာ ပရိယတ္တိသာသနာတည်းဟူသော ဂန္ထဓုရတာဝန်ကို ထမ်းဆောင်လိုသည့် ပုဂ္ဂိုလ်များအတွက် ခေတ်အဆက်ဆက်မှစ၍ ဆရာမြတ်တို့ ပြဋ္ဌာန်းထားခဲ့သော ပိဋကတ်တော် သင်ရိုးညွှန်းတမ်း ရှိလေသည်။ ထိုသင်ရိုးတွင် ပါဝင်သည့် ကျမ်းတို့ကား—

၁။ ဝိနည်း ၅-ကျမ်း စာအုပ် ၅-အုပ်
၂။ သုတ် ၃-ကျမ်း (ဒီဃနိကာယ် ၃-ကျမ်း) ၃-အုပ် ပေါင်း စာအုပ် ၂၀
၃။ အဘိဓမ္မာ ၇-ကျမ်း ၁၂-အုပ်

တို့ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပရိယတ္တိဝန်ကို ဆောင်ခဲ့ကြသည့် အဆက်ဆက်သော ဆရာတော်အရှင်မြတ်တို့သည် အထက်ပါ သင်ရိုးကို အခြေပြုလျက် ပိဋကတ်တော်များကို သင်ကြားပို့ချတော်မူခဲ့ကြ၏၊ လေ့လာသင်ယူသည့် စာသင်သားတို့ကလည်း ထိုသင်ရိုးအတိုင်းပင် အဆင့်ဆင့် သင်ယူခြင်း ပြုခဲ့ကြသည်၊ ယင်းသို့ သင်ယူအားထုတ်ရာတွင်လည်း ဉာဏ်ထက်မြက်သော စာသင်သားများအတွက် ငါးနှစ်မျှဖြင့်၎င်း ဉာဏ်အသင့်အတင့်သာရှိသော စာသင်သားများအတွက် အများဆုံး ဆယ်နှစ်မျှဖြင့်၎င်း သင်ရိုးကျမ်းအားလုံးကို ပေါက်ရောက်ခဲ့ကြပေသည်၊ သင်ရိုးပေါက်ပြီးသော စာသင်သားတို့သည်လည်း ကြံ့ခိုင်လေးနက်သော ပိဋကတ်အသိဉာဏ်ကို ရရှိလျက် သာသနာ့တာဝန် ၂-ရပ်ကို ကျေပြွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ဤသို့ ပရိယတ္တိသာသနာတည်းဟူသော လမ်းကြောင်း၌ ယနေ့အထိ တွင်ကျယ်ခေတ်စားလျက်ရှိသော အထက်ပါ သင်ရိုးကျမ်းတို့ကား ပိဋကတ်သုံးပုံတွင် အရေးအကြီးဆုံး ကျမ်းများ ဖြစ်သည်ဟု ဆိုသင့်၏။

http://www.dhammadownload.com



**ဝိနည်း။** ။ထိုသင်ရိုးကျမ်းတို့တွင် ပထမဆုံး ဝိနည်း ၅-ကျမ်းကို ပြဋ္ဌာန်းထား၏၊ ဝိနည်းဟူသည် ရဟန်းတို့ လိုက်နာရမည့် စည်းကမ်းဥပဒေများ ဖြစ်၏၊ ဥပုသ်ပြုခြင်း ပဝါရဏာပြုခြင်း ရဟန်းခံခြင်း စသည့် သံဃကိစ္စအဝဝကို ဆောင်ရွက်ပုံ အစီအစဉ်များသည်လည်း ဝိနည်းပိဋကတ်တွင်သာ ပါဝင်၏၊ သို့ဖြစ်၍ ဝိနည်းသည် ရဟန်းများအတွက် အရေးအကြီးဆုံးဖြစ်၏၊ ဝိနည်းကို ထိန်းသိမ်းမှသာလျှင် ရဟန်းကောင်း ရဟန်းစစ် ဖြစ်နိုင်၏၊ ဝိနည်းမရှိခဲ့သော် သံဃာပင် ရှိနိုင်တော့မည်မဟုတ်ချေ၊ ထို့ကြောင့် ဝိနည်း ၅-ကျမ်းသည် ပိဋကတ်တော်သင်ရိုး၌ ပထမဦးဆုံး ပါဝင်ရလေသည်။

**သုတ်သုံးကျမ်း** ဟူသည် ဒီဃနိကာယ်သုံးကျမ်း ဖြစ်၏၊ ဒီဃနိကာယ်လာ သုတ်များ၌ ဗုဒ္ဓဝါဒ၏ အခြေခံသဘောများကို ရှင်းလင်းပြဆိုထား၏၊ ဗုဒ္ဓဝါဒနှင့် ပြဟ္မဏစသော အခြားဝါဒတို့၏ ခြားနားပုံကိုလည်း နှိုင်းယှဉ်ဖော်ပြထား၏၊ ဒိဋ္ဌိ ၆၂-ပါးနှင့် သက္ကာယဒိဋ္ဌိ ၂၀-တို့ကို ပယ်ကြောင်း ကျင့်စဉ်များ သံဃလောက၏ သန့်ရှင်းစင်ကြယ်ကြောင်း နည်းလမ်းအကျင့်များကိုလည်း လေ့လာသုံးသပ်နိုင်သည်၊ သီလ သမာဓိ ပညာဟူသော ကျင့်စဉ်သိက္ခာသုံးရပ်ကို ဒီဃနိကာယ်၌ ပြည့်စုံစွာ အဆင့်ဆင့် ဟောကြားထားသည်၊ ထို့ကြောင့် ဒီဃနိကာယ်သုံးကျမ်းကို နိုင်နင်းပြီးသူသည် ဗုဒ္ဓဝါဒ၏ အခြေခံသဘောကို ပိုင်နိုင်ပြီးဖြစ်သည်၊ ဝါဒတပါးက မချောက်ချားနိုင်သော သမ္မာဒိဋ္ဌိဉာဏ်ကိုလည်း ရရှိပြီး ဖြစ်နိုင်သည်၊ ထို့ပြင် မျက်မှောက်လောက၏ သာယာမှုအတွက် လူ့ဝတ္တရား အုပ်ချုပ်သော မင်းတို့၏ ဝတ္တရား စသည်တို့ကိုလည်း စေ့စုံစွာ ဟောကြားထားတော်မူသဖြင့် ဒီဃနိကာယ် သုတ် ၃-ကျမ်းကို တတ်ကျွမ်းသည့် သံဃာတော်သည် ဒါယကာ ဒါယိကာမတို့၏ ကိုးကွယ်ရာ လမ်းညွှန်ပုဂ္ဂိုလ်ကြီးဖြစ်မည်မှာ မချွတ်ပင်ဖြစ်ချေသည်၊ ဒီဃနိကာယ်ကိုနည်းမှီလျက် ကျန်နိကာယ်ဝင် ကျမ်းများ၏အနက်အဓိပ္ပါယ်ကိုလည်း အလွယ်တကူ သိမြင်နားလည်နိုင်ဖွယ်ရှိ၏၊ ထို့ကြောင့် သင်ရိုး၌ သုတ် ၃-ကျမ်းကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပေသည်။

အဘိဓမ္မာကား လောက၌ ရှိသော သက်ရှိ သက်မဲ့ တရားအားလုံး၏ သဘာဝ အစစ်အမှန်ကို တိကျစွာ ဇေဖန်ဖေ‌ာ်ထုတ်၍ ဟောကြားသော ဒေသနာဖြစ်၏၊ သို့ဖြစ်၍ အဘိဓမ္မာတတ်ကျွမ်းမှသာလျှင် အမှန်တရားကို ဖောက်ထွင်း၍ မြင်နိုင်သည့် ပဋိဝေဓဉာဏ်ကို ရရှိနိုင်မည်ဖြစ်၏၊ အစစ်အမှန်သဘောကို ပိုင်နိုင်ထိမိစွာ တတ်ကျွမ်းသိမြင်လျှင် ဗုဒ္ဓတရားတော်၌ မယိမ်းမယိုင် သက်ဝင်ခိုင်မြဲလေပြီ၊ ထိုပြင် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်တို့သာလျှင် အဘိဓမ္မာသဘောကို ပြည့်ဝစုံလင်ကုန်စင်အောင် ဟောတော်မူနိုင်သည်ဟု ရှင်တော်ဘုရား၏ ဉာဏအစိန္တေယျကို ကြည်ညိုလာနိုင်သည်။

သို့ဖြစ်ရကား သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် အဘိဓမ္မာခုနစ်ကျမ်းကို သင်ရိုးအဖြစ် သတ်မှတ်ထားခဲ့ခြင်းမှာ ဗုဒ္ဓသာသနာအတွက် မယိမ်းမယိုင် ခိုင်မြဲသော အဆောက်အဦကြီး တည်ဆောက်ထားခဲ့ခြင်းပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် အဘိဓမ္မာဒေသနာသည် ဗုဒ္ဓသာသနာ၏ မြဲမြံသော ရေသောက်မြစ်ဖြစ်သည်၊ ဒီဃနိကာယ်သုတ် ၃-ကျမ်းမှာမူ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတည်းဟူသော အသီးအပွင့်တို့ကို ပေးစွမ်းနိုင်သော ပင်လုံးကျွတ်ဝေဆာသည့် ပဒေသာပင်ကြီးပင်ဖြစ်သည်၊ ဝိနည်းဒေသနာမှာ ထိုပဒေသာပင်ကြီးကို အသီးအပွင့်တို့ဖြင့် ဝေဖြာရှင်သန်စေရန် ပြုစု ပျိုးထောင်စောင့်ရှောက်သည့် ဥယျာဉ်မှူးကြီးပင် ဖြစ်သည်။

http://www.dhammadownload.com



ဤသို့ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံ၏ တရားအဆီအနှစ်များအားလုံး အကျုံးဝင်သော သင်ရိုးမာတိကာ အစီအစဉ်တရပ် ရှိခဲ့ခြင်းကြောင့်သာလျှင် မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော်ကြီးသည် ယနေ့တိုင်အောင်ပင် တိုးတက်စည်ကား ပြန့်ပွါးနေခြင်း ဖြစ်သည်။

## နောက်ပိုင်းခေတ် အဘိဓမ္မာ

ကုန်းဘောင်ခေတ် ကုန်ဆုံးပြီးသည့်အချိန်မှစ၍ မျက်မှောက်ခေတ်အထိ အချိန်ကာလအတွင်း၌လည်း အဘိဓမ္မာ လေ့လာ သင်ကြားခြင်းနှင့် အဘိဓမ္မာကျမ်းဂန်များ ရေးသား ပြုစုခြင်းတို့မှာ ယုတ်လျော့ နည်းပါးသွားခြင်းမရှိဘဲ တိုးတက်၍သာ လာခဲ့ပေသည်၊ ထိုခေတ်အတွင်း ရေးသားပြုစုသည့်ကျမ်းတို့မှာ ယေဘုယျအားဖြင့် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းတို့သာဖြစ်ပေသည်၊ သို့ရာတွင် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဋီကာမှ အစပြု၍ အကုရဋီကာ စသော ပါဠိဘာသာဖြင့် ရေးသော ကျမ်းများလည်း ထွက်ပေါ်ခဲ့ပေသည်၊ ထို့ပြင် ပဌမပြန် စာမေးပွဲ, ဓမ္မာစရိယ စာမေးပွဲများနှင့်တကွ ထိုထိုဒေသဆိုင်ရာ စာမေးပွဲတို့၌ အဘိဓမ္မာကျမ်းစာများကို မလွတ်တမ်း ပြဋ္ဌာန်းသတ်မှတ်ထားရကား အဘိဓမ္မာသည် စာသင်သားတိုင်း မုချသင်ယူရသည့် ဘာသာတရပ် ဖြစ်လာခဲ့ပေသည်၊ ဤသို့ ပရိယတ္တိသာသနာဝန်ကို ထမ်းဆောင်သည့် ရဟန်းတော်များလောက၌သာ အဘိဓမ္မာသည် ထင်ရှား ခေတ်စားခဲ့သည် မဟုတ်ပေ၊ လူပုဂ္ဂိုလ်အမြောက်အမြားတို့သည်လည်း ပြင်းပြသော အာသာဆန္ဒဖြင့် အဘိဓမ္မာကို လေ့လာလိုက်စားခဲ့ကြပေသည်။

၁၃၁၄-(၁၉၅၂) ခုနှစ်မှ စ၍ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က နှစ်စဉ်ကျင်းပခဲ့သော အဘိဓမ္မာစာမေးပွဲနှင့် ၁၉၅၅-ခုနှစ်တွင် စတင်ခဲ့သော ဋီကာကျော် မြန်မာပြန်စာမေးပွဲများသည်ကား အဆိုပါ လူပုဂ္ဂိုလ်တို့၏ အဘိဓမ္မာလေ့လာလိုက်စားမှုကို ထင်ရှားသိသာစွာ တိုးတက်စေခဲ့ပေသည်။

ဤသို့အားဖြင့် ကုန်းဘောင်ခေတ်ဦးမှစ၍ ယနေ့အထိ အချိန်ကာလအတွင်း၌ အဘိဓမ္မာစာပေ တိုးတက်ခဲ့ပုံမှာ လွန်စွာပင် ကျယ်ဝန်းပြန့်ပြောလှပေသည်၊ သို့ဖြစ်၍ ထိုခေတ်များအတွင်း ထွက်ပေါ်ခဲ့သည့် အဘိဓမ္မာကျမ်းများနှင့် ကျမ်းပြုပုဂ္ဂိုလ်တို့၏ အကြောင်းကို အသီးအသီး ဖော်ပြရမည်ဆိုလျှင် အလွန်ပင် ရှည်လျားပေမည်၊ သို့ဖြစ်သောကြောင့် ကုန်းဘောင်ခေတ်ဦးမှစ၍ နောက်ပိုင်းတွင် ထွက်ပေါ်ခဲ့သည့် ကျမ်းများနှင့်တကွ မြန်မာပြည်ပြု အဘိဓမ္မာကျမ်းများအားလုံး၏ စာရင်းအချုပ်ကို ရနိုင်သမျှ ရှာဖွေစုဆောင်းကာ ဖော်ပြလိုက်ရပေသတည်း။

# မြန်မာပြည်ပြု အဘိဓမ္မာကျမ်းများ

## (က) ပါဠိဘာသာရေးကျမ်းများ

၁။ ပရမတ္ထဗိန္ဒုပါဠိ၊ ကျစွာမင်း (၅၉၆-၆၁၁)
၂။ အဋ္ဌသာလိနီယောဇနာပါဠိ၊ ရှင်ဉာဏကိတ္တိ (၇၁၂-ခန့်)
၃။ သမ္မောဟဝိနောဒနီယောဇနာပါဠိ ။
၄။ သင်္ခေပဝဏ္ဏနာဋီကာပါဠိ၊ ရှင်သဒ္ဓမ္မဇောတိပါလ (၈၀၀)
၅။ နာမစာရဒီပကပါဠိ ။ ။
၆။ မဏိသာရမဉ္ဇူသာဋီကာပါဠိ၊ ရှင်အရိယဝံသ (၈၃၀)

http://www.dhammadownload.com


၇။ မဏိဒီပ ဋီကာပါဌ် ။ ။

၈။ (က) မဓုသာရတ္ထဒီပနီဋီကာပါဌ်၊ ရှင်အာနန္ဒ (၉၁၂-ခန့်)

၈။ (ခ) အဘိဓမ္မနယပကာသနီ- အမည်မသိ

၉။ အဖေဂ္ဂုသာရဒီပနီဋီကာပါဌ်၊ ရှင်မဟာသုဝဏ္ဏဒီပ (၉၁၂-ခန့်)

၁၀။ ပဋ္ဌာနသာရဒီပနီဋီကာပါဌ်၊ ရှင်သဒ္ဓမ္မာလင်္ကာရ (၉၄၂)

၁၁။ ဓာတုကထာဋီကာဝဏ္ဏနာပါဌ်၊ ရှင်တိလောကဂုရု (၉၆၇-ခန့်)

၁၂။ ဓာတုကထာအနုဋီကာဝဏ္ဏနာပါဌ်- ။ ။

၁၃။ ယမကဝဏ္ဏနာဋီကာပါဌ်၊ ရှင်တိလောကဂုရု (၉၇၇)

၁၄။ ပဋ္ဌာနဝဏ္ဏနာဋီကာပါဌ်- ။ ။

၁၅။ ဝိသတိဝဏ္ဏနာပါဌ်၊ ရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော် (၉၉၁ ခန့်)

၁၆။ ဓာတုကထာယောဇနာပါဌ်၊ ရှင်သာရဒဿီ၊ ပုဗ္ဗာရုံဆရာတော် (၁၀၉၅-ခန့်)

၁၇။ ပစ္စယတ္ထပကာသနီပါဌ်၊ ရှင်ဇမ္ဗုဓဇ၊ ဆရာတော်ဦးပုဓ် (၁၁၈၂)

၁၈။ ပစ္စယဃဋနပကာသနီပါဌ်၊ ။ ။ (၁၁၈၃)

၁၉။ ရူပဘေဒပကာသနီပါဌ်၊ ။ ။

၂၀။ ရူပဝိဘာဂပါဌ်၊ အမည်မသိ

၂၁။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီပါဌ်၊ ရှင်သီလာစာရ (၁၁၆၃)

၂၂။ သုစိတ္တာလင်္ကာရပါဌ်၊ အမည်မသိ

၂၃။ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိပဒပါဌ်၊ အမည်မသိ။

၂၄။ ပရမတ္ထဒီပနီဋီကာပါဌ်၊ ရှင်ဉာဏ၊ အဂ္ဂမဟာပဏ္ဍိတ၊လယ်တီဆရာတော် (၁၂၅၉)

၂၅။ ယမကဝိသဇ္ဇနာပါဌ်၊ ။ ။ (၁၂၇၃)

၂၆။ ပဋ္ဌာနုဒ္ဒေသဒီပနီပါဌ်၊ ။ ။

၂၇။ အနုဒီပနီပါဌ်၊ ။ ။

၂၈။ အင်္ကုရဋီကာပါဌ်၊ ရှင်ဝိမလ၊ တလိုင်းကုန်း (၁၂၆၇)

၂၉။ အနုဝိဘာဝနီပါဌ်၊ ရှင်သာဂရ၊ ဖားကူးဆရာတော် (၁၂၇၁)

၃၀။ အဘိဓမ္မတ္ထသင်္ဂဟဝိနိစ္ဆယပါဌ်၊ ရှင်မေဓာသိရိ (၁၂၇၃)

၃၁။ မဟာအတုလဋီကာပါဌ်၊ ရှင်နာဂိန္ဒသာမိ (၁၂၇၆)

၃၂။ ပရမတ္ထဝိသောဓနီဋီကာသစ်ပါဌ်၊ ရှင်ဒီပမာလာ၊ ချောင်းဦး

၃၃။ အဘိဓမ္မတ္ထဝိဘာဝနီယောဇနာပါဌ်၊ ရှင်ဉာဏိန္ဒ (၁၂၈၀)

၃၄။ အဘိဓမ္မတ္ထသင်္ဂဟဇောတိကဋီကာပါဌ်၊ ရှင်နန္ဒမာလာ(၁၂၈၁)

၃၅။ အဘိဓမ္မတ္ထသင်္ဂဟဝိနိစ္ဆယဋီကာပါဌ်၊ ရှင်ပညာဇောတ (၁၂၈၁)

၃၆။ အဘိဓမ္မတ္ထသင်္ဂဟဝိကာသနီပါဌ်၊ အမည်မသိ

၃၇။ အဘိဓမ္မတ္ထဝိဘာဝနီယောဇနာပါဌ်၊ ဦးကဝိ (ဦးရွှေမင်း)

၃၈။ အဘိဓမ္မတ္ထဝိဘာဝနီပဒယောဇနာပါဌ်၊ အမည်မသိ

၃၉။ အဘိဓမ္မတ္ထသင်္ဂဟယောဇနာပါဌ်၊ ဦးသောမ (ဦးသာဆိုင်)

၄၀။ အဘိဓမ္မတ္ထသင်္ဂဟယောဇနာပါဌ်၊ ဦးကဝိ (ဦးရွှေမင်း)

၄၁။ ကလျာဏဋီကာပါဌ်၊ ရှင်ကလျာဏ

၄၂။ ပရမတ္ထသင်္ဂဟပါဌ်- ရှင်ဝိသုဒ္ဓ၊ တောင်ခွင်သာသနာပိုင် (၁၂၉၀)

http://www.dhammadownload.com



## (ခ) နိဿယနှင့် မြန်မာပြန်ကျမ်းများ

၁။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ၊ အမည်မသိ
၂။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ၊ ရှင်သုဒဿန၊ ဒုတိယစံကျောင်းဆရာတော် (၁၁၇၇-၁၂၅၀)
၃။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ၊ ရှင်အဂ္ဂဓမ္မ၊ ထနောင်းဝန်းဆရာတော်
၄။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ၊ ရှင်ဇာဂရ၊ မိုးထိ
၅။ (က) ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်၊ ဦးမြို့
၅။ (ခ) ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန် ဗုဒ္ဓသာသနာအဖွဲ့ (၁၃၂၆)
၆။ ဝိဘင်းပါဠိတော်နိဿယ၊ ရှင်သာရဓမ္မ
၇။ ဝိဘင်းပါဠိတော်နိဿယ၊ ရှင်ဇာဂရ၊ မိုးထိ
၈။ ဓာတုကထာပါဠိတော်နိဿယ၊ ရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော် (၉၄၀-၁၀၁၃)
၉။ ဓာတုကထာပါဠိတော်နိဿယ၊ ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော် (၉၈၅-ခန့်)
၁၀။ ဓာတုကထာပါဠိတော်နိဿယ၊ ရှင်အနန္တဓဇ၊ တောင်ဘီလူးဆရာတော် (၁၀၃၄-ခန့်)
၁၁။ ဓာတုကထာပါဠိတော်နိဿယ၊ ရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော် (၁၁၃၈-ခန့်)
၁၂။ ဓာတုကထာပါဠိတော်နိဿယ၊ အမည်မသိ
၁၃။ ဓာတုကထာပါဠိတော်နိဿယ၊ ရှင်ဇမ္ဗုဒီပဓဇ (၁၂၀၀-ခန့်)
၁၄။ (က)ဓာတုကထာပါဠိတော်နိဿယ၊ ရှင်ဇာဂရ၊ မိုးထိ
၁၄။ (ခ)ဓာတုကထာ (အင်္ဂလိပ်ဘာသာပြန်)၊ အရှင်နာရဒ၊ မူလပဋ္ဌာန်းဆရာတော်
၁၅။ ပုဂ္ဂလပညတ်ပါဠိတော်နိဿယ၊ ရှင်ဇမ္ဗုဒီပဓဇ (၁၂၀၀-ခန့်)
၁၆။ ပုဂ္ဂလပညတ်ပါဠိတော်နိဿယ၊ ရှင်သာဂရ၊ ဆင်တဲဆရာတော်၊ (၁၂၂၁-ခန့်)
၁၇။ ပုဂ္ဂလပညတ်ပါဠိတော်နိဿယ၊ ရှင်ဇာဂရ၊ မိုးထိ
၁၈။ ပုဂ္ဂလပညတ်ပါဠိတော်မြန်မာပြန်- ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ (၁၃၂၄)
၁၉။ ကထာဝတ္ထုပါဠိတော်နိဿယ၊ ရှင်ဇမ္ဗုဒီပဓဇ (၁၂၀၀-ခန့်)
၂၀။ ကထာဝတ္ထုပါဠိတော်နိဿယ၊ ရှင်ဇာဂရ၊ မိုးထိ
၂၁။ ကထာဝတ္ထုပါဠိတော်မြန်မာပြန်- ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ (၁၃....)
၂၂။ ယမိုက်ပါဠိတော်နိဿယ၊ ရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော်။
၂၃။ ယမိုက်ပါဠိတော်နိဿယ၊ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်
၂၄။ ယမိုက်ပါဠိတော်နိဿယ၊ရှင်အနန္တဓဇ၊ တောင်ဘီလူးဆရာတော် (၁၀၃၄-ခန့်)
၂၅။ ယမိုက်ပါဠိတော်နိဿယ၊ရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော် (၁၁၃၈-ခန့်)
၂၆။ ယမိုက်ပါဠိတော်နိဿယ၊အမည်မသိ
၂၇။ ယမိုက်ပါဠိတော်နိဿယ၊ရှင်ဇမ္ဗုဒီပဓဇ (၁၂၀၀-ခန့်)
၂၈။ ယမိုက်ပါဠိတော်နိဿယ၊ရှင်ဇာဂရ၊ မိုးထိ
၂၉။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်မုနိန္ဒဃောသ၊ တောင်ဘီလာ (၉၄၀-၁၀၁၃)
၃၀။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်း (၉၈၅-ခန့်)
၃၁။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်အနန္တဓဇ၊ တောင်ဘီလူး (၁၀၃၄-ခန့်)
၃၂။ ပဋ္ဌာန်းပါဠိတော်နိဿယ၊တောင်တွင်းဦးဖျော်(ဦးဉာဏ) (၁၁၂၄-မတိုင်မီ)
၃၃။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်နန္ဒမေဓာ၊ ထန်းတပင် (၁၁၃၈-ခန့်)

http://www.dhammadownload.com



၃၄။ ပဋ္ဌာန်းပါဠိတော်နိဿယ၊တောရဦးဒီပ (ငယ်မည် ဦးအောင်ဘော်)
၃၅။ ပဋ္ဌာန်းပါဠိတော်နိဿယ၊အမည်မသိ
၃၆။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်ဇမ္ဗုဒီပဓဇ (၁၂၀၀-ခန့်)
၃၇။ ပဋ္ဌာန်းပါဠိတော်နိဿယ၊ရှင်ဇာဂရ (မိုးထိ)
၃၈။ အဋ္ဌသာလိနီအဋ္ဌကထာနိဿယ-ရှင်အရိယာလင်္ကာရ၊ နေရင်းဆရာတော် (၁၀၇၆-ခန့်)
၃၉။ အဋ္ဌသာလိနီအဋ္ဌကထာနိဿယ-ရှင်မေဓာ၊ ပြည်ဆရာတော် (၁၂၂၅)
၄၀။ အဋ္ဌသာလိနီ(အင်္ဂလိပ်ဘာသာပြန်)-ဦးဖေမောင်တင် (ပါမောက္ခဟောင်း) (၁၂၈၁)
၄၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ-ရှင်အရိယာလင်္ကာရ၊နေရင်းဆရာတော် (၁၀၇၆-ခန့်)
၄၂။ ပဉ္စပကရဏအဋ္ဌကထာနိဿယ-ရှင်ပညာသီဟ၊ ဂူကြီးဆရာတော်(၁၁၄၄-ခန့်)
၄၃။ ယမိုက်အဋ္ဌကထာနိဿယဟောင်း (အမည်မသိ)
၄၄။ မူလဋီကာနိဿယ-ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော် (၉၈၅-ခန့်)
၄၅။ မူလဋီကာနိဿယ-ရှင်ဓမ္မာဘိနန္ဒ၊ ပဌမ ဗားကရာဆရာတော် (၁၁၄၄-ခန့်)
၄၆။ မူလဋီကာနိဿယ၊ရှင်ပညာသီဟ၊ ဂူကြီးဆရာတော်
၄၇။ မူလဋီကာနိဿယ၊ရှင်မဏိဇောတ၊ ခင်မကန်ဆရာတော် (၁၁၉၉-ခန့်)
၄၈။ အဋ္ဌသာလိနီမူလဋီကာဂဏ္ဌိနိဿယ၊ဦးကေလာသ၊ ကြာခံဆရာတော် (၁၃၁၉)
၄၉။ အနုဋီကာနိဿယ၊ရှင်အရိယဝံသ (၈၃၀-ခန့်)
၅၀။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ[၁]၊ရှင်မုနိန္ဒဃောသ၊ ဗဟာင်ဆရာတော် (၁၁၄၄-ခန့်)
၅၁။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ၊ရှင်မုနိန္ဒာဘိဓဇ၊ ကျီးသဲလေးထပ်ဆရာတော် (၁၁၇၉-၁၂၅၆)
၅၂။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ၊ဦးကေလာသ (ဦးသံမှို)
၅၃။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ၊ရှင်ဇာဂရ၊ မိုးထိ
၅၄။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ၊ရှင်အဂ္ဂဝံသ၊ တောင်သာ
၅၅။ သင်္ဂြိုဟ်မြန်မာပြန်၊ဦးလှတင်၊ မန္တလေးတက္ကသိုလ် (၁၃၂၂)
၅၆။ ပရမတ္ထဝိနိစ္ဆယနိဿယ၊ရှင်ဉာဏာလင်္ကာရ၊ ပဌမဆင်တဲဆရာတော် (၁၁၉၉-ခန့်)
၅၇။ နာမရူပပရိစ္ဆေဒနိဿယ ။ ။ ။
၅၈။ အဘိဓမ္မာဝတာရနိဿယ၊ရှင်ဉာဏ၊ ပဌမကျော် (၁၁၁၅-ခန့်)
၅၉။ အဘိဓမ္မာဝတာရနိဿယ၊ရှင်မုနိန္ဒာဘိဝံသ၊ စလင်းသာသနာပိုင် (၁၁၈၁-ခန့်)
၆၀။ သုစိတ္တာလင်္ကာရနိဿယ၊အမည်မသိ
၆၁။ ပရမတ္ထဗိန္ဒုနိဿယ၊ရှင်ဓမ္မာဘိနန္ဒ၊ ပဌမဗားကရာဆရာတော် (၁၁၄၄-ခန့်)
၆၂။ သစ္စသံခိပ်နိဿယ၊အမည်မသိ
၆၃။ သစ္စသံခိပ်နိဿယ၊ရှင်စက္ကိန္ဒ၊ ဆရာတော် ဦးဖုမ် (၁၁၈၁-ခန့်)
၆၄။ ပစ္စယတ္ထပကာသနီနိဿယ၊ ။ ။
၆၅။ ရူပဘေဒပကာသနီနိဿယ၊ ။ ။
၆၆။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီနိဿယ၊ရှင်သီလာစာရ၊ ပန်းလှာဆရာတော်
၆၇။ အဘိဓမ္မတ္ထသင်္ဂဟဝိနိစ္ဆယနိဿယ၊ရှင်မေဓာသီရိ (၁၂၇၃)

---

၁။ ကောင်ဘီလာဆရာတော်စသည်တို့ပြုစုသည့် သင်္ဂြိုဟ်နိဿယ(၂၂)မူတို့၏စာရင်းကို ပိဋကတ်သမိုင်းစာတမ်းတွင် ရှုပါ။

http://www.dhammadownload.com



၆၈။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်အရိယာလင်္ကာရ၊ နေရင်းဆရာတော် (၁၀၇၀-ခန့်)
၆၉။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်ဇနိန္ဒ၊ ဒုတိယဆင်တဲဆရာတော် (၁၂၀၄)
၇၀။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်ပညာဇောတ၊ ဒုတိယဗားကရာဆရာတော်(၁၂၂၀-ခန့်)
၇၁။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်မေဓာ၊ ပြည်ဆရာတော် (၁၂၂၀-ခန့်)
၇၂။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ မင်းကြီးမဟာသီရိဇေယျသူမိုင်းခိုင်းမြို့စား(၁၁၇၇-၁၂၅၄)
၇၃။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်ကေလာသ၊ မုံရွာ
၇၄။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာနိသျ ရှင်ကေလာသ၊ ပစ္ဆိမာရုံ
၇၅။ ဋီကာကျော်နိသျ ရှင်အာဒိစ္စ၊ မေဒိနီဆရာတော် (၁၃၀၄)
၇၆။ ဋီကာကျော်နိသျ ရှင်ပညာ၊ ပခုက္ကူဆရာတော် (၁၃၀၄)
၇၇။ ဋီကာကျော်မြန်မာပြန်၊ မေဓာဝီဆရာဆိုင်
၇၈။ သင်္ခေပဝဏ္ဏနာဋီကာနိသျ ရှင်အရိယာလင်္ကာရ၊ နေရင်းဆရာတော် (၁၀၇၀-ခန့်)
၇၉။ သင်္ခေပဝဏ္ဏနာဋီကာနိသျ ရှင်သဒ္ဓမ္မရံသီ
၈၀။ သင်္ခေပဝဏ္ဏနာဋီကာနိသျ ရှင်အာလောက၊ သက်ယယ်ကျင်း (၁၁၈၂)
၈၁။ မဏိသာရမဉ္ဇူသာဋီကာနိသျ ရှင်ပညာသီဟ၊ ခင်ကြီးပု (၁၁၉၉-ခန့်)
၈၂။ မဏိသာရမဉ္ဇူသာဋီကာနိသျ ရှင်နာဂိန္ဒ၊ မိုးကောင်း (၁၂၄၆-ခန့်)
၈၃။ မဏိသာရမဉ္ဇူသာဋီကာနိသျ ရှင်ဝိသုဒ္ဓ၊ သစ်ဆိမ့်
၈၄။ အဖေဂ္ဂုသာရဒီပနီနိသျ ရှင်ဒီပါလင်္ကာရ၊ ဒု-ငါးခုနှစ်ဆရာတော်
၈၅။ အဘိဓမ္မာဝတာရဋီကာသစ်နိသျ အမည်မသိ
၈၆။ သစ္စသံခိပ်ဋီကာသစ်နိသျ အမည်မသိ
၈၇။ ပရမတ္ထဒီပနီဋီကာနိသျ ရှင်ကဝိ
၈၈။ ပဋ္ဌာနုဒ္ဒေသဒီပနီနိသျ ရှင်အဂ္ဂဝံသ (၁၂၈၅)

မှတ်ချက်။ ။ပိဋကတ်သမိုင်းစာတမ်းလာ သင်္ဂြိုဟ်နိသျ (၂၂) မူနှင့် ပေါင်းသော် မြန်မာပြည်ပြု နိသျနှင့် မြန်မာပြန် ကျမ်းပေါင်း (၁၁၂) စောင် တွေ့ရှိရသည်။

## (၈) အထွေထွေကျမ်းများ

၁။ မာတိကာအရကောက်ကျမ်း ရှင်မုနိန္ဒဃောသ၊ တောင်ဘီလာဆရာတော် (၉၄၀-၁၀၁၃)
၂။ မာတိကာအရကောက်ကျမ်း ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော် (၉၈၅-ခန့်)
၃။ မာတိကာအရကောက်ကျမ်း ရှင်အနန္တဇေ၊ တောင်ဘီလူးဆရာတော် (၁၀၃၄-ခန့်)
၄။ မာတိကာအရကောက်ကျမ်း ရှင်ဓမ္မာဘိနန္ဒ၊ ပဌမဗားကရာဆရာတော် (၁၁၄၄-ခန့်)
၅။ မာတိကာအရကောက်ကျမ်း ရှင်နန္ဒမေဓာ၊ ထန်းတပင်ဆရာတော် (၁၁၃၈-ခန့်)
၆။ မာတိကာအရကောက်ကျမ်း အမည်မသိ
၇။ ဓာတုကထာအရကောက်ကျမ်း ဓာတုကထာပါဠိတော်နိသျရှု
၈။ ယမိုက်အရကောက်ကျမ်း ယမိုက်ပါဠိတော်နိသျရှု
၉။ ပဋ္ဌာန်းအရကောက်ကျမ်း ပဋ္ဌာန်းပါဠိတော်နိသျရှု
၁၀။ မာတိကာဂဏ္ဌိ ရှင်ဉာဏ၊ တောင်တွင်းဦးဖျော် (၁၁၈၁)
၁၁။ မာတိကာချီး ရှင်စန္ဒမာလာ ဒုတ်လှမ်းဆရာတော် (၁၁၈၅)

http://www.dhammadownload.com




၁၂။ မာတိကာကြေးမုံ၊ရှင်စန္ဒိမာ (၁၂၃၂)
၁၃။ မာတိကာနှင့်ဓာတုကထာဂဏ္ဌိသစ် (သာရတ္ထမေဓိနီ)၊ ရှင်အာဋ္ဌာရ၊ မေဓိနီဆရာတော် (၁၂၉၀)
၁၄။ မာတိကာဓာတုကထာ အမေးအဖြေ၊သုဓမ္မဝတီပါဠိဆရာကြီးများ (၁၃၀၃)
၁၅။ မာတိကတ္ထဝိဘာဝနီ၊ရှင်ဝိသုဒ္ဓာစာရ (၁၃၀၅)
၁၆။ မာတိကတ္ထပဗောဓိနီ (ဆရာလွတ်ညဝါ)၊ရှင်ဥက္ကံသမာလာ (၁၃၂၃)
၁၇။ ဓာတုကထာဂဏ္ဌိ၊ရှင်ဉာဏ၊ တောင်တွင်းဦးဖျော် (၁၁၈၁)
၁၈။ ဓာတုကထာချီးနှင့်အဖြေ၊ရှင်စန္ဒမာလာ၊ ဒုတ်လှမ်းဆရာတော် (၁၁၈၅)
၁၉။ ဓာတုကထာသံပေါက်၊ဂူကျောင်းဆရာတော်
၂၀။ ဓာတုကထာဥဒါန်းချုပ်ဂါထာ၊ဂူကျောင်းဆရာတော်
၂၁။ ဓာတုကထာဝိဇ္ဇာမျိုးနှင့် ဓာတုကထာကဗျာ၊မဟာဝိသုဒ္ဓါရုံဆရာတော်
၂၂။ ဓာတုကထာတ္ထဒီပနီ၊ရှင်သုစိတ္တသာရ (၁၃၀၁)
၂၃။ ဓာတုကထာဝိဘာဝနီ၊ရှင်ဝိသုဒ္ဓာစာရ (၁၃၁၅)
၂၄။ ယမိုက်ဂဏ္ဌိကျမ်း၊ရှင်ဉာဏ-တောင်တွင်း ဦးဖျော် (၁၁၈၁)
၂၅။ ယမိုက်ဂဏ္ဌိအမေးအဖြေ၊ရှင်ဓမ္မသေန (၁၃၁၇)
၂၆။ ယမိုက်အနုဂဏ္ဌိကျမ်း၊ဦးကြီးဖေ၊ ပထမကျော် (၁၃၁၆)
၂၇။ ယမိုက်ချီး၊ရှင်ဉာဏ၊ တောင်တွင်း ဦးဖျော် (၁၁၈၁)
၂၈။ ယမိုက်ကဗျာ၊မဟာဝိသုဒ္ဓါရုံဆရာတော်
၂၉။ ယမိုက်မှတ်ပုံကျမ်း (တောင်မြို့နည်း)၊ရှင်ဉာဏဝရ
၃၀။ ယမိုက်အဓိပ္ပါယ်ကျမ်း (တောင်မြို့နည်း)၊ရှင်ဉာဏဝရ
၃၁။ ယမိုက်အရကောက်အဓိပ္ပါယ်၊ရှင်အရိန္ဒမ (၁၂၁၄-၁၂၄၀)
၃၂။ ယမိုက်အဖြေကျမ်း၊ရှင်ဉာဏ၊ အဂ္ဂမဟာပဏ္ဍိတ၊ လယ်တီဆရာတော် (၁၂၈၅)
၃၃။ ယမကပဋ္ဌာနဂဏ္ဌိသစ်(သာရတ္ထမေဓိနီ)၊ရှင်အာဋ္ဌာရ (၁၂၉၉)
၃၄။ ယမကတ္ထဝိဘာဝနီ၊ရှင်ဝိသုဒ္ဓာစာရ (၁၂၉၅)
၃၅။ ယမကဝိဘာဂ ပကာသနီ၊ရှင်ဝိမလ (၁၂၉၇)
၃၆။ ယမိုက်ပါရဂူကျမ်း၊ရှင်နာရဒ၊မူလပဋ္ဌာန်းဆရာတော် (၁၃၁၃)
၃၇။ ယမကနယ ဒီပနီ၊ရှင်ဝေပုလ္လ
၃၈။ ယမကနီတိ၊ရှင်ဝိစာရာဘိဝံသ (၁၃၂၀)
၃၉။ ယမကတ္ထသင်္ဂဟ၊ရှင်ဝဏ္ဏ (၁၃၂၂)
၄၀။ ယမကနယူပဒေသကျမ်း၊ ရှင်သူရိယ၊ အဘိဇေမဟာရဋ္ဌဂုရု၊ မစိုးရိမ်ဆရာတော်
၄၁။ ပဋ္ဌာန်းသုံးချက်စု၊ရှင်သူရိယ၊သံအင်းသာသနာပိုင် (၁၁၂၅-၁၂၀၁)
၄၂။ ပဋ္ဌာန်းပစ္စည်းပြိုင် ။ ။
၄၃ (က)။ ပဋ္ဌာန်းရာသီစု ။ ။
၄၃ (ခ)။ စတုဝီသတိ(ပဋ္ဌာန်းကျမ်း)၊ရှင်သုန္ဒရ (ပြည်-၁၂၅၀)
၄၄။ ပဋ္ဌာန်းအမေးအဖြေ၊ရှင်ပဏ္ဍိတ-လယ်တီ (၁၂၈၈)
၄၅။ ပဋ္ဌာန်းအနုဂဏ္ဌိ၊ဦးကြီးဖေ-ပထမကျော် (၁၃၀၀)
၄၆။ ပဋ္ဌာန်းပါရဂူကျမ်း၊ရှင်နာရဒ၊မူလပဋ္ဌာန်းဆရာတော်

http://www.dhammadownload.com



၄၇။ ပဋ္ဌာန်းသုံးချက်စုခက်ဆစ်၊ရှင်ဝိသုဒ္ဓ၊ တောင်ခွင်သာသနာပိုင်
၄၈။ ပဋ္ဌာန်းပစ္စည်းပြိုင်အဓိပ္ပါယ် ။ ။
၄၉။ ပဋ္ဌာန်းသုံးချက်စုဂဏ္ဌိ၊ရှင်ကလျာဏဝံသ (၁၂၅၉)
၅၀ ( က )။ ပဋ္ဌာန်းပစ္စည်းပြိုင်ဂဏ္ဌိ ။
၅၀ ( ခ )။ ပဋ္ဌာနသရူပနယပဒေသကျမ်း-ရှင်သူရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် (၁၃၁၁)
၅၁။ ပဋ္ဌာန်းသင်နည်း အကျဉ်းချုပ်- ။ ။ (၁၃၁၅)
၅၂။ ပဋ္ဌာန်းအရကောက် အကျဉ်းချုပ်၊မစိုးရိမ်ညဝါအဖွဲ့။
၅၃။ ပဋ္ဌာန နယဒီပနီ၊ရှင်သောဘိတ (၁၃၁၄)
၅၄။ ပဋ္ဌာနသာရ ဝိဘာဝနီ၊ရှင်ဝိသဒ္ဒဉာဏ (၁၃၁၇)
၅၅။ ပဋ္ဌာန်းပုံပြင်၊ရှင်ဝိသုဒ္ဓ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဋ္ဌာန်းဆရာတော်၊ မစိုးရိမ် (၁၃၂၂)
၅၆။ ပစ္စယာကာရဒီပနီသံပေါက်၊ရှင်စက္ကိန္ဒ၊ ဆရာတော်ဦးဗုဓ် (၁၁၈၃)
၅၇။ ပစ္စယပကာသနီကျမ်း၊ ရှင်ကေတုမာလာ (၁၂၅၇)
၅၈။ ပစ္စယတ္ထပကာသနီကျမ်း၊ ဦးတိလောက၊ သေက္ကူတောင် (၁၂၇၅)
၅၉။ ပစ္စယဝိဘာဂသင်္ခေပကျမ်း၊ ရှင်ပညာဝံသ
၆၀။ ပစ္စယုဒ္ဒေသဒီပနီ၊ ရှင်ဝိစာရ၊ မြတောင်ဆရာတော် (၁၂၈၇)
၆၁။ ပစ္စယမဥ္ဇရီကျမ်း၊ ရှင်ပဏ္ဍိတ၊ (လယ်တီ ဦးမောင်ကြီး)
၆၂။ ညဝါတံခွန်ကျမ်း၊ ရှင်ဓမ္မသာမိ (၁၂၈၉)
၆၃။ အဘိဓမ္မာတံခွန်ကျမ်း၊ ရှင်အာဒိစ္စ၊ ဦးအုန်း‌ (၁၂၃၅)
၆၄။ ယမကဝီထိမဥ္ဇရီကျမ်း၊ ။ ။
၆၅။ အဘိဓမ္မာညဝါ လရောင်ကျမ်း၊ ရှင်ကောဝိဒ (၁၂၉၈)
၆၆။ ပိုင်တောင်းမိန်တောင်းကျမ်း၊ မသိ။
၆၇။ အဋ္ဌသာလိနီဂဏ္ဌိ၊ ရှင်ဉာဏဝရ၊ ကျော်အောင်စံထားဆရာတော် (၁၀၉၄)
၆၈။ အဋ္ဌသာလိနီဂဏ္ဌိ၊ ရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော် (၁၂၁၆-ခန့်)
၆၉။ အဋ္ဌသာလိနီဂဏ္ဌိ၊ ရှင်ဝိစာရိန္ဒ၊ ဒု-မင်းခင်းဆရာတော် (၁၂၈၀-ခန့်)
၇၀။ သမ္မောဟဝိနောဒနီဂဏ္ဌိ၊ ရွှေတောင်ဆရာတော်
၇၁။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ ရှင်ဉာဏဝရ၊ ကျော်အောင်စံထားဆရာတော် (၁၀၉၄)
၇၂။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ ရှင်ဇာဂရ၊ ဘုရားကြီးဆရာတော် (၁၂၀၅)
၇၃။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ ရှင်ဝရသမ္မောဓိ၊ ရေစကြိုဆရာတော် (၁၂၂၈)
၇၄။ အဘိဓမ္မတ္ထသင်္ဂြိုဟ်စုဒ်စောဒနာဂဏ္ဌိ၊ ရှင်သုဓမ္မာလင်္ကာရ၊ အလုံလေးထပ်ကြီးဆရာတော်
၇၅။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပုစ္ဆာကျမ်း၊ အမည်မသိ
၇၆။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပုစ္ဆာအဖြေ (ပုညက္ခမဒီပနီအဖြေဂဏ္ဌိ)၊ ရှင်အာစရ (၁၂၃၁)
၇၇။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိကျမ်းသစ်အကျဉ်း၊ ဦးတိဿ (၁၂၃၉)
၇၈။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းရိုးကြီး၊ ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်
၇၉။ အဘိဓမ္မတ္ထသင်္ဂြိုဟ်အကောက်၊ ရှင်ဓမ္မာဘိနန္ဒ၊ ပဌမဗားကရာဆရာတော်
၈၀။ အဘိဓမ္မတ္ထသင်္ဂြိုဟ်အကောက်၊ ရှင်သာဂရ၊ စတုတ္ထဆင်တဲဆရာတော်
၈၁။ အဘိဓမ္မတ္ထသင်္ဂြိုဟ်အကောက်၊ မြို့ပြင်ကြီးဆရာတော်

http://www.dhammadownload.com



၈၂။ အဘိဓမ္မတ္ထသင်္ဂဟ ဒီပကကျမ်း၊ ရှင်စန္ဒဝံသ၊ ဒု-မြို့ပြင်ကြီးဆရာတော် (၁၁၇၉-၁၂၆၃)
၈၃။ အဘိဓမ္မသမ္မောဟဝိနောဒနီ ဋီကာကျမ်း၊ ရှင်သာဂရ (ဆင်တဲ) ရှင်ပဏ္ဍဝါလင်္ကာရ၊ ရှင်နရိန္ဒ (ဆီးဘန်နီ) ရှင်စန္ဒဝံသ (မြို့ပြင်ကြီး)
၈၄။ အဘိဓမ္မတ္ထသင်္ခေပနယကျမ်း၊ ဦးဆိုးပုံ
၈၅။ အဘိဓမ္မတ္ထဒီပနီကျမ်း၊ ရှင်ကဝိန္ဒ (၁၁၉၀)
၈၆။ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိကျမ်း၊ ရှင်ဝိစာရ၊ မင်းကျောင်းဆရာတော် (၁၂၀၄-၁၃၀၁)
၈၇။ အဘိဓမ္မာဝတ္ထု-ဦးဖိုးစိန်၊ တည်းဖြတ်သူ (၁၂၂၀)
၈၈။ အဘိဓမ္မတ္ထသင်္ဂဟ၊ အနုဝိဘာဝနီကျမ်း၊ ရှင်နာရဒ (၁၂၄၀)
၈၉။ အဘိဓမ္မတ္ထသင်္ဂဟမဓုကျမ်း၊ ရှင်နာဂိန္ဒ (၁၂၄၆)
၉၀။ အဘိဓမ္မတ္ထသာရဒီပနီကျမ်း၊ ရှင်ကေတုမာလာ (၁၂၆၀-ခန့်)
၉၁။ အဘိဓမ္မတ္ထသင်္ဂဟပကာသနီကျမ်း၊ ရှင်ပဏ္ဍိစ္စ (၁၂၆၂)
၉၂။ အဘိဓမ္မတ္ထမဉ္ဇူရီ၊ ပြည်ဆရာတော်
၉၃။ အဘိဓမ္မာငါးစောင်တွဲ၊ ရှင်စန္ဒိမာ၊ စကားပင်ကျောင်းဆရာတော်
၉၄။ အဘိဓမ္မတ္ထသင်္ဂဟပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ရှင်အဂ္ဂဝံသ၊ ခေမာသီဝံဆရာတော် (၁၂၆၇)
၉၅။ အဘိဓမ္မတ္ထဒီပကကျမ်း၊ ရှင်ဉာဏဝံသ၊ ဗိုလ်ကုန်းဆရာတော် (၁၂၇၃)
၉၆။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ၊ ဦးတိလောက၊ သေကျတောင်ဆရာတော် (၁၂၇၃)
၉၇။ အဘိဓမ္မတ္ထသင်္ဂဟဂါထာယောဇနာအကျယ်ကောက်၊ ရှင်နန္ဒမာလာ (၁၂၇၆)
၉၈။ မြန်မာအဘိဓမ္မာကျမ်း၊ နိဗ္ဗိန္ဒဆရာတော်၊ ပြည်မြို့ (၁၂၈၈)
၉၉။ အဘိဓမ္မတ္ထပကာသနီကျမ်း၊ ညောင်ဖြူပင်ဆရာတော်၊ အလုံ (၁၂၉၀)
၁၀၀။ အဘိဓမ္မတ္ထနိယံကျမ်း၊ ရှင်ပရမ (၁၂၈၀)
၁၀၁။ အဘိဓမ္မတ္ထသင်္ဂဟသိင်္ဂီကျမ်း၊ ရှင်ပညာဝံသ (၁၂၉၆)
၁၀၂။ အဘိဓမ္မဂူဠတ္ထဒီပနီကျမ်း၊ မေဓာဝီ ဆရာဆိုင် (၁၃၀၁)
၁၀၃။ အဘိဓမ္မာနေရောင်ကျမ်း၊ ရှင်ကောဝိဒ
၁၀၄။ ကိုယ်ကျင့်အဘိဓမ္မာ၊ ရှင်ဇနကာဘိဝံသ
၁၀၅။ အဘိဓမ္မာလမ်းညွှန်၊ ရှင်ဥတ္တမာဘိဝံသ (၁၃၁၆)
၁၀၆။ ကူညီရေးအဘိဓမ္မာ၊ ရှင်ဓမ္မသာမိ (၁၃၁၆)
၁၀၇။ အဘိဓမ္မာဉာဏ်ရောင်ကျမ်း၊ ရှင်ကေသရမောဠိ (၁၃၁၇)
၁၀၈။ ရှေးဦးသင်အဘိဓမ္မာ၊ ဦးအောင်သိမ်း၊ ရန်ကုန်တက္ကသိုလ် (၁၃၁၈)
၁၀၉။ သဘောပြအဘိဓမ္မာ၊ ရှင်ပဏ္ဍိတ (၁၃၁၉)
၁၁၀။ အဘိဓမ္မာသင်တန်း၊ ဦးကံသာ
၁၁၁။ အဘိဓမ္မာအလွတ်ပညာ၊ ရှင်သံဝရ (၁၃၂၀)
၁၁၂။ ပရမတ္ထသူရကျမ်း၊ ရှင်ဓမ္မဝိလာသ (၁၃၃၂)
၁၁၃။ ပရမတ္ထမေဒနီကျမ်း၊ ရှင်တေဇောသာရ (၁၁၇၁)
၁၁၄။ ပရမတ္ထမေဒနီကျမ်းသစ်၊ ရှင်လက္ခဏ
၁၁၅။ ပရမတ္ထသင်္ခေပဘေဒနီကျမ်း၊ ရှင်ဝိသုဒ္ဓ၊ မဟာဝိသုဒ္ဓါရုံဆရာတော် (၁၂၄၅)
၁၁၆။ ပရမတ္ထရတနာဝဋ္ဋိ၊ မဟာဓမ္မသင်္ကြံ ချည်ပါရွာစား
၁၁၇။ ပရမတ္ထသံခိပ်ကျမ်း၊ ရှင်ဉာဏ၊ လယ်တီဆရာတော်

http://www.dhammadownload.com



၁၁၈။ ပရမတ္ထသရူပဒီပကကျမ်း၊ ရှင်ကေတုမာလာ (၁၂၆၂)
၁၁၉။ ပရမတ္ထစက္ကုကျမ်း၊ ဒီပဲရင်းဆရာတော် (၁၂၇၅)
၁၂၀။ ပရမတ္ထသံခိပ်ဋီကာ၊ ရှင်ပဏ္ဍိတ၊ (လယ်တီ ဦးမောင်ကြီး၊ မဟာဝိဇ္ဇာ)
၁၂၁။ ပရမတ္ထသံခိပ်အမေးအဖြေ
၁၂၂။ ပရမတ္ထခန္ဓာဒိနယဒီပနီ၊ ကျောင်းတော်ရာဆရာတော်၏ တပည့်
၁၂၃။ ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်း၊ ရှင်သဒ္ဓမ္မဇောတိပါလ (၁၂၈၈)
၁၂၄။ ပရမတ္ထဇောတိကျမ်း၊ ဟံသာဝတီဆရာတော် (၁၃၀၀)
၁၂၅။ ပရမတ္ထသင်္ဂဟသံပေါက်အဓိပ္ပါယ်၊ ရှင်အမတဇောတိ (၁၃၂၄)
၁၂၆။ ပဋ္ဌာနဒီပနီကျမ်း၊ ရှင်နရိန္ဒ၊ ဆုံထားဆရာတော် (၁၁၃၀)
၁၂၇။ ပဋ္ဌာနလီသပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ရှင်ကေတုမာလာ
၁၂၈။ ပဋိစ္စသမုပ္ပါဒနယဒီပနီကျမ်း၊ ရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော် (၁၂၄၅)
၁၂၉။ ပဋိစ္စသမုပ္ပါဒ်ဒီပနီ၊ ရှင်ဉာဏ၊ လယ်တီဆရာတော်
၁၃၀။ ပဋိစ္စသမုပ္ပါဒ်အရသာ၊ ရှင်အရိယ၊ ညောင်လေးပင်တောရ
၁၃၁။ ပဏ္ဍိတဝေဒနီယဒီပနီ၊ ဦးတိလောက၊ သေက္ခတောင်ဆရာတော် (၁၂၆၇)
၁၃၂။ ဝီထိလက်ရိုးကျမ်း၊ ရှင်ဉာဏ၊ တောင်တွင်း-ဦးဖျော် (၁၀၈၆-၁၁၂၄)
၁၃၃။ ဝီထိလက်ရိုးကျမ်း၊ ရှင်ဂုဏ၊ ရွှေတောင်ဆရာတော် (၁၀၉၂-၁၁၇၂)
၁၃၄။ ဝီထိလက်ရိုးကျမ်း၊ ရှင်သူရိယ၊ သဲအင်းသာသနာပိုင် (၁၁၂၅-၁၂၀၁)
၁၃၅။ ဝီထိလက်ဆန်း၊ လယ်တီဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ (ဦးဉာဏ)
၁၃၆။ ဝီထိစိတ္တပကာသနီ၊ ရှင်စက္ကိန္ဒ၊ ဆရာတော်ဦးဗုဓ် (၁၁၈၃)
၁၃၇။ (က) ဝီထိစိတ္တဝိကာသနီ၊ နေမျိုးဓမ္မကျော်သူ-ဦးဖား (၁၂၁၄-ခန့်)
၁၃၇။ (ခ) ဝိသယဆက္ကစိန္တာ (ဝီထိပိုင်း အာရုံ ၆-ပါး) နေမျိုးဓမ္မကျော်သူ-ဦးဖား(၁၂၁၄-ခန့်)
၁၃၈။ ဝီထိပုံ သိမ်ပုံ ဆန်းပုံကျမ်း၊ ရှင်ပဏ္ဍိတ၊ မိုင်းခိုင်းဆရာတော် (၁၂၃၆)
၁၃၉။ ရူပဝီထိပကာသနီကျမ်း၊ ရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော် (၁၂၄၅)
၁၄၀။ ဝီထိမဉ္ဇရီကျမ်း၊ ရှင်ပဏ္ဍိတ၊ (လယ်တီ ဦးမောင်ကြီး၊ မဟာဝိဇ္ဇာ)
၁၄၁။ ဝီထိသခေပဒီပနီကျမ်း၊ ရှင်သုဇာတ (၁၂၈၉)
၁၄၂။ ဝီထိမှန်ပြကျမ်း၊ ရှင်သီရိဝိမလ (၁၂၉၈)
၁၄၃။ ဝီထိနှင့်သုံးချက်စုဘာသာဋီကာ၊ ရှင်ဇနကာဘိဝံသ (၁၃၁၄)
၁၄၄။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း၊ ရှင်ဇာဂရ၊ ရွှေကျင်ဆရာတော် (၁၁၈၄-၁၂၅၅)
၁၄၅။ ဂမ္ဘီရတ္ထပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ရှင်ဝိလာသ၊တွင်းကြီးဆရာတော် (၁၂၁၆)
၁၄၆။ ဂူဠတ္ထဝိနိစ္ဆယကျမ်း၊ရှင်ဝိသုဒ္ဓ၊ တောင်ခွင်သာသနာပိုင် (၁၂၃၃)
၁၄၇။ တေတ္တိံသမပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ရှင်ကေတုမာလာ၊ စလင်းဆရာတော်
၁၄၈။ မနောရထပူရဏီကျမ်း၊ ရှင်မုနိန္ဒ၊ ကျီးသဲလေးထပ်ဆရာတော် (၁၂၃၅)
၁၄၉။ လက္ခဏာဒိပကာသနီကျမ်း၊ ရှင်သူရိယ (၁၂၈၉)
၁၅၀။ သရူပတ္ထသခေပကျမ်း၊ ရှင်ကောသလ္လာဘိဝံသ (၁၂၉၄)
၁၅၁။ သင်္ဂဟအမေးအဖြေ၊ ရှင်ဇောတိပါလ (၁၂၉၁)
၁၅၂။ သင်္ဂြိုဟ်အကောက် စကားပြေပုံကျမ်း၊ ရှင်ပညာ (၁၂၅၆)
၁၅၃။ အခြေပြုသင်္ဂြိုဟ်၊ ရှင်ဇနကာဘိဝံသ (၁၂၉၅)

http://www.dhammadownload.com



၁၅၄။ သင်္ဂြိုဟ်ဘာသာဋီကာ ရှင်း (၁၂၉၈)
၁၅၅။ သင်္ဂြိုဟ် (အင်္ဂလိပ်ဘာသာပြန်) ဦးရွှေဇံအောင်
၁၅၆။ သင်္ဂြိုဟ်အရသာ၊ ရှင်အရိယ၊ ညောင်လေးပင်တောရ (၁၃၀၀)
၁၅၇။ သင်္ဂဟဂုဋ္ဌတ္ထဝိသဇ္ဇနာကျမ်း၊ ရှင်ပုည (၁၃၀၀)
၁၅၈။ သင်္ဂဟနှင့်သဒ္ဒါပုစ္ဆာအဖြေပေါင်းချုပ်၊ ရှင်ကေသရမေဓာဝီ
၁၅၉။ သင်္ဂြိုဟ်ဋီကာကျော် အမေးအဖြေ၊ သီရိကဥ္စန (၁၃၀၂)
၁၆၀။ သင်္ဂြိုဟ်သင်တန်း၊ ရှင်ဝေပုလ္လ
၁၆၁။ မူလတန်းသင်္ဂြိုဟ်၊ ဦးကံသာ (၁၃၁၆)
၁၆၂။ ပခုက္ကူသင်္ဂြိုဟ်၊ ရှင်ရာဇိန္ဒ (၁၃၁၇)
၁၆၃။ သင်္ဂြိုဟ်ကိုးပိုင်းသရုပ်ခွဲဇယား၊ ရှင်နာရဒ၊ မူလပဌာန်း ဆရာတော် (၁၆၄)
၁၆၄။ သင်္ဂြိုဟ်အဓိပ္ပါယ်၊ ဒေါ်ခင်မြင့် (၁၃၃၅)
၁၆၅။ (က) သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်း၊ ဦးကျော်၊ ဆူးလေဘုရား၊ အဘိဓမ္မာပြန့်ပွါးရေး အသင်း ဥက္ကဋ္ဌ၊ (ပြာသိုလ-၁၃၂၆-၁၃၆၄)
၁၆၅။ (ခ) သင်္ဂြိုဟ်အင်္ဂလိပ်ဘာသာပြန်၊ ဦးရွှေဇံအောင်
၁၆၆။ ဋီကာကျော်ကဏ္ဍိ၊ ရှင်အာဒိစ္စဝံသ-ပဌမ ငါးခုန်ဆရာတော် (၁၁၆၉)
၁၆၇။ ဋီကာကျော်ကဏ္ဍိ၊ ရှင်ဝိစာရိန္ဒ၊ မင်းခင်းဆရာတော် (၁၂၈၀)
၁၆၈။ ဋီကာကျော်ကဏ္ဍိ၊ ရှင်နာယက (၁၃၁၂)
၁၆၉။ မစိုးရိမ်ဋီကာကျော်အဖြေ၊ ရှင်သုဇာတ (၁၃၁၅)
၁၇၀။ ဋီကာကျော် အနုဝိဘာဝနီ (ဂုဋ္ဌတ္ထဝိသဇ္ဇနာ)၊ တက္ကသိုလ်ဆရာတော်၊ လက်ပံတန်း (၁၃၁၈)
၁၇၁။ အဖေဂ္ဂုသာရဒီပနီအမေးအဖြေ၊ ရှင်နရိန္ဒ၊ ဆုံထားဆရာတော်
၁၇၂။ ဖလဋ္ဌဘေဒဒီပနီ၊ မြို့ပြင်ကြီးဆရာတော် အသျှင်စန္ဒဝံသ
၁၇၃။ ဒိဋ္ဌိဘေဒပကာသနီ၊ ။ ။
၁၇၄။ ကုက္ကုစ္စဝိနိစ္ဆယ၊ ။ ။

ဤသို့လျှင် မြန်မာပြည်ပြု အဘိဓမ္မာကျမ်းတို့မှာ ပါဠိဘာသာဖြင့် ၄၃-ကျမ်း၊ နိသျနှင့် မြန်မာပြန် ၁၁၂-ကျမ်း၊ အထွေထွေ ၁၇၈- ကျမ်းအားဖြင့် စုစုပေါင်း ၃၃၃-ကျမ်းမျှ ရှိပေသည်။ ထိုပြင် ပါဠိတော် ၇-ကျမ်းနှင့် သီဟိုဠ်ကျွန်းမှ ပြုစုသည့် အဘိဓမ္မာ အဋ္ဌကထာဋီကာ ၂၆-ကျမ်း တို့ကိုလည်း မြန်မာနိုင်ငံတွင် ယနေ့အထိ သင်ယူပို့ချခြင်း ကြည့်ရှုလေ့လာခြင်းအားဖြင့် အသုံးပြု လျက်ရှိပေသတည်း။

http://www.dhammadownload.com



## ဓမ္မသက်ဏ်ကျိုးမြန်မာပြန် ပဋိစိစိသော ကဆရာတော်များ

၁။ ဦးဝိသုဒ္ဓါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ပဌာန်းဆရာတော်၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့။

၂။ ဦးဉာဏဝံသ၊ စာချ နာယကဆရာတော်၊ ဝိနယနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေး။

၃။ ဦးပညာသာမိ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ မစိုးရိမ်တိုက် မန္တလေး။

## ဩသာနဆရာတော်များ

၁။ ဦးဝိသုဒ္ဓါဘိဝံသ ( အဂ္ဂမဟာပဏ္ဍိတ )၊ ပဌာန်းဆရာတော်၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေး။

၂။ ဦးနန္ဒိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဟသ်ာတ။

၃။ ဦးတိလောကသာရ၊ ရွှေစာရံကျောင်းတိုက်၊ ပေါင်းတလည်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

### ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ကျမ်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာတိကာ (ခေါင်းစဉ်) .... .... .... | ၁ – ၂၆ |
| | (က) တိက မာတိကာ .... .... .... | ၁ – ၆ |
| | (ခ) ဒုက မာတိကာ .... .... .... | ၆ – ၂၀ |
| | (၁) ဟေတုဂေါစ္ဆက .... .... | ၆ – ၇ |
| | (၂) စူဠန္တရဒုက် .... .... .... | ၇ – ၈ |
| | (၃) အာသဝဂေါစ္ဆက .... .... | ၈ – ၉ |
| | (၄) သညောဇနဂေါစ္ဆက .... .... | ၉ – ၁၀ |
| | (၅) ဂန္ထဂေါစ္ဆက .... .... | ၁၀ – |
| | (၆) ဩဃဂေါစ္ဆက .... .... | ၁၁ – |
| | (၇) ယောဂဂေါစ္ဆက .... .... | ၁၁ – ၁၂ |
| | (၈) နီဝရဏဂေါစ္ဆက .... .... | ၁၂ – ၁၃ |
| | (၉) ပရာမာသဂေါစ္ဆက .... .... | ၁၃ – ၁၄ |
| | (၁၀) မဟန္တရဒုက် .... .... | ၁၄ – ၁၆ |
| | (၁၁) ဥပါဒါနဂေါစ္ဆက .... .... | ၁၆ – ၁၇ |
| | (၁၂) ကိလေသဂေါစ္ဆက .... .... | ၁၇ – ၁၈ |
| | (၁၃) ပိဋ္ဌိဒုက် .... .... .... | ၁၈ – ၂၀ |
| | (ဂ) သုတ္တန္တိက ဒုကမာတိကာ .... .... | ၂၀ – ၂၆ |
| ၁ | စိတ္တုပ္ပါဒကဏ္ဍ=စိတ်ပိုင်း စေတသိက်ပိုင်း .... .... | ၂၇ – ၂၂၃ |
| | (က) ကုသလပဒဘာဇနီ=ကုသိုလ်တရားစုကို ဝေဖန်ခြင်း | ၂၇ – ၁၄၃ |
| | ကာမာဝစရကုသိုလ်.... .... .... | ၂၇ – ၆၇ |
| | ရူပါဝစရကုသိုလ် .... .... .... | ၆၇ – ၁၀၅ |
| | အရူပါဝစရကုသိုလ် .... .... .... | ၁၀၅ – ၁၀၆ |
| | တေဘူမကကုသိုလ် .... .... .... | ၁၀၆ – ၁၁၄ |
| | လောကုတ္တရာကုသိုလ် .... .... | ၁၁၄ – ၁၄၃ |
| | (ခ) အကုသလပဒဘာဇနီ=အကုသိုလ်တရားစုကို ဝေဖန်ခြင်း | ၁၄၃ – ၁၆၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဂ) | အဗျာကတပဒဘာဇနီ=ကုသိုလ် အကုသိုလ်အဖြစ် မဟောကြားမူ၍ တမျိုးတခြားအားဖြင့် ဟောကြားသော တရားစုကို ဝေဖန်ခြင်း .... .... | ၁၆၆ – ၂၂၃ |
| | ဝိပါက်စိတ် .... .... .... | ၁၆၆ – ၂၁၆ |
| | ကြိယာစိတ် .... .... .... | ၂၁၆ – ၂၂၃ |
| ၂ | ရူပကဏ္ဍ=ရုပ်ပိုင်း .... .... .... | ၂၂၅ – ၃၆၅ |
| (က) | မာတိကာ .... .... .... | ၂၂၅ – ၂၅၈ |
| | ဧကက=တခုအားဖြင့် ရေတွက်ခြင်း .... | ၂၂၅ – ၂၂၇ |
| | ဒုက=နှစ်မျိုးအားဖြင့် ဟောကြားခြင်း .... | ၂၂၇ – ၂၃၃ |
| | တိက=သုံးမျိုးအားဖြင့် ဟောကြားခြင်း .... | ၂၃၄ – ၂၄၆ |
| | စတုက္က=လေးမျိုးအားဖြင့် ဟောကြားခြင်း .... | ၂၄၆ – ၂၅၄ |
| | ပဥ္စက=ငါးမျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၄ – ၂၅၅ |
| | ဆက္က=ခြောက်မျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၅ – |
| | သတ္တက=ခုနစ်မျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၅ – |
| | အဋ္ဌက=ရှစ်မျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၆ – |
| | နဝက=ကိုးမျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၆ – ၂၅၇ |
| | ဒသက=ဆယ်မျိုးအားဖြင့် ဟောကြားခြင်း .... | ၂၅၇ – ၂၅၈ |
| | ဧကာဒသက=တဆယ့်တမျိုးအားဖြင့် ဟောကြားခြင်း | ၂၅၈ – |
| (ခ) | ရူပဝိဘတ္တိ=ရုပ်ကို ဝေဖန်ခြင်း .... .... | ၂၅၉ – ၃၆၅ |
| | ဧကကနိဒ္ဒေသ=တခုစီအကျယ်ပြခြင်း .... | ၂၅၉ – ၂၆၁ |
| | ဒုကနိဒ္ဒေသ=နှစ်ခုစီအကျယ်ပြခြင်း .... | ၂၆၁ – ၃၀၀ |
| | တိကနိဒ္ဒေသ=သုံးခုစီအကျယ်ပြခြင်း .... | ၃၀၀ – ၃၃၅ |
| | စတုက္ကနိဒ္ဒေသ=လေးခုစီအကျယ်ပြခြင်း .... | ၃၃၅ – ၃၅၉ |
| | ပဥ္စကနိဒ္ဒေသ=ငါးခုစီအကျယ်ပြခြင်း .... | ၃၅၉ – ၃၆၀ |
| | ဆက္ကနိဒ္ဒေသ=ခြောက်ခုစီအကျယ်ပြခြင်း .... | ၃၆၀ – ၃၆၁ |
| | သတ္တကနိဒ္ဒေသ=ခုနစ်ခုစီအကျယ်ပြခြင်း .... | ၃၆၁ – |
| | အဋ္ဌကနိဒ္ဒေသ=ရှစ်ခုစီအကျယ်ပြခြင်း .... | ၃၆၁ – ၃၆၂ |
| | နဝကနိဒ္ဒေသ=ကိုးခုစီအကျယ်ပြခြင်း .... | ၃၆၂ – ၃၆၃ |
| | ဒသကနိဒ္ဒေသ=ဆယ်ခုစီအကျယ်ပြခြင်း .... | ၃၆၃ – ၃၆၄ |
| | ဧကာဒသကနိဒ္ဒေသ=တဆယ့်တခုစီအကျယ်ပြခြင်း | ၃၆၄ – ၃၆၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃-နိက္ခေပကဏ္ဍ=မူလခန္ဓာစသည်ဖြင့် ချထားဝေဖန်၍ ပြခြင်း .... | | ၃၆၇ - ၅၀၄ |
| (က) | တိကနိက္ခေပ=သုံးဘိုသုံးစုအားဖြင့် ချထားဝေဖန်၍ ပြခြင်း | ၃၆၇ - ၃၈၉ |
| (ခ) | ဒုကနိက္ခေပ=နှစ်ဘိုနှစ်စုအားဖြင့် ချထားဝေဖန်၍ ပြခြင်း | ၃၉၀ - ၄၇၈ |
| (၁) | ဟေတုဂေါစ္ဆက .... .... | ၃၉၀ - ၄၀၀ |
| (၂) | စူဠန္တရဒုက် .... .... .... | ၄၀၁ - ၄၀၅ |
| (၃) | အာသဝဂေါစ္ဆက .... .... | ၄၀၅ - ၄၁၀ |
| (၄) | သညောဇနဂေါစ္ဆက .... .... | ၄၁၁ - ၄၁၉ |
| (၅) | ဂန္ထဂေါစ္ဆက .... .... | ၄၁၉ - ၄၂၆ |
| (၆) | ဩဃဂေါစ္ဆက .... .... | ၄၂၆ - |
| (၇) | ယောဂဂေါစ္ဆက .... .... | ၄၂၆ - |
| (၈) | နီဝရဏဂေါစ္ဆက .... .... | ၄၂၇ - ၄၃၄ |
| (၉) | ပရာမာသဂေါစ္ဆက .... .... | ၄၃၄ - ၄၃၇ |
| (၁၀) | မဟန္တရဒုက် .... .... .... | ၄၃၇ - ၄၄၄ |
| (၁၁) | ဥပါဒါနဂေါစ္ဆက .... .... | ၄၄၄ - ၄၅၀ |
| (၁၂) | ကိလေသဂေါစ္ဆက .... .... | ၄၅၀ - ၄၆၅ |
| (၁၃) | ပိဋ္ဌိဒုက် .... .... .... | ၄၆၅ - ၄၇၈ |
| (ဂ) | သုတ္တန္တိကဒုကနိက္ခေပ .... .... | ၄၇၉ - ၅၀၄ |
| ၄-အဋ္ဌကထာကဏ္ဍ=ပိဋကသုံးပုံဟူသော မြတ်စွာဘုရားစကားတော်တို့၏ အနက်ကို ဆိုရာအပိုင်း .... .... | | ၅၀၅ - ၅၇၅ |
| (က) | တိကအတ္ထုဒ္ဓါရ=သုံးခုပြု၍ ဟောအပ်သော တရားတို့၏ အရကောက်ကို ထုတ်ပြခြင်း .... .... | ၅၀၅ - ၅၂၃ |
| (ခ) | ဒုကအတ္ထုဒ္ဓါရ=နှစ်ခုပြု၍ ဟောအပ်သောတရားတို့၏ အရကောက်ကို ထုတ်ပြခြင်း .... .... | ၅၂၄ - ၅၇၅ |
| (၁) | ဟေတုဂေါစ္ဆက .... .... | ၅၂၄ - ၅၂၈ |
| (၂) | စူဠန္တရဒုက် .... .... .... | ၅၂၈ - ၅၃၁ |
| (၃) | အာသဝဂေါစ္ဆက ... .... | ၅၃၁ - ၅၃၅ |
| (၄) | သညောဇနဂေါစ္ဆက .... .... | ၅၃၅ - ၅၃၉ |
| (၅) | ဂန္ထဂေါစ္ဆက .... .... | ၅၃၉ - ၅၄၃ |
| (၆) | ဩဃဂေါစ္ဆက .... .... | ၅၄၃ - |
| (၇) | ယောဂဂေါစ္ဆက .... .... | [illegible] - |

http://www.dhammadownload.com



## ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်


ဦးရေ — အကြောင်းအရာ — စာမျက်နှာ


(၈) နိဝရဏဂေါစ္ဆက .... .... ၅၄၃ – ၅၄၆
(၉) ပရာမာသဂေါစ္ဆက .... .... ၅၄၆ – ၅၄၉
(၁၀) မဟန္တရဒုက် .... .... ၅၄၉ – ၅၅၅
(၁၁) ဥပါဒါနဂေါစ္ဆက .... .... ၅၅၅ – ၅၅၈
(၁၂) ကိလေသဂေါစ္ဆက .... .... ၅၅၉ – ၅၆၃
(၁၃) ပိဋ္ဌိဒုက် ... .... .... ၅၆၃ – ၅၇၅


ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ကျမ်း မာတိကာ ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

ခန္ဓာ　　　　　　　　　　မန-စိတ်　　　　　　　　　　ဓမ္မ

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| …ခန္ဓ | သညာက္ခန္ဓ | သင်္ခါရက္ခန္ဓ | ဝိညာဏက္ခန္ဓ | မနာယတန | မနိန္ဒြိယ | မနောဝိညာဏ ဓာတု | ဓမ္မာယတန | ဓမ္မဓာတု | ယေဝါပနက | ၂၄ |

အာယတန　　　　　　ဓာတ်　　　　　　အာယတန　　　　　　ဓာတ်

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဝေဒနာက္ခန္ဓ | သညာက္ခန္ဓ | သင်္ခါရက္ခန္ဓ | ဝိညာဏက္ခန္ဓ | မနာယတန | မနိန္ဒြိယ | မနောဝိညာဏ ဓာတု | ဓမ္မာယတန | ဓမ္မဓာတု | ယေဝါပနက | ၂၅ |

http://www.dhammadownload.com

ရူပါဝစရကုသိုလ်စျာန်

| | | | | | |
|---|---|---|---|---|---|
| ကသိဏစျာန် ၈-ပါး | အဘိဘာယတနစျာန် ၈-ပါး | ဝိမောက္ခစျာန် ၃-ပါး | ဗြဟ္မဝိဟာရစျာန် ၄-ပါး | အသုဘစျာန် | ၅-ပါး |

ကသိဏစျာန် ၈-မျိုး

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပထဝီကသိုဏ်း | အာပေါကသိုဏ်း | တေဇောကသိုဏ်း | ဝါယောကသိုဏ်း | နီလ ကသိုဏ်း | ပီတကသိုဏ်း | လောဟိတ ကသိုဏ်း | ဩဒါတကသိုဏ်း | ၈-ပါး |


စတုက္ကနည်း — ပဉ္စကနည်း

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပဌမစျာန် | ဒုတိယစျာန် | တတိယစျာန် | စတုတ္ထစျာန် | ပဌမစျာန် | ဒုတိယစျာန် | တတိယစျာန် | စတုတ္ထစျာန် | ပဉ္စမစျာန် | ၉-ပါး |

| | | | |
|---|---|---|---|
| သုဒ္ဓ | ပဋိပဒါလေးပါး | အာရုံလေးပါး | ပဋိပဒါနှင့်အာရုံရောသော ( ၁၆ ) ပါးနည်း (သောဠသကက္ခတ္တုက) |

၁-စျာန်သက်သက်.... .... .... ၉
၂-ပဋိပဒါလေးပါးနှင့်မြောက် ၉ × ၄— ၃၆
၃-အာရုံလေးပါးနှင့်မြောက် ၉ × ၄— ၃၆
၄-ပဋိပဒါအာရုံရောသောနည်း ၉ × ၁၆—၁၄၄
ပေါင်း ပဌမစျာန်ပေါင်း .... — ၂၂၅-ပါးဖြစ်သတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

•

ကောဋ္ဌာသဝါရ

| ဥဒ္ဒေသ | နိဒ္ဒေသ |
|---|---|

ဖဿပဥ္စမက

| ခန္ဓ | အာယတန | ဓာတု | အာဟာရ | ဣန္ဒြိယ | ဈာန | မဂ္ဂ | ဗလ | ဟေတု | ဖဿ | ဝေဒနာ | သညာ | စေတနာ | စိတ္တ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|


၀

သုညတဝါရ


| ဥဒ္ဒေသ | နိဒ္ဒေသ |
|---|---|

| ဓမ္မ | ခန္ဓ | အာယတန | ဓာတု | အာဟာရ | ဣန္ဒြိယ | ဈာန | မဂ္ဂ | ဗလ | ဟေတု | ဖဿ | ဝေဒနာ | သညာ | စေတနာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|


http://www.dhammadownload.com




http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

အဘိဓမ္မာပိဋက

# ဓမ္မသင်္ဂဏီပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မာတိကာ (ခေါင်းစဉ်)

### (က) တိကမာတိကာ

၁။ ကုသလတိက်—

(၁) (အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော) ကုသိုလ်တရားများ၊ (၁-၃၆၄၊ ၉၈၅၊ ၁၃၈၄)။

(၂) (အပြစ်နှင့်တကွဖြစ်ခြင်း မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော) အကုသိုလ်တရားများ၊ (၃၆၅-၄၃၀၊ ၉၈၆၊ ၁၃၈၅)။

(၃) ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော (ဝိပါက် ကြိယာ ရုပ် နိဗ္ဗာန် ဟူသော) အဗျာကတ တရားများ၊ (၄၃၁-၉၈၄၊ ၉၈၇၊ ၁၃၈၆)။

၂။ ဝေဒနာတိက်—

(၁) ချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့် ယှဉ်သော တရားများ၊ (၉၈၈၊ ၁၃၈၇)။

(၂) ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့် ယှဉ်သော တရားများ၊ (၉၈၉၊ ၁၃၈၈)။

(၃) ဆင်းရဲချမ်းသာမဟုတ် အလယ်အလတ် ခံစားမှု 'အဒုက္ခမသုခဝေဒနာ' နှင့် ယှဉ်သော တရားများ၊ (၉၉၀၊ ၁၃၈၉)။

http://www.dhammadownload.com



၃။ ဝိပါကတိက်—

(၁) အကျိုး 'ဝိပါက်' တရားများ၊ (၉၉၁၊ ၁၃၉၀)။

(၂) အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်းသဘောရှိသော တရားများ၊ (၉၉၂၊ ၁၃၉၁)။

(၃) အကျိုး 'ဝိပါက်' လည်း မဟုတ် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော ရှိသည်လည်း မဟုတ်သော တရားများ၊ (၉၉၃၊ ၁၃၉၂)။

၄။ ဥပါဒိန္နတိက်—

(၁) (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည်(အကျိုး 'ဝိပါက်' ၏ အဖြစ်ဖြင့်)စွဲယူလည်း စွဲယူအပ်ကုန်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒါန် တရားတို့၏ အာရုံလည်း ဖြစ်ကုန်သော တရားများ၊ (တဏှာဒိဋ္ဌိဟူသော ဥပါဒါန် ဦးစီးသည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါးလည်း ဖြစ်သော လောကီဝိပါက်နှင့် ကမ္မဇရုပ်တရားများ)၊ (၉၉၄၊ ၁၃၉၃)။

(၂) (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် (အကျိုး 'ဝိပါက်' ၏ အဖြစ်ဖြင့်) မစွဲယူအပ်ကုန်မူ၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အာရုံသာ ဖြစ်ကုန်သော တရားများ၊ (တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့် ကံ၏ အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစီးအပွါးသာဖြစ်သော လောကီကုသိုလ် အကုသိုလ်ကြိယာနှင့် စိတ်, ဥတု, အာဟာရဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သော တိဇရုပ် တရားများ)၊ (၉၉၅၊ ၁၃၉၄)။

(၃) (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် (အကျိုး 'ဝိပါက်' ၏အဖြစ်ဖြင့်) မစွဲယူလည်း မစွဲယူအပ်ကုန် လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်း မဟုတ်ကုန်သော တရားများ၊ (တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့် ကံ၏ အကျိုးလည်းမဟုတ် ဥပါဒါန်တို့၏ အစီးအပွါးလည်း မဟုတ်သော လောကုတ္တရာတရားများ)၊ (၉၉၆၊ ၁၃၉၅)။

၅။ သံကိလိဋ္ဌတိက်—

(၁) ပူပန်စေတတ် နှိပ်စက်တတ်သော ( ကိလေသာ ) တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော (ကိလေသာ) တရားတို့ကို (ရခြင်းငှါ)ထိုက်သော တရားများ၊ (ကိလေသာတရားတို့၏ လွှမ်းမိုး ဖိစီးမှုကိုလည်း ခံရ၍ ကိလေသာတို့၏ အာရုံလည်းဖြစ်သော အကုသိုလ်တရား များ)၊ (၉၉၇၊ ၁၃၉၆)။

(၂) ပူပန်စေတတ် နှိပ်စက်တတ်သော (ကိလေသာ)တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်မူ၍ ပူပန်စေတတ် နှိပ်စက်တတ်သော (ကိလေသာ)တရားတို့ကို (ရခြင်းငှါသာ)ထိုက်သော တရားများ၊ (ကိလေသာတရားတို့၏ လွှမ်းမိုး ဖိစီးမှု ကိုကား မခံရ ကိလေသာတို့၏ အာရုံသာဖြစ်သော လောကီကုသိုလ် လောကီ ဝိပါက် ကြိယာနှင့် ရုပ်တရားများ)၊ (၉၉၈၊ ၁၃၉၇)။

http://www.dhammadownload.com



(၃) ပူပန်စေတတ် နှိပ်စက်တတ်သော (ကိလေသာ)တရားတို့သည် ပူပန်လည်း မပူပန်စေအပ် နှိပ်စက်လည်း မနှိပ်စက်အပ်ကုန်မူ၍ ပူပန်စေတတ် နှိပ်စက်တတ်သော (ကိလေသာ)တရားတို့ကို (ရခြင်းငှါ) ထိုက်လည်း မထိုက်သော တရားများ၊ (ကိလေသာတရားတို့၏ လွှမ်းမိုး ဖိစီးမှုကိုလည်း မခံရ ကိလေသာတို့၏ အာရုံလည်းမဖြစ်သော လောကုတ္တရာတရားများ)၊ (၉၉၉၊ ၁၃၉၈)။

**၆။ ဝိတက္ကတိက်—**

(၁) ကြံစည်မှု 'ဝိတက်' နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ' နှင့်လည်း တကွဖြစ်သော တရားများ၊ (၁၀၀၀၊ ၁၃၉၉)။

(၂) ကြံစည်မှု 'ဝိတက်' ကား မရှိ၊ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော တရားများ၊ (၁၀၀၁၊ ၁၄၀၀)။

(၃) ကြံစည်မှု 'ဝိတက်' လည်း မရှိ၊ သုံးသပ်မှု 'ဝိစာရ' လည်း မရှိသော တရားများ၊ (၁၀၀၂၊ ၁၄၀၁)။

**၇။ ပီတိတိက်—**

(၁) နှစ်သက်မှု 'ပီတိ' နှင့်တကွဖြစ်သော တရားများ၊ (၁၀၀၃၊၁၄၀၂)။

(၂) ချမ်းသာမှု 'သုခ' နှင့်တကွဖြစ်သော တရားများ၊ (၁၀၀၄၊၁၄၀၃)။

(၃) လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွဖြစ်သော တရားများ၊ (၁၀၀၅၊၁၄၀၄)။

**၈။ ဒဿနတိက်—**

(၁) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားများ၊ (၁၀၀၆၊၁၄၀၅)။

(၂) အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော တရားများ၊ (၁၀၁၁၊၁၄၀၆)။

(၃) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သည်လည်း မဟုတ်သော တရားများ၊ (၁၀၁၂၊၁၄၀၇)။

**၉။ ဒဿနဟေတုတိက်—**

(၁) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' ရှိသော တရားများ၊ (၁၀၁၃၊၁၄၀၈)။

(၂) အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' ရှိသော တရားများ၊ (၁၀၁၈၊၁၄၀၉)။

(၃) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' ရှိသည်လည်း မဟုတ်သော တရားများ၊ (၁၀၁၉၊၁၄၁၀)။

http://www.dhammadownload.com



၁၀။ အာစယဂါမိတိက်—

(၁) ပဋိသန္ဓေ စုတိသို့ရောက်ကြောင်းဖြစ်သော တရားများ၊ (၁၀၂၀၊၁၄၁၁)။

(၂) နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားများ၊ (၁၀၂၁၊၁၄၁၂)။

(၃) ပဋိသန္ဓေ စုတိသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော တရားများ၊ (၁၀၂၂၊၁၄၁၃)။

၁၁။ သေက္ခတိက်—

(၁) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော တရားများ၊ (၁၀၂၃၊၁၄၁၄)။

(၂) အသေက္ခ 'ရဟန္တာ' ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော တရားများ၊ (၁၀၂၄၊၁၄၁၅)။

(၃) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်၊ အသေက္ခ 'ရဟန္တာ' ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ်သော တရားများ၊ (၁၀၂၅၊၁၄၁၆)။

၁၂။ ပရိတ္တတိက်—

(၁) နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရားများ၊ (ကာမတရားများ)၊ (၁၀၂၆၊ ၁၄၁၇)။

(၂) ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' တရားများ၊ (၁၀၂၇၊ ၁၄၁၈)။

(၃) နှိုင်းယှဉ်မှုကိုပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက် 'အပ္ပမာဏ' တရားများ၊ (၁၀၂၈၊ ၁၄၁၉)။

၁၃။ ပရိတ္တာရမ္မဏတိက်—

(၁) နည်းပါးသော အာနုဘော်ရှိသောတရားလျှင် အာရုံရှိသောတရားများ၊ (၁၀၂၉၊ ၁၄၂၀)။

(၂) ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သောတရားလျှင် အာရုံရှိသောတရားများ၊ (၁၀၃၀၊ ၁၄၂၁)။

(၃) နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၃၁၊ ၁၄၂၂)။

၁၄။ ဟီနတိက်—

(၁) ယုတ်ညံ့သော 'ဟီန' တရားများ၊ (၁၀၃၂၊ ၁၄၂၃)။

(၂) အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားများ၊ (၁၀၃၃၊ ၁၄၂၄)။

(၃) မွန်မြတ်သော 'ပဏီတ' တရားများ၊ (၁၀၃၄၊ ၁၄၂၅)။

http://www.dhammadownload.com



**၁၅။ မိတ္တတ္တိကံ—**

(၁) ဖောက်ပြန်သောသဘောရှိကုန်၍ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသောတရားများ၊ (၁၀၃၅၊ ၁၄၂၆)။

(၂) မဖောက်ပြန်သောသဘောရှိကုန်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသောတရားများ၊ (၁၀၃၆၊ ၁၄၂၇)။

(၃) (နှစ်ပါးသော အခြင်းအရာဖြင့်) အကျိုးပေး မမြဲသောတရားများ၊ (၁၀၃၇၊ ၁၄၂၈)။

**၁၆။ မဂ္ဂါရမ္မဏတိကံ—**

(၁) မဂ်တည်းဟူသော အာရုံရှိသောတရားများ၊ (၁၀၃၈၊ ၁၄၂၉)။

(၂) မဂ်တည်းဟူသော အကြောင်းရင်း'ဟိတ်'ရှိသော တရားများ၊ (၁၁၃၉၊၁၄၂၉)။

(၃) မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ' ရှိသောတရားများ၊ (၁၀၄၀၊၁၄၂၉)။

**၁၇။ ဥပ္ပန္နတိကံ—**

(၁) ဥပါဒ်ဌီဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သောတရားများ၊ (၁၀၄၁၊ ၁၄၃၀)။

(၂) ဥပါဒ်ဌီဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ရောက်ပြီးလည်းမဟုတ် ရောက်ဆဲလည်း မဟုတ်သော တရားများ၊ (၁၀၄၂၊ ၁၄၃၀)။

(၃) မချွတ်ကေန်ဖြစ်လတ္တံ့သော (ဝိပါက်ကမ္မဇရုပ်) တရားများ၊ (၁၀၄၃၊ ၁၄၃၀)။

**၁၈။ အတီတတိကံ—**

(၁) ဥပါဒ်စသော ခဏသုံးပါးသို့ ရောက်၍ လွန်သွားသော 'အတိတ်' တရားများ၊ (၁၀၄၄၊ ၁၄၃၁)။

(၂) ဥပါဒ်စသော ခဏသုံးပါးသို့ မရောက်သေးသော 'အနာဂတ်' တရားများ၊ (၁၀၄၅၊ ၁၄၃၁)။

(၃) ထိုထိုအကြောင်းကိုစွဲ၍ ဖြစ်ပေါ်နေသော 'ပစ္စုပ္ပန်'တရားများ၊ (၁၀၄၆၊ ၁၄၃၁)။

**၁၉။ အတီတာရမ္မဏတိကံ—**

(၁) အတိတ်တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၄၇၊ ၁၄၃၂)။

(၂) အနာဂတ်တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၄၈၊ ၁၄၃၃)။

(၃) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၄၉၊ ၁၄၃၄)။

http://www.dhammadownload.com



၂၀။ **အဇ္ဈတ္တတိက်—**

(၁) အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော တရားများ၊ (၁၀၅၀၊ ၁၄၃၅)။

(၂) အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားများ၊ (၁၀၅၁၊ ၁၄၃၅)။

(၃) အတွင်းအပ'အဇ္ဈတ္တ-ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားများ၊ (၁၀၅၂၊ ၁၄၃၅)။

၂၁။ **အဇ္ဈတ္တာရမ္မဏတိက်—**

(၁) အတွင်း'အဇ္ဈတ္တ'တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၅၃၊ ၁၄၃၆)။

(၂) အပ'ဗဟိဒ္ဓ'တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၅၄၊ ၁၄၃၇)။

(၃) အတွင်းအပ'အဇ္ဈတ္တ-ဗဟိဒ္ဓ' တရားလျှင် အာရုံရှိသော တရားများ၊ (၁၀၅၅၊ ၁၄၃၇)။

၂၂။ **သနိဒဿနတိက်—**

(၁) မြင်ခြင်းနှင့်လည်း တကွ ထိပါးခြင်းနှင့်လည်း တကွဖြစ်သော တရားများ၊(၁၀၅၆၊ ၁၄၃၈)။

(၂) မြင်ခြင်းကား မရှိ ထိပါးခြင်းနှင့်သာ တကွဖြစ်သော တရားများ၊ (၁၀၅၇၊ ၁၄၃၉)။

(၃) မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်းမရှိသော တရားများ၊ (၁၀၅၈၊ ၁၄၄၀)။

**တိကမာတိကာ ပြီးပြီ။**

---

## (ခ) ဒုကမာတိကာ

## ၁-ဟေတုဂေါစ္ဆက

၁ (၁)။ **ဟေတုဒုက်—**

(၁) အကြောင်းရင်း'ဟိတ်'မည်သော တရားများ၊ (၁၀၅၉၊ ၁၀၇၇၊ ၁၄၄၁)။

(၂) အကြောင်းရင်း'ဟိတ်'မမည်သော တရားများ၊ (၁၀၇၈၊ ၁၄၄၂)။

၂ (၂)။ **သဟေတုကဒုက်—**

(၁) အကြောင်းရင်း'ဟိတ်' ရှိသော တရားများ၊ (၁၀၇၉၊ ၁၄၄၃)။

(၂) အကြောင်းရင်း 'ဟိတ်' မရှိသော တရားများ၊ (၁၀၈၀၊ ၁၄၄၄)။

၃ (၃)။ **ဟေတုသမ္ပယုတ္တဒုက်—**

(၁) အကြောင်းရင်း'ဟိတ်' နှင့် ယှဉ်သောတရားများ၊ (၁၀၈၁၊၁၄၄၅)။

(၂) အကြောင်းရင်း'ဟိတ်'နှင့် မယှဉ်သောတရားများ၊ (၁၀၈၂၊၁၄၄၆)။

http://www.dhammadownload.com



၄ (၄)။ ဟေတု သဟေတုကဒုက်—

(၁) အကြောင်းရင်း 'ဟိတ်'လည်း မည် အကြောင်းရင်း'ဟိတ်' လည်းရှိသော တရားများ၊ (၁၀၇၃၊၁၄၄၇)။

(၂) အကြောင်းရင်း 'ဟိတ်'သာ ရှိ၍ အကြောင်းရင်း 'ဟိတ်' မမည်သော တရားများ၊ (၁၀၇၄၊၁၄၄၈)။

၅ (၅)။ ဟေတု ဟေတုသမ္ပယုတ္တဒုက်—

(၁) အကြောင်းရင်း 'ဟိတ်' လည်းမည် အကြောင်းရင်း 'ဟိတ်' နှင့်လည်း ယှဉ်သော တရားများ၊ (၁၀၇၅၊၁၄၄၉)။

(၂) အကြောင်းရင်း 'ဟိတ်' နှင့်သာ ယှဉ်၍ အကြောင်းရင်း 'ဟိတ်' မမည်သော တရားများ၊ (၁၀၇၆၊၁၄၅၀)။

၆ (၆)။ နဟေတု သဟေတုကဒုက်—

(၁) အကြောင်းရင်း 'ဟိတ်' မမည်သော်လည်း အကြောင်းရင်း 'ဟိတ်' ရှိသော တရားများ၊ (၁၀၇၇၊၁၄၅၁)။

(၂) အကြောင်းရင်း 'ဟိတ်' လည်း မမည် အကြောင်းရင်း 'ဟိတ်' လည်း မရှိသော တရားများ၊ (၁၀၇၈၊၁၄၅၂)။

ဟေတုဂေါစ္ဆက ပြီးပြီ။

---

## ၂-စူဠန္တရဒုက်

၇ (၁)။ သပ္ပစ္စယဒုက်—

(၁) (ကံ စိတ် ဥတု အာဟာရတည်းဟူသော)အကြောင်းတရားလေးပါးတို့နှင့် တကွဖြစ်သော တရားများ၊ (၁၀၇၉၊၁၄၅၃)။

(၂) (ကံ စိတ် ဥတု အာဟာရတည်းဟူသော) အကြောင်းတရားလေးပါးတို့နှင့် တကွမဖြစ်သောတရားများ၊ (၁၀၈၀၊၁၄၅၄)။

၈ (၂)။ သင်္ခတဒုက်—

(၁) (ကံ စိတ် ဥတု အာဟာရတည်းဟူသော) အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီမံအပ်သော တရားများ၊ (၁၀၈၁၊၁၄၅၅)။

(၂) (ကံ စိတ် ဥတု အာဟာရတည်းဟူသော) အကြောင်းတရားလေးပါးတို့သည် မပြုပြင် မစီမံအပ်သော တရားများ၊ (၁၀၈၂၊၁၄၅၆)။

၉ (၃)။ သနိဒဿနဒုက်—

(၁) မြင်ခြင်းနှင့် တကွဖြစ်သော တရားများ၊ (၁၀၈၃၊၁၄၅၇)။

(၂) မြင်ခြင်းနှင့် တကွမဖြစ်သော တရားများ၊ (၁၀၈၄၊၁၄၅၈)။

http://www.dhammadownload.com



၁၀ (၄)။ သပ္ပဋိဃဒုက်—

(၁) ထိပါးခြင်းနှင့် တကွဖြစ်သော တရားများ၊ (၁၀၉၅၊၁၄၅၉)။

(၂) ထိပါးခြင်းနှင့် တကွမဖြစ်သော တရားများ၊ (၁၀၉၆၊၁၄၆၀)။

၁၁ (၅)။ ရူပီဒုက်—

(၁) ဖောက်ပြန်ခြင်းသဘောရှိသော 'ရုပ်' တရားများ၊ (၁၀၉၇၊ ၁၄၆၁)။

(၂) ဖောက်ပြန်ခြင်းသဘောမရှိသော 'နာမ်' တရားများ၊ (၁၀၉၈၊ ၁၄၆၂)။

၁၂ (၆)။ လောကိယဒုက်—

(၁) လောက၌ အကျုံးဝင်သော တရားများ၊ (၁၀၉၉၊ ၁၄၆၃)။

(၂) လောကမှ လွန်မြောက်သော တရားများ၊ (၁၁၀၀၊ ၁၄၆၄)။

၁၃ (၇)။ ကေနစိဝိညေယျဒုက်—

(၁) တစုံတခုသောစိတ်သည် သိအပ် သိထိုက်သော တရားများ၊ (၁၁၀၁၊ ၁၄၆၄)။

(၂) တစုံတခုသောစိတ်သည် မသိအပ် မသိထိုက်သော တရားများ၊ (၁၁၀၁၊ ၁၄၆၄)။

စူဠန္တရဒုက် ပြီးပြီ။

---

၃-အာသဝဂေါစ္ဆက

၁၄ (၁)။ အာသဝဒုက်—

(၁) အာသဝမည်သော တရားများ၊ (ရှည်စွာသော သံသရာဆင်းရဲကို ယိုစီးစေတတ် ဖြစ်စေတတ်သော တရားများ)၊ (၁၁၀၂၊ ၁၄၆၅)။

(၂) အာသဝမမည်သော တရားများ၊ (၁၁၀၇၊ ၁၄၆၆)။

၁၅ (၂)။ သာသဝဒုက်—

(၁) အာသဝတို့၏ အာရုံဖြစ်သော တရားများ၊ (၁၁၀၈၊ ၁၄၆၇)။

(၂) အာသဝတို့၏ အာရုံမဖြစ်သော တရားများ၊ (၁၁၀၉၊ ၁၄၆၈)။

၁၆ (၃)။ အာသဝသမ္ပယုတ္တဒုက်—

(၁) အာသဝနှင့် ယှဉ်သောတရားများ၊ (၁၁၁၀၊ ၁၄၆၉)။

(၂) အာသဝနှင့် မယှဉ်သောတရားများ၊ (၁၁၁၁၊ ၁၄၇၀)။

၁၇ (၄)။ အာသဝသာသဝဒုက်—

(၁) အာသဝလည်းမည် အာသဝတို့၏ အာရုံလည်းဖြစ်သော တရားများ၊ (၁၁၁၂၊ ၁၄၇၁)။

(၂) အာသဝတို့၏ အာရုံသာဖြစ်၍ အာသဝမမည်သော တရားများ၊(၁၁၁၃၊ ၁၄၇၂)။

http://www.dhammadownload.com



၁၈ (၅)။ **အာသဝ အာသဝသမ္ပယုတ္တဒုက်—**

(၁) အာသဝလည်းမည် အာသဝနှင့်လည်း ယှဉ်သော တရားများ၊ (၁၁၀၄၊ ၁၄၇၃)။

(၂) အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော တရားများ၊ (၁၁၀၅၊ ၁၄၇၄)။

၁၉ (၆)။ **အာသဝဝိပ္ပယုတ္တ သာသဝဒုက်—**

(၁) အာသဝနှင့် မယှဉ်သော်လည်း အာသဝတို့၏ အာရုံဖြစ်သောတရားများ၊ (၁၁၀၆၊ ၁၄၇၅)။

(၂) အာသဝနှင့်လည်း မယှဉ် အာသဝတို့၏ အာရုံလည်းမဖြစ်သော တရားများ၊ (၁၁၀၇၊ ၁၄၇၆)။

အာသဝဂေါစ္ဆက ပြီးပြီ။

---

## ၄-သညောဇနဂေါစ္ဆက

၂၀ (၁)။ **သညောဇနဒုက်—**

(၁) သံယောဇဉ် မည်သော တရားများ၊ (ဝဋ်ဆင်းရဲ၌ ယှဉ်စပ် နှောင်ဖွဲ့ တတ်သော တရားများ)၊ (၁၁၁၈၊ ၁၄၇၇)။

(၂) သံယောဇဉ်မမည်သောတရားများ၊ (၁၁၂၉၊ ၁၄၇၈)။

၂၁ (၂)။ **သညောဇနိယဒုက်—**

(၁) သံယောဇဉ်တို့၏ အာရုံဖြစ်သောတရားများ၊ (၁၁၃၀၊ ၁၄၇၉)။

(၂) သံယောဇဉ်တို့၏ အာရုံမဖြစ်သောတရားများ၊ (၁၁၃၁၊ ၁၄၈၀)။

၂၂ (၃)။ **သညောဇနသမ္ပယုတ္တဒုက်—**

(၁) သံယောဇဉ်နှင့် ယှဉ်သောတရားများ၊ (၁၁၃၂၊ ၁၄၈၁)။

(၂) သံယောဇဉ်နှင့် မယှဉ်သောတရားများ၊ (၁၁၃၃၊ ၁၄၈၂)။

၂၃ (၄)။ **သညောဇန သညောဇနိယဒုက်—**

(၁) သံယောဇဉ်လည်းမည် သံယောဇဉ်တို့၏ အာရုံလည်း ဖြစ်သောတရားများ၊ (၁၁၃၄၊ ၁၄၈၃)။

(၂) သံယောဇဉ်တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သောတရားများ၊ (၁၁၃၅၊ ၁၄၈၄)။

၂၄ (၅)။ **သညောဇန သညောဇနသမ္ပယုတ္တဒုက်—**

(၁) သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သောတရားများ၊ (၁၁၃၆၊ ၁၄၈၅)

(၂) သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သောတရားများ၊ (၁၁၃၇၊ ၁၄၈၆)။

http://www.dhammadownload.com



၂၅ (၆)။ သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်—

(၁) သံယောဇဉ်နှင့် မယှဉ်သော်လည်း သံယောဇဉ်တို့၏ အာရုံဖြစ်သောတရားများ၊ (၁၁၃၇၊ ၁၄၇၇)။

(၂) သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်တို့၏ အာရုံလည်း မဖြစ်သောတရားများ၊ (၁၁၃၉၊ ၁၄၇၈)။

သညောဇနဂေါစ္ဆက ပြီးပြီ။

---

## ၅-ဂန္ထဂေါစ္ဆက

၂၆ (၁)။ ဂန္ထဒုက်—

(၁) ဂန္ထမည်သော တရားများ၊ (ပဋိသန္ဓေနေခြင်း သေခြင်းဖြင့် ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော တရားများ)၊ (၁၁၄၀၊ ၁၄၇၉)။

(၂) ဂန္ထမမည်သော တရားများ၊ (၁၁၄၅၊ ၁၄၈၀)။

၂၇ (၂)။ ဂန္ထနိယဒုက်—

(၁) ဂန္ထတရားတို့၏ အာရုံဖြစ်သော တရားများ၊ (၁၁၄၆၊ ၁၄၈၁)။

(၂) ဂန္ထတရားတို့၏ အာရုံမဖြစ်သော တရားများ၊ (၁၁၄၇၊ ၁၄၈၂)။

၂၈ (၃)။ ဂန္ထသမ္ပယုတ္တဒုက်—

(၁) ဂန္ထနှင့် ယှဉ်သော တရားများ၊ (၁၁၄၈၊ ၁၄၈၃)။

(၂) ဂန္ထနှင့် မယှဉ်သော တရားများ၊ (၁၁၄၉၊ ၁၄၈၄)။

၂၉ (၄)။ ဂန္ထ ဂန္ထနိယဒုက်—

(၁) ဂန္ထလည်းမည် ဂန္ထတရားတို့၏ အာရုံလည်းဖြစ်သော တရားများ၊ (၁၁၅၀၊ ၁၄၈၅)။

(၂) ဂန္ထတရားတို့၏ အာရုံသာဖြစ်၍ ဂန္ထမမည်သော တရားများ၊ (၁၁၅၁၊ ၁၄၈၆)။

၃၀ (၅)။ ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်—

(၁) ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်သော တရားများ၊ (၁၁၅၂၊ ၁၄၈၇)။

(၂) ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်သော တရားများ၊ (၁၁၅၃၊ ၁၄၈၈)။

၃၁ (၆)။ ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်—

(၁) ဂန္ထနှင့် မယှဉ်သော်လည်း ဂန္ထတရားတို့၏ အာရုံဖြစ်သော တရားများ၊ (၁၁၅၄၊ ၁၄၈၉)။

(၂) ဂန္ထနှင့်လည်း မယှဉ် ဂန္ထတရားတို့၏ အာရုံလည်းမဖြစ်သော တရားများ၊(၁၁၅၅၊ ၁၅၀၀)။

ဂန္ထဂေါစ္ဆက ပြီးပြီ။

http://www.dhammadownload.com



## ၆-ဩဃဂေါစ္ဆက

၇၂ (၁)။ **ဩဃဒုက်—**

(၁) ဩဃမည်သော တရားများ၊ (ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော တရားများ)၊ (၁၁၅၆၊ ၁၅၀၁)။

(၂) ဩဃမမည်သော တရားများ။

၇၃ (၂)။ **ဩဃနိယဒုက်—**

(၁) ဩဃတို့၏ အာရုံဖြစ်သော တရားများ။

(၂) ဩဃတို့၏ အာရုံမဖြစ်သော တရားများ။

၇၄ (၃)။ **ဩဃသမ္ပယုတ္တဒုက်—**

(၁) ဩဃနှင့် ယှဉ်သော တရားများ။

(၂) ဩဃနှင့် မယှဉ်သော တရားများ။

၇၅ (၄)။ **ဩဃ ဩဃနိယဒုက်—**

(၁) ဩဃလည်းမည် ဩဃတို့၏ အာရုံလည်းဖြစ်သော တရားများ။

(၂) ဩဃတို့၏ အာရုံသာဖြစ်၍ ဩဃမမည်သော တရားများ။

၇၆ (၅)။ **ဩဃ ဩဃသမ္ပယုတ္တဒုက်—**

(၁) ဩဃလည်းမည် ဩဃနှင့်လည်း ယှဉ်သောတရားများ။

(၂) ဩဃနှင့်သာ ယှဉ်၍ ဩဃမမည်သော တရားများ။

၇၇ (၆)။ **ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်—**

(၁) ဩဃနှင့် မယှဉ်သော်လည်း ဩဃတို့၏ အာရုံဖြစ်သော တရားများ။

(၂) ဩဃနှင့်လည်း မယှဉ် ဩဃတို့၏ အာရုံလည်း မဖြစ်သော တရားများ။

ဩဃဂေါစ္ဆက ပြီးပြီ။

---

## ၇-ယောဂဂေါစ္ဆက

၇၈ (၁)။ **ယောဂဒုက်—**

(၁) ယောဂမည်သော တရားများ (ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော တရားများ)၊ (၁၁၅၇၊၁၅၀၂)။

(၂) ယောဂမမည်သော တရားများ။

၇၉ (၂)။ **ယောဂနိယဒုက်—**

(၁) ယောဂတို့၏ အာရုံဖြစ်သော တရားများ။

(၂) ယောဂတို့၏ အာရုံမဖြစ်သော တရားများ။

http://www.dhammadownload.com



၄၀ (၃)။ **ယောဂသမ္ပယုတ္တဒုက်—**

(၁) ယောဂနှင့် ယှဉ်သောတရားများ။

(၂) ယောဂနှင့် မယှဉ်သောတရားများ။

၄၁ (၄)။ **ယောဂ ယောဂနိယဒုက်—**

(၁) ယောဂလည်းမည် ယောဂတို့၏ အာရုံလည်းဖြစ်သော တရားများ။

(၂) ယောဂတို့၏ အာရုံသာဖြစ်၍ ယောဂမမည်သော တရားများ။

၄၂ (၅)။ **ယောဂ ယောဂသမ္ပယုတ္တဒုက်—**

(၁) ယောဂလည်းမည် ယောဂနှင့်လည်း ယှဉ်သော တရားများ။

(၂) ယောဂနှင့်သာ ယှဉ်၍ ယောဂမမည်သော တရားများ။

၄၃ (၆)။ **ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်—**

(၁) ယောဂနှင့် မယှဉ်သော်လည်း ယောဂတို့၏ အာရုံဖြစ်သော တရားများ။

(၂) ယောဂနှင့်လည်း မယှဉ် ယောဂတို့၏ အာရုံလည်း မဖြစ်သော တရားများ။

ယောဂဂေါစ္ဆက ပြီးပြီ။

---

## ဂ-နီဝရဏဂေါစ္ဆက

၄၄ (၁)။ **နီဝရဏဒုက်—**

(၁) နီဝရဏမည်သော တရားများ၊ (ဈာန် မဂ် ဖိုလ်တို့ကို ပိတ်ပင်တတ်သော တရားများ)၊ (၁၁၅၈၊ ၁၅၀၃)။

(၂) နီဝရဏမမည်သော တရားများ၊ (၁၁၆၉၊ ၁၅၀၄)။

၄၅ (၂)။ **နီဝရဏိယဒုက်—**

(၁) နီဝရဏတို့၏ အာရုံဖြစ်သော တရားများ၊ (၁၁၇၀၊ ၁၅၀၅)။

(၂) နီဝရဏတို့၏ အာရုံမဖြစ်သော တရားများ၊ (၁၁၇၁၊ ၁၅၀၆)။

၄၆ (၃)။ **နီဝရဏသမ္ပယုတ္တဒုက်—**

(၁) နီဝရဏနှင့် ယှဉ်သော တရားများ၊ (၁၁၇၂၊ ၁၅၀၇)။

(၂) နီဝရဏနှင့် မယှဉ်သော တရားများ၊ (၁၁၇၃၊ ၁၅၀၈)။

၄၇ (၄)။ **နီဝရဏ နီဝရဏိယဒုက်—**

(၁) နီဝရဏလည်းမည် နီဝရဏတို့၏ အာရုံလည်းဖြစ်သော တရားများ၊ (၁၁၇၄၊ ၁၅၀၉)။

(၂) နီဝရဏတို့၏ အာရုံသာဖြစ်၍ နီဝရဏမမည်သော တရားများ၊ (၁၁၇၅၊ ၁၅၁၀)။

http://www.dhammadownload.com



၄၈ (၅)။ **နိဝရဏ နိဝရဏသမ္ပယုတ္တဒုက်—**

(၁) နိဝရဏလည်းမည် နိဝရဏနှင့်လည်း ယှဉ်သော တရားများ၊ (၁၁၇၆၊ ၁၅၁၁)။

(၂) နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်သော တရားများ၊ (၁၁၇၇၊ ၁၅၁၂)။

၄၉ (၆)။ **နိဝရဏဝိပ္ပယုတ္တ နိဝရဏိယဒုက်—**

(၁) နိဝရဏနှင့်မယှဉ်သော်လည်း နိဝရဏတို့၏ အာရုံဖြစ်သော တရားများ၊ (၁၁၇၈၊ ၁၅၁၃)။

(၂) နိဝရဏနှင့်လည်း မယှဉ် နိဝရဏတို့၏ အာရုံလည်း မဖြစ်သော တရားများ၊ (၁၁၇၉၊ ၁၅၁၄)။

**နိဝရဏဂေါစ္ဆက ပြီးပြီ။**

---

## ၉-ပရာမာသဂေါစ္ဆက

၅၀ (၁)။ **ပရာမာသဒုက်—**

(၁) ပရာမာသမည်သော တရားများ၊ (မမြဲသည်ကို မြဲ၏ဟု မှားသောအားဖြင့် သုံးသပ်တတ်သော တရားများ)၊ (၁၁၈၀၊ ၁၅၁၅)။

(၂) ပရာမာသမမည်သော တရားများ၊ (၁၁၈၂၊ ၁၅၁၆)။

၅၁ (၂)။ **ပရာမဋ္ဌဒုက်—**

(၁) ပရာမာသ၏ အာရုံဖြစ်သော တရားများ၊ (၁၁၈၃၊ ၁၅၁၇)။

(၂) ပရာမာသ၏ အာရုံမဖြစ်သော တရားများ၊ (၁၁၈၄၊ ၁၅၁၈)။

၅၂ (၃)။ **ပရာမာသသမ္ပယုတ္တဒုက်—**

(၁) ပရာမာသနှင့် ယှဉ်သော တရားများ၊ (၁၁၈၅၊ ၁၅၁၉)။

(၂) ပရာမာသနှင့် မယှဉ်သော တရားများ၊ (၁၁၈၆၊ ၁၅၂၀)။

၅၃ (၄)။ **ပရာမာသ ပရာမဋ္ဌဒုက်—**

(၁) ပရာမာသလည်းမည် ပရာမာသ၏ အာရုံလည်းဖြစ်သော တရားများ၊ (၁၁၈၇၊ ၁၅၂၁)။

(၂) ပရာမာသ၏ အာရုံဖြစ်သော်လည်း ပရာမာသမမည်သော တရားများ၊ (၁၁၈၈၊ ၁၅၂၂)။

၅၄ (၅)။ **ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်—**

(၁) ပရာမာသနှင့် မယှဉ်သော်လည်း ပရာမာသ၏ အာရုံဖြစ်သော တရားများ၊ (၁၁၈၉၊ ၁၅၂၃)။

http://www.dhammadownload.com



(၂) ပရာမာသနှင့်လည်း မယှဉ် ပရာမာသ၏ အာရုံလည်း မဖြစ်သောတရားများ၊ (၁၁၉၀၊ ၁၅၂၄)။

ပရာမာသဂေါစ္ဆက ပြီးပြီ။

---

## ၁၀-မဟန္တရဒုက်

၅၅ (၁)။ သာရမ္မဏဒုက်—

(၁) အာရုံပြုခြင်းရှိသောတရားများ၊ (၁၁၉၁၊ ၁၅၂၅)။

(၂) အာရုံပြုခြင်းမရှိသောတရားများ၊ (၁၁၉၂၊ ၁၅၂၆)။

၅၆ (၂)။ စိတ္တဒုက်—

(၁) စိတ်မည်သောတရားများ၊ (အာရုံကိုယူသောအားဖြင့် သိတတ်သောတရားများ)၊ (၁၁၉၃၊ ၁၅၂၇)။

(၂) စိတ်မမည်သောတရားများ၊ (၁၁၉၄၊ ၁၅၂၈)။

၅၇ (၃)။ စေတသိကဒုက်—

(၁) စေတသိက်မည်သောတရားများ၊ (၁၁၉၅၊ ၁၅၂၉)။

(၂) စေတသိက်မမည်သောတရားများ၊ (၁၁၉၆၊ ၁၅၃၀)။

၅၈ (၄)။ စိတ္တသမ္ပယုတ္တဒုက်—

(၁) စိတ်နှင့် ယှဉ်သောတရားများ၊ (၁၁၉၇၊၁၅၃၁)။

(၂) စိတ်နှင့် မယှဉ်သောတရားများ၊ (၁၁၉၈၊ ၁၅၃၂)။

၅၉ (၅)။ စိတ္တသံသဋ္ဌဒုက်—

(၁) စိတ်နှင့် ရောနှောသောတရားများ၊ (၁၁၉၉၊ ၁၅၃၃)။

(၂) စိတ်နှင့် မရောနှောသောတရားများ၊ (၁၂၀၀၊ ၁၅၃၄)။

၆၀ (၆)။ စိတ္တသမုဋ္ဌာနဒုက်—

(၁) စိတ်လျှင်ဖြစ်ကြောင်း ရှိသောတရားများ၊ (စိတ်ကြောင့်ဖြစ်သောတရားများ)၊ (၁၂၀၁၊ ၁၅၃၅)။

(၂) စိတ်လျှင်ဖြစ်ကြောင်း မရှိသောတရားများ၊ (၁၂၀၂၊ ၁၅၃၆)။

၆၁ (၇)။ စိတ္တသဟဘုဒုက်—

(၁) စိတ်နှင့် တကွဖြစ်သောတရားများ၊ (၁၂၀၃၊၁၅၃၇)။

(၂) စိတ်နှင့် တကွမဖြစ်သောတရားများ၊ (၁၂၀၄၊ ၁၅၃၈)။

http://www.dhammadownload.com



၆၂ (၈)။ **စိတ္တာနုပရိဝတ္တိဒုက်—**

(၁) စိတ်သို့ အစဉ်လိုက်သော တရားများ၊ (စေတသိက်နှင့် ဝိညတ်များ)၊ (၁၂၀၅၊ ၁၅၃၉)။

(၂) စိတ်သို့အစဉ်မလိုက်သောတရားများ၊ (၁၂၀၆၊ ၁၅၄၀)။

၆၃ (၉)။ **စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက်—**

(၁) စိတ်နှင့်လည်း ရောနှော စိတ်လျှင် ဖြစ်ကြောင်းလည်း ရှိသော တရားများ၊ (စေတသိက်တရားများ)၊ (၁၂၀၇၊ ၁၅၄၁)။

(၂) စိတ်နှင့်လည်း မရောနှော စိတ်လျှင်ဖြစ်ကြောင်းလည်း မရှိသောတရားများ၊ (၁၂၀၈၊ ၁၅၄၂)။

၆၄ (၁၀)။ **စိတ္တသံသဋ္ဌ သမုဋ္ဌာနသဟဘုဒုက်—**

(၁) စိတ်နှင့်လည်း ရောနှော စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ စိတ်နှင့်လည်းတကွဖြစ်သော တရားများ၊ (စေတသိက်တရားများ)၊ (၁၂၀၉၊ ၁၅၄၃)။

(၂) စိတ်နှင့်လည်း မရောနှော စိတ်လျှင် ဖြစ်ကြောင်းလည်းမရှိ စိတ်နှင့်လည်း တကွမဖြစ်သော တရားများ၊ (၁၂၁၀၊ ၁၅၄၄)။

၆၅ (၁၁)။ **စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်—**

(၁) စိတ်နှင့်လည်း ရောနှော စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ စိတ်သို့လည်း အစဉ်လိုက်သော တရားများ၊ (စေတသိက်တရားများ)၊ (၁၂၁၁၊ ၁၅၄၅)။

(၂) စိတ်နှင့်လည်း မရောနှော စိတ်လျှင် ဖြစ်ကြောင်းလည်းမရှိ စိတ်သို့လည်း အစဉ်မလိုက်သော တရားများ၊ (၁၂၁၂၊ ၁၅၄၆)။

၆၆ (၁၂)။ **အဇ္ဈတ္တိကဒုက်—**

(၁) အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော တရားများ၊ (၁၂၁၃၊ ၁၅၄၇)။

(၂) အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားများ၊ (၁၂၁၄၊ ၁၅၄၈)။

၆၇ (၁၃)။ **ဥပါဒါဒုက်—**

(၁) မှီ၍ဖြစ်တတ်သော တရားများ၊ (၁၂၁၅၊ ၁၅၄၉)။

(၂) မမှီမူ၍ဖြစ်တတ်သော တရားများ၊ (၁၂၁၆၊ ၁၅၅၀)။

၆၈ (၁၄)။ **ဥပါဒိန္နဒုက်—**

(၁) (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် (အကျိုး 'ဝိပါက်' ၏အဖြစ်ဖြင့်)စွဲယူအပ်သော တရားများ၊ (တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့် ကံ၏ အကျိုးဖြစ်သော လောကီဝိပါက် စိတ်စေတသိက်နှင့် ကမ္မဇရုပ်တရားများ)၊ (၁၂၁၇၊ ၁၅၅၁)။

http://www.dhammadownload.com



(၂) (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကဲ့သို့ (အကျိုး'ဝိပါက်' ၏အဖြစ်ဖြင့်) မစွဲယူအပ်သော တရားများ၊ (တဏှာဒိဋ္ဌိဟူသော ဥပါဒါန် ဦးစီးသည့် ကံ၏ အကျိုးမဟုတ်သော ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာတို့နှင့် တိဗြရုပ် နိဗ္ဗာန်တရားများ)၊ (၁၂၁၈၊ ၁၅၅၂)။

မဟန္တရဒုက် ပြီးပြီ။

## ၁၁-ဥပါဒါနဂေါစ္ဆက

၆၉ (၁)။ **ဥပါဒါနဒုက်—**

(၁) ဥပါဒါန်မည်သော တရားများ၊ (ပြင်းစွာ စွဲလမ်းတတ်သော တရားများ)၊ (၁၂၁၉၊ ၁၅၅၃)။

(၂) ဥပါဒါန်မမည်သော တရားများ၊ (ပြင်းစွာ မစွဲလမ်းတတ်သော တရားများ)၊ (၁၂၂၄၊ ၁၅၅၄)။

၇၀ (၂)။ **ဥပါဒါနိယဒုက်—**

(၁) ဥပါဒါန်တို့၏ အာရုံဖြစ်သော တရားများ၊ (ဥပါဒါန်တို့၏ အစီးအပွါးဖြစ်သော လောကီတရားများ)၊ (၁၂၂၅၊ ၁၅၅၅)။

(၂) ဥပါဒါန်တို့၏ အာရုံမဖြစ်သော တရားများ၊ (ဥပါဒါန်တို့၏ အစီးအပွါး မဖြစ်သော လောကုတ္တရာတရားများ)၊ (၁၂၂၆၊၁၅၅၆)။

၇၁ (၃)။ **ဥပါဒါနသမ္ပယုတ္တဒုက်—**

(၁) ဥပါဒါန်တို့နှင့် ယှဉ်သော တရားများ၊ (၁၂၂၇၊၁၅၅၇)။

(၂) ဥပါဒါန်တို့နှင့် မယှဉ်သော တရားများ၊ (၁၂၂၈၊၁၅၅၈)။

၇၂ (၄)။ **ဥပါဒါန ဥပါဒါနိယဒုက်—**

(၁) ဥပါဒါန်လည်းမည် ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော တရားများ၊ (၁၂၂၉၊ ၁၅၅၉)။

(၂) ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်သော တရားများ၊ (၁၂၃၀၊၁၅၆၀)။

၇၃ (၅)။ **ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်—**

(၁) ဥပါဒါန်လည်းမည် ဥပါဒါန်နှင့်လည်း ယှဉ်သော တရားများ၊ (၁၂၃၁၊၁၅၆၁)။

(၂) ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်သော တရားများ၊ (၁၂၃၂၊၁၅၆၂)။

၇၄ (၆)။ **ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်—**

(၁) ဥပါဒါန်နှင့် မယှဉ်သော်လည်း ဥပါဒါန်တို့၏ အာရုံဖြစ်သော တရားများ၊ (၁၂၃၃၊၁၅၆၃)။

http://www.dhammadownload.com



(၂) ဥပါဒါန်နှင့်လည်း မယှဉ် ဥပါဒါန်တို့၏ အာရုံလည်း မဖြစ်သော တရားများ၊ (၁၂၃၄၊၁၅၆၄)။

ဥပါဒါနဂေါစ္ဆက ပြီးပြီ။

---

## ၁၂-ကိလေသဂေါစ္ဆက

၇၅ (၁)။ **ကိလေသဒုက်—**

(၁) ကိလေသမည်သော တရားများ၊ (ပူပန်စေတတ် နှိပ်စက်တတ်သောတရားများ)၊ (၁၂၃၅၊၁၅၆၅)။

(၂) ကိလေသမမည်သော တရားများ၊ (၁၂၄၆၊၁၅၆၆)။

၇၆ (၂)။ **သံကိလေသိကဒုက်—**

(၁) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့ကို ရခြင်းငှါ ထိုက်တန်သော တရားများ၊ (ကိလေသတို့၏ အာရုံဖြစ်သော တရားများ)၊ (၁၂၄၇၊၁၅၆၇)။

(၂) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့ကို ရခြင်းငှါ မထိုက်သော တရားများ၊ (၁၂၄၈၊၁၅၆၈)။

၇၇ (၃)။ **သံကိလိဋ္ဌဒုက်—**

(၁) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သော တရားများ၊ (ကိလေသတရားတို့၏ လွှမ်းမိုးဖိစီး ပူးဝင်နှိပ်စက်မှုကို ခံရသော အကုသိုလ်တရားများ)၊ (၁၂၄၉၊၁၅၆၉)။

(၂) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်သော တရားများ၊ (ကိလေသတရားတို့၏ လွှမ်းမိုးဖိစီး ပူးဝင်နှိပ်စက်မှုကို မခံရသော တရားများ)၊ (၁၂၅၀၊၁၅၇၀)။

၇၈ (၄)။ **ကိလေသသမ္ပယုတ္တဒုက်—**

(၁) ကိလေသတို့နှင့် ယှဉ်သော တရားများ၊ (၁၂၅၁၊ ၁၅၇၁)။

(၂) ကိလေသတို့နှင့် မယှဉ်သော တရားများ၊ (၁၂၅၂၊ ၁၅၇၂)။

၇၉ (၅)။ **ကိလေသ သံကိလေသိကဒုက်—**

(၁) ကိလေသလည်းမည် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့ (ရခြင်းငှါ) လည်းထိုက်သော တရားများ၊ (ကိလေသလည်းမည်၍ ကိလေသ၏ အာရုံလည်း ဖြစ်သော တရားများ)၊ (၁၂၅၃၊ ၁၅၇၃)။

(၂) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသကို (ရခြင်းငှါ)သာ ထိုက်၍ ကိလေသ မမည်သော တရားများ၊ (၁၂၅၄၊ ၁၅၇၄)။

http://www.dhammadownload.com



၈၀ (၆)။ **ကိလေသသံကိလိဋ္ဌဒုက်—**

(၁) ကိလေသလည်းမည်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်လည်း ဖြစ်သော တရားများ၊ (၁၂၅၅၊ ၁၅၇၅)။

(၂) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်သာဖြစ်၍ ကိလေသမမည်သော တရားများ၊ (၁၂၅၆၊ ၁၅၇၆)။

၈၁ (၇)။ **ကိလေသ ကိလေသသမ္ပယုတ္တဒုက်—**

(၁) ကိလေသလည်းမည်၍ ကိလေသနှင့်လည်း ယှဉ်သော တရားများ၊ (၁၂၅၇၊ ၁၅၇၇)။

(၂) ကိလေသနှင့်သာယှဉ်၍ ကိလေသမမည်သော တရားများ၊ (၁၂၅၈၊ ၁၅၇၈)။

၈၂ (၈)။ **ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက်—**

(၁) ကိလေသတရားတို့နှင့် မယှဉ်သော်လည်း ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသကို (ရခြင်းငှါ)ထိုက်သော တရားများ၊ (၁၂၅၉၊ ၁၅၇၉)။

(၂) ကိလေသတရားတို့နှင့်လည်း မယှဉ် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသကို (ရခြင်းငှါ)လည်း မထိုက်သော တရားများ၊ (၁၂၆၀၊ ၁၅၈၀)။

ကိလေသဂေါစ္ဆက ပြီး၏။

---

## ၁၃-ပိဋ္ဌိဒုက်

၈၃ (၁)။ **ဒဿနေနပဟာတဗ္ဗဒုက်—**

(၁) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားများ၊ (၁၂၆၁၊ ၁၅၈၁)။

(၂) သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော တရားများ၊ (၁၂၆၂၊ ၁၅၈၂)။

၈၄ (၂)။ **ဘာဝနာယပဟာတဗ္ဗဒုက်—**

(၁) အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော တရားများ၊ (၁၂၆၆၊ ၁၅၈၃)။

(၂) အထက်မဂ်သုံးပါးဖြင့် မပယ်အပ်သော တရားများ၊ (၁၂၆၇၊ ၁၅၈၄)။

၈၅ (၃)။ **ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်—**

(၁) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောအကြောင်းရင်း 'ဟိတ်' ရှိသော တရားများ၊ (၁၂၆၈၊ ၁၅၈၅)။

(၂) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောအကြောင်းရင်း 'ဟိတ်' မရှိသော တရားများ၊ (၁၂၇၂၊ ၁၅၈၆)။

၈၆ (၄)။ **ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်—**

(၁) အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' ရှိသော တရားများ၊ (၁၂၇၃၊ ၁၅၈၇)။

http://www.dhammadownload.com



(၂) အထက်မင်္ဂသုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' မရှိသော တရားများ၊ (၁၂၇၄၊၁၅၇၈)။

၇၇. (၅)။ သဝိတက္ကဒုက်—

(၁) ကြံစည်မှု 'ဝိတက်' နှင့် တကွဖြစ်သော တရားများ၊ (၁၂၇၅၊၁၅၇၉)။

(၂) ကြံစည်မှု 'ဝိတက်' နှင့် တကွမဖြစ်သော တရားများ၊ (၁၂၇၆၊၁၅၈၀)။

၇၈ (၆)။ သဝိစာရဒုက်—

(၁) သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော တရားများ၊ (၁၂၇၇၊၁၅၈၁)။

(၂) သုံးသပ်မှု 'ဝိစာရ' နှင့် တကွမဖြစ်သော တရားများ၊ (၁၂၇၈၊၁၅၈၂)။

၇၉ (၇)။ သပ္ပီတိကဒုက်—

(၁) နှစ်သက်မှု 'ပီတိ' နှင့် တကွဖြစ်သော တရားများ၊ (နှစ်သက်မှု 'ပီတိ' ရှိသော တရားများ)၊ (၁၂၇၉၊၁၅၈၃)။

(၂) နှစ်သက်မှု 'ပီတိ' နှင့် တကွမဖြစ်သော တရားများ၊ (နှစ်သက်မှု 'ပီတိ' မရှိသော တရားများ)၊ (၁၂၈၀၊၁၅၈၄)။

၈၀ (၈)။ ပီတိသဟဂတဒုက်—

(၁) နှစ်သက်မှု 'ပီတိ' နှင့် တကွဖြစ်သော တရားများ၊ (၁၂၈၁၊၁၅၈၅)။

(၂) နှစ်သက်မှု 'ပီတိ' နှင့် တကွမဖြစ်သော တရားများ၊ (၁၂၈၂၊ ၁၅၈၆)။

၈၁ (၉)။ သုခသဟဂတဒုက်—

(၁) ချမ်းသာမှု 'သုခ' နှင့် တကွဖြစ်သောတရားများ၊ (၁၂၈၃၊၁၅၈၇)။

(၂) ချမ်းသာမှု 'သုခ' နှင့် တကွမဖြစ်သော တရားများ၊ (၁၂၈၄၊၁၅၈၈)။

၈၂ (၁၀)။ ဥပေက္ခာသဟဂတဒုက်—

(၁) အသင့်အားဖြင့်ရှုမှု 'ဥပေက္ခာ' နှင့် တကွဖြစ်သော တရားများ၊ (၁၂၈၅၊၁၅၈၉)။

(၂) အသင့်အားဖြင့်ရှုမှု 'ဥပေက္ခာ' နှင့် တကွမဖြစ်သော တရားများ၊ (၁၂၈၆၊ ၁၆၀၀)။

၈၃ (၁၁)။ ကာမာဝစရဒုက်—

(၁) ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' တရားများ၊ (၁၂၈၇၊၁၆၀၁)။

(၂) ကာမဘုံ၌ သက်ဝင်၍ မဖြစ်သော 'နကာမာဝစရ' တရားများ၊ (၁၂၈၈၊၁၆၀၂)။

၈၄ (၁၂)။ ရူပါဝစရဒုက်—

(၁) ရူပဘုံ၌သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' တရားများ၊ (၁၂၈၉၊ ၁၆၀၃)။

(၂) ရူပဘုံ၌သက်ဝင်၍မဖြစ်သော 'နရူပါဝစရ' တရားများ၊ (၁၂၉၀၊ ၁၆၀၄)။

http://www.dhammadownload.com



၉၅ (၁၃)။ အရူပါဝစရဒုက်—

(၁) အရူပဘုံ၌သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' တရားများ၊ (၁၂၉၁၊ ၁၆၀၅)။

(၂) အရူပဘုံ၌သက်ဝင်၍မဖြစ်သော 'နအရူပါဝစရ' တရားများ၊ (၁၂၉၂၊ ၁၆၀၆)။

၉၆ (၁၄)။ ပရိယာပန္နဒုက်—

(၁) ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော တရားများ၊ (၁၂၉၃၊ ၁၆၀၇)။

(၂) ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော တရားများ၊ (၁၂၉၄၊ ၁၆၀၈)။

၉၇ (၁၅)။ နိယျာနိကဒုက်—

(၁) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားများ၊ (၁၂၉၅၊ ၁၆၀၉)။

(၂) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းမဟုတ်သော တရားများ၊ (၁၂၉၆၊ ၁၆၁၀)။

၉၈ (၁၆)။ နိယတဒုက်—

(၁) စုတိ၏ အခြားမဲ့၌ရင်း မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေး မြဲသော တရားများ၊ (၁၂၉၇၊ ၁၆၁၁)။

(၂) စုတိ၏ အခြားမဲ့၌ရင်း မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေး မမြဲသော တရားများ၊ (၁၂၉၈၊ ၁၆၁၂)။

၉၉ (၁၇) သဥတ္တရဒုက်—

(၁) မိမိထက် သာလွန်မြင့်မြတ်သော တရားရှိသော 'လောကီ' တရားများ၊ (၁၂၉၉၊ ၁၆၁၃)။

(၂) မိမိထက် သာလွန်မြင့်မြတ်သော တရားမရှိသော 'လောကုတ္တရာ' တရားများ (၁၃၀၀၊ ၁၆၁၄)။

၁၀၀ (၁၈)။ သရဏဒုက်—

(၁) ငိုကြွေးကြောင်း ရာဂစသည်ရှိသော တရားများ၊ (၁၃၀၁၊ ၁၆၁၅)။

(၂) ငိုကြွေးကြောင်း ရာဂစသည်မရှိသော တရားများ၊ (၁၃၀၂၊ ၁၆၁၆)။

ပိဋ္ဌိဒုက် ပြီးပြီ။

ဒုကမာတိကာ ပြီးပြီ။

အဘိဓမ္မမာတိကာ ပြီးပြီ။

http://www.dhammadownload.com



## သုတ္တန္တိက ဒုကမာတိကာ

**၁၀၁ (၁)။ ဝိဇ္ဇာဘာဂီဒုက်—**

(၁) ဝိဇ္ဇာဂုဏ်ပါးသို့ ဆည်းကပ်တတ်သော တရားများ၊ တနည်း-ဝိဇ္ဇာဂုဏ်ပါးအဘို့ အစုဖြစ်သော တရားများ၊ (၁၃၀၃)။

(၂) အဝိဇ္ဇာသို့ ဆည်းကပ်တတ်သော တရားများ၊ တနည်း- အဝိဇ္ဇာအဘို့အစု ဖြစ်သော တရားများ၊ (၁၃၀၄)။

**၁၀၂ (၂)။ ဝိဇ္ဇူပမဒုက်—**

(၁) လျှပ်စစ်နှင့် တူသော တရားများ၊ (၁၃၀၅)။

(၂) မိုးကြိုးစက်နှင့် တူသော တရားများ၊ (၁၃၀၆)။

**၁၀၃ (၃)။ ဗာလဒုက်—**

(၁) လူမိုက်ဖြစ်အောင် ပြုတတ်သော တရားများ၊ (၁၃၀၇)။

(၂) လူလိမ္မာဖြစ်အောင် ပြုတတ်သော တရားများ၊ (၁၃၀၈)။

**၁၀၄ (၄)။ ကဏှဒုက်—**

(၁) မည်းညစ်သော တရားများ၊ (လူဆင်းရဲ ဖြစ်အောင် ပြုတတ်သော တရားများ)၊ (၁၃၀၉)။

(၂) ဖြူစင်သော တရားများ၊ (လူချမ်းသာ လူဘုန်းကြီးဖြစ်အောင် ပြုတတ်သော တရားများ)၊ (၁၃၁၀)။

**၁၀၅ (၅)။ တပနီယဒုက်—**

(၁) ပူလောင်စေတတ်သော တရားများ၊ (၁၃၁၁)။

(၂) မပူလောင်စေတတ်သော တရားများ၊ (၁၃၁၂)။

**၁၀၆ (၆)။ အဓိဝစနဒုက်—**

(၁) အမည်ပညတ်ဖြစ်သော တရားများ၊ (၁၃၁၃)။

(၂) အမည်ပညတ်၏ အကြောင်းဖြစ်သော တရားများ၊ (၁၃၁၃)။

**၁၀၇ (၇)။ နိရုတ္တိဒုက်—**

(၁) ထုတ်ဆိုအပ်သော (သဒ္ဒပညတ်) တရားများ၊ (၁၃၁၄)။

(၂) ထုတ်၍ဆိုခြင်း၏ အကြောင်းဖြစ်သော တရားများ၊ (၁၃၁၄)။

**၁၀၈ (၈)။ ပညတ္တိဒုက်—**

(၁) အပြားအားဖြင့် သိစေတတ်သော တရားများ၊ (၁၃၁၅)။

(၂) အပြားအားဖြင့် သိစေတတ်သော တရားတို့၏ အကြောင်းဖြစ်သော တရားများ၊ (၁၃၁၅)။

http://www.dhammadownload.com



၁၀၉ (၉)။ နာမရူပဒုက်—

(၁) နာမ်တရား၊ (အာရုံသို့ ညွတ်တတ် ညွတ်စေတတ်သောတရား)၊ (၁၃၁၆)။

(၂) ရုပ်တရား (ဖောက်ပြန်တတ်သော တရား)၊ (၁၃၁၇)။

၁၁၀ (၁၀)။ အဝိဇ္ဇာဒုက်—

(၁) မသိမှု 'အဝိဇ္ဇာ' တရား၊ (အမှန်ကို ဖုံးလွှမ်းသော သိသင့်သည်ကို မသိ, မသိသင့်သည်ကို သိမှု'အဝိဇ္ဇာ'တရား)၊ (၁၃၁၈)။

(၂) ဘဝကို တပ်မက်တောင့်တမှု 'ဘဝတဏှာ' တရား၊ (၁၃၁၉)။

၁၁၁ (၁၁)။ ဘဝဒိဋ္ဌိဒုက်—

(၁) ဘဝမြဲခြင်း၏ အစွမ်းဖြင့်ဖြစ်သောအယူ၊ (၁၃၂၀)။

(၂) ဘဝပြတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောအယူ၊ (၁၃၂၁)။

၁၁၂ (၁၂)။ သဿတဒိဋ္ဌိဒုက်—

(၁) (အတ္တသည်၎င်း လောကသည်၎င်း) မြဲ၏ဟု ဖြစ်သောအယူ၊ (၁၃၂၂)။

(၂) (အတ္တသည်၎င်း လောကသည်၎င်း) ပြတ်စဲလတ္တံ့ဟု ဖြစ်သောအယူ၊ (၁၃၂၃)။

၁၁၃ (၁၃)။ အန္တဝါဒိဋ္ဌိဒုက်—

(၁) (အတ္တသည်၎င်း လောကသည်၎င်း) အဆုံးအပိုင်းအခြားရှိ၏ဟု ဖြစ်သောအယူ၊ (၁၃၂၄)။

(၂) (အတ္တသည်၎င်း လောကသည်၎င်း) အဆုံးအပိုင်းအခြား မရှိဟု ဖြစ်သောအယူ၊ (၁၃၂၅)။

၁၁၄ (၁၄)။ ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်—

(၁) ရှေးအဘို့သို့ အစဉ်လိုက်သော မှားသောအယူ၊ (၁၃၂၆)။

(၂) နောက်အဘို့သို့ အစဉ်လိုက်သော မှားသောအယူ၊ (၁၃၂၇)။

၁၁၅ (၁၅)။ အဟိရိကဒုက်—

(၁) မကောင်းမှုမှ မရှက်မှု 'အဟိရိက' တရား၊ (၁၃၂၈)။

(၂) မကောင်းမှုမှ မကြောက်လန့်မှု 'အနောတ္တပ္ပ' တရား၊ (၁၃၂၉)။

၁၁၆ (၁၆)။ ဟိရီဒုက်—

(၁) မကောင်းမှုမှရှက်မှု 'ဟိရီ'တရား၊ (၁၃၃၀)။

(၂) မကောင်းမှုမှ ကြောက်လန့်မှု'ဩတ္တပ္ပ'တရား၊ (၁၃၃၁)။

http://www.dhammadownload.com



၁၁၇ (၁၇)။ **ဒေါဝစဿတာဒုက်—**

(၁) ဆိုဆုံးမခက်သောသူ၏အဖြစ်၊ (ဆိုဆုံးမခက်သောသူဖြစ်အောင် ပြုတတ်သောတရား)၊ (၁၃၃၂)။

(၂) မကောင်းသောမိတ်ဆွေ ရှိသောသူ၏အဖြစ်၊ (မိတ်ဆွေဆိုး မိတ်ဆွေယုတ်ရှိသောသူဖြစ်အောင် ပြုတတ်သောတရား)၊ (၁၃၃၃)။

၁၁၈ (၁၈)။ **သောဝစဿတာဒုက်—**

(၁) ဆိုဆုံးမလွယ်သောသူ၏အဖြစ်၊ (ဆိုဆုံးမလွယ်သောသူဖြစ်အောင် ပြုတတ်သောတရား)၊ (၁၃၃၄)။

(၂) ကောင်းသောမိတ်ဆွေ ရှိသောသူ၏အဖြစ်၊ (အဆွေခင်ပွန်းကောင်း ရှိသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၃၅)။

၁၁၉ (၁၉)။ **အာပတ္တိကုသလတာဒုက်—**

(၁) အာပတ်တို့၌ လိမ္မာသောသူ၏အဖြစ်၊ (အာပတ်တို့၌ လိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၃၆)။

(၂) အာပတ်မှထခြင်း၌ လိမ္မာသောသူ၏အဖြစ်၊ (အာပတ်မှလွတ်ခြင်း၌ လိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၃၇)။

၁၂၀ (၂၀)။ **သမာပတ္တိကုသလတာဒုက်—**

(၁) သမာပတ်(ဝင်စားမှု)၌ လိမ္မာသောသူ၏အဖြစ်၊ (သမာပတ်ဝင်စားမှုကို ခွဲခြမ်း၍သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၃၈)။

(၂) သမာပတ်မှထမှု၌ လိမ္မာသောသူ၏အဖြစ်၊ (သမာပတ်မှထမှုကို ခွဲခြမ်း၍သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၃၉)။

၁၂၁ (၂၁)။ **ဓာတုကုသလတာဒုက်—**

(၁) သဘာဝ(ဓာတ်)၌ လိမ္မာသောသူ၏အဖြစ်၊ (ဓာတ် ၁၈-ပါးတို့၌ တတ်သိလိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၀)။

(၂) (ထိုသဘာဝ(ဓာတ်)တို့ကို) နှလုံးသွင်းမှု၌ လိမ္မာသောသူ၏အဖြစ်၊ (ဓာတ် ၁၈-ပါးတို့ကို နှလုံးသွင်းမှု၌ လိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၁)။

၁၂၂ (၂၂)။ **အာယတနကုသလတာဒုက်—**

(၁) အာယတန၌ လိမ္မာသောသူ၏အဖြစ်၊ (အာယတန ၁၂-ပါး၌ တတ်သိလိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၂)။

(၂) ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသောသူ၏အဖြစ်၊ (ပဋိစ္စသမုပ္ပါဒ်၌ တတ်သိလိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၃)။

http://www.dhammadownload.com



၁၂၃ (၂၃)။ ဥာနကုသလတာဒုက်—

(၁) အကြောင်းဟုတ်သည်၌ လိမ္မာသောသူ၏အဖြစ်၊ ( အကြောင်းဟုတ်သည်၌ တတ်သိလိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၄)။

(၂) အကြောင်းမဟုတ်သည်၌ လိမ္မာသောသူ၏အဖြစ်၊ (အကြောင်းမဟုတ်သည်၌ တတ်သိလိမ္မာသောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၅)။

၁၂၄ (၂၄)။ အဇ္ဇဝဒုက်—

(၁) ဖြောင့်မတ်သောသူ၏အဖြစ် 'အဇ္ဇဝ'၊ (ဖြောင့်မတ်သောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၆)။

(၂) နူးညံ့ပြေပြစ်သောသူ၏ အဖြစ် 'မဒ္ဒဝ'၊ (နူးညံ့ပြေပြစ်သောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၇)။

၁၂၅ (၂၅)။ ခန္တိဒုက်—

(၁) သည်းခံခြင်းတရား 'ခန္တိ'၊ (၁၃၄၈)။

(၂) ကောင်းသောအမှု၌ မွေ့လျော်သောသူ၏ အဖြစ်'သောရစ္စ'၊ (ကောင်းသော အမှု၌ မွေ့လျော်သောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၄၉)။

၁၂၆ (၂၆)။ သာခလျဒုက်—

(၁) နူးညံ့ပြေပြစ်သောစကား ရှိသောသူ၏အဖြစ် 'သာခလျ'၊ (နူးညံ့ပြေပြစ် ချစ်ဘွယ်စကားကို ဆိုတတ်သောသူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၀)။

(၂) လောကဝတ် အစေ့အစပ်ပြုခြင်း 'ပဋိသန္ထာရ'၊ (လောကဝတ် ဖော်ရွေကျေပွန်ခြင်း)၊ (၁၃၅၁)။

၁၂၇ (၂၇)။ ဣန္ဒြိယေသုအဂုတ္တဒွါရတာဒုက်—

(၁) ဣန္ဒြေတို့၌ မစောင့်ရှောက်သော တံခါးပေါက်ရှိသောသူ၏အဖြစ်၊ (မျက်စိစသော ဣန္ဒြေကို မစောင့်ထိန်းတတ်သူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၂)။

(၂) ဘောဇဉ်၌ အတိုင်းအရှည်ကို မသိတတ်သောသူ၏အဖြစ်၊ (စားဘွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိတတ်သူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၃)။

၁၂၈ (၂၈)။ ဣန္ဒြိယေသုဂုတ္တဒွါရတာဒုက်—

(၁) ဣန္ဒြေတို့၌ စောင့်ရှောက်သော တံခါးပေါက်ရှိသောသူ၏အဖြစ်၊ (မျက်စိစသော ဣန္ဒြေကို စောင့်ထိန်းတတ်သူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၄)။

(၂) ဘောဇဉ်၌ အတိုင်းအရှည်ကို သိတတ်သူ၏အဖြစ်၊ (စားဘွယ်ဘောဇဉ်၌ အတိုင်း အရှည်ကို သိတတ်သူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၅)။

http://www.dhammadownload.com



၁၂၉ (၂၉)။ မုဋ္ဌသစ္စဒုက်—

(၁) မေ့လျော့သော သတိရှိသောသူ၏အဖြစ် 'မုဋ္ဌသစ္စ'၊ ( သတိမေ့သူဖြစ်အောင် ပြုတတ်သော တရား)၊ (၁၃၅၆)။

(၂) ဆင်ခြင်စဉ်းစားဉာဏ်မရှိသော သူ၏အဖြစ် 'အသမ္ပဇဉ' (ဆင်ခြင်စဉ်းစားဉာဏ် မရှိသူဖြစ်အောင် ပြုတတ်သောတရား)၊ (၁၃၅၇)။

၁၃၀ (၃၀)။ သတိဒုက်—

(၁) အောက်မေ့တတ်သော 'သတိ'တရား၊ (၁၃၅၈)။

(၂) ဆင်ခြင်စဉ်းစားတတ်သော 'သမ္ပဇဉ'တရား၊ (၁၃၅၉)။

၁၃၁ (၃၁)။ ပဋိသင်္ခါနဗလဒုက်—

(၁) မတုန်မလှုပ်သော ဆင်ခြင်ခြင်း 'ပဋိသင်္ခါနဗလ'၊ (၁၃၆၀)။

(၂) မတုန်မလှုပ်သော ပွါးများခြင်း 'ဘာဝနာဗလ'၊ (၁၃၆၁)။

၁၃၂ (၃၂)။ သမထဒုက်—

(၁) (ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို) ငြိမ်သက်စေတတ်သော 'သမထ'တရား၊ (၁၃၆၂)။

(၂) အနိစ္စအစရှိသော အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်တတ်သော 'ဝိပဿနာ' တရား၊ (၁၃၆၃)။

၁၃၃ (၃၃)။ သမထနိမိတ္တဒုက်—

(၁) ငြိမ်သက်စေမှု 'သမထ'၏ အကြောင်းတရား၊ (၁၃၆၄)။

(၂) သမ္ပယုတ်တရားတို့ကို ချီးမြှောက်မှု 'ပဂ္ဂါဟ'၏ အကြောင်းတရား၊ (၁၃၆၅)။

၁၃၄ (၃၄)။ ပဂ္ဂါဟဒုက်—

(၁) သမ္ပယုတ်တရားတို့ကို ချီးမြှောက်မှု 'ဝီရိယ'၊ (၁၃၆၆)။

(၂) မပျံ့လွင့်မှု 'အဝိက္ခေပ'၊ (၁၃၆၇)။

၁၃၅ (၃၅)။ သီလဝိပတ္တိဒုက်—

(၁) အကျင့်သီလပျက်စီးခြင်း 'သီလဝိပတ္တိ'၊ (၁၃၆၈)။

(၂) အယူပျက်စီးခြင်း 'ဒိဋ္ဌိဝိပတ္တိ'၊ (၁၃၆၉)။

၁၃၆ (၃၆)။ သီလသမ္ပဒါဒုက်—

(၁) အကျင့်သီလပြည့်စုံခြင်း 'သီလသမ္ပဒါ'၊ (၁၃၇၀)။

(၂) အယူပြည့်စုံခြင်း 'ဒိဋ္ဌိသမ္ပဒါ'၊ (၁၃၇၁)။

http://www.dhammadownload.com



**၁၃၇ (၃၇)။ သီလဝိသုဒ္ဓိဒုက်—**

(၁) အကျင့်သီလ၏ အထူးစင်ကြယ်ခြင်း 'သီလဝိသုဒ္ဓိ'၊ (၁၃၇၂)။

(၂) အယူ၏အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ'၊ (၁၃၇၃)။

**၁၃၈ (၃၈)။ ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်—**

(၁) အယူ၏အထူးစင်ကြယ်ခြင်း၊ (၁၃၇၄)။

(၂) အထူးစင်ကြယ်သော အယူအားလျော်သောလုံ့လ၊ (၁၃၇၅)။

**၁၃၉ (၃၉)။ သံဝေဂဒုက်—**

(၁) ထိတ်လန့်ဘွယ်အကြောင်းတို့၌ ထိတ်လန့်ခြင်း၊ (၁၃၇၆)။

(၂) ထိတ်လန့်သူ၏ သင့်လျော်သောအားဖြင့် လုံ့လပြုခြင်း၊ (၁၃၇၇)။

**၁၄၀ (၄၀)။ အသန္တုဋ္ဌိတာဒုက်—**

(၁) ကုသိုလ်တရားတို့၌ မရောင့်ရဲ (မတင်းတိမ်) နိုင်သူ၏ အဖြစ်၊ (ကုသိုလ်တရားတို့၌ မရောင့်ရဲနိုင်သူဖြစ်အောင်ပြုတတ်သောတရား)၊ (၁၃၇၈)။

(၂) လုံ့လပြုခြင်း 'ဝီရိယ' ၌ မဆုတ်မနစ်သူ၏အဖြစ်၊ (ကုသိုလ်တရားပွါးများ အားထုတ်ခြင်း၌ မဆုတ်နစ်သောသူဖြစ်အောင် ပြုတတ်သောတရား)၊ (၁၃၇၉)။

**၁၄၁ (၄၁)။ ဝိဇ္ဇာဝိမုတ္တိဒုက်—**

(၁) ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'၊ (၁၃၈၁)။

(၂) လွတ်မြောက်မှု 'ဝိမုတ္တိ'၊ (၁၃၈၁)။

**၁၄၂ (၄၂)။ ခယေဉာဏဒုက်—**

(၁) ကိလေသာကုန်ခန်းခြင်းကို ပြုတတ်သော (မဂ်) ဉာဏ်၊ (၁၃၈၂)။

(၂) ကိလေသာတဖန်မဖြစ်ပေါ်စေတတ်သော (ဖိုလ်) ဉာဏ်၊ (ကိလေသာကို တဖန်မဖြစ်ပေါ်စေသော မဂ်၏ အဆုံး၌ဖြစ်သည့် ဖိုလ်ဉာဏ်)၊ (၁၃၈၃)။

**သုတ္တန္တိက ဒုကမာတိကာ ပြီးပြီ။**

# မာတိကာပြီးပြီ။

http://www.dhammadownload.com

# ၁-စိတ္တုပ္ပါဒကဏ္ဍ

## စိတ်စေတသိက်ပိုင်း

### (က) ကုသလပဒဘာဇနီ (ကုသိုလ်တရားစုကိုဝေဘန်ခြင်း)

### (ခ) ဓမ္မဝဝတ္ထာနဝါရ (တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း)

### ဥဒ္ဒေသဝါရ (အကျဉ်းအားဖြင့် ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် ပဌမစိတ်** ၁။ အဘယ် တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ (အကြောင်းညီညွတ်သော) အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကိုဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်း** (အကြောင်းညီညွတ်သော) ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏။ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏။ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' သည် ဖြစ်၏၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' သည် ဖြစ်၏၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည် ဖြစ်၏။ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ် မကောင်းမှုမှရှက်မှု 'ဟိရီဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ် မကောင်းမှုမှကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်' သည် ဖြစ်၏။ မလိုချင် မတပ်မက်မှု 'အလောဘ' သည် ဖြစ်၏၊ မဖျက်ဆီးမှု မပျက်စီးစေလိုမှု 'အဒေါသ' သည် ဖြစ်၏၊ အမှန်တရား၌ မတွေဝေမှု 'အမောဟ' သည် ဖြစ်၏၊ သူတပါးဥစ္စာ၌ မမက်မောမှု 'အနဘိဇ္ဈာ' သည် ဖြစ်၏၊ မပျက်စီးစေလိုမှု 'အဗျာပါဒ' သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ မကောင်းမှုမှရှက်မှု 'ဟိရီ' သည် ဖြစ်၏၊ မကောင်းမှုမှကြောက်လန့်မှု 'ဩတ္တပ္ပ' သည် ဖြစ်၏။ ကိုယ် (စေတသိက်ခန္ဓာသုံးပါးအပေါင်း) ၏ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ' သည် ဖြစ်၏၊ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ' သည် ဖြစ်၏၊ ကိုယ်(စေတသိက်ခန္ဓာသုံးပါးအပေါင်း)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ' သည် ဖြစ်၏၊ စိတ်၏လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ' သည် ဖြစ်၏၊ ကိုယ်(စေတသိက်ခန္ဓာ

http://www.dhammadownload.com



သုံးပါးအပေါင်း)၏ နူးညံ့မှု 'ကာယမုဒုတာ' သည် ဖြစ်၏၊ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ' သည် ဖြစ်၏၊ ကိုယ်(စေတသိက်ခန္ဓာသုံးပါးအပေါင်း)၏ ခံ့ကျန်းမှု 'ကာယကမ္မညတာ' သည် ဖြစ်၏၊ စိတ်၏ခံ့ကျန်းမှု 'စိတ္တကမ္မညတာ' သည် ဖြစ်၏၊ ကိုယ်(စေတသိက် ခန္ဓာသုံးပါးအပေါင်း)၏ လေ့ကျင့်မှု 'ကာယပါဂုညတာ' သည် ဖြစ်၏၊ စိတ်၏လေ့ကျင့်မှု 'စိတ္တပါဂုညတာ' သည် ဖြစ်၏၊ ကိုယ်(စေတသိက်ခန္ဓာသုံးပါးအပေါင်း)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ' သည် ဖြစ်၏၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ' သည် ဖြစ်၏။ အောက်မေ့မှု 'သတိ' သည် ဖြစ်၏၊ ကောင်းစွာ အပြားအားဖြင့်သိမှု 'သမ္ပဇည' သည် ဖြစ်၏။ ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေမှု 'သမထ' သည် ဖြစ်၏၊ အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု 'ဝိပဿနာ' သည် ဖြစ်၏။ ချီးမြှောက်မှု 'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ' ပြီးပြီ။

---

## ကာမာဝစရကုသလပဒဘာဇနီ (ကာမာဝစရကုသိုလ်တရားစုကို ဝေဘန်ခြင်း)

**ဖဿ၏ သဘော** ၂။ (အကြောင်းညီညွတ်သော) ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ (အကြောင်းညီညွတ်သော) ထိုအခါ၌ အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိပုံအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိပုံ အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၃။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုသာယာဘွယ် ချမ်းသာအား လျော်ကပ်သော 'တဇ္ဇာ'၊ အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ၏ ကောင်းစွာ တွေ့ထိခြင်းကြောင့်ဖြစ်သော အကြင်စိတ်၌ မှီသောသာယာမှု 'စေတသိကံ သာတံ'၊ စိတ်၌မှီသော ချမ်းသာမှု 'စေတသိကံ သုခံ'၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု ချမ်းသာကို ခံစားမှု 'စေတောသမ္ဖဿဇံ သာတံ သုခံ ဝေဒယိတံ'၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ' သည် ရှိ၏။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' ဟူသည် ဤသဘောဖြစ်၏။

**သညာ၏ သဘော** ၄။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ' အား လျော်ကပ်သော 'တဇ္ဇာ' အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်မှတ်သားမှု 'သညာ'၊ မှတ်သားပုံအခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားတတ်သည်၏အဖြစ် 'သဉ္ဇာနိတတ္တ' သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စေတနာ၏သဘော** ၅။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' အား လျော်ကပ်သော 'တဇ္ဇာ'၊ အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင် စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကောင်းစွာစေ့ဆော်ပုံ (နှိုးဆော်ပုံ) အခြင်းအရာ 'သဉ္စေတနာ'၊ စေ့ဆော် (နှိုးဆော်) တတ်သည်၏အဖြစ် 'စေတယိတတ္တ' သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၆။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်ဆန်းကြယ်သော သဘော 'စိတ္တ'၊ (အာရုံသို့ညွတ်၍) သိတတ်သော သဘော 'မန'၊ သိခြင်းသဘော 'မာနသ'၊ ဝိတ်နှလုံး 'ဟဒယ'၊ ဖြူစင်သောသဘော 'ပဏ္ဍရ'၊ သိမှုသဘော 'မန'၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိတတ်သော စိတ်အစု 'ဝိညာဏက္ခန္ဓ'၊ ထိုစိတ်အား လျော်ကပ်သော 'တဇ္ဇာ'၊ အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် ဤသဘောဖြစ်၏။

(ဤကား ဖဿ ပဉ္စမက ရာသီဖြစ်သော ဖဿ ဝေဒနာ သညာ စေတနာ စိတ် ပေါင်း ၅-ပါး)။

**ဝိတက်၏သဘော** ၇။ (အကြောင်းညီညွတ်သော) ထိုအခါ၌ အကြင်ကြံစည်ခြင်း 'ဝိတက်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်း သဘော 'တက္က'၊ အထူးကြံစည်ခြင်းသဘော 'ဝိတက္က'၊ ကောင်းစွာကြံစည်ခြင်းသဘော 'သင်္ကပ္ပ'၊ တည်ကြည်သောစိတ်ကို အာရုံသို့ရောက်စေခြင်းသဘော 'အပ္ပနာ'၊ အထူးရောက်စေခြင်းသဘော 'ဗျပ္ပနာ'၊ စိတ်ကိုအာရုံသို့ ရှေးရှုတင်ပေးခြင်းသဘော 'စေတသော အဘိနိရောပနာ'၊ ကုသိုလ် အဖြစ်သို့ ရောက်သော ချီးကျူးအပ်သော အကြံကို ကြံစည်ခြင်းသဘော 'သမ္မာသင်္ကပ္ပ' သည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်' ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏သဘော** ၈။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ (အာရုံကို ကောင်းစွာသိကျွမ်းအောင်) အကြင်သုံးသပ်မှု 'စာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အဖန်ဖန်သုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍သုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကို (အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ထားမှု 'စိတ္တဿ အနုသန္ဓနတာ'၊ (စိတ်၏အာရုံကို) အစဉ် မပြတ် ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘော 'အနုပေက္ခနတာ' သည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ' ဟူသည် ဤသဘောဖြစ်၏။

**ပီတိ၏သဘော** ၉။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာ ဝမ်းသာမှု 'အာမောဒနာ'၊ များစွာဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'ဩဒဂျ'၊ စိတ်၏ နှစ်လိုမှု 'အတ္တမနတာ စိတ္တဿ' သည် (ရှိ၏)။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် ဤသဘောဖြစ်၏။

**သုခ၏သဘော** ၁၀။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၌ မှီသောသာယာမှု 'စေတသိကံ သာတံ'၊ စိတ်၌ မှီသောချမ်းသာမှု 'စေတသိကံ သုခံ'၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာ

http://www.dhammadownload.com



ဘွယ်ကိုခံစားမှု (နှင့်) ချမ်းသာကိုခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သောသာယာ ဘွယ်ခံစားမှု (နှင့်) ချမ်းသာခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၁၁။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏တည်မှု 'စိတ္တဿ ဌိတိ'၊ ကောင်းစွာတည်မှု 'သဏ္ဌိတိ'၊ သက်ဝင်၍ တည်မှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု) 'အဝိသာဟဋမာနသတာ'၊ငြိမ်သက်မှု 'သမထ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည်(ရှိ၏)။ထိုအခါ၌ စိတ်၏တခုတည်းသောအာရုံရှိသည်၏အဖြစ်'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။

(ဤကား ဈာနင်္ဂရာသီ၊ ဈာန်အင်္ဂါ အစိတ်အပိုင်း အစုအလင် ဟောတော်မူပုံ)။

**သဒ္ဓိန္ဒြေ၏သဘော** ၁၂။ ထိုအခါ၌ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု'သဒ္ဓါ'၊ ယုံကြည်ပုံအခြင်း အရာ 'သဒ္ဒဟနာ'၊ သက်ဝင်ပုံ အခြင်းအရာ 'ဩကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ'၊ ယုံကြည်မှု 'သဒ္ဓါ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ဝီရိယိန္ဒြေ၏သဘော** ၁၃။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအား ထုတ်မှု'ဝီရိယာရမ္ဘ'၊ပျင်းရိခြင်းမှထွက်မြောက်မှု'နိက္ကမ'၊အဆင့်ဆင့်တိုးတက်အားထုတ်မှု'ပရက္ကမ'၊ အထက်သို့တက်၍ ကြိုးပမ်းမှု (မြင့်သည်ထက် မြင့်အောင်- အထက်ရောက်အောင် ကြိုးပမ်းမှု) 'ဥယျာမ'၊ လုံ့လစိုက်မှု'ဝါယာမ'၊ ဆင်းရဲကို သည်းခံမှု 'ဥဿာဟ'၊ အပြင်းအထန် ကြိုးစားမှု 'ဥဿောဠှီ'၊ ခိုင်မြဲမှု 'ထာမ'၊ ဆောင်ထားမှု 'ဓိတိ'၊ မလျော့သော အားထုတ်မှုရှိသူ၏ အဖြစ် 'အသိထိလ ပရက္ကမတာ'၊မချအပ်သောအလိုဆန္ဒရှိသူ၏ အဖြစ် 'အနိက္ခိတ္တဆန္ဒတာ'၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ် 'အနိက္ခိတ္တဓုရတာ'၊ တာဝန်ကိုကောင်းစွာထမ်းဆောင်မှု 'ဓုရသမ္ပဂ္ဂါဟ'၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏အလုပ်ဟူသော ရဲရင့်မှု'ဝီရိယ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန် မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**သတိန္ဒြေ၏သဘော** ၁၄။ ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အောက်မေ့မှု 'အနုဿတိ'၊ တဖန်အောက်မေ့မှု 'ပဋိဿတိ'၊ သတိဟူသော အောက်မေ့ပုံ အခြင်းအရာ 'သရဏတာ'၊ ဆောင်ပုံအခြင်းအရာ 'ဓာရဏတာ'၊ မပေါ်သော ဖြစ်ခြင်းအရာ (အာရုံ၌ စူးစိုက်မှု) 'အပိလာပနတာ'၊ မမေ့လျော့မှု 'အသမ္မုဿနတာ'၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ

http://www.dhammadownload.com



ဖေါက်မေ့မှု 'သမ္မာသတိ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**သမာဓိန္ဒြေ၏သဘော** ၁၅။ ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသောစိတ်ရှိသူ၏အဖြစ်(စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ပဒ-အမှတ် ၁၁-စိတ္တဿေကဂ္ဂတာကြည့်)

**ပညိန္ဒြေ၏သဘော** ၁၆။ ထိုအခါ၌ အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု 'ပညာ'၊ အပြားအားဖြင့်သိခြင်းသဘော 'ပဇာနနာ'၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော 'ဝိစယ'၊ အပြားအားဖြင့်စိစစ်ခြင်းသဘော 'ပဝိစယ'၊(သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော 'သလ္လက္ခဏာ'၊ ကပ်၍ မှတ်ခြင်းသဘော 'ဥပလက္ခဏာ'၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော 'ပစ္စုပလက္ခဏာ'၊ အသိဉာဏ်ရှိသူ၏အဖြစ် 'ပဏ္ဍိစ္စ'၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် 'ကောသလ္လ'၊ သိမ်မွေ့သူ၏အဖြစ် 'နေပုည'၊ (အနိစ္စစသည်ကို) ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ) ၏အဖြစ် 'ဝေဘဗျာ'၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော'စိန္တာ'၊ နှိုင်းချိန်ခြင်းသဘော 'ဥပပရိက္ခာ'၊ မြေကြီးနှင့်တူသောသဘော တနည်း ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သော သဘော 'ဘူရိ'၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော 'မေဓာ'၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သော သဘော'ပရိဏာယိကာ'၊ အထူးထူး ရှုမြင်တတ်သောသဘော 'ဝိပဿနာ'၊ ကောင်းစွာအပြားအားဖြင့်သိတတ်သောသဘော 'သမ္ပဇည' (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ(တုတ်တပြာ)နှင့် တူသောသဘော 'ပတောဒ'၊ ပညာဟူသော အစိုးတရအပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊မတုန်မလှုပ် အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော)အပြားအားဖြင့် သိမှုလက်နက် 'ပညာသတ္ထ'၊(မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော)အပြားအားဖြင့် သိမှုပြာသာဒ်'ပညာပါသာဒ'၊ အပြားအားဖြင့် သိမှုအလင်း'ပညာအာလောက'၊အပြားအားဖြင့်သိမှု အရောင်'ပညာဩဘာသ'၊ အပြားအားဖြင့်သိမှုတန်ဆောင်'ပညာပဇ္ဇောတ'၊(ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့်သိမှုရတနာ 'ပညာရတနာ'၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရအပြားအားဖြင့်သိမှု 'ပညိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၁၇။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ အာရုံသို့ ညွတ်၍ သိတတ်သော သဘော၊ သိခြင်းသဘော၊ စိတ်နှလုံးဖြစ်စေသောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ်'၊ အထူးသိတတ်သော

http://www.dhammadownload.com



စိတ်အစု 'ဝိညာဏက္ခန္ဓ'၊ ထိုစိတ်အား လျော်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၆- စိတ္တကြည့်)

**သောမနဿိန္ဒြေ၏သဘော** ၁၈။ ထိုအခါ၌ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် စိတ်၌မှီသော သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကိုခံစားမှု၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ခံစားမှု၊ ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၃-ဝေဒနာကြည့်)

**ဇီဝိတိန္ဒြေ၏သဘော** ၁၉။ ထိုအခါ၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုနာမ်တရားတို့၏ အကြင် အသက် 'တေသံ အရူပီနံ ဓမ္မာနံ အာယု'၊တည်ကြောင်းသဘော'ဌိတိ'၊ဖြစ်ခြင်းသဘော'ယပနာ'၊ ဖြစ်စေခြင်းသဘော 'ယာပနာ'၊ ဖြစ်မှုသဘော 'ဣရိယနာ'၊ ဖြစ်ကြောင်းသဘော 'ဝတ္တနာ'၊ စောင့်ရှောက်ခြင်းသဘော 'ပါလနာ'၊ အသက်ရှည်ကြောင်းသဘော 'ဇီဝိတ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)၊ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ဤကား ဣန္ဒြိယရာသီ၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ)။

**သမ္မာဒိဋ္ဌိ၏သဘော** ၂၀။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် အပြားအားဖြင့် သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြုတတ်သူ)၏အဖြစ်၊ (အနိစ္စ စသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသော သဘော တနည်း ဟုတ်မှန်သောအနက်၌ မွေလျော်ဝင်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ) နှင့်တူသော သဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) အပြားအားဖြင့် သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) အပြားအားဖြင့်သိမှု ပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့်သိမှု ရတနာ၊ မတွေဝေမှု၊

http://www.dhammadownload.com



(သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၆-ပညိန္ဒြေကြည့်)

**သမ္မာသင်္ကပ္ပ၏သဘော** ၂၁။ ထိုအခါ၌ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်း သဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း သဘော၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၇-ဝိတက္ကကြည့်)

**သမ္မာဝါယာမ၏သဘော** ၂၂။ ထိုအခါ၌ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင်ကြိုးပမ်းမှု) လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ ဆောင်ထားမှု၊ မလျော့သောအားထုတ်မှု ရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏ အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန် မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**သမ္မာသတိ၏သဘော** ၂၃။ ထိုအခါ၌ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ၊ မပေါ်သောအခြင်းအရာ (အာရုံ၌စူးစိုက်မှု)၊ မမေ့လျော့မှု၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၄-သတိန္ဒြေကြည့်)

**သမ္မာသမာဓိ၏သဘော** ၂၄။ ထိုအခါ၌ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏ အဖြစ်၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၁-စိတ္တဿေကဂ္ဂတာကြည့်)

http://www.dhammadownload.com



**သဒ္ဓိန္ဒြေ** ၂၅။ ထိုအခါ၌ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု၊ ယုံကြည်ပုံအခြင်းအရာ၊ သက်ဝင်ပုံအခြင်းအရာ၊ အလွန်ကြည်လင်မှု၊ ယုံကြည်မှု 'သဒ္ဓါ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၂-သဒ္ဓိန္ဒြေကြည့်)

**ဝီရိယဗိုလ်၏သဘော** ၂၆။ ထိုအခါ၌ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏ အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**သတိဗိုလ်၏သဘော** ၂၇။ ထိုအခါ၌ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ၊ မပေါ်သော အခြင်းအရာ (အာရုံ၌စူးစိုက်မှု)၊ မမေ့လျော့မှု၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၄-သတိန္ဒြေကြည့်)

**သမာဓိဗိုလ်၏သဘော** ၂၈။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏ တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ်၊ (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၅-သမာဓိန္ဒြေကြည့်)

**ပညာဗိုလ်၏သဘော** ၂၉။ ထိုအခါ၌ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု၊ အပြားအားဖြင့်သိခြင်းသဘော၊ စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်း

http://www.dhammadownload.com



သဘော၊ ရှေးရှုထပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏အဖြစ်၊ စဉ်းစားခြင်း သဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော တနည်း-ဟုတ်မှန်သောအနက်၌မွေ့လျော်တတ် သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍သိမှု၌ ညွတ်စေ တတ်သောသဘော၊ အထူးထူးရှုမြင်တတ်သောသဘော၊ ကောင်းစွာ အပြားအားဖြင့် သိတတ် သောသဘော၊(လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ(တုတ်တပြာ)နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) အပြားအား ဖြင့် သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော)အပြားအားဖြင့်သိမှုပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အပြားအားဖြင့်သိမှု 'ရတနာ'၊ မတွေဝေ မှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိ မြင်မှု (အမြင်မှန်) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ မတုန် မလှုပ်အပြားအားဖြင့်သိမှု'ပညာဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ပဒအုမှတ် ၁၆-ပညိန္ဒြေကြည့်)

**ဟိရီဗိုလ်၏သဘော** ၃၀။ ထိုအခါ၌ မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက် စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို ရှက်တတ်၏၊ ထိုအခါ၌ မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

**သြတ္တပ္ပဗိုလ်၏သဘော** ၃၁။ ထိုအခါ၌ မတုန်မလှုပ် ကြောက်လန့်မှု 'သြတ္တပ္ပဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရား သည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။ ထိုအခါ၌ မတုန်မလှုပ်ကြောက်လန့်မှု 'သြတ္တပ္ပဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

(ဤကား ဗလ ရာသီ)

**အလောဘ၏သဘော** ၃၂။ ထိုအခါ၌ မလိုချင်မှု 'အလောဘ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်မလိုချင်ခြင်းသဘော'အလောဘ'၊ မလိုချင်ပုံအခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင်တတ်သူ၏ အဖြစ် 'အလုဗ္ဘိတတ္တ'၊ မစွဲလမ်းခြင်း 'အသာရာဂ'၊ မစွဲလမ်းပုံအခြင်းအရာ 'အသာရဇ္ဇနာ'၊ မစွဲလမ်းတတ်သူ၏ အဖြစ်'အသာရဇ္ဇိတတ္တ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု'အလောဘ ကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ မလိုချင်မှု 'အလောဘ' ဟူသည် ဤသဘောဖြစ်၏။

**အဒေါသ၏သဘော** ၃၃။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ'ဟူသည် အဘယ်သဘော ဖြစ်သ နည်း။ ထိုအခါ၌ အကြင် မဖျက်ဆီးခြင်း သဘော 'အဒေါသ'၊ မဖျက်ဆီးပုံအခြင်းအရာ 'အဒုဿနာ'၊ မဖျက်ဆီးတတ်သူ၏အဖြစ် 'အဒုဿိတတ္တ'၊စိတ်မဖျက်ဆီးမှု 'အဗျာပါဒ'၊ စိတ်မပျက်စီးစေလိုမှု 'အဗျာပဇ္ဇ'၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု

http://www.dhammadownload.com



'အဒေါသကုသလမူလ'သည် (ရှိ၏)။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ'ဟူသည် ဤသဘောဖြစ်၏။

**အမောဟာ၏သဘော** ၃၄။ ထိုအခါ၌ မတွေဝေမှု 'အမောဟ ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် အပြားအားဖြင့်သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို)စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ (အနိစ္စစသည်ကို)ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော တနည်း ဟုတ်မှန်သောအနက်၌ မွေလျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ တိုးထွင်း၍သိမှု၌ ညွတ်စေတတ်သောသဘော၊ အထူးထူးရှုမြင်တတ်သောသဘော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ(တုတ်တပြာ)နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော)အပြားအားဖြင့်သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) အပြားအားဖြင့်သိမှု ပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့်သိမှု ရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု(အမြင်မှန်) 'သမ္မာဒိဋ္ဌိ'၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မတွေဝေမှု 'အမောဟကုသလမူလ'သည် (ရှိ၏)။ ထိုအခါ၌ မတွေဝေမှု 'အမောဟ'ဟူသည် ဤသဘောဖြစ်၏။

(ပဒ-အမှတ် ၁၆-ပညိန္ဒြေကြည့်)

(ဤကား မူလရာသီ)

**အနဘိဇ္ဈာ၏သဘော** ၃၅။ ထိုအခါ၌ မမက်မောမှု 'အနဘိဇ္ဈာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်မလိုချင်ခြင်း သဘော 'အလောဘ'၊ မလိုချင်ပုံအခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင်တတ်သူ၏အဖြစ် 'အလုဗ္ဘိတတ္တ'၊ မစွဲလမ်းခြင်းသဘော၊ မစွဲလမ်းပုံအခြင်းအရာ၊ မစွဲလမ်းတတ်သူ၏အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘ'သည် (ရှိ၏)။ ထိုအခါ၌ မမက်မောမှု 'အနဘိဇ္ဈာ'ဟူသည် ဤသဘောဖြစ်၏။

(ပဒ-အမှတ် ၃၂-အလောဘကြည့်)

**အဗျာပါဒ၏သဘော** ၃၆။ ထိုအခါ၌ မဖျက်ဆီးမှု 'အဗျာပါဒ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်မဖျက်ဆီးခြင်း သဘော၊ မဖျက်ဆီးပုံ အခြင်းအရာ၊ မဖျက်ဆီးတတ်သူ၏အဖြစ်၊ စိတ်မဖျက်ဆီးမှု၊ စိတ်မပျက်စီးစေလိုမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု'အဒေါသကုသလမူလ'သည် (ရှိ၏)။ ထိုအခါ၌ မဖျက်ဆီးမှု 'အဗျာပါဒ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၃၃-အဒေါသကြည့်)

http://www.dhammadownload.com



**သမ္မာဒိဋ္ဌိ၏သဘော** ၃၇။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့် သိမှု၊ အပြားအားဖြင့် သိပုံအခြင်းအရာ၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊(သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြုတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့် တူသော သဘော တနည်း ဟုတ်မှန်သောအနက်၌ မွေလျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းပန်း နှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူးရှုမြင်တတ် သော သဘော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွား နေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့် တူသော သဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော)အပြားအားဖြင့်သိမှု လက်နက်၊ (မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို မြင့်တက်စေတက်သော) အပြားအားဖြင့် သိမှု ပြာသာဒ်၊ အပြားအားဖြင့် သိမှု အလင်း၊ အပြားအားဖြင့် သိမှု အရောင်၊ အပြားအားဖြင့် သိမှု ဝန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့် သိမှု ရတနာ၊ မတွေဝေမှု 'အမောဟ'၊ သစ္စာလေးပါး တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု (အမြင်မှန်) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု'သမ္မာဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၆-ပညိန္ဒြေ ကြည့်)

**ဟိရီ၏ သဘော** ၃၈။ ထိုအခါ၌ ရှက်မှု 'ဟိရီ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ထိုအခါ၌ အကြင်သဘော တရားသည် ရှက်ထိုက်သော ကာယဒုစရိုက် စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို ရှက်တတ်၏။ ထိုအခါ၌ ရှက်မှု'ဟိရီ'ဟူသည် ဤသဘောဖြစ်၏။

**ဩတ္တပ္ပ၏သဘော** ၃၉။ ထိုအခါ၌ ကြောက်လန့်မှု 'ဩတ္တပ္ပ'ဟူသည် အဘယ်သဘော ဖြစ် သနည်း။ ထိုအခါ၌ အကြင်သဘော တရားသည် ကြောက်လန့် ထိုက်သော ကာယဒုစရိုက်စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာကုန်သော အကုသိုလ်တရား များသို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။ ထိုအခါ၌ ကြောက်လန့်မှု 'ဩတ္တပ္ပ' ဟူသည် ဤ သဘောဖြစ်၏။ (ဤကား လောကပါလဒုကတည်း)။

**ကာယပဿဒ္ဓိ၏သဘော** ၄၀။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယ ပဿဒ္ဓိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင်ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'၊ ငြိမ်းမေ့မှု 'ပဋိပဿဒ္ဓိ'၊ ငြိမ်းချမ်းခြင်း 'ပဿမ္ဘနာ'၊ ငြိမ်းခြေင်း 'ပဋိပဿမ္ဘနာ'၊ ငြိမ်းသော (ခန္ဓာ ၃-ပါး၏) အဖြစ် 'ပဋိပဿမ္ဘိတတ္တ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ' ဟူသည် ဤသဘော ဖြစ်၏။

http://www.dhammadownload.com



**စိတ္တပဿဒ္ဓိ၏သဘော** ၄၁။ ထိုအခါ၌ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'၊ ငြိမ်းမှု 'ပဋိပဿဒ္ဓိ'၊ ငြိမ်းချမ်းခြင်း 'ပဿမ္ဘနာ'၊ ငြိမ်းခြင်း 'ပဋိပဿမ္ဘနာ'၊ ငြိမ်းသော 'ဝိညာဏက္ခန္ဓာ'၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ' ဟူသည် ဤသဘော ဖြစ်၏။

**ကာယလဟုတာ၏သဘော** ၄၂။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန် ပေါ့ပါးမှု 'ကာယလဟုတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင်လျင်မြန်ပေါ့ပါးမှု 'လဟုတာ'၊ ပေါ့ပါးသော အပြန်ရှိသည်၏ (လျင်မြန်သည်၏) အဖြစ် 'လဟုပရိဏာမတာ'၊ မနုန့်နှေးသည်၏အဖြစ် 'အဒန္ဓနတာ'၊ မတင်းမာသည်၏အဖြစ် 'အဝိတ္ထနတာ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း(ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'ဟူသည် ဤသဘော ဖြစ်၏။

**စိတ္တလဟုတာ၏သဘော** ၄၃။ ထိုအခါ၌ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်လျင်မြန်ပေါ့ပါးမှု 'လဟုတာ'၊ ပေါ့ပါးသောအပြန်ရှိသည်၏ (လျင်မြန်သည်၏) အဖြစ် 'လဟုပရိဏာမတာ'၊ မနုန့် နှေးသည်၏အဖြစ် 'အဒန္ဓနတာ'၊ မတင်းမာသည်၏အဖြစ်'အဝိတ္ထနတာ' သည်(ရှိ၏)။ထိုအခါ၌ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'ဟူသည် ဤသဘောဖြစ်၏

**ကာယမုဒုတာ၏သဘော** ၄၄။ ထိုအခါ၌ စေတသိက် အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင်နူးညံ့သည်၏အဖြစ်'မုဒုတာ'၊ ပြေပြစ်သည်၏ အဖြစ် 'မဒ္ဒဝတာ'၊ မခက်ထန်သည်၏ အဖြစ် 'အကက္ခဠတာ'၊ မကြမ်းတမ်းသည်၏ အဖြစ် 'အကထိနတာ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'ဟူသည် ဤသဘော ဖြစ်၏။

**စိတ္တမုဒုတာ၏သဘော** ၄၅။ ထိုအခါ၌ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်နူးညံ့သည်၏ အဖြစ် 'မုဒုတာ'၊ ပြေပြစ်သည်၏ အဖြစ် 'မဒ္ဒဝတာ'၊ မခက်ထန်သည်၏ အဖြစ် 'အကက္ခဠတာ'၊ မကြမ်းတမ်းသည်၏ အဖြစ် 'အကထိနတာ'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ' ဟူသည် ဤသဘော ဖြစ်၏။

**ကာယကမ္မညတာ၏သဘော** ၄၆။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု (ကောင်းသော အလုပ်၌ ပြီးမြောက်သည် အထိ ပါဝင်ဆောင်ရွက်နိုင်သောသဘော) 'ကာယကမ္မညတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင်ကောင်းသော အလုပ်၌ ခံ့မှု 'ကမ္မညတာ'၊ ကောင်းသောအလုပ်၌ ခံ့ကြောင်းသဘော 'ကမ္မညတ္တ'၊ ကောင်းသော အလုပ်၌ ခံ့သည်၏အဖြစ် 'ကမ္မညဘာဝ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စိတ္တကမ္မညတာ၏သဘော** ၄၇။ ထိုအခါ၌ စိတ်၏ ခံ့မှု (ကောင်းသောအလုပ်၌ ပြီးမြောက်သည်အထိ ပါဝင် ဆောင်စွမ်း နိုင်သောသဘော) 'စိတ္တကမ္မညတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်ကောင်းသော အလုပ်၌ ခံ့မှု 'ကမ္မညတာ'၊ကောင်းသော အလုပ်၌ခံ့ကြောင်းသဘော 'ကမ္မညတ္တ'၊ကောင်းသောအလုပ်၌ ခံ့သည်၏ အဖြစ် 'ကမ္မညဘာဝ'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ အလုပ်၌ ခံ့မှု 'စိတ္တကမ္မညတာ' ဟူသည် ဤသဘောဖြစ်၏။

**ကာယပါဂုညတာ၏သဘော** ၄၈။ ထိုအခါ၌ စေတသိက် အပေါင်း (ကိုယ်)၏ အလေ့ အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင်အလေ့အကျင့်ရှိမှု(ကျင့်သားရမှု) 'ပဂုဏတာ'၊ လေ့ကျင့်ကြောင်း (ကျင့်သားရကြောင်း) သဘော 'ပဂုဏတ္တ'၊ လေ့ကျင့်သည် (ကျင့်သားရသည်)၏ အဖြစ် 'ပဂုဏဘာဝ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တပါဂုညတာ၏သဘော** ၄၉။ ထိုအခါ၌ စိတ်၏ အလေ့ အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' ဟူသည် အဘယ် သဘောဖြစ် သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်လေ့ကျင့်မှု (ကျင့်သားရမှု) 'ပဂုဏတာ'၊ လေ့ကျင့်ကြောင်း (ကျင့်သားရကြောင်း) သဘော'ပဂုဏတ္တ'၊ လေ့ကျင့်သည် (ကျင့်သားရသည်)၏ အဖြစ် 'ပဂုဏဘာဝ'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' ဟူသည် ဤသဘောဖြစ်၏။

**ကာယုဇုကတာ၏သဘော** ၅၀။ ထိုအခါ၌ စေတသိက် အပေါင်း(ကိုယ်)၏ ဖြောင့်မတ်မှု'ကာယုဇုကတာ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင်ဖြောင့်မတ်မှု 'ဉဇုတာ'၊ ဖြောင့်မတ်သော အခြင်းအရာအားဖြင့် ဖြစ်သည်၏ အဖြစ် 'ဉဇုကတာ'၊ မကောက်သည်၏ အဖြစ် 'အဇိမှတာ'၊ မကွေးသည်၏ အဖြစ် 'အဝင်္ကတာ'၊ မကိုင်းသည်၏အဖြစ် 'အကုဋိလတာ'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တုဇုကတာ၏သဘော** ၅၁။ ထိုအခါ၌ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်ဖြောင့်မတ်မှု 'ဉဇုတာ'၊ ဖြောင့်မတ်သောအခြင်းအရာအားဖြင့် ဖြစ်သည်၏အဖြစ် 'ဉဇုကတာ'၊ မကောက်သည်၏အဖြစ် 'အဇိမှတာ'၊ မကွေးသည်၏အဖြစ် 'အဝင်္ကတာ'၊ မကိုင်းသည်၏အဖြစ် 'အကုဋိလတာ'သည် (ရှိ၏)။ထိုအခါ၌ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ' ဟူသည် ဤသဘောဖြစ်၏။ (ဤကား ယေဝါပနကမဂ္ဂ)။ 

**သတိ၏သဘော** ၅၂။ ထိုအခါ၌ အောက်မေ့မှု 'သတိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ ထပ်ဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ၊ မပေါ်

http://www.dhammadownload.com



သောအခြင်းအရာ(အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် (ရှိ၏)။ ထိုအခါ၌ အောက်မေ့မှု 'သတိ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၄-သတိန္ဒြေကြည့်)

**သမ္မာဉာဏ်သဘော** ၅၃။ ယိုအခါ၌ ကောင်းစွာ အပြားအားဖြင့်သိမှု 'သမ္ပဇည' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့် သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ စိစစ်ခြင်းသဘော၊အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ)သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊နှိုင်းချိန်ခြင်းသဘော၊ဟုတ်မှန်သောအနက်၌ မွေလျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော သဘော၊(လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) အပြားအားဖြင့်သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) အပြားအားဖြင့် သိမှု ပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့် သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော)အပြားအားဖြင့် သိမှု ရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ အပြားအားဖြင့်သိမှု 'သမ္ပဇည' ဟူသည် ဤသဘော ဖြစ်၏။ (ဤကား ဥပကာရဒုက)။

(ပဒအမှတ် ၁၆-ပညိန္ဒြေကြည့်)

**သမထ၏သဘော** ၅၄။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် စိတ်၏တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ စိတ်မရွေ့ရှားမှု၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် ဤသဘော ဖြစ်၏။

(ပဒ အမှတ် ၁၁-စိတ္တဿေကဂ္ဂတာကြည့်)

**ဝိပဿနာ၏သဘော** ၅၅။ ထိုအခါ၌ အထူးထူးရှုမြင်မှု 'ဝိပဿနာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့် သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ၍မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်

http://www.dhammadownload.com



ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ ဟုတ်မှန်သောအနက်၌ မွေလျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍ သိမှု၌ညွှတ်စေတတ် သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော သဘော၊ (လမ်းမှားသို့ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ (တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု'ပညာဗိုလ်'၊(ကိလေသာတို့ကို ဖြတ်တတ်သော)အပြားအားဖြင့် သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) အပြားအားဖြင့် သိမှု ပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) အပြားအားဖြင့်သိမှု ရတနာ၊ မတွေ ဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာသိမြင်မှု 'သမ္မာ ဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ အထူးထူးရှုမြင်မှု 'ဝိပဿနာ'ဟူသည် ဤသဘော ဖြစ်၏။(ဤကား ရှုနည်းနိဒ္ဒေသ)။

(ပဒ အမှတ် ၁၆-ပညိန္ဒြေကြည့်)

**ပဂ္ဂါဟ၏သဘော** ၅၆။ ထိုအခါ၌ ချီးမြှောက်မှု'ပဂ္ဂါဟ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့်တိုးတက် အားထုတ်မှု၊ အထက်သို့တက်၍ကြိုးပမ်းမှု (အထက်တန်းသို့ ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ ထောင်ထားမှု၊ မလျော့သော အားထုတ်မှု ရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏ အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကိုကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ) ၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ ချီးမြှောက်မှု 'ပဂ္ဂါဟ'ဟူသည် ဤသဘော ဖြစ်၏။

(ပဒ အမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**အဝိက္ခေပ၏သဘော** ၅၇။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာ တည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ စိတ်မရွေ့ရှားမှု၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ'ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးထခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ (ဤကား ပိဋ္ဌိဒုကတည်း)။

**တရားအစုကို ဝေဘန်ခြင်း 'ပဒဘာဇနီ' ပြီးပြီ။**

**ပဌမဘာဏဝါရ ပြီးပြီ။**

http://www.dhammadownload.com



## ကောဋ္ဌာသဝါရ (စုပေါင်းဟောကြားခြင်း)

### (က) ဥဒ္ဒေသဝါရ (အကျဉ်းချုပ်ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် ပဉ္စမစိတ်** ၅၈။ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါငါးပါးရှိသော (ကိလေသာကို လောင်ကျွမ်းစေတတ်သော ကပ်၍ရှုတတ်သော) ဈာန်သည် ဖြစ်၏၊ အင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏၊ ဝေဒနာတပါးသည် ဖြစ်၏၊ သညာတပါးသည် ဖြစ်၏၊ စေတနာတပါးသည် ဖြစ်၏၊ စိတ်တပါးသည် ဖြစ်၏၊ ဝေဒနာက္ခန္ဓာတပါးသည် ဖြစ်၏၊ သညာက္ခန္ဓာ တပါးသည် ဖြစ်၏၊ သင်္ခါရက္ခန္ဓာတပါးသည် ဖြစ်၏၊ ဝိညာဏက္ခန္ဓာတပါးသည် ဖြစ်၏၊ မနာယတနတပါးသည် ဖြစ်၏၊ မနိန္ဒြေတပါးသည် ဖြစ်၏၊ မနောဝိညာဏဓာတ်တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏၊ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဥဒ္ဒေသဝါရ ပြီးပြီ။

---

### (ခ) နိဒ္ဒေသနှင့် ပဋိနိဒ္ဒေသဝါရ

**ခန္ဓနိဒ္ဒေသ(ခန္ဓာကို အကျယ်ပြခြင်း)** ၅၉။ ထိုအခါ၌ ခန္ဓာလေးပါးတို့ဟူသည် အဘယ်တို့နည်း။ ဝေဒနာက္ခန္ဓာလည်း သညာက္ခန္ဓာလည်း သင်္ခါရက္ခန္ဓာလည်း ဝိညာဏက္ခန္ဓာလည်း ဤသည်တို့တည်း။

#### ခန္ဓပဋိနိဒ္ဒေသ (ခန္ဓာကိုထပ်၍အကျယ်ပြခြင်း)

**ဝေဒနာက္ခန္ဓာ** ၆၀။ ထိုအခါ၌ ဝေဒနာက္ခန္ဓာဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ် ခံစားမှု၊ ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ဝေဒနာက္ခန္ဓာဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၃-ဝေဒနာကြည့်)

**သညာက္ခန္ဓာ** ၆၁။ ထိုအခါ၌ သညာက္ခန္ဓာဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊ မှတ်သားတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ သညာက္ခန္ဓာဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၄-သညာကြည့်)

http://www.dhammadownload.com



**သင်္ခါရက္ခန္ဓာ** ၆၂။ ထိုအခါ၌ သင်္ခါရက္ခန္ဓာဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြောင်တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မတုန်မလှုပ် အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ မတုန်မလှုပ် (ကာယဒုစရိုက်စသည်တို့မှ) ရှက်မှု 'ဟိရီဗိုလ်'၊ မတုန်မလှုပ် (ကာယဒုစရိုက်စသည်တို့မှ) ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ စိတ်မပျက်စီးမှု 'အဗျာပါဒ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသည်တို့မှ)ရှက်မှု 'ဟိရီ'၊ (ကာယဒုစရိုက်စသည်တို့မှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း(ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'၊ စိတ်၏အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ ကိုယ်၏ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊ အောက်မေ့မှု 'သတိ'၊ ကောင်းစွာအပြားအားဖြင့်သိမှု 'သမ္ပဇည'၊ ငြိမ်သက်မှု 'သမထ'၊ အထူးထူးရှုမြင်မှု 'ဝိပဿနာ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ဝေဒနာက္ခန္ဓာကို ချန်ထား၍ သညာက္ခန္ဓာကို ချန်ထား၍ ဝိညာဏက္ခန္ဓာကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသည်တို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ သင်္ခါရက္ခန္ဓာဟူသည် ဤသဘောဖြစ်၏။

**ဝိညာဏက္ခန္ဓာ** ၆၃။ ထိုအခါ၌ ဝိညာဏက္ခန္ဓာဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ သိခြင်းသဘော၊ သိမှုသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိတတ်သောသဘော၊ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှုအစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)၊ ထိုအခါ၌ ဝိညာဏက္ခန္ဓာဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏။

**အာယတနနိဒ္ဒေသ(အာယတနကို အကျယ်ပြခြင်း)** ၆၄။ ထိုအခါ၌ ဖြစ်ရာဌာန 'အာယတန' နှစ်ပါးတို့ဟူသည် အဘယ်တို့နည်း။

မနာယတန, ဓမ္မာယတနတို့တည်း။

http://www.dhammadownload.com



## အာယတနပဋ္ဌိနိဒ္ဒေသ (အာယတနကို ထပ်၍အကျယ်ပြခြင်း)

**မနာယတန** ၆၅။ ထိုအခါ၌ မနာယတနဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ သိခြင်းသဘော၊ သိမှုသဘော၊ စိတ်နှလုံး၊ ဖြူစင်သော သဘော၊ သိတတ်သောသဘော၊ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှုအစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူး သိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ မနာယတနဟူသည် ဤသဘော ဖြစ်၏။

**ဓမ္မာယတန** ၆၆။ ထိုအခါ၌ ဓမ္မာယတနဟူသည် အဘယ်သဘောဖြစ်သနည်း။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာသည် (ရှိ၏)။ ထိုအခါ၌ ဓမ္မာယတန ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤအာယတန နှစ်ပါးတို့သည် ဖြစ်ကုန်၏။

**ဓာတုနိဒ္ဒေသ (ဓာတ်ကို အကျယ်ပြခြင်း)** ၆၇။ ထိုအခါ၌ ဓာတ်နှစ်ပါးတို့ ဟူသည် အဘယ်တို့နည်း။ မနောဝိညာဏဓာတ် ဓမ္မဓာတ် ဤသည်တို့တည်း။

## ဓာတုပဋ္ဌိနိဒ္ဒေသ (ဓာတ်ကို ထပ်၍အကျယ်ပြခြင်း)

**မနောဝိညာဏဓာတ်** ၆၈။ ထိုအခါ၌ မနောဝိညာဏဓာတ်ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ သိခြင်းသဘော၊ သိမှုသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိခြင်းသဘော၊ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှုအစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ မနောဝိညာဏဓာတ် ဟူသည် ဤသဘောဖြစ်၏။

**ဓမ္မဓာတ်** ၆၉။ ထိုအခါ၌ ဓမ္မဓာတ် ဟူသည် အဘယ်သဘောဖြစ်သနည်း။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာသည် (ရှိ၏)။ ထိုအခါ၌ ဓမ္မဓာတ် ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤဓာတ် နှစ်ပါးတို့သည် ဖြစ်ကုန်၏။

**အာဟာရနိဒ္ဒေသ(အာဟာရကို အကျယ်ပြခြင်း)** ၇၀။ ထိုအခါ၌ အာဟာရသုံးပါးတို့ဟူသည် အဘယ်တို့နည်း။ ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ ဤသည်တို့တည်း။

## အာဟာရပဋ္ဌိနိဒ္ဒေသ (အာဟာရကိုထပ်၍အကျယ်ပြခြင်း)

**ဖဿာဟာရ** ၇၁။ ထိုအခါ၌ ဖဿာဟာရဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် တွေ့ထိခြင်းသဘော၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာတွေ့ထိ တတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ ဖဿာဟာရ ဟူသည် ဤသဘောဖြစ်၏။

**မနောသဉ္စေတနာဟာရ** ၇၂။ ထိုအခါ၌ မနောသဉ္စေတနာဟာရ ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စေ့ဆော်ခြင်း သဘော

http://www.dhammadownload.com



'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'စေတယိတတ္တ' သည် (ရှိ၏)။ ထိုအခါ၌ မနောသဉ္စေတနာဟာရဟူသည် ဤသဘောဖြစ်၏။

**ဝိညာဏာဟာရ** ၇၃။ ထိုအခါ၌ ဝိညာဏာဟာရဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ သိခြင်းသဘော၊ သိမှုသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိခြင်းသဘော၊ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှုအစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ ဝိညာဏာဟာရ ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤအာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏။

**ဣန္ဒြိယနိဒ္ဒေသ(ဣန္ဒြေကို အကျယ်ပြခြင်း)** ၇၄။ ထိုအခါ၌ ဣန္ဒြေရှစ်ပါးတို့ဟူသည် အဘယ်တို့နည်း။ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ,ပညိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဇီဝိတိန္ဒြေ ဤရှစ်ပါးတို့တည်း။

## ဣန္ဒြိယပဋိနိဒ္ဒေသ (ဣန္ဒြေကို ထပ်၍အကျယ်ပြခြင်း)

**သဒ္ဓိန္ဒြေ** ၇၅။ ထိုအခါ၌ သဒ္ဓိန္ဒြေဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု၊ ယုံကြည်ပုံအခြင်းအရာ၊ သက်ဝင်ပုံအခြင်းအရာ၊ အလွန်ကြည်လင်ခြင်းသဘော၊သဒ္ဓါဟူသော အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊မတုန်မလှုပ်ယုံကြည်မှု'သဒ္ဓါဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၂-သဒ္ဓိန္ဒြေကြည့်)

**ဝီရိယိန္ဒြေ** ၇၆။ ထိုအခါ၌ ဝီရိယိန္ဒြေ ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လ စိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**သတိန္ဒြေ** ၇၇။ ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ၊ မပေါ်သော အခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသော အစိုးတရအောက်မေ့မှု

http://www.dhammadownload.com



'သတိန္ဒြေ'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၄-သတိန္ဒြေ ကြည့်)

**သမာဓိန္ဒြေ** ၃၀။ ထိုအခါ၌ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏ တည်မှု၊ ကောင်းစွာ တည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ စိတ်မရွေ့ရှားမှု၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၁- စိတ္တဿေကဂ္ဂတာကြည့်)

**ပညိန္ဒြေ** ၃၉။ ထိုအခါ၌ အစိုးတရ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ စဉ်းစားခြင်းသဘော၊နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့် တူသောသဘော တနည်း ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍သိမှု၌ ညွတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော သဘော၊ (လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ(တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) အပြားအားဖြင့်သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော)အပြားအားဖြင့်သိမှု ပြာသာဒ်၊ အပြားအားဖြင့်သိမှု အလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကိုဖြစ်စေတတ်သော) အပြားအားဖြင့် သိမှုရတနာ၊ မတွေဝေမှု'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအပြားအားဖြင့်သိမှု 'ပညိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၆-ပညိန္ဒြေ ကြည့်)

**မနိန္ဒြေ** ၄၀။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊သိခြင်းသဘော၊ သိမှုသဘော၊ စိတ်နှလုံး၊ ဖြူစင်သော သဘော၊ သိတတ်သောသဘော၊ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှုအစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူး သိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သောမနဿိန္ဒြေ** ၁၁။ ထိုအခါ၌ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် အဘယ်သာကောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု ချမ်းသာကိုခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ** ၁၂။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုနာမ်တရားတို့၏ အကြင်အသက်၊ တည်ကြောင်း သဘော၊ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ဖြစ်မှုသဘော၊ဖြစ်ကြောင်းသဘော၊စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤဣန္ဒြေ ရှစ်ပါးတို့သည် ဖြစ်ကုန်၏။

(ပဒအမှတ်-၁၉- ဇီဝိတိန္ဒြေကြည့်)

**(ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဣန္ဒြေတရားကိုယ်ရှစ်ပါး)။**

**ဈာနနိဒ္ဒေသ (ဈာန်ကို အကျယ်ပြခြင်း)** ၁၃။ ထိုအခါ၌ အင်္ဂါငါးပါးရှိသော ဈာန် ဟူသည် အဘယ်နည်း။ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဤသည်တို့တည်း။

**ဈာနပဋိနိဒ္ဒေသ(ဈာန်ကို ထပ်၍အကျယ်ပြခြင်း)**

**ဝိတက်** ၁၄။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထို အခါ၌ အကြင်ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊စိတ်ကိုအာရုံသို့ ရွေးရှုတင်ပေးခြင်းသဘော၊ ကောင်းစွာကြံစည်ခြင်း'သမ္မာသင်္ကပ္ပ' သည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၇-ဝိတက်ကြည့်)

**ဝိစာရ** ၁၅။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု၊ အထူးသုံးသပ်မှု၊ ကပ်၍သုံးသပ်မှု၊ စိတ်ကို (အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ထားမှု၊ စိတ်၏(အာရုံကို) အစဉ်မပြတ် ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘောသည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၈-ဝိစာရကြည့်)

http://www.dhammadownload.com



**ပီတိ** ၇၆။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ လွန်စွာဝမ်းသာမှု၊ များစွာဝမ်းသာမှု၊ ရွှင်လန်းမှု၊ များစွာရွှင်လန်းမှု၊ နှစ်သက်မှု၊ တက်ကြွမှု၊ စိတ်၏နှစ်လိုမှုသည် (ရှိ၏)။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၉-ပီတိကြည့်)

**သုခ** ၇၇။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၌မှီသော သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် ဤသဘောဖြစ်၏။

(ပဒအမှတ် ၁၀-သုခကြည့်)

**စိတ္တဿေကဂ္ဂတာ** ၇၈။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံ ရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ စိတ်မရွေ့ရှားမှု၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသောအာရုံ ရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤအင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။

(ပဒအမှတ် ၁၁-စိတ္တဿေကဂ္ဂတာကြည့်)

**(ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာနင်ငါးပါး)။**

**မဂ္ဂနိဒ္ဒေသ (မဂ်ကို အကျယ်ပြခြင်း)** ၇၉။ ထိုအခါ၌ အင်္ဂါငါးပါး ရှိသော မဂ်ဟူသည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤသည်တို့တည်း။

**မဂ္ဂပဋိနိဒ္ဒေသ (မဂ်ကို ထပ်၍ အကျယ်ပြခြင်း)**

**သမ္မာဒိဋ္ဌိ** ၈၀။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့် တူသောသဘော တနည်း- ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍သိမှု၌ ညွတ်စေတတ်သော သဘော၊ အထူးထူးရှုမြင်တတ်သောသဘော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော

http://www.dhammadownload.com



သဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်ဘဘ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု ပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု အလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု အရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၆-ပညိန္ဒြေကြည့်)

**သမ္မာသင်္ကပ္ပ** ၉၁။ ထိုအခါ၌ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးမှုသဘော၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၇-ဝိတက်ကြည့်)

**သမ္မာဝါယာမ** ၉၂။ ထိုအခါ၌ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**သမ္မာသတိ** ၉၃။ ထိုအခါ၌ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ၊ မပေါ်သောအခြင်းအရာ (အာရုံ၌စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသောအစိုးကရအောက်မေ့မှု'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာအောက်မေ့မှု'သမ္မာသတိ'သည်(ရှိ၏)။ ထိုအခါ၌ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၄-သတိန္ဒြေကြည့်)

**သမ္မာသမာဓိ** ၉၄။ ထိုအခါ၌ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ

http://www.dhammadownload.com



ရှားမှု)၊ ငြိမ်သက်မှု၊ အစုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ အင်္ဂါငါးပါးရှိသော ဤမဂ်သည် ဖြစ်၏။ (ပဒအမှတ် ၁၅-သမာဓိန္ဒြေကြည့်)

(ပညာ, ဝိတက်, ဝီရိယ, သတိ, ကေဂ္ဂတာ မဂ္ဂင်ထရားကိုယ်ငါးပါး။)

ဗလနိဒ္ဒေသ (ဗိုလ်ကိုအကျယ်ပြခြင်း) ၉၅။ ထိုအခါ၌ ဗိုလ်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း။ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ် ဤသည်တို့တည်း။

## ဗလပဋိနိဒ္ဒေသ (ဗိုလ်ကိုထပ်၍အကျယ်ပြခြင်း)

**သဒ္ဓါဗိုလ်** ၉၆။ ထိုအခါ၌ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု၊ ယုံကြည်ပုံအခြင်းအရာ၊ သက်ဝင်ပုံအခြင်းအရာ၊ အလွန်ကြည်လင်မှု၊ သဒ္ဓါဟူသော အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၂-သဒ္ဓိန္ဒြေကြည့်)

**ဝီရိယဗိုလ်** ၉၇။ ထိုအခါ၌ မတုန်မလှုပ်ရဲဝံ့မှု(ရဲရင့်မှု) 'ဝီရိယဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှထွက်မြောက်မှု၊အဆင့်ဆင့်တိုးတက်အားထုတ်မှု၊အထက်သို့တက်၍ကြိုးပမ်းမှု(အထက်တန်းရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏ အဖြစ်၊ မချအပ်သော အလိုဆန္ဒ ရှိသူ၏အဖြစ်၊ မချအပ်သောတာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကိုကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏ အမှု အလုပ်၊ အစိုးဘရအားထုတ်မှု'ဝီရိယိန္ဒြေ'၊မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ထိုအခါ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၃-ဝီရိယိန္ဒြေကြည့်)

**သတိဗိုလ်** ၉၈။ ထိုအခါ၌ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိ ဟူသော အောက်မေ့ပုံအခြင်း အရာ၊ ဆောင်ပုံ အခြင်းအရာ၊ မပေါ်သော အခြင်းအရာ(အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိ ဟူသောအစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ်အောက်မေ့မှု'သတိဗိုလ်'၊ကောင်းစွာ အောက်မေ့မှု သမ္မာသတိ'သည်(ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် အောက်မေ့မှု သတိဗိုလ်' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၄-သတိန္ဒြေကြည့်)

**သမာဓိဗိုလ်** ၉၉။ ထိုအခါ၌ မတုန် မလှုပ် တည်ကြည်မှု သမာဓိဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၏ တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍ကည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့

http://www.dhammadownload.com



ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၁၁-စိတ္တဿေကဂ္ဂတာကြည့်)

**ပညာဗိုလ်**　၁၀၀။ ထိုအခါ၌ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား)အပြားအားဖြင့်သိခြင်းသဘော၊ (အနိစ္စစသည်ကို)စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ် (အနိစ္စစသည်ကို) ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့် တူသော သဘော၊ တနည်း-ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူးရှုမြင်တတ်သော သဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ) နှင့် တူသော သဘော၊ ပညာဟူသော အစိုးတရ(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု လက်နက်၊ (မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော)(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု အလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု အရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှုတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှုရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်' ဟူသည် ဤ သဘော ဖြစ်၏။ (ပဒအမှတ် ၁၆-ပညိန္ဒြေကြည့်)

**ဟိရီဗိုလ်**　၁၀၁။ ထိုအခါ၌(ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ရောက်ခြင်း (ကျူးလွန်ခြင်း)ကို ရှက်တတ်၏။ ထိုအခါ၌ မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်' ဟူသည် ဤသဘောပင်ဖြစ်၏။

**ဩတ္တပ္ပဗိုလ်**　၁၀၂။ ထိုအခါ၌(ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ်ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက် စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်း (ကျူးလွန်ခြင်း)မှ ကြောက်လန့်

http://www.dhammadownload.com



တတ်၏။ ထိုအခါ၌ မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်' ဟူသည် ဤသဘောဖြစ်၏။ ထိုအခါ၌ ဤဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။

(သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ ဗိုလ် ၇-ပါးသရုပ်။)

**ဟေတုနိဒ္ဒေသ (ဟိတ်ကို အကျယ်ပြခြင်း)** ၁၀၃။ ထိုအခါ၌ ဟိတ်သုံးပါးတို့ ဟူသည် အဘယ်တို့နည်း။ အလောဘ, အဒေါသ, အမောဟ ဤသုံးပါးတို့တည်း။

## ဟေတုပဋိနိဒ္ဒေသ (ဟိတ်ကို ထပ်၍အကျယ်ပြခြင်း)

**အလောဘ** ၁၀၄။ ထိုအခါ၌ မလိုချင်မှု 'အလောဘ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်မလိုချင်ခြင်းသဘော၊ မလိုချင်ပုံအခြင်းအရာ၊ မလိုချင်တတ်သူ၏အဖြစ်၊ မစွဲလမ်းခြင်း၊ မစွဲလမ်းပုံအခြင်းအရာ၊ မစွဲလမ်းတတ်သူ၏အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ မလိုချင်မှု 'အလောဘ' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၃၂-အလောဘကြည့်)

**အဒေါသ** ၁၀၅။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်မဖျက်ဆီးခြင်း သဘော၊ မဖျက်ဆီးပုံ အခြင်းအရာ၊ မဖျက်ဆီးတတ်သူ၏အဖြစ်၊ စိတ်မဖျက်ဆီးမှု၊ စိတ်မပျက်စီးစေလိုမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသကုသလမူလ'သည် (ရှိ၏)။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ' ဟူသည် ဤသဘောဖြစ်၏။ (ပဒအမှတ် ၃၃-အဒေါသကြည့်)

**အမောဟ** ၁၀၆။ ထိုအခါ၌ မတွေဝေမှု 'အမောဟ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော။ပ။ မတွေဝေမှု၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် (ရှိ၏)။ ထိုအခါ၌ မတွေဝေမှု 'အမောဟ' ဟူသည် ဤသဘော ဖြစ်၏။ ထိုအခါ၌ ဤဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏။ (ပဒအမှတ် ၁၆-ပညိန္ဒြေကြည့်)

**ဖဿတပါး** ၁၀၇။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိခြင်း သဘော၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' တပါးဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာတပါး** ၁၀၈။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' တပါးဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် စိတ်၌မှီသော သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ် ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' တပါးဟူသည် ဤသဘော ဖြစ်၏။

http://www.dhammadownload.com



**သညာတပါး** ၁၀၉။ ထိုအခါ၌ မှတ်သားမှု 'သညာ' တပါးဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် မှတ်သားမှု၊ မှတ်သားပုံ အခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ' တပါးဟူသည် ဤသဘောဖြစ်၏။

**စေတနာတပါး** ၁၁၀။ ထိုအခါ၌ စေ့ဆော်မှု 'စေတနာ' တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် စေ့ဆော်မှု၊ ကောင်းစွာ စေ့ဆော်ပုံ အခြင်းအရာ၊ စိတ်၏ စေ့ဆော်တတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု 'စေတနာ' တပါးဟူသည် ဤသဘောဖြစ်၏။

**စိတ်တပါး** ၁၁၁။ ထိုအခါ၌ စိတ်တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသောဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူး သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ စိတ်တပါးဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာက္ခန္ဓာတပါး** ၁၁၂။ ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် စိတ်၌မှီသော သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ် ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' တပါးဟူသည် ဤသဘောဖြစ်၏။

**သညာက္ခန္ဓာတပါး** ၁၁၃။ ထိုအခါ၌ မှတ်သားမှုအစု 'သညာက္ခန္ဓာ' တပါးဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်မှတ်သားမှု၊ မှတ်သားပုံ အခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု အစု 'သညာက္ခန္ဓာ'တပါးဟူသည် ဤသဘောဖြစ်၏။

**သင်္ခါရက္ခန္ဓာတပါး** ၁၁၄။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသောအာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာသိမြင်မှု 'သမ္မာ-ဒိဋ္ဌိ'၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကာယ-ဒုစရိုက်စသောမကောင်းမှုမှ) မတုန်မလှုပ် ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)

http://www.dhammadownload.com



မတုန်မလှုပ်ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ စိတ်မပျက်စီးမှု 'အဗျာပါဒ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'၊ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊ အောက်မေ့မှု 'သတိ'၊ ကောင်းစွာ (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'သမ္ပဇည'၊ ငြိမ်သက်မှု 'သမထ'၊ အထူးထူးရှုမြင်မှု 'ဝိပဿနာ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် (ရှိ၏)။ ထိုပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး တခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' တပါးဟူသည် ဤသဘောဖြစ်၏။

**ဝိညာဏက္ခန္ဓာတပါး** ၁၁၅။ ထိုအခါ၌ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ' တပါးဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှု သဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျောက်ပတ်သော အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' သည်(ရှိ၏)။ ထိုအခါ၌ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ' ဟူသည် ဤသဘောဖြစ်၏။

**မနာယတနတပါး** ၁၁၆။ ထိုအခါ၌ သိမှုဟူသော ဖြစ်ရာ ဌာန 'မနာယတန' တပါးဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည်(ရှိ၏)။ ထိုအခါ၌ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန' တပါးဟူသည် ဤသဘော ဖြစ်၏။

**မနိန္ဒြေတပါး** ၁၁၇။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' တပါးဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်) အစု

http://www.dhammadownload.com



'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' တပါးဟူသည် ဤသဘောဖြစ်၏။

**မနောဝိညာဏဓာတ်တပါး** ၁၁၈။ ထိုအခါ၌ အထူး သိမှုသဘော 'မနောဝိညာဏဓာတ်' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ညွတ်၍) သိဘတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသောဖြစ်ရာ ဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အား လျောက်ပတ်သော အထူး သိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' တပါးဟူသည် ဤသဘောဖြစ်၏။

**ဓမ္မာယတနတပါး** ၁၁၉။ ထိုအခါ၌ 'ဓမ္မာယတန' တပါးဟူသည် အဘယ်သဘော ဖြစ်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည်(ရှိ၏)။ ထိုအခါ၌ 'ဓမ္မာယတန' တပါးဟူသည် ဤသဘောဖြစ်၏။

**ဓမ္မဓာတ်တပါး** ၁၂၀။ ထိုအခါ၌ 'ဓမ္မဓာတ်' တပါးဟူသည် အဘယ်သဘော ဖြစ်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည်(ရှိ၏)။ ထိုအခါ၌ 'ဓမ္မဓာတ်' တပါးဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊ မုဒိတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော) အကြောင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

နိဒ္ဒေသနှင့် ပဋိနိဒ္ဒေသဝါရ ပြီးပြီ။

ကောဋ္ဌာသဝါရ ပြီးပြီ။

---

## သုညတဝါရ (ဓမ္မတို့၏ အတ္တမှ ဆိတ်သုဉ်းသည်ကို ပြရန် ဟောကြားခြင်း)

### (က) ဥဒ္ဒေသဝါရ (အကျဉ်းချုပ် ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် ပဌမစိတ်** ၁၂၁။ ဆက်ဦးအံ့၊ ထိုအခါ၌ ဓမ္မတို့သည် ဖြစ်ကုန်၏၊ ခန္ဓာတို့သည် ဖြစ်ကုန်၏၊ အာယတနတို့သည် ဖြစ်ကုန်၏၊ ဓာတ်တို့သည် ဖြစ်ကုန်၏၊ အာဟာရတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေတို့သည် ဖြစ်ကုန်၏၊ ဈာန်သည် ဖြစ်၏၊ မဂ်သည် ဖြစ်၏၊ ဗိုလ်တို့သည် ဖြစ်ကုန်၏၊ ဟိတ်တို့သည် ဖြစ်ကုန်၏၊ ဖဿသည် ဖြစ်၏၊ ဝေဒနာသည် ဖြစ်၏၊ သညာသည် ဖြစ်၏၊ စေတနာသည် ဖြစ်၏၊ စိတ်သည် ဖြစ်၏၊ ဝေဒနာက္ခန္ဓာသည် ဖြစ်၏၊ သညာက္ခန္ဓာသည် ဖြစ်၏၊ သင်္ခါရက္ခန္ဓာသည် ဖြစ်၏၊ ဝိညာဏက္ခန္ဓာသည် ဖြစ်၏၊

http://www.dhammadownload.com



မနာယတနသည် ဖြစ်၏၊ မနိန္ဒြေသည် ဖြစ်၏၊ မနောဝိညာဏဓာတ်သည် ဖြစ်၏၊ ဓမ္မာယတနသည် ဖြစ်၏၊ ဓမ္မဓာတ်သည် ဖြစ်၏၊ ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဥဒ္ဒေသဝါရ ပြီးပြီ။

---

## (ခ) နိဒ္ဒေသဝါရ (အကျယ် ဟောကြားခြင်း)

ဓမ္မများ ၁၂၂။ ထိုအခါ၌ အဘယ်ဓမ္မတို့သည် ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊အထူးသိမှု(စိတ်) အစု'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ထိုအခါ၌ ဤဓမ္မတို့သည် ဖြစ်ကုန်၏။

ခန္ဓာများ ၁၂၃။ ထိုအခါ၌ အဘယ်ခန္ဓာတို့သည် ဖြစ်ကုန်သနည်း။ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ထိုအခါ၌ ဤခန္ဓာတို့သည် ဖြစ်ကုန်၏။

အာယတနများ ၁၂၄။ ထိုအခါ၌ အဘယ်အာယတနတို့သည် ဖြစ်ကုန်သနည်း။ သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'၊ သဘာဝတရားဟူသော ဖြစ်ရာဌာန 'ဓမ္မာယတန'သည် (ရှိ၏)။ ထိုအခါ၌ ဤအာယတနတို့သည် ဖြစ်ကုန်၏။

ဓာတ်များ ၁၂၅။ ထိုအခါ၌ အဘယ်ဓာတ်တို့သည် ဖြစ်ကုန်သနည်း။ အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၊တရား သဘာဝ'ဓမ္မဓာတ်' (စေတသိက်များ) သည် (ရှိ၏)။ ထိုအခါ၌ ဤဓာတ်တို့သည် ဖြစ်ကုန်၏။

အာဟာရများ ၁၂၆။ ထိုအခါ၌ အဘယ်အထောက်အပံ့ 'အာဟာရ'တို့သည် ဖြစ်ကုန်သနည်း။ တွေ့ထိမှုဟူသော အထောက်အပံ့ 'ဖဿာဟာရ'၊ စိတ်ကို ကောင်းစွာ စေ့ဆော်မှုဟူသော အထောက်အပံ့ 'မနောသဉ္စေတနာဟာရ'၊ အထူးသိမှုဟူသော အထောက်အပံ့ 'ဝိညာဏာဟာရ'သည် (ရှိ၏)။ ထိုအခါ၌ ဤအထောက်အပံ့ 'အာဟာရ'တို့သည် ဖြစ်ကုန်၏။

ဣန္ဒြေများ ၁၂၇။ ထိုအခါ၌ အဘယ်ဣန္ဒြေတို့သည် ဖြစ်ကုန်သနည်း။ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထိုအခါ၌ ဤဣန္ဒြေတို့သည် ဖြစ်ကုန်၏။

ဈာန် ၁၂၈။ ထိုအခါ၌ အဘယ်ဈာန်သည် ဖြစ်သနည်း။ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် (ရှိ၏)။ ထိုအခါ၌ ဤဈာန်သည် ဖြစ်၏။

http://www.dhammadownload.com



**မဂ်** ၁၂၉။ ထိုအခါ၌ အဘယ်မဂ်သည် ဖြစ်သနည်း။ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ ဤမဂ်သည် ဖြစ်၏။

**ဗိုလ်များ** ၁၃၀။ ထိုအခါ၌ အဘယ် ဗိုလ်တို့သည် ဖြစ်ကုန်သနည်း။ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'သည် (ရှိ၏)။ ထိုအခါ၌ ဤဗိုလ်တို့သည် ဖြစ်ကုန်၏။

**ဟိတ်များ** ၁၃၁။ ထိုအခါ၌ အဘယ်ဟိတ်တို့သည် ဖြစ်ကုန်သနည်း။ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'သည် (ရှိ၏)။ ထိုအခါ၌ ဤဟိတ်တို့သည် ဖြစ်ကုန်၏။

**ဖဿ** ၁၃၂။ ထိုအခါ၌ အဘယ်တွေ့ထိမှု 'ဖဿ'သည် ဖြစ်သနည်း။ပ။ထိုအခါ၌ ဤတွေ့ထိမှု 'ဖဿ'သည်ဖြစ်၏။

**ဝေဒနာ** ၁၃၃။ ိုအခါ၌ အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

**သညာ** ၁၃၄။ ထိုအခါ၌ အဘယ်မှတ်သားမှု 'သညာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤမှတ်သားမှု 'သညာ'သည် ဖြစ်၏။

**စေတနာ** ၁၃၅။ ထိုအခါ၌ အဘယ်စေ့ဆော်မှု 'စေတနာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤစေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏။

**စိတ်** ၁၃၆။ ထိုအခါ၌ အဘယ်သိမှု 'စိတ်'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤသိမှု'စိတ်'သည် ဖြစ်၏။

**ဝေဒနာက္ခန္ဓာ** ၁၃၇။ ထိုအခါ၌ အဘယ်ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'သည် ဖြစ်၏။

**သညာက္ခန္ဓာ** ၁၃၈။ ထိုအခါ၌ အဘယ်မှတ်သားမှုအစု 'သညာက္ခန္ဓာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤမှတ်သားမှုအစု 'သညာက္ခန္ဓာ'သည် ဖြစ်၏။

**သင်္ခါရက္ခန္ဓာ** ၁၃၉။ ထိုအခါ၌ အဘယ်ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် ဖြစ်၏။

**ဝိညာဏက္ခန္ဓာ** ၁၄၀။ ထိုအခါ၌ အဘယ်အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် ဖြစ်သနည်း။ပ။ ထိုအခါ၌ ဤအထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် ဖြစ်၏။

**မနာယတန** ၁၄၁။ ထိုအခါ၌ အဘယ်သိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'သည် ဖြစ်သနည်း။ပ။ထိုအခါ၌ ဤသိမှုဟူသော ဖြစ်ရာဌာန 'မနာယတန'သည် ဖြစ်၏။

http://www.dhammadownload.com



**မနိန္ဒြေ** ၁၄၂။ ထိုအခါ၌ အဘယ်အစိုးတရသိမ္မှ 'မနိန္ဒြေ'သည် ဖြစ်သနည်း။ပ။ထိုအခါ၌ ဤအစိုးတရသိမ္မှ 'မနိန္ဒြေ'သည် ဖြစ်၏။

**မနောဝိညာဏဓာတ်** ၁၄၃။ ထိုအခါ၌ အဘယ်အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် ဖြစ်သနည်း။ပ။ထိုအခါ၌ ဤအထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် ဖြစ်၏။

**ဓမ္မာယတန** ၁၄၄။ ထိုအခါ၌ အဘယ်သဘောတရားဟူသော ဖြစ်ရာဌာန 'ဓမ္မာယတန'သည် ဖြစ်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ထိုအခါ၌ ဤသဘောတရားဟူသော ဖြစ်ရာဌာန 'ဓမ္မာယတန'သည် ဖြစ်၏။

**ဓမ္မဓာတ်** ၁၄၅။ ထိုအခါ၌ အဘယ်တရားသဘာဝ 'ဓမ္မဓာတ်'သည် ဖြစ်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ထိုအခါ၌ ဤတရားသဘာဝ 'ဓမ္မဓာတ်'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော)အကြောင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

နိဒ္ဒေသဝါရ ပြီးပြီ။

သုညတဝါရ ပြီးပြီ။

(ကာမာဝစရကုသိုလ်)ပဌမစိတ် ပြီးပြီ။

---

**ကာမာဝစရကုသိုလ် ဒုတိယစိတ်** ၁၄၆။ အဘယ်တရားတို့သည်ကုသိုလ်မည်ကုန်သနည်း။အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော သင်္ခါရနှင့်တကွ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(ကာမာဝစရကုသိုလ်) ဒုတိယစိတ် ပြီးပြီ။

---

## ဓမ္မဝဝတ္ထာနဝါရ (တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း)

## (က) ဥဒ္ဒေသဝါရ (အကျဉ်းချုပ် ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် တတိယစိတ်** ၁၄၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။အကြင်အခါ၌ သောမနဿနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံ

http://www.dhammadownload.com



ကို ဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်း** ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု'ဝိစာရ'သည် ဖြစ်၏၊ နှစ်သက်မှု'ပီတိ' သည် ဖြစ်၏၊ ချမ်းသာမှု'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည်ဖြစ်၏၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည်ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'သည် ဖြစ်၏၊မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်' သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ မလိုချင်မှု 'အလောဘ'သည် ဖြစ်၏၊ မဖျက်ဆီးမှု 'အဒေါသ'သည် ဖြစ်၏၊ မမက်မောမှု 'အနဘိဇ္ဈာ'သည် ဖြစ်၏၊ စိတ်မပျက်စီးမှု 'အဗျာပါဒ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'သည် ဖြစ်၏၊ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'သည် ဖြစ်၏၊ စိတ်၏လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'သည် ဖြစ်၏။ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'သည် ဖြစ်၏။ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း( ကိုယ် )၏ ခံ့မှု 'ကာယကမ္မညတာ'သည် ဖြစ်၏၊ စိတ်၏ခံ့မှု 'စိတ္တကမ္မညတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'သည် ဖြစ်၏၊ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'သည် ဖြစ်၏၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'သည် ဖြစ်၏၊ အောက်မေ့မှု 'သတိ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ' သည် ဖြစ်၏။ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည်ဖြစ်၏။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ ပ။

http://www.dhammadownload.com



## ကောဋ္ဌာသဝါရ (စုပေါင်းဟောကြားခြင်း)

### (က)ဥဒ္ဒေသဝါရ (အကျဉ်းချုပ်ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် တတိယစိတ်** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏။ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏။ ဣန္ဒြေခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ ငါးပါးသောအင်္ဂါရှိသော ဈာန်သည် ဖြစ်၏။ လေးပါးသောအင်္ဂါရှိသော မဂ်သည် ဖြစ်၏။ ဗိုလ်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏။ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏။ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊ မုဒိတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော) အကြွင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဥဒ္ဒေသဝါရ ပြီးပြီ။

---

### (ခ)နိဒ္ဒေသဝါရ (အကျယ်ဟောကြားခြင်း)

**သင်္ခါရက္ခန္ဓာ** ၁၄၈။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ စိတ်မပျက်စီးမှု 'အဗျာပါဒ'၊ (ကာယဒုစရိုက်စသောမကောင်းမှုမှ)ရှက်မှု 'ဟိရီ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း( ကိုယ် ) ၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'၊ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊ အောက်မေ့မှု 'သတိ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည်

http://www.dhammadownload.com



(ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ' ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော (ဆိုင်ရာ) အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(ကာမာဝစရကုသိုလ်)တတိယစိတ် ပြီးပြီ။

---

**ကာမာဝစရကုသိုလ် စတုတ္ထစိတ်** ၁၄၉။ အဘယ် တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ သောမနဿ နှင့် တကွဖြစ်သော ဉာဏ်နှင့်မယှဉ်သော သင်္ခါရနှင့်တကွ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကို ဖြစ်စေ ။ပ။ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(ကာမာဝစရကုသိုလ်)စတုတ္ထစိတ် ပြီးပြီ။

---

## ဓမ္မဝဝတ္ထာနဝါရ (တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း)

## (က) ဥဒ္ဒေသဝါရ (အကျဉ်းချုပ်ဟောကြားခြင်း)

**ကာမာဝစရကုသိုလ် ပဉ္စမစိတ်** ၁၅၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။အကြင်အခါ၌ ဥပေက္ခာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကိုဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်း** ထိုကာမာဝစရကုသိုလ်စိတ် ဖြစ်သောအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊မှတ်သားမှု 'သညာ'သည် ဖြစ်၏၊စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသောအာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ဖြစ်၏၊ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် ဖြစ်၏၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်ရဲရင့်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် (ခွဲခွဲခြားခြား)အပြား

http://www.dhammadownload.com



အားဖြင့်သိမှု 'ပညာဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရိဗိုလ်'သည်ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်' သည် ဖြစ်၏၊ မလိုချင်မှု 'အလောဘ'သည် ဖြစ်၏၊ မဖျက်ဆီးမှု 'အဒေါသ'သည် ဖြစ်၏၊ မတွေဝေမှု 'အမောဟ'သည် ဖြစ်၏၊ မမက်မောမှု 'အနဘိဇ္ဈာ' သည် ဖြစ်၏၊ စိတ်မပျက်စီးမှု 'အဗျာပါဒ' သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု'ဟိရီ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)ကြောက်လန့်မှု'ဩတ္တပ္ပ' သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'သည် ဖြစ်၏၊ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ' သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'သည် ဖြစ်၏၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ နူးညံ့မှု'ကာယမုဒုတာ'သည် ဖြစ်၏၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ' သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ'သည် ဖြစ်၏၊ စိတ်၏ ခံ့မှု'စိတ္တကမ္မညတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်) ၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု)'ကာယပါဂုညတာ'သည် ဖြစ်၏၊ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ ဖြောင့်မတ်မှု'ကာယုဇုကတာ'သည် ဖြစ်၏၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'သည် ဖြစ်၏၊ အောက်မေ့မှု 'သတိ' သည် ဖြစ်၏၊ ကောင်းစွာ(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'သမ္ပဇည'သည် ဖြစ်၏၊ ငြိမ်သက်မှု'သမထ'သည် ဖြစ်၏၊ အထူးထူးရှုမြင်မှု'ဝိပဿနာ'သည် ဖြစ်၏၊ ချီးမြှောက်မှု'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဥဒ္ဒေသဝါရ ပြီးပြီ။

---

**ဖဿ၏ သဘော** ၁၅၁။ ထိုကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ်သည်(ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခာဝေဒနာ၏ သဘော** ၁၅၂။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု'ဝေဒနာ'အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော စိတ်၌မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားခြင်းသဘော၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော အကြင်ခံစားမှုသဘောသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု'ဝေဒနာ' ဟူသည် ဤသဘောဖြစ်၏။ပ။

http://www.dhammadownload.com



**ဥပေက္ခာ၏ သဘော** ၁၅၃။ ထိုအခါ၌ လျစ်လျူရှုမှု ဥပေက္ခာ’ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားခြင်းသဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘောသည် (ရှိ၏)။ ထိုအခါ၌ လျစ်လျူရှုမှု ‘ဥပေက္ခာ’ဟူသည် ဤသဘောဖြစ်၏။ပ။

**ဥပေက္ခိန္ဒြေ၏ သဘော** ၁၅၄။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု ‘ဥပေက္ခိန္ဒြေ’ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားခြင်းသဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘောသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု ‘ဥပေက္ခိန္ဒြေ’ဟူသည် ဤသဘောဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော(ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

နိဒ္ဒေသဝါရ ပြီးပြီ။

ဓမ္မဝဝတ္ထာနဝါရ ပြီးပြီ။

---

## ကောဋ္ဌာသဝါရ (စုပေါင်း ဟောကြားခြင်း)

**ကောဋ္ဌာသဝါရ (က) ဥဒ္ဒေသ** ထိုကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏။ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏။ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏။ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏။ အင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏။ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏။ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတန တပါးသည် ဖြစ်၏။ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## နိဒ္ဒေသဝါရ (အကျယ်ဟောကြားခြင်း)

**သင်္ခါရက္ခန္ဓာ** ၁၅၅။ပ။ ထိုအခါ၌ ပြုပြင်မှုအစု ‘ သင်္ခါရက္ခန္ဓာ ’ ဟူသည် အဘယ်သဘောဖြစ်သနည်း။ တွေ့ထိမှု ‘ဖဿ’၊ စေ့ဆော်မှု ‘စေတနာ’၊ ကြံစည်မှု‘ဝိတက်’၊

http://www.dhammadownload.com



သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်' မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊မလိုချင်မှု'အလောဘ'၊ မဖျက်ဆီးမှု'အဒေါသ'၊မတွေဝေမှု'အမောဟ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊စိတ်မပျက်စီးမှု 'အဗျာပါဒ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)ရှက်မှု'ဟိရီ'၊( ကာယဒုစရိုက်စသော မကောင်းမှုမှ ) ကြောက်လန့်မှု'ဩတ္တပ္ပ'၊စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊စိတ်၏ ငြိမ်းချမ်းမှု'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ အလေ့အကျင့်ရှိမှု(ကျင့်သားရမှု)'ကာယပါဂုညတာ'၊စိတ်၏အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊အောက်မေ့မှု'သတိ'၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'သမ္ပဇည'၊ ငြိမ်သက်မှု 'သမထ'၊ အထူးထူးရှုမြင်မှု 'ဝိပဿနာ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ရှိ၏။ ထိုပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှု အစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ' ကို ချန်ထား၍ (ဆိုအပ်ခဲ့ ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(ကာမာဝစရကုသိုလ်)ပဉ္စမစိတ် ပြီးပြီ။**

---

**ကာမာဝစရကုသိုလ် ဆဋ္ဌစိတ်** ၁၅၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ဥပေက္ခာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော သင်္ခါရနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင်တပါးပါးကို(အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(ကာမာဝစရကုသိုလ်)ဆဋ္ဌစိတ် ပြီးပြီ။**

http://www.dhammadownload.com



## ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**ကာမာဝစရကုသိုလ် သတ္တမစိတ်** ၁၅၇။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန် သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွ ဖြစ်သော ဉာဏ်နှင့်မယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကိုဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ မှကြောင်အကြောင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုကာမာဝစရကုသိုလ်စိတ် ဖြစ်သောအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခု တည်းသောအာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့် ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ဖြစ်၏၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ဖြစ်၏၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်အောက်မေ့မှု 'သတိဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက် စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်း မှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ မလိုချင်မှု 'အလောဘ'သည် ဖြစ်၏၊ မဖျက်ဆီးမှု 'အဒေါသ'သည် ဖြစ်၏၊ မမက်မောမှု 'အနဘိဇ္ဈာ'သည် ဖြစ်၏၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'သည် ဖြစ်၏၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'သည် ဖြစ်၏၊ စိတ်၏ လျင်မြန် ပေါ့ပါးမှု 'စိတ္တလဟုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ' သည် ဖြစ်၏၊ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ'သည် ဖြစ်၏၊ စိတ်၏ ခံ့မှု 'စိတ္တကမ္မညတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'သည် ဖြစ်၏၊ စိတ်၏ အလေ့ အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ ဖြောင့် မတ်မှု 'ကာယုဇုကတာ'သည် ဖြစ်၏၊ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'သည် ဖြစ်၏၊ အောက်မေ့မှု 'သတိ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့ လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** ထို့ပြင် ထိုကာမာဝစရကုသိုလ်စိတ် ဖြစ်သောအခါ၌(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြွင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က) ဥဒ္ဒေသ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေခုနစ်ပါးတို့သည်ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော သုဂတိဘဝသို့ရောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခြောက်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြွင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၅၈။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။တွေ့ထိမှု'ဖဿ'၊ စေ့ဆော်မှု'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မပျက်ဆီးမှု 'အဒေါသ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု)'ကာယပါဂု-

http://www.dhammadownload.com



ညုတာ'၊ စိတ်၏အလေ့အကျင့်ရှိမှု(ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ စေတသိက်အပေါင်း(ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊ အောက်မေ့မှု 'သတိ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် (ရှိ၏)။ ထိုပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး တခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြောင်း နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(ကာမာဝစရကုသိုလ်)သတ္တမစိတ် ပြီးပြီ။

**ကာမာဝစရကုသိုလ် အဋ္ဌမစိတ်** ၁၅၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင် အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော, သင်္ခါရနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရား တို့သည် ကုသိုလ်မည်ကုန်၏။

(ကာမာဝစရကုသိုလ်) အဋ္ဌမစိတ် ပြီးပြီ။

မဟာကုသိုလ်စိတ်ရှစ်ပါး ပြီးပြီ။

ဒုတိယဘာဏဝါရ ပြီးပြီ။

---

**ရူပါဝစရကုသိုလ်တရားစုကို ဝေဘန်ခြင်း 'ရူပါဝစရကုသလပဒဘာဇနီ'**

**(၁) ဈာန်လေးပါးဖြစ်ပုံကို ပြသော စတုက္ကနည်း**

**ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်** ၁၆၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင် အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်) ကို ပွါး၏ (ရူပဘုံသို့ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်, အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့် တကွ ဖြစ်သော, နီဝရဏ ကင်းဆိတ်မှုကြောင့် ဖြစ်ပေါ်လာသော, နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရား တို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် ပဌမဈာန်စိတ် ပြီးပြီ။

**ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ်** ၁၆၁။ အဘယ် တရားတို့သည် ကုသိုလ် မည်ကုန် သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု 'ဝိတက်'

http://www.dhammadownload.com



သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်း လွန်မြောက်ခြင်းကြောင့် မိမိသန္တာန်၌ ဖြစ်သော, စိတ်ကို လွန်စွာ ကြည်လင်စေတတ်သော, မြတ်သည်ဖြစ်၍ ဖြစ်သော တည်ကြည်မှု 'သမာဓိ' ကို တိုးပွါးစေတတ်သော, ကြံစည်မှု 'ဝိတက်'မရှိသော, သုံးသပ်မှု 'ဝိစာရ' မရှိသော, တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သော, နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်သို့ ရောက်၍ (ဒုတိယဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ဖြစ်၏။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က) **ဥဒ္ဒေသ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်' သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၆၂။ပ။ ထိုအခါ၌ ပြုပြင်မှုအစု သင်္ခါရက္ခန္ဓာ ဟူသည် အဘယ်သဘော, ဖြစ်သနည်း။ တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသောအာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ(ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု

http://www.dhammadownload.com



'ဇီဝိတိန္ဒြေ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ် ပြီးပြီ။

---

## အကျဉ်းချုပ် ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**ရူပါဝစရကုသိုလ် တတိယဈာန်စိတ်** ၁၆၃။ အဘယ် တရားတို့သည် ကုသိုလ် မည်ကုန် သနည်း။ အကြင်အခါ၌ ရူပဘုံ၌ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏(ရူပဘုံသို့ရောက်ကြောင်းဖြစ်သော ဈာန်ကိုပွါး၏)၊ နှစ်သက်မှု 'ပီတိ'ကို စက်ဆုပ်ခြင်းကြောင့်လည်းကောင်း လျစ်လျူရှုသည် ဖြစ်၍လည်းကောင်း အောက်မေ့မှု 'သတိ'နှင့် ပြည့်စုံသည် ဖြစ်၍လည်းကောင်း ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'သမ္ပဇည'နှင့် ပြည့်စုံသည် ဖြစ်၍လည်းကောင်း နေ၏၊ ချမ်းသာမှု 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယဈာန်ကြောင့် ထိုတတိယဈာန်ရှိပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာတို့သည် "လျစ်လျူရှုနိုင်ပါပေစွ အောက်မေ့မှု'သတိ' ရှိပါပေစွ ချမ်းသာစွာ နေလေ့ရှိပါပေစွ"ဟု ချီးကျူးတော်မူကြကုန်၏။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ထိုတတိယဈာန်သို့ ရောက်၍ (တတိယဈာန်ကို ရရှိ၍)နေ၏။

**တရားအကျဉ်း** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည်ဖြစ်၏၊ ခံစားမှု'ဝေဒနာ'သည်ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု'စိတ်'သည် ဖြစ်၏၊ ချမ်းသာမှု'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊အစိုးတရအားထုတ်မှု'ဝီရိယိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' သည်ဖြစ်၏၊ အစိုးတရ(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ (သမ္မာသတိ၊သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

http://www.dhammadownload.com



## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က)ဥဒ္ဒေသ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါနှစ်ပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

ယေဝါပနကတရားများ ဘို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ် ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

သင်္ခါရက္ခန္ဓာ ၁၆၄။ပ။ ထိုအခါ၌ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သတေသာဖြစ်သနည်း။ တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု'စေတနာ'၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးကရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ကောင်းစွာသိမြင်မှု'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု'ပဂ္ဂါဟ'၊မပျံ့လွင့်မှု'အဝိက္ခေပ'သည် ရှိ၏။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး တခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် ဤသည်ဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် တတိယဈာန်စိတ် ပြီး၏။

**ရူပါဝစရကုသိုလ် စတုတ္ထဈာန်စိတ်** ၁၆၅။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်) ကိုပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကိုယ်ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့် ကိုယ်ဆင်းရဲမှု'ဒုက္ခ'ကိုလည်း ပယ်ရှားခြင်းကြောင့် ရှေးဦးကပင်လျှင် စိတ်ချမ်းသာမှု 'သောမနဿ' စိတ်ဆင်းရဲမှု 'ဒေါမနဿ'တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲမှု'ဒုက္ခ' လည်း မရှိ ချမ်းသာမှု'သုခ'လည်း မရှိသော, လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်စေအပ်သော အောက်မေ့မှု 'သတိ'၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သို့ ရောက်၍ (စတုတ္ထဈာန်ကို ရရှိ၍) နေ၏။

http://www.dhammadownload.com



**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ (သမ္မာသတိ၊ သမ္မာ-သမာဓိ)။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါနှစ်ပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိ-မောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၆၆။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ စိတ်၏တခုတည်းသောအာရုံ ရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာ-ဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိ-တိန္ဒြေ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ချီးမြှောက်မှု 'ပဂ္ဂါဟ'၊မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ရှိ၏။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး

http://www.dhammadownload.com



တခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် စတုတ္ထဈာန်စိတ် ပြီးပြီ။

ဈာန်လေးပါးဖြစ်ပုံကို ပြသော စတုက္ကနည်း ပြီးပြီ။

---

## (၂) ဈာန်ငါးပါးဖြစ်ပုံကို ပြသော ပဉ္စကနည်း

**ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်** ၁၆၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်) ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကိုပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် ပဌမဈာန်စိတ် ပြီးပြီ။

**ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ်** ၁၆၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏(ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ကြံစည်မှု 'ဝိတက်' ကား မရှိ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော, တည်ကြည်မှု 'သမာဓိ' ကြောင့် ဖြစ်ပေါ်လာသော, နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော, ပထဝီကသိုဏ်းလျှင်အာရုံရှိသော ဒုတိယဈာန်သို့ ရောက်၍ (ဒုတိယဈာန်ကို ရရှိ၍) နေ၏။

**တရားအကျဉ်းသချုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' သည် ဖြစ်၏၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ငြိမ်းမြောက်မှု 'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

http://www.dhammadownload.com



## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က)ဥဒ္ဒေသ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်' သည် ဖြစ်၏၊ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ)အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

သင်္ခါရက္ခန္ဓာ ၁၆၉။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ' ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ် ပြီးပြီ။

ရူပါဝစရကုသိုလ် တတိယဈာန်စိတ် ၁၇၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏(ရူပဘုံသို့ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်း လွန်မြောက်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော တတိယ ဈာန်သို့ ရောက်၍ (တတိယဈာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ ချမ်းသာမှု'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရကည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲ ခြားခြား)အပြား

http://www.dhammadownload.com



အားဖြင့်သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု'သမ္မာဝါယာမ'သည် ဖြစ်၏၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ချီးမြှောက်မှု 'ပဂ္ဂါဟ'သည်ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

၄.(က)ဥဒ္ဒေသ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ဣန္ဒြေရှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါသုံးပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၇၁။ပ။ ထိုအခါ၌ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ နှစ်သက်မှု'ပီတိ'၊ စိတ်၏ တခုတည်းသောအာရုံ ရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ' ကို ချန်ထား၍ အထူးသိမှု (စိတ်) အစု'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ရူပါဝစရကုသိုလ် တတိယဈာန်စိတ် ပြီးပြီ။**

http://www.dhammadownload.com



**ရူပါဝစရကုသိုလ် စတုတ္ထစျာန်စိတ်** ၁၇၂။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ နှစ်သက်မှု 'ပီတိ'ကို စက်ဆုပ်ခြင်းကြောင့်လည်းကောင်း။ပ။ပထဝီကသိုဏ်းသျှင် အာရုံရှိသော စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊မှတ်သားမှု 'သညာ'သည် ဖြစ်၏၊စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု'စိတ်'သည် ဖြစ်၏၊ ချမ်းသာမှု'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' သည် ဖြစ်၏၊အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု'မနိန္ဒြေ'သည် ဖြစ်၏၊အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ ကောင်း စွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြား လည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့ သည် ကုသိုလ်မည်ကုန်၏။ပ။

## စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ဣန္ဒြေရှစ်ပါး တို့သည် ဖြစ်ကုန်၏၊ အင်္ဂါနှစ်ပါးရှိသော စျာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ဖဿတပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ,တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၇၃။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ် သနည်း။တွေ့ထိမှု'ဖဿ'၊ စေ့ဆော်မှု'စေတနာ'၊စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ အောက်မေ့မှု'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'၊ ကောင်းစွာ

http://www.dhammadownload.com



သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု'အဝိက္ခေပ'သည်(ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု'ဝေဒနာ-က္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု'ဝိညာ-ဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘော ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ် စတုတ္ထဈာန်စိတ် ပြီးပြီ။

**ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်** ၁၇၄။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။အကြင် အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သောဈာန်ကို ပွါး၏)၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်း ကြောင့်။ပ။ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။

**တရားအကျဉ်း** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသောအာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု'ပညိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ (သမ္မာသတိ၊ သမ္မာသမာဓိ) ။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က)ဥဒ္ဒေသ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေရှစ်ပါး တို့သည် ဖြစ်ကုန်၏၊ အင်္ဂါနှစ်ပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ကာမမှ ထွက်မြောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** တို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**သင်္ခါရက္ခန္ဓာ** ၁၇၅။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ် သနည်း။တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု'စေတနာ'၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ကောင်းစွာ သိမြင်မှု'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ (သမ္မာသတိ၊ သမ္မာသမာဓိ)။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘော ဖြစ်၏ ။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

စျာန်ငါးပါးဖြစ်ပုံကို ပြသော ပဥ္စကနည်း ပြီးပြီ။

---

## အကျင့်လေးပါး 'စတသော ပဋိပဒါ'

**ဒုက္ခပဋိပဒါဒန္ဓာဘိညစျာန်** ၁၇၆။ အဘယ် တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင် အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ဆင်းရဲ ငြိုငြင်သောအကျင့် နှန့်နှေးသောအသိဉာဏ်ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမ စျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့ လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညစျာန်** ၁၇၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင် အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲ ငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

http://www.dhammadownload.com



**သုခပဋိပဒါဒန္ဓာဘိညာစျာန်** ၁၇၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍(ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုခပဋိပဒါခိပ္ပါဘိညာစျာန်** ၁၇၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍(ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

**ဒုတိယဈာန်စသည်များ** ၁၈၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ ပ။တတိယဈာန်သို့။ပ။စတုတ္ထဈာန်သို့။ပ။ ပဉ္စမဈာန်သို့။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အကျင့်လေးပါး 'စတဿော ပဋိပဒါ' ပြီးပြီ။

---

## အာရုံလေးပါး 'စတ္တာရိ အာရမ္မဏာနိ'

**ပရိတ္တပရိတ္တာရမ္မဏဈာန်** ၁၈၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်)အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ယ်မျှ) ကျဉ်းသော အာရုံရှိသော,ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍(ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ပရိတ္တအပ္ပမာဏာရမ္မဏဈာန်** ၁၈၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။(မလေ့

http://www.dhammadownload.com



လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင်အာရုံရှိသော ပဥ္စမဈာန်သို့ ရောက်၍ (ပဥ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**အပ္ပမာဏပရိတ္တာရမ္မဏဈာန်** ၁၇၃။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), (စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဥ္စမဈာန်သို့ ရောက်၍(ပဥ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**အပ္ပမာဏအပ္ပမာဏာရမ္မဏဈာန်** ၁၇၄။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဥ္စမဈာန်သို့ ရောက်၍ (ပဥ္စမဈာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ဒုတိယဈာန်စသည်များ** ၁၇၅။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏(ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့။ပ။ ပဥ္စမဈာန်သို့။ပ။ (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်)အစွမ်းသတ္တိနည်းပါးသော,(စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။(မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။ မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိ ကြီးမားသော), (စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။ မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဥ္စမဈာန်သို့ ရောက်၍ (ပဥ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**အာရုံလေးပါး 'စတ္တာရိ အာရမ္မဏာနိ' ပြီးပြီ။**

http://www.dhammadownload.com



## အာရုံအကျင့်ရောနှောမြောက်ပွါး၍ ဈာန် တဆဲ့ခြောက်ပါး ဖြစ်ပုံကို ပြသော 'အာရမ္မဏပဋိပဒါ မိဿကသောဠသက္ခတ္တုက'နည်း

### (ပဉ္စမဈာန်)

**(၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ ပရိတ္တပရိတ္တာရမ္မဏဈာန်** ၁၈၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သောဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ယပ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(၂) ဒုက္ခပဋိပဒါဒန္ဓာဘိညာ ပရိတ္တအပ္ပမာဏာရမ္မဏဈာန်** ၁၈၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကု ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(၃) ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏပရိတ္တာရမ္မဏဈာန်** ၁၈၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), (စကော, ခွက်ယပ်မျှ) ကျဉ်းသောအာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(၄) ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏအပ္ပမာဏာရမ္မဏဈာန်** ၁၈၉။ အဘယ် တရား တို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏(ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန်အစွမ်းသတ္တိ ကြီးမားသော), မနှိုင်းယှဉ်အပ်သော(အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

http://www.dhammadownload.com



(၅) ဒုက္ခပဋိပဒါခိပ္ပါဘိညာ ပရိတ္တပရိတ္တာရမ္မဏစျာန် ၁၉၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(စျာန်)ကို ပွါး၏ (ရူပဘုံသို့ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၆) ဒုက္ခပဋိပဒါခိပ္ပါဘိညာ ပရိတ္တအပ္ပမာဏာရမ္မဏစျာန် ၁၉၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(စျာန်)ကို ပွါး၏ (ရူပဘုံသို့ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၇) ဒုက္ခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏပရိတ္တာရမ္မဏစျာန် ၁၉၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်စျာန်ကို ရနိုင်ရန် အစွမ်းသတ္တိ ကြီးမားသော), (စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၈) ဒုက္ခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏအပ္ပမာဏာရမ္မဏစျာန် ၁၉၃။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်စျာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနှိုင်းယှဉ်အပ်သော (အတိုင်းမသိ ကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၉) သုခပဋိပဒါဒန္ဓာဘိညာ ပရိတ္တပရိတ္တာရမ္မဏစျာန် ၁၉၄။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို

http://www.dhammadownload.com



ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ယပ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၀) သုခပဋိပဒါဒန္ဓာဘိညာ ပရိတ္တအပ္ပမာဏာရမ္မဏဈာန် ၁၉၅။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနှိုင်းယှဉ်အပ်သော (အတိုင်းမသိ ကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၁) သုခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏပရိတ္တာရမ္မဏဈာန် ၁၉၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော(လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), (စကော, ခွက်ယပ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၂) သုခပဋိပဒါဒန္ဓာဘိညာ အပ္ပမာဏအပ္ပမာဏာရမ္မဏဈာန် ၁၉၇။ အဘယ်တရား တို့သည် ကုသိုလ် မည် ကုန် သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏(ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, မနှိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို မှနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနှိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၃) သုခပဋိပဒါခိပ္ပါဘိညာ ပရိတ္တပရိတ္တာရမ္မဏဈာန် ၁၉၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ယပ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်

http://www.dhammadownload.com



ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၄)သုခပဋိပဒါခိပ္ပါဘိညာ ပရိတ္တအပ္ပမာဏာရမ္မဏစျာန် ၁၉၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်ဈာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

(၁၅) သုခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏပရိတ္တာရမ္မဏစျာန် ၂၀၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်း ဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန် သောအသိဉာဏ်ရှိသော, မနိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်း သတ္တိကြီးမားသော), (စကော, ခွက်ငယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

( ၁၆ ) သုခပဋိပဒါခိပ္ပါဘိညာ အပ္ပမာဏအပ္ပမာဏာရမ္မဏစျာန် ၂၀၁။ အဘယ်တရားတို့သည် ကုသိုလ်မည် ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက် ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, မနိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ဈာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံရှိသော, ပထဝီ ကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## ဒုတိယဈာန်စသည်များ

ဒုက္ခပဋိပဒါဒန္ဓာဘိညာ ပရိတ္တပရိတ္တာရမ္မဏစျာန် စသည်များ ၂၀၂။ အဘယ် တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(ဈာန်)ကို ပွါး၏(ရူပဘုံသို့ ရောက်ကြောင်း ဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက် ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့။ပ။ ပဉ္စမဈာန်သို့။ပ။

http://www.dhammadownload.com



(၁) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, (စကော, ခွက်ယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၂) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော, မနိုင်းယှဉ်အပ်သော(အတိုင်းမသိ ကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၃) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, မနိုင်းယှဉ် အပ်သော (လေ့လာပြီး၍ အထက်စျာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), (စကော ခွက်ယ်မျှ) ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၄) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, မနိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်စျာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), မနိုင်းယှဉ်အပ်သော(အတိုင်းမသိ ကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၅) ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်) အစွမ်းသတ္တိနည်းပါးသော,(စကော,ခွက်ယ်မျှ)ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၆) ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (မလေ့လာရသေး၍ အထက်စျာန်ကို ရနိုင်ရန်)အစွမ်းသတ္တိနည်းပါးသော, မနိုင်းယှဉ်အပ်သော(အတိုင်းမသိ ကျယ်သော) အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

(၇) ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, မနိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်စျာန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော), (စကော, ခွက်ယ်မျှ)ကျဉ်းသော အာရုံရှိသော, ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ပ။

**ဒုတိယာရုပ္ပစျာန်** ၂၆၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း(စျာန်)ကို ပွါး၏ (အရူပဘုံသို့ရောက်ကြောင်းဖြစ်သော စျာန်ကိုပွါး၏)၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို ကောင်းစွာ လွန်မြောက်၍ အဆုံးမရှိသော ဝိညာဏ်(စိတ်)ဟူသော (ဒုတိယာရုပ္ပစျာန်၏) တည်ရာ(အာရုံ)၌ဖြစ်သော အမှတ်သညာ 'ဝိညာဏဉ္စာယတနသညာ'နှင့် တကွဖြစ်သော, ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ လျစ်လျူရှုမှု'ဥပေက္ခာ'နှင့် တကွဖြစ်သော စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**တတိယာရုပ္ပစျာန်** ၂၆၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ အလုံးစုံသောအခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတန

http://www.dhammadownload.com



ချာန်ကို ကောင်းစွာလွန်မြောက်၍ ဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှ အကြွင်းမရှိခြင်းဟူသော (တတိယာရုပ္ပချာန်၏) တည်ရာ (အာရုံ)၌ ဖြစ်သောအမှတ်သညာ 'အာကိဉ္စညာယတနသညာ' နှင့် တကွဖြစ်သော, ကိုယ်ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွ ဖြစ်သော စတုတ္ထချာန်သို့ ရောက်၍ (စတုတ္ထချာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**စတုတ္ထာရုပ္ပချာန်** ၂၆၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ချာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ချာန်ကို ပွါး၏)၊အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတန ချာန်ကို ကောင်းစွာလွန်မြောက်၍ ရုန့်ရင်းသောအမှတ် 'သညာ'ကား မရှိ သိမ်မွေ့သော အမှတ် 'သညာ' မရှိသည် မဟုတ်သော (စတုတ္ထာရုပ္ပချာန်၏)တည်ရာ (အာရုံ)၌ဖြစ်သော အမှတ်သညာ 'နေဝသညာ နာသညာယတနသညာ' နှင့်တကွဖြစ်သော, ကိုယ်ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွဖြစ်သော စတုတ္ထချာန်သို့ ရောက်၍ (စတုတ္ထချာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

လေးပါးသော အရူပချာန်တို့သည် သောဠသကနည်းတို့တည်း။

အရူပါဝစရကုသိုလ်စိတ် ပြီးပြီ။

---

## ဘုံသုံးပါး၌ဖြစ်သော 'တေဘူမက'ကုသိုလ်

**ကာမာဝစရကုသိုလ် ပဌမစိတ်** ၂၆၈။ အဘယ် တရားတို့သည် ကုသိုလ် မည်ကုန် သနည်း။ အကြင်အခါ၌ (၁) စိတ်ချမ်းသာမှု 'သောမနဿ' နှင့် တကွ ဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့်သိမှု(ဉာဏ်) နှင့်ယှဉ်သော—

(၁) ယုတ်ညံ့သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

(၂) အလယ်အလတ်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၃) မြတ်သော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ' ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၆) သိမှု 'စိတ်' အကြီးအမှူး 'စိတ္တာဓိပတိ' ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ' ရှိသော ကာမာဝစရကုသိုလ် စိတ်သည်။ပ။

(၈) ယုတ်ညံ့သော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ကာမာဝစရကုသိုလ် စိတ်သည်။ပ။

http://www.dhammadownload.com



(၉) အလယ်အလတ်ဖြစ်သော, လိုလားမှု အကြီးအမှူး' ဆန္ဒာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၀) မြတ်သော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၁) ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး' ဝီရိယာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၂) အလယ်အလတ်ဖြစ်သော, အားထုတ်မှု အကြီးအမှူး' ဝီရိယာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၃) မြတ်သော, အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၅) အလယ်အလတ်ဖြစ်သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၆) မြတ်သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ' ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၈) အလယ်အလတ်ဖြစ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ' ရှိသော ကာမာဝစရကုသိုလ်စိတ်သည်။ပ။

(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး' ဝီမံသာဓိပတိ 'ရှိသော ကာမာဝစရကုသိုလ်စိတ်သည် (ဖြစ်ဆဲဖြစ်၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ 'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ 'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ကာမာဝစရကုသိုလ်ဒုတိယစိတ်စသည်** ၂၇၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌—

(၂) စိတ်ချမ်းသာမှု'သောမနဿ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု'ဉာဏ်'နှင့် ယှဉ်သော, တိုက်တွန်းမှု 'သင်္ခါရ' နှင့်တကွဖြစ်သော။ပ။

(၃) စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ဉာဏ်'နှင့်မယှဉ်သော။ပ။

(၄) စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု'ဉာဏ်'နှင့် မယှဉ်သော, တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွဖြစ်သော။ပ။

http://www.dhammadownload.com



(၅) လျစ်လျူရှုမှု'ဥပေက္ခာ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ဉာဏ်'နှင့် ယှဉ်သော။ပ။

(၆) လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ဉာဏ်'နှင့် ယှဉ်သော, တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွဖြစ်သော။ပ။

(၇) လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ဉာဏ်'နှင့် မယှဉ်သော။ပ။

(၈) လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ဉာဏ်'နှင့် မယှဉ်သော, တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွဖြစ်သော, ယုတ်ညံ့သော။ပ။ အလယ်အလတ်ဖြစ်သော။ပ။ မြတ်သော။ပ။ လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ' ရှိသော။ပ။ စိတ်အကြီးအမှူး 'စိတ္တာဓိပတိ 'ရှိသော။ပ။ ယုတ်ညံ့သော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ အလယ်အလတ်ဖြစ်သော။ပ။ မြတ်သော။ပ။ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။ အလယ်အလတ်ဖြစ်သော။ပ။မြတ်သော။ပ။ ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ ' ရှိသော။ပ။ အလယ်အလတ်ဖြစ်သော။ပ။မြတ်သော, စိတ်အကြီးအမှူး'စိတ္တာဓိပတိ'ရှိသော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ကာမဘုံ၌ဖြစ်သော (ကာမာဝစရ)ကုသိုလ်စိတ် ပြီးပြီ။

**ရူပါဝစရကုသိုလ်ပဌမဈာန်** ၂၇၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော—

(၁) ယုတ်ညံ့သော။ပ။
(၂) အလယ်အလတ်ဖြစ်သော။ပ။
(၃) မြတ်သော။ပ။
(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၈) ယုတ်ညံ့သော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၉) အလယ်အလတ်ဖြစ်သော။ပ။
(၁၀) မြတ်သော။ပ။

http://www.dhammadownload.com



(၁၁) ယုတ်ညံ့သော, အားထုတ်မှုအကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၁၂) အလယ်အလတ်ဖြစ်သော။ပ။
(၁၃) မြတ်သော။ပ။
(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၁၅) အလယ်အလတ်ဖြစ်သော။ပ။
(၁၆) မြတ်သော။ပ။
(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၁၈) အလယ်အလတ်ဖြစ်သော။ပ။
(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ရူပါဝစရကုသိုလ်ဒုတိယဈာန်စသည်** ၂၇၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်း လွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။စတုတ္ထဈာန်သို့။ပ။ပဉ္စမဈာန်သို့။ပ။ပထဝီကသိုဏ်းလျှင် အာရုံရှိသော—

(၁) ယုတ်ညံ့သော။ပ။
(၂) အလယ်အလတ်ဖြစ်သော။ပ။
(၃) မြတ်သော။ပ။
(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာ အကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၈) ယုတ်ညံ့သော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၉) အလယ်အလတ်ဖြစ်သော။ပ။
(၁၀) မြတ်သော။ပ။
(၁၁) ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၁၂) အလယ်အလတ်ဖြစ်သော။ပ။
(၁၃) မြတ်သော။ပ။
(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၁၅) အလယ်အလတ်ဖြစ်သော။ပ။

http://www.dhammadownload.com



(၁၆) မြတ်သော။ပ။

(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာ အကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။

(၁၈) အလယ်အလတ်ဖြစ်သော။ပ။

(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ရူပါဝစရကုသိုလ်စိတ် ပြီးပြီ။

---

## အရူပါဝစရကုသိုလ်

**ပဉ္စမာရုပ္ပစျာန်** ၂၇၃။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သော စျာန်ကို ပွါး၏)၊ အလုံးစုံသော အခြင်းအရာအားဖြင့် (ကသိုဏ်း)ရုပ်၌ ဖြစ်သောအမှတ်သညာ(ရူပစျာန်,ရူပစျာန်၏အာရုံ)တို့ကို ကောင်းစွာ လွန်မြောက်ခြင်းကြောင့်, (ဝတ္ထုအာရုံနှစ်ပါးစုံတို့၏) ထိခိုက်မှုကြောင့် ဖြစ်သောအမှတ်သညာ 'ပဋိဃသညာ'တို့၏ ချုပ်ငြိမ်းခြင်းကြောင့်, အမျိုးမျိုးသော (အာရုံ၌ဖြစ်သော) အမှတ်သညာ 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့်, အဆုံးမရှိသော ကောင်းကင်ဟူသော (ပဉ္စမာရုပ္ပစျာန်၏)တည်ရာ (အာရုံ)၌ဖြစ်သော အမှတ်သညာ 'အာကာသာနဉ္စာယတနသညာ'နှင့် တကွဖြစ်သော, ကိုယ်ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။

(၁) ယုတ်ညံ့သော။ပ။

(၂) အလယ်အလတ်ဖြစ်သော။ပ။

(၃) မြတ်သော။ပ။

(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။

(၈) ယုတ်ညံ့သော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၉) အလယ်အလတ်ဖြစ်သော။ပ။

(၁၀) မြတ်သော။ပ။

(၁၁) ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၁၂) အလယ်အလတ်ဖြစ်သော။ပ။

(၁၃) မြတ်သော။ပ။

(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

http://www.dhammadownload.com



(၁၅) အလယ်အလတ်ဖြစ်သော။ပ။
(၁၆) မြတ်သော။ပ။
(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၁၈) အလယ်အလတ်ဖြစ်သော။ပ။
(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ဒုတိယာရုပ္ပစျာန်** ၂၇၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (စျာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သောစျာန်ကို ပွါး၏)၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို ကောင်းစွာ လွန်မြောက်၍ အဆုံးမရှိသောဝိညာဏ် (စိတ်) ဟူသော (ဒုတိယာရုပ္ပစျာန်၏) တည်ရာ (အာရုံ)၌ဖြစ်သော အမှတ်သညာ 'ဝိညာဏဉ္စာယတနသညာ'နှင့် တကွဖြစ်သော, ကိုယ်ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။

(၁) ယုတ်ညံ့သော။ပ။
(၂) အလယ်အလတ်ဖြစ်သော။ပ။
(၃) မြတ်သော။ပ။
(၄) လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး'ဝီမံသာဓိပတိ'ရှိသော။ပ။
(၈) ယုတ်ညံ့သော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၉) အလယ်အလတ်ဖြစ်သော။ပ။
(၁၀) မြတ်သော။ပ။
(၁၁) ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး'ဝီရိယာဓိပတိ'ရှိသော။ပ။
(၁၂) အလယ်အလတ်ဖြစ်သော။ပ။
(၁၃) မြတ်သော။ပ။
(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး'စိတ္တာဓိပတိ'ရှိသော။ပ။
(၁၅) အလယ်အလတ်ဖြစ်သော။ပ။
(၁၆) မြတ်သော။ပ။
(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး'ဝီမံသာဓိပတိ'ရှိသော။ပ။
(၁၈) အလယ်အလတ်ဖြစ်သော။ပ။

http://www.dhammadownload.com



(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော စတုတ္ထဈာန်သို့ ရောက်၍ (စတုတ္ထဈာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မငြိမ်လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**တတိယာရုပ္ပဈာန်** ၂၇၅။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သောဈာန်ကို ပွါး၏)၊ အလုံးစုံသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနဈာန်ကို ကောင်းစွာ လွန်မြောက်၍ ဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှ အကြွင်းမရှိခြင်းဟူသော(တတိယာရုပ္ပဈာန်၏)တည်ရာ(အာရုံ)၌ဖြစ်သော အမှတ်သညာ'အာကိဉ္စညာယတနသညာ'နှင့် တကွဖြစ်သော, ကိုယ်ချမ်းသာမှု'သုခ'ကို လည်း ပယ်ရှားခြင်းကြောင့်။ပ။

(၁) ယုတ်ညံ့သော။ပ။
(၂) အလယ်အလတ်ဖြစ်သော။ပ။
(၃) မြတ်သော။ပ။
(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ' ရှိသော။ပ။
(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၈) ယုတ်ညံ့သော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။
(၉) အလယ်အလတ်ဖြစ်သော။ပ။
(၁၀) မြတ်သော။ပ။
(၁၁) ယုတ်ညံ့သော, အားထုတ်မှုအကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။
(၁၂) အလယ်အလတ်ဖြစ်သော။ပ။
(၁၃) မြတ်သော။ပ။
(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။
(၁၅) အလယ်အလတ်ဖြစ်သော။ပ။
(၁၆) မြတ်သော။ပ။
(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။
(၁၈) အလယ်အလတ်ဖြစ်သော။ပ။
(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော စတုတ္ထဈာန်သို့ ရောက်၍ (စတုတ္ထဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မငြိမ်လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**စတုတ္ထာရုပ္ပဈာန်** ၂၇၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (အရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနဈာန်

http://www.dhammadownload.com



ကို ကောင်းစွာပွန့်မြောက်၍ ရှုန့်ရင်းသောအမှတ်'သညာ'ကား မရှိ သိမ်မွေ့သောအမှတ်'သညာ' မရှိသည် မဟုတ်သော (စတုတ္ထာရုပ္ပစျာန်၏) တည်ရာ (အာရုံ)၌ဖြစ်သော အမှတ်သညာ 'နေဝသညာ နာသညာယတနသညာ'နှင့် တကွဖြစ်သော, ကိုယ်ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။

(၁) ယုတ်ညံ့သော။ပ။

(၂) အလယ်အလတ်ဖြစ်သော။ပ။

(၃) မြတ်သော။ပ။

(၄) လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၅) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၆) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

(၇) စိစစ်စုံစမ်းမှု ဉာဏ်ပညာ အကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။

(၈) ယုတ်ညံ့သော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၉) အလယ်အလတ်ဖြစ်သော။ပ။

(၁၀) မြတ်သော။ပ။

(၁၁) ယုတ်ညံ့သော, အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၁၂) အလယ်အလတ်ဖြစ်သော။ပ။

(၁၃) မြတ်သော။ပ။

(၁၄) ယုတ်ညံ့သော, စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

(၁၅) အလယ်အလတ်ဖြစ်သော။ပ။

(၁၆) မြတ်သော။ပ။

(၁၇) ယုတ်ညံ့သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။

(၁၈) အလယ်အလတ်ဖြစ်သော။ပ။

(၁၉) မြတ်သော, စိစစ်စုံစမ်းမှု ဉာဏ်ပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အရူပါဝစရကုသိုလ်စိတ် ပြီးပြီ။

တေဘူမက (ဘုံသုံးပါး၌ဖြစ်သော) ကုသိုလ်စိတ်များ ပြီးပြီ။

http://www.dhammadownload.com



## လောကုတ္တရာကုသိုလ်

### အကျင့်သက်သက်ဟောခြင်း 'သုဒ္ဓိကပဋိပဒါ'

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း'ဓမ္မဝဝတ္ထာနဝါရ'

### (က)အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**ပဌမမဂ်** ၂၇၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မသိအပ်ဘူးသေးသော နိဗ္ဗာန်ကို သိရတော့မည်ဟု နှလုံးသွင်းသည့်အတိုင်း ဖြစ်ပေါ်လာသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'အနညာတညဿာမီတိန္ဒြေ'သည် ဖြစ်၏၊ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ ကောင်းစွာ(အမှန်)ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ဖြစ်၏၊ ကောင်းစွာ (အမှန်)ပြောဆိုမှု 'သမ္မာဝါစာ'သည် ဖြစ်၏၊ ကောင်းစွာ (အမှန်) ပြုလုပ်မှု 'သမ္မာကမ္မန္တ'သည် ဖြစ်၏၊ ကောင်းစွာ (အမှန်) အသက်မွေးမှု 'သမ္မာအာဇီဝ'သည် ဖြစ်၏၊ ကောင်းစွာ (အမှန်) အားထုတ်မှု 'သမ္မာဝါယာမ'သည် ဖြစ်၏၊ ကောင်းစွာ (အမှန်) အောက်မေ့မှု 'သမ္မာသတိ'သည် ဖြစ်၏၊ ကောင်းစွာ( အမှန် ) တည်ကြည်မှု 'သမ္မာသမာဓိ' သည် ဖြစ်၏၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်' သည် ဖြစ်၏၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ရှက်မှု'ဟိရီဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ မလိုချင်မှု 'အလောဘ'သည် ဖြစ်၏၊ မဖျက်ဆီးမှု'အဒေါသ'သည် ဖြစ်၏၊ မတွေဝေမှု'အမောဟ'သည် ဖြစ်၏၊ မမက်မောမှု 'အနဘိဇ္ဈာ'သည် ဖြစ်၏၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'သည် ဖြစ်၏၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ' သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'သည် ဖြစ်၏၊

http://www.dhammadownload.com



စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'သည် ဖြစ်၏၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'သည် ဖြစ်၏၊ စေတသိက်အပေါင်း(ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု'ကာယလဟုတာ'သည် ဖြစ်၏၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု'ကာယမုဒုတာ'သည် ဖြစ်၏၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'သည် ဖြစ်၏၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု (ကောင်းစွာ ဆောင်ရွက် ပြုလုပ်နိုင်မှု) 'ကာယကမ္မညတာ'သည် ဖြစ်၏၊ စိတ်၏ ခံ့မှု (ကောင်းစွာ ဆောင်ရွက်ပြုလုပ်နိုင်မှု) 'စိတ္တကမ္မညတာ'သည် ဖြစ်၏၊ စေတသိက် အပေါင်း (ကိုယ်) ၏အလေ့ အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'သည် ဖြစ်၏၊ စိတ်၏ အလေ့ အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' သည် ဖြစ်၏၊ စေတသိက် အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'သည် ဖြစ်၏၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'သည် ဖြစ်၏၊ အောက်မေ့မှု 'သတိ' သည် ဖြစ်၏၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'သမ္ပဇည' သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ အထူးထူးရှုမြင်မှု 'ဝိပဿနာ'သည် ဖြစ်၏၊ ချီးမြှောက်မှု'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဥဒ္ဒေသဝါရ ပြီးပြီ။

---

## ( ခ ) အကျယ်ဖော်ပြခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏ သဘော** ၂၇၈။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အါ ြ ႋ ေတွ့ထိခြင်းသဘော၊တွေ့ထိပုံ အခြင်းအရာ၊ကောင်းစွာ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘော ဖြစ်၏။

**ဝေဒနာ၏ သဘော** ၂၇၉။ ထိုအခါ၌ ခံစားမှု'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုသာယာဘွယ်ချမ်းသာအား လျော်ကပ်သော အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' ၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော, အကြင် စိတ်၌ မှီသော သာယာမှု၊ စိတ်၌ မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ် ခံစားမှု၊ ချမ်းသာ ခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ' ဟူသည် ဤသဘောဖြစ်၏။

**သညာ၏သဘော** ၂၈၀။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ' အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံ အခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စေတနာ၏သဘော** ၂၀၁။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု 'စေတနာ' အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော အကြင်စေ့ဆော်မှု၊ ကောင်းစွာ စေ့ဆော်ပုံ အခြင်းအရာ၊ စေ့ဆော်တတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု 'စေတနာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၂၀၂။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် ဤသဘောဖြစ်၏။

**ဝိတက်၏သဘော** ၂၀၃။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်း သဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ တည်ကြည်သော စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘော၊ ကောင်းစွာ(အမှန်) ကြံစည်မှု၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော၊ ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော ကောင်းစွာ (အမှန်) ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်' ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏သဘော** ၂၀၄။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု၊ အထူးသုံးသပ်မှု၊ အဖန်ဖန်သုံးသပ်မှု၊ ကပ်၍သုံးသပ်မှု၊ စိတ်ကို (အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ထားမှု၊ စိတ်၏ (အာရုံကို) အစဉ်မပြတ် ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘောသည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ' ဟူသည် ဤသဘောဖြစ်၏။

**ပီတိ၏သဘော** ၂၀၅။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ လွန်စွာဝမ်းသာမှု၊ များစွာ ဝမ်းသာမှု၊ ရွှင်လန်းမှု၊ များစွာရွှင်လန်းမှု၊ နှစ်သိမ့်မှု၊ တက်ကြွမှု၊ စိတ်၏ နှစ်လိုမှု၊ ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်' သည် (ရှိ၏)။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် ဤသဘောဖြစ်၏။

**သုခ၏သဘော** ၂၀၆။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော အကြင်သာယာမှု၊ စိတ်၌ မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ် ခံစားမှု၊ ချမ်းသာ ခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စိတ္တဿေကဂ္ဂတာ၏ သဘော** ၂၈၇။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။

ထိုအခါ၌ စိတ်၏ အကြင် တည်မှု၊ ကောင်းစွာ တည်မှု၊ သက်ဝင်၍ တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ်(စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ(အမှန်)တည်ကြည်မှု 'သမ္မာသမာဓိ'၊ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'ဖြစ်သော,ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော,ကောင်းစွာသိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် ဤသဘောဖြစ်၏။

**သဒ္ဓိန္ဒြေ၏သဘော** ၂၈၈။ ထိုအခါ၌ အစိုးတရယုံကြည်မှု'သဒ္ဓိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု၊ ယုံကြည်ပုံ အခြင်းအရာ၊ သက်ဝင်ပုံအခြင်းအရာ၊ အလွန်ကြည်လင်မှုယုံကြည်မှု'သဒ္ဓါ'၊အစိုးတရ ယုံကြည်မှု'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ် ယုံကြည်မှု'သဒ္ဓါဗိုလ်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'ဟူသည် ဤသဘော ဖြစ်၏။

**ဝီရိယိန္ဒြေ၏သဘော** ၂၈၉။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ (ကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏ အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏ အဖြစ်၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ) တို့၏ အမှုအလုပ်၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ (အမှန်) အားထုတ်မှု 'သမ္မာဝါယာမ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါ ဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**သတိန္ဒြေ၏သဘော** ၂၉၀။ ထိုအခါ၌ အစိုးတရ အောက်မေ့မှု'သတိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် အောက်မေ့မှု၊ အစဉ် အောက်မေ့မှု၊ တဖန် အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံ အခြင်းအရာ၊ ဆောင်ပုံ အခြင်းအရာ (ကြားနာပြီး သင်ကြားပြီးတို့ကို ဆောင်ထားမှု)၊ မပေါ်သော အခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသော အစိုးတရ အောက်မေ့မှု'သတိန္ဒြေ'၊ မတုန်မလှုပ် အောက်မေ့မှု'သတိဗိုလ်'၊ ကောင်းစွာ(အမှန်)အောက်မေ့မှု 'သမ္မာသတိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ထိုအခါ၌ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'ဟူသည် ဤသဘော ဖြစ်၏။

http://www.dhammadownload.com



**သမာဓိန္ဒြေ၏သဘော** ၂၉၁။ ထိုအခါ၌ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ကောင်းစွာ တည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသောစိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ(အမှန်)တည်ကြည်မှု 'သမ္မာသမာဓိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ပညိန္ဒြေ၏သဘော** ၂၉၂။ ထိုအခါ၌ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော၊ တနည်း–ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူးရှုမြင်တတ်သောသဘော၊ကောင်းစွာ(ခွဲခွဲခြားခြား)အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊မတုန်မလှုပ်(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာ လက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားဖြင့်သိမှု ပညာ တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြား အားဖြင့်သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း သဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မ- ဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၂၉၃။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ညွတ်၍) သိတတ်သော သဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော

http://www.dhammadownload.com



ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**သောမနဿိန္ဒြေ၏သဘော** ၂၉၄။ ထိုအခါ၌ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ သည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ် ခံစားမှု၊ ချမ်းသာ ခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၂၉၅။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုနာမ်တရားတို့၏ အကြင် အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**အနညာတညဿာမီတိန္ဒြေ၏သဘော** ၂၉၆။ ထိုအခါ၌ မသိအပ်သေးသော နိဗ္ဗာန်ကို သိရတော့မည်ဟု နှလုံးသွင်းသည့် အတိုင်း ဖြစ်ပေါ်လာသော အစိုးတရ (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'အနညာတညဿာမီတိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ မသိအပ်ကုန်, မမြင်အပ်ကုန်,မရောက်အပ် (မရအပ်)ကုန်, မထင်ရှားကုန်, မျက်မှောက်မပြုအပ်ကုန်သေးသော ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အကြင် (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို)စိစစ်ခြင်းသဘော၊(ခွဲခွဲ ခြားခြား)အပြားအားဖြင့် စိစစ်ခြင်းသဘော၊(သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို)ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင်(လိမ္မာ)သူ၏ အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော၊ တနည်း–ဟုတ်မှန်သော အနက်၌ မွေလျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက် တတ်သောသဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သော သဘော၊ ကောင်းစွာ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ (တုတ်တပြ ၃)နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ(ခွဲခွဲ ခြားခြား)အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာအလင်း၊(ကြည်လင်တောက်ပသော)(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာ

http://www.dhammadownload.com



တန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကိုဖြစ်စေတတ်သော)(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ(အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ မသိအပ်သေးသော နိဗ္ဗာန်ကို သိရတော့မည်ဟု နှလုံးသွင်းဘည့်အတိုင်း ဖြစ်ပေါ်လာသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'အနညာတညဿာမီတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**သမ္မာဒိဋ္ဌိ၏သဘော** ၂၉၇။ ထိုအခါ၌ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိခြင်းသဘော၊ စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော, မြေကြီးနှင့်တူသောသဘော၊ တနည်း - ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ (တုတ်တပြာ) နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲ ခြားခြား)အပြားအားဖြင့်သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲ ခြားခြား)အပြားအားဖြင့်သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟူသည် ဤသဘောဖြစ်၏။

**သမ္မာသင်္ကပ္ပ၏ သဘော** ၂၉၈။ ထိုအခါ၌ ကောင်းစွာ (အမှန်)ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုကင်ပေးခြင်းသဘော၊ ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော

http://www.dhammadownload.com



ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ (အမှန်)ကြံစည်မှု'သမ္မာသင်္ကပ္ပ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (အမှန်) ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟူသည် ဤသဘော ဖြစ်၏။

**သမ္မာဝါစာ၏ သဘော** ၂၉၉။ ထိုအခါ၌ ကောင်းစွာ (အမှန်)ပြောဆိုမှု 'သမ္မာဝါစာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ မကောင်းသော နှုတ်အကျင့် (ဝစီဒုစရိုက်)လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ခြင်းသဘော 'အာရတိ'၊ အထူးရှောင်ခြင်းသဘော 'ဝိရတိ'၊ ဆုတ်နစ်၍ ရှောင်ခြင်းသဘော 'ပဋိဝိရတိ'၊ ရန်ကို ဖျက်ဆီးတတ်သော သဘော(ရှောင်ကြဉ်တတ်သောသဘော) 'ဝေရမဏီ'၊ မပြုခြင်းသဘော 'အကိရိယ'၊ မလုပ်ခြင်းသဘော 'အကရဏ'၊လွန်၍မရောက်ခြင်း(ဝစီဒုစရိုက်ကို မကျူးလွန်ခြင်း)သဘော 'အနဇ္ဈာပတ္တိ'၊ ဝစီဒုစရိုက်ဟူသော ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာအနတိက္ကမ'၊ ဝစီဒုစရိုက်၏ အကြောင်းကို သတ်ဖြတ်တတ်သောသဘော'သေတုဃာတ'၊ ထွက်မြောက်ကြောင်း(မဂ်)၏အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'ဖြစ်သော,ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ(အမှန်) ပြောဆိုမှု 'သမ္မာဝါစာ'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ(အမှန်) ပြောဆိုမှု'သမ္မာဝါစာ'ဟူသည် ဤသဘော ဖြစ်၏။

**သမ္မာကမ္မန္တ၏ သဘော** ၃၀၀။ ထိုအခါ၌ ကောင်းစွာ (အမှန်)ပြုလုပ်မှု 'သမ္မာကမ္မန္တ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ထိုအခါ၌ မကောင်းသော ကိုယ်အကျင့် (ကာယဒုစရိုက်) သုံးပါးတို့မှ အကြင်ဝေးစွာ ရှောင်ခြင်းသဘော 'အာရတိ'၊ အထူးရှောင်ခြင်းသဘော 'ဝိရတိ'၊ ဆုတ်နစ်၍ရှောင်ခြင်းသဘော 'ပဋိဝိရတိ'၊ ရန်ကို ဖျက်ဆီးတတ်သော သဘော(ရှောင်ကြဉ်တတ်သောသဘော) 'ဝေရမဏီ'၊ မပြုခြင်းသဘော 'အကိရိယ'၊ မလုပ်ခြင်းသဘော'အကရဏ'၊ လွန်၍မရောက်ခြင်း (ကာယဒုစရိုက်ကို မကျူးလွန်ခြင်း)သဘော'အနဇ္ဈာပတ္တိ'၊ ကာယဒုစရိုက်ဟူသော ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာအနတိက္ကမ'၊ ကာယဒုစရိုက်၏ အကြောင်းကို သတ်ဖြတ်တတ်သောသဘော 'သေတုဃာတ'၊ ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ(အမှန်)ပြုလုပ်မှု'သမ္မာကမ္မန္တ'သည်(ရှိ၏)။ ထိုအခါ၌ ကောင်းစွာ(အမှန်) ပြုလုပ်မှု'သမ္မာကမ္မန္တ'ဟူသည် ဤသဘောဖြစ်၏။

**သမ္မာအာဇီဝ၏သဘော** ၃၀၁။ ထိုအခါ၌ ကောင်းစွာ (အမှန်) အသက်မွေးမှု 'သမ္မာအာဇီဝ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ မှားယွင်းသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'မှ အကြင်ဝေးစွာ ရှောင်ခြင်းသဘော 'အာရတိ'၊ အထူးရှောင်ခြင်းသဘော'ဝိရတိ'၊ ဆုတ်နစ်၍ ရှောင်ခြင်းသဘော'ပဋိဝိရတိ'၊ရန်ကို ဖျက်ဆီးတတ်သောသဘော (ရှောင်ကြဉ်တတ်သောသဘော) 'ဝေရမဏီ'၊ မပြုခြင်းသဘော 'အကိရိယ'၊ မလုပ်ခြင်းသဘော 'အကရဏ'၊ လွန်၍ မရောက်ခြင်း (မကျူးလွန်ခြင်း)သဘော 'အနဇ္ဈာပတ္တိ'၊ မှားယွင်းသော အသက်မွေးမှု တည်းဟူသော ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာအနတိက္ကမ'၊ မကောင်းသော အသက်မွေးမှု၏ အကြောင်းကို သတ်ဖြတ်တတ်သောသဘော 'သေတုဃာတ'၊ ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ (အမှန်) အသက်မွေးမှု 'သမ္မာအာဇီဝ' သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ(အမှန်)အသက်မွေးမှု 'သမ္မာအာဇီဝ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သမ္မာဝါယာမ၏သဘော** ၁၀၂။ ထိုအခါ၌ ကောင်းစွာ (အမှန်) အားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက် အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ (ကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏ အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏ အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ) တို့၏အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ (အမှန်) အားထုတ်မှု 'သမ္မာဝါယာမ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'ဖြစ်သော၊ ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော၊ ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ(အမှန်) အားထုတ်မှု 'သမ္မာဝါယာမ'ဟူသည် ဤသဘောဖြစ်၏။

**သမ္မာသတိ၏သဘော** ၁၀၃။ ထိုအခါ၌ ကောင်းစွာ(အမှန်)အောက်မေ့မှု 'သမ္မာသတိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံ အခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ (ကြားနာပြီး သင်ကြားပြီးတို့ကို ဆောင်ထားမှု)၊ မပေါ်သောအခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ (အမှန်) အောက်မေ့မှု 'သမ္မာသတိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော၊ ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော၊ ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါ ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (အမှန်)အောက်မေ့မှု 'သမ္မာသတိ' ဟူသည် ဤသဘောဖြစ်၏။

**သမ္မာသမာဓိ၏သဘော** ၁၀၄။ ထိုအခါ၌ ကောင်းစွာ(အမှန်)တည်ကြည်မှု'သမ္မာသမာဓိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍ တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏ အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ(အမှန်)တည်ကြည်မှု 'သမ္မာသမာဓိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'ဖြစ်သော၊ ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော၊ ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (အမှန်) တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသည် ဤသဘောဖြစ်၏။

**သဒ္ဓါဗိုလ်၏သဘော** ၁၀၅။ ထိုအခါ၌ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံကြည်မှု၊ ယုံကြည်ပုံ အခြင်းအရာ၊ သက်ဝင်ပုံအခြင်းအရာ၊ အလွန်ကြည်လင်မှု၊ ယုံကြည်မှု 'သဒ္ဓါ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**ဝီရိယဗိုလ်၏သဘော** ၃၀၆။ ထိုအခါ၌ မတုန်မလှုပ် အားထုတ်မှု ‘ ဝီရိယဗိုလ် ’ ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော အကြင် လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန်ကြိုးစားမှု၊ခိုင်မြဲမှု၊(ကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊မလျော့သော အားထုတ်မှု ရှိသူ၏အဖြစ်၊မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ( ရဲရင့်သူ )တို့၏အမှုအလုပ်၊ အစိုးတရ အားထုတ်မှု‘ ဝီရိယိန္ဒြေ ’၊ မတုန်မလှုပ် အားထုတ်မှု ‘ ဝီရိယဗိုလ် ’၊ ကောင်းစွာ (အမှန်)အားထုတ်မှု ‘ သမ္မာဝါယာမ ’၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ‘မဂ္ဂင်’ဖြစ်သော,ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အားထုတ်မှု ‘ ဝီရိယသမ္ဗောဇ္ဈင် ’သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် အားထုတ်မှု ‘ ဝီရိယဗိုလ် ’ဟူသည် ဤသဘောဖြစ်၏။

**သတိဗိုလ်၏သဘော** ၃၀၇။ ထိုအခါ၌ မတုန်မလှုပ် အောက်မေ့မှု ‘သတိဗိုလ်’ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊သတိဟူသော အောက်မေ့ပုံအခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ (ကြားနာပြီး သင်ကြားပြီးတို့ကို ဆောင်ထားမှု)၊ မပေါ်သောအခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိဟူသော အစိုးတရ အောက်မေ့မှု ‘ သတိန္ဒြေ ’၊ မတုန်မလှုပ် အောက်မေ့မှု ‘သတိဗိုလ်’၊ ကောင်းစွာ (အမှန်) အောက်မေ့မှု ‘သမ္မာသတိ’၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ ‘မဂ္ဂင်’ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အောက်မေ့မှု ‘သတိသမ္ဗောဇ္ဈင်’သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် အောက်မေ့မှု ‘သတိဗိုလ်’ ဟူသည် ဤသဘောဖြစ်၏။

**သမာဓိဗိုလ်၏သဘော** ၃၀၈။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု ‘ သမာဓိဗိုလ် ’ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသောစိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု ‘ သမာဓိန္ဒြေ ’၊ မတုန်မလှုပ် တည်ကြည်မှု ‘ သမာဓိဗိုလ် ’၊ ကောင်းစွာ ( အမှန် )တည်ကြည်မှု ‘ သမ္မာသမာဓိ ’၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ ‘ မဂ္ဂင် ’ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု ‘ သမာဓိသမ္ဗောဇ္ဈင် ’ သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု ‘ သမာဓိဗိုလ် ’ဟူသည် ဤသဘောဖြစ်၏။

**ပညာဗိုလ်၏ သဘော** ၃၀၉။ ထိုအခါ၌ မတုန်မလှုပ် (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ‘ပညာဗိုလ်’ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်(ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို)စိစစ်ခြင်းသဘော၊ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို)ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင်(လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏အဖြစ်၊ (အနိစ္စစသည်ကို)

http://www.dhammadownload.com



ကြံစည်ခြင်းသဘော၊နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော၊ တနည်း–ဟုတ်မှန်သော အနက်၌ မွေလျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွတ်စေတတ်သောသဘော၊ အထူးထူးရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိတတ်သောသဘော၊(လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ(တုတ် တပြာ)နှင့် တူသောသဘော၊ ပညာ ဟူသော အစိုးတရ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်(ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော)(ခွဲခွဲ ခြားခြား)အပြားအား ဖြင့် သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲ ခြားခြား)အပြား အားဖြင့်သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲ ခြားခြား)အပြား အားဖြင့်သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု(မဂ်ဉာဏ်)၏ အစိတ် အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး)တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိမှု'ပညာဗိုလ်'ဟူသည် ဤသဘော ဖြစ်၏။

**ဟိရီဗိုလ်၏ သဘော** ၃၁၀။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ရှက်မှု 'ဟိရီဗိုလ်'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ် တရားများသို့ ရောက်ခြင်းကို ရှက်တတ်၏။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ရှက်မှု'ဟိရီဗိုလ်'ဟူသည် ဤသဘော ဖြစ်၏။

**ဩတ္တပ္ပဗိုလ်၏ သဘော** ၃၁၁။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'ဟူသည် အဘယ်သဘော ဖြစ် သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'ဟူသည် ဤသဘောဖြစ်၏။

**အလောဘ၏သဘော** ၃၁၂။ ထိုအခါ၌ မလိုချင်မှု 'အလောဘ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်မလိုချင်ခြင်းသဘော၊ မလိုချင်ပုံ အခြင်းအရာ၊ မလိုချင်တတ်သူ၏အဖြစ်၊ မစွဲလမ်းခြင်း၊မစွဲလမ်းပုံအခြင်းအရာ၊ မစွဲလမ်းတတ်သူ၏ အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ မလိုချင်မှု 'အလောဘ'ဟူသည် ဤသဘောဖြစ်၏။

**အဒေါသ၏သဘော** ၃၁၃။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ'ဟူသည် အဘယ်သဘော ဖြစ် သနည်း။ ထိုအခါ၌ အကြင်မဖျက်ဆီးခြင်းသဘော၊ မဖျက်ဆီးပုံ အခြင်းအရာ၊ မဖျက်ဆီးတတ်သူ၏အဖြစ်၊ စိတ်မပျက်စီးမှု၊ စိတ်မပျက်စီးစေလိုမှု၊ ကုသိုလ်တို့၏

http://www.dhammadownload.com



အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ မဖျက်ဆီးမှု 'အဒေါသ' ဟူသည် ဤသဘောဖြစ်၏။

**အမောဟ၏သဘော** ၃၁၄။ ထိုအခါ၌ မတွေဝေမှု 'အမောဟ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ( အနိစ္စစသည်ကို ) ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ) ၏အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသော သဘော၊ တနည်း–ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ) နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် ( ခွဲခွဲခြားခြား ) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာပြာသာဒ်၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအလင်း၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားဖြင့် သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှုပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်) ၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်) ၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်) ၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည် (ရှိ၏)။ ထိုအခါ၌ မတွေဝေမှု 'အမောဟ' ဟူသည် ဤသဘောဖြစ်၏။

**အနဘိဇ္ဈာ၏သဘော** ၃၁၅။ ထိုအခါ၌ မမက်မောမှု 'အနဘိဇ္ဈာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်မလိုချင်ခြင်းသဘော၊ မလိုချင်ပုံ အခြင်းအရာ၊ မလိုချင်တတ်သူ၏ အဖြစ်၊ မစွဲလမ်းခြင်း၊ မစွဲလမ်းပုံ အခြင်းအရာ၊ မစွဲလမ်းတတ်သူ၏ အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ မမက်မောမှု 'အနဘိဇ္ဈာ' ဟူသည် ဤသဘောဖြစ်၏။

**အဗျာပါဒ၏သဘော** ၃၁၆။ ထိုအခါ၌ စိတ်မပျက်စီးမှု 'အဗျာပါဒ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် မဖျက်ဆီးခြင်းသဘော၊ မဖျက်ဆီးပုံ အခြင်းအရာ၊ မဖျက်ဆီးတတ်သူ၏ အဖြစ်၊ စိတ်မပျက်စီးမှု၊ စိတ်မပျက်စီးစေလိုမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ စိတ်မပျက်စီးမှု 'အဗျာပါဒ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သမ္မာဒိဋ္ဌိ၏သဘော** ၁၁၇။ ထိုအခါ၌ ကောင်းစွာ (အမှန်)သိမြင်မှု'သမ္မာဒိဋ္ဌိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စသည်ကို) စိစစ်ခြင်းသဘော၊(ခွဲခွဲခြားခြား)အပြားအားဖြင့် စိစစ်ခြင်းသဘော၊(သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စသည်ကို)ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စသည်ကို)ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊မြေကြီးနှင့်တူသောသဘော၊ တနည်း–ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သော သဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိတတ်သော သဘော၊ (လမ်းမှားသို့ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်ဖာတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာ ပဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း သဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော၊ ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော ကောင်းစွာသိမြင်မှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး)တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။

**ဟိရီ၏သဘော** ၁၁၈။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ)ရှက်မှု 'ဟိရီ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို (လွန်ကျူးခြင်းကို) ရှက်တတ်၏။ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'ဟူသည် ဤသဘောဖြစ်၏။

**ဩတ္တပ္ပ၏သဘော** ၁၁၉။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘော တရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ)ကြောက်လန့်မှု 'ဩတ္တပ္ပ'ဟူသည် ဤသဘောဖြစ်၏။

**ကာယပဿဒ္ဓိ၏သဘော** ၁၂၀။ ထိုအခါ၌ စေတသိက်အပေါင်း(ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌

http://www.dhammadownload.com



ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင်ငြိမ်းချမ်းမှု၊ ငြိမ်းအေးမှု၊ ငြိမ်းချမ်းခြင်း၊ ငြိမ်းအေးခြင်း၊ (ခန္ဓာသုံးပါး၏) ငြိမ်းအေးသည်၏အဖြစ်၊ ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော ငြိမ်းချမ်းမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း(ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'ဟူသည် ဤသဘောဖြစ်၏။

**စိတ္တပဿဒ္ဓိ၏သဘော** ၃၂၁။ ထိုအခါ၌ စိတ်၏ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်ငြိမ်းချမ်းမှု၊ ငြိမ်းအေးမှု၊ ငြိမ်းချမ်းခြင်း၊ ငြိမ်းအေးခြင်း၊ (ဝိညာဏက္ခန္ဓာ၏) ငြိမ်းအေးသည်၏အဖြစ်၊ ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော ငြိမ်းချမ်းမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'ဟူသည် ဤသဘော ဖြစ်၏။

**ကာယလဟုတာ၏ သဘော** ၃၂၂။ ထိုအခါ၌ စေတသိက်အပေါင်း(ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင် လျင်မြန်ပေါ့ပါးမှု၊ (အာရုံသို့) ပေါ့ပါးလျင်မြန်စွာ (အပြန်ပြန် အလှန်လှန်)ညွတ်စေနိုင်သည်၏အဖြစ်၊ မနုန့်နှေးသည်၏ အဖြစ်၊ မတင်းမာသည်၏ အဖြစ်သည်(ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု'ကာယလဟုတာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ္တလဟုတာ၏ သဘော** ၃၂၃။ ထိုအခါ၌ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်လျင်မြန်ပေါ့ပါးမှု၊ (အာရုံသို့) ပေါ့ပါးလျင်မြန်စွာ (အပြန်ပြန်အလှန်လှန်) ညွတ်စေနိုင်သည်၏အဖြစ်၊ မနုန့်နှေးသည်၏ အဖြစ်၊ မတင်းမာသည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ လျင်မြန်ပေါ့ပါးမှု'စိတ္တလဟုတာ'ဟူသည် ဤသဘော ဖြစ်၏။

**ကာယမုဒုတာ၏ သဘော** ၃၂၄။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင်နူးညံ့သည်၏အဖြစ်၊ ပြေပြစ်သည်၏ အဖြစ်၊ မခက်ထန်သည်၏အဖြစ်၊ မကြမ်းတမ်းသည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း(ကိုယ်)၏ နူးညံ့မှု'ကာယမုဒုတာ'ဟူသည် ဤသဘော ဖြစ်၏။

**စိတ္တမုဒုတာ၏ သဘော** ၃၂၅။ ထိုအခါ၌ စိတ်၏ နူးညံ့မှု'စိတ္တမုဒုတာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ နူးညံ့သည်၏ အဖြစ်၊ ပြေပြစ်သည်၏အဖြစ်၊ မခက်ထန်သည်၏အဖြစ်၊ မကြမ်းတမ်းသည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ နူးညံ့မှု'စိတ္တမုဒုတာ'ဟူသည် ဤသဘောဖြစ်၏။

**ကာယကမ္မညတာ၏ သဘော** ၃၂၆။ ထိုအခါ၌ စေတသိက်အပေါင်း( ကိုယ်)၏ ခံ့မှု (ကောင်းသော အလုပ်၌ ပြီးမြောက်သည်အထိ ပါဝင်ဆောင်ရွက်နိုင်သော သဘော) 'ကာယကမ္မညတာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏ရင်း သညာက္ခန္ဓာ၏ရင်း သင်္ခါရက္ခန္ဓာ၏ရင်း အကြင် ကောင်းသောအလုပ်၌ ခံ့မှု

http://www.dhammadownload.com



(ကောင်းစွာဆောင်ရွက်ပြုလုပ်နိုင်မှု)၊ ကောင်းသော အလုပ်၌ ခံ့ကြောင်းသဘော၊ ကောင်းသော အလုပ်၌ ခံ့သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု 'ကာယကမ္မညတာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တကမ္မညတာ၏သဘော** ၃၂၇။ ထိုအခါ၌ စိတ်၏ခံ့မှု (ကောင်းသောအလုပ်၌ ပြီးမြောက်သည်အထိ ပါဝင်ဆောင်စွမ်းနိုင်သော သဘော) 'စိတ္တကမ္မညတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင်ကောင်းသော အလုပ်၌ ခံ့မှု၊ ကောင်းသောအလုပ်၌ ခံ့ကြောင်းသဘော၊ ကောင်းသောအလုပ်၌ ခံ့သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ ခံ့မှု 'စိတ္တကမ္မညတာ' ဟူသည် ဤသဘောဖြစ်၏။

**ကာယပါဂုညတာ၏သဘော** ၃၂၈။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင် အလေ့အကျင့်ရှိမှု (ကျင့်သားရမှု)၊ အလေ့အကျင့်ရှိကြောင်း (ကျင့်သား ရကြောင်း) သဘော၊ အလေ့အကျင့်ရှိသည် (ကျင့်သားရသည်)၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေတသိက် အပေါင်း (ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တပါဂုညတာ၏သဘော** ၃၂၉။ ထိုအခါ၌ စိတ်၏အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင် အလေ့အကျင့်ရှိမှု (ကျင့်သားရမှု)၊ အလေ့အကျင့်ရှိကြောင်း (ကျင့်သား ရကြောင်း) သဘော၊ အလေ့အကျင့်ရှိသည် (ကျင့်သားရသည်)၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' ဟူသည် ဤသဘောဖြစ်၏။

**ကာယုဇုကတာ၏သဘော** ၃၃၀။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ဝေဒနာက္ခန္ဓာ၏၎င်း သညာက္ခန္ဓာ၏၎င်း သင်္ခါရက္ခန္ဓာ၏၎င်း အကြင်ဖြောင့်မတ်မှု၊ ဖြောင့်မတ်သောအခြင်းအရာအားဖြင့် ဖြစ်သည်၏အဖြစ် (ဖြောင့်မတ်ခြင်း)၊ မကောက်သည်၏ အဖြစ်၊ မကွေးသည်၏အဖြစ်၊ မကိုင်းသည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ္တုဇုကတာ၏သဘော** ၃၃၁။ ထိုအခါ၌ စိတ်၏ဖြောင့်မတ်မှု 'စိတ္တုဇုကတာ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ ဝိညာဏက္ခန္ဓာ၏ အကြင် ဖြောင့်မတ်မှု၊ ဖြောင့်မတ်သော အခြင်းအရာအားဖြင့် ဖြစ်သည်၏အဖြစ် (ဖြောင့်မတ်ခြင်း)၊ မကောက်သည်၏အဖြစ်၊ မကွေးသည်၏အဖြစ်၊ မကိုင်းသည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ' ဟူသည် ဤသဘောဖြစ်၏။

**သတိ၏သဘော** ၃၃၂။ ထိုအခါ၌ အောက်မေ့မှု 'သတိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်အောက်မေ့မှု၊ အစဉ်အောက်မေ့မှု၊ တဖန်အောက်မေ့မှု၊ သတိဟူသော အောက်မေ့ပုံ အခြင်းအရာ၊ ဆောင်ပုံအခြင်းအရာ (ကြားနာပြီး သင်ကြားပြီးတို့ကို ဆောင်ထားမှု)၊ မပေါ်သော အခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ မမေ့ပျောက်မှု၊ သတိ

http://www.dhammadownload.com



ဟူသော အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ (အမှန်) အောက်မေ့မှု 'သမ္မာသတိ'၊ ထွက်မြောက်ကြောင်း(မဂ်၏) အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ဤအခါ၌ အောက်မေ့မှု 'သတိ'ဟူသည် ဤသဘောဖြစ်၏။

**သမ္မဒိဋ္ဌိ၏သဘော** ၃၃၃။ ထိုအခါ၌ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'သမ္မဒိဋ္ဌိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိခြင်း သဘော၊ (အနိစ္စစသည်ကို)စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် စိစစ်ခြင်းသဘော၊(သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်း သဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ် ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ ကြံစည်ခြင်း သဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော၊ တနည်း–ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲ နှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သော သဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊(လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ(တုတ်တပြာ)နှင့်တူသောသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာ'၊ အစိုးတရ(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်(ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု'ပညာဗိုလ်'၊(ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာလက်နက်၊(မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို မြင့်တက် စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာဘန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း သဘော၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ကောင်းစွာ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'သမ္မဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။

**သမထ၏သဘော** ၃၃၄။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ (အမှန်)တည်ကြည်မှု 'သမ္မာသမာဓိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ် အပိုင်းအင်္ဂါ'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာသိမှု

http://www.dhammadownload.com



(မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် ဤသို့သဘောဖြစ်၏။

**ဝိပဿနာ၏သဘော** ၃၃၅။ ထိုအခါ၌ အထူးထူး ရှုမြင်မှု 'ဝိပဿနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း သဘော၊ (အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊(ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်း သဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို)ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ရှေးရှုကပ်၍ မှတ်ခြင်း (ပိုင်းခြားခြင်း) သဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏ အဖြစ်၊ ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်း သဘော၊ မြေကြီးနှင့်တူသော သဘော၊ တနည်း–ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲ နှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သော သဘော၊ (လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ ( တုတ်တပြာ )နှင့်တူသော သဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာလက်နက်၊(မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော)(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု ပညာပြာသာဒ်၊(အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှုပညာအလင်း၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း သဘော၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း(မဂ်၏) အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု(မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည်(ရှိ၏)။ ထိုအခါ၌ အထူးထူး ရှုမြင်မှု 'ဝိပဿနာ'ဟူသည် ဤသို့သဘော ဖြစ်၏။

**ပဂ္ဂါဟ၏ သဘော** ၃၃၆။ ထိုအခါ၌ ချီးမြှောက်မှု'ပဂ္ဂါဟ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ (ကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှု ရှိသူ၏ အဖြစ်၊မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ရဲရင့်သူ(ရဲရင့်သူ)တို့၏အမှုအလုပ်၊အစိုးတရအားထုတ်မှု'ဝီရိယိန္ဒြေ'၊မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ(အမှန်) အားထုတ်မှု'သမ္မာဝါယာမ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော,ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံး

http://www.dhammadownload.com



ဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ ချီးမြှောက်မှု'ပဂ္ဂါဟ'ဟူသည် ဤသဘောဖြစ်၏။

**အဝိက္ခေပ၏ သဘော** ၃၃၇။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင် တည်မှု၊ ကောင်းစွာတည်မှု၊သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ(အမှန်)တည်ကြည်မှု'သမ္မာသမာဓိ'၊ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော,ထွက်မြောက်ကြောင်း( မဂ်) ၌ အကျုံးဝင်သော, ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ'ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ,တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(၁) နိဒ္ဒေသ ပြီးပြီ။**

**၁-ဓမ္မဝဝတ္ထာနဝါရ ပြီးပြီ။**

---

**၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'**

**(က)ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေကိုးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဖြစ်၏၊ ဗိုလ်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏၊ ဝေဒနာတပါးသည် ဖြစ်၏၊ သညာတပါးသည် ဖြစ်၏၊ စေတနာတပါးသည် ဖြစ်၏၊ စိတ်တပါးသည် ဖြစ်၏၊ ဝေဒနာက္ခန္ဓာတပါးသည် ဖြစ်၏၊ သညာက္ခန္ဓာတပါးသည် ဖြစ်၏၊ သင်္ခါရက္ခန္ဓာတပါးသည် ဖြစ်၏၊ ဝိညာဏက္ခန္ဓာတပါးသည် ဖြစ်၏၊ မနာယတနတပါးသည် ဖြစ်၏၊ မနိန္ဒြေတပါးသည် ဖြစ်၏၊ မနောဝိညာဏဓာတ်တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော)အကြင် နာမ်တရားတို့သည် (ရှိကုန်၏)။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**(ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ' နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ**

**သင်္ခါရက္ခန္ဓာ** ၃၃၈ ။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊

http://www.dhammadownload.com



ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရအောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ မသိအပ်ဘူးသေးသောနိဗ္ဗာန်ကို သိရတော့မည်ဟု နှလုံးသွင်းသည့်အတိုင်း ဖြစ်ပေါ်လာသော အစိုးတရ(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'အနညာတညဿာမီတိန္ဒြေ'၊ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ (အမှန်) ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ (အမှန်) ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ (အမှန်) ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ(အမှန်)အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ (အမှန်) အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ(အမှန်)အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ (အမှန်) တည်ကြည်မှု 'သမ္မာသမာဓိ'၊ မတုန်မလှုပ်ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ်ရှက်မှု 'ဟိရီဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် ကြောက်လန့်မှု 'ဩတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ စိတ်မပျက်စီးမှု 'အဗျာပါဒ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်)၏ လျင်မြန်ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ခံ့မှု (အမှုကိစ္စ၌ ကောင်းစွာ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ကာယကမ္မညတာ'၊ စိတ်၏ ခံ့မှု (အမှုကိစ္စ၌ ကောင်းစွာ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'၊ စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ'၊ စေတသိက်အပေါင်း (ကိုယ်)၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ'၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ'၊ အောက်မေ့မှု 'သတိ'၊ ကောင်းစွာ (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'သမ္ပဇည'၊ ငြိမ်သက်မှု 'သမထ'၊ အထူးထူးရှုမြင်မှု 'ဝိပဿနာ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည်(ရှိ၏)။ ထိုပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူသော) အကြင် နာမ်တရားတို့သည် (ရှိကုန်၏)။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## ပဌမမဂ် ပဌမဈာန်

[ဒုက္ခပဋိပဒါဒန္ဓာဘိညဈာန် အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသောဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ ပဌမဘုံ (သောတာပန်

http://www.dhammadownload.com



အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက်သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသောအသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ ]

ဒုက္ခပဋိပဒါခိပ္ပါဘိညစျာန် ၃၃၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုခပဋိပဒါဒန္ဓာဘိညစျာန် ၃၄၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုခပဋိပဒါခိပ္ပါဘိညစျာန် ၃၄၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## ပဌမမဂ် ဒုတိယစျာန်စသည်များ

ဒုက္ခပဋိပဒါဒန္ဓာဘိညစျာန်စသည် ၃၄၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း

http://www.dhammadownload.com



ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။

(၁) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော။ပ။

(၂) ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော။ပ။

(၃) ချမ်းသာသောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော။ပ။

(၄) ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပဌမစျာန်သို့ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုဒ္ဓိကပဋိပဒါ ပြီးပြီ။

---

## ရာဂစသည်တို့မှ ကင်းဆိတ်သော 'သုညတ' မဂ်

**သုညတပဌမစျာန်** ၃၄၃။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုညတဒုတိယစျာန်စသည်** ၃၄၄။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုညတ ပြီးပြီ။

http://www.dhammadownload.com



## ရာဂစသည်တို့မှ ကင်းဆိတ်ခြင်း 'သုညတ' လျှင် အရင်း 'မူလ' ရှိသောအကျင့်

## လေးပါးဖြင့် ရသောစျာန်

## 'သုညတမူလကပဋိပဒါ'

## ပဌမစျာန်

**ဒုက္ခပဋိပဒါဒန္ဓာဘိညာ သုညတစျာန်** ၃၄၅။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်းနှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညာ သုညတစျာန်** ၃၄၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုခပဋိပဒါဒန္ဓာဘိညာ သုညတစျာန်** ၃၄၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် နှုန်းနှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုခပဋိပဒါခိပ္ပါဘိညာ သုညတစျာန်** ၃၄၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သော

http://www.dhammadownload.com



တာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက်သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## ဒုတိယစျာန် စသည်များ

ဒုက္ခပဋိပဒါဒန္ဓာဘိညစျာန်စသည် ၃၄၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်'သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့် ။ပ။ ဒုတိယစျာန်သို့ ။ပ။ တတိယစျာန်သို့။ပ။စတုတ္ထစျာန်သို့။ပ။ပဌမစျာန်သို့။ပ။

(၁) ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။

(၂) ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။

(၃) ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။

(၄) ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုညတမူလကပဋိပဒါ ပြီးပြီ။

---

## ရာဂစသောတောင့်တခြင်းကင်းသော 'အပ္ပဏိဟိတ'မဂ်

အပ္ပဏိဟိတပဌမစျာန် ၃၅၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက်သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍

http://www.dhammadownload.com



(ပဌမဈာန်သို့ ရရှိ၍)နေ၏ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အပ္ပဏိဟိတဒုတိယဈာန်စသည် ၃၅၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်'သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့် ။ပ။ ဒုတိယဈာန်သို့ ။ပ။ တတိယဈာန်သို့ ။ပ။ စတုတ္ထဈာန်သို့။ပ။ ပဉ္စမဈာန်သို့။ပ။ (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အပ္ပဏိဟိတဘာဇက် ပြီးပြီ။

---

ရာဂစသော တောင့်တမှုကင်းခြင်း 'အပ္ပဏိဟိတ'လျှင် အရင်း 'မူလ'ရှိသောအကျင့်

လေးပါးဖြင့် ရသောဈာန်

'အပ္ပဏိဟိတမူလကပဋိပဒါ'

ပဌမဈာန်

ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတဈာန် ၃၅၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက်သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမဈာန်သို့ရောက်၍ (ပဌမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဒုက္ခပဋိပဒါခိပ္ပါဘိညာ အပ္ပဏိဟိတဈာန် ၃၅၃။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို

http://www.dhammadownload.com



ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျှင်မြန်သော အသိဉာဏ် ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍(ပဌမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတဈာန်** ၃၅၄။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် နုန့်နှေးသော အသိဉာဏ် ရှိသော,(ရာဂဟူသော တောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**သုခပဋိပဒါခိပ္ပါဘိညာ အပ္ပဏိဟိတဈာန်** ၃၅၅။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ချမ်းသာသောအကျင့် လျှင်မြန်သော အသိဉာဏ် ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

## ဒုတိယဈာန်စသည်များ

**ဒုက္ခပဋိပဒါဒန္ဓာဘိညာဈာန်စသည်** ၃၅၆။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့် ။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့။ပ။ ပဌမဈာန်သို့။ပ။

(၁) ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသောတောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော။ပ။

(၂) ဆင်းရဲငြိုငြင်သောအကျင့် လျှင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသောတောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော။ပ။

http://www.dhammadownload.com



(၃) ချမ်းသာသောအကျင့် နှန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။

(၄) ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အပ္ပဏိဟိတ မူလကပဋိပဒါ ပြီးပြီ။

---

## နှစ်ဆယ်သောနည်းများ 'ဝီသတိမဟာနယ'

၃၇၇။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌—

(၁) [လောကုတ္တရာ ဈာန် ဘာဝေတိ-ကို စာပိုဒ် ၂၇၇-၃၅၆ တို့၌ ဟောပြီး။]

(၂) လောကုတ္တရာမဂ်ကို ပွါး၏။ပ။

(၃) လောကုတ္တရာသတိပဋ္ဌာန်ကို ပွါး၏။ပ။

(၄) လောကုတ္တရာသမ္မပ္ပဓာန်ကို ပွါး၏။ပ။

(၅) လောကုတ္တရာဣဒ္ဓိပါဒ်ကို ပွါး၏။ပ။

(၆) လောကုတ္တရာဣန္ဒြေကို ပွါး၏။ပ။

(၇) လောကုတ္တရာဗိုလ်ကို ပွါး၏။ပ။

(၈) လောကုတ္တရာဗောဇ္ဈင်ကို ပွါး၏။ပ။

(၉) လောကုတ္တရာသစ္စာကို ပွါး၏။ပ။

(၁၀) လောကုတ္တရာသမထကို ပွါး၏။ပ။

(၁၁) လောကုတ္တရာဓမ္မကို ပွါး၏။ပ။

(၁၂) လောကုတ္တရာခန္ဓာ (လေးပါး)ကို ပွါး၏။ပ။

(၁၃) လောကုတ္တရာအာယတန (နှစ်ပါး)ကို ပွါး၏။ပ။

(၁၄) လောကုတ္တရာဓာတ် (နှစ်ပါး)ကို ပွါး၏။ပ။

(၁၅) လောကုတ္တရာအာဟာရကို ပွါး၏။ပ။

(၁၆) လောကုတ္တရာဖဿကို ပွါး၏။ပ။

(၁၇) လောကုတ္တရာဝေဒနာကို ပွါး၏။ပ။

(၁၈) လောကုတ္တရာသညာကို ပွါး၏။ပ။

(၁၉) လောကုတ္တရာစေတနာကို ပွါး၏။

(၂၀) အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်

http://www.dhammadownload.com



ခြင်းငှါရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစိတ်ကို ပွါး၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲ ငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဥ္စမစျာန်သို့ ရောက်၍ (ပဥ္စမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

နှစ်ဆယ်သောနည်းများ ပြီးပြီ။

---

### ၁ဓိပတိလေးပါးနှင့် စျာန်များ

ပဥ္စမစျာန် ၃၅၈။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရန် ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

(၁) ဆင်းရဲငြိုငြင်သော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၂) အားထုတ်မှု အကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၃) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

(၄) စိစစ်စုံစမ်းမှုပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော ပဥ္စမစျာန်သို့ ရောက်၍ (ပဥ္စမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဒုတိယစျာန်စသည် ၃၅၉။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရန် ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဥ္စမစျာန်သို့။ပ။

(၁) ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၂) အားထုတ်မှုအကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၃) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

http://www.dhammadownload.com



(၄) စိစစ်စုံစမ်းမှုပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**လောကုတ္တရာမဂ်စသည်**　　၃၆၀။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာမဂ်ကို ပွါး၏။ပ။ လောကုတ္တရာသတိပဋ္ဌာန်ကို ပွါး၏။ပ။ လောကုတ္တရာသမ္မပ္ပဓာန်ကို ပွါး၏။ပ။လောကုတ္တရာဣဒ္ဓိပါဒ်ကို ပွါး၏။ပ။လောကုတ္တရာဣန္ဒြေကို ပွါး၏။ပ။ လောကုတ္တရာဗိုလ်ကို ပွါး၏။ပ။ လောကုတ္တရာ ဗောဇ္ဈင်ကို ပွါး၏။ပ။ လောကုတ္တရာသစ္စာကို ပွါး၏။ပ။လောကုတ္တရာသမထကို ပွါး၏။ပ။လောကုတ္တရာဓမ္မကို ပွါး၏။ပ။ လောကုတ္တရာခန္ဓာ(လေးပါး)ကို ပွါး၏ ပ။ လောကုတ္တရာ အာယတန(နှစ်ပါး)ကို ပွါး၏။ပ။ လောကုတ္တရာဓာတ်( နှစ်ပါး )ကို ပွါး၏။ပ။လောကုတ္တရာအာဟာရကို ပွါး၏ ပ။ လောကုတ္တရာဖဿကို ပွါး၏။ပ။ လောကုတ္တရာဝေဒနာကို ပွါး၏။ပ။ လောကုတ္တရာသညာကို ပွါး၏။ပ။ လောကုတ္တရာစေတနာကို ပွါး၏။ပ။ လောကုတ္တရာစိတ်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

(၁) ဆင်းရဲငြိုငြင်သောအကျင့် နှုန်းနှေးသော, အသိဉာဏ်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။

(၂) အားထုတ်မှုအကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။

(၃) စိတ်အကြီးအမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။

(၄) စိစစ်စုံစမ်းမှုပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော။ပ။ ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

အကြီးအမှူး'အဓိပတိ'စျာန် ပြီးပြီ။

ပဌမမဂ် ပြီးပြီ။

---

**ဒုတိယမဂ်**　　၃၆၁။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ကာမဘုံ၌ တပ်မက်မှု'ကာမရာဂ' ဖျက်ဆီးမှု'ဗျာပါဒ'တို့၏ ပါးလှပ်ခြင်းငှါလည်း ဒုတိယဘုံ (သကဒါဂါမ်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲငြိုငြင်သောအကျင့် နှုန်းနှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ပဌမမဂ်ဖြင့်

http://www.dhammadownload.com



သိအပ်ပြီးသော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ဒုတိယမဂ် ပြီးပြီ။

---

**တတိယမဂ်** ၃၆၂။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ ကာမဘုံ၌ တပ်မက်မှု 'ကာမရာဂ' ဖျက်ဆီးမှု 'ဗျာပါဒ'တို့ကို အကြွင်းမဲ့ ပယ်ရှားခြင်းငှါလည်း တတိယဘုံ(အနာဂါမ်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်..ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ အောက်မဂ်နှစ်ပါးဖြင့် သိအပ်ပြီးသော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

တတိယမဂ် ပြီးပြီ။

---

**စတုတ္ထမဂ်** ၃၆၃။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင် အခါ၌ ရူပဘုံ၌ တပ်မက်မှု'ရူပရာဂ', အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ',ထောင်လွှားမှု'မာန', ပျံ့လွင့်မှု 'ဥဒ္ဓစ္စ', သိအပ်သည်ကို မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'တို့ကို အကြွင်းမဲ့ ပယ်ရှားခြင်းငှါလည်း စတုတ္ထဘုံ (အရဟတ္တအဆင့်, ရဟန္တာအဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲ ငြိုငြင်သော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ အောက်မဂ်သုံးပါးဖြင့် သိအပ်ပြီးသော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ပ။

**အညိန္ဒြေ** ၃၆၄။ ထိုအခါ၌ အောက်မဂ်သုံးပါးဖြင့် သိအပ်ပြီးသော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ သိအပ်ကုန်သော 'ဉာတ', မြင်အပ်ကုန်သော 'ဒိဋ္ဌ', ရောက်အပ်ကုန်သော (ရအပ်ကုန်သော) 'ပတ္တ', ထင်ရှားကုန်သော 'ဝိဒိတ', မျက်မှောက်ပြုအပ်ကုန်သော 'သစ္ဆိကတ' ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါလည်း အကြင် (ခွဲခွဲခြားခြား)အပြားအားဖြင့် သိခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိပုံ အခြင်းအရာ၊ (အနိစ္စစသည်ကို)စိစစ်ခြင်း သဘော၊(ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်း သဘော၊(သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း သဘော၊(အနိစ္စစသည်ကို)ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်း သဘော၊ ရှေးရှု ကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြ

http://www.dhammadownload.com



တတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်း သဘော၊ မြေကြီးနှင့် တူသောသဘော၊ တနည်း – ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍သိမှု၌ ညွတ်စေတတ်သော သဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ် တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ် တတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု ပညာလက်နက်၊ (မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေ တတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာအမိုက်မှောင်ကိုပယ် ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာအလင်း၊ (ကြည် လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ် စေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာ လေးပါး) တရားတို့ကို စိစစ်ခြင်း သဘော၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း(မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော ကောင်းစွာသိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည်(ရှိ၏)။ ထိုအခါ၌ အောက် မဂ်သုံးပါးဖြင့် သိအပ်ပြီး သော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ' ဟူသည် ဤသဘော ဖြစ်၏။ ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ပ။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာဟူသော) အကြောင်းနာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။

စတုတ္ထမဂ် ပြီးပြီ။

လောကုတ္တရာစိတ် ပြီးပြီ။

ကုသိုလ်အစုကို ဝေဘန်ခြင်း 'ကုသလပဒဘာဇနီ' ပြီးပြီ။

---

### (ခ) အကုသိုလ် အစုကို ဝေဘန်ခြင်း 'အကုသလ ပဒဘာဇနီ'

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**လောဘမူ ပဌမစိတ်** ၃၆၅။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်ချမ်းသာမှု 'သောမနဿ' နှင့်တကွဖြစ်သော အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် ယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကိုဖြစ်စေ

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို)အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည်ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'သည် ဖြစ်၏၊သိမှု'စိတ်'သည် ဖြစ်၏၊ကြံစည်မှု'ဝိတက်'သည် ဖြစ်၏၊သုံးသပ်မှု'ဝိစာရ'သည်ဖြစ်၏၊နှစ်သက်မှု'ပီတိ'သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံ ရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည် ဖြစ်၏၊ မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ' သည် ဖြစ်၏၊ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ လိုချင်မှု 'လောဘ'သည် ဖြစ်၏၊ တွေဝေမှု (မသိမှု) 'မောဟ'သည် ဖြစ်၏၊ မက်မောမှု 'အဘိဇ္ဈာ'သည် ဖြစ်၏၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည်ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော, (ဆန္ဒ, အဓိမောက္ခ မနသိကာရ, ဥဒ္ဓစ္စဟူသော)အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၃၆၆။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိခြင်းသဘော၊တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၃၆၇။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုသာယာဘွယ်ချမ်းသာအား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, စိတ်၌မှီသော အကြင်သာယာမှု၊စိတ်၌မှီသောချမ်းသာမှု၊စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ချမ်းသာကို ခံစားမှု၊စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်

http://www.dhammadownload.com



ခံစားမှု၊ ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘော ဖြစ်၏။

**သညာ၏ သဘော** ၁၆၈။ ထိုအခါ၌ မှတ်သားမှု'သညာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု'သညာ'အား လျောက်ပတ်သော အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊မှတ်သားတတ်သည်၏ အဖြစ်သည်(ရှိ၏)။ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏ သဘော** ၁၆၉။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု 'စေတနာ'အား လျောက်ပတ်သော အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော အကြင် စေ့ဆော်မှု၊ ကောင်းစွာ စေ့ဆော်ပုံ အခြင်းအရာ၊ စေ့ဆော်တတ်သည်၏ အဖြစ် သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏ သဘော** ၁၇၀။ ထိုအခါ၌ သိမှု'စိတ်'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု'စိတ်'၊ သိတတ်သောသဘော၊သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည် အားလျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ သိမှု 'စိတ်'ဟူသည် ဤသဘောဖြစ်၏။

**ဝိတက်၏ သဘော** ၁၇၁။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင် ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာကြံစည်ခြင်းသဘော၊ စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်း သဘော၊စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘော၊ မှားယွင်းစွာကြံစည်မ 'မိစ္ဆာသင်္ကပ္ပ'သည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏ သဘော** ၁၇၂။ ထိုအခါ၌ သုံးသပ်မှု'ဝိစာရ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု၊ အထူးသုံးသပ်မှု၊ အဖန်ဖန် သုံးသပ်မှု၊ ကပ်၍ သုံးသပ်မှု၊စိတ်ကို (အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ ထားမှု၊ စိတ်၏ (အာရုံကို) အစဉ် မပြတ် ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘောသည် (ရှိ၏)။ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် ဤသဘောဖြစ်၏။

**ပီတိ၏သဘော** ၁၇၃။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထို အခါ၌ အကြင်နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ လွန်စွာဝမ်းသာမှု၊ များစွာ ဝမ်းသာမှု၊ ရွှင်လန်းမှု၊ များစွာရွှင်လန်းမှု၊ နှစ်သိမ့်မှု၊ တက်ကြွမှု၊ စိတ်၏နှစ်လိုမှုသည် (ရှိ၏)။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သုခ၏သဘော** ၃၃၄။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ချမ်းသာကိုခံစားမှု၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် ဤသဘောဖြစ်၏။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၃၃၅။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍ (စွဲယူ၍) တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာတည်ကြည်မှု'မိစ္ဆာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။

**ဝီရိယိန္ဒြေ၏သဘော** ၃၃၆။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော အကြင်လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှထွက်မြောက်မှု၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအတန်ကြိုးစားမှု၊ ခိုင်မြဲမှု၊ (အကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျှော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သောအလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏ အဖြစ်၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**သမာဓိန္ဒြေ၏သဘော** ၃၃၇။ ထိုအခါ၌ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ကောင်းစွာ တည်မှု၊ သက်ဝင်၍ (စွဲယူ၍) တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာ တည်ကြည်မှု'မိစ္ဆာသမာဓိ'သည်(ရှိ၏)။ထိုအခါ၌ အစိုးတရတည်ကြည် မှု 'သမာဓိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၃၃၈။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသောဖြစ်ရာဌါန 'မနာယတန'၊အစိုးတရသိမှု'မနိန္ဒြေ'၊အထူးသိမှု 'ဝိညာဏ'၊အထူးသိမှု (စိတ်)အစု'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်ကပ်သော အထူးသိမှုသဘော'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု'မနိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သောမနဿိန္ဒြေ၏သဘော** ၃၇၉။ ထိုအခါ၌ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသောအကြင်သာယာမှု၊ စိတ်၌မှီသောချမ်းသာမှု၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကိုခံစားမှု၊ ချမ်းသာကိုခံစားမှု၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှုသည် (ရှိ၏)။ထိုအခါ၌ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၃၈၀။ ထိုအခါ၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ထိုအခါ၌ ထိုနာမ်တရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ဖြစ်ခြင်းသဘော၊ဖြစ်စေခြင်းသဘော၊ဖြစ်မှုသဘော၊ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**မိစ္ဆာဒိဋ္ဌိ၏သဘော** ၃၈၁။ ထိုအခါ၌ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ (ခြောက်ဆဲ့နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော)အမြင်မှားမှုတောအုပ် 'ဒိဋ္ဌိဂဟန'၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ 'ဒိဋ္ဌိကန္တာရ'၊ သမ္မာဒိဋ္ဌိကို ထွင်းဖောက် ဖျက်ဆီးခြင်းသဘော 'ဒိဋ္ဌိဝိသူကာယိက'၊အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော 'ဒိဋ္ဌိဝိပ္ဖန္ဒိတ'၊ (ငရဲဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု 'ဒိဋ္ဌိသံယောဇန'၊(အာရုံကို မှားသောအားဖြင့်) မြဲစွာ ယူတတ်သောသဘော(အယူသည်းသောသဘော) 'ဂါဟ'၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော 'ပတိဋ္ဌာဟ'၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော 'အဘိနိဝေသ'၊ မှားသောအားဖြင့် သုံးသပ်တတ်သော သဘော 'ပရာမာသ'၊ စက်ဆုပ်အပ်သော လမ်းစဉ် 'ကုမ္မဂ္ဂ'၊ မှားသော ခရီးလမ်းကြောင်း 'မိစ္ဆာပထ'၊ မှားယွင်းသောသဘော 'မိစ္ဆတ္တ'၊ မှားသော အယူတည်းဟူသောအကျိုးမဲ့တို့၏ဖြစ်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော' ဝိပရိယာသဂ္ဂါဟ'သည် (ရှိ၏)။ ထိုအခါ၌ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'ဟူသည် ဤသဘော ဖြစ်၏။

**မိစ္ဆာသင်္ကပ္ပ၏သဘော** ၃၈၂။ ထိုအခါ၌ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ပြင်းစွာကြံစည်ခြင်းသဘော၊စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘော၊ မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် (ရှိ၏)။ ထိုအခါ၌ မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ' ဟူသည် ဤသဘောဖြစ်၏။

**မိစ္ဆာဝါယာမ၏သဘော** ၃၈၃။ ထိုအခါ၌ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ထိုအခါ၌ စိတ်၌မှီသော အကြင် လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊

http://www.dhammadownload.com



အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ ( အကုသိုလ်စိတ်အစဉ်ကို ) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏ အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ' သည် (ရှိ၏)။ ထိုအခါ၌ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ'ဟူသည် ဤသဘောဖြစ်၏။

**မိစ္ဆာသမာဓိ၏သဘော** ၃၇၄။ ထိုအခါ၌ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ ကောင်းစွာ တည်မှု၊ သက်ဝင်၍ (စွဲယူ၍) တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'ဟူသည် ဤသဘောဖြစ်၏။

**ဝီရိယဗိုလ်၏ သဘော** ၃၇၅။ ထိုအခါ၌ မတုန်မလှုပ် အားထုတ်မှု'ဝီရိယဗိုလ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့ တက်၍ ကြိုးပမ်းမှု(အထက်တန်းသို့ ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ (အကုသိုလ်စိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ (ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'ဟူသည် ဤသဘောဖြစ်၏။

**သမာဓိဗိုလ်၏ သဘော** ၃၇၆။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍ (စွဲယူ၍) တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'ဟူသည် ဤသဘောဖြစ်၏။

**အဟိရိကဗိုလ်၏ သဘော** ၃၇၇။ ထိုအခါ၌ (ကာယဒုစရိုက်စသောမကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု'အဟိရိကဗိုလ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို(လွန်ကျူးခြင်းကို)မရှက်တတ်။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

**အနောတ္တပ္ပဗိုလ်၏ သဘော** ၃၇၈။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်

http://www.dhammadownload.com



စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ မကြောက်လန့်တတ်။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်' ဟူသည် ဤသဘောဖြစ်၏။

**လောဘ၏သဘော** ၃၀၉။ ထိုအခါ၌ လိုချင်မှု 'လောဘ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်လိုချင်ခြင်းသဘော 'လောဘ'၊ လိုချင်ပုံ အခြင်းအရာ 'လုဗ္ဘနာ'၊ လိုချင်တတ်သူ၏အဖြစ် 'လုဗ္ဘိတတ္တ'၊ စွဲလမ်းခြင်း 'သာရာဂ'၊ စွဲလမ်းပုံ အခြင်းအရာ 'သာရဇ္ဇနာ'၊ စွဲလမ်းတတ်သူ၏အဖြစ် 'သာရဇ္ဇိတတ္တ'၊ မက်မောမှု 'အဘိဇ္ဈာ'၊ အကုသိုလ်တရားတို့၏ အခြေအမြစ်ဖြစ်သော လိုချင်မှု 'လောဘအကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ လိုချင်မှု 'လောဘ'ဟူသည် ဤသဘောဖြစ်၏။

**မောဟ၏သဘော** ၃၉၀။ ထိုအခါ၌ တွေဝေမှု'မောဟ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်မသိခြင်းသဘော 'အညာဏ'၊ (အမှန်တရားကို) မမြင်ခြင်းသဘော 'အဒဿန'၊ ထိုးထွင်း၍ မသိတတ်သောသဘော 'အနဘိသမယ'၊ (အမှန်တရားအား) လျော်စွာမသိတတ်သောသဘော 'အနနုဗောဓ'၊ (အနိစ္စ စသည်တို့နှင့်ယှဉ်၍) မသိတတ်သောသဘော (မှားယွင်းစွာသိတတ်သောသဘော) 'အသမ္ဗောဓ'၊ ထိုးထွင်း၍ မသိခြင်းသဘော 'အပ္ပဋိဝေဓ'၊ (အနိစ္စ စသည်ဖြင့်) မယူတတ်သောသဘော 'အသံဂါဟန'၊ (အမှန်တရားကို) သက်ဝင်၍ မယူတတ်သောသဘော 'အပရိယောဂါဟန'၊ ညီညီညွတ်ညွတ်မရှုတတ်သော (အနိစ္စ စသည်ကို နိစ္စစသည်ဟု မညီမညွတ်ရှုတတ်သော) သဘော 'အသမပေက္ခန'၊ မဆင်ခြင်တတ်သော သဘော 'အပစ္စဝေက္ခန'၊ မျက်မှောက် မပြုတတ်သောသဘော (အကောင်းအဆိုးကို မဝေခွဲတတ်သောသဘော) 'အပစ္စက္ခကမ္မ'၊ (စိတ်) ဖြူစင် သန့်ရှင်းမှုကို ဖျက်ဆီးကြောင်းသဘော 'ဒုမ္မေဇ္ဈ'၊ လူမိုက်ဖြစ်ကြောင်းသဘော 'ဗာလျ'၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် မသိတတ်သောသဘော 'အသမ္ပဇည'၊ တွေဝေခြင်းသဘော 'မောဟ'၊ ပြင်းစွာတွေဝေခြင်းသဘော 'ပမောဟ'၊ (တရားအားလုံး၌)ထက်ဝန်းကျင် တွေဝေခြင်းသဘော 'သမ္မောဟ'၊ သိအပ်သည်ကို မသိခြင်း (သစ္စာလေးပါးကို မသိခြင်း)သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'၊(ဝဋ်ဆင်းရဲ၌)ယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော မသိမှုသဘော'အဝိဇ္ဇာနုသယ'၊ (ကိလေသာတို့၏) ထကြွသောင်းကျန်းခြင်း မသိမှုသဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်)တံခါးကျည် (မင်းတုတ်)နှင့် တူသော မသိမှုသဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟအကုသလမူလ' သည် (ရှိ၏)။ ထိုအခါ၌ တွေဝေမှု 'မောဟ' ဟူသည် ဤသဘောဖြစ်၏။

**အဘိဇ္ဈာ၏သဘော** ၃၉၁။ ထိုအခါ၌ မက်မောမှု 'အဘိဇ္ဈာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်လိုချင်ခြင်းသဘော၊ လိုချင်ပုံအခြင်းအရာ၊ လိုချင်တတ်သူ၏အဖြစ်၊ စွဲလမ်းခြင်းသဘော၊ စွဲလမ်းပုံအခြင်းအရာ၊ စွဲလမ်းတတ်သူ၏အဖြစ်၊ မက်မောမှု၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော လိုချင်မှု 'လောဘအကုသလမူလ' သည်(ရှိ၏)။ ထိုအခါ၌ မက်မောမှု 'အဘိဇ္ဈာ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**မိစ္ဆာဒိဋ္ဌိ၏သဘော** ၃၉၂။ ထိုအခါ၌ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် အမြင်မှားမှု၊ (ခြောက်ဆဲ့နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှု တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ၊ သမ္မာဒိဋ္ဌိကို ထွင်းဖောက်ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာ ယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော၊ မှားသောအားဖြင့် သုံးသပ်တတ်သော သဘော၊ စက်ဆုပ်အပ်သောလမ်းစဉ်၊ မှားသောခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသောအယူတည်းဟူသော အကျိုးမဲ့တို့၏ ဖြစ်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်း သဘောသည်(ရှိ၏)။ ထိုအခါ၌ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'ဟူသည် ဤသဘောဖြစ်၏။

**အဟိရိက၏သဘော** ၃၉၃။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘော တရားသည် ရှက်ထိုက်သော ကာယဒုစရိုက် စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို (လွန်ကျူးခြင်းကို) မရှက်တတ်။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'ဟူသည် ဤသဘောဖြစ်၏။

**အနောတ္တပ္ပ၏သဘော** ၃၉၄။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သဘောတရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ် တရားများသို့ ရောက်ခြင်းမှ မကြောက်လန့်တတ်။ ထိုအခါ၌ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'ဟူသည် ဤသဘောဖြစ်၏။

**သမထ၏သဘော** ၃၉၅။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှု၊ကောင်းစွာတည်မှု၊သက်ဝင်၍တည်မှု၊ မပျံ့လွင့်မှု၊ မပျံ့လွင့်မှု၊ မပျံ့ရှားသော စိတ်ရှိသူ၏အဖြစ်(စိတ်မပျံ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် (ရှိ၏)။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် ဤသဘောဖြစ်၏။

**ပဂ္ဂါဟ၏သဘော** ၃၉၆။ ထိုအခါ၌ ချီးမြှောက်မှု'ပဂ္ဂါဟ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ဖြစ်သော အကြင်လုံ့လအားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု၊ (အကုသိုလ်စိတ်အစဉ်ကို)ဆောင်ထားမှု၊ မလျော့သော အားထုတ်မှုရှိသူ၏အဖြစ်၊ မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊ မချအပ်သောတာဝန်ရှိသူ၏အဖြစ်၊ တာဝန်ကို ကောင်းစွာထမ်းဆောင်မှု၊ ရဲရင့်သူ (ရဲရင့်သူ)တို့၏ အမှုအလုပ်၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မှားယွင်းစွာ အားထုတ်မှု' မိစ္ဆာဝါယာမ'သည် (ရှိ၏)။ ထိုအခါ၌ ချီးမြှောက်မှု 'ပဂ္ဂါဟ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**အဝိက္ခေပ၏သဘော** ၃၉၇။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ' သည် (ရှိ၏)။ ထိုအခါ၌ မပျံ့လွင့်မှု 'အဝိက္ခေပ' ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း 'မဂ်' သည် ဖြစ်၏၊ ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ' နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၃၉၈။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ လိုချင်မှု 'လောဘ'၊ တွေဝေမှု 'မောဟ'၊ မက်မောမှု 'အဘိဇ္ဈာ'၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ငြိမ်သက်မှု 'သမထ' ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ကို ချန်ထား၍, မှတ်သားမှုအစု 'သညာက္ခန္ဓာ' ကို ချန်ထား၍, အထူးသိမှု (စိတ်) အစု

http://www.dhammadownload.com



'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏၊ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**လောဘမူ ဒုတိယစိတ်** ၃၉၉။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွဖြစ်သော၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'နှင့် ယှဉ်သော၊ ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွ ဖြစ်သော အကုသိုလ်စိတ်သည် ရူပါရုံကို ဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင် အကြင်တပါးပါးကို(အာရုံတမျိုးမျိုးကို)အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**လောဘမူ တတိယစိတ်** ၄၀၀။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွ ဖြစ်သော၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'နှင့် မယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကို ဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင် အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ဖြစ်၏၊ မှားယွင်းစွာအားထုတ်မှု 'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ လိုချင်မှု 'လောဘ'သည် ဖြစ်၏၊ တွေဝေမှု 'မောဟ'သည် ဖြစ်၏၊ မက်မောမှု 'အဘိဇ္ဈာ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။ပ။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါငါးပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါသုံးပါး ရှိသော ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ် နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ် တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၀၁။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သဘောဖြစ် သနည်း။ (ထိုအခါ၌)တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည် ကြည်မှု 'သမာဓိန္ဒြေ'၊အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ လိုချင်မှု 'လောဘ'၊တွေဝေမှု 'မောဟ'၊မက်မောမှု 'အဘိဇ္ဈာ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ် ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ, မာနဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

http://www.dhammadownload.com



**လောဘမူ စတုတ္ထစိတ်** ၄၀၂။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွဖြစ်သော, အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'နှင့်မယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွဖြစ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံ တမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**လောဘမူ ပဉ္စမစိတ်** ၄၀၃။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ' နှင့်ယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကို ဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံ တမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏၊ ခံစားမှု'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု'သညာ'သည် ဖြစ်၏၊စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'သည် ဖြစ်၏၊ သိမှု'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊အစိုးတရသိမှု'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည် ဖြစ်၏၊ မှားယွင်းစွာ ကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'သည် ဖြစ်၏၊မှားယွင်းစွာ အားထုတ်မှု'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာ တည်ကြည်မှု'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ လိုချင်မှု'လောဘ' သည် ဖြစ်၏၊ တွေဝေမှု 'မောဟ'သည် ဖြစ်၏၊ မက်မောမှု 'အဘိဇ္ဈာ'သည် ဖြစ်၏၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ,မနသိကာရ,ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

http://www.dhammadownload.com



## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏ သဘော** ၄၀၄။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် တွေ့ထိခြင်းသဘော၊ တွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏ သဘော** ၄၀၅။ ထိုအခါ၌ ခံစားမှု'ဝေဒနာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုသာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်း မဟုတ်သောခံစားမှု 'ဝေဒနာ'အား လျောက်ပတ်သော, အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, စိတ်၌မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘော၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှု သဘောသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခာ၏သဘော** ၄၀၆။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘော၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှု သဘောသည် (ရှိ၏)။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဥပေက္ခိန္ဒြေ၏သဘော** ၄၀၇။ ထိုအခါ၌ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော အကြင်ခံစားမှုသဘောသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေ ငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါလေးပါးရှိသော ဒုဂ္ဂတိ

http://www.dhammadownload.com



ဘဝသို့ရောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏၊ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၀ဂ။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။(ထိုအခါ၌) တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'၊အမြင်မှားမှု'မိစ္ဆာဒိဋ္ဌိ'၊မှားယွင်းစွာကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'၊မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာတည်ကြည်မှု 'မိစ္ဆာသမာဓိ'၊မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ လိုချင်မှု 'လောဘ'၊ တွေဝေမှု 'မောဟ'၊မက်မောမှု 'အဘိဇ္ဈာ'၊ အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော, (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘော ဖြစ်၏။ပ။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**လောဘမူ ဆင္ခစိတ်** ၄၀၉။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွဖြစ်သော, အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ' နှင့်ယှဉ်သော, ပြုပြင်မှုတိုက်တွန်းမှု 'သင်္ခါရ' နှင့်တကွဖြစ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

http://www.dhammadownload.com



## ၁-တရားတို့ကို ပိုင်းခြားချ၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**လောဘမူ သတ္တမစိတ်** ၄၁၁။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။ အကြင် အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'နှင့်မယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကို ဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကို ဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံ တမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'သည် ဖြစ်၏၊သိမှု'စိတ်'သည် ဖြစ်၏၊ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေ-ကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု'မနိန္ဒြေ'သည် ဖြစ်၏၊အစိုးတရ လျစ်လျူရှုမှု'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာ-သင်္ကပ္ပ'သည် ဖြစ်၏။ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ လိုချင်မှု 'လောဘ'သည် ဖြစ်၏၊ တွေဝေမှု 'မောဟ'သည် ဖြစ်၏၊ မက်မောမှု 'အဘိဇ္ဈာ'သည် ဖြစ်၏၊ (ကာယဒုစရိုက် စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု'ပဂ္ဂါဟ' သည် ဖြစ်၏၊ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြား လည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိ-မောက္ခ, မနသိကာရ,ဥဒ္ဓစ္စ, မာနဟူသော) အကြင်နာမ်တရားတို့သည် (ရှိကုန်၏)။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။ပ။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ဓာတ်နှစ်ပါးတို့သည်ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည်ဖြစ်ကုန်၏၊ ဣန္ဒြေ ငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသောဈာန်သည် ဖြစ်၏၊ အင်္ဂါသုံးပါးရှိသော ဒုဂ္ဂတိ ဘဝသို့ ရောက်ကြောင်း'မဂ်'သည် ဖြစ်၏၊ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

http://www.dhammadownload.com



**[ပဒေသ]ဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ, မာနဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့ အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၁၁။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌)တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊မှားယွင်းစွာ ကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ 'မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊လိုချင်မှု 'လောဘ'၊ တွေဝေမှု'မောဟ'၊ မက်မောမှု'အဘိဇ္ဈာ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု'အဟိရိက'၊(ကာယဒုစရိုက်စသော မကောင်းမှုမှ)မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ, မာနဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**လောဘမူ အဋ္ဌမစိတ်** ၄၁၂။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော, အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'နှင့်မယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု'သင်္ခါရ'နှင့်တကွ ဖြစ်သော အကုသိုလ်စိတ်သည် ရူပါရုံကို ဖြစ်စေ။ပ။ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

## (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**ဒေါသမူ ပဌမစိတ်** ၄၁၃။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်မချမ်းသာမှု 'ဒေါမနဿ'နှင့် တကွဖြစ်သော, အာရုံ၌ထိပါးမှု 'ပဋိဃ'(ဒေါသ)နှင့်ယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကို ဖြစ်စေ ရသာရုံကိုဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

http://www.dhammadownload.com



**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'သည် ဖြစ်၏၊သိမှု'စိတ်'သည် ဖြစ်၏၊ကြံစည်မှု'ဝိတက်'သည် ဖြစ်၏၊သုံးသပ်မှု'ဝိစာရ'သည်ဖြစ်၏၊ဆင်းရဲမှု 'ဒုက္ခ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည်ဖြစ်၏၊ အစိုးတရ သိမှု မနိန္ဒြေ'သည် ဖြစ်၏၊အစိုးတရ စိတ်မချမ်းသာမှု'ဒေါမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ဖြစ်၏၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု'အဟိရိကဗိုလ်'သည် ဖြစ်၏၊(ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ ဖျက်ဆီးမှု'ဒေါသ'သည်ဖြစ်၏၊ တွေဝေမှု'မောဟ'သည် ဖြစ်၏၊ စိတ်ပျက်စီးမှု'ဗျာပါဒ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ,ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဖော်ပြခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၁၄။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိခြင်း၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံအခြင်းအရာ၊ မကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၄၁၅။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမသာယာဘွယ်အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော စိတ်၌မှီသော အကြင် မသာယာမှု၊ စိတ်၌မှီသော ဆင်းရဲမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော မသာယာဘွယ်ခံစားမှု၊ ဆင်းရဲခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဒုက္ခ၏သဘော** ၄၁၆။ ထိုအခါ၌ ဆင်းရဲမှု 'ဒုက္ခ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင် မသာယာမှု၊ စိတ်၌မှီသော ဆင်းရဲမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို

http://www.dhammadownload.com



ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာဘွယ်ခံစားမှု၊ ဆင်းရဲခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ဆင်းရဲမှု 'ဒုက္ခ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဒေါမနဿိန္ဒြေ၏သဘော** ၄၁၇။ ထိုအခါ၌ အစိုးတရ စိတ်မချမ်းသာမှု 'ဒေါမနဿိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ထိုအခါ၌ စိတ်၌ မှီသော အကြင် မသာယာမှု၊ စိတ်၌မှီသော ဆင်းရဲမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာဘွယ်ခံစားမှု၊ ဆင်းရဲခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စိတ်မချမ်းသာမှု 'ဒေါမနဿိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။ပ။

**ဒေါသ၏သဘော** ၄၁၈။ ထိုအခါ၌ ဖျက်ဆီးမှု 'ဒေါသ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ဖျက်ဆီးမှု 'ဒေါသ'၊ ဖျက်ဆီးပုံ အခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးတတ်သူ၏အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ခြင်း 'ဗျာပတ္တိ'၊ ဖောက်ပြန်ပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်တတ်သူ၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ အဖန်ဖန် ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသူ၏အဖြစ် 'စဏ္ဍိက္က'၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း(မကောင်းသဖြင့် ပြောဆိုခြင်း)'အသုရောပ'၊ စိတ်၏ မနှစ်လိုမှု 'အနတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။ ထိုအခါ၌ ဖျက်ဆီးမှု'ဒေါသ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဗျာပါဒ၏ သဘော** ၄၁၉။ ထိုအခါ၌ စိတ်ပျက်စီးမှု 'ဗျာပါဒ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် ဖျက်ဆီးမှု၊ ဖျက်ဆီးပုံ အခြင်းအရာ၊ ဖျက်ဆီးတတ်သူ၏ အဖြစ်၊ ဖောက်ပြန်ခြင်း၊ ဖောက်ပြန်ပုံအခြင်းအရာ၊ ဖောက်ပြန်တတ်သူ၏ အဖြစ်၊ ဆန့်ကျင်မှု၊ အဖန်ဖန် ဆန့်ကျင်မှု၊ ကြမ်းတမ်းသူ၏အဖြစ် (ကြမ်းတမ်းမှု)၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း(မကောင်းသဖြင့် ပြောဆိုခြင်း)၊ စိတ်၏ မနှစ်လိုမှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်ပျက်စီးမှု 'ဗျာပါဒ'ဟူသည် ဤသဘော ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ,ဥဒ္ဓစ္စ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

### ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါသုံးပါးရှိသော ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ တွေ့ထိမှု 'ဖဿ'တပါးသည် ဖြစ်၏။ပ။ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ,မနသိကာရ,ဥဒ္ဓစ္စ,တတြမဇ္ဈတ္တတာ... ) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၂၀။ ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ ဖျက်ဆီးမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ စိတ်ပျက်စီးမှု 'ဗျာပါဒ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု'အနောတ္တပ္ပ'၊ ငြိမ်သက်မှု'သမထ'၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏၊ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**ဒေါသမူ ဒုတိယစိတ်** ၄၂၁။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ စိတ်မချမ်းသာမှု 'ဒေါမနဿ'နှင့် တကွဖြစ်သော, အာရုံ၌ ထိပါးမှု 'ပဋိဃ'(ဒေါသ)နှင့် ယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့် တကွဖြစ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

### ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**မောဟမူ ပဌမစိတ်** ၄၂၂။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော ယုံမှားမှု'ဝိစိကိစ္ဆာ'နှင့် ယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ သဒ္ဒါရုံကိုဖြစ်စေ ဂန္ဓာရုံကိုဖြစ်စေ ရသာရုံကိုဖြစ်စေ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ဓမ္မာရုံကိုဖြစ်စေ အကြင် အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို)အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

http://www.dhammadownload.com



**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မှားယွင်းစွာ ကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'သည် ဖြစ်၏၊ မှားယွင်းစွာ အားထုတ်မှု'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ် မကြောက်လန့်မှု'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် ဖြစ်၏၊ တွေဝေမှု'မောဟ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ချီးမြှောက်မှု'ပဂ္ဂါဟ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (မနသိကာရ,ဥဒ္ဓစ္စ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၂၃။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ထိုအခါ၌ အကြင်တွေ့ထိမှု၊တွေ့ထိပုံအခြင်းအရာ၊ကောင်းစွာတွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘော ဖြစ်၏။ပ။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၄၂၄။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှုသည် ရှိ၏။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဝိစိကိစ္ဆာ၏သဘော** ၄၂၅။ ထိုအခါ၌ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားပုံအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကင်္ခါယိတတ္တ'၊ မသိခြင်း 'ဝိမတိ'၊ သဘာဝကို စဉ်းစားလျှင် (မဆုံးဖြတ်နိုင်၍) ပင်ပန်းကြောင်းသဘော 'ဝိစိကိစ္ဆာ'၊ မှန် မမှန်နှစ်မျိုးအားဖြင့် (မဝေခွဲနိုင်၍) တုန်လှုပ်တတ်သော သဘော 'ဒွေဠှက'၊ လမ်းနှစ်ခွနှင့်တူသော သဘော 'ဒွေဓာပထ'၊ ထက်ဝန်းကျင်မှ ဖြစ်တတ် (ယုံမှားတတ်) သောသဘော 'သံသယ'၊ ကေန္တအားဖြင့် ယူခြင်းငှါ မစွမ်းနိုင်ခြင်းသဘော 'အနေကံသဂ္ဂါဟ'၊(ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍)အာရုံမှ ဆုတ်နစ်တတ်သောသဘော 'အာသပ္ပနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍)ထက်ဝန်းကျင် (အာရုံမှ)ရွေ့ရှားတတ်သော သဘော 'ပရိသပ္ပနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ ဉာဏ်ဖြင့်) မသက်ဝင်နိုင်ခြင်း သဘော

http://www.dhammadownload.com



'အပရိယောဂါဟနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ ခက်တရော်သည်၏ အဖြစ်'ထမ္ဘိတတ္တံ စိတ္တဿ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်တတ်သောသဘော 'မနောဝိလေခ'သည် (ရှိ၏)။ ထိုအခါ၌ ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရ, ဥဒ္ဓစ္စ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေလေးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါနှစ်ပါးရှိသော ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း'မဂ်'သည် ဖြစ်၏၊ ဗိုလ်သုံးပါးတို့သည် ဖြစ်ကုန်၏၊ဟိတ်တပါးသည် ဖြစ်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရ, ဥဒ္ဓစ္စ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၂၆။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ်'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု'ဝီရိယိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ တွေဝေမှု 'မောဟ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု'အနောတ္တပ္ပ'၊ ချီးမြှောက်မှု'ပဂ္ဂါဟ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရ, ဥဒ္ဓစ္စဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အကုသိုလ် မည်ကုန်၏။

http://www.dhammadownload.com



### ၁-တရားပေါ်ကို ပိုင်းခြားရှ်ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**မောဟမူ ဒုတိယစိတ်** ၄၂၇။ အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နှင့် ယှဉ်သော အကုသိုလ်စိတ်သည် ရူပါရုံကို ဖြစ်စေ။ပ။ အကြင် အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ဖြစ်၏၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'သည် ဖြစ်၏၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ဖြစ်၏၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'သည် ဖြစ်၏၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'သည် ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် ဖြစ်၏၊ တွေဝေမှု 'မောဟ'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည် ဖြစ်၏၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် ဖြစ်၏၊ ငြိမ်သက်မှု 'သမထ'သည် ဖြစ်၏၊ ချီးမြှောက်မှု 'ပဂ္ဂါဟ'သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားသည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၂၈။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။ပ။

**ဥဒ္ဓစ္စ၏သဘော** ၄၂၉။ ထိုအခါ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တုန်လှုပ်သည်၏အဖြစ် (ပျံ့လွင့်ခြင်း) 'စိတ္တဿ ဥဒ္ဓစ္စ'၊ မငြိမ်သက်ခြင်း (မငြိမ်းအေးခြင်း) 'အဝူပသမ'၊ စိတ်ကို ပစ်လွင့်တတ်သော သဘော (စိတ်၏ဖရိုဖရဲပျံ့လွင့်ခြင်း) 'စေတသောဝိက္ခေပ'၊ စိတ်၏ တုန်လှုပ်တတ်သည်၏ အဖြစ် 'ဘန္တတ္တံ-စိတ္တဿ'သည် (ရှိ၏)။ ထိုအခါ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟူသည် ဤသဘောဖြစ်၏။ပ။

http://www.dhammadownload.com



**ယေဝါပနကတရားများ**　ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ**　ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတန နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရ သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ အင်္ဂါလေးပါးရှိသော ဈာန်သည် ဖြစ်၏၊ အင်္ဂါသုံးပါးရှိသော ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း 'မဂ်'သည် ဖြစ်၏၊ ဗိုလ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဟိတ်တပါးသည် ဖြစ်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ**　ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ,မနသိကာရ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ**　၄၃၀။ပ။ ထိုအခါ၌ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ကြံစည်မှု'ဝိတက်'၊သုံးသပ်မှု'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားယွင်းစွာ အားထုတ်မှု 'မိစ္ဆာဝါယာမ'၊ မှားယွင်းစွာ တည်ကြည်မှု 'မိစ္ဆာသမာဓိ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊(ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ် မရှက်မှု 'အဟိရိကဗိုလ်'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မတုန်မလှုပ် မကြောက်လန့်မှု 'အနောတ္တပ္ပဗိုလ်'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ တွေဝေမှု 'မောဟ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ငြိမ်သက်မှု 'သမထ'၊ ချီးမြှောက်မှု'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု'အဝိက္ခေပ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**အကုသိုလ်စိတ် တဆယ့်နှစ်ပါး ပြီးပြီ။**

**အကုသလပဒဘာဇနီ ပြီးပြီ။**

http://www.dhammadownload.com



## ၃-ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြားမူ၍ တမျိုးတခြားအားဖြင့် ဟောကြားသော တရားစုကို ဝေဘန်ခြင်း 'အဗျာကတပဒဘာဇနီ' ဟိတ်မရှိသောကုသိုလ်၏အကျိုး 'ဝိပါက်'ဝိညာဏ်ငါးပါး 'အဟိတ်ကုသလဝိပါကပဉ္စဝိညာဏ်'

### ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**စက္ခုဝိညာဏ်** ၄၃၁။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ (လွန်ခဲ့ပြီးသော အခါက) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်'ကတတ္တ', ဆည်းပူးအပ်ပြီးသည်၏ အဖြစ်(အဖန်ဖန်ပြုအပ်ပြီးသည်၏ အဖြစ်) 'ဥပစိတတ္တ' ကြောင့် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော, အဆင်း 'ရူပါရုံ'လျှင် အာရုံရှိသော, (ရူပါရုံကို အာရုံပြု၍) အကျိုး 'ဝိပါက်'ဖြစ်သော မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၃၂။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၄၃၃။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု'ဝေဒနာ'အား လျော်ကပ်သော (အာရုံကို) မြင်သိမှုသဘော 'စက္ခုဝိညာဏဓာတ်'၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, စိတ်၌မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ)သော ခံစားမှု'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘော ဖြစ်၏။

http://www.dhammadownload.com



**သညာ၏ သဘော** ၄၃၄။ ထိုအခါ၌ မှတ်သားမှု'သညာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ထိုမှတ်သားမှု'သညာ'အားလျောက်ပတ်သော(အာရုံကို) မြင်သိမှုသဘော'စက္ခုဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏ သဘော** ၄၃၅။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ စေ့ဆော်မှု 'စေတနာ'အား လျောက်ပတ်သော(အာရုံကို)မြင်သိမှုသဘော'စက္ခုဝိညာဏဓာတ်'၏ ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော အကြင်စေ့ဆော်ခြင်းသဘော၊ ကောင်းစွာ စေ့ဆော်ပုံအခြင်းအရာ၊ (စိတ်၏) စေ့ဆော်တတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၄၃၆။ ထိုအခါ၌ သိမှု'စိတ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊သိမှုသဘော၊သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ်'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျောက်ပတ်သော (အာရုံကို) မြင်သိမှုသဘော 'စက္ခုဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ သိမှု'စိတ်'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခာ၏ သဘော** ၄၃၇။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားခြင်း၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ)သော ခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၄၃၈။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၄၃၉။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ်'၊ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျောက်ပတ်သော (အာရုံကို) မြင်သိမှုသဘော 'စက္ခု-ဝိညာဏဓာတ်'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**ဥပေက္ခိန္ဒြေ၏သဘော** ၄၄၀။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားခြင်း၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ) သော ခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၄၄၁။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) ထိုနာမ်တရားတို့၏ အကြင် အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် ဤသဘော ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတန နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေ သုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ စက္ခုဝိညာဏဓာတ်တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ' နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၄၂။ပ။ ထိုအခါ၌ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ' ကို ချန်ထား၍ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



## ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**သောတဝိညာဏ်စသည်** ၄၄၃။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ (လွန်ခဲ့ပြီးသော အခါက) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ် 'ကတတ္တ', ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (အဖန်ဖန် ပြုအပ်ပြီးသည်၏ အဖြစ်) 'ဥပစိတတ္တ'ကြောင့် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော, အကျိုး 'ဝိပါက်'ဖြစ်သော, အသံသဒ္ဒါရုံလျှင် အာရုံရှိသော (သဒ္ဒါရုံကို အာရုံပြု၍) ကြားသိစိတ်'သောတဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော, အနံ့ဂန္ဓာရုံလျှင် အာရုံရှိသော (ဂန္ဓာရုံကို အာရုံပြု၍) နံသိစိတ်'ဃာနဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အရသာ ရသာရုံလျှင် အာရုံရှိသော (ရသာရုံကို အာရုံပြု၍) လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ဖြစ်ဆဲ ဖြစ်၏။ပ။ ချမ်းသာမှု'သုခ'နှင့် တကွဖြစ်သော, အတွေ့ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော(ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍) ထိသိစိတ်'ကာယဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ ချမ်းသာမှု 'သုခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၄၄။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၄၄၅။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု 'ဝေဒနာ'အား လျော်ကပ်သော(အာရုံကို) ထိသိမှုသဘော 'ကာယဝိညာဏဓာတ်'၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ကိုယ်၌မှီသော အကြင်သာယာမှု၊ ကိုယ်၌မှီသော ချမ်းသာမှု၊ ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သညာ၏ သဘော** ၄၄၆။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ' အား လျော်ကပ်သော (အာရုံကို) ထိသိမှုသဘော 'ကာယဝိညာဏဓာတ်' ၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် ( ရှိ၏ )။ ထိုအခါ၌ မှတ်သားမှု 'သညာ' ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏ သဘော** ၄၄၇။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' အား လျော်ကပ်သော (အာရုံကို) ထိသိမှုသဘော 'ကာယဝိညာဏဓာတ်' ၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်စေ့ဆော်ခြင်းသဘော၊ ကောင်းစွာ စေ့ဆော်ပုံအခြင်းအရာ၊ (စိတ်၏) စေ့ဆော်တတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၄၄၈။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် အဘယ်သဘောဖြစ်သနည်း၊ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ်'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်ကပ်သော (အာရုံကို) ထိသိမှုသဘော 'ကာယဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ သိမှု 'စိတ်' ဟူသည် ဤသဘောဖြစ်၏။

**သုခ၏သဘော** ၄၄၉။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ကိုယ်၌မှီသော အကြင်သာယာမှု၊ ကိုယ်၌မှီသောချမ်းသာမှု၊ ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ကိုခံစားမှု ချမ်းသာကိုခံစားမှု၊ ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု၊ ချမ်းသာခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ' ဟူသည် ဤသဘော ဖြစ်၏။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၄၅၀။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၄၅၁။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ' ဟူသည် အဘယ် သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသောဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ်'၊ အထူး သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်ကပ်သော (အာရုံကို) ထိသိမှုသဘော 'ကာယဝိညာဏဓာတ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သုခိန္ဒြေ၏သဘော** ၄၅၂။ ထိုအခါ၌ အစိုးတရ ချမ်းသာမှု 'သုခိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ကိုယ်၌မှီသော အကြင်သာယာမှု၊ ကိုယ်၌မှီသော ချမ်းသာမှု၊ ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော သာယာ ဘွယ်ကို ခံစားမှု၊ချမ်းသာကို ခံစားမှု၊ထိသိစိတ်နှင့်ယှဉ်သော ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု၊ ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ အစိုးတရချမ်းသာမှု 'သုခိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၄၅၃။ ထိုအခါ၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် အဘယ် သဘောဖြစ်သနည်း။ (ထိုအခါ၌) ထိုနာမ်တရားတို့၏ အကြင် အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကိုစွဲ၍ဖြစ်ကုန်သော(မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က)ဥဒ္ဒေသဝါရ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။(အာရုံကို)ထိသိမှုသဘော 'ကာယဝိညာဏဓာတ်' တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော၊အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၅၄။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့် ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသောတရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကို စွဲ၍ ဖြစ်ကုန် သော (မနသိကာရဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ကုသိုလ်၏ အကျိုးဖြစ်သောအထူးသိမှုစိတ် 'ဝိညာဏ်'ငါးပါး ပြီးပြီ။

http://www.dhammadownload.com



## ကုသိုလ်၏အကျိုး (အာရုံကို) သိကာမျှသဘော (သမ္ပဋိစ္ဆနစိတ်)

## 'ကုသလဝိပါကာမနောဓာတု'

## ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**မနောဓာတ်** ၄၅၅။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ (ရှေးရှေးအတိတ်ကာလ၌) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်, ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (အဖန်ဖန်ပြုအပ်ပြီးသည်၏ အဖြစ်) ကြောင့် လျစ်လျူရှုမှု ဥပေက္ခာ'နှင့် တကွဖြစ်သော, အကျိုး 'ဝိပါက်'ဖြစ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်) သည် ရူပါရုံကိုဖြစ်စေ။ ပ။ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ အကြင်အကြောင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု ဝေဒနာ သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၅၆။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၄၅၇။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ခံစားမှု'ဝေဒနာ' အား လျော်ကပ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, စိတ်၌ မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားခြင်း၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ် "(မဆင်းရဲ မချမ်းသာ)မသော ခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သညာ၏သဘော** ၄၅၇။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ'အား လျော်က်ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်မှတ်သားမှု၊မှတ်သားပုံအခြင်းအရာ၊မှတ်သားတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏သဘော** ၄၅၉။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'အား လျော်က်ပတ်သော(အာရုံကို) သိကာမျှသဘော'မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင်စေ့ဆော်ခြင်းသဘော၊ ကောင်းစွာ စေ့ဆော်ပုံအခြင်းအရာ၊(စိတ်၏)စေ့ဆော်တတ်သည်၏အဖြစ်သည် (ရှိ၏)။ထိုအခါ၌ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၄၆၀။ ထိုအခါ၌ သိမှု 'စိတ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖြစ်သည်အား လျော်က်ပတ်သော (အာရုံကို) သိကာမျှသဘော'မနောဓာတ်'(သမ္ပဋိစ္ဆနစိတ်)သည် (ရှိ၏)။ ထိုအခါ၌ သိမှု'စိတ်'ဟူသည် ဤသဘောဖြစ်၏။

**ဝိတက်၏ သဘော** ၄၆၁။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာကြံစည်ခြင်းသဘော၊ တည်ကြည်သော စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘောသည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏ သဘော** ၄၆၂။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု၊ အထူးသုံးသပ်မှု၊ အဖန်ဖန်သုံးသပ်မှု၊ ကပ်၍ သုံးသပ်မှု၊ စိတ်ကို (အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ထားမှု၊ စိတ်၏ (အာရုံကို) အစဉ်မပြတ် ကြည့်ရှုနေသကဲ့သို့ ဖြစ်သောသဘောသည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခာ၏ သဘော** ၄၆၃။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်း မဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော, စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၊စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ)သော ခံစားမှု 'ဝေဒနာ'သည် ရှိ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စိတ္တဿေကဂ္ဂတာ၏ သဘော** ၄၆၄။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ်'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏ သဘော** ၄၆၅။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သော သဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျောက်ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'(သမ္ပဋိစ္ဆနစိတ်)သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခိန္ဒြေ၏သဘော** ၄၆၆။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်းမဟုတ်သော အကြင်သဘော၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားခြင်း၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ) သော ခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၄၆၇။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) ထိုနာမ်တရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည်(ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဝိမောက္ခ, မနသိကာရမှတပါးသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုမေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ခန္ဓာသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်)တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ,မနသိကာရဟူသော)အကြင်နာမ်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### ခ-အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ)ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၆၈။ ပ။ ထိုအခါ၌ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'၊ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ကုသလဝိပါက် မနောဓာတ် ပြီးပြီ။

---

### ကုသိုလ်၏အကျိုး, ဝမ်းမြောက်ခြင်း- စိတ်ချမ်းသာမှုနှင့်တကွဖြစ်သော

### (အာရုံကို) အထူးသိမှုသဘော (သန္တီရဏစိတ်)

### 'ကုသလဝိပါက မနောဝိညာဏဓာတု သောမနဿသဟဂတ'

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**မနောဝိညာဏဓာတ်** ၄၆၉။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ (ရှေးရှေးအတိတ်အခါ၌) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်, ဆည်းပူးအပ်ပြီးသည်၏ အဖြစ်(အဖန်ဖန် ပြုအပ်ပြီးသည်၏အဖြစ်)ကြောင့် ဝမ်းမြောက်ခြင်း စိတ်ချမ်းသာမှု 'သောမနဿ'နှင့် တကွဖြစ်သော, အကျိုး 'ဝိပါက်'ဖြစ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကို ဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ချမ်းသာမှု 'သုခ'သည်ဖြစ်၏၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

http://www.dhammadownload.com



**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏ သဘော** ၄၇၀။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘော ဖြစ်၏။

**ဝေဒနာ၏သဘော** ၄၇၁။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု 'ဝေဒနာ'အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)၏ ကောင်းစွာတွေ့ထိမှု ကြောင့်ဖြစ်သော, စိတ်၌မှီသော အကြင်သာယာခြင်း၊ စိတ်၌မှီသော ချမ်းသာခြင်း၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားခြင်း ချမ်းသာကို ခံစားခြင်း၊စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။

**သညာ၏ သဘော** ၄၇၂။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ'အား လျော်ကပ်သော (အာရုံကို)အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)၏ ကောင်းစွာတွေ့ထိမှု ကြောင့်ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ထိုအခါ၌ မှတ်သားမှု'သညာ'ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏ သဘော** ၄၇၃။ ထိုအခါ၌ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင် စေ့ဆော်ခြင်းသဘော၊ ကောင်းစွာစေ့ဆော်ပုံအခြင်းအရာ၊ (စိတ်၏)စေ့ဆော်တတ်သည်၏အဖြစ်သည် (ရှိ၏)။ထိုအခါ၌ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၄၇၄။ ထိုအခါ၌ သိမှု 'စိတ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍) သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသောဖြစ်ရာဌာန 'မနာယတန'၊ အစိုးဘရ သိမှု'မနိန္ဒြေ'၊ အထူးသိမှု'ဝိညာဏ်'၊ အထူးသိမှု (စိတ်)အစု ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်ကပ်သော (အာရုံကို)အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)သည် (ရှိ၏)။ ထိုအခါ၌ သိမှု'စိတ်'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**ဝိတက်၏သဘော** ၄၇၅။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူးရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘောသည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏သဘော** ၄၇၆။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု အထူးသုံးသပ်မှု၊ အဖန်ဖန်သုံးသပ်မှု၊ ကပ်၍သုံးသပ်မှု၊ စိတ်ကို(အာရုံနှင့်) အစဉ်မပြတ် ဆက်စပ်၍ထားမှု၊ စိတ်၏ (အာရုံကို) အစဉ်မပြတ်ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘောသည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် ဤသဘောဖြစ်၏။

**ပီတိ၏သဘော** ၄၇၇။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ လွန်စွာဝမ်းသာမှု၊ များစွာဝမ်းသာမှု၊ ရွှင်လန်းမှု၊ များစွာရွှင်လန်းမှု၊ နှစ်သက်မှု၊ တက်ကြွမှု၊ စိတ်၏နှစ်လိုမှုသည် (ရှိ၏)။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ' ဟူသည် ဤသဘောဖြစ်၏။

**သုခ၏သဘော** ၄၇၈။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော အကြင်သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှုသည် (ရှိ၏)။ ထိုအခါ၌ ချမ်းသာမှု 'သုခ'ဟူသည် ဤသဘောဖြစ်၏။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၄၇၉။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသောအာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏သဘော** ၄၈၀။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ညွတ်၍)သိတတ်သောသဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ' ထိုဖဿစသည်အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'(သန္တီရဏစိတ်)သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ သိမှု'မနိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**သောမနဿိန္ဒြေ၏သဘော** ၄၈၁။ ထိုအခါ၌ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော အကြင်သာယာမှု၊ စိတ်၌မှီသော ချမ်းသာမှု၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့် ဖြစ်သော သာယာဘွယ်ကို ခံစားမှု၊ ချမ်းသာကို ခံစားမှု၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်

http://www.dhammadownload.com



ဖြစ်သော သာယာဘွယ်ခံစားမှု ချမ်းသာခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏သဘော** ၄၇၂။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) ထိုနာမ်တရားတို့၏ အကြင် အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်း သဘော၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ (အာရုံကို) အထူးသိမှုသဘော မနောဝိညာဏဓာတ် (သန္တီရဏစိတ်) တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ' နှင့် (ဂ)ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၄၇၃။ပ။ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌)တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဝမ်းမြောက်ခြင်း စိတ်ချမ်းသာမှုနှင့် တကွဖြစ်သော (သောမနဿသဟဂုတ်) ကုသိုလ်၏ အကျိုးဖြစ်သော (ကုသလဝိပါက်) (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)ပြီးပြီ။

http://www.dhammadownload.com



ကုသိုလ်၏အကျိုး လျစ်လျူရှုမှုနှင့် တကွဖြစ်သော, (အာရုံကို)အထူးသိမှုသဘော(သန္တီရဏစိတ်)

'ကုသလဝိပါက မနောဝိညာဏဓာတု ဥပေက္ခာသဟဂတ'

၁ -တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

(က) အကျဉ်းချုပ်ဟောကြားခြင်း'ဥဒ္ဒေသဝါရ'

**မနောဝိညာဏဓာတ်** ၄၇၄။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ (ရှေးရှေးအတိတ်အခါ၌) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ်, ဆည်းပူးအပ်ပြီးသည်၏အဖြစ် (အဖန်ဖန် ပြုအပ်ပြီးသည်၏အဖြစ်) ကြောင့် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အကျိုး 'ဝိပါက်'ဖြစ်သော, (အာရုံကို) အထူးသိမှုသဘော'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)သည် ရူပါရုံကို ဖြစ်စေ။ပ။ဓမ္မာရုံကိုဖြစ်စေ အကြင် အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို)အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

**တရားအကျဉ်းသရုပ်** ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထိုပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တပျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

(ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၄၇၅။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏သဘော** ၄၇၆။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု'ဝေဒနာ'အား လျောက်ပတ်သော, (အာရုံကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, စိတ်၌မှီသော သာယာဘွယ်လည်းမဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၊ စိတ်၏ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် (မဆင်းရဲ မချမ်းသာ)သော ခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု'ဝေဒနာ'ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**သညာ၏သဘော** ၄၇၇။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုမှတ်သားမှု 'သညာ'အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော အကြင်မှတ်သားမှု၊ မှတ်သားပုံအခြင်းအရာ၊ မှတ်သားတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ မှတ်သားမှု 'သညာ'ဟူသည် ဤသဘောဖြစ်၏။

**စေတနာ၏သဘော** ၄၇၈။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုစေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်) ၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော အကြင် စေ့ဆော်ခြင်းသဘော၊ ကောင်းစွာ စေ့ဆော်ပုံအခြင်းအရာ၊ (စိတ်၏)စေ့ဆော်တတ်သည်၏အဖြစ်သည်(ရှိ၏)။ ထိုအခါ၌ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'ဟူသည် ဤသဘောဖြစ်၏။

**စိတ်၏သဘော** ၄၇၉။ ထိုအခါ၌ သိမှု 'စိတ်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ ညွတ်၍)သိတတ်သောသဘော၊သိခြင်းသဘော၊စိတ်နှလုံး၊ဖြူစင်သောသဘော၊သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်ကပ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)သည် (ရှိ၏)။ ထိုအခါ၌ သိမှု 'စိတ်'ဟူသည် ဤသဘောဖြစ်၏။

**ဝိတက်၏သဘော** ၄၈၀။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်ကြံစည်ခြင်းသဘော၊ အထူးကြံစည်ခြင်းသဘော၊ ကောင်းစွာ ကြံစည်ခြင်းသဘော၊ တည်ကြည်သောစိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ အထူး ရောက်စေခြင်းသဘော၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘောသည် (ရှိ၏)။ ထိုအခါ၌ ကြံစည်မှု'ဝိတက်'ဟူသည် ဤသဘောဖြစ်၏။

**ဝိစာရ၏သဘော** ၄၈၁။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်သုံးသပ်မှု၊ အထူးသုံးသပ်မှု၊ အဖန်ဖန် သုံးသပ်မှု၊ ကပ်၍ သုံးသပ်မှု၊ စိတ်ကို(အာရုံနှင့်)အစဉ်မပြတ် ဆက်စပ်၍ထားမှု၊ စိတ်၏(အာရုံကို) အစဉ်မပြတ် ကြည့်ရှုနေသကဲ့သို့ဖြစ်သော သဘောသည် (ရှိ၏)။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'ဟူသည် ဤသဘောဖြစ်၏။

**ဥပေက္ခာ၏သဘော** ၄၈၂။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော, သာယာဘွယ်လည်း မဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့် ဖြစ်သော, ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်(မဆင်းရဲ မချမ်းသာ)သော ခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ' ဟူသည် ဤသဘောဖြစ်၏။

http://www.dhammadownload.com



**စိတ္တဿေကဂ္ဂတာ၏သဘော** ၄၉၃။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏ အကြင်တည်မှုသည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် ဤသဘောဖြစ်၏။

**မနိန္ဒြေ၏ သဘော** ၄၉၄။ ထိုအခါ၌ အစိုးတရ သိမှု 'မနိန္ဒြေ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်သိမှု 'စိတ်'၊ (အာရုံသို့ ညွတ်၍) သိတတ်သော သဘော၊ သိခြင်းသဘော၊ စိတ်နှလုံး၊ဖြူစင်သောသဘော၊ သိမှုသဘော၊ သိခြင်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဖဿစသည်အား လျော်က်ပတ်သော (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်) သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရသိမှု 'မနိန္ဒြေ' ဟူသည် ဤသဘော ဖြစ်၏။

**ဥပေက္ခိန္ဒြေ၏ သဘော** ၄၉၅။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌မှီသော, သာယာဘွယ်လည်း မဟုတ် မသာယာဘွယ်လည်း မဟုတ်သော အကြင်သဘော၊ စိတ်၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၊ စိတ်၏ ကောင်းစွာ တွေ့ထိမှုကြောင့်ဖြစ်သော, ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ် (မဆင်းရဲ မချမ်းသာ)သော ခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ဇီဝိတိန္ဒြေ၏ သဘော** ၄၉၆။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုနာမ်တရားတရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ ဖြစ်ခြင်းသဘော၊ ဖြစ်စေခြင်းသဘော၊ ဖြစ်မှုသဘော၊ ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ (အာရုံကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်) တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

http://www.dhammadownload.com



ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး တခြားလည်းဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

(ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

သင်္ခါရက္ခန္ဓာ ၄၉၇။ပ။ ထိုအခါ၌ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌)တွေ့ထိမှု'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၊ကြံစည်မှု 'ဝိတက်'၊သုံးသပ်မှု'ဝိစာရ'၊စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ်'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ကို ချန်ထား၍မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ' ကို ချန်ထား၍(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

လျစ်လျူရှုမှုနှင့် တကွဖြစ်သော 'ဥပေက္ခာသဟဂုတ်' ကုသိုလ်၏အကျိုးဖြစ်သော 'ကုသလဝိပါက်' (အာရုံကို)အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်) ပြီးပြီ။

အဟိတ်ကုသလဝိပါက်စိတ် ပြီးပြီ။

---

ကုသိုလ်၏ကြီးမြတ်သောအကျိုးရှစ်ပါး

မဟာဝိပါက်စိတ်ရှစ်ပါး 'အဋ္ဌမဟာဝိပါက'

၄၉၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ (ရှေးရှေး အတိတ်ကာလ၌)ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ်, ဆည်းပူးအပ်ပြီးသည်၏အဖြစ် (အဖန်ဖန်ပြုအပ်ပြီးသည်၏အဖြစ်) ကြောင့်—

(၁) စိတ်ချမ်းသာမှု'သောမနဿ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်ယှဉ်သော။ပ။

(၂) စိတ်ချမ်းသာမှု'သောမနဿ'နှင့် တကွဖြစ်သော,ဉာဏ်နှင့်ယှဉ်သော,ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့်တကွ(ဖြစ်သော)။ပ။

(၃) စိတ်ချမ်းသာမှု'သောမနဿ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော။ပ။

(၄) စိတ်ချမ်းသာမှု'သောမနဿ'နှင့်တကွဖြစ်သော,ဉာဏ်နှင့်မယှဉ်သော,ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့်တကွ(ဖြစ်သော)။ပ။

(၅) လျစ်လျူရှုမှု'ဥပေက္ခာ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်ယှဉ်သော။ပ။

(၆) လျစ်လျူရှုမှု'ဥပေက္ခာ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်ယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့်တကွ(ဖြစ်သော)။ပ။

(၇) လျစ်လျူရှုမှု'ဥပေက္ခာ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော။ပ။

http://www.dhammadownload.com



(ဂ) လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့်တကွ (ဖြစ်သော), အကျိုး 'ဝိပါက်' ဖြစ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် ရူပါရုံကိုဖြစ်စေ။ပ။ ဓမ္မာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏ ။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘ'သည်။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသ'သည်။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

မဟာဝိပါကစိတ်ရှစ်ပါး ပြီးပြီ။

ကာမာဝစရဝိပါကစိတ်များ ပြီးပြီ။

---

## ရူပါဝစရဝိပါကစိတ် ငါးပါး

**ပဌမဈာန်** ၄၉၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်း ဖြစ်သော ဈာန်ကို ပွါး၏)၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏၊ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (အဖန်ဖန်ပြုအပ်ပြီးသည်၏အဖြစ်)ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော, အကျိုး'ဝိပါက်'ဖြစ်သော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယဈာန်စသည်** ၅၀၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ခြင်းငှါ အကြောင်း (ဈာန်)ကို ပွါး၏ (ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ဈာန်ကို ပွါး၏)၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'တို့၏ ချုပ်ငြိမ်း လွန်မြောက်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့။ပ။ ပဌမဈာန်သို့။ပ။ ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ဆည်းပူးအပ်ပြီးသည်၏အဖြစ် (အဖန်ဖန်ပြုအပ်ပြီးသည်၏အဖြစ်)ကြောင့် ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော, အကျိုး'ဝိပါက်'ဖြစ်သော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ရူပါဝစရဝိပါကစိတ် ငါးပါး ပြီးပြီ။

http://www.dhammadownload.com



## လောကမှ လွန်မြောက်ပြီးသော အကျိုး'ဝိပါက်'များ'လောကုတ္တရာဝိပါက်'

## ပဌမမဂ်၏ အကျိုး 'ပဌမမဂ္ဂဝိပါက' (သောတာပတ္တိဖိုလ်)

## အကျင့်သက်သက်ဖောခြင်း 'သုဒ္ဓိကပဋိပဒါ'

**ဒုက္ခပဋိပဒါဒန္ဓာဘိည သုညတပဌမစျာန်** ၅၀၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန် အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော တရားကိုပင် အစိုးတရသိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါဒန္ဓာဘိည အနိမိတ္တပဌမစျာန်** ၅၀၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကိုရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်,ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်,'မြဲ၏ဟု မှတ်ထင်မှု'နိစ္စနိမိတ်'စသည် မရှိသဖြင့်)အနိမိတ္တအမည်ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော တရားတို့ကိုပင် အစိုးတရ သိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



**ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတပဌမစျာန်** ၅၀၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။ သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော တရားတို့ကိုပင် အစိုးတရ သိမှု 'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

**ဒုတိယစျာန်စသည်** ၅၀၈။ အဘယ်တရားတို့သည် အဗျာကတမည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေ နေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော ဒုတိယစျာန်သို့။ပ။တတိယစျာန်သို့ ။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဥ္စမစျာန်သို့ ရောက်၍ (ပဥ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ဤကား အကျိုး 'ဝိပါက်'တည်း ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော (ရာဂစသော အကြောင်း 'နိမိတ်' မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော ။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညာ သုညတစသော စျာန်များ** ၅၀၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ် တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ

http://www.dhammadownload.com



ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲပို့ပြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဥ္စမစျာန်သို့ ရောက်၍ (ပဥ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော။ပ။(ရာဂစသောအကြောင်း 'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော။ပ။ ဤကား ကုသိုလ်တည်း ။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

သုဒ္ဓိကပဋိပဒါ ပြီးပြီ။

---

## (ပဋိပဒါမဖက်) သုညတသက်သက်ဟောခြင်း 'သုဒ္ဓိကသုညတ'

**သောတာပတ္တိဖိုလ် သုညတပဌမစျာန်** ၅၁၀။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာ စျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် အနိမိတ္တပဌမစျာန်** ၅၁၁။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း

http://www.dhammadownload.com



ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၊ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသော အကြောင်း ‘နိမိတ်,’ မြဲ၏ဟု မှတ်ထင်မှု ‘နိစ္စနိမိတ်’စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, အကျိုး ‘ဝိပါက်’ ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် အပ္ပဏိဟိတပဌမစျာန်**

၅၁၂။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု ‘ဒိဋ္ဌိ’ အမြင်မှားမှု‘ဒိဋ္ဌိ’နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၊ရှင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၊ရှင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု‘အဝိက္ခေပ’ သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။(ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး ‘ဝိပါက်’ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် ဒုတိယစျာန်စသည်**

၅၁၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု ‘ဒိဋ္ဌိ’ အမြင်မှားမှု ‘ဒိဋ္ဌိ’နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၊ရှင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၊ရှင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု ‘ဝိတက်’ သုံးသပ်မှု ‘ဝိစာရ’တို့၏ ချုပ်ငြိမ်း လွန်မြောက်ခြင်းကြောင့်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင်) သုညတအမည်ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား အကျိုး ‘ဝိပါက်’တည်း။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသော အကြောင်း ‘နိမိတ်,’မြဲ၏ဟု မှတ်ထင်မှု ‘နိစ္စနိမိတ်’စသည် မရှိသဖြင့်)အနိမိတ္တ အမည်ရှိသော။ပ။ဤကား အကျိုး ‘ဝိပါက်’တည်း။ပ။(ရာဂစသည်မှ ကင်းဆိတ်

http://www.dhammadownload.com



သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂ ဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

သုဒ္ဓိကသုညတ ပြီးပြီ။

---

သုညတပဋိပဒါ

ဒုက္ခပဋိပဒါဒန္ဓာဘိညာ သုညတပဌမမဈာန် ၅၁၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ် ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမ ဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ် ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ် ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဒုက္ခပဋိပဒါဒန္ဓာဘိညာ အနိမိတ္တပဌမဈာန် ၅၁၅။ အဘယ်တရားတို့သည် အဗျာကတမည်ကုန် သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ် ရှိသော,(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမ ဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော,(ရာဂစသော အကြောင်း'နိမိတ်',မြဲ၏ဟုမှတ်ထင်မှု'နိစ္စနိမိတ်'စသည်မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, အကျိုး'ဝိပါက်'ဖြစ်သော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍)

http://www.dhammadownload.com



နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတပဉ္စမဈာန်** ၅၁၆။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၎င်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၎င်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၍၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲငြိုငြင်သော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတ အမည်ရှိသော ပဉ္စမဈာန်သို့ ရောက်၍ (ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်ဈာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဉ္စမဈာန်သို့ ရောက်၍(ပဉ္စမဈာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယဈာန်စသည်** ၅၁၇။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၎င်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၎င်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၍၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့။ပ။ ပဉ္စမဈာန်သို့။ပ။ ပဌမဈာန်သို့ ရောက်၍(ပဌမဈာန်ကို ရရှိ၍)နေ၏။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်' တည်း။ပ။ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်' တည်း။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်' တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



**ဒုက္ခပဋိပဒါခိပ္ပါဘိညစသောစျာန်များ.** ၅၁၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသောအကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၊ရင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ချမ်းသာသောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ပ။ ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော ဒုတိယစျာန်သို့။ပ။တတိယစျာန်သို့။ပ။စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍)နေ၏၊ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်' တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

သုညတပဋိပဒါ ပြီးပြီ။

---

## သုဒ္ဓိကအပ္ပဏိဟိတ

**သောတာပတ္တိဖိုလ် အပ္ပဏိဟိတပဌမစျာန်** ၅၁၉။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။

http://www.dhammadownload.com



ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်,ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် အနိမိတ္တပဌမစျာန်** ၅၂၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေ နေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် သုညတပဌမစျာန်** ၅၂၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကိုဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်,ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**သောတာပတ္တိဖိုလ် ဒုတိယစျာန်စသည်** ၅၂၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို

http://www.dhammadownload.com



ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍(ပဉ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။အပ္ပဏိဟိတ အမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ အနိမိတ္တ အမည်ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ပ။အပ္ပဏိဟိတ အမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ သုညတအမည်ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

သုဒ္ဓိကအပ္ပဏိဟိတ ပြီးပြီ။

---

## အပ္ပဏိဟိတပဋိပဒါ

ဒုက္ခပဋိပဒါဒန္ဓာဘိည အပ္ပဏိဟိတပဌမစျာန် ၅၂၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဒုက္ခပဋိပဒါဒန္ဓာဘိည အနိမိတ္တပဌမစျာန် ၅၂၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော ပဌမစျာန်သို့

http://www.dhammadownload.com



ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, အကျိုး'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါဒန္ဓာဘိညာ သုညတပဌမစျာန်** ၅၂၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့် )သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တ-ရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု ' ဖဿ 'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, အကျိုး'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယစျာန်စသည်** ၅၂၆။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။ ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား အကျိုးဝိပါက်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း

http://www.dhammadownload.com



'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညစသောစျာန်များ**

၅၂၇။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ချမ်းသာသောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဥ္စမစျာန်သို့ ရောက်၍ (ပဥ္စမစျာန်ကို ရရှိ၍) နေ၏၊ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်' တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသောအကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု'နိစ္စနိမိတ်'စသည် မရှိသဖြင့်)အနိမိတ္တအမည်ရှိသော။ပ။ဤကား အကျိုး'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

အပ္ပဏိဟိတပဋိပဒါ ပြီးပြီ။

---

## နှစ်ဆယ်သောနည်းများ'ဝီသတိမဟာနယ'

**ပဌမစျာန်**

၅၂၈။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ

http://www.dhammadownload.com



ၐင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကိုဖျက်ဆီးလျက် သွားတတ်သော, လောကုတ္တရာမဂ်ကို ပွါး၏။ပ။ လောကုတ္တရာသတိပဋ္ဌာန်ကို ပွါး၏။ပ။ လောကုတ္တရာသမ္မပ္ပဓာန်ကို ပွါး၏။ပ။ လောကုတ္တရာဣဒ္ဓိပါဒ်ကို ပွါး၏။ပ။ လောကုတ္တရာဣန္ဒြေကို ပွါး၏။ပ။ လောကုတ္တရာဗိုလ်ကို ပွါး၏။ပ။ လောကုတ္တရာဗောဇ္ဈင်ကို ပွါး၏။ပ။ လောကုတ္တရာသစ္စာကို ပွါး၏။ပ။ လောကုတ္တရာသမထကို ပွါး၏။ပ။ လောကုတ္တရာဓမ္မကို ပွါး၏။ပ။ လောကုတ္တရာခန္ဓာ (လေးပါး) ကို ပွါး၏။ပ။ လောကုတ္တရာအာယတန (နှစ်ပါး)ကို ပွါး၏။ပ။ လောကုတ္တရာဓာတ်(နှစ်ပါး) ကို ပွါး၏။ပ။ လောကုတ္တရာအာဟာရကို ပွါး၏။ပ။ လောကုတ္တရာဖဿကို ပွါး၏။ပ။ လောကုတ္တရာဝေဒနာကို ပွါး၏။ပ။ လောကုတ္တရာသညာကို ပွါး၏။ပ။ လောကုတ္တရာစေတနာကို ပွါး၏။ပ။ လောကုတ္တရာစိတ်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ (ရာဂစသော အကြောင်း'နိမိတ်',မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**နှစ်ဆယ်သောနည်းများ ပြီးပြီ။**

---

**လိုလားမှုအကြီးအမှူးရှိသော အကျင့်သက်သက်ကို ဖောခြင်း 'ဆန္ဒာဓိပတေယျသုဒ္ဓိကပဋိပဒါ' သုညတပဌမစျာန်**

၅၂၉။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင် အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ငါးစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲ ငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)

http://www.dhammadownload.com



နေ၏၊ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

အနိမိတ္တပဌမဈာန် ၅၃၀။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲ ငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမဈာန်သို့ ရောက်၍(ပဌမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ် ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍)နေ၏၊ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

အပ္ပဏိဟိတပဌမဈာန် ၅၃၁။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဒုတိယဈာန်စသည် ၅၃၂။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'

http://www.dhammadownload.com



တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိ
သော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ဒုတိယဈာန်သို့ ။ပ။ တတိယဈာန်သို့။ပ။
စတုတ္ထဈာန်သို့။ပ။ ပဥ္စမဈာန်သို့။ပ။ ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။
ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂ
စသည့်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော,လိုလားမှုအကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။
ဤကား အကျိုး'ဝိပါက်'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော,
လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း ။ပ။ ဆင်းရဲငြိုငြင်သော
အကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု
'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'
ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော
အသိဉာဏ်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။
ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည်
မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား
အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည်
ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညစသော ဈာန်များ** ၅၃၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်
သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ'
အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို
ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်
တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာဈာန်ကို
ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်
ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ချမ်းသာသောအကျင့် နုန့်နှေးသော
အသိဉာဏ်ရှိသော,လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်
သော အသိဉာဏ်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ပဥ္စမဈာန်သို့ ရောက်၍
(ပဥ္စမဈာန်ကို ရရှိ၍) နေ၏။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော,
လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထ
ဈာန်သို့။ပ။ ပဥ္စမဈာန်သို့။ပ။ ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏၊ ဤကား
ကုသိုလ်တည်း။ပ။ ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည့်မှ
ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော,လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား
အကျိုး 'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, လိုလားမှု
အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့်
လျင်မြန်သော အသိဉာဏ်ရှိသော,(ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု'နိစ္စနိမိတ်'
စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။
ဤကား အကျိုး'ဝိပါက်'တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော,
လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသော
အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)

http://www.dhammadownload.com



အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

လိုလားမှုအကြီးအမှူးရှိသော အကျင့်သက်သက်ကိုဟောခြင်း
'ဆန္ဒာဓိပတေယျသုဒ္ဓိကပဋိပဒါ' ပြီးပြီ။

---

လိုလားမှုအကြီးအမှူးရှိသော သုညတသက်သက်ကိုဟောခြင်း
'ဆန္ဒာဓိပတေယျသုဒ္ဓိကသုညတ'

ဆန္ဒာဓိပတေယျ သုညတချန် ၅၃၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမ စျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

ဆန္ဒာဓိပတေယျ အနိမိတ္တစျာန် ၅၃၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော ပဌမ စျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ် ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသော အကြောင်း'နိမိတ်',မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော,လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ထိုအခါ၌ တွေ့ထိမှု

http://www.dhammadownload.com



'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

**ဆန္ဒာဓိပတေယျအပ္ပဏိဟိတချွန်** ၅၃၆။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည်မရှိသဖြင့်)အပ္ပဏိဟိတ အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယစျာန်စသည်** ၅၃၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ဒုတိယစျာန်သို့။ပ။တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။ ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏၊ ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ဤကား အကျိုး'ဝိပါက်'တည်း။ပ။(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**လိုလားမှုအကြီးအမှူးရှိသော သုညတသက်သက်ကိုဟောခြင်း**
**'ဆန္ဒာဓိပတေယျသုဒ္ဓိကသုညတ' ပြီးပြီ။**

http://www.dhammadownload.com



## လိုလားမှုအကြီးအမှူးရှိသော သုညတအကျင့်

## 'ဆန္ဒာဓိပတေယျသုညတပဋိပဒါ'

ဒုက္ခပဋိပဒါဒန္ဓာဘိည သုညတဆန္ဒာဓိပတေယျစျာန် ၅၃၇။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်းကောင်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော,လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဒုက္ခပဋိပဒါဒန္ဓာဘိည အနိမိတ္တဆန္ဒာဓိပတေယျစျာန် ၅၃၈။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ'အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်းကောင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော,(ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်,ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တ အမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



**ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတဆန္ဒာဓိပတေယျစျာန်**

၃၄၀။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်းကောင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော,(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော,(ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်)အပ္ပဏိဟိတအမည်ရှိသော,လိုလားမှုအကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော, အကျိုး'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယစျာန်စသည်**

၃၄၁။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်းကောင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) 'သုညတ' အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော,(ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော, လိုလားမှုအကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟု မှတ်ယင်မှု 'နိစ္စနိမိတ်' စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။

http://www.dhammadownload.com



ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရား တို့သည် အဗျာကတ မည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညာ သုညတစသော ဆန္ဒာဓိပတေယျစျာန်များ**

၅၄၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'. အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲ ငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ချမ်းသာသောသော အကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍) နေ၏၊ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတ အမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုးဝိပါက်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတ အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသော အကျင့် လျင်မြန်သောအသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု'နိစ္စနိမိတ်' စသည်မရှိသဖြင့်) အနိမိတ္တအမည်ရှိသော,လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ဤကား အကျိုး'ဝိပါက်'တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဆန္ဒာဓိပတေယျအပ္ပဏိဟိတစျာန်**

၅၄၃။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတ

http://www.dhammadownload.com



အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။(ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော,လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဆန္ဒာဓိပတေယျအနိမိတ္တစျာန်** ၅၄၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသော အကြောင်း 'နိမိတ်,' မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဆန္ဒာဓိပတေယျသုညတစျာန်** ၅၄၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်းပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင်ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့

http://www.dhammadownload.com



ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယစျာန်စသည်** ၅၄၆။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၎င်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၎င်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကြံစည်မှု'ဝိတက်'သုံးသပ်မှု'ဝိစာရ'တို့၏ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။(ရာဂဟူသော တောင့်တခြင်းစသည်မရှိသဖြင့်)အပ္ပဏိ-ဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ဒုတိယစျာန်သို့။ပ။တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဌမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍) နေ၏။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ပ။ (ရာဂဟူသောတောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသော အကြောင်း 'နိမိတ်'မြဲ၏ဟု မှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး'ဝိပါက်'တည်း။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါဒန္ဓာဘိညာ အပ္ပဏိဟိတဆန္ဒာဓိပတေယျစျာန်** ၅၄၇။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ၎င်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါ၎င်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတ, အမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



**ဒုက္ခပဋိပဒါဒန္ဓာဘိည အနိမိတ္တ ဆန္ဒာဓိပတေယျစျာန်** ၅၄၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက်သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုက္ခပဋိပဒါဒန္ဓာဘိည သုညတ ဆန္ဒာဓိပတေယျစျာန်** ၅၄၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' အမြင်မှားမှု'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နုန့်နှေးသောအသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏ အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယစျာန်စသည်** ၅၅၀။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်

အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။ မဇ္ဈမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏၊ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည်မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား အကျိုး ' ဝိပါက် 'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော, လိုလားမှု အကြီးအမှူး'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား အကျိုး ' ဝိပါက် 'တည်း။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော,(ရာဂဟူသော တောင့်တခြင်း စသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ ဆင်းရဲငြိုငြင်သော အကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်)သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

**ဒုက္ခပဋိပဒါခိပ္ပါဘိညစသော စျာန်များ**

၅၅၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ'နှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါလည်း ပဌမဘုံ(သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော,သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ချမ်းသာသောအကျင့် နှုန်နှေးသော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော,လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော,လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ပဉ္စမစျာန်သို့။ပ။ပဌမစျာန်သို့ ရောက်၍(ပဌမစျာန်ကို ရရှိ၍)နေ၏။ဤကား ကုသိုလ်တည်း။ပ။ ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော

http://www.dhammadownload.com



တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ဤကား ကုသိုလ်တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ ဤကား အကျိုး 'ဝိပါက်'တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော,(ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ ဤကား ကုသိုလ်တည်း။ပ။ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ' ရှိသော။ပ။ဤကား အကျိုး 'ဝိပါက်'တည်း။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## နှစ်ဆယ်သော နည်းများ 'ဝီသတိမဟာနယ'

**သောတာပတ္တိဖိုလ် ပဌမစျာန်**

၅၅၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' အမြင်မှားမှု 'ဒိဋ္ဌိ' နှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါရင်း ပဌမဘုံ (သောတာပန်အဆင့်)သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်းဒ္ဓိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာမဂ်ကို ပွါး၏။ပ။လောကုတ္တရာတိပဋ္ဌာန်ကို ပွါး၏။ပ။လောကုတ္တရာသမ္မပ္ပဓာန်ကို ပွါး၏။ပ။လောကုတ္တရာဣဒ္ဓိပါဒ်ကို ပွါး၏။ပ။ လောကုတ္တရာဣန္ဒြေကို ပွါး၏။ပ။ လောကုတ္တရာဗိုလ်ကို ပွါး၏။ပ။ လောကုတ္တရာဗောဇ္ဈင်ကို ပွါး၏။ပ။လောကုတ္တရာသစ္စာကို ပွါး၏။ပ။လောကုတ္တရာသမထကို ပွါး၏။ပ။ လောကုတ္တရာဓမ္မကို ပွါး၏။ပ။ လောကုတ္တရာခန္ဓာ(လေးပါး)ကို ပွါး၏။ပ။ လောကုတ္တရာအာယတန(နှစ်ပါး)ကို ပွါး၏။ပ။ လောကုတ္တရာဓာတ် ( နှစ်ပါး )ကို ပွါး၏။ပ။ လောကုတ္တရာအာဟာရကို ပွါး၏။ပ။ လောကုတ္တရာဖဿကို ပွါး၏။ပ။ လောကုတ္တရာဝေဒနာကို ပွါး၏။ပ။ လောကုတ္တရာသညာကို ပွါး၏။ပ။လောကုတ္တရာစေတနာကို ပွါး၏။ပ။လောကုတ္တရာစိတ်ကို ပွါး၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, လိုလားမှုအကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နုန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော။ပ။ (ရာဂစသော အကြောင်း 'နိမိတ်', မြဲ၏ဟုမှတ်ထင်မှု 'နိစ္စနိမိတ်'စသည် မရှိသဖြင့်) အနိမိတ္တအမည်ရှိသော။ပ။ (ရာဂဟူသော တောင့်တခြင်းစသည် မရှိသဖြင့်) အပ္ပဏိဟိတအမည်ရှိသော, လိုလားမှု အကြီးအမှူး 'ဆန္ဒာဓိပတိ'ရှိသော။ပ။ အားထုတ်မှုအကြီးအမှူး 'ဝီရိယာဓိပတိ'ရှိသော။ပ။ သိမှု အကြီး

http://www.dhammadownload.com



အမှူး 'စိတ္တာဓိပတိ'ရှိသော။ပ။ စိစစ်စုံစမ်းမှုပညာအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော, အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ထိုအခါ၌ တွေ့ထိမှု'ဖဿ' သည် ဖြစ်၏။ပ။မပျံ့လွင့်မှု'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

နှစ်ဆယ်သော နည်းများ ပြီးပြီ။

ပဌမမဂ်၏ အကျိုး'ဝိပါက်' 'သောတာပတ္တိဖိုလ်'စိတ် ပြီးပြီ။

---

## ဒုတိယစသောအထက်မဂ် (သုံးပါး)၏ အကျိုး'ဝိပါက်'

### ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

#### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**အထက်ဖိုလ်သုံးပါး** ၅၅၃။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကာမဘုံ၌ တပ်မက်မှု 'ကာမရာဂ', ဖျက်ဆီးမှု 'ဗျာပါဒ' တို့၏ ပါးလှပ်ခြင်းငှါရင်း ဒုတိယဘုံ (သကဒါဂါမ်အဆင့်)သို့ ရောက်ခြင်းငှါရင်း။ပ။ကာမဘုံ၌ တပ်မက်မှု 'ကာမရာဂ' ဖျက်ဆီးမှု 'ဗျာပါဒ'တို့ကို အကြွင်းမဲ့ ပယ်ရှားခြင်းငှါရင်း တတိယဘုံ (အနာဂါမ်အဆင့်)သို့ ရောက်ခြင်းငှါရင်း။ပ။ရူပဘုံ၌ တပ်မက်မှု'ရူပရာဂ', အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ', ထောင်လွှားမှု 'မာန', ပျံ့လွင့်မှု 'ဥဒ္ဓစ္စ', သိအပ်သည်ကို မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'ကို အကြွင်းမဲ့ ပယ်ရှားခြင်းငှါရင်း စတုတ္ထဘုံ (အရဟတ္တဖိုလ်အဆင့်, ရဟန္တာ) သို့ ရောက်ခြင်းငှါရင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော, သေခြင်း ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော လောကုတ္တရာစျာန်ကို ပွါး၏, ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။အောက်မဂ်သုံးပါးတို့ဖြင့် သိအပ်ပြီးသော တရားတို့ကိုပင် အစိုးတရသိမှု'အညိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုအပ်ပြီးသည်၏အဖြစ်, ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့် နှန့်နှေးသော အသိဉာဏ်ရှိသော, (ရာဂစသည်မှ ကင်းဆိတ်သဖြင့်) သုညတအမည်ရှိသော, အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ (ပဌမစျာန်ကို ရရှိ၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ အစိုးတရသိပြီးမှု 'အညာတာဝိန္ဒြေ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၅၅၄။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာတွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။ပ။

**အညာတာဝိန္ဒြေ၏သဘော** ၅၅၅။ ထိုအခါ၌ အစိုးတရသိပြီးမှု 'အညာတာဝိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) ဆိုသိအပ်ပြီးကုန်သော ( သိပြီးဖြစ်ကုန်သော ) တရားတို့ကို အကြင်သိခြင်း၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း၊ (ခွဲခွဲ ခြားခြား)အပြားအားဖြင့် သိပုံ အခြင်းအရာ၊(အနိစ္စစသည်ကို) စိစစ်ခြင်းသဘော၊ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း သဘော၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ သိမ်မွေ့သူ၏အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စစသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့် တူသော သဘော၊တနည်း-ဟုတ်မှန်သော အနက်၌ မွေလျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်)နှင်တံ(တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာ လက်နက်၊ (မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို [illegible]စေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာပြာသာဒ်၊ (အဝိဇ္ဇာ အမိုက်မှောင်ကိုပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု ပညာအလင်း၊ (ကြည်လင်စေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့် သိမှု ပညာအရောင်၊ (ထွန်းပြတတ်သော) (ခွဲခွဲ ခြားခြား)အပြားအားဖြင့်သိမှု ပညာတန်ဆောင်၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲ ခြားခြား) အပြားအားဖြင့်သိမှု ပညာရတနာ၊ မတွေဝေမှု 'အမောဟ'၊(သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'ဖြစ်သော, ထွက်မြောက်ကြောင်း(မဂ်)၌ အကျုံးဝင်သော, ကောင်း[illegible] (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ထိုအခါ၌ အစိုးတရသိပြီးမှု 'အညာတာဝိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) အမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ,အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ဒုတိယစသော အထက်မဂ် (သုံးပါး)၏ အကျိုး 'ဝိပါက်' ပြီးပြီ။

လောကုတ္တရာ အကျိုး'ဝိပါက်' ပြီးပြီ။

http://www.dhammadownload.com



## အကုသလဝိပါက်အဗျာကတစိတ်

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**အကုသလဝိပါက်ပဉ္စဝိညာဏ်စိတ်** ၅၅၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ အကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ် ဆည်းပူးအပ်ပြီးသည်၏အဖြစ် (အဖန်ဖန် ပြုအပ်ပြီးသည်၏အဖြစ်)ကြောင့် အကျိုး 'ဝိပါက်'ဖြစ်သော, လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အဆင်း 'ရူပါရုံ'လျှင် အာရုံရှိသော (ရူပါရုံကို အာရုံပြု၍) မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အသံ 'သဒ္ဒါရုံ'လျှင် အာရုံရှိသော (သဒ္ဒါရုံကို အာရုံပြု၍) ကြားသိစိတ် 'သောတဝိညာဏ်' သည် ဖြစ်ဆဲဖြစ်၏။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အနံ့ 'ဂန္ဓာရုံ'လျှင် အာရုံရှိသော (ဂန္ဓာရုံကို အာရုံပြု၍) နံသိစိတ် 'ဃာနဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏ ။ပ။ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွဖြစ်သော, အရသာ 'ရသာရုံ'လျှင် အာရုံရှိသော (ရသာရုံကို အာရုံပြု၍) လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။ပ။ ဆင်းရဲမှု 'ဒုက္ခ'နှင့် တကွဖြစ်သော, အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'လျှင် အာရုံရှိသော ထိသိစိတ် 'ကာယဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။

ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ဆင်းရဲမှု 'ဒုက္ခ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသောအာရုံ ရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ ဆင်းရဲမှု 'ဒုက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၅၅၇။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိမှု၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံ အခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။

**ဝေဒနာ၏ သဘော** ၅၅၈။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ထိုခံစားမှု 'ဝေဒနာ'အား လျော်ကပ်သော ထိသိမှုသဘော 'ကာယဝိညာဏဓာတ်'၏ ကောင်းစွာတွေ့ထိမှုကြောင့်ဖြစ်သော, ကိုယ်၌မှီသော (ကိုယ်၌ဖြစ်သော) အကြင်မသာယာမှု၊ ကိုယ်၌မှီသော (ကိုယ်၌ဖြစ်သော) ဆင်းရဲမှု၊ ထိသိစိတ် 'ကာယဝိညာဏ်'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို ခံစားမှု၊ ထိသိစိတ် 'ကာယဝိညာဏ်'နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မသာယာဘွယ် ခံစားမှု ဆင်းရဲခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ ထိုအခါ၌ ခံစားမှု 'ဝေဒနာ'ဟူသည် ဤသဘော ဖြစ်၏။ပ။

http://www.dhammadownload.com



**ဒုက္ခ၏ သဘော** ၅၅၉။ ထိုအခါ၌ ဆင်းရဲမှု 'ဒုက္ခ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ ကိုယ်၌မှီသော(ကိုယ်၌ဖြစ်သော)အကြင်မသာယာမှု၊ကိုယ်၌မှီသော (ကိုယ်၌ဖြစ်သော) ဆင်းရဲမှု၊ ထိုသိစိတ် 'ကာယဝိညာဏ်'နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို ခံစားမှု၊ ထိုသိစိတ် 'ကာယဝိညာဏ်'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မသာယာဘွယ် ခံစားမှု ဆင်းရဲခံစားမှု 'ဝေဒနာ' သည် (ရှိ၏)။ ထိုအခါ၌ ဆင်းရဲမှု 'ဒုက္ခ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ဒုက္ခိန္ဒြေ၏ သဘော** ၅၆၀။ ထိုအခါ၌ အစိုးတရ ဆင်းရဲမှု'ဒုက္ခိန္ဒြေ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ ကိုယ်၌မှီသော(ကိုယ်၌ဖြစ်သော) အကြင် မသာယာမှု၊ ကိုယ်၌မှီသော(ကိုယ်၌ဖြစ်သော)ဆင်းရဲမှု၊ ထိုသိစိတ် 'ကာယဝိညာဏ်'နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော မသာယာဘွယ်ကို ခံစားမှု၊ ဆင်းရဲကို ခံစားမှု၊ထိုသိစိတ် 'ကာယ-ဝိညာဏ်'နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော မသာယာဘွယ်ခံစားမှု ဆင်းရဲခံစားမှု 'ဝေဒနာ'သည် (ရှိ၏)။ထိုအခါ၌ အစိုးတရ ဆင်းရဲမှု'ဒုက္ခိန္ဒြေ'ဟူသည် ဤသဘောဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌(ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကို စွဲ၍ ဖြစ်ကုန်သော(မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ၂-စုပေါင်းဟောကြားခြင်း'ကောဋ္ဌာသဝါရ'

**(က) ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ ထိသိမှုသဘော'ကာယ-ဝိညာဏဓာတ်'တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကို စွဲ၍ဖြစ်ကုန်သော(မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၅၆၁။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ဤပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုး တခြားလည်း ဖြစ်ကုန်သော၊ အကြောင်းကို စွဲ၍ ဖြစ်ကုန်သော(မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

အကုသလဝိပါက် ပဉ္စဝိညာဏ်စိတ် ပြီးပြီ။

http://www.dhammadownload.com



## အကုသလဝိပါက မနောဓာတု (သမ္ပဋိစ္ဆနစိတ္တ)

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

၅၆၂။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ်, ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (အဖန်ဖန် ပြုအပ်ပြီးသည်၏ အဖြစ်)ကြောင့် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော, အဆင်း'ရူပါရုံ'လျှင် အာရုံရှိသည်မှု လည်း ဖြစ်သော။ပ။ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'လျှင် အာရုံရှိသည်မှုလည်းဖြစ်သော, အကျိုး 'ဝိပါက်' ဖြစ်သော သိကာမျှသဘော' မနောဓာတ်' (သမ္ပဋိစ္ဆနစိတ်)သည် အာရုံငါးပါးတို့တွင် အကြင် အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ' သည် ဖြစ်၏၊ ခံစားမှု'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည်ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော)အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် အဗျာကတမည်ကုန်၏။ပ။

### ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က) ဥဒ္ဒေသဝါရ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ မနောဓာတ်တပါး (သမ္ပဋိစ္ဆနစိတ်)သည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

သင်္ခါရက္ခန္ဓာ ၅၆၃။ပ။ ထိုအခါ၌ ဖြစ်ပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ် သနည်း။ (ထိုအခါ၌) တွေ့ထိမှု'ဖဿ'၊စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊သုံးသပ်မှု'ဝိစာရ'၊စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်

http://www.dhammadownload.com



သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

အကုသလဝိပါက်မနောဓာတ် (သမ္ပဋိစ္ဆနစိတ်) ပြီးပြီ။

---

## အကုသလဝိပါကမနောဝိညာဏဓာတု (သန္တီရဏစိတ္တ)

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ် ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

၅၆၄။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ အကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ်, ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (အဖန်ဖန် ပြုအပ်ပြီးသည်၏ အဖြစ်)ကြောင့် လျစ်လျူရှုမှု'ဥပေက္ခာ'နှင့် တကွဖြစ်သော, အဆင်း 'ရူပါရုံ'လျှင် အာရုံရှိသည်မှုလည်းဖြစ်သော။ပ။ သဘောတရား 'ဓမ္မာရုံ'လျှင် အာရုံရှိသည်မှုလည်းဖြစ်သော, အကျိုး 'ဝိပါက်' ဖြစ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (သန္တီရဏစိတ်)သည် (အာရုံခြောက်ပါးတို့တွင်) အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။ပ။

### ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က) ဥဒ္ဒေသဝါရ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ဖဿတပါးသည် ဖြစ်၏။ပ။ မနောဝိညာဏဓာတ် (သန္တီရဏစိတ်) တပါးသည် ဖြစ်၏၊ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏၊

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ,မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၅၆၅။ ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု'ဖဿ'၊ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊ သုံးသပ်မှု'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ ပ။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။

အကုသလဝိပါက် အဗျာကတစိတ် ပြီးပြီ။

အကုသလဝိပါက် မနောဝိညာဏဓာတ် (သန္တီရဏစိတ်) ပြီးပြီ။

ဝိပါက်အဗျာကတစိတ် ပြီးပြီ။

---

## အဟိတ်ကိရိယာအဗျာကတစိတ်

### ကိရိယာမနောဓာတု(ပဉ္စဒွါရာဝဇ္ဇနစိတ်)

### ၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**ကိရိယာမနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)** ၅၆၆။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်, အကုသိုလ်)ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ် ဥပေက္ခာနှင့်တကွဖြစ်သော, ရူပါရုံလျှင် အာရုံရှိသည်မှုလည်းဖြစ်သော။ ပ။ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသည်မှုလည်း ဖြစ်သော, ပြုကာမျှ 'ကိရိယာ' ဖြစ်သော မနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)သည် (အာရုံ ၅-ပါးတို့တွင်) တပါးပါးကို အာရုံပြု၍ ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏။ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။ ပ။

http://www.dhammadownload.com



## ၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က) ဥဒ္ဒေသဝါရ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ မနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်းစိတ်) တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

### (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

သင်္ခါရက္ခန္ဓာ ၅၆၇။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု'ဝိစာရ'၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ကို ချန်ထား၍ မှတ်သားမှုအစု 'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင် နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ကိရိယာမနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်းစိတ်) ပြီးပြီ။

---

## ကိရိယာမနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ် (ဟသိတုပ္ပါဒစိတ်)

### ၁-တရားတို့ကို ပိုင်းခြား၍ ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

ကိရိယာမနောဝိညာဏဓာတ် (ဟသိတုပ္ပါဒ်စိတ်) ၅၆၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်, အကုသိုလ်) ကံ၏ အကျိုး 'ဝိပါက်' လည်းမဟုတ် ပြုကာမျှ 'ကိရိယာ' ဖြစ်သော, သောမနဿနှင့် တကွဖြစ်သော, ရူပါရုံလျှင် အာရုံရှိသည်မှုလည်း ဖြစ်သော။ပ။ ဓမ္မာရုံလျှင် အာရုံရှိသည်မှုလည်းဖြစ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (ဟသိတုပ္ပါဒ်စိတ်)သည်(အာရုံခြောက်ပါးတို့တွင်) အကြင်အကြင် တပါး ပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု'ဝိစာရ' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊စိတ်၏ တခုတည်းသော

http://www.dhammadownload.com



အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စိတ်ချမ်းသာမှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရ ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## ( ခ ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'

**ဖဿ၏သဘော** ၅၆၉။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင်တွေ့ထိခြင်းသဘော၊ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိပုံအခြင်းအရာ၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ်သည် (ရှိ၏)။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' ဟူသည် ဤသဘောဖြစ်၏။ပ။

**စိတ္တဿေကဂ္ဂတာ၏သဘော** ၅၇၀။ ထိုအခါ၌ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာ တည်မှု၊ သက်ဝင်၍ တည်မှု၊ မရွေ့ရှားမှု၊မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ စိတ်၏ တခုတည်းသောအာရုံ ရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ' ဟူသည် ဤသဘောဖြစ်၏။

**ဝီရိယိန္ဒြေ၏သဘော** ၅၇၁။ ထိုအခါ၌ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၌ မှီသော အကြင် လုံ့လ အားထုတ်မှု၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု၊ အထက်သို့တက်၍ ကြိုးပမ်းမှု (အထက်တန်းသို့ရောက်အောင် ကြိုးပမ်းမှု)၊ လုံ့လစိုက်မှု၊ ဆင်းရဲကို သည်းခံမှု၊ အပြင်းအထန် ကြိုးစားမှု၊ ခိုင်မြဲမှု(ကိရိယာစိတ်အစဉ်ကို) ဆောင်ထားမှု၊ မလျော့သော အားထုတ်မှု ရှိသူ၏အဖြစ်၊မချအပ်သော အလိုဆန္ဒရှိသူ၏အဖြစ်၊မချအပ်သော တာဝန်ရှိသူ၏အဖြစ်၊တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု၊ ရဲဝံ့သူ(ရဲရင့်သူ)တို့၏အမူအလုပ်၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။

**သမာဓိန္ဒြေ၏သဘော** ၅၇၂။ ထိုအခါ၌ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် အဘယ်သဘောဖြစ်သနည်း။ ထိုအခါ၌ စိတ်၏အကြင်တည်မှု၊ ကောင်းစွာတည်မှု၊ သက်ဝင်၍ တည်မှု၊ မရွေ့ရှားမှု၊ မပျံ့လွင့်မှု၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (စိတ်မရွေ့ရှားမှု)၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်' သည် (ရှိ၏)။ ထိုအခါ၌ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ' ဟူသည် ဤသဘောဖြစ်၏။ပ။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

http://www.dhammadownload.com



၂-စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

(က)ဥဒ္ဒေသဝါရ ထိုအခါ၌ ခန္ဓာလေးပါးတို့သည် ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊ အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ မနောဝိညာဏဓာတ်တပါး (ဟသိတုပ္ပါဒ်စိတ်)သည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

ယေဝါပနကတရားများ ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

(ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

သင်္ခါရက္ခန္ဓာ ၅၇၃။ပ။ထိုအခါ၌ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌)တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၊ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ) တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ကိရိယာမနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ်(ဟသိတုပ္ပါဒ်စိတ်) ပြီးပြီ။

---

ကိရိယာမနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ် (မနောဒွါရာဝဇ္ဇန်းစိတ်)

၁-တရားတို့ကို ပိုင်းခြား၍ဟောကြားခြင်း 'ဓမ္မဝဝတ္ထာနဝါရ'

(က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

ကိရိယာမနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်းစိတ်) ၅၇၄။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်, အကုသိုလ်)ကံ၏အကျိုး 'ဝိပါက်'လည်းမဟုတ် ပြုကာမျှ 'ကိရိယာ'ဖြစ်သော, ဥပေက္ခာနှင့်တကွဖြစ်သော, ရူပါရုံလျှင် အာရုံရှိသည်မူလည်းဖြစ်သော ။ပ။ ဓမ္မာရုံလျှင် အာရုံရှိသည်မူလည်းဖြစ်သော မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်းစိတ်)သည် (အာရုံခြောက်ပါးတို့တွင်) အကြင်အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

တရားအကျဉ်းသရုပ် ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည် ဖြစ်၏၊ သိမှု(စိတ်)သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'

http://www.dhammadownload.com



သည် ဖြစ်၏၊လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဝိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။ပ။

## (၂) စုပေါင်းဟောကြားခြင်း 'ကောဋ္ဌာသဝါရ'

**(က)ဥဒ္ဒေသဝါရ** ထိုအခါ၌ ခန္ဓာလေးပါးတို့သည်ဖြစ်ကုန်၏၊ အာယတနနှစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဓာတ်နှစ်ပါးတို့သည် ဖြစ်ကုန်၏၊အာဟာရသုံးပါးတို့သည် ဖြစ်ကုန်၏၊ ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏၊ ဖဿတပါးသည် ဖြစ်၏။ပ။ မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်းစိတ်) တပါးသည် ဖြစ်၏၊ ဓမ္မာယတနတပါးသည် ဖြစ်၏၊ ဓမ္မဓာတ်တပါးသည် ဖြစ်၏။

**ယေဝါပနကတရားများ** ထို့ပြင် ထိုအခါ၌ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

## (ခ) အကျယ်ဟောကြားခြင်း 'နိဒ္ဒေသဝါရ'နှင့် (ဂ) ပဋိနိဒ္ဒေသဝါရ

**သင်္ခါရက္ခန္ဓာ** ၅၇၅။ပ။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ (ထိုအခါ၌) တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၊ ကြံစည်မှု'ဝိတက်'၊သုံးသပ်မှု 'ဝိစာရ'၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ထို့ပြင် ထိုအခါ၌ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ကို ချန်ထား၍ မှတ်သားမှုအစု'သညာက္ခန္ဓာ'ကို ချန်ထား၍ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ' ကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသော တရားတို့မှ)တမျိုးတခြားလည်း ဖြစ်ကုန်သော, အကြောင်းကို စွဲ၍ဖြစ်ကုန်သော (အဓိမောက္ခ, မနသိကာရဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟူသည် ဤသဘောဖြစ်၏။ပ။ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ကိရိယာမနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ် (မနောဒွါရာဝဇ္ဇန်းစိတ်) ပြီးပြီ။

အဟိတ်ကိရိယာ အဗျာကတစိတ် ပြီးပြီ။

---

## ဟိတ်ရှိသော ကာမာဝစရ ကိရိယာစိတ်များ

## 'သဟိတ်ကာမာဝစရကိရိယာစိတ်များ'

**မဟာကိရိယာစိတ်များ** ၅၇၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင် အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်, အကုသိုလ်) ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ် ပြုကာမျှ 'ကိရိယာ'ဖြစ်သော—

http://www.dhammadownload.com



(၁) သောမနဿနှင့် တကွဖြစ်သော, ဉာဏ်နှင့်ယှဉ်သော။ပ။
(၂) သောမနဿနှင့် တကွဖြစ်သော,ဉာဏ်နှင့်ယှဉ်သော,ပြုပြင်မှုတိုက်တွန်းမှု'သင်္ခါရ'နှင့်တကွ ဖြစ်သော။ပ။
(၃) သောမနဿနှင့် တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော။ပ။
(၄) သောမနဿနှင့် တကွဖြစ်သော, ဉာဏ်နှင့် မယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု'သင်္ခါရ'နှင့် တကွဖြစ်သော။ပ။
(၅) ဥပေက္ခာနှင့် တကွဖြစ်သော, ဉာဏ်နှင့်ယှဉ်သော ။ပ။
(၆) ဥပေက္ခာနှင့် တကွဖြစ်သော, ဉာဏ်နှင့် ယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ'နှင့်တကွ ဖြစ်သော။ပ။
(၇) ဥပေက္ခာနှင့် တကွဖြစ်သော, ဉာဏ်နှင့် မယှဉ်သော။ပ။
(၈) ဥပေက္ခာနှင့်တကွဖြစ်သော, ဉာဏ်နှင့်မယှဉ်သော, ပြုပြင်မှု တိုက်တွန်းမှု 'သင်္ခါရ' နှင့် တကွဖြစ်သော, ရူပါရုံလျှင် အာရုံရှိသည်မှုလည်းဖြစ်သော။ပ။ဓမ္မာရုံလျှင် အာရုံရှိသည် မှုလည်းဖြစ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် (အာရုံခြောက်ပါး တို့တွင်)အကြင် အကြင်တပါးပါးကို (အာရုံတမျိုးမျိုးကို) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏ ။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ် သော မလိုချင်မှု 'အလောဘ အဗျာကတမူလ'သည် ။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသ အဗျာကတမူလ'သည်။ပ။ ဤတရားတို့ သည် အဗျာကတ မည်ကုန်၏။

မဟာကိရိယာစိတ် ပြီးပြီ။

သဟိတ်ကာမာဝစရကိရိယာစိတ် ပြီးပြီ။

---

## ရူပါဝစရကိရိယာစိတ်

**ပဌမဈာန်** ၅၇၇။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။အကြင်အခါ၌ ကုသိုလ် လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်,အကုသိုလ်)ကံ၏ အကျိုး 'ဝိပါက်'လည်းမဟုတ် ပြုကာမျှ 'ကိရိယာ' ဖြစ်သော, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော ရူပါဝစရဈာန်ကို ပွါး၏၊ 'ကာမတို့မှ ကင်းဆိတ်၍သာ လျှင် ။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏ ။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဒုတိယဈာန်စသည်** ၅၇၈။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်(ကုသိုလ်,အကုသိုလ်) ကံ၏ အကျိုး'ဝိပါက်'လည်းမဟုတ် ပြုကာမျှ'ကိရိယာ'ဖြစ်သော,မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော ရူပါဝစရဈာန်ကို ပွါး၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု

http://www.dhammadownload.com



'ဝိစာရ'တို့၏ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့။ပ။ ပဉ္စမစျာန်သို့။ပ။ ပဉ္စမစျာန်သို့ ရောက်၍ (ပဉ္စမစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

ရူပါဝစရကိရိယာစိတ် ပြီးပြီ။

---

## အရူပါဝစရကိရိယာစိတ်

**အာကာသာနဉ္စာယတနစျာန်** ၅၇၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ် (ကုသိုလ်,အကုသိုလ်)က်၏ အကျိုး 'ဝိပါက်'လည်း မဟုတ် ပြုကာမျှ 'ကိရိယာ'ဖြစ်သော, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော အရူပါဝစရစျာန်ကို ပွါး၏၊ အလုံးစုံသောအခြင်းအရာအားဖြင့်(ကသိုဏ်း)ရုပ်၌ဖြစ်သော အမှတ်သညာ (ရူပစျာန်,ရူပစျာန်၏ အာရုံ)တို့ကို ကောင်းစွာ လွန်မြောက်ခြင်းကြောင့် (ဝတ္ထု အာရုံ နှစ်ပါးစုံတို့၏) ထိခိုက်မှုကြောင့် ဖြစ်သောအမှတ်သညာ 'ပဋိဃသညာ'တို့၏ ချုပ်ငြိမ်းခြင်းကြောင့် အမျိုးမျိုးသော (အာရုံ၌ဖြစ်သော) အမှတ်သညာ 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် အဆုံးမရှိသော ကောင်းကင်ဟူသော (ပဉ္စမာရုပ္ပစျာန်၏)တည်ရာ (အာရုံ)၌ ဖြစ်သောအမှတ်သညာ 'အာကာသာနဉ္စာယတနသညာ'နှင့်တကွဖြစ်သော, ချမ်းသာမှု'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**ဝိညာဏဉ္စာယတနစျာန်** ၅၈၀။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ် (ကုသိုလ်, အကုသိုလ်)က်၏ အကျိုး 'ဝိပါက်'လည်း မဟုတ် ပြုကာမျှ 'ကိရိယာ' ဖြစ်သော, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော အရူပါဝစရစျာန်ကို ပွါး၏၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို ကောင်းစွာလွန်မြောက်၍ အဆုံးမရှိသော ဝိညာဏ်ဟူသော (ဒုတိယာရုပ္ပစျာန်၏) တည်ရာ(အာရုံ)၌ ဖြစ်သော အမှတ်သညာ 'ဝိညာဏဉ္စာယတနသညာ'နှင့် တကွဖြစ်သော, ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**အာကိဉ္စညာယတနစျာန်** ၅၈၁။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ် (ကုသိုလ်, အကုသိုလ်) က်၏အကျိုး 'ဝိပါက်'လည်းမဟုတ် ပြုကာမျှ 'ကိရိယာ' ဖြစ်သော, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေကြောင်းမျှဖြစ်သော အရူပါဝစရစျာန်ကို ပွါး၏၊ အလုံးစုံသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနစျာန်ကို ကောင်းစွာလွန်မြောက်၍ ဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှ အကြွင်းမရှိခြင်းဟူသော(တတိယာရုပ္ပစျာန်၏)တည်ရာ (အာရုံ)၌ ဖြစ်သော အမှတ် သညာ 'အာကိဉ္စညာယတနသညာ'နှင့် တကွဖြစ်သော, ချမ်းသာမှု 'သုခ'

ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

**နေဝသညာနာသညာယတနစျာန်** ၅၈၂။ အဘယ်တရားတို့သည် အဗျာကတမည်ကုန်သနည်း။ အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (ကုသိုလ်, အကုသိုလ်)ကံ၏အကျိုး 'ဝိပါက်' လည်းမဟုတ် ပြုကာမျှ 'ကိရိယာ' ဖြစ်သော, မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေကြောင်းမျှဖြစ်သော အရူပါဝစရစျာန်ကို ပွါး၏၊ အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနစျာန်ကို ကောင်းစွာလွန်မြောက်၍ (ရုန့်ရင်းသော) အမှတ် သညာကား မရှိ၊ (သိမ်မွေ့သော) အမှတ် သညာမရှိသည်မဟုတ်သော (စတုတ္ထာရုပ္ပစျာန်၏)တည်ရာ (အာရုံ)၌ ဖြစ်သော အမှတ်သညာ 'နေဝသညာ နာသညာယတနသညာ'နှင့်တကွဖြစ်သော,ချမ်းသာမှု'သုခ'ကိုလည်း ပယ်ရှားခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ (စတုတ္ထစျာန်ကို ရရှိ၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မှု 'အလောဘ အဗျာကတမူလ'သည် ။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု 'အဒေါသ အဗျာကတမူလ'သည် ။ပ။ အဗျာကတတရားတို့၏ အခြေအမြစ်ဖြစ်သော မတွေဝေမှု 'အမောဟ အဗျာကတမူလ'သည်။ပ။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

အရူပါဝစရကိရိယာစိတ် ပြီး၏။

ကိရိယာဗျာကတစိတ် ပြီး၏။

## ၁-စိတ္တုပ္ပါဒကဏ္ဍ 'စိတ်စေတသိက်ပိုင်း' ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ၂-ရူပကဏ္ဍ

## ရုပ်ပိုင်း

### (က) အကျဉ်းချုပ်ဟောကြားခြင်း 'ဥဒ္ဒေသဝါရ'

**အဗျာကတတရားများ** ၅၈၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော (လောကုတ္တရာဖြစ်ကုန်သော), ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' မှတ်သားမှုအစု 'သညာက္ခန္ဓာ' ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ' သည်လည်းကောင်း၊ ထို့ပြင် ကုသိုလ်လည်းမဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော, (ကုသိုလ်, အကုသိုလ်)ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော, ပြုကာမျှ 'ကိရိယာ' ဖြစ်သော အကြင် တရားတို့သည်လည်းကောင်း၊ ထို့ပြင် အလုံးစုံသော ရုပ်သည်လည်းကောင်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့သည်) မပြုပြင်အပ်သော သဘာဝ 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်လည်းကောင်း (ရှိကုန်၏)။ ဤတရားတို့သည် အဗျာကတမည်ကုန်၏။

#### မာတိကာ

**အလုံးစုံသောရုပ်အကျဉ်း** ၅၈၄။ ထိုစကားရပ်၌ အလုံးစုံသော ရုပ်ဟူသည် အဘယ်နည်း။ ကြီးကျယ် ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့သည်၎င်း မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ ဖြစ်သော 'ဥပါဒါ' ရုပ်သည်၎င်း (ရှိကုန်၏)။ ဤကြီးကျယ် ထင်ရှားသော'မဟာဘုတ်'နှင့် ဥပါဒါရုပ်ကို အလုံးစုံသော ရုပ်ဟူ၍ ဆိုအပ်၏။

**ဧကက** အလုံးစုံသော ရုပ်သည်—

အကြောင်းရင်း'ဟိတ်'မမည်'နဟေတု'၊

အကြောင်းရင်း'ဟိတ်'မရှိ'အဟေတုက'၊

အကြောင်းရင်း 'ဟိတ်'နှင့်မယှဉ် မရောနှော 'ဟေတုဝိပ္ပယုတ္တ'၊

(ကံ, စိတ်, ဥတု, အာဟာရဟူသော) အကြောင်းတရားတို့နှင့် တကွ (အကြောင်းတရားတို့ ကြောင့်)ဖြစ်၏ 'သပ္ပစ္စယ'၊

(ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရားတို့သည်) ပေါင်း၍ ပြုပြင် စီမံအပ်၏ 'သင်္ခတ'၊

ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်၏ 'ရူပ'၊

ဖြစ်တတ်ပျက်တတ်သော'လောက'၌ အကျုံးဝင်၏ 'လောကိယ'၊

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးနေတတ်–ဖြစ်နေတတ်သော အာသဝေါတရား (လောဘ,ဒိဋ္ဌိ, မောဟ)တို့၏ အာရုံဖြစ်၏ 'သာသဝ'၊

သံယောဇဉ်တို့၏ အစီးအပွါး (အာရုံ) ဖြစ်၏ 'သံယောဇနိယ'၊

http://www.dhammadownload.com



(ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ'တို့၏ အာရုံဖြစ်၏ 'ဂန္ထနိယ'၊
(ဝဋ်ဆင်းရဲ၌)နစ်မြုပ်စေမှု 'ဩဃ'တို့၏ အာရုံဖြစ်၏ 'ဩဃနိယ'၊
(ဝဋ်ဆင်းရဲ၌)ယှဉ်စေမှု 'ယောဂ'တို့၏ အာရုံဖြစ်၏ 'ယောဂနိယ'၊
ကောင်းမှုကိုပိတ်ပင်မှု 'နီဝရဏ'တို့၏ အာရုံဖြစ်၏ 'နီဝရဏိယ'၊
မမြဲသည်ကို မြဲ၏ဟု မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'တို့၏ အာရုံဖြစ်၏ 'ပရာမဋ္ဌ'၊
ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'တို့၏ အာရုံဖြစ်၏ (လောကီတရား)'ဥပါဒါနိယ'၊
ပူပန်စေမှု 'ကိလေသာ'တို့၏ အာရုံဖြစ်၏ 'သံကိလေသိက'၊
ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ် 'အဗျာကတ'၊
အာရုံပြုခြင်းမရှိ (အာရုံကိုယူနိုင်သောသဘောမရှိ)'အနာရမ္မဏ'၊
စိတ်၌ မယှဉ် 'အစေတသိက'၊
စိတ်နှင့်မယှဉ်(မပေါင်းမစပ် မရောနှော)'စိတ္တဝိပ္ပယုတ္တ'၊

အကျိုး 'ဝိပါက်'လည်းမဟုတ် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ် 'နေဝ ဝိပါက န ဝိပါကဓမ္မဓမ္မ'၊

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ် ကန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တရားတို့ကို (ရခြင်းငှါ)သာ ယိုက်တုန်၏ (ကိလေသာနှင့်မယှဉ်ဘဲ ကိလေသာ၏ အာရုံသာဖြစ်၏)'အသံကိလိဋ္ဌ သံကိလေသိက'၊

ကြံစည်မှု 'ဝိတက်'နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်းတကွ ဖြစ်သည်မဟုတ် 'န သဝိတက္က သဝိစာရ'၊

ကြံစည်မှု 'ဝိတက်'ကား မရှိ သုံးသပ်မှု 'ဝိစာရ'မျှသာ ရှိသည်လည်း မဟုတ် 'န အဝိတက္က-ဝိစာရမတ္တ'၊

ကြံစည်မှု 'ဝိတက်'လည်းမရှိ သုံးသပ်မှု 'ဝိစာရ'လည်း မရှိ 'အဝိတက္က အဝိစာရ'၊
နှစ်သက်မှု 'ပီတိ'နှင့်တကွ ဖြစ်သည်မဟုတ် 'န ပီတိသဟဂတ'၊
ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သည်မဟုတ် 'န သုခသဟဂတ'၊
လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်သည်မဟုတ် 'န ဥပေက္ခာသဟဂတ'၊

သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်းမဟုတ် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သည်လည်း မဟုတ် 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ'၊

သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် အထက်မဂ် သုံးပါးဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုက'၊

ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းလည်း မဟုတ် (ပဋိသန္ဓေဖြစ်စေနိုင်သော သဘောလည်း မဟုတ်၊ စုတိဖြစ်စေနိုင်သော သဘောလည်း မဟုတ်) နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ် 'နေဝ အာစယဂါမိ န အပစယဂါမိ'၊

http://www.dhammadownload.com



သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်းမဟုတ် အသေက္ခ(ရဟန္တာ)ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ် 'နေဝ သေက္ခ နာသေက္ခ'၊

နည်းပါးသောအာနုဘော်ရှိ၏ 'ပရိတ္တ'၊

ကာမဘုံ၌ သက်ဝင်၍ဖြစ်၏(ကာမတဏှာ၏ ကျင်လည် ကျက်စားရာဖြစ်၏) 'ကာမာဝစရ'၊

ရူပဘုံ၌ သက်ဝင်၍မဖြစ်(ရူပတဏှာ၏ ကျင်လည် ကျက်စားရာ မဖြစ်) 'န ရူပါဝစရ'၊

အရူပဘုံ၌ သက်ဝင်၍မဖြစ် (အရူပတဏှာ၏ ကျင်လည် ကျက်စားရာ မဖြစ်) 'န အရူပါဝစရ'၊

ဝဋ်ဆင်းရဲ၌ အကျုံးဝင်၏'ပရိယာပန္န'၊

ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သည် မဟုတ်'နောအပရိယာပန္န'၊

စုတိ၏ အခြားမဲ့၌ဖြစ်စေ မိမိဖြစ်ခြင်း၏ အခြားမဲ့၌ဖြစ်စေ အကျိုးပေး မမြဲ'အနိယတ'၊

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းမဟုတ် 'အနိယျာနိက'၊

ဖြစ်ဆဲ(ဖြစ်ပေါ်ဆဲ) ဖြစ်သော ရုပ်ကို အထူးသိမှု (စိတ်) 'ဝိညာဏ်' ခြောက်ပါးတို့သည် သိအပ်၏ 'ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ'၊

(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲ'အနိစ္စ'၊

အိုမှု, ရင့်ရော်ဆွေးမြေ့မှု'ဇရာ'သည် လွှမ်းမိုးနှိပ်စက်အပ်၏ 'ဇရာဘိဘူတ'။

ဤသို့ တဘို့(တစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ဧကက ပြီးပြီ။

---

## နှစ်မျိုးနှစ်စားအားဖြင့် ဟောကြားခြင်း 'ဒုက'

### ပကိဏ္ဏကဒုက်

နှစ်ဘို့(နှစ်စု)အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

(၁) မှီ၍သာဖြစ်သော ရုပ်သည် ရှိ၏ 'ဥပါဒါရူပ'၊ (၅၉၅-၆၄၅)

(၂) (ဥပါဒါရုပ် မှီသကဲ့သို့) မမှီမူ၍ဖြစ်သော ရုပ်သည် ရှိ၏ 'နောဥပါဒါရူပ' (မဟာဘုတ် လေးပါး)။ (၆၄၆-၆၅၁)

(၁) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် စွဲယူအပ်သော ရုပ်သည် ရှိ၏ 'ဥပါဒိဏ္ဏရူပ' (တဏှာ ဒိဋ္ဌိတည်းဟူသော ဥပါဒါန် ဦးစီး လွှမ်းမိုးအပ်သည့် ကံ၏ အကျိုးဖြစ်သော(ကမ္မဇရုပ်)၊ (၆၅၂)

(၂) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏အဖြစ် ဖြင့် မစွဲယူအပ်သော ရုပ်သည် ရှိ၏ 'အနုပါဒိဏ္ဏရူပ' (တိဇရုပ်)။ (၆၅၃)

(၁) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ် ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံလည်း ဖြစ်သော ရုပ်သည် ရှိ၏ 'ဥပါဒိဏ္ဏုပါဒါနိယရူပ' (တဏှာဒိဋ္ဌိ ဟူသော

http://www.dhammadownload.com



ဥပါဒါန်ဦးစီးသည့်ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော ကမ္မဇရုပ်)၊ (၆၅၄)

(၂) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်ကုန်မူ၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာဖြစ်သောရုပ်သည် ရှိ၏ 'အနုပါဒိန္နုပါဒါနိယရူပ' (တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့်ကံ၏အကျိုးကား မဟုတ်၊ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)သာဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်)။ (၆၅၅)

(၁) မြင်ခြင်း မြင်အပ်သည်၏ အဖြစ်နှင့် တကွဖြစ်သော ရုပ်သည် ရှိ၏ 'သနိဒဿနရူပ' (မြင်အပ်သော ရူပါရုံ)၊ (၆၅၆)

(၂) မြင်ခြင်း မြင်အပ်သည်၏အဖြစ်နှင့် တကွမဖြစ်သော ရုပ်သည် ရှိ၏ 'အနိဒဿနရူပ' (ရူပါရုံမှတပါးသောရုပ်များ)။ (၆၅၇)

(၁) ထိပါး (တိုက်ခိုက်)ခြင်း ထိပါး (တိုက်ခိုက်) တတ်သည်၏အဖြစ်နှင့် တကွဖြစ်သော ရုပ်သည် ရှိ၏ 'သပ္ပဋိဃရူပ' (ဩဠာရိကရုပ်)၊ (၆၅၈)

(၂) ထိပါး (တိုက်ခိုက်)ခြင်း ထိပါး(တိုက်ခိုက်) တတ်သည်၏အဖြစ်နှင့် တကွမဖြစ်သော ရုပ်သည် ရှိ၏ 'အပ္ပဋိဃရူပ' (သုခုမရုပ်)။ (၆၅၉)

(၁) (ဆိုင်ရာကိစ္စ၌) အစိုးရသော ရုပ်သည် ရှိ၏ 'ဣန္ဒြိယရူပ'၊ (၆၆၀)

(၂) (ဆိုင်ရာကိစ္စ၌) အစိုးရသည်မဟုတ်သော (အစိုးမရသော) ရုပ်သည် ရှိ၏ 'နဣန္ဒြိယရူပ'။ (၆၆၁)

(၁) ကြီးကျယ်ထင်ရှားသော ရုပ်သည် ရှိ၏ 'မဟာဘူတရူပ'၊ (၆၆၂)

(၂) ကြီးကျယ်ထင်ရှားသည်မဟုတ်သော ရုပ်သည် ရှိ၏ 'နမဟာဘူတရူပ' (ဥပါဒါရုပ်)။ (၆၆၃)

(၁) မိမိ၏ အလို'ဆန္ဒ'ကို သိကြောင်း အမူအရာဖြစ်သော ရုပ်သည် ရှိ၏ 'ဝိညတ္တိရူပ'၊ (၆၆၄)

(၂) မိမိ၏ အလို'ဆန္ဒ'ကို သိကြောင်း အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ 'နဝိညတ္တိရူပ' (ဝိညတ်ရုပ်မှတပါးသောရုပ်များ)။ (၆၆၅)

(၁) စိတ်လျှင်ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) ရုပ်သည် ရှိ၏ 'စိတ္တသမုဋ္ဌာနရူပ'၊ (၆၆၆)

(၂) စိတ်လျှင်ဖြစ်ကြောင်းမရှိသော (စိတ်ကြောင့်မဖြစ်သော) ရုပ်သည် ရှိ၏ 'နစိတ္တသမုဋ္ဌာနရူပ' (ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။ (၆၆၇)

(၁) စိတ်နှင့်တကွဖြစ်သော ရုပ်သည် ရှိ၏ 'စိတ္တသဟဘုရူပ' (ဝိညတ်ရုပ်နှစ်ခု)၊ (၆၆၈)

(၂) စိတ်နှင့်တကွဖြစ်သည်မဟုတ် (စိတ်နှင့်တကွမဖြစ်)သော ရုပ်သည် ရှိ၏ 'နစိတ္တသဟဘုရူပ' (ဝိညတ်ရုပ်မှတပါးသောရုပ်များ)၊ (၆၆၉)

http://www.dhammadownload.com



(၁) စိတ်သို့ အစဉ်လိုက်သော ရုပ်သည် ရှိ၏ 'စိတ္တာနုပရိဝတ္တိရူပ' (စိတ်နှင့် အတူဖြစ် အတူ ပျက်သော ဝိညတ်ရုပ်နှစ်ခု)၊ (၆၇၀)

(၂) စိတ်သို့ အစဉ်လိုက်သည်မဟုတ် (စိတ်သို့အစဉ်မလိုက်)သော ရုပ်သည် ရှိ၏ 'နစိတ္တာနုပရိဝတ္တိရူပ' (ဝိညတ်ရုပ်မှတပါးသောရုပ်များ)။ (၆၇၁)

(၁) အတွင်းသန္တာန်၌ဖြစ်သော ရုပ်သည် ရှိ၏'အဇ္ဈတ္တိကရူပ' (ပသာဒရုပ်ငါးခု)၊ (၆၇၂)

(၂) အပသန္တာန်၌ဖြစ်သော ရုပ်သည် ရှိ၏'ဗာဟိရရူပ' (ပသာဒရုပ်မှတပါးသောရုပ်များ)။ (၆၇၃)

(၁) ကြမ်းတမ်းသောရုပ်သည် ရှိ၏ 'ဩဠာရိကရူပ' (ဩဠာရိကရုပ်တဆယ့်နှစ်ခု)၊ (၆၇၄)

(၂) သိမ်မွေ့သောရုပ်သည် ရှိ၏ 'သုခုမရူပ' (သုခုမရုပ်များ)။ (၆၇၅)

(၁) ဝေးကွာသော (အသိခက်သော) ရုပ်သည် ရှိ၏ 'ဒူရေရူပ' (သုခုမရုပ်များ)၊ (၆၇၆)

(၂) နီးကပ်သော (သိလွယ်သော) ရုပ်သည် ရှိ၏ 'သန္တိကေရူပ' (ဩဠာရိကရုပ်များ)။ (၆၇၇)

## ဝတ္ထုဒုက်

(၁) မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ 'စက္ခုသမ္ဖဿဿဝတ္ထု' (စက္ခုပသာဒ)၊ (၆၇၈)

(၂) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာတည်ရာမဟုတ်သော ရုပ်သည် ရှိ၏ 'စက္ခုသမ္ဖဿဿ န ဝတ္ထု' (စက္ခုပသာဒမှ တပါးသောရုပ်များ)။ (၆၇၉)

(၁) မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ မြင်သိစိတ်၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ 'စက္ခုဝိညာဏဿ ဝတ္ထု' (စက္ခုပသာဒ)၊ (၆၈၀)

(၂) မြင်သိစိတ်၏ မှီရာတည်ရာမဟုတ်သော ရုပ်သည် ရှိ၏ 'စက္ခုဝိညာဏဿ န ဝတ္ထု' (စက္ခုပသာဒမှတပါးသော ရုပ်များ)။ (၆၈၁)

(၁) ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ 'ကာယသမ္ဖဿဿ ဝတ္ထု' (သောတ, ဃာန, ဇိဝှါ, ကာယပသာဒရုပ်လေးခု)၊ (၆၈၂)

(၂) ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာတည်ရာမဟုတ်သော ရုပ်သည် ရှိ၏ 'ကာယသမ္ဖဿဿ န ဝတ္ထု' (ကာယပသာဒရုပ်မှ တပါးသော ရုပ်များ)။ (၆၈၃)

(၁) ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏။ပ။ ထိသိစိတ်၏ မှီရာတည်ရာရုပ်သည် ရှိ၏'ကာယဝိညာဏဿ ဝတ္ထု' (ကာယပသာဒရုပ်)၊ (၆၈၄)

(၂) ထိသိစိတ်၏ မှီရာတည်ရာမဟုတ်သော ရုပ်သည် ရှိ၏ 'ကာယဝိညာဏဿ န ဝတ္ထု' (ကာယပသာဒမှ တပါးသော ရုပ်များ)။ (၆၈၅)

http://www.dhammadownload.com



## အာရမ္မဏဒုက်

(၁) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ 'စက္ခု-သမ္ဖဿဿ အာရမ္မဏ' (ရူပါရုံ)၊ (၆၇၆)

(၂) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ 'စက္ခု-သမ္ဖဿဿ နာရမ္မဏ' (ရူပါရုံမှ တပါးသောရုပ်များ)။ (၆၇၇)

(၁) မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏ ။ပ။ မြင်သိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏'စက္ခုဝိညာဏဿ အာရမ္မဏ' (ရူပါရုံ)၊ (၆၇၈)

(၂) မြင်သိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ 'စက္ခုဝိညာဏဿ နာရမ္မဏ' (ရူပါရုံမှ တပါးသော ရုပ်များ)။ (၆၇၉)

(၁) ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ 'ကာယသမ္ဖဿဿ အာရမ္မဏ' (သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ)၊ (၆၈၀)

(၂) ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ 'ကာယ-သမ္ဖဿဿ နာရမ္မဏ' (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ရုပ်များ)။ (၆၈၁)

(၁) ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏ ။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏ ။ပ။ ထိသိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ 'ကာယဝိညာဏဿ အာရမ္မဏ' (ဖောဋ္ဌဗ္ဗာရုံ)၊ (၆၈၂)

(၂) ထိသိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ 'ကာယဝိညာဏဿ နာရမ္မဏ'(ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ရုပ်များ)။ (၆၈၃)

## အာယတနဒုက်

(၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်ရုပ်သည် ရှိ၏ 'စက္ခာယတန'(စက္ခုပသာဒ)၊ (၆၈၄)

(၂) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်မဟုတ်သော ရုပ်သည် ရှိ၏ 'န စက္ခာယတန' (စက္ခု-ပသာဒမှ တပါးသော ရုပ်များ)။ (၆၈၅)

(၁-၂) ကြားသိစိတ် ဖြစ်ရာ နားအကြည်ရုပ်သည် (ရှိ၏) 'သောတာယတန' (သောတ-ပသာဒ)။ပ။

(၁-၂) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်ရုပ်သည်(ရှိ၏)'ဃာနာယတန' (ဃာနပသာဒ)။ပ။

(၁-၂) လျက်သိစိတ်ဖြစ်ရာ လျှာအကြည်ရုပ်သည်(ရှိ၏) 'ဇိဝှါယတန'(ဇိဝှါပသာဒ)။ပ။

(၁) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်ရုပ်သည် ရှိ၏'ကာယာယတန'(ကာယပသာဒ)၊(၆၈၆)

(၂) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်မဟုတ်သော ရုပ်သည် ရှိ၏ 'န ကာယာယတန' (ကာယ ပသာဒမှ တပါးသော ရုပ်များ)။ (၆၈၇)

http://www.dhammadownload.com



(၁) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း ရုပ်သည် ရှိ၏ 'ရူပါယတန'(ရူပါရုံ)၊ (၆၉၈)
(၂) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း မဟုတ်သော ရုပ်သည် ရှိ၏ 'န ရူပါယတန'(ရူပါရုံမှ တပါးသော ရုပ်များ)။ (၆၉၉)

(၁) ကြားသိစိတ်ဖြစ်ကြောင်း အသံ ရုပ်သည် (ရှိ၏) 'သဒ္ဒါယတန' (သဒ္ဒါရုံ)။ပ။ နံသိစိတ်ဖြစ်ကြောင်း အနံ့ ရုပ်သည် (ရှိ၏) 'ဂန္ဓာယတန' (ဂန္ဓာရုံ)။ပ။ လျက်သိစိတ်ဖြစ်ကြောင်း အရသာ ရုပ်သည်(ရှိ၏) 'ရသာယတန'(ရသာရုံ)။ပ။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ ရုပ်သည် ရှိ၏ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)၊ (၇၀၀)
(၂) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ မဟုတ်သော ရုပ်သည် ရှိ၏ 'န ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ရုပ်များ)။ (၇၀၁)

## ဓာတုဒုက်

(၁) မြင်မှုသဘာဝရုပ်သည် ရှိ၏'စက္ခုဓာတု' (မြင်တတ်သောသဘောရှိသော 'စက္ခုပသာဒ' ရုပ်)၊ (၇၀၂)
(၂) မြင်မှုသဘာဝ မဟုတ်သောရုပ်သည် ရှိ၏'န စက္ခုဓာတု' (မြင်တတ်သော သဘောမရှိသော 'စက္ခုပသာဒ'မှ တပါးသောရုပ်များ)။ (၇၀၃)

(၁) ကြားမှု သဘာဝရုပ်သည် (ရှိ၏) 'သောတဓာတု' (ကြားတတ်သော သဘောရှိသော 'သောတပသာဒ'ရုပ်)။ပ။ နံမှုသဘာဝရုပ်သည် (ရှိ၏) 'ဃာနဓာတု' (နံတတ်သော သဘောရှိသော 'ဃာနပသာဒ'ရုပ်)။ပ။ လျက်မှုသဘာဝ ရုပ်သည် (ရှိ၏) 'ဇိဝှါဓာတု (လျက်တတ်သော သဘော ရှိသော 'ဇိဝှါပသာဒ'ရုပ်)။ပ။ ထိမှုသဘာဝရုပ်သည် (ရှိ၏) 'ကာယဓာတု' (ထိခိုက်တတ်သော သဘောရှိသော 'ကာယပသာဒ'ရုပ်)၊ (၇၀၄)
(၂) ထိမှုသဘာဝမဟုတ်သော ရုပ်သည် ရှိ၏ 'န ကာယဓာတု' (ထိခိုက်တတ်သောသဘော မရှိသော 'ကာယပသာဒ'မှ တပါးသော ရုပ်များ)။ (၇၀၅)

(၁) အဆင်းသဘာဝရုပ်သည် ရှိ၏ 'ရူပဓာတု' (ရူပါရုံ)၊ (၇၀၆)
(၂) အဆင်းသဘာဝမဟုတ်သောရုပ်သည် ရှိ၏'န ရူပဓာတု'(ရူပါရုံမှတပါးသောရုပ်များ)။ (၇၀၇)

(၁) အသံသဘာဝရုပ်သည် ရှိ၏ 'သဒ္ဒဓာတု' (သဒ္ဒါရုံ) ။ပ။ အနံ့သဘာဝရုပ်သည် (ရှိ၏) 'ဂန္ဓဓာတု' (ဂန္ဓာရုံ)။ပ။ အရသာသဘာဝရုပ်သည်(ရှိ၏)'ရသဓာတု' (ရသာရုံ)။ပ။ အတွေ့သဘာဝရုပ်သည် (ရှိ၏) 'ဖောဋ္ဌဗ္ဗဓာတု' (ဖောဋ္ဌဗ္ဗာရုံ)၊ (၇၀၈)
(၂) အတွေ့သဘာဝ မဟုတ်သောရုပ်သည် (ရှိ၏) 'န ဖောဋ္ဌဗ္ဗဓာတု' (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ရုပ်များ)။ (၇၀၉)

## ဣန္ဒြိယဒုက်

(၁) မြင်ခြင်း၌ အစိုးရမှု (ရှိသော) မျက်စိ အကြည်ရုပ်သည် ရှိ၏ 'စက္ခုန္ဒြိယ' (စက္ခုပသာဒ)၊ (၇၁၀)

http://www.dhammadownload.com



(၂) မြင်ခြင်း၌ အစိုးရမှု(ရှိသော)မျက်စိအကြည်မဟုတ်သော ရုပ်သည် ရှိ၏ 'န စက္ခုန္ဒြိယ' (စက္ခုပသာဒမှ တပါးသော ရုပ်များ)။ (၇၁၁)

(၁) ကြားခြင်း၌ အစိုးရမှု(ရှိသော) နားအကြည်ရုပ်သည်(ရှိ၏) 'သောတိန္ဒြိယ' (သောတပသာဒ)။ပ။ နံခြင်း၌ အစိုးရမှု(ရှိသော)နှာခေါင်းအကြည်ရုပ်သည်(ရှိ၏) 'ဃာနိန္ဒြိယ' (ဃာနပသာဒ)။ပ။ လျက်ခြင်း၌ အစိုးရမှု (ရှိသော) လျှာအကြည်ရုပ်သည် (ရှိ၏)၊ 'ဇိဝှိန္ဒြိယ' (ဇိဝှါပသာဒ)။ပ။ ထိခြင်း၌ အစိုးရမှု (ရှိသော) ကိုယ်အကြည်ရုပ်သည် ရှိ၏ 'ကာယိန္ဒြိယ' (ကာယပသာဒ)၊ (၇၁၂)

(၂) ထိခြင်း၌ အစိုးရမှု(ရှိသော) ကိုယ်အကြည်မဟုတ်သော ရုပ်သည် ရှိ၏ 'န ကာယိန္ဒြိယ' (ကာယပသာဒမှ တပါးသော ရုပ်များ)။ (၇၁၃)

(၁) မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ 'ဣတ္ထိန္ဒြိယ' (ဣတ္ထိဘာဝရုပ်)(၇၁၄)

(၂) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှုမဟုတ်သောရုပ်သည် ရှိ၏ 'န ဣတ္ထိန္ဒြိယ' (ဣတ္ထိဘာဝရုပ်မှ တပါးသော ရုပ်များ)။ (၇၁၅)

(၁) ယောကျ်ား(အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှုရုပ်သည် ရှိ၏ 'ပုရိသိန္ဒြိယ' (ပုရိသဘာဝရုပ်)၊(၇၁၆)

(၂) ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှုမဟုတ်သော ရုပ်သည် ရှိ၏ 'န ပုရိသိန္ဒြိယ'(ပုရိသဘာဝရုပ်မှ တပါးသော ရုပ်များ)။ (၇၁၇)

(၁) အစိုးတရစောင့်ရှောက်မှုရုပ်သည် ရှိ၏ 'ဇီဝိတိန္ဒြိယ' (ဇီဝိတရုပ်)၊ (၇၁၈)

(၂) အစိုးတရစောင့်ရှောက်မှုမဟုတ်သော ရုပ်သည် ရှိ၏ 'န ဇီဝိတိန္ဒြိယ' (ဇီဝိတရုပ်မှ တပါးသော ရုပ်များ)။ (၇၁၉)

### သုခုမရူပဒုက်

(၁) (မိမိ၏ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှုရုပ်သည် ရှိ၏ 'ကာယဝိညတ္တိ' (ကာယဝိညတ်ရုပ်)၊ (၇၂၀)

(၂) (မိမိ၏ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှုမဟုတ်သော ရုပ်သည် ရှိ၏ 'န ကာယဝိညတ္တိ' (ကာယဝိညတ်မှ တပါးသော ရုပ်များ)။ (၇၂၁)

(၁) (မိမိ၏ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှုရုပ်သည် ရှိ၏ 'ဝစီဝိညတ္တိ' (ဝစီဝိညတ်ရုပ်)၊ (၇၂၂)

(၂) (မိမိ၏ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှုမဟုတ်သော ရုပ်သည် ရှိ၏ 'န ဝစီဝိညတ္တိ' (ဝစီဝိညတ်မှ တပါးသော ရုပ်များ)။ (၇၂၃)

(၁) မရေးခြစ်အပ်သော (ရေးခြစ်၍မရသောဟင်းလင်း)သဘာဝရုပ်သည် ရှိ၏ 'အာကာသဓာတု' (ပရိစ္ဆေဒရုပ်)၊ (၇၂၄)

(၂) မရေးခြစ်အပ်သော (ရေးခြစ်၍မရသောဟင်းလင်း) သဘာဝမဟုတ်သော ရုပ်သည် ရှိ၏ 'န အာကာသဓာတု' (ပရိစ္ဆေဒရုပ်မှ တပါးသော ရုပ်များ)။ (၇၂၅)

http://www.dhammadownload.com



(၁) ဖွဲ့စည်းမှုသဘာဝ ရုပ်သည် ရှိ၏ 'အာပေါဓာတု'၊ (၃၂၆)

(၂) ဖွဲ့စည်းမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ 'န အာပေါဓာတု' (အာပေါဓာတ်မှ တပါးသော ရုပ်များ)။ (၃၂၇)

(၁) (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှု ရုပ်သည် ရှိ၏ 'ရူပဿ လဟုတာ'၊ (၃၂၈)

(၂) (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှု မဟုတ်သော ရုပ်သည် ရှိ၏ 'ရူပဿ န လဟုတာ' (ရူပဿ လဟုတာရုပ်မှ တပါးသော ရုပ်များ)။ (၃၂၉)

(၁) (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု ရုပ်သည် ရှိ၏ 'ရူပဿ မုဒုတာ'၊ (၃၃၀)

(၂) (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု မဟုတ်သော ရုပ်သည် ရှိ၏ 'ရူပဿ န မုဒုတာ' (ရူပဿ မုဒုတာရုပ်မှ တပါးသော ရုပ်များ)။ (၃၃၁)

(၁) (နိပ္ဖန္န) ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) ရုပ်သည် ရှိ၏ 'ရူပဿ ကမ္မညတာ'၊ (၃၃၂)

(၂) (နိပ္ဖန္န) ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) မဟုတ်သော ရုပ်သည် ရှိ၏ 'ရူပဿ န ကမ္မညတာ' (ရူပဿ ကမ္မညတာရုပ်မှ တပါးသော ရုပ်များ)။ (၃၃၃)

(၁) (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ ရုပ်သည် ရှိ၏ 'ရူပဿ ဥပစယ'၊ (၃၃၄)

(၂) (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ မဟုတ်သော ရုပ်သည် ရှိ၏'ရူပဿ န ဥပစယ' (ဥပစယ ရုပ်မှ တပါးသော ရုပ်များ)။ (၃၃၅)

(၁) (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် ရုပ်သည် ရှိ၏ 'ရူပဿ သန္တတိ'၊ (၃၃၆)

(၂) (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် မဟုတ်သော ရုပ်သည် ရှိ၏' ရူပဿ န သန္တတိ' (သန္တတိရုပ်မှ တပါးသော ရုပ်များ)။ (၃၃၇)

(၁) (နိပ္ဖန္န) ရုပ်၏ ယိုယွင်း ရင့်ရော်လျော့ပါးမှုဟူသော ရုပ်သည် ရှိ၏ 'ရူပဿ ဇရတာ'၊ (၃၃၈)

(၂) (နိပ္ဖန္န) ရုပ်၏ ယိုယွင်း ရင့်ရော်လျော့ပါးမှု မဟုတ်သော ရုပ်သည် ရှိ၏ 'ရူပဿ န ဇရတာ' (ဇရတာရုပ်မှ တပါးသော ရုပ်များ)။ (၃၃၉)

(၁) (နိပ္ဖန္န)ရုပ်၏ ( ချုပ်ပျက်၍ )မမြဲမှု( ပျောက်ပျက်ချုပ်ဆုံးမှု )ဟူသောရုပ်သည် ရှိ၏ 'ရူပဿ အနိစ္စတာ'၊ (၃၄၀)

(၂) (နိပ္ဖန္န) ရုပ်၏ (ချုပ်ပျက်၍)မမြဲမှု(ပျောက်ပျက်ချုပ်ဆုံးမှု)မဟုတ်သော ရုပ်သည် ရှိ၏ 'ရူပဿ န အနိစ္စတာ' (အနိစ္စတာရုပ်မှ တပါးသော ရုပ်များ)။ (၃၄၁)

(၁) အလုတ်အလွေး ပြုအပ်သော အစာအာဟာရ ရုပ်သည် ရှိ၏ 'ကဗဠီကာရ အာဟာရ'၊ (၃၄၂)

(၂) အလုတ်အလွေး ပြုအပ်သော အစာအာဟာရ မဟုတ်သော ရုပ်သည် ရှိ၏ 'န ကဗဠီကာရ အာဟာရ' (အာဟာရရုပ်မှ တပါးသော ရုပ်များ)။ (၃၄၃)

ဤသို့ နှစ်ဘို့(နှစ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ဒုက ပြီး၏။

http://www.dhammadownload.com



## သုံးမျိုးသုံးစားအားဖြင့် ဟောကြားခြင်း'တိက'

### ပကိဏ္ဏကတိက်

သုံးဘို (သုံးစု)အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ' ကား—

၅၇၅။ (၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'[၁] ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိကဥပါဒါရုပ်ဖြစ်သော ပသာဒရုပ်ငါးခု)၊ (၃၄၄)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တပါးသော ဗာဟိရဥပါဒါရုပ်ဖြစ်သော ဥပါဒါရုပ်များ)၊ (၃၄၅)

(၃) မမှီတတ်သော 'နောဥပါဒါ' ရုပ်လည်း ရှိ၏ (မဟာဘုတ်လေးပါး)။ (၃၄၆)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်) သာဖြစ်၏ (အတွင်းသန္တာန်၌လည်းဖြစ်၍ တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံ၏အကျိုးတရားလည်း ဖြစ်သော အဇ္ဈတ္တိက ကမ္မဇ ပသာဒရုပ်ငါးခု)၊ (၃၄၇)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်)လည်း ရှိ၏(အပသန္တာန်၌လည်းဖြစ်၍ တဏှာဒိဋ္ဌိတို့ကပ်ရောက်အပ်သောကံ၏ အကျိုးတရားလည်းဖြစ်သော ပသာဒရုပ်မှ တပါးသော ဗာဟိရကမ္မဇရုပ်များ)၊ (၃၄၈)

(၃) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န'ရုပ် (ကမ္မဇမဟုတ်သောရုပ်)လည်း ရှိ၏ (ကမ္မဇရုပ်မဟုတ်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)။ (၃၄၉)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက် အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) လည်းဖြစ်သောရုပ်(ကိလေသာဥပါဒါန်၏

---

[၁]။ "အဇ္ဈတ္တိက"ဟူ၍ အမည်ပေးထားခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းသန္တာန်၌ဖြစ်သော အကြောင်းတခုတည်းကြောင့်သာ ပေးထားခြင်းမဟုတ်၊ စင်စစ်မှကား ကုသိုလ်အကုသိုလ်ကို ဖြစ်စေနိုင်သည့် ထူးခြားသော ကိစ္စ, သတ္တိများရှိ၍ ကိုယ် ခန္ဓာအား အလွန်အကျိုး အထူးပင်ကျေးဇူးများသောကြောင့် "အဇ္ဈတ္တိက"ဟူ၍ အမည်ပေးထားခြင်းဖြစ်သည်။ ထိုကြောင့် ပသာဒရုပ်ငါးခုသည်သာ "အဇ္ဈတ္တိက"ဟူသောအမည်ကို ရ၍ ကျန်သောဘာဝရုပ် ဇီဝိတရုပ် စသောရုပ်များသည် အတွင်းသန္တာန်၌ဖြစ်ကြသော်လည်း "အဇ္ဈတ္တိက"ဟူသော အမည်ကို မရနိုင်ချေ။ တနည်းအားဖြင့် အတွင်းအကျဆုံး ရုပ်များဟူ၍ ဆိုလိုသည်။

http://www.dhammadownload.com



အာရုံဖြစ်သောရုပ်)သာ ဖြစ်၏ (အဇ္ဈတ္တိက ဥပါဒိဏ္ဏုပါဒါနိယ ကမ္မဇပသာဒရုပ်)၊ (၇၅၀)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သော ရုပ် (တဏှာကိလေသာတို့၏ အာရုံ ဖြစ်သောရုပ်)လည်း ရှိ၏ (ပသာဒရုပ်မှ တပါးသော ဗာဟိရ ဥပါဒိဏ္ဏုပါဒါနိယ ကမ္မဇရုပ်များ)၊ (၇၅၁)

(၃) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏အဖြစ် ဖြင့်) မစွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်မဟုတ်သော ရုပ်ဖြစ်၍) လွန်စွာ စွဲလမ်းတတ် သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော ရုပ် (တဏှာ ကိလေ- သာတို့၏ စွဲလမ်းရာဖြစ်သောရုပ်) လည်း ရှိ၏ (ကမ္မဇရုပ်မဟုတ်သော ဗာဟိရအနုပါ- ဒိဏ္ဏုပါဒါနိယ စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)။ (၇၅၂)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုအတွင်း သန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော 'အနိဒဿန' ရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ဖြစ်၍ မမြင်အပ်သော ပသာဒရုပ်များ)၊ (၇၅၃)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော 'သနိဒဿန' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ ဖြစ်၍ မြင်အပ်သော ရူပါရုံ)၊ (၇၅၄)

(၃) မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော 'အနိဒဿန' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ မမြင်အပ်သော ရူပါရုံမှ တပါးသော 'ဗာဟိရ' ရုပ်များ)။ (၇၅၅)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိပါး (တိုက်ခိုက်) တတ်သည်၏အဖြစ် ထိပါး (တိုက်ခိုက်) ခြင်းနှင့် တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ဖြစ်၍ ထိပါးခြင်းနှင့်လည်း တကွဖြစ်သော သပ္ပဋိဃ ပသာဒရုပ်)၊ (၇၅၆)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိပါးတတ် သည်၏အဖြစ် ထိပါးခြင်းနှင့်တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ ဖြစ်၍ ထိပါးခြင်းနှင့် တကွဖြစ်သော ပသာဒရုပ်မှတပါးသော ဩဠာရိကရုပ် ၇-ပါး)၊ (၇၅၇)

(၃) ထိပါးတတ်သည်၏အဖြစ် ထိပါးခြင်းနှင့် တကွမဖြစ်သော 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ထိခိုက်၍မရသော သုခုမရုပ်)။ (၇၅၈)

http://www.dhammadownload.com



(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် (သက်ဆိုင်ရာကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ' ရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော, ဣန္ဒြေထိုက်သော ပသာဒရုပ်)၊ (၇၅၉)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် (သက်ဆိုင်ရာကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ဘာဝရုပ်, ဇီဝိတရုပ်)၊ (၇၆၀)

(၃) (သက်ဆိုင်ရာကိစ္စ၌) အစိုးရသည်မဟုတ် (အစိုးမရ)သော န ဣန္ဒြိယရုပ်သည်း ရှိ၏ (ပသာဒရုပ်ငါးခု၊ ဘာဝရုပ်နှစ်ခု၊ ဇီဝိတရုပ်ဟူသော ဣန္ဒြိယရုပ်ရှစ်ခုမှ တပါးသော နဣန္ဒြိယရုပ်များ)၊ (၇၆၁)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် မဟာဘုတ်မဟုတ်သောရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ဖြစ်၍ မဟာဘုတ်မဟုတ်သော ပသာဒရုပ်)၊ (၇၆၂)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မဟာဘုတ်ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်သော မဟာဘုတ်၄-ပါး)၊ (၇၆၃)

(၃) မဟာဘုတ်မဟုတ်သော ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ မဟာဘုတ်မဟုတ်သော ဥပါဒါရုပ်များ)။ (၇၆၄)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိမိ၏ အလိုဆန္ဒကို သိကြောင်းမဟုတ်သော 'နဝိညတ္တိ' ရုပ်တည်း (အတွင်းသန္တာန်၌ ဖြစ်၍ မိမိ၏အလိုဆန္ဒကို သိကြောင်းမဟုတ်သော ပသာဒရုပ်)၊ (၇၆၅)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိမိ၏ အလိုဆန္ဒကို သိကြောင်းဖြစ်သော 'ဝိညတ္တိ' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်းဖြစ်သော ဝိညတ္တိရုပ် ၂-ခု)၊ (၇၆၆)

(၃) မိမိ၏အလိုဆန္ဒကို သိကြောင်းမဟုတ်သော 'န ဝိညတ္တိ' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ ဖြစ်၍ မိမိ၏အလိုဆန္ဒကို သိကြောင်းမဟုတ်သော (ဝိညတ်ရုပ်မှတပါးသော) ဗာဟိရ ရုပ်များ)။ (၇၆၇)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် စိတ်ကြောင့်ဖြစ်သော 'စိတ္တသမုဋ္ဌာန်' မဟုတ်သော ရုပ်တည်း (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်ကြောင့်ဖြစ်သည်မဟုတ်သော ပသာဒရုပ် ၅-ခု)၊ (၇၆၈)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် စိတ်ကြောင့်ဖြစ်သော 'စိတ္တသမုဋ္ဌာန' ရုပ်လည်း ရှိ၏ (အပသန္တာန်၌လည်းဖြစ် စိတ်ကြောင့်လည်း ဖြစ်သော စိတ္တဇရုပ်)၊ (၇၆၉)

(၃) စိတ်ကြောင့်ဖြစ်သည်မဟုတ် (စိတ်ကြောင့်မဖြစ်)သော 'နစိတ္တသမုဋ္ဌာန' ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှတပါးသော, အပသန္တာန်၌ဖြစ်၍ စိတ်ကြောင့်ဖြစ်သည်မဟုတ်သော ကမ္မဇ, ဥတုဇ, အာဟာရဇ, ရုပ်များ)။ (၇၇၀)

http://www.dhammadownload.com



(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် စိတ်နှင့် တကွဖြစ်သည်မဟုတ် (စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်)သော 'နစိတ္တသဟဘု' ရုပ်တည်း (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်နှင့်အတူတကွမဖြစ်သော ပသာဒရုပ် ၅-ခု)၊ (၇၇၁)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် စိတ်နှင့်တကွ ဖြစ်သော 'စိတ္တသဟဘု'ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက်သော ဝိညတ္တိရုပ် ၂-ခု)၊ (၇၇၂)

(၃) စိတ်နှင့် တကွဖြစ်သည်မဟုတ်(စိတ်နှင့်အတူဖြစ်,အတူပျက်မဟုတ်)သော 'န စိတ္တသဟဘု' ရုပ်လည်း ရှိ၏(ဝိညတ်ရုပ်မှတပါးသော စိတ်နှင့် အတူဖြစ်,အတူပျက်မဟုတ်သော ဗာဟိရရုပ်များ)။ (၇၇၃)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သည် မဟုတ် (စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်)သော 'န စိတ္တာနုပရိဝတ္တိ'ရုပ်တည်း (အတွင်းသန္တာန်၌ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက်မဟုတ်သော ပသာဒရုပ် ၅-ခု)၊ (၇၇၄)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်,အတူပျက်ဖြစ်သော) 'စိတ္တာနုပရိဝတ္တိ' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ဖြစ်၍ စိတ်နှင့် အတူဖြစ်,အတူပျက်ဖြစ်သော ဝိညတ္တိရုပ် ၂-ခု)၊ (၇၇၅)

(၃) စိတ်သို့ အစဉ်လိုက်သည်မဟုတ် (စိတ်နှင့်အတူဖြစ်,အတူပျက်မဟုတ်)သော 'န စိတ္တာနုပရိဝတ္တိ'ရုပ်လည်း ရှိ၏ (စိတ်နှင့် အတူဖြစ်,အတူပျက်ဖြစ်သော (ဝိညတ်ရုပ်မှ တပါးသော)ဗာဟိရရုပ်များ)။ (၇၇၆)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ဖြစ်သော ကြမ်းတမ်းသော ပသာဒရုပ် ၅-ခု)၊ (၇၇၇)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (အပသန္တာန်၌ ဖြစ်၍ ကြမ်းတမ်းသော ပသာဒရုပ်မှတပါးသော သြဠာရိကရုပ်ခုနစ်ခု)၊ (၇၇၈)

(၃) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (သိမ်မွေ့သော အာပေါဓာတ်သော သုခုမရုပ်များ)။ (၇၇၉)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် နီးကပ် (သိလွယ်)သော 'သန္တိကေ' ရုပ်သာဖြစ်၏ (အတွင်းသန္တာန်၌ဖြစ်၍ နီးကပ်သော (သိလွယ်သော) ပသာဒရုပ် ၅-ခု)၊ (၇၈၀)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ဝေးကွာ (အသိခက်)သော 'ဒူရေ'ရုပ်လည်း ရှိ၏ (အပသန္တာန်၌ ဖြစ်၍ ဝေးကွာသော (အသိခက်သော) အာပေါဓာတ်သော ဒူရေရုပ်မှ သုခုမရုပ်များ)၊ (၇၈၁)

http://www.dhammadownload.com



(၃) နီးကပ်(သိလွယ်)သော 'သန္တိကေ' ရုပ်လည်း ရှိ၏ (နီးကပ်သော (သိလွယ်သော) ပသာဒရုပ်မှတပါးသော 'သန္တိကေ' ရုပ် (သြဠာရိကရုပ်) ခုနစ်ခု)။ (၇၈၂)

ပကိဏ္ဏကတိက် ပြီးပြီ။

---

**ဝတ္ထုတိက်**

(၁) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထို ရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာမဟုတ်သော 'နဝတ္ထု'ရုပ် တည်း (ဝိသယရုပ်,သုခုမရုပ်ဟူသော ဗာဟိရရုပ်များ)၊ (၇၈၃)

(၂) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ၏' မှီရာ တည်ရာဖြစ်သော 'ဝတ္ထု' ရုပ်လည်း ရှိ၏ (စက္ခုပသာဒ)၊ (၇၈၄)

(၃) မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'နဝတ္ထု'ရုပ်လည်း ရှိ၏ (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ၄-ခု)။ (၇၈၅)

(၁) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု'ဝေဒနာ'၏ ။ပ။ မှတ်သားမှု'သညာ'၏။ပ။ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'၏။ပ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၏မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်တည်း (ပသာဒရုပ်မှတပါးသော ရုပ်များ)၊ (၇၈၆)

(၂) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိ စိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (စက္ခုပသာဒ)၊ (၇၈၇)

(၃) မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ)။ (၇၈၈)

(၁) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ် (ဃာနဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ ။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ ။ပ။ ထိသိစိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာ တည်ရာ'ဝတ္ထု' မဟုတ်သော ရုပ်တည်း (ပသာဒရုပ်ငါးခုမှ တပါးသောရုပ်များ)၊ (၇၈၉)

(၂) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိ စိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (ကာယပသာဒ)၊ (၇၉၀)

(၃) ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သော ရုပ်လည်း ရှိ၏ (စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒ ၄-ခု)။ (၇၉၁)

http://www.dhammadownload.com



(၁) အကြောင်း အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'၏ ။ပ။ မှတ်သားမှု'သညာ'၏ ။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏ ။ပ။ ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သောရုပ်တည်း (ပသာဒ ရုပ်မှ တပါးသောရုပ်များ)၊ (၇၉၂)

(၂) အကြောင်း အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု' ရုပ်လည်း ရှိ၏(ကာယပသာဒ)၊ (၇၉၃)

(၃) ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒလေးခု)။ (၇၉၄)

ဝတ္ထုတိက် ပြီးပြီ။

---

### အာရမ္မဏတိက်

(၁) အကြောင်း အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၇၉၅)

(၂) အကြောင်း အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ရူပါရုံ)၊ (၇၉၆)

(၃) မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏ (ရူပါရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၇၉၇)

(၁) အကြောင်း အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'၏ ။ပ။ မှတ်သားမှု'သညာ'၏ ။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၇၉၈)

(၂) အကြောင်း အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ရူပါရုံ)၊(၇၉၉)

(၃) မြင်သိစိတ် 'စက္ခုဝိညာဏ်'၏အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏(ရူပါရုံမှတပါး သော ဗာဟိရရုပ်များ)။(၈၀၀)

(၁) အကြောင်း အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'သောတသမ္ဖဿ'၏ ။ပ။ နံသိစိတ် (ဃာနဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဃာနသမ္ဖဿ'၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဇိဝှါသမ္ဖဿ'၏ ။ပ။ ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၈၀၁)

http://www.dhammadownload.com



(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ'၏ အာရုံဖြစ်သော'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)၊ (၁၀၂)

(၃) ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၁၀၃)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏။ပ။ ထိသိစိတ်'ကာယဝိညာဏ်'၏ အာရုံမဟုတ်သော'နာရမ္မဏ'ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၁၀၄)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ အာရုံဖြစ်သော'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)၊(၁၀၅)

(၃) ထိသိစိတ်'ကာယဝိညာဏ်'၏ အာရုံမဟုတ်သော'နာရမ္မဏ'ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၁၀၆)

အာရမ္မဏတိက် ပြီးပြီ။

---

### အာယတနတိက်

(၁) အကြင် အပသန္တာန်၌ဖြစ်သော'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'မမည်သော ရုပ်တည်း (အပသန္တာန်၌ ဖြစ်၍ စက္ခာယတနမမည်သော ဗာဟိရ ရုပ်များ)၊ (၁၀၇)

(၂) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သော ရုပ်လည်း ရှိ၏ (စက္ခုပသာဒ)၊(၁၀၈)

(၃) မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန' မမည်သော ရုပ်လည်း ရှိ၏ (သောတ,ဃာန, ဇိဝှါ,ကာယပသာဒ)။(၁၀၉)

(၁) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန' မမည်သော ရုပ်တည်း။ပ။ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' မမည်သော ရုပ်တည်း။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည်'ဇိဝှါယတန'မမည်သော ရုပ်တည်း။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'မမည် သောရုပ်တည်း (ဗာဟိရရုပ်များ)၊ (၁၁၀)

(၂) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မည်သော ရုပ်လည်း ရှိ၏ (ကာယပသာဒ)၊ (၁၁၁)

http://www.dhammadownload.com



(၃) ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'မမည်သော ရုပ်လည်း ရှိ၏ (စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒ)။ (၁၁၂)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၁၁၃)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုအပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မည်သော ရုပ်လည်း ရှိ၏ (ရူပါရုံ)၊(၁၁၄)

(၃) မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သောရုပ်လည်း ရှိ၏ (ရူပါရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၁၁၅)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ် သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'မမည်သော ရုပ်တည်း။ပ။ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မမည်သော ရုပ်တည်း။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန' မမည်သော ရုပ်တည်း ။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော ရုပ်တည်း(ပသာဒရုပ် ငါးခု)၊ (၁၁၆)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုအပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန' မည်သော ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)၊(၁၁၇)

(၃) ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'မမည်သော ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၁၁၈)

အာယတနတိက် ပြီးပြီ။

---

## ဓာတုတိက်

(၁) အကြင် အပသန္တာန်၌ဖြစ်သော'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်မှုသဘော 'စက္ခုဓာတု'မမည်သော ရုပ်တည်း (ပသာဒရုပ်မှ တပါးသော ရုပ်များ)၊ (၁၁၉)

(၂) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်မှုသဘော 'စက္ခုဓာတု'မည်သောရုပ်လည်း ရှိ၏ (စက္ခုပသာဒ)၊ (၁၂၀)

(၃) မြင်မှုသဘော 'စက္ခုဓာတု'မမည်သော ရုပ်လည်း ရှိ၏ (သောတ, ဃာန, ဇိဝှါ,ကာယပသာဒ)။ (၁၂၁)

(၁) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားမှုသဘော 'သောတဓာတု' မမည်သော ရုပ်တည်း။ပ။ နံမှုသဘော 'ဃာနဓာတု' မမည်သော

http://www.dhammadownload.com



ရုပ်တည်း။ပ။ လျက်မှုသဘော 'ဇိဝှါဓာတု' မပည်သောရုပ်တည်း ။ပ။ ထိမှုသဘော 'ကာယဓာတု' မမည်သော ရုပ်တည်း (ပသာဒရုပ်မှ တပါးသောရုပ်များ)၊ (၈၂၂)

(၂) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိမှုသဘော 'ကာယဓာတု'မည်သော ရုပ်လည်း ရှိ၏ (ကာယပသာဒ)၊ (၈၂၃)

(၃) ထိမှုသဘော 'ကာယဓာတု' မမည်သော ရုပ်လည်း ရှိ၏ (စက္ခု, သောတ, ဃာန,ဇိဝှါ-ပသာဒ)။ (၈၂၄)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မမည်သော ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၈၂၅)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော'ဗာဟိရ'ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မည်သော ရုပ်လည်း ရှိ၏ ((ရူပါရုံ)၊(၈၂၆)

(၃) အဆင်းသဘော'ရူပဓာတု 'မမည်သော ရုပ်လည်း ရှိ၏ (ရူပါရုံမှ တပါးသော ဗာဟိရ ရုပ်များ)။ (၈၂၇)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အသံ သဘော 'သဒ္ဒဓာတု' မမည်သော ရုပ်တည်း ။ပ။ အနံ့သဘော 'ဂန္ဓဓာတု' မမည်သော ရုပ်တည်း။ပ။ အရသာသဘော 'ရသဓာတု' မမည်သော ရုပ်တည်း။ပ။ အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတု'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၈၂၈)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတု'မည်သော ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)၊ (၈၂၉)

(၃) အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတု'မမည်သော ရုပ်လည်း ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရရုပ်များ)။ (၈၃၀)

ဓာတုတိက် ပြီးပြီ။

---

## ဣန္ဒြိယတိက်

(၁) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မမည်သော ရုပ်တည်း (ပသာဒရုပ်မှ တပါးသော ရုပ်များ)၊ (၈၃၁)

(၂) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (စက္ခုပသာဒ)၊ (၈၃၂)

(၃) မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ)။ (၈၃၃)

http://www.dhammadownload.com



(၁) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ'မမည်သော ရုပ်တည်း။ပ။နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မမည်သော ရုပ်တည်း။ပ။လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'မမည်သော ရုပ်တည်း။ပ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သော ရုပ်တည်း (ပသာဒရုပ်မှတပါးသောရုပ်များ)၊ (၁၃၄)

(၂) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ကာယပသာဒ)၊ (၁၃၅)

(၃) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒ)။ (၁၃၆)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိန်းမဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၃၇)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိန်းမဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ဣတ္ထိဘာဝရုပ်)၊ (၁၃၈)

(၃) မိန်းမဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (ဣတ္ထိဘာဝရုပ်မှ တပါးသော ဗာဟိရရုပ်များ)။ (၁၃၉)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ယောကျ်ားဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၄၀)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ယောကျ်ားဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ပုရိသဘာဝရုပ်)၊ (၁၄၁)

(၃) ယောကျ်ားဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သောရုပ်လည်း ရှိ၏ (ပုရိသဘာဝရုပ်မှတပါးသော ဗာဟိရရုပ်များ)။ (၁၄၂)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၄၃)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော'ဗာဟိရ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ဇီဝိတရုပ်)၊ (၁၄၄)

(၃) အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (ဇီဝိတရုပ်မှ တပါးသော ဗာဟိရရုပ်များ)။ (၁၄၅)

တိန္ဒြိယတိက် ပြီးပြီ။

http://www.dhammadownload.com



## သုစုမန္ဒရူပတိက်

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိမိ၏ အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'မမည်သော ရုပ်တည်း(ပသာဒရုပ်ငါးခု)၊ (၈၄၆)

(၂) အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိမိ၏ အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'မည်သော ရုပ်လည်း ရှိ၏ (ကာယဝိညတ်)၊ (၈၄၇)

(၃) မိမိ၏အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'မမည်သော ရုပ်လည်း ရှိ၏ (ကာယဝိညတ်မှ တပါးသော ဗာဟိရရုပ်များ)။ (၈၄၈)

(၁) အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မိမိ၏ အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၈၄၉)

(၂) အကြင် အပသန္တာန်၌ဖြစ်သော'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ထိုရုပ်သည် မိမိ၏အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'မည်သော ရုပ်လည်း ရှိ၏ (ဝစီဝိညတ်)၊ (၈၅၀)

(၃) မိမိ၏အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'မမည်သော ရုပ်လည်း ရှိ၏ (ဝစီဝိညတ်မှတပါးသော ဗာဟိရရုပ်များ)။ (၈၅၁)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသောဟင်းလင်း)သဘော 'အာကာသဓာတ်'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၈၅၂)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသောဟင်းလင်း)သဘော 'အာကာသဓာတ်'မည်သော ရုပ်လည်း ရှိ၏ (ပရိစ္ဆေဒရုပ်)၊ (၈၅၃)

(၃) မရေးခြစ်အပ်သော (ရေးခြစ်၍ မရသောဟင်းလင်း)သဘော 'အာကာသဓာတ်' မမည်သော ရုပ်လည်း ရှိ၏ (ပရိစ္ဆေဒရုပ်မှတပါးသော ဗာဟိရရုပ်များ)။ (၈၅၄)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ဖွဲ့စည်းမှု (ရေ)ဟူသောသဘော 'အာပေါဓာတ်'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၈၅၅)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ထိုရုပ်သည် ဖွဲ့စည်းမှု (ရေ) ဟူသောသဘော 'အာပေါဓာတ်'မည်သော ရုပ်လည်း ရှိ၏ (အာပေါဓာတ်)၊ (၈၅၆)

(၃) ဖွဲ့စည်းမှု (ရေ)ဟူသောသဘော 'အာပေါဓာတ်'မမည်သော ရုပ်လည်း ရှိ၏ (အာပေါဓာတ်မှတပါးသော ဗာဟိရရုပ်များ)။ (၈၅၇)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၈၅၈)

http://www.dhammadownload.com



(၂) အကြောင်း အပသန္တာနိ၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ လျှင်မြန် ပေါ့ပါးမှု 'ရူပဿ လဟုတာ'မည်သော ရုပ်လည်း ရှိ၏ (ရူပဿလဟုတာ)၊ (၁၅၉)

(၃) ရုပ်၏ လျှင်မြန်ပေါ့ပါးမှု'ရူပဿ လဟုတာ' မမည်သော ရုပ်လည်း ရှိ၏ (ရူပဿလဟုတာ မှတပါးသော ဗာဟိရရုပ်များ)။ (၁၆၀)

(၁) အကြောင်း အတွင်းသန္တာနိ၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'မည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၆၁)

(၂) အကြောင်း အပသန္တာနိ၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'မည်သော ရုပ်လည်း ရှိ၏ (ရူပဿ မုဒုတာ)၊ (၁၆၂)

(၃) ရုပ်၏နူးညံ့မှု'ရူပဿမုဒုတာ'မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ မုဒုတာရုပ်မှတပါးသော ဗာဟိရရုပ်များ)။ (၁၆၃)

(၁) အကြောင်း အတွင်းသန္တာနိ၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၆၄)

(၂) အကြောင်း အပသန္တာနိ၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မည်သော ရုပ်လည်း ရှိ၏ (ရူပဿ ကမ္မညတာ)၊ (၁၆၅)

(၃) ရုပ်၏ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ ကမ္မညတာမှတပါးသော ဗာဟိရ ရုပ်များ)။ (၁၆၆)

(၁) အကြောင်း အတွင်းသန္တာနိ၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၆၇)

(၂) အကြောင်း အပသန္တာနိ၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'မည်သောရုပ်လည်း ရှိ၏ (ရူပဿ ဥပစယ)၊ (၁၆၈)

(၃) ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ' မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ ဥပစယမှတပါးသော ဗာဟိရရုပ်များ)။ (၁၆၉)

(၁) အကြောင်း အတွင်းသန္တာနိ၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'မမည်သောရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၁၇၀)

(၂) အကြောင်း အပသန္တာနိ၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'မည်သောရုပ်လည်း ရှိ၏ (ရူပဿ သန္တတိ)၊ (၁၇၁)

(၃) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ သန္တတိမှ တပါးသော ဗာဟိရရုပ်များ)။ (၁၇၂)

http://www.dhammadownload.com



(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'မမည်သော ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၇၇၃)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'မည်သော ရုပ်လည်း ရှိ၏ (ရူပဿ ဇရတာ)၊ (၇၇၄)

(၃) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ ဇရတာမှတပါးသော ဗာဟိရရုပ်များ)။ (၇၇၅)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု 'ရူပဿ အနိစ္စတာ'မမည်သော ရုပ်တည်း (ပသာဒရုပ်ငါးခု)၊ (၇၇၆)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ရုပ်၏(ချုပ်ပျက်၍)မမြဲမှု 'ရူပဿ အနိစ္စတာ'မည်သော ရုပ်လည်း ရှိ၏ (ရူပဿ အနိစ္စတာ)၊ (၇၇၇)

(၃) ရုပ်၏(ချုပ်ပျက်၍)မမြဲမှု 'ရူပဿ အနိစ္စတာ'မမည်သော ရုပ်လည်း ရှိ၏ (ရူပဿ အနိစ္စတာမှတပါးသော ဗာဟိရရုပ်များ)။ (၇၇၈)

(၁) အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အလုတ် အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'မမည်သော ရုပ်တည်း (ပသာဒရုပ် ငါးခု)၊ (၇၇၉)

(၂) အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အလုတ် အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'မည်သော ရုပ်လည်း ရှိ၏ (ကဗဠီကာရအာဟာရ)၊ (၇၈၀)

(၃) အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'မမည်သော ရုပ်လည်း ရှိ၏ (ကဗဠီကာရအာဟာရမှတပါးသော ဗာဟိရရုပ်များ)။ (၇၈၁)

ဤသို့ သုံးဘို့(သုံးစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

**သုံးမျိုးသုံးစားအားဖြင့် ဟောကြားခြင်း 'တိက' ပြီးပြီ။**

---

**လေးမျိုးလေးစားအားဖြင့် ဟောကြားခြင်း 'စတုက္က'**

လေးဘို့ (လေးစု)အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၈၆။ (၁) အကြင် မှီတတ်သော 'ဥပါဒါ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်)လည်း ရှိ၏ (တဏှာဒိဋ္ဌိတို့ဦးစီးသော ကံ၏အကျိုးတရားဖြစ်သော ကမ္မဇ ဥပါဒါရုပ်)၊ (၇၈၂)

http://www.dhammadownload.com



(၂) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက် အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န'ရုပ် (ကမ္မဇရုပ်မဟုတ်သောရုပ်)လည်း ရှိ၏ (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုးတရားမဟုတ်သော တိဇ-ဥပါဒါရုပ်)၊ (၈၈၃)

(၃) အကြောင် မမှီတတ်သော 'နောဥပါဒါ'ရုပ်သည်(ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်)လည်း ရှိ၏ (တဏှာဒိဋ္ဌိတို့ဦးစီးသော ကံ၏အကျိုးတရား ဖြစ်သော ကမ္မဇ-မဟာဘုတ်ရုပ်)၊ (၈၈၄)

(၄) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ် မဟုတ်သောရုပ်)လည်း ရှိ၏(တဏှာဒိဋ္ဌိတို့ဦးစီးသော ကံ၏ အကျိုးတရားမဟုတ်သော တိဇ-မဟာဘုတ်ရုပ်)။ (၈၈၅)

(၁) အကြောင် မှီတတ်သော 'ဥပါဒါ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး( အာရုံ )လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံလည်း ဖြစ်သော)'ဥပါဒိန္နုပါဒါနိယ'ရုပ်လည်း ရှိ၏(တဏှာ ဒိဋ္ဌိတို့ ဦးစီးသည့် ကံ၏ အကျိုး တရားဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သော ကမ္မဇ-ဥပါဒါရုပ်)၊(၈၈၆)

(၂) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) မစွဲယူအပ်ကုန်မူ၍ (ကမ္မဇရုပ် မဟုတ်) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ)သာဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံသာဖြစ်သော) 'အနုပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (တဏှာဒိဋ္ဌိတို့ ဦးစီးသည့် ကံ၏အကျိုးကား မဟုတ်၊ သို့သော် ဥပါဒါန်၏ အာရုံဖြစ်သော တိဇ-ဥပါဒါရုပ်)၊ (၈၈၇)

(၃) အကြောင် မမှီတတ်သော 'နောဥပါဒါ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အစီးအပွါး(အာရုံ) လည်းဖြစ်သော(တဏှာဒိဋ္ဌိတို့၏ အာရုံလည်းဖြစ်သော)'ဥပါဒိန္နုပါဒါနိယ'ရုပ်လည်း ရှိ၏(တဏှာဒိဋ္ဌိတို့ ဦးစီးသည့် ကံ၏ အကျိုးတရားဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သော ကမ္မဇ-မဟာဘုတ်ရုပ်)၊ (၈၈၈)

(၄) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) မစွဲယူအပ်ကုန်မူ၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အစီးအပွါး (အာရုံ)သာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ'ရုပ်လည်း ရှိ၏ (တဏှာဒိဋ္ဌိတို့ ဦးစီးသည့် ကံ၏ အကျိုးကား မဟုတ်၊သို့သော် ဥပါဒါန်၏ အာရုံဖြစ်သော တိဇ-မဟာဘုတ်ရုပ်)။ (၈၈၉)

(၁) အကြောင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (သြဠာရိက-ဥပါဒါရုပ်)၊ (၈၉၀)

http://www.dhammadownload.com



(၂) ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွမဖြစ်သော 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (သုခုမ-ဥပါဒါရုပ်)၊ (၈၉၁)

(၃) အကြောင် မမှီတတ်သော ' နောဥပါဒါ ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဩဠာရိက-မဟာ-ဘုတ်ရုပ်)၊ (၈၉၂)

(၄) ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (သုခုမ-မဟာဘုတ်ရုပ်) (အာပေါရုပ်)။ (၈၉၃)

(၁) အကြောင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏ (ဩဠာရိက-ဥပါဒါရုပ်)၊ (၈၉၄)

(၂) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (သုခုမ-ဥပါဒါရုပ်)၊ (၈၉၅)

(၃) အကြောင် မမှီတတ်သော 'နောဥပါဒါ'ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ဩဠာရိက-မဟာဘုတ်ရုပ်)၊ (၈၉၆)

(၄) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (သုခုမ-မဟာဘုတ်ရုပ်) (အာပေါရုပ်)။ (၈၉၇)

(၁) အကြောင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (သုခုမ-ဥပါဒါရုပ်)၊ (၈၉၈)

(၂) နီးကပ်သော(သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏(ဩဠာရိက-ဥပါဒါရုပ်)၊ (၈၉၉)

(၃) အကြောင် မမှီတတ်သော 'နောဥပါဒါ' ရုပ်သည် (ရှိ၏)၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (သုခုမ-မဟာဘုတ်ရုပ်)၊ (၉၀၀)

(၄) နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဩဠာရိက-မဟာဘုတ်ရုပ်)။ (၉၀၁)

(၁) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်)သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားဖြစ်သောရုပ်)၊ ထိုရုပ်သည် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွဖြစ်သော 'သနိဒဿန' ရုပ်လည်း ရှိ၏ (ရူပါရုံဟူသော သနိဒဿန ကမ္မဇရုပ်)၊ (၉၀၂)

(၂) မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့်တကွ မဖြစ်သော 'အနိဒဿန'ရုပ်လည်း ရှိ၏ (အနိဒဿန-ကမ္မဇရုပ်)၊ (၉၀၃)

(၃) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န'ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရား မဟုတ်သောရုပ်)၊ ထိုရုပ်သည် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွဖြစ်သော ' သနိဒဿန 'ရုပ်လည်း ရှိ၏ (သနိဒဿန-တိဇရုပ်)၊ (၉၀၄)

http://www.dhammadownload.com



(၄) မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန'ရုပ်လည်း ရှိ၏ (အနိဒဿန-တိကရုပ်)။ (၉၀၅)

(၁) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိဏ္ဏ'ရုပ် (ကမ္မဇရုပ်)သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားဖြစ်သောရုပ်)၊ ထိုရုပ်သည် ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၀၆)

(၂) ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၀၇)

(၃) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိဏ္ဏ'ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားမဟုတ်သောရုပ်)၊ ထိုရုပ်သည် ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ရူပ,သဒ္ဒ,ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗဟူသော အနုပါဒိဏ္ဏသပ္ပဋိဃရုပ်)၊ (၉၀၈)

(၄) ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (အနုပါဒိဏ္ဏ-အပ္ပဋိဃရုပ်)။ (၉၀၉)

(၁) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိဏ္ဏ'ရုပ် (ကမ္မဇရုပ်)သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားဖြစ်သောရုပ်)၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်လည်း ရှိ၏ (ကမ္မဇ-မဟာဘုတ်)၊ (၉၁၀)

(၂) ကြီးကျယ်ထင်ရှားသည် မဟုတ်သော ( န မဟာဘူတ )ရုပ်လည်း ရှိ၏ ( ကမ္မဇ ဥပါဒါရုပ် )၊ (၉၁၁)

(၃) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိဏ္ဏ'ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားမဟုတ်သောရုပ်)၊ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်လည်း ရှိ၏ (တိဇ-မဟာဘုတ်)၊ (၉၁၂)

(၄) ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (တိဇ-ဥပါဒါရုပ်)။ (၉၁၃)

(၁) အကြောင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိဏ္ဏ'ရုပ် (ကမ္မဇရုပ်)သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသောကံ၏ အကျိုးတရားဖြစ်သောရုပ်)၊ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၁၄)

(၂) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၁၅)

- http://www.dhammadownload.com



(၃) အကြင် အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားမဟုတ်သောရုပ်)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (တိဇ-ဩဠာရိကရုပ်)၊ (၉၁၆)

(၄) သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (တိဇ-သုခုမရုပ်)။ (၉၁၇)

(၁) အကြင်အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားဖြစ်သောရုပ်)၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၁၈)

(၂) နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၁၉)

(၃) အကြင် အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားမဟုတ်သောရုပ်)၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (တိဇ-သုခုမရုပ်)၊ (၉၂၀)

(၄) နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (တိဇ-ဩဠာရိကရုပ်)။ (၉၂၁)

(၁) အကြင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏ အကျိုးတရားလည်းဖြစ် ဥပါဒါန်၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သောရုပ်)၊ ထိုရုပ်သည် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွဖြစ်သော 'သနိဒဿန' ရုပ်လည်း ရှိ၏ (ကမ္မဇ-ရူပါရုံ)၊ (၉၂၂)

(၂) မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော 'အနိဒဿန' ရုပ်လည်း ရှိ၏ (ရူပါရုံမှ တပါးသော ကမ္မဇရုပ်များ)၊ (၉၂၃)

(၃) အကြင်အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်မူ၍ လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) သာ ဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုးတရားမဟုတ် ဥပါဒါန်တို့၏အစီးအပွါး (အာရုံ) သာ ဖြစ်သော ရုပ်)၊ ထိုရုပ်သည် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော 'သနိဒဿန' ရုပ်လည်း ရှိ၏ (တိဇ-ရူပါရုံ)၊ (၉၂၄)

(၄) မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွမဖြစ်သော 'အနိဒဿန' ရုပ်လည်း ရှိ၏ (ရူပါရုံမှ တပါးသော တိဇရုပ်များ)။ (၉၂၅)

http://www.dhammadownload.com



(၁) အကြင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံလည်း ဖြစ်သော) 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ဦးစီးသော ကံ၏အကျိုးလည်းဖြစ် ဥပါဒါန်၏အစီးအပွါး(အာရုံ)လည်းဖြစ်သောရုပ်)၊ ထိုရုပ်သည် ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၂၆)

(၂) ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၂၇)

(၃) အကြင် အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်မူ၍ (ကမ္မဇရုပ်မဟုတ်)လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)သာဖြစ်သောရုပ်)၊ ထိုရုပ်သည် ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏(တိဇ-ဩဠာရိကရုပ်)၊ (၉၂၈)

(၄) ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ မဖြစ်သော 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (တိဇ-သုခုမရုပ်)။ (၉၂၉)

(၁) အကြင် အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည်(အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍(ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သော) 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည်(ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုး လည်းဖြစ် ဥပါဒါန်၏အစီးအပွါး(အာရုံ)လည်း ဖြစ်သောရုပ်)၊ ထိုရုပ်သည် ကြီးကျယ် ထင်ရှားသော 'မဟာဘူတ'ရုပ်လည်း ရှိ၏ (ကမ္မဇ-မဟာဘူတရုပ်)၊ (၉၃၀)

(၂) ကြီးကျယ်ထင်ရှားသည် မဟုတ်သော'န မဟာဘူတ'ရုပ်လည်း ရှိ၏ (ကမ္မဇ-ဥပါဒါရုပ်)၊ (၉၃၁)

(၃) အကြင် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည်(အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်မူ၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ)သာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် (ရှိ၏) (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်သောရုပ်)၊ ထိုရုပ်သည် ကြီးကျယ် ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (တိဇ-မဟာဘူတရုပ်)၊ (၉၃၂)

(၄) ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (တိဇ-ဥပါဒါရုပ်)။ (၉၃၃)

http://www.dhammadownload.com



(၁) အကြင်အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) 'ဥပါဒိဏ္ဏုပါဒါနိယ' ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့ ဦးစီးသော ကံ၏အကျိုးလည်းဖြစ် ဥပါဒါန်၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သောရုပ်)၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၃၄)

(၂) သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၃၅)

(၃) အကြင်အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်မူ၍ (ကမ္မဇရုပ်မဟုတ်သော ရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) 'အနုပါဒိဏ္ဏုပါဒါနိယ' ရုပ်သည် (ရှိ၏)၊ ထို (အနုပါဒိဏ္ဏုပါဒါနိယ) ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (တိဇ-ဩဠာရိကရုပ်)၊ (၉၃၆)

(၄) သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (တိဇ-သုခုမရုပ်)။ (၉၃၇)

(၁) အကြင်အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်သည်ဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး ( အာရုံ ) လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံလည်းဖြစ်သော) 'ဥပါဒိဏ္ဏုပါဒါနိယ' ရုပ်သည် (ရှိ၏)၊ ထို (ဥပါဒိဏ္ဏုပါဒါနိယ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ကမ္မဇ-သုခုမရုပ်)၊ (၉၃၈)

(၂) နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ကမ္မဇ-ဩဠာရိကရုပ်)၊ (၉၃၉)

(၃) အကြင်အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်မူ၍ (ကမ္မဇရုပ်မဟုတ်သော ရုပ်ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော (တဏှာဒိဋ္ဌိတို့၏အာရုံသာ ဖြစ်သော) 'အနုပါဒိဏ္ဏုပါဒါနိယ' ရုပ်သည် (ရှိ၏)၊ ထို (အနုပါဒိဏ္ဏုပါဒါနိယ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (တိဇ-သုခုမရုပ်)၊ (၉၄၀)

(၄) နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (တိဇ-ဩဠာရိကရုပ်)။ (၉၄၁)

(၁) အကြင်ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်သည် (ရှိ၏)၊ ထို (သပ္ပဋိဃ) ရုပ်သည် အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဣန္ဒြိယ-ဩဠာရိကရုပ်)၊ (၉၄၂)

(၂) အစိုးရမှု 'ဣန္ဒြေ' မမည်သော 'န ဣန္ဒြေ' ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-ဩဠာရိကရုပ်)၊ (၉၄၃)

(၃) အကြင်ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် ယှဉ်ကွ မဖြစ်သော 'အပ္ပဋိဃ' ရုပ်သည် (ရှိ၏)၊ ထို (အပ္ပဋိဃ) ရုပ်သည် အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဣန္ဒြိယ-သုခုမရုပ်)၊ (၉၄၄)

http://www.dhammadownload.com



(၄) အစိုးရမှု'ဣန္ဒြေ'မမည်သော 'နဣန္ဒြေ'ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-သုခုမရုပ်)။ (၉၄၅)

(၁) အကြင်ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ' ရုပ်သည် (ရှိ၏)၊ ထို(သပ္ပဋိဃ)ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်လည်း ရှိ၏ (မဟာဘူတ-ဩဠာရိကရုပ်)၊ (၉၄၆)

(၂) ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ'ရုပ်လည်း ရှိ၏ (ဥပါဒါ-ဩဠာရိကရုပ်)၊ (၉၄၇)

(၃) အကြင်ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ' ရုပ်သည် (ရှိ၏)၊ ထို(အပ္ပဋိဃ) ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်လည်း ရှိ၏ (မဟာဘူတ-သုခုမရုပ်) (အာပေါဓာတ်)၊ (၉၄၈)

(၄) ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (ဥပါဒါ-သုခုမရုပ်)။ (၉၄၉)

(၁) အကြင်အစိုးရမှု 'ဣန္ဒြေ'မည်သော ရုပ်သည် (ရှိ၏)၊ ထိုအစိုးရမှု 'ဣန္ဒြေ'မည်သော ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏(ဣန္ဒြိယ-ဩဠာရိကရုပ်)၊ (၉၅၀)

(၂) သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဣန္ဒြိယ-သုခုမရုပ်)၊ (၉၅၁)

(၃) အကြင် အစိုးရမှု 'ဣန္ဒြေ'မမည်သော ရုပ်သည် (ရှိ၏)၊ ထိုအစိုးရမှု 'ဣန္ဒြေ' မမည်သော ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-ဩဠာရိကရုပ်)၊ (၉၅၂)

(၄) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-သုခုမရုပ်)။ (၉၅၃)

(၁) အကြင် အစိုးရမှု 'ဣန္ဒြေ'မည်သော ရုပ်သည် (ရှိ၏)၊ ထိုအစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (ဣန္ဒြိယ သုခုမရုပ်)၊ (၉၅၄)

(၂) နီးကပ်သော(သိလွယ်သော)'သန္တိကေ'ရုပ်လည်း ရှိ၏(ဣန္ဒြိယ-ဩဠာရိကရုပ်)၊(၉၅၅)

(၃) အကြင် အစိုးရမှု 'ဣန္ဒြေ'မမည်သော ရုပ်သည် (ရှိ၏)၊ ထိုအစိုးရမှု 'ဣန္ဒြေ' မမည်သော ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-သုခုမရုပ်)၊ (၉၅၆)

(၄) နီးကပ်သော (သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (အနိန္ဒြိယ-ဩဠာရိကရုပ်)။ (၉၅၇)

(၁) အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် (ရှိ၏)၊ ထိုကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏ (မဟာဘူတ-ဩဠာရိကရုပ်)၊ (၉၅၈)

(၂) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (မဟာဘူတ-သုခုမရုပ်)(အာပေါဓာတ်)၊(၉၅၉)

http://www.dhammadownload.com



(၃) အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'မမည်သော ရုပ်သည် (ရှိ၏)၊ ထို ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'မမည်သော ရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (ဥပါဒါ-သြဠာရိကရုပ်)၊ (၉၆၀)

(၄) သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဥပါဒါ-သုခုမရုပ်)။ (၉၆၁)

(၁) အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် (ရှိ၏)၊ ထိုကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (မဟာဘူတ-သုခုမရုပ်) (အာပေါဓာတ်)၊ (၉၆၂)

(၂) နီးကပ်သော (သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (မဟာဘူတ-သြဠာရိကရုပ်)၊ (၉၆၃)

(၃) အကြင် ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'နမဟာဘူတ'ရုပ်သည် (ရှိ၏)၊ ထို ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'နမဟာဘူတ'ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (ဥပါဒါ-သုခုမရုပ်)၊ (၉၆၄)

(၄) နီးကပ်သော(သိလွယ်သော)'သန္တိကေ'ရုပ်လည်း ရှိ၏ (ဥပါဒါ-သြဠာရိကရုပ်)။(၉၆၅)

(၁) မြင်အပ်သော 'ဒိဋ္ဌ'ရုပ်သည် (ရှိ၏) (ရူပါရုံ)၊ (၉၆၆)

(၂) ကြားအပ်သော 'သုတ'ရုပ်သည် (ရှိ၏) (သဒ္ဒါရုံ)၊ (၉၆၆)

(၃) (နှာခေါင်း, လျှာ, ကာယဝိညာဉ်ဖြင့်) သိအပ်သော 'မုတ'ရုပ်သည် ရှိ၏ (ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ)၊ (၉၆၆)

(၄) (စိတ်ဖြင့်) သိအပ်သော 'ဝိညာတ'ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။ (၉၆၆)

ဤသို့ လေးဆို့ (လေးစု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

လေးမျိုးလေးစားအားဖြင့် ဟောကြားခြင်း 'စတုက္က' ပြီးပြီ၊

---

**ငါးမျိုး ငါးစားအားဖြင့် ဟောကြားခြင်း 'ပဉ္စက'**

ငါးဆို့ (ငါးစု) အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၇၇။ (၁) မြေဟူသော သဘော 'ပထဝီဓာတ်'သည် (ရှိ၏)၊ (၉၆၇)

(၂) ရေဟူသော သဘော 'အာပေါဓာတ်'သည် (ရှိ၏)၊ (၉၆၈)

(၃) မီးဟူသော သဘော 'တေဇောဓာတ်'သည် (ရှိ၏)၊ (၉၆၉)

(၄) လေဟူသော သဘော 'ဝါယောဓာတ်'သည် (ရှိ၏)၊ (၉၇၀)

(၅) ယင်းသဘာဝ 'ဓာတ်'လေးပါးကို မှီတတ်သော 'ဥပါဒါ'ရုပ်သည်(ရှိ၏)။ (၉၇၁)

ဤသို့ ငါးဆို့ (ငါးစု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ငါးမျိုးငါးစားအားဖြင့် ဟောကြားခြင်း 'ပဉ္စက' ပြီးပြီ။

http://www.dhammadownload.com



## ခြောက်မျိုး ခြောက်စားအားဖြင့် ဟောကြားခြင်း 'ဆက္က'

ခြောက်ဘို့ (ခြောက်စု) အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၈၈။ (၁) စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည် (ရှိ၏)(ရူပါရုံ)၊ (၉၇၂)

(၂) သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ'ရုပ်သည် (ရှိ၏)(သဒ္ဒါရုံ)၊ (၉၇၂)

(၃) ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ'ရုပ်သည် (ရှိ၏) (ဂန္ဓာရုံ)၊ (၉၇၂)

(၄) ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည်(ရှိ၏) (ရသာရုံ)၊ (၉၇၂)

(၅) ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ'ရုပ်သည်(ရှိ၏) (ဖောဋ္ဌဗ္ဗာရုံ)၊ (၉၇၂)

(၆) မနောဝိညာဏ်ဖြင့် သိအပ်သော'မနောဝိညေယျ'ရုပ်သည်(ရှိ၏) (ရုပ်အားလုံး)။ (၉၇၂)

ဤသို့ ခြောက်ဘို့ (ခြောက်စု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ခြောက်မျိုးခြောက်စားအားဖြင့် ဟောကြားခြင်း 'ဆက္က' ပြီးပြီ။

---

## ခုနစ်မျိုး ခုနစ်စားအားဖြင့် ဟောကြားခြင်း'သတ္တက'

ခုနစ်ဘို့ (ခုနစ်စု) အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၈၉။ (၁) စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည်(ရှိ၏) (ရူပါရုံ)၊(၉၇၃)

(၂) သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ'ရုပ်သည်(ရှိ၏) (သဒ္ဒါရုံ)၊ (၉၇၃)

(၃) ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ'ရုပ်သည် (ရှိ၏) (ဂန္ဓာရုံ)၊ (၉၇၃)

(၄) ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည် (ရှိ၏)(ရသာရုံ)၊ (၉၇၃)

(၅) ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ'ရုပ်သည် (ရှိ၏) (ဖောဋ္ဌဗ္ဗာရုံ)၊ (၉၇၃)

(၆) (ပဉ္စာရုံကို) သိကာမျှ သဘော 'မနောဓာတ်'ဖြင့် သိအပ်သော 'မနောဓာတု-ဝိညေယျ'ရုပ်သည် (ရှိ၏) (ရူပါရုံစသော အာရုံငါးပါး)၊ (၉၇၃)

(၇) (အာရုံခြောက်ပါးလုံးကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ'ရုပ်သည် (ရှိ၏) (ရုပ်အားလုံး)။ (၉၇၃)

ဤသို့ ခုနစ်ဘို့ (ခုနစ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ခုနစ်မျိုးခုနစ်စားအားဖြင့် ဟောကြားခြင်း 'သတ္တက' ပြီးပြီ။

http://www.dhammadownload.com



## ရှစ်မျိုး ရှစ်စားအားဖြင့် ဟောကြားခြင်း 'အဋ္ဌက'

ရှစ်ဘို့ (ရှစ်စု)အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၉၀။ (၁) စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည် (ရှိ၏) (ရူပါရုံ)၊ (၉၇၄)

(၂) သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ'ရုပ်သည် (ရှိ၏) (သဒ္ဒါရုံ)၊ (၉၇၄)

(၃) ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ'ရုပ်သည် (ရှိ၏) (ဂန္ဓာရုံ)၊ (၉၇၄)

(၄) ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည် (ရှိ၏) (ရသာရုံ)၊ (၉၇၄)

(၅) ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ'ဟူသော ချမ်းသာသော အတွေ့အထိရှိသော 'သုခသမ္ဖဿ' ရုပ်သည် (ရှိ၏) (နှစ်လိုဘွယ်သော ဖောဋ္ဌဗ္ဗာရုံ)၊ (၉၇၄)

(၆) ဆင်းရဲသော အတွေ့အထိရှိသော 'ဒုက္ခသမ္ဖဿ'ရုပ်သည်(ရှိ၏)(မနှစ်လိုဘွယ်သော ဖောဋ္ဌဗ္ဗာရုံ)၊ (၉၇၄)

(၇) (ပဉ္စာရုံကို) သိကာမျှ သဘော (မနောဓာတ်)ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ'ရုပ်သည် (ရှိ၏) (ရူပါရုံစသော အာရုံငါးပါး)၊ (၉၇၄)

(၈) (အာရုံခြောက်ပါးလုံးကို) အထူးသိမှုသဘော'မနောဝိညာဏဓာတ်'ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ'ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။ (၉၇၄)

ဤသို့ ရှစ်ဘို့(ရှစ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ရှစ်မျိုးရှစ်စားအားဖြင့် ဟောကြားခြင်း'အဋ္ဌက' ပြီးပြီ။

---

## ကိုးမျိုးကိုးစားအားဖြင့် ဟောကြားခြင်း 'နဝက'

ကိုးဘို့(ကိုးစု) အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၉၁။ (၁) မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (စက္ခုပသာဒ)၊ (၉၇၅)

(၂) ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (သောတပသာဒ)၊ (၉၇၆)

(၃) နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ဃာနပသာဒ)၊ (၉၇၆)

(၄) လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ဇိဝှါပသာဒ)၊ (၉၇၆)

(၅) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ကာယပသာဒ)၊ (၉၇၆)

http://www.dhammadownload.com



(၆) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု'ဣတ္ထိန္ဒြေ'မည်သောရုပ်သည်(ရှိ၏) (ဣတ္ထိဘာဝရုပ်)၊(၉၇၆)

(၇) ယောကျ်ား (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မည်သောရုပ်သည် (ရှိ၏)(ပုရိသဘာဝရုပ်)၊ (၉၇၆)

(၈) အသက်ရှည်ကြောင်း၌အစိုးရမှု'ဇီဝိတိန္ဒြေ'မည်သောရုပ်သည်(ရှိ၏)(ဇီဝိတရုပ်)၊ (၉၇၆)

(၉) အကြင် ဣန္ဒြေ မမည်သောရုပ်သည် (ရှိ၏) (ဣန္ဒြိယရုပ်ရှစ်ခုမှ ဘာပါးသော ရုပ်များ)။ (၉၇၇)

ဤသို့ ကိုးဘို့ (ကိုးစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ကိုးမျိုးကိုးစားအားဖြင့် ဟောကြားခြင်း'နဝက' ပြီးပြီ။

---

### ဆယ်မျိုးဆယ်စားအားဖြင့် ဟောကြားခြင်း'ဒသက'

ဆယ်ဘို့ (ဆယ်စု)အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၉၂။ (၁) မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (စက္ခုပသာဒ)၊ (၉၇၈)

(၂) ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (သောတပသာဒ)၊ (၉၇၉)

(၃) နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ဃာနပသာဒ)၊ (၉၇၉)

(၄) လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ဇိဝှါပသာဒ)၊ (၉၇၉)

(၅) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မည်သော ရုပ်သည် (ရှိ၏) (ကာယပသာဒ)၊ (၉၇၉)

(၆) မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မည်သောရုပ်သည် (ရှိ၏) (ဣတ္ထိဘာဝရုပ်)၊ (၉၇၉)

(၇) ယောကျ်ား (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မည်သောရုပ်သည် (ရှိ၏) (ပုရိသဘာဝရုပ်)၊ (၉၇၉)

(၈) အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြေ'မည်သောရုပ်သည် (ရှိ၏)(ဇီဝိတရုပ်)၊ (၉၇၉)

(၉) ဣန္ဒြေ မမည်သော, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ'ရုပ်သည် (ရှိ၏) (ဝိသယရုပ် ခုနစ်ခု)၊ (၉၈၀)

http://www.dhammadownload.com



(၁၀) လ္လာနွေ့ မမည်သော, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော 'အပ္ပဋိဃ' ရုပ်သည်(ရှိ၏) (ဘာဝရုပ် ဇီဝိတရုပ်မှတပါး သုခုမရုပ်များ)။ (၉၇၁)

ဤသို့ ဆယ်ဘို့ (ဆယ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ဆယ်မျိုးဆယ်စားအားဖြင့် ဟောကြားခြင်း 'ဒသက' ပြီးပြီ။

---

**တဆယ့်တမျိုး တဆယ့်တစားအားဖြင့် ဟောကြားခြင်း 'ဧကာဒသက'**

တဆယ့်တဘို့ (တဆယ့်တစု) အားဖြင့် ရုပ်ကို ရေတွက်ခြင်း 'ရူပသင်္ဂဟ'ကား—

၅၉၃။ (၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သောရုပ်သည် (ရှိ၏) (စက္ခုပသာဒ)၊ (၉၇၂)

(၂) ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန' မည်သော ရုပ်သည် (ရှိ၏) (သောတပသာဒ)၊ (၉၇၃)

(၃) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' မည်သောရုပ်သည် (ရှိ၏) (ဃာနပသာဒ)၊ (၉၇၃)

(၄) လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' မည်သောရုပ်သည် (ရှိ၏) (ဇိဝှါ-ပသာဒ)၊ (၉၇၃)

(၅) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မည်သောရုပ်သည် (ရှိ၏) (ကာယပသာဒ)၊ (၉၇၃)

(၆) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မည်သောရုပ်သည် (ရှိ၏) (ရူပါရုံ)၊ (၉၇၃)

(၇) ကြားသိစိတ်ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'မည်သောရုပ်သည် (ရှိ၏) (သဒ္ဒါရုံ)၊ (၉၇၃)

(၈) နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မည်သောရုပ်သည် (ရှိ၏) (ဂန္ဓာရုံ)၊ (၉၇၃)

(၉) လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန' မည်သောရုပ်သည် (ရှိ၏) (ရသာရုံ)၊ (၉၇၃)

(၁၀) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သောရုပ်သည် (ရှိ၏) (ဖောဋ္ဌဗ္ဗာရုံ)၊ (၉၇၃)

(၁၁) ဓမ္မာယတန၌ အကျုံးဝင်သော, မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)လည်းမရှိ ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)လည်း မရှိသော အကြင် 'အနိဒဿနအပ္ပဋိဃ' ရုပ်သည်လည်း (ရှိ၏) (အနိဒဿန အပ္ပဋိဃဖြစ်သော သုခုမရုပ်)။ (၉၇၄)

ဤသို့ တဆယ့်တဘို့ (တဆယ့်တစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

တဆယ့်တမျိုးတဆယ့်တစားအားဖြင့် ဟောကြားခြင်း 'ဧကာဒသက' ပြီးပြီ။

ခေါင်းစဉ်မာတိကာ ပြီးပြီ။

http://www.dhammadownload.com



## ရုပ်ကို ဝေဘန်ခြင်း 'ရူပဝိဘတ္တိ'

### တခုစီအကျယ်ပြခြင်း 'ဧကကနိဒ္ဒေသ'

**ကေက** ၅၉၄။ အလုံးစုံသော ရုပ်သည်—

အကြောင်းရင်း(ဟိတ်)မမည်သည်သာတည်း 'န ဟေတုမေဝ'၊

အကြောင်းရင်း (ဟိတ်)နှင့် မယှဉ်သည်သာတည်း'ဟေတုဝိပ္ပယုတ္တမေဝ'၊

(ကံ, စိတ်, ဥတု, အာဟာရဟူသော) အကြောင်းတရားတို့နှင့် တကွ (အကြောင်း တရားတို့ ကြောင့်)ဖြစ်သည်သာတည်း 'သပ္ပစ္စယမေဝ'၊

(ကံ,စိတ်, ဥတု, အာဟာရဟူသော)အကြောင်းတရားတို့သည်(ပေါင်း၍)ပြုပြင် စီမံအပ်သည် သာတည်း 'သင်္ခတမေဝ'၊

ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်သာတည်း 'ရူပမေဝ'၊

(ဥပါဒါနက္ခန္ဓာ ဟူသော)လောက၌ အကျုံးဝင်သည်သာတည်း 'လောကိယမေဝ'၊

ရှည်စွာသော သံသရာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော, သတ္တဝါတို့သန္တာန်၌ ယိုစီးဖြစ်ပေါ် နေတတ်သည့် တဏှာ, ဒိဋ္ဌိ, မောဟတည်းဟူသော အာသဝေါ တရားတို့၏ အာရုံဖြစ်သည်သာ တည်း 'သာသဝမေဝ'၊

ဝဋ်ဆင်းရဲ၌ ယှဉ်စပ်နှောင်ဖွဲ့တတ်သော သံယောဇဉ်တို့၏ အာရုံဖြစ်သည်သာတည်း 'သညော-ဇနိယမေဝ'၊

ဝဋ်ဆင်းရဲ၌ ဆက်စပ် ထုံးဖွဲ့တတ်သော 'ဂန္ထ'တို့၏ အာရုံဖြစ်သည်သာတည်း 'ဂန္ထနိယမေဝ'၊

ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော 'ဩဃ'တို့၏ အာရုံ ဖြစ်သည်သာတည်း 'ဩဃနိယမေဝ'၊

ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော 'ယောဂ'တို့၏ အာရုံဖြစ်သည်သာတည်း 'ယောဂနိယမေဝ'၊

ချွန်မင်ဖိုလ်တို့ကို ပိတ်ပင်တတ်သော နီဝရဏတို့၏ အာရုံဖြစ်သည်သာတည်း 'နီဝရဏိယမေဝ'၊

မမြဲသည်ကို မြဲ၏ဟု မှားသောအားဖြင့် သုံးသပ် တတ်သော 'ပရာမာသ'တို့၏ အာရုံဖြစ်သည် သာတည်း'ပရာမဋ္ဌမေဝ'၊

ပြင်းစွာစွဲလမ်းတတ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သည်သာဘည်း 'ဥပါဒါနိယမေဝ'၊

ပူပန်စေတတ် ညှိုးစက်တတ်သော ကိလေသာတို့၏ အာရုံ ဖြစ်သည်သာတည်း 'သံကိလေသိက-မေဝ'၊

ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားချည်း သာတည်း 'အဗျာ-ကတမေဝ'၊

အာရုံပြုခြင်း မရှိသည်သာတည်း 'အနာရမ္မဏမေဝ'၊

စိတ်၌ မယှဉ်သည်သာတည်း'အစေတသိကမေဝ'၊

စိတ်နှင့် မတွဲယှဉ် မရောနှောသည်သာတည်း 'စိတ္တဝိပ္ပယုတ္တမေဝ'၊

အကျိုး 'ဝိပါက်'(စိတ်)လည်း မဟုတ် အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သည်သာတည်း 'နေဝ ဝိပါက န ဝိပါကဓမ္မဓမ္မမေဝ'၊

http://www.dhammadownload.com



ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်မူ၍ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့ကို (ရခြင်းငှါသာ) ထိုက်တန်သည်သာကည်း (ကိလေသာနှင့် မစပ်ယှဉ်၊ ကိလေသာ၏ အာရုံဖြစ်သည်) 'အသံကိလိဋ္ဌ သံကိလေသိကမေဝ'၊

ကြံစည်မှု 'ဝိတက်'နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်း တကွဖြစ်သော 'သဝိတက္ကသဝိစာရ' တရားမဟုတ်သည်သာတည်း 'န သဝိတက္ကသဝိစာရမေဝ'၊

ကြံစည်မှု'ဝိတက်'ကားမရှိ သုံးသပ်မှု'ဝိစာရ'မျှသာရှိသော 'အဝိတက္က ဝိစာရမတ္တ'တရားလည်း မဟုတ်သည်သာတည်း 'န အဝိတက္ကဝိစာရမတ္တမေဝ'၊

ကြံစည်မှု'ဝိတက်'လည်း မရှိ သုံးသပ်မှု'ဝိစာရ'လည်း မရှိသည်သာတည်း 'အဝိတက္ကအဝိစာရမေဝ'၊

နှစ်သက်မှု 'ပီတိ' (စေတသိက်)နှင့် တကွမဖြစ် (မတွဲယှဉ် မရောနှော) သည်သာတည်း 'န ပီတိသဟဂတမေဝ'၊

ချမ်းသာမှု'သုခ'နှင့်တကွ မဖြစ်(မတွဲယှဉ် မရောနှော)သည်သာတည်း 'န သုခသဟဂတမေဝ'၊

လျစ်လျူရှုမှု'ဥပေက္ခာ'နှင့်တကွ မဖြစ်(မတွဲယှဉ် မရောနှော) သည်သာတည်း 'န ဥပေက္ခာသဟဂတမေဝ'၊

သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်းမဟုတ် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သည်လည်း မဟုတ်သည်သာတည်း 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗမေဝ'၊

သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သည်သာတည်း 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကမေဝ'၊

ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းလည်း မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည်သာတည်း 'နေဝ အာစယဂါမိ န အပစယဂါမိမေဝ'၊

သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်းမဟုတ် ရဟန္တာ 'အသေက္ခ'ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ်သည်သာတည်း 'နေဝသေက္ခ နာသေက္ခမေဝ'၊

နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရားသာတည်း 'ပရိတ္တမေဝ'၊

ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော ကာမာဝစရတရားသာတည်း 'ကာမာဝစရမေဝ'၊

ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော ရူပါဝစရတရား မဟုတ်သည်သာတည်း 'န ရူပါဝစရမေဝ'၊

အရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော အရူပါဝစရတရား မဟုတ်သည်သာတည်း 'န အရူပါဝစရမေဝ'၊

ဝဋ်၌ အကျုံးဝင်သည်သာတည်း 'ပရိယာပန္နမေဝ'၊

ဝဋ်၌ အကျုံးမဝင်သည် မဟုတ်သည်သာတည်း 'နော အပရိယာပန္နမေဝ'၊

စုတိ၏ အခြားမဲ့၌ ဖြစ်စေ မိမိ၏အခြားမဲ့၌ဖြစ်စေ အကျိုးပေး မမြဲသည်သာတည်း 'အနိယတမေဝ'၊

http://www.dhammadownload.com



ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား မဟုတ်သည်သာတည်း 'အနိယျာနိကမေဝ'၊

ဖြစ်ဆဲ (ဖြစ်ပေါ်ဆဲ)ဖြစ်သောရုပ်ကို အထူးသို့မှု 'ဝိညာဏ်' ခြောက်ပါးတို့သည် သိအပ်သည်သာတည်း 'ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ'၊

(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲသည်သာတည်း 'အနိစ္စမေဝ'၊

အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ဇရာ'သည် လွှမ်းမိုးနှိပ်စက်အပ်သည်သာတည်း 'ဇရာဘိဘူတမေဝ'။ (ပဒအမှတ် ၅၇၄-ကြည့်)

ဤသို့ တဘို(တစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

တခုစီ အကျယ်ပြခြင်း'ဧကကနိဒ္ဒေသ' ပြီးပြီ။

---

## နှစ်ခုစီ အကျယ်ပြခြင်း'ဒုကနိဒ္ဒေသ'

### ဥပါဒါရုပ်တို့ဝေဘန်ခြင်း'ဥပါဒါဘာဇနီယ'

ဥပါဒါရုပ် ၅၉၅။ ထိုမှို၌ဖြစ်သော 'ဥပါဒါ'ရုပ်ဟူသည် အဘယ်နည်း။

(၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ရုပ်သည်၊
(၂) ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'ရုပ်သည်၊
(၃) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်'ဃာနာယတန'ရုပ်သည်၊
(၄) လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'ရုပ်သည်၊
(၅) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'ရုပ်သည်၊
(၆) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း (ရူပါရုံ)'ရူပါယတန'ရုပ်သည်၊
(၇) ကြားသိစိတ်ဖြစ်ကြောင်း အသံ (သဒ္ဒါရုံ) 'သဒ္ဒါယတန'ရုပ်သည်၊
(၈) နံသိစိတ်ဖြစ်ကြောင်း အနံ့ (ဂန္ဓာရုံ) 'ဂန္ဓာယတန'ရုပ်သည်၊
(၉) လျက်သိစိတ်ဖြစ်ကြောင်း အရသာ (ရသာရုံ)'ရသာယတန'ရုပ်သည်၊
(၁၀) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'ရုပ်သည်၊ (ဣတ္ထိဘာဝရုပ်)
(၁၁) ယောကျာ်း (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'ရုပ်သည်၊ (ပုမ္ဘာဝရုပ်)
(၁၂) အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြေ'ရုပ်သည်၊
(၁၃) မိမိ၏အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'ရုပ်သည်၊
(၁၄) မိမိ၏အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'ရုပ်သည်၊
(၁၅) မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်' ရုပ်သည်၊
(၁၆) ရုပ်၏လျင်မြန် ပေါ့ပါးမှု 'ရူပဿ လဟုတာ'ရုပ်သည်၊
(၁၇) ရုပ်၏နူးညံ့မှု 'ရူပဿ မုဒုတာ'ရုပ်သည်၊

http://www.dhammadownload.com



(၁၈) ရုပ်၏ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင်• လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'ရုပ်သည်၊

(၁၉) ရုပ်၏ဖြစ်ပေါ်လာခြင်း 'ရူပဿ ဥပစယ'ရုပ်သည်၊

(၂၀) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'ရုပ်သည်၊

(၂၁) ရုပ်၏ အိုမှု၊ ရင့်ရော်ဆွေးမြေ့မှု'ရူပဿ ဇရတာ'ရုပ်သည်၊

(၂၂) ရုပ်၏(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'ရုပ်သည်၊

(၂၃) အလုတ်အလွေး ပြုအပ်သောအစာ'ကဗဠီကာရအာဟာရ'ရုပ်သည် (ရှိ၏)။

(ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော ဥပါဒါရုပ်ပေတည်း)

**စက္ခာယတနရုပ် ၅၉၆။** (၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည်'စက္ခု' (ပသာဒ) ရုပ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊အတ္တဘော(ကိုယ်ခန္ဓာ)၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ် 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွ 'သပ္ပဋိဃ'ဖြစ်၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော ထိပါးတတ်သည်၏အဖြစ်(ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်မျက်စိအကြည် 'စက္ခု'(ပသာဒ)ဖြင့် မြင်အပ်သည်၏အဖြစ်(မြင်ခြင်း) နှင့် တကွ 'သနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်း (ရူပါရုံ)ကို မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မှုလည်း မြင်ရာ၏။

ဤရုပ်သည် မျက်စိအကြည် 'စက္ခု' (ပသာဒ)လည်းမည်၏၊ ဤရုပ်သည် မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'လည်း မည်၏၊ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော 'စက္ခုဓာတ်'လည်း မည်၏၊ ဤရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သောသဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ဖြစ်ကြောင်း တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသောသဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'လည်းမည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ လယ်မြေ'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ မှီရာတည်ရာ 'ဝတ္ထု'လည်းမည်၏၊ ဤရုပ်သည်(လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကို) ဆောင်တတ်သော မျက်စိ 'နေတ္တ'လည်း မည်၏၊ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော မျက်စိ 'နယန'လည်းမည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တဘက်ကမ်းဖြစ်သော သက္ကာယ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏၊ ဤသို့သဘောရှိသော ရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း၊

http://www.dhammadownload.com



ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား မဟုတ်သည်သာတည်း 'အနိယျာနိကမေဝ'၊

ဖြစ်ဆဲ (ဖြစ်ပေါ်ဆဲ)ဖြစ်သောရုပ်ကို အထူးသဖြင့် 'ဝိညာဏ်' ခြောက်ပါးတို့သည် သိအပ်သည်သာတည်း 'ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ'၊

(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲသည်သာတည်း 'အနိစ္စမေဝ'၊

အိုမှု ရင့်ရော်ဆွေးမြေ့မှု'ဇရာ'သည် လွှမ်းမိုးနှိပ်စက်အပ်သည်သာတည်း 'ဇရာဘိဘူတမေဝ'။ (ပဒအမှတ် ၅၇၄-ကြည့်)

ဤသို့ တဘို့(တစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

တခုစီ အကျယ်ပြခြင်း'ဧကကနိဒ္ဒေသ' ပြီးပြီ။

---

## နှစ်ခုစီ အကျယ်ပြခြင်း'ဒုကနိဒ္ဒေသ'

### ဥပါဒါရုပ်ကိုဝေဘန်ခြင်း'ဥပါဒါဘာဇနီယ'

ဥပါဒါရုပ် ၅၉၅။ ထိုတွင်ဖြစ်သော 'ဥပါဒါ'ရုပ်ဟူသည် အဘယ်နည်း။

(၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ရုပ်သည်၊

(၂) ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'ရုပ်သည်၊

(၃) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်'ဃာနာယတန'ရုပ်သည်၊

(၄) လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'ရုပ်သည်၊

(၅) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'ရုပ်သည်၊

(၆) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း (ရူပါရုံ)'ရူပါယတန'ရုပ်သည်၊

(၇) ကြားသိစိတ်ဖြစ်ကြောင်း အသံ (သဒ္ဒါရုံ) 'သဒ္ဒါယတန'ရုပ်သည်၊

(၈) နံသိစိတ်ဖြစ်ကြောင်း အနံ့ (ဂန္ဓာရုံ) 'ဂန္ဓာယတန'ရုပ်သည်၊

(၉) လျက်သိစိတ်ဖြစ်ကြောင်း အရသာ (ရသာရုံ)'ရသာယတန'ရုပ်သည်၊

(၁၀) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'ရုပ်သည်၊ (ဣတ္ထိဘာဝရုပ်)

(၁၁) ယောကျာ်း (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'ရုပ်သည်၊ (ပုမ္ဘာဝရုပ်)

(၁၂) အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြေ'ရုပ်သည်၊

(၁၃) မိမိ၏အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'ရုပ်သည်၊

(၁၄) မိမိ၏အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'ရုပ်သည်၊

(၁၅) မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်' ရုပ်သည်၊

(၁၆) ရုပ်၏လျှင်မြန် ပေါ့ပါးမှု'ရူပဿ လဟုတာ'ရုပ်သည်၊

(၁၇) ရုပ်၏နူးညံ့မှု 'ရူပဿ မုဒုတာ'ရုပ်သည်၊

http://www.dhammadownload.com



(၁၈) ရုပ်၏ခိုင်မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင်၊ လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'ရုပ်သည်၊

(၁၉) ရုပ်၏ဖြစ်ခေါ် လာခ 'ရူပဿ ဥပစယ'ရုပ်သည်၊

(၂၀) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'ရုပ်သည်၊

(၂၁) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု'ရူပဿ ဇရတာ'ရုပ်သည်၊

(၂၂) ရုပ်၏(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'ရုပ်သည်၊

(၂၃) အလုတ်အလွေး ပြုအပ်သောအစာ'ကဗဠီကာရအာဟာရ'ရုပ်သည် (ရှိ၏)။

(ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော ဥပါဒါရုပ်ပေတည်း)

**စက္ခာယတနရုပ် ၅၉၆။** (၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည်'စက္ခု' (ပသာဒ) ရုပ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊အတ္တဘော(ကိုယ်ခန္ဓာ)၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ် 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွ 'သပ္ပဋိဃ'ဖြစ်၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော, ထိပါးတတ်သည်၏အဖြစ်(ထိပါးခြင်း) နှင့် တကွဖြစ်သော, အကြင်မျက်စိအကြည် 'စက္ခု'(ပသာဒ)ဖြင့် မြင်အပ်သည်၏အဖြစ်(မြင်ခြင်း) နှင့် တကွ 'သနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်း (ရူပါရုံ)ကို မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။

ဤရုပ်သည် မျက်စိအကြည် 'စက္ခု' (ပသာဒ)လည်းမည်၏၊ ဤရုပ်သည် မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'လည်း မည်၏၊ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော 'စက္ခုဓာတ်'လည်း မည်၏၊ ဤရုပ်သည်မြင်မှု၌ အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သောသဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ဖြစ်ကြောင်း တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသောသဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'လည်းမည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ လယ်မြေ'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ မှီရာတည်ရာ 'ဝတ္ထု'လည်းမည်၏၊ ဤရုပ်သည်(လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကို) ဆောင်တတ်သော မျက်စိ 'နေတ္တ'လည်း မည်၏၊ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော မျက်စိ 'နယန'လည်းမည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တဘက်ကမ်းဖြစ်သော သက္ကာယ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏၊ ဤသို့သဘောရှိသော ရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



၅၉၇။ (၂) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မျက်စိအကြည် 'စက္ခု' (ပသာဒ)ရုပ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ကြည်လင်၏ "ပသာဒ'၊ အတ္တဘော (ကိုယ်ခန္ဓာ)၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွမဖြစ် 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော, ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)နှင့် တကွဖြစ်သော အကြင် မျက်စိအကြည်'စက္ခု' (ပသာဒ)၌ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့်တကွ 'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်း (ရူပါရုံ)သည် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။

ဤရုပ်သည် မျက်စိအကြည်'စက္ခု' (ပသာဒ)လည်း မည်၏၊ ဤရုပ်သည် မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'လည်း မည်၏၊ ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော 'စက္ခုဓာတ်'လည်းမည်၏၊ ဤရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း တံခါး 'ဒွါရ'လည်း မည်၏၊ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ လယ်မြေ 'ခေတ္တ' လည်းမည်၏၊ ဤရုပ်သည် ဖဿစသော နာမ်တရားတို့၏ မှီရာတည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည်(လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကို) ဆောင်တတ်သော မျက်စိ 'နေတ္တ'လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော မျက်စိ'နယန'လည်း မည်၏၊ဤရုပ်သည် (နိဗ္ဗာန်မှ တဘက်ကမ်းဖြစ်သော သက္ကာယ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏၊ ဤသို့သဘောရှိသော ရုပ်သည် မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း။

၅၉၈။ (၃) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည် 'စက္ခု' (ပသာဒ) ရုပ်သည် မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ အတ္တဘော(ကိုယ်ခန္ဓာ)၌ အကျုံးဝင်၏'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ် 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်၏။

မြင်အပ်သည်၏ အဖြစ်(မြင်ခြင်း)နှင့် တကွမဖြစ်သော, ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော အကြင် မျက်စိအကြည် 'စက္ခု' (ပသာဒ)သည် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သောအဆင်း 'ရူပါရုံ'၌ ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ထိပါးမှုလည်း ထိပါးရာ၏။

http://www.dhammadownload.com



မြင်အပ်သည်၏အဖြစ်(မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင်အနံ့(ဂန္ဓာရုံ)၌ မြင်အပ်သည်၏အဖြစ် မြင်ခြင်း နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် ထိပါးခြင်းနှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော နှာခေါင်းအကြည် 'ဃာန'(ပသာဒ)သည် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် အနံ့(ဂန္ဓာရုံ)လည်း မည်၏၊ ဤရုပ်သည် နံသိစိတ်(ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'လည်း မည်၏၊ ဤရုပ်သည် အနံ့(ဂန္ဓာရုံ)ဟူသော သဘော 'ဂန္ဓဓာတ်' လည်း မည်၏၊ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'ဟူသော ထိုရုပ် ပေတည်း။

၆၂၆။ (၃) နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင်အနံ့ (ဂန္ဓာရုံ)သည်၊ အမြစ်နံ့ 'မူလဂန္ဓ'၊ အနှစ်နံ့'သာရဂန္ဓ'၊ အခေါက်(အခွံ)နံ့ 'တစဂန္ဓ'၊ အရွက်နံ့ 'ပတ္တဂန္ဓ'၊ အပွင့်နံ့ 'ပုပ္ဖဂန္ဓ'၊ အသီးနံ့ 'ဖလဂန္ဓ'၊ စိမ်းရွှေသောအနံ့'အာမကဂန္ဓ'၊ သားစိမ်း ငါးစိမ်း အညှီနံ့'ဝိဿဂန္ဓ'၊ ကောင်းသော အနံ့'သုဂန္ဓ'၊ မကောင်းသော အနံ့'ဒုဂ္ဂန္ဓ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောအနံ့ 'ဂန္ဓာရုံ'တို့မှ) တမျိုးတခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင်အနံ့ 'ဂန္ဓာရုံ'သည်လည်း ရှိသေး၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင်အနံ့(ဂန္ဓာရုံ)သည် မြင်အပ်သည်၏ အဖြစ် မြင်ခြင်းနှင့်တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် ထိပါးခြင်းနှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော နှာခေါင်းအကြည် 'ဃာန'(ပသာဒ)၌ ထိပါးလည်း ထိပါးခဲ့ပြီ၊ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် အနံ့(ဂန္ဓာရုံ)လည်း မည်၏၊ ဤရုပ်သည် နံသိစိတ်(ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'လည်း မည်၏၊ ဤရုပ်သည် အနံ့(ဂန္ဓာရုံ)ဟူသော သဘော 'ဂန္ဓဓာတ်' လည်း မည်၏။ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' ဟူသော ထိုရုပ် ပေတည်း။

http://www.dhammadownload.com



၆၂၇။ (၄) နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြီးကျယ်ထင်ရှားသော၊ 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အနံ့ (ဂန္ဓာရုံ) သည်၊ အမြစ်နံ့'မူလဂန္ဓ'၊အနှစ်နံ့ 'သာရဂန္ဓ'၊ အခေါက်(အခွံ)နံ့'တစဂန္ဓ'၊ အရွက်နံ့'ပတ္တဂန္ဓ'၊ အပွင့်နံ့ 'ပုပ္ဖဂန္ဓ'၊ အသီးနံ့ 'ဖလဂန္ဓ'၊ စိမ်းရွှေသောအနံ့'အာမကဂန္ဓ'၊သားစိမ်း ငါးစိမ်း အညှီနံ့'ဝိဿဂန္ဓ'၊ ကောင်းသောအနံ့ 'သုဂန္ဓ'၊ မကောင်းသောအနံ့'ဒုဂ္ဂန္ဓ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အနံ့'ဂန္ဓာရုံ'တို့မှ) တမျိုးတခြားဖြစ်သော၊ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွ'သပ္ပဋိဃ'ဖြစ်သော အကြင် အနံ့ 'ဂန္ဓာရုံ'သည်လည်း ရှိသေး၏။

အကြင်အနံ့(ဂန္ဓာရုံ)ကို အာရုံပြု၍ နှာခေါင်းအကြည်'ဃာန'(ဝတ္ထု)ကို မှီ၍ နံသိစိတ်(ဃာနဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင်အနံ့(ဂန္ဓာရုံ)ကို အာရုံပြု၍ နှာခေါင်းအကြည်'ဃာန' (ဝတ္ထု)ကို မှီ၍ နံသိစိတ်(ဃာန-ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'။ပ။ မှတ်သားမှု 'သညာ'။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'။ပ။ နံသိစိတ် 'ဃာနဝိညာဏ်'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင် နှာခေါင်းအကြည်'ဃာန'(ဝတ္ထု)ကို မှီ၍ အနံ့ (ဂန္ဓာရုံ)လျှင် အာရုံရှိသော နံသိစိတ် (ဃာနဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင် နှာခေါင်းအကြည်'ဃာန'(ဝတ္ထု)ကို မှီ၍ အနံ့(ဂန္ဓာရုံ)လျှင် အာရုံရှိသော နံသိစိတ် (ဃာနဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'။ပ။မှတ်သားမှု 'သညာ'။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'။ပ။ နံသိစိတ် 'ဃာနဝိညာဏ်'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။

ဤရုပ်သည် အနံ့ 'ဂန္ဓာရုံ'လည်း မည်၏၊ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'လည်း မည်၏၊ ဤရုပ်သည် အနံ့(ဂန္ဓာရုံ)ဟူသော သဘော 'ဂန္ဓဓာတ်'လည်း မည်၏၊ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'ဟူသော ထိုရုပ် ပေတည်း။

ရသာယတနရုပ် ၆၂၈။ (၅) ၁။ လျှက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ'ရသာ-ယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြီးကျယ်ထင်ရှားသော'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန'၊ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)နှင့်တကွ'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ (ရသာရုံ)သည်၊ အမြစ်အရသာ 'မူလရသ'၊ ပင်စည်အရသာ'ခန္ဓရသ'၊ အခေါက် (အခွံ) အရသာ

http://www.dhammadownload.com



'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ 'ပုပ္ဖရသ'၊ အသီးအရသာ 'ဖလရသ'၊ အချဉ် 'အမ္ဗိလ'၊ အချိုအမြိန် 'မဓုရ'၊ အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက'၊ စူးရှသောအချဉ် 'လမ္ဗိလ'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ 'အသာဒု'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ'ရသာရုံ'တို့မှ)တမျိုးတခြားဖြစ်သော, ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ(ရသာရုံ)ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော လျှာအကြည် 'ဇိဝှါ' (ပသာဒ)ဖြင့် လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။

ဤရုပ်သည် အရသာ 'ရသာရုံ'လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'လည်း မည်၏၊ ဤရုပ်သည် အရသာ (ရသာရုံ)ဟူသော သဘော'ရသဓာတ်'လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ်ပေတည်း။

၆၂၉။ (၂) လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ် သည် အဘယ်နည်း။ ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ်(မြင်ခြင်း)နှင့် တကွမဖြစ်သော'အနိဒဿန', ထိပါးတတ်သည်၏အဖြစ်(ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ(ရသာရု)သည်၊အမြစ်အရသာ 'မူလရသ'၊ ပင်စည်အရသာ'ခန္ဓရသ'၊ အခေါက် (အခွံ) အရသာ 'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ'ပုပ္ဖရသ'၊ အသီးအရသာ 'ဖလရသ'၊ အချဉ် 'အမ္ဗိလ'၊ အချိုအမြိန် 'မဓုရ'၊အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက' ၊စူးရှသောအချဉ် လမ္ဗိလ'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ 'အသာဒု'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ'တို့မှ)တမျိုးတခြားဖြစ်သော,ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ်(မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ(ရသာရုံ)၌ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့်တကွ မဖြစ်သော 'အနိဒဿန',ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော လျှာအကြည် 'ဇိဝှါ' (ပသာဒ) သည် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

http://www.dhammadownload.com



ဤရုပ်သည် အရသာ (ရသာရုံ)လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'လည်း မည်၏၊ ဤရုပ်သည် အရသာ(ရသာရုံ) ဟူသော သဘော 'ရသဓာတ်' လည်းမည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန' ဟူသော ထိုရုပ်ပေတည်း။

၆၃၀။ (၃) လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြီးကျယ် ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ်(မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အရသာ(ရသာရုံ)သည်၊အမြစ်အရသာ'မူလရသ'၊ပင်စည်အရသာ 'ခန္ဓရသ'၊အခေါက် (အခွံ)အရသာ 'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ'ပုပ္ဖရသ'၊ အသီးအရသာ 'ဖလရသ'၊ အချဉ် 'အမ္ဗိလ'၊ အချိုအမြိန် 'မဓုရ'၊ အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက'၊ စူးရှသော အချဉ် 'လမ္ဗိလ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ'အသာဒု'သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ' တို့မှ)တမျိုးတခြားဖြစ်သော, ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

မြင်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ'သပ္ပဋိဃ'ဖြစ်သော အကြင်အရသာ(ရသာရုံ)သည် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော လျှာအကြည်'ဇိဝှါ'(ပသာဒ)၌ ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် အရသာ (ရသာရုံ)လည်း မည်၏. ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'လည်း မည်၏၊ ဤရုပ်သည် အရသာ (ရသာရုံ) ဟူသော သဘော'ရသဓာတ်'လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ်ပေတည်း။

၆၃၁။ (၄) လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ်, (မြင်ခြင်း)နှင့်တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင်အရသာ(ရသာရုံ)သည်၊ အမြစ်အရသာ 'မူလရသ'၊ ပင်စည်အရသာ 'ခန္ဓရသ'၊အခေါက် (အခွံ) အရသာ 'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ 'ပုပ္ဖရသ'၊အသီးအရသာ'ဖလရသ'၊အချဉ်'အမ္ဗိလ'၊အချိုအမြိန်'မဓုရ'၊အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာ အငန် 'ခါရိက'၊စူးရှသော အချဉ် 'လမ္ဗိလ'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ'အသာဒု'သည် (ရှိ၏)။

http://www.dhammadownload.com



ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ(ရသာရုံ)တို့မှ တမျိုးတခြားဖြစ်သော, ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

အကြင် အရသာ(ရသာရုံ)ကို အာရုံပြု၍ လျှာအကြည် 'ဇိဝှါ' (ဝတ္ထု)ကို မှီ၍ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင် အရသာ(ရသာရုံ)ကို အာရုံပြု၍ လျှာအကြည် 'ဇိဝှါ'(ဝတ္ထု)ကို မှီ၍ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'။ပ။မှတ်သားမှု 'သညာ'။ပ။ စေ့ဆော်မှု(နှိုးဆော်မှု)'စေတနာ'။ပ။ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင်လျှာအကြည်'ဇိဝှါ'(ဝတ္ထု) ကို မှီ၍အရသာ(ရသာရုံ) လျှင် အာရုံရှိသော လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။ပ။

အကြင် လျှာအကြည် 'ဇိဝှါ'(ဝတ္ထု)ကို မှီ၍ အရသာ(ရသာရုံ)လျှင် အာရုံရှိသော လျက်သိစိတ် (ဇိဝှါဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'။ပ။ မှတ်သားမှု 'သညာ'။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'။ပ။ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မူလည်း ဖြစ်ရာ၏။

ဤရုပ်သည် အရသာ(ရသာရုံ)လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ'ရသာယတန'လည်း မည်၏၊ ဤရုပ်သည် အရသာ(ရသာရုံ)ဟူသော သဘော 'ရသဓာတ်'လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ်ပေတည်း။

ဣတ္ထိန္ဒြေရုပ် ၆၃၂။ (၁၀) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ၏ အကြင် (အရပ်အမောင်း လက်ခြေစသော) မိန်းမပုံသဏ္ဌာန် 'ဣတ္ထိလိင်'၊ (မိန်းမဟု သိကြောင်း)မိန်းမအမှတ်အသား'ဣတ္ထိနိမိတ္တ'၊ မိန်းမအမူအရာ 'ဣတ္ထိကုတ္တ'၊ မိန်းမ၏ (သွားပုံ လာပုံစသော) အသွင်အပြင် 'ဣတ္ထာကပ္ပ'၊ မိန်းမ၏ အဖြစ်'ဣတ္ထတ္တ'၊ မိန်းမ၏ သဘော 'ဣတ္ထိဘာဝ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ဟူသော ထိုရုပ်ပေတည်း။

ပုရိသိန္ဒြေရုပ် ၆၃၃။ (၁၁) ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' ဟူသော ထို ရုပ်သည် အဘယ်နည်း။ ယောကျ်ား၏ အကြင် (အရပ်အမောင်းလက် ခြေစသော)ယောကျ်ားပုံသဏ္ဌာန်'ပုရိသလိင်'၊(ယောကျ်ားဟုသိကြောင်း) ယောကျ်ား အမှတ်အသား 'ပုရိသနိမိတ္တ'၊ ယောကျ်ား အမူအရာ 'ပုရိသကုတ္တ'၊ ယောကျ်ား၏ (သွားပုံ လာပုံစသော)အသွင်အပြင်'ပုရိသာကပ္ပ'၊ ယောကျ်ား၏အဖြစ် 'ပုရိသတ္တ'၊ ယောကျ်ား၏ သဘော'ပုရိသဘာဝ'သည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် ယောကျ်ား(အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ဇီဝိတိန္ဒြေရုပ်** ၆၃၄။ (၁၂) အသက် ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိုဖောက်ပြန်ခြင်းသဘောရှိသော 'ရုပ်' တရားတို့၏ အကြင်အသက် 'အာယု'၊ တည်ကြောင်းသဘော 'ဌိတိ'၊ (တည်တံ့စွာ) ဖြစ်နေခြင်းသဘော 'ယပနာ'၊ (တည်တံ့စွာ) ဖြစ်နေစေခြင်းသဘော 'ယာပနာ'၊ (တိုးပွါး၍) ဖြစ်မှုသဘော 'ဣရိယနာ'၊ (ဆက်လက်၍) ဖြစ်ကြောင်းသဘော 'ဝတ္တနာ'၊ စောင့်ရှောက်ခြင်းသဘော 'ပါလနာ' အသက်ရှည်ကြောင်းသဘော 'ဇီဝိတ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အသက် ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' ဟူသော ထိုရုပ်ပေတည်း။

**ကာယဝိညတ်ရုပ်** ၆၃၅။ (၁၃) (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ်စိတ်ကြောင့်ဖြစ်စေ, အကုသိုလ်စိတ်ကြောင့်ဖြစ်စေ, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့်ဖြစ်စေ, ရှေ့သို့ တက်သူအားရင်း, နောက်သို့ ဆုတ်သူအားရင်း, တူရူကြည့်သူအားရင်း, တစောင်းကြည့်သူအားရင်း, ကွေးသူအားရင်း, ဆန့်တန်းသူအားရင်း, (ဖြစ်ပေါ်လာသော) ကိုယ်၏ အကြင်ခိုင်မာမှု 'ထမ္ဘန'၊ ကောင်းစွာ ခိုင်မာမှု 'သန္ထမ္ဘန'၊ ကောင်းစွာ ခိုင်မာသည်၏အဖြစ် (ကောင်းစွာ ခိုင်မာခြင်း) 'သန္ထမ္ဘိတတ္တ'၊ သိစေခြင်းသဘော 'ဝိညတ္တိ'၊ သိစေသော အခြင်းအရာ 'ဝိညာပနာ'၊ သိစေတတ်သည်၏အဖြစ် 'ဝိညာပိတတ္တ' သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်' ဟူသော ထိုရုပ်ပေတည်း။

**ဝစီဝိညတ်ရုပ်** ၆၃၆။ (၁၄) (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ် စိတ်ကြောင့်ဖြစ်စေ, အကုသိုလ်စိတ်ကြောင့် ဖြစ်စေ, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့်ဖြစ်စေ, (ဖြစ်ပေါ်လာသော) အကြင်စကား 'ဝါစာ'၊ မြွက်ဆိုမှု 'ဂိရာ'၊ စကားအစီအစဉ် 'ဗျပ္ပထ'၊ ပြောဆိုမှု 'ဥဒီရဏ'၊ ကြွေးကြော်ခြင်း 'ဃောသ'၊ ကြွေးကြော်မှု 'ဃောသကမ္မ'၊ စကားတည်းဟူသော နှုတ်မြွက်မှု 'ဝါစာဝစီဘေဒ' သည် (ရှိ၏)၊ ဤမြွက်ဆိုမှုစသည်ကို စကား 'ဝါစာ' ဟု ဆိုအပ်၏၊ ထိုစကား 'ဝါစာ' ဖြင့် အကြင် သိစေခြင်းသဘော 'ဝိညတ္တိ'၊ သိစေသော အခြင်းအရာ 'ဝိညာပနာ'၊ သိစေတတ်သည်၏အဖြစ် 'ဝိညာပိတတ္တ' သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' ဟူသော ထိုရုပ်ပေတည်း။

**အာကာသဓာတ်ရုပ်** ၆၃၇။ (၁၅) မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသ'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း 'အာကာသဂတ'၊ မထိမခိုက်အပ်သော (ထိကိုင်၍ မရသော ဟင်းလင်း) သဘော 'အဃ'၊ မထိမခိုက်အပ်သော (ထိကိုင်၍ မရသော ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း 'အဃဂတ'၊ (ဟင်းလင်း) အပေါက် 'ဝိဝရ'၊ (ဟင်းလင်း) အပေါက်ဟူ၍ ဖြစ်ခြင်း 'ဝိဝရဂတ'၊ ကြီးကျယ်လင်ရှားသော မဟာဘုတ်လေးပါးတို့ဖြင့် မတွေ့ထိအပ်သောသဘော 'အသမ္ဖုဋ္ဌ' သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်' ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ရူပဿ လဟုတာရုပ်** ၆၃၈။ (၁၆) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ' ဟူသော ထိုရုပ်ဟူသည် အဘယ်နည်း။ (နိဒ္ဒေသ)ရုပ်၏ အကြင် လျင်မြန်ပေါ့ပါးသည်၏အဖြစ် 'လဟုတာ'၊ ပေါ့ပါးစွာ ပြောင်းလဲနိုင်သည် (လျင်မြန်သည်)၏ အဖြစ် 'လဟုပရိဏာမတာ'၊ မနုန့်နှေး မလေးလံသည်၏အဖြစ် 'အဒန္ဓနတာ'၊ မခိုင်မာသည်၏ အဖြစ် (မတုန့်မလှုပ်ခြင်း ကင်းသည်၏အဖြစ်)'အဝိတ္ထနတာ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ မုဒုတာရုပ်** ၆၃၉။ (၁၇) ရုပ်၏နူးညံ့မှု 'ရူပဿ မုဒုတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။(နိဒ္ဒေသ) ရုပ်၏ အကြင် နူးညံ့မှု 'မုဒုတာ'၊ ပြေ့ပျောင်း ပြေပြစ်မှု'မဒ္ဒဝတာ'၊ မကြမ်းတမ်းမှု 'အကက္ခဠတာ'၊ မခက်မာမှု 'အကထိနတာ'သည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ ကမ္မညတာရုပ်** ၆၄၀။ (၁၈) ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင်လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' ဟူသော ထိုရုပ် သည် အဘယ်နည်း။ (နိဒ္ဒေသ)ရုပ်၏ အကြင်အလုပ်၌ခံ့မှု' ကမ္မညတာ '၊အလုပ်၌ ခံ့ကြောင်းသဘော 'ကမ္မညတ္တ'၊ အလုပ်၌ ခံ့သည်၏အဖြစ် 'ကမ္မညဘာဝ' သည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ် သည် ရုပ်၏ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု)'ရူပဿ ကမ္မညတာ' ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ ဥပစယရုပ်** ၆၄၁။ (၁၉) ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ' ဟူသော ထိုရုပ်သည် အဘယ် နည်း။ ရုပ် 'အာယတန'တို့၏ အကြင် (ဦးစွာအစ)ဖြစ်ပေါ် လာစ'အာစယ'သည် ရှိ၏၊ ထိုရုပ်'အာယတန' တို့၏(ဦးစွာအစ) ဖြစ်ပေါ်လာစ 'အာစယ' သည် ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ' ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ သန္တတိရုပ်** ၆၄၂။ (၂၀) ရုပ်၏ကြီးပွါးဆဲအစဉ်'ရူပဿ သန္တတိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိဒ္ဒေသ) ရုပ်၏ အကြင်ကြီးပွါးဆဲအစဉ် (ဆက်လက်ဖြစ်နေဆဲ)သည် ရှိ၏၊ ထိုရုပ်၏ ကြီးပွါးဆဲ အစဉ်သည် ရုပ်၏ဖြစ်စဉ် 'ရူပဿ သန္တတိ' ရုပ်မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ' ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ ဇရတာရုပ်** ၆၄၃။ (၂၁) ရုပ်၏အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိဒ္ဒေသ)ရုပ်၏ အကြင်လျော့ပါး ခြင်း(အိုမင်းယုတ်လျော့ခြင်း)'ဇရာ'၊ရင့်ရော်ဆွေးမြေ့ကြောင်း 'ဇီရဏတာ'၊ သွားကျိုးကြောင်း 'ခဏ္ဍိစ္စ'၊ ဆံပင်ဖြူကြောင်း 'ပါလိစ္စ'၊ အရေတွန့်ကြောင်း 'ဝလိတ္တစတာ '၊ အသက်၏ ဆုတ်ယုတ် ကြောင်း ' အာယုနော သံဟာနိ '၊ (စက္ခုန္ဒြေစသော) (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' တို့၏ ရင့်ရော် ပျက်ပြားကြောင်း 'ဣန္ဒြိယာနံ ပရိပါက'သည် (ရှိ၏)၊ ဤသို့ သဘောရှိသောရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ရူပဿ အနိစ္စတာရုပ်** ၆၄၄။ (၂၂) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န)ရုပ်၏ အကြင် ကုန်ဆုံးမှု 'ခယ'၊ ပျက်မှု 'ဝယ'၊ ကွဲမှု 'ဘေဒ'၊ ထက်ဝန်းကျင်ကွဲမှု (အားလုံး ပျက်ပြိုကွဲမှု) 'ပရိဘေဒ'၊ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'အနိစ္စတာ'၊ ကွယ်ပျောက်မှု 'အန္တရဓာန' သည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ' ဟူသော ထိုရုပ်ပေတည်း။

**ကဗဠီကာရအာဟာရရုပ်** ၆၄၅။ (၂၃) အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ-အာဟာရ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထမင်း 'ဩဒန'၊ မုယောမုံ့ (ဆန်ကြမ်းမုံ့ နှပ်) 'ကုမ္မာသ'၊ မုံ့လုံး 'သတ္တု'၊ ငါး 'မစ္ဆ'၊ အသား 'မံသ'၊ နို့ ရည် 'ခီရ'၊ နို့ ဓမ်း 'ဒဓိ'၊ ထောပတ် 'သပ္ပိ'၊ ဆီဦး 'နဝနီတ'၊ ဆီ 'တေလ'၊ ပျားရည် 'မဓု'၊ တင်လဲ 'ဖာဏိတ' သည် ရှိ၏။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အစာအာဟာရတို့မှ) တမျိုးတခြားဖြစ်သော, အကြင်အကြင် ဇနပုဒ် (တိုင်း-ခရိုင်) ၌ ထိုထိုသတ္တဝါတို့၏ ခံတွင်း (ပါးစပ်) ဖြင့် စားအပ်သော, သွားတို့ဖြင့် ကိုက်ခဲအပ် (ကြိတ်ချေဝါး၍စားအပ်) သော, လည်ချောင်းဖြင့် မျိုချအပ်သော, ဝမ်း (ပိုက်) ကို ပြည့်ဝတောင့်တင်းစေတတ်သော အကြင် (အစာ အာဟာရ) ရုပ်သည်လည်း ရှိသေး၏။

အကြင် အဆီအနှစ်အစေး (ဩဇာ) ဖြင့် သတ္တဝါတို့သည် မျှတကုန်၏၊ ဤမျှတကြောင်း ဖြစ်သော ရုပ်သည် အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' ဟူသော ထိုရုပ် ပေတည်း။

ဤ (ဆိုအပ်ခဲ့ပြီးသော) ရုပ်အပေါင်းသည် မှီတတ်သော 'ဥပါဒါ' ဟူသော ထိုရုပ်ပေတည်း။

မှီတတ်သော 'ဥပါဒါ' ရုပ်တို့ကို ဝေဘန်ခြင်း 'ဥပါဒါဘာဇနီယ' ပြီးပြီ။
ရုပ်ပိုင်း 'ရူပကဏ္ဍ' ၌ ရှေးဦးစွာရွတ်ဆိုမှု အလှည့်အကြိမ် 'ပဌမဘာဏဝါရ' ပြီးပြီ။

---

## မမှီတတ်သော 'နောဥပါဒါ' ရုပ်များ

**နောဥပါဒါရုပ်** ၆၄၆။ (ဥပါဒါရုပ်မှီသကဲ့သို့ မမှီမူ၍ဖြစ်သော) နောဥပါဒါဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ပထဝီ ဓာတ်, တေဇောဓာတ်, ဝါယောဓာတ်)၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်' သည် ရှိ၏။ (ဤရုပ်အပေါင်းသည် နောဥပါဒါဟူသော ထိုရုပ်ပေတည်း)။

**ဖောဋ္ဌဗ္ဗာယတနရုပ်** ၆၄၇။ (၁) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထို ရုပ်သည် အဘယ်နည်း။ မြေဟူသောသဘော (ခက်မာ ခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသော သဘော (ရင့်ကျက်စေခြင်းသဘော) 'တေဇောဓာတ်'၊ လေဟူသော သဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခိုင်မာခြင်း

http://www.dhammadownload.com



သဘော 'ကက္ခဠ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်းသဘော 'သဏှ'၊ ကြမ်းတမ်းခြင်းသဘော 'ဖရုသ'၊ ချမ်းသာသောအတွေ့ 'သုခသမ္ဖဿ'၊ ဆင်းရဲသောအတွေ့ 'ဒုက္ခသမ္ဖဿ'၊ လေးသောသဘော 'ဂရုက'၊ ပေါ့သောသဘော 'လဟုက'သည် ရှိ၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အတွေ့(ဖောဋ္ဌဗ္ဗာရုံ) ကိုမြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ)ဖြင့် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။

ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'လည်း မည်၏၊ ဤရုပ်သည် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ဟူသော သဘော'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏။ ဤသို့ သဘောရှိသောရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်ပေတည်း။

၆၄၈။ (၂) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြေဟူသော သဘော (ခက်မာခြင်း သဘော) 'ပထဝီဓာတ်'၊ မီးဟူသော သဘော (ရင့်ကျက်စေခြင်း သဘော) 'တေဇောဓာတ်'၊ လေဟူသောသဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခိုင်မာခြင်းသဘော'ကက္ခဠ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်း သဘော 'သဏှ'၊ ကြမ်းတမ်းခြင်းသဘော'ဖရုသ'၊ချမ်းသာသောအတွေ့'သုခသမ္ဖဿ'၊ ဆင်းရဲသောအတွေ့'ဒုက္ခသမ္ဖဿ'၊ လေးလံသော သဘော'ဂရုက'၊ ပေါ့ပါးသောသဘော'လဟုက' သည် ရှိ၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွ မဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)၌ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ)သည် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။

ဤရုပ်သည် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'လည်း မည်၏၊ ဤရုပ်သည် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ဟူသော သဘော'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်ပေတည်း။

၆၄၉။ (၃) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထို ရုပ်သည် အဘယ်နည်း။ မြေဟူသော သဘော (ခက်မာခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသောသဘော (ရင့်ကျက်စေခြင်းသဘော) 'တေဇောဓာတ်'၊ လေဟူသော သဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခိုင်မာခြင်းသဘော 'ကက္ခဠ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်းသဘော 'သဏှ'၊ ကြမ်းတမ်းခြင်းသဘော 'ဖရုသ'၊ ချမ်းသာသော အတွေ့ 'သုခသမ္ဖဿ'၊ ဆင်းရဲသောအတွေ့ 'ဒုက္ခသမ္ဖဿ'၊ လေးလံသောသဘော 'ဂရုက'၊ ပေါ့ပါးသောသဘော 'လဟုက'သည် ရှိ၏။

http://www.dhammadownload.com



မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွမဖြစ်သော 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) သည် မြင်အပ်သည်၏ အဖြစ်(မြင်ခြင်း)နှင့် တကွမဖြစ်သော'အနိဒဿန',ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ)၌ ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။

ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'လည်း မည်၏၊ ဤရုပ်သည် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ဟူသော သဘော'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်ပေတည်း။

၆၅၀။ (၄) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြေဟူသောသဘော (ခက်မာခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသောသဘော (ရင့်ကျက်စေခြင်းသဘော) 'တေဇောဓာတ်'၊ လေဟူသောသဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခိုင်မာခြင်းသဘော 'ကက္ခဋ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်းသဘော 'သဏှ'၊ ကြမ်းတမ်းခြင်းသဘော 'ဖရုသ'၊ ချမ်းသာသော အတွေ့ 'သုခသမ္ဖဿ'၊ ဆင်းရဲသော အတွေ့ 'ဒုက္ခသမ္ဖဿ'၊ လေးလံသောသဘော 'ဂရုက'၊ ပေါ့ပါးသောသဘော 'လဟုက'သည် ရှိ၏၊ အကြင် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ကို အာရုံပြုလျက် ကိုယ်အကြည် 'ကာယ' (ဝတ္ထု)ကိုမှီ၍ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မှုလည်း ဖြစ်ရာ၏။ပ။

အကြင် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ကို အာရုံပြုလျက် ကိုယ်အကြည် 'ကာယ' (ဝတ္ထု)ကို မှီ၍ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'သည်။ပ။ မှတ်သားမှု 'သညာ'သည်။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'သည်။ပ။ ထိသိစိတ် 'ကာယဝိညာဏ်'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မှုလည်း ဖြစ်ရာ၏။ပ။

အကြင်ကိုယ်အကြည် 'ကာယ' (ဝတ္ထု)ကို မှီ၍ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)လျှင် အာရုံရှိသော ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မှုလည်း ဖြစ်ရာ၏။ပ။ အကြင် ကိုယ်အကြည် 'ကာယ' (ဝတ္ထု)ကို မှီ၍ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)လျှင် အာရုံရှိသော ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'သည်။ပ။ မှတ်သားမှု 'သညာ'သည် ။ပ။စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' သည်။ပ။ ထိသိစိတ် (ကာယဝိညာဏ်)သည် ဖြစ်လည်း ဖြစ်ခဲ့ပြီ၊ ဖြစ်လည်း ဖြစ်ဆဲ၊ ဖြစ်လည်း ဖြစ်လတ္တံ့၊ ဖြစ်မှုလည်း ဖြစ်ရာ၏။

ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'လည်း မည်၏၊ ဤရုပ်သည် အတွေ့(ဖောဋ္ဌဗ္ဗာရုံ)ဟူသောသဘော'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အာပေါဓာတ်** ၆၅၁။ ရေဟူသော( ဖွဲ့စည်းမှု )သဘော 'အာပေါဓာတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် ရေ 'အာပေါ'၊ ရေဟူ၍ဖြစ်ခြင်း 'အာပေါဂတ'၊ အစေး'သိနေဟ'၊ အစေးဟူ၍ဖြစ်ခြင်း 'သိနေဟဂတ'၊ ရုပ်ကို ဖွဲ့စည်းခြင်းသဘော 'ဗန္ဓနတ္တ'သည် (ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'ဟူသော ထိုရုပ်ပေတည်း။

ဤရုပ်အပေါင်းသည် မမှီတတ်သော 'နောဥပါဒါ'ဟူသော ထိုရုပ်ပေတည်း။

---

## နှစ်ခုစီအကျယ်ပြခြင်း 'ဒုကနိဒ္ဒေသ'

**တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့်ကံကြောင့်ဖြစ်သော'ဥပါဒိဏ္ဏ'ရုပ်** ၆၅၂။ (၁) ဥပါဒိဏ္ဏ(ကမ္မဇ) ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်'ဃာနာယတန'၊ လျက်သိစိတ် ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ကမ္မဇရုပ်ကေန်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြား ဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်းအရသာ 'ရသာယတန'၊ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသောဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊ ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် ဥပါဒိဏ္ဏ (ကမ္မဇ) ဟူသော ထိုရုပ်ပေတည်း။

**ကံကြောင့်မဖြစ်သော'အနုပါဒိဏ္ဏ'ရုပ်** ၆၅၃။ (၂) အနုပါဒိဏ္ဏ ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့်သိစေမှု 'ဝစီဝိညတ်'၊ ရုပ်၏ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် ရှိ၏။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြား ဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိ

http://www.dhammadownload.com



စိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသောဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် အနုပါဒိန္နုပါဒိန္နဟူသော ထိုရုပ်ပေတည်း။

**ကံ၏အကျိုး, ဥပါဒါန်တို့၏ အာရုံဖြစ်သော 'ဥပါဒိန္နုပါဒိန္နိယ' ရုပ် ၆၅၄။** (၁) ဥပါဒိန္နုပါဒိန္နိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြား ဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ) ကြောင့်ဖြစ်သော အကြင် မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော(ရေးခြစ်၍မရသောဟင်းလင်း) သဘော 'အာကာသဓာတ်'၊ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊ ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် ဥပါဒိန္နုပါဒိန္နိယ ဟူသော ထိုရုပ်ပေတည်း။

**ကံ၏အကျိုးမဟုတ် ဥပါဒါန်တို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ် ၆၅၅။** (၂) အနုပါဒိန္နုပါဒါနိယဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့်သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ ရုပ်၏ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြား ဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့် မဖြစ်သော အကြင် မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော(ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် အနုပါဒိန္နုပါဒါနိယ ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**မြင်အပ်သော 'သနိဒဿန'ရုပ်** ၆၅၆။ (၁) သနိဒဿန ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' သည်(ရှိ၏)။ဤရုပ်သည် သနိဒဿန ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**မမြင်အပ်သော 'အနိဒဿန'ရုပ်** ၆၅၇။ (၂) အနိဒဿန ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန' ။ပ။အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အနိဒဿနဟူသော ထိုရုပ်ပေတည်း။

**ထိခိုက်တတ်သော 'သပ္ပဋိဃ'ရုပ်** ၆၅၈။ (၁) သပ္ပဋိဃ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယ-တန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် သပ္ပဋိဃ ဟူသော ထိုရုပ်ပေတည်း (ဩဠာရိကရုပ်၊ သန္တိကေရုပ်)။

**မထိခိုက်ကောင်းသော 'အပ္ပဋိဃ'ရုပ်** ၆၅၉။ (၂) အပ္ပဋိဃ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ။ပ။အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် အပ္ပဋိဃ ဟူသော ထိုရုပ်ပေတည်း (သုခုမရုပ်၊ ဒူရေရုပ်)။

**အစိုးရသော 'ဣန္ဒြိယ'ရုပ်** ၆၆၀။ (၁) (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်မှု၌ အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ'၊ ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ'၊ နံမှု၌ အစိုးရသော နှာခေါင်း အကြည် 'ဃာနိန္ဒြေ'၊ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'၊ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'၊ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိ ဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြိယ' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး၊ ဘာဝရုပ်နှစ်ပါး၊ ဇီဝိတရုပ်)။

**န ဣန္ဒြိယရုပ်** ၆၆၁။ (၂) န ဣန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီ-ကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ဣန္ဒြိယဟူသော ထိုရုပ်ပေတည်း။

**မဟာဘုတ်ရုပ်** ၆၆၂။ (၁) မဟာဘုတ် ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ပထဝီ၊ တေဇော၊ ဝါယော)၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ် ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**န မဟာဘူတရုပ်**　၆၆၃။ (၂) မဟာဘုတ် မမည်သော 'န မဟာဘူတ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။အလုတ်အလွေး ပြုအပ်သော အစာ'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ်မမည်သော 'နမဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**ဝိညတ်ရုပ်**　၆၆၄။ (၁) ဝိညတ် ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏)။ ဤရုပ်နှစ်ခုသည် ဝိညတ်ဟူသော ထိုရုပ်ပေတည်း။

**န ဝိညတ္တိရုပ်**　၆၆၅။ (၂) န ဝိညတ္တိ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် နဝိညတ္တိ ဟူသော ထိုရုပ်ပေတည်း။

**စိတ်ကြောင့်ဖြစ်သော 'စိတ္တသမုဋ္ဌာန'ရုပ်**　၆၆၆။ (၁) စိတ္တသမုဋ္ဌာန (စိတ္တဇ)ဟူသော ထိုရုပ်သည် အဘယ်နည်း။(မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု ' ကာယဝိညတ် '၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏) (ဝိညတ်ရုပ်နှစ်ပါး, စိတ္တဇရုပ်ကေန်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, စိတ်ကြောင့်ဖြစ်သော, စိတ်လျှင် အကြောင်းရှိသော, စိတ်လျှင်ဖြစ်ကြောင်းရှိသော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်းအနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော သဘော 'အာပေါဓာတ်'၊ ရုပ်၏ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ ရုပ်၏နူးညံ့မှု 'ရူပဿ မုဒုတာ'၊ ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် စိတ္တသမုဋ္ဌာန (စိတ္တဇ)ဟူသော ထိုရုပ်ပေတည်း။

**စိတ်ကြောင့်မဖြစ်သော 'န စိတ္တသမုဋ္ဌာန'ရုပ်**　၆၆၇။ (၂) န စိတ္တသမုဋ္ဌာနဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'၊ ရုပ်၏ အိုမှု, ရင့်ရော်သွေးမြေ့မှု 'ရူပဿ ဇရတာ'၊ ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, စိတ်ကြောင့်မဖြစ်သော, စိတ်ဟူသော အကြောင်းမရှိသော,စိတ်ဟူသော ဖြစ်ကြောင်းမရှိသော,မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာ-

http://www.dhammadownload.com



ယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ ရုပ်၏ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ ရုပ်၏နူးညံ့မှု 'ရူပဿ မုဒုတာ'၊ ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသောရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် န စိတ္တသမုဋ္ဌာနဟူသော ထိုရုပ်ပေတည်း။

**စိတ်နှင့်အတူဖြစ်(အတူပျက်)သော 'စိတ္တသဟဘု'ရုပ်** ၆၆၈။ (၁) စိတ္တသဟဘု ( စိတ္တဇ )ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို)နှုတ်မြွက်ခြင်းဖြင့် သိစေမှု'ဝစီဝိညတ်'သည် (ရှိ၏)။ ဤရုပ်နှစ်ခုသည် စိတ္တသဟဘု(စိတ္တဇ)ဟူသော ထိုရုပ်ပေတည်း (ဝိညတ်ရုပ်နှစ်ပါး)။

**စိတ်နှင့်အတူမဖြစ်သော 'န စိတ္တသဟဘု'ရုပ်** ၆၆၉။ (၂) န စိတ္တသဟဘုဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န စိတ္တသဟဘုဟူသော ထိုရုပ်ပေတည်း (ဝိညတ်ရုပ် ၂-ပါးမှ ထပါး အခြားသောရုပ်များ)။

**စိတ်သို့အစဉ်လိုက်၍ဖြစ်သော 'စိတ္တာနုပရိဝတ္တိ'ရုပ်** ၆၇၀။ (၁) စိတ်သို့ အစဉ်လိုက်၍ဖြစ်သော ( စိတ်နှင့် ဖြစ်တူ ပျက်တူ ) 'စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို)နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏)။ ဤရုပ်နှစ်ပါးသည် စိတ်သို့ အစဉ်လိုက်၍ဖြစ်သော (စိတ်နှင့် ဖြစ်တူ ပျက်တူ) 'စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်ပေတည်း (ဝိညတ္တိရုပ် ၂-ပါး)။

**စိတ်သို့အစဉ်လိုက်၍မဖြစ်သော'န စိတ္တာနုပရိဝတ္တိ'ရုပ်** ၆၇၁။ (၂) စိတ်သို့ အစဉ်လိုက်၍မဖြစ်သော ( စိတ်နှင့် ဖြစ်တူ ပျက်တူမဟုတ်သော) 'န စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် စိတ်သို့ အစဉ်လိုက်၍မဖြစ်သော (စိတ်နှင့် ဖြစ်တူ ပျက်တူ မဟုတ်သော) 'န စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်ပေတည်း (ဝိညတ်ရုပ် ၂-ပါးမှတပါး အခြားသောရုပ်များ)။

**အတွင်းကျသော 'အဇ္ဈတ္တိက'ရုပ်** ၆၇၂။ (၁) အဇ္ဈတ္တိက ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အဇ္ဈတ္တိကဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ် ၅-ပါး)။

http://www.dhammadownload.com



**ပြင်ပဖြစ်သော ဗာဟိရ‘ရုပ်** ၆၇၃။ (၂) ဗာဟိရဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း‘ရူပါယတန’။ပ။ အလုတ်အလွေးပြုအပ်သော အစာ ‘ကဗဠီကာရအာဟာရ’သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ဗာဟိရဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ် ၅ ပါးမှတပါး အခြားသောရုပ်များ)။

**ကြမ်းတမ်းသော ‘ဩဠာရိက’ရုပ်** ၆၇၄။ (၁) ဩဠာရိက ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် ‘စက္ခာယတန’။ပ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ ‘ဖောဋ္ဌဗ္ဗာယတန’သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ဩဠာရိက ဟူသော ထိုရုပ်ပေတည်း (သပ္ပဋိဃရုပ်၊ သန္တိကေရုပ်)။

**သိမ်မွေ့သော ‘သုခုမ’ရုပ်** ၆၇၅။ (၂) သုခုမဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု ‘ဣတ္ထိန္ဒြေ’။ပ။ အလုတ်အလွေး ပြုအပ်သော အစာ ‘ကဗဠီကာရအာဟာရ’ သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် သုခုမ ဟူသော ထိုရုပ်ပေတည်း (ဒူရေရုပ်၊ အပ္ပဋိဃရုပ်)။

**သိဘို့ဝေးသော ‘ဒူရေ’ရုပ်** ၆၇၆။ (၁) ဒူရေဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု ‘ဣတ္ထိန္ဒြေ’။ပ။ အလုတ်အလွေး ပြုအပ်သောအစာ ‘ကဗဠီကာရအာဟာရ’ သည် (ရှိ၏)။ ဤရုပ် အပေါင်းသည် ဝေးကွာသော (အသိခက်သော) ဒူရေ ဟူသော ထိုရုပ်ပေတည်း (သုခုမရုပ်၊ အပ္ပဋိဃရုပ်)။

**သိဘို့နီးသော ‘သန္တိကေ’ရုပ်** ၆၇၇။ (၂) သန္တိကေဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် ‘စက္ခာယတန’။ပ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ ‘ဖောဋ္ဌဗ္ဗာယတန’သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် နီးကပ်သော (သိလွယ်သော) သန္တိကေဟူသော ထိုရုပ်ပေတည်း။

**စက္ခုသမ္ဖဿဿ ဝတ္ထုရုပ်** ၆၇၈။ (၁) မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု ‘ဖဿ’၏မှီရာ တည်ရာ ‘စက္ခုသမ္ဖဿဿ ဝတ္ထု’ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် ‘စက္ခာယတန’သည် (ရှိ၏)။ ဤရုပ်သည် မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု ‘ဖဿ’၏မှီရာ တည်ရာ ‘စက္ခုသမ္ဖဿဿ ဝတ္ထု’ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**စက္ခုသမ္ဖဿဿ န ဝတ္ထုရုပ်** ၆၇၉။ (၂) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု ‘ဖဿ’၏ မှီရာ တည်ရာ မဟုတ်သော ‘စက္ခုသမ္ဖဿဿ န ဝတ္ထု’ ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည် ‘သောတာယတန’။ပ။ အလုတ်အလွေးပြုအပ်သောအစာ ‘ကဗဠီကာရ အာဟာရ’သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု‘ဖဿ’၏မှီရာ တည်ရာမဟုတ်သော ‘စက္ခုသမ္ဖဿဿ န ဝတ္ထု’ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒရုပ်မှ တပါး အခြားသောရုပ်များ)။

**စက္ခုသမ္ဖဿဇာဝေဒနာစသည်တို့၏ မှီရာ ရုပ်များ** ၆၈၀။ (၁) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု‘ဖဿ’ကြောင့် ဖြစ်သော ခံစားမှု ‘ဝေဒနာ’၏။ပ။ မှတ်သားမှု ‘သညာ’၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) ‘စေတနာ’၏။ပ။

http://www.dhammadownload.com



မြင်သိစိတ် (စက္ခုဝိညာဏ်)၏ မှီရာ တည်ရာ 'စက္ခုဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'သည် (ရှိ၏)။ ဤရုပ်သည် မြင်သိစိတ်၏ မှီရာ တည်ရာ 'စက္ခုဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒရုပ်)။

**စက္ခုဝိညာဏဿ န ဝတ္ထုရုပ်** ၆၇၁။ (၂) မြင်သိစိတ်၏ မှီရာ တည်ရာ မဟုတ်သော 'စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မြင်သိစိတ်၏ မှီရာတည်ရာ မဟုတ်သော 'စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**သောတသမ္ဖဿာဒိဝတ္ထုစသောရုပ်များ** ၆၇၂။ (၁) ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'သောတသမ္ဖဿ'၏။ပ။ နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဃာနသမ္ဖဿ'၏။ပ။ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဇိဝှါသမ္ဖဿ'၏။ပ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**ကာယသမ္ဖဿဿ န ဝတ္ထုရုပ်** ၆၇၃။ (၂) ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**ကာယသမ္ဖဿဇာဝေဒနာစသည်တို့၏ ဝတ္ထုရုပ်များ** ၆၇၄။ (၁) ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ ထိသိစိတ်(ကာယဝိညာဏ်)၏ မှီရာ တည်ရာ 'ကာယဝိညာဏဿဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ကာယဝိညာဏဿဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**ကာယဝိညာဏဿ န ဝတ္ထုရုပ်** ၆၇၅။ (၂) ထိသိစိတ်(ကာယဝိညာဏ်)၏မှီရာ တည်ရာ မဟုတ်သော 'ကာယဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် ထိသိစိတ်(ကာယဝိညာဏ်)၏မှီရာ တည်ရာ မဟုတ်သော 'ကာယဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒမှတပါး အခြားသောရုပ်များ)။

**စက္ခုသမ္ဖဿဿအာရမ္မဏရုပ်** ၆၇၆။ (၁) မြင်သိစိတ်( စက္ခုဝိညာဏ် )နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏အာရုံ 'စက္ခုသမ္ဖဿဿ အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်

http://www.dhammadownload.com



သည် မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏အာရုံ'စက္ခုသမ္ဘဿဿ အာရမ္မဏ' ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**စက္ခုသမ္ဘဿဿ န အာရမ္မဏရုပ်** ၆၇၇။ (၂) မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏အာရုံ မဟုတ်သော 'စက္ခုသမ္ဘဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏အာရုံမဟုတ်သော 'စက္ခုသမ္ဘဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံမှတပါး အခြားသော ရုပ်များ)။

**စက္ခုသမ္ဘဿဇာ ဝေဒနာစသည်တို့၏ အာရမ္မဏရုပ်များ** ၆၇၈။ (၁) မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏။ပ။မြင်သိစိတ်(စက္ခုဝိညာဏ်)၏အာရုံ'စက္ခုဝိညာဏဿ အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)၏ အာရုံ 'စက္ခုဝိညာဏဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**စက္ခုဝိညာဏဿ န အာရမ္မဏရုပ်** ၆၇၉။ (၂). မြင်သိစိတ် (စက္ခုဝိညာဏ်)၏ အာရုံမဟုတ်သော'စက္ခုဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မြင်သိစိတ်(စက္ခုဝိညာဏ်)၏ အာရုံမဟုတ်သော 'စက္ခုဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**သောတသမ္ဘဿဿ အာရမ္မဏစသောရုပ်များ** ၆၈၀။ (၁) ကြားသိစိတ်(သောတဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်(ဃာနဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ ထိသိစိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံ'ကာယသမ္ဘဿဿ အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိသိစိတ်(ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏အာရုံ 'ကာယသမ္ဘဿဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**ကာယသမ္ဘဿဿ န အာရမ္မဏရုပ်** ၆၈၁။ (၂) ထိသိစိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံ မဟုတ်သော 'ကာယသမ္ဘဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိသိစိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သောတွေ့ထိမှု'ဖဿ'၏

http://www.dhammadownload.com



အာရုံ မဟုတ်သော 'ကာယသမ္ဘဿသ နအာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံမှတပါး အခြားသောရုပ်များ)။

**ကာယသမ္ဘဿဇာဝေဒနာစသည်တို့၏ အာရမ္မဏရုပ်များ** ၆၉၂။ (၁) ထိသိစိတ်(ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏ ။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏။ပ။ ထိသိစိတ်(ကာယဝိညာဏ်)၏အာရုံ 'ကာယဝိညာဏဿ အာရမ္မဏ' ဟူသော ထို ရုပ်သည် အဘယ်နည်း။ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)၏ အာရုံ 'ကာယဝိညာဏဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**ကာယဝိညာဏဿ န အာရမ္မဏရုပ်** ၆၉၃။ (၂) ထိသိစိတ်(ကာယဝိညာဏ်)၏ အာရုံမဟုတ်သော 'ကာယဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် ထိသိစိတ် (ကာယဝိညာဏ်)၏ အာရုံမဟုတ်သော'ကာယဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာယတနမှ တပါး အခြားသောရုပ်များ)။

**မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည်'စက္ခာယတန'ရုပ်** ၆၉၄။ (၁) မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည်(စက္ခုဒွါရ၌ ဖြစ်သောစိတ် အမျိုးနှင့် ဆက်ဆံခြင်းရှိ၍ သိမ်းခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်းမည်၏။ ဤသို့သဘောရှိသော ရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**န စက္ခာယတနရုပ်** ၆၉၅။ (၂) န စက္ခာယတနဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န စက္ခာယတန ဟူသော ထိုရုပ်ပေတည်း။

**ကြားသိစိတ်ဖြစ်ရာ နားအကြည်'သောတာယတန'စသည်** ၆၉၆။ (၁) ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန'ဟူသော ထိုရုပ်သည်။ပ။ နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည်'ဃာနာယတန'ဟူသော ထိုရုပ်သည်။ပ။လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' ဟူသော ထိုရုပ်သည်။ပ။ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် ကိုယ်အကြည်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤသို့သဘောရှိသောရုပ်သည် (ကာယဒွါရ၌ ဖြစ်သောစိတ်

http://www.dhammadownload.com



အမျှားနှင့်ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'ဟူသော ထိုရုပ်ပေတည်း။

**န ကာယာယတနရုပ်** ၆၉၇။ (၂) န ကာယာယတန ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ကာယာယတန ဟူသော ထိုရုပ်ပေတည်း။

**ရူပါယတနရုပ်** ၆၉၈။ (၁) မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း'ရူပါယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ အဆင်းအရောင်ဟူသော အကြင်အဆင်း'ရူပါရုံ'။ပ။ဤရုပ်သည် အဆင်းဟူသောသဘော'ရူပဓာတ်'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် ရူပါယတန ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**န ရူပါယတနရုပ်** ၆၉၉။ (၂) န ရူပါယတန ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ရူပါယတန ဟူသော ထိုရုပ်ပေတည်း (ရူပါရုံမှ တပါး အခြားသောရုပ်များ)။

**သဒ္ဒါယတနရုပ်စသည်** ၇၀၀။ (၁) ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'ဟူသော ထိုရုပ်သည်။ပ။နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'ဟူသော ထိုရုပ်သည်။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ'ရသာယတန'ဟူသော ထိုရုပ်သည်။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြေဟူသော(ခက်မာမှု)သဘော 'ပထဝီဓာတ်'။ပ။ဤရုပ်သည် အတွေ့ဟူသောသဘော'ဖောဋ္ဌဗ္ဗဓာတ်'လည်း မည်၏။ဤသို့သဘောရှိသောရုပ်သည် ထိသိစိတ်( ကာယဝိညာဏ် )ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**န ဖောဋ္ဌဗ္ဗာယတနရုပ်** ၇၀၁။ (၂) န ဖောဋ္ဌဗ္ဗာယတန ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ဖောဋ္ဌဗ္ဗာယတနဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံမှတပါး အခြားသောရုပ်များ)။

**စက္ခုဓာတုရုပ်** ၇၀၂။ (၁) မြင်မှုသဘော 'စက္ခုဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'သည် (ရှိ၏)။ ဤရုပ်သည် မြင်မှုသဘော'စက္ခုဓာတု'ဟူသော ထိုရုပ်ပေတည်း(စက္ခုပသာဒရုပ်)။

**န စက္ခုဓာတုရုပ်** ၇၀၃။ (၂) န စက္ခုဓာတု ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န စက္ခုဓာတုဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒရုပ်မှတပါး အခြားသော ရုပ်များ)။

http://www.dhammadownload.com



**သောတဓာတုရုပ်စသည်** ၇၀၄။ (၁) ကြားမှုသဘော 'သောတဓာတု' ဟူသော ထိုရုပ်သည်။ပ။ နံမှုသဘော 'ဃာနဓာတု' ဟူသော ထိုရုပ်သည်။ပ။လျက်မှုသဘော 'ဇိဝှါဓာတု' ဟူသော ထိုရုပ်သည်။ပ။ထိမှုသဘော 'ကာယဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိမှုသဘော 'ကာယဓာတု' ဟူသော ထိုရုပ်ပေတည်း။

**န ကာယဓာတုရုပ်** ၇၀၅။ (၂) န ကာယဓာတု ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ကာယဓာတု ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒရုပ်မှတပါး အခြားသောရုပ်များ)။

**ရူပဓာတုရုပ်** ၇၀၆။ အဆင်းသဘော 'ရူပဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း'ရူပါယတန'သည်(ရှိ၏)။ ဤရုပ်သည် အဆင်းသဘော 'ရူပဓာတု'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**န ရူပဓာတုရုပ်** ၇၀၇။ (၁) န ရူပဓာတု ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ဤရုပ်အပေါင်းသည် န ရူပဓာတု ဟူသော ထိုရုပ်ပေတည်း (ရူပါရုံမှတပါး အခြားသောရုပ်များ)။

**သဒ္ဒဓာတုရုပ်စသည်** ၇၀၈။ (၁) အသံသဘော 'သဒ္ဒဓာတု'ဟူသော ထိုရုပ်သည်။ပ။အနံ့သဘော 'ဂန္ဓဓာတု'ဟူသော ထိုရုပ်သည်။ပ။အရသာသဘော 'ရသဓာတု' ဟူသော ထိုရုပ်သည်။ပ။ အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတု' ဟူသော ထိုရုပ်ပေတည်း။

**န ဖောဋ္ဌဗ္ဗဓာတုရုပ်** ၇၀၉။ (၂) န ဖောဋ္ဌဗ္ဗဓာတုဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ဖောဋ္ဌဗ္ဗဓာတု ဟူသော ထိုရုပ်ပေတည်း။

**စက္ခုန္ဒြိယရုပ်** ၇၁၀။ (၁) မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မျက်စိအကြည်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ဤသို့သဘောရှိသော ရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း(စက္ခုပသာဒရုပ်)။

http://www.dhammadownload.com



**န စက္ခုန္ဒြိယရုပ်** ၇၁၁။ (၂) န စက္ခုန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န စက္ခုန္ဒြိယ ဟူသော ထိုရုပ်ပေတည်း။

**သောတိန္ဒြိယရုပ်စသည်** ၇၁၂။ (၁) ကြားမှု၌ အစိုးရသော နားအကြည်'သောတိန္ဒြိယ'ဟူသော ထိုရုပ်သည်။ပ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြိယ'ဟူသော ထိုရုပ်သည်။ပ။လျက်မှု၌ အစိုးရသော လျှာအကြည်'ဇိဝှိန္ဒြိယ'ဟူသော ထိုရုပ်သည်။ပ။ ထိမှု၌ အစိုးရသော ကိုယ်အကြည်'ကာယိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် ကိုယ်အကြည်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (ကာယဒွါရ၌ ဖြစ်သောစိတ် အများနှင့်ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်)ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသော ရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြိယ' ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒ)။

**န ကာယိန္ဒြိယရုပ်** ၇၁၃။ (၂) န ကာယိန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ကာယိန္ဒြိယ ဟူသော ထိုရုပ်ပေတည်း။

**ဣတ္ထိန္ဒြိယရုပ်** ၇၁၄။ (၁) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ၏ အကြင်(အရပ်အမောင်း လက်ခြေစသော) မိန်းမပုံသဏ္ဌာန်၊ (မိန်းမဟု သိကြောင်း) မိန်းမ၏အမှတ်အသား၊ မိန်းမအမူအရာ၊ မိန်းမ၏ (သွားပုံလာပုံ စသော)အသွင်အပြင်၊ မိန်းမ၏အဖြစ်၊ မိန်းမ၏သဘောသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ဣတ္ထိဘာဝရုပ်)။

**န ဣတ္ထိန္ဒြိယရုပ်** ၇၁၅။ (၂) န ဣတ္ထိန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်(စက္ခု-ဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် န ဣတ္ထိန္ဒြိယ ဟူသော ထိုရုပ်ပေတည်း (ဣတ္ထိဘာဝရုပ်မှတပါး အခြားသောရုပ်များ)။

**ပုရိသိန္ဒြိယရုပ်** ၇၁၆။ (၁) ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ယောကျ်ား၏ အကြင်(အရပ်အမောင်း လက်ခြေ စသော) ယောကျ်ားပုံသဏ္ဌာန်၊ (ယောကျ်ားဟုသိကြောင်း) ယောကျ်ား၏ အမှတ်အသား၊ ယောကျ်ားအမူအရာ၊ ယောကျ်ား၏ (သွားပုံ လာပုံစသော) အသွင်အပြင်၊ ယောကျ်ား၏ အဖြစ်၊ ယောကျ်ား၏ သဘောသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် ပုရိသိန္ဒြိယ ဟူသော ထိုရုပ်ပေတည်း(ပုမ္ဘာဝရုပ်)။

http://www.dhammadownload.com



**န ပုရိသိန္ဒြိယရုပ်** ၇၁၇။ (၂) န ပုရိသိန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခု-ဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် န ပုရိသိန္ဒြိယ ဟူသော ထိုရုပ်ပေတည်း (ပုမ္ဘာဝရုပ်မှတပါး အခြားသောရုပ်များ)။

**ဇီဝိတိန္ဒြိယရုပ်** ၇၁၈။ (၁) အသက်ရှည်ကြောင်း၌အစိုးရမှု 'ဇီဝိတိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိုဖောက်ပြန်ခြင်း သဘောရှိသော (ရုပ်)တရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ (တည်တံ့စွာ) ဖြစ်နေခြင်းသဘော၊ (တည်တံ့စွာ) ဖြစ်နေစေခြင်းသဘော၊ (တိုးပွါး၍)ဖြစ်မှုသဘော၊ (ဆက်လက်၍)ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ကြောင်းသဘော၊ အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြေ'သည်(ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ဇီဝိတိန္ဒြေ)။

**န ဇီဝိတိန္ဒြိယရုပ်** ၇၁၉။ (၂) န ဇီဝိတိန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ဇီဝိတိန္ဒြိယ ဟူသော ထိုရုပ်ပေတည်း (ဇီဝိတိန္ဒြေမှတပါး အခြားသောရုပ်များ)။

**ကာယဝိညတ်ရုပ်** ၇၂၀။ (၁) (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ်စိတ်ကြောင့် ဖြစ်စေ, အကုသိုလ်စိတ်ကြောင့် ဖြစ်စေ, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့် ဖြစ်စေ ရှေ့သို့တက်သူအားရင်း နောက်သို့ဆုတ်သူအားရင်း တူရူကြည့်သူအားရင်း တစောင်းကြည့်သူအားရင်း ကွေးသူအားရင်း ဆန့်တန်းသူအားရင်း (ဖြစ်ပေါ်လာသော) ကိုယ်၏ အကြင်ခိုင်မာမှု၊ ကောင်းစွာခိုင်မာမှု၊ ကောင်းစွာ ခိုင်မာသည်၏အဖြစ်(ကောင်းစွာခိုင်မာခြင်း)၊ သိစေခြင်းသဘော၊ သိစေပုံအခြင်းအရာ၊ သိစေတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်' ဟူသော ထိုရုပ်ပေတည်း။

**နကာယဝိညတ္တိရုပ်** ၇၂၁။ (၂) န ကာယဝိညတ္တိ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် န ကာယဝိညတ္တိ ဟူသော ထိုရုပ်ပေတည်း။

**ဝစီဝိညတ်ရုပ်** ၇၂၂။ (၁) (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ်စိတ်ကြောင့် ဖြစ်စေ, အကုသိုလ်စိတ်ကြောင့် ဖြစ်စေ, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့် ဖြစ်စေ, အကြင်စကား၊ မြွက်ဆိုမှု၊ စကားအစီအစဉ်၊ ပြောဆိုမှု၊ ကြွေးကြော်ခြင်း၊ ကြွေးကြော်မှု၊ စကားတည်းဟူသော နှုတ်မြွက်မှုသည် (ရှိ၏)၊ ဤနှုတ်မြွက်မှု စသည်ကို စကား 'ဝါစာ'ဟု ဆိုအပ်၏၊ ထိုစကားဖြင့် အကြင်သိစေခြင်းသဘော၊ သိစေပုံ အခြင်းအရာ၊ သိစေတတ်သည်၏ အဖြစ်သည်

http://www.dhammadownload.com



(ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' ဟူသော ထိုရုပ်ပေတည်း။ ။(၆၃၆,၇၅၀)

**န ဝစီဝိညတ္တိရုပ်** ၇၂၃။ (၂) ဝစီဝိညတ်မဟုတ်သော'န ဝစီဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှုမဟုတ်သော 'န ဝစီဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း (ဝစီဝိညတ္တိရုပ်မှတပါး အခြားသောရုပ်များ)။

**အာကာသဓာတုရုပ်** ၇၂၄။ (၁) မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ကောင်းကင်ဟင်းလင်း) သဘော၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ကောင်းကင်ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း၊ မထိခိုက်အပ်သော (ထိကိုင်၍မရသော ကောင်းကင်ဟင်းလင်း) သဘော၊ မထိခိုက်အပ်သော (ထိကိုင်၍မရသော ကောင်းကင်ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း၊ (ဟင်းလင်း) အပေါက်၊ (ဟင်းလင်း) အပေါက်ဟူ၍ ဖြစ်ခြင်း၊ မဟာဘုတ် လေးပါးတို့ မတွေ့မထိအပ်သော သဘောသည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတု'ဟူသော ထိုရုပ်ပေတည်း။ (၆၃၇,၇၅၃)

**န အာကာသဓာတုရုပ်** ၇၂၅။ (၂) အာကာသဓာတုမဟုတ်သော'န အာကာသဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အာကာသဓာတု မဟုတ်သော 'န အာကာသဓာတု' ဟူသော ထိုရုပ်ပေတည်း (အာကာသဓာတုရုပ်မှတပါး အခြားသောရုပ်များ)။

**အာပေါဓာတုရုပ်** ၇၂၆။ (၁) ရေဟူသော(ဖွဲ့စည်းမှု)သဘော'အာပေါဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် ရေ၊ ရေဟူ၍ ဖြစ်ခြင်း(အရည်)၊ အစေး၊ အစေး ဟူ၍ ဖြစ်ခြင်း၊ ရုပ်ကို ဖွဲ့စည်းခြင်းသဘောသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတု'ဟူသော ထိုရုပ်ပေတည်း။ (၆၅၁,၇၅၆)

**န အာပေါဓာတုရုပ်** ၇၂၇။ (၂) အာပေါဓာတုမဟုတ်သော 'န အာပေါဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အာပေါဓာတုမဟုတ်သော 'န အာပေါဓာတု'ဟူသော ထိုရုပ်ပေတည်း (အာပေါဓာတုရုပ်မှတပါး အခြားသောရုပ်များ)။

**ရူပဿ လဟုတာရုပ်** ၇၂၈။ (၁) (နိပ္ဖန္န)ရုပ်၏ ပေါ့ပါးမှု 'ရူပဿ လဟုတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။(နိပ္ဖန္န)ရုပ်၏ အကြင် လျင်မြန်ပေါ့ပါးမှု၊ (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးစွာ ပြောင်းလဲနိုင်မှု (လျင်စွာဖြစ်မှု)၊ မနုန့်နှေး မလေးလံ (မနှေးကန်)သည်၏ အဖြစ်၊ မခိုင်မာမှု (မတုန်မလှုပ်ခြင်းကင်းမှု)သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ ပေါ့ပါးမှု 'ရူပဿ လဟုတာ'ဟူသော ထိုရုပ်ပေတည်း။ (၆၃၈)

http://www.dhammadownload.com



**ရူပဿ န လဟုတာရုပ်** ၇၂၉။ (၂) ရူပဿ လဟုတာ မဟုတ်သော 'ရူပဿ န လဟုတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ လဟုတာ မဟုတ်သော 'ရူပဿ န လဟုတာ'ဟူသော ထိုရုပ်ပေတည်း (ရူပဿ လဟုတာရုပ်မှတပါး အခြားသောရုပ်များ)။

**ရူပဿ မုဒုတာရုပ်** ၇၃၀။ (၁) (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န)ရုပ်၏ အကြင် နူးညံ့မှု၊ ပြော့ပျောင်း ပြေပြစ်မှု၊ မကြမ်းတမ်းမှု၊ မခက်မာမှုသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'ဟူသော ထိုရုပ်ပေတည်း။ (၆၃၄,၈၆၂)

**ရူပဿ န မုဒုတာရုပ်** ၇၃၁။ (၂) ရူပဿ မုဒုတာ မဟုတ်သော 'ရူပဿ န မုဒုတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ မုဒုတာ မဟုတ်သော 'ရူပဿ န မုဒုတာ'ဟူသော ထိုရုပ်ပေတည်း (ရူပဿ မုဒုတာရုပ်မှတပါး အခြားသောရုပ်များ)။

**ရူပဿ ကမ္မညတာရုပ်** ၇၃၂။ (၁) (နိပ္ဖန္န)ရုပ်၏ အလုပ်၌ ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န) ရုပ်၏ အကြင် အလုပ်၌ ခံ့မှု၊ အလုပ်၌ ခံ့ကြောင်းသဘော၊ အလုပ်၌ ခံ့သည်၏ အဖြစ်သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ အလုပ်၌ ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၀,၈၆၅)

**ရူပဿ န ကမ္မညတာရုပ်** ၇၃၃။ (၂) ရူပဿ ကမ္မညတာ မဟုတ်သော 'ရူပဿ န ကမ္မညတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ ကမ္မညတာမဟုတ်သော 'ရူပဿ န ကမ္မညတာ' ဟူသော ထိုရုပ်ပေတည်း (ရူပဿ ကမ္မညတာရုပ်မှတပါး အခြားသောရုပ်များ)။

**ရူပဿ ဥပစယရုပ်** ၇၃၄။ (၁) (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရုပ်'အာယတန'တို့၏ အကြင်(ဦးစွာအစ) ဖြစ်ပေါ်လာစသည် (ရှိ၏)၊ ထိုရုပ်အာယတနတို့၏ (ဦးစွာအစ) ဖြစ်ပေါ်လာစသည် ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'မည်၏။ ဤသို့သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၁,၈၆၈)

**ရူပဿ န ဥပစယရုပ်** ၇၃၅။ (၂) ရူပဿ ဥပစယ မဟုတ်သော 'ရူပဿ န ဥပစယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ ဥပစယ မဟုတ်သော 'ရူပဿ န ဥပစယ 'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ရူပဿ သန္တတိရုပ်** ၇၃၆။ (၁) (နိပ္ဖန္န) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'ဟူသော ထိုရုပ်သည် အဘယ် နည်း။ (နိပ္ဖန္န) ရုပ်၏ အကြင်ကြီးပွါးဆဲအစဉ် (ဆက်လက်ဖြစ်နေဆဲ) သည် (ရှိ၏)၊ ထိုရုပ်၏ ကြီးပွါးဆဲအစဉ်သည် ရုပ်၏ဖြစ်စဉ်'ရူပဿ သန္တတိ' မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် (နိပ္ဖန္န) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၂,၈၇၁)

**ရူပဿ န သန္တတိရုပ်** ၇၃၇။ (၂) ရူပဿ သန္တတိ မဟုတ်သော 'ရူပဿ န သန္တတိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ သန္တတိ မဟုတ်သော 'ရူပဿ န သန္တတိ'ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ ဇရတာရုပ်** ၇၃၈။ (၁) (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န)ရုပ်၏ အကြင်လျော့ပါးခြင်း (အိုမင်းယုတ်လျော့ခြင်း)၊ ရင့်ရော်ဆွေးမြေ့ကြောင်း၊ သွားကျိုးကြောင်း၊ ဆံဖြူကြောင်း၊ အရေတွန့်ကြောင်း၊ အသက်၏ ဆုတ်ယုတ်ကြောင်း၊ (စက္ခုန္ဒြေစသော မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု ရုပ်'ဣန္ဒြေ'တို့၏ ရင့်ရော်ပျက်ပြားကြောင်းသည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၃,၈၇၄)

**ရူပဿ န ဇရတာရုပ်** ၇၃၉။ (၂) ရူပဿ ဇရတာ မဟုတ်သော 'ရူပဿ န ဇရတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ ဇရတာ မဟုတ်သော 'ရူပဿ န ဇရတာ'ဟူသော ထိုရုပ်ပေတည်း။

**ရူပဿ အနိစ္စတာရုပ်** ၇၄၀။ (၁) (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့ မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရုပ်၏ အကြင်ကုန်ဆုံးမှု၊ ပျက်မှု၊ ကွဲမှု၊ ထက်ဝန်းကျင်ကွဲမှု (အားလုံးပျက်ပြိုကွဲမှု)၊ မမြဲမှု၊ ကွယ်ပျောက်မှုသည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၄,၈၇၇)

**ရူပဿ န အနိစ္စတာရုပ်** ၇၄၁။ (၂) ရူပဿ အနိစ္စတာမဟုတ်သော'ရူပဿ န အနိစ္စတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ရူပဿ အနိစ္စတာ မဟုတ်သော'ရူပဿ န အနိစ္စတာ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ကဗဠီကာရအာဟာရရုပ်** ၄၄၂။ (၁) အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထမင်း၊ မုယောမှုံ (ဆန်ကြမ်းမှုံနုပ်)၊ မုံလုံး၊ ငါး၊ အသား၊ နို့ရည်၊ နို့ဓမ်း၊ ထောပတ်၊ ဆီဦး (ထောပေး)၊ ဆီ၊ ပျားရည်၊ တင်လဲသည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောအစာ အာဟာရတို့မှ) တမျိုးတခြားဖြစ်သော, အကြင်အကြင် ဇနပုဒ် (တိုင်း-ခရိုင်)၌ ထိုထိုသတ္တဝါတို့၏ခံတွင်း(ပါးစပ်)ဖြင့် စားအပ်သော, သွားတို့ဖြင့် ကိုက်ခဲအပ်(ကြိပ်ချေဝါး၍စားအပ်)သော, လည်ချောင်းဖြင့် မျိုချအပ်သော, ဝမ်း(ပိုက်)ကို ပြည့်ဝတောင့်တင်းစေတတ်သော အကြင်အစာအာဟာရသည်လည်း ရှိသေး၏၊ အကြင်ဩဇာ (အဆီအနှစ်အစေး)ဖြင့် သတ္တဝါတို့သည် မျှတကုန်၏။ ဤသို့သဘောရှိသော ရုပ်သည် အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ထိုရုပ်ပေတည်း။ (၆၄၅,၈၈၀)

**န ကဗဠီကာရအာဟာရရုပ်** ၄၄၃။ (၂) ကဗဠီကာရ အာဟာရ မဟုတ်သော' န ကဗဠီကာရ အာဟာရ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ကဗဠီကာရ အာဟာရ မဟုတ်သော 'န ကဗဠီကာရအာဟာရ'ဟူသော ထိုရုပ်ပေတည်း။

ဤသို့ နှစ်ဘို့(နှစ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

နှစ်ခုစီ အကျယ်ပြခြင်း 'ဒုကနိဒ္ဒေသ' ပြီးပြီ။

---

## သုံးခုစီ အကျယ်ပြခြင်း 'တိကနိဒ္ဒေသ'

**အဇ္ဈတ္တိက ဥပါဒါရုပ်** ၄၄၄။ (၁) အတွင်းသန္တာန်၌လည်း ဖြစ်သော, မှီ၍လည်းဖြစ်သော 'အဇ္ဈတ္တိက ဥပါဒါ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ဥပါဒါ' ဟူသော ထိုရုပ်ပေတည်း(ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ဥပါဒါရုပ်** ၄၄၅။ (၂) အပသန္တာန်၌လည်းဖြစ်သော, မှီ၍လည်းဖြစ်သော 'ဗာဟိရဥပါဒါ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ဥပါဒါ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ နော ဥပါဒါရုပ်** ၄၄၆။ (၃) အပသန္တာန်၌သာဖြစ်၍ မှီ၍ကား မဖြစ်သော 'ဗာဟိရ နောဥပါဒါ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ဤရုပ်အပေါင်းသည်'ဗာဟိရ နောဥပါဒါ'ဟူသော ထိုရုပ်ပေတည်း(မဟာဘုတ်လေးပါး)။

http://www.dhammadownload.com



**အဇ္ဈတ္တိက ဥပါဒိန္နရုပ်** ၇၄၇။ (၁) အတွင်းသန္တာန်၌လည်းဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း ဖြစ်သော 'အဇ္ဈတ္တိက ဥပါဒိန္န'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည်'အဇ္ဈတ္တိက ဥပါဒိန္န'ဟူသော ထို ရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ဥပါဒိန္နရုပ်** ၇၄၈။ (၂) အပသန္တာန်၌လည်းဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း ဖြစ်သော 'ဗာဟိရ ဥပါဒိန္န'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ဘာဝရုပ်နှစ်ပါးနှင့် ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ)တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်ကြောင့် (ကံကြောင့်) ဖြစ်သော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ ရုပ်၏ဖြစ်ပေါ် လာခ 'ရူပဿ ဥပစယ'၊ ရုပ်၏ ကြီးပွါးဆဲအစဉ်(ဆက်လက်ဖြစ်နေဆဲ)'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ဥပါဒိန္န'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ အနုပါဒိန္နရုပ်** ၇၄၉။ (၃) အပသန္တာန်၌သာဖြစ်၍ တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကား မဟုတ်သော 'ဗာဟိရ အနုပါဒိန္န'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့် )မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်ကြောင့် (ကံကြောင့်) မဖြစ်သော မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ် လာခ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲ အစဉ် (ဆက်လက်ဖြစ်နေဆဲ) 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် 'ဗာဟိရ အနုပါဒိန္န'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အဇ္ဈတ္တိက ဥပါဒိန္နုပါဒါနိယရုပ်** ၇၅၀။ (၁) အတွင်းသန္တာန်၌လည်းဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး(အာရုံ)လည်း ဖြစ်သော 'အဇ္ဈတ္တိက ဥပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည်'အဇ္ဈတ္တိက ဥပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်ပေတည်း (အဇ္ဈတ္တိက ကမ္မဇရုပ်ကေန်)။

**ဗာဟိရ ဥပါဒိန္နုပါဒါနိယရုပ်** ၇၅၁။ (၂) အပသန္တာန်၌လည်း ဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော 'ဗာဟိရ ဥပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ဗာဟိရကမ္မဇရုပ် ကေန်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်ကြောင့် (ကံကြောင့်) ဖြစ်သော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသောဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် (ဆက်လက်ဖြစ်နေဆဲ) 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ် အပေါင်းသည် 'ဗာဟိရ ဥပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်ပေတည်း(ဗာဟိရ ကမ္မဇရုပ် အနေကန်)။

**ဗာဟိရ အနုပါဒိန္နုပါဒါနိယရုပ်** ၇၅၂။ (၃) အပသန္တာန်၌လည်း ဖြစ်၍ တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကားမဟုတ်, ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်သော 'ဗာဟိရ အနုပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'၊ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု'ကာယဝိညတ်'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ပေါ့ပါးမှု'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (ဥတုဇ,စိတ္တဇ,တိဇရုပ်ကေန်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်ကြောင့် (ကံကြောင့်) မဖြစ်သော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း'ရူပါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏

http://www.dhammadownload.com



ဖြစ်ပေါ်လာစ'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် (ဆက်လက်ဖြစ်နေဆဲ) 'ရူပဿ သန္တတိ'၊ အလုတ် အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် 'ဗာဟိရ အနုပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက အနိဒဿနရုပ်** ၇၅၃။ (၁) အတွင်းသန္တာန်၌သာ ဖြစ်၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့်ယှဉ်ကာ မဖြစ်သော (မမြင်အပ်, မမြင်ရသော) 'အဇ္ဈတ္တိက အနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)၊ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက အနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ သနိဒဿနရုပ်** ၇၅၄။ (၂) အပသန္တာန်၌လည်း ဖြစ်သော, မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွလည်း ဖြစ်သော (မြင်အပ်, မြင်ရသော) 'ဗာဟိရ သနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ သနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဗာဟိရ အနိဒဿနရုပ်** ၇၅၅။ (၃) အပသန္တာန်၌သာဖြစ်၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)နှင့် တကွကား မဖြစ်သော 'ဗာဟိရ အနိဒဿန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။ပ။ အလုတ် အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤ ရုပ်အပေါင်းသည် 'ဗာဟိရ အနိဒဿန'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက သပ္ပဋိဃရုပ်** ၇၅၆။ (၁) အတွင်းသန္တာန်၌လည်း ဖြစ်သော, ထိပါးတတ်သည်၏ အဖြစ်(ထိပါးခြင်း)နှင့် တကွလည်းဖြစ်သော 'အဇ္ဈတ္တိက သပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိ စိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ် အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ် ၅-ပါး)။

**ဗာဟိရ သပ္ပဋိဃရုပ်** ၇၅၇။ (၂) အပသန္တာန်၌လည်း ဖြစ်သော, ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွလည်း ဖြစ်သော 'ဗာဟိရ သပ္ပဋိဃ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည်'ဗာဟိရ သပ္ပဋိဃ' ဟူသော ထိုရုပ်ပေတည်း (အာရုံငါးပါး—ဝိသယရုပ်-၇ ပါး)။

**ဗာဟိရ အပ္ပဋိဃရုပ်** ၇၅၈။ (၃) အပသန္တာန်၌သာဖြစ်၍ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွကားမဖြစ်သော 'ဗာဟိရ အပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ် အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ အပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အဇ္ဈတ္တိက ဣန္ဒြိယရုပ်** ၇၅၉။ (၁) အတွင်းသန္တာန်၌လည်းဖြစ်သော, မိမိဆိုင်ရာ ကိစ္စ၌လည်း အစိုးရသော 'အဇ္ဈတ္တိက ဣန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်မှု၌ အစိုးရသော မျက်စိ အကြည် 'စက္ခုန္ဒြေ'။ပ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း(ပသာဒရုပ် ၅-ပါး)။

**ဗာဟိရ ဣန္ဒြိယရုပ်** ၇၆၀။ (၂) အပသန္တာန်၌လည်း ဖြစ်သော, မိမိဆိုင်ရာ ကိစ္စ၌လည်း အစိုးရသော 'ဗာဟိရ ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ဘာဝရုပ်-၂ပါး, ဇီဝိတရုပ်)။

**ဗာဟိရ န ဣန္ဒြိယရုပ်** ၇၆၁။ (၃) အပသန္တာန်၌သာဖြစ်၍ မိမိဆိုင်ရာ ကိစ္စ၌လည်း အစိုးမရသော 'ဗာဟိရ န ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န မဟာဘူတရုပ်** ၇၆၂။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ မဟာဘုတ် မမည်သော 'အဇ္ဈတ္တိက န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ် ၅-ပါး)။

**ဗာဟိရ မဟာဘူတရုပ်** ၇၆၃။ (၂) အပသန္တာန်၌လည်း ဖြစ်သော, မဟာဘုတ်လည်း မည်သော 'ဗာဟိရ မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န မဟာဘူတရုပ်** ၇၆၄။ (၃) အပသန္တာန်၌သာဖြစ်၍ မဟာဘုတ် မမည်သော 'ဗာဟိရ န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။, အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ဝိညတ္တိရုပ်** ၇၆၅။ (၁) အတွင်း သန္တာန်၌သာဖြစ်၍ ဝိညတ် မမည်သော 'အဇ္ဈတ္တိက န ဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ် အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

http://www.dhammadownload.com



**ဗာဟိရ ဝိညတ္တိရုပ်** ၇၆၆။ (၂) အပသန္တာန်၌လည်းဖြစ်သော, ဝိညတ်လည်းမည်သော 'ဗာဟိရ ဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ္တိ'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ္တိ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န ဝိညတ္တိရုပ်** ၇၆၇။ (၃) အပသန္တာန်၌သာဖြစ်၍ ဝိညတ် မမည်သော 'ဗာဟိရ န ဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ-အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာနရုပ်** ၇၆၈။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ စိတ္တသမုဋ္ဌာန မမည်သော 'အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာန'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ စိတ္တသမုဋ္ဌာနရုပ်** ၇၆၉။ (၂) အပသန္တာန်၌လည်းဖြစ်သော, စိတ်ကြောင့်ဖြစ်သဖြင့် စိတ္တသမုဋ္ဌာန လည်းမည်သော 'ဗာဟိရ စိတ္တသမုဋ္ဌာန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိ အလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ္တိ'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ္တိ'သည် (ရှိ၏) (စိတ္တဇရုပ်ကောန်နှစ်ပါး)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, စိတ်ကြောင့်ဖြစ်သော,စိတ်လျှင် အကြောင်းရှိသော, စိတ်လျှင် ဖြစ်ကြောင်းရှိသော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊လျက်သိစိတ် ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေး ခြစ်အပ်သော(ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏အမှု၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာခ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲ အစဉ် (ဆက်လက်ဖြစ်နေဆဲ) 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စိတ္တသမုဋ္ဌာန'ဟူသော ထိုရုပ်ပေတည်း (စိတ္တဇရုပ် အနေကန်)။

**ဗာဟိရ န စိတ္တသမုဋ္ဌာနရုပ်** ၇၇၀။ (၃) အပသန္တာန်၌သာဖြစ်၍ စိတ္တသမုဋ္ဌာန မမည်သော 'ဗာဟိရ န စိတ္တသမုဋ္ဌာန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အစိုးတရ သောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ရုပ်၏ အိုမှု, ရင့်ရော် ဆွေး မြေ့မှု 'ရူပဿ ဇရတာ'၊ ရုပ်၏ ( ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့် )မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

http://www.dhammadownload.com



ထို့ပြင်(ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ)တမျိုးတခြားဖြစ်သော, စိတ်ကြောင့်ဖြစ်သည် မဟုတ် (စိတ်ကြောင့်မဖြစ်)သော, စိတ်လျှင် ဖြစ်ကြောင်းရှိသည် မဟုတ်(စိတ်လျှင် ဖြစ်ကြောင်းမရှိ)သော, စိတ်ကြောင့်ဖြစ်သည်မဟုတ်(စိတ်ကြောင့်မဖြစ်) သော မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊မရေးခြစ်အပ်သော(ရေးခြစ်၍ မရသော ဟင်းလင်း)သဘော'အာကာသဓာတ်'၊ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ လျှင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ် လာစ 'ရူပဿ ဥပစယ'၊(နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် (ဆက်လက်ဖြစ်နေဆဲ) 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န စိတ္တသမုဋ္ဌာန' ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န စိတ္တသဟဘုရုပ်** ၇၇၁။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ စိတ္တသဟဘု မမည်သော 'အဇ္ဈတ္တိက န စိတ္တသဟဘု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န စိတ္တသဟဘု' ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ စိတ္တသဟဘုရုပ်** ၇၇၂။ (၂) အပသန္တာန်၌လည်းဖြစ်သော, စိတ်နှင့် အတူဖြစ် အတူပျက်သဖြင့် စိတ္တသဟဘုလည်း မည်သော 'ဗာဟိရ စိတ္တသဟဘု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ္တိ'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ္တိ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စိတ္တသဟဘု'ဟူသော ထိုရုပ်ပေတည်း (စိတ္တဇရုပ်ကေန်)။

**ဗာဟိရ န စိတ္တသဟဘုရုပ်** ၇၇၃။ (၃) အပသန္တာန်၌သာဖြစ်၍ စိတ္တသဟဘု မမည်သော 'ဗာဟိရ န စိတ္တသဟဘု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န စိတ္တသဟဘု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိရုပ်** ၇၇၄။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ စိတ္တာနုပရိဝတ္တိ မမည်သော 'အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ စိတ္တာနုပရိဝတ္တိရုပ်** ၇၇၅။ (၂) အပသန္တာန်၌လည်းဖြစ်သော, စိတ်သို့ အစဉ်လိုက်၍ဖြစ်တည်းဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက်)သဖြင့် စိတ္တာနုပရိဝတ္တိ လည်း မည်သော 'ဗာဟိရ စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။

http://www.dhammadownload.com



(မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ္တိ'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ္တိ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်ပေတည်း (စိတ္တဇရုပ်ကေန်)။

ဗာဟိရ န စိတ္တာနုပရိဝတ္တိရုပ် ၇၇၆။ (၃) အပသန္တာန်၌သာဖြစ်၍ စိတ္တာနုပရိဝတ္တိ မမည်သော 'ဗာဟိရ န စိတ္တာနုပရိဝတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ် အပေါင်းသည် 'ဗာဟိရ န စိတ္တာနုပရိဝတ္တိ' ဟူသော ထိုရုပ်ပေတည်း။

အဇ္ဈတ္တိက ဩဠာရိကရုပ် ၇၇၇။ (၁) အတွင်းသန္တာန်၌လည်း ဖြစ်သော, ကြမ်းတမ်းသဖြင့် ဩဠာရိက လည်းမည်သော 'အဇ္ဈတ္တိက ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ဩဠာရိက' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

ဗာဟိရ ဩဠာရိကရုပ် ၇၇၈။ (၂) အပသန္တာန်၌လည်းဖြစ်သော,ကြမ်းတမ်းသဖြင့် ဩဠာရိက လည်းမည်သော 'ဗာဟိရ ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည်'ဗာဟိရ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း။

ဗာဟိရ သုခုမရုပ် ၇၇၉။ (၃) အပသန္တာန်၌လည်းဖြစ်သော, သိမ်မွေ့နူးညံ့သဖြင့် သုခုမလည်း မည်သော 'ဗာဟိရ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ ( အမ ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ဤရုပ်အပေါင်းသည်'ဗာဟိရ သုခုမ'ဟူသော ထိုရုပ်ပေတည်း။

အဇ္ဈတ္တိက သန္တိကေရုပ် ၇၈၀။ (၁) အတွင်းသန္တာန်၌လည်းဖြစ်သော, သိလွယ်သဖြင့် သန္တိ-ကေ လည်းမည်သော'အဇ္ဈတ္တိက သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက သန္တိကေ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

ဗာဟိရ ဒူရေရုပ် ၇၈၁။ (၂) အပသန္တာန်၌လည်းဖြစ်သော,အသိခက်သဖြင့် ဒူရေ လည်းမည်သော 'ဗာဟိရ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

ဗာဟိရ သန္တိကေရုပ် ၇၈၂။ (၃) အပသန္တာန်၌လည်းဖြစ်သော,သိလွယ်သဖြင့် သန္တိကေ လည်းမည်သော 'ဗာဟိရ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည်'ဗာဟိရ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ စက္ခုသမ္ဖဿဿ န ဝတ္ထုရုပ်** ၇၇၃။ (၁) အပသန္တာနိ၌သာဖြစ်၍ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော'ဗာဟိရ စက္ခုသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စက္ခုသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ ဝတ္ထုရုပ်** ၇၇၄။ (၂) အတွင်းသန္တာနိ၌လည်းဖြစ်သော, မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာ တည်ရာလည်းဖြစ်သော 'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န ဝတ္ထုရုပ်** ၇၇၅။ (၃) အတွင်းသန္တာနိ၌သာဖြစ်၍ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ဤရုပ်အပေါင်းသည်'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ စက္ခုဝိညာဏဿ န ဝတ္ထုရုပ်** ၇၇၆။ (၁) အပသန္တာနိ၌သာဖြစ်၍ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာမဟုတ်သော 'ဗာဟိရ စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာနိ၌ဖြစ်သော မြင်သိစိတ်'စက္ခုဝိညာဏ်'၏မှီရာ တည်ရာမဟုတ်သော'ဗာဟိရ စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက စက္ခုဝိညာဏဿ ဝတ္ထုရုပ်** ၇၇၇။ (၂) အတွင်းသန္တာနိ၌လည်း ဖြစ်သော, မြင်သိစိတ်၏ မှီရာ တည်ရာလည်း ဖြစ်သော 'အဇ္ဈတ္တိက စက္ခုဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'သည် (ရှိ၏)။ဤရုပ်သည်'အဇ္ဈတ္တိက စက္ခုဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**အဇ္ဈတ္တိက စက္ခုဝိညာဏဿ န ဝတ္ထုရုပ်** ၇၇၈။ (၃) အတွင်းသန္တာနိ၌သာ ဖြစ်၍ မြင်သိစိတ်၏ မှီရာ တည်ရာ မဟုတ်သော 'အဇ္ဈတ္တိက စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက စက္ခုဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထုရုပ်** ၇၈၉။ (၁) အပသန္တာနိ်၌သာ ဖြစ်၍ ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာမဟုတ်သော 'ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ကာယသမ္ဖဿဿ ဝတ္ထုရုပ်** ၇၉၀။ (၂) အတွင်းသန္တာနိ်၌လည်း ဖြစ်သော, ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ၏'မှီရာ တည်ရာလည်း ဖြစ်သော 'အဇ္ဈတ္တိက ကာယသမ္ဖဿဿ ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'အဇ္ဈတ္တိက ကာယသမ္ဖဿဿ ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒ)။

**အဇ္ဈတ္တိက ကာယသမ္ဖဿဿ န ဝတ္ထုရုပ်** ၇၉၁။ (၃) အတွင်းသန္တာနိ်၌သာ ဖြစ်၍ 'ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'အဇ္ဈတ္တိက ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ် ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ကာယသမ္ဖဿဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထုရုပ်** ၇၉၂။ (၁) အပသန္တာနိ်၌သာ ဖြစ်၍ ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ ထိသိစိတ်၏ မှီရာ တည်ရာမဟုတ်သော 'ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ကာယဝိညာဏဿ ဝတ္ထုရုပ်** ၇၉၃။ (၂) အတွင်းသန္တာနိ်၌လည်းဖြစ်သော, ထိသိစိတ်၏ မှီရာ တည်ရာလည်း ဖြစ်သော 'အဇ္ဈတ္တိက ကာယဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည်'အဇ္ဈတ္တိက ကာယဝိညာဏဿ ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒ)။

**အဇ္ဈတ္တိက ကာယဝိညာဏဿ န ဝတ္ထုရုပ်** ၇၉၄။ (၃) အတွင်းသန္တာနိ်သာဖြစ်၍ ထိသိစိတ်၏ မှီရာ တည်ရာမဟုတ်သော 'အဇ္ဈတ္တိက ကာယဝိညာဏဿ န ဝတ္ထု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ကာယဝိညာဏဿ န ဝတ္ထု'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န အာရမ္မဏရုပ်** ၇၉၅။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သော (မမြင်အပ်, မမြင်ရသော) 'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ စက္ခုသမ္ဖဿဿ အာရမ္မဏရုပ်** ၇၉၆။ (၂) အပသန္တာန်၌လည်းဖြစ်သော, မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံလည်း ဖြစ်သော (မြင်အပ် မြင်ရသော) 'ဗာဟိရ စက္ခုသမ္ဖဿဿ အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ စက္ခုသမ္ဖဿဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဗာဟိရ စက္ခုသမ္ဖဿဿ န အာရမ္မဏရုပ်** ၇၉၇။ (၃) အပသန္တာန်၌သာဖြစ်၍ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'ဗာဟိရ စက္ခုသမ္ဖဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိ စိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စက္ခုသမ္ဖဿဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက စက္ခုဝိညာဏဿ န အာရမ္မဏရုပ်** ၇၉၈။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု'ဝေဒနာ'၏။ပ။ မှတ်သားမှု'သညာ'၏။ပ။စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။မြင်သိစိတ်၏ အာရုံမဟုတ်သော (မမြင်အပ်, မမြင်ရသော) 'စက္ခုဝိညာဏဿ န အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက စက္ခုဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ စက္ခုဝိညာဏဿ အာရမ္မဏရုပ်** ၇၉၉။ (၂) အပသန္တာန်၌လည်းဖြစ်သော, မြင်သိစိတ်၏ အာရုံလည်းဖြစ်သော 'ဗာဟိရ စက္ခုဝိညာဏဿ အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ စက္ခုဝိညာဏဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဗာဟိရ စက္ခုဝိညာဏဿ န အာရမ္မဏရုပ်** ၈၀၀။ (၃) အပသန္တာန်၌သာဖြစ်၍ မြင်သိစိတ်၏ အာရုံ မဟုတ်သော 'ဗာဟိရ စက္ခုဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ စက္ခုဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အဇ္ဈတ္တိက ကာယသမ္ဖဿသ န အာရမ္မဏရုပ်** ၁၀၁။ (၁) အတွင်းသန္တာန်၌သာ ဖြစ်၍ ကြား သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ ။ပ။နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ ။ပ။ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သော 'အဇ္ဈတ္တိက ကာယသမ္ဖဿသ န အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ကာယသမ္ဖဿသ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ကာယသမ္ဖဿသ အာရမ္မဏရုပ်** ၁၀၂။ (၂) အပသန္တာန်၌လည်းဖြစ်သော ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံလည်း ဖြစ်သော'ဗာဟိရ ကာယသမ္ဖဿသ အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'သည်(ရှိ၏)။ ဤရုပ်သည်'ဗာဟိရ ကာယသမ္ဖဿသ အာရမ္မဏ' ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**ဗာဟိရ ကာယသမ္ဖဿသ န အာရမ္မဏရုပ်** ၁၀၃။ (၃) အပသန္တာန်၌သာဖြစ်၍ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံ မဟုတ်သော'ဗာဟိရ ကာယသမ္ဖဿသ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ကာယသမ္ဖဿသ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ကာယဝိညာဏဿ န အာရမ္မဏရုပ်** ၁၀၄။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ထိသိ စိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ ထိသိစိတ် 'ကာယဝိညာဏ်'၏ အာရုံမဟုတ်သော 'အဇ္ဈတ္တိက ကာယဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက ကာယဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း(ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ကာယဝိညာဏဿ အာရမ္မဏရုပ်** ၁၀၅။ (၂) အပသန္တာန်၌လည်းဖြစ်သော ထိသိစိတ်၏ အာရုံလည်းဖြစ်သော 'ဗာဟိရ ကာယဝိညာဏဿ အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ ကာယဝိညာဏဿ အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ ကာယဝိညာဏဿ န အာရမ္မဏရုပ်** ၁၀၆။ (၃) အပသန္တာန်၌သာဖြစ်၍ ထိသိစိတ်၏ အာရုံမဟုတ်သော 'ဗာဟိရ ကာယဝိညာဏဿ န အာရမ္မဏ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ ကာယဝိညာဏဿ န အာရမ္မဏ'ဟူသော ထိုရုပ်ပေတည်း။

**အဘိ မြန် ၁၂၁.**

http://www.dhammadownload.com



ဗာဟိရ န စက္ခာယတနရုပ် ၇၀၇။ (၁) အပသန္တာန်၌သာဖြစ်၍ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော 'ဗာဟိရ န စက္ခာယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။အလုတ် အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်မှတပါး အခြားသောရုပ်များ)။

အဇ္ဈတ္တိက စက္ခာယတနရုပ် ၇၀၈။ (၂) အတွင်းသန္တာန်၌လည်း ဖြစ်သော, မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' လည်းမည်သော 'အဇ္ဈတ္တိက စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည် 'စက္ခု' (ပသာဒ)သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့်ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည်'အဇ္ဈတ္တိက စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

အဇ္ဈတ္တိက န စက္ခာယတနရုပ် ၇၀၉။ (၃) အတွင်းသန္တာန်၌သာဖြစ်၍ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော 'အဇ္ဈတ္တိက န စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ် အပေါင်းသည် 'အဇ္ဈတ္တိက န စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း။

ဗာဟိရ န သောတာယတနရုပ် ၇၁၀။ (၁) အပသန္တာန်၌သာ ဖြစ်၍ ကြားသိစိတ် ဖြစ်ရာ နားအကြည် 'သောတာယတန' မမည်သော 'ဗာဟိရ န သောတာယတန'ဟူသော ထိုရုပ်သည်။ပ။ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'မဟုတ်သော 'န ဃာနာယတန'ဟူသော ထိုရုပ်သည်။ပ။လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'မမည်သော 'န ဇိဝှါယတန'ဟူသော ထိုရုပ်သည်။ပ။ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မမည်သော 'ဗာဟိရ န ကာယာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ကာယာယတန'ဟူသော ထိုရုပ်ပေတည်း။

အဇ္ဈတ္တိက ကာယာယတနရုပ် ၇၁၁။ (၂) အတွင်းသန္တာန်၌လည်းဖြစ်သော, ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'လည်း မည်သော 'အဇ္ဈတ္တိက ကာယာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်ကိုယ်အကြည် 'ကာယ' (ပသာဒ)သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (ကာယဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသော ရုပ်သည် 'အဇ္ဈတ္တိက ကာယာယတန'ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒ)။

http://www.dhammadownload.com



**အဇ္ဈတ္တိက န ကာယာယတနရုပ်** ၁၁၂။ (၃) အတွင်းသန္တာန်၌သာ ဖြစ်၍ ထိသိစိတ် ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မမည်သော 'အဇ္ဈတ္တိက န ကာယာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ကာယာယတန'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ရူပါယတနရုပ်** ၁၁၃။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော 'အဇ္ဈတ္တိက န ရူပါယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ရူပါယတန'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ရူပါယတနရုပ်** ၁၁၄။ (၂) အပသန္တာန်၌လည်း ဖြစ်သော, မြင်သိစိတ်ဖြစ်ကြောင်း အဆင်း'ရူပါယတန'လည်းမည်သော'ဗာဟိရ ရူပါယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ အဆင်းအရောင်ဟူသော အကြင်အဆင်း 'ရူပါရုံ'သည်။ပ။ ဤရုပ်သည် အဆင်း 'ရူပါရုံ'ဟူသော သဘော 'ရူပဓာတ်'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် 'ဗာဟိရ ရူပါယတန'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န ရူပါယတနရုပ်** ၁၁၅။ (၃) အပသန္တာန်၌သာ ဖြစ်၍ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မမည်သော'ဗာဟိရ န ရူပါယတန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ရူပါယတန'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတနရုပ်** ၁၁၆။ (၁) အတွင်းသန္တာန်၌သာ ဖြစ်၍ ကြားသိစိတ် ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'မမည်သော'အဇ္ဈတ္တိက န သဒ္ဒါယတန'ဟူသော ထိုရုပ်သည်။ပ။ နံသိစိတ် ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မမည်သော 'န ဂန္ဓာယတန'ဟူသော ထိုရုပ်သည်။ပ။လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန' မမည်သော 'န ရသာယတန'ဟူသော ထိုရုပ်သည်။ပ။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော 'အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်ပေတည်း(ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ဖောဋ္ဌဗ္ဗာယတနရုပ်** ၁၁၇။ (၂) အပသန္တာန်၌လည်း ဖြစ်သော, ထိသိစိတ် ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'လည်းမည်သော 'ဗာဟိရ ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြေဟူသော (ခက်မာမှု) သဘော 'ပထဝီဓာတ်'။ပ။ ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ဟူသော သဘော 'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် 'ဗာဟိရ ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်ပေတည်း (ပထဝီ,တေဇော,ဝါယော)။ (၆၄၇)

http://www.dhammadownload.com



**ဗာဟိရ န ဖောဋ္ဌဗ္ဗာယတနရုပ်** ၇၁၈။ (၃) အပသန္တာန်၌သာ ဖြစ်၍ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော 'ဗာဟိရ န ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န စက္ခုဓာတုရုပ်** ၇၁၉။ (၁) အပသန္တာန်၌သာဖြစ်၍ မြင်မှုသဘော 'စက္ခုဓာတု' မမည်သော 'ဗာဟိရ န စက္ခုဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န စက္ခုဓာတု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက စက္ခုဓာတုရုပ်** ၇၂၀။ (၂) အတွင်းသန္တာန်၌လည်း ဖြစ်သော, မြင်မှုသဘော 'စက္ခုဓာတု'လည်းမည်သော 'အဇ္ဈတ္တိက စက္ခုဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'အဇ္ဈတ္တိက စက္ခုဓာတု'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**အဇ္ဈတ္တိက န စက္ခုဓာတုရုပ်** ၇၂၁။ (၃) အတွင်းသန္တာန်၌သာဖြစ်၍ မြင်မှုသဘော 'စက္ခုဓာတု'မမည်သော 'အဇ္ဈတ္တိက န စက္ခုဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န စက္ခုဓာတု'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န ကာယဓာတုရုပ်** ၇၂၂။ (၁) အပသန္တာန်၌သာဖြစ်၍ ကြားမှုသဘော 'သောတဓာတု' မမည်သော 'ဗာဟိရ န သောတဓာတု' ဟူသော ထိုရုပ်သည်။ပ။ နံမှုသဘော 'ဃာနဓာတု'မမည်သော 'န ဃာနဓာတု'ဟူသော ထိုရုပ်သည်။ပ။လျက်မှုသဘော 'ဇိဝှါဓာတု' မမည်သော 'န ဇိဝှါဓာတု'ဟူသော ထိုရုပ်သည်။ပ။ ထိမှုသဘော'ကာယဓာတု'မမည်သော 'ဗာဟိရ န ကာယဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ထိမှုသဘော 'ကာယဓာတု'မမည်သော 'ဗာဟိရ န ကာယဓာတု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ကာယဓာတုရုပ်** ၇၂၃။ (၂) အတွင်းသန္တာန်၌လည်း ဖြစ်သော, ထိမှုသဘော 'ကာယဓာတု'လည်းမည်သော 'အဇ္ဈတ္တိက ကာယဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'အဇ္ဈတ္တိက ကာယဓာတု'ဟူသော ထိုရုပ်ပေတည်း (ကာယပသာဒ)။

**အဇ္ဈတ္တိက န ကာယဓာတုရုပ်** ၇၂၄။ (၃) အတွင်းသန္တာန်၌သာ ဖြစ်၍ ထိမှုသဘော 'ကာယဓာတု'မမည်သော 'အဇ္ဈတ္တိက န ကာယဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'

http://www.dhammadownload.com



။ပ။ လျက်သိစိတ်ဖြစ်ရာ လျှာ အကြည် 'ဇိဝှါယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ကာယဓာတု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ရူပဓာတုရုပ်** ၇၂၅။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ အဆင်းသဘော'ရူပဓာတု' မမည်သော'အဇ္ဈတ္တိက န ရူပဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ် အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ရူပဓာတု'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ရူပဓာတုရုပ်** ၇၂၆။ (၂) အပသန္တာန်၌လည်းဖြစ်သော, အဆင်းသဘော'ရူပဓာတု' လည်းမည်သော 'ဗာဟိရ ရူပဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ ရူပဓာတု'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဗာဟိရ န ရူပဓာတုရုပ်** ၇၂၇။ (၃) အပသန္တာန်၌သာဖြစ်၍ အဆင်းသဘော 'ရူပဓာတု' မမည်သော 'ဗာဟိရ န ရူပဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' ။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ရူပဓာတု'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတုရုပ်** ၇၂၈။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ အသံသဘော'သဒ္ဒဓာတု' မမည်သော ' န သဒ္ဒဓာတု'ဟူသော ထိုရုပ်သည်။ပ။ အနံ့သဘော 'ဂန္ဓဓာတု' မမည်သော'န ဂန္ဓဓာတု' ဟူသော ထိုရုပ်သည်။ပ။ အရသာသဘော 'ရသဓာတု' မမည်သော'န ရသဓာတု' ဟူသော ထိုရုပ်သည်။ပ။ အတွေ့သဘော'ဖောဋ္ဌဗ္ဗဓာတု' မမည်သော'န ဖောဋ္ဌဗ္ဗဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ် အကြည် 'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတု'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**ဗာဟိရ ဖောဋ္ဌဗ္ဗဓာတုရုပ်** ၇၂၉။ (၂) အပသန္တာန်၌လည်းဖြစ်သော, အတွေ့သဘော'ဖောဋ္ဌဗ္ဗဓာတု'လည်း မည်သော 'ဗာဟိရ ဖောဋ္ဌဗ္ဗဓာတု'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် 'ဗာဟိရ ဖောဋ္ဌဗ္ဗဓာတု'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**ဗာဟိရ န ဖောဋ္ဌဗ္ဗဓာတုရုပ်** ၇၃၀။ (၃) အပသန္တာန်၌သာဖြစ်၍ အတွေ့သဘော'ဖောဋ္ဌဗ္ဗဓာတု' မမည်သော 'ဗာဟိရ န ဖောဋ္ဌဗ္ဗဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န ဖောဋ္ဌဗ္ဗဓာတု'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န စက္ခုန္ဒြိယရုပ်** ၇၃၁။ (၀) အပသန္တာန်၌သာဖြစ်၍ မြင်မှု၌ အစိုးရသော မျက်စိ အကြည် 'စက္ခုန္ဒြေ'မမည်သော 'ဗာဟိရ နစက္ခုန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။အလုတ်

http://www.dhammadownload.com



အလေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'ဗာဟိရ န စက္ခုန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက စက္ခုန္ဒြိယရုပ်** ၇၃၂။ (၂) အတွင်းသန္တာန်၌လည်းဖြစ်သော, မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'လည်းမည်သော 'အဇ္ဈတ္တိက စက္ခုန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည်'စက္ခု' (ပသာဒ)သည် မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည်(စက္ခုဒွါရ၌ ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် 'အဇ္ဈတ္တိက စက္ခုန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (စက္ခုပသာဒ)။

**အဇ္ဈတ္တိက န စက္ခုန္ဒြိယရုပ်** ၇၃၃။ (၃) အတွင်းသန္တာန်၌သာဖြစ်၍ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မမည်သော 'အဇ္ဈတ္တိက န စက္ခုန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်ဖြစ်ရာ နားအကြည်'သောတာယတန'။ပ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န စက္ခုန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**ဗာဟိရ န ကာယိန္ဒြိယရုပ်** ၇၃၄။ (၁) အပသန္တာန်၌သာဖြစ်၍ ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မမည်သော 'ဗာဟိရ န သောတိန္ဒြိယ' ဟူသော ထိုရုပ်သည်။ပ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မမည်သော 'န ဃာနိန္ဒြိယ 'ဟူသော ထိုရုပ်သည်။ပ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ 'မမည်သော 'န ဇိဝှိန္ဒြိယ'ဟူသော ထိုရုပ်သည်။ပ။ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သော 'ဗာဟိရ န ကာယိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌ ဖြစ်သော ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ 'မမည်သော 'ဗာဟိရ န ကာယိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ကာယိန္ဒြိယရုပ်** ၇၃၅။ (၂) အတွင်းသန္တာန်၌လည်းဖြစ်သော, ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'လည်း မည်သော'အဇ္ဈတ္တိက ကာယိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် ကိုယ်အကြည်'ကာယ' (ပသာဒ) သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (ကာယဒွါရ၌ ဖြစ်သောစိတ် အများနှင့်ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ 'လည်း မည်၏။ ဤသို့သဘောရှိသောရုပ်သည် 'အဇ္ဈတ္တိက ကာယိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ကာယ ပသာဒ)။

**အဇ္ဈတ္တိက န ကာယိန္ဒြိယရုပ်** ၇၃၆။ (၃) အတွင်းသန္တာန်၌သာဖြစ်၍ ထိမှု၌ အစိုးရသော ကိုယ်အကြည်'ကာယိန္ဒြေ'မမည်သော'အဇ္ဈတ္တိက န ကာယိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် 'အဇ္ဈတ္တိက န ကာယိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယရုပ် ၇၃၇။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ဣတ္ထိန္ဒြေ မမည်သော 'အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြင်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ဣတ္ထိန္ဒြေ မမည်သော 'အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

ဗာဟိရ ဣတ္ထိန္ဒြိယရုပ် ၇၃၈။ (၂) အပသန္တာန်၌လည်းဖြစ်သော, ဣတ္ထိန္ဒြေလည်း မည်သော 'ဗာဟိရ ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ၏ အကြင် (အရုပ်အမောင်း လက်ခြေစသော) မိန်းမပုံသဏ္ဌာန် 'ဣတ္ထိလိင်'၊ မိန်းမဟု သိကြောင်း အမှတ်အသား 'ဣတ္ထိနိမိတ္တ'၊ မိန်းမအမူအရာ 'ဣတ္ထိကုတ္တ'၊ မိန်းမ၏ (သွားပုံလာပုံ စသော)အသွင်အပြင် 'ဣတ္ထာကပ္ပ'၊ မိန်းမအဖြစ် 'ဣတ္ထတ္တ'၊ မိန်းမ၏သဘော 'ဣတ္ထိဘာဝ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည်'ဗာဟိရ ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ဣတ္ထိဘာဝ ရုပ်)။ (စာပိုဒ်၆၃၂-ကြည့်)

ဗာဟိရ န ဣတ္ထိန္ဒြိယရုပ် ၇၃၉။ (၃) အပသန္တာန်၌သာဖြစ်၍ ဣတ္ထိန္ဒြေမမည်သော 'ဗာဟိရ န ဣတ္ထိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ဣတ္ထိန္ဒြေ မမည်သော 'ဗာဟိရ န ဣတ္ထိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

အဇ္ဈတ္တိက န ပုရိသိန္ဒြိယရုပ် ၇၄၀။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ပုရိသိန္ဒြေ မမည်သော 'အဇ္ဈတ္တိက န ပုရိသိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာ ဖြစ်၍ ပုရိသိန္ဒြေ မမည်သော 'အဇ္ဈတ္တိက န ပုရိသိန္ဒြိယ'ဟူသော ထိုရုပ် ပေတည်း (ပသာဒရုပ်ငါးခု)။

ဗာဟိရ ပုရိသိန္ဒြိယရုပ် ၇၄၁။ (၂) အပသန္တာန်၌လည်းဖြစ်သော,ပုရိသိန္ဒြေလည်း မည်သော 'ဗာဟိရ ပုရိသိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ယောကျ်ား၏ အကြင် (အရုပ်အမောင်း လက်ခြေစသော) ယောကျ်ားပုံသဏ္ဌာန် 'ပုရိသလိင်'၊ ယောကျ်ားဟုသိကြောင်း အမှတ်အသား 'ပုရိသနိမိတ္တ'၊ ယောကျ်ားအမူအရာ 'ပုရိသကုတ္တ'၊ ယောကျ်ား၏ (သွားပုံ လာပုံစသော) အသွင်အပြင် 'ပုရိသာကပ္ပ'၊ ယောကျ်ားအဖြစ် 'ပုရိသတ္တ'၊ ယောကျ်ား၏သဘော 'ပုရိသဘာဝ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန် ၌လည်းဖြစ်သော, ပုရိသိန္ဒြေလည်းမည်သော 'ဗာဟိရ ပုရိသိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ပုမ္ဘာဝရုပ်)။ (စာပိုဒ် ၆၃၃-ကြည့်)

ဗာဟိရ န ပုရိသိန္ဒြိယရုပ် ၇၄၂။ (၃) အပသန္တာန်၌သာဖြစ်၍ ပုရိသိန္ဒြေ မမည်သော'ဗာဟိရ န ပုရိသိန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော

http://www.dhammadownload.com



အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာ ဖြစ်၍ ပုရိသိန္ဒြေ မမည်သော 'ဗာဟိရ န ပုရိသိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယရုပ်** ၈၄၃။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ဇီဝိတိန္ဒြေ မမည်သော 'အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာ ဖြစ်၍ ဇီဝိတိန္ဒြေမမည်သော 'အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ဇီဝိတိန္ဒြိယရုပ်** ၈၄၄။ (၂) အပသန္တာန်၌လည်းဖြစ်သော, ဇီဝိတိန္ဒြေလည်း မည်သော 'ဗာဟိရ ဇီဝိတိန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိုဖောက်ပြန်ခြင်းသဘောရှိကုန်သော(ရုပ်)တရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ (တည်ကုံစွာ) ဖြစ်နေခြင်း သဘော၊ (တည်တံ့စွာ) ဖြစ်နေစေခြင်း သဘော၊ (တိုးပွါး၍) ဖြစ်မှု သဘော၊ (ဆက်လက်၍) ဖြစ်ကြောင်း သဘော၊ စောင့်ရှောက်ခြင်းသဘော၊ အသက်ရှည်ခြင်း သဘော၊ အစိုးတရစောင့်ရှောက်မှုသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန်၌ လည်းဖြစ်သော, ဇီဝိတိန္ဒြေလည်း မည်သော 'ဗာဟိရ ဇီဝိတိန္ဒြိယ' ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၄-ကြည့်)

**ဗာဟိရ န ဇီဝိတိန္ဒြိယရုပ်** ၈၄၅။ (၃) အပသန္တာန်၌သာဖြစ်၍ ဇီဝိတိန္ဒြေ မမည်သော 'ဗာဟိရ န ဇီဝိတိန္ဒြိယ ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာ ဖြစ်၍ ဇီဝိတိန္ဒြေမမည်သော 'ဗာဟိရ န ဇီဝိတိန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ကာယဝိညတ္တိရုပ်** ၈၄၆။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ကာယဝိညတ် မမည်သော 'အဇ္ဈတ္တိက န ကာယဝိညတ္တိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ကာယဝိညတ် မမည်သော 'အဇ္ဈတ္တိက န ကာယဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ကာယဝိညတ္တိရုပ်** ၈၄၇။ (၂) အပသန္တာန်၌လည်း ဖြစ်သော, ကာယဝိညတ်လည်း မည်သော 'ဗာဟိရ ကာယဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ်စိတ်ကြောင့်ဖြစ်စေ, အကုသိုလ်စိတ်ကြောင့်ဖြစ်စေ, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့်ဖြစ်စေ ရှေ့သို့တက်သူအားရင်း, နောက်သို့ ဆုတ်သူအားရင်း, တည့်တည့်ကြည့်သူအားရင်း, တစောင်းကြည့်သူအားရင်း, ကွေးသူအားရင်း ဆန့်တန်းသူအားရင်း, (ဖြစ်ပေါ်လာသော) ကိုယ်၏ အကြင်ခိုင်မာမှု၊ ကောင်းစွာ ခိုင်မာမှု၊ ကောင်းစွာခိုင်မာသည်၏ အဖြစ်၊ (မိမိအလိုဆန္ဒကို) သိစေခြင်းသဘော၊ သိစေပုံအခြင်းအရာ၊ သိစေတတ်သည်၏ အဖြစ်သည် (ရှိ၏)၊ ဤသို့ သဘောရှိသောရုပ်သည် အပသန္တာန်၌လည်း

http://www.dhammadownload.com



ဖြစ်သော, ကာယဝိညတ် လည်းမည်သော 'ဗာဟိရ ကာယဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၅-ကြည့်)

**ဗာဟိရ န ကာယဝိညတ္တိရုပ်** ၇၄၈။ (၃) အပယသန္တာန်၌သာဖြစ်၍ ကာယဝိညတ် မမည်သော 'ဗာဟိရ န ကာယဝိညတ္တိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအာဟာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပယသန္တာန်၌သာ ဖြစ်၍ ကာယဝိညတ် မမည်သော 'ဗာဟိရ န ကာယဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ဝစီဝိညတ္တိရုပ်** ၇၄၉။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ဝစီဝိညတ် မမည်သော 'အဇ္ဈတ္တိက န ဝစီဝိညတ္တိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ဝစီဝိညတ် မမည်သော 'အဇ္ဈတ္တိက န ဝစီဝိညတ္တိ'ဟူသော ထိုရုပ် ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ဝစီဝိညတ္တိရုပ်** ၇၅၀။ (၂) အပယသန္တာန်၌လည်းဖြစ်သော, ဝစီဝိညတ်လည်းမည်သော 'ဗာဟိရ ဝစီဝိညတ္တိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကုသိုလ်စိတ်ကြောင့် ဖြစ်စေ, အကုသိုလ်စိတ်ကြောင့် ဖြစ်စေ, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' စိတ်ကြောင့်ဖြစ်စေ အကြင်စကား၊ မြွက်ဆိုမှု၊ စကားအစီအစဉ်၊ ပြောဆိုမှု၊ ကြွေးကြော်ခြင်း၊ ကြွေးကြော်မှု၊ နှုတ်(စကား)၊ နှုတ်မြွက်မှုသည် (ရှိ၏)။ ဤနှုတ်မြွက်မှုစသည်ကို နှုတ်စကား 'ဝါစာ'ဟူ၍ ဆိုအပ်၏။

ထိုနှုတ် (စကား)ဖြင့် (မိမိအလိုဆန္ဒကို) အကြင် သိစေခြင်းသဘော၊ သိစေပုံ အခြင်းအရာ၊ သိစေတတ်သည်၏ အဖြစ်သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပယသန္တာန်၌လည်းဖြစ်သော, ဝစီဝိညတ် လည်းမည်သော 'ဗာဟိရ ဝစီဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၆-ကြည့်)

**ဗာဟိရ န ဝစီဝိညတ္တိရုပ်** ၇၅၁။ (၃) အပယသန္တာန်၌သာဖြစ်၍ ဝစီဝိညတ် မမည်သော 'ဗာဟိရ န ဝစီဝိညတ္တိ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ် အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပယသန္တာန်၌သာဖြစ်၍ ဝစီဝိညတ် မမည်သော 'ဗာဟိရ န ဝစီဝိညတ္တိ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န အာကာသဓာတုရုပ်** ၇၅၂။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ အာကာသဓာတ် မမည်သော 'အဇ္ဈတ္တိက န အာကာသဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ အာကာသဓာတ် မမည်သော'အဇ္ဈတ္တိက န အာကာသဓာတု'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ဗာဟိရ အာကာသဓာတုရုပ်** ၇၅၃။ (၂) အပသန္တာန်၌လည်း ဖြစ်သော, အာကာသဓာတ်လည်းမည်သော 'ဗာဟိရ အာကာသဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ကောင်းကင်ဟင်းလင်း) သဘော၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ကောင်းကင်ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း၊ မထိခိုက်အပ်သော (ထိကိုင်၍မရသော ကောင်းကင်ဟင်းလင်း) သဘော၊ မထိခိုက်အပ်သော (ထိကိုင်၍မရသော ကောင်းကင်ဟင်းလင်း) သဘောဟူ၍ ဖြစ်ခြင်း၊ (ဟင်းလင်း) အပေါက်၊ (ဟင်းလင်း) အပေါက်ဟူ၍ ဖြစ်ခြင်း၊ မဟာဘုတ်လေးပါးတို့သည် မတွေ့ထိအပ်သော သဘောသည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, အာကာသဓာတ်လည်းမည်သော 'ဗာဟိရ အာကာသဓာတု' ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၇-ကြည့်)

**ဗာဟိရ န အာကာသဓာတုရုပ်** ၇၅၄။ (၃) အပသန္တာန်၌သာဖြစ်၍ အာကာသဓာတ်ကား မမည်သော 'ဗာဟိရ န အာကာသဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ အာကာသဓာတ် မမည်သော 'ဗာဟိရ န,အာကာသဓာတု' ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န အာပေါဓာတုရုပ်** ၇၅၅။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ အာပေါဓာတ် မမည်သော 'အဇ္ဈတ္တိက န အာပေါဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ် အကြည် 'ကာယာယတန' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ အာပေါဓာတ်မမည်သော 'အဇ္ဈတ္တိက န အာပေါဓာတု' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ အာပေါဓာတုရုပ်** ၇၅၆။ (၂) အပသန္တာန်၌လည်း ဖြစ်သော, အာပေါဓာတ်လည်းမည်သော 'ဗာဟိရ အာပေါဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်ရေ၊ ရေဟူ၍ဖြစ်ခြင်း၊ အစေး (အစို)၊ အစေး (အစို) ဟူ၍ ဖြစ်ခြင်း၊ ရုပ်ကို ဖွဲ့စည်းခြင်းသည် (ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် အပသန္တာန်၌လည်း ဖြစ်သော, အာပေါဓာတ်လည်းမည်သော 'ဗာဟိရ အာပေါဓာတု' ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၅၁-ကြည့်)

**ဗာဟိရ န အာပေါဓာတုရုပ်** ၇၅၇။ (၃) အပသန္တာန်၌သာဖြစ်၍ အာပေါဓာတ် မမည်သော 'ဗာဟိရ န အာပေါဓာတု' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ အာပေါဓာတ် မမည်သော 'ဗာဟိရ န အာပေါဓာတု' ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န လဟုတာရုပ်** ၇၅၈။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ လဟုတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န လဟုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏)။

http://www.dhammadownload.com



ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ လဟုတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န လဟုတာ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ လဟုတာရုပ်** ၇၅၉။ (၂) အပသန္တာန်၌လည်းဖြစ်သော, ရူပဿ လဟုတာလည်း မည်သော 'ဗာဟိရ ရူပဿ လဟုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န) ရုပ်၏ အကြင် လျင်မြန်ပေါ့ပါးသည်၏ အဖြစ်၊ ပေါ့ပါးစွာပြောင်းလဲနိုင်သည်၏အဖြစ်(လျင်မြန်သည်၏အဖြစ်)၊ မနုန့်နှေး မလေးလံသည်၏အဖြစ်၊ မခိုင်မာသည်၏အဖြစ်၊ (မတုန်မလှုပ်ခြင်းကင်းသည်၏အဖြစ်)သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန်၌လည်း ဖြစ်သော, ရူပဿ လဟုတာလည်း မည်သော 'ဗာဟိရ ရူပဿ လဟုတာ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၈-ကြည့်)

**ဗာဟိရ ရူပဿ န လဟုတာရုပ်** ၇၆၀။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ လဟုတာမမည်သော 'ဗာဟိရ ရူပဿ န လဟုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ လဟုတာ မမည်သော 'ဗာဟိရ ရူပဿ န လဟုတာ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န မုဒုတာရုပ်** ၇၆၁။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ မုဒုတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န မုဒုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ မုဒုတာ မမည်သော'အဇ္ဈတ္တိက ရူပဿ န မုဒုတာ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ မုဒုတာရုပ်** ၇၆၂။ (၂) အပသန္တာန်၌လည်းဖြစ်သော,ရူပဿ မုဒုတာလည်းမည်သော 'ဗာဟိရ ရူပဿ မုဒုတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န) ရုပ်၏ အကြင်နူးညံ့မှု၊ ပြေပျောင်းပြေပြစ်မှု၊ မကြမ်းတမ်းမှု၊ မခက်မာမှုသည် (ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် အပသန္တာန်၌လည်းဖြစ်သော,ရူပဿ မုဒုတာလည်း မည်သော 'ဗာဟိရ ရူပဿ မုဒုတာ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၃၉-ကြည့်)

**ဗာဟိရ ရူပဿ န မုဒုတာရုပ်** ၇၆၃။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ မုဒုတာမမည်သော 'ဗာဟိရ ရူပဿ န မုဒုတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာ ဖြစ်၍ ရူပဿ မုဒုတာ မမည်သော 'ဗာဟိရ ရူပဿ န မုဒုတာ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န ကမ္မညတာရုပ်** ၇၆၄။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ ကမ္မညတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န ကမ္မညတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'

http://www.dhammadownload.com



။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာ ဖြစ်၍ ရူပဿ ကမ္မညတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န ကမ္မညတာ'ဟူသော ထို ရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ ကမ္မညတာရုပ်** ၈၆၅။ (၂) အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ကမ္မညတာလည်းမည်သော 'ဗာဟိရ ရူပဿ ကမ္မညတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န) ရုပ်၏ အကြင်အလုပ်၌ခံ့မှု၊ အလုပ်၌ခံ့ကြောင်းသဘော၊ အလုပ်၌ခံ့သည်၏ အဖြစ်သည် (ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ကမ္မညတာလည်း မည်သော 'ဗာဟိရ ရူပဿ ကမ္မညတာ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ် ၆၄၀-ကြည့်)

**ဗာဟိရ ရူပဿ န ကမ္မညတာရုပ်** ၈၆၆။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ ကမ္မညတာ မမည်သော'ဗာဟိရ ရူပဿ န ကမ္မညတာ' ဟူသော ထို ရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ ကမ္မညတာ မမည်သော 'ဗာဟိရ ရူပဿ န ကမ္မညတာ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န ဥပစယရုပ်** ၈၆၇။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ ဥပစယ မမည်သော 'အဇ္ဈတ္တိက ရူပဿ န ဥပစယ' ဟူသော ထို ရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ ဥပစယ မမည်သော'အဇ္ဈတ္တိက ရူပဿ န ဥပစယ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ ဥပစယရုပ်** ၈၆၈။ (၂) အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ဥပစယလည်း မည်သော 'ဗာဟိရ ရူပဿ ဥပစယ' ဟူသော ထို ရုပ်သည် အဘယ်နည်း။ ရုပ်အာယတနတို့၏အကြင်(ဦးစွာအစ)ဖြစ်ပေါ်လာစသည် (ရှိ၏)၊ ထို ရုပ်အာယတနတို့၏(ဦးစွာအစ)ဖြစ်ပေါ်လာစသည် ရုပ်၏ဖြစ်စ'ရူပဿ ဥပစယ'မည်၏။ဤသို့သဘောရှိသောရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ဥပစယ လည်းမည်သော 'ဗာဟိရ ရူပဿ ဥပစယ'ဟူသော ထို ရုပ်ပေတည်း။ (စာပိုဒ်-၆၄၁ ကြည့်)

**ဗာဟိရ ရူပဿ န ဥပစယရုပ်** ၈၆၉။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ ဥပစယ မမည်သော 'ဗာဟိရ ရူပဿ န ဥပစယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ ဥပစယ မမည်သော'ဗာဟိရ ရူပဿ န ဥပစယ'ဟူသော ထိုရုပ် ပေတည်း။

http://www.dhammadownload.com



**အဇ္ဈတ္တိက ရူပဿ န သန္တတိရုပ်** ၇၇၀။ (၁) အတွင်း သန္တာန်၌သာ ဖြစ်၍ ရူပဿ သန္တတိ မမည်သော 'အဇ္ဈတ္တိက ရူပဿ န သန္တတိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာ ဖြစ်၍ ရူပဿ သန္တတိ မမည်သော 'အဇ္ဈတ္တိက ရူပဿ န သန္တတိ' ဟူသော ထိုရုပ်ပေတည်း (ပဿာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ သန္တတိရုပ်** ၇၇၁။ (၂) အပသန္တာန်၌လည်းဖြစ်သော, ရူပဿ သန္တတိလည်း မည်သော 'ဗာဟိရ ရူပဿ သန္တတိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရုပ်၏အကြင်ကြီးပွါးဆဲအစဉ် (ဆက်လက်၍ ဖြစ်ပေါ်နေဆဲ)သည် (ရှိ၏)။ ထိုရုပ်၏ ကြီးပွါးဆဲအစဉ်သည် ရုပ်၏ ဖြစ်စဉ်'ရူပဿ သန္တတိ' မည်၏။ ဤသို့သဘောရှိသောရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, ရူပဿ သန္တတိ လည်းမည်သော 'ဗာဟိရ ရူပဿ သန္တတိ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ်-၆၄၂ ကြည့်)

**ဗာဟိရ ရူပဿ န သန္တတိရုပ်** ၇၇၂။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ သန္တတိ မမည်သော 'ဗာဟိရ ရူပဿ န သန္တတိ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ သန္တတိ မမည်သော 'ဗာဟိရ ရူပဿ န သန္တတိ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န ဇရတာရုပ်** ၇၇၃။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ ဇရတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န ဇရတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ ရူပဿ ဇရတာ မမည်သော'အဇ္ဈတ္တိက ရူပဿ န ဇရတာ' ဟူသော ထိုရုပ်ပေတည်း (ပဿာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ ဇရတာရုပ်** ၇၇၄။ (၂) အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ဇရတာလည်း မည်သော'ဗာဟိရ ရူပဿ ဇရတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။(နိဗ္ဗန္ဒ)ရုပ်၏ အကြင်လျော့ပါးခြင်း (အိုမင်းယုတ်လျော့ခြင်း)'ဇရာ'၊ ရင့်ရော်ဆွေးမြေ့ကြောင်း 'ဇီရဏတာ'၊ သွားကျိုးကြောင်း 'ခဏ္ဍိစ္စ'၊ ဆံပင်ဖြူကြောင်း 'ပါလိစ္စ'၊ အရေတွန့်ကြောင်း'ဝလိတ္တစတာ'၊ အသက်၏ ဆုတ်ယုတ်ကြောင်း'အာယုနောသံဟာနိ'၊ (စက္ခုန္ဒြေစသော) (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု'ဣန္ဒြေ'တို့၏ ရင့်ရော်ပျက်ပြားကြောင်း ' ဣန္ဒြိယာနံ ပရိပါက'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, ရူပဿ ဇရတာ လည်းမည်သော 'ဗာဟိရ ရူပဿ ဇရတာ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ်-၆၄၃ ကြည့်)

**ဗာဟိရ ရူပဿ န ဇရတာရုပ်** ၇၇၅။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ ဇရတာ မမည်သော 'ဗာဟိရ ရူပဿ န ဇရတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း'ရူပါယတန' ။ပ။ အလုတ်

http://www.dhammadownload.com



အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ ဇရတာ မမည်သော 'ဗာဟိရ ရူပဿ န ဇရတာ'ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက ရူပဿ န အနိစ္စတာရုပ်** ၇၇၆။ (၁) အတွင်းသန္တာန်သာဖြစ်၍ ရူပဿ အနိစ္စတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န အနိစ္စတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာ ဖြစ်၍ ရူပဿ အနိစ္စတာ မမည်သော 'အဇ္ဈတ္တိက ရူပဿ န အနိစ္စတာ' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ရူပဿ အနိစ္စတာရုပ်** ၇၇၇။ (၂) အပအန္တာန်၌လည်းဖြစ်သော, ရူပဿ အနိစ္စတာလည်းမည်သော 'ဗာဟိရ ရူပဿ အနိစ္စတာ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (နိပ္ဖန္န)ရုပ်၏ အကြင်ကုန်ဆုံးမှု 'ခယ'၊ ပျက်မှု 'ဝယ'၊ ကွဲမှု 'ဘေဒ'၊ ထက်ဝန်းကျင်ကွဲမှု (အားလုံးပျက်ပြိုကွဲမှု) 'ပရိဘေဒ'၊ (ဖြစ်ပြီးသည့်နောက် တည်တံ့ မနေခြင်းကြောင့်) မမြဲမှု 'အနိစ္စတာ'၊ ကွယ်ပျောက်မှု 'အန္တရဓာန'သည် (ရှိ၏)။ ဤသို့ သဘောရှိသောရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, ရူပဿ အနိစ္စတာလည်းမည်သော 'ဗာဟိရ ရူပဿ အနိစ္စတာ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ်-၆၄၄ ကြည့်)

**ဗာဟိရ ရူပဿ န အနိစ္စတာရုပ်** ၇၇၈။ (၃) အပသန္တာန်၌သာဖြစ်၍ ရူပဿ အနိစ္စတာ မမည်သော 'ဗာဟိရ ရူပဿ န အနိစ္စတာ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ရူပဿ အနိစ္စတာ မမည်သော 'ဗာဟိရ ရူပဿ န အနိစ္စတာ' ဟူသော ထိုရုပ်ပေတည်း။

**အဇ္ဈတ္တိက န ကဗဠီကာရ အာဟာရရုပ်** ၇၇၉။ (၁) အတွင်းသန္တာန်၌သာဖြစ်၍ ကဗဠီကာရ အာဟာရ မမည်သော 'အဇ္ဈတ္တိက န ကဗဠီကာရအာဟာရ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အတွင်းသန္တာန်၌သာဖြစ်၍ န ကဗဠီကာရအာဟာရ မမည်သော 'အဇ္ဈတ္တိက န ကဗဠီကာရအာဟာရ' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးခု)။

**ဗာဟိရ ကဗဠီကာရအာဟာရရုပ်** ၇၈၀။ (၂) အပသန္တာန်၌လည်းဖြစ်သော, အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'လည်း မည်သော 'ဗာဟိရ ကဗဠီကာရအာဟာရ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထမင်း 'ဩဒန'၊ မုယောမုံ့ (ဆန်ကြမ်း မုံ့နှပ်) 'ကုမ္မာသ'၊ မုံ့လုံး 'သတ္တု'၊ ငါး 'မစ္ဆ'၊ အသား 'မံသ'၊ နို့ရည် 'ခီရ'၊ နို့ဓမ်း 'ဒဓိ'၊ ထောပတ် 'သပ္ပိ'၊ ဆီဦး (ထောပေး) 'နဝနီတ'၊ ဆီ 'တေလ'၊ ပျားရည် 'မဓု'၊ ထင်လဲ 'ဖာဏိတ'သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသောအစာ အာဟာရတို့မှ)တမျိုးတခြားဖြစ်သော, အကြင်အကြင်ဇနပုဒ် (တိုင်း ခရိုင်)၌ ထိုထို သတ္တဝါတို့၏ ခံတွင်း (ပါးစပ်)ဖြင့် စားအပ်သော, သွားတို့ဖြင့် ကိုက်ခဲအပ်

http://www.dhammadownload.com



(ကြိတ်ချေဝါး၍စားအပ်)သော, လည်ချောင်းဖြင့် မျိုချအပ်သော, ဝမ်း(ပိုက်)ကို ပြည့်ဝတောင့်တင်းစေတတ်သော အကြင်(အစာ အာဟာရ) ရုပ်သည်လည်း ရှိသေး၏၊ အကြင် ဩဇာ (အဆီအနှစ် အစေး)ဖြင့် သတ္တဝါတို့သည် မျှတကုန်၏။ ဤသို့သဘောရှိသော ရုပ်သည် အပသန္တာန်၌လည်းဖြစ်သော, အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'လည်း မည်သော 'ဗာဟိရ ကဗဠီကာရအာဟာရ'ဟူသော ထိုရုပ်ပေတည်း။ (စာပိုဒ်၆၄၅-ကြည့်)

**ဗာဟိရ န ကဗဠီကာရအာဟာရရုပ်** ၈၈၁။ (၃) အပသန္တာန်၌သာဖြစ်၍ ကဗဠီကာရအာဟာရ မမည်သော 'ဗာဟိရ န ကဗဠီကာရ အာဟာရ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်)မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် အပသန္တာန်၌သာဖြစ်၍ ကဗဠီကာရ အာဟာရ မမည်သော 'ဗာဟိရ န ကဗဠီကာရ အာဟာရ'ဟူသော ထိုရုပ်ပေတည်း။

ဤသို့ သုံးဘို့(သုံးစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

သုံးခုစီ အကျယ်ပြခြင်း 'တိကနိဒ္ဒေသ' ပြီးပြီ။

---

## လေးခုစီ အကျယ်ပြခြင်း'စတုက္ကနိဒ္ဒေသ'

**ဥပါဒါ ဥပါဒိဏ္ဏရုပ်** ၈၈၂။ (၁) မှီ၍လည်းဖြစ်တတ်, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်သော 'ဥပါဒါ ဥပါဒိဏ္ဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ပသာဒရုပ်ငါးခု, ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်(ကံ)ကြောင့်ဖြစ်သော အကြင် မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသောဟင်းလင်း)သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ဖြစ်ပေါ်လာခ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ' ဟူသောရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် မှီ၍လည်းဖြစ်တတ်, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်သော 'ဥပါဒါ ဥပါဒိဏ္ဏ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒါ အနုပါဒိဏ္ဏရုပ်** ၈၈၃။ (၂) မှီ၍သာဖြစ်လျက် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုး မဟုတ်သော 'ဥပါဒါ အနုပါဒိဏ္ဏ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'၊ (မိမိအလိုဆန္ဒကို)ကိုယ်အမူအရာဖြင့်သိစေမှု 'ကာယဝိညတ်'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု

http://www.dhammadownload.com



'ရူပဿ မုဒုတာ'၊ (နီပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ' သည်(ရှိ၏) (သဒ္ဒါရုံ, ဝိညတ်ရုပ်နှစ်ခု, လဟုတာစသောရုပ်သုံးခု, ဇရတာ, အနိစ္စ...)။

ထိုပြင်(ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါ-ယတန'၊ နံ့သိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'၊လျှက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ'ရသာယတန'၊မရေးခြစ်အပ်သော(ရေးခြစ်၍မရသောဟင်းလင်း) သဘော 'အာကာသဓာတ်၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊အလုတ်အလွေးပြုအပ်သောအစာ'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် မှီ၍သာဖြစ်လျက် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုး မဟုတ်သော 'ဥပါဒါ အနုပါဒိန္န'ဟူသော ထိုရုပ်ပေတည်း။

**နော ဥပါဒါ ဥပါဒိန္နရုပ်** ၇၇၄။ (၃) မှီ၍ကားမဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးသာ ဖြစ်သော 'နောဥပါဒါ ဥပါဒိန္န' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် ဖြစ်သော ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ကားမဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးသာဖြစ်သော 'နော ဥပါဒါ ဥပါဒိန္န'ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

**နော ဥပါဒါ အနုပါဒိန္နရုပ်** ၇၇၅။ (၄) မှီ၍လည်းမဖြစ်သော,တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း မဟုတ်သော 'နော ဥပါဒါ အနုပါဒိန္န' ဟူသော ထိုရုပ်သည် အဘယ်နည်း။ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍လည်း မဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်း မဟုတ်သော 'နောဥပါဒါ အနုပါဒိန္န'ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

**ဥပါဒါ ဥပါဒိန္နုပါဒါနိယရုပ်** ၇၇၆။ (၁) မှီ၍လည်းဖြစ်သော,တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်းဖြစ်သော 'ဥပါဒါ ဥပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည်'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု'ဇီဝိတိန္ဒြေ' သည် (ရှိ၏) (ပသာဒရုပ်ငါးခု, ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

http://www.dhammadownload.com



ထိုပြင်(ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် ဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည် လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် မှီ၍လည်းဖြစ်သော, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစိုးအပွါး (အာရုံ) လည်းဖြစ်သော 'ဥပါဒါ ဥပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒါ အနုပါဒိန္နုပါဒါနိယရုပ်**　၈၈၇။ (၂) မှီ၍ကားဖြစ်၏ တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစိုးအပွါး( အာရုံ )သာဖြစ်သော 'ဥပါဒါ အနုပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ (မိမိ အလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န)ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အမှု၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်ဘုံမနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (သဒ္ဒါရုပ်, ဝိညတ်ရုပ်နှစ်ခု, လဟုတာစသော ရုပ်သုံးခု, ဇရတာ, အနိစ္စတာ)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင်မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ' ဟူသော ရုပ်သည် လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် မှီ၍ကား ဖြစ်၏ တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစိုးအပွါး(အာရုံ)သာဖြစ်သော 'ဥပါဒါ အနုပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်ပေတည်း။

**နော ဥပါဒါ ဥပါဒိန္နုပါဒါနိယရုပ်**　၈၈၈။ (၃) မှီ၍ကားမဖြစ်, တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစိုးအပွါး( အာရုံ )လည်းဖြစ်သော 'နော ဥပါဒါ ဥပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်ဖြစ်သော ထိသိစိတ်( ကာယဝိညာဏ် ) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော( ဖွဲ့စည်းမှု )သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ကားမဖြစ် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း ဖြစ်၍ ဥပါဒါန်တို့၏ အစိုးအပွါး(အာရုံ)လည်းဖြစ်သော 'နော ဥပါဒါ ဥပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

http://www.dhammadownload.com



**နော ဥပါဒါ အနုပါဒိန္နုပါဒါနိယရုပ်** ၇၇၉။ (၄) မှီ၍လည်းမဖြစ် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းမဟုတ် ဥပါဒါနိတို့၏ အစီးအပွါး(အာရုံ) သာဖြစ်သော 'နော ဥပါဒါ အနုပါဒိန္နုပါဒါနိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော ထိသိစိတ် (ကာယ ဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍လည်းမဖြစ် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး လည်း မဟုတ် ဥပါဒါနိတို့၏ အစီးအပွါး(အာရုံ) သာဖြစ်သော 'နော ဥပါဒါ အနုပါဒိန္နုပါဒါနိယ' ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

**ဥပါဒါ သပ္ပဋိဃရုပ်** ၇၈၀။ (၁) မှီ၍လည်းဖြစ် ထိပါးခြင်းနှင့်လည်းတကွ ဖြစ်သော 'ဥပါဒါ သပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ် ကြောင်း အရသာ 'ရသာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍လည်းဖြစ် ထိပါးခြင်း နှင့်လည်းတကွဖြစ်သော 'ဥပါဒါ သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါးနှင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ အာရုံလေးပါး)။

**ဥပါဒါ အပ္ပဋိဃရုပ်** ၇၈၁။ (၂) မှီ၍ကားဖြစ်၏ ထိပါးခြင်းနှင့်တကွ မဖြစ်သော 'ဥပါဒါ အပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ကားဖြစ်၏ ထိပါးခြင်းနှင့်တကွ မဖြစ်သော 'ဥပါဒါ အပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

**နော ဥပါဒါ သပ္ပဋိဃရုပ်** ၇၈၂။ (၃) မှီ၍ကားမဖြစ် ထိပါးခြင်းနှင့်တကွဖြစ်သော 'နော ဥပါဒါ သပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် မှီ၍ကားမဖြစ် ထိပါးခြင်းနှင့်တကွဖြစ်သော 'နော ဥပါဒါ သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**နော ဥပါဒါ အပ္ပဋိဃရုပ်** ၇၈၃။ (၄) မှီ၍လည်းမဖြစ် ထိပါးခြင်းနှင့်လည်းတကွ မဖြစ်သော 'နော ဥပါဒါ အပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်သည် မှီ၍လည်းမဖြစ် ထိပါး ခြင်းနှင့်လည်းတကွမဖြစ်သော 'နော ဥပါဒါ အပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း (အာပေါဓာတ်)။

**ဥပါဒါ ဩဠာရိကရုပ်** ၇၈၄။ (၁) မှီ၍ဖြစ်သော, ကြမ်းတမ်းသော 'ဥပါဒါ ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော, ကြမ်းတမ်းသော 'ဥပါဒါ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ အာရုံလေးပါး)။

http://www.dhammadownload.com



**ဥပါဒါ သုခုမရုပ်** ၇၉၅။ (၂) မှီ၍ဖြစ်သော, သိမ်မွေ့သော'ဥပါဒါ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ။ပ။အလုတ်အလွေးပြု၍အပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော, သိမ်မွေ့သော 'ဥပါဒါ သုခုမ'ဟူသော ထိုရုပ်ပေတည်း။

**နော ဥပါဒါ ဩဠာရိကရုပ်** ၇၉၆။ (၃) မှီ၍မဖြစ်သော,ကြမ်းတမ်းသော'နော ဥပါဒါ ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍မဖြစ်သော, ကြမ်းတမ်းသော'နော ဥပါဒါ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**နော ဥပါဒါ သုခုမရုပ်** ၇၉၇။ (၄) မှီ၍မဖြစ်သော,သိမ်မွေ့သော 'နော ဥပါဒါ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်သည် မှီ၍မဖြစ်သော, သိမ်မွေ့သော 'နော ဥပါဒါ သုခုမ' ဟူသော ထိုရုပ်ပေတည်း (အာပေါဓာတ်)။

**ဥပါဒါ ဒူရေရုပ်** ၇၉၈။ (၁) မှီ၍ဖြစ်သော, ဝေးကွာ (အသိခက်) သော 'ဥပါဒါ ဒူရေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေးပြု၍အပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော, ဝေးကွာ( အသိခက် )သော 'ဥပါဒါ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒါ သန္တိကေရုပ်** ၇၉၉။ (၂) မှီ၍ဖြစ်သော နီးကပ်( သိလွယ် )သော 'ဥပါဒါ သန္တိကေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'သည် (ရှိ၏)။ဤရုပ်အပေါင်းသည် မှီ၍ဖြစ်သော, နီးကပ်(သိလွယ်)သော 'ဥပါဒါ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး၊ ရူပ,သဒ္ဒ,ဂန္ဓ,ရသအာရုံလေးပါး)။

**နော ဥပါဒါ ဒူရေရုပ်** ၈၀၀။ (၃) မမှီမူ၍ဖြစ်သော, ဝေးကွာ(အသိခက်)သော 'နော ဥပါဒါ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော ( ဖွဲ့စည်းမှု )သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်သည် မမှီမူ၍ဖြစ်သော, ဝေးကွာ (အသိခက်)သော 'နော ဥပါဒါ ဒူရေ'ဟူသော ထိုရုပ်ပေတည်း (အာပေါဓာတ်)။

**နော ဥပါဒါ သန္တိကေရုပ်** ၈၀၁။ (၄) မမှီမူ၍ဖြစ်သော, နီးကပ်(သိလွယ်)သော 'နော ဥပါဒါ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် မမှီမူ၍ဖြစ် သော, နီးကပ်(သိလွယ်)သော 'နော ဥပါဒါ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

**ဥပါဒိန္န သနိဒဿနရုပ်** ၈၀၂။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) မြင်ခြင်းနှင့်လည်း တကွ ဖြစ်သော 'ဥပါဒိန္န သနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်ဖြစ်သော မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။

http://www.dhammadownload.com



ဤရုပ်သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ မြင်ခြင်းနှင့်လည်းတကွ ဖြစ်သော 'ဉပါဒိဏ္ဏ သနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဉပါဒိဏ္ဏ အနိဒဿနရုပ်** ၉၀၃။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးသာဖြစ်၍ မြင်ခြင်းနှင့်တကွ မဖြစ်သော 'ဉပါဒိဏ္ဏ အနိဒဿန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာ-ယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ပသာဒရုပ်ငါးခု, ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင်နံ့သိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်( ဇိဝှါဝိညာဏ် )ဖြစ်ကြောင်း အရသာ'ရသာယတန'၊ ထိသိစိတ်( ကာယဝိညာဏ် )ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဉပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံ၏အကျိုးသာဖြစ်၍ မြင်ခြင်းနှင့်တကွမဖြစ်သော 'ဉပါဒိဏ္ဏ အနိဒဿန' ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိဏ္ဏ သနိဒဿနရုပ်** ၉၀၄။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကား မဟုတ် မြင်ခြင်းနှင့်တကွ ဖြစ်သော 'အနုပါဒိဏ္ဏ သနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကားမဟုတ် မြင်ခြင်းနှင့်တကွ ဖြစ်သော 'အနုပါဒိဏ္ဏ သနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**အနုပါဒိဏ္ဏ အနိဒဿနရုပ်** ၉၀၅။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်း မဟုတ် မြင်ခြင်းနှင့်လည်းတကွမဖြစ်သော'အနုပါဒိဏ္ဏ အနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ (မိမိအလိုသန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န)ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အလုပ်၌ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ အိုမှု,ရင့်ရော် ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (သဒ္ဒါရုံ, ဝိညတ်ရုပ်နှစ်ခု, လဟုတာစသော ရုပ်သုံးခု, ဇရတာ, အနိစ္စတာ)။

http://www.dhammadownload.com



ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်မဖြစ်သော အကြင်နံ့သိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊လျှက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊မရေးခြစ်အပ်သော(ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းမဟုတ် မြင်ခြင်းနှင့်လည်းတကွ မဖြစ်သော 'အနုပါဒိန္နာ အနိဒဿန'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္န သပ္ပဋိဃရုပ်** ၉၀၆။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) ထိပါးခြင်းနှင့်လည်း တကွဖြစ်သော 'ဥပါဒိန္န သပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏) (ပသာဒရုပ်ငါးခု)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံ့သိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျှက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ထိပါးခြင်းနှင့်လည်းတကွဖြစ်သော 'ဥပါဒိန္န သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

ဥပါဒိန္န အပ္ပဋိဃရုပ် ၉၀၇။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးသာဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) ထိပါးခြင်းနှင့်တကွမဖြစ်သော 'ဥပါဒိန္န အပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံ၏အကျိုးသာဖြစ်၍ ထိပါးခြင်းနှင့်တကွ မဖြစ်သော 'ဥပါဒိန္န အပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**အနုပါဒိန္နု သပ္ပဋိဃရုပ်** ၉၀၀။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကား မဟုတ် ထိပါးခြင်းနှင့်တကွဖြစ်သော 'အနုပါဒိန္နု သပ္ပဋိဃ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'သည် (ရှိ၏) (သဒ္ဒါရုံ)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကားမဟုတ် ထိပါးခြင်းနှင့်တကွဖြစ်သော 'အနုပါဒိန္နု သပ္ပဋိဃ' ဟူသော ထိုရုပ် ပေတည်း။

**အနုပါဒိန္နု အပ္ပဋိဃရုပ်** ၉၀၉။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်း မဟုတ် ထိပါးခြင်းနှင့်လည်းတကွ မဖြစ်သော 'အနုပါဒိန္နု အပ္ပဋိဃ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အမှုဒွိခံမှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (ဝိညတ်ရုပ်နှစ်ခု, လဟုတာစသော ရုပ်သုံးခု, ဇရတာ, အနိစ္စတာ)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းမဟုတ် ထိပါးခြင်းနှင့်လည်း တကွ မဖြစ်သော 'အနုပါဒိန္နု အပ္ပဋိဃ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နု မဟာဘူတရုပ်** ၉၁၀။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ မဟာဘုတ်လည်းဖြစ်သော 'ဥပါဒိန္နု မဟာဘူတ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကိုပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်ဖြစ်သော ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ မဟာဘုတ်လည်းဖြစ်သော 'ဥပါဒိန္နု မဟာဘူတ' ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

http://www.dhammadownload.com



**ဥပါဒိန္နက န မဟာဘူတရုပ်** ၉၁၁။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးသာ ဖြစ်၍ (ကမ္မဇရုပ်သာဖြစ်၍) မဟာဘုတ်မဟုတ်သော 'ဥပါဒိန္နက န မဟာဘူတ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာ-ယတန'၊ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ပသာဒရုပ်ငါးခု, ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင်မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးသာဖြစ်၍ မဟာဘုတ် မဟုတ်သော 'ဥပါဒိန္နက န မဟာဘူတ' ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နက မဟာဘူတရုပ်** ၉၁၂။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကား မဟုတ် မဟာဘုတ်ဖြစ်သော 'အနုပါဒိန္နက မဟာဘူတ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်(ကံ)ကြောင့် မဖြစ်သော ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကားမဟုတ် မဟာဘုတ်ဖြစ်သော 'အနုပါဒိန္နက မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း (မဟာဘုတ်လေးပါး)။

**အနုပါဒိန္နက န မဟာဘူတရုပ်** ၉၁၃။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်း မဟုတ် မဟာဘုတ်လည်း မဟုတ်သော 'အနုပါဒိန္နက န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်(သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န)ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏အမှု၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (သဒ္ဒါရုံ, ဝိညတ်ရုပ်နှစ်ခု, လဟုတာစသောရုပ်သုံးခု, ဇရတာ, အနိစ္စတာ)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်(ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်(ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း

http://www.dhammadownload.com



အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသ ဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းမဟုတ် မဟာဘုတ်လည်း မဟုတ်သော 'အနုပါဒိန္န န မဟာဘူတ' ဟူသော ထိုရုပ်ပေတည်း။

ဥပါဒိန္န ဩဠာရိကရုပ် ၉၁၄။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) ကြမ်းတမ်းသော 'ဥပါဒိန္န ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏) (ပသာဒရုပ်ငါးခု)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့်ဖြစ်သော မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ကြမ်းတမ်းသော 'ဥပါဒိန္န ဩဠာရိက' ဟူသော ထိုရုပ်ပေတည်း။

ဥပါဒိန္န သုခုမရုပ် ၉၁၅။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) သိမ်မွေ့သော 'ဥပါဒိန္န သုခုမ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏) (ဘာဝရုပ်၊ ဇီဝိတရုပ်)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့်ဖြစ်သော အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည် ကံ၏ အကျိုးဖြစ်၍ သိမ်မွေ့သော 'ဥပါဒိန္န သုခုမ' ဟူသော ထိုရုပ်ပေတည်း။

အနုပါဒိန္န ဩဠာရိကရုပ် ၉၁၆။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ ကြမ်းတမ်းသော 'အနုပါဒိန္န ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' သည် (ရှိ၏) (သဒ္ဒါရုံ) (ဒွိဇရုပ်)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်းအနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း၊

http://www.dhammadownload.com



အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသောရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ ကြမ်းတမ်းသော 'အနုပါဒိဏ္ဏ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိဏ္ဏ သုခုမရုပ်** ၉၁၇။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ သိမ်မွေ့သော 'အနုပါဒိဏ္ဏ သုခုမ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အမှု၌ ခံ့မှု (အမှုကိစ္စဟူသမျှ၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န)ရုပ်၏(ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော, အကြင်မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ သိမ်မွေ့သော 'အနုပါဒိဏ္ဏ သုခုမ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိဏ္ဏ ဒူရေရုပ်** ၉၁၈။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) ဝေးကွာ (အသိခက်)သော 'ဥပါဒိဏ္ဏ ဒူရေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏) (ဘာဝရုပ်နှစ်ခု, ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်ဖြစ်သော, အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးဖြစ်၍ ဝေးကွာ(အသိခက်)သော 'ဥပါဒိဏ္ဏ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိဏ္ဏ သန္တိကေရုပ်** ၉၁၉။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးဖြစ်၍ (ကမ္မဇရုပ်ဖြစ်၍) နီးကပ် (သိလွယ်)သော 'ဥပါဒိဏ္ဏ သန္တိကေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏) (ပသာဒရုပ်ငါးခု)။

http://www.dhammadownload.com



ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင်မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံ့သိစိတ်( ဃာနဝိညာဏ် )ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးဖြစ်၍ နီးကပ်(သိလွယ်)သော 'ဥပါဒိန္နသန္တိကေ' ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နဒူရေရုပ်** ၉၂၀။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ ဝေးကွာ (အသိခက်)သော 'အနုပါဒိန္နဒူရေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိ အလိုဆန္ဒကို ) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အမှု၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်)မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏) (ဝိညတ်ရုပ်နှစ်ခု,လဟုတာစသော ရုပ်သုံးခု, ဇရတာ,အနိစ္စတာ)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော,ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်မဖြစ်သော, အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ ဝေးကွာ(အသိခက်)သော 'အနုပါဒိန္နဒူရေ' ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နသန္တိကေရုပ်** ၉၂၁။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ နီးကပ်(သိလွယ်)သော 'အနုပါဒိန္နသန္တိကေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် ( သောတဝိညာဏ် ) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'သည် (ရှိ၏) (သဒ္ဒါရုပ်) (ဒွိဇရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်မဖြစ်သော အကြင်မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံ့သိစိတ်(ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် ( ဇိဝှါဝိညာဏ် )ဖြစ်ကြောင်း, အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်မူ၍ နီးကပ်(သိလွယ်)သော 'အနုပါဒိန္န သန္တိကေ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒါနိယ သနိဒဿနရုပ်** ၉၂၂။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး(အာရုံ) လည်းဖြစ်သော,မြင်ခြင်းနှင့်တကွဖြစ်သော 'ဥပါဒိန္နုပါဒါနိယ သနိဒဿန'ဟူသော ထိုရုပ်သည်

http://www.dhammadownload.com



အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' သည် (ရှိ၏)။ ဤရုပ်သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး(အာရုံ)လည်း ဖြစ်သော, မြင်ခြင်းနှင့်တကွဖြစ်သော'ဥပါဒိန္နုပါဒါနိယ သနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**ဥပါဒိန္နုပါဒါနိယ အနိဒဿနရုပ်** ၉၂၃။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ) လည်းဖြစ်သော, မြင်ခြင်းနှင့်တကွ မဖြစ်သော'ဥပါဒိန္နုပါဒါနိယ အနိဒဿန' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် ( စက္ခုဝိညာဏ် )ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ပသာဒရုပ်ငါးခု,ဘာဝရုပ်နှစ်ခု,ဇီဝိတရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင်နံ့သိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်( ဇိဝှါဝိညာဏ် )ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်( ကာယဝိညာဏ် )ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ်'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော,မြင်ခြင်းနှင့်တကွ မဖြစ်သော 'ဥပါဒိန္နုပါဒါနိယ အနိဒဿန'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ သနိဒဿနရုပ်** ၉၂၄။ (၃) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့်ကံ၏အကျိုး ကား မဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော,မြင်ခြင်းနှင့်တကွဖြစ်သော'အနုပါဒိန္နုပါဒါနိယ သနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤရုပ်သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကားမဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော, မြင်ခြင်းနှင့် တကွဖြစ်သော အနုပါဒိန္နုပါဒါနိယ သနိဒဿန'ဟူသော ထိုရုပ်ပေတည်း (ရူပါရုံ)။

**အနုပါဒိန္နုပါဒါနိယ အနိဒဿနရုပ်** ၉၂၅။ (၄) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုး ကား မဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ) သာဖြစ်သော,မြင်ခြင်းနှင့်တကွမဖြစ်သော'အနုပါဒိန္နုပါဒါနိယ အနိဒဿန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊(မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိ အလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အမှု၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော

http://www.dhammadownload.com



ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န)ရုပ်၏ အိုမှု ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်မဖြစ်သော အကြင်နံ့သိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော(ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ် လာစ 'ရူပဿ ဥပစယ'၊(နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကား မဟုတ် ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ) သာ ဖြစ်သော မြင်ခြင်းနှင့် တကွမဖြစ်သော 'အနုပါဒိန္နုပါဒါနိယ အနိဒဿန' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ်** ၉၂၆။ (၁) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး လည်းဖြစ် (ကမ္မဇရုပ်လည်းဖြစ်)၍ ဥပါဒါန်တို့၏ အစီးအပွါး(အာရုံ)လည်းဖြစ်သော ထိပါးခြင်းနှင့်တကွဖြစ်သော 'ဥပါဒိန္နုပါဒါနိယသပ္ပဋိဃ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာ-ယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏) (ပသာဒရုပ်ငါးခု)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင်မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံ့သိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာ-ယတန'ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်းဖြစ်သော ထိပါးခြင်းနှင့် တကွ ဖြစ်သော 'ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ်** ၉၂၇။ (၂) တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်း ဖြစ် (ကမ္မဇရုပ်လည်း ဖြစ်)၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်းဖြစ်သော ထိပါးခြင်းနှင့်တကွမဖြစ်သော 'ဥပါဒိန္နုပါဒါနိယ အပ္ပဋိဃ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောက်ျား (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏) (ဘာဝရုပ်နှစ်ခု ဇီဝိတရုပ်)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်စ 'ရူပဿ

http://www.dhammadownload.com



ဥပစယ’၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် ‘ရူပဿ သန္တတိ’၊ အလုတ်အလွေး ပြုအပ်သောအစာ ‘ကဗဠီကာရအာဟာရ’ ဟူသော ရုပ်သည်လည်း ရှိသေး၏။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ် ...ည်းဖြစ်,ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ ထိပါးခြင်းနှင့်တကွမဖြစ်သော)‘ဥပါဒိန္နုပါဒါနိယ အပ္ပဋိဃ’ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ် ၉၂၈။** (၃) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ကပ်ရောက်အပ်သောကံ(တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကားမဟုတ်, လွန်စွာစွဲလမ်းအပ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်၍ ထိပါးခြင်းနှင့်တကွဖြစ်သော (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ထိပါးခြင်းနှင့်တကွ ဖြစ်သော) ‘အနုပါဒိန္နုပါဒါနိယ သပ္ပဋိဃ’ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိ စိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ‘သဒ္ဒါယတန’သည် (ရှိ၏) (ဒွိဇရုပ်)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်(ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း ‘ရူပါယတန’၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ ‘ဂန္ဓာယတန’၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ‘ရသာယတန’၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့‘ဖောဋ္ဌဗ္ဗာယတန’သည်လည်း ရှိသေး၏ (စတုဇရုပ်များ)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ထိပါးခြင်းနှင့်တကွ ဖြစ်သော) ‘အနုပါဒိန္နုပါဒါနိယ သပ္ပဋိဃ’ ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ် ၉၂၉။** (၄) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကားမဟုတ်, လွန်စွာစွဲလမ်းအပ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး (အာရုံ) သာဖြစ်၍ ထိပါးခြင်းနှင့်တကွ မဖြစ်သော (ကမ္မဇရုပ်ကား မဟုတ် ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ထိပါးခြင်းနှင့်တကွ မဖြစ်သော) ‘အနုပါဒိန္နုပါဒါနိယ အပ္ပဋိဃ’ ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု‘ကာယဝိညတ်’၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု‘ဝစီဝိညတ်’ (စိတ္တဇနကန်)၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု ‘ရူပဿ လဟုတာ’၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု‘ရူပဿ မုဒုတာ’၊ (နိပ္ဖန္န) ရုပ်၏အမှုဥ္ဆိ ခံမှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) ‘ရူပဿ ကမ္မညတာ’(တိဇရုပ်)၊ (နိပ္ဖန္န) ရုပ်၏ အိုမှု,ရင့်ရော်ဆွေးမြေ့မှု ‘ရူပဿ ဇရတာ’၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု ‘ရူပဿ အနိစ္စတာ’သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်(ကံ)ကြောင့် မဖြစ်သော, မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော ‘အာကာသဓာတ်’၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော ‘အာပေါဓာတ်’၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်စ ‘ရူပဿ ဥပစယ’၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် ‘ရူပဿ သန္တတိ’၊ အလုတ်အလွေးပြုအပ်သော အစာ ‘ကဗဠီကာရအာဟာရ ဟူသော ရုပ်သည်လည်း ရှိသေး၏ (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ထိပါးခြင်းနှင့်တကွမဖြစ်သော) ‘အနုပါဒိန္နုပါဒါနိယ အပ္ပဋိဃ’ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ဥပါဒိန္နုပါဒါနိယ မဟာဘူတရုပ်** ၉၃၀ (၁) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ထပ်ရောက်အပ်သောကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းထတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး (အာရုံ)လည်းဖြစ်သော, မဟာဘုတ်မည်သော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ မဟာဘုတ်မည်သော) 'ဥပါဒိန္နုပါဒါနိယ မဟာဘူတ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်(ကံ)ကြောင့် ဖြစ်သော ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ မဟာဘုတ်မည်သော) 'ဥပါဒိန္နုပါဒါနိယ မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း (ကမ္မဇမဟာဘုတ်လေးပါး)။

**ဥပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်** ၉၃၁။ (၂) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာ စွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော, မဟာဘုတ်မမည်သော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ မဟာဘုတ်မမည်သော) 'ဥပါဒိန္နုပါဒါနိယ န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (ကမ္မဇကောန်ဖြစ်သော ဣန္ဒြိယရုပ်ရှစ်ပါး)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်ဘို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော, အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အသုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏ (ကမ္မဇရုပ်အနေတန်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ မဟာဘုတ်မမည်သော) 'ဥပါဒိန္နုပါဒါနိယ န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ မဟာဘူတရုပ်** ၉၃၂။ (၃) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ကပ်ရောက်အပ်သောကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့်စွဲယူအပ်သည်ကားမဟုတ်, လွန်စွာစွဲလမ်းတတ်သောဥပါဒါန်တရားတို့၏အစီးအပွါး(အာရုံ) သာဖြစ်၍မဟာဘုတ်မည်သော (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ မဟာဘုတ်မည်သော)'အနုပါဒိန္နုပါဒါနိယ မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ) ကြောင့် မဖြစ်သော ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော'အာပေါဓာတ်'

http://www.dhammadownload.com



သည် ရှိ၏ (ထိဇမဟာဘုတ်လေးပါး)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ မဟာဘုတ်မည်သော) 'အနုပါဒိန္နုပါဒါနိယ မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်** ၉၃၃။ (၄) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ) သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကားမဟုတ်, လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး (အာရုံ) သာဖြစ်၍ မဟာဘုတ်မမည်သော (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ မဟာဘုတ်မမည်သော) 'အနုပါဒိန္နုပါဒါနိယ နမဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (ဒွိဇရုပ်)၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'(စိတ္တဇကေန်)၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အမှုဥခံမှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'(တိဇရုပ်)၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော် ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော,ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မရသောဟင်းလင်း) သဘော 'အာကာသဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟသော ရုပ်သည်လည်း ရှိသေး၏ (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ မဟာဘုတ်မမည်သော) 'အနုပါဒိန္နုပါဒါနိယ န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒါနိယ ဩဠာရိကရုပ်** ၉၃၄။ (၁) အာရုံ ပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက် အပ်သောကံ (တဏှာ ဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး(အာရုံ) လည်းဖြစ်သော, ကြမ်းတမ်းသော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ ကြမ်းတမ်းသော) 'ဥပါဒိန္နုပါဒါနိယ ဩဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'သည် (ရှိ၏) (ဩဠာရိက, ကမ္မဇရုပ် ကေန်ငါးပါး)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော,ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'ဟူသောရုပ်သည်လည်း ရှိသေး၏ (ဩဠာရိက, ကမ္မဇရုပ်အနေကန်ခြောက်ပါး)။ ဤရုပ်

http://www.dhammadownload.com



အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ ကြမ်းတမ်းသော)'ဥပါဒိန္နု-ပါဒါနိယ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒါနိယ သုခုမရုပ်** ၉၃၅။ (၂) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး(အာရုံ)လည်းဖြစ်သော, သိမ်မွေ့သော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ သိမ်မွေ့သော) 'ဥပါဒိန္နုပါဒါနိယ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏) (သုခုမ, ကမ္မဇရုပ်ကေန်သုံးပါး)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်(ကံ)ကြောင့်ဖြစ်သော, အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏ (သုခုမ, ကမ္မဇရုပ် အနေကန်ငါးပါး)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒါန်တို့၏ အာရုံလည်းဖြစ်၍ သိမ်မွေ့သော) 'ဥပါ-ဒိန္နုပါဒါနိယ သုခုမ'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ ဩဠာရိကရုပ်** ၉၃၆။ (၃) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကား မဟုတ်, လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး( အာရုံ )သာဖြစ်၍ ကြမ်းတမ်းသော (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ကြမ်းတမ်းသော) 'အနုပါဒိန္နုပါဒါနိယ ဩဠာရိက'ဟူသော ထိုရုပ်သည် အဘယ်နည်း။ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'သည် (ရှိ၏) (ဒွိဇရုပ်)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်(ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါ-ယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာ-ယတန'ဟူသော ရုပ်သည်လည်း ရှိသေး၏ (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ကြမ်းတမ်းသော) 'အနုပါဒိန္နုပါဒါနိယ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ သုခုမရုပ်** ၉၃၇။ (၄) အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကား မဟုတ်, လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး(အာရုံ)သာဖြစ်၍ သိမ်မွေ့သော (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ သိမ်မွေ့သော) 'အနုပါဒိန္နုပါဒါနိယ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။

http://www.dhammadownload.com



(မိမိအလိုဆန္ဒကို) ကိုယ့်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' (စိတ္တဇကေန်)၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အမှုခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' (တိဇရုပ်)၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ' သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့် မဖြစ်သော, အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏ (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒိန်တို့၏ အာရုံသာဖြစ်၍ သိမ်မွေ့သော) 'အနုပါဒိန္နုပါဒိန္နိယ သုခုမ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒိန္နိယ ဒူရေရုပ်**　၉၃၈။ (၁) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ) သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒိန်တရားတို့၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သော, ဝေးကွာ (အသိခက်) သော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒိန်တို့၏ အာရုံလည်းဖြစ်၍ အသိခက်သော) 'ဥပါဒိန္နုပါဒိန္နိယ ဒူရေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' သည် (ရှိ၏) (ဒူရေ, ကမ္မဇရုပ်ကေန်သုံးပါး)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော, ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ) ကြောင့်ဖြစ်သော အကြင် မရေးခြစ်အပ်သော (ရေးခြစ်၍ မရသော ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု) သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲ အစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' ဟူသော ရုပ်သည်လည်း ရှိသေး၏ (ဒူရေ, ကမ္မဇရုပ်အနေကန်ငါးပါး)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒိန်တို့၏ အာရုံလည်းဖြစ်၍ အသိခက်သော) 'ဥပါဒိန္နုပါဒိန္နိယ ဒူရေ' ဟူသော ထိုရုပ်ပေတည်း။

**ဥပါဒိန္နုပါဒိန္နိယ သန္တိကေရုပ်**　၉၃၉။ (၂) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ) သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒိန်တရားတို့၏ အစီးအပွါး (အာရုံ) လည်း ဖြစ်သော, နီးကပ် (သိလွယ်) သော (ကမ္မဇရုပ်လည်းဖြစ်, ဥပါဒိန်တို့၏ အာရုံလည်းဖြစ်၍ သိလွယ်သော) 'ဥပါဒိန္နုပါဒိန္နိယ သန္တိကေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' သည် (ရှိ၏) (သန္တိကေ, ကမ္မဇရုပ်ကေန်ငါးပါး)။

http://www.dhammadownload.com



ထိုပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော၊ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့်ဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'၊လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏ (သန္တတိကေ,ကမ္မဇရုပ် အနေကန်ခြောက်ပါး)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်လည်းဖြစ်,ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်၍ သိလွယ်သော) 'ဥပါဒိန္နုပါဒါနိယ သန္တတိကေ'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ ဒူရေရုပ်** ၉၄၀။ (၃) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကား မဟုတ်, လွန်စွာ စွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး(အာရုံ)သာဖြစ်၍ ဝေးကွာ(အသိခက်)သော(ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ အသိခက်သော) 'အနုပါဒိန္နုပါဒါနိယ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' (စိတ္တဇကေန်)၊ (နိပ္ဖန္န)ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န)ရုပ်၏ အမှုဉ်ခံမှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'(တိဇရုပ်)၊ (နိပ္ဖန္န) ရုပ်၏ အိုမှု, ရင့်ရော် ဆွေးမြေ့မှု 'ရူပဿ ဇရတာ'၊ (နိပ္ဖန္န)ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု 'ရူပဿ အနိစ္စတာ'သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော၊ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မရေးခြစ်အပ်သော(ရေးခြစ်၍ မရသော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်စ 'ရူပဿ ဥပစယ'၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'ဟူသော ရုပ်သည်လည်း ရှိသေး၏(စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကား မဟုတ် ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ အသိခက်သော) 'အနုပါဒိန္နုပါဒါနိယ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

**အနုပါဒိန္နုပါဒါနိယ သန္တိကေရုပ်** ၉၄၁။ (၄) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သောကံ)သည် အကျိုးအဖြစ်ဖြင့် စွဲယူအပ်သည်ကား မဟုတ် လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အစီးအပွါး(အာရုံ) သာဖြစ်၍ နီးကပ် (သိလွယ်)သော (ကမ္မဇရုပ်ကား မဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ သိလွယ်သော) 'အနုပါဒိန္နုပါဒါနိယ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ကြားသိစိတ်(သောတဝိညာဏ်) ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'သည် (ရှိ၏)(ဥတုဇရုပ်)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသောရုပ်တို့မှ) တမျိုးတခြားဖြစ်သော၊ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်းအနံ့'ဂန္ဓာယတန'၊လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း

http://www.dhammadownload.com



အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူသော ရုပ်သည်လည်း ရှိသေး၏ (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် (ကမ္မဇရုပ်ကားမဟုတ်၊ ဥပါဒါန်တို့၏အာရုံသာဖြစ်၍ သိလွယ်သော) 'အနုပါဒိန္နုပါဒါနိယ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း။

**သပ္ပဋိဃ ဣန္ဒြိယရုပ်** ၉၄၂။ (၁) ထိပါးခြင်းနှင့်တကွဖြစ်၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးရသော 'သပ္ပဋိဃ ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'။ပ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့်တကွဖြစ်၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးရသော 'သပ္ပဋိဃ ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**သပ္ပဋိဃ န ဣန္ဒြိယရုပ်** ၉၄၃။ (၂) ထိပါးခြင်းနှင့်တကွဖြစ်၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသော 'သပ္ပဋိဃ န ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်းအတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့်တကွဖြစ်၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသော 'သပ္ပဋိဃ န ဣန္ဒြိယ' ဟူသော ထိုရုပ်ပေတည်း(အာရုံငါးပါး= ဝိသယရုပ် ၇-ပါး)။

**အပ္ပဋိဃ ဣန္ဒြိယရုပ်** ၉၄၄။ (၃) ထိပါးခြင်းနှင့်တကွ မဖြစ်မူ၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးရသော 'အပ္ပဋိဃ ဣန္ဒြိယ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့်တကွ မဖြစ်မူ၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးရသော 'အပ္ပဋိဃ ဣန္ဒြိယ' ဟူသော ထိုရုပ် ပေတည်း (ဘာဝရုပ်နှစ်ပါးနှင့် ဇီဝိတရုပ်)။

**အပ္ပဋိဃ န ဣန္ဒြိယရုပ်** ၉၄၅။ (၄) ထိပါးခြင်းနှင့်တကွ မဖြစ်မူ၍ (မိမိဆိုင်ရာကိစ္စ၌)အစိုးမရသော 'အပ္ပဋိဃ န ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို)နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' (စိတ္တဇကေန်)။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏) (စတုဇရုပ်)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့် တကွမဖြစ်မူ၍ (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသော 'အပ္ပဋိဃ န ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

**သပ္ပဋိဃ မဟာဘူတရုပ်** ၉၄၆။ (၁) ထိပါးခြင်းနှင့် တကွဖြစ်၍ မဟာဘုတ်မည်သော 'သပ္ပဋိဃ မဟာဘူတ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် ထိပါးခြင်းနှင့် တကွဖြစ်၍ မဟာဘုတ်မည်သော 'သပ္ပဋိဃ မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း (ပထဝီ၊တေဇော၊ဝါယော)။

**သပ္ပဋိဃ န မဟာဘူတရုပ်** ၉၄၇။ (၂) ထိပါးခြင်းနှင့် တကွဖြစ်၍ မဟာဘုတ်မမည်သော 'သပ္ပဋိဃ န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ။ပ။ လျက်သိ

http://www.dhammadownload.com



စိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့် တကွဖြစ်၍ မဟာဘုတ်မမည်သော 'သပ္ပဋိဃ န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**အပ္ပဋိဃ မဟာဘူတရုပ်** ၉၄၇။ (၃) ထိပါးခြင်းနှင့် တကွမဖြစ်မူ၍ မဟာဘုတ်မည်သော 'အပ္ပဋိဃ မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော(ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်သည် ထိပါးခြင်းနှင့် တကွ မဖြစ်မူ၍ မဟာဘုတ်မည်သော 'အပ္ပဋိဃ မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**အပ္ပဋိဃ န မဟာဘူတရုပ်** ၉၄၈။ (၄) ထိပါးခြင်းနှင့်လည်း တကွမဖြစ်မူ၍ မဟာဘုတ်လည်း မမည်သော 'အပ္ပဋိဃ န မဟာဘူတ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် ထိပါးခြင်းနှင့်လည်းတကွ မဖြစ်မူ၍ မဟာဘုတ်လည်းမမည်သော 'အပ္ပဋိဃ န မဟာဘူတ'ဟူသော ထိုရုပ်ပေတည်း။

**ဣန္ဒြိယ ဩဠာရိကရုပ်** ၉၅၀။ (၁) (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ ကြမ်းတမ်းသော 'ဣန္ဒြိယ ဩဠာရိက'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'။ပ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိ ဆိုင်ရာကိစ္စ၌) အစိုးရ၍ ကြမ်းတမ်းသော'ဣန္ဒြိယ ဩဠာ-ရိက'ဟူသော ထိုရုပ်ပေတည်း(ပသာဒရုပ်ငါးပါး)။

**ဣန္ဒြိယ သုခုမရုပ်** ၉၅၁။ (၂) (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ သိမ်မွေ့သော 'ဣန္ဒြိယ သုခုမ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤ ရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ သိမ်မွေ့သော'ဣန္ဒြိယ သုခုမ'ဟူသော ထိုရုပ်ပေတည်း (ဘာဝရုပ်နှစ်ပါးနှင့် ဇီဝိ-တရုပ်)။

**န ဣန္ဒြိယ ဩဠာရိကရုပ်** ၉၅၂။ (၃) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမူ၍ ကြမ်းတမ်းသော 'န ဣန္ဒြိယ ဩဠာရိက'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း'ရူပါယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမူ၍ ကြမ်းတမ်းသော 'န ဣန္ဒြိယ ဩဠာရိက'ဟူသော ထို ရုပ်ပေတည်း (အာရုံငါးပါး=ဝိသယရုပ် ၇-ပါး)။

**န ဣန္ဒြိယ သုခုမရုပ်** ၉၅၃။ (၄) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမူ၍ သိမ်မွေ့သော 'န ဣန္ဒြိယ သုခုမ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမူ၍ သိမ်မွေ့သော 'န ဣန္ဒြိယ သုခုမ' ဟူသော ထိုရုပ်ပေတည်း။

http://www.dhammadownload.com



**ဣန္ဒြိယ ဒူရေရုပ်** ၉၅၄။ (၁) (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ ဝေးကွာ (အသိခက်) သော 'ဣန္ဒြိယ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'၊ ယောကျာ်း (အထီးအဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ ဝေးကွာ(အသိခက်)သော 'ဣန္ဒြိယ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

**ဣန္ဒြိယ သန္တိကေရုပ်** ၉၅၅။ (၂) (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ နီးကပ် (သိလွယ်) သော 'ဣန္ဒြိယ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်မှု၌ အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ'။ပ။ထိမှု၌ အစိုးရသော ကိုယ်အကြည်'ကာယိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရ၍ နီးကပ် (သိလွယ်) သော 'ဣန္ဒြိယ သန္တိကေ' ဟူသော ထိုရုပ်ပေတည်း (ပသာဒရုပ်ငါးပါး)။

**န ဣန္ဒြိယ ဒူရေရုပ်** ၉၅၆။ (၃) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမှု၍ ဝေးကွာ (အသိခက်)သော 'န ဣန္ဒြိယ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊(မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု'ဝစီဝိညတ်'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမှု၍ ဝေးကွာ(အသိခက်)သော 'န ဣန္ဒြိယ ဒူရေ' ဟူသော ထိုရုပ်ပေတည်း။

**န ဣန္ဒြိယ သန္တိကေရုပ်** ၉၅၇။ (၄) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမှု၍ နီးကပ်(သိလွယ်)သော 'န ဣန္ဒြိယ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးမရမှု၍ နီးကပ် (သိလွယ်)သော 'န ဣန္ဒြိယ သန္တိကေ' ဟူသော ထိုရုပ်ပေတည်း (အာရုံငါးပါး=ဝိသယရုပ် ၇-ပါး)။

**မဟာဘူတ သြဠာရိကရုပ်** ၉၅၈။ (၁) မဟာဘုတ်မည်၍ ကြမ်းတမ်းသော'မဟာဘူတ သြဠာရိက' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် မဟာဘုတ်မည်၍ ကြမ်းတမ်းသော 'မဟာဘူတ သြဠာရိက' ဟူသော ထိုရုပ်ပေတည်း (ပထဝီ, တေဇော, ဝါယော)။

**မဟာဘူတ သုခုမရုပ်** ၉၅၉။ (၂) မဟာဘုတ် မည်၍ သိမ်မွေ့သော 'မဟာဘူတ သုခုမ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'သည် (ရှိ၏)။ ဤရုပ်သည် မဟာဘုတ်မည်၍ သိမ်မွေ့သော 'မဟာဘူတ သုခုမ'ဟူသော ထိုရုပ်ပေတည်း။

**န မဟာဘူတ သြဠာရိကရုပ်** ၉၆၀။ (၃) မဟာဘုတ်မမည်မူ၍ ကြမ်းတမ်းသော 'န မဟာဘူတ သြဠာရိက'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ်

http://www.dhammadownload.com



(ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည် 'ရသာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ်မမည်မူ၍ ကြမ်းတမ်းသော 'န မဟာဘူတ ဩဠာရိက'ဟူသော ထိုရုပ်ပေတည်း။

န မဟာဘူတ သုခုမရုပ် ၉၆၁။ (၄) မဟာဘုတ်မမည်မူ၍ သိမ်မွေ့သော 'န မဟာဘူတ သုခုမ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ်မမည်မူ၍ သိမ်မွေ့သော 'န မဟာဘူတ သုခုမ' ဟူသော ထိုရုပ်ပေတည်း။

မဟာဘူတ ဒူရေရုပ် ၉၆၂။ (၁) မဟာဘုတ်မည်၍ ဝေးကွာ(အသိခက်)သော 'မဟာဘူတ ဒူရေ' ဟူသော ထိုရုပ်သည် အဘယ်နည်း။ ရေဟူသော (ဖွဲ့စည်းမှု)သဘော'အာပေါဓာတ်'သည်(ရှိ၏)။ ဤရုပ်သည် မဟာဘုတ်မည်၍ ဝေးကွာ (အသိခက်)သော'မဟာဘူတ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

မဟာဘူတ သန္တိကေရုပ် ၉၆၃။ (၂) မဟာဘုတ်မည်၍ နီးကပ်(သိလွယ်)သော 'မဟာဘူတ သန္တိကေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်သည် မဟာဘုတ်မည်၍ နီးကပ်(သိလွယ်)သော 'မဟာဘူတ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း။

န မဟာဘူတ ဒူရေရုပ် ၉၆၄။ (၃) မဟာဘုတ် မမည်မူ၍ ဝေးကွာ( အသိခက် )သော 'န မဟာဘူတ ဒူရေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ'သည်(ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ်မမည်မူ၍ ဝေးကွာ(အသိခက်)သော 'န မဟာဘူတ ဒူရေ'ဟူသော ထိုရုပ်ပေတည်း။

န မဟာဘူတ သန္တိကေရုပ် ၉၆၅။ (၄) မဟာဘုတ် မမည်မူ၍ နီးကပ် (သိလွယ်) သော 'န မဟာဘူတ သန္တိကေ'ဟူသောထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မဟာဘုတ်မမည်မူ၍ နီးကပ်(သိလွယ်)သော'န မဟာဘူတ သန္တိကေ'ဟူသော ထိုရုပ်ပေတည်း။

ဒိဋ္ဌရုပ်စသည် ၉၆၆။ (၁) မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' သည် (မျက်စိဖြင့်) မြင်အပ်သော 'ဒိဋ္ဌ'ရုပ်ပေတည်း။

(၂) ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' သည် (နားဖြင့်) ကြားအပ်သော 'သုတ'ရုပ်ပေတည်း။

(၃) နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'၊

http://www.dhammadownload.com



ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန'သည် (နှာခေါင်းဖြင့်, လျှာဖြင့်, ကိုယ်ဖြင့်) ထိအပ်သော 'မုတ'ရုပ်ပေတည်း။

(၄) အလုံးစုံသောရုပ်သည် စိတ်ဖြင့် သိအပ်သော 'ဝိညာတ'ရုပ်ပေတည်း။

ဤသို့ လေးဘို့(လေးစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

လေးခုစီ အကျယ်ပြခြင်း'စတုက္က' ပြီးပြီ။

---

## ငါးခုစီ အကျယ်ပြခြင်း 'ပဉ္စကနိဒ္ဒေသ'

**ပထဝီဓာတ်ရုပ်** ၉၆၇။ (၁) မြေဟူသောသဘော (ခက်မာမှုသဘော) 'ပထဝီဓာတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌လည်း ဖြစ်သော, အပ'ဗဟိဒ္ဓ'သန္တာန်၌လည်း ဖြစ်သော, အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သည်လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးဖြစ်သော), အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သည်လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်သော) အကြင်ခိုင်မာခြင်း 'ကက္ခဠ'၊ ကြမ်းတမ်းခြင်း 'ခရဂတ'၊ ခိုင်မာသည်၏ အဖြစ် 'ကက္ခဠတ္တ'၊ ခိုင်မာခြင်းသဘော 'ကက္ခဠဘာဝ' သည် (ရှိ၏)။ ဤသို့သဘောရှိသောရုပ်သည် မြေဟူသောသဘော(ခက်မာမှုသဘော) 'ပထဝီဓာတ်'ဟူသော ထိုရုပ်ပေတည်း။

**အာပေါဓာတ်ရုပ်** ၉၆၈။ (၂) ရေဟူသောသဘော (ဖွဲ့စည်းမှုသဘော) 'အာပေါဓာတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌လည်းဖြစ်သော, အပ 'ဗဟိဒ္ဓ'သန္တာန်၌လည်းဖြစ်သော, အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သည်လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးဖြစ်သော), အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သည်လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးမဟုတ်သော) အကြင်ရေ (အရည်) 'အာပ'၊ ရေ(အရည်)ဟူ၍ ဖြစ်ခြင်း 'အာပေါဂတ'၊ အစေး (အစို) 'သိနေဟ'၊ အစေး (အစို)ဟူ၍ ဖြစ်ခြင်း 'သိနေဟဂတ'၊ ရုပ်ကို ဖွဲ့စည်းခြင်း 'ရူပဿ ဗန္ဓနတ္တ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် ရေဟူသော သဘော (ဖွဲ့စည်းမှုသဘော)'အာပေါဓာတ်'ဟူသော ထိုရုပ်ပေတည်း။

**တေဇောဓာတ်ရုပ်** ၉၆၉။ (၃) မီးဟူသော သဘော (ရင့်ကျက်စေမှု သဘော) 'တေဇောဓာတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌လည်း ဖြစ်သော, အပ 'ဗဟိဒ္ဓ' သန္တာန်၌လည်း ဖြစ်သော, အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သည်လည်းဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးဖြစ်သော), အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သည်လည်း ဖြစ်သော (တဏှာ

http://www.dhammadownload.com



ဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးမဟုတ်သော)အကြင်မီး 'တေဇော'၊ မီးဟူ၍ ဖြစ်ခြင်း 'တေဇောဂတ'၊ အပူ'ဥသ္မာ'၊ အပူဟူ၍ ဖြစ်ခြင်း 'ဥသ္မာဂတ'၊ အငွေ့ 'ဥသုမ'၊အငွေ့ဟူ၍ ဖြစ်ခြင်း 'ဥသုမဂတ'သည် (ရှိ၏)။ ဤသို့သဘောရှိသော ရုပ်သည် မီးဟူသောသဘော (ရင့်ကျက်စေမှုသဘော) 'တေဇောဓာတ်'ဟူသော ထိုရုပ်ပေတည်း။

ဝါယောဓာတ်ရုပ် ၉၇၀။ (၄) လေဟူသော သဘော (ထောက်ကန် လှုပ်ရှားစေမှု သဘော) 'ဝါယောဓာတ်'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌လည်း ဖြစ်သော, အပ 'ဗဟိဒ္ဓ'သန္တာန်၌လည်းဖြစ်သော, အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သည်လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးဖြစ်သော),အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သည်လည်း ဖြစ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး မဟုတ်သော) အကြင်လေ 'ဝါယော'၊ လေဟူ၍ ဖြစ်ခြင်း 'ဝါယောဂတ'၊ ရုပ်၏တောင့်တင်းသည်၏ အဖြစ် (တောင့်တင်းခြင်း) 'ရူပဿ ထမ္ဘိတတ္တ'သည် (ရှိ၏)။ ဤသို့ သဘောရှိသောရုပ်သည် လေဟူသောသဘော (ထောက်ကန်လှုပ်ရှားမှုသဘော) ဝါယောဓာတ်'ဟူသော ထိုရုပ်ပေတည်း။

ဥပါဒါရုပ် ၉၇၁။ (၅) မှီ၍ဖြစ်သော 'ဥပါဒါ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ် အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် မှီ၍ ဖြစ်သော ဥပါဒါ'ဟူသော ထိုရုပ်ပေတည်း။

ဤသို့ ငါးဘို့ (ငါးစု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ငါးခုစီ အကျယ်ပြခြင်း 'ပဉ္စက' ပြီးပြီ။

---

## ခြောက်ခုစီ အကျယ်ပြခြင်း 'ဆက္ကနိဒ္ဒေသ'

စက္ခုဝိညေယျရုပ် ၉၇၂။ (၁) ရူပါယတနသည် မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြင့် သိအပ်သော 'စက္ခုဝိညေယျ' ရုပ်ပေတည်း (ရူပါရုံ)။

သောတဝိညေယျရုပ် (၂) သဒ္ဒါယတနသည် ကြားသိစိတ်(သောတဝိညာဏ်)ဖြင့် သိအပ်သော 'သောတဝိညေယျ' ရုပ်ပေတည်း (သဒ္ဒါရုံ)။

ဃာနဝိညေယျရုပ် (၃) ဂန္ဓာယတနသည် နံသိစိတ် (ဃာနဝိညာဏ်)ဖြင့် သိအပ်သော 'ဃာနဝိညေယျ' ရုပ်ပေတည်း (ဂန္ဓာရုံ)။

ဇိဝှါဝိညေယျရုပ် (၄) ရသာယတနသည် လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်ပေတည်း (ရသာရုံ)။

ကာယဝိညေယျရုပ် (၅) ဖောဋ္ဌဗ္ဗာယတနသည် ထိသိစိတ်(ကာယဝိညာဏ်)ဖြင့် သိအပ်သော 'ကာယဝိညေယျ' ရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

http://www.dhammadownload.com



မနောဝိညေယျရုပ် (၆) အလုံးစုံသော ရုပ်သည် စိတ်ဖြင့်သိအပ်သော 'မနောဝိညေယျ' ရုပ်ပေတည်း။

ဤသို့ ခြောက်ဘို့ (ခြောက်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ခြောက်ခုစီ အကျယ်ပြခြင်း'ဆက္က' ပြီးပြီ။

---

ခုနစ်ခုစီ အကျယ်ပြခြင်း 'သတ္တကနိဒ္ဒေသ'

စက္ခုဝိညေယျရုပ် ၉၇၃။ (၁) ရူပါယတနသည် မြင်သိစိတ်ဖြင့် သိအပ်သော'စက္ခုဝိညေယျ' ရုပ်ပေတည်း (ရူပါရုံ)။

သောတဝိညေယျရုပ် (၂) သဒ္ဒါယတနသည် ကြားသိစိတ်ဖြင့် သိအပ်သော'သောတဝိညေယျ' ရုပ်ပေတည်း (သဒ္ဒါရုံ)။

ဃာနဝိညေယျရုပ် (၃) ဂန္ဓာယတနသည် နံသိစိတ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ'ရုပ်ပေတည်း (ဂန္ဓာရုံ)။

ဇိဝှါဝိညေယျရုပ် (၄) ရသာယတနသည် လျက်သိစိတ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ' ရုပ်ပေတည်း (ရသာရုံ)။

ကာယဝိညေယျရုပ် (၅) ဖောဋ္ဌဗ္ဗာယတနသည် ထိသိစိတ်ဖြင့် သိအပ်သော 'ကာယဝိညေယျ' ရုပ်ပေတည်း (ဖောဋ္ဌဗ္ဗာရုံ)။

မနောဓာတုဝိညေယျရုပ် (၆) ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနသည် သိကာမျှသောဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး)ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ'ရုပ်ပေတည်း (အာရုံငါးပါး)။

မနောဝိညာဏဓာတုဝိညေယျရုပ် (၇) အလုံးစုံသောရုပ်သည် အထူးသိမှုသဘော'မနောဝိညာဏဓာတ်' ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ'ရုပ်ပေတည်း၊

ဤသို့ ခုနစ်ဘို့ (ခုနစ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ခုနစ်ခုစီ အကျယ်ပြခြင်း'သတ္တက' ပြီးပြီ။

---

ရှစ်ခုစီ အကျယ်ပြခြင်း 'အဋ္ဌကနိဒ္ဒေသ'

စက္ခုဝိညေယျရုပ် ၉၇၄။ (၁) ရူပါယတနသည် မြင်သိစိတ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ' ရုပ်ပေတည်း (ရူပါရုံ)။

သောတဝိညေယျရုပ် (၂) သဒ္ဒါယတနသည် ကြားသိစိတ်ဖြင့် သိအပ်သော 'သောတဝိညေယျ' ရုပ်ပေတည်း (သဒ္ဒါရုံ)။

http://www.dhammadownload.com



ဃာနဝိညေယျရုပ် (၃) ဂန္ဓာယတနသည် နံသိစိတ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ' ရုပ်ပေတည်း (ဂန္ဓာရုံ)။

ဇိဝှါဝိညေယျရုပ် (၄) ရသာယတနသည် လျက်သိစိတ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ' ရုပ်ပေတည်း (ရသာရုံ)။

(က) ကာယဝိညေယျရုပ် (၅) စိတ်ကို တိုးပွါးစေတတ်သော ချမ်းသာသော အတွေ့ဖြစ်သော (သုခဝေဒနာကို ရခြင်း၏ အကြောင်းဖြစ်သော) အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)သည် ထိသိစိတ်ဖြင့် သိအပ်သော 'သုခသဟဂတ ကာယဝိညေယျ' ရုပ်ပေတည်း။

(ခ) ကာယဝိညေယျရုပ် (၆) စိတ်ကို မတိုးပွါးစေတတ်သော ဆင်းရဲသော အတွေ့ဖြစ်သော (ဒုက္ခဝေဒနာကို ရခြင်း၏ အကြောင်း ဖြစ်သော) အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)သည် ထိသိစိတ်ဖြင့် သိအပ်သော 'ဒုက္ခသဟဂတ ကာယဝိညေယျ' ရုပ်ပေတည်း။

မနောဓာတုဝိညေယျရုပ် (၇) ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနသည် သိကာမျှသာသော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး)ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ' ရုပ်ပေတည်း (အာရုံငါးပါး)။

မနောဝိညာဏဓာတုဝိညေယျရုပ် (၈) အလုံးစုံသောရုပ်သည် (ရုပ်အာရုံခြောက်ပါးသည်) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ' ရုပ်ပေတည်း။

ဤသို့ ရှစ်ဘို့ (ရှစ်စု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ရှစ်ခုစီ အကျယ်ပြခြင်း 'အဋ္ဌက' ပြီးပြီ။

---

## ကိုးခုစီ အကျယ်ပြခြင်း 'နဝကနိဒ္ဒေသ'

စက္ခုန္ဒြေရုပ် ၉၇၅။ (၁) မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မျက်စိအကြည် 'စက္ခု' (ပသာဒ)သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သောစိတ်အများနှင့်ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' ဟူသော ထိုရုပ်ပေတည်း။

သောတိန္ဒြေရုပ်စသည် ၉၇၆။ (၂) ကြားမှု၌ အစိုးရသော နားအကြည်'သောတိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၃)နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၄) လျက်မှု၌ အစိုးရသော လျှာအကြည်'ဇိဝှိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၅) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၆) မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၇) ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။

(၈) အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ 'ဟူသော ထိုရုပ်သည် အဘယ်နည်း။

http://www.dhammadownload.com



ထိုဖောက်ပြန်ခြင်းသဘော ရှိကုန်သော (ရုပ်)တရားတို့၏ အကြင်အသက်၊တည်ကြောင်းသဘော၊ (တည်တံ့စွာ)ဖြစ်နေခြင်းသဘော၊ (တည်တံ့စွာ)ဖြစ်နေစေခြင်းသဘော၊ (တိုးပွါး၍)ဖြစ်မှုသဘော၊(ဆက်လက်၍)ဖြစ်ကြောင်းသဘော၊ စောင့်ရှောက်ခြင်း သဘော၊ အသက်ရှည်ကြောင်းသဘော၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'ဟူသော ထိုရုပ်ပေတည်း။

**န ဣန္ဒြိယရုပ်** ၉၇၇။ (၉) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသော 'န ဣန္ဒြိယ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌)အစိုးမရသော 'န ဣန္ဒြိယ'ဟူသော ထိုရုပ်ပေတည်း။

ဤသို့ ကိုးဘို့(ကိုးစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ကိုးခုစီ အကျယ်ပြခြင်း'နဝက' ပြီးပြီ။

---

## ဆယ်ခုစီ အကျယ်ပြခြင်း 'ဒသကနိဒ္ဒေသ'

**စက္ခုန္ဒြေရုပ်** ၉၇၈။ (၁) မြင်မှု၌ အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင်မျက်စိအကြည် 'စက္ခု' (ပသာဒ)သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည်(စက္ခုဒွါရ၌ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤသို့သဘောရှိသော ရုပ်သည် မြင်မှု၌အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'ဟူသော ထိုရုပ်ပေတည်း။

**သောတိန္ဒြေရုပ်စသည်** ၉၇၉။ (၂) ကြားမှု၌အစိုးရသော နားအကြည်'သောတိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။(၃) နံမှု၌အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၄) လျက်မှု၌အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၅) ထိမှု၌အစိုးရသော ကိုယ်အကြည်'ကာယိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၆) မိန်းမ(အဖြစ်)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။ (၇) ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'ဟူသော ထိုရုပ်သည်။ပ။

(၈) အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ ထိုဖောက်ပြန်ခြင်းသဘော ရှိကုန်သော (ရုပ်)တရားတို့၏ အကြင်အသက်၊ တည်ကြောင်းသဘော၊ (တည်တံ့စွာ)ဖြစ်နေခြင်းသဘော၊ (တည်တံ့စွာ)ဖြစ်နေစေခြင်းသဘော၊ (တိုးပွါး၍)ဖြစ်မှုသဘော၊ (ဆက်လက်၍)ဖြစ်ကြောင်း သဘော၊စောင့်ရှောက်ခြင်း သဘော၊အသက်ရှည်ကြောင်းသဘော၊ အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'သည် (ရှိ၏)။ ဤသို့ သဘောရှိသော ရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'ဟူသော ထိုရုပ်ပေတည်း။

**န ဣန္ဒြိယ သပ္ပဋိဃရုပ်** ၉၈၀။ (၉) (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသည်ဖြစ်၍ ထိပါးခြင်းနှင့်တကွ ဖြစ်သော'န ဣန္ဒြိယ သပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ ထိသိစိတ် (ကာယ

http://www.dhammadownload.com



ဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည်(မိမိဆိုင်ရာကိစ္စ၌) အစိုးမရသည်ဖြစ်၍ ထိပါးခြင်းနှင့်တကွဖြစ်သော 'န ဣန္ဒြိယ သပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

**န ဣန္ဒြိယ အပ္ပဋိဃရုပ်** ၉၈၁။ (၁၀) (မိမိဆိုင်ရာကိစ္စ၌)အစိုးမရသည်ဖြစ်၍ ထိပါးခြင်းနှင့်တကွမဖြစ်သော 'န ဣန္ဒြိယ အပ္ပဋိဃ'ဟူသော ထိုရုပ်သည် အဘယ်နည်း။(မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု'ကာယဝိညတ်'။ပ။ အလုတ်အလွေးပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် (မိမိဆိုင်ရာကိစ္စ၌) အစိုးမရသည်ဖြစ်၍ ထိပါးခြင်းနှင့်တကွမဖြစ်သော 'န ဣန္ဒြိယ အပ္ပဋိဃ'ဟူသော ထိုရုပ်ပေတည်း။

ဤသို့ ဆယ်ဘို့(ဆယ်စု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

ဆယ်ခုစီ အကျယ်ပြခြင်း'ဒသက' ပြီးပြီ။

---

### တဆယ့်တခုစီ အကျယ်ပြခြင်း 'ဧကာဒသကနိဒ္ဒေသ'

**စက္ခာယတနရုပ်** ၉၈၂။ (၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ အကြင် မျက်စိအကြည် 'စက္ခု' (ပသာဒ)သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဤရုပ်သည် (စက္ခုဒွါရ၌ဖြစ်သောစိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသော'ရွာ'သုညဂါမ'လည်း မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူသော ထိုရုပ်ပေတည်း။

**သောတာယတနရုပ်စသည်** ၉၈၃။ (၂) ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန' ဟူသော ထိုရုပ်သည်။ပ။ (၃) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'ဟူသော ထိုရုပ်သည်။ပ။ (၄) လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'ဟူသော ထိုရုပ်သည်။ပ။ (၅) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'ဟူသော ထိုရုပ်သည်။ပ။ (၆) မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'ဟူသော ထိုရုပ်သည်။ပ။ (၇) ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'ဟူသော ထိုရုပ်သည်။ပ။ (၈) နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'ဟူသော ထိုရုပ်သည်။ပ။ (၉) လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'ဟူသော ထိုရုပ်သည်။ပ။ (၁၀) ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်သည် အဘယ်နည်း။ မြေဟူသော(ခက်မာမှု)သဘော 'ပထဝီဓာတ်'။ပ။ ဤရုပ်သည် အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတ်'လည်း မည်၏။ ဤသို့ သဘောရှိသော ရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'ဟူသော ထိုရုပ်ပေတည်း။

**ဓမ္မာယတနပရိယာပန္နအနိဒဿနအပ္ပဋိဃရုပ်** ၉၈၄။ (၁၁) သိမှုစိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာယတန'၌ အကျုံးဝင်သည်ဖြစ်၍ မြင်ခြင်းလည်း မရှိ ထိပါးခြင်းလည်း မရှိသော'ဓမ္မာယတနပရိယာပန္န အနိဒဿန အပ္ပဋိဃ' ဟူသော

http://www.dhammadownload.com



ထိုရုပ်သည် အဘယ်နည်း။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ။ပ။ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရအာဟာရ' သည် (ရှိ၏)။ ဤရုပ်အပေါင်းသည် သိမှုစိတ်ဖြစ်ကြောင်းသဘော 'ဓမ္မာယတန' ၌ အကျုံးဝင်သည်ဖြစ်၍ မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်း မရှိသော 'ဓမ္မာယတနပရိယာပန္န အနိဒဿန အပ္ပဋိဃ' ဟူသော ထိုရုပ်ပေတည်း။

ဤသို့ တဆယ့်တဘို (တဆယ့်တစု)အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

တဆယ့်တခုစီ အကျယ်ပြခြင်း 'ကောဒသက' ပြီးပြီ။

ရုပ်ကို ဝေဘန်ရာအခက်း 'ရူပဝိဘတ္တိ' မည်သော ရှစ်ကြိမ်မြောက် ရွတ်ဆိုရာ

အလှည့်အကြိမ် 'အဋ္ဌမဘာဏဝါရ' ပြီးပြီ။

# ၂-ရူပကဏ္ဍ 'ရုပ်ပိုင်း' ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

# ၃-နိက္ခေပကဏ္ဍ

## မူလခန္ဓာစသည်ဖြင့် ချထား (ဝေဘန်) ၍ ပြသောအပိုင်း

## သုံးဘို့ (သုံးခု) အားဖြင့် ချထား (ဝေဘန်) ၍ ပြခြင်း 'တိကနိက္ခေပ'

### ၁-ကုသလတိက်

**ကုသိုလ်တရား** ၉၈၅။ (၁) အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။ မလိုချင် မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကို သိမှု) 'အမောဟ' ဟူသော ကုသိုလ်တို့၏ အခြေအမြစ် 'ကုသလမူလ' သုံးပါးတို့သည်၎င်း၊ ထိုမလိုချင် မတပ်မက်မှု 'အလောဘ' စသည့် ကုသိုလ်အခြေအမြစ် 'ကုသလမူလ' သုံးပါးတို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထိုမလိုချင် မတပ်မက်မှု 'အလောဘ' စသည့် ကုသိုလ်အခြေအမြစ် 'ကုသလမူလ' သုံးပါးတို့ကြောင့် ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့်ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ' သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။

**အကုသိုလ်တရား** ၉၈၆။ (၂) အဘယ်ကရားတို့သည် အကုသိုလ် မည်ကုန်သနည်း။ လိုချင် တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ' ဟူသော အကုသိုလ်တို့၏ အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့သည်၎င်း၊ ထို့ပြင် ထိုလိုချင်တပ်မက်မှု 'လောဘ' စသည့် အကုသိုလ်အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့နှင့် အတူတကွ ဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တရားတို့သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည့် အကုသိုလ်အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည့် 'အကုသိုလ်အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့်ကြံစည်တွေးတောမှု 'မနောကံ' သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**အဗျာကတတရား** ၉၈၇။ (၃) အဘယ်တရားတို့သည် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော 'အဗျာကတ' တရား မည်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော၊ ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော၊ အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော၊ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော (လောကုတ္တရာဖြစ်သော)၊ ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ' ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထို့ပြင် ကုသိုလ်လည်း မဟုတ်ကုန်၊ အကုသိုလ်လည်းမဟုတ်ကုန်သော၊ (ကုသိုလ်၊ အကုသိုလ်) ကံတို့၏

http://www.dhammadownload.com



အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော, ပြုကာမျှ 'ကိရိယာ'ဖြစ်ကုန်သော အကြင်တရားတို့သည်ရင်း၊ ထို့ပြင် အလုံးစုံသော ရုပ်သည်ရင်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့သည်) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်ရင်း (ရှိ၏)။ ဤတရားတို့သည် ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားမည်ကုန်၏ (ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်)။

## ၂-ဝေဒနာတိက်

**သုခဝေဒနာနှင့် ယှဉ်သောတရား** ၉၇၈။ (၁) အဘယ်တရားတို့သည် ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် ယှဉ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာဖြစ်သော) ချမ်းသာမှု'သုခ'၏ဖြစ်ရာ စိတ္တုပ္ပါဒ်၌ဖြစ်သော (ချမ်းသာမှု 'သုခ'နှင့် ယှဉ်သည့် စိတ်,စေတသိက်၌ရှိသော) သုခဝေဒနာကို ချန်ထား၍ (ပယ်ထား၍) ထိုချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့်ယှဉ်သော (ကြွင်းသော) မှတ်သားမှုအစု 'သညာက္ခန္ဓာ' ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ', အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် ယှဉ်ကုန်၏။

**ဒုက္ခဝေဒနာနှင့်ယှဉ်သောတရား** ၉၇၉။ (၂) အဘယ်တရားတို့သည် ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန် သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဆင်းရဲမှု'ဒုက္ခ'၏ဖြစ်ရာ စိတ္တုပ္ပါဒ်၌ဖြစ်သော(ဆင်းရဲမှု 'ဒုက္ခ'နှင့် ယှဉ်သည့် စိတ်,စေတသိက်၌ရှိသော) ဒုက္ခဝေဒနာကို ချန်ထား၍ (ပယ်ထား၍) ထိုဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့်ယှဉ်သော (ကြွင်းသော) မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန်၏။

**ဥပေက္ခာဝေဒနာနှင့်ယှဉ်သောတရား** ၉၈၀။ (၃) အဘယ် တရားတို့သည် ဆင်းရဲချမ်းသာ မဟုတ်သော အလယ်အလတ် ခံစားမှု 'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာဖြစ်သော) မဆင်းရဲ မချမ်းသာမှု'အဒုက္ခမသုခ'၏ ဖြစ်ရာ စိတ္တုပ္ပါဒ်၌ဖြစ်သော (မဆင်းရဲ မချမ်းသာမှု 'အဒုက္ခမသုခ'နှင့်ယှဉ်သည့် စိတ်,စေတသိက်၌ရှိသော) အဒုက္ခမသုခ ဝေဒနာ'ကို ချန်ထား၍ (ပယ်ထား၍) ထိုဆင်းရဲ ချမ်းသာမဟုတ်သော အလယ်အလတ် ခံစားမှု 'အဒုက္ခ မသုခ ဝေဒနာ'နှင့် ယှဉ်သော (ကြွင်းသော) မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ', အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဆင်းရဲချမ်းသာ မဟုတ်သော အလယ်အလတ် ခံစားမှု 'အဒုက္ခ မသုခ ဝေဒနာ'နှင့် ယှဉ်ကုန်၏။

## ၃-ဝိပါကတိက်

**အကျိုး'ဝိပါက်'တရား** ၉၈၁။ (၁) အဘယ်တရားတို့သည် အကျိုး 'ဝိပါက်'ဖြစ်သော'ဝိပါက' တရားဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍

http://www.dhammadownload.com



ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော (လောကုတ္တရာဖြစ်သော) ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည် (ရှိ၏)။ဤတရားတို့သည် အကျိုး 'ဝိပါက်'ဖြစ်သော 'ဝိပါက' တရား ဖြစ်ကုန်၏ (ဝိပါက်စိတ်နှင့် စေတသိက်များ)။

**အကျိုးဖြစ်စေတတ်သောတရား** ၉၉၂။ (၂) အဘယ် တရားတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်း သဘောရှိသော 'ဝိပါကဓမ္မ'တရား ဖြစ်ကုန်သနည်း။ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော (လောကုတ္တရာဖြစ်သော), ကုသိုလ် အကုသိုလ်တရားဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာ-က္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်းသဘောရှိသော 'ဝိပါကဓမ္မ' တရားဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ် စိတ်နှင့် စေတသိက်များ)။

**နေဝ ဝိပါက န ဝိပါကဓမ္မတရား** ၉၉၃။ (၃) အဘယ်တရားတို့သည် အကျိုး 'ဝိပါက်'လည်း မဟုတ်, အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သော 'နေဝ ဝိပါက န ဝိပါကဓမ္မ'တရား ဖြစ်ကုန်သနည်း (အကျိုး 'ဝိပါက်'လည်းမဟုတ်, ကုသိုလ် အကုသိုလ်လည်းမဟုတ်သော တရားများကား အဘယ်နည်း)။ ကုသိုလ်လည်း မဟုတ်ကုန်သော 'နေဝကုသလ', အကုသိုလ်လည်း မဟုတ်ကုန်သော 'နာကုသလ', (ကုသိုလ်, အကုသိုလ်) ကံတို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော 'န ကမ္မဝိပါက', ပြုကာမျှ 'ကိရိယာ'ဖြစ်ကုန်သော အကြင်တရားတို့သည်၎င်း၊ ထို့ပြင် အလုံးစုံသော ရုပ်သည်၎င်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတ ဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (အကျိုး 'ဝိပါက်'လည်းမဟုတ်, အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်လည်းမဟုတ်သော) 'နေဝ ဝိပါက န ဝိပါကဓမ္မ' တရား ဖြစ်ကုန်၏ (ကိရိယာစိတ်, ရုပ်, နိဗ္ဗာန်)။

## ၄-ဥပါဒိန္နတိက်

**ဥပါဒိန္နုပါဒါနိယတရား** ၉၉၄။ (၁) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်ကုန်သည် ဖြစ်၍ လွန်စွာစွဲလမ်းတတ်သည့် 'ဥပါဒါန်' တရားတို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော 'ဥပါဒိန္နုပါဒါနိယ'တရားတို့ ဖြစ်ကုန်သနည်း (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော တရားများကား အဘယ်နည်း)။ (လောဘ, ဒိဋ္ဌိ, မောဟတည်းဟူသော) အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော 'သာသဝ', ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော,ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုး 'ဝိပါက်'ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် ဖြစ်သော အကြင် ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်း ဖြစ်၍

http://www.dhammadownload.com



ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)လည်း ဖြစ်သော) 'ဥပါဒိန္နုပါဒါနိယ' တရားတို့ ဖြစ်ကုန်၏ (လောကီဝိပါက်, ကမ္မဇရုပ်)။

**အနုပါဒိန္နုပါဒါနိယတရား** ၉၉၅။ (၂) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သောကံသည်(အကျိုး၏အဖြစ်ဖြင့်) မစွဲယူအပ်ကုန်သည် ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်သော 'အနုပါဒိန္နုပါဒါနိယ'တရားတို့ ဖြစ်ကုန်သနည်း (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကားမဟုတ်, ဥပါဒါန်တို့၏ အစီးအပွါး(အာရုံ)သာ ဖြစ်သော တရားများကား အဘယ်နည်း)။ (လောဘ, ဒိဋ္ဌိ, မောဟတည်းဟူသော)အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော 'သာသဝ', ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ် အကုသိုလ်တရား ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထို့ပြင် ကုသိုလ်လည်းမဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော, (ကုသိုလ်, အကုသိုလ်) ကံတို့၏ အကျိုး'ဝိပါက်'လည်း မဟုတ်ကုန်သော, ပြုကာမျှ 'ကိရိယာ'ဖြစ်ကုန်သော အကြင် တရားတို့သည် ၎င်း၊ထို့ပြင် ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင်ရုပ်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးကားမဟုတ်, ဥပါဒါန်တို့၏ အစီးအပွါး (အာရုံ)သာ ဖြစ်သော) 'အနုပါဒိန္နုပါဒါနိယ'တရားတို့ ဖြစ်ကုန်၏ (လောကီကုသိုလ်, အကုသိုလ်,ကိရိယာစိတ်, ကမ္မဇရုပ်မှတပါး အခြားသောရုပ်များ)။

**အနုပါဒိန္န အနုပါဒါနိယတရား** ၉၉၆။ (၃) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည်(အကျိုး၏အဖြစ်ဖြင့်)မစွဲယူလည်း မစွဲယူအပ်ကုန်သည်ဖြစ်၍ လွန်စွာ စွဲလမ်းတတ်သော'ဥပါဒါန်'တရားတို့၏ အစီးအပွါး(အာရုံ)လည်း မဟုတ်သော 'အနုပါဒိန္န အနုပါဒါနိယ'တရားတို့ ဖြစ်ကုန်သနည်း(တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းမဟုတ်,ဥပါဒါန်တို့၏အာရုံလည်း မဟုတ်သောတရားများကား အဘယ်နည်း)။ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော(လောကုတ္တရာဖြစ်သော) မဂ်တို့သည်၎င်း၊ ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်သော မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းမဟုတ်, ဥပါဒါန်တို့၏ အာရုံလည်းမဟုတ်သော) 'အနုပါဒိန္န အနုပါဒါနိယ' တရားတို့ ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်တရားများ)။

## ၅-သံကိလိဋ္ဌ သံကိလေသိကတိက်

**သံကိလိဋ္ဌ သံကိလေသိကတရား** ၉၉၇။ (၁) အဘယ်တရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍, ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့ကို (ရှခြင်းငှါ)ထိုက်သော 'သံကိလိဋ္ဌ သံကိလေသိက'တရားတို့ ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့်လည်းယှဉ်၍ 'သံကိလိဋ္ဌ', ကိလေသာတို့၏အာရုံ 'သံကိလေသိက'လည်း ဖြစ်သော တရားတို့ကား အဘယ်နည်း)။ လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌)

http://www.dhammadownload.com



တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'ဟူသော အကုသိုလ်တို့၏ အခြေအမြစ် အကုသလမူလ' သုံးပါးတို့သည်၎င်း၊ ထို့ပြင် ထိုလိုချင်တပ်မက်မှု 'လောဘ' စသည့်အကုသလတို့၏ အခြေအမြစ် 'အကုသလမူလ'သုံးပါးတို့နှင့် အတူတကွ ဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ'စသည့်အကုသိုလ်တို့၏ အခြေအမြစ် 'အကုသလမူလ'သုံးပါးတို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့ကြောင့် ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်လည်း ယှဉ်၍ 'သံကိလိဋ္ဌ', ကိလေသာတို့၏အာရုံ 'သံကိလေသိက'လည်း ဖြစ်သော) 'သံကိလိဋ္ဌ သံကိလေသိက'တရားတို့ ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ၎င်းနှင့်ယှဉ်ဘက် စေတသိက်များ)။

**အသံကိလိဋ္ဌ သံကိလေသိကတရား** ၉၉၇။ (၂) အဘယ်တရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့ကို (ရခြင်းငှါ)သာ ထိုက်သော 'အသံကိလိဋ္ဌ သံကိလေသိက'တရားတို့ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့် မယှဉ် 'အသံကိလိဋ္ဌ', ကိလေသာတို့၏အာရုံ 'သံကိလေသိက'သာ ဖြစ်သော တရားတို့ကား အဘယ်နည်း)။ အာသဝေါတရားတို့၏ အာရုံ ဖြစ်ကုန်သော 'သာသဝ', ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားဖြစ်ကုန်သော ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့် မယှဉ် 'အသံကိလိဋ္ဌ', ကိလေသာတို့၏အာရုံ 'သံကိလေသိက'သာ ဖြစ်သော) 'အသံကိလိဋ္ဌ သံကိလေသိက'တရားတို့ ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်,ယှဉ်ဘက်စေတသိက်နှင့် ရုပ်တရားများ)။

**အသံကိလိဋ္ဌ အသံကိလေသိကတရား** ၉၉၈။ (၃) အဘယ်တရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် ပူပန်လည်း မပူပန်စေအပ် နှိပ်စက်လည်း မနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရားတို့ကို(ရခြင်းငှါ) မထိုက်လည်း မထိုက်သော'အသံကိလိဋ္ဌ အသံကိလေသိက' တရားတို့ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့်လည်း မယှဉ် 'အသံကိလိဋ္ဌ', ကိလေသာတို့၏ အာရုံလည်း မဖြစ်သော 'အသံကိလေသိက'တရားတို့ကား အဘယ်နည်း)။ ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်တို့သည်၎င်း, မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း, (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်လည်း မယှဉ် 'အသံကိလိဋ္ဌ', ကိလေသာတို့၏ အာရုံလည်း မဖြစ်သော 'အသံကိလေသိက'ဖြစ်သော) 'အသံကိလိဋ္ဌ အသံကိလေသိက'တရားတို့ ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားများ)။

http://www.dhammadownload.com



## ၆ ဝိတက္ကတိက်

**သဝိတက္က သဝိစာရတရား** ၁၀၀၀။ (၁) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်' နှင့်လည်း တကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်း တကွ ဖြစ်သော 'သဝိတက္က သဝိစာရ'တရားတို့ဖြစ်ကုန်သနည်း (ဝိတက်,ဝိစာရတို့နှင့် ယှဉ်သော တရားတို့ကား အဘယ်နည်း)။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော,ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာဖြစ်သော), ကြံစည်မှု'ဝိတက်'နှင့်လည်း တကွ သုံးသပ်မှု'ဝိစာရ'နှင့်လည်းတကွဖြစ်သော (ဝိတက် ဝိစာရနှင့်ယှဉ်သော) စိတ်၌ရှိသည့်ဝိတက်နှင့် ဝိစာရတို့ကို ချန်ထား၍ ထို'ဝိတက် ဝိစာရ'တို့နှင့်ယှဉ်သော (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ကြံစည်မှု 'ဝိတက်' နှင့်လည်း တကွ သုံးသပ်မှု'ဝိစာရ' နှင့်လည်းတကွ ဖြစ်သော (ဝိတက်, ဝိစာရတို့နှင့်ယှဉ်သော) 'သဝိတက္ကသဝိစာရ'တရားတို့ ဖြစ်ကုန်၏ (ဒွေပဉ္စဝိညာဉ်တဆယ်နှင့် ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမဈာန်စိတ်များမှတပါး အခြားသောစိတ်နှင့် စေတသိက်များ)။

**အဝိတက္က ဝိစာရမတ္တတရား** ၁၀၀၁။ (၂) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'ကားမရှိ သုံးသပ်မှု 'ဝိစာရ'မျှသာ ရှိသော 'အဝိတက္က ဝိစာရမတ္တ'တရားတို့ ဖြစ်ကုန်သနည်း (ဝိတက်နှင့်ကား မယှဉ်,ဝိစာရနှင့်သာယှဉ်သော တရားတို့ကား အဘယ်နည်း)။ ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာဖြစ်သော) ကြံစည်မှု 'ဝိတက်'မရှိဘဲ သုံးသပ်မှု 'ဝိစာရ'မျှသာဖြစ်ရာ စိတ်၌ (ဖြစ်သော) သုံးသပ်မှု 'ဝိစာရ'ကို ချန်ထား၍ ထိုသုံးသပ်မှု 'ဝိစာရ'နှင့်ယှဉ်သော (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် (ဝိတက်နှင့်ကား မယှဉ် ဝိစာရနှင့်သာ ယှဉ်သော) 'အဝိတက္ကဝိစာရမတ္တ' တရားတို့ ဖြစ်ကုန်၏ (ဒုတိယဈာန်စိတ် ၁၁-နှင့်စေတသိက်, သဝိတက္ကစိတ်-၅၅-ပါး၌ရှိသော ဝိတက်-၅၅)။

**အဝိတက္က အဝိစာရတရား** ၁၀၀၂။ (၃) အဘယ်တရားတို့သည် ကြံစည်မှု'ဝိတက် လည်း မရှိ, သုံးသပ်မှု 'ဝိစာရ'လည်း မရှိသော 'အဝိတက္က အဝိစာရ'တရားတို့ ဖြစ်ကုန်သနည်း (ဝိတက်, ဝိစာရတို့နှင့်မယှဉ်သော တရားတို့ကား အဘယ်နည်း)။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော ကြံစည်မှု 'ဝိတက်'သုံးသပ်မှု'ဝိစာရ' မဖြစ်ရာ စိတ်၌ (ဖြစ်သော) (ဝိတက်ဝိစာရတို့နှင့်မယှဉ်သည့်စိတ်၌ရှိသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း, ထို့ပြင် အလုံးစုံသောရုပ်သည်၎င်း, ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (ဝိတက်, ဝိစာရတို့နှင့် မယှဉ်သော) 'အဝိတက္က အဝိစာရ' တရားတို့ဖြစ်ကုန်၏ (ဒွေပဉ္စဝိညာဉ်တဆယ်, တတိယ, စတုတ္ထ, ပဥ္စမဈာန် စိတ်များနှင့် စေတသိက်,ဝိစာရ ၁၁,ရုပ်,နိဗ္ဗာန်)။

## ၇-ပီတိတိက်

**ပီတိသဟဂတတရား** ၁၀၀၃။ (၁) အဘယ်တရားတို့သည် နှစ်သက်မှု'ပီတိ'နှင့် တကွဖြစ်သော 'ပီတိသဟဂတ'တရားတို့ ဖြစ်ကုန် သနည်း။ ကာမဘုံ၌

http://www.dhammadownload.com



ကျင်လည် သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံး မဝင်သော နှစ်သက်မှု 'ပီတိ'၏ ဖြစ်ရာ စိတ်၌ (ဖြစ်သော) (ပီတိနှင့်ယှဉ်သည့်စိတ်၌ ရှိသော) နှစ်သက်မှု 'ပီတိ'ကို ချန်ထား၍ ထိုနှစ်သက်မှု 'ပီတိ'နှင့်ယှဉ်သော (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည်(ရှိ၏)။ဤတရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော 'ပီတိသဟဂတ'တရားတို့ဖြစ်ကုန်၏(သုခသဟဂုတ်ကာယဝိညာဉ်, စတုတ္ထဈာန်မှတပါး သောမနဿသဟဂုတ်စိတ် ၅၁-နှင့်စေတသိက်များ)။

**သုခသဟဂတတရား**　၁၀၀၄။ (၂) အဘယ်တရားတို့သည် ချမ်းသာမှု'သုခ'နှင့် တကွဖြစ်သော 'သုခသဟဂတ' တရားတို့ ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော,ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံး မဝင်သော ချမ်းသာမှု 'သုခ'၏ဖြစ်ရာ စိတ်၌ (ဖြစ်သော) (သုခနှင့်ယှဉ်သည့်စိတ်၌ရှိသော) ချမ်းသာမှု 'သုခ'ကို ချန်ထား၍ ထိုချမ်းသာမှု 'သုခ'နှင့်ယှဉ်သော (ကြွင်းသော) မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ', အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွဖြစ်သော 'သုခသဟဂတ'တရားတို့ ဖြစ်ကုန်၏ (သုခသဟဂုတ်ကာယဝိညာဉ်, သောမနဿသဟဂုတ်စိတ်နှင့် စေတသိက်များ)။

**ဥပေက္ခာသဟဂတတရား**　၁၀၀၅။ (၃) အဘယ်တရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော 'ဥပေက္ခာသဟဂတ'တရားတို့ ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော လျစ်လျူရှုမှု 'ဥပေက္ခာ'၏ ဖြစ်ရာစိတ်၌ (ဖြစ်သော) (ဥပေက္ခာနှင့် ယှဉ်သည့်စိတ်၌ ရှိသော) လျစ်လျူရှုမှု 'ဥပေက္ခာ'ကို ချန်ထား၍ ထိုလျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်ယှဉ်သော(ကြွင်းသော)မှတ်သားမှုအစု'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ', အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် လျစ်လျူရှုမှု'ဥပေက္ခာ'နှင့် တကွဖြစ်သော 'ဥပေက္ခာသဟဂတ'တရားတို့ ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု-နှင့်စေတသိက်များ)။

## ဂ-ဒဿနတိက်

**သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော သံယောဇဉ်သုံးပါး**　၁၀၀၆။ (၁) အဘယ်တရားတို့သည် သောတာပတ္တိ မဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်သနည်း။ ထင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု'သက္ကာယဒိဋ္ဌိ', ယုံမှားမှု 'ဝိစိကိစ္ဆာ', (နွား, ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူသော သံယောဇဉ်သုံးပါးတို့သည် (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော သံယောဇဉ်တို့ ဖြစ်ကုန်၏)။

**သက္ကာယဒိဋ္ဌိ**　၁၀၀၇။ ထို (သံယောဇဉ်သုံးပါးတို့)တွင် ထင်ရှားရှိသော(ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌ (ငါ-ဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ ဤလောက၌ အကြားအမြင်မရှိသော, (မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအပ်ပြီးသော) အရိ

http://www.dhammadownload.com



ယာတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော, အရိယာတို့၏ (မဂ်,ဖိုလ်) တရား၌ မကျွမ်းကျင်သော, အရိယာတို့၏ (မဂ်,ဖိုလ်)တရား၌ (စောင့်စည်းခြင်း, ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော, သူတော်ကောင်းတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော, သူတော်ကောင်းတို့၏ တရား၌ မကျွမ်းကျင်သော, သူတော်ကောင်းတို့၏ တရား၌ (စောင့်စည်းခြင်း, ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော ပုထုဇဉ်သည်—

(၁) (က) ရုပ်ကို [illegible]ဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ရုပ်ရှိ၏ဟု ရှု၏ (အတ္တမှာ ရုပ်ရှိ၏၊ တနည်း- ရုပ်ရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ရုပ်ကို ရှု၏။

(ဃ) သို့မဟုတ် ရုပ်၌ အတ္တကို ရှု၏။

(၂) (က) ခံစားမှု 'ဝေဒနာ'ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ခံစားမှု'ဝေဒနာ'ရှိ၏ဟု ရှု၏(အတ္တမှာ ဝေဒနာရှိ၏၊ တနည်း- ဝေဒနာရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ခံစားမှု 'ဝေဒနာ'ကို ရှု၏။

(ဃ) သို့မဟုတ် ခံစားမှု 'ဝေဒနာ'၌ အတ္တကို ရှု၏။

(၃) (က) မှတ်သားမှု 'သညာ'ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို မှတ်သားမှု'သညာ'ရှိ၏ဟု ရှု၏(အတ္တမှာ သညာရှိ၏၊ တနည်း- သညာရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ မှတ်သားမှု 'သညာ'ကို ရှု၏။

(ဃ) သို့မဟုတ် မှတ်သားမှု 'သညာ'၌ အတ္တကို ရှု၏။

(၄) (က) ပြုပြင်မှု 'သင်္ခါရ'တို့ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ပြုပြင်မှု 'သင်္ခါရ'ရှိ၏ဟု ရှု၏ (အတ္တမှာ သင်္ခါရရှိ၏၊ တနည်း- သင်္ခါရရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ပြုပြင်မှု 'သင်္ခါရ'တို့ကို ရှု၏။

(ဃ) သို့မဟုတ် ပြုပြင်မှု'သင်္ခါရ'တို့၌ အတ္တကို ရှု၏။

(၅) (က) အထူးသိမှု 'ဝိညာဏ်'ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို အထူးသိမှု 'ဝိညာဏ်' ရှိ၏ဟု ရှု၏ (အတ္တမှာ ဝိညာဏ်ရှိ၏၊ တနည်း- ဝိညာဏ်ရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ အထူးသိမှု 'ဝိညာဏ်'ကို ရှု၏။

(ဃ) သို့မဟုတ် အထူးသိမှု 'ဝိညာဏ်'၌ အတ္တကို ရှု၏။

ဤသို့သဘောရှိသော အကြင်အမြင်မှားမှု 'ဒိဋ္ဌိ'၊(၆၂-ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှု တောအုပ် 'ဒိဋ္ဌိဂဟန်'၊

http://www.dhammadownload.com



(အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)အမြင်မှားမှု ခရီးခဲ'ဒိဋ္ဌိကန္တာရ'၊ (သမ္မာဒိဋ္ဌိကို) ထွင်းဖောက်ဖျက်ဆီးခြင်း သဘော 'ဒိဋ္ဌိဝိသူကာယိက'၊ အမြင်မှားမှုအညီးဟူသော ဖောက်ပြန် တုန်လှုပ်ခြင်းသဘော 'ဒိဋ္ဌိဝိပ္ဖန္ဒိတ'၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု 'ဒိဋ္ဌိသံယောဇန'၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသော သဘော) 'ဂါဟ'၊ (အမြင်မှားမှု၏) တည်ရာဖြစ်သောသဘော 'ပတိဋ္ဌာဟ'[(အာရုံကိုမှားသော အားဖြင့်) ထပ်ကာထပ်ကာ မြဲစွာယူတတ်သော သဘော 'ပဋိဂ္ဂါဟ']၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော 'အဘိနိဝေသ'၊ မှားသောအားဖြင့် သုံးသပ်တတ်သော သဘော 'ပရာမာသ'၊ စက်ဆုပ်အပ်သော လမ်းစဉ် 'ကုမ္မဂ္ဂ'၊ မှားသောခရီးလမ်းကြောင်း 'မိစ္ဆာပထ'၊ မှားယွင်းသောသဘော 'မိစ္ဆတ္တ'၊ မှားသောအယူတည်းဟူသော အကျိုးမဲ့တို့၏တည်ရာ 'တိတ္ထာ ယတန'၊ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ'သည်(ရှိ၏)။ ဤ ( ဆိုအပ်ခဲ့ပြီးသော ) သဘောကို ထင်ရှားရှိသော ( ခန္ဓာငါးပါးဟု ဆိုအပ်သော ) ကိုယ်၌ (ငါ-ဟူ၍)အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'ဟု ဆိုအပ်၏။ (စာပိုဒ် ၃၇၁-ကြည့်)

**ဝိစိကိစ္ဆာ**　　၁၀၀၈။ ထို (သံယောဇဉ်သုံးပါးတို့)တွင် ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူသည် အဘယ် နည်း။ မြတ်စွာဘုရား၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း ၏)၊ တရား၌ ယုံမှား၏, တွေးတော၏၊ သံဃာ၌ ယုံမှား၏, တွေးတော၏၊ အကျင့် 'သိက္ခာ'၌ ယုံမှား၏, တွေးတော၏၊ ရှေးအဘို့၌ (ဖြစ်ပြီးသောခန္ဓာ စသည်တို့၌) ယုံမှား၏, တွေးတော၏၊ နောက်အဘို့၌(ဖြစ်လတ္တံ့သောခန္ဓာ စသည်တို့၌)ယုံမှား၏, တွေးတော၏၊ ရှေးအဘို့ နောက်အဘို့၌ (ဖြစ်ပြီးဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) ယုံမှား၏, တွေးတော၏၊ ဤ (ဇရာမရဏ စသည်တို့၏) အကြောင်းတရား, (ဇာတိစသော ထိုထိုအကြောင်းကို)စွဲ၍ဖြစ်သော အကျိုးတရားတို့၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)။

ဤသို့သဘောရှိသော အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားပုံအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှား တတ်သည်၏ အဖြစ် 'ကင်္ခါယိတတ္တ'၊ မသိခြင်း (တွေးတောခြင်း) 'ဝိမတိ'၊ သဘာဝကို စဉ်းစားလျှင် (မဆုံးဖြတ်နိုင်၍) ပင်ပန်းကြောင်းသဘော 'ဝိစိကိစ္ဆာ'၊ မှန်မမှန် (မဆုံးဖြတ်နိုင်၍) နှစ်မျိုး အားဖြင့် တုန်လှုပ်တတ်သောသဘော 'ဒွေဠှက'၊ လမ်းနှစ်ခွနှင့်တူသော သဘော 'ဒွေဓာပထ'၊ ထက်ဝန်းကျင်မှ ဖြစ်တတ် (ယုံမှားတတ်)သော သဘော 'သံသယ'၊ ကေန္တအားဖြင့် ယူခြင်းငှါ မစွမ်းနိုင်ခြင်း သဘော 'အနေကံသဂ္ဂါဟ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) အာရုံမှ ဆုတ်နစ် တတ်သောသဘော 'အာသပ္ပန'၊ ( ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ ) ( အာရုံ၏ )ထက်ဝန်းကျင်၌ ( တဝဲလည်လည် )ရွေ့ရှားနေတတ်သော သဘော 'ပရိသပ္ပန'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ ဉာဏ်ဖြင့်) မသက်ဝင်နိုင်ခြင်းသဘော 'အပရိယောဂါဟနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ ခက်တရော်သည်၏အဖြစ် 'ထမ္ဘိတတ္တ စိတ္တဿ'၊စိတ်ကို ရေးခြစ်သကဲ့သို့(ရှုပ်ရှုပ်ထွေးထွေး) ဖြစ်တတ်သောသဘော 'မနောဝိလေခ'သည် ( ရှိ၏ )။ ဤ( ဆိုအပ်ခဲ့ပြီးသော ) သဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟု ဆိုအပ်၏။ (စာပိုဒ် ၄၂၅-ကြည့်)

**သီလဗ္ဗတပရာမာသ**　　၁၀၀၉။ ထို (သံယောဇဉ်သုံးပါးတို့)တွင်(နွား, ခွေးစသည်တို့၏) အလေ့ အကျင့်တို့ကို ( စင်ကြယ်၏ဟု )မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူသည် အဘယ်နည်း။ဤသာသနာတော်မှ အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား တို့၏(နွား, ခွေး စသည်တို့၏)အလေ့ 'သီလ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား,ခွေး စသည်

http://www.dhammadownload.com



တို့၏)အကျင့် 'ဝတ'ဖြင့် (ကိလေသာမှ)စင်ကြယ်၏, (နွား, ခွေး စသည်တို့၏) အလေ့အကျင့် 'သီလဗ္ဗတ'ဖြင့် ( ကိလေသာမှ )စင်ကြယ်၏ဟု ဤသို့ သဘောရှိသော အကြင်အမြင်မှားမှု, (၆၂-ပါးသော)အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊(အမြင်မှန်ကို ပိတ်ဆီးတတ်သော)အမြင်မှားမှု တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ၊(သမ္မာဒိဋ္ဌိကို) ထွင်းဖောက် ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်)မြဲစွာ ယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏)တည်ရာဖြစ်သောသဘော၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော၊မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ စက်ဆုပ်အပ်သောလမ်းစဉ်၊ မှားသောခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသော အမြင်တည်းဟူသော အကျိုးမဲ့တို့၏ဖြစ်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (နွား, ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟု ဆိုအပ်၏။ (စာပိုဒ် ၃၉၂-ကြည့်)

**ဒဿနေန ပဟာတဗ္ဗတရား** ၁၀၁၀။ ဤသံယောဇဉ် သုံးပါးတို့သည်၎င်း၊ ထိုသံယောဇဉ်တို့နှင့် ( အတူတကွ ) တွဲယှဉ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည်၎င်း၊ ထိုသံယောဇဉ်တို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု( စိတ် )အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထိုသံယောဇဉ်တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ', နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ' စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရားတို့ ဖြစ်ကုန်၏ (ဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်, ထိုသံယောဇဉ်တို့နှင့် ယှဉ်သော စိတ်, စေတသိက်တရားများ)။

**ဘာဝနာယ ပဟာတဗ္ဗတရား** ၁၀၁၁။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်သနည်း။ (သောတာပတ္တိမဂ်ပယ်အပ်သည်မှ) ကြွင်းကျန်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ' သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့နှင့် (အတူတကွ)ဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်၏ (သောတာပတ္တိမဂ်သည် ပယ်အပ်သော တရားတို့မှကြွင်းသော ကိလေသာ, ထိုကိလေသာတို့နှင့် ယှဉ်သောစိတ်, စေတသိက်တရားများ)။

**နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗတရား** ၁၀၁၂။ (၃) အဘယ်တရားတို့သည် သောတာပတ္တိမဂ်ဖြင့်၎င်း, အထက်မဂ် သုံးပါးဖြင့်၎င်း မပယ်အပ်သော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်သနည်း။ ကာမဘုံ၌

http://www.dhammadownload.com



ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ မကျုံးမဝင်ကုန်သော(လောကုတ္တရာဖြစ်သော) ကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရား ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထို့ပြင် အလုံးစုံသော ရုပ်သည်၎င်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့်၎င်း အထက်မဂ် သုံးပါးတို့ဖြင့်၎င်း မပယ်အပ်သော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ' တရားတို့ ဖြစ်ကုန်၏ (မဂ်လေးပါးတို့ဖြင့် မပယ်အပ်သော ကုသိုလ်, ဝိပါက်, ကြိယာစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားများ)။

## ၉-ဒဿနဟေတုတိက်

**သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရား** ၁၀၁၃။ (၁) အဘယ်တရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း (ဟိတ်)ရှိသော 'ဒဿနေန ပဟာတဗ္ဗဟေတုက' တရားတို့ဖြစ်ကုန်သနည်း။ထင်ရှားရှိသော(ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌အမြင်မှားမှု'သက္ကာယဒိဋ္ဌိ' ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (နွား,ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' ဟူသောသံယောဇဉ်သုံးပါးတို့သည်(သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော သံယောဇဉ်တို့ဖြစ်ကုန်၏)။

**သက္ကာယဒိဋ္ဌိ** ၁၀၁၄။ ထို(သံယောဇဉ်သုံးပါးတို့)တွင် ထင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ပ။ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ထင်ရှားရှိသော ကိုယ်၌ အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'ဟု ဆိုအပ်၏။ (စာပိုဒ် ၁၀၀၇-ကြည့်)

**ဝိစိကိစ္ဆာ** ၁၀၁၅။ ထို(သံယောဇဉ်သုံးပါးတို့) တွင် ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူသည် အဘယ်နည်း ။ပ။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟု ဆိုအပ်၏။ (စာပိုဒ် ၁၀၀၈-ကြည့်)

**သီလဗ္ဗတပရာမာသ** ၁၀၁၆။ ထို(သံယောဇဉ်သုံးပါးတို့)တွင် (နွား, ခွေးစသည်တို့၏)အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူသည် အဘယ်နည်း။ပ။ ဤသဘောကို (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟု ဆိုအပ်၏။ (စာပိုဒ် ၁၀၀၉-ကြည့်)

**ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၀၁၇။ ဤသံယောဇဉ်သုံးပါးတို့သည်၎င်း၊ထိုသံယောဇဉ်တို့နှင့် အတူတကွ ဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည်၎င်း၊ ထိုသံယောဇဉ်တို့နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထိုသံယောဇဉ်တို့ကြောင့် ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု

http://www.dhammadownload.com



'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့်ပယ်အပ်သော အကြောင်းရင်း (ဟိတ်) ရှိကုန်သော 'ဒဿနေန ပဟာတဗ္ဗဟေတုက' တရားတို့ဖြစ်ကုန်၏။

ထင်ရှားရှိသော ကိုယ်၌ အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' ဟူသောသံယောဇဉ်သုံးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရားတို့တည်း။

ထိုသံယောဇဉ်တို့နှင့် အတူတကွဖြစ်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'သည် (ရှိ၏)။ ဤတရားတို့သည် နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သော သောတာပတ္တိမဂ်သည် ပယ်ရှားအပ်သော အကြောင်းရင်း (ဟိတ်)တို့တည်း။

ထိုသံယောဇဉ်တို့နှင့် အတူတကွဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တရားတို့သည်၎င်း ထိုသံယောဇဉ်တို့နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထိုသံယောဇဉ်တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု'ဝစီကံ'၊စိတ်ဖြင့် ကြံစည်တွေးတောမှု'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း (ဟိတ်) ရှိသော 'ဒဿနေန ပဟာတဗ္ဗဟေတုက'တရားတို့ ဖြစ်ကုန်၏။

**ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၀၁၈။ (၂) အဘယ်တရားတို့သည် အထက်မဂ် သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း (ဟိတ်)ရှိသော 'ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရားတို့ဖြစ်ကုန်သနည်း။ (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့မှ) ကြွင်းကျန်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊(အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'သည်(ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း (ဟိတ်)တို့တည်း။

ထိုလိုချင်တပ်မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်ကုန်သော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တရားတို့သည်၎င်း ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ထိုလိုချင် တပ်မက်မှု'လောဘ' စသည်တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အထက်မဂ် သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း (ဟိတ်) ရှိသော 'ဘာဝနာယ ပဟာတဗ္ဗဟေတုက' တရားတို့ ဖြစ်ကုန်၏။

**မဂ်လေးပါးဖြင့် ပယ်အပ်သော ဟိတ်မရှိသော တရား** ၁၀၁၉။ (၃) အဘယ်တရားတို့သည် သောတာပတ္တိမဂ်ဖြင့်၎င်း အထက်မဂ်သုံးပါးဖြင့်၎င်း ပယ်အပ်သော အကြောင်းရင်း(ဟိတ်)မရှိသော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ ဟေတုက'တရားတို့ဖြစ်ကုန်သနည်း။ ထို(မဂ်လေးပါးဖြင့် ပယ်အပ်သော ဟိတ်ရှိသော)တရားတို့ကို ချန်ထား၍ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌

http://www.dhammadownload.com



ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော, ကြွင်းကျန်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ', မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏ-က္ခန္ဓာ'သည်၎င်း, ထို့ပြင် အလုံးစုံသော ရုပ်သည်၎င်း, ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့်၎င်း အထက်မဂ်သုံးပါးဖြင့်၎င်း ပယ်အပ်သော အကြောင်းရင်း(ဟိတ်)မရှိသော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရားတို့ ဖြစ်ကုန်၏။

## ၁၀-အာစယဂါမိတိက်

**အာစယဂါမိတရား** ၁၀၂၀။ (၁) အဘယ်တရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' တရားတို့ ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော ကုသိုလ်တရားဖြစ်ကုန်သော,အကုသိုလ်တရားဖြစ်ကုန်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ကံ ကိလေသာတို့ ဆည်းပူးအပ်သော ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' တရားတို့ ဖြစ်ကုန်၏(စုတိပဋိသန္ဓေသို့ ရောက်စေတတ်သော လောကီကုသိုလ်, အကုသိုလ်စိတ်နှင့် စေတသိက်များ)။

**အပစယဂါမိတရား** ၁၀၂၁။ (၂) အဘယ်တရားတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ'တရားတို့ ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော( ရောက်စေတတ်သော ) 'အပစယဂါမိ'တရားတို့ ဖြစ်ကုန်၏ (နိဗ္ဗာန်သို့ ရောက်စေတတ်သော မဂ်စိတ်လေးပါးနှင့် စေတသိက်များ)။

**နေဝ အာစယဂါမိ န အပစယဂါမိတရား** ၁၀၂၂။ (၃) အဘယ်တရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်း(ရောက်စေတတ်သည်)လည်း မဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်း (ရောက်စေတတ်သည်)လည်း မဟုတ်သော 'နေဝ အာစယဂါမိ န အပစယဂါမိ'တရားတို့ ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော, ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'ဖြစ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထို့ပြင် ကုသိုလ်လည်း မဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော (ကုသိုလ်,အကုသိုလ်)ကံတို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော, ပြုကာမျှ 'ကိရိယာ' ဖြစ်ကုန်သော အကြောင်တရားတို့သည်၎င်း၊ ထို့ပြင် အလုံးစုံသော ရုပ်သည်၎င်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ပဋိသန္ဓေစုတိသို့ရောက်ကြောင်း (ရောက်စေတတ်သည်) လည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း (ရောက်စေတတ်သည်)

http://www.dhammadownload.com



လည်း မဟုတ်သော 'နေဝ အာစယဂါမိ န အပစယဂါမိ'တရားတို့ ဖြစ်ကုန်၏ (စုတိပဋိသန္ဓေသို့လည်း မရောက်စေတတ်၊ နိဗ္ဗာန်သို့လည်း မရောက်စေတတ်သော ဝိပါက်,ကြိယာစိတ်နှင့် စေတသိက်များ)။

## ၁၁-သေက္ခတိက်

**သေက္ခတရား** ၁၀၂၃။ (၁) အဘယ်တရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော 'သေက္ခ' တရားတို့ ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ထို့ပြင် အောက်ဖြစ်သော ကိလေသာငြိမ်းကြောင်း မဂ်၏အကျိုးဖြစ်သော 'သာမညဖိုလ်'(အောက်ဖိုလ်သုံးပါး) သုံးပါးတို့သည် ( ရှိကုန်၏ )။ ဤတရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲသေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော 'သေက္ခ' တရားတို့ ဖြစ်ကုန်၏ (မဂ်ပုဂ္ဂိုလ်လေးယောက် အောက်ဖိုလ်ပုဂ္ဂိုလ်သုံးယောက်ဟု ဆိုအပ်သော သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော မဂ်စိတ်လေးခု အောက်ဖိုလ်စိတ်သုံးခုနှင့် စေတသိက်များ)။

**အသေက္ခတရား** ၁၀၂၄။ (၂) အဘယ်တရားတို့သည် (အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်သော) ကျင့်ပြီးအသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော 'အသေက္ခ'တရား ဖြစ်ကုန်သနည်း။အထက်၌ တည်သော (ရဟန္တာဖြစ်ကြောင်း) အရဟတ္တမဂ်၏ အကျိုး (အရဟတ္တဖိုလ်) သည် (ရှိ၏)။ ဤတရားတို့သည် အသေက္ခ(ရဟန္တာ)ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော 'အသေက္ခ'တရား ဖြစ်ကုန်၏ (ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်စိတ်နှင့် စေတသိက်များ)။

**နေဝ သေက္ခ နာ'သေက္ခတရား** ၁၀၂၅။ (၃) အဘယ်တရားတို့သည်(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်သော,(အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော 'နေဝ သေက္ခ နာ'သေက္ခ'တရား ဖြစ်ကုန်သနည်း(အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ ဥစ္စာမဟုတ်သော တရားများကား အဘယ်နည်း)။ ထို(ဟောပြီး)တရားတို့ကို ချန်ထား၍ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကြွင်းကျန်ကုန်သော (လောကီ) ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော(လောကီ) 'အဗျာကတ'တရား ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု( စိတ် )အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ ထို့ပြင် အလုံးစုံသောရုပ်သည်၎င်း၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့)မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်'( နိဗ္ဗာန် )သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်)ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်သော, (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်သော (အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့၏ ဥစ္စာ မဟုတ်သော) 'နေဝ သေက္ခ နာ'သေက္ခ'တရား ဖြစ်ကုန်၏ (လောကီစိတ် ၈၁, စေတသိက်, ရုပ်, နိဗ္ဗာန်တရားများ)။

http://www.dhammadownload.com



## ၁၂-ပရိတ္တတိက်

ပရိတ္တတရား　၁၀၂၆။ (၁) အဘယ်တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရား ဖြစ်ကုန်သနည်း။ အလုံးစုံသော ကာမဘုံ၌ ကျင်လည်သက်ဝင်၍သာ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်ကုန်သော ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရား ဖြစ်ကုန်၏ (ကာမစိတ် ၅၄ ခု, ယှဉ်ဘက်စေတသိက်နှင့် ရုပ်တရားများ)။

မဟဂ္ဂတတရား　၁၀၂၇။ (၂) အဘယ်တရားတို့သည် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရား ဖြစ်ကုန်သနည်း။ ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော 'မဟဂ္ဂတ'တရား ဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ်, စေတသိက်များ)။

အပ္ပမာဏတရား　၁၀၂၈။ (၃) အဘယ်တရားတို့သည် (နှိုင်းယှဉ်မှုကို ပြုတတ်သော အတိုင်းအရှည်ရှိသော ကပ်မက်မှု 'ရာဂ'တရားစသည်တို့၏ဆန့်ကျင်ဘက် ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ ထို့ပြင် မဂ်၏အကျိုး(ဖိုလ်)တို့သည်၎င်း၊ ထို့ပြင်(ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (နှိုင်းယှဉ်မှုကို ပြုတတ်သော အတိုင်းအရှည်ရှိသော ကပ်မက်မှု 'ရာဂ'တရားစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်)မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ်, စေတသိက်, နိဗ္ဗာန်တရားများ)။

## ၁၃-ပရိတ္တာရမ္မဏတိက်

ပရိတ္တာရမ္မဏတရား　၁၀၂၉ (၁) အဘယ်တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရားလျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ် စေတသိက်တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရားလျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ'တရား ဖြစ်ကုန်၏ (ကာမစိတ်-၅၄ အဘိညာဉ်နှစ်ခုနှင့် စေတသိက်များ)။

မဟဂ္ဂတာရမ္မဏတရား　၁၀၃၀။ (၂) အဘယ်တရားတို့သည် ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ် စေတသိက်တရားတို့သည် ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်'တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာ-

http://www.dhammadownload.com



ရမ္မဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်၊မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်၊မဟာကြိယာ၊အဘိညာဉ်ဒွေ (အနေကန်)၊ ဝိညာဏဉ္စာယတန, နေဝသညာနာသညာယတနစိတ်(ကေန်)နှင့် စေတသိက်များ)။

**အပ္ပမာဏာရမ္မဏတရား** ၁၀၃၁။ (၃) အဘယ်တရားတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော တပ်မက်မှု'ရာဂ'တရားစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော, မနှိုင်းယှဉ်အပ်သော'အပ္ပမာဏ'တရားလျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ် စေတသိက်တရားတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော တပ်မက်မှု 'ရာဂ' စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော, မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော တပ်မက်မှု 'ရာဂ'စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော, မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရားလျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရား ဖြစ်ကုန်၏ (မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ (အနေကန်)၊ လောကုတ္တရာစိတ်(ကေန်)နှင့် စေတသိက်များ)။

## ၁၄-ဟီနတိက်

**ဟီနတရား** ၁၀၃၂။ (၁) အဘယ်တရားတို့သည် ယုတ်ညံ့သော 'ဟီန'တရား ဖြစ်ကုန်သနည်း။ လိုချင် တပ်မက်မှု 'လောဘ', ဖျက်ဆီးပြစ်မှားမှု 'ဒေါသ', (အမှန်သဘော၌)တွေဝေမှု(အမှန်ကိုမသိမှု) 'မောဟ'ဟူသော အကုသိုလ်၏အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်သော, ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည်၎င်း၊ ထိုလိုချင်တပ်မက်မှု 'လောဘ' စသည်တို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ' သည်၎င်း၊ ထိုလိုချင် တပ်မက်မှု 'လောဘ'စသည်တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ယုတ်ညံ့သော 'ဟီန'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ယှဉ်ဘက် စေတသိက်များ)။

**မဇ္ဈိမတရား** ၁၀၃၃။ (၂) အဘယ်တရားတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရား ဖြစ်ကုန်သနည်း။ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်ကုန်သော ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်, စေတသိက်နှင့် ရုပ်တရားများ)။

**ပဏီတတရား** ၁၀၃၄။ (၃) အဘယ်တရားတို့သည် မွန်မြတ်သော 'ပဏီတ'တရား ဖြစ်ကုန်သနည်း။ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ထိုမြင်မဂ်၏အကျိုး(ဖိုလ်)တို့သည်၎င်း၊ ထိုမြင်(ကာမ,ရူပ,အရူပ,အစရှိ)ဟူသော အကြောင်းတရားတို့ မပြုပြင်အပ်သော သင်္ခါရ-အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ဤတရားတို့သည် မွန်မြတ်သော 'ပဏီတ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

http://www.dhammadownload.com



## ၁၅-မိစ္ဆတ္တတိက်

**မိစ္ဆတ္တနိယတတရား** ၁၀၃၅။ (၁) အဘယ်တရားတို့သည် ဖောက်ပြန်သော သဘောရှိကုန်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်သနည်း (ဖောက်ပြန်သော သဘောရှိ၍ သေပြီးသည့်နောက် အကျိုးပေး မြဲသော တရားများကား အဘယ်နည်း)။ (စုတိ၏)အခြားမဲ့၌ အနှောက်အရှက်မရှိ အကျိုးပေးတတ်ကုန်သော ကံငါးပါး(ပဉ္စာနန္တရိယကံ)တို့သည်၎င်း၊ ထို့ပြင်(အပါယ်ငရဲ၌ အကျိုးပေး)မြဲသော အကြင်အမြင်မှားမှု 'နိယတမိစ္ဆာဒိဋ္ဌိ'(အဟေတုက,အကိရိယ,နတ္ထိကဒိဋ္ဌိ)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ဖောက်ပြန်သော သဘောရှိ၍ သေပြီးသည့်နောက် အကျိုးပေး မြဲသော) 'မိစ္ဆတ္တနိယတ'တရားများ ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်သတ္တမဇော, ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇောနှင့် စေတသိက်များ)။

**သမ္မတ္တနိယတတရား** ၁၀၃၆။ (၂) အဘယ်တရားတို့သည် မဖောက်မပြန် (မှန်ကန်)သော သဘောရှိကုန်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသော'သမ္မတ္တနိယတ'တရားဖြစ်ကုန်သနည်း (မှန်ကန်သော သဘောရှိကုန်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲသော တရားများကား အဘယ်နည်း)။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် မဖောက်မပြန်(မှန်ကန်)သောသဘော ရှိကုန်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးပါး နှင့် ယှဉ်ဘက်စေတသိက်များ)။

**အနိယတတရား** ၁၀၃၇။ (၃) အဘယ်တရားတို့သည် (စုတိ၏ အခြားမဲ့၌၎င်း, မိမိ၏ အခြား မဲ့၌၎င်း နှစ်ပါးသော အခြင်းအရာဖြင့်) အကျိုးပေး မမြဲသော 'အနိယတ'တရားဖြစ်ကုန်သနည်း။ ထို (စာပိုဒ် ၁၀၃၅၊ ၁၀၃၆-၌ ဟောပြီးသော) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင် လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံး မဝင်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားဖြစ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု'ဝိညာဏ- က္ခန္ဓာ'သည်၎င်း၊ ထို့ပြင် အလုံးစုံသောရုပ်သည်၎င်း၊ ထို့ပြင်(ကံ,စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (စုတိ၏ အခြားမဲ့၌၎င်း, မိမိ၏ အခြားမဲ့၌၎င်း နှစ်ပါးသော အခြင်းအရာဖြင့်) အကျိုးပေးမမြဲသော 'အနိယတ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဒေါသမူဒွေ သတ္တမဇော မှတပါးသော အကုသိုလ်, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်, စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန် တရားများ)။

## ၁၆-မဂ္ဂါရမ္မဏတိက်

**မဂ္ဂါရမ္မဏတရား** ၁၀၃၈။ (၁) အဘယ်တရားတို့သည် မဂ်တည်းဟူသော အာရုံရှိသော 'မဂ္ဂါ- ရမ္မဏ'တရား ဖြစ်ကုန်သနည်း (မဂ်ကို အာရုံပြုသော တရား များကား အဘယ်နည်း)။အကြင်စိတ် စေတသိက်တရားတို့သည် အရိယမဂ်ကို အာရုံပြု၍ ဖြစ်ကုန်

http://www.dhammadownload.com



၏။ ဤတရားတို့သည် (မင်္ဂကို အာရုံပြုသော) 'မဂ္ဂါရမ္မဏ'တရား ဖြစ်ကုန်၏ (မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်, အဘိညာဏ်ဒွေနှင့် ယှဉ်ဘက်စေတသိက်များ)။

**မဂ္ဂဟေတုကတရား** ၁၀၃၉။ (၂) အဘယ်တရားတို့သည်—(က) မင်္ဂ(မဂ္ဂင်ရှစ်ပါး)ဟု ဆိုအပ်သော အကြောင်းရှိသော 'မဂ္ဂဟေတုက'တရား ဖြစ်ကုန်သနည်း။ တနည်း (ခ) မင်္ဂ၌ပါဝင်သော(မင်္ဂ၌ တည်သော)အကြောင်းရင်း(ဟိတ်)ရှိသော 'မဂ္ဂဟေတုက'တရား ဖြစ်ကုန်သနည်း။တနည်း (ဂ) မင်္ဂနှင့်ယှဉ်သော အကြောင်းရင်း(ဟိတ်)ရှိသော 'မဂ္ဂဟေတုက'တရား ဖြစ်ကုန်သနည်း။

(က) အရိယမင်္ဂနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ မဂ္ဂင်(ရှစ်ပါး)တို့ကို ချန်ထား၍ ထို(မဂ္ဂင်)တို့နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မင်္ဂ(မဂ္ဂင်ရှစ်ပါး)ဟု ဆိုအပ်သော အကြောင်းရှိသော 'မဂ္ဂဟေတုက'တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးခု, မဂ္ဂင်ရှစ်ပါးမှတပါးသော ယှဉ်ဘက်စေတသိက်များ)။

(ခ) အရိယမင်္ဂနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ကောင်းစွာ(အမှန်)မြင်မှု 'သမ္မာဒိဋ္ဌိ'(အမောဟ) သည် မင်္ဂလည်း မည်၏၊ အကြောင်းရင်း (ဟိတ်) လည်း မည်၏၊ ကောင်းစွာ (အမှန်) မြင်မှု'သမ္မာဒိဋ္ဌိ' (အမောဟ)ကို ချန်ထား၍ ထိုကောင်းစွာ(အမှန်)မြင်မှု'သမ္မာဒိဋ္ဌိ'(အမောဟ) နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မင်္ဂ၌ပါဝင်သော (မင်္ဂ၌တည်သော) အကြောင်းရင်း (ဟိတ်) ရှိသော 'မဂ္ဂဟေတုက'တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးခု, အမောဟမှတပါးသော ယှဉ်ဘက်စေတသိက်များ)။

(ဂ) အရိယမင်္ဂနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ မလိုချင် မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီး မပြစ်မှားမှု'အဒေါသ'၊ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကို သိမှု) 'အမောဟ'သည် (ရှိ၏)။ ဤတရားတို့သည် မင်္ဂ၏အကြောင်းရင်း (ဟိတ်)တို့ပင်တည်း။ ထိုမင်္ဂ၏အကြောင်းရင်း (ဟိတ်)တို့နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မင်္ဂနှင့်ယှဉ်သော အကြောင်းရင်း (ဟိတ်)ရှိသော 'မဂ္ဂဟေတုက' တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးခုနှင့် ယှဉ်ဘက်စေတသိက်များ)။

**မဂ္ဂါဓိပတိတရား** ၁၀၄၀။ (၃) အဘယ်တရားတို့သည် မင်္ဂဟူသော(အာရုံ)အကြီးအမှူး 'အဓိပတိ' ရှိသော 'မဂ္ဂါဓိပတိ' တရား ဖြစ်ကုန်သနည်း (မင်္ဂအကြီးအမှူးရှိသော တရားများကား အဘယ်နည်း)။ မြတ်သောမင်္ဂ, တနည်း-အရိယမင်္ဂကို အကြီးအမှူးပြု၍ (အလေးအမြတ်ပြု၍) အကြင်စိတ် စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ ဤတရားတို့သည် မင်္ဂဟူသောအကြီးအမှူး'အဓိပတိ'ရှိသော'မဂ္ဂါဓိပတိ'တရားဖြစ်ကုန်၏(အာရမ္မဏာဓိပတိ) (မင်္ဂကို အလေးအမြတ်အားဖြင့် အာရုံပြုသော မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်ဘက်စေတသိက်များ)။

စိစစ်မှုအကြီးအမှူး 'ဝီမံသာဓိပတိ'ရှိသော မင်္ဂကို ပွါးစေသော အရိယမင်္ဂနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်၏ စိစစ်မှု 'ဝီမံသ'(ပညာ)ကို ချန်ထား၍ ထိုစိစစ်မှု'ဝီမံသ'(ပညာ)နှင့် ယှဉ်သော ခံစားမှု

http://www.dhammadownload.com



အစု 'ဝေဒနာက္ခန္ဓာ'။ ပ။ အထူးသိမှု(စိတ်)မှာစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မဂ်ဟူသော အကြီးအမှူး'အဓိပတိ'ရှိသော 'မဂ္ဂါဓိပတိ'တရား ဖြစ်ကုန်၏ (သဟဇာတာဓိပတိ) (မဂ်စိတ်လေးခု, ဝီမံသကြဉ်သော ယှဉ်ဘက်စေတသိက်များ)။

## ၁၇-ဥပ္ပန္နတိက်

**ဥပ္ပန္နတရား** ၁၀၄၁။ (၁) အဘယ်တရားတို့သည် ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ (ဖြစ်ဆဲ) ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်ကုန်သနည်း (ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော တရားများကား အဘယ်နည်း)။ ဖြစ်ပေါ်ကုန်သော 'ဇာတာ'၊ ထင်ရှားကုန်သော 'ဘူတာ'၊ ကောင်းစွာ ဖြစ်ကုန်သော 'သဉ္ဇာတာ'၊ ဖြစ်ပေါ်ကုန်သော 'နိဗ္ဗတ္တာ'၊ အလွန်ဖြစ်ပေါ်ကုန်သော 'အဘိနိဗ္ဗတ္တာ'၊ ထင်ရှားစွာ ဖြစ်ကုန်သော 'ပါတုဘူတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) ဖြစ်ကုန်သော 'ဥပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) ကောင်းစွာ ဖြစ်ပေါ်ကုန်သော 'သမုပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) တည်ကုန်သော 'ဥဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ကောင်းစွာ တည်ကုန်သော 'သမုဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ဖြစ်ကုန်သော 'ဥပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ဖြစ်သော အဘို့အစုအားဖြင့် ရေတွက်အပ်ကုန်သော 'ဥပ္ပန္နံသေန သင်္ဂဟိတာ'၊ ရုပ်၊ ခံစားမှု 'ဝေဒနာ'၊ မှတ်သားမှု 'သညာ'၊ ပြုပြင်မှု 'သင်္ခါရ'၊ အထူးသိမှု 'ဝိညာဏ်'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ (ဖြစ်ဆဲ) ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်ကုန်၏ (ပစ္စုပ္ပန် စိတ်, စေတသိက်နှင့် ရုပ်တရားများ)။

**အနုပ္ပန္နတရား** ၁၀၄၂။ (၂) အဘယ်တရားတို့သည် ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်၊ ရောက်ဆဲလည်း မဟုတ် (ဖြစ်ပြီး ဖြစ်ဆဲမဟုတ်)သော 'အနုပ္ပန္န'တရားဖြစ်ကုန်သနည်း (ဖြစ်ပြီး ဖြစ်ဆဲမဟုတ် အနာဂတ်ဖြစ်သော တရားများကား အဘယ်နည်း)။ မဖြစ်ကုန်သေးသော 'အဇာတာ'၊ မထင်ရှားကုန်သေးသော 'အဘူတာ'၊ ကောင်းစွာ မဖြစ်ကုန်သေးသော 'အသဉ္ဇာတာ'၊ မဖြစ်ပေါ်ကုန်သေးသော 'အနိဗ္ဗတ္တာ'၊ အလွန်(လုံး၀)မဖြစ်ပေါ်ကုန်သေးသော 'အနဘိနိဗ္ဗတ္တာ'၊ ထင်ရှားစွာ မဖြစ်ကုန်သေးသော 'အပါတုဘူတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မဖြစ်ကုန်သေးသော 'အနုပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ကောင်းစွာမဖြစ်ကုန်သေးသော 'အသမုပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) မတည်ကုန်သေးသော 'အနုဋ္ဌိတာ'၊ ရှေးအဘို့မှအထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ကောင်းစွာ မတည်ကုန်သေးသော 'အသမုဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မဖြစ်ကုန်သေးသော 'အနုပ္ပန္နာ'၊ ရှေးအဘို့မှအထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မဖြစ်သော အဘို့အစုအားဖြင့် ရေတွက်အပ်ကုန်သော 'အနုပ္ပန္နံသေန သင်္ဂဟိတာ'၊ ရုပ်၊ ခံစားမှု'ဝေဒနာ'၊ မှတ်သားမှု 'သညာ'၊ ပြုပြင်မှု'သင်္ခါရ'၊ အထူးသိမှု 'ဝိညာဏ်'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ်၊ ရောက်ဆဲလည်း မဟုတ်သော (ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်သော) (အနာဂတ်ဖြစ်သော) 'အနုပ္ပန္န' တရားဖြစ်ကုန်၏ (အနာဂတ်ဖြစ်သော အကုသိုလ်, ကုသိုလ်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်နှင့် စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တရားများ)။

http://www.dhammadownload.com



ဥပ္ပါဒိတရား ၁၀၄၃။ (၃) အဘယ်တရားတို့သည် ပြုအပ်ခဲ့ပြီးသော အကြောင်း (ကံ) ရှိသည်၏အဖြစ်ကြောင့် မချွတ်ကေန် ဖြစ်ပေါ်လတ့်သော 'ဥပ္ပါဒိ' တရားဖြစ်ကုန်သနည်း (မချွတ်ကေန် ဖြစ်ပေါ်လတ့်သောတရားများကား အဘယ်နည်း)။ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော, ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'ဖြစ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ)ကြောင့် ဖြစ်သော အကြင်ရုပ်သည်လည်း ဖြစ်လတ့် (ထိုရုပ်သည်လည်း) (ရှိ၏)။ ဤတရားတို့သည် ပြုအပ်ခဲ့ပြီးသော အကြောင်း(ကံ) ရှိသည်၏အဖြစ်ကြောင့် မချွတ်ကေန် ဖြစ်ပေါ်လတ့်သော 'ဥပ္ပါဒိ' တရားဖြစ်ကုန်၏ (မချွတ်ကေန်ဖြစ်ပေါ်မည့် ဝိပါက်စိတ်၊ ယှဉ်ဘက်စေတသိက်နှင့် ကမ္မဇရုပ်တရားများ)။

## ၁၈-အတီတတိက်

အတိတ်တရား ၁၀၄၄။ (၁) အဘယ်တရားတို့သည် အတိတ်မည်သော 'အတီတ' တရားဖြစ်ကုန်သနည်း (အတိတ်မည်သော တရားများကား အဘယ်နည်း)။ (ခဏသုံးပါးကို) ကျော်လွန် ကုန်ပြီးသော, ချုပ်ကုန်ပြီးသော, ကင်းကုန်ပြီးသော, ဖောက်ပြန်ကုန်ပြီးသော, ချုပ်ခြင်းသို့ ရောက်ကုန်ပြီးသော, အလွန်ချုပ်ခြင်းသို့ ရောက်ကုန်ပြီးသော, ဖြစ်ပြီး၍ ကင်းပျောက်ကုန်ပြီးသော, (ခဏသုံးပါးကို) ကျော်လွန်ကုန်ပြီးသော, (ခဏသုံးပါးကို)ကျော်လွန်သော အဘို့အစုအားဖြင့် ရေတွက်အပ်ကုန်ပြီးသော ရုပ်,ခံစားမှု 'ဝေဒနာ', မှတ်သားမှု'သညာ',ပြုပြင်မှု 'သင်္ခါရ', အထူးသိမှု 'ဝိညာဏ်'ဟူသောအကြင်တရားတို့သည်(ရှိကုန်၏)။ဤတရားတို့သည် အတိတ်မည်သော 'အတီတ' တရားဖြစ်ကုန်၏ (အတိတ်ဖြစ်သောစိတ်, စေတသိက်, ရုပ်တရားများ)။

အနာဂတ်တရား ၁၀၄၅။ (၂) အဘယ်တရားတို့သည် အနာဂတ်မည်သော 'အနာဂတ'တရားဖြစ်ကုန်သနည်း (အနာဂတ်မည်သော တရားများကား အဘယ်နည်း)။ မဖြစ်ကုန်သေးသော 'အဇာတာ'၊ မထင်ရှားကုန် သေးသော 'အဘူတာ'၊ ကောင်းစွာ မဖြစ်ကုန်သေးသော 'အသဉ္ဇာတာ'၊ မဖြစ်ပေါ်ကုန်သေးသော 'အနိဗ္ဗတ္တာ'၊ အလွန်(လုံး၀)မဖြစ်ပေါ်ကုန်သေးသော 'အနဘိနိဗ္ဗတ္တာ'၊ ထင်ရှားစွာ မဖြစ်ကုန်သေးသော 'အပါတုဘူတာ'၊ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မဖြစ်ကုန်သေးသော 'အနုပ္ပန္နာ'၊ရှေးအဘို့မှအထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌)ကောင်းစွာမဖြစ်ကုန်သေးသော 'အသမုပ္ပန္နာ'၊ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မတည်ကုန်သေးသော 'အနုဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ကောင်းစွာ မတည်ကုန်သေးသော 'အသမုဋ္ဌိတာ'၊ (မိမိသဘောသို့ဖြစ်စေ, ဥပါဒ်,ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ဖြစ်စေ) မရောက်ကုန်သေးသော 'အနာဂတာ'၊ မရောက်သေးသော အဘို့အစုအားဖြင့် ရေတွက်အပ်ကုန်သော 'အနာဂတံသေန သင်္ဂဟိတာ'၊ရုပ်,ခံစားမှု 'ဝေဒနာ', မှတ်သားမှု 'သညာ', ပြုပြင်မှု 'သင်္ခါရ', အထူးသိမှု 'ဝိညာဏ်'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အနာဂတ်မည်သော 'အနာဂတ'တရားဖြစ်ကုန်၏ (အနာဂတ်ဖြစ်သော, စိတ်,စေတသိက်,ရုပ်တရားများ)။

http://www.dhammadownload.com



**ပစ္စုပ္ပန်တရား** ၁၀၄၆။ (၃) အဘယ်တရားတို့သည် ပစ္စုပ္ပန်မည်သော 'ပစ္စုပ္ပန္န'တရား ဖြစ်ကုန်သနည်း (ပစ္စုပ္ပန်မည်သော တရားများကား အဘယ်နည်း)။ ဖြစ်ပေါ်ကုန်သော 'ဇာတာ'၊ ထင်ရှားကုန်သော 'ဘူတာ'၊ ကောင်းစွာဖြစ်ပေါ်ကုန်သော 'သဉ္ဇာတာ'၊ ဖြစ်ပေါ်ကုန်သော 'နိဗ္ဗတ္တာ'၊ အလွန်ဖြစ်ပေါ်ကုန်သော 'အဘိနိဗ္ဗတ္တာ'၊ ထင်ရှားစွာဖြစ်ကုန်သော 'ပါတုဘူတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) ဖြစ်ကုန်သော 'ဥပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ကောင်းစွာ ဖြစ်ပေါ်ကုန်သော 'သမုပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၌) တည်ကုန်သော 'ဥဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌)ကောင်းစွာ တည်ကုန်သော 'သမုဋ္ဌိတာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ဖြစ်ကုန်သော 'ဥပ္ပန္နာ'၊ ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) ဖြစ်သော အဘို့အစုအားဖြင့် ရေတွက်အပ်ကုန်သော 'ဥပ္ပန္နံသေန သင်္ဂဟိတာ'၊ ရုပ်, ခံစားမှု 'ဝေဒနာ', မှတ်သားမှု 'သညာ', ပြုပြင်မှု 'သင်္ခါရ', အထူးသိမှု 'ဝိညာဏ်'ဟူသော အကြင် တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ပစ္စုပ္ပန်မည်သော 'ပစ္စုပ္ပန္န'တရား ဖြစ်ကုန်၏ (ပစ္စုပ္ပန်ဖြစ်သောစိတ်, စေတသိက်နှင့် ရုပ်တရားများ)။

## ၁၉-အတီတာရမ္မဏတိက်

**အတီတာရမ္မဏတရား** ၁၀၄၇။ (၁) အဘယ်တရားတို့သည် အတိတ်တရားလျှင် အာရုံရှိသော 'အတီတာရမ္မဏ'တရား ဖြစ်ကုန်သနည်း (အတိတ်ကို အာရုံပြုသော 'အတီတာရမ္မဏ'တရားများကား အဘယ်နည်း)။ အကြင် စိတ်, စေတသိက်တရားတို့သည် (ပိမိသဘောသို့ဖြစ်စေ, ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ဖြစ်စေ ရောက်၍) လွန်သွားသော( အတိတ် )တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် အတိတ်တရားလျှင် အာရုံရှိသော 'အတီတာရမ္မဏ'တရား ဖြစ်ကုန်၏ (အတိတ်တရားကို အာရုံပြုသော စိတ်, စေတသိက်တရားများ)။

**အနာဂတာရမ္မဏတရား** ၁၀၄၈။ (၂) အဘယ်တရားတို့သည် အနာဂတ်တရားလျှင် အာရုံရှိသော 'အနာဂတာရမ္မဏ'တရား ဖြစ်ကုန်သနည်း (အနာဂတ်ကို အာရုံပြုသော 'အနာဂတာရမ္မဏ'တရားများကား အဘယ်နည်း)။ အကြင် စိတ်, စေတသိက်တရားတို့သည် (မိမိသဘောသို့ဖြစ်စေ, ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ဖြစ်စေ)မရောက်သေးသော (အနာဂတ်) တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် အနာဂတ်တရားလျှင် အာရုံရှိသော 'အနာဂတာရမ္မဏ'တရား ဖြစ်ကုန်၏ (အနာဂတ်တရားကို အနေကန် အာရုံပြုသော စိတ်, စေတသိက်တရားများ)။

**ပစ္စုပ္ပန္နာရမ္မဏတရား** ၁၀၄၉။ (၃) အဘယ်တရားတို့သည် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော 'ပစ္စုပ္ပန္နာရမ္မဏ'တရား ဖြစ်ကုန်သနည်း (ပစ္စုပ္ပန်ကို အာရုံပြုသော 'ပစ္စုပ္ပန္နာရမ္မဏ'တရားများကား အဘယ်နည်း)။ အကြင် စိတ်, စေတသိက်တရားတို့သည် ထိုထိုအကြောင်းကို စွဲ၍ဖြစ်ပေါ်နေသော(ပစ္စုပ္ပန်)တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော 'ပစ္စုပ္ပန္နာရမ္မဏ'တရား ဖြစ်ကုန်၏ (ပစ္စုပ္ပန် တရားကို အာရုံပြုသော စိတ်, စေတသိက်တရားများ)။

http://www.dhammadownload.com



## ၂၀-အဇ္ဈတ္တတိက်

အဇ္ဈတ္တတရား ၁၀၅၀။ (၁) အဘယ်တရားတို့သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ' တရား ဖြစ်ကုန်သနည်း (အဇ္ဈတ္တသန္တာန်၌ဖြစ်သော တရားများကား အဘယ်နည်း)။ အကြင်တရားတို့သည် ထိုထိုသတ္တဝါတို့၏ မိမိကိုယ်'အတ္တ'ကို စွဲ၍ဖြစ်ကုန်၏၊ အတ္တအသီးအသီးကို စွဲ၍ ဖြစ်ကုန်၏၊ မိမိသန္တာန်၌ ဖြစ်ကုန်၏၊ ပုဂ္ဂိုလ်အသီးသီး၏ ဥစ္စာဖြစ်ကုန်၏၊ (မိမိသန္တာန်၌)ကပ်၍ စွဲယူအပ်ကုန်၏၊ (ဤသို့ သဘောရှိသော)ရုပ်, ခံစားမှု 'ဝေဒနာ', မှတ်သားမှု 'သညာ', ပြုပြင်မှု 'သင်္ခါရ', အထူးသိမှု 'ဝိညာဏ်'သည် (ရှိ၏)။ ဤတရားတို့သည် အတွင်းသန္တာန်၌ ဖြစ်သော'အဇ္ဈတ္တ'တရား ဖြစ်ကုန်၏ (အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ်,စေတသိက်,ရုပ်တရားများ)။

ဗဟိဒ္ဓတရား ၁၀၅၁။ (၂) အဘယ်တရားတို့သည် အပသန္တာန်၌ ဖြစ်သော 'ဗဟိဒ္ဓ'တရား ဖြစ်ကုန်သနည်း (ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော တရားများကား အဘယ်နည်း)။ အကြင်တရားတို့သည် ထိုထိုအခြားသတ္တဝါတို့၏ အခြားပုဂ္ဂိုလ်တို့၏ကိုယ်'အတ္တ'ကို စွဲ၍ဖြစ်ကုန်၏၊ အတ္တ အသီးအသီးကို စွဲ၍ဖြစ်ကုန်၏၊ (အခြားပုဂ္ဂိုလ်၏)သန္တာန်၌ ဖြစ်ကုန်၏၊ ပုဂ္ဂိုလ်အသီးသီး၏ ဥစ္စာဖြစ်ကုန်၏။ (အခြားပုဂ္ဂိုလ်၏သန္တာန်၌) ကပ်၍ စွဲယူအပ်ကုန်၏၊ (ဤသို့ သဘောရှိသော)ရုပ်, ခံစားမှု 'ဝေဒနာ', မှတ်သားမှု 'သညာ', ပြုပြင်မှု 'သင်္ခါရ', အထူးသိမှု 'ဝိညာဏ်'သည် (ရှိ၏)။ ဤတရားတို့သည် အပသန္တာန်၌ ဖြစ်သော 'ဗဟိဒ္ဓ'တရား ဖြစ်ကုန်၏ (ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်တရားများ)။

အဇ္ဈတ္တ ဗဟိဒ္ဓတရား ၁၀၅၂။ (၃) အဘယ်တရားတို့သည် အတွင်းအပ သန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ ဗဟိဒ္ဓ' တရားဖြစ်ကုန်သနည်း (အဇ္ဈတ္တ,ဗဟိဒ္ဓ-သန္တာန်တို့၌ဖြစ်သောတရားများကား အဘယ်နည်း)။ ထို (အတွင်းအပြင် အဇ္ဈတ္တ ဗဟိဒ္ဓ)တရားနှစ်ပါးသည် (ရှိ၏)။ ဤတရားတို့သည် အတွင်းအပသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တဗဟိဒ္ဓ' တရား ဖြစ်ကုန်၏ (အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်,စေတသိက်,ရုပ်တရားများ)။

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်

အဇ္ဈတ္တာရမ္မဏတရား ၁၀၅၃။ (၁) အဘယ်တရားတို့သည် အဇ္ဈတ္တတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တာရမ္မဏ' တရားဖြစ်ကုန်သနည်း။ (အဇ္ဈတ္တတရားကို အာရုံပြုသောတရားများကား အဘယ်နည်း)။ အကြင်စိတ်, စေတသိက်တရားတို့သည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သောတရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် အဇ္ဈတ္တတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တာရမ္မဏ' တရားဖြစ်ကုန်၏(အဇ္ဈတ္တတရားကို အာရုံပြုသော စိတ်,စေတသိက်တရားများ)။

ဗဟိဒ္ဓါရမ္မဏတရား ၁၀၅၄။ (၂) အဘယ်တရားတို့သည် ဗဟိဒ္ဓတရားလျှင် အာရုံရှိသော'ဗဟိဒ္ဓါ-ရမ္မဏ'တရားဖြစ်ကုန်သနည်း (ဗဟိဒ္ဓတရားကို အာရုံပြုသော တရားများကား အဘယ်နည်း)။ အကြင် စိတ်, စေတသိက်တရားတို့သည် ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် ဗဟိဒ္ဓတရားလျှင် အာရုံရှိသော'ဗဟိဒ္ဓါရမ္မဏ' တရားဖြစ်ကုန်၏ (ဗဟိဒ္ဓတရားကို အာရုံပြုသောစိတ်,စေတသိက်တရားများ)။

http://www.dhammadownload.com



**အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏတရား** ၁၀၅၅။ (၃) အဘယ်တရားတို့သည် အဇ္ဈတ္တ ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏ' တရားဖြစ်ကုန်သနည်း (အဇ္ဈတ္တ,ဗဟိဒ္ဓတရား ၂-ပါးတို့ကို အာရုံပြုသော တရားများကား အဘယ်နည်း)။ အကြင် စိတ်,စေတသိက်တရားတို့သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ ဤတရားတို့သည် အဇ္ဈတ္တ,ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏ'တရား ဖြစ်ကုန်၏ (အဇ္ဈတ္တ,ဗဟိဒ္ဓတရားကို အာရုံပြုသော စိတ်,စေတသိက်တရားများ)။

## ၂၂-သနိဒဿနတိက်

**သနိဒဿန သပ္ပဋိဃတရား** ၁၀၅၆။ (၁) အဘယ်တရားတို့သည် မြင်ခြင်းနှင့်လည်း တကွဖြစ်သော ထိပါးခြင်းနှင့်လည်း တကွဖြစ်သော 'သနိဒဿန သပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း (မြင်အပ်၍ ထိပါးတတ်သော တရားများကား အဘယ်နည်း)။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်း တကွဖြစ်သော 'သနိဒဿန သပ္ပဋိဃ' တရား ဖြစ်ကုန်၏ (ရူပါရုံ)။

**အနိဒဿန သပ္ပဋိဃတရား** ၁၀၅၇။ (၂) အဘယ်တရားတို့သည် မြင်ခြင်းကား မရှိ၊ထိပါးခြင်းနှင့်သာ တကွဖြစ်သော 'အနိဒဿန သပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း(မမြင်အပ်မူ၍ ထိပါးတတ်သောတရားများကား အဘယ်နည်း)။မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊လျက်သိစိတ်(ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည်'ဇိဝှါယတန'၊ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'၊နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့'ဖောဋ္ဌဗ္ဗာယတန' သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းကား မရှိ၊ ထိပါးခြင်းနှင့်သာ တကွဖြစ်သော 'အနိဒဿန သပ္ပဋိဃ' တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးခု၊ သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ)။

**အနိဒဿန အပ္ပဋိဃတရား** ၁၀၅၈။ (၃) အဘယ်တရားတို့သည် မြင်ခြင်းလည်း မရှိ၊ထိပါးခြင်းလည်း မရှိသော 'အနိဒဿန အပ္ပဋိဃ'တရားဖြစ်ကုန်သနည်း(မြင်လည်း မမြင်အပ်,ထိပါးလည်း မထိပါးတတ်သော တရားများကား အဘယ်နည်း)။ ခံစားမှု အစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ပြုပြင်မှု အစု'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည်၎င်း၊ မြင်ခြင်းမရှိသော, ထိပါးခြင်းမရှိသော (မြင်လည်း မမြင်အပ်, ထိပါးလည်း မထိပါးတတ်သော) သိမှုစိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင်ရုပ်သည်၎င်း၊ (ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သော သဘော 'အသင်္ခတ'ဓာတ် (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းလည်း၊ မရှိ၊ ထိပါးခြင်းလည်း မရှိသော 'အနိဒဿန အပ္ပဋိဃ'တရားဖြစ်ကုန်၏။

သုံးဆို(သုံးစု)အားဖြင့် ချထား(ဝေဘန်)၍ ပြအပ်သော 'တိကနိက္ခေပ'ပြီးပြီ။

တိက် ပြီးပြီ။

http://www.dhammadownload.com



## နှင့်တို့ (နှစ်ခု)အားဖြင့် ချထား(ဝေဘန်)၍ ပြခြင်း 'ဒုကနိက္ခေပ'

## ၁-ဟေတုဂေါစ္ဆက

### ၁-ဟေတုဒုက်

ဟိတ်မည်သောတရား ၁၀၅၉။ (၁) အဘယ်တရားတို့သည် အကြောင်းရင်းအခြေအမြစ်(ဟိတ်) မည်ကုန်သနည်း။ ကုသိုလ်အကြောင်းရင်း အခြေ အမြစ် (ကုသိုလ်ဟိတ်)သုံးပါး၊ အကုသိုလ် အကြောင်းရင်း အခြေအမြစ်(အကုသိုလ်ဟိတ်) သုံးပါး၊ ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ်(အဗျာကတဟိတ်)သုံးပါး၊ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော အကြောင်းရင်း (ကာမာဝစရဟိတ်)ကိုးပါး၊ ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော အကြောင်းရင်း (ရူပါဝစရဟိတ်) ခြောက်ပါး၊ အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော အကြောင်းရင်း (အရူပါဝစရဟိတ်) ခြောက်ပါး၊ ဘုံသုံးပါး၌ အကျုံးမဝင်သော အကြောင်းရင်း (အပရိယာပန္နဟိတ်) ခြောက်ပါးတို့သည် (ရှိကုန်၏)။

ကုသိုလ်ဟိတ်သုံးပါး ၁၀၆၀။ ထို(အကြောင်းရင်း ဟိတ်တို့)တွင် ကုသိုလ် အကြောင်းရင်း (ကုသိုလ်ဟိတ်)'ကုသလဟေတု'သုံးပါးတို့သည် အဘယ်တို့နည်း။ မလိုချင် မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'သည် (ရှိ၏)။

အလောဘ ၁၀၆၁။ ထို (ကုသိုလ်ဟိတ်သုံးပါးတို့)တွင် မလိုချင် မတပ်မက်မှု 'အလောဘ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ အကြင် မလိုချင် မတပ်မက်ခြင်းသဘော၊ မလိုချင် မတပ်မက်ပုံအခြင်းအရာ၊ မလိုချင် မတပ်မက်တတ်သူ၏ အဖြစ်၊ မစွဲလမ်းခြင်းသဘော၊ မစွဲလမ်းပုံ အခြင်းအရာ၊ မစွဲလမ်းတတ်သူ၏ အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ် ဖြစ်သော မလိုချင် မတပ်မက်မှု 'အလောဘ ကုသလမူလ'သည် (ရှိ၏)။ ဤသဘောကို မလိုချင် မတပ်မက်မှု 'အလောဘ'ဟူ၍ ဆိုအပ်၏။ (စာပိုဒ် ၃၂,၁၀၄,၃၁၂)

အဒေါသ ၁၀၆၂။ ထို(ကုသိုလ်ဟိတ်သုံးပါးတို့)တွင် မဖျက်ဆီး မပြစ်မှားမှု 'အဒေါသ'ဟူသည် အဘယ်သဘော ဖြစ်သနည်း။ အကြင်မဖျက်ဆီး မပြစ်မှားခြင်းသဘော 'အဒေါသ'၊ မဖျက်ဆီး မပြစ်မှားပုံ အခြင်းအရာ 'အဒုဿနာ'၊ မဖျက်ဆီး မပြစ်မှားတတ်သူ၏ အဖြစ် 'အဒုဿိတတ္တ'၊ ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်ပုံ အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သူ၏ အဖြစ်'မေတ္တာယိတတ္တ'၊ စောင့်ရှောက်ခြင်းသဘော'အနုဒ္ဒယာ'၊ စောင့်ရှောက်ပုံ အခြင်းအရာ 'အနုဒ္ဒယနာ'၊ စောင့်ရှောက်တတ်သူ၏အဖြစ် 'အနုဒ္ဒယိတတ္တ'၊ အစီးအပွါးကို ရှာမှီးခြင်းသဘော 'ဟိတေသိတာ'၊ အစဉ်သနားခြင်း 'အနုကမ္ပာ'၊ စိတ်မဖျက်ဆီးမှု 'အဗျာပါဒ'၊ စိတ်မပျက်စီးစေလိုမှု 'အဗျာပဇ္ဇ'၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ ကုသလမူလ'သည် (ရှိ၏)။ ဤသဘောကို မဖျက်ဆီး မပြစ်မှားမှု 'အဒေါသ'ဟူ၍ ဆိုအပ်၏။ (စာပိုဒ် ၃၃,၁၀၅,၃၁၃)

အမောဟ ၁၀၆၃။ ထို(ကုသိုလ်ဟိတ်သုံးပါးတို့)တွင် (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'ဟူသည် အဘယ်သဘောဖြစ်သနည်း။ ဆင်းရဲ၌သိမှု 'ဒုက္ခေဉာဏ်'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ဒုက္ခသမုဒယေဉာဏ်'၊ ဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်)၌ သိမှု 'ဒုက္ခနိရောဓ

http://www.dhammadownload.com



ဉာဏ်'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌သိမှု 'ဒုက္ခနိရောဓဂါမိနိပဋိပဒါဉာဏ်'၊ ရှေးအဘို့၌ (ဖြစ်ပြီးသောခန္ဓာစသည်တို့၌) သိမှု 'ပုဗ္ဗန္တဉာဏ်'၊ နောက်အဘို့၌ (ဖြစ်လတ္တံ့သောခန္ဓာစသည်တို့၌) သိမှု 'အပရန္တဉာဏ် ရှေးအဘို့ နောက်အဘို့၌ (ဖြစ်ပြီး ဖြစ်လတ္တံ့ခန္ဓာစသည်တို့၌) သိမှု 'ပုဗ္ဗန္တာပရန္တဉာဏ်'၊ ဤ(ဇရာမရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထို အကြောင်းတို့ကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌သိမှု 'ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နဓမ္မဉာဏ်'သည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိခြင်းသဘော၊ (အနိစ္စ စသည်ကို) စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်း(ပိုင်းခြားခြင်း)သဘော၊ အသိ(ဉာဏ်)ရှိသူ၏အဖြစ်၊ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ(ထင်ရှားပြတတ်သူ)၏ အဖြစ်၊ (အနိစ္စ စသည်ကို) ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသောသဘော၊ တနည်း-ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ ကိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး၌ မြင်တတ်သောသဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သောသဘော၊ (လမ်းမှားသို့ ပြေးသွားနေသောစိတ်ကို လမ်းမှန်သို့ ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တပြာ)နှင့် တူသောသဘော၊ ပညာဟူသောအစိုးတရ(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညိန္ဒြေ'၊ မတုန်မလှုပ်(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကိုဖြတ်တတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညာလက်နက်'၊(မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာပြာသာဒ်'၊ (အဝိဇ္ဇာ အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော)(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညာအလင်း'၊ (ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညာအရောင်'၊ (ထွန်းပြတတ်သော)(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာတန်ဆောင်'၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာရတနာ'၊ မတွေဝေမှု 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)၊ ဤသဘောကို (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ' ဟူ၍ ဆိုအပ်၏။ (စာပိုဒ် ၃၄,၁၀၆,၃၁၄)

ဤသုံးပါးတို့သည် ကုသိုလ် အကြောင်းရင်း(ကုသိုလ်ဟိတ်)တို့တည်း။

**အကုသိုလ်ဟိတ်သုံးပါး** ၁၀၆၄။ ထို(ဟိတ်တို့)တွင် အကုသိုလ်အကြောင်းရင်း(အကုသိုလ်ဟိတ်) သုံးပါးတို့ဟူသည် အဘယ်တို့နည်း။ လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု(အမှန်ကို မသိမှု) 'မောဟ'သည် (ရှိ၏)။

**လောဘ** ၁၀၆၅။ ထို( အကုသိုလ်ဟိတ်သုံးပါးတို့ )တွင် လိုချင်တပ်မက်မှု ' လောဘ 'ဟူသည် အဘယ်သဘောဖြစ်သနည်း။ အကြင် စွဲလမ်းခြင်းသဘော 'ရာဂ'၊ ပြင်းစွာစွဲလမ်းခြင်းသဘော 'သာရာဂ'၊ (အာရုံ၌ သတ္တဝါတို့ကို) အဘန်ဘန် ဆွဲဆောင်ခြင်းသဘော 'အနုနယ'၊ မဆန့်ကျင်ခြင်း(လိုလားစေခြင်း) သဘော 'အနုရောဓ'၊ နှစ်သက်ခြင်းသဘော 'နန္ဒီ'၊ နှစ်သက်

http://www.dhammadownload.com



စွဲလမ်းခြင်းသဘော 'နန္ဒိရာဂ'၊ စိတ်၏ ပြင်းစွာ စွဲလမ်းခြင်းသဘော 'စိတ္တဿ သာရာဂ'၊ (အာရုံကို) လိုလားမှုသဘော 'ဣစ္ဆာ'၊ (လိုချင်မှုအားကြီးသဖြင့်) မိန်းမောမှုသဘော 'မုစ္ဆာ'၊ မျို၍ပြီးဆုံးစေခြင်းသဘော(အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်တပ်မက်မှု) 'အဇ္ဈောသာန'၊တပ်မက်ခြင်းသဘော'ဂေဓ'၊ထက်ဝန်းကျင် (အားလုံးကို)တပ်မက်ခြင်းသဘော'ပလိဂေဓ'၊ကပ်ငြိတွယ်တာခြင်းသဘော 'သင်္ဂ'၊ ရွံ့ညွန်နှင့်တူသော( နစ်မြုပ်စေခြင်း )သဘော 'ပင်္က'၊ ဆွဲငင်ခြင်း(ထိုထိုဘဝ၌ဖြစ်ရန် ဆွဲဆောင်ခြင်း)သဘော 'ဧဇာ'၊ လှည့်ပတ်ခြင်းသဘော 'မာယာ'၊ (ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို) ဖြစ်စေခြင်းသဘော 'ဇနိကာ'၊(ဆင်းရဲနှင့်)ယှဉ်လျက် ဖြစ်စေတတ်သောသဘော'သဉ္ဇနနီ'၊ ( သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် )ချုပ်စပ်ခြင်းသဘော 'သိဗ္ဗိနီ'၊ အာရုံကွန်ရက် ရှိသောသဘော 'ဇာလိနီ'၊ (တပ်မက်မှုဖြင့်)စီးစုတ်ခြင်းသဘော၊ တနည်း-(ဝဋ်ဆင်းရဲသို့ဆွဲဆောင်တတ်သဖြင့်) လျင်သောရေအယဉ်ရှိသော မြစ်နှင့်တူသောသဘော 'သရိတာ'၊အဆိပ်နှင့်တူသောသဘော 'ဝိသတ္တိကာ'၊ (အကျိုးမဲ့သို့ရောက်အောင် နှောင်ဖွဲ့တတ်သဖြင့်)ကြိုးနှင့်တူသောသဘော 'သုတ္တ'၊ (ရူပါရုံစသည်တို့၌) ပျံ့နှံ့ တပ်မက်တတ်သောသဘော 'ဝိသဋ္ဌာ'၊ (ထိုထိုအာရုံကိုရခြင်းငှါ)အားထုတ်စေတတ်သောသဘော 'အာယူဟိနီ'၊ (ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝသံသရာ၌မိမိ၏ ချစ်နှစ်သက်သည့်) အဖော်ဖြစ်သောသဘော 'ဒုတိယာ'၊ တောင့်တခြင်းသဘော 'ပဏိဓိ'၊ ( သတ္တဝါတို့ကို )ဘဝသို့ ဆွဲဆောင်ကြောင်းသဘော( ဘဝကြိုး ) 'ဘဝနေတ္တိ'၊ (ထိုထိုအာရုံသို့) ကပ်ရောက်တတ် ( ငြိကပ်တတ် ) သောသဘော၊ တနည်း-(အကျိုးမဲ့ ဆင်းရဲကို ဖြစ်စေတတ်သဖြင့်)တောနှင့်တူသောသဘော 'ဝန'၊(ထိုထိုအာရုံသို့)ပြင်းပြစွာ ကပ်ရောက်တတ်(ငြိကပ်တတ်) သောသဘော၊ တနည်း- (အကျိုးမဲ့ ဆင်းရဲကို လွန်စွာ ဖြစ်စေတတ်သဖြင့်) တောနှင့်တူသောသဘော 'ဝနထ'၊(ချစ်ကြိုက်)ပေါင်းဖော်(ရောနှော)ခြင်းသဘော'သန္ထဝ'၊ချစ်ကြိုက်ခြင်းသဘော 'သိနေဟ'၊ ငဲ့ကွက်တွယ်တာခြင်းသဘော 'အပေက္ခ'၊ ( အာရုံအသီးသီး၌ ) နှောင်ဖွဲ့တတ်သောသဘော 'ပဋိဗန္ဓု'။

( အာရုံကို ) တောင့်တခြင်းသဘော 'အာသာ'၊ တောင့်တပုံအခြင်းအရာ 'အာသိသနာ'၊ တောင့်တတတ်သော စိတ်၏အဖြစ် 'အာသိသိတတ္တ'၊ အဆင်း (ရူပါရုံ)၌ တောင့်တမှု 'ရူပါသာ'၊ အသံ(သဒ္ဒါရုံ)၌ တောင့်တမှု 'သဒ္ဒါသာ'၊ အနံ့(ဂန္ဓာရုံ)၌ တောင့်တမှု 'ဂန္ဓာသာ'၊ အရသာ(ရသာရုံ)၌ တောင့်တမှု 'ရသာသာ'၊ အတွေ့( ဖောဋ္ဌဗ္ဗာရုံ )၌ တောင့်တမှု 'ဖောဋ္ဌဗ္ဗာသာ'၊ ရအပ်သော အရာဝတ္ထု( လာဘ် )၌ တောင့်တမှု 'လာဘာသာ'၊ ပစ္စည်းဥစ္စာ၌ တောင့်တမှု 'ဓနာသာ'၊ သားသမီး၌ တောင့်တမှု 'ပုတ္တာသာ'၊ အသက်၌ တောင့်တမှု 'ဇီဝိတာသာ'။

(သတ္တဝါတို့ကို)တပ်မက်စေတတ်သောသဘော၊ တနည်း- (ငါ့ဥစ္စာ ငါ့ဥစ္စာဟု) ပြောဆိုစေတတ်သောသဘော 'ဇပ္ပါ'၊ (သတ္တဝါတို့ကို) ထူးထူးခြားခြား တပ်မက်စေတတ်သော သဘော၊ တနည်း- (ငါ့ဥစ္စာ ငါ့ဥစ္စာဟု)ထပ်ကာ ထပ်ကာ ပြောဆိုစေတတ်သောသဘော 'ပဇပ္ပါ'၊ (သတ္တဝါတို့ကို) အလွန်တပ်မက်စေတတ်သော သဘော၊ တနည်း-(ငါ့ဥစ္စာ ငါ့ဥစ္စာဟု) အလွန်ပြောဆိုစေတတ်သောသဘော 'အဘိဇပ္ပါ'၊ တပ်မက်စေခြင်းသဘော 'ဇပ္ပါ'၊ တပ်မက်စေပုံအခြင်းအရာ 'ဇပ္ပနာ'၊ တပ်မက်စေတတ်သည်၏အဖြစ် 'ဇပ္ပိတတ္တ'။

(အာရုံ၌ အဘန်ဘန်)လုယက် ဆွဲငင်ခြင်းသဘော(အလွန်တပ်မက်ခြင်းသဘော) 'လောလုပ္ပ'၊ (အာရုံ၌ အဘန်ဘန်)လုယက် ဆွဲငင်ပုံအခြင်းအရာ 'လောလုပ္ပါယနာ'၊ (အာရုံ၌ အဘန်ဘန်) လုယက် ဆွဲငင်တတ်သည်၏အဖြစ် 'လောလုပ္ပါယိတတ္တ'၊ အမြီးနန့်သောခွေးကဲ့သို့(လာဘ်လာဘ၌)

http://www.dhammadownload.com



တုန်လှုပ်ခြင်းသဘော 'ပစ္စတ္ထိကတာ'၊ ကောင်းသော အာရုံတို့ကို လိုလားသူ၏အဖြစ် 'သာဒုက-မျတာ'၊ (အမိ, အဒေါ် စသော) မသင့်လျော်သော အရာ၌ တပ်မက်ခြင်းသဘော 'အဓမ္မရာဂ'၊ မညီမမျှ အဆမတန် အားကြီးစွာ လိုချင်ခြင်းသဘော 'ဝိသမလောဘ'၊ (အာရုံကို) နှစ်သက်ခြင်းသဘော 'နိကန္တိ'၊ နှစ်သက်ပုံ အခြင်းအရာ 'နိကာမနာ'၊ မြော်လင့်တောင့်တခြင်းသဘော 'ပတ္ထနာ'၊ ချစ်ခင်ခြင်းသဘော 'ပိဟနာ'၊ ကောင်းစွာ မြော်လင့်တောင့်တခြင်းသဘော 'သမ္ပတ္ထနာ'။

ကာမဂုဏ်ငါးပါးတို့၌ တပ်မက်မှု 'ကာမတဏှာ'၊ (ရူပ, အရူပ) ဘဝတို့၌ တပ်မက်မှု 'ဘဝတဏှာ'၊ (ဥစ္ဆေဒဟု ဆိုအပ်သော) ဘဝကင်းခြင်း၌ တပ်မက်မှု 'ဝိဘဝတဏှာ'၊ ရူပဘုံ၌ တပ်မက်မှု 'ရူပ-တဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ခြင်း၌ တပ်မက်မှု 'နိရောဓတဏှာ'၊ အဆင်း (ရူပါရုံ)၌ တပ်မက်မှု 'ရူပတဏှာ'၊ အသံ (သဒ္ဒါရုံ)၌ တပ်မက်မှု 'သဒ္ဒတဏှာ'၊ အနံ့ (ဂန္ဓာရုံ)၌ တပ်မက်မှု 'ဂန္ဓတဏှာ'၊ အရသာ (ရသာရုံ)၌ တပ်မက်မှု 'ရသတဏှာ'၊ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)၌ တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ'၊ သဘောတရား (ဓမ္မာရုံ)၌ တပ်မက်မှု 'ဓမ္မတဏှာ'။

(ဝဋ်ဆင်းရဲ၌) နှစ်မြုပ်စေခြင်းသဘော 'ဩဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေခြင်းသဘော 'ယောဂ'၊ (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ'၊ ပြင်းစွာယူခြင်း (စွဲလမ်းခြင်း) သဘော 'ဥပါဒါန'၊ (ကုသိုလ်တရားတို့ကို) ပိတ်ပင်တတ်သောသဘော 'အာဝရဏ'၊ (ကုသိုလ်တရားတို့ကို) တားမြစ်တတ်သော သဘော 'နီဝရဏ'၊ (အမှန်တရားကို) ဖုံးကွယ်ခြင်းသဘော 'ဆာဒန'၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဖွဲ့နှောင်တတ်သော သဘော 'ဗန္ဓန'၊ (စိတ်ကို) ကပ်၍ ညစ်နွမ်းစေတတ်သောသဘော 'ဥပက္ကိလေသ'၊ အစဉ်ကိန်းဝပ်တတ်သောသဘော၊ တနည်း-လျောက်ပတ်သောအကြောင်းကို ရလျှင် (အကြောင်းညီညွတ်လျှင်) ဖြစ်တတ်သောသဘော 'အနုသယ'၊ ထက်ဝန်းကျင် (စိတ်တခုလုံးသိမ်းကျုံး၍) ထကြွ (သောင်းကျန်း) တတ်သော သဘော 'ပရိယုဋ္ဌာန'၊ (ရစ်ပတ်တတ်သော) နွယ်နှင့်တူသော သဘော 'လတာ'၊ အရာဝတ္ထုအမျိုးမျိုးတို့ကို လိုချင်တတ်သော သဘော 'ဝေဝိစ္ဆ'၊ (ဝဋ်)ဆင်းရဲ၏ အခြေအမြစ် 'ဒုက္ခမူလ'၊ (ဝဋ်)ဆင်းရဲ၏ အကြောင်းရင်း 'ဒုက္ခနိဒါန'၊ (ဝဋ်)ဆင်းရဲ၏ စရာဖြစ်ရာ 'ဒုက္ခပ္ပဘဝ'၊ မာရ်၏ကျော့ကွင်း 'မာရပါသ'၊ မာရ်၏ငါးမြှားချိတ် 'မာရဗဠိသ'၊ မာရ်၏အရာ (မာရ်၏နယ်ပယ်) 'မာရဝိသယ'၊ (ယိုစီးတတ်သော) တပ်မက်မှုတဏှာမြစ် 'တဏှာနဒီ'၊ (ဖုံးလွှမ်းတတ်သော) တပ်မက်မှု တဏှာ ကွန်ရက် 'တဏှာဇာလ'၊ (မြဲမြံစွာ နှောင်ဖွဲ့တတ်သော) တပ်မက်မှု တဏှာ‌တောက် 'တဏှာဂဒ္ဒုလ'၊ ပြည့်နိုင်ခဲသော တပ်မက်မှု တဏှာသမုဒ္ဒရာ 'တဏှာသမုဒ္ဒ'၊ (သူတပါးပစ္စည်းကို) လိုချင်မက်မောမှု 'အဘိဇ္ဈာ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော လိုချင်တပ်မက်မှု 'လောဘ အကုသလမူလ' သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို လိုချင်တပ်မက်မှု 'လောဘ' ဟု ဆိုအပ်၏။ (၁၀၄၁)

ဒေါသ ၁၀၆၆။ ထို (အကုသိုလ်ဟိတ်သုံးပါးတို့) တွင် ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' ဟူသည် အဘယ်နည်း။ "ငါ၏ အကျိုးမဲ့ကိုပြုကျင့်ခဲ့ပြီ" ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကိုပြုကျင့်နေဆဲဖြစ်သည်" ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့" ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲ ဖြစ်သည်။ပ။ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့" ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ မချစ်ခင် မမြတ်နိုးအပ်သူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးကို ပြုကျင့်လတ္တံ့" ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ ထို့ပြင် အကြောင်းမဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု) သည် ဖြစ်၏။

http://www.dhammadownload.com



ဤသို့သဘောရှိသော စိတ်၏ အကြင်ရန်ငြိုးဖွဲ့မှု 'အာဃာတ'၊ လွန်စွာ ရန်ငြိုးဖွဲ့မှု 'ပဋိဃာတ'၊ (အာရုံ၌)ထိပါးမှု(မုန်းထားမှု)'ပဋိဃ'၊ လွန်စွာဆန့်ကျင်ခြင်းသဘော 'ပဋိဝိရောဓ'၊ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) သဘော 'ကောပ'၊ လွန်စွာစိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) သဘော 'ပကောပ'၊အလွန်ပြင်းစွာ စိတ်ဆိုးခြင်း(အမျက်ထွက်ခြင်း) သဘော'သမ္ပကောပ'၊ဖျက်ဆီးပြစ်မှားခြင်းသဘော 'ဒေါသ'၊ လွန်စွာဖျက်ဆီးပြစ်မှားခြင်းသဘော 'ပဒေါသ'၊ အလွန် ပြင်းစွာဖျက်ဆီးပြစ်မှားခြင်းသဘော 'သမ္ပဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်းသဘော 'စိတ္တဿ ဗျာပတ္တိ'၊ စိတ်ပျက်စီးခြင်းသဘော 'မနောပဒေါသ'၊ အမျက်ထွက်ခြင်းသဘော 'ကောဓ'၊ အမျက်ထွက်ပုံအခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သူ၏အဖြစ်'ကုဇ္ဈိတတ္တ'၊ ဖျက်ဆီးပြစ်မှားခြင်းသဘော'ဒေါသ'၊ ဖျက်ဆီးပြစ်မှားပုံအခြင်းအရာ'ဒုဿနာ'၊ဖျက်ဆီးပြစ်မှားတတ်သူ၏အဖြစ် 'ဒုဿိတတ္တ'၊ဖောက်ပြန်ပျက်စီးခြင်းသဘော 'ဗျာပတ္တိ'၊ ဖောက်ပြန်ပျက်စီးပုံအခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သည်၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ လွန်စွာအဘန်ဘန် ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသူ၏အဖြစ်(ကြမ်းတမ်းမှု)'စဏ္ဍိက္က'၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မိမိ ပကတိစိတ် မဟုတ်သည်၏အဖြစ် (မနှစ်လိုမှု) 'အနတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'ဟူ၍ ဆိုအပ်၏။ (၄၁၈, ၄၁၉, ၁၁၄၂, ၁၂၃၄, ၁၂၄၂)

မောဟ ၁၀၆၇။ ထို(အကုသိုလ်ဟိတ်သုံးပါးတို့)တွင် (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'ဟူသည် အဘယ်နည်း။ ဆင်းရဲ၌ မသိမှု'ဒုက္ခေ အညာဏ'၊ ဆင်းရဲဖြစ်ကြောင်း၌မသိမှု 'ဒုက္ခသမုဒယေ အညာဏ'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၌ မသိမှု 'ဒုက္ခနိရောဓေ အညာဏ'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မသိမှု 'ဒုက္ခနိရောဓဂါမိနီယာ ပဋိပဒါယ အညာဏ'၊ရှေးအဘို့၌(ဖြစ်ပြီးသောခန္ဓာစသည်တို့၌) မသိမှု'ပုဗ္ဗန္တေ အညာဏ'၊ နောက်အဘို့၌(ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌)မသိမှု'အပရန္တေ အညာဏ'၊ရှေးအဘို့ နောက်အဘို့၌(ဖြစ်ပြီးဖြစ်လတ္တံ့ခန္ဓာစသည်တို့၌) မသိမှု'ပုဗ္ဗန္တာပရန္တေ အညာဏ'၊ ဤ (ဇရာ မရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထိုအကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ မသိမှု 'ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏ'သည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင် မသိခြင်းသဘော 'အညာဏ'၊ (အမှန်တရားကို) မမြင်ခြင်းသဘော 'အဒဿန'၊ ထိုးထွင်း၍ မသိကတတ်သောသဘော 'အနဘိသမယ'၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော 'အနနုဗောဓ'၊ (အနိစ္စ စသည်တို့နှင့် ယှဉ်၍) မသိတတ်သော သဘော (မှားယွင်းစွာ သိတတ်သော သဘော) 'အသမ္ဗောဓ'၊ ထိုးထွင်း၍ မသိခြင်းသဘော 'အပ္ပဋိဝေဓ'၊ (အနိစ္စ စသည်ဖြင့်) မယူတတ်သောသဘော 'အသံဂါဟနာ'၊ (အမှန်တရားကို) သက်ဝင်၍ (နားလည်၍) မယူတတ်သောသဘော 'အပရိယောဂါဟနာ'၊ ညီညီညွတ်ညွတ် မရှုတတ် (အနိစ္စစသည်ကို နိစ္စစသည်ဟု မညီမညွတ်ရှုတတ်)သောသဘော 'အသမပေက္ခန'၊ မဆင်ခြင်တတ်သောသဘော 'အပစ္စဝေက္ခဏာ'၊ မျက်မှောက် မရှုတတ်သောသဘော (အကောင်းအဆိုးကို မဝေခွဲတတ်သောသဘော) 'အပစ္စက္ခကမ္မ'၊ (စိတ်) ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်းသဘော 'ဒုမ္မေဇ္ဈ'၊ လူမိုက်ဖြစ်ကြောင်းသဘော 'ဗာလျ'၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် မသိတတ်သောသဘော 'အသမ္ပဇည'၊ (အမှန်သဘော၌) တွေဝေခြင်းသဘော (အမှန်ကိုမသိမှု)'မောဟ'၊ ပြင်းစွာ တွေဝေခြင်းသဘော 'ပမောဟ'၊ ထက်ဝန်းကျင် (တရားအားလုံး၌)

http://www.dhammadownload.com



တွေဝေခြင်းသဘော 'သမ္မောဟ'၊ သိအပ်သည်ကို မသိခြင်း (သစ္စာလေးပါးကို မသိခြင်း) သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော မသိမှုသဘော 'အဝိဇ္ဇာနုသယ'၊ (ကိလေသာတို့၏) ထကြွသောင်းကျန်းခြင်းဟူသော မသိမှုသဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်) နှင့် တူသော မသိမှုသဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟ အကုသလမူလ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'ဟူ၍ ဆိုအပ်၏။ (စာပိုဒ် ၃၉၀, ၁၁၀၅, ၁၁၀၆, ၁၂၃၈)

ဤသုံးပါးတို့သည် အကုသိုလ်အကြောင်းရင်း အခြေအမြစ်(အကုသိုလ်ဟိတ်)တို့တည်း။

**အဗျာကတဟိတ်သုံးပါး** ၁၀၆၈။ ထို(ဟိတ်တို့)တွင် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟော အပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်' သုံးပါးတို့ ဟူသည် အဘယ်တို့နည်း။ ကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တို့၌ရင်း၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှဖြစ်သော 'ကိရိယာဗျာကတ' တရားတို့၌ရင်း (ရှိသော)မလိုချင် မတပ်မက်မှု'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု'အဒေါသ'၊ (အမှန် သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'သည် (ရှိ၏)။ ဤသုံးပါးတို့သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်းအခြေအမြစ် 'အဗျာကတဟိတ်'တို့တည်း။

**ကာမာဝစရဟိတ်ကိုးပါး** ၁၀၆၉။ ထို(ဟိတ်တို့)ဝယ် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကာမာဝစရဟိတ်' ကိုးပါးတို့ ဟူသည် အဘယ်တို့နည်း။ ကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကုသိုလ်ဟိတ်'သုံးပါး၊ အကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'အကုသိုလ်ဟိတ်' သုံးပါး၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်'သုံးပါးတို့သည် (ရှိကုန်၏)။ ဤဟိတ်ကိုးပါးတို့သည် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကာမာဝစရဟိတ်'တို့တည်း။

**ရူပါဝစရဟိတ်ခြောက်ပါး** ၁၀၇၀။ ထို(ဟိတ်တို့)တွင် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ရူပါဝစရဟိတ်' ခြောက်ပါးတို့ ဟူသည် အဘယ်တို့နည်း။ ကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကုသိုလ်ဟိတ်'သုံးပါး၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်' သုံးပါးတို့သည် (ရှိကုန်၏)။ ဤဟိတ်ခြောက်ပါးတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ရူပါဝစရဟိတ်'တို့တည်း။

**အရူပါဝစရဟိတ်ခြောက်ပါး** ၁၀၇၁။ ထို (ဟိတ်တို့) တွင် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော အကြောင်းရင်း အခြေအမြစ်'အရူပါဝစရဟိတ်' ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။ ကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကုသိုလ်ဟိတ်'သုံးပါး၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်' သုံးပါးတို့သည် (ရှိကုန်၏)။ ဤဟိတ်ခြောက်ပါးတို့သည် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'အရူပါဝစရဟိတ်'တို့တည်း။

http://www.dhammadownload.com



**အပရိယာပန္နဟိတ်ခြောက်ပါး** ၁၀၇၂။ ထို (ဟိတ်တို့)တွင် ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) အကြောင်းရင်း အခြေအမြစ် 'အပရိယာပန္နဟိတ်'ခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း။ ကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကုသိုလ်ဟိတ်'သုံးပါး၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်'သုံးပါးတို့သည် (ရှိကုန်၏)။ ဤဟိတ်ခြောက်ပါးတို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သော အကြောင်းရင်း အခြေအမြစ် 'အပရိယာပန္နဟိတ်'တို့တည်း။

**ကုသိုလ်ဟိတ်သုံးပါး** ၁၀၇၃။ ထို(ဟိတ်တို့)တွင် ကုသိုလ်ဖြစ်သော အကြောင်းရင်း အခြေအမြစ် 'ကုသိုလ်ဟိတ်' သုံးပါးတို့ဟူသည် အဘယ်တို့နည်း။ မလိုချင်မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'သည် (ရှိ၏)။

**အလောဘ** ၁၀၇၄။ (၁) ထို(ကုသိုလ်ဟိတ်သုံးပါးတို့)တွင် မလိုချင်မတပ်မက်မှု 'အလောဘ' ဟူသည် အဘယ်နည်း။ အကြင် မလိုချင်မတပ်မက်ခြင်း သဘော၊ မလိုချင်မတပ်မက်ပုံ အခြင်းအရာ၊ မလိုချင်မတပ်မက်တတ်သူ၏အဖြစ်၊ မစွဲလမ်းခြင်း သဘော၊ မစွဲလမ်းပုံအခြင်းအရာ၊ မစွဲလမ်းတတ်သူ၏အဖြစ်၊ မမက်မောမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မလိုချင်မတပ်မက်မှု 'အလောဘ ကုသလမူလ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို မလိုချင်မတပ်မက်မှု 'အလောဘ'ဟူ၍ ဆိုအပ်၏။ (၃၂, ၁၀၄, ၃၁၂, ၁၀၆၁)

**အဒေါသ** ၁၀၇၅။ (၂) ထို(ကုသိုလ်ဟိတ်သုံးပါးတို့)တွင် မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ' ဟူသည် အဘယ်နည်း။ အကြင်မဖျက်ဆီး မပြစ်မှားခြင်းသဘော မဖျက်ဆီးမပြစ်မှားပုံအခြင်းအရာ၊ မဖျက်ဆီးမပြစ်မှားတတ်သူ၏ အဖြစ်။ပ။ စိတ်မဖျက်ဆီးမှု၊ စိတ်မပျက်စီးစေလိုမှု၊ ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ ကုသလမူလ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'ဟူ၍ ဆိုအပ်၏။ (၃၃,၃၉, ၁၀၅, ၃၁၃, ၁၀၆၂)

**အမောဟ** ၁၀၇၆။ (၃) ထို(ကုသိုလ်ဟိတ်သုံးပါးတို့)တွင် (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'ဟူသည် အဘယ်နည်း။ ဆင်းရဲ၌သိမှု 'ဒုက္ခေဉာဏ်'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ဒုက္ခသမုဒယေဉာဏ်'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၌ သိမှု 'ဒုက္ခနိရောဓေဉာဏ်'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ သိမှု 'ဒုက္ခနိရောဓဂါမိနိပဋိပဒါဉာဏ်'၊ ရှေးအဘို့၌ (ဖြစ်ပြီးသော ခန္ဓာစသည်တို့၌) သိမှု 'ပုဗ္ဗန္တေဉာဏ်'၊ နောက်အဘို့၌ (ဖြစ်လတ္တံ့သောခန္ဓာစသည်တို့၌)သိမှု 'အပရန္တေဉာဏ်'၊ ရှေးအဘို့ နောက်အဘို့၌(ဖြစ်ပြီးဖြစ်လတ္တံ့ခန္ဓာစသည်တို့၌) သိမှု 'ပုဗ္ဗန္တာပရန္တေဉာဏ်'၊ ဤ (ဇရာမရဏ စသည်တို့၏)အကြောင်းတရားနှင့် (ဇာတိစသော ထိုထိုအကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ သိမှု 'ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဓမ္မေသုဉာဏ်'သည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင်(ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော၊ (အနိစ္စ စသည်ကို) စိစစ်ခြင်းသဘော၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် စိစစ်ခြင်းသဘော၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ (အနိစ္စစသည်ကို) ကောင်းစွာ မှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏

အဖြစ်၊ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ (ထင်ရှားပြတတ်သူ)၏ အဖြာ်၊(အနိစ္စစသည်ကို)ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ မြေကြီးနှင့်တူသော သဘော၊ တနည်း-ဟုတ်မှန်သောအနက်၌ မွေ့လျော်တတ်သောသဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော၊ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ(ခွဲခွဲခြားခြား) အပြားအားဖြင့် သိတတ်သော သဘော၊ (လမ်းမှားသို့ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်ဘပြာ) နှင့်တူသော သဘော၊ ပညာဟူသော အစိုးတရ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာလက်နက်'၊(မိမိဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု'ပညာပြာသာဒ်'၊(အဝိဇ္ဇာအမိုက်မှောင်ကိုပယ်ဖျောက်၍ ထွန်းလင်းစေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာအလင်း'၊(ကြည်လင်တောက်ပသော) (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာအရောင်'၊ (ထွန်းပြတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု 'ပညာတန်ဆောင်'၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကိုဖြစ်စေတတ်သော) (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု'ပညာရတနာ'၊ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ထွက်မြောက်ကြောင်း (မဂ်)၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်' ဖြစ်သော, ထွက်မြောက်ကြောင်း (မဂ်)၌ အကျုံးဝင်သော, ကောင်းစွာ သိမှု (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော (သစ္စာလေးပါး) တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'ဟူ၍ ဆိုအပ်၏။ (၃၄, ၁၀၆, ၃၁၄, ၁၀၆၃)

ဤဟိတ်သုံးပါးတို့သည် ကုသိုလ် အကြောင်းရင်း အခြေအမြစ် (ကုသိုလ်ဟိတ်) တို့တည်း။

**အဗျာကတဟိတ်သုံးပါး**　၁၀၇၇။ ထို(အပရိယာပန္နဟိတ်တို့)တွင် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေ အမြစ် 'အဗျာကတဟိတ်'သုံးပါးတို့ဟူသည် အဘယ်တို့နည်း။ ကုသိုလ်တရားတို့၏ အကျိုးဝိပါက်တို့၌ (ရှိသော) မလိုချင် မတပ်မက်မှု'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'သည် (ရှိ၏)။ ဤဟိတ်သုံးပါးတို့သည် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် 'အဗျာကတဟိတ်'တို့တည်း။

ဤအကြောင်းရင်းအခြေအမြစ် 'ဟိတ်'ခြောက်ပါးတို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သော အကြောင်းရင်း အခြေအမြစ် 'အပရိယာပန္နဟိတ်'တို့တည်း။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်'ဟိတ်'မည်ကုန်၏။

**ဟိတ် မမည်သော 'နဟေတု' တရား**　၁၀၇၈။ (၂) အဘယ် တရားတို့သည် အကြောင်းရင်း အခြေအမြစ်'ဟိတ်'မမည်သော 'နဟေတု' တရား ဖြစ်ကုန်သနည်း။ ထို (ဟိတ်) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား,

http://www.dhammadownload.com



အဗျာကတ တရားဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူး သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် ဟိတ် မမည်သော 'နဟေတု'တရား ဖြစ်ကုန်၏။

## ၂-သဟေတုကဒုက်

**ဟိတ်ရှိသော'သဟေတုက'တရား** ၁၀၇၉။ (၁) အဘယ်တရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်' ရှိသော 'သဟေတုက' တရား ဖြစ်ကုန်သနည်း။ ထို (ဟိတ်) တရားတို့ဖြင့် (ထိုဟိတ်တရားတို့နှင့် ယှဉ်သဖြင့်) အကြောင်းရင်း အခြေအမြစ်(ဟိတ်)ရှိကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' ဟူသော အကြင်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်' ရှိသော 'သဟေတုက'တရား ဖြစ်ကုန်၏။

**ဟိတ်မရှိသော'အဟေတုက'တရား** ၁၀၈၀။ (၂) အဘယ် တရားတို့သည် အကြောင်းရင်း အခြေ အမြစ် 'ဟိတ်' မရှိသော 'အဟေတုက'တရား ဖြစ်ကုန်သနည်း။ ထို (ဟိတ်) တရားတို့ဖြင့် (ထို ဟိတ်တရားတို့နှင့် မယှဉ်သဖြင့်) အကြောင်းရင်း အခြေအမြစ် 'ဟိတ်' မရှိကုန်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း တရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟူသော အကြင် တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်'ဟိတ်'မရှိသော 'အဟေတုက'တရားဖြစ်ကုန်၏။

## ၃-ဟေတုသမ္ပယုတ္တဒုက်

**ဟိတ်နှင့်ယှဉ်သော'ဟေတုသမ္ပယုတ္တ'တရား** ၁၀၈၁။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့် ယှဉ်သော 'ဟေတုသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ထို (ဟိတ်) တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်) အစု'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့် ယှဉ်သော 'ဟေတုသမ္ပယုတ္တ'တရား ဖြစ်ကုန်၏။

**ဟိတ်နှင့်မယှဉ်သော'ဟေတုဝိပ္ပယုတ္တ'တရား** ၁၀၈၂။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့်မယှဉ်သော 'ဟေတုဝိပ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ထို(ဟိတ်) တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့် မယှဉ်သော 'ဟေတုဝိပ္ပယုတ္တ'တရားဖြစ်ကုန်၏။

http://www.dhammadownload.com



## ၄-ဟေတု သဟေတုကဒုက်

**ဟေတု သဟေတုကတရား** ၁၀၇၃။ (၁) အဘယ်တရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်းမည်၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်းရှိသော 'ဟေတု သဟေတုက'တရားဖြစ်ကုန်သနည်း။ လိုချင်တပ်မက်မှု'လောဘ'သည် အကြောင်းရင်းအခြေအမြစ်'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟကြောင့် အကြောင်းရင်း အခြေအမြစ်'ဟိတ်'ရှိသည်လည်းဖြစ်၏၊ (အမှန်သဘော၌)တွေဝေမှု(အမှန်ကိုမသိမှု)'မောဟ' သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) လောဘကြောင့် အကြောင်းရင်း အခြေအမြစ်'ဟိတ်' ရှိသည်လည်း ဖြစ်၏၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟကြောင့် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'ရှိသည်လည်းဖြစ်၏၊ (အမှန်သဘော၌)တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒေါသကြောင့် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'ရှိသည်လည်း ဖြစ်၏၊ မလိုချင်မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ ထို(တရားသုံးပါး)တို့သည် အကြောင်းရင်းအခြေအမြစ်'ဟိတ်'လည်း မည်ကုန်၏၊ အချင်းချင်း (ယှဉ်ဘက်ဖြစ်သဖြင့်)အကြောင်းရင်းအခြေအမြစ်'ဟိတ်' ရှိသည်လည်း ဖြစ်ကုန်၏။ ဤတရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်း မည်၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်းရှိသော 'ဟေတု သဟေတုက'တရား ဖြစ်ကုန်၏။

**သဟေတုက န ဟေတုတရား** ၁၀၇၄။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်' သာရှိ၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'မမည်သော 'သဟေတုက န ဟေတု'တရားဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (ယှဉ်ဘက်ဖြစ်သောဟိတ်) တရားတို့ကြောင့် အကြောင်းရင်းအခြေအမြစ် 'ဟိတ်' ရှိသော 'သဟေတုက' တရားဖြစ်ကုန်၏၊ (ထိုသဟေတုက တရားတို့၌ပါရှိသော) ထို (ယှဉ်ဘက်ဖြစ်သော ဟိတ်)တရားတို့ကို ချန်ထား၍ (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'သာ ရှိ၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'မမည်သော 'သဟေတုက န ဟေတု' တရားဖြစ်ကုန်၏။

## ၅-ဟေတု ဟေတုသမ္ပယုတ္တဒုက်

**ဟေတု ဟေတုသမ္ပယုတ္တတရား** ၁၀၇၅။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မည်၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့်လည်း ယှဉ်သော'ဟေတု ဟေတုသမ္ပယုတ္တ'တရားဖြစ်ကုန်သနည်း။ လိုချင် တပ်မက်မှု 'လောဘ'သည် အကြောင်းရင်းအခြေအမြစ်'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟကြောင့် အကြောင်းရင်းအခြေအမြစ် 'ဟိတ်' နှင့်ယှဉ်သည်လည်းဖြစ်၏၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'လောဘ'ကြောင့် အကြောင်းရင်းအခြေအမြစ် 'ဟိတ်' နှင့်ယှဉ်သည်လည်း ဖြစ်၏၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'သည် အကြောင်းရင်း အခြေအမြစ်'ဟိတ်'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟကြောင့် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'နှင့် ယှဉ်သည်လည်းဖြစ်၏၊

http://www.dhammadownload.com



(အမှန်သဘောဌ) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်' လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒေါသကြောင့် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'နှင့် ယှဉ်သည်လည်းဖြစ်၏၊ မလိုချင်မတပ်မက်မှု 'အလောဘ'၊ မဖျက်ဆီးမပြစ်မှားမှု 'အဒေါသ'၊ (အမှန်သဘောဌ) မတွေဝေမှု(အမှန်ကိုသိမှု) 'အမောဟ'၊ ထို(တရားသုံးပါး) တို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မည်ကုန်၏၊ အချင်းချင်း (ယှဉ်ဘက်ဖြစ်သဖြင့်)အကြောင်းရင်းအခြေအမြစ် 'ဟိတ်' နှင့်ယှဉ်သည်လည်း ဖြစ်ကုန်၏၊ ဤတရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'လည်း မည်၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'နှင့်လည်း ယှဉ်သော 'ဟေတု ဟေတုသမ္ပယုတ္တ'တရား ဖြစ်ကုန်၏။

**ဟေတုသမ္ပယုတ္တ န ဟေတုတရား** ၁၀၇၆။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်' နှင့်သာ ယှဉ်၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'မမည်သော 'ဟေတုသမ္ပယုတ္တ န ဟေတု'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (ဟိတ်)တရားတို့နှင့် ယှဉ်သော 'ဟေတုသမ္ပယုတ္တ'တရား ဖြစ်ကုန်၏၊ (ထိုဟေတုသမ္ပယုတ္တတရားတို့၌ပါရှိသော) ထို (ယှဉ်ဘက်ဖြစ်သောဟိတ်)တရားတို့ကို ချန်ထား၍ (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်းအခြေအမြစ် 'ဟိတ်'နှင့်သာယှဉ်၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'မမည်သော 'ဟေတုသမ္ပယုတ္တ န ဟေတု'တရား ဖြစ်ကုန်၏။

## ၆- န ဟေတု သဟေတုကဒုက်

**န ဟေတု သဟေတုကတရား** ၁၀၇၇။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'မမည်မူ၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'ရှိသော 'န ဟေတု သဟေတုက'တရား ဖြစ်ကုန်သနည်း။ အကြောင်းရင်းအခြေအမြစ် 'ဟိတ်'မမည်ကုန်သော, ထို (ယှဉ်ဘက်ဖြစ်သော ဟိတ်) တရားတို့ကြောင့် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'ရှိကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အကြောင်းရင်းအခြေအမြစ်'ဟိတ်'မမည်မူ၍ အကြောင်းရင်းအခြေအမြစ် 'ဟိတ်' ရှိသော 'န ဟေတု သဟေတုက'တရား ဖြစ်ကုန်၏။

**န ဟေတု အဟေတုကတရား** ၁၀၇၈။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မမည်မူ၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်းမရှိသော 'န ဟေတု အဟေတုက'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မမည်၊ ထို(ဟိတ်)တရားတို့ဖြင့် (ထိုဟိတ်တရားတို့နှင့် မယှဉ်သဖြင့်)အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မရှိကုန်၊ (ထိုသို့သဘောရှိသော)ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မမည်မူ၍ အကြောင်းရင်း အခြေအမြစ် 'ဟိတ်'လည်း မရှိသော 'န ဟေတု အဟေတုက'တရား ဖြစ်ကုန်၏။

ဟေတုဂေါစ္ဆက ပြီးပြီ။

http://www.dhammadownload.com



## ၂-စူဠန္တရဒုက်

### ၁-သပ္ပစ္စယဒုက်

သပ္ပစ္စယတရား ၁၀၇၉။ (၁) အဘယ်တရားတို့သည် (ကံ,စိတ်,ဥတု,အာဟာရဟူသော) အကြောင်းတရားလေးပါးတို့နှင့် တကွဖြစ်သော(အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော) 'သပ္ပစ္စယ'တရား ဖြစ်ကုန်သနည်း။ ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု'ဝိညာဏက္ခန္ဓာ'ဟူသော ခန္ဓာငါးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည်(ကံ,စိတ်, ဥတု, အာဟာရဟူသော) အကြောင်းတရားလေးပါးတို့နှင့် တကွဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော)'သပ္ပစ္စယ'တရား ဖြစ်ကုန်၏ (စိတ်, စေတသိက်, ရုပ်)။

အပ္ပစ္စယတရား ၁၀၈၀။ (၂) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု,အာဟာရဟူသော) အကြောင်းတရား လေးပါးတို့နှင့် တကွ မဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်မဖြစ်သော) 'အပ္ပစ္စယ'တရား ဖြစ်ကုန်သနည်း။ (ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် (ကံ, စိတ်, ဥတု,အာဟာရဟူသော)အကြောင်းတရားလေးပါးတို့နှင့် တကွမဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်မဖြစ်သော) 'အပ္ပစ္စယ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်)။

### ၂-သင်္ခတဒုက်

သင်္ခတတရား ၁၀၈၁။ (၁) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား လေးပါးတို့သည်) ပြုပြင် စီရင်အပ်သော 'သင်္ခတ'တရားဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် (ကံ, စိတ်, ဥတု, အာဟာရဟူသော) အကြောင်းတရားလေးပါးတို့နှင့် တကွဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော) 'သပ္ပစ္စယ'တရား ဖြစ်ကုန်၏။ ထို(သပ္ပစ္စယ)တရားတို့သည်ပင် (ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့) ပြုပြင်စီရင်အပ်သော'သင်္ခတ'တရား ဖြစ်ကုန်၏ (စိတ်,စေတသိက်, ရုပ်)။

အသင်္ခတတရား ၁၀၈၂။ (၂) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု,အာဟာရဟူသော အကြောင်းတရား လေးပါးတို့သည်) မပြုပြင် မစီရင်အပ်သော 'အသင်္ခတ'တရား ဖြစ်ကုန်သနည်း။ အကြင်တရားသည် (ကံ, စိတ်, ဥတု, အာဟာရဟူသော) အကြောင်းတရား လေးပါးတို့နှင့် တကွမဖြစ်သော (အကြောင်းတရား လေးပါးတို့ကြောင့်မဖြစ်သော) 'အပ္ပစ္စယ'တရားတို့ ဖြစ်၏။ ထို(အပ္ပစ္စယ)တရားသည်ပင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့) မပြုပြင် မစီရင်အပ်သော'အသင်္ခတ'တရား ဖြစ်၏ (နိဗ္ဗာန်)။

### ၃-သနိဒဿနဒုက်

သနိဒဿနတရား ၁၀၈၃။ (၁) အဘယ်တရားတို့သည် မြင်ခြင်းနှင့်တကွဖြစ်သော (မြင်အပ်, မြင်ရသော)'သနိဒဿန'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ်

http://www.dhammadownload.com



(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းနှင့် တကွဖြစ်သော(မြင်အပ်,မြင်ရသော) 'သနိဒဿန'တရား ဖြစ်ကုန်၏ (ရူပါရုံ)။

**အနိဒဿနတရား** ၁၀၉၄။ (၂) အဘယ်တရားတို့သည် မြင်ခြင်းနှင့် တကွမဖြစ်သော (မမြင်အပ်, မမြင်ရသော) 'အနိဒဿန'တရား ဖြစ်ကုန်သနည်း၊ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'။ ထို့ပြင် မြင်ခြင်းနှင့်တကွ, ထိပါးခြင်းနှင့်တကွ မဖြစ်သော, သိမှုစိတ်ဖြစ်ကြောင်းသဘော 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းနှင့် တကွမဖြစ်သော (မမြင်အပ်, မမြင်ရသော) 'အနိဒဿန'တရား ဖြစ်ကုန်၏ (ရူပါရုံမှတပါး အခြားသော တရားများ)။

## ၄-သပ္ပဋိဃဒုက်

**သပ္ပဋိဃတရား** ၁၀၉၅။ (၁) အဘယ်တရားတို့သည် ထိပါးခြင်းနှင့် တကွဖြစ်သော(ထိခိုက်၍ ရသော) 'သပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ်(စက္ခု-ဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤတရားတို့သည် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိခိုက်၍ရသော) 'သပ္ပဋိဃ'တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး, ဝိသယရုပ် ၇-ပါး)။

**အပ္ပဋိဃတရား** ၁၀၉၆။ (၂) အဘယ်တရားတို့သည် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိခိုက်၍မရသော) 'အပ္ပဋိဃ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် မြင်ခြင်းနှင့်တကွ, ထိပါးခြင်းနှင့်တကွ မဖြစ်သော, သိမှုစိတ်ဖြစ်ကြောင်းသဘော 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် ရုပ်၊ ထို့ပြင်(ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိခိုက်၍မရသော) 'အပ္ပဋိဃ'တရား ဖြစ်ကုန်၏ (စိတ်,စေတသိက်, သုခုမရုပ်, နိဗ္ဗာန်)။

## ၅-ရူပီဒုက်

**ရူပီတရား** ၁၀၉၇။ (၁) အဘယ်တရားတို့သည် ဖောက်ပြန်ခြင်းသဘောရှိသော 'ရူပီ'တရား ဖြစ်ကုန်သနည်း။ မဟာဘုတ် လေးပါးတို့သည်၎င်း၊ မဟာဘုတ် လေးပါးတို့ကို မှီ၍(ဖြစ်သော) ရုပ်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ဖောက်ပြန်ခြင်းသဘော ရှိသော 'ရူပီ'တရား ဖြစ်ကုန်၏ (ရုပ်)။

**အရူပီတရား** ၁၀၉၈။ (၂) အဘယ်တရားတို့သည် ဖောက်ပြန်ခြင်းသဘော မရှိသော 'အရူပီ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် ဖောက်ပြန်ခြင်းသဘော မရှိသော 'အရူပီ'တရား ဖြစ်ကုန်၏ (စိတ်,စေတသိက်,နိဗ္ဗာန်)။

http://www.dhammadownload.com



## ၆-လောကိယဒုက်

**လောကိယတရား** ၁၀၉၉။ (၁) အဘယ်တရားတို့သည် လောက၌ အကျုံးဝင်သော 'လောကိယ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် လောက၌ အကျုံးဝင်သော 'လောကိယ'တရား ဖြစ်ကုန်၏ (လောကီစိတ်,စေတသိက်,ရုပ်)။

**လောကုတ္တရာတရား** ၁၁၀၀။ (၂) အဘယ်တရားတို့သည် လောကမှ လွန်မြောက်သော 'လောကုတ္တရာ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် လောကမှ လွန်မြောက်သော 'လောကုတ္တရာ'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၇-ကေနစိ ဝိညေယျဒုက်

**ကေနစိ ဝိညေယျတရား** ၁၁၀၁။ (၁) အဘယ်တရားတို့ကို တစုံတခုသော စိတ်သည် သိအပ်သိထိုက်ကုန်သနည်း (အဘယ်တရားတို့သည် တစုံတခုသောစိတ်ဖြင့် သိအပ်သိထိုက်သော 'ကေနစိ ဝိညေယျ'တရား ဖြစ်ကုန်သနည်း)။

**န ကေနစိ ဝိညေယျတရား** (၂) အဘယ်တရားတို့ကို တစုံတခုသော စိတ်သည် မသိအပ် မသိထိုက်ကုန်သနည်း (အဘယ်တရားတို့သည် တစုံတခုသော စိတ်ဖြင့် မသိအပ်မသိထိုက်သော 'နကေနစိ ဝိညေယျ'တရား ဖြစ်ကုန်သနည်း)။

အကြင်တရားတို့ကို မြင်သိစိတ် စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား သောတဝိညာဏ်ဖြင့် သိအပ်သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

http://www.dhammadownload.com



အကြင်တရားတို့ကို သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ကာယဝိညာဏ်ဖြင့် သိအပ်သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

http://www.dhammadownload.com



အကြင်တရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို စက္ခုဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား စက္ခုဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို သောတဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား သောတဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဃာနဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဃာနဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

အကြင်တရားတို့ကို ကာယဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ဇိဝှါဝိညာဏ်ဖြင့် မသိအပ်မသိထိုက်ကုန်၊ အကြင်တရားတို့ကိုကား ဇိဝှါဝိညာဏ်ဖြင့် သိအပ် သိထိုက်ကုန်၏၊ ထိုတရားတို့ကို ကာယဝိညာဏ်ဖြင့် မသိအပ် မသိထိုက်ကုန်။

ဤတရားတို့ကို တစုံတခုသောစိတ်သည် သိအပ် သိထိုက်ကုန်၏ (ဤတရားတို့သည် တစုံတခုသောစိတ်ဖြင့် သိအပ် သိထိုက်သော 'ကေနစိဝိညေယျ'တရားဖြစ်ကုန်၏)၊ (ဤတရားတို့ကို) တစုံတခုသောစိတ်သည် မသိအပ် မသိထိုက်ကုန် (ဤတရားတို့သည် တစုံတခုသောစိတ်ဖြင့် မသိအပ် မသိထိုက်သော 'န ကေနစိ ဝိညေယျ'တရားဖြစ်ကုန်၏)။

စူဠန္တရဒုက် ပြီးပြီ။

---

## ၃-အာသဝဂေါစ္ဆက

### ၁-အာသဝဒုက်

**အာသဝ** ၁၁၀၂။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရား ဖြစ်ကုန်သနည်း။ လိုချင်ဖွယ် 'ကာမ' တို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ'၊ (ရူပ, အရူပ) ဘဝတို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'၊ အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဒိဋ္ဌာသဝ'၊ သိအပ်သည်ကို မသိမှု (သစ္စာလေးပါးကို မသိမှု)ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'အဝိဇ္ဇာသဝ'ဟူသော အာသဝလေးပါးတို့သည် (ရှိကုန်၏)။

**ကာမာသဝ** ၁၁၀၃။ (၁) ထို(အာသဝလေးပါးတို့)တွင် လိုချင်ဖွယ်'ကာမ'၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ'ဟူသည် အဘယ်နည်း။ လိုချင်ဖွယ် 'ကာမ'တို့၌ အကြင်လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ လိုချင်စွဲလမ်းမှု 'ကာမရာဂ'၊ လိုချင်နှစ်သက်မှု 'ကာမနန္ဒီ'၊ လိုချင်တပ်မက်မှု 'ကာမတဏှာ'၊ လိုချင်ဖွယ်'ကာမ'၌ တပ်မက်မှုအစေး

http://www.dhammadownload.com



'ကာမသိနေဟ'၊ လိုချင်မှု 'ကာမ'ဟူသော ပူလောင်မှု 'ကာမပရိဠာဟ'၊ လိုချင်မိန်းမောမှု (လိုချင်မှုအားကြီးသဖြင့် မိန်းမောမှု) 'ကာမမုစ္ဆာ'၊ လိုချင်ဖွယ်ကာမကို မျိုမျို၍ ပြီးဆုံးစေခြင်း (လိုချင်ဖွယ်ကာမကို အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်မှု) 'ကာမဇ္ဈောသာန'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို လိုချင်ဖွယ် 'ကာမ'၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ'ဟူ၍ ဆိုအပ်၏ (လောဘ)။

ဘဝါသဝ ၁၁၀၄။ (၂) ထို(အာသဝလေးပါးတို့)တွင်(ရူပ, အရူပ) ဘဝတို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'ဟူသည် အဘယ်နည်း။ (ရူပ,အရူပ) ဘဝတို့၌ အကြင် ဘဝကို တောင့်တမှု'ဘဝဆန္ဒ'၊ ဘဝကို စွဲလမ်းမှု'ဘဝရာဂ'၊ ဘဝကို နှစ်သက်မှု'ဘဝနန္ဒီ'၊ ဘဝကိုတပ်မက်မှု'ဘဝတဏှာ'၊ ဘဝ၌(တပ်မက်မှု) အစေး 'ဘဝသိနေဟ'၊ ဘဝကို လိုချင်မှုဟူသော ပူလောင်မှု အပူ'ဘဝပရိဠာဟ'၊ဘဝကို လိုချင်မှု အားကြီးသဖြင့် မိန်းမောမှု'ဘဝမုစ္ဆာ'၊ ဘဝကို မျိုမျို၍ ပြီးဆုံးစေမှု(ဘဝကို အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်မှု)'ဘဝဇ္ဈောသာန'သည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို (ရူပ,အရူပ) ဘဝတို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'ဟူ၍ ဆိုအပ်၏ (လောဘ)။

ဒိဋ္ဌာသဝ ၁၁၀၅။ (၃) ထို(အာသဝလေးပါးတို့)တွင် အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဒိဋ္ဌာသဝ'ဟူသည် အဘယ်နည်း။ (ခန္ဓာငါးပါးဟူသော) လောကသည် မြဲ၏ဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် မမြဲဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး (အပိုင်းအခြား)ရှိ၏ဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး (အပိုင်းအခြား) မရှိဟူ၍ရင်း၊ ထိုအသက် 'ဇီဝ' သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း၊ အသက် 'ဇီဝ'သည် တခြား ကိုယ်သည် တခြားဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း၊ ဤသို့သဘောရှိသော အကြင်အမြင်မှားမှု 'ဒိဋ္ဌိ'၊ (၆၂ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတည်းဟူသော တောအုပ် 'ဒိဋ္ဌိဂဟန'၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှုခရီးခဲ 'ဒိဋ္ဌိကန္တာရ'၊ သမ္မာဒိဋ္ဌိကို ထွင်းဖောက် ဖျက်ဆီးခြင်းသဘော 'ဒိဋ္ဌိ ဝိသူကာယိက'၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်း သဘော 'ဒိဋ္ဌိဝိပ္ဖန္ဒိတ'၊(ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်း ဖြစ်သော အမြင်မှားမှု 'ဒိဋ္ဌိသညောဇန'၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သော သဘော (အယူသည်းသောသဘော) 'ဂါဟ'၊ (အမြင်မှားမှု၏) တည်ရာဖြစ်သောသဘော 'ပတိဋ္ဌာဟ'၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော 'အဘိနိဝေသ'၊ မှားသောအားဖြင့် သုံးသပ်တတ်သောသဘော 'ပရာမာသ'၊ စက်ဆုပ်အပ်သောလမ်းစဉ် 'ကုမ္မဂ္ဂ'၊ မှားသော ခရီးလမ်းကြောင်း 'မိစ္ဆာပထ'၊ မှားယွင်းသောသဘော 'မိစ္ဆတ္တ'၊ မှားသော အယူတည်းဟူသော အကျိုးမဲ့တို့၏ဖြစ်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန် မှားယွင်းသော (အားဖြင့်) စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း'ဒိဋ္ဌာသဝ'ဟူ၍ ဆိုအပ်၏၊ အလုံးစုံသော အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည်လည်း ဒိဋ္ဌာသဝမည်၏(ဒိဋ္ဌိ)။ ( ၃၈၁,၁၀၀၇,၁၁၂၂,၁၁၄၄,၁၁၈၀,၁၂၄၀)

http://www.dhammadownload.com



**အဝိဇ္ဇာသဝ** ၁၁၀၆။ (၄) ထို(အာသဝလေးပါးတို့)တွင် သိအပ်သည်ကို မသိမှု (သစ္စာလေးပါးကို မသိမှု)ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'အဝိဇ္ဇာသဝ' ဟူသည် အဘယ်နည်း။ ဆင်းရဲ၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)၌ မသိမှု၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်၌ မသိမှု၊ ရှေးအဘို့၌ (ဖြစ်ပြီးသောခန္ဓာစသည်တို့၌)မသိမှု၊ နောက်အဘို့၌ (ဖြစ်လတံ့သော ခန္ဓာစသည်တို့၌) မသိမှု၊ ရှေးအဘို့ နောက်အဘို့၌ (ဖြစ်ပြီး ဖြစ်လတံ့သော ခန္ဓာစသည်တို့၌) မသိမှု၊ ဤ (ဇရာ မရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထို အကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ မသိမှုသည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင်မသိခြင်းသဘော 'အညာဏ'၊ (အမှန်တရားကို) မမြင်ခြင်းသဘော 'အဒဿန'၊ ထိုးထွင်း၍ မသိတတ်သောသဘော 'အနဘိသမယ'၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော 'အနနုဗောဓ'၊ (အနိစ္စစသည်တို့နှင့် ယှဉ်၍) မသိတတ်သောသဘော (မှားယွင်းစွာ သိတတ်သောသဘော) 'အသမ္ဗောဓ'၊ ထိုးထွင်း၍ မသိခြင်းသဘော 'အပ္ပဋိဝေဓ'၊ (အနိစ္စစသည်ဖြင့်) မယူတတ်သောသဘော 'အသံဂါဟနာ'၊ (အမှန်တရားကို) သက်ဝင်၍ (နားလည်၍) မယူတတ်သောသဘော 'အပရိယောဂါဟနာ'၊ညီညီညွတ်ညွတ် မရှုတတ် (အနိစ္စစသည်ကို နိစ္စစသည်ဟု မညီမညွတ် ရှုတတ်)သော သဘော 'အသမပေက္ခနာ'၊ မဆင်ခြင်တတ်သောသဘော 'အပစ္စဝေက္ခဏာ'၊ မျက်မှောက် မရှုတတ်သောသဘော (အကောင်းအဆိုးကို မဓလ္ခဲတတ်သောသဘော) 'အပစ္စက္ခကမ္မ' (စိတ်) ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်းသဘော 'ဒုမ္မေဇ္ဈ'၊ လူမိုက်ဖြစ်ကြောင်းသဘော 'ဗာလျ'၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် မသိတတ်သောသဘော 'အသမ္ပဇည'၊ (အမှန်သဘော၌) တွေဝေခြင်းသဘော (အမှန်ကိုမသိမှု) 'မောဟ'၊ (အမှန်သဘော၌) ပြင်းစွာ တွေဝေခြင်းသဘော 'ပမောဟ'၊ ထက်ဝန်းကျင် (သရုပ်အားလုံး၌) တွေဝေခြင်းသဘော 'သမ္မောဟ'၊ သိအပ်သည်ကို မသိခြင်း (သစ္စာလေးပါးကို မသိခြင်း) သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော (လျှောက်ပတ်သောအကြောင်းကိုရလျှင် ဖြစ်တတ်သော)မသိမှုသဘော 'အဝိဇ္ဇာနုသယ'၊ (စိတ်၌ ကိလေသာတို့၏) ထကြွသောင်းကျန်းခြင်းဟူသော မသိမှုသဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွားချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်)နှင့်တူသော မသိမှုသဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော (အမှန်တရား၌) တွေဝေမှု 'မောဟ အကုသလမူလ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (သစ္စာလေးပါးကို) မသိမှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'အဝိဇ္ဇာသဝ' ဟူ၍ ဆိုအပ်၏(မောဟ)။ (၁၀၆၇)

ဤတရားတို့သည် အာသဝမည်ကုန်၏ (လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝတရားကိုယ် သုံးပါး)။

**နောအာသဝတရား** ၁၁၀၇။ (၂) အဘယ်တရားတို့သည် ယိုစီးခြင်း ဖြစ်ခြင်း 'အာသဝ' မမည်သော 'နော အာသဝ'တရား ဖြစ်ကုန်သနည်း။ ထို (အာသဝလေးပါး) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော (လောကုတ္တရာဖြစ်သော) ကုသိုလ်တရား

http://www.dhammadownload.com



အကုသိုလ်တရား, အဗျာကတတရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည် (ရှိ၏)။ ဤတရားတို့သည် ယိုစီးခြင်း ဖြစ်ခြင်း 'အာသဝ'မမည်သော 'နော အာသဝ'တရား ဖြစ်ကုန်၏ (စိတ်, အာသဝတရားကိုယ်ကြဉ်သော ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-သာသဝဒုက်

**သာသဝတရား** ၁၁၀၇။ (၁) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိ, မောဟဟူသော) အာသဝတို့၏ အာရုံဖြစ်သော 'သာသဝ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အာသဝတို့၏ အာရုံဖြစ်သော 'သာသဝ'တရား ဖြစ်ကုန်၏ (လောကီ စိတ်, စေတသိက်, ရုပ်)။

**အနာသဝတရား** ၁၁၀၈။ (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိ, မောဟဟူသော) အာသဝတို့၏ အာရုံမဖြစ်သော 'အနာသဝ'တရားဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အာသဝတို့၏ အာရုံမဖြစ်သော 'အနာသဝ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-အာသဝသမ္ပယုတ္တဒုက်

**အာသဝသမ္ပယုတ္တတရား** ၁၁၁၀။ (၁) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိ, မောဟဟူသော) အာသဝနှင့်ယှဉ်သော 'အာသဝသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ထို(အာသဝ) တရားတို့နှင့်ယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင် တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အာသဝနှင့်ယှဉ်သော 'အာသဝသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်, ဒေါသမူမောဟနှင့် မောဟမူ မောဟမှ တပါးသော ယှဉ်ဘက် စေတသိက်များ)။

**အာသဝဝိပ္ပယုတ္တတရား** ၁၁၁၁။ (၂) အဘယ်တရားတို့သည်(လောဘ, ဒိဋ္ဌိ, မောဟဟူသော) အာသဝနှင့် မယှဉ်သော 'အာသဝဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို (အာသဝ)တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အာသဝနှင့် မယှဉ်သော 'အာသဝဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏(ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒေါသမူ မောဟ, မောဟမူမောဟ, ရုပ်, နိဗ္ဗာန်)။

http://www.dhammadownload.com



## ၄-အာသဝ သာသဝဒုက်

**အာသဝ သာသဝတရား** ၁၁၁၂။ (၁) အဘယ် တရားတို့သည် (လောဘ, ဒိဋ္ဌိ, မောဟ ဟူသော) အာသဝလည်းမည်၍ အာသဝတို့၏ အာရုံ လည်းဖြစ်သော 'အာသဝ သာသဝ'တရား ဖြစ်ကုန်သနည်း။ ထို အာသဝတို့သည်ပင် အာသဝ လည်းမည်၍ အာသဝတို့၏ အာရုံလည်း ဖြစ်သော 'အာသဝ သာသဝ'တရားဖြစ်ကုန်၏(လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝတရားကိုယ်သုံးပါး)။

**သာသဝ နော အာသဝတရား** ၁၁၁၃။ (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိ,မောဟ ဟူသော)အာသဝတို့၏ အာရုံဖြစ်သော 'သာသဝ'တရားသာဖြစ်၍ 'အာသဝ'မမည်သော 'သာသဝ နော အာသဝ'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (အာသဝ)တရားတို့ဖြင့် (ထိုအာသဝတရားတို့၏အာရုံမှုအပ်သဖြင့်) အာသဝတရားတို့၏ အာရုံ 'သာသဝ'ဖြစ်ကုန်၏၊ (ထို'သာသဝ'တရားတို့၌ပါရှိသော) ထို(ယှဉ်ဘက် 'အာသဝ')တရားတို့ကို ချန်ထား၍ ကြွင်းကျန်သည့် 'သာသဝ'တရား ဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရား တို့သည် 'အာသဝ'တို့၏ အာရုံသာဖြစ်၍ 'အာသဝ'မမည်သော 'သာသဝ နော အာသဝ'တရား ဖြစ်ကုန်၏ (လောကီစိတ်, အာသဝတရားကိုယ်မှတပါးသော စေတသိက်, ရုပ်)။

## ၅-အာသဝ အာသဝသမ္ပယုတ္တဒုက်

**အာသဝ အာသဝသမ္ပယုတ္တတရား** ၁၁၁၄။ (၁) အဘယ်တရားတို့သည် 'အာသဝ'လည်းမည်၍ 'အာသဝ'နှင့်လည်း ယှဉ်သော 'အာသဝ အာသဝသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။

လိုချင်ဘွယ် ကာမဂုဏ်ငါးပါး 'ကာမ'၌ လိုချင်မှုဟူသောယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ' သည် 'အာသဝ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာသဝကြောင့် အာသဝနှင့်ယှဉ်သည် လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှုဟူသော ယိုစီးခြင်းဖြစ်ခြင်း 'အဝိဇ္ဇာသဝ'သည် အာသဝ လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ကာမာသဝကြောင့် အာသဝနှင့်ယှဉ်သည်လည်း ဖြစ်၏။

(ရူပ, အရူပ) ဘဝ၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'သည် အာသဝလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာသဝကြောင့် အာသဝနှင့်ယှဉ်သည်လည်း ဖြစ်၏။ (သိအပ် သည်ကို) မသိမှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း'အဝိဇ္ဇာသဝ'သည် အာသဝလည်းမည်၏၊ (ယှဉ်ဘက် ဖြစ်သော) ဘဝါသဝကြောင့် အာသဝနှင့် ယှဉ်သည်လည်းဖြစ်၏။

အမြင်မှားမှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဒိဋ္ဌာသဝ'သည် အာသဝလည်း မည်၏၊ (ယှဉ်ဘက် ဖြစ်သော) အဝိဇ္ဇာသဝကြောင့် အာသဝနှင့် ယှဉ်သည်လည်းဖြစ်၏။ (သိအပ်သည်ကို) မသိမှု ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'အဝိဇ္ဇာသဝ'သည် အာသဝလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒိဋ္ဌာသဝကြောင့် အာသဝနှင့်ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



ဤတရားတို့သည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်သော 'အာသဝ အာသဝသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (လောဘမူစိတ်၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)။

**အာသဝသမ္ပယုတ္တ နော အာသဝတရား** ၁၁၁၅။ (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိ, မောဟဟူသော) အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော 'အာသဝသမ္ပယုတ္တ နော အာသဝ'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (အာသဝ) တရားတို့နှင့် ယှဉ်သော 'အာသဝသမ္ပယုတ္တ'တရား ဖြစ်ကုန်၏၊ (ထို အာသဝသမ္ပယုတ္တတရားတို့၌ပါရှိသော) ထို(ယှဉ်ဘက်အာသဝ)တရားတို့ကို ချန်ထား၍ (ကြွင်းကျန်ကုန်သော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော 'အာသဝသမ္ပယုတ္တ နော အာသဝ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, အာသဝတရားကိုယ် ကြဉ်သော ယှဉ်ဘက်စေတသိက်)။

## ၆-အာသဝဝိပ္ပယုတ္တ သာသဝဒုက်

**အာသဝဝိပ္ပယုတ္တ သာသဝတရား** ၁၁၁၆။ (၁) အဘယ်တရားတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝတရားတို့၏ အာရုံဖြစ်သော 'အာသဝဝိပ္ပယုတ္တ သာသဝ'တရား ဖြစ်ကုန်သနည်း။ ထို (အာသဝ)တရားတို့နှင့် မယှဉ်ကုန်သော, အာသဝတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝတို့၏ အာရုံဖြစ်သော 'အာသဝဝိပ္ပယုတ္တ သာသဝ'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒေါသမူမောဟ, မောဟမူမောဟ, ရုပ်)။

**အာသဝဝိပ္ပယုတ္တ အနာသဝတရား** ၁၁၁၇။ (၂) အဘယ်တရားတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝတို့၏ အာရုံလည်း မဖြစ်သော 'အာသဝဝိပ္ပယုတ္တ အနာသဝ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝတို့၏ အာရုံလည်း မဖြစ်သော 'အာသဝဝိပ္ပယုတ္တ အနာသဝ' တရားဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

တရားတို့ကို ချထားဝေဘန်ရာအပိုင်း၌

ရှေးဦးစွာဟောကြားခြင်း 'နိက္ခေပကဏ္ဍ ပဌမဘာဏဝါရ' ပြီးပြီ။

http://www.dhammadownload.com



## ၄-သညောဇနဂေါစ္ဆက

### ၁-သညောဇနဒုက်

**သညောဇနတရား** ၁၁၁၈။ (၁) အဘယ်တရားတို့သည် သံယောဇဉ်မည်သော 'သညောဇန' တရားဖြစ်ကုန်သနည်း။ (ကာမဂုဏ်တို့၌) လိုချင်စွဲလမ်းမှု 'ကာမရာဂ' သံယောဇဉ်၊ (အာရုံ၌) ထိပါးမှု (အမျက်ဒေါသ) 'ပဋိဃ'သံယောဇဉ်၊ (ငါသာလျှင် မြတ်သည် ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'သံယောဇဉ်၊ အမြင်မှားမှု 'ဒိဋ္ဌိ' သံယောဇဉ်၊ ယုံမှားမှု 'ဝိစိကိစ္ဆာ' သံယောဇဉ်၊ (နွား, ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' သံယောဇဉ်၊ ရူပ-အရူပ ဘဝ၌ စွဲလမ်းမှု 'ဘဝရာဂ'သံယောဇဉ်၊ ငြူစူမှု(မနာလိုမှု)'ဣဿာ' သံယောဇဉ်၊ဝန်တိုမှု'မစ္ဆရိယ' သံယောဇဉ်၊ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်ဟူသော သံယောဇဉ်ဆယ်ပါးတို့သည် (ရှိကုန်၏)။

**ကာမရာဂသံယောဇဉ်** ၁၁၁၉။ (၁) ထို (သံယောဇဉ်ဆယ်ပါးတို့)တွင် ကာမဂုဏ်တို့၌ လိုချင်စွဲလမ်းမှု 'ကာမရာဂ'သံယောဇဉ် ဟူသည် အဘယ်နည်း။ လိုချင်ဘွယ် ကာမဂုဏ်ငါးပါးတို့၌ အကြင်လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ လိုချင်စွဲလမ်းမှု 'ကာမရာဂ'၊ လိုချင်နှစ်သက်မှု 'ကာမနန္ဒီ'၊ လိုချင်တပ်မက်မှု 'ကာမတဏှာ'၊ လိုချင်မှုအစေး 'ကာမသိနေဟ'၊ လိုချင်မှု 'ကာမ' ဟူသော ပူလောင်မှု 'ကာမပရိဠာဟ'၊ လိုချင်မိန်းမောမှု (လိုချင်မှုအားကြီးသဖြင့် မိန်းမောမှု) 'ကာမမုစ္ဆာ'၊ လိုချင်မှု 'ကာမ'ကို မျိုချပြီးဆုံးစေခြင်း (လိုချင်ဘွယ် ကာမကို အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်မှု)'ကာမဇ္ဈောသာန'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို လိုချင်စွဲလမ်းမှု 'ကာမရာဂ'သံယောဇဉ် ဟူ၍ ဆိုအပ်၏။ (၁၀၃)

**ပဋိဃသံယောဇဉ်** ၁၁၂၀။ (၂) ထို(သံယောဇဉ်ဆယ်ပါးတို့)တွင် (အာရုံ၌)ထိပါးမှု(အမျက်ဒေါသ) 'ပဋိဃ' သံယောဇဉ် ဟူသည် အဘယ်နည်း။ "ငါ၏အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏အကျိုးမဲ့ကို ပြုကျင့်နေဆဲ ဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကိုပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ မချစ်ခင် မမြတ်နိုးအပ်သူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးကို ပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ ထို့ပြင် အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု(အမျက်ထွက်မှု) 'အာဃာတ'သည် ဖြစ်၏။

ဤသို့သဘောရှိသော စိတ်၏ အကြင်ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု) 'အာဃာတ'၊ လွန်စွာရန်ငြိုးဖွဲ့မှု 'ပဋိဃာတ'၊ (အာရုံ၌) ထိပါးမှု (မုန်းထားမှု) 'ပဋိဃ'၊ လွန်စွာဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ စိတ်ဆိုးခြင်း(အမျက်ထွက်ခြင်း) 'ကောပ'၊ လွန်စွာစိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) 'ပကောပ'၊ အလွန်ပြင်းစွာ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) 'သမ္ပကောပ'၊ ဖျက်ဆီးပြစ်မှားခြင်း 'ဒေါသ'၊ လွန်စွာဖျက်ဆီး ပြစ်မှားခြင်း 'ပဒေါသ'၊ အလွန်ပြင်းစွာ ဖျက်ဆီးပြစ်မှားခြင်း 'သမ္ပဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်း 'စိတ္တဿ ဗျာပတ္တိ'၊ စိတ်ပျက်စီးခြင်းသဘော 'မနောပဒေါသ'၊ အမျက်

http://www.dhammadownload.com



ထွက်ခြင်း 'ကောဓ'၊ အမျက်ထွက်ပုံအခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သူ၏ အဖြစ် 'ကုဇ္ဈိတတ္တ'၊ ဖျက်ဆီးပြစ်မှားခြင်းသဘော 'ဒေါသ'၊ ဖျက်ဆီးပြစ်မှားပုံ အခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးပြစ်မှားတတ်သူ၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန် ပျက်စီးခြင်း သဘော 'ဗျာပတ္တိ'၊ ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက် ပြန်ပျက်စီးတတ်သူ၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ လွန်စွာဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသူ၏ အဖြစ် (ကြမ်းတမ်းမှု) 'စဏ္ဍိက္က'၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မိမိ ပကတိစိတ် မဟုတ်သည်၏ အဖြစ် (စိတ်တိုင်း မကျသည်၏အဖြစ်) 'အနတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (အာရုံ၌) ထိပါးမှု (အမျက် ဒေါသ)'ပဋိဃ' သံယောဇဉ်ဟု ဆိုအပ်၏။ (၁၀၆၆,၁၁၄၂)

**မာနသံယောဇဉ်** ၁၁၂၁။ (၃) ထို (သံယောဇဉ်ဆယ်ပါးတို့) တွင် (ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'သံယောဇဉ် ဟူသည် အဘယ်နည်း။ "ငါသည် (အဆင့်အတန်း)မြင့်မြတ်သူ ဖြစ်၏"ဟူ၍ မှတ်ထင်မှု (ထောင် လွှားမှု) 'သေယျမာန'၊ "ငါသည် (အဆင့်အတန်းချင်း) တူသူဖြစ်၏"ဟူ၍ မှတ်ထင်မှု (ထောင် လွှားမှု) 'သဒိသမာန'၊ "ငါသည် (အဆင့်အတန်း) ယုတ်နိမ့် (အောက်ကျ)သူ ဖြစ်၏" ဟူ၍ မှတ် ထင်မှု(ထောင်လွှားမှု) (ငါသည် အဆင့်အတန်းယုတ်နိမ့်သော်လည်း မည်သူ့ကိုမျှ ဂရုစိုက်ရန်မလို ဟူ၍ မှတ်ထင်မှု) 'ဟီနမာန'သည် (ရှိ၏)။

ဤသို့ သဘောရှိသော အကြင်မှတ်ထင်မှု(ထောင်လွှားမှု)'မာန'၊ မှတ်ထင်ပုံ(ထောင်လွှားပုံ) အခြင်းအရာ 'မညနာ'၊မှတ်ထင်တတ်သူ(ထောင်လွှားတတ်သူ)၏အဖြစ်'မညိတတ္တ'၊ တက်ကြွခြင်း သဘော 'ဥန္နတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နမ'၊ တံခွန်နှင့်တူသော သဘော 'ဓဇ'၊ မြှောက်ပင့်ခြင်းသဘော 'သမ္ပဂ္ဂါဟ'၊ စိတ်၏ တံခွန်မှန်ကင်းကဲ့သို့ မြင့်မောက်လိုသည်၏အဖြစ် 'ကေတုကမျတာ စိတ္တဿ'သည် (ရှိ၏)။ ဤ ( ဆိုအပ်ခဲ့ပြီးသော ) သဘောကို (ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'သံယောဇဉ်ဟု ဆိုအပ်၏။

**ဒိဋ္ဌိသံယောဇဉ်** ၁၁၂၂။ (၄) ထို (သံယောဇဉ်ဆယ်ပါးတို့)တွင် အမြင်မှားမှု'ဒိဋ္ဌိ'သံယောဇဉ် ဟူသည် အဘယ်နည်း။ (ခန္ဓာငါးပါးဟူသော) လောကသည် မြဲ၏ဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော)လောကသည် မမြဲဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော)လောက သည် အဆုံး (အပိုင်းအခြား)ရှိ၏ဟူ၍ရင်း၊ (ခန္ဓာငါးပါးဟူသော)လောကသည် အဆုံး (အပိုင်း အခြား) မရှိဟူ၍ရင်း၊ ထိုအသက် 'ဇီဝ'သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း၊ အသက်'ဇီဝ'သည် တခြား ကိုယ်သည် တခြားဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ် ဟူ၍ရင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ရင်း။

ဤသို့ သဘောရှိသော အကြင်အမြင်မှားမှု 'ဒိဋ္ဌိ'၊ (၆၂-ပါးသော)အမြင်မှားမှုတို့၌ ပါဝင်ခြင်း သဘော 'ဒိဋ္ဌိဂတ'၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတည်းဟူသော တောအုပ် 'ဒိဋ္ဌိဂဟန'၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)အမြင်မှားမှု ခရီးခဲ 'ဒိဋ္ဌိကန္တာရ'၊ သမ္မာဒိဋ္ဌိကို ထိုးဖောက်ဖျက်ဆီးခြင်းသဘော 'ဒိဋ္ဌိဝိသူကာယိက'၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော 'ဒိဋ္ဌိဝိပ္ဖန္ဒိတ' (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်း ဖြစ်သော

http://www.dhammadownload.com



အမြင်မှားမှု 'ဒိဋ္ဌိသညောဇန'၊ (အာရုံကို မှားသောအားဖြင့်)မြဲစွာယူတတ်သော်သဘော (အယူသည်းသောသဘော) 'ဂါဟ'၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော 'ပတိဋ္ဌာဟ'၊ [(အာရုံကို)မှားသောအားဖြင့် ထပ်ကာထပ်ကာ မြဲစွာယူတတ်သော သဘော'ပရိဂ္ဂါဟ']၊မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော 'အဘိနိဝေသ'၊ မှားသောအားဖြင့် သုံးသပ်တတ်သော သဘော 'ပရာမာသ'၊ စက်ဆုပ်အပ်သောလမ်းစဉ် 'ကုမ္မဂ္ဂ'၊ မှားသော ခရီးလမ်းကြောင်း 'မိစ္ဆာပထ'၊ မှားယွင်းသော သဘော 'မိစ္ဆတ္တ'၊ မှားသော အယူတည်းဟူသော် အကျိုးမဲ့တို့၏ဖြစ်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အမြင်မှားမှု 'ဒိဋ္ဌိ'သံယောဇဉ်ဟု ဆိုအပ်၏။

(နွား, ခွေးစသည်တို့၏)အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'သံယောဇဉ်ကို ချန်ထား၍ အလုံးစုံသော အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည်လည်း အမြင်မှားမှု 'ဒိဋ္ဌိ' သံယောဇဉ် မည်၏။ (၁၁၀၅)

**ဝိစိကိစ္ဆာသံယောဇဉ်** ၁၁၂၃။ (၅) ထို (သံယောဇဉ်ဆယ်ပါးတို့)တွင် ယုံမှားမှု 'ဝိစိကိစ္ဆာ' သံယောဇဉ်ဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)၊ တရား၌ ယုံမှား၏, တွေးတော၏၊ သံဃာ၌ ယုံမှား၏, တွေးတော၏၊ အကျင့်(သိက္ခာ)၌ ယုံမှား၏, တွေးတော၏၊ ရှေးအဘို၌ (ဖြစ်ပြီးသော ခန္ဓာစသည်တို့၌) ယုံမှား၏, တွေးတော၏၊ နောက်အဘို၌ (ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) ယုံမှား၏, တွေးတော၏၊ ရှေးအဘို နောက်အဘို၌ (ဖြစ်ပြီးဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) ယုံမှား၏, တွေးတော၏၊ ဤ (ဇရာ, မရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထိုအကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)။

ဤသို့ သဘောရှိသော အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားပုံအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကင်္ခါယိတတ္တ'၊ မသိခြင်း(တွေးတောခြင်း) 'ဝိမတိ'၊သဘာဝကို စဉ်းစားလျှင် (မဆုံးဖြတ်နိုင်၍)ပင်ပန်းကြောင်းသဘော'ဝိစိကိစ္ဆာ'၊မှန် မမှန်(မဆုံးဖြတ်နိုင်၍)နှစ်မျိုးအားဖြင့် သွန်လှုပ်တတ်သော သဘော 'ဒွေဠှက'၊ လမ်းနှစ်ခွနှင့်တူသော သဘော 'ဒွေဓာပထ'၊ ထက်ဝန်းကျင်မှ ဖြစ်တတ်(ယုံမှားတတ်)သောသဘော 'သံသယ'၊ ကေန္တအားဖြင့် ယူခြင်းငှါ မစွမ်းနိုင်ခြင်းသဘော 'အနေကံသဂ္ဂါဟ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍)အာရုံမှ ဆုတ်နစ်တတ်သောသဘော 'အာသပ္ပနာ'၊ (ဆုံးဖြတ်ခြင်းငှါမစွမ်းနိုင်၍) (အာရုံ၏) ထက်ဝန်းကျင်၌ (တဝဲလည်လည်)ရွေ့ရှားတတ်သောသဘော'ပရိသပ္ပနာ'၊(ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ ဉာဏ်ဖြင့်)မသက်ဝင်နိုင်ခြင်းသဘော'အပရိယောဂါဟနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ ခက်တရော်သည်၏အဖြစ် 'ထမ္ဘိတတ္တံ စိတ္တဿ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ (ရှုပ်ရှုပ်ထွေးထွေး)ဖြစ်တတ်သောသဘော 'မနောဝိလေခ' သည် (ရှိ၏)။ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ'သံယောဇဉ်ဟု ဆိုအပ်၏။ (၄၂၅, ၁၀၀၇)

**သီလဗ္ဗတပရာမာသသံယောဇဉ်** ၁၁၂၄။ (၆) ထို(သံယောဇဉ်ဆယ်ပါးတို့)တွင် (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'သံယောဇဉ်ဟူသည် အဘယ်နည်း။ ဤ

http://www.dhammadownload.com



သာသနာတော်မှ အပြင်အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား သမဏဗြာဟ္မဏတို့၏ (နွား, ခွေး စသည်တို့၏) အလေ့ 'သီလ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား, ခွေးစသည်တို့၏) အကျင့် 'ဝတ'ဖြင့်(ကိလေသာမှ)စင်ကြယ်၏,(နွား,ခွေးစသည်တို့၏)အလေ့အကျင့်'သီလဗ္ဗတ'ဖြင့်(ကိလေသာမှ)စင်ကြယ်၏ဟု ဤသို့သဘောရှိသော အကြင်အမြင်မှားမှု (၆၂-ပါးသော)အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတည်းဟူသော တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)အမြင်မှားမှု ခရီးခဲ၊ (သမ္မာဒိဋ္ဌိကို) ထွင်းဖောက် ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊(ဝဋ္ဋဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သော သဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏)တည်ရာ ဖြစ်သောသဘော၊မှားသော အားဖြင့် နှလုံးသွင်းတတ်သောသဘော၊မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ စက်ဆုပ် အပ်သောလမ်းစဉ်၊ မှားသော ခရီးလမ်းကြောင်း၊ မှားယွင်းသော သဘော၊ မှားသော အယူ တည်းဟူသော အကျိုးမဲ့တို့၏ဖြစ်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (နွား,ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို(စင်ကြယ် ၏ဟု)မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' သံယောဇဉ်ဟု ဆိုအပ်၏။ (၁၉၂,၁၀၀၉)

**ဘဝရာဂသံယောဇဉ်** ၁၁၂၅။ (၇) ထို(သံယောဇဉ်ဆယ်ပါးတို့)တွင် (ရူပ, အရူပ) ဘဝ၌ စွဲလမ်းမှု 'ဘဝရာဂ' သံယောဇဉ်ဟူသည် အဘယ်နည်း။

(ရူပ,အရူပ)ဘုံတို့၌(ဖြစ်သော) အကြင်ဘဝကို တောင့်တမှု(လိုချင်မှု) 'ဘဝဆန္ဒ'၊ (ရူပ,အရူပ) ဘဝကို စွဲလမ်းမှု 'ဘဝရာဂ'၊ (ရူပ,အရူပ)ဘဝကို နှစ်သက်မှု 'ဘဝနန္ဒီ'၊ (ရူပ,အရူပ)ဘဝကို တပ်မက်မှု 'ဘဝတဏှာ'၊ (ရူပ, အရူပ)ဘဝ၌ (တပ်မက်မှု) အစေး 'ဘဝသိနေဟ'၊ (ရူပ,အရူပ) ဘဝ၌ (တပ်မက်မှု ဟူသော) ပူလောင်မှု 'ဘဝပရိဠာဟ'၊ (ရူပ,အရူပ)ဘဝ၌ လိုချင်မှုအားကြီးသဖြင့် မိန်းမောမှု 'ဘဝမုစ္ဆာ'၊ (ရူပ,အရူပ) ဘဝကို မျိုချ ပြီးဆုံးစေမှု (ဘဝကို အပြီးအဆုံး အကြွင်း အကျန်မရှိ လိုချင်မှု) 'ဘဝဇ္ဈောသာန'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ရူပ, အရူပ)ဘဝ၌ စွဲလမ်းမှု 'ဘဝရာဂ'သံယောဇဉ်ဟု ဆိုအပ်၏။ (၁၁၀၄)

**ဣဿာသံယောဇဉ်** ၁၁၂၆။ (၈) ထို(သံယောဇဉ်ဆယ်ပါးတို့)တွင် ငြူစူမှု(မနာလိုမှု)'ဣဿာ' သံယောဇဉ်ဟူသည် အဘယ်နည်း။ သူတပါးတို့၏ လာဘ်ရမှု

'လာဘ', ကောင်းစွာပြုမှု (ရိုသေမှု)'သက္ကာရ', အလေးပြုမှု'ဂရုကာရ', မြတ်နိုးမှု'မာနန', ရှိခိုး မှု'ဝန္ဒန', ပူဇော်မှု 'ပူဇန'တို့၌ အကြင်ငြူစူခြင်းသဘော'ဣဿာ'၊ ငြူစူပုံအခြင်းအရာ'ဣဿာ-ယနာ'၊ငြူစူတတ်သူ၏အဖြစ် 'ဣဿာယိတတ္တ'၊ စောင်းမြောင်းခြင်းသဘော 'ဥသူယာ'၊ စောင်း မြောင်းပုံအခြင်းအရာ 'ဥသူယနာ'၊ စောင်းမြောင်းတတ်သူ၏ အဖြစ် 'ဥသူယိတတ္တ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ငြူစူမှု(မနာလိုမှု)'ဣဿာ'သံယောဇဉ်ဟု ဆိုအပ်၏။

**မစ္ဆရိယသံယောဇဉ်** ၁၁၂၇။ (၉) ထို(သံယောဇဉ်ဆယ်ပါးတို့)တွင် ဝန်တိုမှု 'မစ္ဆရိယ'သံယော ဇဉ်ဟူသည် အဘယ်နည်း။ ဝန်တိုမှု'မစ္ဆရိယ'တို့သည်—

(၁) နေရာ၌ ဝန်တိုမှု 'အာဝါသမစ္ဆရိယ'၊

(၂) အမျိုး၌ (ဒါယကာတို့၌) ဝန်တိုမှု 'ကုလမစ္ဆရိယ'၊

(၃) လာဘ်၌ ဝန်တိုမှု 'လာဘမစ္ဆရိယ'၊

http://www.dhammadownload.com



(၄) အဆင်းဂုဏ်၌ ဝန်တိုမှု ' ဝဏ္ဏမစ္ဆရိယ '၊
(၅) (ပရိယတ္တိ ပဋိဝေဓ) တရား၌ ဝန်တိုမှု ' ဓမ္မမစ္ဆရိယ' ဟူ၍ ငါးပါးဖြစ်ကုန်၏။

ဤသို့သဘောရှိသော အကြင်ဝန်တိုခြင်းသဘော ' မစ္ဆေရ '၊ ဝန်တိုပုံအခြင်းအရာ 'မစ္ဆေရာယနာ'၊ ဝန်တိုတတ်သူ၏အဖြစ် ' မစ္ဆရာယိတတ္တ'၊ (မိမိပစ္စည်း စသည်တို့ကို သူတစ်ပါးနှင့် ဆက်ဆံ) ပျံ့နှံ့စေခြင်းငှါ အလိုမရှိသူ၏အဖြစ် ' ဝေဝိစ္ဆ'၊ ကပ်စေးနှဲခြင်း (နှမြောခြင်း) 'ကဒရိယ'၊ ခါးစပ်သည်၏အဖြစ် (စိတ်ကို တွန့်တိုစေခြင်းသဘော) 'ကဋုကဉ္စုကတာ'၊ (ပေးကမ်း စွန့်ကြဲလိုသည့်) စိတ်ကို ပိတ်ပင်၍ (တွန့်တိုသော)စိတ်ကို ယူထားသည်၏အဖြစ် "အဂ္ဂဟိတတ္တံ စိတ္တဿ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို ဝန်တိုမှု 'မစ္ဆရိယ' သံယောဇဉ်ဟု ဆိုအပ်၏။

**အဝိဇ္ဇာသံယောဇဉ် ၁၁၂၈။** (၁၀) ထို (သံယောဇဉ်ဆယ်ပါးတို့)တွင် (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ ' သံယောဇဉ် ဟူသည် အဘယ်နည်း။ ဆင်းရဲ၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၌ မသိမှု၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မသိမှု၊ ရှေ့အဘို့၌ (ဖြစ်ပြီးသော ခန္ဓာစသည်တို့၌) မသိမှု၊ နောက်အဘို့၌ (ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) မသိမှု၊ ရှေ့အဘို့ နောက်အဘို့၌ (ဖြစ်ပြီးဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) မသိမှု၊ ဤ (ဇရာ မရဏ စသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထို အကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ မသိမှုသည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင်မသိခြင်းသဘော၊ (အမှန်တရားကို) မမြင်ခြင်းသဘော၊ ထိုးထွင်း၍ မသိတတ်သောသဘော၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော၊ (အနိစ္စစသည်တို့နှင့်) ယှဉ်၍ မသိတတ်သောသဘော (မှားယွင်းစွာ သိတတ်သောသဘော)၊ ထိုးထွင်း၍ မသိခြင်းသဘော၊ (အနိစ္စ စသည်ဖြင့်)၊ မယူတတ်သောသဘော၊ (အမှန်တရားကို) သက်ဝင်၍ (နားလည်၍) မယူတတ်သော သဘော၊ ညီညီညွတ်ညွတ် မရှုတတ် (အနိစ္စ စသည်ကို နိစ္စစသည်ဟု မညီမညွတ်ရှုတတ်) သောသဘော၊ မဆင်ခြင်တတ်သော သဘော မျက်မှောက်မရှုတတ်သောသဘော (အကောင်း အဆိုးကို မဝေခွဲတတ်သော သဘော)၊ (စိတ်) ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်းသဘော၊ လူမိုက်ဖြစ်ကြောင်းသဘော၊ ကောင်းစွာ (ခွဲခွဲ ခြားခြား) အပြားအားဖြင့် မသိတတ်သောသဘော၊ (အမှန်သဘော၌) တွေဝေခြင်းသဘော (အမှန်ကို မသိမှု)၊ ပြင်းစွာတွေဝေခြင်းသဘော၊ ထက်ဝန်းကျင် (တရားအားလုံး၌) တွေဝေခြင်း သဘော၊ သိအပ်သည်ကို မသိခြင်း (သစ္စာလေးပါးကို မသိခြင်း) သဘော၊ (ဝဋ်ဆင်းရဲ၌) နစ် မြှုပ်စေတတ်သော မသိမှုသဘော ' အဝိဇ္ဇောဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော (လျောက်ပတ်သော အကြောင်းကိုရလျှင် ဖြစ်တတ်သော) မသိမှုသဘော 'အဝိဇ္ဇာနုသယ'၊ (ကိလေသာတို့၏) ထကြွသောင်းကျန်းခြင်းဟူသော မသိမှုသဘော ' အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွားချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်)နှင့် တူသော မသိမှုသဘော ' အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သသော အမှန်သဘော၌ တွေဝေမှု ' မောဟ အကုသလမူလ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော)သဘောကို (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်ဟု ဆိုအပ်၏။ (၁၀၆၇,၁၁၀၆)

ဤတရားတို့သည် သံယောဇဉ်မည်ကုန်၏။

http://www.dhammadownload.com



**နောသညောဇနတရား** ၁၁၂၉။ (၂) အဘယ်တရားတို့သည် သံယောဇဉ်မမည်သော 'နော သညောဇန'တရား ဖြစ်ကုန်သနည်း။ ထို(သံယောဇဉ်) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်(ရှိ၏)။ ဤတရားတို့သည် သံယောဇဉ် မမည်သော 'နောသညောဇန'တရား ဖြစ်ကုန်၏။ (စိတ်, သံယောဇဉ်တရားကိုယ် ကြဉ်သော စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၂-သညောဇနိယဒုက်

**သညောဇနိယတရား** ၁၁၃၀။ (၁) အဘယ်တရားတို့သည် သံယောဇဉ်တို့၏ အာရုံဖြစ်သော 'သညောဇနိယ'တရား ဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်, အဗျာကတတရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့၏ အာရုံဖြစ်သော 'သညောဇနိယ'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်,ရုပ်)။

**အသညောဇနိယတရား** ၁၁၃၁။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့၏ အာရုံမဖြစ်သော 'အသညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့၏ အာရုံမဖြစ်သော 'အသညောဇနိယ'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃-သညောဇနသမ္ပယုတ္တဒုက်

**သညောဇနသမ္ပယုတ္တတရား** ၁၁၃၂။ (၁) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့် ယှဉ်သော 'သညောဇနသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို(သံယောဇဉ်)တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြောင်းတရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် သံယောဇဉ်တို့နှင့် ယှဉ်သော 'သညောဇနသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ယှဉ်ဘက် စေတသိက်)။

**သညောဇနဝိပ္ပယုတ္တတရား** ၁၁၃၃။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်သော 'သညောဇနဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို (သံယောဇဉ်)တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ

http://www.dhammadownload.com



ဟူသော အကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သော သဘော'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟူသောအကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်သော 'သညောဇနဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်၊ ယှဉ်ဘက်စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)။

## ၄-သညောဇန သညောဇနိယဒုက်

**သညောဇန သညောဇနိယတရား** ၁၁၃၄။ (၁) အဘယ်တရားတို့သည် သံယောဇဉ်လည်းမည်၍ သံယောဇဉ် တို့၏ အာရုံလည်း ဖြစ်သော 'သညောဇန သညောဇနိယ'တရား ဖြစ်ကုန်သနည်း။ ထိုသံယောဇဉ်တို့သည်ပင် သံယောဇဉ်လည်း မည်၍ သံယောဇဉ်တို့၏ အာရုံလည်းဖြစ်သော 'သညောဇန သညောဇနိယ'တရား ဖြစ်ကုန်၏ (သံယောဇဉ်တရားကိုယ်ရှစ်ပါး)။

**သညောဇနိယ နော သညောဇနတရား** ၁၁၃၅။ (၂) အဘယ် တရားတို့သည် သံယောဇဉ် တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သော 'သညောဇနိယ နော သညောဇန'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (သံယောဇဉ်) တရားတို့ဖြင့် (ထိုသံယောဇဉ် တရားတို့သည် အာရုံပြုအပ်သဖြင့်) သညောဇနိယ'တရား ဖြစ်ကုန်၏။ (ထိုသညောဇနိယတရားတို့၌ပါရှိသော) ထို(ယှဉ်ဘက် သံယောဇဉ်)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သော 'သညောဇနိယ နော သညောဇန'တရား ဖြစ်ကုန်၏ (လောကီစိတ်၊ သံယောဇဉ်တရားကိုယ် ကြဉ်သောစေတသိက်၊ ရုပ်)။

## ၅-သညောဇန သညောဇနသမ္ပယုတ္တဒုက်

**သညောဇန သညောဇနသမ္ပယုတ္တတရား** ၁၁၃၆။ (၁) အဘယ်တရားတို့သည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သော 'သညောဇန သညောဇနသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။

လိုချင်စွဲလမ်းမှု 'ကာမရာဂ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ကာမရာဂ'သံယောဇဉ် ကြောင့် သံယောဇဉ်နှင့်ယှဉ်သည်လည်း ဖြစ်၏။

(အာရုံ၌) ထိပါးမှု (အမျက်ဒေါသ) 'ပဋိဃ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ'သံယောဇဉ်ကြောင့် သံယောဇဉ်နှင့်ယှဉ်သည်လည်း ဖြစ်၏။ (သိအပ် သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ပဋိဃ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



(ငါသာလျှင် မြတ်၏ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'မာန'သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်းဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ'သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်းဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊(ယှဉ်ဘက်ဖြစ်သော)'ဒိဋ္ဌိ'သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ဝိစိကိစ္ဆာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။

(နွား, ခွေးစသည်တို့၏) အလေ့ အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်းဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'သီလဗ္ဗတပရာမာသ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်းဖြစ်၏။

(ရူပ,အရူပ)ဘဝ၌ စွဲလမ်းမှု'ဘဝရာဂ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ဘဝရာဂ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့်ယှဉ်သည်လည်း ဖြစ်၏။

ငြူစူမှု (မနာလိုမှု)'ဣဿာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို) မသိမှု 'အဝိဇ္ဇာ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ဣဿာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဝန်တိုမှု 'မစ္ဆရိယ'သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဝိဇ္ဇာ' သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။ (သိအပ်သည်ကို)မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်သည် သံယောဇဉ်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'မစ္ဆရိယ'သံယောဇဉ်ကြောင့် သံယောဇဉ်နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဤတရားတို့သည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သော 'သညောဇန-ဉ္စေဝ သညောဇနသမ္ပယုတ္တ'တရားဖြစ်ကုန်၏။ **(သံယောဇဉ်တရားကိုယ်ရှစ်ပါး)**

http://www.dhammadownload.com



**သညောဇနသမ္ပယုတ္တာ နော သညောဇနတရား** ၁၁၃၇။ (၂) အဘယ်တရားတို့သည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်သော'သညောဇနသမ္ပယုတ္တာ နော သညောဇန'တရား ဖြစ်ကုန်သနည်း၊ အကြင် တရားတို့သည် ထို (သံယောဇဉ်) တရားတို့နှင့်ယှဉ်သော 'သညောဇနသမ္ပယုတ္တ' တရား ဖြစ်ကုန်၏၊ (ထိုသညောဇနသမ္ပယုတ္တတရားတို့၌ ပါရှိသော) ထို (ယှဉ်ဘက်သံယောဇဉ်) တရားတို့ကို ချန်ထား၍ (ကြွင်းကျန်သော သညောဇနသမ္ပယုတ္တတရားဖြစ်သည့်)ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု(စိတ်) အစု'ဝိညာဏက္ခန္ဓာ'သည်(ရှိ၏)။ဤတရားတို့သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော 'သညောဇနသမ္ပယုတ္တာ နော သညောဇန' တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်,သံယောဇဉ်တရားကိုယ်ကြဉ်သော ယှဉ်ဘက်စေတသိက်)။

## ၆-သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်

**သညောဇနဝိပ္ပယုတ္တ သညောဇနိယတရား** ၁၁၃၈။ (၁) အဘယ်တရားတို့သည် သံယောဇဉ်နှင့်မယှဉ်ကုန်သည်ဖြစ်၍သံယောဇဉ်တို့၏ အာရုံသာ ဖြစ်သော 'သညောဇနဝိပ္ပယုတ္တ သညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ထို (သံယောဇဉ်)တရားတို့နှင့် မယှဉ်ကုန်သော, အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရား ဖြစ်သည့် ရုပ်အစု'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' ဟူသော အကြင် တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန်သည်ဖြစ်၍ သံယောဇဉ်တို့၏ အာရုံသာဖြစ်သော 'သညောဇနဝိပ္ပယုတ္တ သညောဇနိယ'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်,ရုပ်)။

**သညောဇနဝိပ္ပယုတ္တ အသညောဇနိယတရား** ၁၁၃၉။ (၂) အဘယ် တရားတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်သည် ဖြစ်၍ သံယောဇဉ်တို့၏ အာရုံလည်း မဖြစ်သော 'သညောဇနဝိပ္ပယုတ္တ အသညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏ အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်သည် ဖြစ်၍ သံယောဇဉ်တို့၏ အာရုံလည်း မဖြစ်သော 'သညောဇနဝိပ္ပယုတ္တ အသညောဇနိယ'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

သညောဇနဂေါစ္ဆက ပြီးပြီ။

---

## ၅-ဂန္ထဂေါစ္ဆက

### ၁-ဂန္ထဒုက်

**ဂန္ထမည်သောတရား** ၁၁၄၀။ (၁) အဘယ် တရားတို့သည်(ဝဋ်ဆင်းရဲ၌)ဆက်စပ်သုံးဖွဲ့မှု 'ဂန္ထ'မည်ကုန်သနည်း။ နာမ်တရား အပေါင်း 'နာမကာယ'ကို (ဝဋ်ဆင်းရဲ၌) ဆက်စပ်သုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ'၊နာမ်တရား

http://www.dhammadownload.com



အပေါင်း 'နာမကာယ'ကို (ဝင်ဆင်းရဲ၍) ဆက်စပ် ထုံးဖွဲ့တတ်သော ဖောက်ပြန် ပျက်စီးစေမှု 'ဗျာပါဒကာယဂန္ထ'၊ နာမ်တရား အပေါင်း 'နာမကာယ'ကို (ဝင်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော (နွား၊ ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသကာယဂန္ထ'၊ နာမ်တရားအပေါင်း 'နာမကာယ'ကို (ဝင်ဆင်းရဲ၍) ဆက်စပ် ထုံးဖွဲ့တတ်သော ဤသည်သာ အမှန်တည်းဟု (မှားသောအားဖြင့်) လွန်စွာ နှလုံးသွင်းမှု 'ဣဒံ-သစ္စာဘိနိဝေသ ကာယဂန္ထ'ဟူသော ဂန္ထလေးပါးတို့သည် (ရှိကုန်၏)။

**အဘိဇ္ဈာကာယဂန္ထ** ၁၁၄၁။ (၁) ထို (ဂန္ထလေးပါးတို့)တွင် နာမ်တရားအပေါင်း 'နာမကာယ'ကို (ဝင်ဆင်းရဲ၍) ဆက်စပ် ထုံးဖွဲ့တတ်သော မက်မောမှု ' အဘိဇ္ဈာကာယဂန္ထ 'ဟူသည် အဘယ်နည်း။ အကြင်စွဲလမ်းခြင်းသဘော၊ ပြင်းစွာ စွဲလမ်းခြင်းသဘော၊ (အာရုံ၌ သတ္တဝါတို့ကို ) အဘန်ဘန် ဆွဲဆောင်ခြင်းသဘော၊ မဆန့်ကျင်ခြင်း (လိုလားစေခြင်း) သဘော၊ နှစ်သက်ခြင်းသဘော၊ နှစ်သက် စွဲလမ်းခြင်း သဘော၊ စိတ်၏ပြင်းစွာ စွဲလမ်းခြင်းသဘော၊ (အာရုံကို) လိုလားမှုသဘော၊ (လိုချင်မှုအားကြီးသဖြင့်) မိန်းမောမှုသဘော၊ မျိုချ၍ ပြီးဆုံးစေခြင်းသဘော (အပြီးအဆုံး အကြွင်း အကျန်မရှိ လိုချင် တပ်မက်မှု)၊ ကပ်မက်ခြင်း သဘော၊ ထက်ဝန်းကျင် (အားလုံးကို) တပ်မက်ခြင်းသဘော၊ ကပ်ငြိတွယ်တာခြင်း သဘော၊ ရွံ့ညွန်နှင့်တူသော (နစ်မြုပ်စေခြင်း) သဘော၊ ဆွဲငင်ခြင်း (ထိုထို ဘဝ၌ ဖြစ်ရန် ဆွဲဆောင်ခြင်း) သဘော၊ လှည့်ပတ်ခြင်း သဘော၊ (ဝင်ဆင်းရဲ၌ သတ္တဝါတို့ကို) ဖြစ်စေခြင်းသဘော၊ (ဆင်းရဲနှင့်)ယှဉ်လျက် ဖြစ်စေတတ်သောသဘော၊ (သတ္တဝါတို့ကို ဝင်ဆင်းရဲ၌ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့်) ချုပ်စပ်ခြင်း သဘော၊ အာရုံကွန်ရက်ရှိသောသဘော၊ (တပ်မက်မှုဖြင့်)စိုစွတ်ခြင်း သဘော၊ တနည်း-(ဝင်ဆင်းရဲသို့ ဆွဲဆောင်တတ်သဖြင့်) လျင်သော ရေအယဉ်ရှိသော မြစ်နှင့် တူသော သဘော၊ အဆိပ်နှင့် တူသော သဘော၊ (အကျိုးမဲ့သို့ ရောက်အောင် နှောင်ဖွဲ့တတ်သဖြင့်) ကြိုးနှင့် တူသော သဘော၊ (ရူပါရုံ စသည်တို့၌) ပျံ့နှံ့ တပ်မက်တတ်သော သဘော၊ (ထိုထို အာရုံကို ရခြင်းငှါ) အားထုတ်စေတတ်သောသဘော၊ (ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝသံသရာ၌ မိမိ၏ ချစ်နှစ်သက်သည့်) အဖော်ဖြစ်သော သဘော၊ တောင့်တခြင်း သဘော၊ (သတ္တဝါတို့ကို)ဘဝသို့ ဆွဲဆောင်ကြောင်းသဘော (ဘဝကြိုး)၊ (ထိုထိုအာရုံသို့)ကပ်ရောက်တတ် (ငြိကပ်တတ်သော)သဘော၊တနည်း – (အကျိုးမဲ့ ဆင်းရဲကိုဖြစ်စေတတ်သဖြင့်) တောနှင့်တူသော သဘော၊ (ထိုထို အာရုံသို့) ပြင်းပြစွာ ကပ်ရောက်တတ် (ငြိကပ်တတ်) သောသဘော၊တနည်း-(အကျိုးမဲ့ဆင်းရဲကို လွန်စွာဖြစ်စေတတ်သဖြင့်) တောနှင့်တူသော သဘော၊ (ချစ်ကြိုက်) ပေါင်းဖော် (ရောနှော)ခြင်း သဘော၊ ချစ်ကြိုက်ခြင်းသဘော၊ ငဲ့ကွက်ခြင်းသဘော၊ (အာရုံအသီးသီး၌) နှောင်ဖွဲ့တတ်သော သဘော။

(အာရုံကို) တောင့်တခြင်းသဘော၊ တောင့်တပုံအခြင်းအရာ၊ တောင့်တတတ်သော စိတ်၏ အဖြစ်၊ အဆင်း (ရူပါရုံ)၌ တောင့်တမှု၊ အသံ (သဒ္ဒါရုံ)၌ တောင့်တမှု၊ အနံ့ (ဂန္ဓာရုံ)၌ တောင့်တမှု၊ အရသာ (ရသာရုံ)၌ တောင့်တမှု၊ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)၌ တောင့်တမှု၊ ရအပ်သော အရာဝတ္ထု(လာဘ်)၌ တောင့်တမှု၊ ပစ္စည်းဥစ္စာ၌ တောင့်တမှု၊ သားသမီး၌ တောင့်တမှု၊ အသက်၌ တောင့်တမှု။

(သတ္တဝါတို့ကို) တပ်မက်စေတတ်သော သဘော၊ တနည်း-(ငါ့ဥစ္စာ, ငါ့ဥစ္စာဟု) ပြောဆိုစေတတ်သောသဘော၊ (သတ္တဝါတို့ကို)ထူးထူးခြားခြား တပ်မက်စေတတ်သောသဘော၊တနည်း-

http://www.dhammadownload.com



(ငါ့ဥစ္စာ ငါ့ဥစ္စာဟု) ထပ်ကာ ထပ်ကာ ပြောဆိုစေတတ်သောသဘော၊ (သတ္တဝါတို့ကို) အလွန် တပ်မက်စေတတ်သောသဘော၊ တနည်း– (ငါ့ဥစ္စာ ငါ့ဥစ္စာဟု) အလွန်ပြောဆိုစေတတ်သော သဘော၊ တပ်မက်စေခြင်းသဘော၊ တပ်မက်စေပုံအခြင်းအရာ၊ တပ်မက်စေတတ်သည်၏အဖြစ်။

(အာရုံ၌ အဖန်ဖန်) လုယက်ဆွဲငင်ခြင်းသဘော (အလွန်တပ်မက်ခြင်းသဘော)၊ (အာရုံ၌ အဖန်ဖန်) လုယက်ဆွဲငင်ပုံအခြင်းအရာ၊ (အာရုံ၌ အဖန်ဖန်) လုယက်ဆွဲငင်တတ်သည်၏အဖြစ်၊ အမြီးနန့်သောခွေးကဲ့သို့ (လာဘ်လာဘ၌) တုန်လှုပ်ခြင်းသဘော၊ ကောင်းသောအာရုံတို့ကို လိုလားသူ၏အဖြစ်၊ (အမိ,အဒေါ်စသော) မသင့်လျော်သောအရာ၌ တပ်မက်ခြင်းသဘော၊ မညီမမျှ အဆမတန် အားကြီးစွာ လိုချင်ခြင်းသဘော၊ (အာရုံကို) နှစ်သက်ခြင်းသဘော၊ နှစ်သက်ပုံအခြင်းအရာ၊ မြော်လင့်ခြင်းသဘော၊ ချစ်ခင်ခြင်းသဘော၊ ကောင်းစွာ မြော်လင့် ခြင်းသဘော။

ကာမဂုဏ်ငါးပါးတို့၌ တပ်မက်မှု၊ (ရူပ,အရူပ)ဘဝ၌ တပ်မက်မှု၊ (ဥစ္ဆေဒဟု ဆိုအပ်သော) ဘဝကင်းခြင်း၌ တပ်မက်မှု ၊ ရူပဘုံ၌ တပ်မက်မှု၊ အရူပဘုံ၌ တပ်မက်မှု၊ ဘဝချုပ်ခြင်း၌ တပ်မက်မှု၊ အဆင်း (ရူပါရုံ)၌ တပ်မက်မှု၊ အသံ(သဒ္ဒါရုံ)၌ တပ်မက်မှု၊ အနံ့(ဂန္ဓာရုံ)၌ တပ်မက်မှု၊ အရသာ (ရသာရုံ)၌ တပ်မက်မှု၊ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)၌ တပ်မက်မှု၊ သဘောတရား(ဓမ္မာရုံ)၌ တပ်မက်မှု။

(ဝဋ်ဆင်းရဲ၌)နှစ်မြုပ်စေခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) ဆက်စပ်ဆုံးဖွဲ့ခြင်းသဘော၊ ပြင်းစွာယူခြင်း (စွဲလမ်းခြင်း) သဘော၊ (ကုသိုလ်တရားတို့ကို) ပိတ်ပင်တတ်သောသဘော၊ (ကုသိုလ်တရားတို့ကို) တားမြစ်တတ်သောသဘော၊ (အမှန်တရားကို) ဖုံးကွယ်ခြင်းသဘော၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ဖွဲ့နှောင်တတ်သောသဘော၊ (စိတ်ကို) ထပ်၍ ညစ်နွမ်းစေတတ်သောသဘော၊ အစဉ်ကိန်းဝပ်တတ်သောသဘော၊ တနည်း-လျောက်ပတ်သော အကြောင်းကိုရလျှင် (အကြောင်းညီညွတ်လျှင်) ဖြစ်တတ်သောသဘော၊ ထက်ဝန်းကျင် (စိတ် တခုလုံး သိမ်းကျုံး၍) ထကြွ(သောင်းကျန်း)တတ်သောသဘော၊ (ရစ်ပတ်တတ်သော) နွယ်နှင့် တူသောသဘော၊ အရာဝတ္ထုအမျိုးမျိုးတို့ကို လိုချင်တတ်သောသဘော၊ (ဝဋ်) ဆင်းရဲ၏ အခြေ အမြစ်၊ (ဝဋ်)ဆင်းရဲ၏ အကြောင်းရင်း၊(ဝဋ်)ဆင်းရဲ၏ စ၍ဖြစ်ရာ၊ မာရ်၏ကျော့ကွင်း၊ မာရ်၏ ငါးမြှားချိတ်၊ မာရ်၏အရာ (မာရ်၏ နယ်ပယ်)၊ (ယိုစီးတတ်သော) တပ်မက်မှု တဏှာမြစ်၊ (ဖုံးလွှမ်းတတ်သော) တပ်မက်မှု တဏှာကွန်ရက်၊ (မြဲမြံစွာ နှောင်ဖွဲ့တတ်သော) တပ်မက်မှု တဏှာတောက်၊ (ပြည့်နိုင်ခဲသော) တပ်မက်မှု တဏှာသမုဒ္ဒရာ၊ (သူတပါးပစ္စည်းကို) လိုချင် မက်မောမှု၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော လိုချင်တပ်မက်မှု 'လောဘ အကုသလမူလ' သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို နာမ်တရားအပေါင်း 'နာမကာယ'ကို (ဝဋ် ဆင်းရဲ၌) ဆက်စပ်ဆုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ'ဟူ၍ ဆိုအပ်၏ (လောဘ)။ (၁၀၆၅)

**ဗျာပါဒကာယဂန္ထ**　　၁၁၄၂။ (၂) ထို (ဂန္ထလေးပါးတို့)တွင် နာမ်တရားအပေါင်း'နာမကာယ' ကို (ဝဋ်ဆင်းရဲ၌) ဆက်စပ်ဆုံးဖွဲ့တတ်သော ဖောက်ပြန် ပျက်စီးစေမှု 'ဗျာပါဒကာယဂန္ထ'ဟူသည် အဘယ်နည်း။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုး ဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏အကျိုးမဲ့ကို ပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ ချစ်ခင်

http://www.dhammadownload.com



မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့”ဟု ရန်ငြိုးဖွဲ့မှု‘အာဃာတ’သည် ဖြစ်၏၊ “ငါ၏ မချစ်ခင် မမြတ်နိုးအပ်သူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကိုပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးကို ပြုကျင့်လတ္တံ့” ဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏၊ ထိုပြင် အကြောင်းမဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု(အမျက်ထွက်မှု) သည် ဖြစ်၏။

ဤသို့သဘောရှိသော စိတ်၏ အကြင်ရန်ငြိုးဖွဲ့မှု၊ လွန်စွာရန်ငြိုးဖွဲ့မှု၊ (အာရုံ၌)ထိပါးမှု (မုန်းထားမှု)၊ လွန်စွာဆန့်ကျင်ခြင်းသဘော၊စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း)သဘော၊ လွန်စွာ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း)သဘော၊ အလွန်ပြင်းစွာ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း)သဘော၊ ဖျက်ဆီးပြစ်မှားခြင်းသဘော၊လွန်စွာဖျက်ဆီးပြစ်မှားခြင်းသဘော၊အလွန်ပြင်းစွာဖျက်ဆီးပြစ်မှားခြင်းသဘော၊ စိတ်၏ဖောက်ပြန်ခြင်းသဘော၊ စိတ်ပျက်စီးခြင်းသဘော၊ အမျက်ထွက်ခြင်းသဘော၊ အမျက်ထွက်ပုံအခြင်းအရာ၊ အမျက်ထွက်တတ်သူ၏အဖြစ်၊ ဖျက်ဆီးပြစ်မှားခြင်းသဘော၊ ဖျက်ဆီးပြစ်မှားပုံအခြင်းအရာ၊ ဖျက်ဆီး ပြစ်မှားတတ်သူ၏အဖြစ်၊ ဖောက်ပြန် ပျက်စီးခြင်းသဘော၊ ဖောက်ပြန် ပျက်စီးပုံအခြင်းအရာ၊ ဖောက်ပြန် ပျက်စီးတတ်သည်၏အဖြစ်၊ ဆန့်ကျင်မှု၊ လွန်စွာ အဖန်ဖန်ဆန့်ကျင်မှု၊ ကြမ်းတမ်းသူ၏အဖြစ် (ကြမ်းတမ်းမှု)၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့်ပြောဆိုခြင်း)၊စိတ်၏ မိမိ ပကတိစိတ် မဟုတ်သည်၏ အဖြစ် (မနှစ်သိမ့်မှု) သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို နာမ်တရားအပေါင်း ‘နာမကာယ’ကို (ဝင်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော ဖောက်ပြန်ပျက်စီးစေမှု ‘ဗျာပါဒကာယဂန္ထ’ဟူ၍ ဆိုအပ်၏ (ဒေါသ)။ (၄၁၇, ၄၁၉, ၁၀၆၆, ၁၂၃၄, ၁၂၄၂)

**သီလဗ္ဗတပရာမာသကာယဂန္ထ** ၁၁၄၃။ (၃) ထို (ဂန္ထလေးပါးတို့)တွင် နာမ်တရားအပေါင်း ‘နာမကာယ’ကို (ဝင်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု ‘သီလဗ္ဗတပရာမာသကာယဂန္ထ’ဟူသည် အဘယ်နည်း။ ဤသာသနာတော်မှ အပြင်အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား သမဏဗြာဟ္မဏတို့၏ (နွား, ခွေးစသည်တို့၏) သဘော ‘သီလ’ဖြင့် (ကိလေသာမှ) စင်ကြယ်၏,(နွား, ခွေးစသည်တို့၏) အကျင့်‘ဝတ’ဖြင့်(ကိလေသာမှ) စင်ကြယ်၏, (နွား,ခွေးစသည်တို့၏) အလေ့အကျင့် ‘သီလဗ္ဗတ’ဖြင့် (ကိလေသာမှ) စင်ကြယ်၏ ဟု ဤသို့သဘောရှိသော အကြင်အမြင်မှားမှု၊ (၆၂-ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှု တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှုခရီးခဲ၊ (သမ္မာဒိဋ္ဌိကို)ထွင်းဖောက် ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန် တုန်လှုပ်ခြင်းသဘော၊ (ဝင်ဆင်းရဲ၍) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော၊မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ ဆက်ဆုပ်အပ်သော လမ်းစဉ်၊ မှားသောခရီးလမ်းကြောင်း၊ မှားယွင်းသော သဘော၊ မှားသောအမြင် (မှားသော အယူ)တည်းဟူသောအကျိုးမဲ့တို့၏ဖြစ်ရာ၊ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို နာမ်တရားအပေါင်း ‘နာမကာယ’ကို (ဝင်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော (နွား,ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို(စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု ‘သီလဗ္ဗတပရာမာသ ကာယဂန္ထ’ဟူ၍ ဆိုအပ်၏(ဒိဋ္ဌိ)။(၁၀၀၉)

http://www.dhammadownload.com



**ဣဒံသစ္စာဘိနိဝေသကာယဂန္ထ** ၁၁၄၄။ (၄) ထို(ဂန္ထလေးပါးတို့)တွင် နာမ်တရားအပေါင်း 'နာမကာယ' ကို (ဝဠ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဤသည်သာ အမှန်တည်းဟု (မှားသောအားဖြင့်) နှလုံးသွင်းမှု 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ' ဟူသည် အဘယ်နည်း။ လောကသည် မြဲ၏ဟူသော ဤအယူသည်သာ အမှန် (ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား) ဟူ၍ငင်း၊ လောကသည် မမြဲဟူသော ဤအယူသည်သာ အမှန် (ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား)ဟူ၍ငင်း၊ လောကသည် အဆုံး(အပိုင်းအခြား) ရှိ၏ဟူသော ဤအယူသည်သာ အမှန်(ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား)ဟူ၍ငင်း၊ လောကသည် အဆုံး(အပိုင်းအခြား) မရှိဟူသော ဤအယူသည်သာ အမှန် (ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား) ဟူ၍ငင်း၊ ထိုအသက်'ဇီဝ'သည်ပင် ထိုကိုယ်တည်းဟူသော ဤအယူသည်သာ အမှန်(ဖြစ်၏), အခြားအယူသည် အချည်းနှီး(အမှား) ဟူ၍ငင်း၊အသက်'ဇီဝ'သည် တခြား ကိုယ်သည် တခြားဟူသော ဤအယူသည်သာ အမှန်(ဖြစ်၏), အခြားအယူသည် အချည်းနှီး(အမှား) ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူသော ဤအယူသည်သာ အမှန်(ဖြစ်၏),အခြားအယူသည် အချည်းနှီး(အမှား)ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူသော ဤအယူသည်သာ အမှန် (ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား)ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏, မဖြစ်လည်း မဖြစ် ဟူသော ဤအယူသည်သာ အမှန် (ဖြစ်၏), အခြားအယူသည် အချည်းနှီး (အမှား) ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟူသော ဤအယူသည်သာ အမှန်(ဖြစ်၏), အခြားအယူသည် အချည်းနှီး(အမှား)ဟူ၍ငင်း။

ဤသို့သဘောရှိသော အကြင်အမြင်မှားမှု၊ (၆၂-ပါးသော)အမြင်မှား(အယူမှား)မှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတည်းဟူသော တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)အမြင်မှားမှု ခရီးခဲ၊(သမ္မာဒိဋ္ဌိကို)ထွင်းဖောက်ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှု တည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သော သဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သောသဘော၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော၊ မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊စက်ဆုပ်အပ်သောလမ်းစဉ်၊ မှားသောခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသောအယူတည်းဟူသော အကျိုးမဲ့တို့၏ဖြစ်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ'ဟူ၍ ဆိုအပ်၏။ (နွား, ခွေးစသည်တို့၏)အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ ကာယဂန္ထ'ကို ချန်ထား၍ အလုံးစုံလည်းဖြစ်သော အမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည် 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ'တည်း(ဒိဋ္ဌိ)။ (၁၁၀၅, ၁၁၂၂)

ဤတရားတို့သည် ဂန္ထမည်ကုန်၏ (လောဘ,ဒေါသ,ဒိဋ္ဌိ)။

**နော ဂန္ထတရား** ၁၁၄၅။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့မှု (ဂန္ထ)မမည်သော 'နော ဂန္ထတရား' ဖြစ်ကုန်သနည်း။ ထို(ဂန္ထ) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်

http://www.dhammadownload.com



သော,ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင်(ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင်မစီရင် အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထမမည်သော 'နောဂန္ထ'တရား ဖြစ်ကုန်၏ (စိတ်,ဂန္ထတရားကိုယ်သုံးပါးကြဉ်သော စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၂-ဂန္ထနိယဒုက်

ဂန္ထနိယတရား ၁၁၄၆။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့မှု 'ဂန္ထ'တရားတို့၏ အာရုံဖြစ်သော 'ဂန္ထနိယ' တရားဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထတရားတို့၏ အာရုံဖြစ်သော 'ဂန္ထနိယ'တရား ဖြစ်ကုန်၏ (လောကီစိတ်,စေတသိက်,ရုပ်)။

အဂန္ထနိယတရား ၁၁၄၇။ (၂) အဘယ်တရားတို့သည် ဂန္ထတရားတို့၏ အာရုံမဖြစ်သော 'အဂန္ထနိယ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊(ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင်မစီရင်အပ်သောသဘော'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ဂန္ထတရားတို့၏ အာရုံမဖြစ်သော 'အဂန္ထနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-ဂန္ထသမ္ပယုတ္တဒုက်

ဂန္ထသမ္ပယုတ္တတရား ၁၁၄၈။ (၁) အဘယ်တရားတို့သည် ဂန္ထနှင့်ယှဉ်သော 'ဂန္ထသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို(ဂန္ထ)တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြောင်း တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဂန္ထနှင့်ယှဉ်သော 'ဂန္ထသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (လောဘမူ, ဒေါသမူစိတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်၌ရှိ လောဘနှင့် ဒေါသမူဒွေ၌ရှိ ဒေါသကြဉ်သော ယှဉ်ဘက် စေတသိက်)။

ဂန္ထဝိပ္ပယုတ္တတရား ၁၁၄၉။ (၂) အဘယ်တရားတို့သည် ဂန္ထနှင့်မယှဉ်သော 'ဂန္ထဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို(ဂန္ထ) တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင် အပ်သောသဘော'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟူသော အကြောင်းတရားတို့သည်(ရှိကုန်၏)။ ဤတရား တို့သည်ဂန္ထနှင့်မယှဉ်သော 'ဂန္ထဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏ (မောဟမူ,ကုသိုလ်,ဝိပါက်, ကိရိယာ စိတ်,ယှဉ်ဘက်စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘ, ဒေါသမူဒွေဒေါသ,ရုပ်,နိဗ္ဗာန်)။

http://www.dhammadownload.com



## ၄-ဂန္ထ ဂန္ထနိယဒုက်

**ဂန္ထ ဂန္ထနိယတရား** ၁၁၅၀။ (၁) အဘယ်တရားတို့သည်(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' လည်းမည်၍ ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' တို့၏ အာရုံလည်း ဖြစ်သော 'ဂန္ထ ဂန္ထနိယ' တရားဖြစ်ကုန်သနည်း။ ထို ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' တို့သည်ပင်လျှင် ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' လည်း မည်၍ ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' တို့၏ အာရုံလည်း ဖြစ်သော 'ဂန္ထ ဂန္ထနိယ' တရား ဖြစ်ကုန်၏ (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော ဂန္ထတရားကိုယ်သုံးပါး)။

**ဂန္ထနိယ နော ဂန္ထတရား** ၁၁၅၁။ (၂) အဘယ်တရားတို့သည်(လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထတို့၏ အာရုံသာဖြစ်၍ ဂန္ထမမည်သော 'ဂန္ထနိယ နော ဂန္ထ' တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို(ဂန္ထ) တရားတို့ဖြင့် (ထိုဂန္ထတရားတို့ အာရုံပြုအပ်သဖြင့်) ဂန္ထတို့၏အာရုံဖြစ်သော 'ဂန္ထနိယ' တရားဖြစ်ကုန်၏။ (ထိုဂန္ထနိယတရားတို့၌ ပါရှိသော) ထို(ဂန္ထ) တရားတို့ကို ချန်ထား၍ ကြွင်းကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထတို့၏ အာရုံသာဖြစ်၍ ဂန္ထမမည်သော 'ဂန္ထနိယ နော ဂန္ထ' တရား ဖြစ်ကုန်၏(လောကီစိတ်,ဂန္ထတရားကိုယ်သုံးပါးမှတပါး အခြားသောယှဉ်ဘက်စေတသိက်, ရုပ်)။

## ၅-ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်

**ဂန္ထ ဂန္ထသမ္ပယုတ္တတရား** ၁၁၅၂။ (၁) အဘယ်တရားတို့သည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်သော 'ဂန္ထ ဂန္ထသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။

နာမ်တရားအပေါင်း 'နာမကာယ' ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသကာယဂန္ထ' သည် ဂန္ထလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အဘိဇ္ဈာကာယဂန္ထ' ကြောင့် ဂန္ထနှင့်ယှဉ်သည်လည်းဖြစ်၏၊ နာမ်တရားအပေါင်း 'နာမကာယ' ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ' သည် ဂန္ထလည်း မည်၏။ (ယှဉ်ဘက်ဖြစ်သော) သီလဗ္ဗတပရာမာသကာယဂန္ထကြောင့် ဂန္ထနှင့်ယှဉ်သည်လည်း ဖြစ်၏။

နာမ်တရားအပေါင်း 'နာမကာယ' ကို (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဤသည်သာ အမှန်ဟု မှားသောအားဖြင့် နှလုံးသွင်းမှု 'ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ' သည် ဂန္ထလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဘိဇ္ဈာကာယဂန္ထကြောင့် ဂန္ထနှင့် ယှဉ်သည်လည်း ဖြစ်၏၊ နာမ်တရားအပေါင်း 'နာမကာယ' ကို(ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ' သည် ဂန္ထလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ' ကြောင့် ဂန္ထနှင့်ယှဉ်သည်လည်း ဖြစ်၏။

ဤတရားတို့သည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်သော 'ဂန္ထ ဂန္ထသမ္ပယုတ္တ' တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ, ဒိဋ္ဌိ)။

http://www.dhammadownload.com



**ဂန္ထသမ္ပယုတ္တ နော ဂန္ထတရား** ၁၁၅၃။ (၂) အဘယ် တရား တို့သည် ဂန္ထနှင့်သာယှဉ်၍ ဂန္ထ မမည်သော 'ဂန္ထသမ္ပယုတ္တ နော ဂန္ထ'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို(ဂန္ထ)တရားတို့နှင့် ယှဉ်သော 'ဂန္ထသမ္ပယုတ္တ'တရား ဖြစ်ကုန်၏။ (ထိုဂန္ထသမ္ပယုတ္တတရားတို့၌ပါရှိသော) ထို(ဂန္ထ)တရားတို့ကို ချန်ထား၍ (ကြွင်းသော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထနှင့်သာယှဉ်၍ ဂန္ထ မမည်သော 'ဂန္ထသမ္ပယုတ္တ နော ဂန္ထ'တရားဖြစ်ကုန်၏ (လောဘမူစိတ်, ဒေါသမူစိတ်, ဂန္ထတရားကိုယ်သုံးပါးမှတပါး အခြားသောယှဉ်ဘက်စေတသိက်)။

## ၆-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်

**ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယတရား** ၁၁၅၄။ (၁) အဘယ်တရားတို့သည် ဂန္ထနှင့်မယှဉ်ကုန်မူ၍ ဂန္ထတို့၏ အာရုံသာ ဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယ'တရား ဖြစ်ကုန်သနည်း။ ထို (ဂန္ထ) တရားတို့နှင့် မယှဉ်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော,ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင် တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဂန္ထနှင့် မယှဉ်ကုန်မူ၍ ဂန္ထတို့၏ အာရုံသာဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယ' တရားဖြစ်ကုန်၏ (လောကီ ကုသိုလ်, မောဟမူဒွေ, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ, ဒေါသမူဒွေ၌ ရှိသောဒေါသ,ရုပ်)။

**ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယတရား** ၁၁၅၅။ (၂) အဘယ်တရားတို့သည် ဂန္ထနှင့်လည်း မယှဉ်ကုန်မူ၍ ဂန္ထတို့၏ အာရုံလည်း မဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ,စိတ်,ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ဂန္ထနှင့်လည်းမယှဉ်ကုန်မူ၍ ဂန္ထတို့၏ အာရုံလည်း မဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

ဂန္ထဂေါစ္ဆက ပြီးပြီ။

---

## ၆-ဩဃဂေါစ္ဆက

**ဩဃ** ၁၁၅၆။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေမှု 'ဩဃ' တို့မည်ကုန်သနည်း။ပ။ (အာသဝနှင့်အားလုံးတူ)။

## ၇-ယောဂဂေါစ္ဆက

**ယောဂ** ၁၁၅၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကိုဝဋ်ဆင်းရဲ၌) ယှဉ်စေမှု 'ယောဂ' တို့ မည်ကုန်သနည်း။ (အာသဝနှင့် အားလုံးတူ)။

http://www.dhammadownload.com



## ဂ-နီဝရဏဂေါစ္ဆက

### ၁-နီဝရဏဒုက်

**နီဝရဏမည်သောတရား** ၁၁၅၈။ (၁) အဘယ်တရားတို့သည် (စျာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ' မည်ကုန်သနည်း။ (ကာမဂုဏ်ငါးပါးတို့၌) လိုချင် တောင့်တခြင်း (အလိုကြီးခြင်း) ဟူသော ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒနီဝရဏ'၊ (စိတ်) ပျက်စီးစေခြင်းဟူသော ပိတ်ပင်တားဆီးမှု 'ဗျာပါဒနီဝရဏ'၊ စိတ် စေတသိက်တို့၏ မခံ့ခြင်း (ထိုင်းမှိုင်းခြင်း)ဟူသော ပိတ်ပင်တားဆီးမှု 'ထိန မိဒ္ဓနီဝရဏ'၊ ပျံ့လွင့် ခြင်း, နောင်တတဖန် ပူပန်ခြင်းဟူသော ပိတ်ပင်တားဆီးမှု 'ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ'၊ ယုံမှားခြင်း ဟူသော ပိတ်ပင်တားဆီးမှု 'ဝိစိကိစ္ဆာနီဝရဏ'၊ သိအပ်သည်ကို မသိ (သစ္စာလေးပါးကို မသိ) ခြင်းဟူသော ပိတ်ပင်တားဆီးမှု 'အဝိဇ္ဇာနီဝရဏ'ဟူသော (စျာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင် တားဆီးမှု 'နီဝရဏ' ခြောက်ပါးတို့သည် ရှိတုန်၏။

**ကာမစ္ဆန္ဒနီဝရဏ** ၁၁၅၉။ (၁) ထို(နီဝရဏခြောက်ပါးတို့)တွင်(ကာမဂုဏ်ငါးပါးတို့၌)လိုချင် တောင့်တခြင်း (အလိုကြီးခြင်း) ဟူသော ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒနီဝရဏ' ဟူသည် အဘယ်နည်း။ လိုချင်ဘွယ် 'ကာမ'တို့၌ အကြင် လိုချင်တောင့်တမှု၊ လိုချင်မွေ့လမ်းမှု၊ လိုချင်နှစ်သက်မှု၊ လိုချင်တပ်မက်မှု၊ လိုချင်ဘွယ်'ကာမ'၌ တပ်မက်မှုအစေး၊ လိုချင်မှု 'ကာမ'ဟူသော ပူလောင်မှု၊ လိုချင်မိန်းမောမှု (လိုချင်မှုအားကြီးသဖြင့် မိန်းမောမှု)၊ လိုချင်ဘွယ်'ကာမ'ကို မျို၍ပြီးဆုံးစေခြင်း (လိုချင်ဘွယ် ကာမကို အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်မှု)သည်(ရှိ၏)။ ဤ ဆိုအပ်ခဲ့ပြီးသော သဘောကို (ကာမဂုဏ်ငါးပါးတို့၌)လိုချင်တောင့်တ ခြင်း (အလိုကြီးခြင်း)ဟူသော ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒနီဝရဏ'ဟူ၍ ဆိုအပ်၏။ (၁၁၀၁)

**ဗျာပါဒနီဝရဏ** ၁၁၆၀။ (၂) ထို (နီဝရဏခြောက်ပါးတို့)တွင် (စိတ်) ပျက်စီး စေခြင်း ဟူသော ပိတ်ပင်တားဆီးမှု 'ဗျာပါဒနီဝရဏ'ဟူသည် အဘယ် နည်း။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ အကျိုး မဲ့ကို ပြုကျင့်နေဆဲဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏အကျိုးမဲ့ကို ပြုကျင့် လတ့်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်။ပ။အကျိုးမဲ့ကို ပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ မချစ်ခင်မမြတ်နိုးအပ်သူ၏ အကျိုးကိုပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးကိုပြုကျင့်လတ့်"ဟု ရန်ငြိုးဖွဲ့မှု'အာဃာတ'သည် ဖြစ်၏၊ ထို့ပြင် အကြောင်း မဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု) 'အာဃာတ'သည် ဖြစ်၏။

ဤသို့သဘောရှိသော စိတ်၏ အကြင် ရန်ငြိုးဖွဲ့မှု၊ လွန်စွာရန်ငြိုးဖွဲ့မှု၊ (အာရုံ၌) ထိပါးမှု (မုန်းထားမှု)၊ ဆန့်ကျင်ခြင်းသဘော၊ အမျက်ထွက်ခြင်း (စိတ်ဆိုးခြင်း)သဘော၊ လွန်စွာ အမျက် ထွက်ခြင်း (စိတ်ဆိုးခြင်း) သဘော၊ အလွန်ပြင်းစွာ အမျက်ထွက်ခြင်း (စိတ်ဆိုးခြင်း) သဘော၊ ဖျက်ဆီးပြစ်မှားခြင်းသဘော၊ လွန်စွာဖျက်ဆီး ပြစ်မှားခြင်းသဘော၊ အလွန်ပြင်းစွာ ဖျက်ဆီး ပြစ်မှားခြင်းသဘော၊ စိတ်၏ ဖောက်ပြန်ခြင်းသဘော၊ စိတ်ပျက်စီးခြင်းသဘော၊ အမျက်ထွက် ခြင်းသဘော၊ အမျက်ထွက်ပုံအခြင်းအရာ၊ အမျက်ထွက်တတ်သူ၏ အဖြစ်၊ ဖျက်ဆီးပြစ်မှားခြင်း

http://www.dhammadownload.com



သဘော၊ ဖျက်ဆီးပြစ်မှားပုံ အခြင်းအရာ၊ ဖျက်ဆီးပြစ်မှားတတ်သူ၏ အဖြစ်၊ ဖောက်ပြန်ပျက်စီး စေခြင်းသဘော၊ ဖောက်ပြန် ပျက်စီးစေပုံအခြင်းအရာ၊ ဖောက်ပြန် ပျက်စီးစေတတ်သူ၏အဖြစ်၊ ဆန့်ကျင်မှု၊ လွန်စွာဆန့်ကျင်မှု၊ ကြမ်းတမ်းသူ၏ အဖြစ် (ကြမ်းတမ်းမှု)၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း)၊ စိတ်၏ မိမိပကတိစိတ်မဟုတ်သည်၏ အဖြစ် (စိတ်တိုင်းမကျသည်၏အဖြစ်)သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (စိတ်) ပျက်စီး စေခြင်းဟူသော ပိတ်ပင်တားဆီးမှု 'ဗျာပါဒနီဝရဏ'ဟူ၍ ဆိုအပ်၏။ (၁၀၆၆, ၁၁၂၀, ၁၁၄၂)

**ထိနမိဒ္ဓနီဝရဏ** ၁၁၆၁။ (၃) ထို(နီဝရဏခြောက်ပါးတို့)တွင် စိတ် စေတသိက်တို့၏ မခံ့ခြင်း (ထိုင်းမှိုင်းခြင်း)ဟူသော ပိတ်ပင်တားဆီးမှု 'ထိန မိဒ္ဓနီဝရဏ' ဟူသည် အဘယ်နည်း။ (စိတ်၏)မခံ့မှု (ထိုင်းမှိုင်းမှု) ထိန'သည် ရှိ၏၊ (စေတသိက်အပေါင်း၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'မိဒ္ဓ'သည် (ရှိ၏)။

**ထိန** ၁၁၆၂။ (က) ထို (ထိန မိဒ္ဓတို့)တွင် (စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'ဟူသည် အဘယ်နည်း။ စိတ်၏ အကြင်မခံ့ကျန်းသည်၏အဖြစ် 'အကလ္လတာ'၊ အမှု၌ မခံ့သည်၏အဖြစ် (အမှုကိစ္စတို့၌ ပြီးမြောက်အောင် မလုံ့လျော မဆောင်ရွက်နိုင်မှု) 'အကမ္မညတာ'၊ (ရှိမြဲဣရိယာပုထ် မခိုင်ခံ့နိုင်အောင် ပျင်းရိခြင်း၌) ငြိတွယ်ပုံ အခြင်းအရာ 'ဩလီယနာ'၊ (ရှိမြဲဣရိယာပုထ် မခိုင်ခံ့နိုင်အောင် ပျင်းရိခြင်း၌) ငြိကပ်ပုံအခြင်းအရာ 'သလ္လီ-ယနာ'၊ တွန့်ဆုတ်ခြင်းသဘော'လီန'၊ တွန့်ဆုတ်ပုံအခြင်းအရာ'လီယနာ'၊တွန့်ဆုတ်တတ်သူ၏အဖြစ် 'လီယိတတ္တ'၊ (စိတ်၏) မခံ့ခြင်း (ထိုင်းမှိုင်းခြင်း) သဘော 'ထိန'၊ (စိတ်၏) မခံ့ပုံ (ထိုင်းမှိုင်းပုံ) အခြင်းအရာ 'ထိယနာ'၊ စိတ်၏မခံ့သည် (ထိုင်းမှိုင်းသည်)၏အဖြစ် 'ထိယိတတ္တ'သည် (ရှိ၏)။ ဤသဘောကို (စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'ဟူ၍ ဆိုအပ်၏။

**မိဒ္ဓ** ၁၁၆၃။ (ခ) ထို(ထိန မိဒ္ဓတို့)တွင် (စေတသိက်အပေါင်း၏) မခံ့ကျန်းမှု (ထိုင်းမှိုင်းမှု) 'မိဒ္ဓ'ဟူသည် အဘယ်နည်း။ စေတသိက်အပေါင်း၏ အကြင် မခံ့ကျန်း သည်၏အဖြစ် 'အကလ္လတာ'၊ အမှု၌ မခံ့သည်၏ အဖြစ် (အမှုကိစ္စတို့၌ ပြီးမြောက်အောင် မလိုက် လျောမဆောင်ရွက်နိုင်မှု) 'အကမ္မညတာ'၊ (ယှဉ်ဘက်တရားတို့ကို မည်သည့်အာရုံကိုမျှ သွက်လက် ကြည်လင်စွာ မယူနိုင်အောင် ပိတ်ဆို့ ဖွဲ့နှောင်) မြှေးယှက်ခြင်းသဘော 'ဩနာဟ'၊ထက်ဝန်းကျင် (အလုံးစုံ) (ယှဉ်ဘက်တရားတို့ကို မည်သည့်အာရုံကိုမျှ သွက်လက်ကြည်လင်စွာ မယူနိုင်အောင် ပိတ်ဆို့ဖွဲ့နှောင်)မြှေးယှက်ခြင်း သဘော'ပရိယောနာဟ'၊(ယှဉ်ဘက်တရားတို့ကို အာရုံအမျိုးမျိုး၌ မဖြစ်နိုင် မယူနိုင်အောင် တားမြစ်ခြင်းအားဖြင့်) အတွင်း၌ ကောင်းစွာ ပိတ်ဆို့ခြင်းသဘော 'အန္တောသမောရောဓ'၊ (စေတသိက်အပေါင်း၏) မခံ့ခြင်း (ထိုင်းမှိုင်းခြင်း ငိုက်မျဉ်းခြင်း)သဘော 'မိဒ္ဓ'၊ အိပ်ကြောင်းသဘော 'သောပ္ပ'၊ ( ငိုက်မျဉ်းသဖြင့် မှိတ်တုတ် မှိတ်တုတ် ) မျက်တောင် လှုပ်ခြင်းကို ပြုခြင်းသဘော 'ပစလာယိက'၊ အိပ်ကြောင်းသဘော 'သောပ္ပ'၊ အိပ်ပုံအခြင်း အရာ 'သုပနာ'၊ အိပ်သူ၏အဖြစ် 'သုပိတတ္တ'သည် (ရှိ၏)။ ဤသဘောကို(စေတသိက်အပေါင်း၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'မိဒ္ဓ'ဟူ၍ ဆိုအပ်၏။

ဤသို့ ဤ(စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'သည်၎င်း၊ ဤ(စေတသိက်အပေါင်း၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'မိဒ္ဓ'သည်၎င်း (ရှိ၏)။ ဤ(စိတ်စေတသိက်တို့၏) မခံ့မှု (ထိုင်းမှိုင်းမှု)ကို 'ထိနမိဒ္ဓ-နီဝရဏ'ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



**ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ** ၁၁၆၄။ (၄) ထို (နီဝရဏခြောက်ပါးတို့) တွင် ဥဒ္ဒစ္စ ကုက္ကုစ္စနီဝရဏ ဟူသည် အဘယ်နည်း။ ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' သည် ရှိ၏၊ နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ'သည် (ရှိ၏)။

**ဥဒ္ဒစ္စ** ၁၁၆၅။ (က) ထို(ဥဒ္ဒစ္စ ကုက္ကုစ္စတို့)တွင် ပျံ့လွင့်မှု'ဥဒ္ဒစ္စ'ဟူသည် အဘယ်နည်း။ စိတ်၏ အကြင်တုန်လှုပ်သည်၏အဖြစ် (ပျံ့လွင့်ခြင်း)၊ မငြိမ်သက်ခြင်း (မငြိမ်းအေးခြင်း)၊စိတ်ပျံ့လွင့်တတ်သော သဘော၊ စိတ်တုန်လှုပ်(မတည်ငြိမ်)သည်၏အဖြစ်သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော)သဘောကို ပျံ့လွင့်မှု'ဥဒ္ဒစ္စ'ဟူ၍ ဆိုအပ်၏။ (၄၂၉)

**ကုက္ကုစ္စ** ၁၁၆၆။ (ခ) ထို (ဥဒ္ဒစ္စ ကုက္ကုစ္စတို့) တွင် နောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ'ဟူသည် အဘယ်နည်း။ မအပ်သည်၌ အပ်၏ဟု အမှတ် 'သညာ' ရှိသူ၏အဖြစ်၊ အပ်သည်၌မအပ်ဟု အမှတ်'သညာ'ရှိသူ၏ အဖြစ်၊ အပြစ်မဟုတ်သည်၌ အပြစ်ဟု အမှတ် 'သညာ' ရှိသူ၏ အဖြစ်၊ အပြစ်၌ အပြစ်မဟုတ်ဟု အမှတ် 'သညာ'ရှိသူ၏အဖြစ်သည် (ရှိ၏)။

ဤသို့ (အကြောင်းရင်းအခြေခံ) သဘောရှိသော အကြင် နောင်တတဖန် ပူပန်ခြင်းသဘော 'ကုက္ကုစ္စ'၊ နောင်တတဖန် ပူပန်ပုံအခြင်းအရာ 'ကုက္ကုစ္စာယနာ'၊ နောင်တတဖန် ပူပန်တတ်သူ၏ အဖြစ် 'ကုက္ကုစ္စာယိတတ္တ'၊ နှလုံးမသာယာခြင်းသဘော 'စေတသော ဝိပ္ပဋိသာရ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ (ရှုပ်ရှုပ်ထွေးထွေး) ဖြစ်ခြင်းသဘောသည် (ရှိ၏)။ ဤသဘောကို နောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ'ဟူ၍ ဆိုအပ်၏။ ဤသို့ ဤပျံ့လွင့်မှု 'ဥဒ္ဒစ္စ'သည်၎င်း၊ ဤနောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ'သည်၎င်း (ရှိ၏)။ ဤပျံ့လွင့်မှု'ဥဒ္ဒစ္စ'နှင့် နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို'ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ'ဟူ၍ ဆိုအပ်၏။

**ဝိစိကိစ္ဆာနီဝရဏ** ၁၁၆၇။ (၅) ထို(နီဝရဏခြောက်ပါးတို့)တွင် ဝိစိကိစ္ဆာနီဝရဏ ဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၌ ယုံမှား၏၊ တွေးတော၏(မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)၊ တရား၌ ယုံမှား၏၊ တွေးတော၏၊ သံဃာ၌ ယုံမှား၏၊ တွေးတော၏၊ အကျင့် 'သိက္ခာ'၌ ယုံမှား၏၊ တွေးတော၏၊ရှေးအဘို့ (လွန်ပြီးသောခန္ဓာစသည်တို့)၌ ယုံမှား၏၊ တွေးတော၏၊ နောက်အဘို့ (ဖြစ်လတ္တံ့သောခန္ဓာစသည်တို့)၌ ယုံမှား၏၊ တွေးတော၏၊ ရှေးအဘို့ နောက်အဘို့(ဖြစ်ပြီး ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့)၌ ယုံမှား၏၊ တွေးတော၏၊ ဤ(ဇရာမရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထိုအကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ ယုံမှား၏၊ တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)။

ဤသို့ သဘောရှိသော အကြင်ယုံမှားမှု၊ ယုံမှားပုံအခြင်းအရာ၊ ယုံမှားတတ်သည်၏အဖြစ်၊ မသိခြင်း (တွေးတောခြင်း)၊ သဘာဝကို စဉ်းစားလျှင် (မဆုံးဖြတ်နိုင်၍) ပင်ပန်းကြောင်းသဘော၊ မှန် မမှန်(မဆုံးဖြတ်နိုင်၍)နှစ်မျိုးအားဖြင့်တုန်လှုပ်တတ်သောသဘော၊ လမ်းနှစ်ခွနှင့်တူသောသဘော၊ထက်ဝန်းကျင်မှ ဖြစ်တတ်(ယုံမှားတတ်) သောသဘော၊ ဧကန္တအားဖြင့်ယူခြင်းငှါ မစွမ်းနိုင်ခြင်းသဘော.. (မဆုံးဖြတ်နိုင်၍)အာရုံမှ ဆုတ်နစ်တတ်သောသဘော၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) (အာရုံ၏)ထက်ဝန်းကျင်၌ (တဝဲလည်လည်) ရွေ့ရှားနေတတ်သောသဘော၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ဉာဏ်ဖြင့်)မသက်ဝင်နိုင်ခြင်းသဘော၊(ဆုံးဖြတ်ခြင်းငှါမစွမ်းနိုင်၍) စိတ်၏ခက်တရော်သည်၏အဖြစ်(ခိုင်မာခြင်းသဘော)၊ စိတ်ကိုရေးခြစ်သကဲ့သို့(ရှုပ်ရှုပ်ထွေးထွေး)

http://www.dhammadownload.com



ဖြစ်တတ်သောသဘောသည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသောသဘောကို 'ဝိစိကိစ္ဆာနီဝရဏ'ဟူ၍ ဆိုအပ်၏။ (၄၂၅,၁၀၀၈)

အဝိဇ္ဇာနီဝရဏ ၁၁၆၈။ (၆) ထို (နီဝရဏခြောက်ပါးတို့) တွင် အဝိဇ္ဇာနီဝရဏဟူသည် အဘယ်နည်း။ ဆင်းရဲ၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)၌ မသိမှု၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မသိမှု၊ ရှေးအဘို (ဖြစ်ပြီးသောခန္ဓာစသည်တို့)၌ မသိမှု၊နောက်အဘို (ဖြစ်လတ္တံ့သောခန္ဓာစသည်တို့)၌ မသိမှု၊ ရှေးအဘို နောက်အဘို (ဖြစ်ပြီးဖြစ်လတ္တံ့သောခန္ဓာစသည်တို့)၌ မသိမှု၊ ဤ (ဇရာမရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိစသော ထိုထိုအကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ မသိမှုသည် (ရှိ၏)။

ဤသို့သဘောရှိသော အကြင်မသိခြင်းသဘော၊(အမှန်တရားကို)မမြင်ခြင်းသဘော၊ ထိုးထွင်း၍ မသိတတ်သောသဘော၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော၊ (အနိစ္စစသည်တို့နှင့်)ယှဉ်၍ မသိတတ်သောသဘော(မှားယွင်းစွာ သိတတ်သောသဘော)၊ ထိုးထွင်း၍ မသိခြင်းသဘော၊ (အနိစ္စ စသည်ဖြင့်) မယူတတ်သောသဘော၊ (အမှန်တရားကို) သက်ဝင်၍ (နားလည်၍) မယူတတ်သောသဘော၊ ညီညီညွတ်ညွတ် မရှုတတ် (အနိစ္စစသည်ကိုနိစ္စစသည်ဟု မညီမညွတ်ရှုတတ်) သောသဘော၊ မဆင်ခြင်တတ်သောသဘော၊ မျက်မှောက် မရှုတတ်သောသဘော(အကောင်းအဆိုးကို မဝေခွဲတတ်သောသဘော)၊ (စိတ်) ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်းသဘော၊ လူမိုက်ဖြစ်ကြောင်းသဘော၊ ကောင်းစွာ (ခွဲခွဲခြားခြား) အပြားအားဖြင့် မသိတတ်သောသဘော၊ (အမှန်သဘော၌) တွေဝေခြင်းသဘော (အမှန်ကိုမသိမှု)၊ (အမှန်သဘော၌) ပြင်းစွာတွေဝေခြင်းသဘော၊ ထက်ဝန်းကျင် (တရားအားလုံး၌)တွေဝေခြင်းသဘော၊ သိအပ်သည်ကို မသိခြင်း (သစ္စာလေးပါးကို မသိခြင်း) သဘော၊ (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော မသိမှုသဘော၊ တနည်း– လျောက်ပတ်သော အကြောင်းကိုရလျှင် (အကြောင်းညီညွတ်လျှင်) ဖြစ်တတ်သောသဘော 'အဝိဇ္ဇာနုသယ'၊ (စိတ်၌ကိလေသာတို့၏) ထကြွသောင်းကျန်းခြင်း ဟူသော မသိမှုသဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်)နှင့် တူသော မသိမှုသဘော'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟ အကုသလမူလ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အဝိဇ္ဇာနီဝရဏဟူ၍ ဆိုအပ်၏။ (၁၁၀၆,၁၂၃၀)

ဤတရားတို့သည် 'နီဝရဏ'မည်ကုန်၏ (လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟဟူသောနီဝရဏတရားကိုယ်ရှစ်ပါး)။

နောနီဝရဏ တရား ၁၁၆၉။ (၂) အဘယ်တရားတို့သည် 'နီဝရဏ'မမည်သော 'နောနီဝရဏ' တရားဖြစ်ကုန်သနည်း။ ထို (နီဝရဏ) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော,အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌အကျုံးမဝင်

http://www.dhammadownload.com



ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရားဖြစ်သည့် ခံစားမှုအစု ဝေဒ-နာက္ခန္ဓာ။ပ။အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ ဟူသောအကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏ မမည်သော 'နော နီဝရဏ' တရားဖြစ်ကုန်၏ (စိတ်,နီဝရဏတရားကိုယ်ရှစ်ပါးမှတပါး အခြားသောစေတသိက်,ရုပ်, နိဗ္ဗာန်)။

## ၂-နီဝရဏိယဒုက်

**နီဝရဏိယ တရား** ၁၁၇၀။ (၁) အဘယ်တရားတို့သည် 'နီဝရဏ' တို့၏ အာရုံဖြစ်သော 'နီဝရဏိယ'တရားဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် 'နီဝရဏ'တို့၏ အာရုံဖြစ်သော 'နီဝရဏိယ'တရားတို့ဖြစ်ကုန်၏ (လောကီစိတ်,စေတသိက်,ရုပ်)။

**အနီဝရဏိယတရား** ၁၁၇၁။ (၂) အဘယ်တရားတို့သည် 'နီဝရဏ'တို့၏ အာရုံမဖြစ်သော 'အနီဝရဏိယ' တရားတို့ ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်၎င်း၊(ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင် မစီရင်အပ်သောသဘော'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် 'နီဝရဏ'တို့၏အာရုံမဖြစ်သော 'အနီဝရဏိယ'တရားတို့ဖြစ်ကုန်၏(မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃-နီဝရဏသမ္ပယုတ္တဒုက်

**နီဝရဏသမ္ပယုတ္တတရား** ၁၁၇၂။ (၁) အဘယ်တရားတို့သည် 'နီဝရဏ'နှင့် ယှဉ်သော'နီဝရဏသမ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ထို(နီဝရဏ) တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ' ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် 'နီဝရဏ'နှင့် ယှဉ်သော 'နီဝရဏသမ္ပယုတ္တ'တရားဖြစ်ကုန်၏(အကုသိုလ်စိတ်,ယှဉ်ဘက်စေတသိက်)။

**နီဝရဏဝိပ္ပယုတ္တတရား** ၁၁၇၃။ (၂) အဘယ်တရားတို့သည် 'နီဝရဏ'နှင့်မယှဉ်သော'နီဝရဏ-ဝိပ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ထို(နီဝရဏ)တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်) အစု 'ဝိညာဏက္ခန္ဓာ' ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းတရားတို့) မပြုပြင်မစီရင်အပ်သော သဘော'အသင်္ခတဓာတ်'(နိဗ္ဗာန်) ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် 'နီဝရဏ'နှင့် မယှဉ်သော 'နီဝရဏဝိပ္ပယုတ္တ' တရားဖြစ်ကုန်၏(ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

http://www.dhammadownload.com



## ၄-နီဝရဏ နီဝရဏိယဒုက်

**နီဝရဏ နီဝရဏိယတရား** ၁၁၇၄။ (၁) အဘယ်တရားတို့သည် နီဝရဏလည်း မည်၍ နီဝရဏတို့၏ အာရုံလည်း ဖြစ်သော 'နီဝရဏ နီဝရဏိယ' တရားဖြစ်ကုန်သနည်း။ ထိုနီဝရဏ(တရား)တို့သည်ပင် နီဝရဏလည်း မည်၍ နီဝရဏတို့၏ အာရုံလည်း ဖြစ်သော 'နီဝရဏ နီဝရဏိယ'တရားဖြစ်ကုန်၏(နီဝရဏတရားကိုယ်ရှစ်ပါး)။

**နီဝရဏိယ နော နီဝရဏတရား** ၁၁၇၅။ (၂) အဘယ်တရားတို့သည် နီဝရဏတို့၏ အာရုံသာ ဖြစ်၍ နီဝရဏမမည်သော 'နီဝရဏိယ နော နီဝရဏ' တရားဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (နီဝရဏ) တရားတို့ဖြင့် (ထို နီဝရဏ တရားတို့ အာရုံပြုအပ်သဖြင့်) နီဝရဏတို့၏ ၁ာရုံဖြစ်သော 'နီဝရဏိယ' တရားဖြစ်ကုန်၏၊ (ထိုနီ-ဝရဏိယတရားတို့၌ ပါရှိသော)ထို(ယှဉ်ဘက်နီဝရဏ)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ' ။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့၏အာရုံသာဖြစ်၍ နီဝရဏ မမည်သော 'နီဝရဏိယ နော နီဝရဏ'တရား ဖြစ်ကုန်၏ (လောကီစိတ်, နီဝရဏ တရားကိုယ်ရှစ်ပါး ကြဉ်သော စေတသိက်, ရုပ်)။

## ၅-နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်

**နီဝရဏ နီဝရဏသမ္ပယုတ္တတရား** ၁၁၇၆။ (၁) အဘယ်တရားတို့သည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်သော 'နီဝရဏ နီဝ-ရဏသမ္ပယုတ္တ'တရားဖြစ်ကုန်သနည်း။

ကာမစ္ဆန္ဒနီဝရဏသည် နီဝရဏလည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ကာမစ္ဆန္ဒနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဗျာပါဒနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဗျာပါဒနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ထိနမိဒ္ဓနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ထိနမိဒ္ဓနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ-နီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



ကုက္ကုစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ကုက္ကုစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဝိစိကိစ္ဆာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဝိစိကိစ္ဆာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ကာမစ္ဆန္ဒနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ကာမစ္ဆန္ဒနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဗျာပါဒနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဗျာပါဒနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ထိန မိဒ္ဓနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ထိန မိဒ္ဓနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ကုက္ကုစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ကုက္ကုစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဝိစိကိစ္ဆာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဝိစိကိစ္ဆာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

အဝိဇ္ဇာနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏၊ ဥဒ္ဓစ္စနီဝရဏသည် နီဝရဏလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဝိဇ္ဇာနီဝရဏကြောင့် နီဝရဏနှင့် ယှဉ်သည်လည်း ဖြစ်၏။

ဤတရားတို့သည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်းယှဉ်သော 'နီဝရဏ နီဝရဏသမ္ပယုတ္တ' တရား ဖြစ်ကုန်၏ (နီဝရဏတရားကိုယ်ရှစ်ပါး)။

**နီဝရဏသမ္ပယုတ္တ နော နီဝရဏတရား** ၁၁၇၇။ (၂) အဘယ် တရားတို့သည် နီဝရဏနှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ နီဝရဏ မမည်သော 'နီဝရဏသမ္ပယုတ္တ နော နီဝရဏ'တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို(နီဝရဏ) တရားတို့နှင့် ယှဉ်သော 'နီဝရဏသမ္ပယုတ္တ'တရား ဖြစ်ကုန်၏၊ (ထိုနီဝရဏသမ္ပယုတ္တတရားတို့၌ ပါရှိသော) ထို (ယှဉ်ဘက်နီဝရဏ) တရားတို့ကို ချန်ထား၍ (ကြွင်းကျန်သော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏနှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ နီဝရဏမမည်သော 'နီဝရဏသမ္ပယုတ္တ နော နီဝရဏ'တရား ဖြစ်ကုန်၏(အကုသိုလ်စိတ်,နီဝရဏတရားကိုယ်ကြဉ်သော ယှဉ်ဘက် စေတသိက်)။

http://www.dhammadownload.com



### ၆-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်

**နီဝရဏဝိပ္ပယုတ္တ နီဝရဏိယတရား** ၁၁၇၇။ (၁) အဘယ်တရားတို့သည် နီဝရဏနှင့် မယှဉ်ကုန်သည်ဖြစ်၍ နီဝရဏတို့၏ အာရုံသာ ဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ နီဝရဏိယ'တရား ဖြစ်ကုန်သနည်း။ ထို(နီဝရဏ)တရားတို့နှင့် မယှဉ်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ဤတရားတို့သည် နီဝရဏတို့နှင့်မယှဉ်ကုန်သည်ဖြစ်၍ နီဝရဏတို့၏ အာရုံသာဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ နီဝရဏိယ' တရားဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်,ရုပ်)။

**နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယတရား** ၁၁၇၈။ (၂) အဘယ်တရားတို့သည် နီဝရဏတို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ နီဝရဏတို့၏ အာရုံလည်း မဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်၎င်း၊ (ကာ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ နီဝရဏတို့၏ အာရုံလည်း မဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယ' တရားဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

နီဝရဏဂေါစ္ဆက ပြီးပြီ။

---

### ၉-ပရာမာသဂေါစ္ဆက

### ၁-ပရာမာသဒုက်

**ပရာမာသတရား** ၁၁၇၉။ (၁) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' မည်ကုန်သနည်း။အမြင်မှားမှု 'ဒိဋ္ဌိ'သည် မှားသော အားဖြင့် သုံးသပ်မှု 'ပရာမာသ'မည်၏။

**ဒိဋ္ဌိပရာမာသ** ၁၁၈၀။ ထိုစကားရပ်၌ မှားသောအားဖြင့် သုံးသပ်တတ်သော အမြင်မှားမှု 'ဒိဋ္ဌိပရာမာသ'ဟူသည် အဘယ်နည်း။ (ခန္ဓာငါးပါးဟူသော) လောကသည် မြဲ၏ဟူ၍၎င်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် မမြဲဟူ၍၎င်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး(အပိုင်းအခြား)ရှိ၏ဟူ၍၎င်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး (အပိုင်းအခြား) မရှိဟူ၍၎င်း၊ ထိုအသက် 'ဇီဝ'သည်ပင် ထိုကိုယ်တည်းဟူ၍၎င်း၊အသက်'ဇီဝ'သည် တခြား ကိုယ်သည် တခြားဟူ၍၎င်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍၎င်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍၎င်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူ၍၎င်း၊ သတ္တဝါသည်သေပြီးနောက် ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍၎င်း၊ ဤသို့ သဘောရှိသော အကြင်အမြင်မှားမှု (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌

http://www.dhammadownload.com



ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတည်းဟူသော တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)အမြင်မှားမှု ခရီးခဲ၊(သမ္မာဒိဋ္ဌိကို)ထွင်းဖောက်ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန် တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်း ဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သော သဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော၊ (အာရုံကို) မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော၊ (အာရုံကို) မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ စက်ဆုပ်အပ်သောလမ်းစဉ်၊ မှားသော ခရီးလမ်းကြောင်း၊ မှားယွင်းသော သဘော၊ မှားသောအယူတည်းဟူသော အကျိုးမဲ့တို့၏ဖြစ်ရာ၊ ဖောက်ပြန် မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို မှားသောအားဖြင့် သုံးသပ်တတ်သော အမြင်မှားမှု 'ဒိဋ္ဌိ ပရာမာသ'ဟူ၍ ဆိုအပ်၏။ အလုံးစုံသောအမြင်မှားမှု 'မိစ္ဆာဒိဋ္ဌိ'သည်လည်း မှားသောအားဖြင့် သုံးသပ်တတ်သော အမြင်မှားမှု 'ဒိဋ္ဌိ ပရာမာသ'တည်း (ဒိဋ္ဌိဟု ဆိုအပ်သော ပရာမာသတရားကိုယ်တပါး)။ (၃၈၁,၁၁၀၅,၁၁၂၂,၁၁၄၄)။

ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'မည်ကုန်၏။

**နော ပရာမာသတရား** ၁၁၈၂။ (၂) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'မမည်သော 'နော ပရာမာသ'တရားဖြစ်ကုန်သနည်း။ ထို(ပရာမာသ)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ,စိတ်, ဥတု,အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' မမည်သော 'နော ပရာမာသ'တရား ဖြစ်ကုန်၏ (စိတ်, ဒိဋ္ဌိကြဉ်သော စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-ပရာမဋ္ဌဒုက်

**ပရာမဋ္ဌတရား** ၁၁၈၃။ (၁) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု'ပရာမာသ' တို့၏ အာရုံဖြစ်သော 'ပရာမဋ္ဌ'တရားဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'တို့၏ အာရုံဖြစ်သော 'ပရာမဋ္ဌ' တရားဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

**အပရာမဋ္ဌတရား** ၁၁၈၄။ (၂) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'တို့၏ အာရုံမဖြစ်သော 'အပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး(ဖိုလ်)တို့သည်၎င်း၊

http://www.dhammadownload.com



(ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'တို့၏ အာရုံမဖြစ်သော 'အပရာမဋ္ဌ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-ပရာမာသသမ္ပယုတ္တဒုက်

**ပရာမာသသမ္ပယုတ္တတရား** ၁၁၇၅။ (၁) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'နှင့်ယှဉ်သော 'ပရာမာသ သမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ထို(ပရာမာသ)တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'နှင့် ယှဉ်သော 'ပရာမာသသမ္ပယုတ္တ'တရား ဖြစ်ကုန်၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ဒိဋ္ဌိကြဉ်သော ယှဉ်ဘက် စေတသိက်များ)။

**ပရာမာသဝိပ္ပယုတ္တတရား** ၁၁၇၆။ (၂) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'နှင့် မယှဉ်သော 'ပရာမာသဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ထို(ပရာမာသ)တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ' ။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု'ပရာမာသ'နှင့် မယှဉ်သော'ပရာမာသဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ဒိဋ္ဌိကြဉ်သော စေတသိက်, ဒိဋ္ဌိပရာမာသ, ရုပ်, နိဗ္ဗာန်)။

## ၄-ပရာမာသ ပရာမဋ္ဌဒုက်

**ပရာမာသ ပရာမဋ္ဌတရား** ၁၁၇၇။ (၁) အဘယ်တရားတို့သည် ပရာမာသလည်းမည်၍ ပရာမာသတို့၏ အာရုံလည်းဖြစ်သော 'ပရာမာသ ပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ထိုမှားသောအားဖြင့် သုံးသပ်မှု'ပရာမာသ'သည်ပင် ပရာမာသလည်း မည်၍ ပရာမာသတို့၏ အာရုံလည်းဖြစ်သော 'ပရာမာသ ပရာမဋ္ဌ'တရား ဖြစ်၏ (ဒိဋ္ဌိဟုဆိုအပ်သော ပရာမာသတရားကိုယ် တပါး)။

**ပရာမဋ္ဌ နေော ပရာမာသတရား** ၁၁၇၈။ (၂) အဘယ်တရားတို့သည် ပရာမာသတို့၏ အာရုံသာဖြစ်၍ ပရာမာသ မမည်သော 'ပရာမဋ္ဌ နေော ပရာမာသ'တရား ဖြစ်ကုန်သနည်း။ အကြင် တရားတို့သည် ထို(ပရာမာသ)တရားတို့ဖြင့် (ထို 'ပရာမာသ'တရားတို့ အာရုံပြုအပ်သဖြင့်)'ပရာမဋ္ဌ'တရားမည်ကုန်၏၊ (ထို'ပရာမဋ္ဌ'တရားတို့၌ ပါရှိသော) ထို(ယှဉ်ဘက် ပရာမာသ)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'

http://www.dhammadownload.com



တို့၏ အာရုံသာဖြစ်၍ ပရာမာသ မမည်သော'ပရာမဋ္ဌ နော ပရာမာသ'တရား ဖြစ်ကုန်၏ (လောကီစိတ်, ဒိဋ္ဌိကြဉ်သော စေတသိက်, ရုပ်)။

## ၅-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်

**ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌတရား** ၁၁၇၉။ (၁) အဘယ်တရားတို့သည် 'ပရာမာသ'နှင့် မယှဉ်ကုန်သည်ဖြစ်၍ ပရာမာသတို့၏ အာရုံသာဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ ထို(ပရာမာသ) တရားတို့နှင့်မယှဉ်ကုန်သော,အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော,အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ' ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည်'ပရာမာသ'နှင့် မယှဉ်ကုန်သည်ဖြစ်၍ 'ပရာမာသ'တို့၏ အာရုံသာ ဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူ, မောဟမူ, လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, ဒိဋ္ဌိကြဉ်သော စေတသိက်, ဒိဋ္ဌိပရာမာသ, ရုပ်)။

**ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌတရား** ၁၁၈၀။ (၂) အဘယ်တရားတို့သည်'ပရာမာသ'နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍'ပရာမာသ'တို့၏အာရုံလည်း မဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏ အကျိုး(ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ 'ပရာမာသ'တို့၏ အာရုံလည်း မဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

ပရာမာသဂေါစ္ဆက ပြီးပြီ။

---

# ၁၀-မဟန္တရဒုက်

## ၁-သာရမ္မဏဒုက်

**သာရမ္မဏတရား** ၁၁၈၁။ (၁) အဘယ်တရားတို့သည် အာရုံပြုခြင်းရှိသော (အာရုံပြုတတ်သော) 'သာရမ္မဏ'တရားဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အာရုံပြုခြင်းရှိသော (အာရုံပြုတတ်သော) 'သာရမ္မဏ'တရား ဖြစ်ကုန်၏ (အာရုံပြုတတ်သော စိတ်, စေတသိက်)။

**အနာရမ္မဏတရား** ၁၁၈၂။ (၂) အဘယ်တရားတို့သည် အာရုံပြုခြင်းမရှိသော (အာရုံမပြုတတ်သော) 'အနာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ အလုံးစုံသော ရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင်

http://www.dhammadownload.com



မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် အာရုံ ပြုခြင်းမရှိသော (အာရုံမပြုတတ်သော) 'အနာရမ္မဏ'တရားဖြစ်ကုန်၏ (အာရုံမပြုတတ်သော ရုပ်, နိဗ္ဗာန်)။

## ၂-စိတ္တဒုက်

**စိတ္တတရား** ၁၁၉၃။ (၁) အဘယ်တရားတို့သည် စိတ်မည်သော'စိတ္တ'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ်'သောတဝိညာဏ်'၊နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ်'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' (သမ္ပဋိစ္ဆန ဒွေ့, ပဉ္စဒွါရာဝဇ္ဇန)၊ (အာရုံ ခြောက်ပါးကို) အထူး သိမှုသဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်မည်သော 'စိတ္တ'တရား ဖြစ်ကုန်၏ (စိတ် ၈၉)။

**နော စိတ္တတရား** ၁၁၉၄။ (၂) အဘယ်တရားတို့သည် စိတ်မမည်သော 'နော စိတ္တ'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် စိတ်မမည်သော 'နော စိတ္တ'တရား ဖြစ်ကုန်၏ (စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၃-စေတသိကဒုက်

**စေတသိကတရား** ၁၁၉၅။ (၁) အဘယ် တရားတို့သည် စေတသိက် မည်သော 'စေတသိက' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စေတသိက် မည်သော 'စေတသိက'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**အစေတသိကတရား** ၁၁၉၆။ (၂) အဘယ်တရားတို့သည် စေတသိက် မမည်သော 'အစေတသိက'တရား ဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ အလုံးစုံသောရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စေတသိက် မမည်သော'အစေတသိက'တရား ဖြစ်ကုန်၏ (စိတ်, ရုပ်, နိဗ္ဗာန်)။

## ၄-စိတ္တသမ္ပယုတ္တဒုက်

**စိတ္တသမ္ပယုတ္တတရား** ၁၁၉၇။ (၁) အဘယ်တရားတို့သည် စိတ်နှင့်ယှဉ်သော 'စိတ္တသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့် ယှဉ်သော 'စိတ္တသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (စိတ်နှင့်ယှဉ်သော စေတသိက် ၅၂)။

http://www.dhammadownload.com



**စိတ္တဝိပ္ပယုတ္တတရား** ၁၁၉၈။ (၂) အဘယ်တရားတို့သည် စိတ်နှင့် မယှဉ်သော 'စိတ္တဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ အလုံးစုံသောရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့် မယှဉ်သော 'စိတ္တဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏(ရုပ်,နိဗ္ဗာန်)။စိတ်ကို စိတ်နှင့်ယှဉ်၏ဟူ၍၎င်း စိတ်နှင့် မယှဉ်ဟူ၍၎င်း မဆိုအပ်မဆိုထိုက်။

## ၅-စိတ္တသံသဋ္ဌဒုက်

**စိတ္တသံသဋ္ဌတရား** ၁၁၉၉။ (၁) အဘယ်တရားတို့သည် စိတ်နှင့်ရောနှောသော (ယှဉ်သော) 'စိတ္တသံသဋ္ဌ'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်ရောနှောသော (ယှဉ်သော) 'စိတ္တသံသဋ္ဌ'တရားဖြစ်ကုန်၏(စိတ်နှင့်ရောနှောသော စေတသိက် ၅၂)။

**စိတ္တဝိသံသဋ္ဌတရား** ၁၂၀၀။ (၂) အဘယ်တရားတို့သည် စိတ်နှင့် မရောနှောသော (မယှဉ်သော) 'စိတ္တဝိသံသဋ္ဌ'တရား ဖြစ်ကုန်သနည်း။ အလုံးစုံသော ရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့် မရောနှောသော (မယှဉ်သော)'စိတ္တဝိသံသဋ္ဌ'တရား ဖြစ်ကုန်၏(ရုပ်, နိဗ္ဗာန်)။စိတ်ကို စိတ်နှင့် ရောနှော၏ဟူ၍၎င်း၊စိတ်နှင့်မရောနှောဟူ၍၎င်း မဆိုအပ် မဆိုထိုက်။

## ၆-စိတ္တသမုဋ္ဌာနဒုက်

**စိတ္တသမုဋ္ဌာနတရား** ၁၂၀၁။ (၁) အဘယ်တရားတို့သည် စိတ်လျှင် ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) 'စိတ္တသမုဋ္ဌာန'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'၊ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏)။ ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ) တမျိုးတခြားဖြစ်သော, စိတ်ကြောင့်ဖြစ်သော, စိတ်ဟူသော အကြောင်းရှိသော, စိတ်လျှင် ဖြစ်ကြောင်းရှိသော, မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍ မထင်သော ကောင်းကင် ဟင်းလင်း) သဘော 'အာကာသဓာတ်'၊ ရေဟူသော (ဖွဲ့စည်းမှု)သဘော 'အာပေါဓာတ်'၊ (နိပ္ဖန္န) ရုပ်၏ လျင်မြန် ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ (နိပ္ဖန္န) ရုပ်၏ဖြစ်စ 'ရူပဿ ဥပစယ'၊(နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေး ပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော အကြင်ရုပ်သည်လည်း ရှိသေး၏။ ဤတရားတို့သည် စိတ်လျှင် ဖြစ်ကြောင်းရှိသော (စိတ်ကြောင့် ဖြစ်သော) 'စိတ္တသမုဋ္ဌာန'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂, စိတ္တဇရုပ်)။

http://www.dhammadownload.com



**နော စိတ္တသမုဋ္ဌာနတရား** ၁၂၀၂။ (၂) အဘယ်တရားတို့သည် စိတ်လျှင် ဖြစ်ကြောင်း မရှိသော(စိတ်ကြောင့်မဖြစ်သော) 'နော စိတ္တသမုဋ္ဌာန' တရား ဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ (စိတ္တဇရုပ် မှ) ကြွင်းကျန်သော ရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း တရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်လျှင် ဖြစ်ကြောင်း မရှိသော (စိတ်ကြောင့်မဖြစ်သော) 'နော စိတ္တသမုဋ္ဌာန'တရား ဖြစ်ကုန်၏ (စိတ်, ကမ္မဇ, ဥတုဇ, အာဟာရဇ-ရုပ်, နိဗ္ဗာန်)။

## ၇-စိတ္တသဟဘုဒုက်

**စိတ္တသဟဘုတရား** ၁၂၀၃။ (၁) အဘယ်တရားတို့သည် စိတ်နှင့်အတူတကွဖြစ်သော(စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တသဟဘု'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ (မိမိ အလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့် အတူတကွဖြစ်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တသဟဘု'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂, ဝိညတ် ရုပ် နှစ်ပါး)။

**နော စိတ္တသဟဘုတရား** ၁၂၀၄။ (၂) အဘယ်တရားတို့သည် စိတ်နှင့်အတူတကွ မဖြစ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တသဟဘု'တရား ဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ (ဝိညတ်ရုပ်နှစ်ပါးမှ) ကြွင်းကျန်သောရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်အတူတကွ မဖြစ်သော (စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တသဟဘု'တရား ဖြစ်ကုန်၏ (စိတ် ၈၉, ဝိညတ်ရုပ်မှတပါး အခြားသော ရုပ်, နိဗ္ဗာန်)။

## ၈-စိတ္တာနုပရိဝတ္တိဒုက်

**စိတ္တာနုပရိဝတ္တိတရား** ၁၂၀၅။ (၁) အဘယ်တရားတို့သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်, အတူပျက်သော) 'စိတ္တာနုပရိဝတ္တိ'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်'သည် (ရှိ၏)။ဤတရားတို့သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တာနုပရိဝတ္တိ'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂, ဝိညတ်ရုပ် နှစ်ပါး)။

**နော စိတ္တာနုပရိဝတ္တိတရား** ၁၂၀၆။ (၂) အဘယ်တရားတို့သည် စိတ်သို့ အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်,အတူပျက် မဟုတ်သော) 'နော စိတ္တာနုပရိဝတ္တိ' တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ (ဝိညတ်ရုပ်နှစ်ပါးမှ) ကြွင်းကျန်သော ရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသောအကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော

http://www.dhammadownload.com



သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်သို့ အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တာနုပရိဝတ္တိ'တရားဖြစ်ကုန်၏ (စိတ် ၈၉, ဝိညတ်ရုပ်မှတပါး အခြားသော ရုပ်, နိဗ္ဗာန်)။

## ၉-စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

**စိတ္တသံသဋ္ဌသမုဋ္ဌာနတရား** ၁၂၀၇။ (၁) အဘယ်တရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်သော), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိသော(စိတ်ကြောင့်လည်းဖြစ်သော)'စိတ္တသံသဋ္ဌသမုဋ္ဌာန'တရားဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော, စိတ်လျှင် ဖြစ်ကြောင်းလည်းရှိသော (စိတ်ကြောင့်လည်း ဖြစ်သော) 'စိတ္တသံသဋ္ဌသမုဋ္ဌာန' တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌသမုဋ္ဌာနတရား** ၁၂၀၈။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်းမယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိသော (စိတ်ကြောင့်လည်း မဖြစ်သော) 'နော စိတ္တသံသဋ္ဌသမုဋ္ဌာန' တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ အလုံးစုံသောရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း တရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း မရောနှော(စိတ်နှင့်လည်းမယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိသော (စိတ်ကြောင့်လည်း မဖြစ်သော), 'နော စိတ္တသံသဋ္ဌသမုဋ္ဌာန'တရား ဖြစ်ကုန်၏ (စိတ်, ရုပ်, နိဗ္ဗာန်)။

## ၁၀-စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

**စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုတရား** ၁၂၀၉။ (၁) အဘယ်တရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်းယှဉ်သော), စိတ်လျှင်ဖြစ်ကြောင်းလည်းရှိ(စိတ်ကြောင့်လည်းဖြစ်သော),စိတ်နှင့်လည်း တကွဖြစ်သော(စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်းယှဉ်), စိတ်လျှင်ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်းဖြစ်), စိတ်နှင့်လည်း တကွဖြစ်သော (စိတ်နှင့်အတူဖြစ် အတူပျက်သော) 'စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုတရား** ၁၂၁၀။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော(စိတ်နှင့်လည်းမယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိ (စိတ်ကြောင့်လည်း မဖြစ်), စိတ်နှင့်လည်း တကွမဖြစ်သော (စိတ်နှင့်လည်း အတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု' တရား ဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ အလုံးစုံသောရုပ်သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသောအကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း(ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်း မယှဉ်), စိတ်လျှင်ဖြစ်ကြောင်းလည်း မရှိ

http://www.dhammadownload.com



(စိတ်ကြောင့်လည်းမဖြစ်), စိတ်နှင့်လည်း တကွမဖြစ်သော (စိတ်နှင့်လည်းအတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု'တရား ဖြစ်ကုန်၏ (စိတ် ၇၉, ရုပ်, နိဗ္ဗာန်)။

## ၁၁-စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

**စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိတရား** ၁၂၁၁။ (၁) အဘယ်တရားတို့သည် စိတ်နှင့်လည်း ရောနှော(စိတ်နှင့်လည်းယှဉ်),စိတ်လျှင်ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်းဖြစ်),စိတ်သို့လည်း အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ', မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော(စိတ်နှင့်လည်းယှဉ်),စိတ်လျှင်ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်းဖြစ်) ,စိတ်သို့လည်း အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိတရား** ၁၂၁၂။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော(စိတ်နှင့်လည်းမယှဉ်),စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိ (စိတ်ကြောင့်လည်းမဖြစ်),စိတ်သို့လည်း အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်လည်း မဟုတ်သော) 'နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း၊ (ကာ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်းမရောနှော (စိတ်နှင့်လည်းမယှဉ်),စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိ (စိတ်ကြောင့်လည်း မဖြစ်),စိတ်သို့လည်း အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်လည်း မဟုတ်သော) 'နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်၏ (စိတ် ၇၉, ရုပ်, နိဗ္ဗာန်)။

## ၁၂-အဇ္ဈတ္တိကဒုက်

**အဇ္ဈတ္တိကတရား** ၁၂၁၃။ (၁) အဘယ်တရားတို့သည် အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'တရား ဖြစ်ကုန်သနည်း။မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ သိမှုစိတ် ဖြစ်ရာဌာန 'မနာယတန'သည် (ရှိ၏)။ ဤတရားတို့သည် အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' တရား ဖြစ်ကုန်၏ (စိတ် ၇၉ နှင့် ပသာဒရုပ်ငါးပါး)။

**ဗာဟိရတရား** ၁၂၁၄။ (၂) အဘယ်တရားတို့သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'တရား ဖြစ်ကုန်သနည်း။မြင်သိစိတ်ဖြစ်ကြောင်း အဆင်း'ရူပါယတန'။ပ။ သိမှုစိတ် ဖြစ်ကြောင်း သဘော 'ဓမ္မာယတန'သည် (ရှိ၏)။ ဤတရားတို့သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'တရားဖြစ်ကုန်၏ (အာရုံ ၆-ပါး)။

http://www.dhammadownload.com



## ၁၃-ဥပါဒါဒုက်

**ဥပါဒါတရား** ၁၂၁၅။ (၁) အဘယ်တရားတို့သည် မှီ၍ဖြစ်တတ်သော 'ဥပါဒါ'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေး ပြုအပ်သောအစာ 'ကဗဠီကာရအာဟာရ'သည် (ရှိ၏)။ ဤတရားတို့သည် မှီ၍ ဖြစ်တတ်သော 'ဥပါဒါ'တရား ဖြစ်ကုန်၏ (ဥပါဒါရုပ် နှစ်ဆယ့်လေးပါး)။

**နော ဥပါဒါတရား** ၁၂၁၆။ (၂) အဘယ်တရားတို့သည် မှီ၍မဖြစ်တတ်သော 'နော ဥပါဒါ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု'သင်္ခါရက္ခန္ဓာ'၊အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'၊ ထိုပြင် မဟာဘုတ်လေးပါး၊ ထိုပြင် (ကံ,စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် မှီ၍ မဖြစ်တတ်သော 'နော ဥပါဒါ'တရား ဖြစ်ကုန်၏(စိတ် ၈၉,စေတသိက်-၅၂, မဟာဘုတ်လေးပါး, နိဗ္ဗာန်)။

## ၁၄-ဥပါဒိန္နဒုက်

**ဥပါဒိန္နတရား** ၁၂၁၇။ (၁) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည်(အကျိုး၏ အဖြစ်ဖြင့်) စွဲယူအပ်သော 'ဥပါဒိန္န' တရား ဖြစ်ကုန်သနည်း (အဘယ်တရားတို့သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး 'ဝိပါက်' ဖြစ်ကုန်သနည်း)။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုပြင် ကံကို ပြုအပ်ခဲ့ပြီး သည်၏အဖြစ် (ကံ) ကြောင့်ဖြစ်သော အကြင်ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး 'ဝိပါက်' ဖြစ်ကုန်သော) 'ဥပါဒိန္န'တရား ဖြစ်ကုန်၏ (လောကီ ဝိပါက်စိတ်, ယှဉ်ဘက် စေတသိက်, ကမ္မဇရုပ်)။

**အနုပါဒိန္နတရား** ၁၂၁၈။ (၂) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် (အကျိုး၏အဖြစ်ဖြင့်) မစွဲယူအပ်သော 'အနုပါဒိန္န'တရား ဖြစ်ကုန်သနည်း; (အဘယ်တရားတို့သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့်ကံ၏အကျိုး 'ဝိပါက်' မဟုတ်ကုန်သနည်း)။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုပြင် ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်, (ကုသိုလ် အကုသိုလ်)ကံတို့၏ အကျိုး 'ဝိပါက်'လည်းမဟုတ်ကုန်သော, ပြုကာမျှ 'ကိရိယာ'ဖြစ်သော အကြင်တရား၊ ထိုပြင် ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ) ကြောင့် မဖြစ်သော အကြင်ရုပ်၊ ထိုပြင် ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်၊ ထိုပြင် မဂ်၏ အကျိုး (ဖိုလ်)၊ ထိုပြင် (ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင် မစီရင်အပ်သော

http://www.dhammadownload.com



သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ် သည့်ကံ၏ အကျိုး 'ဝိပါက်' မဟုတ်သော) 'အနုပါဒိန္န' တရားဖြစ်ကုန်၏ (အကုသိုလ်, ကုသိုလ်, ဖိုလ်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ကမ္မဇရုပ်မှ ဟပါးသော တိဇရုပ်နှင့်နိဗ္ဗာန်)။

မဟန္တရဒုက် ပြီးပြီ။

---

## ၁၁-ဥပါဒါနဂေါစ္ဆက

### ၁-ဥပါဒါနဒုက်

ဥပါဒါနတရား ၁၂၁၉။ (၁) အဘယ်တရားတို့သည် ပြင်းစွာယူမှု (ပြင်းစွာစွဲလမ်းမှု) ဥပါဒါန် မည်သော 'ဥပါဒါန' တရား ဖြစ်ကုန်သနည်း။ လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာယူမှု (စွဲလမ်းမှု) 'ကာမုပါဒါန်'၊ အမြင်မှားမှုကို ပြင်းစွာယူမှု (စွဲလမ်းမှု)၊ တနည်း-ပြင်းစွာ ယူတတ်(စွဲလမ်းတတ်)သော အမြင်မှားမှု 'ဒိဋ္ဌုပါဒါန်'၊ (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)ပြင်းစွာ ယူမှု(စွဲလမ်းမှု)'သီလဗ္ဗတုပါဒါန်'၊ (အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို)အတ္တဟု ပြောဆိုကြောင်းဖြစ်သော ပြင်းစွာယူမှု (စွဲလမ်းမှု)'အတ္တဝါဒုပါဒါန်' ဟု ဥပါဒါန်လေးပါး (ရှိကုန်၏)။

ကာမုပါဒါန် ၁၂၂၀။ (၁) ထို (ဥပါဒါန်လေးပါးတို့) တွင် လိုချင်ဘွယ်'ကာမ'ကို ပြင်းစွာ ယူမှု (စွဲလမ်းမှု) ကာမုပါဒါန် ဟူသည် အဘယ်နည်း။လိုချင်ဘွယ်'ကာမ' တို့၌ အကြင် လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ လိုချင်စွဲလမ်းမှု 'ကာမရာဂ'၊ လိုချင်နှစ်သက်မှု 'ကာမနန္ဒီ'၊ လိုချင်တပ်မက်မှု 'ကာမတဏှာ'၊ လိုချင်ဘွယ် 'ကာမ'၌ တပ်မက်မှုအစေး 'ကာမသိနေဟ'၊ လိုချင်ဘွယ် 'ကာမ'ဟူသော ပူလောင်မှု 'ကာမပရိဠာဟ'၊ လိုချင်မိန်းမောမှု (လိုချင်မှု အားကြီး သဖြင့် မိန်းမောမှု)'ကာမမုစ္ဆာ'၊ လိုချင်ဘွယ် 'ကာမ'ကို မျိုချပြီးဆုံးစေခြင်း(အပြီးအဆုံး အကြွင်း အကျန်မရှိ လိုချင်မှု) သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို 'ကာမုပါဒါန်' ဟူ၍ ဆိုအပ်၏(လောဘ)။ (၁၁၀၃,၁၁၅၉)

ဒိဋ္ဌုပါဒါန် ၁၂၂၁။ (၂)ထို (ဥပါဒါန်လေးပါးတို့)တွင် ပြင်းစွာယူတတ်( စွဲလမ်းတတ်) သော အမြင်မှားမှု 'ဒိဋ္ဌုပါဒါန်' ဟူသည် အဘယ်နည်း။ "ပေးလှူရခြင်း (အကျိုး)သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း(အကျိုး)သည် မရှိ၊ ယဇ်ငယ်(ဟုန်း) (အလှူငယ်)ပူဇော်ရခြင်း (အကျိုး) သည် မရှိ၊ ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သော (ကောင်းမှု မကောင်းမှု)ကံတို့၏ အကျိုးဖျား(အကျိုးဆက်) 'ဖလ', အကျိုးရင်း 'ဝိပါက်'သည်မရှိ၊ ဤလောကသည် မရှိ၊ တမလွန်လောကသည် မရှိ၊ အမိ (၌ ကောင်းစွာ ပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏အကျိုး) မရှိ၊ အဖ (၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏အကျိုး)မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့ မရှိကုန်၊ ဤလောကကိုရင်း တမလွန်လောကကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော, ညီညွတ်ကုန်သော, ကောင်းသော အကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် လောက၌ မရှိကုန်"ဟု ဤသို့သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးဟတ်သော) အမြင်မှားမှု တောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော)

http://www.dhammadownload.com



အမြင်မှားမှု ခရီးခဲ၊ (သမ္မာဒိဋ္ဌိကို) ထွင်းဖောက် ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှု တည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌)တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သောသဘော၊ (အာရုံကို) မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော၊ (အာရုံကို) မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ စက်ဆုပ်အပ်သောလမ်းစဉ်၊ မှားသော ခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသောအမြင် (မှားသော အယူ) တည်းဟူသော အကျိုးမဲ့တို့၏တည်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ပြင်းစွာယူတတ် (စွဲလမ်းတတ်) သော အမြင်မှားမှု 'ဒိဋ္ဌုပါဒါန်'ဟူ၍ဆိုအပ်၏။ (နွား,ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)ပြင်းစွာယူမှု(စွဲလမ်းမှု)'သီလဗ္ဗတုပါဒါန်'ကိုရှင်း၊ (အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို) အတ္တဟု ပြောဆိုကြောင်းဖြစ်သော ပြင်းစွာယူမှု (စွဲလမ်းမှု) ဖြစ်သော 'အတ္တဝါဒုပါဒါန်' ကိုရှင်း ချန်ထား၍ ကြွင်းကျန်သည့် အလုံးစုံသော အမြင်မှားမှုသည်လည်း ပြင်းစွာယူတတ် (စွဲလမ်းတတ်) သော အမြင်မှားမှု'ဒိဋ္ဌုပါဒါန်'မည်၏(ဒိဋ္ဌိ)။ (၃၈၁,၁၁၀၅,၁၁၂၂,၁၁၄၄)

**သီလဗ္ဗတုပါဒါန် ၁၂၂၂**။ (၃) ထို(ဥပါဒါန်လေးပါးတို့)တွင် (နွား,ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို(စင်ကြယ်၏ဟု) ပြင်းစွာယူမှု((စွဲလမ်းမှု) 'သီလဗ္ဗတုပါဒါန်'ဟူသည် အဘယ်နည်း။ ဤသာသနာတော်မှ အပြင်အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား သမဏ ဗြာဟ္မဏတို့၏ "(နွား,ခွေးစသည်တို့၏)အလေ့'သီလ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား,ခွေးစသည်တို့၏) အကျင့်'ဝတ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား,ခွေးစသည်တို့၏) အလေ့အကျင့် 'သီလဗ္ဗတ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏"ဟု ဤသို့သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ၊ (သမ္မာဒိဋ္ဌိကို) ထွင်းဖောက်ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်းဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော၊ (အာရုံကို) မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော၊ (အာရုံကို)မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊စက်ဆုပ်အပ်သော လမ်းစဉ်၊ မှားသော ခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသော အမြင် (မှားသော အယူ)တည်းဟူသော အကျိုးမဲ့တို့၏ တည်ရာ၊ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်း သဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (နွား,ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို(စင်ကြယ်၏ဟု) ပြင်းစွာယူမှု(စွဲလမ်းမှု)'သီလဗ္ဗတုပါဒါန်'ဟူ၍ ဆိုအပ်၏(ဒိဋ္ဌိ)။ (၁၁၄၃,၁၁၄၄)

**အတ္တဝါဒုပါဒါန် ၁၂၂၃**။ (၄) ထို(ဥပါဒါန်လေးပါးတို့)တွင်(အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို) အတ္တဟု ပြောဆိုကြောင်းဖြစ်သော ပြင်းစွာယူမှု (စွဲလမ်းမှု)'အတ္တဝါဒုပါဒါန်'ဟူသည် အဘယ်နည်း။ ဤလောက၌ အကြားအမြင်မရှိသော, (မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအပ်ပြီးသော) အရိယာတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော, အရိယာတို့၏ (သတိပဋ္ဌာန်စသော) တရား၌ မကျွမ်းကျင်သော, အရိယာတို့၏(သတိပဋ္ဌာန်စသော)တရား၌(စောင့်စည်းခြင်း,ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော, သူတော်ကောင်းတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော, သူတော်

http://www.dhammadownload.com



ကောင်းတို့၏တရား၌ မကျွမ်းကျင်သော, သူတော်ကောင်းတို့၏တရား၌ (စောင့်စည်းခြင်း, ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော ပုထုဇဉ်သည်—

(၁) (က) ရုပ်ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ရုပ်ရှိ၏ဟု ရှု၏(အတ္တမှာ ရုပ်ရှိ၏၊ တနည်း-ရုပ်ရှိသောအတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ရုပ်ကို ရှု၏။

(ဃ) သို့မဟုတ် ရုပ်၌ အတ္တကို ရှု၏။

(၂) (က) ခံစားမှု'ဝေဒနာ'ကို။ပ။

(၃) (က) မှတ်သားမှု'သညာ'ကို။ပ။

(၄) (က) ပြုပြင်မှု 'သင်္ခါရ'တို့ကို။ပ။

(၅) (က) အထူးသိမှု (စိတ်) 'ဝိညာဏ်'ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို အထူးသိမှု'ဝိညာဏ်'ရှိ၏ဟု ရှု၏ (အတ္တမှာ ဝိညာဏ်ရှိ၏၊ တနည်း-ဝိညာဏ်ရှိသောအတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ အထူးသိမှု 'ဝိညာဏ်'ကို ရှု၏။

(ဃ) သို့မဟုတ် အထူးသိမှု 'ဝိညာဏ်'၌ အတ္တကို ရှု၏။

ဤသို့သဘောရှိသော အကြင်အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှုတောအုပ်၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ၊(သမ္မာဒိဋ္ဌိကို) ထွင်းဖောက်ဖျက်ဆီးခြင်းသဘော၊ အမြင်မှားမှု တည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော၊ (ဝဋ်ဆင်းရဲ၌)တုပ်နှောင်ကြောင်း ဖြစ်သော အမြင်မှားမှု၊ (အာရုံကို မှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသောသဘော)၊ (အမြင်မှားမှု၏)တည်ရာဖြစ်သော သဘော၊[(အာရုံကို)မှားသောအားဖြင့် ထပ်ကာတပ်ကာ မြဲစွာယူတတ်သောသဘော]၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော၊ မှားသောအားဖြင့် သုံးသပ်တတ်သောသဘော၊ စက်ဆုပ်အပ်သောလမ်းဖြစ်၍ မှားသော ခရီးလမ်းကြောင်း၊ မှားယွင်းသောသဘော၊ မှားသောအယူ တည်းဟူသော အကျိုးမဲ့တို့၏ တည်ရာ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသောသဘောကို (အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို)အတ္တဟုပြောဆိုကြောင်း ဖြစ်သော ပြင်းစွာယူမှု(စွဲလမ်းမှု) 'အတ္တဝါဒုပါဒါန်'ဟူ၍ ဆိုအပ်၏။ (၃၉၂, ၁၀၀၇, ၁၁၀၅, ၁၁၂၂, ၁၁၄၄)

ဤတရားတို့သည် ဥပါဒါန်မည်ကုန်၏ (လောဘ, ဒိဋ္ဌိ)။

နော ဥပါဒါနတရား ၁၂၂၄။ (၂) အဘယ်တရားတို့သည် ဥပါဒါန် မမည်သော'နော ဥပါဒါန်' တရား ဖြစ်ကုန်သနည်း။ ထို ( ဥပါဒါန် ) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌အကျုံး

http://www.dhammadownload.com



မဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု,အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည် ရှိ၏။ ဤတရားတို့သည် ဥပါဒါန်မမည်သော'နော ဥပါဒါန'တရားဖြစ်ကုန်၏ (စိတ်,လောဘ ဒိဋ္ဌိဟူသော ဥပါဒါန် တရားကိုယ်နှစ်ပါးကြဉ်သော စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၂-ဥပါဒါနိယဒုက်

**ဥပါဒါနိယတရား** ၁၂၂၅။ (၁) အဘယ်တရားတို့သည် လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏အာရုံဖြစ်သော'ဥပါဒါနိယ'တရားဖြစ်ကုန်သနည်း။ (ရှည်စွာသော သံသရာဆင်းရဲကို) ယိုစီးစေတတ် ဖြစ်စေတတ်သော အာသဝတရားတို့၏ အာရုံ 'သာသဝ'ဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံဖြစ်သော 'ဥပါဒါနိယ' တရားဖြစ်ကုန်၏ (ဥပါဒါန် တို့၏အာရုံဖြစ်သော လောကီ နာမ်,ရုပ်)။

**အနုပါဒါနိယတရား** ၁၂၂၆။ (၂) အဘယ်တရားတို့သည် လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံ မဖြစ်သော'အနုပါဒါနိယ'တရား ဖြစ်ကုန် သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် လွန်စွာစွဲလမ်းတတ်သော'ဥပါဒါန်' တရားတို့၏ အာရုံ မဖြစ်သော 'အနုပါဒါနိယ' တရားဖြစ်ကုန်၏ (ဥပါဒါန်တို့၏ အာရုံ မဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-ဥပါဒါနသမ္ပယုတ္တဒုက်

**ဥပါဒါနသမ္ပယုတ္တတရား** ၁၂၂၇။ (၁) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) ဥပါဒါန် တရားတို့နှင့် ယှဉ်သော 'ဥပါဒါနသမ္ပယုတ္တ' တရားဖြစ် ကုန်သနည်း။ ထို(ဥပါဒါန်)တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒါန်တရားတို့နှင့် ယှဉ်သော 'ဥပါဒါနသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ဥပါဒါန်နှင့်ယှဉ်သော လောဘမူစိတ်, ယှဉ်ဘက် စေတသိက်)။

**ဥပါဒါနဝိပ္ပယုတ္တတရား** ၁၂၂၈။ (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) ဥပါဒါန် တရားတို့နှင့် မယှဉ်သော 'ဥပါဒါနဝိပ္ပယုတ္တ'တရားဖြစ် ကုန်သနည်း။ ထို(ဥပါဒါန်)တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူး သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ

http://www.dhammadownload.com



ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟူသော အကြောင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒါန်တရားတို့နှင့် မယှဉ်သော 'ဥပါဒါနဝိပ္ပယုတ္တ' တရားဖြစ်ကုန်၏ (ဥပါဒါန်နှင့်မယှဉ်သော ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ, ရုပ်, နိဗ္ဗာန်)။

## ၄-ဥပါဒါန ဥပါဒါနိယဒုက်

**ဥပါဒါန ဥပါဒါနိယတရား ၁၂၁၉။** (၁) အဘယ်တရားတို့သည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒါန ဥပါဒါနိယ' တရားဖြစ်ကုန်သနည်း။ ထိုပြင်းစွာ စွဲလမ်းတတ်သော ဥပါဒါန်တရားတို့သည်ပင် ဥပါဒါန်လည်းမည်၍ ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒါန ဥပါဒါနိယ' တရားဖြစ်ကုန်၏ (လောဘ, ဒိဋ္ဌိဟူသော ဥပါဒါန်တရားကိုယ်နှစ်ပါး)။

**ဥပါဒါနိယ နော ဥပါဒါနတရား ၁၂၂၀။** (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) ဥပါဒါန်တို့၏အာရုံသာဖြစ်၍ ဥပါဒါန် မမည်သော 'ဥပါဒါနိယ နော ဥပါဒါန' တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို(ဥပါဒါန်) တရားတို့ဖြင့် (ထိုဥပါဒါန်တရားတို့ အာရုံပြုအပ်သဖြင့်) ဥပါဒါန်တို့၏ အာရုံဖြစ်သော 'ဥပါဒါနိယ' တရားဖြစ်ကုန်၏၊ (ထို'ဥပါဒါနိယ'တရားတို့၌ ပါရှိသော) ထို(ယှဉ်ဘက်ဥပါဒါန်) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော 'အဗျာကတ'တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်သော 'ဥပါဒါနိယ နော ဥပါဒါန'တရား ဖြစ်ကုန်၏ (ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်သော လောကီစိတ် ၈၁, ဥပါဒါန်တရားကိုယ်နှစ်ပါးကြဉ်သော စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၅-ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်

**ဥပါဒါန ဥပါဒါနသမ္ပယုတ္တတရား ၁၂၂၁။** (၁) အဘယ်တရားတို့သည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်တို့နှင့်လည်း ယှဉ်သော 'ဥပါဒါန ဥပါဒါနသမ္ပယုတ္တ'တရားဖြစ်ကုန်သနည်း။

ပြင်းစွာ စွဲလမ်းတတ်သော အမြင်မှားမှု 'ဒိဋ္ဌုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက် ဖြစ်သော) 'ကာမုပါဒါန်'ကြောင့် ဥပါဒါန်နှင့် ယှဉ်သည်လည်း ဖြစ်၏။ လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ဒိဋ္ဌုပါဒါန်' ကြောင့် ဥပါဒါန်နှင့် ယှဉ်သည်လည်း ဖြစ်၏။

(နွား,ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) ပြင်းစွာစွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ကာမုပါဒါန်'ကြောင့် ဥပါဒါန်နှင့် ယှဉ် သည်လည်း ဖြစ်၏။ လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'သီလဗ္ဗတုပါဒါန်'ကြောင့် ဥပါဒါန်နှင့် ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



(အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို) အတ္တဟု ပြောဆိုကြောင်း ဖြစ်သော ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'ကာမုပါဒါန်'ကြောင့် ဥပါဒါန်နှင့် ယှဉ်သည်လည်း ဖြစ်၏။ လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်'သည် ဥပါဒါန်လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) 'အတ္တဝါဒုပါဒါန်'ကြောင့် ဥပါဒါန်နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဤတရားတို့သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်သော 'ဥပါဒါန ဥပါဒါန-သမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသည့် လောဘ, ဒိဋ္ဌိဟူသော ဥပါဒါန်တရားကိုယ်နှစ်ပါး)။

**ဥပါဒါနသမ္ပယုတ္တ နေ ဥပါဒါနတရား** ၁၂၃၂။ (၂) အဘယ်တရားတို့သည် ဥပါဒါန်တို့နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန် မမည်သော 'ဥပါဒါနသမ္ပယုတ္တ နေ ဥပါဒါန'တရားဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို(ဥပါဒါန်)တရားတို့နှင့် ယှဉ်ကုန်သော 'ဥပါဒါနသမ္ပယုတ္တ'တရား ဖြစ်ကုန်၏၊ (ထို'ဥပါဒါနသမ္ပယုတ္တ'တရားတို့၌ ပါရှိသော) ထို(ယှဉ်ဘက်ဥပါဒါန်) တရားတို့ကို ချန်ထား၍ (ကြွင်းကျန်သော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ဥပါဒါန်တို့နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန် မမည်သော'ဥပါဒါနသမ္ပယုတ္တ နေ ဥပါဒါန'တရား ဖြစ်ကုန်၏ (ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်သော လောဘမူစိတ်ရှစ်ပါး, ဥပါဒါန် တရားကိုယ်နှစ်ပါး ကြဉ်သော ယှဉ်ဘက်စေတသိက်)။

## ၆၆-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်

**ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယတရား** ၁၂၃၃။ (၁) အဘယ်တရားတို့သည် ဥပါဒါန်တို့နှင့် မယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံသာ ဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယ'တရားဖြစ်ကုန်သနည်း။ ထို(ဥပါဒါန်)တရားတို့နှင့် မယှဉ်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒါန်တို့နှင့် မယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံသာဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယ'တရားဖြစ်ကုန်၏ (ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်တို့၏ အာရုံသာဖြစ်သော ဒေါသမူ, မောဟမူ, လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ, ရုပ်)။

**ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယတရား** ၁၂၃၄။ (၂) အဘယ်တရားတို့သည် ဥပါဒါန်တို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်းမဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်ရင်း၊ မဂ်၏ အကျိုး (ဖိုလ်) တို့သည်ရင်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)

http://www.dhammadownload.com



သည့်ရင်း (ရှိ၏)။ ဤတရားကိုသည် ဥပါဒါန်တို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်းမဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

ဥပါဒါနဂေါစ္ဆက ပြီး၏။

---

## ၁၂-ကိလေသဂေါစ္ဆက

### ၁-ကိလေသဒုက်

**ကိလေသတရား** ၁၂၃၅။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား မည်ကုန်သနည်း။ လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု(အမှန်ကိုမသိမှု) 'မောဟ'၊ (ငါသာလျှင် မြတ်၏ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'၊ အမြင်မှားမှု 'ဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (စိတ်၏) မခံ့မှု(ထိုင်းမှိုင်းမှု) 'ထိန'၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'ဟူသော (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်၍ (ပုထုဇဉ် သတ္တဝါတို့၏) တည်ရာ 'ကိလေသဝတ္ထု'တို့သည် ဆယ်ပါးရှိကုန်၏။

**လောဘ** ၁၂၃၆။ (၁) ထို(ကလေသာဆယ်ပါး)တို့တွင် လိုချင်တပ်မက်မှု 'လောဘ'ဟူသည် အဘယ်နည်း။ အကြင် စွဲလမ်းခြင်းသဘော 'ရာဂ'၊ ပြင်းစွာ စွဲလမ်းခြင်းသဘော 'သာရာဂ'၊ (အာရုံ၌ သတ္တဝါတို့ကို) အဘန်ဘန် ဆွဲဆောင်ခြင်းသဘော 'အနုနယ'၊ မဆန့်ကျင်ခြင်း(လိုလားစေခြင်း) သဘော 'အနုရောဓ'၊ နှစ်သက်ခြင်းသဘော 'နန္ဒီ'၊ နှစ်သက်စွဲလမ်းခြင်းသဘော'နန္ဒီရာဂ'၊ စိတ်၏ ပြင်းစွာ စွဲလမ်းခြင်းသဘော 'စိတ္တဿ သာရာဂ'၊ (အာရုံကို)လိုလားမှုသဘော'ဣစ္ဆာ'၊ (လိုချင်မှုအားကြီးသဖြင့်) မိန်းမောမှုသဘော 'မုစ္ဆာ'၊ မျိုး၍ ပြီးဆုံးစေခြင်းသဘော(အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်တပ်မက်မှု)'အဇ္ဈောသာန'၊ တပ်မက်ခြင်းသဘော 'ဂေဓ'၊ ထက်ဝန်းကျင်(အားလုံးကို)တပ်မက်ခြင်းသဘော'ပလိဂေဓ'၊ ကပ်ငြိတွယ်တာခြင်းသဘော 'သင်္ဂ'၊ ရွံ့ညွန်နှင့်တူသော(နစ်မြုပ်စေခြင်း)သဘော'ပင်္က'၊ ဆွဲငင်ခြင်း(ထိုထိုဘဝ၌ဖြစ်ရန် ဆွဲဆောင်ခြင်း)သဘော 'ဧဇာ'၊ လှည့်ပတ်ခြင်းသဘော 'မာယာ'၊ (ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို) ဖြစ်စေခြင်းသဘော 'ဇနိကာ'၊ (ဆင်းရဲနှင့်)ယှဉ်လျက် ဖြစ်စေတတ်သောသဘော 'သဉ္ဇနနီ'၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ စုတိ, ပဋိသန္ဓေ၏အစွမ်းဖြင့်) ချုပ်စပ်ခြင်းသဘော 'သိဗ္ဗိနီ'၊ အာရုံကွန်ရက်ရှိသောသဘော'ဇာလိနီ'၊(တပ်မက်မှုဖြင့်)စီးစုတဲခြင်းသဘော၊တနည်း-(ဝဋ်ဆင်းရဲသို့ ဆွဲဆောင်တတ်သဖြင့် လျင်သောရေအယဉ်ရှိသော)မြစ်နှင့်တူသောသဘော'သရိတာ'၊အဆိပ်နှင့်တူသောသဘော 'ဝိသတ္တိကာ'၊ (အကျိုးမဲ့သို့ရောက်အောင် နှောင်ဖွဲ့တတ်သဖြင့်) ကြိုးနှင့်တူသောသဘော 'သုတ္တ'၊ (ရူပါရုံစသည်တို့၌) ပျံ့နှံ့တပ်မက်တတ်သောသဘော'ဝိသဋာ'၊ (ထိုထိုအာရုံကိုရခြင်းငှါ)အားထုတ်စေတတ်သောသဘော 'အာယူဟိနီ'၊ (ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝသံသရာ၌ မိမိ၏ချစ်နှစ်သက်သည့်) အဖော်ဖြစ်သောသဘော 'ဒုတိယာ'၊ တောင့်တခြင်းသဘော 'ပဏိဓိ'၊ (သတ္တဝါတို့ကို) ဘဝသို့ ဆွဲဆောင်ကြောင်းသဘော (ဘဝကြိုး) ဘဝနေတ္တိ'၊ (ထိုထိုအာရုံသို့) ကပ်ရောက်တတ် (ငြိကပ်တတ်) သောသဘော၊ တနည်း-အကျိုးမဲ့ဆင်းရဲကို ဖြစ်စေတတ်သဖြင့် တောနှင့်တူသော

http://www.dhammadownload.com



သဘော 'ဝန'၊ (ထိုထိုအာရုံသို့)ပြင်းပြစွာကပ်ရောက်တတ်(ငြိကပ်တတ်)သော သဘော၊ ဝနည်း-အကျိုးခံဆင်းရဲကို လွန်စွာဖြစ်စေတတ်သဖြင့် တောနှင့်တူသောသဘော 'ဝနထ'၊ ချစ်ကြိုက်ပေါင်းဖော် (ရောနှော) ခြင်းသဘော 'သန္ထဝ'၊ ချစ်ကြိုက်ခြင်းသဘော 'သိနေဟ'၊ ငဲ့ကွက်တွယ်တာခြင်း သဘော 'အပေက္ခ'၊ (အာရုံအသီးသီး၌) နှောင်ဖွဲ့တတ်သောသဘော 'ပဋိဗန္ဓု'။

(အာရုံကို) တောင့်တခြင်းသဘော 'အာသာ'၊ တောင့်တပုံ အခြင်းအရာ 'အာသီသနာ'၊ တောင့်တတတ်သော စိတ်၏အဖြစ် 'အာသိသိတတ္တ'၊ အဆင်း (ရူပါရုံ)၌ တောင့်တမှု 'ရူပါသာ'၊ အသံ (သဒ္ဒါရုံ)၌ တောင့်တမှု 'သဒ္ဒါသာ'၊ အနံ့ (ဂန္ဓာရုံ)၌ တောင့်တမှု 'ဂန္ဓာသာ'၊ အရသာ (ရသာရုံ)၌ တောင့်တမှု 'ရသာသာ'၊ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)၌ တောင့်တမှု 'ဖောဋ္ဌဗ္ဗာသာ'၊ ရအပ်သည့်အရာဝတ္ထု (လာဘ)၌ တောင့်တမှု 'လာဘာသာ'၊ ပစ္စည်းဥစ္စာ၌တောင့်တမှု 'ဓနာသာ'၊ သားသမီး၌တောင့်တမှု 'ပုတ္တာသာ'၊ အသက်၌ တောင့်တမှု 'ဇီဝိတာသာ'။

(သတ္တဝါတို့ကို) တပ်မက်စေတတ်သော သဘော၊ တနည်း-(ငါ့ဥစ္စာ, ငါ့ဥစ္စာဟု) ပြောဆိုစေတတ်သော သဘော 'ဇပ္ပါ'၊ (သတ္တဝါတို့ကို) ထူးထူးခြားခြား တပ်မက်စေတတ်သော သဘော၊ တနည်း-(ငါ့ဥစ္စာ ငါ့ဥစ္စာဟု ထပ်ကာထပ်ကာ ပြောဆိုစေတတ်သော) သဘော 'ပဇပ္ပါ'၊ (သတ္တဝါတို့ကို) အလွန်တပ်မက်စေတတ်သော သဘော၊ တနည်း-(ငါ့ဥစ္စာ ငါ့ဥစ္စာဟု အလွန်ပြောဆိုစေတတ်သော)သဘော 'အဘိဇပ္ပါ'၊ တပ်မက်စေခြင်းသဘော 'ဇပ္ပါ'၊ တပ်မက်စေပုံ အခြင်းအရာ 'ဇပ္ပနာ'၊ တပ်မက်စေတတ်သည်၏ အဖြစ် 'ဇပ္ပိတတ္တ'။

(အာရုံ၌ အဘန်ဘန်) လုယက်ဆွဲငင်ခြင်းသဘော (အလွန်တပ်မက်ခြင်းသဘော)'လောလုပ္ပ'၊ (အာရုံ၌ အဘန်ဘန်) လုယက်ဆွဲငင်ပုံအခြင်းအရာ 'လောလုပ္ပါယနာ'၊ (အာရုံ၌အဘန်ဘန်) လုယက်ဆွဲငင်တတ်သည်၏အဖြစ် 'လောလုပ္ပါယိတတ္တ'၊ အမြီးနန့်သောခွေးကဲ့သို့ (လာဘ်လာဘ၌) တုန်လှုပ်ခြင်းသဘော'ပုစ္ဆဉ္ဇိကတာ'၊ကောင်းသော အာရုံတို့ကို လိုလားသူ၏အဖြစ်'သာဓုကမျတာ'၊ (အမိ, အဒေါ် စသော) မသင့်လျော်သော အရာ၌ တပ်မက်ခြင်းသဘော 'အဓမ္မရာဂ'၊ မညီမမျှ (အဆမတန်အားကြီးစွာ) လိုချင်ခြင်းသဘော 'ဝိသမလောဘ'၊ (အာရုံကို) နှစ်သက်ခြင်းသဘော 'နိကန္တိ'၊ နှစ်သက်ပုံအခြင်းအရာ 'နိကာမနာ'၊ မြော်လင့်တောင့်တခြင်း သဘော 'ပတ္ထနာ'၊ ချစ်ခင်ခြင်းသဘော 'ပိဟနာ'၊ ကောင်းစွာ မြော်လင့် တောင့်တခြင်း သဘော 'သမ္ပတ္ထနာ'။

ကာမဂုဏ်ငါးပါးတို့၌ တပ်မက်မှု 'ကာမတဏှာ'၊ (ရူပ,အရူပ) ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ (ဥစ္ဆေဒဟုဆိုအပ်သော)ဘဝကင်းခြင်း၌ တပ်မက်မှု 'ဝိဘဝတဏှာ'၊ရူပဘုံ၌ တပ်မက်မှု'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ခြင်း၌ တပ်မက်မှု 'နိရောဓတဏှာ'၊ အဆင်း(ရူပါရုံ)၌ တပ်မက်မှု ရူပတဏှာ'၊ အသံ (သဒ္ဒါရုံ)၌ တပ်မက်မှု 'သဒ္ဒတဏှာ'၊ အနံ့ (ဂန္ဓာရုံ)၌ တပ်မက်မှု 'ဂန္ဓတဏှာ'၊ အရသာ(ရသာရုံ)၌ တပ်မက်မှု 'ရသတဏှာ'၊ အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)၌ တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ'၊ သဘောတရား (ဓမ္မာရုံ)၌ တပ်မက်မှု 'ဓမ္မတဏှာ'။

(ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေခြင်းသဘော 'ဩဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေခြင်းသဘော 'ယောဂ'၊ (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ'၊ ပြင်းစွာ ယူခြင်း(စွဲလမ်းခြင်း)သဘော 'ဥပါဒါန'၊ (ကုသိုလ် တရားတို့ကို) ပိတ်ပင်တတ်သော သဘော 'အာဝရဏ'၊ (ကုသိုလ်တရားတို့ကို)တားမြစ်တတ်သော သဘော 'နီဝရဏ'၊ (အမှန်တရားကို) ဖုံးကွယ်ခြင်း သဘော 'ဆာဒန'၊ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နှောင်ဖွဲ့တတ်သောသဘော 'ဗန္ဓန'၊ (စိတ်ကို)ကပ်၍ ညစ်နွမ်းစေတတ်သော သဘော

http://www.dhammadownload.com



'ဥပက္ကိလေသ'၊ အစဉ်ကိန်းဝပ်တတ်သောသဘော၊ ကနည်း-လျောက်ပတ်သော အကြောင်းကို ရလျှင် (အကြောင်းညီညွတ်လျှင်) ဖြစ်တတ်သောသဘော 'အနုသယ'၊ ထက်ဝန်းကျင် (စိတ်တခုလုံး သိမ်းကျုံး၍) ထကြွ (သောင်းကျန်း) တတ်သော သဘော 'ပရိယုဋ္ဌာန'၊ (ရစ်ပတ်တတ်သော) နှယ်နှင့်တူသော သဘော 'လတာ'၊ အရာဝတ္ထုအမျိုးမျိုးတို့ကို လိုချင်တတ်သော သဘော'ဝေဝိစ္ဆ'၊ (ဝဋ်)ဆင်းရဲ၏ အခြေအမြစ်'ဒုက္ခမူလ'၊ (ဝဋ်)ဆင်းရဲ၏ အကြောင်းရင်း 'ဒုက္ခ-နိဒါန'၊ (ဝဋ်)ဆင်းရဲ၏ စရုံဖြစ်ရာ 'ဒုက္ခပ္ပဘဝ'၊ မာရ်၏ကျော့ကွင်း 'မာရပါသ'၊ မာရ်၏ငါးမြှားချိတ် 'မာရဗဠိသ'၊ မာရ်၏အရာ (မာရ်၏နယ်ပယ်) 'မာရဝိသယ'၊ (ယိုစီးတတ်သော) တပ်မက်မှု 'တဏှာ'မြစ် 'တဏှာနဒီ'၊ (ဖုံးလွှမ်းတတ်သော) တပ်မက်မှု 'တဏှာ'ကွန်ရက် 'တဏှာဇာလ'၊ (မြဲမြံစွာ နှောင်ဖွဲ့တတ်သော) တပ်မက်မှု 'တဏှာ'တောက် 'တဏှာဂဒ္ဒုလ'၊ (ပြည့်နိုင်ခဲသော) တပ်မက်မှု 'တဏှာ' သမုဒ္ဒရာ'တဏှာသမုဒ္ဒ'၊(သူတပါးပစ္စည်းဥစ္စာကို)လိုချင် မက်မောမှု'အဘိဇ္ဈာ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော လိုချင်တပ်မက်မှု 'လောဘ အကုသလမူလ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို လိုချင်တပ်မက်မှု 'လောဘ'ဟူ၍ ဆိုအပ်၏။ (၁၀၆၅, ၁၁၄၁)

ဒေါသ ၁၂၃၄။ (၂) ထို(ကိလေသာဆယ်ပါးတို့) တွင် ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' ဟူသည် အဘယ်နည်း။ "ငါ၏အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ'သည် ဖြစ်၏၊ "ငါ၏ မချစ်ခင် မမြတ်နိုးအပ်သူ၏အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲဖြစ်သည်။ပ။ အကျိုးကို ပြုကျင့်လတ္တံ့"ဟု ရန်ငြိုးဖွဲ့မှု 'အာဃာတ' သည် ဖြစ်၏၊ ထို့ပြင် အကြောင်းမဟုတ်သည်၌ ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု)သည် ဖြစ်၏။

ဤသို့သဘောရှိသော စိတ်၏အကြင် ရန်ငြိုးဖွဲ့မှု'အာဃာတ'၊ လွန်စွာ ရန်ငြိုးဖွဲ့မှု'ပဋိဃာတ'၊ (အာရုံ၌)ထိပါးမှု(မုန်းထားမှု)'ပဋိဃ'၊ လွန်စွာ ဆန့်ကျင်ခြင်းသဘော 'ပဋိဝိရောဓ'၊ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) သဘော 'ကောပ'၊ လွန်စွာစိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) သဘော 'ပကောပ'၊ အလွန်ပြင်းစွာ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) သဘော 'သမ္ပကောပ'၊ ဖျက်ဆီးပြစ်မှားခြင်းသဘော 'ဒေါသ'၊ လွန်စွာဖျက်ဆီး ပြစ်မှားခြင်းသဘော 'ပဒေါသ'၊ အလွန် ပြင်းစွာ ဖျက်ဆီး ပြစ်မှားခြင်းသဘော 'သမ္ပဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်းသဘော 'စိတ္တဿ ဗျာပတ္တိ'၊ စိတ်ပျက်စီးခြင်းသဘော မနောပဒေါသ'၊ အမျက်ထွက်ခြင်း သဘော 'ကောဓ'၊ အမျက်ထွက်ပုံ အခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သူ၏ အဖြစ်'ကုဇ္ဈိတတ္တ'၊ ဖျက်ဆီး ပြစ်မှားခြင်းသဘော 'ဒေါသ'၊ ဖျက်ဆီးပြစ်မှားပုံအခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးပြစ်မှားတတ်သူ၏ အဖြစ်'ဒုဿိတတ္တ'၊ ဖောက်ပြန် ပျက်စီးခြင်း သဘော 'ဗျာပတ္တိ'၊ ဖောက်ပြန် ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သည်၏ အဖြစ်'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု'ဝိရောဓ'၊ လွန်စွာ အဘန်ဘန် ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသူ၏အဖြစ် (ကြမ်းတမ်းမှု) 'စဏ္ဍိက္က'၊ ကောင်းမွန် ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့်ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မိမိ ပကတိစိတ် မဟုတ်သည်၏ အဖြစ်(မနှစ်သိမ့်မှု)'အနတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ဖျက်ဆီး ပြစ်မှားမှု'ဒေါသ'ဟူ၍ ဆိုအပ်၏။ (၄၁၈, ၄၁၉, ၁၀၆၆, ၁၁၄၂, ၁၂၄၂)

http://www.dhammadownload.com



မောဟ ၁၂၃၈။ (၃) ထို(ကိလေသာဆယ်ပါးတို့)တွင် (အမှန်သဘော၌)တွေဝေမှု(အမှန်ကို မသိမှု) 'မောဟ'ဟူသည် အဘယ်နည်း။ ဆင်းရဲ၌ မသိမှု 'ဒုက္ခေ အညာဏ'၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု 'ဒုက္ခသမုဒယေ အညာဏ'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၌ မသိမှု 'ဒုက္ခနိရောဓေ အညာဏ'၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ မသိမှု 'ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏ'၊ ရှေးအဘို့၌(ဖြစ်ပြီးသောခန္ဓာစသည်တို့၌) မသိမှု 'ပုဗ္ဗန္တေ အညာဏ'၊ နောက်အဘို့၌ (ဖြစ်လတ္တံ့သောခန္ဓာစသည်တို့၌)မသိမှု 'အပရန္တေ အညာဏ'၊ ရှေးအဘို့ နောက်အဘို့၌(ဖြစ်ပြီး ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌)မသိမှု'ပုဗ္ဗန္တာပရန္တေ အညာဏ'၊ ဤ(ဇရာ မရဏစသည်တို့၏) အကြောင်းတရားနှင့် (ဇာတိ စသော ထိုထို အကြောင်းကို) စွဲ၍ ဖြစ်သော အကျိုးတရားတို့၌ မသိမှု'ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏ'သည်(ရှိ၏)။

ဤသို့သဘောရှိသော အကြင်မသိခြင်းသဘော 'အညာဏ'၊ (အမှန်တရားကို)မမြင်ခြင်းသဘော အဒဿန'၊ ထိုးထွင်း၍ မသိတတ်သောသဘော 'အနဘိသမယ'၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော 'အနနုဗောဓ'၊ (အနိစ္စစသည်တို့နှင့် ယှဉ်၍) မသိတတ်သော သဘော(မှားယွင်းစွာ သိတတ်သောသဘော) 'အသမ္ဗောဓ'၊ ထိုးထွင်း၍ မသိခြင်းသဘော 'အပ္ပဋိဝေဓ'၊ (အနိစ္စစသည်ဖြင့်)မယူတတ်သောသဘော 'အသံဂါဟနာ'၊ (အမှန်တရားကို) သက်ဝင်၍ (နားလည်၍) မယူတတ်သော သဘော 'အပရိယောဂါဟနာ'၊ ညီညီညွတ်ညွတ် မရှုတတ် (အနိစ္စစသည်ကို နိစ္စစသည်ဟု မညီမညွတ် ရှုတတ်) သော သဘော 'အသမပေက္ခန'၊ မဆင်ခြင်တတ်သော သဘော'အပစ္စဝေက္ခဏာ'၊ မျက်မှောက် မရှုတတ်သော သဘော (အကောင်းအဆိုးကို မဝေခွဲတတ်သောသဘော) 'အပစ္စက္ခကမ္မ'၊ (စိတ်)ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်း သဘော 'ဒုမ္မေဇ္ဈ'၊ လူမိုက်ဖြစ်ကြောင်းသဘော'ဗာလျ'၊ ကောင်းစွာ (ခွဲခွဲခြားခြား)အပြားအားဖြင့် မသိတတ်သောသဘော 'အသမ္ပဇည'၊ (အမှန်သဘော၌) တွေဝေခြင်း (အမှန်ကို မသိခြင်း)သဘော 'မောဟ'၊ ပြင်းစွာတွေဝေခြင်းသဘော'ပမောဟ'၊ ထက်ဝန်းကျင်(တရားအားလုံး၌) တွေဝေခြင်း သဘော'သမ္မောဟ'၊(သိအပ်သည်ကို) မသိခြင်း (သစ္စာလေးပါးကို မသိခြင်း) သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော မသိမှု သဘော 'အဝိဇ္ဇောဃ'၊ (ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် သော မသိမှု သဘော'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော မသိမှုသဘော၊ တနည်း- လျောက်ပတ်သော အကြောင်းကိုရလျှင် (အကြောင်းညီညွတ်လျှင်)ဖြစ်တတ်သော မသိမှုသဘော 'အဝိဇ္ဇာနုသယ' (စိတ်၌ကိလေသာတို့၏)ထကြွသောင်းကျန်းခြင်းဟူသော မသိမှုသဘော'အဝိဇ္ဇာ- ပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်)တံခါးကျည် (မင်းတုပ်) နှင့်တူသော မသိမှုသဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော (အမှန် သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ အကုသလမူလ' သည်(ရှိ၏)။ ဤ (ဆိုအပ်ခဲ့ ပြီးသော) သဘောကို (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'ဟူ၍ ဆိုအပ်၏။ (၃၉၀, ၁၀၆၇, ၁၁၀၅, ၁၁၀၆)

မာန ၁၂၃၉။ (၄) ထို (ကိလေသာဆယ်ပါးတို့)တွင် (ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'ဟူသည် အဘယ်နည်း။ "ငါသည် (အဆင့်အတန်း) မြင့်မြတ်သူဖြစ်၏"ဟူ၍ မှတ်ထင်မှု (ထောင်လွှားမှု) 'သေယျမာန'၊ "ငါသည် (အဆင့်အတန်းချင်း) တူသူဖြစ်၏"ဟူ၍ မှတ်ထင်မှု (ထောင်လွှားမှု) 'သဒိသမာန'၊ "ငါသည် (အဆင့်အတန်း)ယုတ်နိမ့် (အောက်ကျ) သူဖြစ်၏" ဟူ၍ မှတ်ထင်မှု(ထောင်လွှားမှု) (ငါသည်

http://www.dhammadownload.com



အဆင့်အတန်း ယုတ်နိမ့်သော်လည်း မည်သူ့ကိုမျှ ဂရုစိုက်ရန်မလိုဟု မှတ်ထင်မှု) 'ဟီနမာန'သည် (ရှိ၏)။

ဤသို့ သဘောရှိသော အကြင် မှတ်ထင်မှု(ထောင်လွှားမှု) 'မာန'၊ မှတ်ထင်ပုံ (ထောင်လွှားပုံ) အခြင်းအရာ 'မညနာ'၊ မှတ်ထင်တတ်(ထောင်လွှားတတ်)သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွခြင်းသဘော 'ဥန္နတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နမ'၊ တံခွန်နှင့်တူသောသဘော 'ဓဇ'၊ မြှောက်ပင့်ခြင်းသဘော 'သမ္ပဂ္ဂါဟ'၊ စိတ်၏ တမ်းခွန် မှန်ကင်းကဲ့သို့ မြင့်မောက်လိုသည်၏အဖြစ် 'ကေတုကမျတာ စိတ္တဿ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'ဟူ၍ ဆိုအပ်၏။ (၁၁၂၁)

ဒိဋ္ဌိ ၁၂၄၀။ (၅) ထို(ကိလေသာဆယ်ပါးတို့)တွင် အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ (ခန္ဓာငါးပါးဟူသော) လောကသည် မြဲ၏ဟူ၍ငင်း၊(ခန္ဓာငါးပါးဟူသော) လောကသည် မမြဲဟူ၍ငင်း၊ (ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး(အပိုင်းအခြား) ရှိ၏ဟူ၍ငင်း၊(ခန္ဓာငါးပါးဟူသော) လောကသည် အဆုံး(အပိုင်းအခြား) မရှိဟူ၍ငင်း၊ ထိုအသက် 'ဇီဝ'သည်ပင် ထိုကိုယ်တည်းဟူ၍ငင်း၊ အသက် 'ဇီဝ'သည် တခြား ကိုယ်သည် တခြားဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်၊ မဖြစ်လည်း မဖြစ်ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍ငင်း၊ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ (၆၂-ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'၊ (အမြင်မှန်ကို ပိတ်ဆီးတတ်သော) အမြင်မှားမှု တည်းဟူသော တောအုပ် 'ဒိဋ္ဌိဂဟန'၊ (အမြင်မှန်သို့ မရောက်နိုင်အောင် ခက်ခဲစေသော) အမြင်မှားမှု ခရီးခဲ 'ဒိဋ္ဌိကန္တာရ'၊ (သမ္မာဒိဋ္ဌိကို) ထွင်းဖောက်ဖျက်ဆီးခြင်းသဘော 'ဒိဋ္ဌိဝိသူကာယိက'၊ အမြင်မှားမှုတည်းဟူသော ဖောက်ပြန်တုန်လှုပ်ခြင်းသဘော 'ဒိဋ္ဌိဝိပ္ဖန္ဒိတ'၊ (ဝဋ်ဆင်းရဲ၌) တုပ်နှောင်ကြောင်း ဖြစ်သော အမြင်မှားမှု 'ဒိဋ္ဌိသညောဇန'၊ (အာရုံကိုမှားသောအားဖြင့်) မြဲစွာယူတတ်သောသဘော (အယူသည်းသောသဘော) 'ဂါဟ'၊ (အမြင်မှားမှု၏) တည်ရာဖြစ်သော သဘော 'ပတိဋ္ဌာဟ'၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သော သဘော 'အဘိနိဝေသ'၊ မှားသောအားဖြင့် သုံးသပ်တတ်သောသဘော 'ပရာမာသ'၊ စက်ဆုပ်အပ်သောလမ်းစဉ် 'ကုမ္မဂ္ဂ'၊ မှားသော ခရီးလမ်းကြောင်း 'မိစ္ဆာပထ'၊ မှားယွင်းသော သဘော 'မိစ္ဆတ္တ'၊ မှားသော အယူတည်း ဟူသော အကျိုးမဲ့တို့၏ ဖြစ်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အမြင်မှားမှု 'ဒိဋ္ဌိ'ဟူ၍ ဆိုအပ်၏။ အလုံးစုံသော မှားယွင်းစွာမြင်မှု 'မိစ္ဆာဒိဋ္ဌိ'သည်လည်း အမြင်မှားမှု 'ဒိဋ္ဌိ'မည်၏။ (၁၁၀၅,၁၁၂၂)

ဝိစိကိစ္ဆာ ၁၂၄၁။ (၆) ထို (ကိလေသာဆယ်ပါးတို့) တွင် ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၌ ယုံမှား၏၊ တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)၊ တရား၌ ယုံမှား၏၊ တွေးတော၏၊ သံဃာ၌ ယုံမှား၏၊ တွေးတော၏၊ အကျင့် 'သိက္ခာ'၌ ယုံမှား၏၊ တွေးတော၏၊ရှေးအဘို့၌(ဖြစ်ပြီးသော ခန္ဓာစသည်တို့၌) ယုံမှား၏၊ တွေးတော၏၊ နောက်အဘို့၌(ဖြစ်လတ္တံ့သောခန္ဓာစသည်တို့၌) ယုံမှား၏၊ တွေးတော၏၊ ရှေးအဘို့ နောက်အဘို့၌(ဖြစ်ပြီး ဖြစ်လတ္တံ့သော ခန္ဓာစသည်တို့၌) ယုံမှား၏၊ တွေးတော၏၊ ဤ (ဂရာ-

http://www.dhammadownload.com



မရဏ စသည်တို့၏) အကြောင်းတရားနှင့် (ဇာတိ စသော ထိုထို အကြောင်းကို) စွဲ၍ဖြစ်သော အကျိုးတရားတို့၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ဘဲ ပင်ပန်း၏)။

ဤသို့သဘောရှိသော အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားပုံအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏ အဖြစ် 'ကင်္ခါယိတတ္တ'၊ မသိခြင်း (တွေးတောခြင်း) 'ဝိမတိ'၊ သဘာဝကို စဉ်းစားလျှင် (မဆုံးဖြတ်နိုင်၍) ပင်ပန်းကြောင်းသဘော 'ဝိစိကိစ္ဆာ'၊ (မဆုံးဖြတ်နိုင်၍) မှန် မမှန် နှစ်မျိုးအားဖြင့် တုန်လှုပ်တတ်သောသဘော 'ဒွေဠှက'၊ လမ်းနှစ်ခွနှင့်တူသောသဘော 'ဒွေဓာပထ'၊ ထက်ဝန်းကျင်မှ ဖြစ်တတ် (ယုံမှားတတ်) သောသဘော 'သံသယ'၊ ကေန္တအားဖြင့် ယူခြင်းငှါ မစွမ်းနိုင်ခြင်းသဘော 'အနေကံသဂ္ဂါဟ'၊ ( ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ )အာရုံမှ ဆုတ်နစ်တတ်သောသဘော 'အာသပ္ပနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) (အာရုံ၏ )ထက်ဝန်းကျင်၌ (တဝဲလည်လည်)ရွေ့ရှားတတ်သောသဘော 'ပရိသပ္ပနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ဉာဏ်ဖြင့်) မသက်ဝင်နိုင်ခြင်းသဘော 'အပရိယောဂါဟနာ'၊ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ခက်တရော်သည်၏အဖြစ် 'ထမ္ဘိတတ္တံ စိတ္တဿ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ (ရှုပ်ရှုပ်ထွေးထွေး) ဖြစ်တတ်သောသဘော 'မနောဝိလေခ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူ၍ ဆိုအပ်၏။ (၄၂၅, ၁၀၀၇,၁၁၂၃)

ထိန ၁၂၄၂။ (၇) ထို (ကိလေသာဆယ်ပါးတို့) တွင် (စိတ်၏)မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'ဟူသည် အဘယ်နည်း။ စိတ်၏ အကြင် မခံ့ကျန်းသည်၏အဖြစ် 'အကလ္လတာ'၊ အမှု၌ မခံ့သည်၏ အဖြစ် (အမှုကိစ္စတို့၌ ပြီးမြောက်အောင် မလိုက်လျော မဆောင်ရွက်နိုင်မှု) 'အကမ္မညတာ'၊ (ရှိမြဲကုသိုလ်ယာပုထ် မခိုင်ခံ့နိုင်အောင် ပျင်းရိခြင်း၌) ငိုတွယ်ပုံ အခြင်းအရာ 'ဩလီယနာ'၊ (ရှိမြဲ ကုသိုလ်ယာပုထ် မခိုင်ခံ့နိုင်အောင် ပျင်းရိခြင်း၌) ငိုကပ်ပုံ အခြင်းအရာ 'သလ္လီယနာ'၊ တွန့်ဆုတ်ခြင်းသဘော 'လီန'၊ တွန့်ဆုတ်ပုံ အခြင်းအရာ 'လီယနာ'၊ တွန့်ဆုတ်တတ်သည်၏ အဖြစ် 'လီယိတတ္တ'၊ (စိတ်၏မခံ့ခြင်း (ထိုင်းမှိုင်းခြင်း) သဘော 'ထိန'၊ (စိတ်၏) မခံ့ပုံ (ထိုင်းမှိုင်းပုံ) အခြင်းအရာ 'ထိယနာ'၊ (စိတ်၏)မခံ့သည် (ထိုင်းမှိုင်းသည်)၏ အဖြစ် 'ထိယိတတ္တ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'ဟူ၍ ဆိုအပ်၏။ (၁၁၆၂)

ဥဒ္ဓစ္စ ၁၂၄၃။ (၈) ထို (ကိလေသာဆယ်ပါးတို့)တွင် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟူသည် အဘယ်နည်း။ စိတ်၏ အကြင်တုန်လှုပ်သည်၏ အဖြစ် (ပျံ့လွင့်ခြင်း) 'စိတ္တဿ ဥဒ္ဓစ္စ'၊ မငြိမ်သက်ခြင်း (မငြိမ်းခြင်း) 'အဝူပသမ'၊ စိတ်ပျံ့လွင့်တတ်သောသဘော (စိတ်၏ဖရိုဖရဲ ပျံ့လွင့်ခြင်း) 'စေတသောဝိက္ခေပ'၊ စိတ်တုန်လှုပ် (မတည်ငြိမ်)သည်၏အဖြစ် (စိတ်လေလွင့်သည်၏ အဖြစ်)'ဘန္တတ္တံ စိတ္တဿ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟူ၍ ဆိုအပ်၏။ (၄၂၉,၁၁၆၅)

အဟိရိက ၁၂၄၄။ (၉) ထို (ကိလေသာဆယ်ပါးတို့)တွင် (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'ဟူသည် အဘယ်နည်း။ အကြင်သဘောတရားသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်း (လွန်ကျူးခြင်း)ကို မရှက်တတ်။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု'အဟိရိက'ဟူ၍ ဆိုအပ်၏။ (၃၈၇)

http://www.dhammadownload.com



**အနော့တ္တပ္ပ** ၁၂၄၅။ (၁၀) ထို (ကိလေသာဆယ်ပါးတို့)တွင်(ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု အနော့တ္တပ္ပ'ဟူသည် အဘယ်နည်း။ အကြင် သဘောတရားသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်း (လွန်ကျူးခြင်း)မှ မကြောက်လန့်တတ်။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနော့တ္တပ္ပ'ဟူ၍ ဆိုအပ်၏။ (၃၀၀)

ဤတရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရား မည်ကုန်၏ (ကိလေသာတရားကိုယ်ဆယ်ပါး)။

**နော ကိလေသတရား** ၁၂၄၆။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရား မမည်သော'နော ကိလေသ'တရားဖြစ်ကုန်သနည်း။ ထို(ကိလေသ) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ။ပ။ အထူးသိမှု (စိတ်) 'အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးခုံသော ရုပ်၊ထို့ပြင် (ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'( နိဗ္ဗာန် )သည် ( ရှိ၏ )။ ဤတရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား မမည်သော 'နော ကိလေသ'တရား ဖြစ်ကုန်၏ (စိတ်, ကိလေသာဆယ်ပါးမှတပါး အခြားသော စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-သံကိလေသိကဒုက်

**သံကိလေသိကတရား** ၁၂၄၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ်နှိပ်စက်တတ်သော 'ကိလေသ' တရားကို ရခြင်းငှါထိုက်သော (ကိလေသာတို့၏ အာရုံဖြစ်သော) ' သံကိလေသိက 'တရား ဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားကို ရခြင်းငှါ ထိုက်သော (ကိလေသာတို့၏အာရုံဖြစ်သော) 'သံကိလေသိက'တရား ဖြစ်ကုန်၏ (ကိလေသာတို့၏ အာရုံဖြစ်သော လောကီ တရားများ)။

**အသံကိလေသိကတရား** ၁၂၄၈။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားကို ရခြင်းငှါ မထိုက်သော (ကိလေသာတို့၏ အာရုံမဖြစ်သော) 'အသံကိလေသိက' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏ အကျိုး (ဖိုလ်) တို့သည်၎င်း၊ (ကံ,စိတ်,

http://www.dhammadownload.com



ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားကို ရခြင်းငှါ မထိုက်သော (ကိလေသာတို့၏ အာရုံမဖြစ်သော) 'အသံကိလေသိက' တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃-သံကိလိဋ္ဌဒုက်

**သံကိလိဋ္ဌတရား** ၁၂၄၉။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ' တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ် (ညစ်နွမ်းစေအပ်) သော 'သံကိလိဋ္ဌ'တရား ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့် ယှဉ်သောတရားများကား အဘယ်တို့နည်း)။ လိုချင်တပ်မက်မှု 'လောဘ', ဖျက်ဆီးပြစ်မှားမှု 'ဒေါသ', (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'ဟူသော အကုသိုလ်အခြေအမြစ် 'အကုသလမူလ' သုံးပါး၊ ထိုလိုချင်တပ်မက်မှု'လောဘ'စသည့် အကုသိုလ်အခြေအမြစ် 'အကုသလမူလ' သုံးပါးတို့နှင့် အတူတကွဖြစ်သော 'ကိလေသာ'၊ ထို လိုချင်တပ်မက်မှု 'လောဘ'စသည့် အကုသိုလ်အခြေအမြစ် 'အကုသလမူလ'တို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို လိုချင်တပ်မက်မှု 'လောဘ'စသည့် 'အကုသလမူလ'တို့ကြောင့်ဖြစ်သော ကိုယ်ဖြင့်ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ဤတရားတို့သည် (ကိလေသာတို့နှင့်ယှဉ်သော) 'သံကိလိဋ္ဌ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်များ)။

**အသံကိလိဋ္ဌတရား** ၁၂၅၀။ (၂) အဘယ်တရားတို့သည်(သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ် ( မညစ်နွမ်းစေအပ် ) သော 'အသံကိလိဋ္ဌ' တရားဖြစ်ကုန်သနည်း (ကိလေသာတို့နှင့် မယှဉ်သောတရားများကား အဘယ်တို့နည်း)။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်မယှဉ်သော) 'အသံကိလိဋ္ဌ' တရားဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက် စေတသိက်, ရုပ်နှင့် နိဗ္ဗာန်)။

## ၄-ကိလေသသမ္ပယုတ္တဒုက်

**ကိလေသသမ္ပယုတ္တတရား** ၁၂၅၁။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့နှင့် ယှဉ်သော 'ကိလေသသမ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ထို (ကိလေသ) တရားတို့နှင့် ယှဉ်ကုန်သော ခံစားမှု

http://www.dhammadownload.com



အစု ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ' ဟူသောအကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့နှင့် ယှဉ်သော 'ကိလေသသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်,ယှဉ်ဘက်စေတသိက်)။ (၁၂၄၉)

**ကိလေသဝိပ္ပယုတ္တတရား** ၁၂၅၂။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့နှင့် မယှဉ်သော 'ကိလေသဝိပ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ထို(ကိလေသ) တရားတို့နှင့် မယှဉ်ကုန်သော ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည်(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့နှင့် မယှဉ်သော 'ကိလေသဝိပ္ပယုတ္တ' တရား ဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)၊ (၁၂၅၀)

## ၅-ကိလေသ သံကိလေသိကဒုက်

**ကိလေသ သံကိလေသိကတရား** ၁၂၅၃။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၍ ကိလေသတို့ကို ရခြင်းငှါလည်း ထိုက်သော (ကိလေသတို့၏ အာရုံဖြစ်သော) 'ကိလေသ သံကိလေသိက'တရား ဖြစ်ကုန်သနည်း။ ထိုကိလေသာတို့သည်ပင် 'ကိလေသ'လည်း မည်၍ ပူပန်စေတတ်နှိပ်စက်တတ်သော'ကိလေသ'တရားတို့ကို ရခြင်းငှါလည်း ထိုက်သော (ကိလေသ တို့၏ အာရုံဖြစ်သော) 'ကိလေသ သံကိလေသိက' တရားဖြစ်ကုန်၏ (ကိလေသာဆယ်ပါး)။ (၁၂၃၅,၁၂၄၅)

**သံကိလေသိက နောကိလေသတရား** ၁၂၅၄။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ်နှိပ်စက်တတ်သော'ကိလေသ'တရားတို့ကို ရခြင်းငှါသော ထိုက်၍ (ကိလေသတို့၏ အာရုံသာဖြစ်၍) 'ကိလေသ' မမည်သော 'သံကိလေသိက နော ကိလေသ' တရား ဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို 'ကိလေသ' တရားတို့ဖြင့် (ထို 'ကိလေသ'တရားတို့ အာရုံပြုအပ်သဖြင့်) ကိလေသတရားတို့၏ အာရုံဖြစ်သော 'သံကိလေသိက'တရား ဖြစ်ကုန်၏၊ (ထို 'သံကိလေသိက' တရားတို့၌ ပါရှိသော) ထို (ကိလေသ) တရားတို့ကို ချန်ထား၍ ကြွင်းကျန်သည့် (သံကိလေသိကတရားဖြစ်ကုန်သော) အသသတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အဗျာကတ'တရားဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည်(ကိလေသ တို့၏ အာရုံသာ ဖြစ်၍ ကိလေသ မမည်သော) 'သံကိလေသိက နောကိလေသ'တရား ဖြစ်ကုန်၏ (လောကီစိတ် ကိုလေသာတရားကိုယ်ဆယ်ပါးကြဉ်သော ယှဉ်ဘက်စေတသိက်,ရုပ်)။

http://www.dhammadownload.com



## ၆-ကိလေသ သံကိလိဋ္ဌဒုက်

**ကိလေသ သံကိလိဋ္ဌတရား** ၁၂၅၅။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၍ ပူပန်စေတတ်နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် ပူပန်လည်း ပူပန်စေအပ် နှိပ်စက်လည်း နှိပ်စက်အပ် (ညစ်နွမ်းစေအပ်) သော'ကိလေသ သံကိလိဋ္ဌ' တရားဖြစ်ကုန်သနည်း (ကိလေသ တရားလည်းမည်၍ ကိလေသနှင့်လည်းယှဉ်သောတရားများကား အဘယ်နည်း)။ ထိုပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည်ပင် (ကိလေသလည်း မည်၍ ကိလေသနှင့်လည်း ယှဉ်သော) 'ကိလေသ သံကိလိဋ္ဌ 'တရား ဖြစ်ကုန်၏ ( ကိလေသာတရားကိုယ် ဆယ်ပါး )။ (၁၂၃၅,၁၂၄၅)

**သံကိလိဋ္ဌ နော ကိလေသတရား** ၁၂၅၆။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ်(ညစ်နွမ်းစေအပ်)သည်သာဖြစ်၍ (ကိလေသတို့နှင့်သာ ယှဉ်၍) ကိလေသာ မမည်သော 'သံကိလိဋ္ဌ နော ကိလေသ' တရားဖြစ်ကုန်သနည်း။ အကြင်တရားတို့သည် ထို (ကိလေသ) တရားတို့ဖြင့်(ထိုကိလေသတရားတို့က ပူပန်စေအပ် နှိပ်စက်အပ်သဖြင့်) 'သံကိလိဋ္ဌ' တရား ဖြစ်ကုန်၏၊ (ထို'သံကိလိဋ္ဌ' တရားတို့၌ ပါရှိသော) ထို (ကိလေသ)တရားတို့ကို ချန်ထား၍ (ကြွင်းကျန်ကုန်သော) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ' သည် (ရှိ၏)၊ဤတရားတို့သည် (ကိလေသ တို့နှင့်သာ ယှဉ်၍ ကိလေသာ မမည်သော) 'သံကိလိဋ္ဌ နော ကိလေသ' တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်၊ ကိလေသဆယ်ပါးကြဉ်သော ယှဉ်ဘက် စေတသိက်)။

## ၇-ကိလေသ ကိလေသသမ္ပယုတ္တဒုက်

**ကိလေသ ကိလေသသမ္ပယုတ္တတရား** ၁၂၅၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ' တရားလည်း မည်၍ 'ကိလေသ'တရားတို့နှင့်လည်း ယှဉ်သော 'ကိလေသ ကိလေသသမ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။

လိုချင်တပ်မက်မှု 'လောဘ'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)မောဟ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု 'မောဟ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ် သော) လောဘ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဖျက်ဆီး ပြစ်မှားမှု 'ဒေါသ'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု 'မောဟ'သည် 'ကိလေသ'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ် သော)ဒေါသ(ကိလေသ)ကြောင့် 'ကိလေသ'နှင့်ယှဉ်သည်လည်း ဖြစ်၏။

(ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'သည် (သတ္တဝါ တို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)

http://www.dhammadownload.com



မောဟ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု 'မောဟ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မာန ကိလေသကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ ကိလေသကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု'မောဟ' သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက် ဖြစ်သော) ဒိဋ္ဌိ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု 'မောဟ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဝိစိကိစ္ဆာ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု'မောဟ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ထိန (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ပျံ့လွင့်မှု'ဥဒ္ဓစ္စ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)မောဟ(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌)တွေဝေမှု 'မောဟ' သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ကာယဒုစရိုက် စသည်မှ) မရှက်မှု'အဟိရိက'သည်(သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ် သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌) တွေဝေမှု 'မောဟ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏။

(ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ) ကြောင့်'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (အမှန်တရား၌)တွေဝေမှု'မောဟ'သည်'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏။

လိုချင် တပ်မက်မှု 'လောဘ' သည်(သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) လောဘ (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည် လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ' လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒေါသ (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

(အမှန်တရား၌)တွေဝေမှု 'မောဟ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ(ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ဇာင်မှု (ထောင်လွှားမှု) 'မာန'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မာန (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဒိဋ္ဌိ (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဝိစိကိစ္ဆာ (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ထိန (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ် သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဥဒ္ဓစ္စ(ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဥဒ္ဓစ္စ(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက် ဖြစ်သော)အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



လိုချင်တပ်မက်မှု'လောဘ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့်'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု'အဟိရိက'သည် 'ကိလေသ'လည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော)လောဘ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဖျက်ဆီးပြစ်မှားမှု'ဒေါသ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒေါသ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(အမှန်သဘော၌) တွေဝေမှု 'မောဟ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)မောဟ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'သည် (သတ္တဝါ တို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ' လည်း မည်၏၊(ယှဉ်ဘက်ဖြစ်သော)မာန(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဒိဋ္ဌိ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည် လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဝိစိကိစ္ဆာ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ထိန (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်

http://www.dhammadownload.com



လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ(ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏။ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ(ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

လိုချင်တပ်မက်မှု 'လောဘ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)လောဘ(ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ)မကြောက်လန့်မှု 'အနောတ္တပ္ပ'သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဒေါသ (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

(အမှန်တရား၌) တွေဝေမှု 'မောဟ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့်'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' သည် 'ကိလေသ'လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မောဟ (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

(ငါသာလျှင် မြတ်သည်ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန' သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) မာန (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' သည် 'ကိလေသ' လည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော)ဒိဋ္ဌိ (ကိလေသ) ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်းဖြစ်၏၊(ကာယဒုစရိုက်စသည်မှ)မကြောက်လန့်မှု'အနောတ္တပ္ပ'သည်(သတ္တဝါတို့ကို)

http://www.dhammadownload.com



ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဝိစိကိစ္ဆာ (ကိလေသ)ကြောင့် 'ကိလေသ နှင့် ယှဉ်သည်လည်း ဖြစ်၏။

(စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့်'ကိလေသ နှင့် ယှဉ်သည်လည်းဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ) မကြောက်လန့်မှု အနောတ္တပ္ပ သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ' တရားလည်းမည်၏၊ (ယှဉ်ဘက်ဖြစ်သော) ထိန (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်းဖြစ်၏။

ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ' နှင့် ယှဉ်သည်လည်း ဖြစ်၏၊ (ကာယဒုစရိုက်စသည်မှ)မကြောက်လန့်မှု 'အနောတ္တပ္ပ'သည်(သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) ဥဒ္ဓစ္စ (ကိလေသ) ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်းဖြစ်၏။

(ကာယဒုစရိုက်စသည်မှ) မရှက်မှု 'အဟိရိက'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အနောတ္တပ္ပ (ကိလေသ)ကြောင့် 'ကိလေသ'နှင့်ယှဉ်သည်လည်း ဖြစ်၏၊(ကာယဒုစရိုက်စသည်မှ)မကြောက်လန့်မှု'အနောတ္တပ္ပ'သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၏၊ (ယှဉ်ဘက်ဖြစ်သော) အဟိရိက (ကိလေသ)ကြောင့် 'ကိလေသ'နှင့် ယှဉ်သည်လည်းဖြစ်၏။

ဤတရားတို့သည်(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားလည်း မည်၍ (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားနှင့်လည်း ယှဉ်သော 'ကိလေသ ကိလေသသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (လောဘ, ဒေါသစသော ကိလေသတရား ကိုးယ်ဆယ်ပါး)။

**ကိလေသသမ္ပယုတ္တ နော ကိလေသတရား** ၁၂၅၈။ (၂) အဘယ်တရားတို့သည်(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့နှင့်သာ ယှဉ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား မမည်သော 'ကိလေသသမ္ပယုတ္တ နော ကိလေသ'တရား ဖြစ်ကုန်သနည်း။ ထို (ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ')တရားတို့နှင့်ယှဉ်ကုန်သော ထို (ကိလေသ)တရားတို့ကို ချန်ထား၍(ကြွင်းကျန်သည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင် (အကုသိုလ်) တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရားတို့နှင့်သာ ယှဉ်၍ (သတ္တဝါတို့ကို) ပူပန်စေတတ်နှိပ်စက်တတ်သော 'ကိလေသ' တရား မမည်သော 'ကိလေသသမ္ပယုတ္တ နော ကိလေသ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ကိလေသာဆယ်ပါးကြဉ်သော ယှဉ်ဘက် စေတသိက်)။

## ဂ-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်

**ကိလေသဝိပ္ပယုတ္တ သံကိလေသိကတရား** ၁၂၅၉။ (၁) အဘယ်တရားတို့သည်(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့နှင့် မယှဉ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော

http://www.dhammadownload.com



'ကိလေသ'တရားကို (ရခြင်း၄ါ)သာ ထိုက်သော (ကိလေသာတို့၏ အာရုံဖြစ်သော) 'ကိလေသ-ဝိပ္ပယုတ္တ သံကိလေသိက'တရား ဖြစ်ကုန်သနည်း။ ထို(ကိလေသ) တရားတို့နှင့် မယှဉ်ကုန်သော, အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ' ။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'ဟူသော အကြင်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့နှင့် မယှဉ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားကို (ရခြင်း၄ါ)သာ ထိုက်သော(ကိလေသာတို့၏ အာရုံ ဖြစ်သော)'ကိလေသဝိပ္ပယုတ္တ သံကိလေသိက' တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, ယှဉ်ဘက် စေတသိက်, ရုပ်)။

**ကိလေသဝိပ္ပယုတ္တ အသံကိလေသိကတရား** ၁၂၆၀။ (၂) အဘယ်တရားတို့သည်(သတ္တဝါတို့ကို) ပူပန် စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရားကို(ရခြင်း၄ါ)လည်းမထိုက်သော(ကိလေသာတို့၏အာရုံလည်းမဖြစ်သော) 'ကိလေသဝိပ္ပယုတ္တ အသံကိလေသိက'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားကို (ရခြင်း၄ါ)လည်း မထိုက်သော (ကိလေသာတို့၏ အာရုံလည်းမဖြစ်သော) 'ကိလေသ-ဝိပ္ပယုတ္တ အသံကိလေသိက'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

**ကိလေသဂေါစ္ဆက ပြီးပြီ။**

---

## ၁၃-ပိဋ္ဌိဒုက်

### ၁-ဒဿနေန ပဟာတဗ္ဗဒုက်

**ဒဿနေန ပဟာတဗ္ဗတရား** ၁၂၆၁။ (၁) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရား ဖြစ်ကုန်သနည်း။ ထင်ရှားရှိသော(ခန္ဓာငါးပါးဟု ဆိုအပ်သော)ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတ ပရာမာသ' ဟူသေ သံယောဇဉ်သုံးပါးတို့သည် ရှိကုန်၏။

**သက္ကာယဒိဋ္ဌိ** ၁၂၆၂။ (၁) ထို (သံယောဇဉ်သုံးပါးတို့)တွင် ထင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော)ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ ဤလောက၌ အကြားအမြင်မရှိသော, အရိယာတို့ကို (ဉာဏ်ဖြင့်)မြင်လေ့

http://www.dhammadownload.com



မရှိသော, အရိယာတို့၏ (သတိပဋ္ဌာန်စသော) တရား၌ မကျွမ်းကျင်သော, အရိယာတို့၏ (သတိပဋ္ဌာန်စသော)တရား၌ (စောင့်စည်းခြင်း ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော, သူတော်ကောင်းတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော, သူတော်ကောင်းတို့၏တရား၌ မကျွမ်းကျင်သော, သူတော်ကောင်းတို့၏ တရား၌ (စောင့်စည်းခြင်း ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော ပုထုဇဉ်သည်—

(၁) (က) ရုပ်ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ရုပ်ရှိ၏ဟု ရှု၏ (အတ္တမှာ ရုပ်ရှိ၏၊ တနည်း-ရုပ်ရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ရုပ်ကို ရှု၏။

(ဃ) သို့မဟုတ် ရုပ်၌ အတ္တကို ရှု၏။

(၂) (က) ခံစားမှု 'ဝေဒနာ'ကို။ပ။

(၃) (က) မှတ်သားမှု 'သညာ'ကို။ပ။

(၄) (က) ပြုပြင်မှု 'သင်္ခါရ'တို့ကို။ပ။

(၅) (က) အထူးသိမှု 'ဝိညာဏ်'ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို အထူးသိမှု 'ဝိညာဏ်'ရှိ၏ဟု ရှု၏ (အတ္တမှာ ဝိညာဉ်ရှိ၏၊ တနည်း-ဝိညာဉ်ရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ အထူးသိမှု 'ဝိညာဏ်'ကို ရှု၏။

(ဃ) သို့မဟုတ် အထူးသိမှု 'ဝိညာဏ်'၌ အတ္တကို ရှု၏။

ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ထင်ရှားရှိသော (, ခန္ဓာငါးပါးဟု ဆိုအပ်သော)ကိုယ်၌ (ငါဟူ၍)အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'ဟု ဆိုအပ်၏။ (၃၈၁,၁၀၀၇,၁၁၀၅,၁၁၂၂,၁၁၄၄)

**ဝိစိကိစ္ဆာ** ၁၂၆၃။ (၂) ထို(သံယောဇဉ်သုံးပါးတို့)တွင် ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ပဲ ပင်ပန်း၏)။ပ။(ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ ခက်တရော်သည်၏အဖြစ်၊ စိတ်ကို ရေးခြစ်သကဲ့သို့(ရှုပ်ရှုပ်ထွေးထွေး)ဖြစ်တတ်သော သဘောသည်(ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟု ဆိုအပ်၏။ (၄၂၅,၁၀၀၈,၁၁၂၃,၁၁၆၇)

**သီလဗ္ဗတပရာမာသ** ၁၂၆၄။ (၃) ထို(သံယောဇဉ်သုံးပါးတို့)တွင် (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူသည် အဘယ်နည်း။ ဤသာသနာတော်မှ အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား သမဏဗြာဟ္မဏတို့၏ (နွား, ခွေးစသည်တို့၏)အလေ့ 'သီလ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား, ခွေးစသည်တို့၏)အကျင့် 'ဝတ'ဖြင့် (ကိလေသာမှ)စင်ကြယ်၏, (နွား, ခွေး

http://www.dhammadownload.com



စသည်တို့၏)အလေ့အကျင့် 'သီလဗ္ဗတ'ဖြင့် (ကိလေသာမှ)စင်ကြယ်၏ဟု ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော)အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်း သဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူ၍ ဆိုအပ်၏။ (၃၉၂,၁၀၀၉,၁၁၄၃)

ဤသံယောဇဉ်သုံးပါး၊ ထိုသံယောဇဉ်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရား၊ ထို(သံယောဇဉ်တို့)နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို(သံယောဇဉ်တို့)ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏ (သောတာပတ္တိမဂ်သည် အကြွင်းမရှိပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့် ယှဉ်ဘက် စေတသိက်၊အပါယ ဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်,ဒေါသမူစိတ်နှင့် ယှဉ်ဘက် စေတသိက်များ)။

**န ဒဿနေန ပဟာတဗ္ဗတရား** ၁၂၆၅။ (၂) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော)သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော 'န ဒဿနေန ပဟာတဗ္ဗ'တရား ဖြစ်ကုန်သနည်း။ ထို (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော,အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်(ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော 'န ဒဿနေန ပဟာတဗ္ဗ' တရား ဖြစ်ကုန်၏ (သောတာပတ္တိမဂ် ပယ်အပ်သည်မှတပါး ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူ, ဥဒ္ဓစ္စသဟဂုတ်, ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-ဘာဝနာယ ပဟာတဗ္ဗဒုက်

**ဘာဝနာယ ပဟာတဗ္ဗတရား** ၁၂၆၆။ (၁) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ် သော'ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်သနည်း။ (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့မှ) ကြွင်းကျန်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'၊ထိုလိုချင်တပ်မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရား၊ ထို(လိုချင်တပ်မက်မှု 'လောဘ' စသည်)တို့နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို(လိုချင်တပ်မက်မှု 'လောဘ'စသည်တို့)ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု'ကာယကံ'၊နှုတ်ဖြင့် ပြောဆိုမှု

http://www.dhammadownload.com



'ဝိစာက'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောက'သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏ (အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူ, ဥဒ္ဓစ္စသဟဂုတ်စိတ်နှင့် ယှဉ်ဘက်စေတသိက်)။

**န ဘာဝနာယ ပဟာတဗ္ဗတရား** ၁၂၆၇။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် မပယ်အပ်သော 'န ဘာဝနာယ ပဟာတဗ္ဗ' တရား ဖြစ်ကုန်သနည်း။ ထို(အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' တရားဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင်(ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင်မစီရင်အပ် သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် မပယ်အပ်သော'န ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏(အထက်မဂ်သုံးပါးဖြင့်မပယ်အပ်သော ကုသိုလ်, အပါယဂမနိယ အကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

### ၃-ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်

**ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၂၆၈။ (၁) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦး စွာမြင်တတ်သော) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော 'ဒဿနေန ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်သနည်း။ ထင်ရှားရှိသော(ခန္ဓာငါးပါးဟုဆိုအပ်သော)ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ', ယုံမှားမှု 'ဝိစိကိစ္ဆာ', (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (ဝင်ကြယ်၏ဟု)မှားသော အားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' ဟူသော သံယောဇဉ် သုံးပါးတို့သည် ရှိကုန်၏။

**သက္ကာယဒိဋ္ဌိ** ၁၂၆၉။ (၁) ထို(သံယောဇဉ်သုံးပါးတို့)တွင် ထင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော)ကိုယ်၌(ငါဟူ၍)အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ ဤလောက၌ အကြားအမြင် မရှိသော, (မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအပ်ပြီးသော) အရိယာတို့ကို(ဉာဏ်ဖြင့်) မြင်လေ့မရှိသော, အရိယာတို့၏ (သတိပဋ္ဌာန်စသော) တရား၌ မကျွမ်း ကျင်သော, အရိယာတို့၏ (သတိပဋ္ဌာန်စသော)တရား၌(စောင့်စည်းခြင်း ပယ်ရှားခြင်းအားဖြင့်) မဆုံးမအပ်သော, သူတော်ကောင်းတို့ကို (ဉာဏ်ဖြင့်)မြင်လေ့မရှိသော, သူတော်ကောင်းတို့၏ တရား၌ မကျွမ်းကျင်သော, သူတော်ကောင်းတို့၏ တရား၌ (စောင့်စည်းခြင်း ပယ်ရှားခြင်း အားဖြင့်) မဆုံးမအပ်သော ပုထုဇဉ်သည်—

(၁) (က) ရုပ်ကို အတ္တဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို ရုပ်ရှိ၏ဟု ရှု၏ (အတ္တမှာ ရုပ်ရှိ၏၊ တနည်း-ရုပ်ရှိသော အတ္တ ဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ ရုပ်ကို ရှု၏။

(ဃ) သို့မဟုတ် ရုပ်၌ အတ္တကို ရှု၏။

http://www.dhammadownload.com



(၂) (က) ခံစားမှု'ဝေဒနာ'ကို။ပ။

(၃) (က) မှတ်သားမှု'သညာ'ကို။ပ။

(၄) (က) ပြုပြင်မှု'သင်္ခါရ'တို့ကို။ပ။

(၅) (က) အထူးသိမှု 'ဝိညာဏ်'ကို အတ္တ ဟု ရှု၏။

(ခ) သို့မဟုတ် အတ္တကို အထူးသိမှု 'ဝိညာဏ်'ရှိ၏ဟု ရှု၏ (အတ္တမှာ ဝိညာဉ်ရှိ၏၊ တနည်း-ဝိညာဉ်ရှိသော အတ္တဟု ရှု၏)။

(ဂ) သို့မဟုတ် အတ္တ၌ အထူးသိမှု 'ဝိညာဏ်'ကို ရှု၏။

(ဃ) သို့မဟုတ် အထူးသိမှု 'ဝိညာဏ်'၌ အတ္တကို ရှု၏။

ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်း သဘော။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို ထင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'ဟူ၍ ဆိုအပ်၏။ (၃၈၁, ၁၀၀၇, ၁၁၀၅, ၁၁၂၂, ၁၁၄၄, ၁၂၆၂)

**ဝိစိကိစ္ဆာ** ၁၂၇၀။ (၂) ထို(သံယောဇဉ် သုံးပါးတို့)တွင် ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူသည် အဘယ်နည်း။ မြတ်စွာဘုရား၌ ယုံမှား၏, တွေးတော၏ (မဆုံးဖြတ်နိုင်ပဲ ဖင်ပန်း၏)။ပ။ (ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍) စိတ်၏ခက်တရော်သည်၏အဖြစ်၊ စိတ်ကို ရေးခြစ်သကဲ့သို့(ရှုပ်ရှုပ်ထွေးထွေး)ဖြစ်တတ်သော သဘောသည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူ၍ ဆိုအပ်၏။ (၄၂၅, ၁၀၀၈, ၁၁၂၃, ၁၁၆၇, ၁၂၆၃)

**သီလဗ္ဗတပရာမာသ** ၁၂၇၁။ (၃) ထို(သံယောဇဉ် သုံးပါးတို့)တွင် (နွား, ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတ ပရာမာသ'ဟူသည် အဘယ်နည်း။ ဤသာသနာတော်မှ အပဖြစ်ကုန်သော ရဟန်းပုဏ္ဏား သမဏဗြာဟ္မဏတို့၏ (နွား, ခွေး စသည်တို့၏) အလေ့'သီလ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား, ခွေးစသည်တို့၏) အကျင့်'ဝတ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏, (နွား, ခွေး စသည်တို့၏)အလေ့အကျင့်'သီလဗ္ဗတ'ဖြင့် (ကိလေသာမှ) စင်ကြယ်၏ဟု ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်း သဘော။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်း သဘောသည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (နွား, ခွေး စသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု'သီလဗ္ဗတပရာမာသ'ဟူ၍ ဆိုအပ်၏။ (၃၉၂, ၁၀၀၉, ၁၁၄၃, ၁၂၆၄)

ဤသံယောဇဉ်သုံးပါး၊ ထိုသံယောဇဉ်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား၊ ထို(ကိလေသတရားတို့)နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို(ကိလေသတရားတို့) ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်(စကား)ဖြင့် ပြောဆိုမှု 'ဝစီကံ'၊စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ ဤတရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်ရသော),

http://www.dhammadownload.com



သောတာပတ္တိမဂ်သည် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော 'ဒဿနေန ပဟာတဗ္ဗ-ဟေတုက'တရား ဖြစ်ကုန်၏။

သင်ရှားရှိသော (ခန္ဓာငါးပါးဟု ဆိုအပ်သော) ကိုယ်၌ (ငါဟူ၍) အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (နွား, ခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) မှားသော အားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ဟူသော သံယောဇဉ် သုံးပါးတို့သည် ရှိကုန်၏၊ ဤ (သံယောဇဉ်သုံးပါး) တရားတို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ကုန်၏။ ထိုသံယောဇဉ်တို့နှင့် အတူတကွဖြစ်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'တို့တည်း။

ထိုလိုချင်တပ်မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရား၊ ထို (လိုချင်တပ်မက်မှု 'လောဘ'စသည်တို့) နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို (လိုချင်တပ်မက်မှု 'လောဘ'စသည်တို့) ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည် တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော 'ဒဿနေန ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်၏။

**န ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၂၇၂။ (၂) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သော) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'မရှိသော 'န ဒဿနေန ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်သနည်း။ ထို (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော) တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ရင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော 'အဗျာကတ'တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း တရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည် (ရှိ၏)။ ဤတရား တို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'မရှိသော 'န ဒဿနေန ပဟာ တဗ္ဗဟေတုက'တရားဖြစ်ကုန်၏။

## ၄-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်

**ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၂၇၃။ (၁) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော 'ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်သနည်း။ (သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော တရားတို့မှ) ကြွင်းကျန်သော လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့်ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'တို့

http://www.dhammadownload.com



တည်း။ ထို့ပြင် ထိုလိုချင်တပ်မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရား၊ ထို(လိုချင်တပ်မက်မှု 'လောဘ'စသည်တို့)နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို (လိုချင်တပ်မက်မှု 'လောဘ' စသည်တို့) ကြောင့် ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့် ကြံစည်တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော 'ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်၏။

**န ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၂၇၄။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'မရှိသော 'န ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရားဖြစ်ကုန်သနည်း။ ထို(အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်'ရှိသော)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင်(ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း 'ဟိတ်' မရှိသော 'န ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်၏။

## ၅-သဝိတက္ကဒုက်

**သဝိတက္ကတရား** ၁၂၇၅။ (၁) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'နှင့်တကွ ဖြစ်သော (ဝိတက်နှင့်ယှဉ်သော) 'သဝိတက္က' တရားဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော ကြံစည်မှု 'ဝိတက်'နှင့် အတူတကွဖြစ်ရာ စိတ်၌ ( ရှိသည့် ) ကြံစည်မှု 'ဝိတက်'ကို ချန်ထား၍ ထို (ကြံစည်မှု 'ဝိတက်')နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ကြံစည်မှု'ဝိတက်'နှင့် တကွဖြစ်သော (ဝိတက်နှင့်ယှဉ်သော) 'သဝိတက္က' တရားဖြစ်ကုန်၏ (သဝိတက္ကစိတ် ၅၅-နှင့်ဝိတက်မှတပါးသော ယှဉ်ဘက်စေတသိက်)။

**အဝိတက္ကတရား** ၁၂၇၆။ (၂) အဘယ်တရားတို့သည် ကြံစည်မှု'ဝိတက်' မရှိသော (ဝိတက်နှင့် မယှဉ်သော)'အဝိတက္က' တရားဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော ကြံစည်မှု 'ဝိတက်'နှင့် အတူတကွမဖြစ်ရာ စိတ်၌ (ရှိသည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် ကြံစည်မှု 'ဝိတက်'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင် အပ်သောသဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် ရှိ၏။

http://www.dhammadownload.com



ဤတရားတို့သည် ကြံစည်မှု 'ဝိတက်'မရှိသော (ဝိတက်နှင့်မယှဉ်သော)'အဝိတက္က'တရား ဖြစ်ကုန်၏ (အဝိတက္ကစိတ် ၆၆၊ ဝိတက်ကြဉ်သော ယှဉ်ဘက် စေတသိက်, ဝိတက်,ရုပ်,နိဗ္ဗာန်)။

## ၆-သဝိစာရဒုက်

**သဝိစာရတရား** ၁၂၇၇။ (၁) အဘယ်တရားတို့သည် သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော (ဝိစာရနှင့်ယှဉ်သော)'သဝိစာရ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော သုံးသပ်မှု'ဝိစာရ'နှင့် အတူတကွဖြစ်ရာ စိတ်၌ (ရှိသည့်) သုံးသပ်မှု'ဝိစာရ'ကို ချန်ထား၍ ထို(သုံးသပ်မှု 'ဝိစာရ')နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော (ဝိစာရနှင့်ယှဉ်သော) 'သဝိစာရ'တရား ဖြစ်ကုန်၏ (သဝိစာရစိတ် ၆၆၊ ဝိစာရကြဉ်သော ယှဉ်ဘက်စေတသိက်)။

**အဝိစာရတရား** ၁၂၇၈။ (၂) အဘယ်တရားတို့သည် သုံးသပ်မှု'ဝိစာရ' မရှိသော (ဝိစာရနှင့် မယှဉ်သော) 'အဝိစာရ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော သုံးသပ်မှု 'ဝိစာရ'နှင့် အတူတကွ မဖြစ်ရာ စိတ်၌ (ရှိသည့်) ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် သုံးသပ်မှု 'ဝိစာရ'၊ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင်(ကံ, စိတ်, ဥတု,အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင် အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် သုံးသပ်မှု 'ဝိစာရ'မရှိသော(ဝိစာရနှင့်မယှဉ်သော)'အဝိစာရ'တရား ဖြစ်ကုန်၏ (အဝိစာရစိတ် ၅၅,ဝိတက် ဝိစာရကြဉ်သော ယှဉ်ဘက်စေတသိက်,ဝိစာရ,ရုပ်,နိဗ္ဗာန်)။

## ၇-သပ္ပီတိကဒုက်

**သပ္ပီတိကတရား** ၁၂၇၉။ (၁) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ' ရှိသော (ပီတိနှင့် ယှဉ်သော) 'သပ္ပီတိက'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော နှစ်သက်မှု 'ပီတိ'နှင့် အတူတကွဖြစ်ရာ စိတ်၌ (ရှိသည့်) နှစ်သက်မှု 'ပီတိ'ကို ချန်ထား၍ ထို(နှစ်သက်မှု 'ပီတိ')နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် နှစ်သက်မှု'ပီတိ' ရှိသော (ပီတိနှင့်ယှဉ်သော) 'သပ္ပီတိက'တရား ဖြစ်ကုန်၏ (ပီတိရှိသော သပ္ပီတိကစိတ် ၅၁, ပီတိကြဉ်သော ယှဉ်ဘက် စေတသိက်)။

**အပ္ပီတိကတရား** ၁၂၈၀။ (၂) အဘယ်တရားတို့သည် နှစ်သက်မှု'ပီတိ' မရှိသော (ပီတိနှင့် မယှဉ်သော) 'အပ္ပီတိက'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော နှစ်သက်မှု 'ပီတိ'နှင့် အတူတကွမဖြစ်ရာ စိတ်၌ (ရှိသည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင်

http://www.dhammadownload.com



နှစ်သက်မှု 'ပီတိ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင် အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ'မရှိသော (ပီတိနှင့် မယှဉ်သော) 'အပ္ပီတိက'တရား ဖြစ်ကုန်၏ (ပီတိမရှိသော အပ္ပီတိကစိတ် ၇၀, ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်, ပီတိ, ရုပ်,နိဗ္ဗာန်)။

## ဂ-ပီတိသဟဂတဒုက်

**ပီတိသဟဂတတရား** ၁၂၈၁။ (၁) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ ဖြစ်သော (ပီတိနှင့် ယှဉ်သော) 'ပီတိသဟဂတ' တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော,ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော နှစ်သက်မှု 'ပီတိ'နှင့် အတူတကွ ဖြစ်ရာ စိတ်၌ (ရှိသည့်) နှစ်သက်မှု 'ပီတိ'ကို ချန်ထား၍ ထို(နှစ်သက်မှု 'ပီတိ')နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ ဖြစ်သော (ပီတိနှင့် ယှဉ်သော) 'ပီတိသဟဂတ' တရားဖြစ်ကုန်၏ (သပ္ပီတိကတရားနှင့်တူ၏)။

**န ပီတိသဟဂတတရား** ၁၂၈၂။ (၂) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ မဖြစ်သော (ပီတိနှင့် မယှဉ်သော)'န ပီတိသဟဂတ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော နှစ်သက်မှု 'ပီတိ'နှင့် အတူတကွမဖြစ်ရာ စိတ်၌ (ရှိသည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် နှစ်သက်မှု 'ပီတိ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် နှစ်သက်မှု'ပီတိ'နှင့်တကွ မဖြစ်သော (ပီတိနှင့်မယှဉ်သော) 'န ပီတိသဟဂတ'တရား ဖြစ်ကုန်၏ (အပ္ပီတိကတရားနှင့်တူ၏)။

## ဃ-သုခသဟဂတဒုက်

**သုခ သဟဂတတရား** ၁၂၈၃။ (၁) အဘယ်တရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သော (သုခနှင့်ယှဉ်သော) 'သုခ သဟဂတ'တရားဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော ချမ်းသာမှု 'သုခ'၏ဖြစ်ရာ စိတ်၌ (ရှိသည့်) ချမ်းသာမှု 'သုခ'ကို ချန်ထား၍ ထို(ချမ်းသာမှု'သုခ') နှင့်ယှဉ်သော မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သော(သုခနှင့် ယှဉ်သော)'သုခ သဟဂတ'တရား ဖြစ်ကုန်၏ (သုခ သဟဂုတ်စိတ် ၆၃, ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်)။

**န သုခသဟဂတတရား** ၁၂၈၄။ (၂) အဘယ်တရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ မဖြစ်သော (သုခနှင့်မယှဉ်သော) 'န သုခ သဟဂတ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော,

http://www.dhammadownload.com



အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော ချမ်းသာမှု 'သုခ'၏ မဖြစ်ရာ စိတ်၌(ရှိသည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် ချမ်းသာမှု 'သုခ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ မဖြစ်သော (သုခနှင့်မယှဉ်သော) 'န သုခ-သဟဂတ'တရား ဖြစ်ကုန်၏ (ဒုက္ခသဟဂုတ်စိတ်-၃, ဥပေက္ခာသဟဂုတ်စိတ်-၅၅, ပီတိကြဉ်သော ယှဉ်ဘက် စေတသိက်, သုခဝေဒနာ, ရုပ်, နိဗ္ဗာန်)။

## ၁၀-ဥပေက္ခာသဟဂတဒုက်

**ဥပေက္ခာသဟဂတတရား** ၁၂၇၅။ (၁) အဘယ်တရားတို့သည် အသင့်အားဖြင့် ရှုမှု(လျစ်လျူရှုမှု) 'ဥပေက္ခာ'နှင့်တကွ ဖြစ်သော (ဥပေက္ခာနှင့်ယှဉ်သော) 'ဥပေက္ခာသဟဂတ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော အသင့်အားဖြင့် ရှုမှု( လျစ်လျူရှုမှု ) 'ဥပေက္ခာ '၏ ဖြစ်ရာ စိတ်၌ (ရှိသည့်) အသင့်အားဖြင့် ရှုမှု (လျစ်လျူရှုမှု) 'ဥပေက္ခာ'ကို ချန်ထား၍ ထို (အသင့်အားဖြင့် ရှုမှု လျစ်လျူရှုမှု 'ဥပေက္ခာ')နှင့်ယှဉ်သော မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် အသင့်အားဖြင့် ရှုမှု (လျစ်လျူရှုမှု) 'ဥပေက္ခာ'နှင့်တကွ ဖြစ်သော (ဥပေက္ခာနှင့်ယှဉ်သော) 'ဥပေက္ခာသဟဂတ'တရား ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ်-၅၅, ဥပေက္ခာဝေဒနာကြဉ်သော ယှဉ်ဘက် စေတသိက်)။

**န ဥပေက္ခာသဟဂတတရား** ၁၂၇၆။ (၂) အဘယ်တရားတို့သည် အသင့်အားဖြင့် ရှုမှု(လျစ်လျူရှုမှု) 'ဥပေက္ခာ 'နှင့် တကွ မဖြစ်သော (ဥပေက္ခာနှင့်မယှဉ်သော) 'န ဥပေက္ခာသဟဂတ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော အသင့်အားဖြင့် ရှုမှု(လျစ်လျူရှုမှု) 'ဥပေက္ခာ'၏မဖြစ်ရာ စိတ်၌ (ရှိသည့်) ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု (စိတ်) အစု'ဝိညာဏက္ခန္ဓာ'၊ထို့ပြင် အသင့်အားဖြင့် ရှုမှု (လျစ်လျူရှုမှု)'ဥပေက္ခာ'၊ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့)မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ် '(နိဗ္ဗာန်)သည် ( ရှိ၏ )။ ဤတရားတို့သည် အသင့်အားဖြင့် ရှုမှု(လျစ်လျူရှုမှု)' ဥပေက္ခာ 'နှင့်တကွ မဖြစ်သော(ဥပေက္ခာနှင့် မယှဉ်သော) 'န ဥပေက္ခာသဟဂတ'တရား ဖြစ်ကုန်၏ (သုခသဟဂုတ်စိတ်-၆၃, ဒုက္ခသဟဂုတ်စိတ်-၃, ဝိစိကိစ္ဆာကြဉ်သော စေတသိက်,ဥပေက္ခာဝေဒနာ, ရုပ်, နိဗ္ဗာန်)။

## ၁၁-ကာမာဝစရဒုက်

**ကာမာဝစရတရား** ၁၂၇၇။ (၁) အဘယ်တရားတို့သည် ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' တရားဖြစ်ကုန်သနည်း။ အောက်အဖို့အားဖြင့် အဝီစိငရဲကို အဆုံး (အပိုင်းအခြား)ပြု၍ အထက်အဖို့အားဖြင့် ပရနိမ္မိတဝသဝတ္တီနတ်တို့ကို အတွင်းပြု၍ (အပါအဝင်ထည့်သွင်း၍) ဤ (ဆိုခဲ့ပြီးသော) အရပ်ဌာန၌ ဤ(ကာမဘုံ)၌

http://www.dhammadownload.com



ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဤ(ကာမဘုံ)၌ အကျုံးဝင်ကုန်သော အကြောင်းအစု 'ခန္ဓာ'၊ သဘာဝ 'ဓာတ်'၊ (စိတ်တို့၏) ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန'၊ ရုပ်၊ ခံစားမှု 'ဝေဒနာ'၊ မှတ်သားမှု 'သညာ'၊ ပြုပြင်မှု 'သင်္ခါရ'၊ အထူးသိမှု (စိတ်)'ဝိညာဏ်'သည် (ရှိ၏)။ ဤတရားတို့သည် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော'ကာမာဝစရ'တရား ဖြစ်ကုန်၏(ကာမစိတ်-၅၄, စေတသိက်, ရုပ်)။

**န ကာမာဝစရတရား** ၁၂၇၇။ (၂) အဘယ်တရားတို့သည် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' မမည်သော 'န ကာမာဝစရ' တရား ဖြစ်ကုန်သနည်း။ ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော, ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' မမည်သော 'န ကာမာဝစရ' တရား ဖြစ်ကုန်၏ (မဟဂ္ဂုတ်, လောကုတ္တရာစိတ်, ယှဉ်ဘက် စေတသိက်, နိဗ္ဗာန်)။

## ၁၂-ရူပါဝစရဒုက်

**ရူပါဝစရတရား** ၁၂၇၉။ (၁) အဘယ်တရားတို့သည် ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' တရား ဖြစ်ကုန်သနည်း။ အောက်အဖို့အားဖြင့် (ပဋ္ဌမစျာန်ဘုံဟု ဆိုအပ်သော)ဗြဟ္မာလောကကို အဆုံး (အပိုင်းအခြား) ပြု၍ အထက်အဖို့အားဖြင့် အကနိဋ္ဌဗြဟ္မာတို့ကို အတွင်းပြု၍ (အပါအဝင်ထည့်သွင်း၍) ဤ (ဆိုအပ်ခဲ့ပြီးသော) အရပ် ဌာန၌ ဤ(ရူပဘုံ)၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဤ (ရူပဘုံ)၌ အကျုံးဝင်ကုန်သော, (စျာန်သို့) ကောင်းစွာရောက်သူ(စျာန်ဝင်စားသူ)၏၎င်း, (ပဋိသန္ဓေအဖြစ်ဖြင့်) ကပ်ရောက်သူ (ပဋိသန္ဓေနေသူ)၏၎င်း, မျက်မှောက်ဘဝ၌ (စျာန်) ချမ်းသာဖြင့် နေခြင်းရှိသူ၏၎င်း စိတ် စေတသိက်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော 'ရူပါဝစရ'တရား ဖြစ်ကုန်၏(ရူပစိတ် ၁၅-ပါးနှင့် ယှဉ်ဘက်စေတသိက်)။

**န ရူပါဝစရတရား** ၁၂၈၀။ (၂) အဘယ်တရားတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' မမည်သော 'န ရူပါဝစရ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' မမည်သော 'န ရူပါဝစရ' တရား ဖြစ်ကုန်၏ (ကာမစိတ်, အရူပစိတ်, လောကုတ္တရာစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၁၃-အရူပါဝစရဒုက်

**အရူပါဝစရတရား** ၁၂၈၁။ (၁) အဘယ်တရားတို့သည် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော'အရူပါဝစရ'တရား ဖြစ်ကုန်သနည်း။ အောက်အဖို့အားဖြင့် အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်သော(ဖြစ်သော) ဗြဟ္မာတို့ကို အဆုံး(အပိုင်းအခြား)ပြု၍ အထက်အဖို့အားဖြင့် နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်သော(ဖြစ်သော) ဗြဟ္မာတို့ကို အတွင်းပြု၍(အပါအဝင်ထည့်သွင်း၍) ဤ(ဆိုအပ်ခဲ့ပြီးသော)အရပ်ဌာန၌ ဤ(အရူပဘုံ)၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဤ( အရူပဘုံ )၌ အကျုံးဝင်ကုန်သော,

http://www.dhammadownload.com



(ဈာန်သို့) ကောင်းစွာရောက်သူ (ဈာန်ဝင်စားသူ)၏၎င်း, (ပဋိသန္ဓေအဖြစ်ဖြင့်) ကပ်ရောက်သူ (ပဋိသန္ဓေနေသူ)၏၎င်း, မျက်မှောက်ဘဝ၌ (ဈာန်)ချမ်းသာဖြင့် နေခြင်းရှိသူ၏၎င်း စိတ် စေတသိက်တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ'တရား ဖြစ်ကုန်၏ (အရူပစိတ် ၁၂-ပါးနှင့် ယှဉ်ဘက်စေတသိက်)။

**န အရူပါဝစရတရား** ၁၂၈၂။ (၂) အဘယ်တရားတို့သည် အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ'မမည်သော 'န အရူပါဝစရ'တရား ဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော 'အရူပါဝစရ'မမည်သော 'န-အရူပါဝစရ'တရား ဖြစ်ကုန်၏ (ကာမစိတ်,ရူပစိတ်,လောကုတ္တရာစိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၁၄-ပရိယာပန္နဒုက်

**ပရိယာပန္နတရား** ၁၂၈၃။ (၁) အဘယ်တရားတို့သည် (ဝဋ်ဆင်းရဲ၌) အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် (ဝဋ်ဆင်းရဲ၌) အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

**အပရိယာပန္နတရား** ၁၂၈၄။ (၂) အဘယ်တရားတို့သည် (ဝဋ်ဆင်းရဲ၌) အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်သနည်း။ မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး (ဖိုလ်)တို့သည်၎င်း၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည်၎င်း (ရှိ၏)။ ဤတရားတို့သည် (ဝဋ်ဆင်းရဲ၌) အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၁၅-နိယျာနိကဒုက်

**နိယျာနိကတရား** ၁၂၈၅။ (၁) အဘယ်တရားတို့သည် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'နိယျာနိက'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'နိယျာနိက'တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးပါးနှင့် ယှဉ်ဘက်စေတသိက်)။

**အနိယျာနိကတရား** ၁၂၈၆။ (၂) အဘယ်တရားတို့သည်(ဝဋ်ဆင်းရဲမှ)ထွက်မြောက်ကြောင်း မဟုတ်သော 'အနိယျာနိက'တရား ဖြစ်ကုန်သနည်း။ ထို (မဂ်လေးပါး)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ်

http://www.dhammadownload.com



အကုသိုလ်၊ အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ထို့ပြင် အလုံးစုံသောရုပ်၊ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း မဟုတ်သော 'အနိယျာနိက'တရား ဖြစ်ကုန်၏ (လောကီစိတ်, ဖိုလ်စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၁၆-နိယတဒုက်

**နိယတတရား** ၁၂၉၇။ (၁) အဘယ်တရားတို့သည် (စုတိ၏ အခြားမဲ့၌ရင်း, မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေးခြင်း) မြဲသော 'နိယတ'တရား ဖြစ်ကုန်သနည်း။ (စုတိ၏) အခြားမဲ့၌ အကျိုးပေးခြင်း မြဲကုန်သော ကံငါးပါး (ပဉ္စာနန္တရိယကံငါးပါး)၊ ထို့ပြင် (အပါယ်ငရဲ၌) မြဲသော အကြင်အမြင်မှားမှု 'နိယတမိစ္ဆာဒိဋ္ဌိ' (အဟေတုက, အကြိယ, နတ္ထိကဒိဋ္ဌိ)၊ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (စုတိ၏ အခြားမဲ့၌ရင်း, မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေးခြင်း)မြဲသော 'နိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ ပဉ္စာနန္တရိယကံတို့၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ဒေါသမူဒွေ သတ္တမဇော,ယှဉ်ဘက်စေတသိက်,မဂ်စိတ်နှင့် ယှဉ်ဘက်စေတသိက်)။

**အနိယတတရား** ၁၂၉၈။ (၂) အဘယ်တရားတို့သည် (စုတိ၏အခြားမဲ့၌ရင်း, မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေးခြင်း) မမြဲသော 'အနိယတ'တရား ဖြစ်ကုန်သနည်း။ ထို(နိယတ)တရားတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် (ကံ,စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားတို့သည် (စုတိ၏ အခြားမဲ့၌ရင်း, မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရင်း အကျိုးပေးခြင်း)မမြဲသော 'အနိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ ပဉ္စာနန္တရိယကံတို့၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ဒေါသမူဒွေ သတ္တမဇောကြဉ်သော အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၁၇-သဉ္စတ္တရဒုက်

**သဉ္စတ္တရတရား** ၁၂၉၉။ (၁) အဘယ်တရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သော တရားရှိသော 'သဉ္စတ္တရ'တရား ဖြစ်ကုန်သနည်း။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော, ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော ကုသိုလ်တရား, အကုသိုလ်တရား, ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ရုပ်အစု 'ရူပက္ခန္ဓာ'။ပ။ အထူးသိမှု(စိတ်)အစု'ဝိညာဏက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် မိမိထက်သာလွန်မြင့်မြတ်သော တရားရှိသော 'သဉ္စတ္တရ'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

http://www.dhammadownload.com



အနုတ္တရတရား ၁၃၀၀။ (၂) အဘယ်တရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သော တရား မရှိသော 'အနုတ္တရ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်တို့သည်၎င်း၊ မဂ်၏အကျိုး 'ဖိုလ်'တို့သည်၎င်း၊ (ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းတရားတို့)မပြုပြင် မစီရင်အပ်သောသဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်) သည် ၎င်း (ရှိ၏)။ ဤတရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သော တရားမရှိသော 'အနုတ္တရ'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၁၈-သရဏဒုက်

သရဏတရား ၁၃၀၁။ (၁) အဘယ်တရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ (ရဏ)တို့နှင့်တကွ ဖြစ်သော 'သရဏ'တရားဖြစ်ကုန်သနည်း။ လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌)တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'ဟူသော အကုသိုလ်အခြေအမြစ် 'အကုသလမူလ'သုံးပါး၊ ထို့ပြင် ထိုလိုချင်တပ် မက်မှု 'လောဘ'စသည်တို့နှင့် အတူတကွဖြစ်ကုန်သော (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ် သော 'ကိလေသာ'တရား၊ ထို(လိုချင်တပ်မက်မှု 'လောဘ'စသည်တို့)နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို(လိုချင်တပ်မက်မှု 'လောဘ'စသည် တို့)ကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယကံ'၊ နှုတ်ဖြင့် ပြောဆိုမှု 'ဝစီကံ'၊ စိတ်ဖြင့်ကြံစည် တွေးတောမှု 'မနောကံ'သည် (ရှိ၏)။ဤတရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ (ရဏ)တို့နှင့်တကွဖြစ်သော 'သရဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်)။

အရဏတရား ၁၃၀၂။ (၂) အဘယ်တရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ (ရဏ)တို့မရှိသော 'အ ရဏ'တရားဖြစ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်ကုန်သော, ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်ကုန်သော, အရူပဘုံ၌ ကျင် လည်သက်ဝင်၍ ဖြစ်ကုန်သော, ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော ကုသိုလ်တရား, ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'တရား ဖြစ်သည့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ။ပ။အထူးသိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် အလုံးစုံသော ရုပ်၊ ထို့ပြင် (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည် (ရှိ၏)။ဤတရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ(ရဏ)မရှိသော 'အရဏ'တရားဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်,နိဗ္ဗာန်)။

ပိဋ္ဌိဒုက် ပြီးပြီ။

အဘိဓမ္မာဒုက် ပြီးပြီ။

http://www.dhammadownload.com



## သုတ္တန္တိကဒုကနိက္ခေပ

### ၁-ဝိဇ္ဇာဘာဂိဒုက်

**ဝိဇ္ဇာဘာဂိတရား** ၁၃၀၃။ (၁) အဘယ်တရားတို့သည် ဝိဇ္ဇာ(ရှစ်ပါး)သို့ ဆည်းကပ်တတ်သော 'ဝိဇ္ဇာဘာဂိ'တရား ဖြစ်ကုန်သနည်း။ ဝိဇ္ဇာ(ရှစ်ပါး)နှင့် ယှဉ်သောတရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဝိဇ္ဇာ(ရှစ်ပါး)သို့ ဆည်းကပ်တတ်သော'ဝိဇ္ဇာဘာဂိ'တရားဖြစ်ကုန်၏ (ဝိဇ္ဇာရှစ်ပါးနှင့်ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်ဒွေ, အရဟတ္တမဂ်စိတ်, အမောဟကြဉ်သော ယှဉ်ဘက်စေတသိက်များ)။

**အဝိဇ္ဇာဘာဂိတရား** ၁၃၀၄။ (၂) အဘယ်တရားတို့သည် (သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'သို့ ဆည်းကပ်တတ်သော 'အဝိဇ္ဇာဘာဂိ'တရား ဖြစ်ကုန်သနည်း။ (သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'နှင့်ယှဉ်သော တရားတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'သို့ ဆည်းကပ်တတ်သော 'အဝိဇ္ဇာဘာဂိ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့်, မောဟကြဉ်သော ယှဉ်ဘက်စေတသိက်)။

### ၂-ဝိဇ္ဇူပမဒုက်

**ဝိဇ္ဇူပမတရား** ၁၃၀၅။ (၁) အဘယ်တရားတို့သည်(အမှန်တရား သစ္စာလေးပါးတို့ကို ဖုံးကွယ်တတ်သည့် အဝိဇ္ဇာ မောဟ အမိုက်မှောင်ကို မိမိဖြစ်ဆဲ အခိုက်အတန့်၌ ပယ်ခွင်း ထွန်းလင်း စေတတ်သောကြောင့် မိုးမှောင်ကို ထွန်းလင်းစေသည့်) လျှပ်စစ်နှင့် တူသော 'ဝိဇ္ဇူပမ'တရားဖြစ်ကုန်သနည်း။ အောက်ဖြစ်သော အရိယမဂ်သုံးပါးတို့၌ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု 'ပညာ'သည် (ရှိ၏)။ ဤတရားတို့သည် လျှပ်စစ်နှင့် တူသော 'ဝိဇ္ဇူပမ' တရားဖြစ်ကုန်၏ (အောက်မဂ်သုံးခု၌ ရှိသောပညာ)။

**ဝဇိရူပမတရား** ၁၃၀၆။ (၂) အဘယ်တရားတို့သည် (အလုံးစုံသောကိလေသာတို့ကို နောက်ထပ်တဖန် ပြန်၍ မဖြစ်နိုင်အောင် အကြွင်းမဲ့ ပယ်ဖျက် သုတ်သင်တတ်သောကြောင့် မိမိကျသည့်နေရာ၌ အရာဝတ္ထု အားလုံးတို့ကို ဖောက်ခွဲဖျက်ဆီးတတ်သည့်) မိုးကြိုးစက်နှင့်တူသော 'ဝဇိရူပမ'တရား ဖြစ်ကုန်သနည်း။ အထက်၌တည်သော အရဟတ္တမဂ်၌ ( ခွဲခွဲခြားခြား ) အပြားအားဖြင့် သိမှု 'ပညာ'သည် (ရှိ၏)။ ဤတရားတို့သည် မိုးကြိုးစက်နှင့် တူသော'ဝဇိရူပမ'တရား ဖြစ်ကုန်၏ (အရဟတ္တမဂ်၌ ရှိသောပညာ)။

### ၃-ဗာလဒုက်

**လူမိုက်ဖြစ်အောင် ပြုတတ်သော'ဗာလ'တရား** ၁၃၀၇။ (၁) အဘယ်တရားတို့သည် လူမိုက်တို့၌ တည်သော (လူမိုက်ဖြစ်အောင်ပြုတတ်သော) 'ဗာလ'တရား ဖြစ်ကုန်သနည်း။ (ကာယ ဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'သည်၎င်း၊ ( ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' သည်၎င်း (ရှိ၏)။ ဤတရားတို့သည် လူမိုက်တို့၌တည်သော (လူမိုက်ဖြစ်အောင် ပြုတတ်သော)

http://www.dhammadownload.com



'ဗာလ'တရားဖြစ်ကုန်၏။ အလုံးစုံသော အကုသိုလ်တရားတို့သည်လည်း လူမိုက်တို့၌တည်သော (လူမိုက်ဖြစ်အောင် ပြုတတ်သော) 'ဗာလ' တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်)။

**လူလိမ္မာဖြစ်အောင် ပြုတတ်သော'ပဏ္ဍိတ'တရား** ၁၃၀၈။ (၂) အဘယ်တရားတို့သည် ပညာရှိတို့၌ တည်သော (လူလိမ္မာဖြစ်အောင် ပြုတတ်သော) 'ပဏ္ဍိတ'တရားဖြစ်ကုန်သနည်း။ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'သည်၎င်း၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည် ပညာရှိတို့၌တည်သော (လူလိမ္မာဖြစ်အောင် ပြုတတ်သော) 'ပဏ္ဍိတ တရားဖြစ်ကုန်၏။ အလုံးစုံသော ကုသိုလ်တရားတို့သည်လည်း ပညာရှိတို့၌တည်သော (လူလိမ္မာဖြစ်အောင် ပြုတတ်သော)'ပဏ္ဍိတ' တရား ဖြစ်ကုန်၏ (ကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်)။

## ၄-ကဏှဒုက်

**မည်းညစ်သော'ကဏှ'တရား** ၁၃၀၉။ (၁) အဘယ်တရားတို့သည် (စိတ်) မည်းညစ်သော (ယုတ်မာ ညံ့ဖျင်းသော လူဆင်းရဲဖြစ်အောင်ပြုတတ်သော) 'ကဏှ'တရား ဖြစ်ကုန်သနည်း။ (ကာယဒုစရိုက်စသော မကောင်းမှုမှ)မရှက်မှု 'အဟိရိက'သည်၎င်း၊(ကာယဒုစရိုက်စသော မကောင်းမှုမှ)မကြောက်လန့်မှု'အနောတ္တပ္ပ'သည်၎င်း(ရှိ၏)။ ဤတရားတို့သည် မည်းညစ်သော (ယုတ်မာ ညံ့ဖျင်းသော လူဆင်းရဲဖြစ်အောင် ပြုတတ်သော) 'ကဏှ'တရားဖြစ်ကုန်၏၊ အလုံးစုံသော အကုသိုလ်တရားတို့သည်လည်း မည်းညစ်သော (ယုတ်မာ ညံ့ဖျင်းသော လူဆင်းရဲ ဖြစ်အောင်ပြုတတ်သော)'ကဏှ'တရား ဖြစ်ကုန်၏(ဗာလတရားနှင့် တူ၏)။

**ဖြူစင်သော'သုက္က'တရား** ၁၃၁၀။ (၂) အဘယ်တရားတို့သည် (စိတ်) ဖြူစင်သော (စိတ်ချမ်းသာသူ ဘုန်းကံကြီးမားသူ ဖြစ်အောင် ပြုတတ်သော) 'သုက္က' တရား ဖြစ်ကုန်သနည်း။ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ရှက်မှု 'ဟိရီ'သည်၎င်း၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'သည်၎င်း (ရှိ၏)။ ဤတရားတို့သည်(စိတ်) ဖြူစင်သော(စိတ်ချမ်းသာသူ ဘုန်းကံကြီးမားသူ ဖြစ်အောင် ပြုတတ်သော)'သုက္က' တရား ဖြစ်ကုန်၏။ အလုံးစုံသော ကုသိုလ်တရားတို့သည်လည်း(စိတ်)ဖြူစင်သော (စိတ်ချမ်းသာသူ ဘုန်းကံကြီးမားသူ ဖြစ်အောင် ပြုတတ်သော) 'သုက္က'တရား ဖြစ်ကုန်၏ (ပဏ္ဍိတတရားနှင့် တူ၏)။

## ၅-တပနီယဒုက်

**ပူလောင်စေတတ်သော'တပနီယ'တရား** ၁၃၁၁။ (၁) အဘယ်တရားတို့သည် (ယခုဘဝ နောက်ဘဝ၌) ပူလောင်စေတတ်သော'တပနီယ' တရားဖြစ်ကုန်သနည်း။ ကိုယ်ဖြင့် မကောင်းပြုကျင့်မှု'ကာယဒုစရိုက်'၊ နှုတ်(စကား)ဖြင့် မကောင်းပြုကျင့်မှု(ပြောဆိုမှု) 'ဝစီဒုစရိုက်'၊ စိတ်ဖြင့် မကောင်းပြုကျင့်မှု (ကြံစည်တွေးတောမှု) 'မနော ဒုစရိုက်'သည် (ရှိ၏)။ ဤတရားတို့သည် (ယခုဘဝ နောက်ဘဝ၌) ပူလောင်စေတတ်သော 'တပနီယ'တရား ဖြစ်ကုန်၏၊ အလုံးစုံသော အကုသိုလ်တရားတို့သည်လည်း (ယခုဘဝ နောက်ဘဝ၌) ပူလောင်စေတတ်သော 'တပနီယ'တရား ဖြစ်ကုန်၏ (ဗာလတရားနှင့် တူ၏)။

http://www.dhammadownload.com



**မပူလောင်စေတတ်သော'အ တပနီယ'တရား** ၁၃၁၂။ (၂) အသယ်တရားတို့သည် (ယခုဘဝ နောက်ဘဝ၌) မပူလောင်စေတတ်သော 'အ တပနီယ'တရား ဖြစ်ကုန်သနည်း။ ကိုယ်ဖြင့် ကောင်းစွာ ပြုကျင့်မှု'ကာယသုစရိုက်'၊ နှုတ် (စကား)ဖြင့် ကောင်းစွာ ပြုကျင့်မှု (ပြောဆိုမှု) 'ဝစီသုစရိုက်'၊စိတ်ဖြင့် ကောင်းစွာ ပြုကျင့်မှု (ကြံစည်တွေးတောမှု) 'မနောသုစရိုက်'သည်(ရှိ၏)။ဤတရားတို့သည် (ယခုဘဝ နောက် ဘဝ၌) မပူလောင်စေတတ်သော 'အ တပနီယ'တရား ဖြစ်ကုန်၏။ အလုံးစုံသော ကုသိုလ်တရားတို့သည်လည်း (ယခုဘဝ နောက်ဘဝ၌) မပူလောင်စေတတ်သော 'အ တပနီယ'တရားဖြစ်ကုန်၏ (ပဏ္ဍိတ တရားနှင့် တူ၏)။

## ၆-အဓိဝစနဒုက်

**အမည်ပညတ်'အဓိဝစန'တရား** ၁၃၁၃။ (၁) အဘယ်တရားတို့သည် အမည်ပညတ်'အဓိဝစန' တရား ဖြစ်ကုန်သနည်း။ ထိုထို တရားတို့၏ အကြင်ကောင်းစွာ ပြောဆိုအပ်သော နာမည်'သင်္ခါ'၊ ကောင်းစွာသိအပ်သော နာမည်'သမညာ'၊ ပညတ်အပ်သော (သိစေအပ်သော) နာမည်'ပညတ္တိ'၊ ခေါ်ဝေါ်အပ်သော နာမည်'ဝေါဟာရ'၊ နာမည် (အနက်အဓိပ္ပါယ် ခေါ်ဝေါ်မှု၌ညွှတ်တတ်သော, အနက်အဓိပ္ပါယ် ခေါ်ဝေါ်မှုကို မိမိသို့ ညွှတ်စေတတ်သော အမည်)'နာမ'၊ မှည့်အပ်သောအမည် 'နာမကမ္မ'၊ထားအပ်သောအမည်'နာမဓေယျ'၊ထုတ်ဖော်၍ ဆိုအပ်သော အမည်'နိရုတ္တိ'၊(အနက်အဓိပ္ပါယ်ကို)ပြတတ်သောအမည်'ဗျဉ္ဇန'၊ ပြောပြအပ်သော အမည် 'အဘိလာပ'သည် (ရှိ၏)။ ဤတရားတို့သည် အမည်ပညတ်'အဓိဝစန' တရားဖြစ်ကုန်၏ (သဒ္ဒပညတ်)။

**အမည်ပညတ်၏ အကြောင်းဖြစ်သော'အဓိဝစန ပထ'တရား** (၂) အလုံးစုံသော တရားတို့သည် ပင် လျှင် အမည် ပညတ်၏ အကြောင်းဖြစ်သော 'အဓိဝစန ပထ'တရား ဖြစ်ကုန်၏ (အတ္ထပညတ်)။

## ၇-နိရုတ္တိဒုက်

**ထုတ်ဆိုအပ်သော'နိရုတ္တိ'တရား** ၁၃၁၄။ (၁) အဘယ်တရားတို့သည် (အသံ)ထုတ်၍ ရွတ်ဆိုအပ်သော 'နိရုတ္တိ' တရား ဖြစ်ကုန်သနည်း။ ထိုထိုတရားတို့၏ အကြင်ကောင်းစွာ ပြောဆိုအပ်သော နာမည်'သင်္ခါ'၊ ကောင်းစွာ သိအပ်သော နာမည် 'သမညာ'၊ ပညတ်အပ်သော (သိစေအပ်သော) နာမည်'ပညတ္တိ'၊ ခေါ်ဝေါ်အပ်သော နာမည် 'ဝေါဟာရ'၊ နာမည်(အနက်အဓိပ္ပါယ်ခေါ်ဝေါ်မှု၌ ညွှတ်တတ်သော, အနက်အဓိပ္ပါယ်ခေါ်ဝေါ်မှုကို မိမိသို့ ညွှတ်စေတတ်သောအမည်) 'နာမ'၊ မှည့်အပ်သောအမည် 'နာမကမ္မ'၊ ထားအပ်သောအမည်'နာမဓေယျ'၊ထုတ်ဖော်၍ ဆိုအပ်သော အမည် 'နိရုတ္တိ'၊ (အနက်အဓိပ္ပါယ်ကို)ပြတတ်သော အမည် 'ဗျဉ္ဇန'၊ ပြောပြအပ်သော အမည် 'အဘိလာပ'သည် (ရှိ၏)။ ဤတရားတို့သည် (အသံ)ထုတ်၍ ရွတ်ဆိုအပ်သော 'နိရုတ္တိ'တရားဖြစ်ကုန်၏ (သဒ္ဒပညတ်)။

**ထုတ်ဆိုခြင်း၏ အကြောင်းဖြစ်သော'နိရုတ္တိ ပထ'တရား** (၂) အလုံးစုံသော တရားတို့သည်ပင် (အသံ) ထုတ်၍ ရွတ်ဆိုအပ်သော တရားတို့၏ အကြောင်း (ရွတ်ဆိုခြင်း၏ အကြောင်း) ဖြစ်သော 'နိရုတ္တိ ပထ'တရားဖြစ်ကုန်၏ (အတ္ထပညတ်)။

http://www.dhammadownload.com



## ၈-ပညတ္တိဒုက်

**အပြားအားဖြင့် သိစေတတ်သော'ပညတ္တိ'တရား** ၁၃၁၅။ (၁) အဘယ်တရားတို့သည် ပိုင်းခြား၍ အပြားအားဖြင့် သိစေတတ်သော'ပညတ္တိ'တရားဖြင့်ကုန်သနည်း။ ထိုထိုတရားတို့၏ အကြင်ကောင်းစွာ ပြောဆိုအပ်သော နာမည်'သင်္ခါ'၊ ကောင်းစွာ သိအပ်သော နာမည် 'သမညာ'၊ ပညတ်အပ်သော (သိစေအပ်သော) နာမည် 'ပညတ္တိ'၊ ခေါ်ဝေါ်အပ်သော နာမည်'ဝေါဟာရ'၊ နာမည်(အနက်အဓိပ္ပါယ်ခေါ်ဝေါ်မှု၌ ညွှတ်တတ်သော, အနက်အဓိပ္ပါယ်ခေါ်ဝေါ်မှုကို မိမိသို့ညွှတ်စေတတ်သောအမည်)'နာမ'၊ မှည့်အပ်သော အမည် 'နာမကမ္မ'၊ ထားအပ်သောအမည် 'နာမဓေယျ'၊ ထုတ်၍ ဆိုအပ်သောအမည် 'နိရုတ္တိ'၊ (အနက်အဓိပ္ပါယ်ကို) ပြတတ်သောအမည် 'ဗျဉ္ဇန'၊ ပြောပြအပ်သောအမည်'အဘိလာပ' သည် (ရှိ၏)။ ဤတရားတို့သည် ပိုင်းခြား၍ အပြားအားဖြင့် သိစေတတ်သော 'ပညတ္တိ'တရား ဖြစ်ကုန်၏ (သဒ္ဒပညတ်)။

**အပြားအားဖြင့် သိစေတတ်သော တရားတို့၏ အကြောင်းဖြစ်သော'ပညတ္တိ ပထ'တရား။** (၂)အလုံးစုံသော တရားတို့သည်ပင်လျှင် ပိုင်းခြား၍ အပြားအားဖြင့် သိစေတတ်သော တရားတို့၏ အကြောင်း ဖြစ်သော'ပညတ္တိ ပထ'တရား ဖြစ်ကုန်၏ (အတ္ထပညတ်)။

## ၉-နာမရူပဒုက်

**နာမ်** ၁၃၁၆။ (၁) ထို(နာမ်,ရုပ်တို့)တွင် နာမ်ဟူသည် အဘယ်နည်း။ ခံစားမှုအစု'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ အထူးသိမှု (စိတ်)အစု 'ဝိညာဏက္ခန္ဓာ'၊ ထို့ပြင် (ကံ, ဝိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့) မပြုပြင် မစီရင်အပ်သော သဘော 'အသင်္ခတဓာတ်'(နိဗ္ဗာန်)သည် (ရှိ၏)။ ဤတရားအပေါင်းကို နာမ်ဟု ဆိုအပ်၏ (စိတ်,စေတသိက်,နိဗ္ဗာန်)။

**ရုပ်** ၁၃၁၇။ (၂) ထို(နာမ်,ရုပ်တို့)တွင် ရုပ်ဟူသည် အဘယ်နည်း။ မဟာဘုတ်လေးပါး၊ မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ဖြစ်သော'ဥပါဒါ'ရုပ်သည်(ရှိ၏)။ ဤတရားအပေါင်းကို ရုပ်ဟု ဆိုအပ်၏ (မဟာဘူတရုပ်,ဥပါဒါရုပ်)။

## ၁၀-အဝိဇ္ဇာဒုက်

**အဝိဇ္ဇာ** ၁၃၁၈။ (၁) ထို(အဝိဇ္ဇာ,ဘဝတဏှာတို့)တွင် (သိအပ်သည်ကို)မသိမှု(သစ္စာလေးပါးကိုမသိမှု) 'အဝိဇ္ဇာ'ဟူသည် အဘယ်နည်း။ အကြင်မသိခြင်း သဘော၊ မမြင်ခြင်းသဘော။ပ။ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်) နှင့် တူသော မသိမှုသဘော၊ အကုသိုလ်တို့၏ အခြေအမြစ် ဖြစ်သော (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ အကုသလမူလ' သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'ဟု ဆိုအပ်၏ (မောဟ)။

http://www.dhammadownload.com



**ဘဝတဏှာ** ၁၃၁၉။ (၂) ထို(အဝိဇ္ဇာ, ဘဝတဏှာတို့)တွင် ဘဝကို တပ်မက်မှု 'ဘဝတဏှာ' ဟူသည် အဘယ်နည်း။ (ရူပ,အရူပ)ဘဝတို့၌ အကြင်(ရူပ,အရူပ) ဘဝကို တောင့်တမှု။ပ။ (ရူပ, အရူပ) ဘဝကို မျှိ၍ ပြီးဆုံးစေခြင်း (ရူပ,အရူပ ဘဝကို အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်မှု) သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ဘဝကို တပ်မက်မှု 'ဘဝတဏှာ'ဟု ဆိုအပ်၏ (ရူပ, အရူပဘဝကို လိုချင်တောင့်တသော လောဘ)။

## ၁၁-ဘဝဒိဋ္ဌိဒုက်

**ဘဝဒိဋ္ဌိ** ၁၃၂၀။ (၁) ထို(ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိတို့)တွင် ဘဝမြဲခြင်း၏ အစွမ်းဖြင့်(အတ္တသည်ငင်း လောကသည်ငင်း မြဲ၏ဟူသော အစွမ်းဖြင့်) ဖြစ်သော အယူ 'ဘဝဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ အတ္တသည်ငင်း လောကသည်ငင်း ဖြစ်လတ့်ဟု ဤသို့သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော)အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ဘဝမြဲခြင်း၏ အစွမ်းဖြင့် (အတ္တသည်ငင်း လောကသည်ငင်း မြဲ၏ဟူသောအစွမ်းဖြင့်) ဖြစ်သောအယူ'ဘဝဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

**ဝိဘဝဒိဋ္ဌိ** ၁၃၂၁ (၂) ထို(ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိတို့)တွင် ဘဝကင်းပြတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောအယူ 'ဝိဘဝဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ အတ္တသည်ငင်း လောကသည်ငင်း မဖြစ်လတ့်ဟု ဤသို့သဘောရှိသော အကြင် အမြင်မှားမှု(ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ဘဝကင်းပြတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောအယူ'ဝိဘဝဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

## ၁၂-သဿတဒိဋ္ဌိဒုက်

**သဿတဒိဋ္ဌိ** ၁၃၂၂။ (၁) ထို(သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့)တွင် (အတ္တသည်ငင်း လောကသည်ငင်း)မြဲ၏ဟု စွဲယူခြင်း 'သဿတဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ အတ္တသည်ငင်း လောကသည်ငင်း မြဲ၏ဟု ဤသို့သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (အတ္တသည်ငင်း လောကသည်ငင်း) မြဲ၏ဟု စွဲယူခြင်း 'သဿတဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

**ဥစ္ဆေဒဒိဋ္ဌိ** ၁၃၂၃။ (၂) ထို(သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့)တွင် (အတ္တသည်ငင်း လောကသည်ငင်း) ပြတ်လတ့်ဟု စွဲယူခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'ဟူသည် အဘယ်နည်း။ အတ္တသည်ငင်း လောကသည်ငင်း ပြတ်လတ့်ဟု ဤသို့သဘောရှိသော အကြင်အမြင်မှားမှု (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှု တို့၌ ပါဝင်ခြင်းသဘော ။ပ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (အတ္တသည်ငင်း လောကသည်ငင်း) ပြတ်လတ့်ဟု စွဲယူခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

http://www.dhammadownload.com



## ၁၃-အန္တဂ္ဂါဝိ ဒုက္ခဒုက်

**အန္တဝါ ဒိဋ္ဌိ** ၁၃၂၄။ (၁) ထို(အန္တဝါ ဒိဋ္ဌိ, အနန္တဝါ ဒိဋ္ဌိတို့)တွင် (အတ္တသည်၎င်း လောကသည်၎င်း) အဆုံး(အပိုင်းအခြား)ရှိ၏ဟု စွဲယူခြင်း 'အန္တဝါ ဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ အတ္တသည်၎င်း လောကသည်၎င်း အဆုံး(အပိုင်းအခြား)ရှိ၏ဟု ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို(အတ္တသည်၎င်း လောကသည်၎င်း) အဆုံး (အပိုင်းအခြား) ရှိ၏ဟု စွဲယူခြင်း'အန္တဝါ ဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

**အနန္တဝါ ဒိဋ္ဌိ** ၁၃၂၅။ (၂) ထို(အန္တဝါ ဒိဋ္ဌိ, အနန္တဝါ ဒိဋ္ဌိတို့)တွင် (အတ္တသည်၎င်း လောကသည်၎င်း)အဆုံး (အပိုင်းအခြား)မရှိဟု စွဲယူခြင်း'အနန္တဝါ ဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ အတ္တသည်၎င်း လောကသည်၎င်း အဆုံး(အပိုင်းအခြား)မရှိဟု ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘောသည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (အတ္တသည်၎င်း လောကသည်၎င်း) အဆုံး (အပိုင်းအခြား) မရှိဟု စွဲယူခြင်း 'အနန္တဝါ ဒိဋ္ဌိ'ဟု ဆိုအပ်၏(ဒိဋ္ဌိ)။

## ၁၄-ပုဗ္ဗန္တာနု ဒိဋ္ဌိဒုက်

**ပုဗ္ဗန္တာနု ဒိဋ္ဌိ** ၁၃၂၆။ (၁) ထို(ပုဗ္ဗန္တာနု ဒိဋ္ဌိ, အပရန္တာနု ဒိဋ္ဌိတို့) တွင် (သံသရာ၏) ရှေးအဘို့သို့ အစဉ်လိုက်သောအယူ (ရှေးအတိတ်သံသရာဘဝအဆက်ဆက်တို့၌ ဖြစ်ခဲ့သော ခန္ဓာတို့ကို စွဲ၍ဖြစ်ပေါ်သော အယူမှားမှု) 'ပုဗ္ဗန္တာနု ဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ (သံသရာ၏)ရှေးအဘို့ကို (ရှေးအတိတ်ဘဝတို့၌ ဖြစ်ခဲ့သော ခန္ဓာတို့ကို)အာရုံပြု၍ အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘောသည် ဖြစ်၏။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (သံသရာ၏) ရှေးအဘို့သို့ အစဉ်လိုက်သောအယူ (ရှေးအတိတ် သံသရာ ဘဝအဆက်ဆက်တို့၌ ဖြစ်ခဲ့သော ခန္ဓာတို့ကိုစွဲ၍ ဖြစ်ပေါ်လာသောအယူမှားမှု) 'ပုဗ္ဗန္တာနု ဒိဋ္ဌိ'ဟု ဆိုအပ်၏(ဒိဋ္ဌိ)။

**အပရန္တာနု ဒိဋ္ဌိ** ၁၃၂၇။ (၂) ထို(ပုဗ္ဗန္တာနု ဒိဋ္ဌိ, အပရန္တာနု ဒိဋ္ဌိတို့)တွင် (သံသရာ၏)နောက်အဘို့သို့ အစဉ်လိုက်သော အယူ (နောင်ဘဝ အနာဂတ်အခါ၌ ခန္ဓာတို့သည် မည်သို့ဖြစ်လိမ့်မည်, မည်သို့ဖြစ်လတ္တံ့စသည်ဖြင့် တွေးတောပြီးလျှင် ထိုအနာဂတ်ခန္ဓာတို့ကို စွဲ၍ဖြစ်ပေါ်သော အယူ မှားမှု) 'အပရန္တာနု ဒိဋ္ဌိ' ဟူသည် အဘယ်နည်း။ (သံသရာ၏) နောက်အဘို့ကို (နောင်အနာဂတ်အခါ၌ ဖြစ်ပေါ်မည့်ခန္ဓာတို့ကို) အာရုံပြု၍ အကြင်အမြင်မှားမှု၊ (ခြောက်ဆယ့်နှစ်ပါးသော) အမြင်မှားမှုတို့၌ ပါဝင်ခြင်းသဘော။ပ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘောသည် ဖြစ်၏။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (သံသရာ၏) နောက်အဘို့သို့ အစဉ်လိုက်သောအယူ (နောင်ဘဝ အနာဂတ်အခါ၌ ခန္ဓာတို့သည် မည်သို့ ဖြစ်လိမ့်မည်, မည်သို့ဖြစ်လတ္တံ့ စသည်ဖြင့် တွေးတောပြီးလျှင် ထိုအနာဂတ်ခန္ဓာတို့ကို စွဲ၍ ဖြစ်ပေါ်သော အယူမှားမှု) 'အပရန္တာနု ဒိဋ္ဌိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။

http://www.dhammadownload.com



## ၁၅-အဟိရိကဒုက်

အဟိရိက ၁၃၂၈။ (၁)· ထို(အဟိရိက, အနောတ္တပ္ပတို့)တွင်(ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု'အဟိရိက'ဟူသည် အဘယ်နည်း။ အကြင် သဘောသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်း (ကျူးလွန်ခြင်း)ကို မရှက်တတ်။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'ဟု ဆိုအပ်၏ (အဟိရိက စေတသိက်)။

အနောတ္တပ္ပ ၁၃၂၉။ (၂) ထို(အဟိရိက, အနောတ္တပ္ပတို့)တွင် (ကာယဒုစရိုက် စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'ဟူသည် အဘယ်နည်း။ အကြင်သဘောသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်း(ကျူးလွန်ခြင်း)မှ မကြောက်လန့်တတ်။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ'ဟု ဆိုအပ်၏ (အနောတ္တပ္ပစေတသိက်)။

## ၁၆-ဟိရီဒုက်

ဟိရီ ၁၃၃၀။ (၁) ထို( ဟိရီ, ဩတ္တပ္ပတို့ )တွင် ( ကာယဒုစရိုက်စသော မကောင်းမှုမှ )ရှက်မှု 'ဟိရီ'ဟူသည် အဘယ်နည်း။အကြင်သဘောသည် ရှက်ထိုက်သော ကာယဒုစရိုက်စသည်ကို ရှက်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်း(ကျူးလွန်ခြင်း)ကို ရှက်တတ်၏။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ( ကာယဒုစရိုက်စသော မကောင်းမှုမှ ) ရှက်မှု 'ဟိရီ'ဟု ဆိုအပ်၏ (ဟိရီစေတသိက်)။

ဩတ္တပ္ပ ၁၃၃၁။ (၂) ထို( ဟိရီ, ဩတ္တပ္ပတို့ )တွင် ( ကာယဒုစရိုက်စသော မကောင်းမှုမှ ) ကြောက်လန့်မှု'ဩတ္တပ္ပ'ဟူသည် အဘယ်နည်း။ အကြင်သဘောသည် ကြောက်လန့်ထိုက်သော ကာယဒုစရိုက်စသည်မှ ကြောက်လန့်တတ်၏၊ ယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်း ( ကျူးလွန်ခြင်း )မှ ကြောက်လန့်တတ်၏။ ဤ( ဆိုအပ်ခဲ့ပြီးသော ) သဘောကို (ကာယဒုစရိုက်စသော မကောင်းမှုမှ) ကြောက်လန့်မှု 'ဩတ္တပ္ပ'ဟု ဆိုအပ်၏(ဩတ္တပ္ပစေတသိက်)။

## ၁၇-ဒေါဝစဿတာဒုက်

ဆိုဆုံးမခက်သောသူ ဖြစ်ကြောင်းတရား 'ဒေါဝစဿတာ' ၁၃၃၂။ (၁) ထို(ဒေါဝစဿတာ,ပါပမိတ္တတာတို့)တွင် ဆိုဆုံးမ ခက်သောသူ၏အဖြစ်(ဆိုဆုံးမ ခက်သော သူဖြစ်အောင် ပြုတတ်သော တရား) 'ဒေါဝစဿတာ'ဟူသည် အဘယ်နည်း။ အကျင့်သိက္ခာပုဒ်၌ (အကြောင်းကိုပြကာ သင်သည် ဤအပြစ်အာပတ်သို့ ရောက်နေ၏၊ ထိုအပြစ်အာပတ်ကို ကုစားလော့ဟု) ပြောဆို (ဆုံးမ) အပ်သည်ရှိသော် ခဲယဉ်းသော စကားရှိသူ( ဆိုဆုံးမ ခက်သူ )၏ အပြုအမူ 'ဒေါဝစဿာယံ'၊ ခဲယဉ်းသော စကားရှိသူ၏ အပြုအမူ၏အဖြစ် 'ဒေါဝစဿိယံ'၊ ခဲယဉ်းသော စကားရှိသူ၏ အပြုအမူ၏ဖြစ်ကြောင်း 'ဒေါဝစဿတာ'၊ မလျော်ကျပတ်သည်ကို (စက်ဆုပ်ဖွယ် ဆန့်ကျင်ဘက်ကို) ယူလေ့ရှိသူ၏အဖြစ် 'ဝိပ္ပဋိကူလဂ္ဂါဟိတာ'၊ ( မလျော်ကျပတ်သည်ကို ယူခြင်းဟု ဆိုအပ်သော )

http://www.dhammadownload.com



ဆန့်ကျင်မှုကို သာယာတတ်သူ၏ အဖြစ် 'ဝိပစ္စနီကသာတတာ'၊ (အဆုံးအမကို မနာယူသည်၏ အစွမ်းဖြင့်) ရိုသေခြင်း မရှိသူ၏ အဖြစ် 'အနာဒရိယ'၊ (အဆုံးအမကို မနာယူသည်၏ အစွမ်းဖြင့်) ရိုသေခြင်းမရှိသူ၏ အခြင်းအရာ 'အနာဒရတာ'၊ (လေးစားစွာမနေသည်၏ အစွမ်းဖြင့်) လေးစားခြင်း မရှိသူ၏အဖြစ် 'အဂါရဝတာ'၊ ရှေးရှု(စူးစိုက်၍)နားထောင်ခြင်း မရှိသူ၏အဖြစ် (မကျိုးနွံခြင်း) 'အပ္ပဋိဿဝတာ'သည် ရှိ၏။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ဆိုဆုံးမ ခက်သောသူ၏ အဖြစ် (ဆိုဆုံးမ ခက်သောသူဖြစ်အောင် ပြုတတ်သောတရား) 'ဒေါဝစဿတာ'ဟု ဆိုအပ်၏ (ဒေါသမူဒွေ, ယှဉ်ဘက်စေတသိက်)။

**မိတ်ဆွေဆိုးရှိသူ ဖြစ်ကြောင်းတရား 'ပါပမိတ္တတာ'**

၁၃၃၃။ (၂) ထို(ဒေါဝစဿတာ, ပါပမိတ္တတာတို့)တွင် ယုတ်မာသော(မကောင်းသော)မိတ်ဆွေရှိသူ၏ အဖြစ် (မကောင်းသောမိတ်ဆွေရှိသောသူဖြစ်အောင် ပြုတတ်သောတရား) 'ပါပမိတ္တတာ'ဟူသည် အဘယ်နည်း။ အကြင်ပုဂ္ဂိုလ်တို့သည် (ကံ,ကံ၏အကျိုးကို) ယုံကြည်မှု 'သဒ္ဓါ'တရား မရှိကုန် 'အသဒ္ဓ'၊ အကျင့် 'သီလ'မရှိကုန် 'ဒုဿီလ'၊ အကြားအမြင် မရှိကုန် 'အပ္ပဿုတ'၊ နှမြောဝန်တိုခြင်း ရှိကုန်၏ 'မစ္ဆရီ'၊ ပညာမရှိကုန် 'ဒုပ္ပည'၊ ထိုပုဂ္ဂိုလ်တို့ကို အကြင်(မှီဝဲဆည်းကပ်)ပေါင်းသင်းခြင်း 'သေဝန'၊ အမြဲ(မှီဝဲဆည်းကပ်)ပေါင်းသင်းခြင်း 'နိသေဝန'၊ ကောင်းစွာ(မှီဝဲဆည်းကပ်)ပေါင်းသင်းခြင်း 'သံသေဝန'၊ မှီဝဲခြင်း 'ဘဇန'၊ ကောင်းစွာမှီဝဲခြင်း 'သမ္ဘဇန'၊ ဆည်းကပ်ခြင်း 'ဘတ္တိ'၊ ကောင်းစွာ ဆည်းကပ်ခြင်း 'သမ္ဘတ္တိ'၊ ထိုပုဂ္ဂိုလ်တို့၌ ညွတ်ယိမ်း ကိုင်းရှိုင်းခြင်း 'သမ္ပဝင်္ကတာ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ယုတ်မာသော ( မကောင်းသော ) မိတ်ဆွေရှိသူ၏ အဖြစ် (မကောင်းသောမိတ်ဆွေ ရှိသောသူဖြစ်အောင် ပြုတတ်သောတရား) 'ပါပမိတ္တတာ'ဟု ဆိုအပ်၏ (လောဘမူ, မောဟမူစိတ်, ယှဉ်ဘက်စေတသိက်)။

## ၁၈-သောဝစဿတာဒုက်

**ဆိုဆုံးမလွယ်သောသူ ဖြစ်ကြောင်းတရား 'သောဝစဿတာ'**

၁၃၃၄။ (၁) ထို(သောဝစဿတာ, ကလျာဏမိတ္တတာတို့)တွင် ဆိုဆုံးမလွယ်သောသူ၏ အဖြစ် ( ဆိုဆုံးမ လွယ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'သောဝစဿတာ'ဟူသည် အဘယ်နည်း။ အကျင့်သိက္ခာပုဒ်၌ (အကြောင်းကိုပြကာ သင်သည် ဤအပြစ်အာပတ်သို့ ရောက်နေ၏၊ ထိုအပြစ်အာပတ်ကို ကုစားလော့ဟု)ပြောဆို(ဆုံးမ)အပ်သည်ရှိသော် လွယ်ကူသောစကားရှိသူ (ဆိုဆုံးမလွယ်သောသူ)၏ အပြုအမူ 'သောဝစဿာယ'၊ လွယ်ကူသော စကားရှိသူ(ဆိုဆုံးမလွယ်သူ)၏ အပြုအမူ၏ အဖြစ် 'သောဝစဿိယ'၊ လွယ်ကူသော စကားရှိသူ (ဆုံးမလွယ်သူ)၏ အပြုအမူ၏ဖြစ်ကြောင်း'သောဝစဿတာ'၊ လျှောက်ပတ်သည်ကို (မဆန့်ကျင်သည်ကို) ယူလေ့ရှိသူ၏အဖြစ် 'အပ္ပဋိကူလဂ္ဂါဟိတာ'၊ မဆန့်ကျင်မှုကို သာယာတတ်သူ၏အဖြစ် 'အဝိပစ္စနီက သာတတာ'၊ (အဆုံးအမကို နာယူသည်၏ အစွမ်းဖြင့်) ရိုသေခြင်းရှိသူ၏ အဖြစ် 'သာဒရိယ'၊ (အဆုံးအမကို နာယူသည်၏ အစွမ်းဖြင့်) ရိုသေခြင်းရှိသူ၏ အခြင်းအရာ 'သာဒရတာ'၊ (လေးစားစွာ နေသည်၏ အစွမ်းဖြင့်) လေးစားခြင်း ရှိသူ၏အဖြစ် 'သဂါရဝတာ'၊ ရှေးရှု(စူးစိုက်၍)နားထောင်ခြင်း ရှိသူ၏အဖြစ် (ကျိုးနွံခြင်း) သပ္ပဋိဿဝတာ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ဆိုဆုံးမလွယ်သောသူ၏ အဖြစ်(ဆိုဆုံးမ

http://www.dhammadownload.com



လွယ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'သောဝစဿတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်, မဟာကြိယာစိတ်, ယှဉ်ဘက်စေတသိက်)။

**အဆွေခင်ပွန်းကောင်းရှိသူဖြစ်ကြောင်းတရား 'ကလျာဏမိတ္တတာ'** ၁၃၃၅။ (၂) ထို(သောဝစဿတာ, ကလျာဏမိတ္တတာတို့)တွင် ကောင်းသောမိတ်ဆွေရှိသူ၏ အဖြစ် (အဆွေခင်ပွန်းကောင်း ရှိသောသူ ဖြစ်အောင်ပြုတတ်သောတရား) 'ကလျာဏမိတ္တတာ'ဟူသည် အဘယ်နည်း။ အကြင်ပုဂ္ဂိုလ်တို့သည် (ကံ, ကံ၏အကျိုးကို)ယုံကြည်မှု 'သဒ္ဓါ'ရှိကုန်၏၊ အကျင့် 'သီလ' ရှိကုန်၏'သီလဝန္တ'၊ များသော 'အကြားအမြင်ရှိကုန် (အကြားအမြင်များကုန်)၏၊ စွန့်ကြဲပေး ကမ်းခြင်းရှိကုန်၏ 'စာဂဝန္တ'၊ ပညာရှိကုန်၏ 'ပညဝန္တ'၊ ထိုပုဂ္ဂိုလ်တို့ကို အကြင်(မှီဝဲဆည်းကပ်) ပေါင်းသင်းခြင်း 'သေဝန'၊ အမြဲ(မှီဝဲဆည်းကပ်) ပေါင်းသင်းခြင်း 'နိသေဝန'၊ ကောင်းစွာ(မှီဝဲ ဆည်းကပ်)ပေါင်းသင်းခြင်း 'သံသေဝန'၊ မှီဝဲခြင်း 'ဘဇန'၊ ကောင်းစွာမှီဝဲခြင်း 'သမ္ဘဇန'၊ ဆည်းကပ်ခြင်း 'ဘတ္တိ'၊ ကောင်းစွာဆည်းကပ်ခြင်း 'သမ္ဘတ္တိ'၊ ထိုပုဂ္ဂိုလ်တို့၌ ညွတ်ယိမ်း ကိုင်းရှိုင်း ခြင်း 'သမ္ပဝင်္ကတာ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ကောင်းသောမိတ်ဆွေ ရှိသူ၏ အဖြစ် (အဆွေခင်ပွန်းကောင်း ရှိသောသူဖြစ်အောင် ပြုတတ်သောတရား) 'ကလျာဏ-မိတ္တတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်,မဟာကြိယာစိတ်,ယှဉ်ဘက်စေတသိက်)။

## ၁၉-အာပတ္တိ ကုသလတာဒုက်

**အာပတ်တို့၌ လိမ္မာသောသူဖြစ်ကြောင်းတရား 'အာပတ္တိ ကုသလတာ'** ၁၃၃၆။ (၁) ထို(အာပတ္တိ ကုသလတာ, အာပတ္တိဝုဋ္ဌာန ကုသလ-တာတို့)တွင် အပြစ် အာ-ပတ်တို့၌ ကျွမ်းကျင် ( လိမ္မာ )သောသူ၏ အဖြစ် (အပြစ်အာပတ်တို့၌ ကျွမ်းကျင် တတ်သိ လိမ္မာသော သူဖြစ်အောင် ပြုတတ်သောတရား) 'အာပတ္တိ ကုသလတာ'ဟူသည် အဘယ်နည်း။ (ပါရာဇိက, သံဃာဒိသိသ်, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်ဟူသော) (အပြစ်)အာပတ် ငါးပုံ(ငါးစု) တို့သည်လည်း (အပြစ်)အာပတ်တို့တည်း၊ (ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစဉ်း, ပါစိတ်, ပါဋိ ဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသီဟူသော) (အပြစ်)အာပတ် ခုနစ်ပုံ (ခုနစ်စု) တို့သည်လည်း (အပြစ်) အာပတ်တို့တည်း၊ ထို(အပြစ်)အာပတ်တို့ကို အကြင်အာပတ်၌ ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန် သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာ သိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (အပြစ်) အာပတ်တို့၌ ကျွမ်းကျင် (လိမ္မာ)သော သူ၏အဖြစ် (အပြစ်အာပတ်တို့၌ ကျွမ်းကျင် တတ်သိ လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'အာပတ္တိကုသလတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်၌ရှိသောပညာ)။

**အာပတ်မှထခြင်း၌ လိမ္မာသောသူဖြစ်ကြောင်းတရား 'အာပတ္တိဝုဋ္ဌာန ကုသလတာ'** ၁၃၃၇။ (၂) ထို(အာပတ္တိကုသလတာ, အာပတ္တိဝုဋ္ဌာန ကုသလ-တာတို့) တွင် (အပြစ်) အာပတ်မှ ထခြင်း၌ ကျွမ်းကျင် (လိမ္မာ) သောသူ၏အဖြစ် (အပြစ် အာပတ်မှ ကင်းလွတ်အောင်

http://www.dhammadownload.com



ကုစားခြင်း၌ ကျွမ်းကျင် တတ်သိ လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'အာပတ္တိ ဝုဋ္ဌာန ကုသလတာ'ဟူသည် အဘယ်နည်း။ ထိုအာပတ်တို့မှ အကြင်ထခြင်း၌(ကင်းလွတ်အောင် ကုစားခြင်း၌) ကျွမ်းကျင် (လိမ္မာ) သူ၏ အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း၊ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို(အပြစ်)အာပတ်မှ ထခြင်း၌ ကျွမ်းကျင် (လိမ္မာ) သောသူ၏အဖြစ် (အပြစ်အာပတ်မှ ကင်းလွတ်အောင်ကုစားခြင်း၌ ကျွမ်းကျင် တတ်သိ လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'အာပတ္တိ ဝုဋ္ဌာန ကုသလတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသောပညာ)။

## ၂၀-သမာပတ္တိ ကုသလတာဒုက်

**သမာပတ်၌ လိမ္မာသောသူဖြစ်ကြောင်းတရား 'သမာပတ္တိ ကုသလတာ'**

၁၃၃၇။ (၁) ထို(သမာပတ္တိ ကုသလတာ, သမာပတ္တိဝုဋ္ဌာန ကုသလတာတို့)တွင် သမာပတ် (ဝင်စားမှု)၌ ကျွမ်းကျင် (လိမ္မာ)သောသူ၏ အဖြစ်(သမာပတ် ဝင်စားမှုကို ပိုင်းခြား ခွဲခြမ်း၍ သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင် ပြုတတ်သောတရား) 'သမာပတ္တိ ကုသလတာ'ဟူသည် အဘယ်နည်း။ ကြံစည်မှု 'ဝိတက်'နှင့် တကွ, သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော သမာပတ်သည် ရှိ၏၊ ကြံစည်မှု 'ဝိတက်'ကား မရှိ, သုံးသပ်မှု 'ဝိစာရ'မျှသာရှိသော သမာပတ်သည် ရှိ၏၊ ကြံစည်မှု'ဝိတက်'လည်း မရှိ, သုံးသပ်မှု 'ဝိစာရ'လည်း မရှိသော သမာပတ်သည် ရှိ၏၊ ထိုသမာပတ်တို့ကို ဝင်စားခြင်း၌ အကြင် ကျွမ်းကျင် (လိမ္မာ)သူ၏ အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိခြင်း။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို သမာပတ်တို့၌ ကျွမ်းကျင်(လိမ္မာ)သော သူ၏အဖြစ် (သမာပတ်ဝင်စားမှုကို ပိုင်းခြားခွဲခြမ်း၍သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင်ပြုတတ်သောတရား) 'သမာပတ္တိ ကုသလတာ' ဟု ဆိုအပ်၏ (မဟာကုသိုလ်ဉာဏသမ္ပယုတ်,မဟာကြိယာဉာဏသမ္ပယုတ် စိတ်၌ ရှိသောပညာ)။

**သမာပတ်မှထမှု၌ လိမ္မာသောသူဖြစ်ကြောင်းတရား 'သမာပတ္တိဝုဋ္ဌာန ကုသလတာ'**

၁၃၃၈။ (၂) ထို(သမာပတ္တိ ကုသလတာ, သမာပတ္တိ ဝုဋ္ဌာန ကုသလတာတို့)တွင် သမာပတ်မှ ထမှု၌ ကျွမ်းကျင် (လိမ္မာ)သော သူ၏အဖြစ်(သမာပတ်မှ ထမှုကို ပိုင်းခြားခွဲခြမ်း၍ သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင် ပြုတတ်သောတရား) 'သမာပတ္တိဝုဋ္ဌာန ကုသလတာ' ဟူသည် အဘယ်နည်း။ ထိုသမာပတ်တို့မှ အကြင်ထခြင်း၌ လိမ္မာသူ၏အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို သမာပတ်မှ ထခြင်း၌ ကျွမ်းကျင်(လိမ္မာ)သော သူ၏အဖြစ် (သမာပတ်မှ ထမှုကို ပိုင်းခြား ခွဲခြမ်း၍ သိနိုင်သော ဉာဏ်ရှိသူဖြစ်အောင်ပြုတတ်သောတရား) 'သမာပတ္တိဝုဋ္ဌာန ကုသလတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသောပညာ)။

http://www.dhammadownload.com



## ၂၁-ခါတု ကုသလတာဒုက်

**သဘာဝ 'ဓာတ်'၌ လိမ္မာသောသူဖြစ်ကြောင်းတရား 'ဓာတု ကုသလတာ'**

၁၃၄၀။ (၁) ထို(ဓာတု ကုသလတာ, မနသိကာရကုသလတာ တို့)တွင် ပင်ကိုယ်ရှိရင်း သဘောကို ဆောင်ထားမှု'ဓာတ်'၌ ကျွမ်းကျင်(လိမ္မာ)သောသူ၏အဖြစ်(ဓာတ်တဆယ့်ရှစ်ပါးတို့၌ တတ်သိ ကျွမ်းကျင် လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'ဓာတု ကုသလတာ'ဟူသည် အဘယ်နည်း။ မျက်စိသဘာဝ 'စက္ခုဓာတ်'၊ အဆင်း(ရူပါရုံ)သဘာဝ 'ရူပဓာတ်'၊ မြင်သိစိတ် သဘာဝ 'စက္ခုဝိညာဏဓာတ်'၊ နားသဘာဝ 'သောတဓာတ်'၊ အသံ(သဒ္ဒါရုံ)သဘာဝ 'သဒ္ဒဓာတ်'၊ ကြားသိစိတ်သဘာဝ 'သောတဝိညာဏဓာတ်'၊ နှာခေါင်းသဘာဝ 'ဃာနဓာတ်'၊ အနံ့ (ဂန္ဓာရုံ) သဘာဝ 'ဂန္ဓဓာတ်'၊နံသိစိတ်သဘာဝ 'ဃာနဝိညာဏဓာတ်'၊ လျှာသဘာဝ 'ဇိဝှါဓာတ်'၊ အရသာ (ရသာရုံ) သဘာဝ'ရသဓာတ်'၊ လျက်သိစိတ်သဘာဝ 'ဇိဝှါဝိညာဏဓာတ်'၊ ကိုယ်သဘာဝ 'ကာယဓာတ်'၊ အတွေ့(ဖောဋ္ဌဗ္ဗာရုံ)သဘာဝ 'ဖောဋ္ဌဗ္ဗဓာတ်'၊ ထိသိစိတ်သဘာဝ 'ကာယဝိညာဏဓာတ်'၊ သိမှုသဘာဝ'မနောဓာတ်'၊ တရားသဘာဝ'ဓမ္မဓာတ်'၊ အထူးသိမှုသဘာဝ 'မနောဝိညာဏဓာတ်' ဟူသောသဘာဝ 'ဓာတ်'တဆယ့်ရှစ်ပါးတို့သည် (ရှိကုန်၏)၊ ထိုသဘာဝ 'ဓာတ်'တို့ကို အကြင် 'ဓာတ်'၌ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်၊ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့်သိခြင်း။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု(အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ပင်ကိုယ်ရှိရင်း သဘောကို ဆောင်ထားမှု 'ဓာတ်'၌ ကျွမ်းကျင်(လိမ္မာ)သောသူ၏အဖြစ် (ဓာတ်တဆယ့်ရှစ်ပါးတို့၌ တတ်သိ ကျွမ်းကျင် လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'ဓာတု ကုသလတာ'ဟု ဆိုအပ်၏(မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်, မဂ်စိတ်တို့၌ရှိသောပညာ)။

**(ဓာတ်တဆယ့်ရှစ်ပါးတို့ကို)နှလုံးသွင်းမှု၌ လိမ္မာသောသူ ဖြစ်ကြောင်းတရား 'မနသိကာရ ကုသလတာ'**

၁၃၄၁။ (၂) ထို (ဓာတု ကုသလတာ, မနသိကာရ ကုသလတာ တို့)တွင် (ပင်ကိုယ်ရှိရင်း သဘောကို ဆောင်ထားမှု 'ဓာတ်'တို့ကို) နှလုံးသွင်းမှု၌ ကျွမ်းကျင်(လိမ္မာ)သူ၏ အဖြစ် (ဓာတ်တဆယ့်ရှစ်ပါးတို့ကို နှလုံးသွင်းမှု၌ တတ်သိကျွမ်းကျင် လိမ္မာသောသူ ဖြစ်အောင် ပြုတတ်သောတရား) 'မနသိကာရ ကုသလတာ'ဟူသည် အဘယ်နည်း။ ထိုသဘာဝ'ဓာတ်'တို့ကို အကြင်နှလုံးသွင်းမှု၌ ကျွမ်းကျင်(လိမ္မာ) သူ၏အဖြစ်၊ (ခွဲခွဲခြားခြား )အပြားအားဖြင့်သိမှု၊ ( ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌) မတွေဝေမှု(အမှန်ကိုသိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ ( ဆိုအပ်ခဲ့ပြီးသော ) သဘောကို (ပင်ကိုယ်ရှိရင်းသဘောကို ဆောင်ထားမှု 'ဓာတ် 'တို့ကို) နှလုံးသွင်းမှု၌ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ် (ဓာတ်တဆယ့်ရှစ်ပါးတို့ကို နှလုံးသွင်းမှု၌တတ်သိ ကျွမ်းကျင် လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'မနသိကာရ ကုသလတာ'ဟုဆိုအပ်၏ (မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်, မဂ်စိတ်တို့၌ရှိသော ပညာ)။

http://www.dhammadownload.com



## ၂၂-အာယတန ကုသလတာဒုက်

**အာယတနတဆယ့်နှစ်ပါး၌ တတ်သိလိမ္မာသောသူ ဖြစ်ကြောင်းတရား 'အာယတန ကုသလတာ'**

၁၃၄၂။ (၁) ထို(အာယတန ကုသလတာ, ပဋိစ္စသမုပ္ပါဒ ကုသလတာတို့) တွင် စိတ် ဖြစ် ရာ စိတ် ဖြစ်ကြောင်း 'အာယတန'၌ ကျွမ်းကျင်(လိမ္မာ) သူ၏အဖြစ် (အာယတန တဆယ့်နှစ်ပါး၌ တတ်သိကျွမ်းကျင်လိမ္မာသောသူဖြစ်အောင်ပြုတတ်သောတရား)'အာယတန ကုသလတာ' ဟူသည် အဘယ်နည်း။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း'ရူပါယတန'၊ ကြားသိစိတ်(သောတဝိညာဏ်) ဖြစ်ရာ နားအကြည်'သောတာယတန'၊ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်( ဃာနဝိညာဏ် )ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ နံသိစိတ်(ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ထိသိစိတ်( ကာယဝိညာဏ် )ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ သိမှုစိတ်ဖြစ်ရာ 'မနာယတန'၊ သိမှုစိတ်ဖြစ်ကြောင်းသဘာဝ 'ဓမ္မာယတန' ဟူသော အာယတနတဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ထို(အာယတန)တို့ကို အကြင် အာယတန၌ ကျွမ်းကျင်လိမ္မာသူ၏ အဖြစ်၊(ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု၊(ခွဲခွဲခြားခြား)အပြားအားဖြင့်သိခြင်း။ပ။ (အမှန်သဘော၌)မတွေဝေမှု(အမှန်ကိုသိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု)'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်း 'အာယတန'၌ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် (အာယတန တဆယ့်နှစ်ပါး၌ တတ်သိကျွမ်းကျင် လိမ္မာသောသူ ဖြစ်အောင်ပြုတတ်သောတရား)'အာယတန ကုသလတာ'ဟု ဆိုအပ်၏(မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်,မဂ်စိတ်တို့၌ ရှိသောပညာ)။

**ပဋိစ္စသမုပ္ပါဒ်၌ တတ်သိလိမ္မာသောသူဖြစ်ကြောင်းတရား 'ပဋိစ္စသမုပ္ပါဒ ကုသလတာ'**

၁၃၄၃။ (၂) ထို(အာယတန ကုသလတာ,ပဋိစ္စသမုပ္ပါဒ ကုသလတာတို့)တွင် ပဋိစ္စသမုပ္ပါဒ်၌ ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် (ပဋိစ္စသမုပ္ပါဒ်၌ တတ်သိ ကျွမ်းကျင် လိမ္မာသောသူ ဖြစ်အောင် ပြုတတ်သောတရား) 'ပဋိစ္စသမုပ္ပါဒ ကုသလတာ'ဟူသည် အဘယ်နည်း။(သိအပ်သည်ကို)မသိခြင်း ( သစ္စာလေးပါးကိုမသိခြင်း ) 'အဝိဇ္ဇာ'ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် (ဖြစ်ကုန်၏)၊ ပြုပြင်စီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် အထူးသိမှု 'ဝိညာဏ်'( ပဋိသန္ဓေစိတ် )သည် ( ဖြစ်၏ )၊ အထူးသိမှု 'ဝိညာဏ်'( ပဋိသန္ဓေစိတ် )ဟူသော အကြောင်းကြောင့် နာမ်နှင့်ရုပ်သည် (ဖြစ်၏)၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် စိတ်ဖြစ်ရာ အာယတနခြောက်ပါးသည် (ဖြစ်၏)၊ စိတ်ဖြစ်ရာ 'အာယတန'ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ'သည် (ဖြစ်၏)၊ တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'သည် (ဖြစ်၏)၊ ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' သည် (ဖြစ်၏)၊တပ်မက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့် ပြင်းစွာယူမှု(စွဲလမ်းမှု)'ဥပါဒါန်' သည် (ဖြစ်၏)၊ပြင်းစွာယူမှု(စွဲလမ်းမှု) 'ဥပါဒါန်'ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကြောင်း

http://www.dhammadownload.com



'ဘဝ'(ကမ္မဘဝ)သည် (ဖြစ်၏)၊ဖြစ်ပေါ်ကြောင်း 'ဘဝ'(ကမ္မဘဝ)ဟူသော အကြောင်းကြောင့် ဖြစ်မှု(ပဋိသန္ဓေနေမှု) 'ဇာတိ'သည် (ဖြစ်၏)၊ဖြစ်မှု(ပဋိသန္ဓေနေမှု) 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုမှုနှင့် သေမှု 'ဇရာ မရဏ'သည် (ဖြစ်၏)၊စိုးရိမ်မှု 'သောက', ငိုကြွေးမှု 'ပရိဒေဝ', ကိုယ်ဆင်းရဲမှု 'ဒုက္ခ', စိတ်ဆင်းရဲမှု 'ဒေါမနဿ', ပြင်းထန်စွာ ပင်ပန်းမှု 'ဥပါယာသ'တို့သည် ဖြစ်ကုန်၏၊ ဤသို့ အလုံးစုံသော ဆင်းရဲအစု၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။

ဤသို့ ထိုပဋိစ္စသမုပ္ပါဒ်၌ အကြင်(ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌)မတွေဝေမှု(အမှန်ကိုသိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု(အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကိုပဋိစ္စသမုပ္ပါဒ်၌ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ်(ပဋိစ္စသမုပ္ပါဒ်၌ တတ်သိကျွမ်းကျင် လိမ္မာသောသူဖြစ်အောင် ပြုတတ်သောတရား) 'ပဋိစ္စသမုပ္ပါဒ ကုသလတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်ဉာဏသမ္ပယုတ် မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်, မဂ်စိတ်တို့၌ ရှိသောပညာ)။

## ၂၉-ဌာန ကုသလတာဒုက်

**အကြောင်း(ဟုတ်သည်)၌ လိမ္မာသောသူ ဖြစ်ကြောင်းတရား 'ဌာန ကုသလတာ'**

၁၃၄၄။ (၁) ထို (ဌာန ကုသလတာ, အဋ္ဌာန ကုသလတာတို့) တွင် အကြောင်း (ဟုတ်သည်)၌ကျွမ်းကျင်(လိမ္မာ)သူ၏အဖြစ် (အကြောင်း 'ဌာန' ဟုတ်သည်၌ တတ်သိ ကျွမ်းကျင် လိမ္မာသောသူ ဖြစ်အောင် ပြုတတ်သောတရား ) 'ဌာနကုသလတာ'ဟူသည် အဘယ်နည်း။ အကြင်အကြင် တရားတို့သည် အကြင်အကြင် (အကျိုး )တရားတို့၏ အကြောင်း 'ဟေတု'ဖြစ်ကုန်၏။ အထောက်အပံ့ 'ပစ္စယ' ဖြစ်ကုန်၏၊ (ထိုထို အကျိုးတရားတို့)ဖြစ်ပေါ်ခြင်းငှါ ထိုထိုအကြောင်း 'ဌာန'သည် ရှိ၏။ [ထိုထို အကြောင်းကိုစွဲ၍ (ထိုထိုအကျိုးတရားတို့သည် ဖြစ်ကုန်၏)]။

ဤသို့ ထိုအကြောင်း ဟုတ်သည်၌ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌)မတွေဝေမှု(အမှန်ကို သိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု( အမြင်မှန်မှု ) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို အကြောင်း (ဟုတ်သည်)၌ ကျွမ်းကျင် (လိမ္မာ)သူ၏အဖြစ် (အကြောင်းဟုတ်သည်၌ တတ်သိ ကျွမ်းကျင် လိမ္မာသော သူဖြစ်အောင် ပြုတတ်သောတရား) 'ဌာန ကုသလတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်တို့၌ရှိသောပညာ)။

**အကြောင်းမဟုတ်သည်၌ လိမ္မာသောသူ ဖြစ်ကြောင်းတရား 'အဋ္ဌာန ကုသလတာ'**

၁၃၄၅။ (၂) ထို (ဌာန ကုသလတာ,အဋ္ဌာန ကုသလတာတို့) တွင် အကြောင်းမဟုတ်သည်၌ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ် (အကြောင်းမဟုတ်သည်၌ တတ်သိ ကျွမ်းကျင် လိမ္မာသူဖြစ်အောင် ပြုတတ်သောတရား) 'အဋ္ဌာနကုသလတာ'ဟူသည် အဘယ်နည်း။ အကြင်အကြင်တရားတို့သည် အကြင်အကြင် (အကျိုး) တရားတို့၏ (ဖြစ်ပေါ်ရန်) အကြောင်း မဟုတ်ကုန်၊ အထောက်အပံ့ မဟုတ်ကုန်၊ (ထိုထိုအကျိုးတရားတို့) ဖြစ်ပေါ်ခြင်းငှါ ထိုထို မဟုတ်

http://www.dhammadownload.com



သော အကြောင်း'အဋ္ဌာန'သည် ရှိ၏။ [ထိုထိုအကြောင်း မဟုတ်သည်ကိုစွဲ၍ (ထိုထိုအကျိုးတရားတို့ မဖြစ်ကုန်) ]။

ဤသို့ ထိုအကြောင်းမဟုတ်သည်၌ အကြင် (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း။ပ။ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု(အမြင်မှန်မှု)'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို အကြောင်းမဟုတ်သည်၌ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ် (အကြောင်းမဟုတ်သည်၌ တတ်သိ ကျွမ်းကျင် လိမ္မာ သောသူဖြစ်အောင် ပြုတတ်သောတရား) 'အဋ္ဌာန ကုသလတာ'ဟု ဆိုအပ်၏(စက္ခုပသာဒသည် သောတဝိညာဉ်၏ဖြစ်ပေါ် ရန် အကြောင်းမဟုတ်စသည်ဖြင့် သိတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်, အဘိညာဉ်စိတ်တို့၌ ရှိသောပညာ)။

## ၂၄-အဇ္ဇဝဒုက်

**ဖြောင့်မတ်သောသူ ဖြစ်ကြောင်းတရား 'အဇ္ဇဝ'** ၁၃၄၆။ (၁) ထို(အဇ္ဇဝ, မဒ္ဒဝတို့)တွင် ဖြောင့်မတ်သူ၏အဖြစ် (ဖြောင့်မတ်သောသူ ဖြစ်အောင် ပြုတတ်သောတရား) 'အဇ္ဇဝ' ဟူသည် အဘယ်နည်း။ အကြင် ဖြောင့်မတ်သည်၏အဖြစ် 'အဇ္ဇဝတာ'၊ မကောက်သည်၏အဖြစ် 'အဇိမှတာ'၊ မကွေးသည်၏အဖြစ် 'အဝင်္ကတာ'၊ မကိုင်းသည်၏အဖြစ် 'အကုဋိလတာ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို ဖြောင့်မတ်သူ၏အဖြစ်(ဖြောင့်မတ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'အဇ္ဇဝ'ဟု ဆိုအပ်၏ (ကာယုဇုကတာ, စိတ္တုဇုကတာ)။

**နူးညံ့ပြေပြစ်သောသူ ဖြစ်ကြောင်းတရား 'မဒ္ဒဝ'** ၁၃၄၇။ (၂) ထို(အဇ္ဇဝ, မဒ္ဒဝတို့)တွင် နူးညံ့ပြေပြစ်သူ၏အဖြစ် (နူးညံ့ ပြေပြစ်သောသူ ဖြစ်အောင် ပြုတတ်သော တရား) 'မဒ္ဒဝ'ဟူသည် အဘယ်နည်း။ အကြင် နူးညံ့သည်၏အဖြစ် 'မုဒုတာ'၊ ပြေပြစ်သည်၏အဖြစ် 'မဒ္ဒဝတာ'၊ မခက်ထန်သည်၏အဖြစ်'အကက္ခဠတာ'၊ မကြမ်းတမ်းသည်၏အဖြစ် 'အကထိနတာ'၊ (မာနမရှိသဖြင့်) နှိမ့်ချသော စိတ်ရှိသူ၏အဖြစ် 'နီစ စိတ္တတာ'သည် (ရှိ၏)။ ဤ( ဆိုအပ်ခဲ့ပြီးသော)သဘောကို နူးညံ့ပြေပြစ်သူ၏အဖြစ်(နူးညံ့ပြေပြစ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'မဒ္ဒဝ'ဟု ဆိုအပ်၏ (ကာယမုဒုတာ, စိတ္တမုဒုတာ)။

## ၂၅-ခန္တိဒုက်

**သည်းခံခြင်းတရား 'ခန္တိ'** ၁၃၄၈။ (၁) ထို(ခန္တိ,သောရစ္စတို့)တွင် သည်းခံခြင်းတရား 'ခန္တိ'ဟူသည် အဘယ်နည်း။ အကြင်သည်းခံခြင်း'ခန္တိ'၊ သည်းခံပုံအခြင်းအရာ 'ခမနတာ'၊ အထက်၌ နေစေခြင်း (မိမိထက်အမြတ်ထားခြင်း ). ဆန့်ကျင်ဘက်အဖြစ်ဖြင့် မတည်ခြင်း'အဓိဝါသနတာ'၊ မကြမ်းတမ်းခြင်းသဘော 'အစဏ္ဍိက္က'၊ ပြည့်စုံစွာ ပြောဆိုနိုင်ခြင်း (ကောင်းစွာဆိုအပ်သော စကား) 'အနသုရောပ'၊ (ဝမ်းမြောက်သည်၏ အစွမ်းဖြင့်) စိတ်၏ မိမိပကတိစိတ်ရှိသည်၏အဖြစ် (နှစ်သက်လိုလားခြင်း) 'အတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို သည်းခံခြင်းတရား

http://www.dhammadownload.com



'ခန္တိ'ဟု ဆိုအပ်၏ (သည်းခံခြင်း အဒေါသပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာစိတ်, ယှဉ်ဘက်စေတသိက်)။

**ကောင်းသောအမူ၌ မွေ့လျော်သောသူ ဖြစ်ကြောင်းတရား 'သောရစ္စ'**

၁၃၄၉။ (၂) ထို(ခန္တိ,သောရစ္စ တို့)တွင် ကောင်းသောအမူ၌ မွေ့လျော်သူ၏အဖြစ် (ကောင်းသောအမူ၌ မွေ့လျော်သူဖြစ်အောင် ပြုတတ်သောတရား) 'သောရစ္စ' ဟူသည် အဘယ်နည်း။ အကြင်ကိုယ်၌ဖြစ်သော မလွန်ကျူးမှု (ကာယသုစရိုက်သုံးပါး)၊ နှုတ်(စကား)၌ဖြစ်သော မလွန်ကျူးမှု (ဝစီသုစရိုက်လေးပါး)၊ ကိုယ် နှုတ် (နှစ်ပါး)၌ ဖြစ်သော မလွန်ကျူးမှု(အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော'အာဇီဝဋ္ဌမကသီလ')သည် (ရှိ၏)။ဤဆိုအပ်ခဲ့ပြီးသော သဘောကို ကောင်းသောအမူ၌ မွေ့လျော်သူ၏အဖြစ် (ကောင်းသောအမူ၌ မွေ့လျော်သောသူဖြစ်အောင် ပြုတတ်သောတရား) 'သောရစ္စ'ဟူ၍ ဆိုအပ်၏။အလုံးစုံသောအကျင့် 'သီလ' ကို စောင့်စည်းခြင်းကိုလည်း ကောင်းသောအမူ၌ မွေ့လျော်သူ၏အဖြစ် (ကောင်းသောအမူ၌ မွေ့လျော်သူဖြစ်အောင် ပြုတတ်သောတရား) 'သောရစ္စ'ဟု ဆိုအပ်၏ (သီလစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာစိတ်, လောကုတ္တရာစိတ်, ယှဉ်ဘက်စေတသိက်)။

## ၂၆-သာခလျဒုက်

**နူးညံ့ပြေပြစ် ချစ်ခင်ဘွယ်စကားကို ဆိုတတ်သောသူ ဖြစ်ကြောင်းတရား 'သာခလျ'**

၁၃၅၀။ (၁) ထို (သာခလျ, ပဋိသန္ထာရ တို့)တွင် နူးညံ့သိမ်မွေ့သော စကားရှိသော သူ၏အဖြစ် ( နူးညံ့ ပြေပြစ် ချစ်ဖွယ်စကားကို ဆိုတတ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'သာခလျ' ဟူသည် အဘယ်နည်း။ အကြင်စကားသည် (မပြေမပြစ်) အဖုအထစ် ရှိ၏ 'အဏ္ဍက'၊ ဆွေးမြေ့၏ (နားမချမ်းသာဘွယ်ဖြစ်၍)'ကက္ကသ'၊ သူတပါးတို့ကို စပ်ပူစေတတ်၏ (ဒေါသကို ဖြစ်စေတတ်၏) 'ပရကဋုက'၊ သူတပါးတို့ကို (သွားလိုရာသို့ သွားခွင့် မပေးပဲ ဆူးခက်ကဲ့သို့) အလွန် ငြိတွယ်တတ်၏ (စိတ်ကို ထိခိုက်တတ်၏) 'ပရာဘိသဇ္ဇနီ'၊ အမျက်ဒေါသ၏ အနီးအပါး၌ ဖြစ်၏ (အမျက်ဒေါသ ထွက်လောက်အောင် ဖြစ်၏)'ကောဓသာမန္တာ'၊တည်ကြည်မှု 'သမာဓိ'ကို မဖြစ်ပေါ် စေတတ် 'အသမာဓိသံဝတ္တနိကာ'၊ ထိုသို့ သဘောရှိသောစကားကို ပယ်စွန့်၍ အကြင်စကားသည် အပြစ်ကင်း၏ 'နေဠ'၊ နားချမ်းသာ၏ 'ကဏ္ဏသုခ'၊နှစ်သက် မြတ်နိုးဖွယ် ရှိ၏ 'ပေမနီယ'၊ (မထိခိုက်ပဲ ချမ်းသာစွာ) စိတ်နှလုံးသို့ သက်ဝင်၏ 'ဟဒယင်္ဂမ'၊ နေပြည်တော်သူ မြို့ကြီးသူတို့ စကားသဖွယ် ယဉ်ကျေး၏ 'ပေါရိ'၊ လူအများ နှစ်သက်၏ 'ဗဟုဇနကန္တ'၊ လူအများ စိတ်ကို (နှစ်သက်မြတ်နိုးသည်၏ အဖြစ်ဖြင့်) တိုးပွါးစေတတ်၏ 'ဗဟုဇနမနာပ'၊ ထိုသို့သဘောရှိသော စကားကို ပြောဆိုအပ်၏။

ထိုစကား၌ အကြင် ပြေပြစ်သော စကားရှိသူ၏အဖြစ် 'သဏှဝါစတာ'၊ နူးညံ့သိမ်မွေ့သော စကားရှိသူ၏ အဖြစ် 'သခိလ ဝါစတာ'၊ မကြမ်းတမ်းသော စကားရှိသူ၏အဖြစ် 'အဖရုသဝါစတာ' သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို နူးညံ့သိမ်မွေ့သော စကားရှိသူ၏ အဖြစ် (နူးညံ့ ပြေပြစ် ချစ်ဖွယ် စကားကို ဆိုတတ်သောသူဖြစ်အောင် ပြုတတ်သောတရား) 'သာခလျ'ဟု ဆိုအပ်

http://www.dhammadownload.com



၏ (ချစ်ဖွယ်စကားကို ဆိုသောအခါ ဖြစ်ပေါ်သော မဟာကုသိုလ်, မဟာကြိယာစိတ်, ယှဉ်ဘက် စေတသိက်)။

**ပျူငှါလောကဝတ် ဖော်ရွေ ကျေပွန်ခြင်းဖြစ်သော 'ပဋိသန္ထာရ'** ၁၃၅၁။ (၂) ထို(သာခလျ, ပဋိသန္ထာရတို့)တွင် (တရား'ဓမ္မ'ဖြင့် ဖြစ်စေ, ပစ္စည်း 'အာမိသ' ဖြင့် ဖြစ်စေ) ပျူငှါ လောကဝတ် အစေ့အစပ်ပြုခြင်း (လောကဝတ် ဖော်ရွေ ကျေပွန်ခြင်း, ကျွမ်းဝင် ရင်းနှီးစွာ ဆက်ဆံခြင်း) 'ပဋိသန္ထာရ'ဟူသည် အဘယ်နည်း။ ပစ္စည်း 'အာမိသ'ဖြင့် အစေ့အစပ်ပြုခြင်း 'အာမိသပဋိသန္ထာရ'၊ တရား 'ဓမ္မ'ဖြင့် အစေ့ အစပ်ပြုခြင်း 'ဓမ္မပဋိသန္ထာရ'ဟူ၍ အစေ့အစပ် ပြုခြင်း 'ပဋိသန္ထာရ'တို့သည် နှစ်မျိုးရှိကုန်၏။

ဤသာသနာ( လောက )၌ အချို့ပုဂ္ဂိုလ်သည် ပစ္စည်း 'အာမိသ'ဖြင့် အစေ့အစပ်ပြုခြင်း 'အာမိသပဋိသန္ထာရ'ဖြင့်၎င်း၊ တရား'ဓမ္မ'ဖြင့် အစေ့အစပ်ပြုခြင်း 'ဓမ္မပဋိသန္ထာရ'ဖြင့်၎င်း စေ့စပ် တတ်သူဖြစ်၏၊ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ပျူငှါလောကဝတ် အစေ့အစပ်ပြုခြင်း 'ပဋိသန္ထာရ'ဟု ဆိုအပ်၏ (ပျူငှါလောကဝတ် ပြုသောအခါ၌ ဖြစ်ပေါ်သော မဟာကုသိုလ်, မဟာ ကြိယာစိတ်, ယှဉ်ဘက်စေတသိက်)။

## ၂၇-ဣန္ဒြိယေသု အဂုတ္တဒွါရတာဒုက်

**မျက်စိစသော ဣန္ဒြေကို မစောင့်ထိန်းတတ်သူ ဖြစ်ကြောင်းတရား 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ'** ၁၃၅၂။ (၁) ထို(ဣန္ဒြိယေသု အဂုတ္တဒွါရတာ, ဘောဇနေ အမတ္တညုတာတို့) တွင် အစိုးရမှု'ဣန္ဒြေ' ခြောက်ပါး (တံခါးခြောက်ပေါက်) တို့၌ မစောင့်ရှောက်သော တံခါးပေါက်ရှိသူ၏အဖြစ် (မျက်စိစသော ဣန္ဒြေကို မစောင့်ထိန်းတတ်သူ ဖြစ်အောင် ပြုတတ်သောတရား) 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ' ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် မျက်စိအကြည် 'စက္ခု'ဖြင့် အဆင်း 'ရူပါရုံ'ကိုမြင်သော် (မိန်းမ, ယောကျ်ား ဟူသော) အမှတ်အသား ပုံသဏ္ဌာန် 'နိမိတ်' ကို ယူလေ့ ရှိ၏၊ ကိလေသာကို ထင်ရှားပြတတ်သော လက်ခြေစသော အင်္ဂါ, ပြုံးဟန် ရယ်ဟန် စသော အမူအရာ အမှတ်လက္ခဏာ'အနုဗျဉ္ဇန'ကို ယူလေ့ရှိ၏၊ အကြင်အကြောင်းကြောင့် မြင်မှု၌ အစိုးရ သော မျက်စိအကြည် 'စက္ခုန္ဒြေ'ကို မစောင့်စည်း (မပိတ်ဆို့)ပဲ နေသော ဤပုဂ္ဂိုလ်ကို မက်မောမှု 'အဘိဇ္ဈာ', နှလုံးမသာခြင်း စိတ်ဆင်းရဲမှု 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထိုမြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' ကို စောင့်စည်းခြင်းငှါမကျင့်၊ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'ကို မစောင့်ရှောက်၊ မြင်မှု၌ အစိုးရသောမျက်စိအကြည် 'စက္ခုန္ဒြေ'၌ စောင့်စည်းခြင်းသို့ မရောက်။

နားအကြည် 'သောတ'ဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းအကြည် 'ဃာန'ဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်း(နံ)သော်။ပ။ လျှာအကြည် 'ဇိဝှါ'ဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်အကြည် 'ကာယ'ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။ စိတ်ဖြင့် သဘောတရား 'ဓမ္မာရုံ'ကိုသိသော် (မိန်းမ, ယောကျ်ားဟူသော) အမှတ်အသား ပုံသဏ္ဌာန် 'နိမိတ်'ကို ယူလေ့ ရှိ၏၊ ကိလေသာကို ထင်ရှားပြတတ်သော လက်ခြေစသော အင်္ဂါ, ပြုံးဟန် ရယ်ဟန် စသော

http://www.dhammadownload.com



အမှုအရာ အမှတ်လက္ခဏာ 'အနုဗျဉ္စန'ကို ယူ၍လေ့ရှိ၏၊ ဒွါရကြင်အကြောင်းကြောင့် အစိုးတရသိမ္မ 'မနိန္ဒြေ'ကို မစောင့်စည်း (မပိတ်ဆို့)ပဲ နေသော ဤပုဂ္ဂိုလ်ကို မက်မောမှု 'အဘိဇ္ဈာ'၊ နှလုံးမသာခြင်း စိတ်ဆင်းရဲမှု 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထိုအစိုးတရသိမှု 'မနိန္ဒြေ'ကို စောင့်စည်းခြင်းငှါမကျင့်၊ အစိုးတရသိမှု 'မနိန္ဒြေ'ကို မစောင့်ရှောက်၊ အစိုးတရသိမှု 'မနိန္ဒြေ'၌ စောင့်စည်းခြင်းသို့မရောက်။

ဤအစိုးရမှု 'ဣန္ဒြေ'ခြောက်ပါး(တံခါး ခြောက်ပေါက်)တို့ကို အကြင် မလုံခြုံစေခြင်း 'အဂုတ္တိ'၊ မလုံခြုံစေပုံအခြင်းအရာ 'အဂေါပနာ'၊ မစောင့်ရှောက်ခြင်း 'အနာရက္ခ'၊ မစောင့်စည်းခြင်း (မပိတ်ဆို့ခြင်း) 'အသံဝရ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို အစိုးရမှု 'ဣန္ဒြေ' ခြောက်ပါး (တံခါးခြောက်ပေါက်)တို့၌ မစောင့်ရှောက်သော တံခါးပေါက် ရှိသူ၏အဖြစ် (မျက်စိစသော ဣန္ဒြေကို မစောင့်ထိန်းတတ်သူဖြစ်အောင် ပြုတတ်သောတရား) 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ'ဟု ဆိုအပ်၏ (လောဘမူစိတ်, ဒေါသမူစိတ်, ယှဉ်ဘက်စေတသိက်)။

**စားဘွယ် (ဘောဇဉ်) ၌ အတိုင်းအရှည်မသိတတ်သူ ဖြစ်ကြောင်းတရား 'ဘောဇနေ အမတ္တညုတာ'**

၁၃၅၃။ (၂) ထို (ဣန္ဒြိယေသု အဂုတ္တဒွါရတာ, ဘောဇနေ အမတ္တညုတာတို့) တွင် စားဘွယ် (ဘောဇဉ်) ၌ အတိုင်းအရှည်ကို မသိတတ်သူ၏အဖြစ် (စားဘွယ် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိတတ်သူဖြစ်အောင်ပြုတတ်သောတရား) 'ဘောဇနေ အမတ္တညုတာ'ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် (ဉာဏ်ဖြင့်) မဆင်ခြင်မူ၍ မသင့်လျော်သောအားဖြင့် (ကချေသည် ကျွမ်းသမားတို့ကဲ့သို့) မြူးထူးပျော်ပါးခြင်းငှါ၊ (မင်း ,မင်း၏အမတ်တို့ကဲ့သို့) မာန်ယစ်ခြင်းငှါ၊ (ပြည့်တန်ဆာ နန်းတွင်းသူတို့ကဲ့သို့ ခန္ဓာကိုယ်ကို) တန်ဆာဆင်ခြင်းငှါ၊ (လက်ဝှေ့သည်, လက်ပန်းသည်တို့ကဲ့သို့ အသားအရေကို) ပြည့်ဖြိုး တိုးပွါးစေခြင်းငှါ အစာ 'အာဟာရ'ကို စားသောက်၏။

ထိုစားဘွယ် (ဘောဇဉ်)၌ အကြင်မရောင့်ရဲသူ၏ အဖြစ် 'အသန္တုဋ္ဌိတာ'၊ အတိုင်းအရှည်ကို မသိသူ၏ အဖြစ် 'အမတ္တညုတာ'၊ စားဘွယ်(ဘောဇဉ်)၌ (သင့်လျော်သောအားဖြင့်) မဆင်ခြင်ခြင်း 'အပ္ပစ္စဝေက္ခဏာ ဘောဇနေ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော)သဘောကို စားဘွယ် (ဘောဇဉ်)၌ အတိုင်းအရှည်ကို မသိတတ်သူ၏ အဖြစ် (စားဘွယ် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိတတ်သူဖြစ်အောင် ပြုတတ်သောတရား) 'ဘောဇနေ အမတ္တညုတာ'ဟု ဆိုအပ်၏(လောဘမူစိတ်, မောဟမူစိတ်, ယှဉ်ဘက် စေတသိက်)။

## ၂၈-ဣန္ဒြိယေသု ဂုတ္တဒွါရတာဒုက်

**မျက်စိစသော ဣန္ဒြေကို စောင့်ထိန်းတတ်သူ ဖြစ်ကြောင်းတရား 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ'**

၁၃၅၄။ (၁) ထို (ဣန္ဒြိယေသု ဂုတ္တဒွါရတာ, ဘောဇနေ မတ္တညုတာတို့)တွင် အစိုးရမှု 'ဣန္ဒြေ' ခြောက်ပါး (တံခါးခြောက်ပေါက်)တို့၌ စောင့်ရှောက် ပိတ်ဆို့အပ်သော တံခါးပေါက်ရှိသူ၏အဖြစ် (မျက်စိစသော ဣန္ဒြေကို စောင့်ထိန်းတတ်သူဖြစ်အောင် ပြုတတ်သောတရား) 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ' ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် မျက်စိအကြည် 'စက္ခု'ဖြင့် အဆင်း 'ရူပါရုံ'

http://www.dhammadownload.com



ကို မြင်သော် (မိန်းမ ယောကျ်ားဟူသော) အမှတ်အသား ပုံသဏ္ဌာန် 'နိမိတ်'ကို ယူလေ့မရှိ၊ ကိလေသာကို ထင်ရှားပြတတ်သောလက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာ 'အနုဗျဉ္ဇန'ကို ယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် မြင်မှု၌ အစိုးရသောမျက်စိ အကြည် 'စက္ခုန္ဒြေ'ကို မစောင့်စည်း(မပိတ်ဆို့)ပဲ နေသော ဤပုဂ္ဂိုလ်ကို မက်မောမှု 'အဘိဇ္ဈာ', နှလုံးမသာခြင်း စိတ်ဆင်းရဲမှု 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထိုမြင်မှု၌အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'ကိုစောင့်စည်းခြင်းငှါ ကျင့်၏၊ မြင်မှု၌ အစိုးရသောမျက်စိအကြည် 'စက္ခုန္ဒြေ'ကို စောင့်ရှောက်၏၊ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'၌စောင့်စည်းခြင်းသို့ ရောက်၏။

နားအကြည် 'သောတ'ဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းအကြည် 'ဃာန'ဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်း(နံ)သော်။ပ။ လျှာအကြည် 'ဇိဝှါ'ဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်အကြည်'ကာယ'ဖြင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။စိတ်ဖြင့် သဘောတရား'ဓမ္မာရုံ'ကို သိသော်(မိန်းမ ယောကျ်ားဟူသော)အမှတ်အသား ပုံသဏ္ဌာန်'နိမိတ်'ကို ယူလေ့မရှိ၊ကိလေသာကို ထင်ရှားပြတတ်သော လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာ 'အနုဗျဉ္ဇန'ကို ယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် အစိုးတရသိမှု 'မနိန္ဒြေ'ကို မစောင့်စည်း (မပိတ်ဆို့)ပဲ နေသော ဤပုဂ္ဂိုလ်ကို မက်မောမှု 'အဘိဇ္ဈာ', နှလုံးမသာခြင်း စိတ်ဆင်းရဲမှု 'ဒေါ-မနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်၍နှိပ်စက်ကုန်ရာ၏၊ ထို အစိုးတရသိမှု 'မနိန္ဒြေ'ကို စောင့်စည်းခြင်းငှါ ကျင့်၏၊အစိုးတရသိမှု'မနိန္ဒြေ'ကို စောင့်ရှောက်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'၌ စောင့်စည်းခြင်းသို့ ရောက်၏။

ဤအစိုးရမှု 'ဣန္ဒြေ' ခြောက်ပါး (တံခါးခြောက်ပေါက်) တို့ကို အကြင် လုံခြုံစေခြင်း 'ဂုတ္တိ'၊ လုံခြုံစေပုံအခြင်းအရာ 'ဂေါပနာ'၊ စောင့်ရှောက်ခြင်း 'အာရက္ခ'၊ စောင့်စည်း (ပိတ်ဆို့)ခြင်း 'သံဝရ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို အစိုးရမှု 'ဣန္ဒြေ'ခြောက်ပါး (တံခါး ခြောက်ပေါက်)တို့၌ စောင့်ရှောက်ပိတ်ဆို့အပ်သော တံခါးပေါက်ရှိသူ၏ အဖြစ် (မျက်စိစသော ဣန္ဒြေကို စောင့်ထိန်းတတ်သူ ဖြစ်အောင် ပြုတတ်သောတရား) 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ'ဟု ဆိုအပ်၏။ (မဟာကုသိုလ်, မဟာကြိယာ, လောကုတ္တရာစိတ်, ယှဉ်ဘက်စေတသိက်)။

**စားဘွယ်(ဘောဇဉ်)၌ အတိုင်းအရှည်သိတတ်သူ ဖြစ်ကြောင်းတရား 'ဘောဇနေ မတ္တညုတာ'**

၁၃၅၅။ (၂) ထို(ဣန္ဒြိယေသု ဂုတ္တဒွါရတာ, ဘောဇနေ မတ္တညုတာတို့) တွင် စားဘွယ် (ဘောဇဉ်)၌ အတိုင်းအရှည်ကို သိတတ်သူ၏အဖြစ် (စားဘွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိတတ်သူဖြစ်အောင် ပြုတတ်သောတရား) 'ဘောဇနေ မတ္တညုတာ' ဟူသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့ပုဂ္ဂိုလ်သည် (ဉာဏ်ဖြင့်) ဆင်ခြင်၍ သင့်လျော်သောအားဖြင့် အစာ 'အာဟာရ'ကို စားသောက်၏၊ (ကချေသည်, ကျွမ်းသမားတို့ကဲ့သို့) မြူးထူးပျော်ပါးခြင်းငှါ မစား၊ (မင်း, မင်း၏ အမတ်တို့ကဲ့သို့) မာန်ယစ်ခြင်းငှါ မစား၊ (ပြည့်တန်ဆာ, နန်းတွင်းသူတို့ကဲ့သို့ ခန္ဓာကိုယ်ကို) တန်ဆာဆင်ခြင်းငှါ မစား၊ (လက်ဖွဲ့သည်, လက်ပန်းသည်တို့ကဲ့သို့ အသားအရေကို) ပြည့်ဖြိုး တိုးဖွါးစေခြင်းငှါ မစား၊ ဤကိုယ်၏ တည်တံ့ရန်, မျှတရန်, ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်, ဆာလောင်ခြင်း မွတ်သိပ်ခြင်းငြိမ်းရန်, မြတ်သောအကျင့်ကို ချီးမြှောက်ရန် အကျိုးငှါ သာလျှင်အစာ

http://www.dhammadownload.com



'အာဟာရ'ကို စားသောက်၏၊ ဤသို့ (အစာ 'အာဟာရ'ကို) စားသောက်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' အဟောင်း(အစာမစားခြင်းကြောင့်ဖြစ်သည့်ဝေဒနာ)ကိုလည်း ပယ်ဖျောက်မည်၊ ခံစားမှု'ဝေဒနာ' အသစ် (အလွန်စားခြင်းကြောင့်ဖြစ်သည့် ဝေဒနာ)ကိုလည်း မဖြစ်စေမည်၊ ငါ့အား မျှတခြင်းသည်၎င်း၊ အပြစ်မရှိခြင်းသည်၎င်း၊ ချမ်းသာစွာ နေရခြင်းသည်၎င်း ဖြစ်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အစာ 'အာဟာရ'ကို စားမျို၏၊ ထိုစားဘွယ်( ဘောဇဉ် )၌ အကြင်ရောင့်ရဲသူ၏ အဖြစ် 'သန္တုဋ္ဌိတာ'၊ အတိုင်းအရှည်ကို သိသူ၏အဖြစ် 'မတ္တညုတာ'၊ စားဘွယ်( ဘောဇဉ် )၌ ဆင်ခြင်ခြင်း 'ပဋိသင်္ခါ ဘောဇနေ'သည် (ရှိ၏)။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို စားဘွယ် (ဘောဇဉ်)၌ အတိုင်းအရှည်ကို သိတတ်သူ၏အဖြစ် (စားဘွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိတတ်သူဖြစ်အောင် ပြုတတ်သောတရား) 'ဘောဇနေ မတ္တညုတာ'ဟု ဆိုအပ်၏ (မဟာကုသိုလ်, မဟာကြိယာစိတ်, ယှဉ်ဘက်စေတသိက်)။

## ၂၉-မုဋ္ဌသစ္စဒုက်

**သတိမေ့လျော့သောသူဖြစ်ကြောင်းတရား 'မုဋ္ဌသစ္စ'** ၁၃၅၆။ (၁) ထို (မုဋ္ဌသစ္စ, အသမ္ပဇညတို့) တွင် မေ့လျော့သော 'သတိ'ရှိသူ (သတိမေ့သူ)၏ အဖြစ် (သတိမေ့လျော့သောသူ ဖြစ်အောင် ပြုတတ်သောတရား) 'မုဋ္ဌသစ္စ'ဟူသည် အဘယ်နည်း။အကြင်မအောက်မေ့မှု, အမှတ်မရမှု 'အသတိ'၊ အစဉ်မအောက်မေ့မှု 'အနနုဿတိ'၊ တဖန် မအောက်မေ့မှု 'အပ္ပဋိဿတိ'၊ 'အသတိ'ဟူသော မအောက်မေ့ပုံအခြင်းအရာ 'အသတိ အသရဏတာ'၊ ဆောင်ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ် 'အဓာရဏတာ'၊ (ရေပေါ်၌ ၎ပေါ်နေသော ဘူးခွံကဲ့သို့ အာရုံ၌)ပေါ်သည်၏အဖြစ် (အာရုံ၌မစူးစိုက်မှု) 'ပိလာပနတာ'၊ မေ့ပျောက်သောသတိရှိသည်၏ အဖြစ် 'သမ္မုဿနတာ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို မေ့လျော့သော 'သတိ'ရှိသူ (သတိမေ့သူ)၏အဖြစ် (သတိမေ့လျော့သောသူဖြစ်အောင် ပြုတတ်သောတရား) 'မုဋ္ဌသစ္စ'ဟု ဆိုအပ်၏ (သတိ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

**ဆင်ခြင်စဉ်းစားဉာဏ် မရှိသောသူဖြစ်ကြောင်းတရား 'အသမ္ပဇည'** ၁၃၅၇။ (၂) ထို (မုဋ္ဌသစ္စ, အသမ္ပဇညတို့)တွင် ဆင်ခြင်စဉ်စားဉာဏ် မရှိသူ၏အဖြစ်(ဆင်ခြင်စဉ်းစားဉာဏ် မရှိသောသူဖြစ်အောင် ပြုတတ်သောတရား)'အသမ္ပဇည'ဟူသည် အဘယ်နည်း။ အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော (အမှန်သဘော၌)တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ အကုသလမူလ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ဆင်ခြင် စဉ်းစားဉာဏ် မရှိသူ၏အဖြစ်(ဆင်ခြင်စဉ်းစားဉာဏ် မရှိသောသူဖြစ်အောင် ပြုတတ်သောတရား) 'အသမ္ပဇည'ဟု ဆိုအပ်၏ (ပညာ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



## ၃၀-သတိဒုက်

**အောက်မေ့မှု 'သတိ'တရား** ၁၃၅၈။ (၁) ထို(သတိ, သမ္ပဇညတို့)တွင် အောက်မေ့မှု အမှတ်ရမှု 'သတိ'တရားဟူသည် အဘယ်နည်း။ အကြင် အောက်မေ့မှု, အမှတ်ရမှု 'သတိ'၊ အစဉ်အောက်မေ့မှု 'အနုဿတိ'၊ တဖန်အောက်မေ့မှု 'ပဋိဿတိ'၊ အမှတ်ရမှု 'သတိ'ဟူသော အောက်မေ့ပုံအခြင်းအရာ 'သတိ သရဏတာ'၊ ဆောင်ပုံအခြင်းအရာ 'ဓာရဏတာ'၊ မပေါ်သောအခြင်းအရာ( အာရုံ၌ စူးစိုက်မှု ) 'အပိလာပနတာ'၊ မမေ့ပျောက်သည်၏အဖြစ် 'အသမ္မုဿနတာ'၊ သတိဟူသော အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ (ခိုင်မြဲစွာ) မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အောက်မေ့မှု အမှတ်ရမှု'သတိ'တရားဟု ဆိုအပ်၏ (သတိ)။

**ဆင်ခြင်စဉ်းစားမှု 'သမ္ပဇည'တရား** ၁၃၅၉။ (၂) ထို (သတိ, သမ္ပဇညတို့)တွင် ဆင်ခြင်စဉ်းစားမှု 'သမ္ပဇည' တရားဟူသည် အဘယ်နည်း။ အကြင် (ခွဲခွဲခြားခြား)အပြားအားဖြင့်သိမှု 'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း 'ပဇာနနာ'။ပ။ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကို သိမှု)'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု(အမြင်မှန်မှု)'သမ္မာဒိဋ္ဌိ' သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ဆင်ခြင်စဉ်းစားမှု'သမ္ပဇည'တရားဟု ဆိုအပ်၏ (ပညာ)။

## ၃၁-ပဋိသင်္ခါန ဗလဒုက်

**မတုန်မလှုပ်ဆင်ခြင်ခြင်း'ပဋိသင်္ခါန ဗလ'** ၁၃၆၀။ (၁) ထို(ပဋိသင်္ခါန ဗလ, ဘာဝနာ ဗလတို့)တွင် (ခိုင်မြဲစွာ) မတုန်မလှုပ်သော ဆင်ခြင်ခြင်း 'ပဋိသင်္ခါန ဗလ'ဟူသည် အဘယ်နည်း။အကြင်(ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကို သိမှု)၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ သိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ခိုင်မြဲစွာ) မတုန်မလှုပ်သော ဆင်ခြင်ခြင်း 'ပဋိသင်္ခါန ဗလ'ဟု ဆိုအပ်၏ (ပညာ)။

**မတုန်မလှုပ် ပွါးများခြင်း'ဘာဝနာ ဗလ'** ၁၃၆၁။ (၂) ထို(ပဋိသင်္ခါန ဗလ, ဘာဝနာ ဗလတို့)တွင် (ခိုင်မြဲစွာ) မတုန်မလှုပ် ပွါးများခြင်း 'ဘာဝနာ ဗလ'ဟူသည် အဘယ်နည်း။ ကုသိုလ်တရား(ဗောဓိပက္ခိယတရား)တို့ကို အကြင် မှီဝဲခြင်း 'အာသေဝနာ'၊ ပွါးများခြင်း 'ဘာဝနာ'၊ အကြိမ်များစွာပြုခြင်း 'ဗဟုလီကမ္မ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို(ခိုင်မြဲစွာ)မတုန်မလှုပ် ပွါးများခြင်း 'ဘာဝနာ ဗလ'ဟု ဆိုအပ်၏။(သစ္စာလေးပါးကို) သိခြင်း၏ အဘို့အစု (အသင်းအပင်း) 'ဗောဇ္ဈင်'ခုနစ်ပါးတို့ကိုလည်း (ခိုင်မြဲစွာ) မတုန်မလှုပ် ပွါးများခြင်း 'ဘာဝနာ ဗလ'ဟု ဆိုအပ်၏ (ကုသိုလ် ၂၁, ယှဉ်ဘက် စေတသိက် ၃၈)။

http://www.dhammadownload.com



## ၃၂-သမထဒုက်

**ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ငြိမ်သက်စေမှု 'သမထ'တရား** ၁၃၆၂။ (၁) ထို (သမထ,ဝိပဿနာတို့) တွင် (ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို) ငြိမ်သက်စေမှု 'သမထ'ဟူသည် အဘယ်နည်း။ စိတ်၏ အကြင်တည်မှု။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို (ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို) ငြိမ်သက်စေမှု'သမထ'ဟု ဆိုအပ်၏ (သမ္မာသမာဓိ)။

**အထူးထူးရှုမြင်မှု'ဝိပဿနာ'တရား** ၁၃၆၃။ (၂) ထို(သမထ,ဝိပဿနာတို့)တွင် (အနိစ္စ အစရှိသော)အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု 'ဝိပဿနာ'ဟူသည် အဘယ်နည်း။ အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော။ပ။ (အမှန်သဘော၌) မတွေဝေခြင်း(အမှန်ကို သိမှု)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာသိမြင်မှု(အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို(အနိစ္စ အစရှိသော)အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု'ဝိပဿနာ'ဟု ဆိုအပ်၏ (ပညာ)။

## ၃၃-သမထ နိမိတ္တဒုက်

**သမထ၏အကြောင်း'သမထ နိမိတ္တ'** ၁၃၆၄။ (၁) ထို (သမထ နိမိတ္တ,ပဂ္ဂါဟ နိမိတ္တတို့) တွင် ငြိမ်သက်စေမှု'သမထ'၏ အကြောင်း'သမထ နိမိတ္တ'ဟူသည် အဘယ်နည်း။ စိတ်၏အကြင်တည်မှု။ပ။ကောင်းစွာ တည်ကြည်မှု'သမ္မာသမာဓိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို ငြိမ်သက်စေမှု 'သမထ'၏အကြောင်း 'သမထ-နိမိတ္တ'ဟု ဆိုအပ်၏ (သမ္မာသမာဓိ)။

**ပဂ္ဂါဟ၏အကြောင်း'ပဂ္ဂါဟ နိမိတ္တ'** ၁၃၆၅။ (၂) ထို( သမထ နိမိတ္တ, ပဂ္ဂါဟ နိမိတ္တတို့ )တွင် ( သမ္ပယုတ်တရားတို့ကို ) ချီးမြှောက်မှု (ထောက်ပံ့မှု)'ပဂ္ဂါဟ'၏ အကြောင်း 'ပဂ္ဂါဟ နိမိတ္တ' ဟူသည် အဘယ်နည်း။ စိတ်၌မှီသော အကြင် လုံ့လအားထုတ်မှု။ပ။ ကောင်းစွာ အားထုတ်မှု'သမ္မာဝါယာမ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (သမ္ပယုတ်တရားတို့ကို) ချီးမြှောက်မှု (ထောက်ပံ့မှု) 'ပဂ္ဂါဟ'၏ အကြောင်း'ပဂ္ဂါဟ နိမိတ္တ'ဟု ဆိုအပ်၏ (သမ္မာဝါယာမ)။

## ၃၄-ပဂ္ဂါဟဒုက်

**ချီးမြှောက်မှု'ပဂ္ဂါဟ'** ၁၃၆၆။ (၁) ထို(ပဂ္ဂါဟ, အဝိက္ခေပတို့)တွင် (သမ္ပယုတ်တရားတို့ကို) ချီးမြှောက်မှု (ထောက်ပံ့မှု)'ပဂ္ဂါဟ'ဟူသည် အဘယ်နည်း။ စိတ်၌မှီသော အကြင်လုံ့လအားထုတ်မှု။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (သမ္ပယုတ်တရားတို့ကို) ချီးမြှောက်မှု(ထောက်ပံ့မှု) 'ပဂ္ဂါဟ'ဟု ဆိုအပ်၏ (သမ္မာဝါယာမ)။

http://www.dhammadownload.com



မပျံ့လွင့်မှု'အဝိက္ခေပ' ၁၃၆၇။ (၂) ထို(ပဂ္ဂါဟ, အဝိက္ခေပတို့)တွင် မပျံ့လွင့်မှု 'အဝိက္ခေပ' ဟူသည် အဘယ်နည်း။ စိတ်၏ အကြင် တည်မှု။ ပ ။ ကောင်းစွာ တည်ကြည်မှု'သမ္မာသမာဓိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို မပျံ့လွင့်မှု 'အဝိက္ခေပ'ဟု ဆိုအပ်၏ (သမ္မာသမာဓိ)။

## ၃၅-သီလ ဝိပတ္တိဒုက်

အကျင့်'သီလ'ပျက်စီးခြင်း'သီလ ဝိပတ္တိ' ၁၃၆၈။ (၁) ထို (သီလ ဝိပတ္တိ, ဒိဋ္ဌိ ဝိပတ္တိတို့)တွင် အကျင့် 'သီလ'ပျက်စီးခြင်း 'သီလ ဝိပတ္တိ'ဟူသည် အဘယ်နည်း။ ကိုယ်၌ဖြစ်သော အကြင်လွန်ကျူးမှု(ကာယဒုစရိုက်သုံးပါး)၊ နှုတ်(စကား)၌ဖြစ်သော အကြင် လွန်ကျူးမှု(ဝစီဒုစရိုက်လေးပါး)၊ ကိုယ် နှုတ် (စကား) နှစ်ပါး၌ ဖြစ်သော လွန်ကျူးမှုသည် (ရှိ၏)။ဤ(ဆိုအပ်ခဲ့ပြီးသော)သဘောကို (မစောင့်စည်းမှု ဟူသော) အကျင့်ပျက်စီးခြင်း 'သီလ ဝိပတ္တိ'ဟု ဆိုအပ်၏။ အလုံးစုံသော အကျင့် 'သီလ'မရှိသူ၏ အဖြစ် 'ဒုဿီလျ'ကိုလည်း အကျင့်ပျက်စီးခြင်း 'သီလ ဝိပတ္တိ'ဟု ဆိုအပ်၏ (အကုသိုလ်စိတ်, ယှဉ်ဘက် စေတသိက်)။

အယူပျက်စီးခြင်း 'ဒိဋ္ဌိ ဝိပတ္တိ' ၁၃၆၉။ (၂) ထို (သီလ ဝိပတ္တိ, ဒိဋ္ဌိ ဝိပတ္တိတို့)တွင် အယူပျက်စီးခြင်း'ဒိဋ္ဌိ ဝိပတ္တိ'ဟူသည် အဘယ်နည်း။"ပေးလှူခြင်း(အကျိုး)သည် မရှိ၊ယဇ်ကြီး(အလှူကြီး)ပူဇော်ရခြင်း(အကျိုး)သည် မရှိ၊ ယဇ်ငယ်(ဟုန်း)(အလှူငယ်)ပူဇော်ရခြင်း(အကျိုး)သည် မရှိ၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သော (ကောင်းမှု မကောင်းမှု) ကံတို့၏ အကျိုးဖျား (အကျိုးဆက်) 'ဖလ', အကျိုးရင်း 'ဝိပါက်'သည် မရှိ၊ ဤလောကသည် မရှိ၊ တမလွန် လောကသည် မရှိ၊ အမိ(၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏ အကျိုး)သည် မရှိ၊ အဖ(၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့်ပြုခြင်း၏အကျိုး) သည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုငင်း ဟမလွန်လောက ကိုငင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော, ညီညွတ်ကုန်သော,ကောင်းသော အကျင့်ရှိကုန်သော ရဟန်းပုဏ္ဏား သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်"ဟု ဤသို့ သဘောရှိသော အကြင် အမြင်မှားမှု၊ (ခြောက်ဆယ့် နှစ်ပါးသော) အမြင်မှားမှု(အယူမှားမှု)တို့၌ ပါဝင်ခြင်း သဘော။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသည် (ရှိ၏)။ ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အယူပျက်စီးခြင်း 'ဒိဋ္ဌိ ဝိပတ္တိ'ဟု ဆိုအပ်၏။ အလုံးစုံသော အမြင်မှားမှု (အယူမှားမှု) ကိုလည်း အယူပျက်စီးခြင်း 'ဒိဋ္ဌိ ဝိပတ္တိ'ဟု ဆိုအပ်၏ (ဒိဋ္ဌိ)။ (၁၂၂)

## ၃၆-သီလ သမ္ပဒါဒုက်

အကျင့်သီလပြည့်စုံခြင်း 'သီလ သမ္ပဒါ' ၁၃၇၀။ (၁) ထို(သီလ သမ္ပဒါ,ဒိဋ္ဌိ သမ္ပဒါတို့)တွင် အကျင့် 'သီလ' ပြည့်စုံခြင်း 'သီလ-သမ္ပဒါ'ဟူသည် အဘယ်နည်း။ အကြင် ကိုယ်၌ဖြစ်သော မလွန်ကျူးမှု (ကာယသုစရိုက်သုံးပါး)၊ နှုတ် (စကား) ၌ဖြစ်သော မလွန်ကျူးမှု (ဝစီသုစရိုက်လေးပါး)၊ ကိုယ် နှုတ်(စကား) နှစ်ပါး၌ ဖြစ်သော မလွန်ကျူးမှု (အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော'အာဇီဝဋ္ဌမကသီလ')သည် (ရှိ၏)။

http://www.dhammadownload.com



ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို အကျင့် 'သီလ'နှင့် ပြည့်စုံခြင်း 'သီလ သမ္ပဒါ'ဟု ဆိုအပ်၏။ အလုံးစုံသော အကျင့် 'သီလ'ကို စောင့်စည်းခြင်း 'သီလ သံဝရ'ကိုလည်း အကျင့် 'သီလ' ပြည့်စုံခြင်း 'သီလ သမ္ပဒါ'ဟု ဆိုအပ်၏ (မဟာကုသိုလ်, မဟာကြိယာစိတ်, ယှဉ်ဘက်စေတသိက်)။

အယူပြည့်စုံခြင်း'ဒိဋ္ဌိ သမ္ပဒါ' ၁၃၇၁။ (၂) ထို(သီလ သမ္ပဒါ, ဒိဋ္ဌိ သမ္ပဒါတို့)တွင်(ကောင်းမွန်, မှန်ကန်သော) အယူပြည့်စုံခြင်း (သမ္မာ) 'ဒိဋ္ဌိ-သမ္ပဒါ'ဟူသည် အဘယ်နည်း။ "ပေးလှူခြင်း (အကျိုး)သည် ရှိ၏၊ ယင်ကြီး (အလှူကြီး)ပူဇော်ရခြင်း (အကျိုး)သည် ရှိ၏၊ ယဇ်ငယ် (ဟုန်း) (အလှူငယ်) ပူဇော်ရခြင်း (အကျိုး)သည် ရှိ၏၊ ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သော (ကောင်းမှု မကောင်းမှု) ကံတို့၏ အကျိုးဖျား (အကျိုးဆက်) 'ဖလ',အကျိုးရင်း 'ဝိပါက'သည် ရှိ၏။ ဤလောကသည် ရှိ၏၊ တမလွန်လောကသည် ရှိ၏၊ အမိ(၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏အကျိုး)သည် ရှိ၏၊ အဖ(၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏အကျိုး)သည် ရှိ၏၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရင်း တမလွန်လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော, ညီညွတ်ကုန်သော, ကောင်းသော အကျင့်ရှိကုန်သော ရဟန်းပုဏ္ဏား သမဏ ဗြာဟ္မဏတို့သည် လောက၌ ရှိကြ၏"ဟု ဤသို့သဘော ရှိသော အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်း သဘော။ပ။ (အမှန်သဘော၌) မတွေဝေခြင်း (အမှန်ကို သိခြင်း)၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို (ကောင်းမွန် မှန်ကန်သော) အယူပြည့်စုံခြင်း (သမ္မာ) 'ဒိဋ္ဌိ သမ္ပဒါ'ဟု ဆိုအပ်၏။ အလုံးစုံသော အမြင်မှန်မှု ( အယူမှန်မှု ) 'သမ္မာဒိဋ္ဌိ'ကိုလည်း အယူပြည့်စုံခြင်း 'ဒိဋ္ဌိ သမ္ပဒါ'ဟု ဆိုအပ်၏ (သမ္မာဒိဋ္ဌိ)။

## ၃၇-သီလဝိသုဒ္ဓိဒုက်

အကျင့်'သီလ'၏ အထူးစင်ကြယ်ခြင်း'သီလဝိသုဒ္ဓိ' ၁၃၇၂။ (၁) ထို(သီလဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိတို့) တွင် အကျင့်'သီလ'၏ အထူးစင်ကြယ်ခြင်း'သီလဝိသုဒ္ဓိ'ဟူသည် အဘယ်နည်း။ ကိုယ်၌ဖြစ်သော အကြင် မလွန်ကျူးမှု(ကာယသုစရိုက်သုံးပါး)၊ နှုတ်(စကား)၌ဖြစ်သော မလွန်ကျူးမှု (ဝစီသုစရိုက်လေးပါး)၊ ကိုယ် နှုတ်(စကား) နှစ်ပါး၌ဖြစ်သော မလွန်ကျူးမှု (အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော 'အာဇီဝဋ္ဌမက သီလ')သည် (ရှိ၏)။ ဤ(ဆိုအပ်ခဲ့ပြီးသော) သဘောကို အကျင့်'သီလ'၏ အထူးစင်ကြယ်ခြင်း 'သီလ ဝိသုဒ္ဓိ'ဟု ဆိုအပ်၏။ အလုံးစုံသော အကျင့်'သီလ'ကို စောင့်စည်းခြင်း 'သီလ သံဝရ'ကိုလည်း အကျင့် 'သီလ'၏ အထူးစင်ကြယ်ခြင်း 'သီလဝိသုဒ္ဓိ'ဟု ဆိုအပ်၏ (လောကုတ္တရာစိတ်, ယှဉ်ဘက် စေတသိက်)။

အယူ၏အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ' ၁၃၇၃။ (၂) ထို(သီလဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိတို့)တွင် အယူ၏ အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိ-ဝိသုဒ္ဓိ' ဟူသည် အဘယ်နည်း။ ကံသည် မိမိဥစ္စာဖြစ်သည်ဟု သိသောဉာဏ် 'ကမ္မဿကတဉာဏ်'၊ (သစ္စာလေးပါး) အမှန်တရားအားလျော်စွာသိမှု 'သစ္စာနုလောမိကဉာဏ်' (ဝိပဿနာဉာဏ်)၊ မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ သိမှု 'မဂ်ဉာဏ်'၊ မဂ်၏အကျိုး (ဖိုလ်)နှင့် ပြည့်စုံသော

http://www.dhammadownload.com



ပုဂ္ဂိုလ်၏သိမှု 'ဖိုလ်ဉာဏ်'သည် (ရှိ၏)။ (ဤဆိုအပ်ခဲ့ပြီးသော သဘောကို အယူ၏ အထူးစင်ကြယ်ခြင်း'ဒိဋ္ဌိဝိသုဒ္ဓိ'ဟု ဆိုအပ်၏) (ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟု ဆိုအပ်သော ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်)။

## ၃၈-ဒိဋ္ဌိဝိသုဒ္ဓိဒေါ်ပနဒုက်

အယူ၏ အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ' ၁၃၇၄။ (၁) ထိုပြင် အယူ၏ အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ' ဟူသည်ကား အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိခြင်းသဘော။ပ။ (အမှန်သဘော၌) မတွေဝေခြင်းသဘော (အမှန်ကိုသိခြင်းသဘော)၊ (သစ္စာလေးပါး) တရားကို စိစစ်ခြင်းသဘော၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ (ဤကား အယူ၏ အထူးစင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ'တည်း) (ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်)။

အထူးစင်ကြယ်သော အယူအားလျော်သောလုံ့လ 'ယထာဒိဋ္ဌိဿ ပဓာန' ၁၃၇၅။ (၂) အထူးစင်ကြယ်သောအယူ 'ဒိဋ္ဌိဝိသုဒ္ဓိ' အား လျော်သော လုံ့လ 'ယထာ ဒိဋ္ဌိဿ ပဓာန'ဟူသည်ကား စိတ်၌ မှီသော အကြင်လုံ့လအားထုတ်မှု။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် (ရှိ၏)။ (ဤကား အထူးစင်ကြယ်သော အယူ'ဒိဋ္ဌိ ဝိသုဒ္ဓိ'အား လျော်သော လုံ့လ 'ယထာဒိဋ္ဌိဿ ပဓာန'တည်း) (မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကိရိယာဉာဏသမ္ပယုတ်, လောကုတ္တရာစိတ်တို့၌ ရှိသော ဝီရိယ)။

## ၃၉-သံဝေဂဒုက်

ထိတ်လန့်ဘွယ်အကြောင်းတို့၌ ထိတ်လန့်ခြင်း'သံဝေဂ' ၁၃၇၆။ (၁) (ထိတ်လန့်ဘွယ်အကြောင်းတို့၌)ထိတ်လန့်ခြင်း 'သံဝေဂ'ဟူသည်ကား ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဘေးအားဖြင့် မြင်၍ တည်သော(ဖြစ်ပေါ်လာသော) ဉာဏ် 'ဇာတိဘယ'၊ အိုမှု'ဇရာ'ကို ဘေးအားဖြင့် မြင်၍ တည်သော(ဖြစ်ပေါ်လာသော) ဉာဏ် 'ဇရာဘယ'၊ နာမှု 'ဗျာဓိ'ကို ဘေးအားဖြင့် မြင်၍ တည်သော (ဖြစ်ပေါ်လာသော) ဉာဏ် 'ဗျာဓိဘယ'၊ သေမှု'မရဏ'ကို ဘေးအားဖြင့် မြင်၍ တည်သော(ဖြစ်ပေါ်လာသော)ဉာဏ် 'မရဏ ဘယ' တည်း၊ ထိတ်လန့်ဘွယ် အကြောင်းဟူသည်ကား—ပဋိသန္ဓေနေမှု 'ဇာတိ'၊ အိုမှု 'ဇရာ'၊ နာမှု 'ဗျာဓိ'၊ သေမှု 'မရဏ'တည်း (ဇာတိစသည်တို့မှ ထိတ်လန့်သောအခါ ဖြစ်ပေါ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်၌ရှိသော ပညာ)။

ထိတ်လန့်သူ၏ သင့်လျော်သောအားဖြင့် လုံ့လပြုခြင်း 'သံဝိဂ္ဂဿ ယောနိသော ပဓာန' ၁၃၇၇။ (၂) ထိတ်လန့်သူ၏သင့်လျော်သော အားဖြင့် လုံ့လပြုခြင်း'သံဝိဂ္ဂဿ ယောနိသော ပဓာန'ဟူသည်ကား ဤသာသနာတော်၌ ရဟန်းသည်—

http://www.dhammadownload.com



(၁) မဖြစ်ပေါ်သေးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လိုလားမှုကို ဖြစ်စေ၏'ဆန္ဒံ ဇနေတိ'၊ ကြိုးစား၏'ဝါယမတိ'၊ ကြိုးစားမှု 'ဝီရိယ'ကို အားထုတ်၏ 'ဝီရိယံ အာရဘတိ'၊ စိတ်ကို ချီးမြှောက်(အားပေး)၏'စိတ္တံ ပဂ္ဂဏှာတိ'၊ လုံ့လစိုက်၏'ပဒဟတိ'။

(၂) ဖြစ်ပေါ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှါ လိုလားမှုကို ဖြစ်စေ၏၊ ကြိုးစား၏၊ ကြိုးစားမှု 'ဝီရိယ'ကို အားထုတ်၏၊ စိတ်ကို ချီးမြှောက် (အားပေး)၏၊ လုံ့လစိုက်၏။

(၃) မဖြစ်ပေါ်သေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေခြင်းငှါ လိုလားမှုကို ဖြစ်စေ၏၊ ကြိုးစား၏၊ ကြိုးစားမှု 'ဝီရိယ'ကို အားထုတ်၏၊ စိတ်ကို ချီးမြှောက် (အားပေး)၏၊ လုံ့လစိုက်၏။

(၄) ဖြစ်ပေါ်ကုန်ပြီးသော ကုသိုလ်တရားတို့၏ တည်တံ့စေခြင်းငှါ 'ဌိတိယာ'၊ မမေ့မပျောက်စေခြင်းငှါ 'အသမ္မောသာယ'၊ လွန်စွာတိုးပွါးစေခြင်းငှါ 'ဘိယျောဘာဝါယ'၊ စည်ပင်ပြန့်ပြောစေခြင်းငှါ 'ဝေပုလ္လာယ'၊ပွါးများစေခြင်းငှါ 'ဘာဝနာယ'၊ ပြည့်ဖြိုးစေခြင်းငှါ 'ပါရိပူရိယာ'၊ လိုလားမှုကို ဖြစ်စေ၏၊ ကြိုးစား၏၊ ကြိုးစားမှု 'ဝီရိယ'ကို အားထုတ်၏၊စိတ်ကို ချီးမြှောက်(အားပေး)၏၊ လုံ့လစိုက်၏။

(ဤကား ထိတ်လန့်သူ၏ သင့်လျော်သောအားဖြင့် လုံ့လပြုခြင်း 'သံဝိဂ္ဂဿ ယောနိသော ပဓာန'ပေတည်း) (ကုသိုလ်စိတ် ၂၁-နှင့် ဖိုလ်စိတ် ၄-တို့၌ရှိသော ဝီရိယ)။

## ၄၀-အသန္တုဋ္ဌိတာဒုက်

**ကုသိုလ်တရားတို့၌ မရောင့်ရဲနိုင်သူ ဖြစ်ကြောင်းတရား 'အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု'**

၁၃၇၈။ (၁) ကုသိုလ် တရားတို့၌ မရောင့်ရဲ ( မတင်းတိမ် ) နိုင်သူ၏အဖြစ် (ကုသိုလ်တရားတို့၌ မရောင့်ရဲ မတင်းတိမ်နိုင်သူဖြစ်အောင် ပြုတတ်သောတရား) ဟူသည်ကား ကုသိုလ်တရားတို့ကို ပွါးစေခြင်းငှါ မရောင့်ရဲ (မတင်းတိမ်)သူ၏ အကြင် လွန်စွာ လိုလားသူ၏ အဖြစ်သည် (ရှိ၏)။ [ဤကား ကုသိုလ်တရားတို့၌ မရောင့်ရဲ (မတင်းတိမ်) နိုင်သူ၏ အဖြစ် (ကုသိုလ်တရားတို့၌ မရောင့်ရဲ မတင်းတိမ်နိုင်သူဖြစ်အောင် ပြုတတ်သောတရား 'အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု'တည်း) (ကုသိုလ်စိတ် ၂၁, ယှဉ်ဘက်စေတသိက် ၃၈)]။

**လုံ့လပြုခြင်း 'ဝီရိယ'၌ မဆုတ်နစ်သူဖြစ်ကြောင်းတရား 'အပ္ပဋိဝါနိတာ ပဓာနသ္မိံ'**

၁၃၇၉။ (၂) လုံ့လပြုခြင်း'ဝီရိယ'၌ မဆုတ်နစ်သူ (ဇွဲရှိသူ) ၏ အဖြစ် (ကုသိုလ်တရား ပွါးများအားထုတ်ခြင်း၌ မဆုတ်နစ်သောသူဖြစ်အောင် ပြုတတ်သောတရား)ဟူသည်ကား ကုသိုလ်တရားတို့ကိုပွါးစေခြင်းငှါ အကြင်ရိုသေစွာပြုခြင်း 'သက္ကစ္စကိရိယတာ'၊ အမြဲမပြတ်ပြုခြင်း 'သာတစ္စကိရိယတာ'၊ (ဝီရိယကိုကျိုးပဲ့ပျက်စီးအောင်မပြုပဲ) ဝီရိယကို ချန်မထားပဲပြုခြင်း 'အဋ္ဌိတကိရိယတာ'၊ မတွန့်ဆုတ်သော (ဝီရိယမလျော့သော) ဖြစ်ခြင်းရှိသည်၏ အဖြစ် 'အနောလီနဝုတ္တိတာ'၊ မချအပ်သော (မလျော့သော) လိုလားမှုရှိသူ၏အဖြစ် (ကောင်းသော အလိုဆန္ဒကို မချခြင်း) 'အနိက္ခိတ္တဆန္ဒတာ'၊ မချအပ်သော (မလျော့သော) တာဝန်ရှိသူ၏အဖြစ် (ကုသိုလ်

http://www.dhammadownload.com



ပြုရာ၌ ဝီရိယဟူသော တာဝန်ကိုမလျှော့ခြင်း) 'အနိက္ခိတ္တဓုရတာ'၊ မှီဝဲခြင်း 'အာသေဝနာ'၊ ပွါးစေခြင်း 'ဘာဝနာ'၊ အကြိမ်များစွာပြုခြင်း 'ဗဟုလီကမ္မ'သည် (ရှိ၏)။ (ဤကား လုံ့လပြုခြင်း 'ဝီရိယ'၌ မှုဆုတ်နစ်သူ (ဇွဲရှိသူ)၏ အဖြစ် 'အပ္ပဋိဝါနိတာ ပဓာနသ္မိံ'တည်း) (ကုသိုလ်စိတ် ၂၁-နှင့် ဖိုလ်စိတ် ၄-တို့၌ရှိသော ဝီရိယ)။

## ၄၁-ဝိဇ္ဇာဒုက်

ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ' ၁၃၇၀။ (၁) (သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာမောဟ အမိုက်မှောင်ကို) ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ' တရားဟူသည်ကား ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို (ရှေးဘဝကို) အဖန်ဖန်အောက်မေ့မှုနှင့်ယှဉ်သော သိမှု 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်' ဟူသော ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'၊ သတ္တဝါတို့၏ သေခြင်း ပဋိသန္ဓေနေခြင်း၌သိမှု 'စုတူပပါတဉာဏ်'ဟူသော ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'၊ အာသဝတို့၏ကုန်ရာ (အရဟတ္တမဂ်)၌ သိမှု 'အာသဝက္ခယဉာဏ်'ဟူသော ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'အားဖြင့် (သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာမောဟ အမိုက်မှောင်ကို) ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'တို့သည် သုံးပါးတို့တည်း (ဤကား ဖောက်ထွင်းသိမှု 'ဝိဇ္ဇာ'တရားတို့တည်း) (ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ်)။

လွတ်မြောက်မှု 'ဝိမုတ္တိ' ၁၃၇၁။ (၂) လွတ်မြောက်မှု 'ဝိမုတ္တိ'တရားဟူသည်ကား စိတ်၏ လွတ်မြောက်မှု (သမာပတ်ရှစ်ပါး) 'စိတ္တဿ အဓိမုတ္တိ'၊ ဝါနဟူသော တဏှာမှ ထွက်မြောက်မှု'နိဗ္ဗာန်'အားဖြင့် လွတ်မြောက်မှု'ဝိမုတ္တိ'တို့သည် နှစ်မျိုးတို့တည်း။ (ဤတရားတို့ကား လွတ်မြောက်မှု 'ဝိမုတ္တိ'တရားတို့တည်း) (မဟဂ္ဂုတ်ကုသိုလ်,မဟဂ္ဂုတ်ကိရိယာဇော်, ယှဉ်ဘက်စေတသိက်, နိဗ္ဗာန်)။

## ၄၂-ခယေဉာဏဒုက်

ကိလေသာကုန်ခန်းခြင်းကို ပြုတတ်သောဉာဏ် 'ခယေဉာဏ' ၁၃၇၂။ (၁) (ကိလေသာ) ကုန်ခန်းခြင်းကို ပြုတတ်သော (အရိယမဂ်)ဉာဏ် 'ခယေဉာဏ'ဟူသည်ကား မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ သိမှု 'မဂ်ဉာဏ်'တည်း (မဂ်စိတ် လေးခု၌ရှိသောပညာ။)

ကိလေသာတဖန်မဖြစ်ပေါ် စေတတ်သောဉာဏ် 'အနုပ္ပါဒေဉာဏ' ၁၃၇၃။ (၂) (ကိလေသာ) တဖန်မဖြစ်ပေါ် စေတတ်သော (အရိယာဖိုလ်)ဉာဏ် 'အနုပ္ပါဒေဉာဏ' ဟူသည်ကား မဂ်၏အကျိုး 'ဖိုလ်'နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ သိမှု 'ဖိုလ်ဉာဏ်'တည်း (ဖိုလ်စိတ် လေးခု၌ရှိသောပညာ)။

# နိက္ခေပကဏ္ဍ ပြီးပြီ။

http://www.dhammadownload.com

## ၄-ပိဋကသုံးပုံဟူသော မြတ်စွာဘုရားစကားတော်၏ အနက်ကို ထုတ်ဆိုရာ အပိုင်း

# 'အဋ္ဌကထာကဏ္ဍ'

## (က) သုံးစုပြု၍ ဟောအပ်သော တရားတို့၏အရကောက်ကို ထုတ်ပြခြင်း 'တိကအတ္ထုဒ္ဓါရ'

### ၁-ကုသလတိက်

**ကုသိုလ်တရား** ၁၃၈၄။ (၁) အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ (ကာမ,ရူပ, အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ်(၂၁) သည်(ရှိ၏)။ ဤတရားတို့သည် ကုသိုလ်မည်ကုန်၏။

**အကုသိုလ်တရား** ၁၃၈၅။ (၂) အဘယ်တရားတို့သည် အကုသိုလ်မည်ကုန်သနည်း။အကုသိုလ် စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည်(ရှိကုန်၏)။ဤတရားတို့သည် အကုသိုလ်မည်ကုန်၏။

**အဗျာကတတရား** ၁၃၈၆။ (၃) အဘယ်တရားတို့သည် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော'အဗျာကတ' တရားမည်ကုန်သနည်း။ (ကာမ,ရူပ, အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) အကျိုး'ဝိပါက်' (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ကုသိုလ် အကုသိုလ် အဖြစ်ဖြင့်မဟောအပ်သော ပြုကာမျှ 'ကိရိယာ' (၂၀)၊ ထို့ပြင် ရုပ်၊ထို့ပြင် (ဝါနဟူသောတဏှာမှထွက်မြောက်ရာ) နိဗ္ဗာန်သည် (ရှိ၏)။ ဤတရား တို့သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော'အဗျာကတ'တရားမည်ကုန်၏။

### ၂-ဝေဒနာတိက်

**သုခဝေဒနာနှင့်ယှဉ်သောတရား** ၁၃၈၇။ (၁) အဘယ်တရားတို့သည် ချမ်းသာခံစားမှု'သုခ- ဝေဒနာ'နှင့် ယှဉ်ကုန်သနည်း။ ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော (ကာမာဝစရ) ကုသိုလ်မှ သောမနဿသဟဂုတ် စိတ္တုပ္ပါဒ် ၄၊အကု သိုလ်မှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်) ၄၊ ကာမာဝစရကုသိုလ်၏ အကျိုး 'ဝိပါက်'မှ (သော မနဿသဟဂုတ် စိတ္တုပ္ပါဒ်)၆၊ကိရိယာမှ(သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်)၅၊ကုသိုလ်မှရင်း ဝိပါက်မှ ရင်း ကိရိယာမှရင်း ရူပါဝစရ တိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ, တတိယစျာန် ၉, ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၂)၊ ကုသိုလ်မှရင်း ဝိပါက်မှရင်း လောကုတ္တရာ တိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယစျာန် ၂၄, ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယ,စတုတ္ထစျာန် ၃၂)၊ ဤစိတ်တို့၌ ဖြစ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ချန်ထား၍ (ကြွင်းသော စေတသိက် ၄၆ တို့သည် ရှိကုန်၏)။ဤတရားတို့သည် ချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့် ယှဉ်ကုန်၏။

http://www.dhammadownload.com



**ဒုက္ခဝေဒနာနှင့်ယှဉ်သောတရား** ၁၃၇၇။ (၂) အဘယ်တရားတို့သည် ဆင်းရဲခံစားမှု 'ဒုက္ခ-ဝေဒနာ'နှင့် ယှဉ်ကုန်သနည်း။ ဒေါမနဿ-သဟဂုတ် စိတ္တုပ္ပါဒ် ၂၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ် (၁)၊ ဤစိတ်တို့၌ဖြစ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ချန်ထား၍ (ကြွင်းသောစေတသိက် ၂၁ တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ဆင်းရဲခံစားမှု'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန်၏။

**အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောတရား** ၁၃၇၈။ (၃) အဘယ်တရားတို့သည် ဆင်းရဲ ချမ်းသာ မဟုတ်သော အလယ်အလတ် ခံစားမှု(ဥပေက္ခာဝေဒနာ) 'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် ၄၊ အကုသိုလ်မှ(ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ၆၊ ကာမာဝစရကုသိုလ်၏ အကျိုး 'ဝိပါက်'မှ ( ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် ) ၁၀၊ အကုသိုလ်၏အကျိုး (ဝိပါက်)မှ(ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ၆၊ ကိရိယာမှ(ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ၆၊ကုသိုလ်မှရင်း အကျိုး'ဝိပါက်'မှရင်း ကိရိယာမှရင်း စတုက္ကနည်းအားဖြင့် ရူပါဝစရစတုတ္ထဈာန်(၃)၊ ကုသိုလ်မှရင်း ဝိပါက်မှရင်း ကိရိယာမှရင်း အရူပါဝစရစိတ် ၄ ပါးစီ(၁၂)၊ ကုသိုလ်မှရင်း ဝိပါက်မှရင်း စတုက္ကနည်းအားဖြင့် လောကုတ္တရာစတုတ္ထဈာန် ၈၊ ဤစိတ်တို့၌ဖြစ်သော ဆင်းရဲချမ်းသာ မဟုတ်သော အလယ်အလတ်ခံစားမှု (ဥပေက္ခာဝေဒနာ) 'အဒုက္ခမသုခဝေဒနာ'ကို ချန်ထား၍ (ကြွင်းသောစေတသိက် ၄၆ တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ဆင်းရဲချမ်းသာမဟုတ်သော အလယ်အလတ်ခံစားမှု(ဥပေက္ခာဝေဒနာ) 'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်၏။

**တိက်မုတ်** (သုခ,ဒုက္ခ,အဒုက္ခမသုခဟူသော)ဝေဒနာသုံးပါးတို့သည်ရင်း၊ ရုပ်သည်ရင်း၊ နိဗ္ဗာန်သည်ရင်း (ရှိ၏)။ ဤတရားတို့ကို ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း၊ ဆင်းရဲချမ်းသာမဟုတ်သော အလယ်အလတ်ခံစားမှု(ဥပေက္ခာဝေဒနာ)'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၃-ဝိပါကတိက်

**အကျိုး 'ဝိပါက်' တရား** ၁၃၇၉။ (၁) အဘယ်တရားတို့သည် အကျိုး'ဝိပါက်'မည်ကုန်သနည်း။ ဘုံလေးပါးတို့၌( ဖြစ်သော )အကျိုး 'ဝိပါက်'(၃၆)သည် (ရှိ၏)။ဤတရားတို့သည် အကျိုး'ဝိပါက်'မည်ကုန်၏။

**အကျိုးကို ဖြစ်စေသော 'ဝိပါကဓမ္မ'တရား** ၁၃၈၀။ (၂) အဘယ်တရားတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော ရှိသော 'ဝိပါကဓမ္မ'တရား မည်ကုန်သနည်း။ဘုံလေးပါးတို့၌(ဖြစ်သော)ကုသိုလ်(၂၁), အကုသိုလ် (၁၂)သည် (ရှိ၏)။ ဤတရားတို့သည် အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော 'ဝိပါက-ဓမ္မ'တရား မည်ကုန်၏။

**အကျိုးလည်း မဟုတ် အကျိုးကိုလည်း မဖြစ်စေသော 'နေဝ ဝိပါက န ဝိပါကဓမ္မ'တရား** ၁၃၈၁။ (၃) အဘယ် တရားတို့သည် အကျိုး 'ဝိပါက်'လည်း မဟုတ်, အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော 'နေဝ ဝိပါက န ဝိပါကဓမ္မ'တရား မည်ကုန်သ

http://www.dhammadownload.com



နည်း။ ဘုံသုံးပါးတို့၌(ဖြစ်သော) ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှ 'ကိရိယာ'(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အကျိုး 'ဝိပါက်'လည်းမဟုတ်, အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော 'နေဝ ဝိပါက န ဝိပါကဓမ္မ'တရား မည်ကုန်၏။

## ၄-ဥပါဒိန္နတိက်

**ဥပါဒိန္နုပါဒါနိယတရား** ၁၃၉၃။ (၁) အဘယ်တရားတို့သည် (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) စွဲယူလည်း စွဲယူအပ်ကုန်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံလည်း ဖြစ်သော'ဥပါဒိန္နုပါဒါနိယ'တရား ဖြစ်ကုန်သနည်း(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော တရားများကား အဘယ်နည်း)။ ( ကာမ, ရူပ, အရူပ )ဘုံသုံးပါးတို့၌( ဖြစ်သော ) အကျိုး 'ဝိပါက်'(၃၂)၊ ထို့ပြင် (ကုသိုလ် အကုသိုလ်)ကံကို ပြုအပ်သည်၏အဖြစ်(ကံ)ကြောင့်ဖြစ်သော အကြင်(ကမ္မဇ)ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော) 'ဥပါဒိန္နုပါဒါနိယ'တရား ဖြစ်ကုန်၏။ (၉၉၄)

**အနုပါဒိန္နုပါဒါနိယတရား** ၁၃၉၄။ (၂) အဘယ်တရားတို့သည် (အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူအပ်ကုန်သည်ဖြစ်၍ လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာ ဖြစ်သော 'အနုပါဒိန္နုပါဒါနိယ'တရား ဖြစ်ကုန်သနည်း(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်သော တရားများကား အဘယ်နည်း)။(ကာမ, ရူပ,အရူပ) ဘုံသုံးပါးတို့၌ ( ဖြစ်သော )ကုသိုလ်(၁၇)၊ အကုသိုလ်( ၁၂ )၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ ( ဖြစ်သော )ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှ'ကိရိယာ' (၂၀)၊ ထို့ပြင် (ကုသိုလ် အကုသိုလ်)ကံကို ပြုအပ်ပြီးသည်၏အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင်(တိဇ)ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး ကားမဟုတ်, ဥပါဒါန်တို့၏ အာရုံသာဖြစ်သော) 'အနုပါဒိန္နုပါဒါနိယ'တရား ဖြစ်ကုန်၏။ (၉၉၅)

**အနုပါဒိန္န အနုပါဒါနိယတရား** ၁၃၉၅။ (၃) အဘယ်တရားတို့သည်(အာရုံပြုသောအားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် (အကျိုး၏ အဖြစ်ဖြင့်) မစွဲယူလည်း မစွဲယူအပ်ကုန်သည်ဖြစ်၍ လွန်စွာစွဲလမ်းတတ်သော'ဥပါဒါန်'တရားတို့၏ အာရုံလည်း မဟုတ်သော 'အနုပါဒိန္န အနုပါဒါနိယ'တရား ဖြစ်ကုန်သနည်း (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းမဟုတ်, ဥပါဒါန်တို့၏ အာရုံလည်းမဟုတ်သော တရားများကား အဘယ်နည်း)။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ထို့ပြင် ဖိုလ်လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းမဟုတ်, ဥပါဒါန်တို့၏ အာရုံလည်းမဟုတ်သော) 'အနုပါဒိန္န အနုပါဒါနိယ' တရားဖြစ်ကုန်၏။ (၉၉၆)

http://www.dhammadownload.com



## ၅-သံကိလိဋ္ဌတိက်

**သံကိလိဋ္ဌ သံကိလေသိကတရား** ၁၃၉၆။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့ကို( ရခြင်းငှါ ) ထိုက်သော'သံကိလိဋ္ဌ သံကိလေသိက'တရား ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့်လည်းယှဉ်၍ 'သံကိလိဋ္ဌ', ကိလေသာတို့၏ အာရုံ 'သံကိလေသိက'လည်းဖြစ်သော တရားတို့ကား အဘယ်နည်း)။ အကုသိုလ်စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်လည်းယှဉ်၍ 'သံကိလိဋ္ဌ', ကိလေသာတို့၏အာရုံ 'သံကိလေသိက'လည်းဖြစ်သော) 'သံကိလိဋ္ဌ သံကိလေသိက'တရား ဖြစ်ကုန်၏။ (၉၉၇)

**အသံကိလိဋ္ဌ သံကိလေသိကတရား** ၁၃၉၇။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်သည်ဖြစ်၍ (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ တရားတို့ကို (ရခြင်းငှါ)သာ ထိုက်သော 'အသံကိလိဋ္ဌ သံကိလေသိက'တရား ဖြစ်ကုန်သနည်း (ကိလေသတို့နှင့် ပယှဉ် 'အသံကိလိဋ္ဌ',ကိလေသာတို့၏ အာရုံ'သံကိလေသိက'သာ ဖြစ်သော တရားတို့ကား အဘယ်နည်း)။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော)ကုသိုလ် (၁၇)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) အကျိုး'ဝိပါက်' (၃၂)၊ (ကာမ,ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှ 'ကိရိယာ'(၂၀)၊ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ဤတရားတို့သည် (ကိလေသာတို့နှင့် မယှဉ် 'အသံကိလိဋ္ဌ',ကိလေသာတို့၏ အာရုံ 'သံကိလေသိက' သာဖြစ်သော) 'အသံကိလိဋ္ဌ သံကိလေသိက'တရား ဖြစ်ကုန်၏။ (၉၉၈)

**အသံကိလိဋ္ဌ အသံကိလေသိကတရား** ၁၃၉၈။ (၃) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ်နှိပ်စက်တတ်သော'ကိလေသ'တရားတို့သည် ပူလည်း မပူပန်စေအပ် နှိပ်လည်းမနှိပ်စက်အပ်ကုန်မူ၍(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့ကို (ရခြင်းငှါ) ထိုက်လည်း မထိုက်သော 'အသံကိလိဋ္ဌ အသံကိလေသိက'တရားဖြစ်ကုန်သနည်း (ကိလေသာတို့နှင့်လည်း မယှဉ် 'အသံကိလိဋ္ဌ', ကိလေသာတို့၏ အာရုံလည်း မဖြစ်သော 'အသံကိလေသိက' တရားတို့ကား အဘယ်နည်း)။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ထို့ပြင် ဖိုလ်လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်လည်း မယှဉ် ကိလေသာတို့၏ အာရုံလည်း မဖြစ်သော 'အသံကိလိဋ္ဌ အသံကိလေသိက'တရား ဖြစ်ကုန်၏။ (၉၉၉)

## ၆-ဝိတက္ကတိက်

**သဝိတက္က သဝိစာရတရား** ၁၃၉၉။ (၁) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'နှင့်လည်း တကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်း တကွ ဖြစ်သော 'သဝိတက္က သဝိစာရ'တရား ဖြစ်ကုန်သနည်း (ဝိတက်,ဝိစာရတို့နှင့် ယှဉ်သော တရားများကား

http://www.dhammadownload.com



အဘယ်နည်း)။ ကာမာဝစရကုသိုလ် (၈)၊ အကုသိုလ် (၁၂)၊ ကာမာဝစရကုသိုလ်၏ အကျိုး 'ဝိပါက်'မှ စိတ္တုပ္ပါဒ် (ဝိပါက်စိတ်) တဆယ့်တပါး၊အကုသိုလ်၏ အကျိုး'ဝိပါက်'မှ(ဝိပါက်စိတ်) နှစ်ပါး၊ကိရိယာမှ(ကာမ)ကိရိယာ တဆယ့်တပါး၊ ကုသိုလ်မှ ရူပါဝစရ ပဌမစျာန် (၁)၊ ဝိပါက်မှ ရူပါဝစရပဌမစျာန် (၁)၊ကိရိယာမှ ရူပါဝစရပဌမစျာန်(၁)၊ ကုသိုလ်မှ လောကုတ္တရာ ပဌမစျာန် (၄)၊ ဝိပါက်မှ လောကုတ္တရာပဌမစျာန် (၄)၊ ဤ (ငါးဆယ့်ငါးပါးသော) စိတ်တို့၌ ဖြစ်ကုန်သော ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့ကို ချန်ထား၍ (ကြွင်းသောစေတသိက် ငါးဆယ်တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ကြံစည်မှု'ဝိတက်'နှင့်လည်းတကွ သုံးသပ်မှု'ဝိစာရ'နှင့်လည်း တကွ ဖြစ်သော 'သဝိတက္က သဝိစာရ'တရား ဖြစ်ကုန်၏။ (၁၀၀၀)

**အဝိတက္က ဝိစာရမတ္တတရား** ၁၄၀၀။ (၂) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'ကား မရှိ သုံးသပ်မှု'ဝိစာရ' မျှသာရှိသော (ဝိတက်နှင့်ကား မယှဉ်, ဝိစာရနှင့်သာ ယှဉ်သော) 'အဝိတက္က ဝိစာရမတ္တ'တရား ဖြစ်ကုန်သနည်း။ ရူပါဝစရ (စျာန်) ပဉ္စကနည်း၌ ကုသိုလ်မှ ဒုတိယစျာန် (၁), ဝိပါက်မှ ဒုတိယစျာန် (၁), ကိရိယာမှ ဒုတိယစျာန် (၁)၊ လောကုတ္တရာ(စျာန်) ပဉ္စကနည်း၌ ကုသိုလ်မှ ဒုတိယစျာန် (၄), ဝိပါက်မှ ဒုတိယစျာန် (၄)၊ ဤ(တဆယ့်တပါးသော)စိတ်တို့၌ဖြစ်သော သုံးသပ်မှု 'ဝိစာရ'ကို ချန်ထား၍ (ကြွင်းသောစေတသိက် သုံးဆယ့်မခြောက်)၊ (သဝိတက္ကစိတ် ၅၅ ခု၌ရှိသော) ကြံစည်မှု 'ဝိတက်' သည် (ရှိ၏)။ ဤတရားတို့သည် ကြံစည်မှု 'ဝိတက်'ကားမရှိ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော (ဝိတက်နှင့်ကားမယှဉ် ဝိစာရနှင့်သာယှဉ်သော) 'အဝိတက္က ဝိစာရမတ္တ'တရား ဖြစ်ကုန်၏။ (၁၀၀၁)

**အဝိတက္က အဝိစာရတရား** ၁၄၀၁။ (၃) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'လည်းမရှိ, သုံးသပ်မှု 'ဝိစာရ'လည်း မရှိသော 'အဝိတက္က အဝိစာရ'တရား ဖြစ်ကုန်သနည်း (ဝိတက်ဝိစာရတို့နှင့် မယှဉ်သော တရားများကား အဘယ်နည်း)။ ဒွေပဉ္စဝိညာဏ် (၁၀)၊ ကုသိုလ်မှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ, စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထ, ပဉ္စမစျာန် ၃)၊ ဝိပါက်မှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရဒုတိယ,တတိယ,စတုတ္ထစျာန်၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထ, ပဉ္စမစျာန် ၃)၊ ကိရိယာမှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ,တတိယ, စတုတ္ထစျာန် ၃၊ပဉ္စကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထ, ပဉ္စမစျာန် ၃)၊ ကုသိုလ်မှ အရူပစျာန် (၄)၊ ဝိပါက်မှ အရူပစျာန် (၄)၊ ကြိယာမှ အရူပစျာန် (၄)၊ ကုသိုလ်မှ လောကုတ္တရာတိက တိကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ,တတိယ, စတုတ္ထစျာန် ၁၂၊ပဉ္စကနည်းအားဖြင့် လောကုတ္တရာ တတိယ, စတုတ္ထ, ပဉ္စမစျာန် ၁၂)၊ ဝိပါက်မှ လောကုတ္တရာတိက တိကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ တတိယ, စတုတ္ထ, ပဉ္စမစျာန် ၁၂)၊ ပဉ္စကနည်း၌ ဒုတိယစျာန်၌ ဖြစ်သော သုံးသပ်မှု 'ဝိစာရ' (၁၁)၊ ရုပ် (၂၈)၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ကြံစည်မှု 'ဝိတက်'လည်းမရှိ, သုံးသပ်မှု 'ဝိစာရ'လည်းမရှိသော (ဝိတက်,ဝိစာရတို့နှင့် မယှဉ်သော)'အဝိတက္က အဝိစာရ' တရားဖြစ်ကုန်၏။ (၁၀၀၂)

http://www.dhammadownload.com



**တိက်မှတ်** ဝိတက်နှင့် တကွဖြစ်သော (ဝိတက်နှင့်ယှဉ်သော)'ဝိစာရ'ကို 'ဝိတက်' 'ဝိစာရ' နှစ်ပါးစလုံးနှင့် ယှဉ်၏ဟူ၍ရှင်း၊ ဝိတက်နှင့်ကား မယှဉ် ဝိစာရနှင့်သာ ယှဉ်၏ဟူ၍ရှင်း၊ 'ဝိတက်' 'ဝိစာရ'နှစ်ပါးစလုံးနှင့် မယှဉ်ဟူ၍ရှင်း မဆိုအပ် မဆိုထိုက်။

## ၇-ပီတိတိက်

**ပီတိသဟဂတတရား** ၁၄၀၂။ (၁) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) 'ပီတိသဟဂတ' တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ အကုသိုလ်မှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်) လေးပါး၊ ကာမာဝစရကုသိုလ်၏အကျိုး 'ဝိပါက်'မှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်) ငါးပါး၊ကိရိယာမှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်) ငါးပါး၊ ကုသိုလ်မှ ရူပါဝစရဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃)၊ ဝိပါက်မှ ရူပါဝစရဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃)၊ကိရိယာမှရူပါဝစရဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃)၊ ကုသိုလ်မှ လောကုတ္တရာဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမဈာန် ၄, ဒုတိယဈာန် ၄, ပေါင်း ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂)၊ ဝိပါက်မှ လောကုတ္တရာဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာပဌမဈာန် ၄, ဒုတိယဈာန် ၄, ပေါင်း ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂)၊ ဤ (ငါးဆယ့်တပါးသောစိတ်) တို့၌ ဖြစ်သော နှစ်သက်မှု 'ပီတိ'ကို ချန်ထား၍ (ကြွင်းသောစေတသိက် လေးဆယ့်ခြောက်ပါး တို့သည် ရှိကုန်၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) 'ပီတိသဟဂတ'တရား ဖြစ်ကုန်၏ (ပီတိသဟဂုတ်စိတ် ၅၁, ပီတိကြဉ်ယှဉ်ဘက် စေတသိက်)။ (၁၀၀၃)

**သုခသဟဂတတရား** ၁၄၀၃။ (၂) အဘယ်တရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွဖြစ်သော (သုခဝေဒနာနှင့်ယှဉ်သော) 'သုခသဟဂတ' တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ အကုသိုလ်မှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်) လေးပါး၊ ကာမာဝစရကုသိုလ်၏ အကျိုး 'ဝိပါက်'မှ (သုခသဟဂုတ်စိတ္တုပ္ပါဒ်)ခြောက်ပါး၊ကိရိယာမှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်)ငါးပါး၊ ကုသိုလ်မှ ရူပါဝစရ တိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်း အားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ဝိပါက်မှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်း အားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ ကုသိုလ်မှ လောကုတ္တရာတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၁၆)၊ ဝိပါက်မှ လောကုတ္တရာတိက စတုက္ကဈာန် (စတုက္ကနည်း အားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ

http://www.dhammadownload.com



ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၆)၊ ဤ(ခြောက်ဆယ့်သုံးပါးသော စိတ်)တို့၌ ဖြစ်သော ချမ်းသာမှု 'သုခ'ကို ချန်ထား၍ (ကြွင်းသော စေတသိက် လေးဆယ့်ခြောက်ပါး တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သော (သုခဝေဒနာနှင့်ယှဉ်သော) 'သုခသဟဂတ'တရား ဖြစ်ကုန်၏။ (၁၀၀၄)

ဥပေက္ခာသဟဂတတရား ၁၄၀၄။ (၃) အဘယ်တရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော (ဥပေက္ခာနှင့်ယှဉ်သော) 'ဥပေက္ခာသဟဂတ' တရားဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ အကုသိုလ်မှ (ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်) ခြောက်ပါး၊ ကာမာဝစရကုသိုလ်၏အကျိုး'ဝိပါက်'မှ (ဥပေက္ခာ သဟဂုတ်စိတ္တုပ္ပါဒ်) ဆယ်ပါး၊ အကုသိုလ်၏ အကျိုး'ဝိပါက်'မှ (ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်) ခြောက်ပါး၊ ကိရိယာမှ (ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်) ခြောက်ပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထစျာန်(၁)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်)ရူပါဝစရ စတုတ္ထစျာန် (၁)၊ ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထစျာန် (၁)၊ ကုသိုလ်မှ အရူပစျာန် လေးပါး၊ ဝိပါက်မှ အရူပစျာန်လေးပါး၊ ကိရိယာမှ အရူပစျာန်လေးပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်)လောကုတ္တရာစတုတ္ထစျာန် (၄)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်) လောကုတ္တရာ စတုတ္ထစျာန်(၄)၊ ဤ (ငါးဆယ့်ငါးပါးသောစိတ်) တို့၌ ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာ'ကို ချန်ထား၍ (ကြွင်းသော စေတသိက် လေးဆယ့်ခြောက်ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော (ဥပေက္ခာနှင့် ယှဉ်သော) 'ဥပေက္ခာ သဟဂတ' တရား ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ်, ဥပေက္ခာဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်)။

နှစ်သက်မှု 'ပီတိ'သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ မဖြစ်၊ ချမ်းသာမှု 'သုခ'နှင့် တကွဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွမဖြစ်။

ချမ်းသာမှု'သုခ'သည် ချမ်းသာမှု 'သုခ' နှင့်တကွမဖြစ်၊ ရံခါ နှစ်သက်မှု 'ပီတိ' နှင့်တကွဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွမဖြစ်၊ ရံခါ နှစ်သက်မှု'ပီတိ'နှင့်တကွ ဖြစ်၏ဟု မဆိုအပ် မဆိုထိုက်။

တိက်မုတ် ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်၊ ဥပေက္ခာဝေဒနာ၊ ရုပ်၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့ကို နှစ်သက်မှု'ပီတိ'နှင့်တကွဖြစ်ကုန်၏ ဟူ၍၎င်း၊ ချမ်းသာမှု 'သုခ' နှင့်တကွဖြစ်ကုန်၏ဟူ၍၎င်း၊ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွဖြစ်ကုန်၏ ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။ (၁၀၀၅)

## ဂ-ဒဿနတိက်

ဒဿနေန ပဟာတဗ္ဗတရား ၁၄၀၅။ (၁) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သော 'ဒဿန') သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရားတို့ ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ် (၁)သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့်ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်၏ (သောတာပတ္တိမဂ်သည် အကြွင်းမရှိ ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



**ဘာဝနာယ ပဟာတဗ္ဗတရား** ၁၄၀၆။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ' တရားတို့ဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် (၁) သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ'တရားတို့ဖြစ်ကုန်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား(ဤတရားတို့အနက်မှ အပါယ်သို့လားစေတတ်သည့် အစိတ်အပိုင်းဖြစ်သော တရားအချို့တို့သည်) သောတာပတ္တိမဂ်ဖြင့်ပယ်အပ်သော'ဒဿနေန ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်၏၊ အချို့ကား (ကြွင်းကျန်သည့်အစိတ်အပိုင်း အချို့တရားတို့သည်) အထက်မဂ်သုံးပါးတို့ဖြင့် ပယ်အပ်သော'ဘာဝနာယ ပဟာတဗ္ဗ'တရားတို့ ဖြစ်ကုန်၏။

**နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗတရား** ၁၄၀၇။ (၃)အဘယ်တရားတို့သည် သောတာပတ္တိမဂ်ဖြင့်လည်း မပယ်အပ်၊ အထက်မဂ်သုံးပါးဖြင့်လည်း မပယ်အပ်သော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ' တရားဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ, အပရိယာပန္န)ဘုံလေးပါးတို့၌ ဖြစ်သော ကုသိုလ်(၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န)ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြင့်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'စိတ်(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့်လည်း မပယ်အပ်၊ အထက်မဂ်သုံးပါးဖြင့်လည်း မပယ်အပ်သော 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏ (ကုသိုလ်,ဝိပါက်,ကိရိယာစိတ်,ယှဉ်ဘက် စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၉-ဒဿနဟေတုတိက်

**ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၄၀၈။ (၁) အဘယ်တရားတို့သည်(နိဗ္ဗာန်ကိုရှေးဦးစွာ မြင်တတ်သော'ဒဿန') 'သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော (ဟိတ်နှင့် ယှဉ်သော)'ဒဿနေန ပဟာတဗ္ဗဟေတုက' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ ဤ (ဝိစိကိစ္ဆာသဟဂုတ်စိတ်)၌ ဖြစ်သော (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ'ကို ချန်ထား၍ (ကြွင်းသောစေတသိက်(၂၂)ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) ရှိသော (ဟိတ်နှင့် ယှဉ်သော) 'ဒဿနေန ပဟာတဗ္ဗဟေတုက' တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ရှိသော မောဟမှတပါး အခြားသော ယှဉ်ဘက်စေတသိက်)။

**ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၄၀၉။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သောအကြောင်းရင်း အခြေအမြစ် (ဟိတ်)ရှိသော (ဟိတ်နှင့်ယှဉ်သော) 'ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရား ဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်(၁)၊ ဤ(ဥဒ္ဓစ္စသဟဂုတ်စိတ်)၌ ရှိသော မောဟကို ချန်ထား၍ (ကြွင်းသော စေတသိက် ၁၄-ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား

http://www.dhammadownload.com



(ဤတရားတို့အနက်မှ အပါယ်သို့လားစေတတ်သည့်အစိတ်အပိုင်းဖြစ်သော တရားအချို့တို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်)ရှိသော ဒဿနေန ပဟာတဗ္ဗ ဟေတုက တရားဖြစ်ကုန်၏။ အချို့ကား (ကြွင်းကျန်သည့် အစိတ်အပိုင်း တရားအချို့တို့သည်) အထက်မဂ်သုံးပါးဖြင့်ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော (ဟိတ်နှင့်ယှဉ်သော) 'ဘာဝနာယ ပဟာတဗ္ဗဟေတုက' တရား ဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူဒွေ့, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟမှတပါး အခြားသော ယှဉ်ဘက် စေတသိက်)။

**နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၄၁၀။ (၃) အဘယ်တရားတို့သည် သောတာပတ္တိမဂ်ဖြင့်လည်း ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိ, အထက်မဂ်သုံးပါးဖြင့်လည်း ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိသော (ဟိတ်နှင့်မယှဉ်သော) 'နေဝ ဒဿနေန န ဘာဝနာယပဟာတဗ္ဗ ဟေတုက'တရားဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာနှင့် တကွဖြစ်သော တွေဝေမှု 'ဝိစိကိစ္ဆာ သဟဂုတ်မောဟ'၊ ဥဒ္ဓစ္စနှင့် တကွဖြစ်သော တွေဝေမှု 'ဥဒ္ဓစ္စသဟဂုတ်မောဟ'၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ကုသိုလ်(၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက်(၃၆)၊ (ကာမ, ရူပ, အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤ တရားတို့သည် သောတာပတ္တိမဂ်ဖြင့်လည်း ပယ်အပ်သောအကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိသော, အထက်မဂ်သုံးပါးဖြင့်လည်း ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိသော (ဟိတ်နှင့် မယှဉ်သော) 'နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုက' တရား ဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဝိစိကိစ္ဆာသဟဂုတ်မောဟ, ဥဒ္ဓစ္စသဟဂုတ်မောဟ, ရုပ်, နိဗ္ဗာန်)။

## ၁၀-အာစယဂါမိတိက်

**အာစယဂါမိတရား** ၁၄၁၁။ (၁) အဘယ်တရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ)ကုသိုလ်(၁၇)၊ အကုသိုလ် (၁၂) သည် (ရှိ၏)။ ဤတရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ'တရား ဖြစ်ကုန်၏။

**အပစယဂါမိတရား** ၁၄၁၂။ (၂) အဘယ်တရားတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ'တရား ဖြစ်ကုန်၏ (မဂ်စိတ်, ယှဉ်ဘက်စေတသိက်)။

**နေဝါစယဂါမိ နာပစယဂါမိတရား** ၁၄၁၃။ (၃) အဘယ်တရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်း (ရောက်စေတတ်သည်)လည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်း (ရောက်စေတတ်သည်)လည်း မဟုတ်သော 'နေဝါစယ-

http://www.dhammadownload.com



ဂါမိ နာပစယဂါမိ'တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှ 'ကိရိယာ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ပဋိသန္ဓေစုတိသို့ ရောက်ကြောင်း (ရောက်စေတတ်သည်)လည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း (ရောက်စေတတ်သည်) လည်း မဟုတ်သော 'နေဝါစယဂါမိ နာပစယဂါမိ'တရား ဖြစ်ကုန်၏ (ဝိပါက်စိတ်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၁၁-သေက္ခတိက်

**သေက္ခတရား** ၁၄၁၄။ (၁) အဘယ်တရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်)ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော 'သေက္ခ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ထို့ပြင် အောက်၌ဖြစ်သော ကိလေသာငြိမ်းကြောင်း 'သာမည' (မဂ်)၏အကျိုး (အောက်ဖိုလ်) သုံးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော 'သေက္ခ'တရား ဖြစ်ကုန်၏ (မဂ်စိတ်လေးခု, အောက်ဖိုလ်သုံးခု, ယှဉ်ဘက် စေတသိက်)။

**အသေက္ခတရား** ၁၄၁၅။ (၂) အဘယ်တရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော 'အသေက္ခ'တရား ဖြစ်ကုန်သနည်း။ (အောက်ဖိုလ်သုံးပါးတို့၏) အထက်၌ တည်သော အရဟတ္တဖိုလ်သည်(ရှိ၏)။ ဤတရားတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သော 'အသေက္ခ'တရားဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ်, ယှဉ်ဘက် စေတသိက်)။

**နေဝသေက္ခ နာသေက္ခတရား** ၁၄၁၆။ (၃) အဘယ်တရားတို့သည်(အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော 'နေဝသေက္ခ နာသေက္ခ'တရား ဖြစ်ကုန်သနည်း (အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ ဥစ္စာမဟုတ်သော တရားများကား အဘယ်နည်း)။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုကာမျှ 'ကိရိယာ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည်(အရဟတ္တဖိုလ်သို့ရောက်ရန်)ကျင့်ဆဲ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်းမဟုတ်, (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော(အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ ဥစ္စာမဟုတ်သော) 'နေဝသေက္ခ နာသေက္ခ'တရား ဖြစ်ကုန်၏ (အကုသိုလ်, လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)။

http://www.dhammadownload.com



## ၁၂-ပရိတ္တတိက်

**ပရိတ္တတရား** ၁၄၁၇။ (၁) အဘယ်တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ် (၈)၊ အကုသိုလ် (၁၂)၊ အလုံးစုံသော ကာမာဝစရဝိပါက် (၂၃)၊ ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ပြုကာမျှဖြစ်သည့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကာမာဝစရကြိယာဗျာကတ' စိတ်(၁၁)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။ ဤတရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရား ဖြစ်ကုန်၏ (ကာမစိတ်, စေတသိက်, ရုပ်)။

**မဟဂ္ဂတတရား** ၁၄၁၈။ (၂) အဘယ်တရားတို့သည် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရား ဖြစ်ကုန်သနည်း။ ရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ'ကုသိုလ် (၅)၊ အရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ'ကုသိုလ် (၄)၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော (မဟဂ္ဂုတ်ဝိပါက်) အဗျာကတ (၉)၊ (မဟဂ္ဂုတ်ကြိယာ) အဗျာကတ (၉)တို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရား ဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ်, ယှဉ်ဘက် စေတသိက်)။

**အပ္ပမာဏတရား** ၁၄၁၉။ (၃) အဘယ်တရားတို့သည်(နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည့်တို့၏ ဆန့်ကျင်ဘက် ဖြစ်သည့်)မနှိုင်းယှဉ်အပ်သော'အပ္ပမာဏ' တရားဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်းသာမည'(မဂ်)၏အကျိုး(ဖိုလ်)လေးပါး၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၁၃-ပရိတ္တာရမ္မဏတိက်

**ပရိတ္တာရမ္မဏတရား** ၁၄၂၀။ (၁) အဘယ်တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရား(ကာမတရား)လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ အလုံးစုံသော ကာမာဝစရဝိပါက် (၂၃)၊ ကိရိယာမနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်း ၁)၊ သောမနဿသဟဂုတ် (အဟိတ်) ကြိယာ မနောဝိညာဏဓာတ် (ဟသိတုပ္ပါဒ်)သည် (ရှိ၏)။ ဤ (၂၅-ပါးသော)တရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရား(ကာမတရား)လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ'တရား ဖြစ်ကုန်၏ (ကာမတရားကို ကေန်အာရုံပြုသော ကာမဝိပါက်, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်စိတ်, ယှဉ်ဘက် စေတသိက်)။

**မဟဂ္ဂတာရမ္မဏတရား** ၁၄၂၁။ (၂) အဘယ်တရားတို့သည် ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ ဝိညာဏဉ္စာယတနစျာန်စိတ်(၃)၊နေဝသညာ နာသညာယတနစျာန်စိတ် (၃)သည် (ရှိ၏)။ ဤတရား(ခြောက်ပါး)တို့သည် ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ'တရား ဖြစ်ကုန်၏ (ဝိညာဏဉ္စာယတနစိတ်, နေဝသညာ နာသညာယတနစိတ်, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



အပ္ပမာဏာရမ္မဏတရား ၁၄၂၂။ (၃) အဘယ်တရားတို့သည် (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' (လောကုတ္တရာ) တရားလျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ကိလေသာ ငြိမ်းကြောင်း 'သာမည' (မဂ်) ၏ အကျိုး (ဖိုလ်) လေးပါးတို့သည် (ရှိကုန်၏)။ ဤတရား(ရှစ်ပါး) တို့သည် (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရား (လောကုတ္တရာတရား) လျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်)။

ကာမာဝစရကုသိုလ်မှ ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ကြိယာမှ ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ အလုံးစုံသော အကုသိုလ် (တဆယ့်နှစ်ပါး) သည် (ရှိ၏)။ ဤ(နှစ်ဆယ်သော) တရားတို့သည် ရံခါ နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ' တရားဖြစ်ကုန်၏၊ ရံခါ ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ' တရားဖြစ်ကုန်၏ (ဟု ဆိုအပ် ဆိုထိုက်၏)၊ (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရား (လောကုတ္တရာတရား) လျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရားတို့ကား မဟုတ်ကုန်။ ။ရံခါ နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ' တရား ဖြစ်ကုန်၏ဟူ၍ရှင်း၊ ရံခါ ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ' တရား ဖြစ်ကုန်၏ဟူ၍ရှင်း မဆိုအပ် မဆိုထိုက်ကုန်။

ကာမာဝစရကုသိုလ်မှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ကိရိယာမှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ထို့ပြင် ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန် (၁)၊ ထို့ပြင် ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန် (၁)၊ ဥပေက္ခာသဟဂုတ်ကြိယာ အဟိတ် မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်း) သည် (ရှိ၏)။ ဤ (တဆယ့်တပါးသော) တရားတို့သည် ရံခါ နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရားလျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ' တရား ဖြစ်ကုန်၏၊ ရံခါ ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ' တရား ဖြစ်ကုန်၏၊ ရံခါ (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရား (လောကုတ္တရာတရား) လျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရားဖြစ်ကုန်၏ (ဟု ဆိုအပ် ဆိုထိုက်ကုန်၏)။ ။ရံခါ နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ' တရား ဖြစ်၏ဟူ၍ရှင်း၊ ရံခါ ကြီးကျယ် မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ' တရား ဖြစ်ကုန်၏ဟူ၍ရှင်း၊ ရံခါ (နှိုင်းယှဉ်မှုကိုပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ' တရား (လောကုတ္တရာတရား) လျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ' တရား ဖြစ်ကုန်၏ဟူ၍ရှင်း မဆိုအပ် မဆိုထိုက်ကုန်။

ကုသိုလ်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ဝိပါက်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စက

http://www.dhammadownload.com



နည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန် ဝိပါက် (၁)၊ အာကာသာနဉ္စာယတနစျာန် (၃)၊ အာကိဉ္စညာယတနစျာန် (၃)သည် ရှိ၏။ ဤတရားတို့သည် နည်းပါးသော အာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား)လျှင် အာရုံရှိသော 'ပရိတ္တာရမ္မဏ'တရား ဖြစ်ကုန်၏ ဟူ၍ရင်း, ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'တရားလျှင် အာရုံရှိသော 'မဟဂ္ဂတာရမ္မဏ'တရား ဖြစ်ကုန်၏ ဟူ၍ရင်း၊ (နှိုင်းယှဉ်မှုကို ပြုတတ်သော ရာဂစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့်) မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား (လောကုတ္တရာတရား)လျှင် အာရုံရှိသော 'အပ္ပမာဏာရမ္မဏ'တရား ဖြစ်ကုန်၏ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း အာရုံမပြုတတ်သော 'အနာရမ္မဏ'တရား ဖြစ်ကုန်၏။

## ၁၄-ဟီနတိက်

**ဟီနတရား** ၁၄၂၃။ (၁) အဘယ်တရားတို့သည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်ကုန်သနည်း။ အကုသိုလ်စိတ္တုပ္ပါဒ်တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

**မဇ္ဈိမတရား** ၁၄၂၄။ (၂) အဘယ်တရားတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရားဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ်(၁၇)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်)။

**ပဏီတတရား** ၁၄၂၅။ (၃) အဘယ်တရားတို့သည် မွန်မြတ်သော 'ပဏီတ' တရားဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ကလေသာငြိမ်းကြောင်း 'သာမည' (မဂ်)၏အကျိုး (ဖိုလ်)လေးပါး၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် မွန်မြတ်သော 'ပဏီတ'တရားဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၁၅-မိစ္ဆတ္တတိက်

**မိစ္ဆတ္တနိယတတရား** ၁၄၂၆။ (၁) အဘယ်တရားတို့သည် ဖောက်ပြန်သော သဘောရှိကုန်၍ (စုတိ၏ အခြားမဲ့၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ် နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရား (ခြောက်ပါး)တို့သည် ရံခါ ဖောက်ပြန်သော သဘော ရှိကုန်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏၊ ရံခါ မမြဲကုန်။(ဒိဋ္ဌိဂတသမ္ပယုတ်သတ္တမဇော, ဒေါသမူသတ္တမဇော, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



**သမ္မတ္တနိယတတရား** ၁၄၂၇။ (၂) အဘယ်တရားတို့သည် မဖောက်ပြန်သော သဘောရှိကုန်၍ (မိမိ၏ အခြားမဲ့၌) အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါးတို့သည်(ရှိကုန်၏)။ ဤတရားတို့သည် မဖောက်ပြန်သောသဘော ရှိကုန်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားဖြစ်ကုန်၏ (မဂ်စိတ်,ယှဉ်ဘက်စေတသိက်)။

**အနိယတတရား** ၁၄၂၈။ (၃) အဘယ်တရားတို့သည် (စုတိ၏ အခြားမဲ့၌ရင်း မိမိ၏အခြားမဲ့၌ရင်း) အကျိုးပေးမမြဲသော 'အနိယတ'တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ် (၁)၊ ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ် (၁)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ်(၁၇)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'စိတ်(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည်(ရှိ၏)။ ဤတရားတို့သည် (စုတိ၏ အခြားမဲ့၌ရင်း မိမိ၏အခြားမဲ့၌ရင်း) အကျိုးပေးမမြဲသော 'အနိယတ' တရားဖြစ်ကုန်၏(ဒိဋ္ဌိဂတသမ္ပယုတ်သတ္တမဇောနှင့် ဒေါသမူဒွေသတ္တမဇောကြဉ်သော အကုသိုလ်,လောကီကုသိုလ်, ဝိပါက်,ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၁၆-မဂ္ဂါရမ္မဏတိက်

**မဂ္ဂါရမ္မဏ, မဂ္ဂဟေတုက, မဂ္ဂါဓိပတိတရား** ၁၄၂၉။ အဘယ်တရားတို့သည် မဂ်တည်းဟူသော အာရုံရှိသော 'မဂ္ဂါရမ္မဏ'တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ (ကာမာဝစရ) ကိရိယာမှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ရံခါ မဂ်တည်းဟူသော အာရုံရှိသော 'မဂ္ဂါရမ္မဏ'တရားဖြစ်ကုန်၏၊ (ဤတရားတို့သည်) မဂ်တည်းဟူသော အကြောင်းရင်း အခြေအမြစ် (ဟိတ်) ရှိသော 'မဂ္ဂဟေတုက' တရားများကား မဟုတ်ကုန်၊ ရံခါ မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ' ရှိသော 'မဂ္ဂါဓိပတိ'တရားဖြစ်ကုန်၏ (ဟု ဆိုအပ် ဆိုထိုက်၏)၊ ရံခါ မဂ်တည်းဟူသော အာရုံရှိကုန်၏ဟူ၍ရင်း မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ'ရှိကုန်၏ ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

အရိယမဂ်လေးပါးတို့သည် မဂ်တည်းဟူသော အာရုံရှိသော 'မဂ္ဂါရမ္မဏ' တရားမဟုတ်ကုန်၊ မဂ်တည်းဟူသောအကြောင်းရင်း အခြေအမြစ် (ဟိတ်)ရှိသော 'မဂ္ဂဟေတုက' တရားဖြစ်ကုန်၏၊ ဤတရားတို့သည် ရံခါ မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ' ရှိသော 'မဂ္ဂါဓိပတိ' တရားဖြစ်ကုန်၏ (ဟု ဆိုအပ် ဆိုထိုက်၏)။ ရံခါ မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ' ရှိသော 'မဂ္ဂါဓိပတိ' တရားဟူ၍ မဆိုအပ် မဆိုထိုက်ကုန်။

ကုသိုလ်မှ(စတုက္ကနည်းအားဖြင့်)ရူပါဝစရစတုတ္ထဈာန်(၁)၊ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထဈာန်(၁)၊ ဥပေက္ခာသဟဂုတ် ကြိယာ အဟိတ်မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်း)သည် (ရှိ၏)။ ဤတရား (သုံးပါး)တို့သည် ရံခါ မဂ်လျှင် အာရုံရှိသော တရားဖြစ်ကုန်၏ (ဟု ဆိုအပ် ဆိုထိုက်၏)၊ မဂ်တည်းဟူသော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော

http://www.dhammadownload.com



တရားများကား မဟုတ်ကုန်၊ မဂ်တည်းဟူသော အကြီးအမှူး 'အဓိပတိ'ရှိသော တရား မဟုတ်ကုန်၊ (ဤတရားတို့ကို) ရံခါ မဂ်လျှင် အာရုံရှိသော တရားဟူ၍ မဆိုအပ် မဆိုထိုက်ကုန် (ဤတရားတို့သည် ရံခါ မဂ်ကို အာရုံပြု၍ ရံခါ မဂ်ကို အာရုံမပြုကုန်)။

ကာမာဝစရကုသိုလ်မှ ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ အလုံးစုံသော အကုသိုလ် (၁၂)၊ အလုံးစုံသော ကာမာဝစရဝိပါက်(၂၃)၊ (ကာမာဝစရ) ကိရိယာမှ (ပဉ္စဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်, ဉာဏဝိပ္ပယုတ် ၄) စိတ္တုပ္ပါဒ်ခြောက်ပါး၊ ကုသိုလ်မှ ရူပါဝစရတိကစတုက္ကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ ဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ,စတုတ္ထဈာန် ၄)၊ ဝိပါက်မှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယဈာန် ၃၊ပဉ္စကနည်းအားဖြင့် ရူပါဝစရပဌမ,ဒုတိယ,တတိယ,စတုတ္ထဈာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ ဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ (စတုက္កနည်းအားဖြင့်) ရူပါဝစရစတုတ္ထဈာန် ဝိပါက်(၁)၊ ကုသိုလ်မှ အရူပ(ဈာန်)လေးပါး၊ ဝိပါက်မှ အရူပ (ဈာန်)လေးပါး၊ ကိရိယာမှ အရူပ(ဈာန်)လေးပါး၊ ကိလေသာငြိမ်းကြောင်း 'သမ္မာ' (မဂ်)၏ အကျိုး (ဖိုလ်) လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့ကို မဂ်တည်းဟူသော အာရုံရှိကုန်၏ ဟူ၍၎င်း၊ မဂ်တည်းဟူသောအကြောင်းရင်း (ဟိတ်) ရှိကုန်၏ဟူ၍၎င်း၊ မဂ်တည်းဟူသော အကြီး အမှူး 'အဓိပတိ' ရှိကုန်၏ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

ရုပ်သည်၎င်း နိဗ္ဗာန်သည်၎င်း အာရုံမပြုတတ်သော 'အနာရမ္မဏ'တရား ဖြစ်ကုန်၏။

## ၁၇- ဥပ္ပန္နတိက်

**ဥပ္ပန္နတရား** ၁၄၃၀။ အဘယ်တရားတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ (ဖြစ်ဆဲ) ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ,အရူပ,အပရိယာပန္န)ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက်(၃၆)၊ ထိုပြင် (ကုသိုလ်,အကုသိုလ်) ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ) ကြောင့်ဖြစ်သော အကြင် (ကမ္မဇ) ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ရံခါ ဥပါဒ်,ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ဥပ္ပန္န' တရားဖြစ်ကုန်၏။ ရံခါ မချွတ်ကေန်ဖြစ်လတံ့သော 'ဥပ္ပါဒိ' တရားဖြစ်ကုန်၏။ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န' တရားဟူ၍ မဆိုအပ် မဆိုထိုက်ကုန်။

(ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' စိတ်(၂၀)၊ ထိုပြင် ကံကို ပြုအပ်ခဲ့ပြီးသည်၏ အဖြစ် (ကံ)ကြောင့် မဖြစ်သော အကြင် (တိဇ)ရုပ်သည်(ရှိ၏)။ ဤတရားတို့သည် ရံခါ ဥပါဒ်, ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ဥပ္ပန္န' တရားဖြစ်ကုန်၏၊ ရံခါ ဥပါဒ်, ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န'တရား ဖြစ်ကုန်၏။ မချွတ်ကေန် ဖြစ်လတံ့သော 'ဥပ္ပါဒိ' တရားဟူ၍ မဆိုအပ် မဆို ထိုက်ကုန်။

http://www.dhammadownload.com



**တိက်မုတ်** နိဗ္ဗာန်ကို ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော'ဥပ္ပန္န' တရားဖြစ်၏ဟူ၍ငင်း၊ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီး လည်း မဟုတ်, ရောက်ဆဲလည်းမဟုတ်သော 'အနုပ္ပန္န'တရား ဖြစ်၏ဟူ၍ငင်း၊ မချွတ်ကေန် ဖြစ်လတံ့သော 'ဥပ္ပါဒီ'တရားဟူ၍ငင်း မဆိုအပ် မဆိုထိုက်။

## ၁၈-အတီတတိက်

**အတိတ်,အနာဂတ်,ပစ္စုပ္ပန်တရား** ၁၄၃၁။ နိဗ္ဗာန်ကို ချန်ထား၍ အလုံးစုံသော တရားတို့သည် ရံခါ အတိတ်မည်ကုန်၏၊ ရံခါ အနာဂတ်မည်ကုန်၏၊ ရံခါ ပစ္စုပ္ပန်မည်ကုန်၏။

**တိက်မုတ်** နိဗ္ဗာန်ကို အတိတ်ဟူ၍ငင်း အနာဂတ်ဟူ၍ငင်း ပစ္စုပ္ပန်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်။

## ၁၉-အတီတာရမ္မဏတိက်

**အတီတာရမ္မဏတရား** ၁၄၃၂။ (၁) အဘယ်တရားတို့သည် အတိတ်တရားလျှင် အာရုံရှိသော 'အတီတာရမ္မဏ'တရား ဖြစ်ကုန်သနည်း (အတိတ်တရား ကို အာရုံပြုသော 'အတီတာရမ္မဏ'တရားများကား အဘယ်နည်း)။ ဝိညာဏဉ္စာယတနစျာန်(၃)၊ နေဝသညာ နာသညာယတနစျာန်(၃)သည် (ရှိ၏)။ ဤတရား(ခြောက်ပါး)တို့သည် အတိတ် တရားလျှင် အာရုံရှိသော 'အတီတာရမ္မဏ'တရား ဖြစ်ကုန်၏ (ဝိညာဏဉ္စာယတန, နေဝသညာ-နာသညာယတနစိတ်, ယှဉ်ဘက်စေတသိက်)။

**အနာဂတာရမ္မဏတရား** ၁၄၃၃။ (၂) အမြဲတန်း အနာဂတ်တရားလျှင် အာရုံရှိသော 'အနာဂတာရမ္မဏ' (စိတ်,စေတသိက်) တရားများ မရှိကြ။

**ပစ္စုပ္ပန္နာရမ္မဏတရား** ၁၄၃၄။ (၃) အဘယ်တရားတို့သည် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော 'ပစ္စုပ္ပန္နာရမ္မဏ' တရား ဖြစ်ကုန် သနည်း (ပစ္စုပ္ပန် တရားကို အာရုံပြုသော 'ပစ္စုပ္ပန္နာရမ္မဏ'တရားများကား အဘယ်နည်း)။ ဒွေပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ်သုံးပါးတို့သည် (ရှိကုန်၏)။ ဤတရား (တဆယ့်သုံးပါး)တို့သည် ပစ္စုပ္ပန် တရားလျှင် အာရုံရှိသော 'ပစ္စုပ္ပန္နာရမ္မဏ'တရား ဖြစ်ကုန်၏။

ကာမာဝစရကုသိုလ်၏ ဝိပါက်မှ စိတ္တုပ္ပါဒ်ဆယ်ပါး၊ အကုသလဝိပါက်မှ ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ် (သန္တီရဏ) (၁)၊ သောမနဿသဟဂုတ် ကိရိယာ အဟိတ် မနောဝိညာဏ ဓာတ် (ဟသိတုပ္ပါဒ်) (၁)သည် (ရှိ၏)။ ဤတရား (တဆယ့်နှစ်ပါး)တို့သည် ရံခါ အတိတ် တရားလျှင် အာရုံရှိကုန်၏၊ ရံခါ အနာဂတ်တရားလျှင် အာရုံရှိကုန်၏၊ ရံခါ ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်၏။

ကာမာဝစရကုသိုလ်(၈)၊ အကုသိုလ်(၁၂)၊ (ကာမ)ကိရိယာမှ စိတ္တုပ္ပါဒ် ကိုးပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန်(၁)၊ ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ-စတုတ္ထစျာန် (၁)သည် (ရှိ၏)။ ဤတရား (သုံးဆယ့်တပါး)တို့သည် ရံခါ အတိတ်တရားလျှင်

http://www.dhammadownload.com



အာရုံရှိကုန်၏၊ ရုံခါ အနာဂတ်တရားလျှင် အာရုံရှိကုန်၏၊ ရုံခါ ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်၏။ ရုံခါ အတိတ်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း အနာဂတ်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း မဆိုအပ် မဆိုထိုက်ကုန် (ဤတရား သုံးဆယ့်တပါးတို့သည် ရုံခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အာရုံရှိကုန်၍, ရုံခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အာရုံ မရှိကြကုန်)။

ကုသိုလ်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ဝိပါက်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထစျာန် ဝိပါက် (၁)၊ အာကာသာနဉ္စာယတနစျာန် (၃)၊ အာကိဉ္စညာယတနစျာန် (၃)၊ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာ ငြိမ်းကြောင်း မဂ်၏အကျိုး (ဖိုလ်) လေးပါးတို့သည်(ရှိကုန်၏)။ ဤတရားတို့ကို အတိတ်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း အနာဂတ်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်၏ဟူ၍ငြင်း မဆိုအပ် မဆိုထိုက်ကုန် (ဤတရားတို့သည် ပညတ်နှင့် နိဗ္ဗာန်ကို အာရုံပြုကြ၏)။

ရုပ်သည်ငြင်း နိဗ္ဗာန်သည်ငြင်း အာရုံမပြုတတ်သော 'အနာရမ္မဏ'တရား ဖြစ်ကုန်၏။

## ၂၀-အဇ္ဈတ္တတိက်

**အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓသန္တာန်၌ ဖြစ်သော တရား** ၁၄၃၅။ ဣန္ဒြေနှင့် မစပ်သော 'အနိန္ဒြိယဗဒ္ဓ' ရုပ် (ဣန္ဒြိယဗဒ္ဓရုပ်ရှစ်ပါးမှ ကြွင်းသောရုပ်)ကိုငြင်း နိဗ္ဗာန်ကိုငြင်း ချန်ထား၍ အလုံးစုံသော [စိတ်, စေတသိက်, ဣန္ဒြေနှင့်စပ်သော 'ဣန္ဒြိယဗဒ္ဓ'ရုပ် (ပသာဒရုပ်ငါးခု ဘာဝရုပ်နှစ်ခု ဇီဝိတရုပ်) ]တရားတို့သည် ရုံခါ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ'တရား ဖြစ်ကုန်၏၊ ရုံခါ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော 'ဗဟိဒ္ဓ'တရား ဖြစ်ကုန်၏၊ ရုံခါ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ ဗဟိဒ္ဓ' တရား ဖြစ်ကုန်၏။

ဣန္ဒြေနှင့် မစပ်သော 'အနိန္ဒြိယဗဒ္ဓ'ရုပ်သည်ငြင်း နိဗ္ဗာန်သည်ငြင်း ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော 'ဗဟိဒ္ဓ'တရား ဖြစ်ကုန်၏။

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်

**အဇ္ဈတ္တာရမ္မဏတရား** ၁၄၃၆။ (၁) အဘယ်တရားတို့သည် အဇ္ဈတ္တတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တာရမ္မဏ'တရား ဖြစ်ကုန်သနည်း (အဇ္ဈတ္တတရားကို အာရုံပြုသော တရားများကား အဘယ်နည်း)။ ဝိညာဏဉ္စာယတနစျာန် (၃)၊ နေဝသညာ နာသညာယတနစျာန်(၃)သည် (ရှိ၏)။ ဤတရား (ခြောက်ပါး) တို့သည် အဇ္ဈတ္တတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တာရမ္မဏ'တရား ဖြစ်ကုန်၏ (အဇ္ဈတ္တာရမ္မဏ ကေန်ဖြစ်သော ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတနစိတ်, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



**ဗဟိဒ္ဓါရမ္မဏတရား** ၁၄၃၇။ (၂) အဘယ်တရားတို့သည် ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'ဗဟိဒ္ဓါရမ္မဏ' တရား ဖြစ်ကုန်သနည်း (ဗဟိဒ္ဓတရားကို အာရုံပြုသောတရားများကား အဘယ်နည်း)။ ကုသိုလ်မှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္က နည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ ဝိပါက်မှ ရူပါဝစရ တိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရပဌမ, ဒုတိယ, တတိယ, စတုတ္ထာန် ၄)၊ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထဈာန် ဝိပါက် (၁)၊ အာကာသာနဉ္စာယတနဈာန် (၃)၊ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း မဂ်၏အကျိုး (ဖိုလ်)လေးပါး တို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'ဗဟိဒ္ဓါရမ္မဏ' တရား ဖြစ်ကုန်၏ (အဘိညာဉ်ဒွေမှတပါး ဗဟိဒ္ဓါရမ္မဏကေန်ဖြစ်သော ရူပစိတ်, အာကာသာနဉ္စာယတနစိတ်, မဂ်စိတ်, ဖိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

ရုပ်ကို ချန်ထား၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော ကာမဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်ကုန်သော (မဟာ) ကုသိုလ် (၈)၊ အကုသိုလ် (၁၂)၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော (ကာမဝိပါက်ကိရိယာ) 'အဗျာကတ' တရား (၃၄)၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထဈာန် (၁)၊ ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထဈာန် (၁)သည် (ရှိ၏)။ ဤတရားတို့သည် ရံခါ အဇ္ဈတ္တတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တာရမ္မဏ' တရား ဖြစ်ကုန်၏၊ ရံခါ ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'ဗဟိဒ္ဓါရမ္မဏ' တရား ဖြစ်ကုန်၏၊ ရံခါ အဇ္ဈတ္တ ဗဟိဒ္ဓတရားလျှင် အာရုံရှိသော 'အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏ' တရား ဖြစ်ကုန်၏ (အနေကန်အာရုံပြုသောတရား)၊

**ထိက်မှတ်** အာကိဉ္စညာယတနဈာန် (၃)ကို အဇ္ဈတ္တတရားလျှင် အာရုံရှိ၏ဟူ၍ငင်း ဗဟိဒ္ဓ တရားလျှင် အာရုံရှိ၏ဟူ၍ငင်း အဇ္ဈတ္တ ဗဟိဒ္ဓတရားလျှင် အာရုံရှိ၏ဟူ၍ငင်း မဆို အပ် မဆိုထိုက်။

ရုပ်သည်ငင်း နိဗ္ဗာန်သည်ငင်း အာရုံမပြုတတ်သော 'အနာရမ္မဏ' တရား ဖြစ်ကုန်၏။

## ၂၂-သနိဒဿနတိက်

**သနိဒဿန သပ္ပဋိဃတရား** ၁၄၃၈။ (၁) အဘယ်တရားတို့သည် မြင်ခြင်းနှင့်လည်း တကွ ထိပါးခြင်းနှင့်လည်း တကွဖြစ်သော 'သနိဒဿန သပ္ပဋိဃ' တရား ဖြစ်ကုန်သနည်း (မြင်အပ်၍ ထိပါးတတ်သောတရားများကား အဘယ်နည်း)။ မြင်သိစိတ် 'စက္ခုဝိညာဏ်'ဖြစ်ကြောင်း အဆင်း 'ရူပါယတန'သည် (ရှိ၏)။ ဤ(ရူပါယတန) တရားတို့သည် မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်း တကွဖြစ်သော 'သနိဒဿန သပ္ပဋိဃ' တရား ဖြစ်ကုန်၏ (ရူပါရုံ)။

**အနိဒဿန သပ္ပဋိဃတရား** ၁၄၃၉။ (၂) အဘယ်တရားတို့သည် မြင်ခြင်းကားမရှိ၊ ထိပါး ခြင်းနှင့်သာတကွ ဖြစ်သော 'အနိဒဿန သပ္ပဋိဃ' တရားဖြစ်ကုန်သနည်း (မမြင်အပ်မူ၍ ထိပါးတတ်သော တရားများကား အဘယ်နည်း)။ မြင်သိ

http://www.dhammadownload.com



စိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းကား မရှိ၊ ထိပါးခြင်းနှင့်သာ တကွဖြစ်သော 'အနိဒဿန သပ္ပဋိဃ'တရား ဖြစ်ကုန်၏ (ရှုပါရုံမှတပါးသော ဩဠာရိကရုပ်)။

**အနိဒဿန အပ္ပဋိဃတရား** ၁၄၄၀။ (၃) အဘယ်တရားတို့သည် မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိသော 'အနိဒဿန အပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း (မြင်လည်းမမြင်အပ်, ထိပါးလည်း မထိပါးတတ်သော တရားများကား အဘယ်နည်း)။ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ် (၁၂)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န)ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ဓမ္မာယတန၌ အကျုံးဝင်သော မြင်ခြင်းလည်း မရှိ, ထိပါးခြင်းလည်းမရှိသော အကြင်(သုခုမ) ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိသော'အနိဒဿန အပ္ပဋိဃ' တရား ဖြစ်ကုန်၏ (စိတ်, စေတသိက်, သုခုမရုပ်, နိဗ္ဗာန်)။

**သုံးစုမြွက်ဟောအပ်သော 'တိက်' ပြီးပြီ။**

http://www.dhammadownload.com



## ၂-နှစ်စုပြု၍ဟောအပ်သောတရားတို့၏ အရကောက်ကိုထုတ်ပြခြင်း 'ဒုကအတ္ထုဒ္ဓါရ'

### (၁) ဟေတုဂေါစ္ဆက

#### ၁-ဟေတုဒုက်

**ဟေတုတရား** ၁၄၄၃။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) မည်သော 'ဟေတု'တရား ဖြစ်ကုန်သနည်း။ ကုသိုလ်အကြောင်းရင်း အခြေအမြစ် (ကုသိုလ်ဟိတ်) သုံးပါး၊ အကုသိုလ်အကြောင်းရင်း အခြေအမြစ် (အကုသိုလ်ဟိတ်) သုံးပါး၊ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အကြောင်းရင်း အခြေအမြစ် (အဗျာကတ ဟိတ်) သုံးပါးတို့သည် (ရှိကုန်၏)။

မလိုချင်မတပ်မက်မှု 'အလောဘ'ဟူသော ကုသိုလ်ဟိတ်သည်, မဖျက်ဆီး မပြစ်မှားမှု 'အဒေါသ' ဟူသော ကုသိုလ်ဟိတ်သည် ဘုံလေးပါးတို့၌ (ဖြစ်သော)ကုသိုလ် (၂၁)တို့၌ ဖြစ်ကုန်၏၊ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ' ဟူသော ကုသိုလ်ဟိတ်သည် ကာမာဝစရကုသိုလ်မှ ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၁၇) တို့၌ ဖြစ်၏။

လိုချင်တပ်မက်မှု 'လောဘ' (အကုသိုလ်ဟိတ်)သည် လောဘသဟဂုတ် စိတ္တုပ္ပါဒ်ရှစ်ပါးတို့၌ ဖြစ်၏၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' (အကုသိုလ်ဟိတ်) သည် ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် နှစ်ပါးတို့၌ ဖြစ်၏၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ' (အကုသိုလ်ဟိတ်) သည် အလုံးစုံသော အကုသိုလ်တို့၌ ဖြစ်၏။

မလိုချင်မတပ်မက်မှု 'အလောဘ'ဟူသော ဝိပါက်ဟိတ်သည်, မဖျက်ဆီး မပြစ်မှားမှု 'အဒေါသ' ဟူသော ဝိပါက်ဟိတ်သည် ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ဝိပါက်) တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (မဟာဝိပါက်,မဟဂ္ဂုတ်ဝိပါက်,ဖိုလ်စိတ်)တို့၌ ဖြစ်ကုန်၏၊ မတွေဝေမှု 'အမောဟ' ဟူသော ဝိပါက်ဟိတ်သည် ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ဝိပါက်) တို့ကို ချန်ထား၍, ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်လေးပါးတို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (မဟာဝိပါက်ဉာဏသမ္ပယုတ်, မဟဂ္ဂုတ်ဝိပါက်, ဖိုလ်စိတ်) တို့၌ ဖြစ်၏။

မလိုချင်မတပ်မက်မှု 'အလောဘ'ဟူသော ကိရိယာဟိတ်သည်, မဖျက်ဆီး မပြစ်မှားမှု 'အဒေါသ' ဟူသော ကိရိယာဟိတ်သည် ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ) တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော) ကိရိယာ (မဟာကိရိယာ, မဟဂ္ဂုတ်ကိရိယာ) တို့၌ ဖြစ်ကုန်၏၊ မတွေဝေမှု 'အမောဟ' ဟူသော ကြိယာဟိတ်သည် ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ)တို့ကို ချန်ထား၍, ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ် လေးပါးတို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော) ကိရိယာ (မဟာကိရိယာဉာဏသမ္ပယုတ်, မဟဂ္ဂုတ်ကိရိယာ) တို့၌ ဖြစ်၏။

ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်)မည်သော'ဟေတု'တရား ဖြစ်ကုန်၏ (ဟိတ် ၉-ပါး)။

http://www.dhammadownload.com



**နဟေတုတရား** ၁၄၄၂။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) မမည်သော 'နဟေတု'တရားဖြစ်ကုန်သနည်း။ အကြောင်းရင်း အခြေအမြစ် (ဟိတ်)တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌ ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်)မမည်သော 'နဟေတု' တရားဖြစ်ကုန်၏ (စိတ်, ဟိတ်-ဒ်ပါးမှတပါး အခြားသော စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၂-သဟေတုကဒုက်

**သဟေတုကတရား** ၁၄၄၃။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော (ဟိတ်နှင့်ယှဉ်သော) 'သဟေတုက' တရားဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာနှင့်တကွဖြစ်သော မောဟ(ဝိစိကိစ္ဆာနှင့်ယှဉ်သောမောဟ)နှင့် ဥဒ္ဓစ္စနှင့် တကွဖြစ်သောမောဟ (ဥဒ္ဓစ္စနှင့်ယှဉ်သောမောဟ)တို့ကို ချန်ထား၍ ကြွင်းကျန်သောအကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ဝိပါက်)တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်, ဖိုလ်စိတ်) (၂၁)၊ ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ)တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၁၇) သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော 'သဟေတုက' တရား ဖြစ်ကုန်၏ (သဟိတ်စိတ် ၇၁, မောဟမူဒွေမောဟမှ တပါး အခြားသော စေတသိက်)။

**အဟေတုကတရား** ၁၄၄၄။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်) မရှိသော 'အဟေတုက'တရားဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာနှင့် တကွဖြစ်သော မောဟ(ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟ)၊ ဥဒ္ဓစ္စနှင့် တကွဖြစ်သော မောဟ(ဥဒ္ဓစ္စနှင့်ယှဉ်သောမောဟ)၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ထို့ပြင် မနောဓာတ်သုံးပါး(ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေး)၊ အဟိတ်မနောဝိညာဏဓာတ် (သန္တီရဏ သုံးခု၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်) ငါးပါး၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိသော 'အဟေတုက'တရားဖြစ်ကုန်၏ (အဟိတ်စိတ်,ယှဉ်ဘက် စေတသိက်,မောဟမူဒွေမောဟ, ရုပ်, နိဗ္ဗာန်)။

## ၃-ဟေတုသမ္ပယုတ္တဒုက်

**ဟေတုသမ္ပယုတ္တတရား** ၁၄၄၅။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း ခြေအမြစ် (ဟိတ်)နှင့်ယှဉ်သော 'ဟေတုသမ္ပယုတ္တ' ဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာနှင့်တကွဖြစ်သော မောဟ (ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟ)နှင့် ဥဒ္ဓစ္စနှင့်တကွဖြစ်သော မောဟ (ဥဒ္ဓစ္စနှင့်ယှဉ်သော မောဟ) တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌(ဖြစ်သော)ကုသိုလ် (၂၁)၊ ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ဝိပါက်) တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်,

http://www.dhammadownload.com



ဖိုလ်စိတ်) (၂၁)၊ ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ)တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၁၇) သည် (ရှိ၏)။ ဤ (ခုနစ်ဆယ့်တပါး) တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်)နှင့် ယှဉ်သော 'ဟေတုသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (သဟိတ်စိတ် ၇၁, မောဟမူဒွေ မောဟမှတပါး အခြားသောစေတသိက်)။

**ဟေတုဝိပ္ပယုတ္တတရား** ၁၄၄၆။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) နှင့်မယှဉ်သော 'ဟေတုဝိပ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာနှင့်တကွဖြစ်သော မောဟ (ဝိစိကိစ္ဆာနှင့်ယှဉ်သောမောဟ)၊ ဥဒ္ဓစ္စနှင့် တကွဖြစ်သော မောဟ (ဥဒ္ဓစ္စနှင့်ယှဉ်သော မောဟ)၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ထို့ပြင် မနောဓာတ် သုံးပါး(ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေး)၊ အဟိတ်မနောဝိညာဏဓာတ် (သန္တီရဏသုံးခု, မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်)ငါးပါး၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်) နှင့်မယှဉ်သော 'ဟေတုဝိပ္ပယုတ္တ'တရားဖြစ်ကုန်၏ (အဟိတ်စိတ်,ယှဉ်ဘက်စေတသိက်,မောဟမူဒွေ၌ရှိသော မောဟ,ရုပ်,နိဗ္ဗာန်)။

## ၄-ဟေတု သဟေတုကဒုက်

**ဟေတု သဟေတုကတရား** ၁၄၄၇။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်)လည်းမည်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်)လည်း ရှိသော (ဟိတ်နှင့်လည်း ယှဉ်သော)'ဟေတု သဟေတုက'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ အကြောင်းရင်းအခြေအမြစ် (ဟိတ်)နှစ်ပါး သုံးပါးတို့သည်တပြိုင်နက် ဖြစ်ကုန်၏။ ဤ(ဟိတ်နှစ်ပါး သုံးပါး) တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) လည်း မည်၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်)လည်းရှိသော (ဟိတ်နှင့်လည်းယှဉ်သော) 'ဟေတု သဟေတုက'တရား ဖြစ်ကုန်၏ (မောဟမူဒွေ မောဟကြဉ်သော ဟိတ်ခြောက်ပါး)။

**သဟေတုက န ဟေတုတရား** ၁၄၄၈။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်)သာရှိ၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်) မမည်သော 'သဟေတုက န ဟေတု' တရားဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ်(၂၁)၊ အကုသိုလ်(၁၂)၊ ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ဝိပါက်)တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက် (မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်,ဖိုလ်စိတ်) (၂၁)၊ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ်(အဟိတ်ကိရိယာ)တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (မဟာကိရိယာ, မဟဂ္ဂုတ်ကိရိယာ) (၁၇)၊ ဤစိတ်(ခုနစ်ဆယ့်တပါး)တို့၌ ဖြစ်ကုန်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) တို့ကို ချန်ထား၍ (ကြွင်းသောစေတသိက် (၄၆) တို့သည် ရှိကုန်၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) သာရှိ၍ အကြောင်းရင်းအခြေအမြစ် (ဟိတ်) မမည်သော 'သဟေတုက န ဟေတု' တရား ဖြစ်ကုန်၏ (သဟိတ်စိတ် ၇၁, ဟိတ်ခြောက်ပါးမှတပါး အခြားသော စေတသိက်)။

http://www.dhammadownload.com



**ဓုက်မုတ်** အကြောင်းရင်း အခြေအမြစ် (ဟိတ်) မရှိသော 'အဟေတုက' တရားတို့ကို အကြောင်းရင်း အခြေ အမြစ် (ဟိတ်) လည်းမည်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်) လည်း ရှိသောတရားတို့ဟူ၍ရင်း, အကြောင်းရင်း အခြေအမြစ် (ဟိတ်)သာ ရှိ၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်) မမည်သော တရားတို့ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၅-ဟေတု ဟေတုသမ္ပယုတ္တဒုက်

**ဟေတု ဟေတုသမ္ပယုတ္တတရား** ၁၄၄၉။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်)လည်း မည်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်)နှင့်လည်း ယှဉ်သော 'ဟေတု ဟေတုသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ အကြောင်းရင်း အခြေအမြစ် (ဟိတ်) နှစ်ပါး သုံးပါးတို့သည် တပြိုင်နက် ဖြစ်ကုန်၏။ ဤ (ဟိတ်နှစ်ပါး သုံးပါး)တို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်)လည်း မည်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်)နှင့်လည်း ယှဉ်သော 'ဟေတု ဟေတုသမ္ပယုတ္တ'တရားဖြစ်ကုန်၏ (မောဟမူဒွေ၌ ရှိသောမောဟကြဉ်သော ဟိတ်ခြောက်ပါး)။

**ဟေတုသမ္ပယုတ္တ န ဟေတုတရား** ၁၄၅၀။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) နှင့်သာ ယှဉ်၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်)မမည်သော 'ဟေတုသမ္ပယုတ္တ န ဟေတု' တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ်(၂၁)၊ အကုသိုလ် (၁၂)၊ ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ်(အဟိတ်ဝိပါက်)တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်, ဖိုလ်စိတ်)(၂၁)၊ ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ)တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပုဂ္ဂလာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၁၇)၊ ဤစိတ်(ခုနစ်ဆယ့်တပါး) တို့၌ဖြစ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)တို့ကို ချန်ထား၍ (ကြွင်းသော စေတသိက် ၄၆-ပါး တို့သည် ရှိကုန်၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်)နှင့်သာယှဉ်၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်) မမည်သော'ဟေတုသမ္ပယုတ္တ န ဟေတု'တရား ဖြစ်ကုန်၏ (သဟိတ်စိတ် ၇၁ဟိတ်ခြောက်ပါးမှတပါးအခြားသော စေတသိက်)။

**ဓုက်မုတ်** အကြောင်းရင်း အခြေအမြစ်(ဟိတ်)နှင့် မယှဉ်သော 'ဟေတုဝိပ္ပယုတ္တ' တရားတို့ကို အကြောင်းရင်း အခြေအမြစ် (ဟိတ်) လည်း မည်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်) နှင့်လည်းယှဉ်ကုန်၏ ဟူ၍ရင်း, အကြောင်းရင်း အခြေအမြစ် (ဟိတ်)နှင့်သာ ယှဉ်၍ အကြောင်းရင်း အခြေအမြစ် (ဟိတ်)မမည်ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၆-န ဟေတု သဟေတုကဒုက်

**န ဟေတု သဟေတုကတရား** ၁၄၅၁။ (၁) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) မမည်မူ၍ အကြောင်းရင်း အခြေအမြစ် (ဟိဘ်)သာ ရှိသော 'န ဟေတု သဟေတုက' တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ်(၁၂)၊ ကာမာဝစရဝိပါက်မှ အဟိတ်စိတ္တုပ္ပါဒ်

http://www.dhammadownload.com



(အဟိတ်ဝိပါက်)တို့ကို ချန်ထား၍ ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက် (မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်, ဖိုလ်စိတ်) (၂၁)၊ ကာမာဝစရကိရိယာမှ အဟိတ်စိတ္တုပ္ပါဒ် (အဟိတ်ကိရိယာ)တို့ကို ချန်ထား၍ ဘုံသုံးပါးတို့၌ (ဖြစ်သော)ပုဂ္ဂိုလ်ကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၁၇)၊ ဤစိတ်တို့၌ဖြစ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)တို့ကို ချန်ထား၍ (ကြွင်းသောစေတသိက် ၄၆-ပါး တို့သည် ရှိကုန်၏)။ ဤတရား (ခုနစ်ဆယ့်တပါး) တို့သည် အကြောင်းရင်း အခြေအမြစ်(ဟိတ်) မမည်မူ၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်)သာ ရှိသော 'န ဟေတု သဟေတုက'တရား ဖြစ်ကုန်၏(သဟိတ်စိတ် ၇၁၊ဟိတ်ခြောက်ပါးမှတပါး အခြားသော စေတသိက်)။

**န ဟေတု အဟေတုကတရား** ၁၄၉၄ ။ (၂) အဘယ်တရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) လည်း မမည်၊ အကြောင်းရင်း အခြေအမြစ်(ဟိတ်)လည်း မရှိသော 'န ဟေတု အဟေတုက'တရား ဖြစ်ကုန်သနည်း။ ဒွေပဉ္စဝိညာဏ် (၁၀)၊ ထို့ပြင် မနောဓာတ်သုံးပါး (ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ)၊ ထို့ပြင် အဟိတ်မနောဝိညာဏဓာတ် (သန္တီရဏ သုံးခု၊ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်)ငါးပါး၊ ထို့ပြင် ရုပ်၊ထို့ပြင် နိဗ္ဗာန်သည်(ရှိ၏)။ ဤတရားတို့သည် အကြောင်းရင်း အခြေအမြစ် (ဟိတ်) လည်း မမည်၊ အကြောင်းရင်း အခြေအမြစ် (ဟိတ်)လည်း မရှိသော'န ဟေတု အဟေတုက' တရား ဖြစ်ကုန်၏ (အဟိတ်စိတ်,ယှဉ်ဘက် စေတသိက်,ရုပ်,နိဗ္ဗာန်)။

ဒုက်မုတ် ဟိတ် (ခြောက်ပါး) တရားတို့ကို အကြောင်းရင်း အခြေအမြစ် (ဟိတ်) မမည် မူ၍ အကြောင်းရင်း အခြေအမြစ်(ဟိတ်)သာ ရှိ၏ဟူ၍ရင်း၊ အကြောင်းရင်း အခြေအမြစ် (ဟိတ်)လည်း မမည်, အကြောင်းရင်း အခြေအမြစ်(ဟိတ်)လည်း မရှိသော တရားတို့ ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

ဟေတုဂေါစ္ဆက ပြီးပြီ။

---

## ၂-စူဠန္တရဒုက်

### ၁-သပ္ပစ္စယဒုက်

**ီ သပ္ပစ္စယတရား** ၁၄၅၃။ (၁) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော) အကြောင်းတရား (လေးပါး)တို့နှင့် တကွဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော)'သပ္ပစ္စယ'တရားဖြစ်ကုန်သနည်း။ဘုံလေးပါးတို့၌ (ဖြစ်သော)ကုသိုလ်(၂၁)၊ အကုသိုလ်(၁၂)၊ ဘုံလေးပါးတို့၌(ဖြစ်သော)ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည်(ရှိ၏)။ ဤတရားတို့သည် (ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော)အကြောင်းတရား (လေးပါး)တို့နှင့် တကွဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော)' သပ္ပစ္စယ'တရား ဖြစ်ကုန်၏ (စိတ်,စေတသိက်,ရုပ်)။

http://www.dhammadownload.com



**အပစ္စယတရား** ၁၄၅၄။ (၂) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော) အကြောင်းတရား(လေးပါး)တို့နှင့် တကွမဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်သော)'အပစ္စယ'တရား ဖြစ်ကုန်သနည်း။နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော) အကြောင်းတရား (လေးပါး) တို့နှင့် တကွမဖြစ်သော (အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်သော) 'အပစ္စယ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်)။

## ၂-သင်္ခတဒုက်

**သင်္ခတတရား** ၁၄၅၅။ (၁) အဘယ်တရားတို့သည် (ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည်) ပြုပြင် စီရင်အပ်သော 'သင်္ခတ'တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ်(၁၂)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက်(၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (ကံ,စိတ်, ဥတု,အာဟာရတည်းဟူသော အကြောင်းတရား လေးပါး တို့သည်) ပြုပြင် စီရင်အပ်သော 'သင်္ခတ' တရား ဖြစ်ကုန်၏(စိတ်,စေတသိက်,ရုပ်)။

**အသင်္ခတတရား** ၁၄၅၆။ (၂) အဘယ်တရားတို့သည် (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည်) မပြုပြင် မစီရင်အပ်သော 'အသင်္ခတ'တရား ဖြစ်ကုန်သနည်း။ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (ကံ,စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည်) မပြုပြင် မစီရင်အပ်သော 'အသင်္ခတ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်)။

## ၃-သနိဒဿနဒုက်

**သနိဒဿနတရား** ၁၄၅၇။ (၁) အဘယ်တရားတို့သည် မြင်ခြင်းနှင့် တကွဖြစ်သော (မြင်အပ်, မြင်ရသော)'သနိဒဿန'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ်ဖြစ်ကြောင်းအဆင်း 'ရူပါယတန'သည် (ရှိ၏)။ဤ(ရူပါယတန)တရားတို့သည် မြင်ခြင်းနှင့် တကွဖြစ်သော (မြင်အပ်, မြင်ရသော) 'သနိဒဿန'တရား ဖြစ်ကုန်၏ (ရူပါရုံ)။

**အနိဒဿနတရား** ၁၄၅၈။ (၂) အဘယ်တရားတို့သည် မြင်ခြင်းနှင့် တကွမဖြစ်သော (မမြင်အပ်,မမြင်ရသော) 'အနိဒဿန'တရား ဖြစ်ကုန်သနည်း။မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ ထိသိစိတ်ဖြစ်ကြောင်း အမတွေ့'ဖောဋ္ဌဗ္ဗာယတန'၊ ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ်(၂၁)၊အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက်(၃၆)၊ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် မြင်ခြင်းနှင့်လည်း တကွမဖြစ် ထိပါးခြင်းနှင့်လည်း တကွမဖြစ်သော,စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်းသဘော 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြွင်း(သုခုမ)ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် မြင်ခြင်းနှင့် တကွမဖြစ်သော (မမြင်အပ်, မမြင်ရသော) 'အနိဒဿန'တရား ဖြစ်ကုန်၏ (စိတ်,စေတသိက်,ရူပါရုံမှတပါး အခြားသောရုပ်,နိဗ္ဗာန်)။

http://www.dhammadownload.com



## ၄-သပ္ပဋိဃဒုက်

**သပ္ပဋိဃတရား** ၁၄၅၉။ (၁) အဘယ်တရားတို့သည် ထိပါးခြင်းနှင့် တကွဖြစ်သော(ထိခိုက်၍ ရသော) 'သပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'သည် (ရှိ၏)။ ဤတရားတို့သည် ထိပါးခြင်းနှင့် တကွဖြစ်သော(ထိခိုက်၍ရသော) 'သပ္ပဋိဃ'တရား ဖြစ်ကုန်၏ (သပ္ပဋိဃရုပ် ၁၂)။

**အပ္ပဋိဃတရား** ၁၄၆၀။ (၂) အဘယ်တရားတို့သည် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိခိုက်၍မရသော) 'အပ္ပဋိဃ'တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌( ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌(ဖြစ်သော)ပုဂ္ဂိုလ်ကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် မြင်ခြင်းနှင့်လည်းတကွမဖြစ် ထိပါးခြင်းနှင့်လည်း တကွမဖြစ်သော စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် (သုခုမ)ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိခိုက်၍မရသော) 'အပ္ပဋိဃ'တရား ဖြစ်ကုန်၏ (စိတ်, စေတသိက်, သုခုမရုပ်, နိဗ္ဗာန်)။

## ၅-ရူပီဒုက်

**ရူပီတရား** ၁၄၆၁။ (၁) အဘယ်တရားတို့သည် ဖောက်ပြန်ခြင်း သဘောရှိသော 'ရူပီ'တရား ဖြစ်ကုန်သနည်း။ ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါး၊ ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ (ဖြစ်သော)'ဥပါဒါ'ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ဖောက်ပြန်ခြင်းသဘောရှိသော 'ရူပီ'တရား ဖြစ်ကုန်၏ (ရုပ်နှစ်ဆယ့်ရှစ်ပါး)။

**အရူပီတရား** ၁၄၆၂။ (၂) အဘယ်တရားတို့သည် ဖောက်ပြန်ခြင်းသဘောမရှိသော 'အရူပီ' တရား ဖြစ်ကုန်သနည်း။ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ အကုသိုလ်(၁၂)၊ ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက်(၃၆)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဖောက်ပြန်ခြင်းသဘော မရှိသော 'အရူပီ'တရား ဖြစ်ကုန်၏ (စိတ်, စေတသိက်, နိဗ္ဗာန်)။

## ၆-လောကိယဒုက်

**လောကိယတရား** ၁၄၆၃။ (၁) အဘယ်တရားတို့သည် လောက၌ အကျုံးဝင်သော'လောကိယ' တရား ဖြစ်ကုန်သနည်း (အဘယ်တရားတို့သည် ဖြစ်တတ် ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ဖြစ်တတ် ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သနည်း)။ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ကုသိုလ်(၁၇)၊ အကုသိုလ်(၁၂)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ) ဝိပါက်(၃၂)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟော အပ်သော 'ကိရိယာဗျာကတ' (၂၀)၊ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည်

http://www.dhammadownload.com



လောက၌ အကျုံးဝင်သော 'လောကိယ'တရား ဖြစ်ကုန်၏ (ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်၏) (လောကီစိတ်, စေတသိက်, ရုပ်)။

**လောကုတ္တရာတရား** ၁၄၆၄။ (၂) အဘယ်တရားတို့သည် လောကမှ လွန်မြောက်သော 'လောကုတ္တရာ' တရား ဖြစ်ကုန်သနည်း (အဘယ်တရားတို့သည် ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးမဝင်သည်၏ အဖြစ်ဖြင့် ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောကမှ လွန်မြောက်ကုန်သနည်း)။ ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါး၊ ကိလေသာ ငြိမ်းကြောင်း မဂ်၏အကျိုး (ဖိုလ်)လေးပါး၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် လောကမှ လွန်မြောက်သော'လောကုတ္တရာ'တရား ဖြစ်ကုန်၏(ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးမဝင်သည်၏ အဖြစ်ဖြင့် ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောကမှ လွန်မြောက်ကုန်၏) (မဂ်, ဖိုလ်, နိဗ္ဗာန်)။

### ၇-ကေနစိ ဝိညေယျ ဒုက်

**ကေနစိ ဝိညေယျတရား** ၁၄၆၄။ (၁) (စက္ခုဝိညာဏ်စသော)တစုံတခုသော စိတ်သည် အလုံးစုံသော (မိမိနှင့် သက်ဆိုင်သည့်)တရားတို့ကို သိအပ် သိထိုက်ကုန်၏။ (၁၁၀၁)

**ကေနစိ န ဝိညေယျတရား** ၁၄၆၄။ (၂) (စက္ခုဝိညာဏ်စသော) တစုံတခုသော စိတ်သည် (မိမိနှင့် မသက်ဆိုင်သည့် အလုံးစုံသော တရားတို့ကို)မသိအပ် မသိထိုက်ကုန်။

စူဠန္တရဒုက် ပြီးပြီ။

---

### ၃-အာသဝ ဂေါစ္ဆက

### ၁-အာသဝ ဒုက်

**အာသဝတရား** ၁၄၆၅။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရား ဖြစ်ကုန်သနည်း။ (လိုချင်ဘွယ် 'ကာမ'တို့၌) လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ'၊ (ရူပ, အရူပ)ဘဝတို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'၊ အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဒိဋ္ဌာသဝ'၊သိအပ်သည်ကို မသိမှု(သစ္စာလေးပါးကို မသိမှု)'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'အဝိဇ္ဇာသဝ'ဟူသော 'အာသဝ'လေးပါးတို့သည် ရှိကုန်၏။

(ထိုအာသဝလေးပါးတွင်) (လိုချင်ဘွယ် 'ကာမ'တို့၌) လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ကာမာသဝ'သည် လောဘသဟဂုတ် စိတ္တုပ္ပါဒ်ရှစ်ပါးတို့၌ ဖြစ်၏၊ (ရူပ,အရူပ)ဘဝတို့၌ လိုချင်မှုဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဘဝါသဝ'သည် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်

http://www.dhammadownload.com



လေးပါးတို့၌ ဖြစ်၏။ (အမြင်မှားမှု)ဒိဋ္ဌိဟူသော ယိုစီးခြင်း ဖြစ်ခြင်း 'ဒိဋ္ဌာသဝ'သည် ဒိဋ္ဌိဂတသမ္ပယုတ် (လောဘသဟဂုတ်) စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်၏၊ သိအပ်သည်ကို မသိမှု(သစ္စာလေးပါးကို မသိမှု)'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း ဖြစ်ခြင်း'အဝိဇ္ဇာသဝ' (မောဟ)သည် အလုံးစုံသော အကုသိုလ် (၁၂)တို့၌ ဖြစ်၏။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရား ဖြစ်ကုန်၏ (လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝတရားကိုယ်သုံးပါး)။

**နောအာသဝတရား** ၁၄၆၆။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌)ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'မမည်သော 'နောအာသဝ'တရား ဖြစ်ကုန်သနည်း။ 'အာသဝ'(လေးပါး)တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ် (၂၁)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'မမည်သော 'နောအာသဝ' တရား ဖြစ်ကုန်၏ (စိတ်, အာသဝတရားကိုယ်သုံးပါးမှတပါး အခြားသောစေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-သာသဝဒုက်

**သာသဝတရား** ၁၄၆၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားတို့၏ အာရုံ ဖြစ်သော 'သာသဝ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ် (၁၂)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက်(၃၂)၊ ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားတို့၏ အာရုံဖြစ်သော 'သာသဝ'တရားဖြစ်ကုန်၏(လောကီစိတ်, စေတသိက်, ရုပ်)။

**အနာသဝတရား** ၁၄၆၈။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားတို့၏ အာရုံမဖြစ်သော 'အနာသဝ'တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်း မဂ်၏အကျိုး (ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌)ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားတို့၏ အာရုံ မဖြစ်သော 'အနာသဝ'တရားဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-အာသဝသမ္ပယုတ္တဒုက်

**အာသဝသမ္ပယုတ္တတရား** ၁၄၆၉။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားနှင့် ယှဉ်သော 'အာသဝသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ ဤ(ဒေါမနဿ

http://www.dhammadownload.com



သဟဂုက်စိတ်)တို့၌ ဖြစ်သော (အမှန်သဘော၌)တွေဝေမှု (အမှန်ကိုမသိမှု) 'မောဟ'ကို ချန်ထား၍, ယုံမှားမှု 'ဝိစိကိစ္ဆာ'နှင့်တကွဖြစ်သော မောဟ( ဝိစိကိစ္ဆာနှင့် ယှဉ်သောမောဟ )နှင့် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နှင့်တကွဖြစ်သော မောဟ(ဥဒ္ဓစ္စနှင့် ယှဉ်သောမောဟ)တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌)ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားနှင့်ယှဉ်သော 'အာသဝသမ္ပယုတ္တ'တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်, ဒေါသမူဒွေမောဟနှင့် မောဟမူဒွေမောဟကြဉ်သော ယှဉ်ဘက်စေတသိက်)။

**အာသဝဝိပ္ပယုတ္တတရား** ၁၄၇၀။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌)ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'တရားနှင့် မယှဉ်သော 'အာသဝဝိပ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ် နှစ်ပါးတို့၌ ဖြစ်သော 'မောဟ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'နှင့်တကွဖြစ်သော မောဟ(ဝိစိကိစ္ဆာနှင့် ယှဉ်သောမောဟ)၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နှင့် တကွဖြစ်သော မောဟ (ဥဒ္ဓစ္စနှင့် ယှဉ်သောမောဟ)၊ ဘုံလေးပါးတို့၌(ဖြစ်သော)ကုသိုလ် (၂၁)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၁)၊ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့သန္တာန်၌)ယိုစီးနေတတ်, ဖြစ်နေတတ်သော'အာသဝ'တရားနှင့် မယှဉ်သော 'အာသဝဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ကုသိုလ်,ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒေါသမူဒွေမောဟ, မောဟမူဒွေမောဟ, ရုပ်,နိဗ္ဗာန်)။

## ၄-အာသဝ သာသဝဒုက်

**အာသဝ သာသဝတရား** ၁၄၇၁။ (၁) အဘယ်တရားတို့သည် ( သတ္တဝါတို့သန္တာန်၌ )ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ' တရားလည်းမည်၍ 'အာသဝ'တို့၏ အာရုံလည်းဖြစ်သော 'အာသဝ သာသဝ'တရား ဖြစ်ကုန်သနည်း။ ထို 'အာသဝ'(လေးပါး)တို့သည်ပင်လျှင် 'အာသဝ'လည်းမည်၍ 'အာသဝ'တို့၏ အာရုံလည်းဖြစ်သော 'အာသဝ သာသဝ'တရားဖြစ်ကုန်၏ (လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝတရားကိုယ်သုံးပါး)။

**သာသဝ နော အာသဝတရား** ၁၄၇၂။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့သန္တာန်၌) ယိုစီးနေတတ်,ဖြစ်နေတတ်သော'အာသဝ'တို့၏ အာရုံသာဖြစ်၍ 'အာသဝ' မမည်သော 'သာသဝ နော အာသဝ' တရား ဖြစ်ကုန်သနည်း။ အာသဝတို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ကုသိုလ် (၁၇)၊ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် အာသဝတို့၏အာရုံသာဖြစ်၍ 'အာသဝ' မမည်သော 'သာသဝ နော အာသဝ' တရားဖြစ်ကုန်၏(လောကီစိတ်, အာသဝတရားကိုယ်သုံးပါးကြဉ်သော စေတသိက်,ရုပ်)။

**ဒုက်မှတ်** အာသဝတို့၏ အာရုံမဟုတ်သော'အနာသဝ' (လောကုတ္တရာ)တရားတို့ကို အာသဝလည်းမည်၍ အာသဝတို့၏ အာရုံလည်းဖြစ်သော တရားတို့ဟူ၍ငြင်း၊ အာသဝတို့၏ အာရုံသာဖြစ်၍ အာသဝ မမည်သော တရားတို့ဟူ၍ငြင်း မဆိုအပ် မဆိုထိုက်ကုန်။

http://www.dhammadownload.com



## ၅-အာသဝ အာသဝသမ္ပယုတ္တဒုက်

အာသဝ အာသဝသမ္ပယုတ္တတရား ၁၄၇၃။ (၁) အဘယ်တရားတို့သည် အာသဝ လည်းမည်၍ အာသဝ နှင့်လည်းယှဉ်သော 'အာသဝ အာသဝသမ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ အကြင်စိတ်၌ အာသဝ နှစ်ပါး သုံးပါးတို့သည် ပေါင်းပြိုင်နက် ဖြစ်ကုန်၏၊ ဤတရားတို့သည် အာသဝ လည်းမည်၍ အာသဝ နှင့်လည်း ယှဉ်သော 'အာသဝ အာသဝသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (လောဘမူစိတ်၌ ရှိသော လောဘ, ဒိဋ္ဌိ, မောဟ ဟူသော အာသဝတရားကိုယ်သုံးပါး)။

အာသဝသမ္ပယုတ္တ နော အာသဝတရား ၁၄၇၄။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးနေတတ်, ဖြစ်နေတတ်သော 'အာသဝ'နှင့်သာ ယှဉ်၍ 'အာသဝ' မမည်သော'အာသဝသမ္ပယုတ္တ နော အာသဝ'တရား ဖြစ်ကုန်သနည်း။ 'အာသဝ'တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်သည်(ရှိ၏)။ ဤတရားတို့သည် 'အာသဝ' နှင့်သာယှဉ်၍ 'အာသဝ' မမည်သော 'အာသဝသမ္ပယုတ္တ နော အာသဝ' တရားဖြစ်ကုန်၏ (အကုသိုလ်စိတ်,အာသဝတရားကိုယ်သုံးပါးကြဉ်သော ယှဉ်ဘက်စေတသိက်)။

ဒုက်ပုဒ် အာသဝနှင့် မယှဉ်သော 'အာသဝဝိပ္ပယုတ္တ' တရားတို့ကို အာသဝ လည်းမည်၍ အာသဝ နှင့်လည်း ယှဉ်ကုန်၏ဟူ၍၎င်း၊ အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

## ၆-အာသဝဝိပ္ပယုတ္တ သာသဝဒုက်

အာသဝဝိပ္ပယုတ္တ သာသဝတရား ၁၄၇၅။ (၁) အဘယ် တရားတို့သည်(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးနေတတ်,ဖြစ်နေတတ်သော'အာသဝ' နှင့် မယှဉ်မူ၍ 'အာသဝ'တို့၏ အာရုံသာဖြစ်သော 'အာသဝဝိပ္ပယုတ္တ သာသဝ'တရား ဖြစ်ကုန်သနည်း။ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ် နှစ်ပါးတို့၌ဖြစ်သော 'မောဟ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'နှင့် ယှဉ်ဖြစ်သော မောဟ (ဝိစိကိစ္ဆာနှင့် ယှဉ်သော မောဟ)၊ပျံ့လွင့်မှု ဥဒ္ဓစ္စနှင့်တကွဖြစ်သော မောဟ (ဥဒ္ဓစ္စနှင့် ယှဉ်သော မောဟ)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ကုသိုလ် (၁၇)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပုဂ္ဂိုလ်မှုဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည်'အာသဝ'နှင့် မယှဉ်မူ၍'အာသဝ'တို့၏ အာရုံသာဖြစ်သော 'အာသဝဝိပ္ပယုတ္တ သာသဝ'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒေါသမူဒွေ့ မောဟ,မောဟမူဒွေ့ မောဟ,ရုပ်)။

အာသဝဝိပ္ပယုတ္တ အနာသဝတရား ၁၄၇၆။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးနေတတ် ဖြစ်နေတတ်သော 'အာသဝ'နှင့်လည်း မယှဉ်မူ၍ 'အာသဝ'တို့၏ အာရုံလည်းမဖြစ်သော 'အာသဝဝိပ္ပယုတ္တ အနာသဝ' တရားဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်း မဂ်၏ အကျိုး(ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည်

http://www.dhammadownload.com



'အာသဝ'နှင့်လည်း မယှဉ်မူ၍ 'အာသဝ'တို့၏ အာရုံလည်း မဖြစ်သော 'အာသဝဝိပ္ပယုတ္တ အနာသဝ'တရားဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

ဒုက်မုတ် 'အာသဝ'နှင့် ယှဉ်သော 'အာသဝသမ္ပယုတ္တ' တရားတို့ကို 'အာသဝ'နှင့် မယှဉ်မူ၍ 'အာသဝ'တို့၏ အာရုံသာဖြစ်ကုန်၏ဟူ၍ရင်း၊'အာသဝ'နှင့်လည်း မယှဉ်, 'အာသဝ' တို့၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

အာသဝဂေါစ္ဆက ပြီးပြီ။

---

## ၄-သညောဇနဂေါစ္ဆက

### ၁-သညောဇနဒုက်

သညောဇနတရား ၁၄၇၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော သံယောဇဉ်မည်သော 'သညောဇန'တရား ဖြစ်ကုန်သနည်း။ ကာမဂုဏ်တို့၌ လိုချင်တပ်မက်မှုဟူသော(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ကာမရာဂသံယောဇဉ်'၊ (အာရုံ၌) ထိပါးမှု (အမျက်ဒေါသ) ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ပဋိဃသံယောဇဉ်'၊ (ငါသာလျှင် မြတ်၏ဟု စသည်ဖြင့်) မှတ်ထင်မှု(ထောင်လွှားမှု)ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'မာနသံယောဇဉ်'၊ အမြင်မှားမှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဒိဋ္ဌိသံယောဇဉ်'၊ ယုံမှားမှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဝိစိကိစ္ဆာသံယောဇဉ်'၊ နွား,ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် (မကောင်းမှုမှ စင်ကြယ်၏ဟု) အမှားသုံးသပ်ခြင်းဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သီလဗ္ဗတပရာမာသသံယောဇဉ်'၊ ရူပ,အရူပ ဘဝ၌ တပ်မက်မှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော'ဘဝရာဂသံယောဇဉ်'၊ ငြူစူမှု (မနာလိုမှု) ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဣဿာသံယောဇဉ်'၊ ဝန်တိုမှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'မစ္ဆရိယသံယောဇဉ်'၊(သိအပ်သည်ကို)မသိမှု(သစ္စာလေးပါးကို မသိမှု)ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'အဝိဇ္ဇာသံယောဇဉ်'ဟူသော သံယောဇဉ် ဆယ်ပါးတို့သည် ရှိကုန်၏။

(ထိုသံယောဇဉ်ဆယ်ပါးတို့တွင်) ကာမဂုဏ်တို့၌ လိုချင်တပ်မက်မှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော ကာမရာဂသံယောဇဉ်သည် လောဘသဟဂုတ် စိတ္တုပ္ပါဒ်ရှစ်ပါးတို့၌ ဖြစ်၏။

(အာရုံ၌) ထိပါးမှု (အမျက်ဒေါသ) ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ပဋိဃသံယောဇဉ်'သည် ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ ဖြစ်၏။

http://www.dhammadownload.com



(ငါသာလျှင် မြတ်၏ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'မာနသံယောဇဉ်'သည် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၌ ဖြစ်၏။

အမြင်မှားမှု 'ဒိဋ္ဌိ'ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဒိဋ္ဌိသံယောဇဉ်'သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်၏။

ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဝိစိကိစ္ဆာ သံယောဇဉ်'သည် ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။

နွား, ခွေးစသည်တို့၏ အလေ့အကျင့်ဖြင့် (မကောင်းမှုမှ စင်ကြယ်၏ဟု) အမှားသုံးသပ်ခြင်း 'သီလဗ္ဗတပရာမာသ'ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သီလဗ္ဗတပရာမာသ သံယောဇဉ်'သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်၏။

(ရူပ, အရူပဘဝ၌)တပ်မက်မှုဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော'ဘဝရာဂသံယောဇဉ်'သည် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါးတို့၌ဖြစ်၏။

ငြူစူမှု(မနာလိုမှု)ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'ဣဿာသံယောဇဉ်'သည်၎င်း၊ ဝန်တိုမှုဟူသော(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'မစ္ဆရိယသံယောဇဉ်'သည်၎င်း ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ ဖြစ်ကုန်၏။

(သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) ဟူသော (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'အဝိဇ္ဇာသံယောဇဉ်' (မောဟ)သည် အလုံးစုံသော အကုသိုလ်တို့၌ ဖြစ်၏။

ဤဟုရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သောသံယောဇဉ် မည်သော 'သညောဇန'တရား ဖြစ်ကုန်၏။

နော သညောဇနတရား ၁၄၇၈။ (၂) အဘယ်တရားတို့သည် သံယောဇဉ်မမည်သော 'နော သညောဇန'တရား ဖြစ်ကုန်သနည်း။

(သံယောဇဉ်)တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ ဘုံလေးပါးတို့၌ဖြစ်သော ကုသိုလ်(၂၁)၊ ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက်(၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ဤတရားတို့သည် သံယောဇဉ် မမည်သော 'နော သညောဇန'တရား ဖြစ်ကုန်၏ (စိတ်, သံယောဇဉ်တရားကိုယ်ရှစ်ပါးမှတပါး အခြားသောစေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-သညောဇနိယဒုက်

သညောဇနိယတရား ၁၄၇၉။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော'သံယောဇဉ်'တို့၏ အာရုံဖြစ်သော 'သညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ကုသိုလ်(၁၇)၊ အကုသိုလ် (၁၂)၊ ဘုံသုံးပါးတို့၌(ဖြစ်သော)(လောကီ)ဝိပါက်(၃၂)၊ ဘုံသုံးပါးတို့၌(ဖြစ်သော)

http://www.dhammadownload.com



ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' တို့၏ အာရုံဖြစ်သော 'သညောဇနိယ' တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

**အသညောဇနိယတရား** ၁၄၀၀။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့၏ အာရုံ မဖြစ်သော 'အသညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်း မဂ်၏အကျိုး (ဖိုလ်) လေးပါး၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့၏ အာရုံမဖြစ်သော 'အသညော-ဇနိယ' တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-သညောဇနသမ္ပယုတ္တဒုက်

**သညောဇနသမ္ပယုတ္တတရား** ၁၄၀၁။ (၁) အဘယ်တရားသည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' တို့နှင့် ယှဉ်သော 'သညောဇနသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နှင့် တကွဖြစ်သောမောဟ (ဥဒ္ဓစ္စနှင့် ယှဉ်သော မောဟ) ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' နှင့် ယှဉ်သော 'သညောဇနသမ္ပယုတ္တ' တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ဥဒ္ဓစ္စသဟဂုတ် မောဟကြဉ် ယှဉ်ဘက်စေတသိက်)။

**သညောဇနဝိပ္ပယုတ္တတရား** ၁၄၀၂။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်သော 'သညောဇနဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်မောဟ၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်သော 'သညောဇနဝိပ္ပယုတ္တ' တရား ဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဥဒ္ဓစ္စသဟဂုတ်မောဟ, ရုပ်, နိဗ္ဗာန်)။

## ၄-သညောဇန သညောဇနိယဒုက်

**သညောဇန သညောဇနိယတရား** ၁၄၀၃။ (၁) အဘယ်တရားတို့သည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်တို့၏ အာရုံလည်း ဖြစ်သော 'သညောဇန သညောဇနိယ' တရား ဖြစ်ကုန်သနည်း။ ဆိုသံယောဇဉ်တို့သည်ပင်လျှင် သံယောဇဉ်လည်းမည်၍ သံယောဇဉ်တို့၏ အာရုံလည်းဖြစ်သော 'သညောဇန သညောဇနိယ' တရား ဖြစ်ကုန်၏ (သံယောဇဉ်တရားကိုယ်ချည်းပါး)။

**သညောဇနိယ နော သညောဇနတရား** ၁၄၀၄။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သော 'သညောဇနိယ နော သညောဇန' တရား ဖြစ်ကုန်သနည်း။ သံယောဇဉ်တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ်(၁၇)၊

http://www.dhammadownload.com



(ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သော 'သညောဇနိယ နောသညောဇန'တရား ဖြစ်ကုန်၏ (လောကီစိတ်, သံယောဇဉ်တရားကိုယ်ရှစ်ပါးမှတပါး အခြားသော စေတသိက်, ရုပ်)။

ဒုက်မှတ် သံယောဇဉ်တို့၏ အာရုံမဖြစ်သော 'အသညောဇနိယ' (လောကုတ္တရာ)တရားတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်တို့၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ရင်း၊ သံယောဇဉ်တို့၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၅-သညောဇန သညောဇနသမ္ပယုတ္တဒုက်

**သညောဇန သညောဇနသမ္ပယုတ္တတရား** ၁၄၇၅။ (၁) အဘယ်တရားတို့သည်- သံယောဇဉ်လည်းမည်၍ သံယောဇဉ်တို့နှင့်လည်း ယှဉ်သော 'သညောဇန သညောဇနသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ သံယောဇဉ်နှစ်ပါး သုံးပါးတို့သည် တပြိုင်နက်ဖြစ်ကုန်၏၊ ဤ(နှစ်ပါးသုံးပါးသော သံယောဇဉ်) တရားတို့သည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်တို့နှင့်လည်း ယှဉ်သော 'သညောဇန သညောဇန-သမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ် မောဟကြဉ်သော သံယောဇဉ်တရားကိုယ်ရှစ်ပါး)။

**သညောဇနသမ္ပယုတ္တ နောသညောဇနတရား** ၁၄၇၆။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့်သာယှဉ်၍ သံယောဇဉ် မမည်သော 'သညောဇနသမ္ပယုတ္တ နောသညောဇန'တရား ဖြစ်ကုန်သနည်း။ သံယောဇဉ်တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်(၁၂)သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော 'သညောဇနသမ္ပယုတ္တ နောသညောဇန'တရားဖြစ်ကုန်၏(အကုသိုလ်စိတ်, သံယောဇဉ်တရားကိုယ် ရှစ်ပါးမှတပါး အခြားသော ယှဉ်ဘက်စေတသိက်)။

ဒုက်မှတ် သံယောဇဉ်တို့နှင့် မယှဉ်သော 'သညောဇနဝိပ္ပယုတ္တ' (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်) တရားတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်တို့နှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း သံယောဇဉ်တို့နှင့်သာယှဉ်ကုန်သည်ဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ရင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၆-သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်

**သညောဇနဝိပ္ပယုတ္တ သညောဇနိယတရား** ၁၄၇၇။ (၁) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်မူ၍ သံယောဇဉ်တို့၏ အာရုံသာဖြစ်သော 'သညောဇနဝိပ္ပယုတ္တ သညောဇနိယ'တရားဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ် မောဟ(ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ, ရူပ, အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။

http://www.dhammadownload.com



ဤတရားတို့သည် သံယောဇဉ်တို့နှင့် မယှဉ်မူ၍ သံယောဇဉ်တို့၏အာရုံသာဖြစ်သော 'သညောဇနဝိပ္ပယုတ္တ သညောဇနိယ' တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ဥဒ္ဒစ္စသဟဂုတ်မောဟ, ရုပ်)။

**သညောဇနဝိပ္ပယုတ္တ အသညောဇနိယတရား** ၁၄၇၇။ (၂) အဘယ်တရားတို့သည် သံယောဇဉ်တို့နှင့်လည်း မယှဉ်, သံယောဇဉ်တို့၏ အာရုံလည်း မဖြစ်သော 'သညောဇနဝိပ္ပယုတ္တ အသညောဇနိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း 'သာမည' (မဂ်)၏ အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သံယောဇဉ်တို့နှင့်လည်း မယှဉ်, သံယောဇဉ်တို့၏ အာရုံလည်းမဖြစ်သော 'သညောဇနဝိပ္ပယုတ္တ အသညောဇနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

**ဒုက်မှတ်** သံယောဇဉ်တို့နှင့် ယှဉ်သော 'သညောဇနသမ္ပယုတ္တ' (အကုသိုလ်) တရားတို့ကို သံယောဇဉ်တို့နှင့် မယှဉ်မူ၍ သံယောဇဉ်တို့၏ အာရုံသာဖြစ်ကုန်၏ ဟူ၍ငင်း၊ သံယောဇဉ်တို့နှင့်လည်း မယှဉ်, သံယောဇဉ်တို့၏အာရုံလည်း မဖြစ်ကုန်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်ကုန်။

**သညောဇနဂေါစ္ဆက ပြီး၏။**

---

## ၅-ဂန္ထဂေါစ္ဆက

### ၁-ဂန္ထဒုက်

**ဂန္ထတရား** ၁၄၇၈။ (၁) အဘယ်တရားတို့သည် (စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော 'ဂန္ထ'တရားမည်ကုန်သနည်း။ နာမ်တရားအပေါင်း 'နာမကာယ'ကို (စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ'၊ နာမ်တရားအပေါင်း 'နာမကာယ'ကို(စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဖျက်ဆီးပြစ်မှားမှု 'ဗျာပါဒကာယဂန္ထ'၊ နာမ်တရား အပေါင်း 'နာမကာယ'ကို (စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော နွား, ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် (မကောင်းမှုမှ စင်ကြယ်၏ဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသကာယဂန္ထ'၊ နာမ်တရားအပေါင်း 'နာမကာယ'ကို (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဤငါ၏အယူသည်သာလျှင် မှန်၏(တပါးသော အယူသည် အချည်းနှီးတည်း)ဟု မှားသောအားဖြင့် နှလုံးသွင်းမှု 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ' ဟူသော ဂန္ထလေးပါးတို့သည် ရှိကုန်၏။

ထို(ဂန္ထလေးပါးတို့)တွင် နာမ်တရားအပေါင်း 'နာမကာယ'ကို (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော မက်မောမှု 'အဘိဇ္ဈာကာယဂန္ထ'သည် လောဘသဟဂုတ် စိတ္တုပ္ပါဒ်ရှစ်ပါးတို့၌ ဖြစ်၏။

နာမ်တရားအပေါင်း 'နာမကာယ' ကို (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဖျက်ဆီးပြစ်မှားမှု 'ဗျာပါဒကာယဂန္ထ'သည် ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် နှစ်ပါးတို့၌ ဖြစ်၏။

http://www.dhammadownload.com



နာမ်တရားအပေါင်း ' နာမကာယ 'ကို (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဠ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော နွား, ခွေးစသည်တို့၏ အလေ့အကျင့်ဖြင့် (မကောင်းမှုမှ စင်ကြယ်၏ဟု) မှား သောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ ကာယဂန္ထ' သည်၎င်း, နာမ်တရားအပေါင်း 'နာမ-ကာယ'ကို (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဠ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော ဤငါ၏ အယူ သည်သာလျှင် မှန်၏ (တပါးသော အယူသည် အချည်းနှီးတည်း)ဟု မှားသောအားဖြင့် နှလုံး သွင်းမှု 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ'သည်၎င်း, ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ် ကုန်၏။

ဤတရားတို့သည် (စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဠ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော 'ဂန္ထ' တရား မည်ကုန်၏ (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော ဂန္ထတရားကိုယ်သုံးပါး)။

**နောဂန္ထတရား** ၁၄၉၀။ (၂) အဘယ်တရားတို့သည် ဂန္ထမမည်သော 'နောဂန္ထ'တရားဖြစ် ကုန်သနည်း။ ဂန္ထတို့ကိုချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာ ဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထမမည် သော'နောဂန္ထ'တရားဖြစ်ကုန်၏ (စိတ်, ဂန္ထတရားကိုယ်သုံးပါးကြဉ်သော စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-ဂန္ထနိယဒုက်

**ဂန္ထနိယတရား** ၁၄၉၁။ (၁) အဘယ်တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထ၏ အာရုံဖြစ်သော 'ဂန္ထနိယ' တရားဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ)ဝိပါက်(၃၂)၊(ကာမ, ရူပ, အရူပ) ဘုံသုံးပါး တို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာ ဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထ၏ အာရုံ ဖြစ်သော 'ဂန္ထနိယ'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

**အဂန္ထနိယတရား** ၁၄၉၂။ (၂) အဘယ် တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထ၏ အာရုံမဖြစ်သော 'အဂန္ထနိယ' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာ ငြိမ်း ကြောင်း 'သာမည' (မဂ်)၏အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့ သည် ဂန္ထ၏ အာရုံမဖြစ်သော 'အဂန္ထနိယ' တရားဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-ဂန္ထသမ္ပယုတ္တဒုက်

**ဂန္ထသမ္ပယုတ္တတရား** ၁၄၉၃။ (၁) အဘယ် တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထနှင့်ယှဉ်သော 'ဂန္ထသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် လေးပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ် လေးပါး၊ ဤ

http://www.dhammadownload.com



(ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်)တို့၌ ဖြစ်သော လောဘကို ချန်ထား၍ (ကြွင်းသော စေတသိက် နှစ်ဆယ့် နှစ်ပါး)၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ် နှစ်ပါး၊ ဤ (ဒေါသမူစိတ်) တို့၌ ဖြစ်သော ပဋိဃကို ချန်ထား၍ (ကြွင်းသော စေတသိက် နှစ်ဆယ့်တပါး)တို့သည် (ရှိကုန်၏)။ ဤ တရားတို့သည် ဂန္ထနှင့်ယှဉ်သော 'ဂန္ထသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (လောဘမူစိတ်, ဒေါသမူဒွေ့, ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘနှင့် ဒေါသမူ ဒေါသမှတပါး အခြားသော ယှဉ်ဘက် စေတသိက်)။

ဂန္ထဝိပ္ပယုတ္တတရား ၁၄၉၄။ (၂) အဘယ် တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထနှင့် မယှဉ်သော 'ဂန္ထဝိပ္ပယုတ္တ'တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ် လေးပါးတို့၌ ဖြစ်သော လောဘ၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ ဖြစ်သော ပဋိဃ၊ ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး တို့၌ (ဖြစ်သော) ပုဂ္ဂလာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာ-ဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထနှင့်မယှဉ် သော 'ဂန္ထဝိပ္ပယုတ္တ' တရားဖြစ်ကုန်၏ (မောဟမူဒွေ့, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်၌ လောဘ, ဒေါသမူဒွေ့၌ ဒေါသ, ရုပ်, နိဗ္ဗာန်)။

## ၄-ဂန္ထဂန္ထနိယဒုက်

ဂန္ထဂန္ထနိယတရား ၁၄၉၅။ (၁) အဘယ် တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်းဖြစ်သော 'ဂန္ထ ဂန္ထနိယ' တရားဖြစ်ကုန်သနည်း။ ထို ဂန္ထတရားတို့သည်ပင် ဂန္ထလည်းမည်ကုန်၍ ဂန္ထ၏ အာရုံလည်း ဖြစ် သော 'ဂန္ထ ဂန္ထနိယ' တရားဖြစ်ကုန်၏ (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော ဂန္ထတရားကိုယ်သုံးပါး)။

ဂန္ထနိယ နော ဂန္ထတရား ၁၄၉၆။ (၂) အဘယ် တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်သော 'ဂန္ထနိယ နော ဂန္ထ'တရား ဖြစ်ကုန်သနည်း။ ဂန္ထတို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ, ရူပ, အရူပ) ဘုံ သုံးပါးတို့၌ဖြစ်သော လောကီ ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပုဂ္ဂလာ မျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထတို့၏ အာရုံသာဖြစ်၍ ဂန္ထ မမည်သော 'ဂန္ထနိယ နော ဂန္ထ' တရားဖြစ်ကုန်၏ (အကုသိုလ်, လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာ စိတ်, ဂန္ထတရားကိုယ်သုံးပါးမှ တပါး အခြားသော စေတသိက်, ရုပ်)။

ဒုက်ပုတ် ဂန္ထတို့၏ အာရုံမဖြစ်သော 'အဂန္ထနိယ' (လောကုတ္တရာ) တရားတို့ကို ဂန္ထလည်း မည်၍ ဂန္ထတို့၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ရင်း၊ ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ကုန်ဟူရင်း မဆိုအပ် မဆိုထိုက်ကုန်။

http://www.dhammadownload.com



## ၅-ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်

**ဂန္ထ ဂန္ထသမ္ပယုတ္တတရား** ၁၄၉၇။ (၁) အဘယ်တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော)ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်သော 'ဂန္ထ ဂန္ထသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ ဒိဋ္ဌိသည်၎င်း လောဘသည်၎င်း တပြိုင်နက် ဖြစ်ကုန်၏။ (ထိုစိတ်၌ဖြစ်သော လောဘ ဒိဋ္ဌိဟူသော) ဤတရားတို့သည် ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်သော 'ဂန္ထ ဂန္ထသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ,ဒိဋ္ဌိ)။

**ဂန္ထသမ္ပယုတ္တ နော ဂန္ထတရား** ၁၄၉၈။ (၂) အဘယ်တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထနှင့်သာယှဉ်၍ ဂန္ထ မမည်သော 'ဂန္ထသမ္ပယုတ္တ နော ဂန္ထ'တရား ဖြစ်ကုန်သနည်း။ လောဘသဟဂုတ်စိတ္တုပ္ပါဒ်ရှစ်ပါး၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ ဤ (လောဘမူ ဒေါသမူစိတ်)တို့၌ဖြစ်သော ဂန္ထတို့ကို ချန်ထား၍ (ကြွင်းသော စေတသိက် နှစ်ဆယ့်သုံးပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် ဂန္ထနှင့်သာယှဉ်၍ ဂန္ထ မမည်သော 'ဂန္ထသမ္ပယုတ္တ နော ဂန္ထ'တရား ဖြစ်ကုန်၏ (လောဘမူ, ဒေါသမူစိတ်, ဂန္ထ ကရားကိုယ် သုံးပါးမှတပါး အခြားသော ယှဉ်ဘက် စေတသိက်)။

**ဒုက်မုတ်** ဂန္ထနှင့် မယှဉ်သော 'ဂန္ထဝိပ္ပယုတ္တ' (မောဟမူဒွေ, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ရုပ်, နိဗ္ဗာန်) တရားတို့ကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟူ၍၎င်း၊ ဂန္ထတို့နှင့်သာယှဉ်၍ ဂန္ထ မမည်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

## ၆-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်

**ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယတရား** ၁၄၉၉။ (၁) အဘယ်တရားတို့သည်(လောဘ,ဒေါသ,ဒိဋ္ဌိဟူသော) ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယ' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ် လေးပါးတို့၌ဖြစ်သော လောဘ၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ဖြစ်သော ပဋိဃ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက်(၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပုဂ္ဂိုလ်ကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယ'တရား ဖြစ်ကုန်၏(မောဟမူဒွေ, လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်၌ လောဘ, ဒေါသမူဒွေ၌ ဒေါသ၊ ရုပ်)။

**ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယတရား** ၁၅၀၀။ (၂) အဘယ်တရားတို့သည် (လောဘ, ဒေါသ, ဒိဋ္ဌိဟူသော) ဂန္ထနှင့်လည်း မယှဉ်ကုန်, ဂန္ထ၏ အာရုံလည်း မဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း 'သာမည (မဂ်)

http://www.dhammadownload.com



၏အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဂန္ထနှင့်လည်း မယှဉ်ကုန်, ဂန္ထ၏ အာရုံလည်း မဖြစ်သော 'ဂန္ထဝိပ္ပယုတ္တ အဂန္ထနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်,နိဗ္ဗာန်)။

ဒုက်မုတ် ဂန္ထနှင့်ယှဉ်သော 'ဂန္ထသမ္ပယုတ္တ'တရားတို့ကို ဂန္ထနှင့် မယှဉ်ကုန်သည်ဖြစ်၍ ဂန္ထ၏ အာရုံသာဖြစ်ကုန်၏ဟူ၍ငြင်း၊ ဂန္ထနှင့်လည်း မယှဉ် ဂန္ထ၏အာရုံလည်း မဖြစ်ကုန် ဟူ၍ငြင်း မဆိုအပ် မဆိုထိုက်ကုန်။

ဂန္ထဂေါစ္ဆက ပြီးပြီ။

---

## ၆-ဩဃ ဂေါစ္ဆက

### ၁-ဩဃဒုက်

**ဩဃတရား** ၁၅၀၁။ အဘယ်တရားတို့သည် ဩဃမည်ကုန်သနည်း။ပ။

## ၇-ယောဂဂေါစ္ဆက

### ၁-ယောဂဒုက်

**ယောဂတရား** ၁၅၀၂။ အဘယ်တရားတို့သည် ယောဂမည်ကုန်သနည်း။ပ။

## ၈-နီဝရဏဂေါစ္ဆက

### ၁-နီဝရဏဒုက်

**နီဝရဏတရား** ၁၅၀၃။ (၁) အဘယ်တရားတို့သည် (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'မည်ကုန်သနည်း။ ကာမဂုဏ်တို့၌ လိုချင်တောင့်တခြင်း 'ကာမစ္ဆန္ဒ'ဟူသော (ဈာန်,မဂ်,ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒ-နီဝရဏ'၊ ဖျက်ဆီးပြစ်မှားမှု 'ဗျာပါဒ'ဟူသော (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'ဗျာပါဒ နီဝရဏ'၊ စိတ် စေတသိက်တို့၏ မခံ့မှု (ထိုင်းမှိုင်းခြင်း) 'ထိန မိဒ္ဓ'ဟူသော (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'ထိန မိဒ္ဓနီဝရဏ'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ', နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ'ဟူသော (ဈာန်,မဂ်,ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'ဟူသော (ဈာန်,မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'ဝိစိကိစ္ဆာ နီဝရဏ'၊ (သိအပ်သည်ကို) မသိမှု (သစ္စာလေးပါးကို မသိမှု) 'အဝိဇ္ဇာ'ဟူသော (ဈာန်,မဂ်,ဖိုလ်တရားတို့ကို)ပိတ်ပင်တားဆီးမှု 'အဝိဇ္ဇာ နီဝရဏ'ဟူသော နီဝရဏခြောက်ပါးတို့သည် (ရှိကုန်၏)။

(ထိုနီဝရဏခြောက်ပါးတို့တွင်) ကာမစ္ဆန္ဒနီဝရဏသည် လောဘသဟဂုတ်စိတ္တုပ္ပါဒ်ရှစ်ပါးတို့၌ ဖြစ်၏။

ဗျာပါဒ နီဝရဏသည် ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ ဖြစ်၏။

ထိနမိဒ္ဓ နီဝရဏသည် သသင်္ခါရိက အကုသိုလ်(စိတ်)တို့၌ ဖြစ်၏။

http://www.dhammadownload.com



ဥဒ္ဒစ္စ နီဝရဏသည် ဥဒ္ဒစ္စသဟဂုတ် စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။

ကုက္ကုစ္စ နီဝရဏသည် ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ် နှစ်ပါးတို့၌ ဖြစ်၏။

ဝိစိကိစ္ဆာ နီဝရဏသည် ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။

အဝိဇ္ဇာ နီဝရဏ (မောဟ)သည် အလုံးစုံသော အကုသိုလ် (စိတ်)တို့၌ ဖြစ်၏။

ဤတရားတို့သည် (ဈာန်,မဂ်,ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'မည်ကုန်၏။

**နော နီဝရဏတရား** ၁၅၀၄။ (၂) အဘယ်တရားတို့သည် နီဝရဏ မမည်သော 'နော နီဝရဏ' တရား ဖြစ်ကုန်သနည်း။ (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'တရားတို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်(၁၂)၊ (ကာမ, ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ်(၂၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏ မမည်သော 'နော နီဝရဏ' တရား ဖြစ်ကုန်၏ (စိတ်,နီဝရဏတရားကိုယ်ရှစ်ပါးမှတပါး အခြားသော စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၂-နီဝရဏိယဒုက်

**နီဝရဏိယတရား** ၁၅၀၅။ (၁) အဘယ်တရားတို့သည် နီဝရဏတို့၏ အာရုံဖြစ်သော 'နီဝရဏိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ကုသိုလ်(၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ ဖြစ်သော (လောကီ)ဝိပါက်(၃၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် ရှိ၏။ ဤတရားတို့သည် နီဝရဏတို့၏ အာရုံဖြစ်သော 'နီဝရဏိယ'တရား ဖြစ်ကုန်၏ (လောကီစိတ်,စေတသိက်,ရုပ်)။

**အနီဝရဏိယတရား** ၁၅၀၆။ (၂) အဘယ်တရားတို့သည် နီဝရဏတို့၏ အာရုံ မဖြစ်သော 'အနီဝရဏိယ'တရားဖြစ်ကုန်သနည်း။(ကာမ,ရူပ, အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ကိလေသာငြိမ်းကြောင်း'သာမည'(မဂ်)၏ အကျိုး (ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့၏ အာရုံမဖြစ်သော 'အနီဝရဏိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၃-နီဝရဏသမ္ပယုတ္တဒုက်

**နီဝရဏသမ္ပယုတ္တတရား** ၁၅၀၇။ (၁) အဘယ်တရားတို့သည် နီဝရဏနှင့်ယှဉ်သော 'နီဝရဏသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကုသိုလ်စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် နီဝရဏတို့နှင့်ယှဉ်သော 'နီဝရဏသမ္ပယုတ္တ' တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ် ၁၂, ယှဉ်ဘက် စေတသိက်)။

http://www.dhammadownload.com



**နီဝရဏဝိပ္ပယုတ္တတရား** ၁၅၀၈။ (၂) အဘယ်တရားတို့သည် နီဝရဏနှင့်မယှဉ်သော 'နီဝရဏ-ဝိပ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ်(၂၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌(ဖြစ်သော)ဝိပါက်(၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှ ဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မပဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏနှင့် မယှဉ်သော 'နီဝရဏဝိပ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၄-နီဝရဏ နီဝရဏိယဒုက်

**နီဝရဏ နီဝရဏိယတရား** ၁၅၀၉။ (၁) အဘယ်တရားတို့သည် နီဝရဏ လည်းမည်၍ နီဝရဏတို့၏ အာရုံလည်းဖြစ်သော 'နီဝရဏ နီဝရဏိယ' တရား ဖြစ်ကုန်သနည်း။ ထို နီဝရဏတရား တို့သည်ပင်လျှင် နီဝရဏ လည်းမည်၍ နီဝရဏတို့၏ အာရုံလည်းဖြစ်သော 'နီဝရဏ နီဝရဏိယ'တရား ဖြစ်ကုန်၏ (နီဝရဏတရားကိုယ်ရှစ်ပါး)။

**နီဝရဏိယ နော နီဝရဏတရား** ၁၅၁၀။ (၂) အဘယ်တရားတို့သည် နီဝရဏတို့၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည်သော 'နီဝရဏိယ နော နီဝရဏ'တရား ဖြစ်ကုန်သနည်း။ နီဝရဏတရားတို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ, ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါး တို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မပဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့၏အာရုံသာဖြစ်၍ နီဝရဏမမည်သော 'နီဝရဏိယ နော နီဝရဏ'တရား ဖြစ်ကုန်၏ (လောကီစိတ်,နီဝရဏတရားကိုယ် ရှစ်ပါးကြဉ်သော စေတသိက်, ရုပ်)။

**ဒုက်မှတ်** နီဝရဏတို့၏အာရုံမဟုတ်သော'အနီဝရဏိယ'(မဂ်, ဖိုလ်, နိဗ္ဗာန်) တရားတို့ကို နီဝရဏ လည်းမည်၍ နီဝရဏတို့၏အာရုံလည်း ဖြစ်ကုန်၏ဟူ၍၎င်း၊နီဝရဏတို့၏အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

## ၅-နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်

**နီဝရဏ နီဝရဏသမ္ပယုတ္တတရား** ၁၅၁၁။ (၁) အဘယ်တရားတို့သည် နီဝရဏ လည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်သော 'နီဝရဏ နီဝရဏ သမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ နီဝရဏနှစ်ပါး သုံးပါးတို့သည် တပြိုင်နက်ဖြစ်ကုန် ၏။ (ထိုစိတ်၌ဖြစ်သော နီဝရဏနှစ်ပါး သုံးပါးဟူသော) ဤတရားတို့သည် နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်သော 'နီဝရဏ နီဝရဏသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (နီဝရဏတရားကိုယ် ရှစ်ပါး)။

**နီဝရဏသမ္ပယုတ္တ နော နီဝရဏတရား** ၁၅၁၂။ (၂) အဘယ်တရားတို့သည် နီဝရဏတို့နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ နီဝရဏ မမည်သော 'နီဝရဏသမ္ပယုတ္တ နော နီဝရဏ'တရား ဖြစ်ကုန်သနည်း။ နီဝရဏတရားတို့ကို ချန်ထား၍ ကြွင်း

http://www.dhammadownload.com



ကျန်သော အကုသိုလ် (၁၂) သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့နှင့်သာ ယှဉ်ကုန်သည် ဖြစ်၍ နီဝရဏ မမည်သော 'နီဝရဏသမ္ပယုတ္တ နော နီဝရဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, နီဝရဏဟုရားကိုယ်ရှစ်ပါးမှတပါး အခြားသောယှဉ်ဘက်စေတသိက်)။

ဒုက်မုတ် နီဝရဏတို့နှင့်မယှဉ်သော 'နီဝရဏ ဝိပ္ပယုတ္တ' (ကုသိုလ်, ဝိပါက်, ကိရိယာ, ရုပ်, နိဗ္ဗာန်) တရားတို့ကို နီဝရဏ လည်းမည်၍ နီဝရဏတို့နှင့်လည်း ယှဉ်ကုန်၏ဟူ၍၎င်း၊ နီဝရဏတို့နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ နီဝရဏ မမည်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

### ၆-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်

**နီဝရဏဝိပ္ပယုတ္တ နီဝရဏိယတရား** ၁၅၁၃။ (၁) အဘယ်တရားတို့သည် နီဝရဏတို့နှင့် မယှဉ်ကုန်မူ၍ နီဝရဏတို့၏ အာရုံသာဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ နီဝရဏိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့နှင့် မယှဉ်ကုန်မူ၍ နီဝရဏတို့၏ အာရုံသာဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ နီဝရဏိယ'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်)။

**နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယတရား** ၁၅၁၄။ (၂) အဘယ်တရားတို့သည် နီဝရဏတို့နှင့်လည်း မယှဉ်ကုန်မူ၍ နီဝရဏတို့၏ အာရုံလည်း မဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယ' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်း'သာမည' (မဂ်)၏ အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် နီဝရဏတို့နှင့်လည်း မယှဉ်ကုန်မူ၍ နီဝရဏတို့၏ အာရုံလည်း မဖြစ်သော 'နီဝရဏဝိပ္ပယုတ္တ အနီဝရဏိယ'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

ဒုက်မုတ် နီဝရဏတို့နှင့်ယှဉ်သော 'နီဝရဏသမ္ပယုတ္တ' (အကုသိုလ်) တရားတို့ကို နီဝရဏတို့နှင့် မယှဉ်မူ၍ နီဝရဏတို့၏ အာရုံသာဖြစ်ကုန်၏ဟူ၍၎င်း၊ နီဝရဏတို့နှင့်လည်း မယှဉ်ကုန်မူ၍ နီဝရဏတို့၏ အာရုံလည်း မဖြစ်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

**နီဝရဏဂေါစ္ဆက ပြီးပြီ။**

---

## ၉-ပရာမာသဂေါစ္ဆက

### ၁-ပရာမာသဒုက်

**ပရာမာသ ဟရား** ၁၅၁၅။ (၁) အဘယ်တရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'မည်ကုန်သနည်း။ မိစ္ဆာဒိဋ္ဌိဟူသော မှားသောအားဖြင့် သုံးသပ်မှု 'ဒိဋ္ဌိပရာမာသ'သည် ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်၏။ ဤတရားတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' မည်ကုန်၏ (ဒိဋ္ဌိစေတသိက်)။

http://www.dhammadownload.com



**နောပရာမာသ တရား** ၁၅၁၆။ (၂) အဘယ်တရားတို့သည် ပရာမာသ မမည်သော 'နောပရာမာသ' တရားဖြစ်ကုန်သနည်း။ (ဒိဋ္ဌိ)ပရာမာသကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ပရာမာသ မမည်သော 'နောပရာမာသ' တရားဖြစ်ကုန်၏(စိတ်,ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁, ရုပ်,နိဗ္ဗာန်)

## ၂-ပရာမဋ္ဌဒုက်

**ပရာမဋ္ဌတရား** ၁၅၁၇။ (၁) အဘယ်တရားတို့သည် 'ပရာမာသ'၏ အာရုံဖြစ်သော 'ပရာမဋ္ဌ' တရားဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော (လောကီ)ကုသိုလ် (၁၇)၊ အကုသိုလ် (၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော ပြုကာမျှ ဖြစ်၍ ကုသိုလ်အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'၏ အာရုံဖြစ်သော 'ပရာမဋ္ဌ'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်,ရုပ်)။

**အပရာမဋ္ဌတရား** ၁၅၁၈။ (၂) အဘယ်တရားတို့သည် 'ပရာမာသ'၏ အာရုံမဖြစ်သော 'အပရာမဋ္ဌ' တရားဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း 'သာမည' (မဂ်)၏ အကျိုး (ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'၏ အာရုံမဖြစ်သော 'အပရာမဋ္ဌ' တရားဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃-ပရာမာသ သမ္ပယုတ္တဒုက်

**ပရာမာသ သမ္ပယုတ္တတရား** ၁၅၁၉။ (၁) အဘယ်တရားတို့သည်'ပရာမာသ'နှင့်ယှဉ်သော'ပရာမာသသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဤစိတ်တို့၌ဖြစ်သော (ဒိဋ္ဌိ) ပရာမာသကို ချန်ထား၍ (ကြွင်းသော) စေတသိက် (၂၀)တို့သည်(ရှိကုန်၏)။ ဤတရားတို့သည်'ပရာမာသ'နှင့်ယှဉ်သော 'ပရာမာသသမ္ပယုတ္တ'တရားဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်, ဒိဋ္ဌိမှတပါး အခြားသော ယှဉ်ဘက်စေတသိက်)။

**ပရာမာသဝိပ္ပယုတ္တတရား** ၁၅၂၀။ (၂) အဘယ်တရားတို့သည်'ပရာမာသ'နှင့်မယှဉ်သော'ပရာမာသဝိပ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ် (၁)၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ (ကာမ,ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ ဖြစ်သော ကုသိုလ် (၂၁)၊ (ကာမ,ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်

http://www.dhammadownload.com



မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'နှင့်မယှဉ်သော 'ပရာမာသဝိပ္ပယုတ္တ'တရားဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

ဒုက်မုတ် (ဒိဋ္ဌိ) ပရာမာသကို 'ပရာမာသ'နှင့် ယှဉ်၏ဟူ၍ငင်း 'ပရာမာသ'နှင့် မယှဉ်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်။

## ၄-ပရာမာသ ပရာမဋ္ဌဒုက်

**ပရာမာသ ပရာမဋ္ဌတရား** ၁၅၂၁။ (၁) အဘယ်တရားတို့သည် 'ပရာမာသ'လည်း မည်၍ ပရာမာသ၏ အာရုံလည်းဖြစ်သော 'ပရာမာသ ပရာမဋ္ဌ' တရားဖြစ်ကုန်သနည်း။ ထို(ဒိဋ္ဌိ) ပရာမာသသည်ပင် 'ပရာမာသ'လည်း မည်၍ 'ပရာမာသ'၏ အာရုံလည်းဖြစ်သော 'ပရာမာသ ပရာမဋ္ဌ'တရားဖြစ်၏ (ဒိဋ္ဌိစေတသိက်)။

**ပရာမဋ္ဌ နော ပရာမာသတရား** ၁၅၂၂။ (၂) အဘယ်တရားတို့သည် 'ပရာမာသ'၏ အာရုံသာဖြစ်၍ 'ပရာမာသ'မမည်သော 'ပရာမဋ္ဌ နော ပရာမာသ' တရားဖြစ်ကုန်သနည်း။ (ဒိဋ္ဌိ)ပရာမာသကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက်(၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် ရှိ၏။ ဤတရားတို့သည် 'ပရာမာသ'၏ အာရုံသာဖြစ်၍ 'ပရာမာသ' မမည်သော 'ပရာမဋ္ဌ နော ပရာမာသ'တရား ဖြစ်ကုန်၏ (လောကီစိတ်, ဒိဋ္ဌိမှတပါး အခြားသော စေတသိက်, ရုပ်)။

ဒုက်မုတ် 'ပရာမာသ'၏ အာရုံမဖြစ်သော 'အပရာမဋ္ဌ' (မဂ်, ဖိုလ်, နိဗ္ဗာန်)တရားတို့ကို 'ပရာမာသ' လည်း မည်၍ 'ပရာမာသ'၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ငင်း၊ 'ပရာမာသ'၏ အာရုံသာ ဖြစ်၍ 'ပရာမာသ' မမည်ကုန်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၅-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်

**ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌတရား** ၁၅၂၃။ (၁) အဘယ်တရားတို့သည် 'ပရာမာသ'နှင့် မယှဉ်မူ၍ 'ပရာမာသ'၏ အာရုံသာ ဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်(၁)၊ ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်(၁)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော)(လောကီ) ကုသိုလ်(၁၇)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)(လောကီ) ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး တို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသောရုပ်သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ'နှင့်မယှဉ်မူ၍ 'ပရာမာသ'၏ အာရုံသာဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်, ဒေါသမူ, မောဟမူ, လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, စေတသိက်, ရုပ်)။

http://www.dhammadownload.com



**ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌတရား** ၁၅၂၄။ (၂) အဘယ်တရားတို့သည်'ပရာမာသ'နှင့်လည်း မယှဉ်မူ၍ 'ပရာမာသ' ၏ အာရုံလည်း မဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထိုပြင် ကိလေသာငြိမ်းကြောင်း 'သာမညဲ'(မဂ်)၏အကျိုး (ဖိုလ်) လေးပါး၊ထိုပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် 'ပရာမာသ' နှင့်လည်း မယှဉ်မူ၍ 'ပရာမာသ' ၏ အာရုံလည်း မဖြစ်သော 'ပရာမာသဝိပ္ပယုတ္တ အပရာမဋ္ဌ'တရား ဖြစ်ကုန်၏။

**ဒုက်မုတ်** 'ပရာမာသ' (ဒိဋ္ဌိ)တို့ကိုင်း၊ 'ပရာမာသ'နှင့်ယှဉ်သော (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်) တရားတို့ကိုင်း 'ပရာမာသ'နှင့် မယှဉ်မူ၍ 'ပရာမာသ'၏ အာရုံသာဖြစ်ကုန်၏ဟူ၍ ငင်း၊ 'ပရာမာသ'နှင့်လည်း မယှဉ်၊ 'ပရာမာသ'၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်ကုန်။

ပရာမာသဂေါစ္ဆက ပြီးပြီ။

---

## ၁၀-မဟန္တရဒုက်

### ၁-သာရမ္မဏဒုက်

**သာရမ္မဏတရား** ၁၅၂၅။ (၁) အဘယ် တရားတို့သည် အာရုံပြုခြင်းရှိသော (အာရုံပြုတတ်သော) 'သာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌(ဖြစ်သော) ကုသိုလ်(၂၁)၊ အကုသိုလ် (၁၂)၊(ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံ သုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)သည် (ရှိ၏)။ ဤတရားတို့သည် အာရုံပြုခြင်းရှိသော (အာရုံပြုတတ်သော) 'သာရမ္မဏ'တရား ဖြစ်ကုန်၏ (အာရုံပြုခြင်းရှိသော စိတ်,စေတသိက်)။

**အနာရမ္မဏတရား** ၁၅၂၆။ (၂) အဘယ်တရားတို့သည် အာရုံပြုခြင်းမရှိသော (အာရုံမပြုတတ်သော) 'အနာရမ္မဏ'တရား ဖြစ်ကုန်သနည်း။ ရုပ်သည်ငင်း နိဗ္ဗာန်သည်ငင်း (ရှိ၏)။ ဤတရားတို့သည် အာရုံပြုခြင်းမရှိသော (အာရုံမပြုတတ်သော) 'အနာရမ္မဏ'တရား ဖြစ်ကုန်၏ (အာရုံပြုခြင်းမရှိသော ရုပ်,နိဗ္ဗာန်)။

### ၂-စိတ္တဒုက်

**စိတ္တတရား** ၁၅၂၇။ (၁) အဘယ်တရားတို့သည်(အာရုံကိုသိတတ်သည့်)'စိတ်'မည်သော'စိတ္တ' တရား ဖြစ်ကုန်သနည်း။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ သိတတ်သောသဘော 'မနောဓာတ်'၊ အထူးသိတတ်သော သဘော 'မနောဝိညာဏဓာတ်'သည် (ရှိ၏)။ ဤတရားတို့သည် (အာရုံကိုသိတတ်သည့်) 'စိတ်'မည်သော 'စိတ္တ'တရား ဖြစ်ကုန်၏ (စိတ် ၈၉)။

http://www.dhammadownload.com



**နောစိတ္တတရား** ၁၅၂၈။ (၂) အဘယ်တရားတို့သည် (အာရုံကိုသိတတ်သည့်) 'စိတ်' မမည်သော 'နောစိတ္တ' တရားဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (အာရုံကိုသိတတ်သည့်) 'စိတ်' မမည်သော 'နောစိတ္တ' တရားဖြစ်ကုန်၏ (စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၃-စေတသိကဒုက်

**စေတသိကတရား** ၁၅၂၉။ (၁) အဘယ်တရားတို့သည် (စိတ်၌ယှဉ်သည့်) 'စေတသိက်' မည်သော 'စေတသိက' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် (စိတ်၌ယှဉ်သည့်) 'စေတသိက်' မည်သော 'စေတသိက' တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**အစေတသိကတရား** ၁၅၃၀။ (၂) အဘယ်တရားတို့သည် (စိတ်၌ယှဉ်သည့်) 'စေတသိက်' မမည်သော 'အစေတသိက' တရား ဖြစ်ကုန်သနည်း။ စိတ်၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (စိတ်၌ယှဉ်သည့်) 'စေတသိက်' မမည်သော 'အစေတသိက' တရား ဖြစ်ကုန်၏ (စိတ်, ရုပ်, နိဗ္ဗာန်)။

## ၄-စိတ္တသမ္ပယုတ္တဒုက်

**စိတ္တသမ္ပယုတ္တတရား** ၁၅၃၁။ (၁) အဘယ်တရားတို့သည် စိတ်နှင့်ယှဉ်သော 'စိတ္တသမ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်ယှဉ်သော 'စိတ္တသမ္ပယုတ္တ' တရားဖြစ်ကုန်၏ (စေတသိက် ၅၂)။

**စိတ္တဝိပ္ပယုတ္တတရား** ၁၅၃၂။ (၂) အဘယ်တရားတို့သည် စိတ်နှင့်မယှဉ်သော 'စိတ္တဝိပ္ပယုတ္တ' တရားဖြစ်ကုန်သနည်း။ ရုပ်သည်၎င်း နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်မယှဉ်သော 'စိတ္တဝိပ္ပယုတ္တ' တရားဖြစ်ကုန်၏ (စိတ်နှင့် မယှဉ်သော ရုပ်, နိဗ္ဗာန်)။

**ဒုက်မှတ်** စိတ်ကို စိတ်နှင့်ယှဉ်၏ဟူ၍၎င်း၊ စိတ်နှင့်မယှဉ်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်။

## ၅-စိတ္တသံသဋ္ဌဒုက်

**စိတ္တသံသဋ္ဌတရား** ၁၅၃၃။ (၁) အဘယ်တရားတို့သည် စိတ်နှင့်ရောနှောသော (စိတ်နှင့်ယှဉ်သော) 'စိတ္တသံသဋ္ဌ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်ရောနှောသော (စိတ်နှင့်ယှဉ်သော) 'စိတ္တသံသဋ္ဌ' တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

http://www.dhammadownload.com



**စိတ္တဝိသံသဋ္ဌတရား** ၁၅၃၄။ (၂) အဘယ်တရားတို့သည် စိတ်နှင့်မရောနှောသော (စိတ်နှင့် မယှဉ်သော)'စိတ္တဝိသံသဋ္ဌ'တရားဖြစ်ကုန်သနည်း။ ရုပ်သည်၎င်း နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်မရောနှောသော(စိတ်နှင့်မယှဉ်သော) 'စိတ္တဝိသံသဋ္ဌ' တရားဖြစ်ကုန်၏ (ရုပ်, နိဗ္ဗာန်)။

**ဒုက်မှတ်** စိတ်ကို စိတ်နှင့်ရောနှော၏ဟူ၍၎င်း စိတ်နှင့်မရောနှောဟူ၍၎င်း မဆိုအပ် မဆိုထိုက်။

## ၆-စိတ္တသမုဋ္ဌာနဒုက်

**စိတ္တသမုဋ္ဌာနတရား** ၁၅၃၅။ (၁) အဘယ်တရားတို့သည် စိတ်လျှင်ဖြစ်ကြောင်းရှိသော(စိတ်ကြောင့်ဖြစ်သော)'စိတ္တသမုဋ္ဌာန'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ (ပိမိအလိုဆန္ဒကို)ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' သည် (ရှိ၏)။ ထို့ပြင် ( ဆိုအပ်ခဲ့ပြီးသော ရုပ်တို့မှ ) တမျိုးတခြားဖြစ်သော စိတ်ကြောင့်ဖြစ်သော 'စိတ္တဇ'၊ စိတ်ဟူသော အကြောင်းရှိသော 'စိတ္တဟေတုက'၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော 'စိတ္တသမုဋ္ဌာန'၊ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'၊ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'၊ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'၊ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'၊ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'၊ မရေးခြစ်အပ်သော (ရေးခြစ်၍မထင်သော ဟင်းလင်း)သဘော 'အာကာသဓာတ်'၊ ရေဟူသော သဘော(ဖွဲ့စည်းခြင်းသဘော) 'အာပေါဓာတ်'၊ ရုပ်၏ လျှင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'၊ ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'၊ ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'၊ ရုပ်၏ ဖြစ်ပေါ်စ 'ရူပဿ ဥပစယ'၊ ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ'၊ အလုတ်အလွေးပြုအပ်သော အစာ 'ကဗဠီကာရ အာဟာရ'ဟူသော အကြင်ရုပ်သည်လည်း ရှိသေး၏။ ဤတရားတို့သည် စိတ်လျှင်ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) 'စိတ္တသမုဋ္ဌာန' တရားဖြစ်ကုန်၏(စေတသိက်, စိတ္တဇရုပ်)။

**နော စိတ္တသမုဋ္ဌာနတရား** ၁၅၃၆။ (၂) အဘယ်တရားတို့သည် စိတ်လျှင် ဖြစ်ကြောင်း မရှိသော( စိတ်ကြောင့်မဖြစ်သော) 'နော စိတ္တသမုဋ္ဌာန'တရားဖြစ်ကုန်သနည်း။ စိတ်၊ထို့ပြင် (စိတ္တဇရုပ်မှ)ကြွင်းကျန်သော ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် စိတ်လျှင်ဖြစ်ကြောင်းမရှိသော(စိတ်ကြောင့်မဖြစ်သော) 'နော စိတ္တသမုဋ္ဌာန' တရားဖြစ်ကုန်၏ (စိတ်, ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်, နိဗ္ဗာန်)။

## ၇-စိတ္တသဟဘုဒုက်

**စိတ္တသဟဘုတရား** ၁၅၃၇။ (၁) အဘယ်တရားတို့သည် စိတ်နှင့်အတူတကွဖြစ်သော (စိတ်နှင့်အတူဖြစ် အတူပျက်သော) 'စိတ္တသဟဘု' တရားဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်အတူတကွဖြစ်

http://www.dhammadownload.com



သော(စိတ်နှင့်အတူဖြစ် အတူပျက်သော) 'စိတ္တသဟဘု' တရား ဖြစ်ကုန်၏ (စေတသိက် ၅၂, ဝိညတ်ရုပ်နှစ်ပါး)။

**နော စိတ္တသဟဘုတရား** ၁၅၃၈။ (၂) အဘယ်တရားတို့သည် စိတ်နှင့်အတူတကွမဖြင်သော (စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်သော) 'နော စိတ္တသဟဘု' တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ (ဝိညတ်ရုပ်မှ) ကြွင်းကျန်သော ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်အတူတကွမဖြစ်သော(စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်သော) 'နော စိတ္တသဟဘု' တရား ဖြစ်ကုန်၏(စိတ်, ဝိညတ်ရုပ်မှတပါး အခြားသော ရုပ်, နိဗ္ဗာန်)။

## ဂ-စိတ္တာနုပရိဝတ္တိဒုက်

**စိတ္တာနုပရိဝတ္တိတရား** ၁၅၃၉။ (၁) အဘယ်တရားတို့သည် စိတ်သို့ အစဉ်လိုက်သော(စိတ်နှင့်အတူဖြစ်, အတူပျက်သော) 'စိတ္တာနုပရိဝတ္တိ' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ (မိမိအလိုဆန္ဒကို) ကိုယ်အမူအရာဖြင့် သိစေမှု 'ကာယဝိညတ်'၊ (မိမိအလိုဆန္ဒကို) နှုတ်မြွက်ခြင်းဖြင့် သိစေမှု 'ဝစီဝိညတ်' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်သို့ အစဉ်လိုက်သော( စိတ်နှင့်အတူဖြစ်, အတူပျက်သော ) 'စိတ္တာနုပရိဝတ္တိ' တရား ဖြစ်ကုန်၏ (စေတသိက်, ဝိညတ်ရုပ်နှစ်ပါး)။

**နော စိတ္တာနုပရိဝတ္တိတရား** ၁၅၄၀။ (၂) အဘယ်တရားတို့သည် စိတ်သို့ အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်သော) 'နော စိတ္တာနုပရိဝတ္တိ'တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ (ဝိညတ်ရုပ်မှ) ကြွင်းကျန်သော ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်သို့ အစဉ်မလိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်မဟုတ်သော) 'နော စိတ္တာနုပရိဝတ္တိ' တရားဖြစ်ကုန်၏ (စိတ်, ဝိညတ်ရုပ်မှတပါး အခြားသောရုပ်, နိဗ္ဗာန်)။

## ဃ-စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက်

**စိတ္တသံသဋ္ဌ သမုဋ္ဌာနတရား** ၁၅၄၁။ (၁) အဘယ်တရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်သော), စိတ်လျှင် ဖြစ်ကြောင်းလည်း ရှိသော ( စိတ်ကြောင့်လည်းဖြစ်သော )'စိတ္တသံသဋ္ဌ သမုဋ္ဌာန' တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော(စိတ်နှင့်လည်းယှဉ်သော), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိသော( စိတ်ကြောင့်လည်းဖြစ်သော ) 'စိတ္တသံသဋ္ဌ သမုဋ္ဌာန' တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌသမုဋ္ဌာနတရား** ၁၅၄၂။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်း မယှဉ်), စိတ်လျှင်ဖြစ်ကြောင်းလည်းမရှိသော (စိတ်ကြောင့်လည်း မဖြစ်သော) 'နော စိတ္တသံသဋ္ဌ သမုဋ္ဌာန' တရားဖြစ်

http://www.dhammadownload.com



ကုန်သနည်း။ စိတ်သည်၎င်း၊ ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်း မယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်း မရှိသော (စိတ်ကြောင့်လည်း မဖြစ်သော) 'နော စိတ္တသံသဋ္ဌ သမုဋ္ဌာန'တရား ဖြစ်ကုန်၏(စိတ်, ရုပ်, နိဗ္ဗာန်)။

## ၁၀-စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုဒုက်

**စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုတရား** ၁၅၄၃။ (၁) အဘယ်တရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်း ဖြစ်သော), စိတ်နှင့်လည်း အတူတကွဖြစ်သော(စိတ်နှင့် အတူဖြစ်, အတူပျက်သော) 'စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘု'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ', မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်း ဖြစ်သော),စိတ်နှင့်လည်း အတူတကွဖြစ်သော (စိတ်နှင့် အတူဖြစ်,အတူပျက်သော)'စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘု'တရား ဖြစ်ကုန်၏ (စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုတရား** ၁၅၄၄။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော(စိတ်နှင့်လည်း မယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းမရှိ (စိတ်ကြောင့်လည်း မဖြစ်), စိတ်နှင့်လည်း အတူတကွ မဖြစ်သော(စိတ်နှင့်လည်း အတူဖြစ် အတူပျက်မဟုတ်သော)'နော စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘု' တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်း မယှဉ်), စိတ်လျှင်ဖြစ်ကြောင်းလည်းမရှိ (စိတ်ကြောင့်လည်း မဖြစ်), စိတ်နှင့်လည်း အတူတကွမဖြစ်သော (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်သော) 'နော စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘု'တရားဖြစ်ကုန်၏(စိတ်,ရုပ်, နိဗ္ဗာန်)။

## ၁၁-စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်

**စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိတရား** ၁၅၄၅။ (၁) အဘယ် တရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်းဖြစ်), စိတ်သို့လည်း အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်,အတူပျက်သော) 'စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်သနည်း။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ', မှတ်သားမှုအစု 'သညာက္ခန္ဓာ', ပြုပြင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည် (ရှိ၏)။ ဤတရားတို့သည် စိတ်နှင့်လည်း ရောနှော (စိတ်နှင့်လည်း ယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းရှိ (စိတ်ကြောင့်လည်းဖြစ်), စိတ်သို့လည်း အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်,အတူပျက်သော) 'စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်၏(စေတသိက် ၅၂)။

**နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိတရား** ၁၅၄၆။ (၂) အဘယ်တရားတို့သည် စိတ်နှင့်လည်း မရောနှော(စိတ်နှင့်လည်း မယှဉ်), စိတ်လျှင် ဖြစ်ကြောင်းလည်းမရှိ (စိတ်ကြောင့်လည်း မဖြစ်သော),စိတ်သို့လည်း အစဉ်မလိုက်သော(စိတ်နှင့်လည်း အတူဖြစ်, အတူပျက် မဟုတ်သော) 'နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ'တရားဖြစ်ကုန်သနည်း။ စိတ်သည်၎င်း၊ ရုပ်သည်၎င်း၊ နိဗ္ဗာန်သည်၎င်း (ရှိ၏)။ ဤတရား

http://www.dhammadownload.com



တို့သည် စိတ်နှင့်လည်း မရောနှော (စိတ်နှင့်လည်း မယှဉ်), စိတ်လျှင်ဖြစ်ကြောင်းလည်းမရှိ (စိတ်ကြောင့်လည်း မဖြစ်), စိတ်သို့လည်း အစဉ်မလိုက်သော (စိတ်နှင့်လည်း အတူဖြစ်,အတူပျက်မဟုတ်သော) 'နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ'တရား ဖြစ်ကုန်၏ (စိတ်, ရုပ်, နိဗ္ဗာန်)။

## ၁၂-အဇ္ဈတ္တိကဒုက်

**အဇ္ဈတ္တိကတရား** ၁၅၄၇။ (၁) အဘယ်တရားတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'တရားဖြစ်ကုန်သနည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ သိမှု (စိတ်) ဖြစ်ရာ 'မနာယတန'သည် (ရှိ၏)။ ဤတရားတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'တရားဖြစ်ကုန်၏(စိတ် ၈၉, ပသာဒရုပ် ၅)။

**ဗာဟိရတရား** ၁၅၄၈။ (၂) အဘယ်တရားတို့သည် အပ(ဗဟိဒ္ဓ)သန္တာန်၌ဖြစ်သော 'ဗာဟိရ' တရားဖြစ်ကုန်သနည်း။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။ပ။ သိမှု(စိတ်)ဖြစ်ကြောင်း သဘော'ဓမ္မာယတန'သည် (ရှိ၏)။ ဤတရားတို့သည် အပ (ဗဟိဒ္ဓ)သန္တာန်၌ဖြစ်သော'ဗာဟိရ'တရားဖြစ်ကုန်၏(စေတသိက်,ပသာဒရုပ်မှတပါး အခြားသော ရုပ်, နိဗ္ဗာန်)။

## ၁၃-ဥပါဒါဒုက်

**ဥပါဒါတရား** ၁၅၄၉။ (၁) အဘယ်တရားတို့သည် မှီ၍သာဖြစ်တတ်သော 'ဥပါဒါ'တရားဖြစ်ကုန်သနည်း။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။ပ။ အလုတ်အလွေးပြုအပ်သောအစာ'ကဗဠီကာရ အာဟာရ'သည်(ရှိ၏)။ဤတရားတို့သည် မှီ၍သာဖြစ်တတ်သော'ဥပါဒါ'တရားဖြစ်ကုန်၏ (ဥပါဒါရုပ် ၂၄)။

**နော ဥပါဒါတရား** ၁၅၅၀။ (၂) အဘယ်တရားတို့သည် မှီ၍သာဖြစ်တတ်သည့် 'ဥပါဒါ' ရုပ် မဟုတ်သော 'နော ဥပါဒါ' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော)ကုသိုလ် (၂၁)၊ အကုသိုလ်(၁၂)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက်(၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် မဟာဘုတ်လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် မှီ၍သာဖြစ်တတ်သည့် 'ဥပါဒါ'ရုပ် မဟုတ်သော 'နော ဥပါဒါ'တရား ဖြစ်ကုန်၏ (စိတ်, စေတသိက်, ဘူတရုပ်လေးပါး, နိဗ္ဗာန်)။

## ၁၄-ဥပါဒိန္နဒုက်

**ဥပါဒိန္နတရား** ၁၅၅၁။ (၁) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည့် အကျိုး 'ဝိပါက်'၏အဖြစ်ဖြင့် စွဲယူအပ်သော 'ဥပါဒိန္န'တရား ဖြစ်ကုန်သနည်း (အဘယ်တရားတို့သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုး'ဝိပါက်'ဖြစ်ကုန်သနည်း)။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော (လောကီ) ဝိပါက်(၃၂)၊ ထို့ပြင်(ကုသိုလ်, အကုသိုလ်)ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ်(ကံ) ကြောင့်ဖြစ်သော အကြင်(ကမ္မဇ)ရုပ်သည်(ရှိ၏)။ ဤတရားတို့သည်(တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သော ကံ၏အကျိုး

http://www.dhammadownload.com



'ဝိပါက်'ဖြစ်သော) 'ဥပါဒိဏ္ဏ'တရား ဖြစ်ကုန်၏ (လောကီဝိပါက်စိတ်, ယှဉ်ဘက်စေတသိက်, ကမ္မဇရုပ်)။

အနုပါဒိဏ္ဏတရား ၁၅၅၂။ (၂) အဘယ်တရားတို့သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး (ဝိပါက်)၏အဖြစ်ဖြင့် မစွဲယူ အပ်သော 'အနုပါဒိဏ္ဏ' တရားဖြစ်ကုန်သနည်း (အဘယ်တရားတို့သည် တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သော ကံ၏အကျိုး 'ဝိပါက်' မဟုတ်ကုန်သနည်း)။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော လောကီကုသိုလ် (၁၇)၊ အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် (ကုသိုလ် အကုသိုလ်) ကံကို ပြုအပ်ခဲ့ပြီးသည်၏အဖြစ် (ကံ) ကြောင့် မဖြစ်သော (ကမ္မဇရုပ် မဟုတ်သော) အကြင် (တိဇ) ရုပ်၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း(မဂ်)၏ အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည်(တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သော ကံ၏အကျိုး'ဝိပါက်'မဟုတ်သော) 'အနုပါဒိဏ္ဏ' တရားဖြစ်ကုန်၏ (ကုသိုလ်,အကုသိုလ်,ကိရိယာ, ဖိုလ်စိတ်, စေတသိက်, တိဇရုပ်,နိဗ္ဗာန်)။

မဟန္တရဒုက် ပြီးပြီ။

---

## ၁၁-ဥပါဒါနဂေါစ္ဆက

### ၁-ဥပါဒါနဒုက်

ဥပါဒါနတရား ၁၅၅၃။ (၁) အဘယ်တရားတို့သည်ပြင်းစွာယူမှု (စွဲလမ်းမှု) 'ဥပါဒါန်'မည်သော 'ဥပါဒါန'တရား ဖြစ်ကုန်သနည်း။ လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာ ယူမှု (စွဲလမ်းမှု) 'ကာမုပါဒါန်'၊ အမြင်မှားမှုဟူသော ပြင်းစွာယူမှု (စွဲလမ်းမှု) 'ဒိဋ္ဌုပါဒါန်'၊ (နွားခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု)ပြင်းစွာယူမှု (စွဲလမ်းမှု)'သီလဗ္ဗတု-ပါဒါန်'၊ (အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို)အတ္တဟု ပြောဆိုကြောင်းဖြစ်သော ပြင်းစွာ ယူမှု (စွဲလမ်းမှု) 'အတ္တဝါဒုပါဒါန်'ဟူသော ပြင်းစွာယူမှု (စွဲလမ်းမှု) ဥပါဒါန် လေးပါးတို့သည် (ရှိကုန်၏)။

(ထိုဥပါဒါန်လေးပါးတို့တွင်) ကာမဟူသော လိုချင်ဘွယ် 'ကာမ'ကို ပြင်းစွာယူမှု(စွဲလမ်းမှု) 'ကာမုပါဒါန်'သည် လောဘသဟဂုတ်စိတ္တုပ္ပါဒ် ရှစ်ပါးတို့၌ ဖြစ်၏၊ အမြင်မှားမှုဟူသော ပြင်းစွာ ယူမှု (စွဲလမ်းမှု) 'ဒိဋ္ဌုပါဒါန်', (နွားခွေးစသည်တို့၏) အလေ့အကျင့်တို့ကို (စင်ကြယ်၏ဟု) ပြင်းစွာယူမှု (စွဲလမ်းမှု) 'သီလဗ္ဗတုပါဒါန်', (အနတ္တဖြစ်သော ရုပ်နာမ်တရားတို့ကို) အတ္တဟု ပြောဆိုကြောင်း ဖြစ်သော ပြင်းစွာယူမှု (စွဲလမ်းမှု) 'အတ္တဝါဒုပါဒါန်'သည် ဒိဋ္ဌိဂတသမ္ပယုတ်-စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်ကုန်၏။ ဤတရားတို့သည် ပြင်းစွာယူမှု (စွဲလမ်းမှု) 'ဥပါဒါန်' မည်သော 'ဥပါဒါန' တရားဖြစ်ကုန်၏ (လောဘမူစိတ်ရှစ်ပါး၌ရှိသော လောဘ, ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု၌ရှိသော ဒိဋ္ဌိဟူသော ဥပါဒါန်တရားကိုယ်နှစ်ပါး)။

http://www.dhammadownload.com



**နော ဥပါဒါနတရား ၁၅၅၄။** (၂) အဘယ်တရားတို့သည် ဥပါဒါန် မမည်သော 'နော ဥပါဒါန' တရား ဖြစ်ကုန်သနည်း။ ဥပါဒါန်တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထိုပြင် ရုပ်၊ ထိုပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဥပါဒါန် မမည်သော 'နော ဥပါဒါန' တရားဖြစ်ကုန်၏ (စိတ်, ဥပါဒါန်တရားကိုယ်နှစ်ပါးမှ တပါး အခြားသော စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-ဥပါဒါနိယဒုက်

**ဥပါဒါနိယတရား ၁၅၅၅။** (၁) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်'တို့၏ အာရုံဖြစ်သော 'ဥပါဒါနိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော)(လောကီ)ကုသိုလ် (၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ,ရူပ, အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော (လောကီ)ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) ဥပါဒါန်တို့၏ အာရုံဖြစ်သော 'ဥပါဒါနိယ'တရားဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်,ရုပ်)။

**အနုပါဒါနိယတရား ၁၅၅၆။** (၂) အဘယ်တရားတို့သည်(လောဘ,ဒိဋ္ဌိဟူသော)'ဥပါဒါန်'တို့၏ အာရုံမဖြစ်သော 'အနုပါဒါနိယ' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ကိလေသာငြိမ်းကြောင်း မဂ်၏ အကျိုး (ဖိုလ်) လေးပါး၊ နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်'တို့၏ အာရုံမဖြစ်သော'အနုပါဒါနိယ' တရားဖြစ်ကုန်၏(မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃ ဥပါဒါနသမ္ပယုတ္တဒုက်

**ဥပါဒါနသမ္ပယုတ္တတရား ၁၅၅၇။** (၁) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်' တရားတို့နှင့် ယှဉ်သော 'ဥပါဒါနသမ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဤ(ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်) တို့၌ ဖြစ်သော လောဘကို ချန်ထား၍ (ကြွင်းသော စေတသိက် နှစ်ဆယ့်နှစ်ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်'တရားတို့နှင့် ယှဉ်သော 'ဥပါဒါန သမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (လောဘမူစိတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်၌ လောဘမှတပါး အခြားသော စေတသိက်)။

**ဥပါဒါနဝိပ္ပယုတ္တတရား ၁၅၅၈။** (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်' တရားတို့နှင့် မယှဉ်သော'ဥပါဒါနဝိပ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ် လေးပါးတို့၌ဖြစ်သော လောဘ၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်

http://www.dhammadownload.com



(၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါး တို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာ-ကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (လောဘ,ဒိဋ္ဌိဟူသော) 'ဥပါဒါန်'တရားတို့နှင့် မယှဉ်သော 'ဥပါဒါနဝိပ္ပယုတ္တ'တရားဖြစ်ကုန်၏ (ဒေါသမူဒွေ,မောဟမူဒွေ, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ လောဘ, ရုပ်, နိဗ္ဗာန်)။

## ၄-ဥပါဒါန ဥပါဒါနိယဒုက်

**ဥပါဒါန ဥပါဒါနိယတရား ၁၅၅၉။** (၁) အဘယ်တရားတို့သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန် တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒါန ဥပါဒါနိယ' တရား ဖြစ်ကုန်သနည်း။ ထိုဥပါဒါန်တို့သည်ပင်လျှင် ဥပါဒါန်လည်း မည်၍ ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်သော'ဥပါဒါန ဥပါဒါနိယ'တရားဖြစ်ကုန်၏(လောဘ,ဒိဋ္ဌိဟူသောဥပါဒါန်တရားကိုယ်နှစ်ပါး)။

**ဥပါဒါနိယ နော ဥပါဒါနတရား ၁၅၆၀။** (၂) အဘယ်တရားတို့သည် (လောဘ, ဒိဋ္ဌိဟူသော) 'ဥပါဒါန်'တို့၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည် သော 'ဥပါဒါနိယ နော ဥပါဒါန'တရားဖြစ်ကုန်သနည်း။ ဥပါဒါန်တို့ကို ချန်ထား၍ ကြွင်းကျန် သော အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌(ဖြစ်သော)(လောကီ)ကုသိုလ် (၁၇)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ ဖြစ်သော(လောကီ) ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံး ပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်မဟောအပ်သော 'ကိရိယာဗျာ-ကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (လောဘ,ဒိဋ္ဌိဟူသော) ဥပါဒါန်တို့၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်သော 'ဥပါဒါနိယ နော ဥပါဒါန'တရား ဖြစ်ကုန်၏ (လောကီစိတ်,ဥပါဒါန်တရားကိုယ်နှစ်ပါးမှတပါး အခြားသောစေတသိက်,ရုပ်)။

ဒုက်မှတ် ဥပါဒါန်တို့၏အာရုံ မဖြစ်သော (လောကုတ္တရာ)တရားတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်တို့၏အာရုံလည်း ဖြစ်ကုန်၏ဟူ၍ငှင်း၊ ဥပါဒါန်တို့၏အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်ဟူ၍ငှင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၅-ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်

**ဥပါဒါန ဥပါဒါနသမ္ပယုတ္တတရား ၁၅၆၁။** (၁) အဘယ်တရားတို့သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်းယှဉ်သော'ဥပါဒါန ဥပါဒါန-သမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင် (ဒိဋ္ဌိဂတသမ္ပယုတ်) စိတ်၌ ဒိဋ္ဌိသည်ငှင်း လောဘ-သည်ငှင်း တပြိုင်နက်ဖြစ်ကုန်၏၊ (ထိုစိတ်၌ဖြစ်သော လောဘ,ဒိဋ္ဌိဟူသော) ဤတရားတို့သည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်သော 'ဥပါဒါန ဥပါဒါနသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ,ဒိဋ္ဌိဟူသော ဥပါဒါန်တရားကိုယ်နှစ်ပါး)။

**ဥပါဒါနသမ္ပယုတ္တ နော ဥပါဒါနတရား ၁၅၆၂။** (၂) အဘယ်တရားတို့သည် ဥပါဒါန်နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန် မမည်သော 'ဥပါဒါနသမ္ပယုတ္တ နော ဥပါဒါန'တရား ဖြစ်ကုန်သနည်း။ လောဘသဟဂုတ် စိတ္တုပ္ပါဒ်ရှစ်ပါး၊

http://www.dhammadownload.com



ဤစိတ်တို့၌ ဖြစ်ကုန်သော ဥပါဒါန်တို့ကို ချန်ထား၍ (ကြွင်းသော စေတသိက် (၂၀)တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ဥပါဒါန်နှင့်သာ ယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန် မမည်သော 'ဥပါဒါနသမ္ပယုတ္တ နော ဥပါဒါန'တရား ဖြစ်ကုန်၏ (လောဘမူစိတ်, ဥပါဒါန်တရားကိုယ်နှစ်ပါးမှတပါး အခြားသောယှဉ်ဘက် စေတသိက်)။

ဒုက်မုတ် ဥပါဒါန်နှင့်မယှဉ်သော 'ဥပါဒါနဝိပ္ပယုတ္တ'(ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာ စိတ်, ယှဉ်ဘက်စေတသိက်, ရုပ်, နိဗ္ဗာန်) တရားတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့် လည်း ယှဉ်ကုန်၏ဟူ၍ငင်း၊ ဥပါဒါန်နှင့်သာယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်ကား မမည်ကုန်ဟူ၍ငင်း မဆိုအပ် မဆိုထိုက်ကုန်။

## ၆-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်

**ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယတရား ၁၅၆၃။** (၁) အဘယ်တရားတို့သည် ဥပါဒါန်နှင့်မယှဉ်ကုန်မူ၍ ဥပါဒါန်တို့၏အာရုံသာဖြစ်သော'ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယ'တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး တို့၌ ဖြစ်သော လောဘ၊ ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါး၊ ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်(၁)၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ,ရူပ, အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော (လောကီ)ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပုဂ္ဂလာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ထို့ပြင် အလုံးစုံသော ရုပ်သည်(ရှိ၏)။ဤတရားတို့သည် ဥပါဒါန်နှင့်မယှဉ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံသာဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယ'တရား ဖြစ်ကုန်၏ (ဒေါသမူဒွေ, မောဟမူဒွေ, လောကီကုသိုလ်, လောကီဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဒိဋ္ဌိဂတ ဝိပ္ပယုတ်၌ လောဘ, ရုပ်)။

**ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယတရား ၁၅၆၄။** (၂) အဘယ်တရားတို့သည် ဥပါဒါန်နှင့်လည်း မယှဉ် ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်း မဖြစ်သော 'ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယ'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာ ငြိမ်းကြောင်း (မဂ်)၏ အကျိုး(ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဥပါဒါန်တို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အာရုံလည်း မဖြစ်သော'ဥပါဒါနဝိပ္ပယုတ္တ အနုပါဒါနိယ'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

ဒုက်မုတ် ဥပါဒါန်နှင့် ယှဉ်သော 'ဥပါဒါနသမ္ပယုတ္တ' (လောဘမူစိတ်ရှစ်ခု, ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘကြဉ်သော ယှဉ်ဘက် စေတသိက် နှစ်ဆယ့်နှစ်ပါး) တရားတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်တို့၏အာရုံသာဖြစ်သော တရားတို့ ဟူ၍ငင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်, ဥပါဒါန် တို့၏ အာရုံလည်းမဖြစ်သော တရားတို့ဟူ၍ငင်း မဆိုအပ် မဆိုထိုက်ကုန်။

**ဥပါဒါနဂေါစ္ဆက ပြီးပြီ။**

http://www.dhammadownload.com



## ၁၂-ကိလေသဂေါစ္ဆက

### ၁-ကိလေသဒုက်

**ကိလေသတရား** ၁၅၆၅။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားဖြစ်ကုန်သနည်း။ လိုချင်တပ်မက်မှု 'လောဘ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကိုမဂ်မှု) 'မောဟ'၊ (ငါသာလျှင် မြတ်၏ဟုစသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန'၊ အမြင်မှားမှု 'ဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက်စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' ဟူသော (သတ္တဝါတို့ကို) ပူပန်စေမှု နှိပ်စက်မှု 'ကိလေသ' ဖြစ်ရာ အကြောင်း 'ကိလေသဝတ္ထု' ဆယ်ပါးတို့သည် ရှိကုန်၏။

(ထိုဆယ်ပါးတို့တွင်) လိုချင်တပ်မက်မှု 'လောဘ' သည် လောဘသဟဂုတ်စိတ္တုပ္ပါဒ် ရှစ်ပါးတို့၌ ဖြစ်၏၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' သည် ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်နှစ်ပါးတို့၌ဖြစ်၏၊ (အမှန်သဘော၌) တွေဝေမှု (အမှန်ကို မသိမှု) 'မောဟ' သည် အလုံးစုံသောအကုသိုလ်တို့၌ဖြစ်၏၊ (ငါသာလျှင် မြတ်၏ဟု စသည်ဖြင့်) မှတ်ထင်မှု (ထောင်လွှားမှု) 'မာန' သည် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါးတို့၌ ဖြစ်၏၊ အမြင်မှားမှု 'ဒိဋ္ဌိ' သည် ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ် လေးပါးတို့၌ ဖြစ်၏၊ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်တို့၌ဖြစ်၏၊ (စိတ်၏) မခံ့မှု (ထိုင်းမှိုင်းမှု) 'ထိန' သည် သသင်္ခါရိက အကုသိုလ်တို့၌ ဖြစ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ (ကာယဒုစရိုက် စသော မကောင်းမှုမှ) မရှက်မှု 'အဟိရိက'၊ (ကာယဒုစရိုက် စသော မကောင်းမှုမှ) မကြောက်လန့်မှု 'အနောတ္တပ္ပ' သည် အလုံးစုံသော အကုသိုလ်တို့၌ ဖြစ်ကုန်၏။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားဖြစ်ကုန်၏။

**နောကိလေသတရား** ၁၅၆၆။ (၂) အဘယ်တရားတို့သည် ကိလေသ မမည်သော 'နောကိလေသ' တရားဖြစ်ကုန်သနည်း။ ကိလေသာ(၁၀ ပါး) တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ ဖြစ်သော ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ကိလေသ မမည်သော 'နောကိလေသ' တရား ဖြစ်ကုန်၏၊ (စိတ်, ကိလေသာဆယ်ပါးမှတပါး အခြားသော စေတသိက်, ရုပ်, နိဗ္ဗာန်)။

### ၂-သံကိလေသိကဒုက်

**သံကိလေသိကတရား** ၁၅၆၇။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့ကို (ရခြင်းငှါ) ထိုက်သော (ကိလေသာတို့၏အာရုံဖြစ်သော) 'သံကိလေသိက' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ် (၁၂)၊ (ကာမ,

http://www.dhammadownload.com



ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည်(သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ' တရားတို့ကို (ရခြင်းငှါ) ထိုက်သော (ကိလေသာတို့၏ အာရုံဖြစ်သော) 'သံကိလေသိက'တရား ဖြစ်ကုန်၏ (ကိလေသာတို့၏ အာရုံဖြစ်သော လောကီစိတ်, စေတသိက်, ရုပ်)။.

**အသံကိလေသိကတရား** ၁၅၆၈။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့ကို (ရခြင်းငှါ) မထိုက်သော( ကိလေသာတို့၏ အာရုံမဖြစ်သော ) 'အသံကိလေသိက 'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း (မဂ်)၏ အကျိုး (ဖိုလ်) လေးပါး၊ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ 'တို့ကို (ရခြင်းငှါ )မထိုက်သော (ကိလေသာတို့၏ အာရုံမဖြစ်သော) 'အသံကိလေသိက'တရားဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

## ၃-သံကိလိဋ္ဌဒုက်

**သံကိလိဋ္ဌတရား** ၁၅၆၉။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ် (ညစ်နွမ်းစေအပ်)သော 'သံကိလိဋ္ဌ'တရား ဖြစ်ကုန်သနည်း (ကိလေသာတို့နှင့်ယှဉ်သော တရားများကား အဘယ်နည်း)။ အကုသိုလ် စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် (ကိလေသာတို့နှင့်ယှဉ်သော) 'သံကိလိဋ္ဌ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

**အသံကိလိဋ္ဌတရား** ၁၅၇၀။ (၂) အဘယ်တရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ 'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်( မညစ်နွမ်းစေအပ် )သော 'အသံကိလိဋ္ဌ'တရား ဖြစ်ကုန်သနည်း (ကိလေသာနှင့် မယှဉ်သော တရားများကား အဘယ်နည်း)။ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌(ဖြစ်သော)ကုသိုလ်(၂၁)၊(ကာမ,ရူပ,အရူပ,အပရိယာပန္န)ဘုံလေးပါးတို့၌(ဖြစ်သော) ဝိပါက်(၃၆)၊ (ကာမ, ရူပ, အရူပ)ဘုံသုံးပါးတို့၌( ဖြစ်သော ) ပြုကာမျှ ဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် (ကိလေသာနှင့်မယှဉ်သော) 'အသံကိလိဋ္ဌ'တရားဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်,ရုပ်,နိဗ္ဗာန်)။

## ၄-ကိလေသသမ္ပယုတ္တဒုက်

**ကိလေသသမ္ပယုတ္တတရား** ၁၅၇၁။ (၁) အဘယ်တရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသ'တရားတို့နှင့် ယှဉ်သော 'ကိလေသသမ္ပယုတ္တ 'တရား ဖြစ်ကုန်သနည်း။ အကုသိုလ် စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည်

http://www.dhammadownload.com



(ရှိကုန်၏)။ ဤတရားတို့သည် (သတ္တဝါတို့ကို)ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသ'တို့နှင့် ယှဉ်သော 'ကိလေသ သမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ယှဉ်ဘက်စေတသိက်)။

**ကိလေသဝိပ္ပယုတ္တတရား** ၁၅၇၂။ (၂) အဘယ်တရားတို့သည် ကိလေသတို့နှင့် မယှဉ်သော 'ကိလေသဝိပ္ပယုတ္တ' တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ,အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော)ကုသိုလ် (၂၁)၊ (ကာမ,ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး တို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မပေါ်အပ်သော 'ကိရိယာဗျာ-ကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ကိလေသတို့နှင့် မယှဉ်သော 'ကိလေသဝိပ္ပယုတ္တ' တရား ဖြစ်ကုန်၏ (ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၅-ကိလေသ သံကိလေသိကဒုက်

**ကိလေသ သံကိလေသိကတရား** ၁၅၇၃။ (၁) အဘယ်တရားတို့သည် 'ကိလေသ'တရားလည်း မည်၍ ကိလေသတို့ကို (ရခြင်းငှါ)လည်း ထိုက်သော(ကိလေသာတို့၏အာရုံဖြစ်သော) 'ကိလေသ သံကိလေသိက'တရား ဖြစ်ကုန်သနည်း။ ထိုကိလေသ(ဆယ်ပါး)တို့သည်ပင်လျှင် 'ကိလေသ'လည်း မည်၍ ကိလေသာတို့ကို(ရခြင်းငှါ)လည်း ထိုက်သော(ကိလေသာတို့၏ အာရုံလည်းဖြစ်သော) 'ကိလေသ သံကိလေသိက'တရားဖြစ်ကုန်၏ (ကိလေသာတရားကိုယ်ဆယ်ပါး)။

**သံကိလေသိက နော ကိလေသတရား** ၁၅၇၄။ (၂) အဘယ် တရားတို့သည် ကိလေသကို (ရခြင်းငှါ)သာ ထိုက်၍(ကိလေသာတို့၏ အာရုံသာ ဖြစ်၍) ကိလေသာ မမည်သော 'သံကိလေသိက နော ကိလေသ'တရားဖြစ်ကုန်သနည်း။ ကိလေသတို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)(လောကီ)ကုသိုလ်(၁၇)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက်(၃၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မပေါ်အပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် (ကိလေသတို့၏ အာရုံသာဖြစ်၍)'ကိလေသ'မမည်သော 'သံကိလေသိက နော ကိလေသ'တရား ဖြစ်ကုန်၏ (လောကီစိတ်, ကိလေသာတရားကိုယ်ဆယ်ပါးမှတပါး အခြားသော စေတသိက်,ရုပ်)။

**ဒုက်မှတ်** ကိလေသတို့ကို (ရခြင်းငှါ) မထိုက်သော (ကိလေသာတို့၏ အာရုံ မဟုတ်သော) 'အသံကိလေသိက' (လောကုတ္တရာ) တရားတို့ကို ကိလေသလည်းမည်၍ ကိလေသတို့ကို (ရခြင်းငှါ)လည်း ထိုက်ကုန်၏ (ကိလေသာတို့၏ အာရုံလည်း ဖြစ်၏)ဟူ၍ငှင်း၊ ကိလေသတို့ကို (ရခြင်းငှါ)သာ ထိုက်၍ (ကိလေသာတို့၏ အာရုံသာဖြစ်၍) ကိလေသမမည်ကုန်ဟူ၍ငှင်း မဆိုအပ် မဆိုထိုက်ကုန်။

**အဘိ မြန် ၈-၃၆—**

http://www.dhammadownload.com



## ၆-ကိလေသ သံကိလိဋ္ဌဒုက်

**ကိလေသ သံကိလိဋ္ဌတရား** ၁၅၇၅။ (၁) အဘယ်တရားတို့သည် ကိလေသတရားလည်း မည်၍ ကိလေသတရားတို့သည် ပူပန်လည်း ပူပန်စေအပ် နှိပ်စက်လည်း နှိပ်စက်အပ် (ညစ်နွမ်းလည်း ညစ်နွမ်းစေအပ်) သော (ကိလေသာတို့နှင့် ယှဉ်သော) 'ကိလေသ သံကိလိဋ္ဌ'တရားလည်း ဖြစ်ကုန်သနည်း (ကိလေသတရားလည်းမည်၍ ကိလေသနှင့်လည်း ယှဉ်သော တရားများကား အဘယ်နည်း)။ ထိုကိလေသ(ဆယ်ပါး)တို့သည်ပင် (ကိလေသလည်းမည်၍ ကိလေသနှင့်လည်း ယှဉ်သော) 'ကိလေသ သံကိလိဋ္ဌ'တရား ဖြစ်ကုန်၏ (ကိလေသာတရားကိုယ်ဆယ်ပါး)။

**သံကိလိဋ္ဌ နေ ကိလေသတရား** ၁၅၇၆။ (၂) အဘယ်တရားတို့သည် ကိလေသတရားတို့သည် ပူပန်စေအပ် နှိပ်စက်အပ် (ညစ်နွမ်းစေအပ်)သည်သာဖြစ်၍ (ကိလေသတို့နှင့်သာ ယှဉ်၍) ကိလေသ မမည်သော 'သံကိလိဋ္ဌ နေ ကိလေသ'တရား ဖြစ်ကုန်သနည်း။ ကိလေသ(ဆယ်ပါး)တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂)သည် (ရှိ၏)။ ဤတရားတို့သည်(ကိလေသတို့နှင့်သာ ယှဉ်၍ ကိလေသမမည်သော) 'သံကိလိဋ္ဌ နေ ကိလေသ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ကိလေသာတရားကိုယ်ဆယ်ပါး ကြဉ်သော ယှဉ်ဘက်စေတသိက်)။

**ဒုက်မှတ်** ကိလေသ(ဆယ်ပါး)တို့သည် မပူပန်စေအပ် မနှိပ်စက်အပ်(မညစ်နွမ်းစေအပ်)သော (ကိလေသတို့နှင့် မယှဉ်သော) 'အသံကိလိဋ္ဌ' တရားတို့ကို ကိလေသလည်းမည်၍ ကိလေသတို့သည် ပူပန်လည်း ပူပန်စေအပ် နှိပ်စက်လည်း နှိပ်စက်အပ်သော (ကိလေသာနှင့် ယှဉ်သော) 'သံကိလိဋ္ဌ'တရား ဖြစ်ကုန်၏ဟူ၍၎င်း၊ ကိလေသတို့သည် ပူပန်စေအပ်နှိပ်စက်အပ် (ညစ်နွမ်းစေအပ်)သည်သာဖြစ်၍ (ကိလေသတို့နှင့်သာ ယှဉ်၍) ကိလေသမမည်သော 'သံကိလိဋ္ဌ နေ ကိလေသ'တရား ဖြစ်ကုန်၏ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

## ၇-ကိလေသ ကိလေသသမ္ပယုတ္တဒုက်

**ကိလေသ ကိလေသသမ္ပယုတ္တတရား** ၁၅၇၇။ (၁) အဘယ်တရားတို့သည် 'ကိလေသ'လည်း မည်၍ 'ကိလေသ'တို့နှင့်လည်း ယှဉ်သော 'ကိလေသ ကိလေသသမ္ပယုတ္တ'တရား ဖြစ်ကုန်သနည်း။ အကြင်စိတ်၌ ကိလေသ နှစ်ပါး သုံးပါးတို့သည် တပြိုင်နက် ဖြစ်ကုန်၏။ (ထိုစိတ်၌ဖြစ်သော ကိလေသနှစ်ပါး သုံးပါးဟူသော) ဤတရားတို့သည် ကိလေသလည်း မည်၍ ကိလေသနှင့်လည်း ယှဉ်သော 'ကိလေသ ကိလေသသမ္ပယုတ္တ'တရား ဖြစ်ကုန်၏ (ကိလေသာတရားကိုယ်ဆယ်ပါး)။

**ကိလေသသမ္ပယုတ္တ နေ ကိလေသတရား** ၁၅၇၈။ (၂) အဘယ်တရားတို့သည် ကိလေသနှင့်သာယှဉ်သည်ဖြစ်၍ ကိလေသ မမည်သော 'ကိလေသသမ္ပယုတ္တ နေ ကိလေသ'တရား ဖြစ်ကုန်သနည်း။ ကိလေသ (ဆယ်ပါး)တို့ကို ချန်ထား၍ ကြွင်းကျန်သော အကုသိုလ် (၁၂) သည် (ရှိ၏)။ ဤတရားတို့သည် ကိလေသနှင့်သာ ယှဉ်သည်ဖြစ်၍ ကိလေသ မမည်သော 'ကိလေသသမ္ပယုတ္တ နေ ကိလေသ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ်, ကိလေသာတရားကိုယ်ဆယ်ပါးမှတပါး အခြားသော ယှဉ်ဘက် စေတသိက်)။

http://www.dhammadownload.com



ဒုက်မုတ် ကိလေသနှင့် မယှဉ်သော 'ကိလေသဝိပ္ပယုတ္တ' (ကုသိုလ် ၂၁, ဝိပါက် ၃၆, ကိရိယာ ၂၀, ရုပ်, နိဗ္ဗာန်)တရားတို့ကို ကိလေသလည်း မည်၍ ကိလေသတို့နှင့်လည်း ယှဉ်ကုန်၏ဟူ၍ ၎င်း၊ ကိလေသတို့နှင့်သာယှဉ်သည်ဖြစ်၍ ကိလေသ မမည်ကုန်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

ဂ-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်

**ကိလေသဝိပ္ပယုတ္တ သံကိလေသိကတရား** ၁၅၇၉။ (၁) အဘယ်တရားတို့သည်'ကိလေသ'နှင့် မယှဉ်မူ၍ 'ကိလေသ'တို့ကို (ရခြင်းငှါ)သာ ထိုက်သော (ကိလေသတို့၏ အာရုံသာဖြစ်သော) 'ကိလေသဝိပ္ပယုတ္တ သံကိလေသိက' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ)ကုသိုလ်(၁၇)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ)ဝိပါက် (၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ကိလေသနှင့် မယှဉ်မူ၍ ကိလေသတရားတို့ကို(ရခြင်းငှါ)သာ ထိုက်သော (ကိလေသတို့၏ အာရုံသာဖြစ်သော) 'ကိလေသဝိပ္ပယုတ္တ သံကိလေသိက'တရား ဖြစ်ကုန်၏ (လောကီကုသိုလ်,လောကီဝိပါက်,ကိရိယာစိတ်,ယှဉ်ဘက်စေတသိက်,ရုပ်)။

**ကိလေသဝိပ္ပယုတ္တ အသံကိလေသိကတရား** ၁၅၈၀။ (၂) အဘယ်တရားတို့သည် ကိလေသနှင့်လည်း မယှဉ်ကုန်သည် ဖြစ်၍ ကိလေသတို့ကို (ရခြင်းငှါ)လည်း မထိုက်သော (ကိလေသတို့၏ အာရုံလည်း မဖြစ်သော)'ကိလေသဝိပ္ပယုတ္တ အသံကိလေသိက'တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း(မဂ်)၏အကျိုး (ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ကိလေသတရားတို့နှင့်လည်း မယှဉ်ကုန်သည်ဖြစ်၍ ကိလေသတို့ကို (ရခြင်းငှါ)လည်း မထိုက်သော (ကိလေသတို့၏ အာရုံလည်း မဖြစ်သော) 'ကိလေသဝိပ္ပယုတ္တ အသံကိလေသိက'တရား ဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

ဒုက်မုတ် ကိလေသနှင့်ယှဉ်သော 'ကိလေသသမ္ပယုတ္တ' (အကုသိုလ်စိတ္တုပ္ပါဒ်) တရားတို့ကို ကိလေသတရားတို့နှင့်မယှဉ်မူ၍ ကိလေသတို့ကို(ရခြင်းငှါ)သာ ထိုက်ကုန်၏(ကိလေသတို့၏ အာရုံသာ ဖြစ်ကုန်၏)ဟူ၍၎င်း၊ ကိလေသတို့နှင့်လည်း မယှဉ်မူ၍ ကိလေသတို့ကို (ရခြင်းငှါ)လည်း မထိုက်ကုန် (ကိလေသတို့၏ အာရုံလည်း မဖြစ်ကုန်)ဟူ၍၎င်း မဆိုအပ် မဆိုထိုက်ကုန်။

ကိလေသဂေါစ္ဆက ပြီးပြီ။

---

## ၁၃-ပိဋ္ဌိဒုက်

### ၁-ဒဿနေန ပဟာတဗ္ဗဒုက်

**ဒဿနေန ပဟာတဗ္ဗတရား** ၁၅၈၁။ (၁) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သော 'ဒဿန') သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ် လေးပါး၊

http://www.dhammadownload.com



ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ် (၁) သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော 'ဒဿနေန ပဟာတဗ္ဗ' တရားဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်, ယှဉ်ဘက်စေတသိက်)။

ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား (ဤတရားတို့အနက်မှ အပါယ်သို့ လားစေတတ်သည့် 'အပါယဂမနိယ'ဖြစ်သော အစိတ်အပိုင်း တရား အချို့တို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော'ဒဿနေန ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏၊ အချို့ကား (အပါယဂမနိယတရားမှတပါး ကြွင်းကျန်သည့် အစိတ်အပိုင်း အချို့တရား တို့သည်) သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော 'န ဒဿနေန ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏။

**န ဒဿနေန ပဟာတဗ္ဗတရား** ၁၅၇၂။ (၂) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော 'ဒဿန') သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော 'န ဒဿနေန ပဟာတဗ္ဗ'တရား ဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ကုသိုလ်(၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ဝိပါက်(၃၆)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ဖြစ်သော ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော 'န ဒဿနေန ပဟာတဗ္ဗ' တရားဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၂-ဘာဝနာယ ပဟာတဗ္ဗဒုက်

**ဘာဝနာယ ပဟာတဗ္ဗတရား** ၁၅၇၃။ (၁) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော'ဘာဝနာယ ပဟာတဗ္ဗ'တရားဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော 'ဘာဝနာယ ပဟာတဗ္ဗ' တရားဖြစ်ကုန်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော'ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏၊ အချို့ကား အထက်မဂ်သုံးပါးဖြင့် မပယ်အပ်သော 'န ဘာဝနာယ ပဟာတဗ္ဗ'တရား ဖြစ်ကုန်၏။

**န ဘာဝနာယ ပဟာတဗ္ဗတရား** ၁၅၇၄။ (၂) အဘယ်တရားတို့သည် အထက်မဂ် သုံးပါးဖြင့် မပယ်အပ်သော 'န ဘာဝနာယ ပဟာတဗ္ဗ' တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ဖြစ်သော ကုသိုလ် (၂၁)၊ (ကာမ,ရူပ,အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'

http://www.dhammadownload.com



(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် မပယ်အပ်သော 'န ဘာဝနာယ ပဟာတဗ္ဗ' တရားဖြစ်ကုန်၏။

### ၃-ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်

**ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၅၇၅။ (၁) အဘယ်တရားတို့သည်(နိဗ္ဗာန်ကိုရှေးဦးစွာ မြင်ထတ်သော 'ဒဿန') သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော(ဟိတ်နှင့်ယှဉ်သော)'ဒဿနေန ပဟာတဗ္ဗဟေတုက' တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်(၁)၊ ဤ(ဝိစိကိစ္ဆာသဟဂုတ်)စိတ်၌ ဖြစ်သောမောဟကို ချန်ထား၍(ကြွင်းသော ယှဉ်ဘက် စေတသိက်နှစ်ဆယ့်နှစ်ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော (ဟိတ်နှင့်ယှဉ်သော)'ဒဿနေန ပဟာတဗ္ဗဟေတုက' တရားဖြစ်ကုန်၏(ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သော ယှဉ်ဘက် စေတသိက် ၂၂)။

ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) ရှိသော တရားမည်ကုန်၏၊ အချို့ကား သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)ရှိသော တရားမမည်ကုန်။

**န ဒဿနေန ပဟာတဗ္ဗဟေတုကတရား** ၁၅၇၆။ (၂) အဘယ်တရားတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သော'ဒဿန') သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)မရှိသော (ဟိတ်နှင့်မယှဉ်သော) 'န ဒဿနေန ပဟာတဗ္ဗဟေတုက' တရားဖြစ်ကုန်သနည်း။ ဝိစိကိစ္ဆာသဟဂုတ်မောဟ၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်(၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ်(၂၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော)ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည်(ရှိ၏)။ဤတရားတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) မရှိသော (ဟိတ်နှင့်မယှဉ်သော) 'န ဒဿနေန ပဟာတဗ္ဗဟေတုက'တရားဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်, ကုသိုလ်,ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက် စေတသိက်, ဝိစိကိစ္ဆာသဟဂုတ်မောဟ, ရုပ်, နိဗ္ဗာန်)။

### ၄-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်

**ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၅၇၇။ (၁) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်) ရှိသော (ဟိတ်နှင့်ယှဉ်သော) 'ဘာဝနာယ ပဟာတဗ္ဗဟေတုက' တရားဖြစ်ကုန်သနည်း။ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်(၁)၊ ဤ (ဥဒ္ဓစ္စသဟဂုတ်) စိတ်၌ဖြစ်သော မောဟကို ချန်ထား၍(ကြွင်းသော ယှဉ်ဘက် စေတသိက်တဆယ့်လေးပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)ရှိသော (ဟိတ်နှင့်

http://www.dhammadownload.com



ယှဉ်သော)'ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရားဖြစ်ကုန်၏(ဥဒ္ဓစ္စသဟဂုတ်စိတ်,ဥဒ္ဓစ္စသဟဂုတ်မောဟကြဉ်သော ယှဉ်ဘက်စေတသိက် ၁၄)။

ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ်စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်နှစ်ပါးတို့သည်(ရှိကုန်၏)။ဤတရားတို့သည် အချို့ ကား အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ် (ဟိတ်) ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏)၊ အချို့ကား အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)မရှိကုန်(ဟိတ်နှင့်မယှဉ်ကုန်)။

**န ဘာဝနာယ ပဟာတဗ္ဗဟေတုကတရား** ၁၅၈၈။ (၂) အဘယ်တရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)မရှိသော( ဟိတ်နှင့်မယှဉ်သော ) 'န ဘာဝနာယ ပဟာတဗ္ဗဟေတုက' တရား ဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ ဥဒ္ဓစ္စသဟဂုတ်မောဟ၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န)ဘုံလေးပါးတို့၌ဖြစ်သော ကုသိုလ် (၂၁)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န)ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ, ရူပ,အရူပ)ဘုံသုံးပါးတို့၌(ဖြစ်သော) ပုဂ္ဂိုလ်မျိုးဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထိုပြင် ရုပ်၊ ထိုပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော အကြောင်းရင်း အခြေအမြစ်(ဟိတ်)မရှိသော (ဟိတ်နှင့်မယှဉ်သော) 'န ဘာဝနာယ ပဟာတဗ္ဗဟေတုက'တရားဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်, ကုသိုလ်, ဝိပါက်, ကိရိယာစိတ်, ယှဉ်ဘက်စေတသိက်, ဥဒ္ဓစ္စသဟဂုတ်မောဟ, ရုပ်, နိဗ္ဗာန်)။

## ၅-သဝိတက္ကဒုက်

**သဝိတက္ကတရား** ၁၅၈၉။ (၁) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော ( ဝိတက်နှင့်ယှဉ်သော ) 'သဝိတက္က 'တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ် (၈)၊ အကုသိုလ် (၁၂)၊ ကာမာဝစရကုသလဝိပါက်မှ စိတ္တုပ္ပါဒ် တဆယ့်တပါး၊အကုသလဝိပါက်မှ နှစ်ပါး၊ကိရိယာဇမှ တဆယ့်တပါး၊ကုသိုလ်မှရင်း ဝိပါက်မှရင်း ကိရိယာမှရင်း ရူပါဝစရပဌမစျာန် (၃)၊ ကုသိုလ်မှရင်း ဝိပါက်မှရင်း လောကုတ္တရာပဌမစျာန် (၈)၊ ဤ (၅၅ ပါးသော)စိတ်တို့၌ဖြစ်သော ကြံစည်မှု'ဝိတက်'ကို ချန်ထား၍(ကြွင်းသော စေတသိက်၅၁ ပါး တို့သည် ရှိကုန်၏)။ ဤတရားတို့သည် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော(ဝိတက်နှင့်ယှဉ်သော) 'သဝိတက္က'တရား ဖြစ်ကုန်၏ (သဝိတက္ကစိတ် ၅၅, ဝိတက်ကြဉ်သော ယှဉ်ဘက်စေတသိက် ၅၁)။

**အဝိတက္ကတရား** ၁၅၉၀။ (၂) အဘယ်တရားတို့သည် ကြံစည်မှု 'ဝိတက်'နှင့်တကွမဖြစ်သော ( ဝိတက်နှင့်မယှဉ်သော ) 'အဝိတက္က 'တရား ဖြစ်ကုန်သနည်း။ ဒွေပဉ္စဝိညာဏ် (၁၀)၊ ကုသိုလ်မှ ရူပါဝစရ တိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ, စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန် ၄)၊ ဝိပါက်မှ ရူပါဝစရ တိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ တတိယ, စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ

http://www.dhammadownload.com



စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန် ၄)၊ ကုသိုလ်မှ အရူပါဝစရစိတ္တုပ္ပါဒ်လေးပါး၊ ဝိပါက်မှ အရူပါဝစရစိတ္တုပ္ပါဒ်လေးပါး၊ ကိရိယာမှ အရူပါဝစရ စိတ္တုပ္ပါဒ်လေးပါး၊ကုသိုလ်မှ လောကုတ္တရာ တိက စတုက္ကစျာန်(စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန် ၁၆)၊ ဝိပါက်မှ လောကုတ္တရာတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန် ၁၆)၊ ထို့ပြင် ဝိတက်၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ကြံစည်မှု'ဝိတက်'နှင့်တကွမဖြစ်သော (ဝိတက်နှင့်မယှဉ်သော) 'အဝိတက္က'တရား ဖြစ်ကုန်၏ (အဝိတက္ကစိတ် ၆၆, ယှဉ်ဘက်စေတသိက် ၃၇, ဝိတက်စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၆-သဝိစာရဒုက်

**သဝိစာရတရား ၁၅၉၁။** (၁) အဘယ်တရားတို့သည် သုံးသပ်မှု 'ဝိစာရ'နှင့်တကွ ဖြစ်သော (ဝိစာရနှင့်ယှဉ်သော) 'သဝိစာရ'တရား ဖြစ်ကုန်သနည်း။

ကာမာဝစရကုသိုလ် (၈)၊ အကုသိုလ် (၁၂)၊ ကာမာဝစရကုသလ ဝိပါက်မှ စိတ္တုပ္ပါဒ် တဆယ့်တပါး၊ အကုသလဝိပါက်မှ နှစ်ပါး၊ ကိရိယာမှ တဆယ့်တပါး၊ ကုသိုလ်မှ ရူပါဝစရကေက ဒုကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမစျာန် ၁၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ စျာန် ၂)၊ ဝိပါက်မှ ရူပါဝစရကေက ဒုကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမစျာန် ၁၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယစျာန် ၂)၊ ကိရိယာမှ ရူပါဝစရကေက ဒုကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမစျာန် ၁၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယစျာန် ၂)၊ ကုသိုလ်မှ လောကုတ္တရာကေက ဒုကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမစျာန် ၄၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယစျာန် ၈)၊ ဝိပါက်မှ လောကုတ္တရာကေက ဒုကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမစျာန် ၄၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယစျာန် ၈)၊ ဤ(၆၆ ပါးသော)စိတ်တို့၌ဖြစ်သော သုံးသပ်မှု 'ဝိစာရ'ကို ချန်ထား၍ (ကြွင်းကျန်သော စေတသိက် ၅၁ ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် သုံးသပ်မှု 'ဝိစာရ'နှင့်တကွ ဖြစ်သော (ဝိစာရနှင့်ယှဉ်သော) 'သဝိစာရ'တရား ဖြစ်ကုန်၏ (သဝိစာရစိတ် ၆၆, ဝိစာရကြဉ် စေတသိက် ၅၁)။

**အဝိစာရတရား ၁၅၉၂။** (၂) အဘယ်တရားတို့သည် သုံးသပ်မှု 'ဝိစာရ'နှင့်တကွ မဖြစ်သော (ဝိစာရနှင့် မယှဉ်သော)'အဝိစာရ'တရားဖြစ်ကုန်သနည်း။ ဒွေပဉ္စဝိညာဏ်(၁၀)၊ ကုသိုလ်မှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ,စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ တတိယ,စတုတ္ထ,ပဉ္စမစျာန် ၃)၊ ဝိပါက်မှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ,တတိယ,စတုတ္ထစျာန် ၃၊ပဉ္စက နည်းအားဖြင့် ရူပါဝစရ တတိယ,စတုတ္ထ,ပဉ္စမစျာန် ၃)၊ ကိရိယာမှ ရူပါဝစရတိက တိကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ဒုတိယ, တတိယ,စတုတ္ထစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ တတိယ,စတုတ္ထ,ပဉ္စမစျာန် ၃)၊ ကုသိုလ်မှ အရူပစိတ် (၄)၊ ဝိပါက်မှ အရူပစိတ်(၄)၊ ကိရိယာမှ အရူပစိတ် လေးပါး၊ ကုသိုလ်မှ လောကုတ္တရာ တိက တိကစျာန်(စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ,စတုတ္ထစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ တတိယ, စတုတ္ထ, ပဉ္စမ

http://www.dhammadownload.com



ချာန် ၁၂)၊ ဝိပါက်မှ လောကုတ္တရာတိက တိကချာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ဒုတိယ, တတိယ,စတုတ္ထချာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ တတိယ, စတုတ္ထ,ပဉ္စမချာန် ၁၂)၊ ထိုပြင် သုံးသပ်မှု 'ဝိစာရ'၊ ထိုပြင် ရုပ်၊ ထိုပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် သုံးသပ်မှု 'ဝိစာရ'နှင့် တကွမဖြစ်သော (ဝိစာရနှင့် မယှဉ်သော) 'အဝိစာရ' တရားဖြစ်ကုန်၏ (အဝိစာရစိတ် ၅၅, ယှဉ်ဘက် စေတသိက် ၃၆, ဝိစာရစေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၇-သပ္ပီတိကဒုက်

**သပ္ပီတိကတရား ၁၅၉၃။** (၁) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ ဖြစ်သော (ပီတိနှင့် ယှဉ်သော)'သပ္ပီတိက'တရားဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ သောမနဿ သဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်)လေးပါး၊ ကာမာဝစရကုသလဝိပါက်မှ (သောမနဿ သဟဂုတ်စိတ္တုပ္ပါဒ်) ငါးပါး၊ (ကာမ) ကိရိယာမှ သောမနဿ သဟဂုတ်စိတ္တုပ္ပါဒ်ငါးပါး၊ ကုသိုလ်မှ ရူပါဝစရဒုက တိကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ တတိယချာန် ၃)၊ဝိပါက်မှ ရူပါဝစရဒုက တိကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ ချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယချာန် ၃)၊ ကိရိယာမှ ရူပါဝစရဒုက တိကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယချာန် ၃)၊ ကုသိုလ်မှ လောကုတ္တရာဒုက တိကချာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာပဌမ, ဒုတိယချာန် ၈၊ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယ,တတိယချာန် ၁၂)၊ ဝိပါက်မှ လောကုတ္တရာဒုက တိကချာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယ ချာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယ,တတိယချာန် ၁၂)၊ ဤစိတ်တို့၌ ဖြစ်သော နှစ်သက်မှု 'ပီတိ'ကို ချန်ထား၍ (ကြွင်းသော စေတသိက် ၄၆-ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော (ပီတိနှင့် ယှဉ်သော)'သပ္ပီတိက'တရား ဖြစ်ကုန်၏ (သပ္ပီတိကစိတ် ၅၁, ပီတိကြဉ် ယှဉ်ဘက် စေတသိက် ၄၆)။

**အပ္ပီတိကတရား ၁၅၉၄။** (၂) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ မဖြစ်သော (ပီတိနှင့် မယှဉ်သော) 'အပ္ပီတိက'တရား ဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ အကုသိုလ်မှ (ဒေါသမူ ၂၊ ဥပေက္ခာ ၆)ရှစ်ပါး၊ ကာမာဝစရကုသလဝိပါက်မှ (ဥပေက္ခာ ၁၀,သုခသဟဂုတ် ကာယဝိညာဏ်) တဆယ့် တပါး၊ အကုသလဝိပါက်မှ(ဥပေက္ခာ ၆, ဒုက္ခသဟဂုတ်ကာယဝိညာဏ်) ခုနစ်ပါး၊ (ကာမ)ကိရိယာမှ (ဥပေက္ခာ)ခြောက်ပါး၊ ကုသိုလ်မှ ရူပါဝစရဒုက ဒုကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ တတိယ,စတုတ္ထချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ,ပဉ္စမချာန် ၂)၊ဝိပါက်မှ ရူပါဝစရ ဒုက ဒုကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ,ပဉ္စမချာန် ၂)၊ကိရိယာမှ ရူပါဝစရဒုက ဒုကချာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရတတိယ, စတုတ္ထချာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ,ပဉ္စမချာန် ၂)၊ ကုသိုလ်မှ အရူပစိတ်လေးပါး၊ ဝိပါက်မှ အရူပစိတ်လေးပါး၊ ကိရိယာမှ အရူပစိတ်လေးပါး၊ ကုသိုလ်မှ လောကုတ္တရာဒုက ဒုကချာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ တတိယ,စတုတ္ထချာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ စတုတ္ထ,ပဉ္စမချာန် ၈)၊ ဝိပါက်မှ လောကုတ္တရာဒုက ဒုကချာန်(စတုက္က

http://www.dhammadownload.com



နည်းအားဖြင့် လောကုတ္တရာ တတိယ,စတုတ္ထဈာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ စတုတ္ထ, ပဉ္စမဈာန် ၈)၊ ထိုပြင် နှစ်သက်မှု 'ပီတိ'၊ ထိုပြင် ရုပ်၊ ထိုပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤ (ခုနစ်ဆယ်သော) တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွ မဖြစ်သော (ပီတိနှင့် မယှဉ်သော) 'အပ္ပီတိက' တရားဖြစ်ကုန်၏ (အပ္ပီတိကစိတ်၇၀, ပီတိကြဉ်စေတသိက် ၅၁, ပီတိစေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၈-ပီတိသဟဂတဒုက်

ပီတိသဟဂတတရား ၁၅၉၅။ (၁) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) 'ပီတိသဟဂတ'တရား ဖြစ်ကုန်သနည်း။

ကာမာဝစရကုသိုလ်မှ သောမနဿသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်)လေးပါး၊ ကာမာဝစရကုသလဝိပါက်မှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်) ငါးပါး၊ ကိရိယာမှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်) ငါးပါး၊ ကုသိုလ်မှ ရူပါဝစရဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယဈာန် ၃)၊ ဝိပါက်မှ ရူပါဝစရဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယဈာန် ၃)၊ ကိရိယာမှ ရူပါဝစရ ဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယဈာန် ၃)၊ ကုသိုလ်မှ လောကုတ္တရာဒုက တိကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယဈာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂)၊ ဝိပါက်မှ လောကုတ္တရာဒုက တိကဈာန်(စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယဈာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂)၊ ဤစိတ်တို့၌ ဖြစ်သော နှစ်သက်မှု 'ပီတိ' ကို ချန်ထား၍ (ကြွင်းသော စေတသိက် ၄၆-ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ' နှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ပီတိသဟဂတတရား ဖြစ်ကုန်၏ (ပီတိသဟဂုတ်စိတ် ၅၁,ပီတိကြဉ် ယှဉ်ဘက်စေတသိက် ၄၆)။

န ပီတိသဟဂတတရား ၁၅၉၆။ (၂) အဘယ်တရားတို့သည် နှစ်သက်မှု 'ပီတိ' နှင့်တကွ မဖြစ်သော (ပီတိနှင့်မယှဉ်သော)'န ပီတိသဟဂတ' တရားဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (ဒေါသမူ ၂၊ ဥပေက္ခာ ၆) ရှစ်ပါး၊ ကာမာဝစရကုသလဝိပါက်မှ (ဥပေက္ခာ ၁၀၊ သုခသဟဂုတ် ကာယဝိညာဏ်) တဆယ့်တပါး၊ အကုသလဝိပါက်မှ (ဥပေက္ခာ ၆,ဒုက္ခသဟဂုတ် ကာယဝိညာဏ်) ခုနစ်ပါး၊ (ကာမ) ကိရိယာမှ (ဥပေက္ခာ) ခြောက်ပါး၊ ကုသိုလ်မှ ရူပါဝစရဒုက ဒုကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ, ပဉ္စမဈာန် ၂)၊ ဝိပါက်မှ ရူပါဝစရဒုက ဒုကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ, ပဉ္စမဈာန် ၂)၊ ကိရိယာမှ ရူပါဝစရဒုက ဒုကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ တတိယ, စတုတ္ထဈာန် ၂၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ စတုတ္ထ, ပဉ္စမဈာန် ၂)၊ ကုသိုလ်မှ အရူပစိတ်လေးပါး၊ ဝိပါက်မှ အရူပစိတ်လေးပါး၊ ကိရိယာမှ အရူပစိတ်လေးပါး၊ ကုသိုလ်မှ လောကုတ္တရာ ဒုက ဒုကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ တတိယ, စတုတ္ထဈာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာစတုတ္ထ, ပဉ္စမဈာန် ၈)

http://www.dhammadownload.com



ဝိပါက်မှ လောကုတ္တရာဒုက ဒုကစျာန်(စတုက္ကနည်းအားဖြင့် လောကုတ္တရာ တတိယ,စတုတ္ထစျာန် ၈၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ စတုတ္ထ, ပဉ္စမစျာန် ၈)၊ ထို့ပြင် နှစ်သက်မှု 'ပီတိ'၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် နှစ်သက်မှု 'ပီတိ' နှင့်တကွ မဖြစ်သော (ပီတိနှင့် မယှဉ်သော) 'န ပီတိသဟဂတ' တရားဖြစ်ကုန်၏ (န ပီတိသဟဂတစိတ် ၇၀, ပီတိကြဉ် ယှဉ်ဘက် စေတသိက် ၅၁, ပီတိစေတသိက်, ရုပ်,နိဗ္ဗာန်)။

## ၉-သုခသဟဂတဒုက်

**သုခသဟဂတတရား ၁၅၉၇။** (၁) အဘယ်တရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သော (သုခနှင့်ယှဉ်သော)'သုခသဟဂတ'တရား ဖြစ်ကုန်သနည်း။

ကာမာဝစရကုသိုလ်မှ သောမနဿသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (သောမနဿ သဟဂုတ်စိတ္တုပ္ပါဒ်)လေးပါး၊ ကာမာဝစရကုသလဝိပါက်မှ (သောမနဿသဟဂုတ် ၅,သုခသဟဂုတ် ကာယဝိညာဉ်)ခြောက်ပါး၊ (ကာမ)ကိရိယာမှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ်)ငါးပါး၊ ကုသိုလ်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ဝိပါက်မှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယစျာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၄)၊ ကုသိုလ်မှ လောကုတ္တရာတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၆)၊ ဝိပါက်မှ လောကုတ္တရာတိက စတုက္ကစျာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယစျာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယ, စတုတ္ထစျာန် ၁၆)၊ ဤစိတ်တို့၌ဖြစ်သော ချမ်းသာမှု 'သုခ'ကို ချန်ထား၍ (ကြွင်းသောစေတသိက် ၄၆-ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ ဖြစ်သော (သုခနှင့်ယှဉ်သော) 'သုခသဟဂတ'တရားဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃,ဝေဒနာ ကြဉ် ယှဉ်ဘက်စေတသိက် ၄၆)။

**န သုခသဟဂတတရား ၁၅၉၈။** (၂) အဘယ်တရားတို့သည် ချမ်းသာမှု 'သုခ' နှင့်တကွမဖြစ်သော (သုခနှင့်မယှဉ်သော) 'န သုခသဟဂတ'တရားဖြစ်ကုန်သနည်း။

ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (ဒေါသမူ ၂,ဥပေက္ခာ ၆)ရှစ်ပါး၊ ကာမာဝစရကုသလဝိပါက်မှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ဆယ်ပါး၊ အကုသလဝိပါက်မှ ( ဥပေက္ခာ ၆,ဒုက္ခသဟဂုတ်ကာယဝိညာဏ် ) ခုနစ်ပါး. (ကာမ) ကိရိယာမှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်)ခြောက်ပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန် (၁)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထစျာန် (၁)၊ ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထစျာန်(၁)၊ ကုသိုလ်မှ အရူပစိတ် လေးပါး၊ ဝိပါက်မှ အရူပစိတ်လေးပါး၊ ကိရိယာမှ အရူပစိတ်လေးပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) လောကုတ္တရာ စတုတ္ထစျာန် (၄)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်) လောကုတ္တရာ စတုတ္ထစျာန် (၄)၊ ထို့ပြင် ချမ်းသာမှု 'သုခ'၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ချမ်းသာမှု 'သုခ'နှင့်တကွ

http://www.dhammadownload.com



မဖြစ်သော 'န သုခသဟဂတ' တရားဖြစ်ကုန်၏ (န သုခသဟဂတစိတ် ၅၇,ပီတိကြဉ် စေတသိက် ၅၁, သုခဝေဒနာ,ရုပ်,နိဗ္ဗာန်)။

### ၁၀-ဥပေက္ခာသဟဂတဒုက်

**ဥပေက္ခာသဟဂတတရား ၁၅၉၉။** (၁) အဘယ်တရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်သော (ဥပေက္ခာနှင့်ယှဉ်သော) 'ဥပေက္ခာသဟဂတ'တရားဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ခြောက်ပါး၊ ကာမာဝစရကုသလဝိပါက်မှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ဆယ်ပါး၊ အကုသလဝိပါက်မှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ခြောက်ပါး၊ (ကာမ) ကိရိယာမှ (ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်) ခြောက်ပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထဈာန် (၁)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရစတုတ္ထဈာန် (၁)၊ ကိရိယာမှ (စတုက္ကနည်းအားဖြင့်) ရူပါဝစရ စတုတ္ထဈာန် (၁)၊ ကုသိုလ်မှ အရူပစိတ်လေးပါး၊ ဝိပါက်မှ အရူပစိတ်လေးပါး၊ ကိရိယာမှ အရူပစိတ်လေးပါး၊ ကုသိုလ်မှ (စတုက္ကနည်းအားဖြင့်) လောကုတ္တရာ စတုတ္ထဈာန် (၄)၊ ဝိပါက်မှ (စတုက္ကနည်းအားဖြင့်) လောကုတ္တရာစတုတ္ထဈာန် (၄)၊ ဤစိတ်တို့၌ ဖြစ်သောဥပေက္ခာကို ချန်ထား၍ (ကြွင်းသော စေတသိက် ၄၆-ပါးတို့သည် ရှိကုန်၏)။ ဤတရားတို့သည် ဥပေက္ခာ နှင့်တကွဖြစ်သော (ဥပေက္ခာနှင့်ယှဉ်သော) 'ဥပေက္ခာသဟဂတ' တရားဖြစ်ကုန်၏ (ဥပေက္ခာသဟဂတတရား၅၅, ဝေဒနာကြဉ် ယှဉ်ဘက်စေတသိက်-၄၆)။

**န ဥပေက္ခာသဟဂတတရား ၁၆၀၀။** (၂) အဘယ်တရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွမဖြစ်သော ( ဥပေက္ခာနှင့်မယှဉ်သော ) 'န ဥပေက္ခာသဟဂတ' တရားဖြစ်ကုန်သနည်း။ ကာမာဝစရကုသိုလ်မှ သောမနဿသဟဂုတ်စိတ္တုပ္ပါဒ် လေးပါး၊ အကုသိုလ်မှ (သောမနဿသဟဂုတ်စိတ္တုပ္ပါဒ် ၄, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် ၂) ခြောက်ပါး၊ ကာမာဝစရကုသလဝိပါက်မှ (သုခသဟဂုတ်ကာယဝိညာဏ်, သောမနဿသဟဂုတ် စိတ္တုပ္ပါဒ် ၅) ခြောက်ပါး၊ အကုသလဝိပါက်မှ (ဒုက္ခသဟဂုတ်ကာယဝိညာဏ်) တပါး၊ (ကာမ) ကိရိယာမှ (သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်)ငါးပါး၊ကုသိုလ်မှ ရူပါဝစရတိက စတုက္ကဈာန်(စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ,တတိယဈာန် ၃၊ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ, တတိယ,စတုတ္ထဈာန်၄)၊ ဝိပါက်မှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယဈာန် ၃၊ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယ,စတုတ္ထဈာန် ၄)၊ ကိရိယာမှ ရူပါဝစရတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရ ပဌမ, ဒုတိယ, တတိယ ဈာန် ၃၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရ ပဌမ,ဒုတိယ,တတိယ, စတုတ္ထဈာန် ၄)၊ ကုသိုလ်မှ လောကုတ္တရာတိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယ,တတိယဈာန် ၁၂၊ ပဉ္စကနည်းအားဖြင့် လောကုတ္တရာ ပဌမ,ဒုတိယ,တတိယ,စတုတ္ထဈာန် ၁၆)၊ဝိပါက်မှ လောကုတ္တရာ တိက စတုက္ကဈာန် (စတုက္ကနည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယဈာန် ၁၂၊ ပဉ္စက နည်းအားဖြင့် လောကုတ္တရာ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် ၁၆)၊ ထို့ပြင် ဥပေက္ခာ (ဝေဒနာ)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွမဖြစ်သော ( ဥပေက္ခာနှင့်မယှဉ်သော ) 'န ဥပေက္ခာသဟဂတ' တရားဖြစ်ကုန်၏ (န ဥပေက္ခာသဟဂတစိတ်၆၆,ဝိစိကိစ္ဆာကြဉ်စေတသိက် ၅၁, ဥပေက္ခာဝေဒနာ,ရုပ်,နိဗ္ဗာန်)။

http://www.dhammadownload.com



## ၁၁-ကာမာဝစရဒုက်

ကာမာဝစရတရား ၁၆၀၁။ (၁) အဘယ်တရားတို့သည် ကာမဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' တရား ဖြစ်ကုန်သနည်း။ ကာမာဝစရ ကုသိုလ် (၈)၊ အကုသိုလ်(၁၂)၊ ကာမာဝစရဝိပါက် အလုံးစုံ (၂၃)၊ ကာမာဝစရ ကိရိယာဗျာကတ (၁၁)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ကာမဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' တရားဖြစ်ကုန်၏ (ကာမစိတ် ၅၄, စေတသိက် ၅၂,ရုပ် ၂၈)။

န ကာမာဝစရတရား ၁၆၀၂။ (၂) အဘယ်တရားတို့သည် ကာမဘုံ၌ ကျင်လည် သက်ဝင်၍ မဖြစ်သော'န ကာမာဝစရ'တရား ဖြစ်ကုန်သနည်း။ရူပါဝစရတရား(၁၅)၊ အရူပါဝစရတရား (၁၂)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား(မဂ်,ဖိုလ်,နိဗ္ဗာန်)တို့သည်(ရှိကုန်၏)။ဤတရားတို့သည် ကာမဘုံ၌ ကျင်လည် သက်ဝင်၍ မဖြစ်သော 'န ကာမာဝစရ' တရားဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်, ယှဉ်ဘက် စေတသိက်, နိဗ္ဗာန်)။

## ၁၂-ရူပါဝစရဒုက်

ရူပါဝစရတရား ၁၆၀၃။ (၁) အဘယ်တရားတို့သည် ရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' တရား ဖြစ်ကုန်သနည်း။ကုသိုလ်မှ ရူပါဝစရ စတုက္ကပဉ္စကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရဈာန် ၅)၊ ဝိပါက်မှ ရူပါဝစရ စတုက္က ပဉ္စကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရဈာန် ၅)၊ ကိရိယာမှ ရူပါဝစရစတုက္က ပဉ္စကဈာန် (စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄၊ ပဉ္စကနည်းအားဖြင့် ရူပါဝစရဈာန် ၅)တို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ရူပဘုံ၌ ကျင်လည် သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' တရားဖြစ်ကုန်၏ (ရူပစိတ် ၁၅, ယှဉ်ဘက် စေတသိက် ၃၅)။

န ရူပါဝစရတရား ၁၆၀၄။ (၂) အဘယ်တရားတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ မဖြစ်သော'န ရူပါဝစရ'တရား ဖြစ်ကုန်သနည်း။ကာမာဝစရတရား (ကာမစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်)၊ အရူပါဝစရတရား (အရူပစိတ်, ယှဉ်ဘက်စေတသိက်)၊ (ကာမ, ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား (မဂ်, ဖိုလ်, နိဗ္ဗာန်) တို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ရူပဘုံ၌ ကျင်လည်သက်ဝင်၍ မဖြစ်သော 'န ရူပါဝစရ' တရား ဖြစ်ကုန်၏ (ကာမစိတ်, အရူပစိတ်, လောကုတ္တရာစိတ်, ယှဉ်ဘက်စေတသိက်,ရုပ်, နိဗ္ဗာန်)။

## ၁၃-အရူပါဝစရဒုက်

အရူပါဝစရတရား ၁၆၀၅။ (၁) အဘယ်တရားတို့သည် အရူပဘုံ၌ ကျင်လည်သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' တရား ဖြစ်ကုန်သနည်း။ ကုသိုလ်မှ အရူပစိတ်လေးပါး၊ဝိပါက်မှ အရူပစိတ်လေးပါး၊ကိရိယာမှ အရူပစိတ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' တရား ဖြစ်ကုန်၏ (အရူပစိတ်, ယှဉ်ဘက်စေတသိက်)။

http://www.dhammadownload.com



**န အရူပါဝစရတရား** ၁၆၀၆။ (၂) အဘယ်တရားတို့သည် အရူပဘုံ၌ ကျင်လည် သက်ဝင်၍ မဖြစ်သော 'န အရူပါဝစရ' တရား ဖြစ်ကုန်သနည်း။ ကာမာဝစရတရား (ကာမစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်)၊ ရူပါဝစရတရား (ရူပစိတ်, ယှဉ်ဘက်စေတသိက်)၊(ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား(မဂ်,ဖိုလ်, နိဗ္ဗာန်) တို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အရူပဘုံ၌ ကျင်လည်သက်ဝင်၍ မဖြစ်သော 'န အရူပါဝစရ' တရား ဖြစ်ကုန်၏ (ကာမစိတ်,ရူပစိတ်, လောကုတ္တရာစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)။

## ၁၄-ပရိယာပန္နဒုက်

**ပရိယာပန္နတရား** ၁၆၀၇။ (၁) အဘယ်တရားတို့သည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ် (၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက် (၃၂)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည် (ရှိ၏)။ ဤတရားတို့သည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီစိတ်, စေတသိက်, ရုပ်)။

**အပရိယာပန္နတရား** ၁၆၀၈။ (၂) အဘယ်တရားတို့သည် ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် ကိလေသာငြိမ်းကြောင်း(မဂ်)၏ အကျိုး(ဖိုလ်)လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည်(ရှိ၏)။ ဤတရားတို့သည် ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (မဂ်, ဖိုလ်, နိဗ္ဗာန်)။

## ၁၅-နိယျာနိကဒုက်

**နိယျာနိကတရား** ၁၆၀၉။ (၁) အဘယ်တရားတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော 'နိယျာနိက'တရား ဖြစ်ကုန်သနည်း။ (ကာမ, ရူပ, အရူပ)ဘုံသုံးပါးတို့၌ အကျုံးမဝင်သော ( လောကုတ္တရာ ) မဂ်လေးပါးတို့သည် ( ရှိကုန်၏ )။ ဤတရားတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ' နိယျာနိက ' တရားဖြစ်ကုန်၏ (မဂ်လေးပါး)။

**အနိယျာနိကတရား** ၁၆၁၀။ (၂) အဘယ်တရားတို့သည် ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း မဖြစ်သော ' အနိယျာနိက ' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ, ရူပ, အရူပ, အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက်(၃၆)၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ'(၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဖြစ်သော 'အနိယျာနိက'တရားဖြစ်ကုန်၏။

http://www.dhammadownload.com



## ၁၆-နိယတဒုက်

**နိယတတရား** ၁၆၁၁။ (၁) အဘယ်တရားတို့သည် စုတိ၏အခြားမဲ့၌ရှင်း မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရှင်း အကျိုးပေးမြဲသော 'နိယတ' တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ် နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် အချို့ကား (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် သတ္တမဇော၊ ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူသတ္တမဇောတို့သည်)စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'နိယတ' တရားဖြစ်ကုန်၏၊ (ကြွင်းကျန်သောတရား) အချို့ကား စုတိ၏ အခြားမဲ့၌ အကျိုးပေးမမြဲသော 'အနိယတ'တရားဖြစ်ကုန်၏။

(ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် မိမိဖြစ်ခြင်း၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'နိယတ'တရားဖြစ်ကုန်၏။

**အနိယတတရား** ၁၆၁၂။ (၂) အဘယ်တရားတို့သည် စုတိ၏ အခြားမဲ့၌ရှင်း မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရှင်း အကျိုးပေးမမြဲသော 'အနိယတ' တရားဖြစ်ကုန်သနည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘသဟဂုတ် စိတ္တုပ္ပါဒ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ် (၁)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ ဘုံသုံးပါးတို့၌ (ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် စုတိ၏ အခြားမဲ့၌ရှင်း မိမိဖြစ်ခြင်း၏ အခြားမဲ့၌ရှင်း အကျိုးပေးမမြဲသော 'အနိယတ'တရားဖြစ်ကုန်၏။

## ၁၇-သဥတ္တရဒုက်

**သဥတ္တရတရား** ၁၆၁၃။ (၁) အဘယ်တရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သည့် တရားရှိသော'သဥတ္တရ'တရားဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌(ဖြစ်သော) (လောကီ) ကုသိုလ် (၁၇)၊ အကုသိုလ်(၁၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော) (လောကီ) ဝိပါက်(၃၂)၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ (ဖြစ်သော)ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် အလုံးစုံသော ရုပ်သည်(ရှိ၏)။ ဤတရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သည့် တရားရှိသော 'သဥတ္တရ'တရားဖြစ်ကုန်၏ (လောကီစိတ် ၈၁,စေတသိက် ၅၂,ရုပ်)။

**အနုတ္တရတရား** ၁၆၁၄။ (၂) အဘယ်တရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သည့် တရားမရှိသော 'အနုတ္တရ'တရားဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ) ဘုံသုံးပါးတို့၌ အကျုံးမဝင်သော မဂ်လေးပါး၊ ထို့ပြင် မဂ်၏အကျိုး (ဖိုလ်) လေးပါး၊ ထို့ပြင် နိဗ္ဗာန်သည်(ရှိ၏)။ ဤတရားတို့သည် မိမိထက် သာလွန်မြင့်မြတ်သည့် တရားမရှိသော 'အနုတ္တရ' တရားဖြစ်ကုန်၏ (မဂ်,ဖိုလ်,နိဗ္ဗာန်)။

http://www.dhammadownload.com



### ၁၈-သရဏဒုက်

**သရဏတရား** ၁၆၁၅။ (၁) အဘယ်တရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ (ရဏ)တို့နှင့် တကွဖြစ်သော ('ရဏ'တို့နှင့် ယှဉ်သော) 'သရဏ' တရား ဖြစ်ကုန်သနည်း။ အကုသိုလ်စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ ဤတရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ (ရဏ)တို့နှင့် တကွဖြစ်သော ('ရဏ'တို့နှင့် ယှဉ်သော) 'သ ရဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ် ၁၂, ယှဉ်ဘက်စေတသိက် ၂၇)။

**အရဏတရား** ၁၆၁၆။ (၂) အဘယ်တရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ(ရဏ)တို့ မရှိသော ('ရဏ'တို့နှင့် မယှဉ်သော) 'အရဏ' တရား ဖြစ်ကုန်သနည်း။ (ကာမ,ရူပ,အရူပ,အပရိယာပန္န)ဘုံလေးပါးတို့၌ (ဖြစ်သော) ကုသိုလ် (၂၁)၊ (ကာမ,ရူပ,အရူပ,အပရိယာပန္န) ဘုံလေးပါးတို့၌ (ဖြစ်သော) ဝိပါက် (၃၆)၊ (ကာမ,ရူပ,အရူပ)ဘုံသုံးပါးတို့၌(ဖြစ်သော) ပြုကာမျှဖြစ်၍ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မပဟောအပ်သော 'ကိရိယာဗျာကတ' (၂၀)၊ ထို့ပြင် ရုပ်၊ ထို့ပြင် နိဗ္ဗာန်သည် (ရှိ၏)။ ဤတရားတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ(ရဏ)တို့ မရှိသော ('ရဏ'တို့နှင့် မယှဉ်သော) '**အရဏ**' တရား ဖြစ်ကုန်၏ (ကုသိုလ်,ဝိပါက်,ကိရိယာစိတ်,ယှဉ်ဘက်စေတသိက်,ရုပ်,နိဗ္ဗာန်)။

အနက်ကို ထုတ်ပြခဏ်း 'အတ္ထုဒ္ဓါရ' ပြီးပြီ။

## တရားတို့ကို ပေါင်းစုရေတွက်ရာ

## 'ဓမ္မသင်္ဂဏီ'ကျမ်း ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

# ဓမ္မသင်္ဂဏီ မြန်မာပြန် အဘိဓမ္မာဝေါဟာရများ

( ဂဏန်းများမှာ စာပိုဒ်နံပါတ်များဖြစ်သည် )

အကက္ခဠတာ = မခက်ထန်သည်၏ အဖြစ် (မကြမ်းတမ်းမှု)၊ ၄၄၊ ၄၅၊ ၆၃၉၊ ၁၃၄၇

အကထိနတာ= မကြမ်းတမ်းသည်၏ အဖြစ် (မခက်မာမှု)၊ ၄၄၊ ၄၅၊ ၆၃၉ ၁၃၄၇

အကပ္ပိယေ ကပ္ပိယသညိတာ= မအပ်သည်၌ အပ်၏ဟု အမှတ်သညာရှိသူ၏ အဖြစ် (မအပ်သည်ကို အပ်၏ဟု မှတ်ထင်ခြင်း)၊ ၁၁၆၆

အကရဏ=မလုပ်ခြင်းသဘော၊ ၂၉၉၊ ၃၀၁

အကိရိယာ=မပြုခြင်းသဘော၊ ၂၉၉၊ ၃၀၁

အကုဋိလတာ=မကိုင်းသည်၏အဖြစ် (မကိုင်းခြင်း, မကောက်ကွေးခြင်း)၊၅၀၊၅၁၊၁၃၄၆

အကုသလ=အကုသိုလ်(အပြစ်ရှိသောတရား, မကောင်းကျိုးပေးသော တရား)၊ ၄၂၂

အကုသလကမ္မ=အကုသိုလ်ကံ၊ ၅၅၆၊ ၅၆၄

အကုသလစိတ္တ=အကုသိုလ်စိတ်၊ ၃၉၉၊ ၇၂၀

အကုသလစိတ္တုပ္ပါဒ=အကုသိုလ် စိတ္တုပ္ပါဒ် (အကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ)၊ ၁၃၀၅၊ ၁၃၉၆၊၁၄၂၃

အကုသလဓမ္မ=ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သော တရား (အပြစ်နှင့်တကွ ဖြစ်၍, မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိသော အကုသိုလ် တရား)၊ တိ* ၁၊ ၃၆၅၊ ၄၂၇၊ ၉၀၆၊ ၁၃၀၅

အကုသလမူလ=အကုသိုလ် အခြေ အမြစ်၊ ၉၉၇

အကုသလဟေတု=အကုသိုလ်အကြောင်းရင်း အခြေအမြစ်၊ အကုသိုလ်ဟိတ်၊ ၁၀၆၄

အကောဝိဒ=မကျွမ်းကျင်သော၊ ၁၀၀၇

အကမ္မညတာ=အမှု၌ မခံ့သည်၏အဖြစ် (အမှုကိစ္စတို့၌ ပြီးမြောက်အောင် မလိုက်လျော မဆောင်ရွက်နိုင်မှု)၊ ၁၁၆၂၊ ၁၁၆၃

အကလ္လတာ = (စေတသိက်အပေါင်း) မခံ့ကျန်းသည့်အဖြစ်၊ ၁၁၆၂၊ ၁၁၆၃

အဂ္ဂဟိတတ္တံ စိတ္တဿ=(ပေးကမ်း စွန့်ကြဲလိုသည့်) စိတ်ကို ပိတ်ပင်၍ (တွန့်တိုသော)စိတ်ကို ယူထားသည့်အဖြစ်၊ ၁၁၂၇

အဂါရဝတာ=လေးစားခြင်း မရှိသူ အဖြစ် (လေးစားခြင်း မရှိသူဖြစ်အောင် ပြုတတ်သော သဘော)၊၁၃၃၂

အဂုတ္တိ=မလုံခြုံစေခြင်း၊ ၁၃၅၂

အဂေါပနာ=မလုံခြုံစေပုံအခြင်းအရာ၊၁၃၅၂

အဂန္ထနိယဓမ္မ=ဂန္ထတရားတို့၏ အာရုံမဖြစ်သော တရား၊ ဒုဂံ ၂၇၊ ၁၁၄၇၊ ၁၄၉၂

အဃ=မထိမခိုက်အပ်သော (ထိကိုင်၍ မရသော) သဘော၊ ၆၃၇

အဃဂတ=မထိ မခိုက်အပ်သော သဘော၊ ၆၃၇

အစေတသိက=စိတ်၌ မယှဉ်သော၊ ၅၀၄

အစေတသိက ဓမ္မ=စေတသိက် မမည်သော တရား၊ ဒု–၅၇၊ ၁၁၉၆၊ ၁၅၃၀

အစက္ခိက္က=မကြမ်းတမ်းခြင်းသဘော၊၁၃၄၀

အဇ္ဇဝ=ဖြောင့်မတ်သောသူ၏အဖြစ် (ဖြောင့်မတ်သော သူဖြစ်အောင် ပြုတတ်သော တရား)၊ ဒု–၁၂၄၊ ၁၃၄၆

အဇ္ဇဝတာ=ဖြောင့်မတ်သော သူ၏အဖြစ်၊ ၁၃၄၆

အဇာတ=မဖြစ်သေးသော၊၁၀၄၂၊ ၁၀၄၅

အဇိမှတာ=မကောက်သည်၏အဖြစ် (မကွေးကောက်ခြင်း)၊ ၅၀၊ ၅၁၊ ၁၃၄၆

*။ တိ=တိက မာတိကာဂဏန်း။

†။ ဒု=ဒုကမာတိကာဂဏန်း။

အဘိ မြန် ၈–၇၇ — ပ–မ–ဇ–သ–၀

http://www.dhammadownload.com



အဇ္ဈတ္တ=မိမိသန္တာန် (အတွင်းသန္တာန်)၊ ၁၆၁၊ ၂၀၄၊ ၉၆၇၊ ၁၀၅၀

အဇ္ဈတ္တ ဓမ္မ=အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သောတရား၊ တိ-၂၀၊ ၁၀၅၀၊ ၁၄၃၅

အဇ္ဈတ္တ ဗဟိဒ္ဓ ဓမ္မ=အတွင်း 'အဇ္ဈတ္တ' အပ 'ဗဟိဒ္ဓ' သန္တာန်နှစ်ပါးလုံး၌ ဖြစ်သော တရား၊ တိ-၂၀၊ ၁၀၅၂၊ ၁၄၃၅

အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏဓမ္မ=အတွင်း 'အဇ္ဈတ္တ' အပ 'ဗဟိဒ္ဓ' တရားနှစ်ပါးလျှင် အာရုံရှိသောတရား၊ တိ-၂၁၊ ၁၀၅၅၊ ၁၄၃၇

အဇ္ဈတ္တာရမ္မဏ ဓမ္မ = အတွင်း 'အဇ္ဈတ္တ' တရားလျှင် အာရုံရှိသော တရား၊ တိ-၂၁၊ ၁၀၅၃၊ ၁၄၃၆

အဇ္ဈတ္တိက=အတွင်းသန္တာန်၌ ဖြစ်သော၊ ၆၇၂၊ ၇၄၄

အဇ္ဈတ္တိက ဓမ္မ=အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သောတရား၊ ဒု-၆၆၊ ၁၂၁၃၊ ၁၅၉၇

အဇ္ဈောသာန=မျိုး၍ ပြီးဆုံးစေခြင်းသဘော (အပြီးအဆုံး အကြွင်းအကျန်မရှိ လိုချင်တပ်မက်မှု)၊ ၁၀၆၅၊ ၁၁၄၁၊ ၁၂၃၆

အညာ=သိခြင်း၊ ၅၅၅

အညာတာဝီ ဓမ္မ=သိအပ်ပြီးသော (သိပြီးဖြစ်သော)တရား (အရဟတ္တဖိုလ်၌ရှိသော ပညာ)၊ ၅၅၅

အညာတာဝိန္ဒြိယ=အစိုးတရ သိပြီးမှု (သိပြီးသော တရားတို့ကို သိခြင်း၌ အစိုးရမှု) (အရဟတ္တဖိုလ်၌ ယှဉ်သောပညာ)၊ ၅၅၃

အညာဏ=မသိခြင်း သဘော၊ ၃၉၀၊ ၁၃၅၇

အညိန္ဒြိယ=ပဌမမဂ်ဖြင့်သိအပ်ပြီးသောတရားကိုပင် အစိုးတရသိမှု (အထက်မဂ်သုံးပါးနှင့် အောက်ဖိုလ် သုံးပါးတို့၌ ယှဉ် သော ပညာ)၊ ၃၆၁၊ ၅၅၃

အဋ္ဌကထာကဏ္ဍ=ပိဋကတ်သုံးပုံဟူသော မြတ်စွာဘုရား၏ စကားတော်၏ အနက်ကို ထုတ်ဆိုရာအပိုင်း၊ ၁၃၀၄

အဋ္ဌကသိဏ သောဠသက္ခတ္တုက = ကသိုဏ်းရှစ်ပါးလျှင် အာရုံရှိသောဈာန် တဆယ့်ခြောက်ပါးဖြစ်ပုံကို ပြသောနည်း၊ ၂၀၃

အဋ္ဌက္ခတ္တုက=ဈာန် ရှစ်ပါး ဖြစ်ပုံကို ပြသော နည်း၊ ၂၂၂

အဋ္ဌာန=အကြောင်း မဟုတ်သော အရာ၊ ၁၀၆၆၊ ၁၁၂၀၊ ၁၁၄၂

အဋ္ဌာနကုသလတာ=အကြောင်းမဟုတ်သည်၌ အကြောင်းမဟုတ်ဟု လိမ္မာသော သူ၏ အဖြစ် (အကြောင်း မဟုတ်သည်၌ အကြောင်းမဟုတ်ဟု တတ်သိလိမ္မာသော သူ ဖြစ်အောင် ပြုတတ်သော တရား)၊ ဒု-၁၂၃

အဋ္ဌိကသညာ သဟဂတ=အရိုးစု၌ ဖြစ်သော အမှတ်သညာနှင့် တကွ ဖြစ်သော၊ ၂၆၄

အဋ္ဌိတ ကိရိယတာ=ဝီရိယကို ချွန်မထားဘဲ ပြုခြင်း (မရပ်မနား ပြုလုပ်ခြင်း)၊ ၁၃၇၉

အဋ္ဌံသ=ရှစ်မြှောင့်၊ ၆၁၆ မှ ၆၁၉

အဏ္ဍကာ=( မပြေပြစ် ) အဖုအထစ် ရှိသော ( စကား )၊ ၁၃၅၀

အဏု=သေးငယ်သော၊ ၆၁၆ မှ ၆၁၉

အတပနီယဓမ္မ=မပူလောင်စေတတ်သော တရား၊ ဒု-၈၀၅၊ ၁၃၁၂

အတ္တဘာဝ ပရိယာပန္န=အတ္တဘော ( ကိုယ်ခန္ဓာ ) ၌ အကျုံးဝင်သော၊ ၅၉၆ မှ ၆၁၅

အတ္တမနတာ စိတ္တဿ=စိတ်၏နှစ်လိုမှု၊ ၉၊ ၃၇၃

အတ္တဝါဒုပါဒါန=( အနတ္တဖြစ်သော ရုပ်,နာမ် တရားတို့ကို ) အတ္တဟု ပြောဆိုကြောင်း ဖြစ်သော ပြင်းစွာယူမှု (စွဲလမ်းမှု) 'အတ္တဝါဒုပါဒါန်'၊ ၁၂၁၉၊ ၁၂၂၃၊ ၁၅၅၃

အတီတ=( ခဏ သုံးပါးကို ) ကျော်လွန်ပြီးသော ( အတိတ် )၊ ၁၀၄၄၊ ၁၄၃၁

အတီတဓမ္မ = ဥပါဒ် စသော ခဏသုံးပါးသို့ ရောက်၍ လွန်သွားသော ( အတိတ် ) တရား၊ တိ-၁၈၊ ၁၀၄၄၊ ၁၀၄၇၊ ၁၄၃၁

အတီတာရမ္မဏဓမ္မ = အတိတ် တရား လျှင် အာရုံရှိသောတရား၊ တိ-၁၉၊ ၁၀၄၇၊ ၁၄၃၂

အတီတံသေနသင်္ဂဟိတ=( ခဏ သုံးပါးကို ) ကျော်လွန်သော 'အတိတ်' အဘို့ အစုအားဖြင့် ရေတွက်အပ်သော၊ ၁၀၄၄

http://www.dhammadownload.com



အန္တရဓာန=ကွယ်ပျောက်မှု၊ ၆၄၄၊၇၄၀
အန္တဝါ=အဆုံး ( အပိုင်းအခြား ) ရှိသော၊ ၁၁၀၅၊၁၁၄၄၊၁၃၂၄
အန္တဝါဒိဋ္ဌိ=( အတ္တသည်ရင်း, လောကသည်ရင်း ) အဆုံး အပိုင်းအခြားရှိ၏ ဟူသော အယူ၊ ဒု-၁၁၃၊၁၃၂၄
အန္တဝါ လောကော ဣဒမေဝ သစ္စံ မောဃမညံ=လောကသည် အဆုံးရှိ၏ ဟူသော ဤအယူသည်သာ အမှန်, အခြား အယူသည် အချည်းနှီး (ဟူသော ဝါဒ)၊ ၁၁၄၄
အန္တော သမောရောဓ= ( ယှဉ်ဘက် တရားတို့ကို အာရုံ အမျိုးမျိုး၌ မယူနိုင်အောင် တားမြစ်ခြင်း အားဖြင့် ) အတွင်း၌ ကောင်းစွာပိတ်ဆို့ခြင်းသဘော၊ ၁၁၆၃
အတ္ထ=အကျိုးစီးပွါး၊ ၁၀၆၆
အတ္ထုဒ္ဓါရ=အနက်ကို တုတ်ပြခဏ်း၊ ၁၃၈၄
အတ္ထင်္ဂတ=ချုပ်ခြင်းသို့ ရောက်ပြီးသော၊ ၁၀၄၄
အတ္ထင်္ဂမ=ချုပ်ငြိမ်းခြင်း၊ ၁၆၅
အဒဿန= ( အမှန် တရားကို ) မမြင်ခြင်းသဘော၊ ၃၉၀၊၁၁၀၆၊၁၃၅၇
အဒဿာဝီ=(ဉာဏ်ဖြင့်)မြင်လေ့ မရှိသောသူ၊ ၁၀၇၊၁၂၂၃
အဒုက္ခ မသုခ=ဆင်းရဲမှု 'ဒုက္ခ', 'ချမ်းသာမှု 'ယုခ' မရှိသော၊ ဆင်းရဲ,ချမ်းသာ မဟုတ်သော၊ တိ-၂၊၁၆၅
အဒုက္ခ မသုခဘူမိ = မဆင်းရဲ, မချမ်းသာမှု 'အဒုက္ခ မသုခ'၏ဖြစ်ရာစိတ်၊ ၉၉၀
အဒုက္ခ မသုခ ဝေဒနာ=ဆင်းရဲလည်းမဟုတ်, ချမ်းသာလည်း မဟုတ်သော ခံစားမှု၊ ၅၂၊၄၀၅၊၄၃၃
အဒုက္ခ မသုခ ဝေဒနာ သမ္ပယုတ္တ ဓမ္မ=ဆင်းရဲချမ်းသာမဟုတ်၊ အသာယ်အလတ် ခံစားမှုနှင့် ယှဉ်သော တရား၊ တိ-၂၊၉၉၀၊၁၃၈၉
အဒုက္ခ မသုခ ဝေဒယိက=ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားခြင်းသဘော၊၁၅၂မှ ၁၅၄
အဒုဿန=မဖျက်ဆီးပုံအခြင်းအရာ၊ ၃၃၊ ၃၆
အဒုဿိတတ္တ=မဖျက်ဆီးတတ်သ၏ အဖြစ် (မဖျက်ဆီးတတ်သူ ဖြစ်အောင် ပြုတတ်သောတရား)၊ ၃၃၊ ၃၆
အဒေါသ=မပျက်စီးမှု၊မပျက်စီးစေလိုမှု၊ ၁၊၃၃
အဒေါသကုသလမူလ=ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မဖျက်ဆီးမှု၊၃၃၊၃၆၊ ၁၀၅
အဒန္ဓနတာ=မနှံ့နှေးသည်၏အဖြစ်၊ ၄၂၊ ၄၃
အဓာရဏတာ=ဆောင်ခြင်း၄၊ မစွမ်းနိုင်သည်၏အဖြစ်၊ ၁၃၅၆
အဓိပတိ=အကြီးအမှူး၊ ၃၅၈၊ ၁၀၄၀
အဓိဝစနဓမ္မ=အမည်ပညတ် ဖြစ်သော တရား၊ ဒု-၁၀၆၊ ၁၃၁၃
အဓိဝစနပထဓမ္မ=အမည်ပညတ်၏အကြောင်းဖြစ်သောတရား၊ ဒု-၁၀၆၊ ၁၃၁၃
အဓိဝါသနတာ=မိမိအထက်၌နေစေခြင်း (မိမိထက် အမြတ်ထားခြင်း) (သည်းခံခြင်း)၊ ၁၃၄၈
အဓမ္မရာဂ=(အမိအဒေါ် စသော)မသင့်လျော်သောအရာ၌ တပ်မက်ခြင်း သဘော၊ ၁၀၆၅၊ ၁၁၄၁၊ ၁၂၃၆
အနဂ္ဂကာရ=အမိုက်မှောင်၊ ၆၁၆ မှ ၆၁၉
အနဇ္ဈာပတ္တိ=လွန်၍မရောက်ခြင်း (ကာယဒုစရိုက်ကို မကျူးလွန်ခြင်း) သဘော၊ ၂၉၉ မှ ၃၀၁
အနညာတညဿာမီတိန္ဒြိယ = မသိ အပ်ဘူးသေးသော နိဗ္ဗာန်ကို သိရတော့ မည် ဟု နှလုံးသွင်းသည့်အတိုင်းဖြစ်ပေါ်လာသော အစိုးတရ (ခွဲခွဲခြားခြား)အပြားအားဖြင့် သိမှု (သောတာပတ္တိမဂ်စိတ်၌ ယှဉ်သော ပညာ)၊ ၂၇၇၊၂၉၆
အနတ္တမနတာ စိတ္တဿ=စိတ်၏ မိမိပကတိ စိတ် မဟုတ်သည့်အဖြစ်(မနှစ်လိုမှု)၊၄၁၈၊၁၁၂၀
အနတ္ထ=အကျိုးမဲ့၊ ၁၀၆၆၊ ၁၁၄၂၊ ၁၁၆၀
အနတ္ထံ မေ စရတိ=ငါ၏အကျိုးမဲ့ကို ပြုကျင့်နေသ၊ ၁၁၂၀၊ ၁၁၄၂၊ ၁၁၆၀
အနတ္ထံ မေ အစရိ = ငါ၏အကျိုးမဲ့ကိုပြုကျင့်ခဲ့ပြီ၊ ၁၁၂၀၊ ၁၁၄၂၊ ၁၁၆၀
အနတ္ထံ မေ စရိဿတိ=ငါ၏အကျိုးမဲ့ကိုပြုကျင့်လတ္တံ့၊၁၁၂၀၊ ၁၁၄၂၊ ၁၁၆၀

http://www.dhammadownload.com




အနနုဗောဓ=(အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော၊ ၃၉၀၊ ၁၁၀၆
အနနုသာတိ=အစဉ်အတိုင်း မအောက်မေ့မှု (အဖန်ဖန် မအောက်မေ့မှု)၊ ၁၃၅၆
အနဘိနိဗ္ဗတ္တ=မဖြစ်ပေါ်သေးသော၊ ၁၀၄၂
အနဘိဇ္ဈာ=မမက်မောမှု၊ ၁၊ ၃၂၊ ၃၅၊ ၁၀၆၁
အနဘိသမယ=ထိုးထွင်း၍ မသိတတ်သော သဘော၊ ၃၉၀၊ ၁၀၆၇၊ ၁၁၀၆
အနဝဇ္ဇတာ=အပြစ်မရှိခြင်း၊ ၁၃၅၅
အနပသောသပ္ပဟာန=အကြွင်းမဲ့ ပယ်ရှားခြင်း၊ ၅၅၃
အနသုရောပ=ပြည့်စုံစွာ ပြောဆိုနိုင်ခြင်း (ကောင်းစွာဆိုအပ်သောစကား)၊ ၁၃၄၀
အနာဂတ=(မိမိသဘောသို့ဖြစ်စေ ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သောခဏသုံးပါးသို့ဖြစ်စေ) မရောက်သေးသော၊ ၁၀၄၅၊ ၁၄၃၁
အနာဂတဓမ္မ=ဥပါဒ်စသော ခဏသုံးပါးသို့ မရောက်သေးသော (အနာဂတ်)တရား၊ တိ-၁၀၊ ၁၀၄၅၊ ၁၀၄၀
အနာဂတာရမ္မဏဓမ္မ=အနာဂတ် တရားလျှင် အာရုံရှိသောတရား၊တိ-၁၉၊၁၀၄၀၊ ၁၄၃၃
အနာဂတံသေနသင်္ဂဟိတ= မရောက်သေး သော 'အနာဂတ်'အဘို့ အစုအားဖြင့် ရေတွက်အပ်သော၊ ၁၀၄၅
အနာဒရတာ=ရိုသေခြင်းမရှိသူ၏ အခြင်းအရာ၊ ၁၃၃၂
အနာဒရိယ=ရိုသေခြင်းမရှိသူ၏အဖြစ်(ရိုသေခြင်းမရှိသူဖြစ်အောင်ပြုတတ်သောတရား)၊ ၁၃၃၂
အနာရက္ခ=မစောင့်ရှောက်ခြင်း၊ ၁၃၅၂
အနာရမ္မဏ=အာရုံပြုခြင်းမရှိသော (အာရုံကို ယူနိုင်သောသဘောမရှိသော)၊၅၀၃၊၁၅၂၆
အနာရမ္မဏဓမ္မ=အာရုံပြုခြင်းမရှိသောတရား၊ ဒု-၅၅၊ ၁၁၉၂၊ ၁၅၂၆
အနာသဝဓမ္မ=အာသဝတို့၏အာရုံမဖြစ်သောတရား၊ ဒု-၁၅၊ ၁၁၀၉၊ ၁၄၆၀
အနိက္ခိတ္တဆန္ဒတာ=မချအပ်သော အလိုဆန္ဒရှိသူ၏ အဖြစ် (စွဲမြဲသော ဆန္ဒရှိခြင်း)၊ ၁၃၊ ၂၂၊ ၃၇၃၊ ၁၃၇၉
အနိက္ခိတ္တဓုရတာ=မချအပ်သော တာဝန်ရှိသူ၏အဖြစ်(တာဝန်ကို စွဲမြဲစွာဆောင်ရွက်ခြင်း)၊ ၁၃၊ ၂၂၊ ၃၇၃၊ ၁၃၇၉
အနိစ္စ=မမြဲသော၊ ၅၀၄၊ ၅၉၄
အနိစ္စတာ=မမြဲမှု၊ ၆၄၄၊ ၇၄၀
အနိဒဿန=မြင်အပ်သည်၏အဖြစ်(မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်,မြင်၍မရသော)၊ ၅၉၆၊ ၁၀၅၀
အနိဒဿန ဓမ္မ=မြင်ခြင်းနှင့်တကွ မဖြစ်သော တရား၊ဒု-၉၊ ၁၀၉၄၊ ၁၄၅၀
အနိဒဿန ပ္ပဋိဃဓမ္မ=အမြင်ခြင်းလည်း မရှိ, ထိပါးခြင်း ထိခိုက်ခြင်းလည်း မရှိသော တရား၊တိ-၂၂၊ ၁၀၅၀၊ ၁၄၄၀
အနိဒဿန အပ္ပဋိဃရူပ=မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း)လည်း မရှိ, ထိပါးတတ်သည်၏အဖြစ် (ထိခိုက်ခြင်း) လည်း မရှိ သောရုပ်၊ ၅၉၃
အနိဒဿန သပ္ပဋိဃဓမ္မ=မြင်ခြင်းကား မရှိ, ထိပါးခြင်း ထိခိုက်ခြင်းနှင့်သာ တကွ ဖြစ် သောတရား၊ တိ-၂၂၊ ၁၀၅၇၊ ၁၄၃၉
အနိန္ဒြိယဗဒ္ဓရူပ=ဣန္ဒြေနှင့် မစပ်သောရုပ် (အသက်မရှိသောရုပ်)၊ ၁၄၃၅
အနိဗ္ဗတ္တ=မဖြစ်ပေါ်သေးသော၊ ၁၀၄၅
အနိမိတ္တ=(ရာဂစသော အကြောင်းနိမိတ်,မြဲ၏ဟု မှတ်ထင်မှု နိစ္စနိမိတ် စသည်မရှိသဖြင့်)အနိမိတ္တအမည်ရှိသော၊ ၅၂၀မှ၅၂၂
အနိယတ=မမြဲသော၊ ၅၀၄၊ ၅၉၄
အနိယတဓမ္မ=မိမိ၏ အခြားမဲ့၌ရှင်း, စုတိ၏ အခြားမဲ့၌ရှင်းအကျိုးပေးမမြဲသော တရား၊ တိ-၁၅၊ ဒု-၉၀၊ ၁၀၃၇၊ ၁၄၂၀၊ ၁၆၁၂
အနိယျာနိက=ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းမဟုတ်သော၊ ၅၀၄၊ ၅၉၄
အနိယျာနိကဓမ္မ=ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း မဟုတ်သော တရား၊ ဒု-၉၇
အနီဝရဏိယဓမ္မ=နီဝရဏတို့၏ အာရုံမဖြစ် သောတရား၊ ဒု-၄၅၊ ၁၁၇၁၊ ၁၅၀၆
အနုကမ္ပာ=အစဉ်သနားခြင်း၊ ၁၀၆၂

http://www.dhammadownload.com



အနုဋ္ဌိတ=ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မတည်သေးသော (မဖြစ်ပေါ်သေးသော)၊ ၁၀၄၂၊ ၁၀၄၅

အနုတ္တရဓမ္မ=မိမိထက် သာလွန်မြင့်မြတ်သော တရားမရှိသော 'လောကုတ္တရာ' တရား၊ ဒု-၉၉၊ ၁၃၀၀၊ ၁၆၁၄

အနုဒ္ဒယာ = စောင့်ရှောက်ခြင်း သဘော၊ ၁၀၆၂

အနုဒ္ဒယနာ=စောင့်ရှောက်ပုံ အခြင်းအရာ၊ ၁၀၆၂

အနုဒ္ဒယိတတ္တ=စောင့်ရှောက်တတ် သူအဖြစ်၊ ၁၀၆၂

အနုနယ=(အာရုံ၌ သတ္တဝါတို့ကို) အဖန်ဖန် ဆွဲဆောင်ခြင်းသဘော၊ ၁၀၈၅၊ ၁၂၃၆

အနုပ္ပန္န=မဖြစ်ပေါ်သေးသော၊ ၁၃၇၇

အနုပ္ပန္နဓမ္မ=ဥပါဒ်ဋ္ဌီဘင်ဟုဆိုအပ်သော ခဏ သုံးပါးသို့ ရောက်ပြီးလည်းမဟုတ်၊ ရောက်ဆဲလည်း မဟုတ်သော တရား (မဖြစ်ပေါ်သေးသောတရား)၊ တိ-၁၇၊ ၁၄၃၀

အနုပ္ပန္နံသေနသင်္ဂဟိတ=ရှေးအဘို့မှ အထက်၌ (ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌) မဖြစ်သေးသော အဘို့အစုအားဖြင့် ရေတွက်အပ်သော၊ ၁၀၄၂

အနုပါဒါနိယဓမ္မ=ဥပါဒါန်တို့၏ အာရုံ မဖြစ်သော တရား (ဥပါဒါန်တို့၏ အစိုးအပွါး မဖြစ်သော လောကုတ္တရာတရား)၊ ဒု-၇၀

အနုပါဒိန္န=အာရုံပြုသော အားဖြင့် တဏှာ ဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်သော)၊ ၅၁၄၊ ၉၆၇ မှ ၉၇၀

အနုပါဒိန္နဓမ္မ = (အာရုံပြုသော အားဖြင့်) တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် (အကျိုး ဝိပါက်၏ အဖြစ်ဖြင့်) မစွဲယူအပ်သော တရား (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးမဟုတ်သော တရား)၊ ဒု-၆၀၊ ၂၁၀

အနုပါဒိန္န အနုပါဒါနိယ=တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သော ကံ၏ အကျိုးလည်း မဟုတ်၊ ဥပါဒါန်တရားတို့၏ အာရုံလည်း မဟုတ်သော၊ ၉၈၆၊ ၁၃၉၅၊ ၁၅၅၂

အနုပါဒိန္န အနုပါဒါနိယဓမ္မ = တဏှာ ဒိဋ္ဌိတို့ အာရုံပြုအပ်သော ကံ၏အကျိုး 'ဝိပါက်' လည်းမဟုတ်၊ ဥပါဒါန်တရားတို့၏ အာရုံ လည်း မဟုတ်သော တရား၊ တိ-၄၊ ၁၃၉၅

အနုပါဒိန္နုပါဒါနိယ= တဏှာဒိဋ္ဌိတို့ အာရုံပြု အပ်သောကံ၏ အကျိုးမဟုတ်မူ၍ ဥပါဒါန် တို့၏ အာရုံသာဖြစ်သော၊ ၅၈၄၊ ၁၃၉၄

အနုပါဒိန္နုပါဒါနိယဓမ္မ=တဏှာဒိဋ္ဌိတို့ အာရုံ ပြုအပ်သော ကံ၏ အကျိုး 'ဝိပါက်' မဟုတ် မူ၍၊ ဥပါဒါန် တရား တို့၏ အာရုံ သာ ဖြစ်သော တရား၊ တိ-၄၊ ၉၉၅၊ ၁၃၉၄

အနုပ္ပါဒေဉာဏ=ကိလေသာ ထပ်မံ မဖြစ်ပေါ် စေတတ်သောဖိုလ်ဉာဏ်၊ ဒု-၁၄၂၊ ၁၃၈၃

အနုပေက္ခနတာ=(စိတ်၏ အာရုံကို) အစဉ် မပြတ် ကြည့်ရှုနေသော သဘော၊ ၈၄၆၂

အနုဗျဉ္ဇနဂ္ဂါဟီ = လက်၊ ခြေ စသော အင်္ဂါ၊ ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ် လက္ခဏာကို ယူလေ့ရှိသူ၊ ၁၃၅၂၊ ၁၃၅၄

အနုရောဓ = မဆန့်ကျင်ခြင်း (လိုလားစေ ခြင်း) သဘော၊ ၁၀၆၅၊ ၁၁၄၁၊ ၁၂၃၆

အနုဝိစာရ=အဖန်ဖန် သုံးသပ်မှု၊ ၈၄၆၂

အနုသယ=အစဉ်ကိန်းဝပ်တတ်သောသဘော၊ လျှောက်ပတ်သော အကြောင်းကို ရလျှင် ဖြစ်ပေါ်လာတတ်သော သဘော၊ ၁၂၃၆

အနုဿတိ=အစဉ်အောက်မေ့မှု၊ ၁၄၊ ၁၃၅၈

အနေကသင်္ဂဟ = အနေကအားဖြင့် ယူခြင်းငှါ မစွမ်းနိုင်ခြင်း သဘော၊ ၄၂၅၊ ၁၂၄၁

အနောဃနိယဓမ္မ=ဩဃတို့၏ အာရုံ မဖြစ် သော တရား၊ ဒု-၇၇

အနောတ္တပ္ပ=ကာယဒုစရိုက်စသော မကောင်း မှုမှ မကြောက်လန့်မှု၊ ၃၉၄၊ ၁၅၆၅

အနောတ္တပ္ပဗလ = မဟုန်မလုပ် မကြောက်လန့်မှု (အနောတ္တပ္ပဗိုလ်)၊ ၃၇၇၊ ၄၂၃

အနောလီနဝုတ္တိတာ = မတွန့်ဆုတ်သော ဖြစ်ခြင်း မှိုသည်၏အဖြစ် (ဝီရိယ မလျော့ခြင်း)၊ ၁၃၇၉

အနန္တဝါ = အဆုံး (အပိုင်းအခြား) မရှိသော၊ ၁၁၀၅၊ ၁၁၂၂၊ ၁၁၄၄၊ ၁၃၂၅

အနန္တဝါဒိဋ္ဌိ = (အတ္တာသည်ရှင်း၊ လောကသည်ရှင်း) အဆုံး အပိုင်းအခြား မရှိ ဟူသော အယူ၊ ဒု-၁၁၃၊ ၁၃၂၅

အပစယဂါမိ = သေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကို ဖျက်ဆီးလျက် သွားတတ်သော (သေခြင်း၊ ပဋိသန္ဓေနေခြင်းမှ ကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော)၊ ၂၇၇၊ ၅၁၉ မှ ၅၅၃၊ ၁၀၂၁၊ ၁၄၁၂

အပစယဂါမိဓမ္မ = နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) တရား၊ တိ-၁၀၊ ၁၀၂၁၊ ၁၄၁၂

အပစ္စက္ခကမ္မ = မျက်မှောက် မပြုတတ်သော သဘော (အကောင်း အဆိုးကို မဝေခွဲ တတ်သော သဘော)၊ ၃၉၀၊ ၁၂၃၈

အပစ္စယာဓမ္မ = (ကံ စိတ် ဥတု အာဟာရ တည်းဟူသော) အကြောင်းတရားလေးပါးတို့နှင့် တကွ မဖြစ်သောတရား (အကြောင်းကင်းလျက်ဖြစ်သောတရား)၊ ဒု-၇၊ ၁၄၅၄

အပစ္စဝေက္ခဏာ = မဆင်ခြင်တတ်သော သဘော၊ ၃၉၈၊ ၁၁၀၆၊ ၁၁၆၈၊ ၁၂၃၈

အပ္ပဋိကူလဂ္ဂါဟိတာ = မဆန့်ကျင်သည်ကို (လျော်ကပ်သည်ကို) ယူလေ့ရှိသူ၏ အဖြစ်၊ ၁၃၃၄

အပ္ပဋိဃ = ထိပါးခြင်း ထိခိုက်ခြင်း မရှိသော၊ ၆၅၉၊ ၁၀၅၈

အပ္ပဋိဃဓမ္မ = ထိပါးခြင်း ထိခိုက်ခြင်းမရှိသော တရား၊ ဒု-၁၈၊ ၁၀၉၆၊ ၁၄၆၀

အပ္ပဋိသင်္ခါ = ထိုးထွင်း၍ မသိခြင်းသဘော၊ ၃၉၀၊ ၁၁၀၆၊ ၁၁၆၈၊ ၁၂၃၈

အပ္ပဋိဝါနိတာ = မဆုတ်မနစ်သူ၏ အဖြစ် (မဆုတ်မနစ်သောသူဖြစ်အောင် ပြုတတ်သောတရား)၊ ဒု-၁၄၀၊ ၁၃၇၉

အပ္ပဋိသင်္ခါ = မဆင်ခြင်မှု၍၊ ၁၃၅၃

အပ္ပဋိဿတိ = တဖန် မအောက်မေ့မှု၊ ၁၃၅၆

အပ္ပဋိဿဝတာ = နားထောင်ခြင်း မရှိသူ၏ အဖြစ် (အကြီးအကဲဖြစ်သူတို့၏ စကားကို မလိုက်နာသူဖြစ်အောင် ပြုတတ်သော တရား)၊ ၁၃၃၂

အပ္ပမာဏ = မနိုင်းယှဉ်အပ်သော (လေ့လာပြီး၍ အထက်ချွန်ကို ရနိုင်ရန် အစွမ်းသတ္တိကြီးမားသော)၊ ၁၈၃၊ ၁၈၈ မှ ၂၄၅

အပ္ပမာဏဓမ္မ = နိုင်းယှဉ်မှုကို ပြုတတ်သော ရာဂ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရား (မနိုင်းယှဉ်အပ်သောလောကုတ္တရာတရား)၊ တိ-၁၂၊ ၁၀၂၈၊ ၁၄၁၉

အပ္ပမာဏာရမ္မဏ = မနိုင်းယှဉ်အပ်သော (အတိုင်းမသိကျယ်သော) အာရုံ၊ ၂၄၃

အပ္ပမာဏာရမ္မဏဓမ္မ = နိုင်းယှဉ်မှုကို ပြုတတ်သော ရာဂ စသည်တို့၏ ဆန့်ကျင်ဘက် (လောကုတ္တရာ တရား) တရားလျှင်အာရုံရှိသောတရား၊ ၁၃၊ ၁၀၃၁၊ ၁၄၂၂

အပ္ပဏိဟိတ = (ရာဂ စသော တောင့်တခြင်း မရှိသဖြင့်) အပ္ပဏိဟိတ အမည်ရှိသော၊ ၃၅၁၊ ၅၁၉ မှ ၅၅၂

အပ္ပဏိဟိတ မူလကပဋိပဒါ = ရာဂ စသော တောင့်တမှုကင်းခြင်း 'အပ္ပဏိဟိတ' လျှင် အရင်း 'မူလ' ရှိသောအကျင့်လေးပါး၊ ၃၅၂

အပ္ပနာ = တည်ကြည်သော စိတ်ကို အာရုံသို့ ရောက်စေခြင်းသဘော၊ ၇၊ ၉၁၊ ၃၈၂

အပရန္တ = (သံသရာ၏) နောက်အဘို့ (နောင် အနာဂတ် အခါ၌ ဖြစ်ပေါ်မည့်ခန္ဓာ)၊ ၁၀၀၈၊ ၁၃၂၇

အပရန္တာနုဒိဋ္ဌိ = (သံသရာ၏) နောက်အဘို့သို့ အစဉ်လိုက်သော အယူ (အနာဂတ်ခန္ဓာကိုကိုစွဲ၍ ဖြစ်ပေါ်သော အယူမှား မှု)၊ ဒု-၁၁၄၊ ၁၃၂၇

http://www.dhammadownload.com



အပရန္တေဉာဏ=နောက်အဖို့ (ဖြစ်လတ့်သော ခန္ဓာ စသည်တို့)၌ သိမှု 'အပရန္တဉာဏ်'၊ ၁၀၆၃၊ ၁၀၆၇၊ ၁၀၇၆

အပရန္တေအညာဏ=နောက်အဘို့ (ဖြစ် လ တံ့ သော ခန္ဓာစသည်တို့၌) မသိမှု၊ ၁၂၃၀

အပရာမဋ္ဌဓမ္မ=ပရာမာသ၏ အာရုံမဖြစ်သော တရား၊ ဒုံ-၅၁၊ ၁၁၀၄

အပရိယာပန္န=(ကာမ ရူပ အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာဖြစ်သော)၊ ၅၀၃၊ ၉၀၀မှ ၁၀၇၀

အပရိယာပန္န ဓမ္မ=ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော တရား၊ ဒုံ-၉၆၊ ၁၂၉၄၊ ၁၆၀၀

အပရိယောဂါဟနာ=(ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၍ အာရုံ၌ ဉာဏ်ဖြင့်) မသက်ဝင်နိုင်ခြင်းသဘော၊ ၃၉၀၊ ၄၂၅၊ ၁၀၀၀၊၁၀၆၇

အပ္ပဋိဃ=အကြားအမြင်မရှိသူ၊ ၁၃၃၃

အပါတုဘူတ=ထင်ရှားစွာ မဖြစ်သေးသော၊ ၁၀၄၂၊ ၁၀၄၅

အပိယ=မချစ်ခင်အပ်သူ၊ ၁၀၆၆

အပိယဿ မေ အမနာပဿ အတ္ထံ အစရိ = ငါမချစ်ခင် မမြတ်နိုးအပ်သူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ၊ ၁၁၂၀၊ ၁၁၄၂၊ ၁၁၆၀

အပိယဿ မေ အမနာပဿ အတ္ထံ စရိဿတိ= ငါမချစ်ခင် မမြတ်နိုးအပ်သူ၏ အကျိုးကို ပြုကျင့်လတံ့၊ ၁၁၂၀၊ ၁၁၄၂၊ ၁၁၆၀

အပိလာပနတာ=မပေါ်သော အခြင်းအရာ (အာရုံ၌ စူးစိုက်မှု)၊ ၁၄၊ ၂၃၊ ၇၇၊ ၁၃၅၁

အပ္ပီတိကဓမ္မ = နှစ်သက်မှု 'ပီတိ' မ ရှိ သော တရား၊ပီတိနှင့်မယှဉ်သောတရား၊၀၉၊ ၁၅၉၄

အပ္ပီတိကဘူမိ=နှစ်သက်မှုနှင့် တကွ မဖြစ်ရာ စိတ်၊ ၁၂၀၀

အပေက္ခာ=ငံ့ကွက် တွယ်တာခြင်း သဘော၊ ၁၀၆၅၊ ၁၁၄၁၊ ၁၂၃၆

အဖရုသဝါစတာ=မကြမ်းတမ်းသော စကားရှိသူ၏အဖြစ် ၁၃၅၀

အဗျာကတ=ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောကြားအပ်သော၊ ၅၀၄

အဗျာကတစိတ္တ=ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'စိတ်၊ ၆၃၅၊ ၆၃၆

အဗျာကတဓမ္မ=ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော(ဝိပါက် ကြိယာ ရုပ် နိဗ္ဗာန်ဟူသော)အဗျာကတ တရား၊ တိ-၁၊ ၄၃၁၊ ၄၅၅၊ ၄၆၉၊ ၉၀၇

အဗျာကတမူလ=ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော'အဗျာကတ'တရားတို့၏ အခြေအမြစ်၊ ၅၇၆၊ ၅၀၂

အဗျာကတဟေတု=ကု သို လ် အ ကု သို လ် အဖြစ်ဖြင့် မဟောအပ်သော'အဗျာကတ' တရားတို့၏ အကြောင်းရင်း (အဗျာကတ ဟိတ်)၊ ၁၀၆၀

အဗျာပဇ္ဇ=စိတ်မပျက်စီးမှု၊ ၃၃၊ ၃၁၃၊ ၁၀၆၂

အဗျာပါဒ=စိတ်မပျက်စီးမှု၊ ၁၊ ၃၁၃၊ ၁၀၆၂

အဗ္ဘတ္ထင်္ဂတ=အလွန်ချုပ်ခြင်းသို့ ရောက် ပြီးသော (ချုပ်ပျောက်သွားသော)၊ ၁၀၄၄

အဘိက္ကမန္တ=ရှေ့သို့တက်သူ၊ ၆၃၅၊ ၀၄၇

အဘိဇ္ဈာ=(သူတပါးပစ္စည်းကို) လိုချင် တပ်မက်မှု၊ ၃၀၉၊ ၃၉၁၊ ၁၂၃၆၊ ၁၃၅၂၊၁၃၅၄

အဘိဇ္ဈာကာယဂန္ထ=နာမ် တ ရား အ ပေါင်း 'နာမကာယ'ကို (ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော မက်မောမှု၊၁၁၄၀၊၁၄၀၉

အဘိဇပ္ပ=(သတ္တဝါတို့ကို) အလွန်တပ်မက်စေတတ်သော သဘော၊ (ငါ့ဥစ္စာဟု) အလွန်ပြောဆိုစေတတ်သော သဘော၊ ၁၀၆၅၊ ၁၁၄၁၊ ၁၂၃၆

အဘိနိဗ္ဗတ္တ=ထင်ရှားဖြစ်ပေါ်သော၊ ၁၀၄၁

အဘိနိဝေသ=မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော၊ ၃၀၁၊ ၁၂၂၁၊ ၁၂၄၀

အဘိပ္ပသာဒ=အလွန်ကြည်လင်မှု၊ ၁၂၊ ၃၀၅

အဘိဘာယတန=အာရုံကိုလွှမ်းမိုးနိုင်နင်းစွာ ရှုမှတ်၍ရသော "အဘိဘာယတန" ဈာန်၊ ၂၀၄၊ ၂၄၇

အဘိဘုယျ=လွှမ်းမိုး၍(ပိုင်ပိုင်နိုင်နိုင်)၊ ၂၀၄

အဘိလာပ=ပြောဆိုအပ်သောအမည်၊ ၁၃၁၃၊ ၁၃၁၄

http://www.dhammadownload.com




အဗ္ဘုတ=မတင်ရှားသေးသော၊၁၀၄၂၊၁၀၄၅
အမ္ဗ=တိမ်တိုက်၊ ၆၁၆ မှ ၆၁၉
အမ္ဗိလ=အချဉ်၊၆၂၈ မှ ၆၃၁
အမ္ဗကုံရဝဏ္ဏ=သရက်ညွန့် အဆင်းရောင် (အစိမ်းနု)၊ ၆၁၆ မှ ၆၁၉
အမတ္တညုတာ=အတိုင်းအရှည်ကို မသိသူ၏ အဖြစ်၊ ၁၃၅၃
အမနာပ=မမြတ်နိုးအပ်သူ၊ ၁၀၆၆
အမနာပိယ=စိတ်ကို မတိုးပွါးစေတတ်သော၊ ၉၇၄
အမနုဿသဒ္ဒ=လူသံမှတပါးသောအသံ၊ ၆၂၀
အမောဟ=အမှန်တရား၌ မတွေဝေမှု၊ ၁၊၁၆
အမောဟကုသလမူလ=ကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မတွေဝေမှု၊ ၃၄
အယောဂနိယဓမ္မ=ယောဂတို့၏ အာရုံမဖြစ်သော တရား၊ဒု-၃၉
အယောနိသော=မသင့်လျော်သောအားဖြင့်၊ ၁၃၅၃
အရဏဓမ္မ=ငိုကြွေးကြောင်း ရာဂ စသည်မရှိသောတရား၊ ဒု-၁၀၀၊ ၁၃၀၂၊ ၁၆၁၆
အရိယ=အရိယာ (ကိလေသာကင်းစင်သူ)၊ ၁၀၀၇၊ ၁၂၆၂
အရိယဓမ္မ=အရိယာတို့၏ မဂ်ဖိုလ်တရား၊ ၁၀၀၇၊ ၁၂၆၂၊ ၁၂၆၉
အရိယ ဓမ္မ အကောဝိဒ = အရိယာတရား၌ မကျွမ်းကျင်သော၊ ၁၂၂၃၊ ၁၂၆၂၊ ၁၂၉၆
အရိယာန အဒဿာဝီ=အရိယာတို့ကို (ဉာဏ်ဖြင့်) မြင်လေ့မရှိသော၊၁၂၂၃၊ ၁၂၆၂
အရိယဓမ္မ အဝိနီတ=အရိယာတရား၌ မဆုံးမအပ်သော၊ ၁၂၂၃၊ ၁၂၆၂၊ ၁၂၆၉
အရိယမဂ္ဂ=မြတ်သောမဂ်၊ အရိယာမဂ်၊ ၁၁၃၈၊ ၁၀၄၀၊ ၁၄၂၉
အရိယမဂ္ဂသမင်္ဂီ=အရိယမဂ်နှင့် ပြည့်စုံသူ၊ ၁၀၃၉၊ ၁၀၄၀
အရူပတဏှာ=အရူပဘုံ၌ တပ်မက်မှု၊ ၁၀၆၅
အရူပရာဂ=အရူပဘုံ၌ တပ်မက်မှု၊ ၁၆၁၁၊ ၅၅၃
အရူပဓမ္မ=နာမ်တရား၊ဒု-၈၂၊ ၅၅၅၊ ၅၇၅
အရူပဓမ္မအာယု=နာမ်တရားတို့၏အသက်၊၁၉
အရူပသညီ=(ဆံပင် အစရှိသည်တို့၏) အဆင်းကသိုဏ်းဝန်းတို့ကို မရှုမှတ်သော၊ ၂၀၄ မှ ၄၄၉
အရူပါဝစရ=အရူပဘုံ၌ ကျင်လည်သက်ဝင်၍ဖြစ်သော၊ ၉၈၇ မှ ၉၉၈၊ ၁၁၁၆၊ ၁၄၁၈
အရူပါဝစရကုသလ=အရူပါဝစရကုသိုလ်စိတ်၊ ၂၆၅၊ ၂၆၈၊ ၂၇၃၊ ၂၇၆
အရူပါဝစရဈာန=အရူပါဝစရဈာန်၊ ၅၇၉
